http://www.dhammadownload.com

ဝိပဿနာနည်းပြ

ဆရာကြီးဦးကြင်ရွှေ

၏



ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး

(နတိယတွဲ)

ပဒုက္ကူဝိပဿနာသင်တန်းဟောစဉ်

http://www.dhammadownload.com



အသင်းတည်ရာဌာန

ပဒုက္ကူပီပဿနာသင်တန်းဌဲများတိုးတက်ပြန့်ပွားရေးအပွဲ့ ၃၂၂၆

(အောက်မြန်မာပြည်)

အမှတ် (၈၆) ၊ သီရိ (၅)လမ်း ၊
(၂)ရပ်ကွက် ၊ လှိုင်မြို့နယ် ၊
ရန်ကုန်မြို့။
ဖုန်း-၅၂၄၀၇၈

အလှူတကာတွင် တရားပင် မှန်ပင် အမြတ်ဆုံး

http://www.dhammadownload.com


အသင်းတည်ရာဌာန
ပဒုက္ကူဝိပဿနာသင်တန်းခွဲများတိုးတက်မြန်ဖွားရေးအဖွဲ့ ခုပ်
(အောက်မြန်မာပြည်)
အမှတ် (၈၆) ၊ သီရီ (၅)လမ်း ၊
(၂)ရပ်ကွက် ၊ လှိုင်မြို့နယ် ၊
ရန်ကုန်မြို့။
ဖုန်း-၅၂၄၀၇၈
အလှူတကာတွင် တရားပင် မှန်ပင် အမြတ်ဆုံး


ဝိပဿနာနည်းပြ ● (ပိုကပ်) ● ဝိပဿနာနည်းပြ

ဝိပဿနာနည်းပြ

ဆရာကြီးဦးကြင်ရွှေ

၏



ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး

(နတိယတွဲ)

ပဒုက္ကူဝိပဿနာသင်တန်းဟောစဉ်

http://www.dhammadownload.com

ဆရာကြီး ဦးကြင်ရွှေ

ဟောကြားခဲ့သော

ပခုက္ကူဝိပဿနာသင်တန်းဟောစဉ်မှ

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး

(ဒုတိယတွဲ)

http://www.dhammadownload.com

"ပုံနှိပ်မှတ်တမ်း"

စာမူခွင့်ပြုချက်အမှတ်	-	၃၂၀၈၄၇၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	-	၃၂၀၇၂၉၀၅၁၁
ကွန်ပြူတာစာစီ	-	ဦးချမ်းသာ (သီရိပဝရ၊ ဓမ္မာစရိယ၊ ဝိနယပါဠိဥပါဂရ)
ထုတ်ဝေသူ	-	ဦးကျော်ဟင်း ယုံကြည်ချက်စာပေ၊ ၁၁၁/ ၃၃ လမ်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ	-	အေးပုံနှိပ်တိုက်
ပုံနှိပ်ခြင်း	-	ပထမအကြိမ် (၁-၁-၂၀၀၆)
အုပ်ရေ	-	၁၀၀၀
တန်ဖိုး	-	၂၀၀၀/- (နှစ်ထောင်ကျပ်) ဖြင့် ဓမ္မဒါနပြု ဖြန့်ချိသည်။
မူပိုင်ဖြန့်ချိရေး	-	ဥက္ကဋ္ဌ ဦးမြင့်စိုး "ကောင်းမြင့်စံ" လဲမို့ဖြန့်ချိရေး ရန်ကုန်အင်းစိန်လမ်းမကြီး၊ (၉) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၂၄၀၇၈

http://www.dhammadownload.com

ဩဝါဒိစရိယ ဆရာတော်ကြီးများ



ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)



ဘဒ္ဒန္တ ပဏ္ဍိတ
(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)



ဘဒ္ဒန္တ ပဏ္ဍိတ
(အဂ္ဂမဟာပဏ္ဍိတ)



ဘဒ္ဒန္တ ဝိစာရ
(အဂ္ဂမဟာပဏ္ဍိတ)



ဘဒ္ဒန္တ တိလောက
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)



ဘဒ္ဒန္တ ကောသလ္လ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)



ဘဒ္ဒန္တ ဝိလာသ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)



ဘဒ္ဒန္တ စန္ဒောဘာသ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)



ဘဒ္ဒန္တ ဩဘာသ
(အဂ္ဂမဟာပဏ္ဍိတ)

http://www.dhammadownload.com

နာယက ဆရာတော်ကြီးများ



ဘဒ္ဒန္တနေမိန္ဒာဘိသီရိ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)



ဘဒ္ဒန္တနန္ဒာဘာသ
(နန္ဒာရွှေဘုံကျောင်းတိုက်)



ဘဒ္ဒန္တသုန္ဒရ
(ဇေယျာဝံသကျောင်းတိုက်)



ဘဒ္ဒန္တသီရိန္ဒ (တိုက်အုပ်)
(သုစိတ္တာရုံစာသင်တိုက်)



ဘဒ္ဒန္တဥတ္တရ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)



ဘဒ္ဒန္တဝိမလ
(မစိုးရိမ်စာသင်တိုက်)



ဘဒ္ဒန္တသုန္ဒရ
(ပဏ္ဍိတာရာမစာသင်တိုက်)



ဘဒ္ဒန္တကဝိသာရ
(ဇေယျဝတီစာသင်တိုက်)



ဘဒ္ဒန္တဝဏ္ဏသိဒ္ဓိ
(ရွှေမန်းကျောင်းတိုက်)



ဘဒ္ဒန္တသုန္ဒရ (ဟသံ်တ)
(ဇေယျဝတီစာသင်တိုက်)

http://www.dhammadownload.com



ပဒုက္ကူဝိပဿနာသင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေ

http://www.dhammadownload.com



နာယကကြီး ဦးချစ်

ပခုက္ကူဗိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

http://www.dhammadownload.com

၁၃၀၉ - ခုနှစ်မှ စတင်ပြုသခဲ့သော
ပခုက္ကူဝိပဿနာနည်းပြဆရာကြီးဦးကြင်ရွှေ၏
ဝိပဿနာသင်တန်းတရားစဉ်များ



၁။ ပမာဏ (၄) ပါး

၂။ ဘေးကြီး (၄) ပါး

၃။ မှာတမ်းတော်

၄။ ပညတ် - ပရမတ်

၅။ ရုပ်ဓာတ် - နာမ်ဓာတ်

၆။ ခန္ဓာ (၅) ပါး

၇။ ပစ္စယပရိဂ္ဂဟဉာဏ်

၈။ မဂ္ဂင် (၈) ပါး

၉။ အာယတန (၁၂) ပါး

၁၀။ ဓာတ် (၁၈) ပါး

၁၁။ ဝီထိစဉ်

၁၂။ လက္ခဏာရေး (၃) ပါး

၁၃။ ဝိပဿနာဉာဏ် (၁၀) ပါး

၁၄။ ပဋိစ္စသမုပ္ပါဒ်

၁၅။ သစ္စာ (၄) ပါး

၁၆။ နိဗ္ဗာန်

http://www.dhammadownload.com

A 0435

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး (ဒုတိယတွဲ)

၁။ နိဒါန်း ..... က

၂။ ဦးတရုတ်နှင့် ဒေါ်မဲမူတ် ဥပမာလို ၁

၃။ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရခြင်းသည် ၅

၄။ သံသရာလည်ခြင်း၏အကြောင်း ၉

၅။ ပိုးသာကုန် မောင်ပုံစောင်းမတတ် ၁၁

၆။ စုတိနှင့် ပဋိသန္ဓေ တွေ့ဝေပုံ ၁၆

၇။ သခ်ါရသုံးမျိုး၏ သဘောအဓိပ္ပါယ် ၂၁

၈။ ဝိညာဏ်နှစ်မျိုး ၃၈

၉။ လူဖြစ်ရတာ ခဲယဉ်းပုံ ၅၈

၁၀။ ပခုက္ကူမြို့အဖြစ်အပျက်အကြောင်း ၅၉

၁၁။ ပေးနိုင်, ကမ်းနိုင်သော်လည်း သဒ္ဓါအစစ်မမှတ်နဲ့ ၅၉

၁၂။ လယ်တီဆရာတော်ဘုရားကြီးရဲ့ဆုံးဖြတ်ချက်တစ်ခုမှတ်သားဖွယ် ၆၄

၁၃။ ကလလ-ရေကြည် မှတ်သားဖွယ် ၆၇

၁၄။ ခက်မငါးဖြာ သိစရာ ၆၉

၁၅။ စတုသမုဋ္ဌာနိကရုပ်တရား ၈၀

၁၆။ ရာဂမီးလောင်လို့သေတဲ့ ဘိက္ခုနီမလေးအကြောင်း ၈၀

၁၇။ ရုပ်ကို ကျေးဇူးမပြုနိုင်တဲ့ ပဋိသန္ဓေစိတ် ၈၃

၁၈။ ပဋိသန္ဓေရဲ့ဒုက္ခ လေးမျိုးလေးစား ၈၇

၁၉။ အလောင်းတော်များပဋိသန္ဓေနေပုံ ၉၁

၂၀။ ဇရာနှစ်မျိုး ၉၄

၂၁။ ရုပ်အို နာမ်အို ဆိုတာ ၉၅

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၂။	သူသတ်သမားသုံးယောက်ဥပမာ (သူသူငါငါ နားလည်တာ ဒုက္ခသုံးမျိုး)	၉၅
၂၃။	စုတိဆိုတာ ဘာဆိုသလဲ	၁၀၁
၂၄။	ဧကဝေါကာရ စတုဝေါကာရ ပဉ္စဝေါကာရဘုံဆိုသည်မှာ.....	၁၂၃
၂၅။	အသညသတ်ဘုံရောက်ဖို့ ကမ္မဋ္ဌာန်းစီးဖြန်းပုံအကြောင်း	၁၂၄
၂၆။	နာမ်ချည်းသက်သက် အရူပဘုံဆိုတာ	၁၂၅
၂၇။	ရုပ်နာမ်ပါရှိတဲ့ဘုံဆိုတာ	၁၂၆
၂၈။	နာမရူပံ-ပုဒ်ကို သရူပေကသေသနည်းဖြင့် သိကောင်းစရာ	၁၂၇
၂၉။	အသညသတ်ဗြဟ္မာနှင့်စပ်လျဉ်း၍ အနန္တရဝိညာဏ်ဆိုတာ	၁၂၉
၃၀။	ဒီအခန်းမှာ ဘဝဆိုတာ နှစ်မျိုးနှစ်စားပါ	၁၃၀
၃၁။	အကြောင်းရုပ်တရား တစ်ဆယ့်နှစ်ပါးဆိုတာ	၁၄၁
၃၂။	သဋ္ဌာယတနပုဒ်ကို သရူပေကသေသနည်းဖြင့် ပြုထားပုံ	၁၄၄
၃၃။	ဇီဝိတရုပ်နဲ့အာဟာရရုပ်ဆိုတာ	၁၄၇
၃၄။	အနုပါလနသတ္တိရှိတဲ့ ရုပ်နှစ်ပါး	၁၄၇
၃၅။	ရုပ်တုံးရုပ်ခဲကို မပျက်စီးအောင် စောင့်ရှောက်တတ်တဲ့တရားဆိုတာ ဘာလဲ...	၁၅၅
၃၆။	အသက်မရှူသောပုဂ္ဂိုလ်များ	၁၆၅
၃၇။	အကြည်ဓာတ်ခြောက်ပါးဆိုတာ	၁၇၈
၃၈။	အပြင်အာယတနခေါ် အရိပ်ခြောက်ပါး ဆိုတာ	၁၇၈
၃၉။	ဖဿခြောက်မျိုး	၁၈၁
၄၀။	လူလူနဲ့အသုံးချနေတဲ့တရားလုံး ခြောက်ပါး	၁၉၂
၄၁။	ဝေဒနာဘေဒနှစ်မျိုး	၁၉၃
၄၂။	ဣန္ဒြိယဘေဒအားဖြင့် ဝေဒနာငါးမျိုး	၁၉၃
၄၃။	အနုဘဝနလက္ခဏာအားဖြင့် ဝေဒနာသုံးပါး	၁၉၄
၄၄။	ဘုရားသုံးမျိုးဆိုတာ	၂၀၆

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၅။	ဝေဒနာဖမ်းတယ်ဆိုတာ သိကောင်းစရာ	၂၀၉
၄၆။	စိတ္တလတောင်သီတင်းသုံးတဲ့ နာမည်မထင်ရှား မထေရ်တစ်ပါး	၂၁၆
၄၇။	ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်းနှစ်ပါး မှတ်သားစရာ	၂၂၆
၄၈။	နာမ်ကမ္မဋ္ဌာန်းကို ဖဿ ဝေဒနာ ဝိညာဏ် အဓိကထားပြီးဟော	၂၂၆
၄၉။	အစဉ်မပြတ် သတ္တဝါများခံစားတဲ့ ဝေဒနာသုံးပါး ဆိုတာ	၂၃၃
၅၀။	တစ်နွယ်ငင် တစ်စင်ပါ တူတဲ့ တရားဆိုတာ	၂၄၆
၅၁။	တရားနာရုံနဲ့ တရားရသွားတဲ့ ရဟန်းတော်များ	၂၄၈
၅၂။	တဏှာသုံးမျိုးနဲ့အရကောက်	၃၀၂
၅၃။	ကာမတရားငါးခု	၃၀၃
၅၄။	အာရုံငါးပါး	၃၀၃
၅၅။	တဏှာတစ်ရာ့ရှစ်ပါး ဖြစ်လာပုံ	၃၀၄
၅၆။	သဒ္ဓါလမ်းနဲ့ပညာလမ်းဆိုတာ	၃၂၀
၅၇။	တဏှာသတ်လမ်းနဲ့ဒိဋ္ဌိသတ်လမ်းဆိုတာ	၃၂၅
၅၈။	နိဂဿိတဏှာဆိုတာ	၃၂၆
၅၉။	တဏှာနဲ့ဥပါဒါန်တို့၏ဒုက္ခနှစ်မျိုးခွဲခြားနားပုံ	၃၄၂
၆၀။	ဒိဋ္ဌုပါဒါန်နှင့်စပ်လျဉ်း၍ ဒိဋ္ဌိဆယ်မျိုး	၃၄၉
၆၁။	ကာမုပါဒါန်ကို ရှေ့ထားဟောခြင်း	၃၆၅
၆၂။	သုနက္ခတ္တရဟန်းအကြောင်း သိကောင်းစရာ	၃၈၈
၆၃။	အခုခေတ် သရဏဂုံသစ်ဆိုတာ	၃၉၂
၆၄။	ဘုရားရှင်အား ဝါဒပြိုင်တဲ့ သစ္စကပရိဗိုဇ်	၃၉၇

ဒုတိယတွဲ မာတိကာပြီး၏။

http://www.dhammadownload.com

၁၃၀၉–ခုနှစ်မှ စတင်တည်ထောင်ခဲ့သော ပခုက္ကူဝိပဿနာ သင်တန်းနည်းပြ

ဆရာကြီး ဦးကြင်ရွှေ

၏

ဘဝဖြစ်စဉ် သမိုင်းရာဇဝင်အကျဉ်းချုပ်



ပခုက္ကူဝိပဿနာသင်တန်းသားများ၏ ရှေ့သွားခေါင်းဆောင် သမိုင်းပြောင်သည့် **ဆရာကြီး ဦးကြင်ရွှေ**သည် ဧရာဝတီတိုင်း အပါအဝင် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၊ ပုသိမ်မြစ်ဟုလည်း ခေါ်တွင်သော ငဝံမြစ် လက်ဝဲဘက်ကမ်းတွင် တည်ရှိသော သာယာလှသော လူတော်စုရွာ၌ အဖ**ဦးသာပေါ်** အမိ**ဒေါ်မေခင်** တို့မှ သက္ကရာဇ် ၁၂၆၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ သောကြာနေ့ နံနက် (၄)နာရီအချိန်တွင် ထောင်သောင်းသိန်းမက များလှစွာသော လူအပေါင်းတို့အား ဓမ္မဒါနအမြုတေ ၄ဝေအံ့ဝှာ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။ ဆရာကြီး၏ ငယ်မည်မှာ **မောင်ကြင်** ဖြစ်ပါသည်။

✳ **များမြောင်သရုံ့ လူတကာတို့ ဓမ္မအမြုတေ ပေးဝေအံ့ဝှာ**
ဆရာလောင်းလျှာ ဖွားမြင်ပါသည့် လွန်စွာအံ့ဖွယ်ကောင်းပါသတည်း။

တတ်သင့်တတ်ရာ ပညာဓာရပ်ရပ်သင်ကြားခဲ့ခြင်း

ကျေးဇူးရှင် ပခုက္ကူဝိပဿနာ နည်းပြဆရာကြီးလောင်းလျှာ မောင်ကြင်သည် သက်တော် (၇)နှစ်သားအရွယ်တွင် လူတော်စုရွာ ကျောင်းဆရာမကြီး ဒေါ်သိန်းလှိုင်၏ မူလတန်းကျောင်း၌ အခြေခံမူလတန်း ပညာရပ်များကို သင်ယူခဲ့ပါသည်။ ထိုဒေါ်သိန်းလှိုင် မူလတန်းကျောင်းမှ လူတော်စုရွာ ဆရာတော် ဦးတေဇဝန္တ ကျောင်းသို့ ပြောင်းရွှေ့နေထိုင်ကာ ဆရာကြီးဦးဘိုးရန် ကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့ရာ အောက်ခြေမူလတန်းစာများ လွယ်ကူစွာ တတ်မြောက်ခဲ့ပါသည်။

✳ **ဆရာကြီးလောင်းလျှာ သူတော်စွာကား ငယ်ခါသမယ**
ကာလကပင် လွန်လျှင်ထူးခြား ပညာများကို ကြိုးစား၍ပင်
သူသွန်သင်သည် လူတွင် တံခွန် ဖြစ်မည်ကို။

http://www.dhammadownload.com

သာမဏေဝတ်ဘုရားမြတ်စွာသာသနာ့ဝံန် ထမ်းဆောင်ခြင်း

ပခုက္ကူဝိပဿနာသင်တန်းသားများ၏ ရွှေတောင်ကြီးပမာ မှိခိုအားထားရာဖြစ်သော ဆရာကြီးသည် သက်တော် ၁၂ နှစ်သားအရွယ်တွင် ပြည်ခရိုင်၊ ပန်းတောင်းမြို့ ဆုတောင်းပြည့်ကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့သော အဘိဓမ္မတ္ထသာရမေဒနီကျမ်း စသော ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ဒွါရနိကာယ ဆဋ္ဌမမြောက်သံဃရာဇာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ဝါသဝ မဟာထေရ်မြတ်၏ စက်ရိပ်ဝယ် သာဝတ္ထိအဖွဲ့ နှစ်ဆယ့်လေးသွယ် စလွယ်တော်သိုင်းခြုံ မဟာသရဏဂုံနှင့်တကွ ဆယ်ပုံသီလ နိစ္စမြဲထွေ သာမဏေဘုံရောက်ချီးမြှောက်တော်မူချက်အရ **ရှင်သာမဏေဝတ**ဟူသော ဘွဲ့မည်ဖြင့် ဘုရားဇနေတ်သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့ပါသတည်း။

✳ **တစ်ဆယ့်နှစ်နှစ် ရွယ်တော်ဧတ်ဝယ် ဘုန်းကြွယ်မြတ်စွာ**
သာသနာတွင် သုံးအင်သရဏဂုံ ဆယ်ပုံသီလ မြဲတံမှဖြင့်
သာသနာ့ဝန် သူအားသွန်သည် လွန်လျှင်ထူးတဲ့ပါရမီရှင်ပါတည်း။

သရေခေတ္တရာမည် ပြည်မြို့၌ ပညာသင်ကြားခြင်း

သက္ကရာဇ် ၁၂၇၆ ခုနှစ်မှစ၍ သရေခေတ္တရာဟု ထင်ရှားသော ပြည်မြို့ ကန်တွင်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုဘာသိတထံ ရောက်ရှိနေထိုင်၍

"ညီညာထက္ကြွ ဆုံးမနာယူ လာမူကြိုဆီး ထံနီးလုပ်ကျွေး
သင်တွေးအံ့ရွတ် တပည့်ဝတ် မချွတ်ငါးခုသာ"

ဟူသည်နှင့်အညီ တပည့်ဝတ်ငါးပါးပြည့်စုံစွာ ကျင့်ကြံ၍ တတ်ကောင်းတတ်ရာ လောကုတ္တရာပညာအရပ်ရပ်ကို ဒိုးကဲ့သို့မွေ အာဂုံကျေအောင် သင်ယူတတ်မြောက်တော်မူခဲ့ပါသတည်း။

✳ **သရေခေတ္တရာ သညာဖွဲ့ချည်ပြည်နဂရ ဌာနသမိုက်**
ကန်တွင်းထိုက်တွင် အရှင်သုဘာသိတ ဆေရိန္ဒရ၏
သန္ဓိကေနီး ကပ်ခါမှီး၍ ဘုန်းမီးသာသနာ ကျမ်းစာဆူဆူ
သင်သင်ယူသည် ကြည်ဖြူသဒ္ဓါဝိုင်ရှင်တည်း။

ဥပသမ္မဒဇာတ်မြင့်မြတ်သော ရဟန်းဘဝဖြစ်သို့ရောက်ခြင်း

သက်တော် ၂၀ ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၈၁ ခုနှစ်၊ မအူပင်မြို့၊ ဒီပဲရင်းကျောင်းတိုက်သိမ်တော်၌ **အင်္ဂပူဆရာတော်ဘုရားကြီး**ကို ဥပဇ္ဈာယ်ပြု၍ မအူပင်မြို့စက်ရှင်မင်းကြီး **ဦးသက်ညွန့် + ဒေါ်ရွှေမေ**တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘကို မုချပုံသေ ရရှိတော်မူခဲ့ပါပေသတည်း။

http://www.dhammadownload.com

✳ သက်တော်နှစ်ဆယ် သူပြည့်ကြွယ်က တင့်တယ်အေးမြ
သာယာလှသည့် ဗုဒ္ဓသာသနာ ကြီးစွာဝန်ထမ်း ရဟန်းဘဝဒုလ္လဘကို
လှလှမသွေ ရရှိလေသည် အသရေလျှမ်းတင့်လှပါသတည်း။

ပညာသင်ကြားတော်မူခြင်း

တစ်ခေတ်တွင် ပခုက္ကူဝိပဿနာ သင်တန်းဆရာကြီးအဖြစ် ကျော်စောမည့် ရဟန်းတော် ဦးသာဓုဝတသည် ပြည်မြို့ ကန်တွင်းကျောင်းတိုက် ဆရာတော်ဘုရားကြီးနှင့် အင်္ဂပူဆရာတော် ဘုရားကြီးတို့ထံတွင် ဂန္ထန္တရ အဝဝကို မဟုဿာဟ ဇွဲလုံ့လဖြင့် သင်ယူရာ တတ်မြောက်ကျွမ်းကျင် တော်မူခဲ့ပါသည်။

✳ နေလတန္တု ဦးသုဘာသိတ ထေဂိုန္ဒနှင့် သံဃပိတာ
သံဃဖကင် အင်္ဂပူတွင် သခင်ဆရာ များစွာတို့ထံ
တန်တန်သချာ ကျမ်းရွှေစာကို ကောင်းစွာအလျင်
သူသင်ယူသည် သဗ္ဗညူ သာသနာ ပြုရန်ကို။

ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်၌ ပညာသင်ကြားခြင်း

ရဟန်းသိက္ခာ ခြောက်ဝါအရတွင် နတ်သိကြားတို့ နှိုးဆော်သည့်အလား ပခုက္ကူသို့ ပညာသင် သွားလိုစိတ်တွေ တဖွားဖွားဖြစ်ပါသဖြင့် ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး သို့ ရောက်ရှိကာ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးဇဝနထံ ပိဋကတ်နိကာယ်အသွယ်သွယ်သော ကျမ်းဂန်များကို သင်ယူခဲ့ရာ ပိဋကတ် တတ်မြောက်ကျွမ်းကျင် ခဲ့လေသည်။

✳ ပခုက္ကူမည် လွန်ပြောစည်သည့် အင်္ဂီရသ ဗုဒ္ဓသာသနာ
ရောင်ဝါယှက်ဝေ မြို့မဟော၌ သုံးထွေပိဋက ချရာပို့ရာ
မဟာဝိဇယာရာမ နာမသမိုက် တိုက်တော်ကြီးတွင် သုံးအင်ပိဋကတ်
တတ်မြောက်အောင်ပင် သင်သင်ယူသည် ဝိညူပဏ္ဍိဖြစ်ပြီတည်း။

စာပေကျမ်းဂန်ချပို့ သာသနာကျိုး သည်ပိုးဆောင်ရွက်ခြင်း

စာပေကျမ်းဂန် သင်ယူတတ်မြောက်ပြီးနောက် မိမိအောက်ငယ်သား စာသင်သားများကို စာပေချပို့ကာ သာသနာကျိုးကို သည်ပိုးထမ်းဆောင်ခဲ့လေသည်။ ဆရာကြီးလောင်းလျာ ရဟန်းတော် ဦးသာဓုဝတသည် ပန်းဘဲတိုက်ရပ် ကျောက်စေတီဘုရားအနီးရှိ ယခု အမှတ်(၁) အ-လ-က ကျောင်းနေရာ၌ ရှိခဲ့ဖူးသော ဘုန်းတော်ကြီးဦးဝင့် ကျောင်း၌လည်း နေထိုင်၍ သာမဏေငယ်များ ကျောင်းသားများကို စာပေသင်ကြားချပို့ပေးခဲ့ပါသည်။

http://www.dhammadownload.com

✳ စာပေအရပ်ရပ် တတ်မြောက်လေက သိဿပေါယယ် အသွယ်သွယ်အား
ငါနှယ်မသွေ တတ်ပါစေဟု နှလုံးပြုကာ များစွာကျမ်းစာ
ချပို့ပါသည် စေတနာသုံးဖြာ ထူးလှပါသတည်း။

ဝိပဿနာတရားပြန့်ပွားအောင်ဆောင်ရွက်ခြင်း

ရဟန်းတော်ဦးသာဓုဝတသည် ရဟန်းသိက္ခာ ၁၈ ဝါအရတွင် လွန်စွာထူးတင့်မြင့်မြတ်လှသည့် သာသနာ့ဘောင်မှ ဆင်းခဲ့လေသည်။ ဦးကြင်ရွှေအမည်ဖြင့် လူ့ဘဝရောက်၍ ၄ နှစ်ကြာသောအခါ ဒေါ်စိန်ဥနှင့် အိမ်ထောင်ဖက်ပြုခဲ့ရာ သမီးတစ်ယောက် ထွန်းကားခဲ့ပြီး မကြာမီ သမီး, ဇနီးတို့ ကွယ်လွန်ခဲ့သဖြင့် သောကမီးတောက်လောင်လေရာ ယင်းသောကမီးမှ ငြိမ်းရန်ငြိမ်းကြောင်း ဘုရားမြတ်စွာ၏ ဆေးကောင်းဖြစ်သည့် ပိဋကကျမ်းစာများကို ကြည့်ရှု၍ အနှစ်သာရကို ရှာဖွေခဲ့လေသည်။

✳ တဏှာအကြိုက် သူလိုက်မိကာ မြတ်စွာခမ်းဝါ သာသနာမှ
ယုတ်မာသည်းခေါင် ဤလူ့ဘောင်ဝယ် အိမ်ထောင်ညွတ်ကွင်း
သံချိုင့်တွင်း ဆင်းသက်မိကာ ပူဝေဆာ သောကရောက်ရပါသတည်း။
သောကပြေကြောင်း ဆေးဝါးကောင်းမှန် သုံးတန်ပိဋကတ်
နိစ္စမသွေ ကြည့်ရှုလေက သံဝေဂ မုချဖြစ်ခဲ့ပါသတည်း။

ယင်းသို့ စာပေကျမ်းဂန်အရပ်ရပ်ကို ကြည့်ရှုလေ့လာ သုံးသပ်ရှုမှတ် ကြံစည်ရင်း လောကကြီး ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးမှတစ်ပါး ဘာမျှမရှိ သုညဏ်အဖြစ်ကိုလည်းကောင်း၊ ငါ သူတစ်ပါး ယောကျ်ား၊ မိန်းမ မရှိ ပရမတ်ပေါ်တွင် ပညတ်ဖုံးနေသည်အဖြစ်ကိုလည်းကောင်း ပိုင်ပိုင်မိမိ သိရှိ၍ မိမိသိသည့်အတိုင်း အများတကာတွေ သိကြပါစေဟူသော ရည်ရွယ်ချက်ဖြင့် **၁၃၀၉ ခုနှစ်၊ တန်ဆောင်မုန်းလ**ကစ၍ **ပခုက္ကူဝိပဿနာသင်တန်း**ဟူသော အမည်ဖြင့် စတည်ထောင်ဖွင့်လှစ်ခဲ့ရာ ဘုန်းကံရှိသော အမျိုးကောင်းသား အမျိုးသမီးထောင်ပေါင်းများစွာတို့ ဒီရေအလား တဖွားဖွား ရောက်ရှိတပည့်ခံကြကာ တရားဓမ္မနာယူကြရာ အတိုင်းမသိ အကျိုးရှိလှသည်။

သင်တန်းခွဲပေါင်း ၂၇၀ ကျော်

ယခုဆိုလျှင် ပြည်ထောင်စု မြန်မာနိုင်ငံ တစ်နိုင်ငံလုံး အနယ်နယ် အစို့စို့ အမြို့မြို့ အရွာရွာတွင် ဆရာကြီး၏ ဝိပဿနာသင်တန်းခွဲပေါင်း ၂၇၀ ကျော်မျှရှိရာ လွန်စွာအားရ ကျေနပ်ဖွယ်ကောင်းလှပါသည်။

http://www.dhammadownload.com

ဆရာကြီးကွယ်လွန်သဖြင့် ဆုံးရှုံးနှစ်နာခြင်း

အားလုံးသော သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့-

အားလုံးသိတော်မူကြသည့်အတိုင်း ဇရာဗျာဓိတို့ အနှိပ်စက်ခံရသော ဆရာကြီးသည် အသက် ၈၅ နှစ်ရှိရာ ၁၃၄၆ ခုနှစ်၊ ဝါဆိုလကွယ်နေ့ ၁ နာရီ ၆ မိနစ် အချိန်တွင် ဆရာကြီးကွယ်လွန်သွားပါသဖြင့် လွန်စွာဆုံးရှုံးနစ်နာခြင်း ဖြစ်ကြရပါသည်။ သို့ရာတွင် "ဖြစ်လျှင်ပျက် မြဲမလွဲတံထွာ ဓမ္မတာ"ဟု သဘောပေါက် ဖြေသိမ့်ပြီး ဆရာကြီး၏ တရားတော်များ ပြန့်ပွားအောင် ကျန်ရစ်ကြသော တပည့်တွေ တက်ညီလက်ညီ ဆောင်ရွက်ကြဖို့ လေးနက်စွာ တိုက်တွန်းပါသည်။

မြင့်မြင့်သမျှ သခ်ါရ စိတ်ကနလုံးသွင်း။

အရှင်ကေလာသ
အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မာစရိယ ဂဏဝါစက
B.A.Hons ဝိဇ္ဇာ ဂုဏ်ထူး (သီရိလင်္ကာ)

http://www.dhammadownload.com

ပခုက္ကူဝိပဿနာသင်တန်း၏
ပဋိစ္စသမုပ္ပါဒ် နိဒါန်း

လောကလူသားအားလုံးတို့တွင် အနန္တကျေးဇူးရှင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် လောကလူသားအားလုံးအတွက် အကျိုးနှစ်ဝ ပြည့်စုံကြစေရန် ဒေသနာတော်ကို အပြည့်အစုံ ဟောကြားတော်မူခဲ့၏။

ထိုသို့ ဟောကြားတော်မူရာတွင် -

၁။ လောကလူသား အားလုံးကို အစဉ်သနား စောင့်ရှောက်ရန်၊

၂။ နတ်, လူတို့ အကျိုးရှိစေရန်၊

၃။ နတ်, လူတို့ အကျိုးစီးပွား ဖြစ်ပွားစေရန်၊

၄။ နတ်, လူတို့ ချမ်းသာစေရန်၊ ဟူသော ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်ပေါက်လာရခြင်း၏ မူလအချက်ကြီး လေးရပ်နှင့်အညီ ဟောကြား တော်မူ၏။

ထိုခေတ်, ထိုအခါ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်က ဟောကြားတော်မူခဲ့သော သုတ္တန်, အဘိဓမ္မာ, ဝိနည်းဒေသနာတော်သည် ယခုအချိန်အထိလည်းကောင်း၊ နောင်အခါ နှစ်ပေါင်းများစွာ အထိလည်းကောင်း လိုက်လျောညီထွေ ရှိနေပြီး, ရှိနေဆဲ, ရှိနေဦးမည်သာ ဖြစ်၏။

နက်နဲခြင်း, ခက်ခဲခြင်း, ကြောင်းကျိုးမြဲ

ထိုသို့ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်သည် -

၁။ အနုညာ - ပိုးတိုးဝါးတား သာမညအားဖြင့် မသိခြင်း။

၂။ အနုဗောဓာ - ဝိသေသ အထူးအားဖြင့် ထိုးထွင်း၍ မသိခြင်း။

၃။ အပ္ပဋိဝေဓာ - မဂ်ရ, ဖိုလ်ရ, ပဋိဝေဓဒဿနကိစ္စအားဖြင့် မသိခြင်း

http://www.dhammadownload.com

ဟူသော အခက်အခဲကြီး သုံးပါးတို့ကြောင့် မှန်မှန်ကန်ကန် လွယ်ကူစွာ သိဖို့ရန် ခက်ခဲသော ဒေသနာ တော်များ ဖြစ်၏။

ထိုသို့ အသိခက်ခဲခြင်း၊ နက်နဲခြင်း အကြောင်းရင်းများကို ယနေ့ ပစ္စက္ခလူသားတို့သည် ဒေသနာ တော်များကို ပိုင်နိုင်စွာ သိရှိနားလည်စေရန်နှင့် လိုက်နာကျင့်ဆောင်စေရန် နည်းစနစ်ကို လွယ် ကူစွာ သိရှိနားလည် သဘောပေါက်အောင် ဆိုပြီးတော့ -

ပခုက္ကူဝိပဿနာ သင်တန်းနည်းပြ ဆရာကြီး ဦးကြင်ရွှေက ပိဋကတ်တော်မှ ပါဠို, အဋ္ဌကထာ, ဋီကာတို့ကို ထုတ်နုတ်ပြီး -

ပခုက္ကူဝိပဿနာ သင်တန်းကြီးကို ၁၃၀၉-ခုနှစ်၊ တန်ဆောင်မုန်းလမှ စပြီး ဟောကြားလာ ခဲ့တာ သင်တန်းတစ်ပတ်ဆိုရင် တစ်နှစ်ကျော်ကျော် ကြာခဲ့၏။

ဆရာကြီး ဦးကြင်ရွှေ၏ တရားသည် မြန်မာပြည် အထက်အောက်တစ်ခွင် ရည်ရွယ်ချက် ရှိသည့်အတိုင်း သင်တန်းခွဲများ မြို့ရွာအသီးသီး၌ နာကြားကြသူများအတွက် ပေါ်ပေါက်ခဲ့၏။

ထိုသင်တန်းကြီးသည် သက်ဆိုင်ရာ အကြောင်းအရာအလိုက် သိမ်မွေ့နက်နဲ ခက်ခဲသည် များကို ပေါ်လွင်ထင်ရှားစွာ ဟောကြားနိုင်စွမ်းလည်း ရှိခဲ့ပေသည်။

ထိုသို့ ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရား သင်ကြားပြသလာသော တရားစဉ်တို့ကား -

နိဒါန်းအစ၊ မှာတမ်းတော်မှစ၍ ပညတ်၊ ပရမတ်၊ ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဝိထိစဉ်၊ လက္ခဏာရေးသုံးပါး၊ ဝိပဿနာဉာဏ်စဉ်ဆယ်ပါး၊ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါး၊ နိဗ္ဗာန်တရားတော် အထိ အခန်းပေါင်းများစွာကို သင်တန်းတစ်ပတ်လျှင် တစ်နှစ်တာမျှ ကာလကြာညောင်းအောင် နေ့ရက်မပျက် ဆက်ခါဆက်ခါ သင်တန်းတရားများ ဟောကြားလာခဲ့ခြင်း ဖြစ်ပေသည်။

တိပိဋကြီး, တိပိဋခွဲမှ ပုံနှိပ်ရခြင်းအကြောင်း

ဤသို့ သင်တန်းတရားဟောစဉ်တွေကို တိပိဋကြီးခွေမှ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိ စေရန် တိုက်တွန်းပြန်တော့ -

ပခုက္ကူဝိပဿနာ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)၏ အဖွဲ့ချုပ် အမှုဆောင် များအနေဖြင့် နှစ်စဉ်ဆင်နွှဲ "ဩဝါဒခံယူပွဲ"တွင် နိုင်ငံတော် သံဃမဟာနာယက ဩဝါဒါစရိယ ဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်၊ ဗဟိုဝန်ဆောင် ဆရာတော်၊ တိုင်း, မြို့နယ်တို့မှ သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ကြီးများ၏ ဩဝါဒခံ မိန့်ကြားသံက -

http://www.dhammadownload.com

"ဒါယကာတို့ရဲ့ ဤသင်တန်းတရားသည် နှစ်ရှည်ကြာညောင်းခဲ့သည့်အလျောက် တစ်နေ့ တစ်ခါ တရားများကို နှစ်ရှည်ကြာအောင် ရက်ဆက်မပျက် နာဖို့ခက်ပါတယ်။ ဤသို့ ဒါယကာများ စွမ်းအားရှိက တိပ်ခွေတရား ပုံနှိပ်ထားပါက ရက်ရှည်လည်းခံ၊ လွယ်ကူ ပြန်တော့ အများလည်းဖတ်၊ ကိုယ့်မှာလည်း မြတ်၏"ဟု အကျိုးများသော ပစ္စယဒါန, ဓမ္မဒါန နှစ်ဌာန ကုသိုလ်ကြီးကို ရစေရန် ဆရာတော်များက တိုက်တွန်းခဲ့ပေသည်။

ဤသို့ ဆရာတော်ဘုရားကြီးများ၏ ဩဝါဒခံ မိန့်ကြားသံနှင့်အတူ ပခုက္ကူဝိပဿနာသင်တန်း တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ဥက္ကဋ္ဌကြီးနှင့် အမှုဆောင်လူကြီးများမှ ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရား တိပ်ကြိုးခွေမှ ပုံနှိပ်စာအုပ်အဖြစ်သို့ အမြန်ဆုံး ရောက်ရှိအောင် ဆောင်ရွက်ပေးပါရန် လျှောက်ထားတောင်းပန်လာသောကြောင့် စီစဉ်ဆောင်ရွက်ပေးခဲ့သော အရှင်သည် ဆရာကြီး ဦးကြင်ရွှေ၏ သင်တန်းတရားများ တိပ်ကြိုးခွေမှ ပုံနှိပ်စာအုပ် ဖြစ်မြောက်ရေးကိုသာ ရှေးရှုပြီး ပါဠိဆရာ ဦးချမ်းသာ (သီရိပဝရ ဓမ္မာစရိယ ပါဠိပါရဂူ) မှ ကိုယ်တိုင်စာစီပြီး စာမူချောအထိ အထူးကြိုးကြပ်ဆောင်ရွက်ကာ သင်တန်းဟောစဉ် တရားများမှ ပဋ္ဌာန်းသမုပ္ပါဒ်တရားကို ပထမဦးစွာ ရွေးချယ်ပြီး ဆရာကြီးဟောစဉ်အတိုင်း မူမပျက် ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်အောင် ပို့ဆောင်ပေးခြင်း ဖြစ်ပါသည်။

ဤတရားစာကို လေ့လာခြင်း၏ အကျိုးရလာဒ်များ

ဤပဋ္ဌာန်းသမုပ္ပါဒ်တရားကို မဖတ်ရှုမီ နားမလည်ခင်က ဗုဒ္ဓဘာသာတို့ အစဉ်အလာရ ကံ, ကံ၏ အကျိုးကို ယုံကြည်သည့်အလျောက် ထိုက်သည့်အားလျော်စွာ ဒါန သီလ စသော ကုသိုလ်ကောင်းမှုတို့ကို နည်းများမဟူ ကြည်ဖြူသော သဒ္ဓါတရားဖြင့် ကြိုးစားပြုလုပ် အားထုတ်ခဲ့ကြပေသည်။ ထိုကုသိုလ်ကံ စေတနာတို့သည် အမှန်ပင် အခွင့်အခါအားလျော်စွာ ကောင်းကျိုးချမ်းသာတို့ကို မုချမသွေ ပေးစွမ်းနိုင်ပေလိမ့်မည်ဟု ယုံကြည်ကြပေသည်၊ ယုံကြည်သည့်အတိုင်းပင် မှန်လှပေသည်။

သို့သော် ဤကုသိုလ်ကောင်းမှုမျိုးတွေ ပြုကြ၍ အပြည့်အဝနှင့် သေကြရသော သူတိုင်းမှာပင် "ဒေဝ၊ ပေတ၊ မနုဿ၊ တိရစ္ဆာန၊ နိရယ" ဟု ငါးဝသော လားရာ ဂတိမျိုးတို့တွင် သူလားချင်ရာ လားနိုင်သည်။ သူကျချင်ရာ ကျနိုင်သည်ဆိုသော ဂတိမမြဲသော ဝိနိပါတ ဘေးဆိုးကြီးမှ တကယ် လွတ်မြောက်အောင် စွမ်းဆောင်နိုင်တဲ့ ရုပ်နာမ်ခန္ဓာ စသော ဝိပဿနာတရားကို သိကြားနားလည်၍ အနည်းဆုံးအားဖြင့် မဟာသောတာပန် မဖြစ်နိုင်ဟု လျှော့ချရစေကာမူ စူဠသောတာပန်အဆင့်

http://www.dhammadownload.com

မျိုးလောက် ရောက်အောင် တစ်ဆင့်တိုး၍ ကြိုးစားစေရန် တိုက်တွန်း၍ ယခုလို နားလည်ယုံကြည်လောက်အောင် တင်ပြသည်မှာ ငါတို့အတွက်ပင်ဟု ဉာဏ်ယှဉ်သူအဖို့မှာ အပြစ်မမြင်သည့်အပြင် ကျေးဇူးပင် တင်ရမည်ကား ယုံမှားဖွယ်ရာ မရှိပါ။

ဒါကြောင့် ပဋ္ဌာန်သမုပ္ပါဒ်သင်တန်းတရားများကို ပုံနှိပ်စာအုပ်အဖြစ်သို့ လေးပိုင်းခွဲပြီး ပ-ဒု-တ-စ၊ စာမျက်နှာ (၄၆၀) ကျော်ပါ ဒုတိယတွဲစာအုပ်ကို စတင်ထုတ်ဝေမည် ဖြစ်ပါသည်။ ဤပဋ္ဌာန်သမုပ္ပါဒ် တရားကို အစမှ အဆုံးတိုင်အောင် မှတ်မှတ်သားသားနှင့် ဖတ်ရှုသူ ပရိသတ်များမှာ ရုပ်တစ်လုံး၊ နာမ်တစ်လုံးမှ မသိ၍ ပညာမျက်စိ လုံးဝမရှိသော အကန်းခေါ်တဲ့ "အန္ဓပုထုဇဉ်"ဘဝမှ လွတ်မြောက်၍ ကလျာဏပုထုဇဉ်အဖြစ်သော်လည်းကောင်း၊ စူဠသောတာပန်အဖြစ်သော်လည်းကောင်း ဘဝသစ် ဘဝထူးသို့ ကူးပြောင်းရရှိသည့်အဖြစ်ကို ကိုယ်တိုင်သိရှိလာသောအခါ ဤပဋ္ဌာန်သမုပ္ပါဒ် သင်တန်းတရား ထုတ်ဝေရသော အကျိုးရလာဒ်သည် ယခုပစ္စုပ္ပန် မျက်မှောက်၌ တစ်သက်လုံး ဝမ်းသာလို့ မဆုံးအောင် အပြုံးကြီး ပြုံးရပါတော့သည်။

ဦးသုန္ဒရ (ဟသ်ာတ)
ဇေယျဝတီပရိယတ္တိစာသင်တိုက်
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

နာယကကြီး၏ တိုက်တွန်းလွှာ မှာထားချက်

ဤပဋ္ဌိစ္စသမုပ္ပါဒ်တရားမြတ်သည် သစ္စာလေးပါး မြတ်တရားကို အကြောင်းတရားနှင့်အကျိုးတရားတို့အား တိုက်ရိုက်ဆက်သွယ် ဖော်ပြထားသော ကြောင်းကျိုးဆက် မြတ်မမှုပင် ဖြစ်ပါ၏။

ထိုမမှတို့၏အနက် သစ္စာလေးပါး မြတ်တရားသည် အသိခက်၏၊ အသိနက်၏၊ ထို့ကြောင့် နားလည်သဘောပေါက်ရန် အလွန်ပင်ခဲယဉ်းလှ၏။ ထိုအသိခက် အသိနက်လှသော တရားတို့ကို ရှင်းလင်းပြတ်သား လွယ်ကူစွာ နားလည်နိုင်ကြစေရန် ဟောကြားခဲ့သော ပခုက္ကူဝိပဿနာနည်းပြ ဆရာကြီး ဦးကြင်ရွှေ၏ ဟောစဉ်အခန်း (၁၆)မှအနက် အခန်း (၁၄)မှ ပဋ္ဌိစ္စသမုပ္ပါဒ်တရားစဉ် ဖြစ်ပါသည်။ ဤပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်မြတ်ကို တစ်ရက်လျှင် (၁)နာရီနှုန်းဖြင့် ရက်ပေါင်း (၈၀)၊ နာရီပေါင်း (၈၀)ကြာ ဟောခဲ့ရပါသည်။

ယခု ထိုတိပ်ကြိုးခွေမှတစ်ဆင့် ပုံနှိပ်စာအုပ်အဖြစ်သို့ အောက်မြန်မာပြည် ပခုက္ကူဝိပဿနာသင်တန်းခွဲများ၊ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်က ပစ္စယဒါနနှင့်ဓမ္မဒါနအဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်အစမှ အဆုံး လေးပိုင်းခွဲ၍ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲတွင် ပြီးဆုံးမည်ဖြစ်ပါသည်။ အစဉ်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

ယခင် ပထမတွဲ ထုတ်ဝေခဲ့ပြီး၊ ယခု ဒုတိယတွဲကို ဆက်လက် ထုတ်ဝေလိုက်သည်ဖြစ်ရာ ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)နှင့်အတူ သင်တန်းခွဲများ၊ သင်တန်းသူ သင်တန်းသားများနှင့် ဤကျမ်းစာအုပ်များကို လေ့လာဖတ်ရှုသူ အားလုံး လွယ်ကူလျင်မြန်သော အသိဉာဏ်ဖြင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် မျက်မှောက်ပြုလွယ်နိုင်ကြပါစေကုန်သတည်း။

နာယကကြီး ဦးချစ်
ပခုက္ကူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်
(အောက်မြန်မာပြည်)

http://www.dhammadownload.com

ကျေးဇူးတင်လွှာ

ဤပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို ပုံနှိပ်စာအုပ် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ဘုရားကြီးများ၏ သြဝါဒနှင့်အတူ ဝိုင်းဝန်းကူညီပံ့ပိုးကြသော သူတော်ကောင်းများ၏ ကာယ, ဉာဏ, ဓနအင်အား မေတ္တာစေတနာတို့ဖြင့် အဘက်ဘက်မှ တိုက်တွန်းဆောင်ရွက်ကြသော ကျေးဇူးတင်ထိုက်သူများမှာ -

သြဝါဒါစရိယ ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒု-ဥက္ကဋ္ဌဆရာတော်)၊

၂။ ဘဒ္ဒန္တ ပဏ္ဍိတ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ပရဟိတကျေးကျေးဆရာတော်၊

၃။ ဘဒ္ဒန္တ ပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်သြဝါဒါစရိယဆရာတော်၊

၄။ ဘဒ္ဒန္တ ဝိစာရ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အကျိုးတော်ဆောင်ဆရာတော်)၊

၅။ ဘဒ္ဒန္တ တိလောက
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊

၆။ ဘဒ္ဒန္တ ကောသလ္လ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ (ဥက္ကဋ္ဌဆရာတော်)၊

၇။ ဘဒ္ဒန္တ ဝိလာသ
ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ (အကျိုးတော်ဆောင်ဆရာတော်)၊

၈။ ဘဒ္ဒန္တ စန္ဒောဘာသ (မေတ္တာဝါဒီဆရာတော်)
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
တိုင်းသံဃနာယက ဥက္ကဋ္ဌ (ဒွါရ)၊

၉။ ဘဒ္ဒန္တ သြဘာသ (အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်၊ ပါဠိဓာတ္ကသိုလ်၊ ပျော်ဘွယ်ကျောင်းတိုက်၊

http://www.dhammadownload.com

နာယက ဆရာတော်ကြီးများနှင့် အဖွဲ့ဝင်များ

၁၀။ ဘဒ္ဒန္တ နေမိန္ဒာဘိသီရိ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်၊ ရတနာသိဃ်ပရိယတ္တိစာသင်တိုက်၊

၁၁။ ဘဒ္ဒန္တ နန္ဒောဘာသ
လှိုင်မြို့နယ် သံဃနာယကဆရာတော်၊ နန္ဒာရွှေဘုံကျောင်းတိုက်၊

၁၂။ ဘဒ္ဒန္တ သုန္ဒရ
လှိုင်မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်၊ ဇေယျာဝံသကျောင်းတိုက်၊

၁၃။ ဘဒ္ဒန္တ သီရိန္ဒ (တိုက်အုပ်ဆရာတော်)
သုစိတ္တာရုံပရိယတ္တိစာသင်တိုက်၊ ကမာရွတ်မြို့နယ်၊

၁၄။ ဘဒ္ဒန္တ ဥတ္တရ
လှိုင်မြို့နယ် သံဃနာယက ဆရာတော်၊ ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

၁၅။ ဘဒ္ဒန္တ ဝိမလ
မစိုးရိမ်ပရိယတ္တိစာသင်တိုက်၊ (၉) မိုင်၊ မရမ်းကုန်းမြို့နယ်၊

၁၆။ ဘဒ္ဒန္တ သုန္ဒရ
လှိုင်မြို့နယ် သံဃနာယကအကျိုးတော်ဆောင် ဆရာတော်၊
ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်၊

၁၇။ ဘဒ္ဒန္တ ကဝိသာရ
ဇေယျဝတီပရိယတ္တိစာသင်တိုက်၊

၁၈။ ဘဒ္ဒန္တ ဝဏ္ဏသိဒ္ဓိ
ရွှေမန်းကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊

၁၉။ ဦးဩသဓ (ပထမကြိုးတန်း) တိပ်ကြိုးခွေမှ လက်ရေးမူကြမ်း ရေးပေးသောအရှင်၊
၂၀။ ဦးစရဏ (စာချုတန်း) ။ ။ ။
၂၁။ ဦးဝီရိယ (စာချုတန်း) ။ ။ ။
၂၂။ ဦးချမ်းသာ (သီရိပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)
ကွန်ပျူတာစာစီ၊ စာချော ဆောင်ရွက်ပေးသူ၊

http://www.dhammadownload.com

၂၃။ ဦးမြင့်ထွန်း (မြန်မာမှု) မျက်နှာဖုံးဒီဇိုင်း၊

၂၄။ ဦးမြင့်စိုး (ဥက္ကဋ္ဌ)
ပခုက္ကူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

၂၅။ ဦးဘငြိမ်း (အတွင်းရေးမှူး)
ပခုက္ကူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

စာအုပ်ဖြစ်ပေါ်လာရေးအတွက် အဘက်ဘက်မှ ထောက်ပံ့လှူဒါန်းသော ပစ္စည်းလေးပါး ဒါယကာတို့အား ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။။

ဦးသုန္ဒရ (ဟင်္သာတ)
ဇေယျဝတီပရိယတ္တိစာသင်တိုက်
လှိုင်မြို့နယ်။

http://www.dhammadownload.com

“ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တရားတော်စက်ဝိုင်း”



အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏ်၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော ၊ ဖဿပစ္စယာ ဝေဒနာ ၊ ဝေဒနာပစ္စယာ တဏှာ ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာဇရာမရဏံသောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသာသမ္ဘဝန္တိ။

အဂ်ီ(၁၂)ပါး	ကာလ(၃) ပါး	အင်္ဂ (၄)ပါး	သစ္စာ (၂) ပါး
အခြင်းအရာ (၂၀)	အစပ် (၃)ပါး	ဝဋ် (၃)ပါး	မူလ (၂)ပါး

http://www.dhammadownload.com



http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး
(ဒုတိယတွဲ)

ဦးတရုတ်နှင့် ဒေါ်မယူတ် ဥပမာလို

။အခုတော့ ဦးဆောင်လမ်းပြ ငါလုပ်ရတာပေါ့။ ဒေါ်မဲမှုတ်ကစဉ်းစားတယ် -ဒီကထွက်သွားလို့ ရှိရင် ရန်ကုန်ရောက်၊ လမ်းမကြီးကလည်းဖြူးလို့ တောင်နဲ့မြောက်နဲ့ဖြစ်နေတော့၊ လမ်းမှားစရာ အကြောင်းကလည်းမရှိ။ အဲဒီ ရန်ကုန်အကြားနဲ့ပြည်အကြားမှာ ရန်ကုန်အရောက်ပေါ့လေ။ ဖက်စေ့းတွေကလည်း တယ်ကောင်းတယ်လို့ကြားတယ်။ အနည်းဆုံးအားဖြင့် ဖက်ထမ်းအရောင်းခိုင်းဦးတော့ အလေးနဲ့ချိန်ခွင်နဲ့ သေသေချာချာ မှာကြားပေးလိုက်လို့ရှိရင် မှားစရာလည်းမရှိဘူး။ ဒင်းတော့ ခိုင်းဦးမှပဲလို့ ဒေါ်မဲမှုတ်ကစီစဉ်တယ်။ ဖက်ပါဝယ် ဖက်ထည့်ဖို့ပုတ်ပါဝယ်။ ဒါပေမယ့် ဖိုးတရုတ်က အင်မတန်အ,တာ၊ အရှေ့မှန်းမသိ, အနောက်မှန်းမသိ, တောင်မှန်းမသိ, မြောက်မှန်းမသိ ဒီထိအောင် ဖျင်းတဲ့, အ, တဲ့လူ။

သူလည်း ငါပြောထားဦးမှ - ဖိုးတရုတ်ရေ ဖက်သွားရောင်း၊ ဘယ်သွားရောင်းရမှာလဲ။ ဟောဒီ ရန်ကုန်လမ်းအတိုင်းသွား၊ တော်ကြာ နောက်ဆုံးကျတော့ ရန်ကုန်ရောက်မှာပဲ။ ငါမသွားတတ်ပါဘူးကွာ၊ အရှေ့ အနောက် တောင် မြောက်လည်း ငါကကောင်းကောင်းမသိ။ ဒီကပြလိုက်မှာပေါ့၊ လမ်းမှားစရာ အကြောင်းလည်းမရှိပါဘူး။ ဒီကစီစဉ်ပေးမယ် နားထောင်၊ အေးကွယ် ဒါဆိုလဲ ရောင်းတာပေါ့။ ရောင်းတော့ဝယ်တော့ ငါဘယ်လိုရောင်းရမှာလဲ။ ဟောဒီက အလေးနှင့်ချိန်ခွင်မှတ်သားပေးလိုက်မယ်။ အစိတ်သားလိုချင်ရင် ဘယ်အလေး၊ နှစ်ဆယ်သားလိုချင်ရင် ဘယ်အလေး၊ တစ်ဆယ်သားလိုချင်ရင် ဘယ်အလေးနဲ့၊ အလေးတွေလည်းပြလိုက်မယ်၊ ချိန်တော့ ချိန်တတ်ရဲ့လား။ ချိန်တာတော့ ချိန်တတ်ပါတယ်ကွယ်။ အလေးမှတ်မိရင် ငါချိန်တတ်ပါတယ်။

အေး . . . ဒီလိုဆို အလေးမှတ်မိအောင် အစီအစဉ်လုပ်ပေးမယ်ဆိုပြီးတော့ ဒေါ်မဲမှုတ်က

http://www.dhammadownload.com

ဖိုးတရုတ် လမ်းမသိဘူးပြောတယ်။ လမ်းမမှားအောင် ငါပဲစီစဉ်ပေးရမှာပဲ။ ဒီတော့ ဖက်ထည့်တဲ့ပုတ်မှာ အကြီးတစ်လုံး, အသေးတစ်လုံး နှစ်လုံးဝယ်တယ်၊ ပစ္စည်းဝယ်ထည့်၊ ထည့်ပြီးတော့ ဖိုးတရုတ်ရေ လမ်းမမှားအောင် သေချာပြလိုက်မယ်။ ဘာမှ မှားစရာအကြောင်းမရှိဘူး။ မျက်စိမှိတ်သာသွားဘယ်တော့မှမမှားဘူး။ ဟောဒီပုတ်ကြီး ရှေ့ကထား ပုတ်ကလေး နောက်ကထား ပုတ်ကြီးသွားရာသာလိုက်ပေတော့ မှာလိုက်တယ်။ ရွာစဉ်လျှောက်ပြီးတော့ လက်လီအားဖြင့်ရောင်းပေါ့။ ကုန်ရာအရပ်ကပြန်လှည့်ခဲ့ပေါ့။ နောက်တစ်ပတ်ပြန်ကျော့ ဒီလိုပဲသွားရတာပေါ့။ နှစ်ရွာ သုံးရွာနဲ့ ကုန်ချင်ကုန်မှာပဲ။ ဒါနဲ့ တဖြည်းဖြည်း တစ်စနဲ့တစ်စ ရန်ကုန်လည်းရောက်ချင်ရောက်မှာပေါ့။ ရန်ကုန် သိပ်ဝေးသလားရှင်မ။ ဟာ-ရန်ကုန်ဆိုတာ သိပ်မဝေးပါဘူး။ ပြောသံမကြားဘူးလား။ ဟာ လူတွေတော့ပြောသံကြားတယ်၊ ပြန်ကြသွားကြနဲ့ ငါတော့ တစ်ခေါက်မှ မရောက်ဖူးဘူး။ အေး . . . လမ်းမမှားအောင် ပုတ်ကြီးရှေ့ကထား၊ ပုတ်ငယ်အနောက်ကထား၊ ပုတ်ကြီးသွားရာသာလိုက်ပေတော့။ ဖက်ပါထည့်ပြီး ထမ်းပိုးနဲ့ ခြိန်ခွင်အလေးများ ပြင်ဆင်ပြီးတော့ မှာကြားပြီးလွှတ်လိုက်တယ်။

ဖိုးတရုတ်က မိန်းမမှာတဲ့အတိုင်းပဲ ပုတ်ကြီးကို အရှေ့ကထားပြီးတော့ ထမ်းသွားလိုက်တာတဲ့၊ နေတာကလည်း ပြည်မြို့အစွန်အဖျားနားက ဆင်စုရပ်ကွက်မှာနေ ဆင်စုရပ်ကွက်ကစပြီးထွက်လိုက်တော့ ရွှေကျွန်းတော အင်းမ,ကိုးဒုတ်တို့ လမ်းကလည်းကောင်း၊ သွားလိုက်တာလို့ ဒီက မနက်ထဲကနေမပူခင်ထွက်သွားတော့ နေကလည်းကျောပေါ်ရောက်လာတော့ ဖိုးတရုတ် တော်တော်ပင်ပန်းလာတယ်။ ပုတ်ထမ်းကလဲ ပါလာတယ်ဆိုတော့, ပင်ပန်းလာတယ် ရွှေကျွန်းတောအလွန်ကျတော့ တော်တော်တောကကောင်း၊ အရိပ်အာဝါသကကောင်းတော့ ဒီနေရာမှာ ငါအမောအပန်းဖြေပြီး ခဏအိပ်ဦးမှပဲ။ သွားလို့ဖြင့် သိပ်မဝေးလှသေးဘူး။ ရွှေကျွန်းတောမှ မလွန်ချင်သေးဘူး၊ သူက ရန်ကုန်နားနီးပြီထင်နေတယ်။ ငါသတင်းစကား သန့်သန့်ကြားရတာတော့ ရန်ကုန်နဲ့တို့ပြည် ကူးချည်သန်းချည်လုပ်နေတဲ့လူတွေစကားကြားတော့ ဖက်ကလည်း နည်းနည်းမှမရောင်းရသေးဘူး။ ဒါပေမယ့် ရန်ကုန်ရောက်ဖို့နီးပြီထင်တယ်။ ငါလဲ မောလာတယ်အိပ်ဦးမှပဲလို့ ထမ်းတဲ့ပုတ်ကြီးထမ်းတဲ့အတိုင်းပဲ လမ်းလယ်ခေါင်မှာ တည့်တည့်မတ်မတ်ချပြီးတော့ သစ်ပင်ရိပ်မှာ သူက ဝင်အိပ်၊ သစ်ပင်ရိပ်ဝင်အိပ်တော့ မောမောပန်းပန်းနဲ့အိပ်လိုက်တာ အိပ်မောကကျပြီး အိပ်ပျော်သွား။ လမ်းသွားလမ်းလာတွေကမြင်တော့ သြော် - အဖိုးကြီး အသက်အရွယ်ကြီးကာမှ ပုတ်ကြီးနဲ့ထမ်းပြီးတော့ ရွာစဉ်လျှောက်ဖက်ရောင်းရရှာ၊ တော့ ပင်ပန်းထင်ပါတယ်၊ အိပ်လိုက်တာ အိပ်မောကျ။ ဒါနဲ့ အဖိုးကြီးပုတ်က လမ်းလယ်ခေါင်ကြီးမှာထားတော့ လှည်းလာဦးတော့ မလွတ်မလပ်ဖြစ်နေတယ်။ မတော်ပါလားဟဲ့ - ခမျာ၊ သူ့ပုတ်မှာသူ့နေရာတောင်ရွှေ့မထားနိုင်ဘူး။ တော်တော်ပင်ပန်းလာတယ်ထင်ပါရဲ့။ လမ်းသွားလမ်းလာများ

http://www.dhammadownload.com

အမြင်မတော်တော့ ပုတ်ကြီးကို မှုပြီးတော့ လမ်းဘေးရွှေ့ထားတော့ ပုတ်ကပြောင်းပြန်ဖြစ်သွားတယ်။ ပထမထားတုန်းကတော့ ပုတ်ကြီးက အနောက်ဖက်က၊ ရွှေ့ထားတဲ့လူတွေက ပြောင်းပြန်ပြန်လိုက်တော့ ပုတ်ကြီးက အရှေ့ဘက်ပြန်ရောက်။ ပြည်ဘက်ပြန်ဦးလှည့်ထား။ ဖိုးတရုတ် တရေးတမောအိပ်လို့ အိပ်ရေးပါဝင်ပြီး၊ အိပ်ရာကထတော့ -

အေး . . . ရန်ကုန်နဲ့နီးပြီထင်ပါရဲ့။ ငါလည်း တစ်ခေါက်မှ မရောက်ဖူးဘူး။ စောစောစီးစီး ရန်ကုန်ဝင်တန်ကောင်းပါရဲ့၊ အချိန်မီရောက်တန်ကောင်းရဲ့။ သူထမ်းပိုးနဲ့ သူ့ပုတ်ကြီးလှည့်ရာဘက်ကို ထမ်းတယ်။ ဒီတော့ ပုတ်ကြီးက ဘယ်ဘက်လှည့်နေလည်းဆိုတော့ ပြည်ဘက်လှည့်နေ။ ပုတ်ကြီးသွားရာလိုက်လို့ ငါမိန်းမကမှာလိုက်တယ်။ ငါမိန်းမမှာလိုက်တဲ့ ပုတ်ကြီးသွားရာ ငါလိုက်ရမှာပဲဆိုပြီးတော့ ပုတ်ကြီးနောက်ချည်းလိုက်တယ်။ လာလမ်းအတိုင်း ပြန်ခဲ့တာပဲကိုး နော် (မှန်ပါတယ်ဆရာ)။ နေတစ်ဝက်ကျိုးကနေ ပြည်ဘက်ပြန်လှည့်ထမ်းလာတော့ လမ်းသွားရင်းစဉ်းစားတယ် - သြော် ရန်ကုန်သွားတဲ့လမ်းကလည်း တို့ပြည်လမ်းနှင့် သိပ်တူပါပဲဟ စဉ်းစားတယ်။

ဖိုးတရုတ်က နေဝင်ဖြိုးဖျဆိုရင်ပဲ မြို့ဆင်ခြေဖုန်းကပ်လာပေါ့။ အောင်မလေး - မြို့နားနီးလာပြီထင်ပါရဲ့။ မြို့နားနီးလာလေ တို့ပြည်နဲ့တူလေပဲဟ။ ရန်ကုန်လည်း ငါကတစ်ခါမှ မရောက်ဖူးဘူးဟဲ့။ တစ်ဖြည်းဖြည်းနဲ့ မြို့ဆင်ခြေဖုန်းကပ်လာပြီး သူတို့နေတဲ့ ဆင်စုရပ်ကွက်ဝင်တော့ နေမသဲမကွဲလေးဝင်။ ဧကန္တတော့ ဒါ ရန်ကုန်စဝင်တာပဲ။ မြို့ဆင်ခြေဖုန်းရပ်ကွက်ပဲ ကြည့်လိုက်တော့လည်း တို့အရပ်နဲ့ သိပ်တူတာပဲ။ ရန်ကုန်ကလည်း ပြည်နဲ့တထေရာတည်း။ ဒါနဲ့ဝင်လာခဲ့၊ လာလမ်းအတိုင်း လျှောက်ဝင်လာတော့ ဟိုအိမ်က ဒီအိမ်က မီးပါထွန်းကြပြုကြ။ မီးခွက်ကလေးတွေနဲ့ မှုန်ရီမှုန်ဝါး ဝိုးတိုးဝါးတား။ လမ်းကလည်း တို့ပြည်လမ်းနဲ့ သိပ်တူတာပဲ။ ရပ်ကွက်ကလည်း တို့ပြည်ရပ်ကွက်နဲ့ သိပ်တူတာပဲတဲ့။ သူ့စိတ်ထဲ တူလှချည် တူလှချည်နဲ့၊ ပုတ်ကြီးနောက်က တကောက်ကောက်လိုက်လိုက်လာတော့ တဖြည်းဖြည်းနဲ့ သူနေတဲ့အိမ်နား နီးနီး၊ နီးနီးလာတော့ ဆေးလိပ်ကသောက်ချင်၊ ရေလေးကငတ်လာတော့ ရေတစ်ပေါက်လည်းသောက်ရင်း ဆေးလိပ်မီးလေးလည်းညှိရင်း ဘယ်အိမ်များ ငါဝင်ရင် ကောင်းပါ့မလဲလို့။ ဟိုလှမ်းကြည့် ဒီလှမ်းကြည့်၊ မလှမ်းမကမ်းလေးကြည့်လိုက်တော့ အိမ်စိုးအိမ်စမြင်ပြန်တော့ အောင်မလေး လမ်းကလည်း တို့ပြည်နဲ့သိပ်တူ၊ အရပ်ကလည်း တို့နေတဲ့အရပ်နဲ့သိပ်တူ။ တူတဲ့အထဲ ရှေ့နားကအိမ်က တို့အိမ်နဲ့သိပ်တူတာပဲ။

ဒေါ်မဲမှုတ်ကလည်း ဖိုးတရုတ်ထွက်သွားကတည်းက အိမ်မှာတစ်ယောက်တည်းဆိုတော့ ခြိုးခြိုးခြောက်ခြောက်ပေါ့လေ မနေတတ်မထိုင်တတ်။ မီးတိုင်ခွက်ကလေးနဲ့ ဆေးလိပ်ကလေးညှိပြီးတော့သောက်လို့။ ဖိုးတရုတ်ဖြင့် အခုလောက်ထိ ဘယ်ရွှေ့ဘယ်မျှ ရောင်းရမလားဟဲ့၊

http://www.dhammadownload.com

ဘယ်အရပ်ထိ ရောက်မလဲဟဲ့၊ သူကလည်းတွေးပြီး အတွေးတွေနဲ့နေလို့၊ ဖိုးတရုတ်ကလည်းပြုန်းဆို အိမ်ရှေ့ရောက်သွားတော့ ရေကလည်းငတ်၊ ဆေးလိပ်မီးလေးကလည်းတို့ချင်တော့ ဒီအိမ်တော့ဝင်မှ ပဲဆိုပြီးခေါ်တယ်။ အိုး . . အိမ်ရှင်တို့။ အိုး . . အိမ်ရှင်တို့ဆိုတော့။ ဒေါ်မဲမှုတ်က "တော်" လို့ ထူးတယ်၊ ဧည့်သည်ထင်တယ်။ အေး . . ဒီအိမ်က တို့အိမ်နဲ့ တူလှချည်းလား။ ရန်ကုန်ကလည်းတစ်မျိုးပါ။ "ရန်ကုန် ရန်ကုန်" နဲ့ နာမည်ကြီးတယ်။ တို့ပြည်လိုမထူးပါဘူး။ ဒ့ါပြင် ဒီအိမ်က တို့အိမ်နဲ့ ပိုတူတယ်။ အရပ်ကလည်းတူ၊ အိမ်ကလည်တူ။ အိုး . . အိမ်ရှင်တို့ "တော်" လို့လှမ်းထူး။ ဘာကိစ္စရှိလို့တုံး။ ကိစ္စကဗျာ တခြားတော့မဟုတ်ပါဘူး။ ကျွန်တော်က ခရီးသွားဧည့်သည်ပါ။ ခရီးသွားဧည့်သည် ဖက်ရောင်းလာရင်း အသိမိတ်ဆွေကမရှိတော့၊ ဒီမြို့လည်း တစ်ခေါက်တစ်ခါမှ မရောက်ဘူးတော့ ခရီးကလည်း နည်းနည်းပန်းလာတော့ဗျာ . ရေတစ်ပေါက်ကလည်းသောက်ချင်၊ ဆေးလိပ်မီးလေး လည်းညှိချင်လို့ပါ။ တစ်ဆိတ် ကျွန်တော်အား မီးလေးများကျေးဇူးပြုစမ်းပါ။ ဒေါ်မဲမှုတ်က စဉ်းစား တယ်။ ဖိုးတရုတ်အသံနဲ့ တူလှချည်ရဲ့ ဖက်ရောင်းလာတယ်လို့ပြောတယ်။ တစ်ခေါက်တစ်ခါမှ မရောက် ဘူးလို့လည်းပြောတယ်။

မဟုတ်မှလွဲရော ဖိုးတရုတ်မျက်စိလည်လာပြီထင်တယ်။ ကောင်းပါပြီ ကောင်းပါပြီ ဟုတ်လား မဟုတ်လားလည်း ငါမသိပါဘူးလေ။ လူတူမရှား အသံတူမရှားနဲ့ ကောင်းပါပြီ။ မီးညှိလို့ရပါတယ်၊ ရေလည်းသောက်ရပါတယ်၊ ဝင်ခဲ့ပါ ဝင်ခဲ့ပါလို့ ဒေါ်မဲမှုတ်က မီးခွက်ကလေးကိုင်၊ ကိုင်ပြီးတော့ အိမ်ပေါ်က အောက်ဆင်းလာ၊ အဲ့ဒီ ခြံပေါက်ဝကနေ ပုတ်ကြီးနဲ့ ထမ်းဝင်လာတော့ ဖိုးတရုတ်မှန်း သေချာပေါက် သိပြီပေါ့နော် (မှန်ပါတယ်ဆရာ)။ ပြီးတော့ လက်စသတ်တော့ဖိုးတရုတ်ကိုး။ ပုတ်ကြီး အသာချ၊ ချလည်းချရော ဖိုးတရုတ်ဆံပင်လေး ဆွဲလှည့်ပြီးတော့ ဖုန်းဖုန်းနဲ့ ကျော်ကုန်းကိုထုတာပေါ့။ ဖိုးတရုတ် အမ်း . . . ဘယ်ကနေ မျက်စိလည်လာလဲပြောစမ်း။ ဘယ်ကနေ လှည့်ပြန်လဲ ဖိုးတရုတ်။ မှတ်ဟဲ့ ဒီလောက်တောင် အ,တဲ့ ယောက်ျားမှတ်ဟဲ့။ ထုတော့

ဖိုးတရုတ်က ဟယ် . . မဲမှုတ်ပါပဲ . . မဲမှုတ်ပါလား။ နေပါဦးဟ နေပါဦး။ သည်းခံပါဦး။ နေပါဦး ငါပြောပါဦးမယ်။ ဘာပြောရမှာလဲ ဒီလောက်တောင် အ,ရ၊ နှ,ရသလားပြောစမ်း။ ဘာဖြစ်လို့ မျက်စိလည်လာလဲ ပြောစမ်းဆိုတော့ အဖြစ်အပျက်ပြန်ပြောတာကိုး "ဖြစ်မှဖြစ်ရလေ မိန်းမရာတဲ့ ငါလည်း ရန်ကုန်တစ်ခေါက်မှ မရောက်ဘူးတော့ နင်ပြောတဲ့အတိုင်း ပုတ်ကြီးက အရှေ့ကထားလို့၊ ပုတ်ကြီးသွားရာလိုက်ဆိုတော့ ငါလိုက်တာပဲ။ အခုကြည့်လေ ပုတ်ကြီးက အရှေ့က၊ ငါက နောက်က၊ သူသွားရာငါလိုက်တာပဲ။ ငါ့တော့မလုပ်ပါနဲ့ဟာ။ နင်ပြောတဲ့ ပုတ်ကြီးကိုသာ ဓားနဲ့ခုတ်ပါဟဲ့" မိမဲမှုတ်ရဲ့ ဖိုးတရုတ်က ဆိုသတဲ့နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရခြင်းသည်

အခုလဲ မင်းတို့ငါတို့မှာ သံသရာကြီးတောက်လျှောက် မရပ်မနားဘဲနဲ့ တစ်သွားတည်းသွား မျက်စိလည်နေတာ။ ဘယ်သူမှ အပြစ်မတင်နဲ့နော် (မှန်ပါတယ်ဆရာ)။ ပုတ်ကြီးဓားနဲ့ ခုတ်ခိုင်းသလိုပဲ အဝိဇ္ဇာသာ ခုတ်ကြပေတော့လို့နော် (မှန်ပါတယ်ဆရာ)။ သူဆွဲထားလို့, သူလှည့်ပတ်လို့, သူဖိစီးနှိပ်စက်လို့, သူကာကွယ်လို့, မင်းတို့ငါတို့ သံသရာမှာလည်လို့မဆုံး တဖြုန်းဖြုန်းနဲ့လည်နေကြတယ်လို့နော် (မှန်ပါတယ်ဆရာ)။ ဒါအဝိဇ္ဇာရဲ့သဘောခေါ်တယ်။ ဒါကြောင့် သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရတဲ့ ပုဂ္ဂိုလ်ကျတော့ ဝိဇ္ဇာဉာဏ် ရပြီးသားခေါ်တယ်။ ဒါ့ကြောင့် -

"ယာ စ သမ္မာဒိဋ္ဌိ သာ ဝိဇ္ဇာ" လို့

ယာ စ သမ္မာဒိဋ္ဌိ၊ အကြင်သမ္မာဒိဋ္ဌိအမြင်မှန်ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ သာ သမ္မာဒိဋ္ဌိ၊ ထိုသမ္မာဒိဋ္ဌိအမြင်မှန်ဉာဏ်သည်။ ဝိဇ္ဇာ၊ ဝိဇ္ဇာ မည်၏။

ဒါ ရုပ်, နာမ်, ခန္ဓာ, ပညတ်, ပရမတ်၊ ဒီလို မုချဆတ်ဆတ် ပြတ်ပြတ်သားသား သိလာတဲ့ ဉာဏ်ဟာ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ဉာဏ်ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ ထိုသမ္မာဒိဋ္ဌိဉာဏ်သည် ပင်လျှင် ဝိဇ္ဇာဉာဏ်ခေါ်ပါ၏။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒီ ပဋိစ္စသမုပ္ပါဒ်ကြီး ဒီအထိ အတောမသတ်အောင်, အမျောမရပ်အောင် တစ်လည်ထဲလည်နေတဲ့ အင်မတန် အသိခက်တယ်ဆိုတဲ့ ဒီပဋိစ္စသမုပ္ပါဒ် ဘဝစက်ကြီးဖျက်ဆီးဖို့ရာ မလွယ်ပါဘူးလို့၊ အင်မတန် ခဲယဉ်းပါတယ်၊ ဒါဘာပြုလို့ ခလုတ်မသိတဲ့လူကတော့ မလွယ်ဘူး ခဲယဉ်းတယ်နော်၊ ခလုတ်သိတဲ့လူကတော့ ခလုတ်နှိပ်လိုက်။ ယတိပြတ် ဆတ်ခနဲပြတ်သွားမှာပေါ့။ ဒါကြောင့် ခလုတ်က ဘာလဲဆိုတော့ ဝိဇ္ဇာဉာဏ်ပဲ။ ဝိဇ္ဇာဉာဏ် ပေါ်ထွက်လာရင် မုချ ဒီဘဝစက်ကြီးက ဖျက်ဆီးပြီးသားဖြစ်ရမယ်။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒီအဝိဇ္ဇာဆိုတဲ့ သဘာဝဦးစီးပြီး လုပ်နေသမျှတော့ဖြင့် အဲ-မုချအားဖြင့် သံသရာစက်ကြီးမှာ ဘယ်နည်းနှင့်မဆို ဆက်ကာဆက်ကာ လည်မှာပဲ။ ဝိဇ္ဇာဉာဏ်ဦးစီးတဲ့ သခ်ါရမျိုးနဲ့ ကြိုးစားအားထုတ်ရင် ဘဝစက်ကြီး ဖျက်ဆီးပြီးသား ဖြစ်မယ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒီနေရာလေး ဖျက်ဆီးတဲ့သဘာဝလေး ကျဉ်းကျဉ်းကလေး တိုတိုတုတ်တုတ်ကလေး -

"ယာ စ သမ္မာဒိဋ္ဌိ၊ သာ ဝိဇ္ဇာတိ တဿ ဝိဇ္ဇုပ္ပါဒါ အဝိဇ္ဇာနိရောဓော၊ အဝိဇ္ဇာနိရောဓာ သခ်ါရနိရောဓော၊ သခ်ါရနိရောဓာ ဝိညာဏနိရောဓော၊" (မူလပဏ္ဏာသအဋ္ဌကထာ ၁၊ မူလပရိယာယဝဂ်၊နှာ)

http://www.dhammadownload.com

အဲဒါ တောက်လျှောက်ကြီးသွားလို့ မြန်မာလိုပြန်တော့ -

ယာ စ သမ္မာဒိဋ္ဌိ၊ အကြင်သမ္မာဒိဋ္ဌိဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုသမ္မာဒိဋ္ဌိဉာဏ်သည်။ ဝိဇ္ဇာ၊ ဝိဇ္ဇာမည်၏။ ကဲ့တိ၊ ဤသို့။ တဿ ဝိဇ္ဇုပ္ပါဒါ၊ ထိုသမ္မာဒိဋ္ဌိခေါ်သော ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်ခြင်းကြောင့်။ အဝိဇ္ဇာနိရောဓော၊ အဝိဇ္ဇာဓာတ်ကြီးသည် ချုပ်၏။ ချုပ်တော့လွယ်လိုက်တာ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ ချုပ်ပုံချုပ်နည်းလေးက အင်မတန်လည်း မှတ်သားစရာကောင်းတယ်၊ အင်မတန်တိကျတယ်၊ ဒါ အဋ္ဌကထာ ဆရာချုပ်ပြသွားတာ၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူသော ပါဠိတော်ဖွင့်ဆိုထားတဲ့အတိုင်း အဋ္ဌကထာက ချုပ်ပြတာ၊ သေချာကြည့်ပါ၊

ယာ စ သမ္မာဒိဋ္ဌိ၊ အကြင်သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်သည်။ အတ္ထိ၊ ရှိ၏။ သာ သမ္မာဒိဋ္ဌိ၊ ထိုသမ္မာဒိဋ္ဌိဉာဏ်သည်။ ဝိဇ္ဇာ၊ ဝိဇ္ဇာမည်၏။ ကဲ့တိ၊ သို့။ တဿ ဝိဇ္ဇုပ္ပါဒါ၊ ထိုဝိဇ္ဇာဉာဏ်ဖြစ်ပေါ်ခြင်းကြောင့်။ အဝိဇ္ဇာနိရောဓော၊ အဝိဇ္ဇာဓာတ်ကြီးသည် ချုပ်၏။ အဝိဇ္ဇာနိရောဓာ၊ အဝိဇ္ဇာချုပ်ခြင်းကြောင့်။ သခါရနိရောဓော၊ သခါရချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သခါရနိရောဓာ၊ သခါရချုပ်ခြင်းကြောင့်။ ဝိညာဏနိရောဓော၊ ဝိညာဏ်ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝိညာဏနိရောဓာ၊ ဝိညာဏ်ချုပ်ခြင်းကြောင့်။ နာမရူပနိရောဓော၊ နာမ်ရုပ်ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ နာမရူပနိရောဓာ၊ နာမ်ရုပ်ချုပ်ခြင်းကြောင့်။ သဠာယနနိရောဓာ၊ သဠာယတနချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သဠာယတနနိရောဓော၊ သဠာယတနချုပ်ခြင်းကြောင့်။ ဖဿနိရောဓော၊ ဖဿချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဖဿနိရောဓာ၊ ဖဿချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊ ဝေဒနာချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝေဒနာနိရောဓာ၊ ဝေဒနာချုပ်ခြင်းကြောင့်။ တဏှာနိရောဓော၊ တဏှာချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဏှာနိရောဓာ၊ တဏှာချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ ဥပါဒါန်ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနနိရောဓာ၊ ဥပါဒါန်ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဘဝချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ဘဝချုပ်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ဇာတိချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိနိရောဓာ၊ ဇာတိချုပ်ခြင်းကြောင့်။ ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကြကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစုု၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ (အဋ္ဌကထာအတိုင်း)

ဟုတ်လား၊ (မှန်ပါတယ်ဆရာ)၊ ဥပါယာသနိရောဓာ အာသဝနိရောဓော၊ အာသဝနိရောဓာ အဝိဇ္ဇာနိရောဓော။ ဒါသွားရော၊ ဒါကုန်ရော၊ တစ်လုံးချုပ်ရင် အကုန်လုံးပြုတ်တယ်နော် (မှန်ပါတယ်

http://www.dhammadownload.com

ဆရာ)။ ချုပ်ပုံချုပ်နည်းကျတော့ ဒီကတစ်လုံးချုပ်ရင် အကုန်ပြုတ်တယ်၊ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)။ ဒါဖြင့် ကောင်းပါပြီ၊ ဒီဘဝဇာတ်ကြီးဟာ ဖျက်ဆီးတဲ့နည်းကျတော့ မသိတဲ့ပုဂ္ဂိုလ်များအဖို့ဆိုရင် ဖြင့် အလွန့်ကိုခက်ခဲတယ်၊ အလွန့်ကိုနက်နဲတယ်၊ ဘာပြုလို့လဲဆိုတော့ အသိခက်တဲ့တရားကြီး၊ အင်မတန်အသိခက်တဲ့တရားကြီး၊ ဂမ္ဘီရလေးပါးနဲ့ဟောထားလို့ သိနိုင်ဖို့ ခဲယဉ်းတယ်တဲ့၊ သူသူငါငါ လူတကာ မြင်နိုင်ဖို့ သိနိုင်ဖို့ နားလည်နိုင်ဖို့ အင်မတန်ခဲယဉ်းတယ်၊ အဲဒီလို ခဲယဉ်းသလောက်လည်းပဲ သံသရာမှာ အလည်မရပ်နိုင်ဘူးတဲ့၊ ဘာဖြစ်လို့လဲ မသိဘဲကိုးကွ နော် (မှန်ပါတယ် ဆရာ)။ မသိတော့ ဒီလိုပဲ ထပ်ခါထပ်ခါလုပ်မှာပဲ၊ သို့ကလောက်တောင် အသိခက်တဲ့ ဘဝစက်ကြီး ဖျက်ဆီးတယ်ဆိုတဲ့ နေရာမှာ အဲဒါ ခုနက အဋ္ဌကထာ ဆရာချုပ်ပြတဲ့အတိုင်းပါပဲ ရုပ်ပဲ နာမ်ပဲ ခန္ဓာပဲ ပရမတ်ပဲ ပညတ်ပဲလို့ ပြတ်ပြတ်သားသားနားလည်တဲ့ ဝိဇ္ဇာဉာဏ်ပေါ် ထွက်တဲ့အချိန်မှာ အဝိဇ္ဇာမတ်ချုပ်၊ "အဝိဇ္ဇာနိရောဓာ၊ သင်္ခါရနိရောဓော"၊ အဝိဇ္ဇာချုပ်မသွားဘူးလား (ချုပ်သွားပါတယ် ဆရာ)။ ဝိဇ္ဇာဉာဏ်ပေါ် ထွက်လာရင် အဝိဇ္ဇာမတ်ကြီးပျက်စီးသွားပြီ။ အဝိဇ္ဇာချုပ်ပြီ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

အဝိဇ္ဇာချုပ်မှဖြင့် သူနောက်က သင်္ခါရရှိပါဦးမလား၊ (မရှိနိုင်ပါဘူးဆရာ)။ သင်္ခါရမဖြစ်ရင် ဝိညာဏ်ဖြစ်ပါဦးမလား၊ (မဖြစ်နိုင်ပါဘူးဆရာ)။ ဝိညာဏ်မဖြစ်ရင် နာမ်ရုပ်ဖြစ်ဦးမလား (မဖြစ်တော့ ပါဘူး) နာမ်ရုပ်မဖြစ်ရင် သဠာယတနဖြစ်ဦးမလား၊ (မဖြစ်တော့ပါဘူးဆရာ)။ သဠာယတနမဖြစ်ရင် ဖဿဖြစ်ဦးမလား၊ (မဖြစ်တော့ပါဘူးဆရာ)။ ဖဿမဖြစ်ရင် ဝေဒနာဖြစ်ဦးမလား၊ (မဖြစ်တော့ပါဘူး ဆရာ)၊ ဝေဒနာမဖြစ်ရင် တဏှာဖြစ်ဦးမလား၊ (မဖြစ်တော့ပါဘူးဆရာ)။ တဏှာမဖြစ်ရင် ဥပါဒါန် ဖြစ်ဦးမလား (မဖြစ်တော့ပါဘူးဆရာ)၊ ဥပါဒါန်မဖြစ်ရင် ဘဝဖြစ်ဦးမှာလား၊ (မဖြစ်တော့ပါဘူးဆရာ)။ ဘဝမဖြစ်ရင် ဇာတိဖြစ်ဦးမှာလား၊ (မဖြစ်နိုင်ပါဘူးဆရာ)။ ဇာတိမဖြစ်ရင် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဥပါယာသဖြစ်ဦးမှာလား။ (မဖြစ်တော့ပါဘူးဆရာ)။ ဥပါယာသဆိုတဲ့ တရားတွေမဖြစ်ရင် အာသဝဖြစ်ဦးမှာလား၊ (မဖြစ်တော့ပါဘူးဆရာ)။ အာသဝမှမရှိဘဲနဲ့ အဝိဇ္ဇာလာဦး မှာလား၊ (မလာနိုင်ပါဘူးဆရာ)။ အကုန်ချုပ်တယ်နော်၊ (မှန်ပါတယ်ဆရာ)။ ဒီတော့ ပြထားတာက -

ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

အကုန်လုံး အဝိဇ္ဇာတစ်လုံးချုပ်တဲ့အချိန်ကစ အဝိဇ္ဇာတစ်လုံးချုပ်သွားရင် သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, အကုန်ချုပ်တယ်နော် (မှန်ပါတယ်ဆရာ) ဒါဆို အဝိဇ္ဇာချုပ်ပြီးရင် သင်္ခါရသွားချုပ်ကြဦးစို့၊ ဒီလိုလုပ်စရာလိုသေးလား (မလိုတော့ပါဘူး)၊ မလိုဘူး မလိုဘူး၊ ချုပ်ပုံချုပ်နည်း လေးလည်းနားလည်ရမယ်။ ဒါဖြင့် အဝိဇ္ဇာတစ်လုံးဟာချုပ်တဲ့နေရာမှာ အဝိဇ္ဇာတစ်လုံးလိုရင်းပဲ နော်

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)၊ အဝိဇ္ဇာအရေးကြီးဆုံးပဲနော်၊ ဒီ ဘဝစက်ကြီးလည်စဉ်အခါတုန်းက အဝိဇ္ဇာ အကြောင်းကဖြစ်ပေါ်လာတဲ့ အကြောင်းသဘာဝနော်၊ (မှန်ပါတယ်ဆရာ)။ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ" လို့ ဆိုလိုက်ရင် နောက်က သခ်ါရ ပေါ်လာတယ်၊ "သခ်ါရပစ္စယာ" ဆိုလိုက်ရင် ဝိညာဏ်ပေါ်လာပေါ့၊ "ဝိညာဏပစ္စယာ" ဆိုလိုက်ရင် နာမ်ရုပ်ပေါ်လာတယ်၊ "နာမရူပပစ္စယာ" ဆိုလိုက်ရင် သဋ္ဌာယတန ပေါ်လိုက် ဒီလိုသွားတယ်။

ဖြစ်စဉ်အခါတုန်းကတော့ တစ်ခုနဲ့တစ်ခု ကျေးဇူးပြုပြီးတော့ အကြောင်းကြောင့် အကျိုး အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ တစ်ခုဖြစ်ပြီးမှ တစ်ခုဖြစ်၊ တစ်ခုဖြစ်ပြီးမှ တစ်ခုဖြစ်၊ တစ်ခုဖြစ်ပြီးမှ တစ်ခုဖြစ် ဒီလိုမသွားဘူးလား (သွားပါတယ်ဆရာ)၊ ချုပ်တဲ့နေရာကျ ဒီလို မဟုတ်ပါဘူးတဲ့၊ အဝိဇ္ဇာချုပ်ပြီးမှ သခ်ါရချုပ်၊ သခ်ါရချုပ်ပြီးမှ ဝိညာဏ်ချုပ်၊ ဒီလိုမဟုတ်ပါဘူးတဲ့၊ ဒါဟာ ဒေသနာစဉ်အားဖြင့်သာ တစ်ခုချင်း တစ်ခုချင်း လှည့်ပတ်ချုပ်ပြနေတာတဲ့၊ ချုပ်ပုံချုပ်နည်းဆိုတဲ့ သဘာဝကတော့ အဝိဇ္ဇာတစ်လုံးပြုတ်ရင် သခ်ါရကအစ "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ" ထိအောင် နော် (မှန်ပါတယ်ဆရာ)၊ အကုန်လုံးတရားတွေ တစ်ပြိုင်တည်းချုပ်၊ တစ်ပြိုင် တည်းပြုတ်ကြပါ၏။

"အဝိဇ္ဇာပစ္စယာ သခ်ါရာ" အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သခ်ါရာ၊ သခ်ါရသုံးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ "အဝိဇ္ဇာကြောင့် သခ်ါရဖြစ်တယ်" ဆိုတဲ့နေရာမှာ အခုပြလာတဲ့ သခ်ါရက ပုညာဘိသခ်ါရ၊ အပုညာဘိသခ်ါရ၊ အာနေဥ္ဇာဘိသခ်ါရ၊ တရားကိုယ် ကောက်တော့ ပုညာဘိသခ်ါရက ကာမာဝစရကုသိုလ်စေတနာ၊ ရူပါဝစရကုသိုလ်စေတနာ၊ (၂) ခုပေါင်း၊ အပုညာဘိသခ်ါရက အကုသိုလ်စေတနာ၊ အာနေဥ္ဇာဘိသခ်ါရက အရူပါဝစရကုသိုလ် စေတနာ၊ စေတနာ(၃)မျိုး နော် (မှန်ပါတယ်ဆရာ)။ အဲဒီစေတနာ(၃)မျိုးနဲ့ ကြိုးစားအားထုတ် အလုပ်လုပ်သမျှ ဒီပဋိစ္စသမုပ္ပါဒ် ဆက်ကာဆက်ကာ လည်ဦးမယ်လို့။ ဒါ့ကြောင့် လည်ကြောင်းပြ တော်မူတဲ့နေရာမှာ ကုသိုလ်ကံနဲ့အကုသိုလ်ကံ (၂)ပါး၊ ကုသိုလ်ကံလုပ်လည်း လည်မှာပဲ၊ အကုသိုလ် ကံလုပ်လည်း လည်မှာပဲလို့၊ အကုသိုလ်ကံလုပ်တော့ သံသရာလည်တာကို လက်ခံနိုင်၏။ ကုသိုလ်ကံ လုပ်ရဲ့သားနဲ့ သံသရာလည်တယ် ဆိုတာကတော့ ကိုယ်တိုင်အားဖြင့် ကိုယ်ပိုင်အားဖြင့် မပြတ်သားရင် လက်မခံနိုင်၊ ဒါပေမယ့် တို့များလည်း ပြလာတာ ရက်ပေါင်းလည်း တော်တော်ကြာခဲ့ပြီ။ ဒီနေရာတော့ တော်တော်လေး နားရည်ဝလောက်ပြီလို့ထင်ပါတယ်၊ ထင်တဲ့အတိုင်းလည်း နားရည်ဝလာပြီးလား (ဝလာပါပြီးဆရာ)။ သိလောက်ပြီးလား (သိလာပါပြီဆရာ)။

http://www.dhammadownload.com

သံသရာလည်ခြင်း၏အကြောင်း

ဒီနေရာ ကုသိုလ်တရားကြီးစားလျက်သားနဲ့ ဘုံသုံးပါးမှာ လည်ရတယ်၊ သံသရာလည်ရတယ် ဆိုတာ ဘာဖြစ်လို့လည်လဲ (ဝဋ္ဋပါဒကုသိုလ်မျိုးနဲ့ လုပ်နေလို့ပါဆရာ) ဝဋ္ဋပါဒကုသိုလ်မျိုးလုပ်လို့ ဟုတ်လား (မှန်ပါတယ်ဆရာ)။ မြန်မာလိုပြောစမ်းပါ ဝဋ္ဋပါဒကုသိုလ်မျိုးဆိုတာ ဘာခေါ်တုံး၊ (ဘုံသုံးပါး ရောက်အောင်လုပ်နေတဲ့ ကုသိုလ်မျိုးပါဆရာ)။ ဘုံသုံးပါးတမ်းတပြီးလုပ်နေတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ဘယ်ကုသိုလ်မျိုးလုပ်ရင်လွတ်မတုံး (ဝိဝဋ္ဋပါဒကုသိုလ်မျိုးလုပ်ရင် လွတ်ပါတယ်ဆရာ)။ ဝိဝဋ္ဋပါဒကုသိုလ်မျိုးလုပ်ရင်လွတ်မယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဝိဝဋ္ဋပါဒကုသိုလ်မျိုးလုပ်တာ ဘယ်နှယ့်လုပ်ရသလဲ (မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ချမ်းသာရောက်အောင် တောင့်တပြီး လုပ်ရမှာပါဆရာ)။ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ချမ်းသာကို တောင့်တပြီးလုပ်ရမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒီလိုလုပ်ရင်လွတ်တယ် ဟုတ်လား (လွတ်ပါတယ်ဆရာ)။

အေး ဟုတ်ပြီ၊ ဒီလောက် အကျဉ်းချုပ်အားဖြင့် ပြတ်သားသွားရင် တော်ရောပေါ့ကွာ-နော် (မှန်ပါတယ်ဆရာ)။ လုပ်တတ်ပါ့မလား (လုပ်တတ်ပါတယ်ဆရာ)။ မေ့လျော့နေဦးမှာလား (မမေ့လျော့ပါဘူးဆရာ)။ ကုသိုလ်ကောင်းမှု လုပ်တိုင်းလုပ်တိုင်း ဘာကိုဆုတောင်းမယ် (မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ကိုသာ ဆုတောင်းပါမယ်)။ သြော် မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ကို ဆုတောင်းမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဘုံသုံးပါး ဝဋ္ဋသုံးပါးကို ဆုမတောင်းနဲ့ ဟုတ်လား (မတောင်းတော့ပါဘူးဆရာ)။ အေး အဲဒါ အတိုချုပ်အားဖြင့် ရှင်းလင်းပေးတဲ့သဘော။ ညစဉ် ညစဉ် ပြောလာတဲ့ ပရိယာယ်တွေ, ဝတ္ထုအကြောင်းတွေ, သက်သေသာဓကတွေ, ဗဟုသုတတွေ အနေအားဖြင့် နားလည်မှုရှိပါစေလို့ စကားပရိယာယ်အနေအားဖြင့် ခဲ့ထွင်ပြီးပြပါတယ်။ ဒီလောက်ပြလို့ရှိရင် သဘောပေါက်လောက်စရာ ရှိပါပြီလို့။ အဲဒါ သဘောပေါက်လို့ရှိရင်လဲ သဘောပေါက်၊ သည်အားလျော်စွာ သံသရာဝဋ်ဒုက္ခကို ကြောက်ရိုးမှန်ရင် မိမိတို့ လုပ်ပုံလုပ်နည်းလေးပြောင်းကြပါလို့ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။

ဝဋ္ဋသုံးပါး တမ်းတပြီးတော့ ဘုံသုံးပါး တမ်းတလုပ်လည်း ဒီ ဒါန၊ သီလ၊ သမထကုသိုလ်ပါပဲ။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာလိုချင်လို့ ဝိဝဋ္ဋပါဒ အနေအားဖြင့် လုပ်လည်းပဲ ဒီဒါန၊ သီလ၊ သမထကုသိုလ်ပါပဲလို့။ ကုသိုလ်ချင်းက ကွဲသေးသလားဟ (မကွဲပါဘူးဆရာ)။ ကုသိုလ်ချင်းကမကွဲဘူး၊ လုပ်ပုံလုပ်နည်းကွဲသွားတယ် နော် (မှန်ပါတယ်ဆရာ)။ ဒါလေး ပြောင်းရလုပ်ရတာခဲယဉ်းသလား (မခဲယဉ်းပါဘူးဆရာ)။ အဲဒါကိုယ့်ကိုယ်ကိုသနားရင်ပြောင်းကြဖို့ပေါ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် မနေ့ညက ပြသွားတဲ့ တစ်သံသရာလုံး အရှုံးကြီး

http://www.dhammadownload.com

ရှုံးလာတယ်။ လုံးလုံးကြီး ရှုံးလာတယ်ဆိုတာ ဘာကြောင့်၊ လုပ်ပုံလုပ်နည်းမဟုတ်လို့၊ လုပ်ပုံ လုပ်နည်း မဟုတ်အောင်ဖုံးကွယ်ပေးတာ ဘယ်သူတုံး အဝိဇ္ဇာ နော် (မှန်ပါတယ်ဆရာ)။ အဝိဇ္ဇာမျက်လုံးတဲ့။ အဝိဇ္ဇာဓာတ်ဖုံးကွယ်ထားလို့ လုံးလုံးကြီးဟုတ်တာ, မှန်တာ မသိကြဘူးတဲ့။ မသိတော့ အမှားတွေချည်း လုပ်လာကြ။ အမှားတွေလုပ်လို့လဲ သံသရာထဲ မျက်စိလည် မပျောက်တာတဲ့။ တောက်လျှောက်ကြီး လာခဲ့။ အခုလဲ ဒီလို နောက်နောင်ကလုပ်သလိုပဲ အဝိဇ္ဇာမျက်လုံးနဲ့သာ လုပ်နေမယ်ဆိုလို့ရှိရင် သံသရာထဲ လည်လို့ဆုံးမှာမဟုတ်ဘူးတဲ့။

ဒါကြောင့် သံသရာစက်ရဟတ် ပဋိစ္စသမုပ္ပါဒ်ကြီး အဆက်ဖြတ်နိုင်အောင်, ရပ်နိုင်အောင်, သံသရာဝဋ်အတွင်းက တကယ်လွတ်ကင်းသွားအောင် ဒါမှ နိဗ္ဗာနသုခကို ရကြ ရောက်ကြမယ်၊ နိဗ္ဗာနသုခကြီး ရကြ, ရောက်ကြမှ အသေလွတ် နော် (မှန်ပါတယ်ဆရာ)၊ အိုဘေးဆိုးကြီးတွေ၊ နာဘေးဆိုးကြီးတွေ၊ သေဘေးဆိုးကြီးတွေ ကွင်းလုံးကျွတ်လွတ်မယ် မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)။ မလွတ်ချင်ဘူးလား (လွတ်ချင်ပါတယ်ဆရာ)။ အခုတော့ ဆင်းရဲလည်းသေတာပဲ၊ ချမ်းသာ လည်းသေတာပဲ၊ လူမိုက်လည်းသေတာပဲ၊ လူလိမ္မာဆိုလည်းသေတာပဲ၊ ပညာရှိလည်းသေတာပဲ၊ ပညာမဲ့လည်းသေတာပဲ၊ ဂုဏ်ရှိတဲ့လူလည်းသေတာပဲ၊ ဂုဏ်မရှိတဲ့လူလည်းသေတာပဲ၊ သီလရှိတဲ့ လူလည်းသေတာပဲ၊ သီလမရှိတဲ့လူလည်းသေတာပဲ၊ မသေဘူးလား (သေပါတယ်ဆရာ)။ ဘယ်သူ လွတ်တုံး (ဘယ်သူမှမလွတ်ပါဘူးဆရာ)။ ဘယ်သူမှ မလွတ်ဘူး၊ ဘယ်သူမှ မလွတ်ဘူးတဲ့။ အိုဘေး ဆိုး၊ နာဘေးဆိုး၊ သေဘေးဆိုးကြီးနဲ့ တိုးတိုး, တိုးတိုးနေကြတော့ ကောင်းပါ့မလား၊ မကောင်းပါဘူးလို့ ကိုယ့်ဘဝလေးကိုယ်ရလာရင် အင်မတန်မြတ်နိုးကြတယ်။

ပဋိသန္ဓေခဏထဲက ဘဝရကြတယ်၊ လူမှန်း ခွေးမှန်းတောင် မသိသေးဘူး၊ ပဋိသန္ဓေခဏလေး "ဘဝနိကန္တိက လောဘဇောက" စောလိုက်ပေါ့ နော် (မှန်ပါတယ်ဆရာ)။ ကိုယ်ရောက်တဲ့ ဘဝ ကိုယ်ဖမ်းပြီးတော့ စွဲလန်းနှစ်သက်လိုက်ပေါ့။ ဒါ သတ္တဝါတိုင်း သတ္တဝါတိုင်း ပုထုဇဉ်သတ္တဝါဆိုတာ ဒီလိုပဲတဲ့။ လောက်ဖြစ်သွားတဲ့ သတ္တဝါလည်း လောက်အဖြစ်ရောက်ရုံရှိသေးတယ်၊ ပဋိသန္ဓေခဏ မိမိရတဲ့ဘဝ ဘာမှန်းမသိဘူး။ ငါ့ဘဝ ဘာမှန်းမသိသေးဘူး။ ကိုယ်ရောက်တဲ့ဘဝ လှမ်းပြီးနှစ်သက် လိုက်တဲ့ ဘဝနိကန္တိက လောဘဇော၊ ခွေးဘဝသွားဖြစ်တဲ့ သတ္တဝါလည်းဒီလိုပဲ ခွေးဘဝရပြီးတဲ့ တစ်ပြိုင်နက် ပဋိသန္ဓေခဏလေး ငါခွေးဖြစ်နေပါလား၊ ခွေးဘဝ ရောက်ပါသလားလို့ မသိသေးဘူး။ ဒါပေမယ့် ကိုယ်ရောက်တဲ့ဘဝ ကိုယ်နှစ်သက်စွဲလန်းတယ်ဆိုတဲ့ ဘဝနိကန္တိက လောဘဇောက စောလိုက်ပေါ့ နော် (မှန်ပါတယ်ဆရာ)။ ကိုယ့်ဘဝ ကိုယ်အင်မတန်မြတ်နိုးကြတယ်တဲ့။ ကိုယ့်ဘဝ ကိုယ်အင်မတန် နှစ်သက်ကြတယ်တဲ့။

http://www.dhammadownload.com

ဒါကြောင့် ဆင်းရဲ၊ ချမ်းသာမရွေးပေါ့။ ပညာရှိ, ပညာမဲ့မရွေး၊ လူလိမ္မာ, လူမိုက်မရွေးလို့၊ လူ့လောကရယ် လူရယ်လို့ဖြစ်လာ။ ပဋိသန္ဓေခဏာမှာ ကိုယ်ရလာတဲ့ဘဝထဲ နှစ်သက်ပြီးသားဖြစ်နေတော့ လက်မလွှတ်ချင်ဘူး နော် (မှန်ပါတယ်ဆရာ)။ လက်မလွှတ်ချင်ဘူးဆိုတာ ဒီဘဝမှာ မဆုံးရှုံးချင်ဘူးတဲ့၊ ဒီဘဝမှာ မသေချင်ဘူးတဲ့၊ မသေချင်ဘူးဆိုတော့ နေလို့ရရဲ့လား (မနေရပါဘူးဆရာ)၊ နောက်ဆုံးကျတော့ သေတာပဲလို့။ ဒါကြောင့် အိုဘေးဆိုး, နာဘေးဆိုး, သေဘေးဆိုးကြီးတွေက ကွင်းလုံးကျွတ်လွတ်တယ်ဆိုတဲ့ နိဗ္ဗာနသုခကြီး ရကြ, ရောက်ကြမှ အေးမယ်။ ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့ သုခကြီး ရကြ, ရောက်ကြရအောင် ဘယ်နှယ့်လုပ်ကြပါ့။ မိမိတို့ နေ့နဲ့အမျှ ပြုစုစီမံဖန်တီးအားထုတ်အလုပ်လုပ်နေကြသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်ဆိုတဲ့ ကုသိုလ်အစုစုလေးတွေ၊ သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်ကအစ တစ်စွန်းတစ်ယောက်မ, ကစ ပြုသမျှကုသိုလ်လေးတွေဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဘက် မျက်နှာလှည့်ကြပါ နော် (မှန်ပါတယ်ဆရာ)။ အမြန်ဆုံးကျွတ်နိုင်တယ်။ အမြန်ဆုံး လွတ်နိုင်တယ်။ ဒါနိဗ္ဗာန်ဘက်အာရုံပြု မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘက်အာရုံပြု။ သာသနာနဲ့ တွေ့တဲ့, ကြုံတဲ့အချိန်ခါ တစ်မဂ် တစ်ဖိုလ်ရပါလို့၏ မဟုတ်ဘူးလား (မှတ်ပါတယ်ဆရာ)။ သာသနာနဲ့ တွေ့တဲ့, ကြုံတဲ့အခါ တစ်မဂ် တစ်ဖိုလ်မရရင် ငါမအေးဘူး။ တစ်မဂ် တစ်ဖိုလ်တော့ မုချရမှာ ဒီဆန္ဒမာတ်လေး ပြင်းပြင်းလေးကပ်ထားစမ်းပါ။ လုပ်တိုင်းလုပ်တိုင်း ရည်ရွယ်ချက်လေးတွေပါသွားမှ အဲဒါလုပ်ပြီဆိုမှဖြင့် လုပ်တိုင်းလုပ်တိုင်း မိမိလိုချင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာဘက် တစ်လှမ်းချင်း, တစ်လှမ်းချင်း တိုးတိုး တိုးတိုးလာတယ်။ နီးကပ် နီးကပ်လာတယ် နော် (မှန်ပါတယ်ဆရာ)။

ပိုးသာကုန် မောင်ပုံစောင်းမတတ်

နောက်တော့ ကြိုးစားပါများတော့ ရောက်ကရော၊ အလှမ်းပေါင်းများလာရင် ရောက်ကရော မဟုတ်လား (မှန်ပါတယ်ဆရာ)။ အေး-ဒီအတိုင်းသွားမှာ၊ အခုတော့ ဒီလိုမဟုတ်ဘူးလို့။ မွေ့မွေ့လျော့လျော့ ပေါ့ပေါ့ဆဆ သာမညအနေအားဖြင့် "ဝါစာကမ္မာ" အလုပ်တွေနဲ့ လုပ်ပြီးနေလိုက်ကြတာလို့ ဟုတ်ဟုတ်ငြားငြား မဟုတ်ပါဘူး။ အမှန်ကတော့ သူကြည့်လည်း အတူတူ၊ ငါကြည့်လည်း အတူတူပဲ။ "ပိုးသာကုန် မောင်ပုံစောင်းမတတ်"။ ပိုးဖြင့်ကုန်ပါရဲ့ မောင်ပုံက စောင်းက မတတ်နော် (မှန်ပါတယ်ဆရာ)။ ဒါနခန်း သီလခန်း အပန်းကြီးစွာနဲ့ အကုန်အကျခံပြီးတော့ မလုပ်ဖူးလား လုပ်ပါ၏၊ ကုန်ကျိုးမနပ်။ ဘုံသုံးပါးထဲ ပြန်လှည့်နေတယ်မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒီနေရာမှာ ဝဋ္ဋကုသိုလ်နဲ့ ဝိဝဋ္ဋကုသိုလ် နှစ်ပါးပိုင်းခြားပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က -

http://www.dhammadownload.com

ချစ်သား ချစ်သမီးတို့, ဘုံသုံးပါး တမ်းတမျှော်မှန်းပြီးတော့ ကြိုးပမ်းတဲ့ ဝဋ္ဌပါဒ ခေါ်ထားတဲ့ ကုသိုလ်မျိုးသည် အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ ကုသိုလ်မျိုးတွေ။ "အဝိဇ္ဇာပစ္စယာ သခါရာ" ဒီကုသိုလ်မျိုး ကိုကြိုးစားတော့ ဘာဖြစ်တုံး၊ "သခါရပစ္စယာ ဝိညာဏံ" လို့ သွားမယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။ ဒီလိုပဲ လှည့်ကာပတ်ကာနဲ့ လည်မှာပဲတဲ့။ ဘယ်တော့မှ သံသရာအလည် မရပ်ဘူးတဲ့။ ဒါကြောင့် ချစ်သား ချစ်သမီးတို့ သံသရာမှာ အလည်ရပ်ချင်လို့ ဘဝစက်ကြီး ဖျက်ဆီးချင်တယ်ဆိုလို့ ရှိရင်ဖြင့် ဘယ်သောအခါမှ ဘဝသုံးပါး ဘုံသုံးပါးကို တမ်းတမျှော်မှန်းမှု အလုပ်မလုပ်နဲ့။ ဘဝသုံးပါး ဘုံသုံးပါး ကျွတ်ရာ ကျွတ်ကြောင်း လွတ်ရာ လွတ်ကြောင်းဆိုတဲ့ အနေအားဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာမြတ်ကို အမြန်ဆုံးရရပါလို ရောက်ရပါလို၏ဟု ရည်ရွယ်ချက်ထားကြပါတဲ့။ ဘုရားကိုယ်တော် မြတ်ကြီးက မိန့်ကြားသွားတယ် နော် (မှန်ပါတယ်ဆရာ)။

အဲဒီနည်းလေးတွေ ကွဲကွဲပြားပြား ခြားခြားနားနား သိပါစေဆိုတဲ့ စေတနာအားဖြင့် တစ်ညပြီး တစ်ည ဆက်ကာဆက်ကာပြလာတော့ နားရည်လည်း ဝ,လောက်ပါပြီလို့။ အဲဒါမှ နားရည်မဝလို့ရှိရင် လည်း သွားဦးတော့။ တို့များပြလာတာ တော်တော်လေးလည်း ကြာသွားပါပြီ။ အချင်းချင်းတစ်ယောက် နဲ့တစ်ယောက် မရှင်းမလင်းလို့ မေးခြင်း, စမ်းခြင်း ဆွေးနွေးခြင်းများရှိလား၊ မရှိလားတော့ မပြော တတ်ဘူး၊ အဲဒါ နာပြီးထသွား, နာပြီးထသွား။ ဒီတော့ နောက်တစ်ခါ နာချိန်ကျ တစ်ခါပြန်လာ နာပြီးထသွား၊ နောက်တစ်ချိန်တော့ တစ်ခါပြန်လာ ဘာမှ အကြောင်းထူးမှာမဟုတ်ဘူး နော် (မှန်ပါ တယ်ဆရာ)။ ပြတဲ့သတဲ့လူဖြင့် တော်တော်ကြီး ပင်ပန်းနွမ်းနယ်ခံ ကြိုးစားပမ်းစားနဲ့ပြတယ်။ ကိုယ်က ဝတ်ကျေတမ်းကျေ အနေအားဖြင့်တက်ရင်၊ ဒီတရားသဲကွဲမှာမဟုတ်ဘူး၊ ပြတ်သားမှာမဟုတ်ဘူး။ အဲဒီလိုမှ မပြတ်သားလည်း သံသရာမျက်စိလည် ပျောက်မှာမဟုတ်ဘူးလို့။ ဒါကြောင့် ယခုညနာသွား ရင် အခုည ဥပမာက ဘာရည်ရွယ်ပြီးတော့ ပြောသွားတာ, ပြသွားတာ၊ အကိုးအကားပါဋိက ဘယ်လို ဆိုသွားတာ အဓိပ္ပါယ်အားဖြင့် မြန်မာလိုပဲမှတ်၊ မှတ်ပြီးတော့ ပြန်ဆွေးနွေး အချင်းချင်းမေးမြန်းပေါ့။ ဒါမှ မမေ့ မပျောက်နဲ့ မှတ်ကျောက်ကလေးသဖွယ်လို မိမိအသိဉာဏ်ထဲမှာ စွဲစွဲမြဲမြဲနေတာ၊ နာပြီးထသွား နာပြီးထသွား ပစ်ပစ်ထားတော့ ဘာမှမမှတ်မိဘူး၊ နောက်ပိုင်းကျလေ ပိုဆိုးလေ, နောက်ပိုင်းကျလေ ပိုဆိုးလေ၊ နောက်ပိုင်းလည်းကျရော နည်းနည်းခက်ခဲတာလေးတွေပါလာ။ ပဋိစ္စသမုပ္ပါဒ် လည်ပုံ လည်နည်းပြနေတာ ငါနဲ့မဆိုင်ဘူးမမှတ်နဲ့။ ငါလည်တာပြနေတာလို့ ဒီလိုမှတ်နော် (မှန်ပါတယ် ဆရာ)။ သံသရာကြီး ငါလည်နေတာပြနေတာလို့။ ဘယ်လောက်များ ကြောက်စရာကောင်းလဲဆိုတာ သေချာကြည့်။

"အယံ သတ္တော အသ္မာ လောကာ ပရံ လောကံ ဂစ္ဆတိ၊ ပရသ္မာ လောကာ ဣမံ လောကံ

http://www.dhammadownload.com

အာဂစ္ဆတီတိ အာဒီနိ ဝိကပ္ပေတိ။” (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၄၂)

အယံ သတ္တော၊ ဤသတ္တဝါသည်။ အသ္မာ လောကာ၊ ဤမည်သော လောကမှ။ ပရံ လောကံ၊ တစ်ပါးသော လောကသို့။ ဂစ္ဆတိ၊ သွား၏။

မပြတ်သားပုံ မပြတ်သားပုံ၊ “သခီါရပစ္စယာ ဝိညာဏံ” သို့ သွားတော့မယ်။ မြန်မာလို ပြောတော့ ဒီဘဝကနေ ဟိုဘဝ ငဖြူသွားပေါ့ဟေ။ ဘဝတစ်ပါးပြောင်းသွားပေါ့ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။ ရှေးတုန်းကတော့ အသုဘဆိုတဲ့ ဖိတ်စာတွေဘာတွေရှိတယ်။ ဖိတ်စာတွေ ဘာတွေရေးထား။ အသုဘဆိုလို့ရှိရင် ဖိတ်စာကကမ်းပြီးတော့ ကြိုးကြိုးကျယ်ကျယ် ခမ်းခမ်းနားနား ချကြတယ်။ ညဉ့်အိပ်ညနေထားကြတော့ ဒီလိုပဲ ဖိတ်စာတွေရိုက်ကြ။ အဲဒီနေရာမှာ “ငဖြူသေတယ်” ဆိုလို့ရှိရင် မောင်ဖြူသည် ဘဝတစ်ပါးသို့ ပြောင်းသွားသည်ဖြစ်ပါသောကြောင့် ဒီလိုမရေးဘူးလား (ရေးပါတယ်ဆရာ)။ ဘဝတစ်ပါးသို့ ပြောင်းသွားပြီဖြစ်ပါသောကြောင့်လို့ ဒီလိုဘဝကနေ ဟိုဘဝပြောင်း သွားတာပေါ့ နော် (မှန်ပါတယ်ဆရာ)။

အသ္မာ လောကာ၊ ဤဘဝမှ။ ပရံ လောကံ၊ ဘဝတစ်ပါးသို့။ ဂစ္ဆတိ၊ ပြောင်းသွား၏။ အယံ သတ္တော၊ ဤမောင်ဖြူဆိုတဲ့ သတ္တဝါသည်။ အဋ္ဌကထာဆရာက တိုက်ရိုက်ဖွင့် ပြထားတာ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။ ပရသ္မာ လောကာ ဣမံ လောကံ အာဂစ္ဆတိ။ ပရသ္မာ လောကာ၊ ဟိုဘက်လောက ဟိုဘက်ဘဝမှ။ ဣမံ လောကံ၊ ဤလောကသို့။ (ဝါ) ဤဘဝသို့။ အယံ သတ္တော၊ ဤမောင်ဖြူဆိုတဲ့ သတ္တဝါသည်။ အာဂစ္ဆတိ၊ လာပြန်၏။

စုတိနဲ့ ပဋိသန္ဓေတွေဝေ,နေကြတယ် နော် (မှန်ပါတယ်ဆရာ)။ စုတိဆိုတာက ဘာခေါ်လဲ (သေတာပါဆရာ)။ အေး-ဟုတ်ပြီ။ ပဋိသန္ဓေဆိုတာက ဘာခေါ်လဲ (ဝမ်းထဲအောင်းတာပါဆရာ)။ ဟောဗျာ မင်းကလည်း တော်တော်ဂွကျတာပဲ၊ ပဋိသန္ဓေ ပဋိသန္ဓေပေါ့ဟာ။ ဝမ်းထဲအောင်းတာပါလို့ စုတိနဲ့ ပဋိသန္ဓေတွေဝေ,တယ်တဲ့။ ဒါပုထုဇဉ်က ဒီအတိုင်းသွားတာပဲ မထူးပါဘူး။ ဒါတော့ ဒီတရား မမြင်ခင် မသိခင်တုန်းကလဲ ဒီလိုပဲနေကြတာပါပဲ။ ခုန ပြောသလို မောင်ဖြူသည် ကျွန်တော် တမလွန် ဘဝသို့ ပြောင်းသွားပြီဖြစ်ပါသောကြောင့် အတည်မကျဘဝတစ်ပါးသို့ ပြောင်းသွားပြီဖြစ်ပါသော ကြောင့် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ မောင်ဖြူသေရော အဲဒါ စုတိခေါ်တယ်။ မောင်ဖြူသေ တော့ ဘယ်နယ့်လဲ။ မောင်ဖြူ ဒီဘဝကနေပြီးတော့ ဘဝတစ်ပါးပြောင်းသွားပေါ့။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ အေး-သေချာကြည့်။ ဒါပုထုဇဉ်က ဒီအတိုင်းပဲ အန္ဓပုထုဇဉ်ဆိုတာ ဒီလိုယူတာ ကိုယ်လည်းအတူတူ သူလည်းအတူတူပဲလေ။ တရားမမြင်ခင်တုန်းကတော့ အန္ဓပုထုဇဉ်ဘဝဆိုတာ

http://www.dhammadownload.com

ဒီလိုပဲလာတယ်၊ မောင်ဖြူသည် ဤဘဝမှ ဘဝတစ်ပါးသို့ ပြောင်းသွားရှာပေါ့။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

အဲဒါ စုတိမှ တွေဝေမှုတဲ့။ သေခြင်းသဘောတရား တွေဝေမှုခေါ်တယ်။ အယံ သတ္ထော၊ ဤမောင်ဖြူဆိုတဲ့ သတ္တဝါသည်။ အသ္မာ လောကာ၊ ဤဘဝမှ။ ပရံ လောကံ၊ ဘဝတစ်ပါးသို့။ ဂစ္ဆတိ၊ ပြောင်းသွား၏။ ဘဝတစ်ပါး ပြောင်းသွားပြီ။ ကြည့်စမ်း - မောင်ဖြူ ဒီဘက်ဘဝကနေ ဟိုဘက်ဘဝ ပြောင်းသွားတယ်ဆိုတာဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)။ မဟုတ်ဘူးလား (မဟုတ်နိုင်ပါဘူးဆရာ)။ ဘာပြုလို့မဟုတ် (သူလားချင်ရာလားမှာပါဆရာ)။ ဟောဗျာ၊ ငါ့တော်တော်ကြီးများ သိသလား အောက်မေ့တယ်။ ကိုယ်ကျိုးနည်းတော့တာပဲဆိုတာကျနေပြီ။ မိုက်လှချည်းလားဟ သတ္တဝါ၊ ပြန်စဉ်းစားပြောစမ်း။ မောင်ဖြူ ဒီဘက်ဘဝကနေ ဟိုဘက်ဘဝပြောင်းသွားတယ်ဆိုတာ ဟုတ်နိုင်ရဲ့လား၊ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)။ ဘာလို့ မဖြစ်နိုင်တာလဲ (အဲဒါတော့ မဖြေတတ်ဘူး)။ ဟောဗျာ သင်တန်းလည်းဆုံးကာနီးပြီပေါ့။ လုံးလုံးကြီးပက်လက်ကိုလန်ဆိုတာကျနေတာပဲဟဲ့။ ကဲ. . ကြည့်စမ်း, ကြည့်စမ်း။ မောင်ဖြူ ဒီဘဝမှ ဟိုဘဝသို့လားသွားပြီ ဘဝတစ်ပါးသို့ ပြောင်းသွားပြီဆိုတာ ဖြစ်နိုင်ရဲ့လား (မဖြစ်နိုင်ပါဘူးဆရာ)။ ဘာလို့ မဖြစ်နိုင်တာတုံး (ဟိုဘက်ဘဝမှာ မောင်ဖြူမှမရှိနိုင်ဘဲဆရာ)။

အောင်မယ် ဒါဖြင့် ဒီဘက်ဘဝမှာရှိတယ်ပေါ့။ ပြောစမ်းပါဦး ကိုသန်းဖေရယ်ဟောစမ်းပါဦး။ ဟိုဘက်ဘဝမှာ မောင်ဖြူတော့မရှိပေမယ့် ဒီဘက်ဘဝမှာ မောင်ဖြူတော့ရှိတယ်ပေါ့ (မရှိပါဘူးဆရာရဲ့)။ ဒီဘက်ဘဝလဲ မရှိဘူး (မရှိပါဘူးဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ။ ဘာရှိတုံး (ရုပ်နဲ့နာမ်ပဲရှိပါတယ်)။ အေး ရုပ်နာမ်ခန္ဓာတော့ ရှိတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါမောင်ဖြူမှ မရှိဘဲနဲ့ ပုဂ္ဂိုလ်ဆိုတာမှ မရှိဘဲနဲ့။ မောင်ဖြူ ဒီဘက်ဘဝက ဟိုဘက်ဘဝ ပြောင်းသွားတာ ဘဝတစ်ပါး ပြောင်းသွားတယ်ဆိုတာ ဟုတ်ပါ့မလား (မဟုတ်နိုင်ပါဘူးဆရာ)။ ဒါ ရုပ်နဲ့နာမ် တစ်ခါမေးကြည့်စို့။ ရုပ်နာမ်တော့ရှိတယ်ဟုတ်လား (ရှိပါတယ်ဆရာ)။ ခန္ဓာတော့ရှိတယ်ဟုတ်လား (ရှိပါတယ်ဆရာ)။ ဒါဖြင့် မောင်ဖြူဆိုတဲ့ သမ္မုတိပညတ်နဲ့ မောင်ဖြူခေါ်ထားတဲ့ ခန္ဓာကောင်ကြီးသည် ဒီဘက်ဘဝမှ ဟိုဘက်ဘဝသို့ ပြောင်းသွား၏။ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)။ ဘာပြုလို့ မဟုတ်လဲ (မရှိလို့ပါဆရာ)။ ဘာမရှိလို့လဲ (ခန္ဓာကောင်ကြီးမရှိလို့ပါဆရာ)။ ဟောဗျာ ဒုက္ခတော့ အကြီးစားပဲ။ ခန္ဓာငါးပါး မရှိဘူးလား (ရှိပါတယ်ဆရာ)။ ခန္ဓာငါးပါးရှိရင် နင်ဘယ်နှယ့်တုံး။ ဘယ်နှယ့်ကြောင့်မရှိဘူးလို့ဖြေတုံး၊ ပြန်ဖြေစမ်း။ ဒီဘက်ဘဝက စုတိနဲ့ ဟိုဘက်ဘဝက ပဋိသန္ဓေ ပူးပြီးပြောစမ်း (အဲဒါတော့မဖြေတတ်ဘူး)။ ဟော - ဘယ်လောက်ဖျင်းတဲ့ကောင်မှန်းမသိဘူး။ ခန္ဓာငါးပါးက ခန္ဓာငါးချက်ဖြစ်လိုက်ရင် အသက်

http://www.dhammadownload.com

ဘယ်လောက်ရှည်လဲ (ခဏငယ်သုံးချက်ပါဆရာ)။ ခဏငယ်သုံးချက်ထက် ပိုရှည်သေးလား (မရှည်ပါဘူးဆရာ)။

ဒါဖြင့် မောင်ဖြူ စုတိဆိုတဲ့စိတ်ကလေးမှာ ဖြစ်လိုက်တဲ့ခန္ဓာငါးပါးက လုံးဝချုပ်မသွားဘူးလား။ ဥပါဒ်, ဌိ, ဘင်ဆိုတာ ချုပ်မသွားဘူးလား၊ (ချုပ်သွားပါတယ်ဆရာ)။ ပြီးတော့ ဘယ်သွားဖြစ်သလဲ (ဥပါဒ်ခဏသွားဖြစ်ပါတယ်ဆရာ)။ ပဋိသန္ဓေဥပါဒ်ခဏ (မှန်ပါတယ်ဆရာ)။ ပဋိသန္ဓေဥပါဒ်ခဏ ဘာသွားဖြစ်လဲ။ ခန္ဓာငါးပါးမဟုတ်ဘူးလား (ခန္ဓာငါးပါးပါဆရာ)။ ဘယ်လိုကောင်မှန်းကို ငါမသိဘူး။ ခန္ဓာငါးပါးမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ဒီဘက်က စုတိစိတ်တုန်းကဖြစ်တဲ့ ခန္ဓာငါးချက်က ဥပါဒ်, ဌိ, ဘင်စေ့တော့ ချုပ်သွားတယ်။ ဟိုဘက်ဘဝက ပဋိသန္ဓေခဏ ခန္ဓာငါးပါးသွားဖြစ်တော့ စုတိစိတ်ဖြစ်စဉ်အခါတုန်းက ချုပ်တဲ့ခန္ဓာငါးပါးက ဟိုဘက်ဘဝသွားဖြစ်တာလား (မဟုတ်ပါဘူးဆရာ)။ ဘာတုံး၊ ဘယ်က ခန္ဓာငါးပါးတုံး၊ အသစ်မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)။

အခု နောက်ဖွင့်တဲ့စျေးသစ်က ဝယ်လာတာမဟုတ်ဘူးလား။ မိုက်လိုက်ပါဘိတော့ကွာ။ မင်းနှယ် ငါအံ့သြရော။ ဒီဘက်က စုတိဖြစ်တဲ့ ခန္ဓာငါးပါးက ဟိုဘက်ပြောင်းသွားသလား (မပြောင်းပါဘူးဆရာ)။ ဟိုဘက်သွားပြီး အသစ်ဖြစ်တာမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ဒီဘက်က ခန္ဓာငါးပါးလို့ ဆိုနိုင်ရဲ့လား (မဆိုနိုင်ပါဘူးဆရာ)။ ဒါနဲ့ ဟိုဘက် ပဋိသန္ဓေ ဥပါဒ်ခဏသွားဖြစ်တဲ့ ခန္ဓာငါးချက်ကရော စုတိတုန်းက ခန္ဓာငါးပါးလို့ဆိုနိုင်သလား (မဆိုနိုင်ပါဘူးဆရာ)။ ဘာဆိုင်တုံး (မဆိုင်ပါဘူးဆရာ)။ ဒါဖြင့် ဒီဘက်ဘဝက ခန္ဓာကောင် ဟိုဘက်ဘဝရောက်သွားတယ် ပြောင်းသွားတယ်ဆိုတာ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)။ ဒါဖြင့် ဒီဘက်ဘဝက ငဖြူ ဟိုဘက်ဘဝ ပြောင်းသွားတယ်။ ဘဝတစ်ပါး ပြောင်းသွားတယ်ဆိုတာ ဟုတ်နိုင်ရဲ့လား (မဟုတ်နိုင်ပါဘူးဆရာ)။ နားလည်လား (နားလည်ပါတယ်ဆရာ)။ စုတိမှာ တွေဝေတယ်တဲ့ ပုထုဇဉ်ဆိုတာ၊ ဒါပုထုဇဉ် အနှစ်ပုထုဇဉ်အမြင်ကတော့ ဒီလိုသွားတယ်။ မောင်ဖြူသေပေါ့ကွယ်။ ဘယ်သူ့သား မောင်ဖြူသေပေါ့။ ဘဝတစ်ပါးသို့ ပြောင်းသွားပေါ့။ အတည်မကျ ဘဝတစ်ပါးသို့ ပြောင်းသွားပေါ့။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါ သမ္မုတိပညတ်အနေနဲ့ ပြောထားတာမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ မောင်ဖြူ ရှိသလား (မရှိပါဘူးဆရာ)။ မောင်ဖြူမရှိဘဲနဲ့ ဒီဘက်ဘဝက မောင်ဖြူ ဟိုဘက်ဘဝရောက်သွားတယ်ဆိုတာဟုတ်နိုင်ပါ့မလား (မဟုတ်နိုင်ပါဘူးဆရာ)။ ဒါဖြင့် မောင်ဖြူမရှိတော့ ရုပ်နာမ်ခန္ဓာတော့ရှိတယ်ဟုတ်လား (ရှိပါတယ်ဆရာ)။ အဲဒီ ရုပ်နာမ်ခန္ဓာက ဒီဘက်က စုတိစိတ် နောက်ဆုံးစိတ်ကလေးဖြစ်တဲ့ ခန္ဓာငါးချက်က ဥပါဒ်, ဌိ, ဘင်,ဆိုချုပ်သွားပြီးတော့ ပဋိသန္ဓေဥပါဒ်ခဏ စုတိ ပဋိသန္ဓေရဲ့ ဥပါဒ်ခဏမှာ ခန္ဓာငါးရုပ်သွားပေါ်တယ် မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)။ စုတိစိတ်ဖြစ်တုန်းက ခန္ဓာငါးပါးဟာ

http://www.dhammadownload.com

ဟိုဘက်သွားပေါ်တာ ဟုတ်လား (မဟုတ်ပါဘူးဆရာ)။ ပဋိသန္ဓေခဏာ သွားဖြစ်တဲ့ ခန္ဓာငါးပါးက တခြားမဟုတ်ဘူးလား (တစ်ခြားပါဆရာ)။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါဖြင့် -

အယံ သတ္တော အသ္မာ လောကာ ပရံ လောကံ ဂစ္ဆတိ။ အယံ သတ္တော၊ ဤမောင်ဖြူဆိုတဲ့ သတ္တဝါသည်။ အသ္မာ လောကာ၊ ဒီဘဝမှ။ ပရံ လောကံ၊ ဟိုဘက်ဘဝသို့ (ဝါ) ဘဝတစ်ပါးသို့။ ဂစ္ဆတိ၊ သွား၏။ ဒီစကားဟုတ်ရဲ့လား (ဟုတ်ပါတယ်ဆရာ)။ ဟောဗျာ မင်းချည်းသွားတော့ မင်းချည်းသွားတော့ ဟုတ်ရင်မင်းချည်းသွားနေတော့ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)။ ဆိုထားထဲက "အယံ သတ္တော" ဆိုတာ သတ္တဝါရှိသလားဟ (မရှိပါဘူးဆရာ)။ ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝရှိသလား၊ (မရှိပါဘူးဆရာ) ဘယ်နှယ့်ဖြစ်ကုန်မှန်းကို ငါလဲမသိပါဘူး။ မျက်စိတွေ လည်ကုန်သလား။ (နေပါဦး မင်းအလုပ်အကိုင်လေးဘာလေး နေရာကျရဲ့လား။ နေရာကျရဲ့လား (ကျပါတယ်ဆရာ)။ မေးရသေးတယ်ဟေ့ - ထည့်ပြီးတော့ ပြေးမှလွှားမှ စားရတဲ့လူဆိုတော့ -

ပရသ္မာ လောကာ ဣမံ လောကံ အာဂစ္ဆတိ။ ပရသ္မာ လောကာ၊ ဤမည်သော လောကမှ။ (ဝါ) ဟိုဘက်ဘဝမှ။ ဣမံ လောကံ၊ ဤဘဝသို့။ အာဂစ္ဆတိ၊ လာပြန်၏။

ဒါသေချာကြည့်၊ ဒါပဋိသန္ဓေခန်း၊ ဒီက စုတိစိတ်ကျ၊ ဟိုဘက်ပဋိသန္ဓေရ၊ ပဋိသန္ဓေရတော့ ဖွားလာ။ ယောကျ်ားလေး, မိန်းကလေး အစရှိသည်အားဖြင့် ဖွားလာ။ ဖွားလာတော့ ဘာပြောတုံး၊ အေး- ဟိုအတိတ်ဘဝက ပစ်ချလိုက်တဲ့ ကာမာဝစရကုသိုလ်ကံအားလျော်စွာ ဟိုဘက်ဘဝကသေလို့ ဒီဘက်ဘဝရောက်လာတယ်လို့မပြောဘူးလား (ပြောပါတယ်ဆရာ)။ ဟိုဘက်ဘဝက စုတိစိတ်ကျ ဒီဘက်ဘဝရောက်လာတာ။ ဟိုဘက်ဘဝကလာတာမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဟိုဘက်ဘဝကနေပြီးတော့ စုတိစိတ်ကျလို့ ဒီဘက်ဘဝ ပဋိသန္ဓေလာရ။ လူလာဖြစ်၊ လူလေးပေါ့။ ယောကျ်ားလေးပေါ့၊ မိန်းကလေးပေါ့ မပြောဖူးလား (ပြောပါတယ်ဆရာ)။ ဒါထက်တောင် ပိုပြီးတော့ထင်ရှားသေးလူဝင်စားတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ရှာတယ်, ရှာတယ် သံယောဇဉ်က ကိုယ့်မှာမို့နေပြီဆိုတော့ ရှာတယ်။ ဘာလိုက်ရှာလည်းဆိုတော့ ဒီသတင်းစကား သန့်သန့်ကြားတာလေးတွေကို ဝိုးတိုးဝါးတား မပီကလာ ပီကလာ ပြောတာလေးတွေ, နဖူးရေ ဒူးရေ ဆင်တူရိုးမှား ပေါ်တာလေးတွေ, နားယောင်လေးတွေ၊ မျက်ခွက်ကလေးတွေ၊ အသားအရေလေးတွေပြီးတော့ တွတ်တီးတွတ်တာနဲ့ မပီကလာ ပီကလာ ပြောတာလေးတွေ သူကဖြည့်စွက်ယူ၊ လူဝင်စားရှာကြတယ် နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

စုတိနှင့် ပဋိသန္ဓေ တွေ့ဝေပုံ

အမေသေသွား၊ အဖေသေသွားတယ် မကြာဘူး။ တစ်နှစ်ခြောက်လလောက်ကြာရင်ပဲ အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် စနည်းနာ။ ဘယ်သူ့အိမ် ဘယ်သူတော့ မျက်နှာမြင်ကာနီးနေပြီပေါ့။ စနည်းနာတယ်။ မျက်နှာမြင်ကာနီးပြီဆိုထဲက သွားသွားကြည့်တယ် မကြာမကြာ၊ ဟိုက မျက်နှာမြင်လို့ ဖွားလာပြီနဲ့ တစ်ပြိုင်တည်း ဘာများပြောသံကြားတုံးဟ ဘယ်နယ့်တုန်းဟ သံယောဇဉ်မပြတ်ဘဲကိုးကွ။ အဖေလွမ်းတာ အမေလွမ်းတာ ပြန်လာနိုးနဲ့ ဒီလိုထင်တယ်နော် (မှန်ပါတယ်ဆရာ)။ မောင်ဖွား မိဘကအစပေါ့။ အကုန်လုံးပေါ့၊ အဲဒါ ကလေးလေးဘေးကနေပြီးတော့ပြောတယ်။ အောင်မလေး ဘယ်သူနဲ့ တူလိုက်တာဟဲ့။ မျက်နှာလေးက ဘယ်လိုဟဲ့၊ မျက်ခွက်ကလေးက ဘယ်နယ့်ဟဲ့၊ နှုတ်ခမ်းလေးက ဘယ်လိုဟဲ့။ ဥပါဒါန်က စွဲထားပြီးပြီ။ ဧကန်ဒိဋ္ဌ ကလေးက ငါအမေဟုတ်မှာပဲ။ မိန်းကလေးဆိုနော် (မှန်ပါတယ်ဆရာ)။ တော်ကြာတော့ နည်းနည်းလေး မတောက်တစ်ခေါက်လေး ပြောတတ်တဲ့ အရွယ်ကျတော့ ကလေးက တွတ်တီး တွတ်တာနဲ့ မပီကလာ ပီကလာပြောတော့ ကိုယ်ကဖြည့်ယူ။ အောင်မလေး ငါ့အမေဟုတ်မှာပဲ။ ငါ့အမေဝင်စားတာဟဲ့။ ငါ့အဖေဝင်စားတာ။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဟိုဘက်ဘဝ ငါ့အဖေသေလို့ ဘယ်သူ့အိမ်ဝင်စားနေသတဲ့၊ ဒီလိုမလာဘူးလား (လာပါတယ်ဆရာ)။ ဟိုဘက်ဘဝက ငါ့အမေသေလို့ ဘယ်သူ့အိမ်ဝင်စားနေသတဲ့။ လူဝင်စားလေးဖြစ်မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

(အယံ သတ္တော) ပရသ္မာ လောကာ ဣမံ လောကံ အာဂစ္ဆတိ။ အယံ သတ္တော၊ ဤငါ့အမေဆိုတဲ့ သတ္တဝါကောင်သည်။ ပရသ္မာ လောကာ၊ ဟိုဘက်ဘဝမှ။ ဣမံ လောကံ၊ ဒီဘက်ဘဝသို့။ (ဝါ) ဘယ်သူ့ဗိုက်ထဲသို့။ အာဂစ္ဆတိ၊ ရောက်လာပြန်၏။ မစွဲဘူးလား (စွဲပါတယ်ဆရာ)။ ဟုတ်နိုင်ရဲ့လား (မဟုတ်နိုင်ပါဘူးဆရာ)။ ဘာလို့မဟုတ်နိုင်တာလဲ (မရှိလို့ပါဆရာ)။ ဘာမရှိလို့လဲ (ပုဂ္ဂိုလ် သတ္တဝါဆိုတာမရှိလို့ပါဆရာ)။ အေး - ပုဂ္ဂိုလ်, သတ္တဝါဆိုတာမရှိလို့ပေါ့ နော် (မှန်ပါတယ်ဆရာ)။ ဒါနဲ့ ရုပ်နဲ့ ခန္ဓာတော့ရှိတယ်ဟုတ်လား (ရှိပါတယ်ဆရာ)။ ရုပ်နဲ့ ခန္ဓာက ဟိုဘက်ဘဝတုန်းက စုတိစိတ်ကျလို့ စုတိဆဲခဏဖြစ်တဲ့ ရုပ်နဲ့ ခန္ဓာငါးချက်က ဥပါဒ်, ဌီ, ဘင်ခဏငယ်သုံးချက်စေ့တော့ သူ့အသက်ချုပ်ပြုတ်သွားတယ်။ ဒီဘက်ဘဝက ပဋိသန္ဓေခဏလာရတဲ့ ဥပါဒ်, ဌီ, ဘင်ခဏငယ်သုံးချက်နဲ့ ပေါ်လာတဲ့ ခန္ဓာငါးချက်က ဟိုဘက်ဘဝက ခန္ဓာငါးချက် ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)။ ဘာဆိုင်တုံး (မဆိုင်ပါဘူးဆရာ)။ ဒါကို စုတိနဲ့ ပဋိသန္ဓေတွေဝေကြတယ်တဲ့။

အဲဒီလို ဘဝသံယောဇဉ်အနေအားဖြင့် စွဲလန်းမှုလေးကလည်း ရှိတယ် နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

"ဘဝနှစ်သက်တယ်"ဆိုတဲ့ သံယောဇဉ်က ခင်တွယ်မှုက ရှိ။ လုံးလုံးဘာမှ မဆိုင်တာတောင် လူဝင်စား လုပ်ပြီးတော့ အဟုတ်ထင်မှတ်ပြီးတော့တွယ်ကပ်၊ ဘယ်လောက်များ အယူကမှားထားသလဲ။ အဲဒါ ဘာပြုလို့လဲတဲ့။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို သေသေချာချာ ပြတ်ပြတ်သားသား နားမလည်လို့တဲ့ နော် (မှန်ပါတယ်ဆရာ)။ နားမလည်လို့ ဒါကြောင့် -

အယံ သတ္တော အသ္မာ လောကာ ပရံ လောကံ ဂစ္ဆတိ၊ ပရသ္မာ လောကာ ဣမံ လောကံ အာဂစ္ဆတီတိ အာဒီနိ ဝိကပ္ပေတိ။ [သမ္မောဟ။ ၄၊ ၁၄၂။]

အယံ သတ္တော၊ ဤသတ္တဝါသည်။ အသ္မာ လောကာ၊ ဤဘဝမှ။ ပရံ လောကံ၊ တမလွန် လောကသို့။ ဂစ္ဆတိ၊ သွား၏။ ပရသ္မာ လောကာ၊ ဤတမလွန်ဘဝမှ။ ဣမံ လောကံ၊ ဤဘဝသို့။ အာဂစ္ဆတိ၊ လာ၏။ ဣတိ အာဒီနိ၊ ဤသို့ အစရှိသည်တို့ကို။ ဝိကပ္ပေတိ၊ ကြံဆ၏။

ဒီလိုပဲ ကြံစည်တွေးတော ယူဆနေတာပဲ။ ဒါပုထုဇဉ်မှန်မှန်သမျှ ဒီအတိုင်းပဲသွားနေတာပဲတဲ့။ ဘာပြုလို့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို သေသေချာချာ မပြတ်မသား နားမလည်လို့ နော် (မှန်ပါတယ်ဆရာ)။ ဒီတော့ စုတိနဲ့ ပဋိသန္ဓေ တွေဝေမှုဆိုတဲ့ သဘောဟာ ဒီနှစ်ခု မပြတ်သားလို့ရှိရင်လည်းပဲ သံသရာလည်လို့ မဆုံးပါဘူး။ ဘယ်လည်လို့ဆုံးမလဲ။ သဿတဝါဒနဲ့သွားနေတာ မသွားဘူးလား (သွားပါတယ်ဆရာ)။ ဒီဘဝပြီး ဟိုဘဝ၊ ဟိုဘဝပြီး ဟိုဘဝနဲ့ ဆက်ကာဆက်ကာသွားနေတာ။ သဿတဝါဒနဲ့ သွားနေတာ ဘယ်တော့မှ ဆုံးမှာ, ပြတ်မှာ မဟုတ်ဘူး။ ဒါကြောင့် သေသေချာချာ စဉ်းစားကြည့်လိုက်တဲ့အခါကျတော့ ဒီတစ်ဘဝနဲ့ တစ်ဘဝကူးစက်ပြီးတော့ သွားစရာ ပုဂ္ဂိုလ် သတ္တဝါမျိုး လုံးဝရှာမရပဲ၊ ဘာမှမရှိဘူး။ ဒီရုပ်တရား နာမ်တရား ခန္ဓာငါးပါး ဥပါဒ်, ဌီ, ဘင်၊ ဥပါဒ်, ဌီ, ဘင်၊ အဟောင်းပျောက် အသစ်ရောက်။ အဟောင်းပျောက် အသစ်ရောက်။ ဒီလိုပဲသွားနေ၊ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် ဒီလိုနေတာ။

ဒါဖြင့် ဒီစုတိနဲ့ပဋိသန္ဓေ တွေဝေမှုသဘောလေးဟာ ဘယ်အချိန် ကင်းပါ့မလဲဆိုတော့ သမ္မာဒိဋ္ဌိ ဉာဏ် အမြင်မှန်ကြီးရလာရင် ကင်းရှင်းသွားတာပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ရုပ်နာမ်ခန္ဓာပဲ ရှိတယ် ဘာမှမရှိဘူး။ ရုပ်နာမ်ခန္ဓာသာ တကယ်ရှိတယ်၊ အထင်အရှားရှိတယ်ဆိုတဲ့ ပရမတ်အသိ သိလာပါလားဆို ပြတ်တာပဲ။ စုတိလဲ မတွေဝေဘူး၊ ပဋိသန္ဓေလဲ မတွေဝေတော့ဘူးမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ပြတ်သွားတာပဲ။ ဘာပြုလဲဆိုတော့ ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘဲနဲ့ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာမရှိဘဲနဲ့ ဘယ်သူသေတယ် ဘယ်ဝါသေတယ်ဆိုတာ ဟုတ်နိုင်ပါ့မလားလို့။ ဒီဘက်ဘဝက ဘယ်သူ ပဋိသန္ဓေလာနေတယ်။ ဘယ်ဘဝကလာခဲ့တယ်ဆိုတာ ဟုတ်နိုင်ပါ့မလားလို့။ ဒါကြောင့်

http://www.dhammadownload.com

အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဆိုတဲ့ ဘဝသုံးပါး ကာလသုံးပါးမှာ အတိတ်လည်း ရှင်းပြီးလင်းပြီး၊ ပစ္စုပ္ပန်လည်း ရှင်းပြီးလင်းပြီး၊ အနာဂတ်လည်း ရှင်းပြီးလင်းပြီး၊ ပုဂ္ဂိုလ် သတ္တဝါ အနေအားဖြင့် ဘာမှ စွဲလမ်းစရာမရှိဘူး နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် -

ဒီ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဆိုတဲ့ သင်္ခါရသုံးမျိုး ကြိုးစားအားထုတ် အလုပ်လုပ်နေတာလည်းပဲ ဒီဘဝကနေပြီးတော့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ စေတနာသုံးမျိုး ကြိုးစားလိုက် အားထုတ်လိုက်တဲ့အခါ ဘာဖြစ်၊ ဒုတိယဘဝ ပဋိသန္ဓေအသစ် သွားဖြစ်ဦးမယ် နော် (မှန်ပါတယ်ဆရာ)။ ဒုတိယဘဝအတွက် ပဋိသန္ဓေသွားဖြစ်ဦးမယ်။ ဒီတော့ ပဋိသန္ဓေသွားဖြစ်ရင် စောစောကပြောတဲ့အတိုင်း စုတိနဲ့ပဋိသန္ဓေဆိုတဲ့ အချက်ကလေး၊ ပဋိသန္ဓေသွားဖြစ်တော့ "သင်္ခါရ ပစ္စယာ ဝိညာဏံ" ဆိုတဲ့ ပုဒ်ကလေးမှာ ဝိညာဏ်ဟာ အမှန်ကတော့ သင်္ခါရရဲ့အကျိုးအစစ်ဖြစ်တဲ့ ဝိညာဏ်တရားစုတွေကောက်ထားတာ။ ဒီဝိညာဏ်တွေကောက်ရမယ်။ ဒါ ဒုတိယဘဝအသစ် ပဋိသန္ဓေသွားဖြစ်တာပဲ။ ဘာကြောင့်ဖြစ်တာလဲ၊ အကြောင်းမေးတော့ ဒီက သင်္ခါရသုံးမျိုးကြောင့် ဖြစ်တာ ဒီလိုသွားတယ်နော် (မှန်ပါတယ်ဆရာ)။

ဒီတော့ ဒီသင်္ခါရသုံးမျိုးက အကြောင်းတရား၊ ဝိညာဏ်ဆိုတာက အကျိုးတရား။ "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်" ဆိုတော့ အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုးတရား။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။ သင်္ခါရက အကြောင်းတရား၊ ဝိညာဏ်က အကျိုးတရား။ ဒီလို အကြောင်းအကျိုး ဆက်ဆက်ဆက်ဆက်သွားတယ်။ ဒါကြောင့် အဝိဇ္ဇာက စကြည့်ပါလို့။ အဝိဇ္ဇာဆိုတာ ငါလည်းမဟုတ်၊ သူလည်းမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါလည်းမဟုတ်၊ အသက်လိပ်ပြာလည်းမဟုတ်၊ အကောင်အထည် အထည်ဖြပ်သဏ္ဌာန်လည်း လုံးဝရှာမရဘူး။ အကြောင်းခံထားတဲ့ အဝိဇ္ဇာမှာတ်ကြီး၊ ဘာတုံးတဲ့။ မောဟစေတသိက်ပဲ မသိတတ်တဲ့သဘောတရားကြီး။ သူ့အကြောင်းခံ၍ ဖြစ်ပေါ်လာတဲ့ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ ဆိုတဲ့ သင်္ခါရသုံးမျိုးကြည့်ပြန်တော့လည်း စေတနာသုံးတန်လာရ၊ စေတနာသုံးမျိုးသုံးစားရ။ ဒါဖြင့် သူရောဘာတုံး၊ ငါလား, သူလား, ပုဂ္ဂိုလ်, သတ္တဝါလား, ယောကျ်ား, မိန်းမလားဆို သူလည်းမဟုတ်ပါဘူး။

အမှန်ကတော့ ကုသိုလ်အကုသိုလ်မှာ ယှဉ်နေတဲ့ စေတနာစေတသိက်လေးတွေ ကောက်ထားတယ် နော် (မှန်ပါတယ်ဆရာ)။ ဒါစေတနာ (၃) မျိုးလို့၊ ပုဂ္ဂိုလ်ဆိုတာ မဟုတ်ပါဘူး၊ အသက်လိပ်ပြာလည်း မဟုတ်ပါဘူး၊ ဘယ်သူ့ကြောင့် ဘယ်သူလုပ်လို့ ဘယ်သူဖြစ်လာတယ်ဆိုတဲ့ စကားဟာလားလားမှ မဟုတ်ပါဘူးလို့ ဒါကြောင့် ဒီသင်္ခါရ (၃)မျိုး ကြိုးစားပြန်တော့ ဝိညာဏ်ဖြစ်တယ်ဆိုတော့ ထိုသင်္ခါရတရားသုံးပါးရဲ့ အကျိုးအစစ်တွေလာပေါ်တယ်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ် အကျိုးတရား

http://www.dhammadownload.com

အစစ်ကြီးပဲ။ သြော်-သခ်ါရအကြောင်းခံတာနဲ့ ဝိညာဏ်ဆိုတဲ့ အကျိုးတရားတွေက လာပေါ်ရတယ်လို့၊ အဲဒီဝိညာဏ်မှာ ပဋိသန္ဓေခဏက စရတဲ့ သဘာဝချပြနေတာ ဒါဘဝသစ်ပဲ၊ ဘာဖြစ်လို့ ဒီဘဝဆစ်သွားပြီး ပဋိသန္ဓေဖြစ်တာတုံး၊ ဒီဘဝက ပုညာဘိသခ်ါရ၊ အပုညာဘိသခ်ါရ၊ အာနေဉ္ဇာဘိသခ်ါရဆိုတဲ့ စေတနာ (၃) တန်အကြောင်းခံလို့၊ စေတနာ (၃) မျိုးအကြောင်းခံလို့၊ ဝိညာဏ်ဆိုတဲ့ အကျိုးတရားကြီး သွားပေါ်တယ် နော်(မှန်ပါတယ်ဆရာ)။

အဲဒါ ဒီဘက်ဘဝနဲ့ ဟိုဘက်ဘဝကူးနေတာပြတယ်၊ ဒီတော့ ဒီဘက်ဘဝနဲ့ ဟိုဘက်ဘဝကူးလိုက်တာ၊ ဒီဘက်ဘဝကူးတာလည်း သခ်ါရ (၃) မျိုးအကြောင်းခံ၊ ဟိုဘက်ဘဝရောက်တာလည်းပဲ အကျိုးဆိုတဲ့ ဝိညာဏ်တရားလို့၊ ဒီအကြောင်းနဲ့အကျိုးတရား (၂) ပါး၊ ဟိုဘက်ဘဝ ဒီဘက်ဘဝဆက်ထားတဲ့ သဘာဝလေးကြည့်ပြန်တော့လည်း ပုဂ္ဂိုလ်, သတ္တဝါရှာမရဘူး ရရဲ့လား (မရပါဘူးဆရာ)၊ ဘာမှမရှိဘူး။ ဒါသံသရာလည်တာပြတာ။ ဒါကြောင့် သူလည်တယ်, ငါလည်တယ်, ပုဂ္ဂိုလ် သတ္တဝါ လည်တယ်, နတ်တွေ ဗြဟ္မာတွေလည်နေတယ်ဆိုတာ မဟုတ်ပါဘူး။ အမှန်က ဒါသမ္မုတိပညတ်အနေအားဖြင့် သမုတ်ထားတဲ့စကားတွေ ခေါ်တယ်၊ လည်တာ သေသေချာချာကြည့်တော့ ရုပ်နာမ်ဓမ္မ သခ်ါရဆိုတဲ့တရားစုတွေ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဆက်စပ်ပြီးသွားနေတယ်နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် -

"အဝိဇ္ဇာပစ္စယာ သခ်ါရာ" ဆိုတဲ့ ပုဒ်မှာ ဒီသခ်ါရ (၃) မျိုး ကြိုးစားတိုင်း, ကြိုးစားတိုင်း အဲဒီလို သခ်ါရနောက်နားက "ဝိညာဏ်" ဆိုတဲ့ အကျိုးတရားကြီး မပေါ်ရလေအောင် ပဋိသန္ဓေ အသစ်အသစ်တွေ ဆက်ကာဆက်ကာ မဖြစ်ရလေအောင်, မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီးကို မုချမျက်မှောက် ပြုရလေအောင်ဆိုတဲ့အနေအားဖြင့် သခ်ါရ (၃)မျိုး ကြိုးစားတိုင်း, ကြိုးစားတိုင်း သတိတရားလေး ရှေ့ထားပြီးတော့ ဝင်္ဂ(၃)ပါးတမ်းတ၊ ဘုံ (၃)ပါးတမ်းတ မျှော်မှန်းတဲ့အနေအားဖြင့် တို့မလုပ်တော့ဘူးလို့ လုပ်လို့ရှိရင်လည်း လည်လို့ဆုံးမှာမဟုတ်တော့ဘူးလို့ အကြောင်းအကျိုးဆက်စပ်ပြီးသွားနေတယ်။ ဒါကြောင့် ဝင်္ဂ (၃) ပါး၊ ဘုံ (၃) ပါး တမ်းတတဲ့ "ဝဋ္ဋပါဒ" ခေါ်ထားတဲ့ သခ်ါရမျိုးတော့ တို့အားမထုတ်တော့ဘူး၊ မကြိုးစားတော့ဘူး။ "ဝိဝဋ္ဋပါဒ"ခေါ်ထားတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကိုသာလျှင် ရည်ရွယ်တောင့်တပြီး ငါအလုပ်လုပ်တော့မယ် မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အမြန်ဆုံးရတယ်၊ ကိုယ်လိုချင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီး မုချရတယ်။ ဘုရားကိုယ်တော်တိုင် ဟောသွားတဲ့ ပါဠိတော်တိုက်ရိုက်ရှိတယ်၊ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားတဲ့ပါဠိတော်ကို ထပ်ဖွင့်ထားတဲ့ အဋ္ဌကထာစကားတိုက်ရိုက် နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် အမှန်ကန်ဆုံး နိဿျည်းနဲ့ချပြီးပေးနေတာ၊ ဒါလေး မြဲမြဲစွဲစွဲလည်းမှတ်ထားပါ၊ မရှင်းလင်းလို့ရှိရင်လည်း အချင်းချင်းမေးမြန်းပြီးတော့ နားလည်မှုယူကြပါလို့၊ ဒီနေရာလေးက တော်တော်လေးရှုပ်တယ်၊ သံသရာအရှုပ်အရှင်းကြီးမှာ သူပဲလို့။ ရုတ်တရက်လုပ်လို့ရတာမဟုတ်ဘူး။ ဒီနေရာမှာ ထွေးနေကြတယ်။ ဒီနေရာမှာပဲ တချို့လည်းပဲ ဒီသင်တန်းကနေ နောက်ကျွမ်းပစ်သွားကြတယ်။ တို့တော့ မကြိုက်ပါဘူး။ တို့တော့ ဒါမျိုးတော့အလိုမရှိဘူး, မကြားချင်ဘူး ဒီလိုဖြစ်သွားတယ်။ အဲဒါတွေဝေမှုသဘောတွေ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောထားတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အခြေခံအားဖြင့် ပြတ်ပြတ်သားသားနားမလည်တဲ့ ပုထုဇဉ်၊ အန္ဓပုထုဇဉ်အမှန်ကတော့ ဒီလိုပါပဲ။ အပြစ်တော့မတင်ထိုက်ပါဘူး။ ဒါပေမယ့် ဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ဒေသနာကြီးပဲ ဘယ့်နှယ့်မဟုတ်ပဲရှိရမှာတုံး။ တို့ဉာဏ်မမှီလို့၊ တို့နားမလည်လို့သာဖြစ်ရမှာ။ ဒီကုသိုလ်ကောင်းမှု ကြိုးစားအားထုတ်တာ မိုက်လို့လုပ်တယ်၊ မသိလိုလုပ်တယ်၊ တွေဝေလို့လုပ်တယ်လို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကိုယ်တော်တိုင်က ထုတ်ဖော်ဟောထားတဲ့ ဒေသနာတော်က တိုက်ရိုက်ရှိတယ်။ ဒါတွေ တို့ဉာဏ်မမှီလို့ တို့မပြတ်သားတာပဲ။ တို့ဉာဏ်မှီအောင် ဝေဖန်မယ်, စဉ်းစားမယ်, နာယူမယ်, မှတ်သားမယ်, လေ့လာမယ်လို့ ဒီလိုသဘောထားရင်လည်းပဲ မဆိုးပါဘူး။ အခုတော့ ဒီလိုမဟုတ်ဘူး။ ပုဂ္ဂိုလ်အနေအားဖြင့်ဟာ တို့တော့မကြိုက်ပါဘူး၊ တို့တော့အလိုမရှိဘူး၊ နားမထောင်ချင်ဘူး။ ဒီလိုလုပ်သွားတယ်ဆိုတော့ ကိုယ့်ထက်ဖျင်းတာမရှိဘူး၊ ဟောတဲ့ပုဂ္ဂိုလ်ကလည်းပဲ ဒေသနာက လက်လွတ်ပြီးတော့ ဟောသွားတာလည်းမဟုတ်ဘူး။ ဒီဒေသနာကပဲ ကောက်ပြီးတော့ သေသေချာချာပြတာ။ ဒါက ပါဠိတော်၊ ဒါက အဋ္ဌကထာ၊ ဒါက ဋီကာ အယူအဆဘယ့်နှယ့်သဘောအဓိပ္ပာယ်ကရှိသလဲလို့ ဒီလိုရှင်းလင်းပေးရမယ်။ ဒါကြောင့် ဒီနေရာက တော်တော်စာရင်းရှုပ်တဲ့နေရာမို့လို့ တစ်ညပြီး တစ်ည ဆက်ကာဆက်ကာနဲ့ သည်းခံပြီးပြနေပါတယ်လို့။ ဒါကြောင့် အခုညကစပြီးတော့ "သခ်ါရ ပစ္စယာဝိညာဏံ"ပဲ။ ကူးကြစိုး နော် (မှန်ပါတယ်ဆရာ)။

သခ်ါရသုံးမျိုး၏ သဘောအဓိပ္ပါယ်

ဒါကြောင့် အဝိဇ္ဇာပစ္စယာ သခ်ါရာဆိုတဲ့နေရာမှာ အခုပြထားတဲ့ အဓိပ္ပာယ်ကတော့ ပုညာဘိသခ်ါရ, အပုညာဘိသခ်ါရ, အာနေဉ္ဇာဘိသခ်ါရ, သခ်ါရသုံးမျိုးမနေဘူးလား (နေပါတယ်ဆရာ)၊ အဲဒီသုံးမျိုးအပြင် ကာယသခ်ါရ, ဝစီသခ်ါရ, မနောသခ်ါရတဲ့ သခ်ါရသုံးမျိုး ထပ်ရပြန်ပေါ့နော် (မှန်ပါတယ်ဆရာ)။ သခ်ါရကိုမကုန်သေးဘူးဟ။ ကာယသခ်ါရ, ဝစီသခ်ါရ, မနောသခ်ါရတဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဘာရယ်, ဘာရယ်၊ (ကာယသခ်ါရရယ်, ဝစီသခ်ါရရယ်, မနောသခ်ါရရယ်

http://www.dhammadownload.com

ပါဆရာ)။ ကာယသခ်ါရ, ဝစီသခ်ါရ, မနောသခ်ါရ, မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ကိုယ်နဲ့လုပ်တဲ့သခ်ါရ ကာယသခ်ါရ, နှုတ်နဲ့လုပ်တဲ့သခ်ါရ ဝစီသခ်ါရ, စိတ်နဲ့လုပ်တဲ့သခ်ါရ မနောသခ်ါရ, နော် (မှန်ပါတယ်ဆရာ)။ ဒါလဲ ဘယ်သူ့ကောက်လဲဆိုတော့ တရားကိုယ်တရားသားကောက်တော့ ကာယဝိညတ်ကိုဖြစ်စေတတ်သော ကာယဒွါရဖြင့်ပြုအပ်သော အကုသိုလ်စေတနာ၊ အကုသိုလ်စိတ်တစ်ဆယ့်နှစ်ပါးနဲ့ယှဉ်တဲ့ အကုသိုလ်စေတနာ ဆယ့်နှစ်ခုရယ်၊ ကာမာဝစရကုသိုလ်စိတ်ရှစ်ခုနှင့်ယှဉ်တဲ့ ကာမာဝစရကုသိုလ်စေတနာ (၈)ပါးရယ် ပေါင်းရင် (၂၀) မဟုတ်ဘူးလား (နှစ်ဆယ်ပါဆရာ)။ ကာမကုသိုလ် အကုသိုလ်စေတနာနှစ်ဆယ်လို့။ ကာမကုသိုလ် အကုသိုလ်စိတ်စေတနာနှစ်ဆယ်နဲ့ယှဉ်သော စေတနာနှစ်ဆယ်။ ဒီစေတနာပဲပြန်ကောက်။ ကုသိုလ်နဲ့ အကုသိုလ် နော် (မှန်ပါတယ်ဆရာ)။ အကုသိုလ်စိတ် ဆယ့်နှစ်ပါးနဲ့ယှဉ်သော အကုသိုလ်စေတနာ ဆယ့်နှစ်ခု၊ ကာမာဝစရကုသိုလ်စိတ်ရှစ်ခုနှင့်ယှဉ်သော ကာမာဝစရကုသိုလ်စေတနာ ရှစ်ခုပေါင်းလိုက်တော့ နှစ်ဆယ်မဟုတ်ဘူးလား (နှစ်ဆယ်ပါဆရာ)။

အဲဒီ နှစ်ဆယ်က ဝစီဝိညတ်ကို ဖြစ်စေတတ်၍ ကာယဒွါရဖြင့် ပြုသောကြောင့် "ကာယသခ်ါရ" ခေါ်၏ နော် (မှန်ပါတယ်ဆရာ)။ ဤစေတနာနှစ်ဆယ်ကောက်တယ်။ ဒါ ကိုယ်ဖြင့်လုပ်တဲ့အလုပ်တွေ ကာယသခ်ါရခေါ်ကြတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ "ကိုယ်ဖြင့်လုပ်သောအလုပ်တွေ မှန်သမျှ ကာယသခ်ါရ"၊ "နှုတ်ဖြင့်လုပ်သောအလုပ်တွေမှန်သမျှ ဝစီသခ်ါရ"၊ "နှုတ်ဖြင့်လုပ်သော အလုပ်တွေမှန်သမျှ ဝစီသခ်ါရ" ဆိုတော့ ဝစီသခ်ါရရဲ့ တရားကိုယ်တရားသား ဘယ်သူကောက်သည်လဲဆိုတော့ "ထိုဝစီဝိညတ်ကိုဖြစ်စေတတ်သော ဝစီဝိညတ်ဖြင့် အလုပ်လုပ်သော"လို့ စောစောကပြောထားခဲ့တဲ့ အကုသိုလ်စိတ်ဆယ့်နှစ်ပါးနှင့်ယှဉ်တဲ့ အကုသိုလ်စေတနာ ဆယ့်နှစ်ခုရယ်၊ ကာမာဝစရကုသိုလ်စိတ်ရှစ်ခုမှာယှဉ်တဲ့ ကာမာဝစရကုသိုလ်စေတနာ ရှစ်ပါးရယ်ပေါင်းတော့ နှစ်ဆယ်နော် (မှန်ပါတယ်ဆရာ)။ ဒီနှစ်ဆယ်ပဲကောက်တယ်။ ဒါ ဝစီသခ်ါရ တရားကိုယ် တရားသားလို့၊ ကာယသခ်ါရ တရားကိုယ်၊ ဝစီသခ်ါရ တရားကိုယ်၊ ပြီးတော့ "မနောသခ်ါရ" ဆိုတော့ မနောဒွါရကြောင့် ဖြစ်ပေါ်လာတဲ့ စေတနာလေးတွေ အကုန်ကောက်တယ်။ ဒီတော့ ဘယ်သူရသလဲဆိုတော့ စောစောကပြောတဲ့ အကုသိုလ်စိတ် ဆယ့်နှစ်ပါးနဲ့ယှဉ်သော အကုသိုလ်စိတ်စေတနာရ၏။ ကာမာဝစရကုသိုလ်စိတ်ရှစ်ခုနဲ့ယှဉ်သော ကာမာဝစရကုသိုလ်စေတနာရ၏။ ရူပါဝစရကုသိုလ်စိတ်ငါးခုနဲ့ယှဉ်သော ရူပါဝစရကုသိုလ်စေတနာရ၏။ အရူပါဝစရကုသိုလ်စိတ်လေးခုမှာယှဉ်သော အရူပါဝစရကုသိုလ်စေတနာရ၏ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ နှစ်ဆယ်ရယ်၊ ဒီက မဟဂ္ဂုတ်ကုသိုလ်စေတနာကိုးခုထည့်လိုက်တော့ နှစ်ဆယ်နဲ့ကိုး နော် (မှန်ပါတယ်ဆရာ)။ သူကတော့ "မနောဒွါရကို ဖြစ်

http://www.dhammadownload.com

စေတတ်တဲ့ သတ္တိရှိလို့" တဲ့။ ဒီစေတနာနှစ်ဆယ်နဲ့ကိုးပါးက "မနောသခ်ါရ"ခေါ်၏။ ဒါလေးကို စာသဘောလေးနဲ့ ထည့်ပြောရသေးတယ်နော် (မှန်ပါတယ်ဆရာ)။ စာသဘောလုံးကောက်ကလေးတွေ မမှတ်တတ်တဲ့သူက မမှတ်ဘဲနေ။ ဒါဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်းမဟုတ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါ စာတတ်ခါမျှအနေအားဖြင့် ဒါလေးတွေ ညှပ်ညှပ်ညှပ်ညှပ် သွားတော့ ငါတော့သိပ်မပြောချင်ဘူး။ ဘာဖြစ်လို့ မပြောချင်လဲဆိုတော့ -

တို့ဝိပဿနာလုပ်ငန်းအနေအားဖြင့် သာသနာနဲ့ ကြုံတဲ့တွေ့တဲ့အခါမှာ သံသရာထောက်ရာတည်ရာ ရပါစေတော့။ အနည်းဆုံးအားဖြင့် စူဠသောတာပန်အဖြစ်ပဲ ရောက်စေတော့။ ဒါထက်တစ်ဆင့်တိုးရင်ဖြင့် တစ်မဂ်တစ်ဖိုလ်ရစေတော့ဆိုတဲ့အနေအားဖြင့် ဝိပဿနာကို အဓိကထားပြီးပြနေတဲ့ တရားလမ်းစဉ်ဆိုတော့ စာနယ်ကလည်း သိပ်မပြောချင်ဘူးပေါ့ နော် (မှန်ပါတယ်ဆရာ)။ ဒါပေမယ့် စာနယ်က ထိုက်သင့်အားလျော်စွာ ပါသင့်သလောက် တရားကိုယ်လုံးကောက်လေးတွေက ပါသင့်တယ်ဆိုတဲ့အနေအားဖြင့် ထည့်သွင်းပြောရခြင်းလို့ နားမလည်တဲ့ လူများကတော့ နည်းနည်းဒါ နားငြီးငွေ့တတ်တယ်။ ဘယ့်နယ် သရုပ်သကန်တွေ ခွဲနေပါလိမ့် ဒီလိုလာမယ်။ ဒါပေမယ့် ဒီမှာ အသံဖမ်းထားတဲ့ တိပ်ကြိုးအတွက်ကလည်း ရှိထားပြန်တော့ တို့ လုံးကောက်အဓိပ္ပာယ်လေးတွေနဲ့ စာမတတ်တဲ့ မိန်းမသားများကအစ နားလည်ကာမျှဆိုတဲ့ အလုံးကောက်လေးတွေ ကြည့်ပြောပြော ပြောပြော သွားပြန်တော့ မတော်တဆ ပညာရှိများ နားကြားခဲ့သော် တွေ့ခဲ့သော်လို့ ပဋိစ္စသမုပ္ပါဒ်ကြီးရေးကြီး ခွင်ကျယ် ပဋိစ္စသမုပ္ပါဒ်မူအားဖြင့် ကြိုးသွင်းထား၊ ဖွင့်ပြီးတော့လည်းပဲ ကျမ်းဂန် ဒေသနာနဲ့ အကိုးအကားနဲ့ အာဂမယုတ္တိ၊ သဘာဝယုတ္တိ၊ သာဓကယုတ္တိ ဘာမှမရှိဘူး။ သူသူငါငါ လူတကာပြောနေကြသလောက် ပြောဆိုသွားတယ်ဆိုတဲ့ ပညာရှိများရဲ့ အပြစ်တင်ခြင်းမှလည်း ကင်းပါစေတော့လို့ အထိုက်အလျောက်လေးပေါ့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သခ်ါရာ" ဆိုတဲ့ ပုဒ်မှာ "အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသောအကြောင်းကြောင့်။ သခ်ါရာ၊ သခ်ါရတရားစုတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏" ဆိုတော့ သခ်ါရတရားစုက ဘယ်လောက် ရသွားလဲ ဆိုတော့ တို့များ ညစဉ် ဆက်ဆက်ပြီး ရှင်းလာတဲ့ ပုညဘိသခ်ါရ၊ အပုညာဘိသခ်ါရ၊ အာနေဉ္ဇာဘိသခ်ါရ သုံးမျိုး နော် (မှန်ပါတယ်ဆရာ)။ တစ်နည်း ကိုယ်အမူအရာနဲ့ လုပ်တဲ့ ကာယသခ်ါရ၊ နှုတ်အမူအရာနဲ့လုပ်တဲ့ ဝစီသခ်ါရ၊ စိတ်အမူအရာနဲ့လုပ်တဲ့ မနောသခ်ါရ သုံးမျိုးပေါင်းလိုက်ရင် ဘယ်လောက်ရှိသလဲ (ခြောက်မျိုးပါဆရာ)။ အေး အဲဒါလေးမှတ်ထားနော် (မှန်ပါတယ်ဆရာ)။ ဒါပေမယ့် ကာယသခ်ါရ၊ ဝစီသခ်ါရ၊ စိတ္တသခ်ါရလည်းခေါ်တယ်။ မနောသခ်ါရလည်းခေါ်တယ်။ ကာယသခ်ါရ၊ ဝစီသခ်ါရ၊ မနောသခ်ါရရဲ့ တရားကိုယ်လေးတွေကို ကောက်ပြန်

http://www.dhammadownload.com

တော့ စောစောကပြတဲ့ စေတနာတွေ ပြန်မရဘူးလား (စေတနာပဲပြန်ရပါတယ်)။ စေတနာတွေပြန်ရတယ်။ ဒီစေတနာတွေလှုံ့ဆော်လို့ ကိုယ်ဖြင့်ပြုလုပ်ခြင်းဆိုတဲ့ အမှုပေါ်လာတယ်။

"ကာယဝိညတ္တိသဒ်္ဒါတေ ကာယဒ္ဓါရေ ဗာဟုလ္လဝုတ္တိတော ကာယကမ္မံ နာမ" နော် (မှန်ပါတယ်ဆရာ)။ ကာယဝိညတ်ဖြစ်လာတယ်တဲ့။ ကာယဝိညတ်ဖြစ်လာမှ ကာယကံမြောက် ဖြစ်လာတယ်။ "ဝစီဝိညတ္တိသဒ်္ဒါတေ ဝစီဒ္ဓါရေ ဗာဟုလ္လဝုတ္တိတော ဝစီကမ္မံ နာမ" ဝစီဝိညတ် လှုပ်ရှားလာတယ်။ ဘာဖြစ်လို့ ဒီစေတနာက တိုက်တွန်းစေ့ဆော်ပေးလို့ ဝစီဝိညတ်လှုပ်ရှားရာမှ ဝစီဒ္ဓါရဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)။ ဟိုး ကျန်တဲ့ မနောဒ္ဓါရလာထင်တယ် ဆိုတာကတော့ စေတနာဟာ မနောဒ္ဓါရမှာ ချည်း သွားထင်ကြ။ ဒါကြောင့် မဟဂ္ဂတ်ကုသိုလ်ကိုးပါးပါ ထည့်ထားတယ်။ မဟဂ္ဂတ်ကုသိုလ်စေတနာကိုးခုပါထည့်။ နှစ်ဆယ်နဲ့ကိုးပါး နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် တရားကိုယ်တရားသား ကောက်ရာကျတော့ မခြားနားပါဘူးလို့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတုန်းကလည်း ဒီစေတနာသုံးမျိုး ကောက်တာပဲ နော် (မှန်ပါတယ်ဆရာ)။ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရဆိုတဲ့ သင်္ခါရသုံးမျိုး ထူထောင်ခြင်းရဲ့ အကြောင်းရင်း ကောက်လိုက်ပြန်တော့ စေတနာသုံးမျိုး ပြန်ရတယ်။ ထူးသေးလား (မထူးပါဘူးဆရာ)။ ဒါပေနဲ့ အဝိဇ္ဇာကြောင့် ဖြစ်လာတယ်ဆိုတဲ့ သင်္ခါရတရားစုက ရုတ်တရက်အားဖြင့် ပြောလိုက်ခဲ့သော် သုံးမျိုးထဲ သင်ထားတော့ သုံးမျိုးထဲ နားလည်ထားမယ် နော် (မှန်ပါတယ်ဆရာ)။ အခုတော့ ဘယ်နှစ်မျိုးရှိလဲ (ခြောက်မျိုးရှိပါတယ်ဆရာ)။ ရေပြစမ်းပါ (ပုညာဘိသင်္ခါရရယ်၊ အပုညာဘိသင်္ခါရရယ်၊ အာနေဉ္ဇာဘိသင်္ခါရရယ်၊ ကာယသင်္ခါရရယ်၊ ဝစီသင်္ခါရရယ်၊ မနောသင်္ခါရရယ် ပါဆရာ)။ အဲ - ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရဆိုတဲ့ သင်္ခါရသုံးပါးရဲ့ တရားကိုယ်ကိုကောက်တော့ ဘာပြန်ရလဲ စေတနာသုံးမျိုးပဲ (မှန်ပါတယ်ဆရာ)။ သူများပြောမှ မှန်ပါတယ်၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ စေတနာလေးတွေ စေ့ဆော်တိုက်တွန်းပေးမှ ကိုယ်အမူအရာ၊ နှုတ်အမူအရာက လုပ်တတ်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။ စေတနာ စေ့ဆော်တိုက်တွန်းမှုမရှိဘဲနဲ့ ကိုယ်အမူအရာ နှုတ်အမူအရာ လုပ်နိုင်ပါ့မလား (မလုပ်နိုင်ပါဘူးဆရာ) မလုပ်နိုင်ဘူး။ ဒါကြောင့် စေတနာအရင်းခံကနေ စေတနာပြန်ကောက်တာ။ ဒါကြောင့် အဝိဇ္ဇာကြောင့် ဖြစ်လာတဲ့ သင်္ခါရတရားစုသည် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ သုံးမျိုး၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရသုံးမျိုး ပေါင်းလိုက်တော့ ခြောက်မျိုးသော တရားရကြ၏။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဒီနေရာမှာ "အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ သင်္ခါရ"ဆိုတဲ့ အကျိုးတရားတွေ လက်စသတ် နော် (မှန်ပါတယ်ဆရာ)။

"သင်္ခါရပစ္စယာ ဝိညာဏံ" သွားကြစို့။ သင်္ခါရပစ္စယာ၊ သင်္ခါရတည်းဟူသော အကြောင်းကြောင့်။

http://www.dhammadownload.com

ဝိညာဏ်၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ သခ်ါရတည်းဟူသော အကြောင်းကြောင့် ဝိညာဏ် ဖြစ်တယ်လို့ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။ အဲဒီ ဝိညာဏ်က တရားကိုယ် တရားသားလေးတွေ အရင်ကောက်ရအောင်။ တရားကိုယ်တရားသားလေးတွေ ကောက်ပြီးမှ အဓိပ္ပာယ် တစ်ခါရှင်းရအောင်။ သခ်ါရတည်းဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်တယ်လို့ သေသေချာချာကြည့်။

အဲဒီနေရာ ဝိညာဏ်က လောကီဝိပါက်စိတ် ဗာတ္တိံသ (၃၂)ပါး၊ လောကီဝိပါက်စိတ် (၃၂)ပါး နော်၊ (မှန်ပါတယ်ဆရာ) (၃၂)ပါးကောက်ထားတယ် တရားကိုယ် တရားသားတွေ၊ ဘာပြုလို့လဲ ဆိုတော့ ဒီသခ်ါရသုံးမျိုးကြောင့် ဖြစ်ပေါ်ခဲ့လာတဲ့ အကျိုးအစစ်ကိုသာလျှင် ကောက်ရမယ်ဆိုတော့ ယင်းသခ်ါရသုံးမျိုးက ပုညာဘိသခ်ါရ၊ အပုညာဘိသခ်ါရ၊ အာနေဉ္ဇာဘိသခ်ါရ။ အကုသိုလ်၊ ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် လူပြိန်းနားလည်အောင် ပြောတော့ ဒါန သီလ သမထ ကုသိုလ်၊ အကုသိုလ်ပေါ့ နော် (မှန်ပါတယ်ဆရာ) ဒါန သီလ သမထ ကုသိုလ်က သုံးမျိုး၊ အကုသိုလ်ရယ်၊ ဒါလူတိုင်းလူတိုင်း လုပ်နေတဲ့အလုပ်တွေကိုကွ၊ ဒါနကုသိုလ်လုပ်လိုက်၊ သီလကုသိုလ်လုပ်လိုက်။ သမထကုသိုလ်လုပ်လိုက်၊ အကုသိုလ်လုပ်လိုက်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

အကုသိုလ်လုပ်တော့ ဘယ်သွားမလဲ၊ (အပါယ်လေးပါးကျမှာပါဆရာ)၊ ကုသိုလ်လုပ်တော့ ဘယ်သွားမလဲ၊ (ကောင်းသော သုဂတိရမှာပါဆရာ)၊ အေး - သုဂတိသွားမယ်ဟုတ်လား၊ (မှန်ပါတယ် ဆရာ)၊ သုဂတိဘဝ ဆိုတာ ဘယ်သူတွေတုံး၊ (လူနတ်ပြဟ္မာပါဆရာ)၊ အေး - ဟုတ်တယ်၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အကုသိုလ်လုပ်ရင် ဒုဂ္ဂတိသွားမယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကုသိုလ် လုပ်တော့ သုဂတိသွားမယ်ဟုတ်လား (ဟုတ်ပါတယ်ဆရာ)။ ဒါ ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတဲ့ စေတနာနှစ်ပါး နော်၊ (မှန်ပါတယ်ဆရာ)၊ သခ်ါရမဟုတ်လား (သခ်ါရပါဆရာ)၊ အဲဒီသခ်ါရတွေ လုပ်တော့ ဒီသခ်ါရတွေအကြောင်းခံမှဖြင့် သေသည်၏ အခြားမဲ့ကျတော့ အကုသိုလ်စေတနာကံကြောင့် အပါယ်လေးပါး ဒုဂ္ဂတိသို့ လား၏။ ကုသိုလ်ကံစေတနာကြောင့် ကောင်းရာသုဂတိသို့ လား၏။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ အပါယ်လေးပါးမှာ လားရတယ်ဆိုကတည်းက အကျိုးတရားဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ ကောင်းရာသုဂတိလားတယ်ဆိုတဲ့ အကျိုး တရားဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ အဲဒါ အကျိုးတရားတွေ။

ဒါကြောင့် သခ်ါရတည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်တဲ့ အကျိုးအစစ်ကိုသာလျှင် ကောက်ရမယ်ဆိုတော့ အကျိုးဝိညာဏ်တရားကို သန့်သန့်အရင်ကောက်။ လောကီဝိပါက် ဗာတ္တိံသ (၃၂)ပါး = အကုသလဝိပါက်စိတ် (၇)ခု၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ခု၊ မဟာဝိပါက်စိတ် (၈)ခု၊

http://www.dhammadownload.com

ရူပဝိပါက်စိတ် (၅)ခု၊ အရူပဝိပါက်စိတ် (၄) ခု ပေါင်းလိုက်တော့ ဘယ်လောက်လဲ၊ မပေါင်းတတ်ပါဘူး၊ အကုသလဝိပါက်စိတ် (၇)၊ အဟိတ်ကုသလဝိပါက်စိတ် (၈) ခုပေါင်းတော့ ဘယ်လောက်လဲ (၁၅-ပါးဆရာ)၊ မဟာဝိပါက်စိတ် (၈) (၂၃-ပါးပါဆရာ)၊ ရူပဝိပါက်စိတ် (၅)ပါး (၂၈-ပါးပါဆရာ)၊ အရူပဝိပါက်စိတ် (၄)ခုပေါင်းတော့၊ (၃၂-ပါးပါဆရာ)၊ အေး - မှတ်ထားနော် (မှန်ပါတယ် ဆရာ)၊ အဲဒါဟိုဘက်ဘဝသွားဖြစ်တဲ့ အကျိုးဝိပါက်စိတ်တွေပေါ့ နော်၊ (မှန်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝ သွားဖြစ်တာ ဒါတွေပဲ၊ ဒီဘက်ဘဝကနေ သခ်ါရသုံးမျိုးအကြောင်းခံလိုက်တယ်၊ အကုသိုလ်လုပ်လိုက်၊ ဒါနကုသိုလ်လုပ်လိုက် သီလကုသိုလ်လုပ်လိုက် သမထကုသိုလ်လုပ်လိုက်၊ မလုပ်ဘူးလား (လုပ်ပါတယ် ဆရာ)၊ အဲဒီလုပ်တဲ့ သခ်ါရသုံးမျိုးတည်းဟူသော အကြောင်းတွေခံလိုက်တော့ ဟိုဘက်ဘဝ အကျိုး တရားတွေသွားပေါ်တယ်၊ ပေါ်တော့ ဘယ်သူတွေတုံးတဲ့၊ အကျိုးတရားတွေက ဝိညာဏ်တွေတဲ့၊ ဒီဝိညာဏ်တွေက ဘယ်နှစ်ပါးတုံး၊ (၃၂)ပါးတဲ့၊ အကျိုးတရားအစစ်ကို ကောက်ထားတယ် နော် (မှန်ပါ တယ်ဆရာ)။ (၃၂)ပါးတဲ့။ ဝိညာဏ်ခေါ်တိုင်း ဒီထဲမှာထည့်မကောက်ပါနဲ့တဲ့၊ အကျိုးတရားချည်း သန့်သန့်ကောက်တယ်၊ သခ်ါရ၏ အကျိုးအစစ်ကိုသာလျှင်သွားကောက်တော့ ဝိညာဏ် (၃၂)ပါး တည်း ရတယ်။

"ဝိညာဏ်" ဆိုတာ စိတ်တစ်ခုယုတ် ကိုးဆယ်အကုန်လုံး ဝိညာဏ်ခေါ်တယ် နော် (မှန်ပါတယ် ဆရာ)၊ စိတ်တစ်ခုယုတ်ကိုးဆယ်လုံး ကောက်ရမှာလားဆိုတော့ မကောက်နဲ့တဲ့၊ ဒီဘက်က သခ်ါရသုံးမျိုး ကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးအစစ်ကိုသာလျှင် ကောက်ပါဆိုတော့ ကောက်လိုက်တော့ ဘာတွေရလဲ၊ စောစောက ပြောတဲ့ လောကီဝိပါက် ဗာတ္တိသ ဝိပါက်စိတ် (၃၂)ပါးရတယ်။ အကုသလ ဝိပါက်စိတ် (၇)၊ အဟိတ်ကုသလဝိပါက်စိတ် (၈) မဟာဝိပါက်စိတ် (၈)၊ ရူပဝိပါက်စိတ် (၅)၊ အရူပဝိပါက် စိတ် (၄) နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို သွားဖြစ်တယ်၊ ဘယ်လောက်ရလဲ၊ (၃၂)ပါး မဟုတ်လား (၃၂-ပါးပါဆရာ)၊ အကုသလဝိပါက်စိတ် (၇) အဟိတ်ကုသလဝိပါက်စိတ် (၈) မဟာဝိပါက်စိတ် (၈) ရူပဝိပါက်စိတ် (၅) အရူပဝိပါက်စိတ် (၄)၊ ရေတတ်သလား၊ (ကောင်းကောင်းမရေတတ်ဘူးဆရာ)၊ ဆိုးဆိုးလေး ရေတတ်တာပေါ့၊ ဆိုးဆိုးလေး ရေစမ်း၊ - (အကုသလဝိပါက်စိတ် (၇)၊ အဟိတ်ကုသလ ဝိပါက်စိတ် (၈)၊ မဟာဝိပါက်စိတ် (၈)၊ ရူပဝိပါက်စိတ် (၅)၊ အရူပဝိပါက်စိတ် (၄) တော်သားပဲ၊ ဆိုးဆိုးလေး မဟုတ်ပါဘူးကွ ညံ့ညံ့လေးပါ။ ပြန်ရေစမ်း၊ (အကုသလဝိပါက်စိတ် (၇)၊ အဟိတ်ကုသလ ဝိပါက်စိတ် (၈)၊ မဟာဝိပါက်စိတ် (၈)၊ ရူပဝိပါက်စိတ် (၅)၊ အရူပဝိပါက်စိတ် (၄)။ အေး-ဟုတ်ပြီ ပေါင်းလိုက်တော့ ဘယ်လောက်ရှိ၊ (၃၂-ပါးပါဆရာ)၊ မှတ်မိလား (မှတ်မိပါဆယ်ဆရာ)။

ဒါတွေ ဝိညာဏ်တွေပေါ့ (ဝိညာဏ်တွေပါဆရာ)၊ ဘယ်သူ့ကြောင့်ဖြစ်တဲ့ ဝိညာဏ်တွေတုံး၊

http://www.dhammadownload.com

(သခ်ီရကြောင့်ပါဆရာ)၊ အေး - ဟုတ်ပြီ၊ အကျိုးဝိညာဏ်တွေ နော် (မှန်ပါတယ်ဆရာ)၊ သခ်ီရတည်း ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားချည်း သန့်သန့်ကောက်ထားတာတဲ့၊ ဝိညာဏ် ဆိုတာ စိတ်တစ်ခုယုတ်ကိုးဆယ်လုံး အကုန်မခေါ်ဘူးလား (ခေါ်ပါတယ်ဆရာ)၊ ဒီနေရာမှာ အကုန်လုံး ရသလား၊ (မရပါဘူးဆရာ)၊ မရဘူး၊ ပုညာဘိသခ်ီရ - ဒါနကုသိုလ် သီလကုသိုလ် နော် (မှန်ပါတယ်ဆရာ)၊ ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ် နှစ်ပါးကြောင့်ဖြစ်ပေါ်လာတဲ့ ဝိပါက်တွေတဲ့ အကျိုးတရားတွေ ဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ အပုညာဘိသခ်ီရ အကုသိုလ်ကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေတဲ့။ အာနေဥ္ဇာဘိသခ်ီရ အရူပါဝစရကုသိုလ်ကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေတဲ့၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်းကြောင့် အကျိုးဖြစ်၊ ဒီဘဝနဲ့ ဟိုဘဝပြု၊ ဒီဘဝကနေပြီးတော့ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ် လုပ်၊ အကုသိုလ်လုပ်၊ ဟိုဘက်ဘဝ၌ အကျိုးတရားသွားဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အကုသလဝိပါက်စိတ် (၇)၊ အဟိတ်ကုသလဝိပါက်စိတ် (၈)၊ မဟာဝိပါက်စိတ် (၈)၊ ရူပဝိပါက်စိတ် (၅)၊ အရူပဝိပါက်စိတ် (၄) နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တရားကိုယ် တရားသား အစစ်လေးတွေရတယ်၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။

ဒါကြောင့် "သခ်ီရပစ္စယာ ဝိညာဏံ" သခ်ီရပစ္စယာ၊ သခ်ီရတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ (ဝါ) ဝိညာဏံ၊ လောကီဝိပါက် ဗာတ္တိံသ (၃၂)ပါးသော ဝိညာဏ်စိတ်သည်။ သမ္ဘဝတိ၊ ဖြစ်၏ နော် (မှန်ပါတယ်ဆရာ)၊ ဝိပါက်စိတ် (၃၂)ပါး သွားဖြစ်တယ်တဲ့၊ ဝိပါက်စိတ်တွေ (၃၂)ပါးဖြစ်တာ တခြားမှတ်မနေနဲ့၊ အပါယ်သတ္တဝါကောင်ရယ် လူကောင်ရယ် နတ်ကောင်ရယ် ပြဟ္မာကောင်ရယ် သွားဖြစ်ကြတယ် မဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)၊ သူ့အကြောင်းနဲ့ သူ့အကြောင်း မနေဘူးလား၊ (သူ့အကြောင်းနဲ့သူ့အကြောင်းပါဆရာ) အေး - သူ့အကြောင်းနဲ့ သူ့အကြောင်း၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝတုန်းက အပုညာဘိသခ်ီရဆိုတဲ့ အကုသိုလ်ဒုစရိုက် ဒုရာဇီဝတွေလုပ်တော့၊ ဟိုဒုတိယဘဝ ဝိညာဏ်ဘက်သွားပြီးတော့ အပါယ်ကောင်ကြီး သွားမဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အပါယ်ကောင်ကြီး သွားဖြစ်တယ်၊ အကုသိုလ်စေတနာ တည်းဟူသော အကြောင်းကြောင့်, အကုသိုလ်စေတနာကံတည်းဟူသော အကြောင်းကြောင့် ဟိုဘက်သွားပြီးတော့ အပါယ်လေးပါး အပါယ်လေးဘုံသို့ သွားဖြစ်တယ်တဲ့၊ အပါယ်ကောင်ကြီး သွားဖြစ်ရတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။

အဲဒါ ကာမာဝစရကုသိုလ်, ပုညာဘိသခ်ီရ = ဒါန သီလဆိုတဲ့ ကာမာဝစရကုသိုလ် တရားတွေ ကြိုးစားအားထုတ်တော့ ဟိုဘက်ဘဝသွားပြီးတော့ လူကောင် နတ်ကောင်ဆိုတဲ့ သတ္တဝါကောင်

http://www.dhammadownload.com

သွားဖြစ်တယ်၊ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ သမ္မုတိပညတ်အနေအားဖြင့် ပြောနေတယ်နော် (မှန်ပါတယ်ဆရာ)၊ ဝိပါက်ကောင်ကြီးတွေ သွားဖြစ်နေတာ။ အကျိုးကောင်ကြီးတွေ, အကျိုးကောင်ကြီးတွေ၊ ဒီဘက်ဘဝက ရူပါဝစရကုသိုလ်စေတနာဆိုတဲ့ ဈာန်သမထ ကုသိုလ်တရားတွေ ပွားများတော့ ဟိုဘက်ဘဝ ရူပါဝစရ (၁၆)ဘုံ ဗြဟ္မာကောင်ကြီတွေသွားဖြစ်တယ်။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဒီဘက်က "အာနေဥ္ဇာဘိသခ်ါရ" ခေါ်ထားတဲ့ အရူပါဝစရ ဈာန်သမထ ကုသိုလ်တရားတွေပွားများတော့ ဟိုဘက်ဘဝသွားပြီးတော့ အရူပလေးဘုံမှာ ဗြဟ္မာကြီးတွေ သွားမဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဘုံသုံးပါး၊ အကြောင်းနဲ့အကျိုး ဆက်စပ်ပြီးတော့ပြတာ၊ ဒါ ဟိုဘက် "ဝိညာဏံ" ဆိုတဲ့ ဝိပါက်ဝိညာဏ်ကောက်ထားတာ၊ ဝိပါက်ကောင်သွားဖြစ်တာပြတာ နော် (မှန်ပါတယ်ဆရာ)။ ဟိုဘက်သွားဖြစ်တာပြတယ် နော်။ သခ်ါရပစ္စယာ၊ သခ်ါရတည်းဟူသော အကြောင်းကြောင့်။ (၀ါ) ပုညာဘိသခ်ါရ အပုညာဘိသခ်ါရ အာနေဥ္ဇာဘိသခ်ါရတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ အကျိုးဝိညာဏ်တရားသည်။ (၀ါ) လောကီဝိပါက်ဗာတ္တိသ (၃၂)ပါးသော ဝိညာဏ်တရားသည်။ သမ္ဘဝတိ၊ ဖြစ်၏ နော် (မှန်ပါတယ်ဆရာ)။

ပြီးတော့မှ ပဋိသန္ဓေခန်းလေးတွေ တစ်ခါ ခွဲခွဲ ခွဲခွဲပြီး ပြောဦးမယ်၊ ဟိုဘက်ဘဝသွား ဖြစ်ပုံလေးတွေ၊ ဒီဘက်ဘဝက မိမိတို့လုပ်နေတဲ့ ကာမာဝစရကုသိုလ်ခေါ်ထားတဲ့ ဒါနမှု၊ သီလမှု သမထမှု, အစုစု၊ အကုသိုလ်ခေါ်ထားတဲ့ ဒုစရိုက်, ဒုရာဇီဝ ဆိုတဲ့ကံတွေ ကုသိုလ်နဲ့အကုသိုလ် နှစ်မျိုးပဲ ကြိုးစားလုပ်နေကြတယ်၊ အဲဒါလုပ်နေတာ အကြောင်းခံနေတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အကြောင်းခံနေတဲ့ ကံတရားတွေလို့ ခေါ်ရတယ်။ ဒီသခ်ါရတွေ အားထုတ်အလုပ်လုပ်၊ သေသည်၏ အခြားမဲ့၌ မုချအားဖြင့် ဒုတိယဘဝမှာ တို့ အကျိုးဝိညာဏ်တွေ ဖြစ်တော့မှာပဲ မဖြစ်ဘူးလား (ဖြစ်မှာပါဆရာ)၊ ဒီက အကြောင်းတရားတွေက ပေးသွားမှပေါ့ နော် (မှန်ပါတယ်ဆရာ) ဒါကြောင့် အလုပ်မတတ်လို့ ရှိရင်တဲ့၊ လုပ်ပုံလုပ်နည်းမဟုတ်ရင်တဲ့၊ မိမိတို့လုပ်နေတဲ့ ကုသိုလ်တရားတွေဟာ နောင်ဘဝ ပဋိသန္ဓေအားဖြင့် ဝိပါက်ဆိုတဲ့ အကျိုးတရားကို ဖြစ်စေတတ်တယ်တဲ့၊ ဒါ "သခ်ါရပစ္စယာ ဝိညာဏံ" ဆိုတာ လည်မသွားဘူးလား (လည်သွားပါတယ်ဆရာ)၊ "ဝိညာဏပစ္စယာ နာမရူပံ' ဆိုတာ ဆက်မသွားဘူးလား (ဆက်သွားပါတယ်ဆရာ)၊ သွားမှာပဲ။

"ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဋ္ဌာယတနံ၊ သဋ္ဌာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။

http://www.dhammadownload.com

ဥပါယာသပစ္စယာ အာသဝါ။ အာသဝပစ္စယာ အဝိဇ္ဇာ" နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုချည်းသွားမယ်။

အဲဒါကြောင့် ရှေးဦးမဆွက တို့ ပဋိစ္စသမုပ္ပါဒ်မှာ တစ်လုံးချင်း တစ်လုံးချင်းနဲ့ တရားကိုယ်တရား သားလေးတွေ အရင်ပြပြ, ပြီးမှ တစ်ခုနဲ့တစ်ခု ကျေးဇူးပြုပြီးတော့ အကြောင်းအကျိုး ဆက်စပ်ပုံလေးတွေ နားလည်အောင် ရှင်းပြရမှာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီနောက်နားမှာ "ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ"ဆိုတဲ့ အခန်းလေးတွေ သွားတော့ ပဋိသန္ဓေအခန်းလေးနဲ့ သေသေချာချာ လူပြိန်းများ နားလည်ရအောင်လို့၊ ဩော်- ဘဝဖြစ်စဉ်ဆိုတာ ဒီလိုဖြစ်ရမှာပဲ၊ စုတိနောက် ပဋိသန္ဓေဆိုတဲ့ အခန်းလေးက စပြီးတော့ ပဋိသန္ဓေခန်းဆိုတာ ဒီလိုဖြစ်ရမှာပဲ။

ဒီလိုဖြစ်တော့ ပဋိသန္ဓေခန်းဖြစ်တာ တို့နားလည်တာကတော့ မွေးဖွားလာမှ ယောကျ်ားဖြစ် ယောကျ်ား၊ မိန်းမဖြစ် မိန်းမ ဒီလိုပဲ သိတယ်၊ ပဋိသန္ဓေနေတဲ့အခိုက်အတန့်လေးအတွင်းတော့ ဘယ်လိုဖြစ်လို့ ဘယ်လိုနေတယ်၊ ဘယ်လိုထိုင်နေတယ်၊ ဘယ်အချိန်ကျမှ ဘာတွေဖြစ်တယ်ဆိုတာတော့ တို့ သဘာဝကိုမသိရဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဲဒီ "သခ်ါရပစ္စယာ ဝိညာဏ်"ဆိုတဲ့ သခ်ါရသုံးပါးတည်းဟူသော အကြောင်းကြောင့် ဝိညာဏ်ဆိုတဲ့ အကျိုးတရားဖြစ်လာတဲ့ နေရာလေးမှာ သူ့တရားကိုယ် တရားသားလေးတွေ အရင်မှတ်ထားဦး။

ဩော်-အကျိုးဝိညာဏ်ဆိုတဲ့ အကျိုးတရားကြီး လာဖြစ်တာ။ (၃၂)ပါးသော အကျိုးဝိညာဏ်တွေလာဖြစ်တယ်။ ဒါ အကျိုးတရားတွေ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သခ်ါရပစ္စယာ၊ ပုညာဘိသခ်ါရ၊ အပုညာဘိသခ်ါရ၊ အာနေဉ္ဇာဘိသခ်ါရဟူသော သခ်ါရသုံးမျိုးကြောင့်။ ဝိညာဏ်၊ အကျိုးဝိညာဏ်တရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ (ဝါ) ဝိညာဏ်၊ လောကီဝိပါက် ဗာတ္တိသ (၃၂)ပါးသော ဝိညာဏ်တရားသည်။ သမ္ဘဝတိ၊ ဖြစ်၏ နော် (မှန်ပါတယ်ဆရာ)။ အဲဒီ(၃၂)ပါးသော ဝိညာဏ်ဆိုတဲ့ အကုသလဝိပါက်စိတ် (၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ ရူပဝိပါက်စိတ် (၅)ပါး၊ အရူပဝိပါက် (၄)ပါးသည်။

"သခ်ါရပစ္စယာ ဝိညာဏ်" သခ်ါရပစ္စယာ၊ သခ်ါရတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏ်၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ "သခ်ါရကြောင့် ဝိညာဏ်ဖြစ်တယ်" ဆိုတော့ သခ်ါရက အကြောင်းတရား၊ ဝိညာဏ်က အကျိုးတရား၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတော့ အကြောင်းက ဘယ်သူတုံး၊ သခ်ါရသုံးမျိုး၊ (တစ်နည်း) သခ်ါရခြောက်မျိုး၊ ပုညာဘိသခ်ါရ၊ အပုညာဘိသခ်ါရ၊ အာနေဉ္ဇာဘိသခ်ါရ၊ ကာယသခ်ါရ၊ ဝစီသခ်ါရ၊ စိတ္တသခ်ါရ၊ ခြောက်မျိုး နော် (မှန်ပါတယ်ဆရာ)။ ထိုသခ်ါရကြောင့် ဝိညာဏ်ဆိုတဲ့ အကျိုးတရားပေါ် လာတယ်၊ အဲဒီဝိညာဏ်ဆိုတဲ့

http://www.dhammadownload.com

အကျိုးတရားက ထိုသခ်ိၤရသုံးမျိုးကြောင့် ဖြစ်ပေါ်သော အကျိုးတရားစစ်စစ်ကိုသာလျှင် ကောက်ရမယ်လို့။ ဝိညာဏ်ခေါ်တိုင်း ရှိသမျှ အကုန်မကောက်ရဘူး၊ ဒါဖြင့် ထိုသခ်ိၤရသုံးမျိုးရဲ့ အကျိုးတရားစစ်စစ်ကို ကောက်ပါဆိုတော့ ဘာရလဲဆိုလို့ရှိရင် လောကီဝိပါက် ဗာတ္တိသ၊ လောကီဝိပါက်စိတ် (၃၂)ပါး နော် (မှန်ပါတယ်ဆရာ)၊ ဒါတွေရတယ်။

အဲဒီအခန်းလေးတွေ တော့ ထိုက်သင့်သည်အားလျော်ညီစွာ တရားကိုယ်လေး သရုပ်လေးက ထုတ်ထုတ်ပေးရမယ်၊ ဒါလေးတွေလည်း ပါမှ၊ ဒါမပါပြန်လည်း မပြီးနိုင်ဘူး၊ ဘာဖြစ်လို့ တရားကိုယ်တရားသားမှ ကောက်မသွားဘဲနဲ့ လုံးကောက် အဓိပ္ပာယ်ချည်း လျှောက်ပြောသွားပြန်တော့ မစေ့ဌဘူး၊ မပြည့်ဝဘူး ခေါ်တယ်၊ ဒါကြောင့် သဂြိဟ်သင်ဖူး ကြားဖူးနားဝရှိတဲ့လူက နားလည်လို့ရှိရင် မှတ်ပေါ့၊ သဂြိဟ်မှ လုံးဝမသင်ဘူးလို့ နားမလည်ဘူးဆိုတဲ့ လူက မမှတ်နဲ့၊ ဒါပေမဲ့ သမာဓိကောင်းကောင်းထားနားထောင်ပါ။ ဘုရားရှင်ကိုယ်တော်မြတ်ဟောသွားတဲ့ ပဋ္ဌာန်စွသမုပ္ပါဒ်ဒေသနာတော်ကြီးရဲ့ တရားကိုယ်နဲ့ သရုပ်နဲ့ သဘောအဓိပ္ပာယ်နဲ့ ကျကျနန ဟောပြောနေတာပဲ။ တို့ နားမလည်သော်လည်းဘဲ ယုံကြည်တဲ့ သဒ္ဓါတရား ရှေ့ထားပြီးတော့ နာယူလို့ရှိရင် ဓမ္မဿဝနကုသိုလ်အစစ်ဖြစ်တာပဲ မပျင်းနဲ့။

တို့နားလည်း မလည်ပါဘူးဟာ၊ သရုပ်တွေခွဲပြ တရားကိုယ်တွေကောက်ပြ စိတ်တွေ စေတသိက်တွေ ခွဲစိတ်ပြ တို့တော့ နားမလည်ပါဘူးဟလို့ မပျင်းနဲ့ မငြီးငွေ့နဲ့ မငိုက်နဲ့ ယုံကြည်တဲ့ သဒ္ဓါတရား ရှေ့ထားပြီး နာယူခြင်းသည်ပင်လျှင် ဓမ္မဿဝနကုသိုလ်ဆိုတဲ့ ကုသိုလ်တရားကြီး ရလာတယ်၊ ဒီလို အဓိပ္ပါယ်လေးမှ ရုပ်မှန်း နာမ်မှန်း ခန္ဓာမှန်းမှ စိတ်မှန်း စေတသိက်မှန်းမှ မကွဲပြားတဲ့ လင်းနို့သား ငါးရာတို့၊ ဖားသူငယ်တို့ ဒီတရားမျိုးကို သဒ္ဓါတရား ရှေ့ထားပြီးတော့ စေတနာ ထက်ထက်သန်သန်နဲ့ နာကြားလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံးရကြတယ်, ရောက်ကြတယ်ဆိုတဲ့ ထုံးဝတ္ထုလည်း ကြားဖူးမှာပေါ့။

အခုတော့ ထိုလင်းနို့အဟိတ်တိရစ္ဆာန်ခေါ်တဲ့ လင်းနို့တို့၊ ဖားတို့ထက် အဆပေါင်းများစွာ သာချင်တိုင်း သာနေတဲ့ လူသားအစစ်တွေပဲ၊ ဒါက စိတ်အကြောင်း၊ စေတသိက်အကြောင်း၊ ရုပ်အကြောင်းပြောတာ ဒီလောက်တော့ နားလည်တယ်၊ ဒါကြောင့် ဒီနေရာလေးမှာ "သခ်ိၤရပစ္စယာ ဝိညာဏံ" ဆိုတဲ့ အကူးလေး၊ "သခ်ိၤရပစ္စယာ" ဆိုတဲ့ အကြောင်းတရားက ပုညာဘိသခ်ိၤရ အပုညာဘိသခ်ိၤရ အာနေဉ္ဇာဘိသခ်ိၤရ၊ သူ့ကြောင့်ဖြစ်လာတဲ့ အကျိုးတရားက ဝိညာဏ်၊ ထိုဝိညာဏ် အကျိုးတရားရဲ့ တရားကိုယ်တရားသားအစစ် ကောက်စမ်းပါဆိုတော့ ထိုသခ်ိၤရသုံးမျိုးရဲ့ အကြောင်းကြောင့်

http://www.dhammadownload.com

ဖြစ်သော အကျိုးတရားသာလျှင် ကောက်ပါဆိုတော့ လောကီဝိပါက် ဗာတ္တိံသ (၃၂)ပါးသော ဝိပါက်စိတ်တွေရတယ်၊ အကုသလဝိပါက်စိတ် (၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ ရူပဝိပါက်စိတ် (၅)ပါး၊ အရူပဝိပါက်စိတ် (၄)ပါး စိတ်တရားတွေပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဝိပါက်စိတ်တရားတွေလာရတယ်၊ အားလုံးဝိပါက်စိတ်က (၃၆)ပါးရှိတယ်။

(၃၆)ပါးထဲက အခုတော့ "ဗာတ္တိံသ လောကိယဝိပါကာနိ" အဌကထာအတိုင်း တိုက်ရိုက်ဖွင့်ထားတော့ ဒီနေရာမှာ (၃၂)ပါးသော လောကီဝိပါက်ကိုသာ ကောက်ပါဆိုတော့ ဘာကျန်နေလဲဆိုတော့ လောကုတ္တရာဝိပါက်ကျန်နေရော၊ မကျန်ဘူးလား၊ (ကျန်နေပါတယ်ဆရာ)၊ သခ်ါရတည်းဟူသော အကြောင်းကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးဝိပါက်တရားတွေ ကောက်ရိုးမှန်လို့ရှိရင် ဘာကြောင့် လောကီဝိပါက် (၃၂)ပါးသော ဝိပါက်စိတ်သာ ကောက်သွားတုံးတဲ့၊ လောကုတ္တရာဝိပါက်စိတ် (၄)ပါးလည်း ဝိပါက်မဟုတ်ပါလား၊ ဘာကြောင့်ထားခဲ့တာတုံး မေးစရာမလိုဘူးလား နော် (လိုပါတယ်ဆရာ)။ ဒီနေရာက စာနယ်လေးကိုးကွ၊ လောကုတ္တရာဝိပါက်ကျတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒါကဝဋ်ကို လည်တတ်တဲ့သဘောတွေပြနေတဲ့ ဝဋ္ဋကထာတဲ့၊ လောကုတ္တရာဝိပါက်စိတ်ကတော့ ဝိပါက်တော့ဟုတ်ရဲ့တဲ့၊ ဝဋ်မြစ်မူလကို ဖြတ်ပစ်တဲ့သဘောရှိခြင်းကြောင့် လောကုတ္တရာဝိပါက်ကျတော့ မကောက်ပါနဲ့၊ ထားခဲ့ပါတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါ -

"လောကုတ္တရဝိပါကာနိ ပန ဝဋ္ဋမူလစ္ဆေဒဘူတတ္တာ ဣဓ န ယုဥ္ဇန္တီတိ န ဂဟိတာနိ။"

လောကုတ္တရဝိပါကာနိ ပန၊ လောကုတ္တရာဝိပါက်စိတ်တို့သည်ကား။ ဝဋ္ဋမူလစ္ဆေဒဘူတတ္တာ၊ ဝဋ်မြစ်မူလကို ဖြတ်တတ်သည်၏အဖြစ်ကြောင့်။ (ဝါ) ဝဋ်မြစ်ကို ဖြတ်တတ်သည်၏အဖြစ်ကြောင့်။ ဣဓ၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌။ (ဝါ) ဝဋ်ကို လည်ကြောင်းပြနေတဲ့ ဝဋ္ဋကထာ၌။ န ယုဥ္ဇန္တိ။ မယှဉ်ကုန်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ န ဂဟိတာနိ၊ မယူအပ်ကုန်။

ဒါလေးတွေက စာနယ်က ခက်ဆစ်လေးတွေပေါ့၊ စောဒကတက်လည်း တက်စရာပေါ့၊ သခ်ါရတည်းဟူသော အကြောင်းကြောင့် ဝိညာဏ်ဆိုတဲ့ အကျိုးတရား ကောက်တဲ့နေရာမှာ ဝိပါက်စိတ်တွေက အကျိုးတရားတွေပဲ၊ အကျိုးတရားတွေမှန်မှန်သမျှ, ဝိပါက်တွေ မှန်မှန်သမျှ "ဝိညာဏံ"ပုဒ်အရ ကောက်ခဲ့သော် ဝိပါက်စိတ် (၃၆)ပါးရှိတဲ့အနက်က (၃၂)ပါးထဲ ဘာကြောင့် ကောက်ရသလဲ၊ လောကုတ္တရာ ဝိပါက် (၄)ခု ဘာကြောင့် ချန်ထားရသလဲ၊ ဒီလိုများ စောဒကတက်ခဲ့သော်ပေါ့ နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် လောကုတ္တရာဝိပါက်စိတ်ကတော့ ဝဋ်မြစ်မူလဖြတ်တတ်တဲ့ သတ္တိရှိတယ်၊ အခု ဒီမှာဟောနေတဲ့ ဝိပါက်တွေကတော့ ဝဋ်ကို လည်တတ်တဲ့ ပဋိစ္စသမုပ္ပါဒကထာကိုကွ နော် (မှန်ပါတယ်ဆရာ)၊ ဝဋ်ကို လည်စေတတ်တဲ့ သဘောကို ပြောနေတာတဲ့၊ ဒါကြောင့် ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာမှာ ထိုလောကုတ္တရာဝိပါက်စိတ်က မယှဉ်ကောင်းဘူးခေါ်တယ်၊ ဒီလိုမယှဉ်ကောင်းလို့ မယူရရင်၊ ဘာမှ မဆိုင်ဘူး၊ ဝဋ္ဋကထာ-ဝဋ်ကို လည်ကြောင်းပြနေတဲ့ ဒေသနာဖြစ်လို့ ဝဋ်မြစ်မူလ ဖြတ်တတ်တယ်ဆိုတာ လောကုတ္တရာဝိပါက်၊ ခေါ်တိုင်း ယူရမှာလားလို့ ရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)၊ အဲဒီလိုသွား "အဝိဇ္ဇာပစ္စယာ သခ်ါရာ"တုန်းက ဒီလိုလာတာပဲ၊ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သခ်ါရာ၊ သခ်ါရသုံးမျိုးသုံးစားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ သုံးမျိုးသုံးစားနဲ့ ပုညာဘိသခ်ါရ အပုညာဘိသခ်ါရ အာနေဥ္ဇာဘိသခ်ါရ၊ ကုသိုလ်ထဲက ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်လို့ ကုသိုလ်တရားတွေ ကောက်သွားတယ်၊ ဒါအဝိဇ္ဇာကြောင့် ဖြစ်တာတဲ့၊ ဒါဖြင့် ကုသိုလ်တရားတွေ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ အကျိုးတည်းဟူသော သခ်ါရမှာ ကုသိုလ်တရားတွေ ကောက်သွားလို့ရှိရင် လောကုတ္တရာစိတ်ရှစ်ခုက မဂ်စိတ်လေးပါးတည်းဟူသော ကုသိုလ်ကလည်း လောကုတ္တရာကုသိုလ်မဟုတ်ပါလား၊ ဘာကြောင့် ဒီကုသိုလ်တရားလေးပါးတော့ ချန်ထားရတုံးလို့ အခုလည်း ဒီလိုပါပဲ။ ဒီအတိုင်းပါပဲ။ ဒီတော့ လောကုတ္တရာကုသိုလ်ဆိုတဲ့ တရားက ကုသိုလ်တော့ ဟုတ်တယ်၊ ဝဋ်မြစ်မူလ ဖြတ်တတ်တဲ့သတ္တိရှိလို့ ဒီနေရာမယူရတာပါတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီမှာဟောနေတဲ့ သဘောကတော့ ဝဋ်ကိုလည်တတ်တဲ့ တရားတွေ စုပေါင်းပြီးတော့ ဟောနေတာ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)။

လောကုတ္တရဝိပါကာနိ ပန ဝဋ္ဋမူလစ္ဆေဒဘူတတ္တာ ဣဓ နယုဥ္ဇန္တီတိ နဂဟိတာနိ။

လောကုတ္တရဝိပါကာနိ ပန၊ လောကုတ္တရာဝိပါက်စိတ်တို့သည်ကား။ ဝဋ္ဋမူလစ္ဆေဒဘူတတ္တာ၊ ဝဋ်မူလကို ပယ်ဖြတ်တတ်သည်၏အဖြစ်ကြောင့်။ (ဝါ) ဝဋ်မြစ်ကို ဖြတ်တတ်သည်၏အဖြစ်ကြောင့်။ ဣဓ၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌။ (ဝါ) ဝဋ်ကို လည်ကြောင်းပြနေတဲ့ ဝဋ္ဋကထာ၌။ နယုဥ္ဇန္တိ။ မယှဉ်ကုန်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ နဂဟိတာနိ၊ မယူအပ်ကုန်။

ကုသိုလ်တော့မှန်ရဲ့၊ ဒါပေမယ့် မဂ်စိတ်လေးပါးဆိုတဲ့ ကုသိုလ်စိတ်က ဝဋ်မြစ်ကို ဖြတ်တတ်တဲ့ သတ္တိရှိတယ်တဲ့၊ ဒီမှာ ဟောနေတဲ့ ဒေသနာက ဝဋ်လည်တာကို ဟောနေတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါစာနယ်ထဲက မှတ်စရာအထူးလေးတွေပေါ့၊ နောက် စာဝါသနာပါတဲ့ ပုဂ္ဂိုလ်များ အဖို့လည်း မှတ်သားစရာလေးတွေ ရတာပေါ့၊ စောဒကတက်ခဲ့သော် ဒီလိုဖြေ နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုသွားရမှာ ပြီးတော့မှ "သခ်ါရပစ္စယာ ဝိညာဏံ"ဆိုတဲ့နေရာမှာ သခ်ါရပစ္စယာ၊ သခ်ါရ

http://www.dhammadownload.com

သုံးပါးတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏ်၊ အကျိုးဝိညာဏ်တရား။ သမ္ဘဝတို့၊ ဖြစ်၏။ ဆိုတော့ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ သင်္ခါရသုံးမျိုးက အကြောင်းတရားခံနေရော (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်က အကျိုးတရားနေရော ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ အဲဒီအကျိုးတရားဆိုတဲ့ ဝိညာဏ်က ဘယ်သူ့ကြောင့်ဖြစ်တဲ့ အကျိုးတရားလဲဆိုတော့ သင်္ခါရသုံးမျိုးကြောင့်ဖြစ်တဲ့ အကျိုးတရား၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီသင်္ခါရကြောင့်ဖြစ်တဲ့ အစစ်ဝိညာဏ်တွေ ကောက်စမ်းပါဆိုတော့ ဘယ်သူရတုံး လောကီ ဝိပါက်ဗာတ္တိသ၊ ဝိပါက်စိတ် (၃၂)ပါးနော် (မှန်ပါတယ်ဆရာ)။

မနေ့ညက ပြောထားတဲ့အတိုင်း အကုသလဝိပါက်စိတ် (၇)၊ အဟိတ်ကုသလဝိပါက်စိတ် (၈)၊ မဟာဝိပါက်စိတ် (၈)၊ ရူပဝိပါက်စိတ် (၅)၊ အရူပဝိပါက်စိတ် (၄)၊ ရေတွက်တတ်ရဲ့လား၊ (ရေတတ်ပါတယ်ဆရာ)၊ ရေစမ်းပါ၊ (အကုသလဝိပါက်စိတ် (၇)၊ အဟိတ်ကုသလဝိပါက်စိတ် (၈)၊ မဟာဝိပါက်စိတ် (၈) ရူပဝိပါက်စိတ် (၅)၊ အရူပဝိပါက်စိတ် (၄)၊ အေး ဟုတ်ပြီ၊ ဒါဖြင့်ရင် ဝိပါက်တွေ ကောက်သွားလို့ရှိရင် လောကုတ္တရာဝိပါက်စိတ်၊ ဖိုလ်စိတ်လေးခုတော့ ဝိပါက်စိတ်မှန်ရဲ့သားနဲ့ ဘာကြောင့်ထားရလဲ၊ ဘယ့်နှယ့်ပြောမလဲ၊ (သံသရာ့ဝဋ်မြစ် ဖြတ်တတ်လို့ မကောက်တာပါဆရာ)၊ ဩော် တော်တယ်ကွာ သာဓု နော်၊ ဟုတ်ရဲ့လား၊ (မှန်ပါတယ်ဆရာ) ဒီလောကုတ္တရာဝိပါက်စိတ်ကတော့ ဝိပါက်တော့ ဟုတ်တယ်လား (ဟုတ်ပါတယ်ဆရာ)၊ သံသရာ့ ဝဋ်မြစ်ကို ဖြတ်နိုင်တဲ့သတ္တိရှိတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အခုကောက်သွားတဲ့ ဝိပါက်တွေက ဘာပြု၊ (လည်စေတတ်လို့ပါဆရာ)၊ ဩော် သူတို့က ဝဋ်လည်တတ်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။

အေး ဟုတ်ပြီ ဝမ်းသာစရာပေါ့ကွာ၊ တစ်လုံးမှတ်မိမှတ်မိ၊ နှစ်လုံးမှတ်မိမှတ်မိ ဆိုသလိုပေါ့ကွာ မှတ်မိသမျှလေး ပြတ်ပြတ်သားသားလေးရှိအောင်မှတ်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ဝဋ္ဋကထာဆိုတဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ်ဒေသနာကြီးမှာ တစ်ခုနဲ့တစ်ခု ကျေးဇူးပြုပြီးတော့ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုးဆက်စပ်ဆက်စပ်ပြီးတော့ မပြတ်လည်တဲ့ တရားစုတွေကို ထည့်ထည့်ပြတယ်။ ဒါကြောင့် အဝိဇ္ဇာနှင့်သင်္ခါရ၊ သင်္ခါရပြသွားတဲ့နေရာမှာ တို့လူစုတွေ တော်တော်ကြီး ရိပ်စားမိကြပါစေ၊ လုပ်တတ်ကိုင်တတ်ရှိကြပါစေ၊ နောက်ထပ် အမှားမရှိပါစေနဲ့၊ အမှန်အတိုင်းသိကြပါစေဆိုတဲ့ စေတနာအားဖြင့် ဒီသင်္ခါရသုံးမျိုး ကြိုးစားပုံကို ထပ်ပြန်တလဲလဲပြနေတာ ညပေါင်းအတော်များသွားပေါ့ နော် (မှန်ပါတယ်ဆရာ)။

ရိပ်စားမိလောက်တယ်လို့ ဒီလိုစိတ်က အောက်မေ့ပါတယ်၊ ရိပ်စားမိလောက်ဟန်တူပါရဲ့လို့ အောက်မေ့တယ်၊ ဒါပေမယ့် နည်းနည်းပါးပါး စနည်းနာကြည့်တော့ သင်တန်းသူတွေ နည်းနည်း

http://www.dhammadownload.com

ဝေးတယ်လို့ ပြောတယ်၊ တွေ့လည်ကြောင်ပတ်ကြီးတွေ တချို့လည်း မပြတ်သားဘူးတဲ့၊ သူတို့ ပြတ်သားတာက ဘာတွေပြတ်သားတုံး၊ ဖိုးသာဘမ်း ဝါးထမ်းတာတို့ ခေါင်းအုံးကြီးအမွေဝေတာတို့။ ဒါတွေ အားကြီးနေတာကို လုပ်ပုံလုပ်နည်းလေးတွေ မှတ်စမ်းပါ၊ သဘောအဓိပ္ပာယ်လေးတွေ မှတ်စမ်းပါဆိုတော့ ဒါတွေက သိပ်မပြတ်သားဘူး။ အင်မတန့်ကိုပဲ နားလည်စေချင်လွန်းလို့ ဒီလောက်ကြီးရက်တွေ ဆက်ခါဆက်ခါနဲ့ ပြနေတာလို့။

ဝဋ်အတွင်းက မလွတ်ကင်းဘဲနဲ့ နစ်မွန်းနေတယ်ဆိုတဲ့ ဒုက္ခကြီးက အင်မတန်မှ ကြီးကျယ်လို့ အင်မတန်မှ ကြောက်လန့်ဖွယ်ကောင်းလွန်းလို့ ဒီနည်းနဲ့သာ ဒီလိုပဲ ဆက်ခါဆက်ခါလုပ် ဒီလိုပဲ မြုပ်မှာပဲလို့၊ ဒါကြောင့် ဟုတ်ဟုတ်ငြားငြားနဲ့ ပြတ်ပြတ်သားသားကြီး နားလည်အောင် လုပ်တတ်သွားရင် တကယ်ဝဋ်မြစ်မူလက ပြတ်နိုင်ပါတယ်။ ဝဋ်က ထွက်နိုင်ပါတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ အမြန်ဆုံး အမှန်ဧကန်အားဖြင့် မျက်မှောက်ပြုနိုင်ပါတယ်ဆိုတဲ့ သဘော အဓိပ္ပာယ်လေးတွေ ရှင်းရှင်းပေးတယ်။ ဒါကြောင့် သေသေချာချာနဲ့ မှတ်ကြပါ။ အချင်းချင်းလည်း မေးပေါ့၊ အချင်းချင်းလည်း ဆွေးနွေးပေါ့။ မသိသေးတာ အကြွေးမထားနဲ့ တရားပဲ လောကီစီးပွားတောင် အကြွေးဆိုရင် အင်မတန် စက်ဆုပ်ရွံရှာတယ်၊ အကြွေးဆိုတာ အဆုံးသတ်ရမယ်။

ဒါကြောင့် လောကုတ္တရာစီးပွားကြီးရှာနေတာ ဘဝသံသရာဝဋ်အတွင်းက တကယ်လွတ်ကင်းချင်လို့ ကြိုးစားနေတဲ့တရား၊ ကိုယ်မသိတာ မရှင်းတာမလင်းတာကို ဝမ်းထဲမျိုမထားနဲ့ မေးပေါ့၊ အချင်းချင်းတွေမေး အချင်းချင်းတွေ မေးလို့မရရင် သူ့ထက်ပိုပြတ်သားနားလည်တဲ့ ပုဂ္ဂိုလ်ကိုသွားမေး အကြွေးမထားနဲ့၊ သံသယရှင်းသွားတယ်ဆိုရင် တစ်လုံးလင်းသွားတယ်။ သာသနာ တစ်ချက်လင်းတယ်ခေါ်တယ်။ ငှါဝမ်းထဲ ရှင်းသွားပြန်ပေါ့ သံသယမှ ကင်းနိုင်၏၊ ထွေးထွေးရှုပ်ရှုပ် ဖြစ်နေတာ မထွေးနိုင် မမျိုနိုင်ဖြစ်နေတာ ရှင်းသွားပြန်ပေါ့ အင်မတန်ဝမ်းသာစရာကောင်းတယ်။ ဒါကြောင့် အဝိဇ္ဇာကြောင့်ဖြစ်လာတဲ့ သခါရသုံးမျိုး ကြိုးစားအားထုတ်ပုံလေးတွေ, လုပ်ပုံလေးတွေမဟုတ်တဲ့ လုပ်နည်းနဲ့ လုပ်လာကြလို့ သံသရာမှ တစ်မြုပ်ထဲမြုပ်နေကြတယ်လို့၊ ဒါကြောင့် ဘယ်တော့ သံသရာဝဋ်ကကျွတ်ပါ့မလဲ၊ ဒီနည်းသာသွားမယ် ဒီအလုပ်တွေနဲ့သွားမယ် ဒီစေတနာတွေနဲ့သွားကြမယ်ဆိုရင် လွတ်နိုင်စရာအကြောင်းမရှိဘူး။ ဒါ့ကြောင့် ဒီလမ်းကြောင်းလေး လွဲပြောင်းပြီးတော့ စေတနာထားပုံလေးတွေ ရည်ရွယ်ချက်ပြောင်းပုံလေးတွေ တင်ပြပြီးပြောရခြင်းဖြစ်ပါတယ်၊ အလွယ်လေးပါ ဘာမှခဲယဉ်းတာ မဟုတ်ဘူး။ ဒီကုသိုလ် ဒီကုသိုလ် ဘာမှမထူးဘူး။

အရင်တုန်းက အမှားမှား အရမ်းရမ်းလုပ်လာတုန်းက ကုသိုလ် ဒါန သီလ သမထပဲ၊ အခု အမှန်

http://www.dhammadownload.com

မျက်စိနဲ့ လုပ်ကြံတယ်ဆိုတော့လည်းပဲ ဒီဒါန သီလ သမထပဲမဟုတ်ဖူးလားကွ (မှန်ပါတယ်ဆရာ)။ မလုပ်ရဘူးလို့မဆိုပါဘူး ဒီကုသိုလ်ကံတွေပဲလုပ်ရမှာပါ။ ဒါပေမယ့် မိမိအသိဉာဏ်လေးတွေ ပြတ်သားထားတော့, နားလည်ထားတော့ အရင်တုန်းကလုပ်တဲ့ ဝဋ်ဆဲမြုပ်ပေမယ် မြုပ်တတ်တယ်၊ မျောတတ်တယ်။ အခုလုပ်နည်းလုပ်ဟန် အသိဉာဏ်နဲ့ လုပ်သွားလို့ရှိရင် ဝဋ်ဆဲက ထွက်နိုင်တယ်၊ ဘုံသုံးပါးထဲက လွတ်နိုင် ကျွတ်နိုင်တယ် နိဗ္ဗာန်မျက်မှောက်ပြုနိုင်တယ် မကောင်းဖူးလား (ကောင်းပါတယ်ဆရာ)၊ အခု သင်တန်းလိုက်တဲ့လူတွေ နိဗ္ဗာန်တကယ်လိုချင်ကြရဲ့လား မေးကြည့်ရဲ့လား (မေးမကြည့်မိပါဘူးဆရာ)၊ မေးမကြည့်မိဘူး ဟုတ်လား၊ မင်းကိုယ်တိုင်က တကယ်လိုချင်လား (လိုချင်ပါတယ်ဆရာ)၊ ငါယုံတောင်မယုံချင်ပါဘူး၊ မင်း တကယ်လိုချင်သလား (တကယ်လိုချင်ပါတယ်ဆရာ)၊ သံသရာကြီးကော မင်းငြီးငွေ့လား (ငြီးငွေ့ပါတယ်ဆရာ)၊ တကယ်ငြီးငွေ့လား (တကယ်ငြီးငွေ့ပါတယ်ဆရာ)၊ ကြောက်ကောကြောက်ရဲ့လား (ကြောက်ပါတယ်ဆရာ)၊ ဟုတ်မှလုပ်နော် (တကယ်ငြီးငွေ့ပါတယ်ဆရာ)၊ အောင်မယ် - ချွဲ့ လိုက်သေး၊ တကယ်ကြောက်စရာကောင်းတယ်။

သာယာဝတီ ဦးညေယျလို ငါမေးကြည့်မယ် - မင်းဘုရားစူး၊ (မိုးကြိုးပစ်ရပါစေဆရာ)၊ ဟော ဗျာ ကြိမ်တာတောင် ပရိယာယ်ပါသေးတယ်၊ သိပ်ရိုးသားတာ၊ တကယ်ကြောက်မှ လူတွေက နိဗ္ဗာန်လိုချင်တာဟ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သံသရာကြီး တကယ့်အပြစ်တွေ မြင်မြင်လာမှ နောက်ထပ် မဖြစ်ချင်ဘူး၊ ဒုက္ခတွေ မြင်လာပြီး ဘယ်တော့မှ ဒီဒုက္ခတွေက ကျွတ်ရပါ့မတုံး၊ ဒုက္ခကိုမြင်မှသံသရာက ကျွတ်တယ်လို့ခေါ်တယ်၊ သံသရာတွင်းရောက်ရင် ဒုက္ခတွင်းရောက်တယ်လို့ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒုက္ခတရားကြီးခေါ်တယ်။ "ဒုက္ခံ တေဘူမကဝဋ်"လို့ ဆိုထားတယ်။ ဘုံသုံးပါးဖြစ်တာ ဒုက္ခကြီးပဲတဲ့၊ အဲဒီဒုက္ခကြီးမြင်လာပြီး ဒီဒုက္ခမှ ကျွတ်ချင် လွတ်ချင်တယ်ဆိုရင် ဒါနိဗ္ဗာန် အာရုံပြုလိုတာပဲ၊ နိဗ္ဗာန်ကို မျှော်မှန်းလာတယ်၊ ဒီနိဗ္ဗာန်မှ သုခအစစ်၊ သံသရာအတွင်းဖြစ်နေတာ ဒုက္ခ၊ နိဗ္ဗာန်ရောက်မှ သုခအစစ်၊ ဒါပေမယ့် တို့လူစုက သင်တန်းရဲ့နောက်ဆုံးမှ နိဗ္ဗာန်ပြပြထားတော့ နိဗ္ဗာန်ရဲ့အဓိပ္ပာယ် မသိဘူးတော့ အခုထိ မမက်မောသေးဘူး နော် (မှန်ပါတယ်ဆရာ)၊ မလိုချင်, လိုချင်ဖြစ်ဖြစ်နေ၊ ဘာပြုလို့လဲဆိုတော့ သူတို့ကြားဖူးတဲ့နိဗ္ဗာန်က နိဗ္ဗာန်ရောက်သွားတယ်ဆိုတာကွာ ဘာမှမရှိဘူးဟ၊ နိဗ္ဗာန်ဆိုတာ လေလို, မီးခိုးလိုပဲ ပျောက်သွားတာပဲ၊ လက်ရှိ ခန္ဓာကမ္မဇရုပ်တွေ ချုပ်ငြိမ်းပျောက်ပျယ်သွားတာ, ချုပ်သွားတာ ဒါဟာ နိဗ္ဗာန်ပဲ ဆိုတော့ -

ဘယ်သူဖြစ်ဖြစ် စိတ်က ထက်ထက်သန်သန်နှင့် လိုချင်တဲ့လူမရှိဘူး၊ လိုချင်ပါ့မလား (မလိုချင်ပါဘူးဆရာ)၊ ဘာလိုချင်မလဲ၊ မင်းလည်းမလိုချင်ဘူး၊ ငါလည်းမလိုချင်ဘူး၊ လိုချင်ပါ့မလား (မလိုချင်ပါဘူးဆရာ)။ မလိုချင်ဘူးဟ ပျောက်သွားတယ်၊ ချုပ်သွားတယ်ဆိုကတည်းက ကောင်းတဲ့အလုပ်မှ

http://www.dhammadownload.com

မဟုတ်ဘဲ ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊မဟုတ်ဘူး၊ နောက်ခန္ဓာကမ္မဇရုပ်တွေ ချုပ်ငြိမ်းခြင်း သဘောသည် နိဗ္ဗာန်လို့ဆိုထားတော့ ချုပ်လည်းသွား၊ ပျောက်လည်းသွား၊ ဘာမှမရှိဘူး၊ ဘယ်သူလို ချင်မလဲ (ဘယ်သူမှမလိုချင်ပါဘူးဆရာ)၊ ဘာမှ တန်ဖိုးမရှိပဲ သံသရာတွင်းရှိနေတဲ့ လူစည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်လောက်တောင် မမွန်မြတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ရောက်မနေဘူးလား (ရောက်နေပါတယ်ဆရာ)။

ဘယ်လိုဖြစ်နေတုံး၊ ဒါဟာ နိဗ္ဗာန်လိုချင်တဲ့ ဆန္ဒဓာတ်က အင်မတန့်ကို နည်းလို့၊ ဒါကြောင့် နိဗ္ဗာန်ကို ရည်ရွယ်ပြီး လုပ်စမ်းပါ၊ ရည်ရွယ်ပြီး လုပ်စမ်းပါလို့ တို့များက အထူးသဖြင့် တိုက်တွန်းနေ ပေမယ့် သူတို့စိတ်ဓာတ်တွေ ပါချင်မှပါမှာ၊ ဘာပြုလို့လဲ၊ နိဗ္ဗာန်ကိုတစ်မျိုးအားဖြင့် တွေးပြီး ကြောက်နေ တယ်၊ နိဗ္ဗာန်ရောက်မှာကို ခပ်ကြောက်ကြောက်ဖြစ်နေတယ်၊ သံသရာတွင်းပဲ ဖြစ်တတ်သမျှလေးနဲ့ လူဖြစ်ရင်လည်း လူ့ချမ်းသာ၊ နတ်ဖြစ်ရင်လည်း နတ်ချမ်းသာ၊ ဗြဟ္မာဖြစ်ချင်ရင်လည်း ဗြဟ္မာချမ်းသာ၊ ဒါနဲ့ပဲ လှည့်ကာပတ်ကာ နေရတာ ကောင်းပါလိမ့် ထင်ပါရဲ့၊ စိတ်က ဒီဘက်ကိုပဲ ပြန်ပြန်ကပ်နေတာ နော် (မှန်ပါတယ်ဆရာ)။

အဲဒါ နိဗ္ဗာန်ရဲ့အရသာ နိဗ္ဗာန်ရဲ့သဘာဝ နိဗ္ဗာန်ရဲ့အဓိပ္ပာယ် နားမလည်ဘူး။ ငါတစ်နေ့ ညက ပြထားတဲ့ ထန်းတောထဲက ထန်းလက်တဲနဲ့အိမ်ရှင်လိုပေါ့နော် (မှန်ပါတယ်ဆရာ)၊ သူပြောင်းရွှေ့ပေးမယ် ဆိုတဲ့ တိုက်ကြီးရဲ့ အဓိပ္ပာယတ္ထတို့ မော်တော်ကားတို့ ဓာတ်မီးတို့ စည်းစိမ်ကြီးရဲ့အဓိပ္ပာယ် သူမသိတော့ သူ့ထန်းလက်တဲလေး လက်မလွတ်ချင်ဘူးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ထန်းလက်တဲလေးနေရ တာကောင်းပါသေး ဒီလို ဖြစ်နေတယ်။ အခုလည်း ဒီလိုပဲ သံသရာငြီးငွေ့တယ်။ သံသရာ ရွံ့မုန်းပါ တယ်၊ သံသရာကြောက်ပါတယ်ဆိုပေမယ့် ကြောက်ချင်မှကြောက်မှာ၊ ဘာဖြစ်လို့လဲ၊ ဟိုဘက်ရောက် ရမယ့် နိဗ္ဗာန်က မလှမပဖြစ်နေတယ်၊ စိတ်ထက်သန်စရာအကြောင်းကို ရှာမရဘူး။ အဲဒီလိုဖြစ်နေ တယ်။ ဒါကြောင့် ဒီသံသရာကြီး တကယ်ငြီးငွေ့အောင်, ထိတ်လန့်အောင် သံသရာရဲ့အပြစ်တွေ၊ ခန္ဓာရဲ့အပြစ်တွေ၊ ရုပ်နာမ်ရဲ့အပြစ်တွေ တစ်ခုပြီးတစ်ခု ဝေဖန်ဝေဖန်ပြီးပြ၊ ပြရုံတွင်မကသေးဘူး၊ အခု ရုပ်နာမ်ဆိုတဲ့ ခန္ဓာ အာယတနဓာတ်တွေပဲ တစ်ခုပြီးတစ်ခု အကြောင်းခံခံ၊ ခံခံပြီးတော့ အကျိုးပေါ်လိုက် အကြောင်းခံလိုက် အကျိုးပေါ်လိုက် မရပ်မနားဘဲနဲ့ ဆက်စပ်ပြီးသွားနေတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာ ဆိုတဲ့ ဝဋ္ဌကထာကြီးတစ်ခါပြတယ်။ အဲဒါ သဘာဝကျကျနဲ့ သေသေချာချာ သမာဓိကောင်းကောင်း ထားစဉ်းစားကြည့် လည်ပုံလည်နည်းလေးတွေ။

ဒီတော့ "သခ်ါရပစ္စယာ ဝိညာဏံ"၊ ဒီတော့ သခ်ါရက အကြောင်း တရားဖြစ်၊ ဝိညာဏ်က

http://www.dhammadownload.com

အကျိုးတရားဖြစ်ကရော၊ ဝေထားတဲ့ စာရွက်ကလေးတွေလည်း ပြန်လည်နွေးကြပါအုံး နော်၊ ပြန်လည်းကြည့်ကြပါအုံး။ သခ်ါရပစ္စယာ၊ သခ်ါရတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ သခ်ါရကအကြောင်း ဝိညာဏ်ကအကျိုး အကြောင်းသခ်ါရဆိုတာ ဘယ်သူတွေတုံး ဘယ်နယ့်လုပ်တာတွေတုံး ဘာတွေလုပ်တာတုံး၊ ပုညာဘိသခ်ါရ၊ အပုညာဘိသခ်ါရ၊ အာနေဉ္ဇာဘိသခ်ါရ စေတနာသုံးမျိုးပါပဲ။ ပုညာဘိသခ်ါရဆိုတာ ကာမာဝစရကုသိုလ်စေတနာ၊ ရူပါဝစရကုသိုလ်စေတနာ၊ အပုညာဘိသခ်ါရဆိုတာ အကုသိုလ်စေတနာ၊ အာနေဉ္ဇာဘိသခ်ါရဆိုတာ အရူပါဝစရကုသိုလ်စေတနာ နော် (မှန်ပါတယ်ဆရာ)၊ ဒါတွေ တူရာတူရာ ပေါင်းပြီးတော့ နားလည်မှုရှိအောင် ပြောစမ်းပါဆိုတော့ ကုသိုလ်နှင့်အကုသိုလ် နှစ်ပါးလုပ်ပေးကြတယ် မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ကုသိုလ်နဲ့အကုသိုလ် နှစ်ပါးလုပ်နေကြတယ်တဲ့ ကုသိုလ်စေတနာတွေ၊ အကုသိုလ် စေတနာတွေလုပ်နေတယ်၊ အဲဒီကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ စေတနာတွေလုပ်လိုက်ရင် ဘာဖြစ်လဲဆိုတော့ ဒုတိယဘဝ သွားပြီးတော့ ဝိညာဏ်ဆိုတဲ့ အကျိုးတွေ သွားပေါ်ပါလေရော မဟုတ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ ပဋိသန္ဓေခန်း၊ အဲဒီဝိညာဏ်ဆိုတဲ့ အကျိုးတရားတွေက ဘယ်သူတွေလဲလို့မေးတော့ တရားကိုယ်အားဖြင့် ကောက်လိုက်တော့ အကုသလဝိပါက်စိတ် (၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ ရူပဝိပါက်စိတ် (၅)ပါး၊ အရူပဝိပါက်စိတ် (၄)ပါး ပေါင်းတော့ (၃၂)ပါး ရ၏။ ဟိုမှာ အကျိုးတရားတွေသွားပေါ်တယ် နော်၊ (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ပဋိသန္ဓေခန်းပြပါမယ်၊ အကျိုးတရားတွေ သွားပေါ်တယ်၊ ဒါနဲ့ လောကုတ္တရာဝိပါက်စိတ် (၄)ခုကလည်း ဝိပါက်မဟုတ်ပါလား၊ ဘာကြောင့် ဒီနေရာထားခဲ့သလဲဆိုတော့ လောကုတ္တရာဝိပါက်စိတ်ကတော့ ဝဋ်မူလကို ဖျက်ဆီးတတ် ဖြတ်တောက်တတ်တဲ့ သတ္တိရှိလို့တဲ့။ အခု ဝဋ်လည်တတ်တဲ့ ဝဋ်ကထာထဲမှာ မယှဉ်ကောင်းဘူး၊ မယူကောင်းဘူးခေါ်တယ်၊ မဟုတ်လားကွာ (မှန်ပါတယ်ဆရာ)။

နောက် ဝဋ်လည်စေတတ်တဲ့ တရားတွေကို သီးသန့်ပြလိုက်တော့ အခု သခ်ါရသုံးမျိုး ကြိုးစားလိုက်ရင်ပဲ သူရဲ့နောက်ပိုင်းမှာ "သခ်ါရပစ္စယာ ဝိညာဏံ" ဆိုတာ အကျိုးဖြစ်သွားပေါ့၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အဲဒါ ဝဋ်လည်တတ်တာတွေ သေချာကြည့်၊ ဒါဖြင့် ကုသိုလ်ကံလုပ်လည်းလည်တာပဲ၊ အကုသိုလ်ကံလုပ်လည်း လည်တာပဲ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါလည်အောင် လုပ်လိုက်လို့ လည်တာ၊ မလည်အောင် လုပ်ရင် လည့်ကို မလည်ဘူးနော် (မှန်ပါတယ်ဆရာ)၊ လည်အောင် လုပ်တာ ဘယ်နယ့်လုပ်မလဲ၊ ဒါန သီလ သမထ ဆိုတဲ့ ကုသိုလ်တွေ လုပ်စဉ်အခါတုန်းက ဝဋ်သုံးပါးတမ်းတပြီးလုပ်တယ် မဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒါန သီလ သမထ ဆိုတဲ့ ကုသိုလ်သုံးပါးဟာ "ဝဋ္ဋပါဒ"ဆိုတဲ့ ကုသိုလ်တွေ ဖြစ်ကုန်ရောတဲ့။ မင်ဉာဏ်လေးပါး ဖိုလ်ဉာဏ်

http://www.dhammadownload.com

လေးပါး နိဗ္ဗာန်ဆိုတဲ့ "နဝလောကုတ္တရဓမ္မ"။ ကိုးပါးသော တရားကိုသာ ရည်မှန်းပြီးတော့ တောင့်တပြီး လုပ်လို့ရှိရင် "ဝိဝဋ္ဋပါဒ"ကုသိုလ်ဖြစ်မယ်ဆိုလို့ရှိရင် ဒီနေရာမှာ ဘယ်နှယ့်နည်းမှ ထိုသခ်ါရနောက်ပိုင်း ဝိညာဏ်မပေါ်နိုင်ဘူးတဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်မပေါ်ဘူးဆိုတာ လည်သေးရဲ့လား (မလည်တော့ပါဘူးဆရာ)၊ ပြုတ်ကရော မဟုတ်ဘူးလား (ပြုတ်ပါတယ်ဆရာ)၊ အဲဒါပြတာ၊ ဒါကြောင့် ဒီနေရာမှာ သခ်ါရသုံးမျိုးက အကြောင်းတရား ဝိညာဏ်က အကျိုးတရား အကျိုးတရားဆိုတဲ့ ဝိညာဏ်မှာ မုချအကျိုးတွေ ကောက်လိုက်တော့ လောကီဝိပါက်ဗာတ္တိသ၊ လောကီဝိပါက်စိတ် (၃၂)ပါးရ၏။ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဆရာ)။ ဒီသခ်ါရသုံမျိုး ကြိုးစားစဉ်အခါတုန်းက ပုညာဘိသခ်ါရဆိုတာ ကာမာဝစရ ကုသိုလ်ရယ်၊ ရူပါဝစရကုသိုလ်ရယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အာနေဥ္ဇာဘိသခ်ါရ ဆိုတာ အရူပါဝစရကုသိုလ်ရယ်၊ ထိုကုသိုလ်သုံးမျိုး ပေါင်းလိုက်တော့ ဒါန သီလ သမထပါပဲ၊ မဟုတ်လား (မှန်ပါတယ်ဆရာ)။ ပြီးတော့ အပုညာဘိသခ်ါရ အကုသိုလ်ရယ်၊ ဒီအလုပ်တွေလုပ်တယ်၊ ကူးလိမ့်မယ်၊ ကူးလိမ့်မယ်၊ သေချာကြည့်၊ သမာဓိလည်း ကောင်းကောင်းထား။

လွန်ခဲ့သော အတိတ်ဘဝက မောင်ဖြူသည် ဒါနကုသိုလ် သီလကုသိုလ်ကို လုပ်ခဲ့၏၊ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒါနကုသိုလ် သီလကုသိုလ် လုပ်ခဲ့၏။ ဒါ ပုညာဘိသခ်ါရ မဟုတ်လားကွ၊ (ပုညာဘိသခ်ါရပါဆရာ)၊ အဲဒီ ဒါနကုသိုလ် သီလကုသိုလ် လုပ်ခဲ့စဉ်အခါတုန်းက သူ့ဘာရည်ရွယ်ချက်နဲ့ လုပ်တာတုံး၊ ဘဝကောင်းရာ ငါကောင်းရာ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဘုံသုံးပါးတမ်းတပြီး လုပ်ခဲ့တယ်၊ အဲဒီလုပ်လိုက်တဲ့ ဒါနကုသိုလ်စေတနာဆိုတဲ့ကံ-က အကြောင်းတရားဖြစ်တယ် ပုညာဘိသခ်ါရ၊ "သခ်ါရပစ္စယာ" မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ သေသည်၏ အခြားမဲ့ ဒုတိယဘဝမှာ သွားဝိညာဏ်ဖြစ်ကရော့ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ အကျိုးတရား မနေဘူးလား (အကျိုးတရားပါဆရာ)။ အေး-အကျိုးတရားဖြစ်၊ ပဋိသန္ဓေဝိညာဏ်ဖြစ်ကရော့၊ အဲဒီ ပဋိသန္ဓေ ဝိညာဏ်သွားဖြစ်တဲ့နေရာမှာ ပဋိသန္ဓေဖြစ်ခါစ ပြထားတယ်။

ဝိညာဏ်နှစ်မျိုး

"သခ်ါရပစ္စယာ ဝိညာဏံ" သခ်ါရပစ္စယာ၊ လွန်ခဲ့သော ဟိုဘက်ဘဝတုန်းက ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်တွေကို ကြိုးစားအားထုတ်ခဲ့ခြင်းကြောင့်။ ဝိညာဏံ၊ ဒုတိယဘဝ၌ ဝိညာဏ်ဖြစ်ရခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ အဲဒီဝိညာဏ်ဟာ ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ် နှစ်မျိုး၊ ပဋိသန္ဓေခဏရလာတဲ့ ဝိညာဏ်ရယ်၊ ပဝတ္တိရလာတဲ့ ဝိညာဏ်ရယ် နှစ်မျိုးကောက်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ပဋိသန္ဓေခန်းပြကြစို့ဆိုတော့ ဩော်-လွန်ခဲ့သော ဟိုဘက်ဘဝတုန်း

http://www.dhammadownload.com

က ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်တွေလုပ်၊ ဟိုဘက်ဘဝတုန်းက စုတိစိတ်က္ခဏ ဒီဘက်ဘဝ ပဋိသန္ဓေနေ ဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။ ပဋိသန္ဓေနေတော့ ကုသိုလ်လုပ် ကုသိုလ်ကျိုးတွေလာပေးတယ်၊ လူလာဖြစ် နတ်လာဖြစ် ဗြဟ္မာလာဖြစ် မဖြစ်ဖူးလား (ဖြစ်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝတုန်းက အပုညာဘိသင်္ခါရဆိုတဲ့ အကုသိုလ်တွေလုပ်တော့ "သင်္ခါရပစ္စယာဝိညာဏံ" ဆိုတဲ့အတိုင်း သေသည်၏အခြားမဲ့၌ ဒီဘက်ဘဝလာပြီးတော့ ပဋိသန္ဓေဖြစ် ဝိညာဏ် ဖြစ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊

အဲဒီနေရာမှာ ကုသိုလ်အကြောင်းခံရင် ဒီဘက်ဘဝမှာ လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း ဖြစ်၏၊ အကုသိုလ်အကြောင်းခံရင် ဒီဘက်ဘဝမှာ အပါယ်ဘုံသားဖြစ်၏။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါ အကျဉ်းအားဖြင့် ကုသိုလ်နဲ့အကုသိုလ်ကံ နှစ်ပါးပါပဲလို့ ကုသိုလ်ကသုံးမျိုးသုံးစား ခွဲထားတယ်၊ အကုသိုလ်ကလည်း တစ်ခုတည်း။ ဒီတော့ လွန်ခဲ့သော အတိတ်ဘဝက ပြုလိုက်တဲ့ စေတနာကံ အကြောင်းခံလို့ ဒီဘက်ဘဝမှာ လာပြီးတော့ ပဋိသန္ဓေလာရကြတယ်၊ ပဋိသန္ဓေဝိညာဏ်လာဖြစ်ကြတယ်။ ဒါ သူ့အကြောင်းနဲ့သူ့အကျိုး လာမှာပဲ၊ ပုညာဘိသင်္ခါရခေါ်ထားတဲ့ ကုသိုလ်စေတနာတွေ အကြောင်းခံလို့ရှိရင် ဒီဘက်ဘဝမှာ လူကောင်း နတ်ကောင်းတွေ ဖြစ်မှာပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ အပုညာဘိသင်္ခါရ ခေါ်ထားတဲ့ အကုသိုလ် စေတနာတွေ ဟိုဘက်ဘဝက အကြောင်းခံလိုက်ရင် ဒီဘက်ဘဝ အပါယ်ဘုံသားဖြစ်မှာပဲ ဒီလိုမဟုတ်လား၊ (မှန်ပါတယ်ဆရာ)၊ အဲဒါ ရှင်းသွားပြီပေါ့ (ရှင်းပါတယ်ဆရာ)။

ဒါကြောင့် အဲဒီနေရာလေးများ သင်္ခါရသုံးမျိုး ကြိုးစားစဉ်အခါတုန်းက တို့များလည်း တစ်ခါက ပြောခဲ့ပါပြီ၊ လုပ်ပုံလုပ်နည်းတွေ ကံ, ကံရဲ့ အကျိုးယုံကြည်လို့, ကောင်းကျိုးချမ်းသာလိုလားလို့ ဘဝကောင်းရာ ငါကောင်းရာဆိုတဲ့ အနေအားဖြင့် ဝဋ်သုံးပါးဘုံသုံးပါး တမ်းတပြီးလုပ်တဲ့ ကုသိုလ်တောင် မလုပ်တတ်ကြဘူးလို့ မဟုတ်ဖူးလား (ဟုတ်ပါတယ်ဆရာ)၊ ဝဋ်သုံးပါးက ထွက်အောင် ဝိဝဋ္ဋပါဒကုသိုလ်မျိုး ကြိုးစားဖို့ဆိုတာထားအုံး။ အဲဒီဝဋ်သုံးပါးထဲမှာပဲ လည်တတ်တဲ့ ဝဋ္ဋပါဒခေါ်ထားတဲ့ ကောင်းကျိုးချမ်းသာလိုချင်လို့လုပ်တဲ့ ဝဋ္ဋပါဒကုသိုလ်မျိုးတောင် သန့်သန့်ရှင်းရှင်း မလုပ်တတ်ဘူးဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လုပ်လိုက်ကြတာ အင်တိုက်အားတိုက် အဲဒီလုပ်တာ တွေလည်း အများကြီးပါတယ်။ ရှုတ်ရှုတ်ပွေပွေတွေ မကောင်းလို့လုပ်ရခြင်း မတော်လို့လုပ်ရခြင်း မသင့်လို့လုပ်ရခြင်း မဖြစ်လို့လုပ်ရခြင်း လုပ်လိုက်တဲ့ကုသိုလ်တွေ နော် (မှန်ပါတယ်ဆရာ)

ရိုးသားသော စေတနာ ရိုးသားသော သဒ္ဓါတရားနဲ့ တကယ့်ကို စေတနာထက်သန်ပြီးတော့

http://www.dhammadownload.com

ရိုးသားသော သဒ္ဓါတရားနဲ့ ထလုပ်တယ်ဆိုတဲ့ ပုညာဘိသင်္ခါရ - ဒါန သီလဆိုတာက နည်းတယ်၊ အင်မတန်ရှားတယ်၊ ရိုးသားသော စေတနာ၊ ရိုးသားသော သဒ္ဓါတရားနဲ့လုပ်ကြတဲ့ တကယ် ဘုရားတရား သံဃာ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူး ယုံကြည်တဲ့အနေအားဖြင့် တို့ ဒါန သီလကုသိုလ်ကောင်းမှုတွေ လုပ်ရင်းဖြင့် နောက်နောင်သောဘဝကျမှ "မဟပ္ဖလ မဟာနိသံသ" ကောင်းကျိုးချမ်းသာကြီးပေးမှာပဲလို့ ရိုးသားတဲ့ သဒ္ဓါတရား၊ ရိုးသားတဲ့ စေတနာနဲ့ ဒီလိုရည်ရွယ်ချက်နဲ့လုပ်ရင်ပဲ ဒီသင်္ခါရအကြောင်းခံပြီးတော့ ဒုတိယဘဝ ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေအကျိုးပေးတော့ တော်သေးကွနော် (မှန်ပါတယ်ဆရာ)၊ တော်သေး၊ အခုတော့ ဒီလိုမဟုတ်ဖူး၊ မတော်လို့ လုပ်တာတွေ၊ မဖြစ်လို့ လုပ်တာတွေ၊ မကောင်းလို့လုပ်တာတွေ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မနေသာလို့ လုပ်တာတွေ၊ လုပ်လိုက်တဲ့ ကုသိုလ်တွေ၊ ဒါနတွေရော သီလတွေရော ဟုတ်လား မဟုတ်လား တွေးကြည့်ကြ၊ ကိုယ်လုပ်တာကို မတော်လို့လုပ်တာရှိတယ်၊ မကောင်းလို့လုပ်တာရှိတယ်၊ မဖြစ်လို့လုပ်တာရှိတယ်နော် (မှန်ပါတယ်ဆရာ)။ ပကာသနလိုလားလို့လုပ်တာရှိတယ်၊ သူများတိုက်တွန်းလို့လုပ်တာရှိတယ်၊ သူများအားကျပြီး လုပ်တာရှိတယ်၊ ဘေးကြောက်လို့လုပ်တာရှိတယ်၊ လာဘ်လိုလို့လုပ်တာရှိတယ်၊ ကုလာစာရအမျိုးတို့၏ အလေ့အကျင့်အနေအားဖြင့် လုပ်တာရှိတယ်၊ မလုပ်ဖူးလား (လုပ်ပါတယ်ဆရာ)။

ဒါကြောင့် အရင်းမပြုတ်စေနဲ့ပြောတာ၊ မလုပ်တတ်ရင် ဝဋ်မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်သော ဝိဝဋ္ဋပါဒဆိုတဲ့ ကုသိုလ်မျိုး မကြိုးစားနိုင်တောင်ဘဲ ဝဋ်ထဲလည်တတ်တဲ့ ဗဋ္ဋပါဒကုသိုလ်ဆိုတဲ့ အနေအားဖြင့် ကောင်းကျိုးချမ်းသာ တကယ်ရအောင် လုပ်ကြပါလို့၊ ဟိုဘက်သွားပြီး ပဋိသန္ဓေနေတော့ ပုဂ္ဂိုလ်က ဘယ်နှစ်မျိုးရှိလဲဆိုတော့ သေသေချာချာလည်းမှတ်ထား၊ ဒုဂ္ဂတိအဟိတ်တဲ့၊ အဲဒါ အပါယ်လေးပါးသတ္တဝါတွေ = ခွေး, ဝက်, ကြက်, ဌက်, ငရဲ, တိရိစ္ဆာန်, ပြိတ္တာ, အသူရကာယ်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ ဒုဂ္ဂတိဆိုတာ မကောင်းသောဂတိခေါ်တယ်၊ အပြိယ်လေး ပါးမှာ လားနေရတာကိုကွ နော် (မှန်ပါတယ်ဆရာ)၊ အဟိတ်ဆိုတာက ပဋိသန္ဓေခဏတုန်းက ကုသိုလ်ဟိတ်သုံးပါး တစ်ပါးမှမရခဲ့ဘူးတဲ့၊ ဒါကြောင့် ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေခေါ်တယ်။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တဲ့ = ခွေး ဝက် ကြက် ဌက် ငရဲ တိရိစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံ သွားဖြစ်ရင် ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်ခေါ်တယ်။

ဟိုမှာ ပဋိသန္ဓေသွားဖြစ်ပုံကြည့်၊ အဲဒါ သူဒီလိုသွားဖြစ်ချင်လို့ ဖြစ်တာ မဟုတ်ဘူး၊ ဒီဘက်ဘဝက လုပ်ပုံလုပ်နည်း မဟုတ်ခဲ့လို့ ဖြစ်တာ နော် (မှန်ပါတယ်ဆရာ)၊ ဒီဘက်ဘဝက သူဘာတွေလုပ်တုံးတဲ့၊ သင်္ခါရသုံးမျိုးမှာ အပုညာဘိသင်္ခါရ = အကုသိုလ်ဒုစရိုက်ဒုရာဇိဝတွေ သူလုပ်သွားတာ လုပ်ဖူးလား (လုပ်ပါတယ်ဆရာ)။ ဒါကြောင့် အပါယ်လေးပါး ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေအားဖြင့် သွားနေလို့

http://www.dhammadownload.com

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဖြစ်သွား၊ ပြီးတော့မှ ဒုတိယနံပါတ် (၂) သုဂတိအဟိတ်ပုဂ္ဂိုလ်တဲ့၊ သုဂတိအဟိတ်ပုဂ္ဂိုလ် ဆိုထားထဲက သုဂတိဆိုတာ ကောင်းတဲ့ဂတိရောက်သွားတာ၊ အဟိတ်ကတော့ အခုနက ပြောတဲ့ အပါယ်လေးပါးက သတ္တဝါနဲ့ အတူတူပါပဲ၊ ပဋိသန္ဓေခဏမှာ အလောဘ, အဒေါသ အမောဟ ဆိုတဲ့ ကုသိုလ်ဟိတ်သုံးပါး တစ်ပါးမှမရလို့ အဟိတ်ခေါ်တယ်။ သုဂတိအဟိတ် သူကျတော့ လူဖြစ်လာတယ် သုဂတိအဟိတ်ပုဂ္ဂိုလ်တဲ့၊ ဘယ်လို ပုဂ္ဂိုလ်ခေါ်လဲလို့ မေးစရာရှိတယ်။ "ဇစ္စန္ဓ ဇစ္စဗဓိရ ဇစ္စမူဂ" မြင်ဖူး ကြားဖူးကြလိမ့်မယ်၊ အဓိပ္ပါယ်မှာ ပဋိသန္ဓေခဏကစပြီးတော့ စက္ခုန္ဒြေကွင်း အလင်းမရသော ပုဂ္ဂိုလ်တို့ နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေရလာကတည်းက ဆွံ့အလာတဲ့ပုဂ္ဂိုလ်တို့၊ ပဋိသန္ဓေအားဖြင့် ပဋိသန္ဓေခဏကတည်းက ချိနဲ့လာတဲ့ပုဂ္ဂိုလ်တို့ နော် (မှန်ပါတယ်ဆရာ)၊ ဇစ္စမူဂ ပဋိသန္ဓေခဏတည်းက အူကြောင်ကြောင် ဖြစ်လာတဲ့၊ သွတ်ချောင်ချောင်ဖြစ်လာတဲ့ ပုဂ္ဂိုလ်တို့နော် (မှန်ပါတယ်ဆရာ)။

ကြည့်ကွယ် မမွေးခင်ထဲက ပဋိသန္ဓေခဏက "ဇစ္စန္ဓ ဇစ္စဗဓိရ ဇစ္စမူဂ" ကန်းလာတဲ့ပုဂ္ဂိုလ်၊ ကျိုးလာတဲ့ပုဂ္ဂိုလ်၊ ဆွံ့လာတဲ့ပုဂ္ဂိုလ်၊ အ,လာတဲ့ပုဂ္ဂိုလ် မရှိဘူးလား (ရှိပါတယ်ဆရာ)၊ အဲဒီပုဂ္ဂိုလ်က နံပါတ် (၂)၊ ပြီးတော့ နံပါတ် (၃) ဒွိဟိတ်ပုဂ္ဂိုလ်တဲ့၊ ပဋိသန္ဓေခဏသွား ဖြစ်ပုံလေး လေးမျိုးလေးစား၊ ဒွိဟိတ်ပုဂ္ဂိုလ် ဆိုတော့ အင်္ဂါအားဖြင့် သူလိုငါလို လူတကာလို တင့်တောင့်တင့်တယ် ပြည့်ပြည့်စုံစုံလုံလုံလောက်လောက် ပဋိသန္ဓေခဏမှာ ချွတ်ယွင်းချက် ဘာမှ မရခဲ့ဘူးနော် (မှန်ပါတယ်ဆရာ)၊ သူလို ငါလိုပဲ တင့်တောင့်တင့်တယ် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်၊ အကောင်းပဲ၊ ဒါပေမယ့် ဒွိဟိတ်ပဋိသန္ဓေတည်လာတဲ့ပုဂ္ဂိုလ် ဒွိဟိတ်ပုဂ္ဂိုလ်၊ သူကျတော့ ဟိတ်နှစ်ပါး ရလာတယ်တဲ့၊ ပဋိသန္ဓေခဏမှာ အလောဘနဲ့ အဒေါသဆိုတဲ့ ကုသိုလ်ဟိတ်နှစ်ပါးရလာလို့ သူကျတော့ ဒွိဟိတ်ပုဂ္ဂိုလ်လို့ ခေါ်တယ်တဲ့။ ဒုတိယတန်းစားလူလို့ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အင်္ဂါအနေအားဖြင့်လည်း ပြည့်ပြည့်စုံစုံပဲတဲ့၊ ချွတ်ယွင်းချက် ဘာမှမပါဘူးတဲ့၊ ဒါ သူသူငါငါ လူတကာလို့ပေါ့ကွာ ဆန့်ချည်လန့်ချည် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ နံပါတ် (၁) နောက်ဆုံးလူကျတော့ လူပါပဲ၊ တိဟိတ်ပုဂ္ဂိုလ်တဲ့၊ အဲဒီတိဟိတ်ပုဂ္ဂိုလ်ကျတော့ ပဋိသန္ဓေခဏထဲက အလောဘ အဒေါသ အမောဟဆိုတဲ့ ကုသိုလ်ဟိတ်သုံးပါးရလာလို့၊ အဲဒီဟိတ်သုံးပါးရလာလို့ တိဟိတ်ပုဂ္ဂိုလ်လို့ ခေါ်တယ်။ တိဟိတ်ပုဂ္ဂိုလ်က နံပါတ် (၁) ထိပ်ဖျားနော် (မှန်ပါတယ်ဆရာ)၊ ဒွိဟိတ်ပုဂ္ဂိုလ်က နံပါတ် (၂) အလတ်တန်းစား၊ သုဂတိအဟိတ်ပုဂ္ဂိုလ်က နံပါတ် (၃) အောက်တန်းစား၊ အဲဒီပုဂ္ဂိုလ်သုံးမျိုးသုံးစားကို နားလည်လား၊ မင်း အခုငါပြောသွားတဲ့ လူသုံးမျိုးသုံးစား နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘယ်သူ တွေတုံး၊ (တိဟိတ်ပုဂ္ဂိုလ်ရယ်၊ ဒွိဟိတ်ပုဂ္ဂိုလ်ရယ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်ရယ်)၊ အေးဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ကျတော့ ဘယ်ပုဂ္ဂိုလ်ခေါ်သလဲ (အပါယ်လေးပါး)၊ အေး

http://www.dhammadownload.com

အပါယ်လေးပါးသတ္တဝါတွေ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

အေး အဲဒါပုထုဇဉ် ပုဂ္ဂိုလ်လေးယောက်တဲ့ မှတ်ထားနော် (မှန်ပါတယ်ဆရာ)၊ ဒါတွေလာမွေးတာပဲ၊ ပဋိသန္ဓေခဏမှာ အဲဒီလေးမျိုး တစ်မျိုးမျိုးဖြစ်တာပဲ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလေးမျိုး တစ်မျိုးမျိုးဖြစ်တယ်တဲ့၊ ဒီလေးမျိုးထဲက လူကသုံးမျိုးဖြစ်မနေဘူးလား (လူကသုံးမျိုးပါဆရာ)၊ ပဋိသန္ဓေ အပါယ်သတ္တဝါကောင်က (၁)မျိုး မနေဘူးလား (တစ်မျိုးပါဆရာ)၊ ငရဲ တိရိစ္ဆာန် ပြိတ္တာ အသူရကာယ်၊ အပါယ်လေးဘုံရောက်လာတဲ့ပုဂ္ဂိုလ်က တစ်မျိုး၊ ဒါ ဒုဂ္ဂတိအဟိတ်၊ သူတော့ သွားမပြောနဲ့တော့ သူက အပါယ်လေးပါး သတ္တဝါဖြစ်သွားပြီ၊ လူ့ဘဝ လူရယ်လို့လာဖြစ်တော့ လူကသုံးစားဖြစ်မနေဘူးလား၊ (သုံးစားဖြစ်နေပါတယ်ဆရာ)၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ် အညံ့ဆုံးက စပြီးရေတွက်မှာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ သုဂတိအဟိတ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးတုံး (အမေမွေးလာတည်းက ဆွံ့အလာတဲ့လူမျိုးပါ)၊ မမွေးခင်ထဲက နားလည်လား၊ ပဋိသန္ဓေအားဖြင့် ပဋိသန္ဓေခဏကတည်းက ကန်းတယ်၊ ဆွံ့တယ်၊ အတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုပုဂ္ဂိုလ်မျိုးပေါ့၊ "လူချင်းမတူ သူချင်းမမျှ"ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ အဲဒီပုဂ္ဂိုလ် သုံးမျိုးရှိတဲ့ အနက်က အောက်ဆုံးအတန်းစားခေါ်တယ်၊ ကံမကောင်းအကြောင်းမသင့်လို့ လာပြီး ပဋိသန္ဓေနေရတာတဲ့ ပဋိသန္ဓေခဏထဲက ချွတ်ယွင်းချက်ကြီး ပါလာတာပေါ့နော် (မှန်ပါတယ်ဆရာ) ပဝတ္တိကျရာမှ မွေးဖွားပြီးတဲ့ နောက်မှာ (သို့မဟုတ်) ပဋိသန္ဓေရဲ့ နောက်ပိုင်းကျရာမှ ပိုးလောက်ဖျက်ဆီးလို့ ပဋိသန္ဓေခန်းမှာပဲ အမိဝမ်းတွင်းမှာ ပိုးလောက် ဖျက်ဆီးလို့ စက္ခုနှစ်ကွင်း ပျက်စီးသွားတယ်။

ဒါခုနပြောတဲ့ သုဂတိထဲ မပါဘူးနော် (မှန်ပါတယ်ဆရာ)၊ သူက နောက်မှ ပျက်စီးတာ ပဋိသန္ဓေက ပျက်စီးတာ မဟုတ်ဘူး၊ ဒါနဲ့ နံပါတ် (၂)က ဘယ်သူလဲဆိုတော့ ဒွိဟိတ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါက အဆင့်အတန်းယူလိုက်ပြီး၊ သူသူငါငါ လူတကာ မဟုတ်ဘူးလားကွ (မှန်ပါတယ်ဆရာ)၊ ဒွိဟိတ်ပဋိသန္ဓေတဲ့၊ "ဒွိဟိတ်" ဆိုတာ ဟိတ်နှစ်ပါးရလို့ ပဋိသန္ဓေခဏ အလောဘနဲ့ အဒေါသ ဟိတ်နှစ်ပါးရတယ်တဲ့။ အားလုံးကုသိုလ်ဟိတ်က သုံးပါး၊ အလောဘ အဒေါသ အမောဟ၊ ပဋိသန္ဓေခဏမှာ အလောဘ အဒေါသ ဟိတ်နှစ်ပါးရလို့ ဒွိဟိတ်ပုဂ္ဂိုလ်တဲ့၊ သူကတော့ တန်းရှိတယ်တဲ့ ကြည့်အတူတူပဲတဲ့၊ အင်္ဂါပယောဂပြည့်စုံနဲ့လည်း ချွတ်ယွင်းချက် ဘာမှမပါ ဖြောင့်လို့, ဖြူးလို့ နော် (မှန်ပါတယ်ဆရာ)၊ ချောချောမောမော သပ်သပ်ရပ်ရပ် ရှင်းရှင်းလင်းလင်း ဒါဒွိဟိတ်နော် (ဒွိဟိတ်ပါဆရာ)၊ သူက ဟိတ်နှစ်ပါး ရခဲ့တယ်ပေါ့ နော် (မှန်ပါတယ်ဆရာ)။ ပဋိသန္ဓေခဏတုန်းက ဟိတ်နှစ်ပါးရခဲ့ပါတယ်၊ ဒါဒွိဟိတ်။

http://www.dhammadownload.com

သူထက် တစ်ဆင့်တက်လိုက်တော့ တိဟိတ်တဲ့၊ သူကတော့ ပဋိသန္ဓေခဏထဲက အလောဘ အဒေါသ အမောဟဆိုတဲ့ ကုသိုလ်ဟိတ် သုံးပါးစလုံးရခဲ့တယ်တဲ့၊ အဲဒါ တိဟိတ်တဲ့၊ "တိ" သုံး၊ ဟိတ်က ဟိတ်၊ ဟိတ်သုံးပါးရခဲ့တယ်။ အဲဒီတိဟိတ်နဲ့ ခုနကပြောတဲ့ ဒွိဟိတ်၊ ဒီနှစ်တန်းနှစ်စားက ပကတိမျက်စိနဲ့ကြည့်လိုက်ရင် အတူတူပဲတဲ့။ လူပုံလူသွေးနော် (မှန်ပါတယ်ဆရာ)၊ ဟန်ပန်အမူအရာ အင်္ဂါခြေလက် မျက်စိ, နား၊ နှာ စသည်အားဖြင့် အင်္ဂါပယောဂနဲ့ ပြည့်စုံကြတယ်တဲ့၊ အတူတူပဲတဲ့။ ဒါပေမယ့် သူတို့နှစ်ယောက် ဘာကွာနေလဲဆိုတော့ ဒွိဟိတ်က ဒီဘဝမှာ ဘာတရားအားထုတ် အားထုတ် မဂ်ဉာဏ်ဖိုလ်ဉာဏ်မရနိုင်ဘူးတဲ့၊ ကိုယ်ကျိုးနည်းတာပဲ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊

နံပါတ် (၁) ဆိုတဲ့ တိဟိတ်ပဋိသန္ဓေနေတဲ့ လူကမှ ဒီဘဝမှာ တရားအားထုတ်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်တဲ့၊ တန်းကွာမသွားဘူးလား (ကွာသွားပါတယ်ဆရာ)၊ လူချင်းကြည့်တော့ အတူတူမဟုတ်ဘူးလား (အတူတူပါပဲဆရာ)၊ အေး ဒါကြောင့် ဒွိဟိတ်လော, တိဟိတ်လော၊တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များက ရွေးချယ်ကြတယ်၊ စီစစ်ကြတယ်။ ငါတော့ ဒွိဟိတ်ထင်ပါရဲ့၊ ဒီဘဝတော့ တရား အားထုတ်လို့ရမယ်မထင်ပါဘူး၊ ဒီလိုနဲ့ တချို့လည်း စိတ်လျော့လိုက်တယ်၊ တချို့တော့လည်း ဟာ ဒွိဟိတ်တိဟိတ်တွေး တွေးမနေနဲ့၊ ဒီတရားကြိုက်လို့ရှိရင် တိဟိတ်သာတွက်ထား မဟုတ်လား (မှန်ပါတယ်ဆရာ)၊ တစ်မဂ်တစ်ဖိုလ် လိုချင်လှချည်ရဲ့ဆိုတဲ့ ဆန္ဒဓာတ်ကကပ်လာလို့ရှိရင် တိဟိတ်တွက်ထား၊ ကြိုးစား နောက်မဆုတ်နဲ့ရမယ်၊ ဒီလိုသွားကြတာကိုကွနော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ပုဂ္ဂိုလ်လေးမျိုး လေးစား နားလည်သွားပြီလား၊ (နားလည်ပါပြီဆရာ)။

ဒါ ပဋိသန္ဓေလာနေလိုက်ကြတာလို့၊ "သခ်ါရပစ္စယာ ဝိညာဏံ" ဆိုတဲ့ ဝိညာဏ်ကလေးဟာ သခ်ါရနောက်ပိုင်းမှာ သခ်ါရ ဟိုဘက်ဘဝတုန်းက ထူထောင်လာတာတွေ, ကြိုးစားလာတာတွေ, လုပ်လာတာတွေ, အကြောင်းခံလာတာတွေ စေတနာသုံးမျိုးသုံးစားနဲ့၊ အဲဒီ စေတနာသုံးမျိုးသုံးစားနဲ့ အကြောင်းခံလို့ ဟိုဘက်ဘဝက စုတိစိတ်ကျ၊ ဒီဘက်ဘဝ ပဋိသန္ဓေရတော့ ပုဂ္ဂိုလ်လေးမျိုး လာပေါ်ကြတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒုဂ္ဂတိအဟိတ် အပါယ်လေးပါး သတ္တဝါ၊ သုဂတိအဟိတ် လူသုံးစား နံပါတ် (၃)၊ ဒွိဟိတ်လူသုံးစား နံပါတ် (၂)၊ တိဟိတ် လူသုံးစား နံပါတ် (၁) မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒါကြောင့် ငါတစ်ခါတစ်ခါပြောတာ ကုသိုလ်လုပ်ရင်း အရင်း မပြုတ်ကျစေနဲ့လို့ ပြောနေတာ။

ဒါပေမယ့် ခုနတုန်းက ဒီပုဂ္ဂိုလ်လေးမျိုးလေးစားရှိတဲ့အနက်က ဒုဂ္ဂတိအဟိတ်ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ ဟိုဘဝတုန်းက အပုညာဘိသခ်ါရဆိုတဲ့ အကုသိုလ် ဒုစရိုက် ဒုရာဇိဝလုပ်ခဲ့တယ်ပေါ့ နော်

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)၊ ဩော် ဒါကြောင့် အပုညာဘိသခ်ါရတည်းဟူသော အကုသိုလ်စေတနာတွေ အကြောင်းခံလိုက်လို့ ဒီဘက်ဘဝလာပြီးတော့ ဒုဂ္ဂတိအဟိတ်ဆိုတဲ့ အပါယ်လေးဘုံသား သွားဖြစ်ပြီး၊ သူ့အကြောင်းနဲ့ သူ့အကျိုးကိုက်ရဲ့လား (ကိုက်ပါတယ်ဆရာ)၊ ကိုက်တယ်ဆိုဖြစ်ပါပြီနော် (ဖြစ်သွားပါပြီဆရာ)၊ ဒုဂ္ဂတိမဟုတ်လား (ဒုဂ္ဂတိပါဆရာ)၊ အကုသိုလ်လုပ်တော့ ဒုဂ္ဂတိပေါ့ (မှန်ပါတယ်ဆရာ)၊ ကုသိုလ်လုပ်တော့ သုဂတိမဟုတ်လား (သုဂတိပါဆရာ)၊ အေး ဟုတ်ပြီ၊ နောက်တစ်ခါလာပြန်ပြီ၊ ဒါန သီလ ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ်ကြတယ်တဲ့ ဟုတ်ကဲ့လား၊ (မှန်ပါတယ်ဆရာ)။ ဟိုဘက်ဘဝက ပုညာဘိသခ်ါရ-ကာမာဝစရကုသိုလ် ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ် သုံးမျိုးသုံးစား ရှိတဲ့အနက်က ကာမာဝစရကုသိုလ် ဆိုကြပါစို့၊ ဒါန သီလ ဆိုတဲ့ ကာမာဝစရကုသိုလ်တရားတွေ ကြိုးစားအားထုတ်ခဲ့တယ်တဲ့။ အဲဒီ ဒါန သီလ တည်းဟူသော ကာမာဝစရကုသိုလ်တရားတွေ ကြိုးစားအားထုတ်ခဲ့တဲ့ ထိုစေတနာကြောင့် ဟိုဘက်ဘဝကနေ စုတိစိတ်ကျ၊ ဒီဘက်ဘဝကိုလာပြီး လူဖြစ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ လူဆိုတော့ ဒုဂ္ဂတိလား, သုဂတိလား (သုဂတိပါဆရာ)၊ ဩော် - သုဂတိ နော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ကောင်းမှုလေးတွေလုပ်ရင် သုဂတိရောက်တယ်ပေါ့ (မှန်ပါတယ်ဆရာ)၊ အကုသိုလ်လုပ်တော့ ဒုဂ္ဂတိပေါ့၊ (မှန်ပါတယ်ဆရာ)၊ ဒီဘက်ဘဝလာပြီးတော့ ဝိညာဏ်ဆိုတဲ့ အကျိုးတရားလာပေါ်ပုံ နော် (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။

အေး-ဟုတ်ပြီ၊ ဟိုဘက်ဘဝက အပုညာဘိသခ်ါရဆိုတဲ့ အကုသိုလ် ဒုစရိုက် ဒုရာဇီဝတွေ လုပ်လို့ သေသည်၏အခြားမဲ့၌ ဒီဘက်ဘဝလာပြီးတော့ ဝိညာဏ်ဆိုတဲ့ အကျိုးပေါ်တော့ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် အပါယ်လေးဘုံသား သွားဖြစ်တယ်၊ ဟိုဘက်ဘဝက ပုညာဘိသခ်ါရဆိုတဲ့ ဒါနကုသိုလ် သီလကုသိုလ်ဆိုတဲ့ ကုသိုလ်တရားတွေ ကြိုးစားအားထုတ်လို့၊ ထိုကုသိုလ်စေတနာတွေ အကြောင်းခံခြင်းကြောင့် သေပြီးသည်၏အခြားမဲ့၌ ဒီဘက်ဘဝ ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေဝိညာဏ်လာဖြစ်တော့ လူရယ်လို့ လာဖြစ်၏၊ သုဂတိမဟုတ်လား (သုဂတိပါဆရာ)၊ အေး သုဂတိလာဖြစ်တယ်၊ သုဂတိတော့ ရသွားပြီပေါ့ (ရသွားပါပြီဆရာ) ဒါနဲ့ သုဂတိရသွားတော့ လူလူချင်းတူရဲ့လား (မတူပါဘူးဆရာ)၊ ဘယ်နှစ်မျိုးကွဲသလဲ (သုံးမျိုးပါဆရာ)၊ ဩော် သုံးမျိုးကွဲတယ်၊ ဘယ့်နှယ့်ကုသိုလ်လုပ်လို့၊ ဒါနကုသိုလ် သီလကုသိုလ်လုပ်လို့ သေပြီးသည့်အခြားမဲ့မှာ ထိုကုသိုလ်စေတနာဆိုတဲ့ သခ်ါရအကြောင်းခံလို့ ဒီဘက်ဘဝမှာ အကျိုးဆိုတဲ့ ပဋိသန္ဓေဝိညာဏ် လာပေါ်တာဟာ သုဂတိဆိုတဲ့ လူ့ဘဝ လာရကြတယ်လို့ လူ့ဘဝ လာရကြလျက်သားနဲ့ လူလူချင်းမတူပါလား သုံးမျိုးသုံးစားကွဲနေပါလား (ကွဲနေပါတယ်ဆရာ)၊ သုဂတိအဟိတ်ဆိုတဲ့ လူကတစ်ယောက်၊ ဒွိဟိတ်ဆိုတဲ့ လူကတစ်ယောက်၊ တိဟိတ်ဆိုတဲ့ လူကတစ်ယောက်၊

http://www.dhammadownload.com

ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ လာကွဲကြသလဲ၊ အဲဒါ ဟိုဘက်ဘဝတုန်းက ဒါန သီလဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ ဟိုဘက်ဘဝတုန်းက သူကြိုးစားတယ်မဟုတ်လား၊ (ကြိုးစား ပါတယ်ဆရာ)၊ ကြိုးစားတော့ လူမဟုတ်လား၊ (လူပါဆရာ)၊ လူအဖြစ်နဲ့ ကြိုးစားတာ နော် (မှန်ပါတယ် ဆရာ)၊ ဟိုဘက်ဘဝ သူကြိုးစားစဉ်တုန်းက လူဘဝပဲ လူအဖြစ်နဲ့ ကြိုးစားလာတာ ဒါနကုသိုလ် သီလကုသိုလ် သူလုပ်ခဲ့တယ်တဲ့၊ ဟိုဘက်ဘဝ ဒီကုသိုလ်တွေ လုပ်စဉ်အခါတုန်းက သူလူကောင်းတဲ့ နော် မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ "ဇစ္စန္ဓ ဇစ္စဗဓိရ" ဆိုတဲ့ သုဂတိအဟိတ်လည်း မဟုတ်ဘူး၊ ဒွိဟိတ်အနေအားဖြင့် လုပ်တာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အခု သူသူငါငါ လူတကာလိုပဲ ကုသိုလ်ကောင်းမှု ဒါနလုပ် သီလလုပ်လုပ်ကြတာ တားလို့မရ၊ ဒါပေမယ့် ဒီဘက်ဘဝလာပြီးတော့ ပဋိသန္ဓေခဏာ လူဘဝလာရတဲ့ လူသုံးစား ကွဲထွက်သွားတယ်တဲ့၊ သုဂတိအဟိတ်ဆိုတဲ့ လူရယ်၊ ဒွိဟိတ်ဆိုတဲ့လူရယ်၊ တိဟိတ်ဆိုတဲ့လူရယ် ပုထုဇဉ်သုံးယောက်ထွက် လာတယ်။ လူလူချင်း တူနေသေးလား (မတူတော့ပါဘူးဆရာ)၊ ပုညာဘိသင်္ခါရ ဆိုတဲ့ ဒါနကုသိုလ် သီလကုသိုလ်လုပ်စဉ်အခါတုန်းက အကြောင်းမတူလို့ ဒီမှာလာပြီး အကျိုးမတူတာ နော် (မှန်ပါတယ် ဆရာ)၊ ဒီမှာ အကျိုးပေါ်လာတော့ လူသုံးယောက်လာမပေါ်ဘူးလား (ပေါ်လာပါတယ်ဆရာ)၊ဟိုဘက် ဘဝလုပ်စဉ်အခါတုန်းက မတူလို့ ဒီမှာလာပြီး သုံးမျိုးသုံးစားကွဲနေတာတဲ့။ ဒါဖြင့် သုဂတိဆိုတဲ့ လူဘဝ ကောင်းရာရရဲ့သားနဲ့ လူလူချင်း မတူတာ ဘယ်လိုဖြစ်တာတုံး၊ ဟိုဘက်ဘဝ လုပ်တုန်းကတဲ့၊ အခု လုပ်နေတာ သေချာကြည့်၊ အခုလည်း ဒီလိုပဲ ဟိုဘက်ဘဝသွားအုံးမှာ ကြည့်နေကြည့်နေ၊ အခု လုပ်နေကြတဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်နေ ကြတယ် မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ ဒွိဟိတ်တွေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တိဟိတ်တွေ မဟုတ်ဘူးလား (တိဟိတ်ပါဆရာ)၊ အဂ်ါပယောဂနဲ့ ပြည့်စုံတယ် မဟုတ်ဘူးလား (ပြည့်ပြည့်စုံစုံပါဆရာ)၊ ပဋိသန္ဓေအားဖြင့် ချွတ်ယွင်းချက်မရှိဘူး။ ငါတို့သူငါဆိုတဲ့ လူတကာတွေလုပ်နေတယ်၊ အဲဒီလုပ်စဉ်အခါတုန်းက ဒါနလုပ်လုပ်၊ သီလလုပ်လုပ် ဘာကုသိုလ်လုပ်လုပ် လုပ်စဉ်အခါမှာ ဉာဏဝိပ္ပယုတ် ဉာဏ်မယှဉ်ဘဲနဲ့ လောဘ, ဒေါသ, မောဟ, ဆိုတဲ့ အကုသိုလ်တရားတွေ ခြံရုံပြီး လုပ်နေတာနော် (မှန်ပါတယ်ဆရာ)၊ ဉာဏ်ကကင်းလို့, ဉာဏ်က မယှဉ်လို့ ဘာမှ ဘုရား တရား သံဃာ ရတနာသုံးမြတ်သုံးပါး ဂုဏ်ကျေးဇူး တွေးဆယုံကြည်မှု မရှိဘဲနဲ့ "ဘယ လာဘ ကုလာစာရ" ဆိုသလို စောစောက ပြောထားတဲ့အတိုင်း ဘေးကြောက်လို့လုပ်လိုက်၊ လာဘ်လိုချင်လို့လုပ်လိုက်၊ အမျိုးတို့၏ အလေ့အကျက်အားဖြင့်လုပ်လိုက်၊ မတော်လို့လုပ်လိုက်၊ မကောင်းလို့လုပ်လိုက်၊ မဖြစ်လို့လုပ်လိုက် နော် (မှန်ပါတယ်ဆရာ)၊ သူ့စေတနာတွေက သန့်ရှင်းတာ တွေပါသေးလား (မပါပါဘူးဆရာ)၊

http://www.dhammadownload.com

ဒါပေမယ့် ကုသိုလ်တော့ ကုသိုလ်မဟုတ်လား (ကုသိုလ်ပါပဲဆရာ)၊ ကုသိုလ်တော့ ဖြစ်တယ် မဟုတ်လား (ဖြစ်ပါတယ်ဆရာ)၊ ဒီကုသိုလ်က ကောင်းရာ သုဂတိပေးမယ်မဟုတ်လား (ပေးပါတယ် ဆရာ) အေး - ပေးမယ် ပေးမယ်။ ဒါတော့ မလွဲဘူး ပေးမယ်၊ ကောင်းရာသုဂတိတော့ ပေးမှာပဲတဲ့။ သူလုပ်နေတဲ့ ကုသိုလ်ကိုက ဝါစာကမာကုသိုလ်တရားတွေတဲ့နော် (မှန်ပါတယ်ဆရာ)။ "ဘယ လာဘ ကုလာစာရ" ဆိုတဲ့ အနေအားဖြင့် သူကုသိုလ်တွေလုပ်နေတာ သူနားမလည်ဘူးတဲ့၊ ဘေးကြောက် လည်း လုပ်တာပဲတဲ့၊ ဘေးကင်းတယ် ရန်ကင်းတယ်ဆိုလည်း လုပ်လိုက်တာပဲတဲ့၊ လာဘ်လာဘပေါ များတယ်ဆိုလည်း လုပ်လိုက်တာပဲတဲ့။ ဒါမှမဟုတ် တို့မိစဉ်ဖဆက်အခါတုန်းက သူတို့ ဒီလိုလုပ်ခဲ့တာ ကိုလည်း လုပ်လိုက်တာပဲတဲ့ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ "ဘယ လာဘ ကုလာစာရ" အနေအားဖြင့်လုပ်၊ တချို့တော့လည်း သိတော့သိသားပဲ ထိုက်သည့်အားလျော်စွာ ဘုရားဂုဏ်, တရား ဂုဏ်, သံဃာဂုဏ်, ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးကြီးကို သဒ္ဓါတရားနဲ့ လုပ်တော့လုပ်တာပဲ။ ဒါပေမယ့် လုပ်ဆဲခဏမှာ လောဘ, ဒေါသ, မောဟဆိုတဲ့ အကုသိုလ်တရားတွေက ခြံရံနေတယ်၊ ပြည့်နေတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါတွေကတော့ ပေါပါတယ်ကွာ သေချာကြည့်ပါ၊ အလုပ် တစ်ခုလုပ်ကြည့်ကြပါ ဟုတ်လား မဟုတ်လားလို့ ကိုယ်ကိုတိုင် စဉ်းစားကြည့်၊ ပေါပါတယ်၊ အကြောင်း တွေကလည်း အမျိုးမျိုး၊ ကိစ္စဝိစ္စတွေကလည်း အမျိုးမျိုး၊ ကုသိုလ်တစ်ခုလုပ်ပြီလားဆိုမှဖြင့် ကြီးကြီး သလိုပဲ ကျယ်, ကျယ်သလိုပဲ မများဘူးလား (များပါတယ်ဆရာ) ဝါစာကမာ ကုသိုလ်တရားတွေခေါ် တယ်၊ လုပ်တော့ ကုသိုလ်များရသားပဲ၊ အဲ့ဒီကုသိုလ်မျိုးတွေပေါ့၊ မရိုးသားသော သဒ္ဓါတရား မရိုးသား သော စေတနာနဲ့လုပ်တဲ့ ကုသိုလ်တရားတွေတဲ့၊ လောဘ, ဒေါသ, မောဟ,ဆိုတဲ့ အကုသိုလ်တွေ ခြံရံပြီးတော့ (၁၅၀၀)ကုန် (၂၀၀၀) ကုန်၊ ရက်ရက်စက်စက် စွန့်လွှတ်ပြီးတော့ လှူတဲ့ အလှူတစ်ခုမှာ ငါးမူးတန် ပန်းကန်တစ်ချက် ပျောက်တာနဲ့ မီးထထောက်တယ်၊ ကောင်းသေးရဲ့လား (မကောင်းပါ ဘူးဆရာ)၊ မင်းတို့ ယူမှာပဲဟ၊ မင်းတို့ အမျိုးက ဒီလိုကြီးပဲဟ (မှန်ပါတယ်ဆရာ)၊ စားလည်းစားသေး၊ ငှဲပစ္စည်းလည်း ခိုးသေး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သယ်လိုက်တာ နောက်ဖေးက ဒင်းတို့ တွေ၊ ဒီကုသိုလ်က ကောင်းသေးရဲ့လား (မကောင်းတော့ပါဘူးဆရာ)၊ မကောင်းဘူး။

တချို့လည်း မြတ်သော အလှူဖြစ်ချင်လွန်းလို့ လှူလိုက်တာတဲ့။ နှုံးပက်လက်လန် မြှောက်ပေး ကြကွာ နွားလေးတစ်ကောင် ကျန်သေးတယ် မကြားဘူးလား၊ "ရေစက်ချ အမျှဝေပါဟဲ့"လို့ ဆိုတော့ "အမျှဗျို့"လို့ အော်ရမည့်အစား "ကိုယ်ကျိုးနည်းပါပေါ့ဗျို့"လို့ ထအော်တာ ရှိသေး၊ (မှန်ပါတယ် ဆရာ)။ လုပ်တဲ့လုပ်ငန်းတွေ အဲဒါမတော်လို့လုပ်ရတဲ့ ကုသိုလ်တွေလည်းအများကြီး၊ မကောင်းလို့ လုပ်ရတဲ့ ကုသိုလ်တွေလည်း အများကြီး၊ မဖြစ်လို့လုပ်ရတဲ့ ကုသိုလ်တွေလည်း အများကြီး၊ မများ

http://www.dhammadownload.com

ဘူးလား (များပါတယ်ဆရာ)။ ဒါမရိုးသားသော သဒ္ဓါတရား၊ မစင်ကြယ်သော သဒ္ဓါတရားနဲ့ လုပ်တဲ့ ကုသိုလ်တွေတဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။ အဲဒီကုသိုလ်တွေ လုပ်နေစဉ်အခါတုန်းက သူလူကောင်းမဟုတ်ဘူးလားဟ (လူကောင်းပါဆရာ)။ ဒွိဟိတ်-နော် (ဒွိဟိတ်ပါဆရာ) ထားတော့ သူ့လို ငါလိုပဲ အဂ်ါပယောဂ ပြည့်ပြည့်စုံစုံ ပဋိသန္ဓေအားဖြင့် ချို့ယွင်းချက် ဘာမှမရှိဘူး၊ အဲဒီ ကုသိုလ်မျိုးလုပ်လာတဲ့ ဒီသခ်ါရမျိုးအကြောင်းခံတော့ ဒီဘက်ဘဝ ပဋိသန္ဓေဝိညာဏ်လာဖြစ်တော့ စောစောကပြောတဲ့ ရရင်လည်းကပ်နေရတဲ့ သုဂတိအဟိတ်၊ ဇစ္စန္ဓဇစ္စဗဓိရ ဖြစ်တတ်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။

ပဋိသန္ဓေအားဖြင့် ကန်းခြင်း ပဋိသန္ဓေအားဖြင့် ဆွံ့ခြင်း ပဋိသန္ဓေအားဖြင့် ခါနဲ့ခြင်း တွေဝေခြင်း လူစဉ်မမီတော့ဘူး မီသေးလား (မမီတော့ပါဘူးဆရာ)။ အဲဒါ အရင်းရှုံးမသွားဘူးလား (ရှုံးပါတယ် ဆရာ)။ အေး-ဟုတ်ပြီ၊ ရှုံးသွားတယ် (မှန်ပါတယ်ဆရာ)။ အရင်ဘဝတုန်းက အကောင်းမဟုတ်လား၊ (ကောင်းပါတယ်ဆရာ)၊ အဲဒီကုသိုလ်လုပ်ပြီးတာနဲ့ ယခု အရင်ဘဝမျိုးတောင် မဖြစ်တော့ဘူးတဲ့ ပြုတ်ကျသွားပေါ့နော် (မှန်ပါတယ်ဆရာ)။ ဘယ်လောက်များ ဆန်းကြယ်သလဲဆိုတာ အဲဒါကြည့် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ ဒါ ကုသိုလ်လုပ်ရာမှာ ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့အနေအားဖြင့် ကြိုးစားတောင်မှ ဝဋ်သုံးပါး ဘုံသုံးပါးတမ်းတပြီး လုပ်ရင်တောင်ပဲ မလုပ်တတ်လို့ရှိရင် ဝဋ်ထဲက မထွက်ချင်သေးရင်လည်းပဲ အကျိုးပေးရာဘဝ သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ်နဲ့ "မဟပ္ဖလ မဟာနိသံသ" အကျိုးကို ဖွံ့ဖွံ့ဖြိုးဖြိုးပေးအောင် လုပ်စဉ်အခါထဲက သန့်သန့်ရှင်းရှင်းလုပ်ကြပါလို့ နည်းများမဆိုပေါ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါမလုပ်တတ်ရင် အရင်းရှုံးတယ်ဆိုတာ အဲဒါကို ပြောတာ အရင်းကိုပြုတ်သွား၊ သူဒီကုသိုလ်တွေလုပ်တုန်းက လူကောင်းပေါ့။

ဒီကုသိုလ်ရဲ့အကျိုးက ပို့လိုက်တာနဲ့ ယခု ဇရပ်ပေါ် ရောက်နေတာပေါ့လို့ဆိုတဲ့ အဓိပ္ပာယ်ရောက် နေတယ်၊ မရောက်ဖူးလား (ရောက်ပါတယ်ဆရာ)၊ လူရာမဝင် သူရာမဝင်အဖြစ် ဘယ်လောက်ကြောက် စရာကောင်းလဲ မကောင်းဘူးလား၊ (ကောင်းပါတယ်ဆရာ)၊ အဲဒါမျိုးတွေပဲ၊ ဒါတတိယတန်းစားလူ သွားဖြစ်တယ်။ သုဂတိအဟိတ်ပုဂ္ဂိုလ်လို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီဘက်ဘဝတုန်းက ကုသိုလ်ကောင်းမှုလုပ်စဉ်အခါတုန်းက ဉာဏ်ယှဉ်သင့်သလောက် ယှဉ်တယ်၊ သိသင့်သလောက် သိတယ်၊ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ် ရတနာမြတ်သုံးပါးတို့ရဲ့ဂုဏ်ကို ယုံကြည်လို့ ကံ,ကံ၏ အကျိုးကို ယုံကြည်လို့ သူကြိုးစားအားထုတ်တယ်၊ သန့်ရှင်းသလောက် သန့်ရှင်းခဲ့ပါတယ်တဲ့၊ အဲဒီ ကုသိုလ်မျိုး ကြိုးစားလာတဲ့ ဒီသခ်ါရအကြောင်းခံပြီးတော့ ဒီဘက်ဘဝ ပဋိသန္ဓေလာပေးတော့ ဘယ် ပုဂ္ဂိုလ်လဲဆိုရင် ဒွိဟိတ်ပဋိသန္ဓေ ဒွိဟိတ်ပုဂ္ဂိုလ် နော် (မှန်ပါတယ်ဆရာ)၊ သူကျတော့ တော်လာ

http://www.dhammadownload.com

တယ်၊ (တော်လာတယ်ဆရာ)၊ ဟိုးကုသိုလ်လုပ်စဉ်အခါတုန်းက ဒီလိုအဖြစ်မျိုး မဟုတ်လား (ဟုတ်ပါတယ်ဆရာ)၊ ဒီလို ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်ပေါ့ (မှန်ပါတယ်ဆရာ)၊ လူကောင်းသူကောင်းပေါ့ နော် (မှန်ပါတယ်ဆရာ)၊

ယခု ဒီလာပြီး အကျိုးပေးတော့ (လူကောင်းသူကောင်းပေါ့ဆရာ)၊ ဒါဖြင့် အရင်းအတိုင်း အရင်းပြန်ရတာပေါ့ (မှန်ပါတယ်ဆရာ)၊ ဒါက အရင်းကိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ အမြတ်တော့ မထွက်သေးဘူး။ အရင်းကိုက်ရုံပဲ ရှိသေးတယ် အရင်းမပြုတ်ရုံပဲ ရှိသေးတယ် အမြတ်မထွက်သေးဘူး နားလည်းလား (နားလည်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝ ကုသိုလ်ကောင်းမှုလုပ်စဉ်အခါတုန်းက ဒါနသီလ သမထဆိုတဲ့ ကုသိုလ်ကောင်းမှု လုပ်စဉ်အခါတုန်းက ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ် ရတနာမြတ်သုံးပါးတို့ရဲ့ဂုဏ်ကို ယုံကြည်တယ် နော် (မှန်ပါတယ်ဆရာ)၊ မတုန်လှုပ်သော သဒ္ဓါတရားလည်းရှိတယ်လို့ သူနားလည်တယ်၊ ဉာဏ်ယှဉ်တဲ့ ကုသိုလ်ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုသန့်ရှင်းစင်ကြယ်တဲ့ စေတနာမျိုး သဒ္ဓါမျိုးနဲ့ ကြိုးစားပမ်းစားနဲ့ ဉာဏ်ယှဉ်ပြီး လုပ်လာတဲ့ ကုသိုလ်အကြောင်းခံလို့, ပုညာဘိသခ်ါရအကြောင်းခံတော့ ဒီဘက်ဘဝလာပြီးတော့ အကျိုးဆိုတဲ့ ပဋိသန္ဓေဝိညာဏ်လာဖြစ်တော့ ဘာဖြစ်သလဲ နံပါတ် (၁)ဆိုတဲ့ တိဟိတ်ပုဂ္ဂိုလ်လာဖြစ်တယ်တဲ့၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝတုန်းက ဒွိဟိတ်ပုဂ္ဂိုလ် နော် (ဒွိဟိတ်ပုဂ္ဂိုလ်ပါဆရာ)၊ တိဟိတ်မရဘူးလား (ရပါတယ်ဆရာ)၊ တစ်ဘဝထဲ၌ တစ်မဂ်တစ်ဖိုလ်ရနိုင်တယ်ပေါ့ (ရနိုင်ပါတယ် ဆရာ)၊ အေး - ဒီဘဝရောက်လာတယ်၊ ဩော် - အမြတ်မထွက်ဘူးလား (ထွက်ပါတယ်ဆရာ) ဩော် - အမြတ်ထွက်သွားတာနော် (မှန်ပါတယ်ဆရာ)။ အမြတ်ထွက်သွားပြီးတဲ့။

"မဟာကုလေ တိဟေတုကော" "မဟာကုလေ၊ မြတ်သောအမျိုး၌။ တိဟေတုကော၊ တိဟိတ်ဥက္ကဋ္ဌ ပဋိသန္ဓေတည်နေရသည်။ ဟုတွာ၊ ဖြစ်၍" ဆုများထည့်တောင်းလိုက်ကြတာ တချို့လည်း အခု ငါရထားတဲ့ ဘဝကြီးက ညံ့လိုက်တာလို့ ငါကတော့ မုချဒွိဟိတ်ပါပဲ၊ ဒီဘဝ တစ်မဂ်တစ်ဖိုလ် ကြိုးစားပေမယ့် ရမယ့်ဘဝလည်း မဟုတ်ပါဘူးတဲ့၊ ဒါကြောင့် ဒီဘဝများမနေရလို့ သေခဲ့ရသော် ဒုတိယဘဝရောက်လို့ရှိရင် တိဟိတ်ပဋိသန္ဓေဖြစ်ရပါစေလို့ ကုသိုလ်ကောင်းမှုပြုတိုင်းပြုတိုင်း ဉာဏ်ယှဉ်ပြီးတော့ သန့်ရှင်းစင်ကြယ်တဲ့ စေတနာနဲ့ ကြိုးစားအားထုတ်၊ ဒုတိယဘဝတိဟိတ် ပဋိသန္ဓေနေချင်လွန်းလို့, တိဟိတ်ပုဂ္ဂိုလ်ဖြစ်ချင်လွန်းလို့ နော် (မှန်ပါတယ်ဆရာ)၊ တိဟိတ်ဖြစ်တော့ ဘာလုပ်ဖို့လဲလို့ မေး၊ ဟာ - တိဟိတ်ဘဝနဲ့ တရားအားထုတ်မှ တစ်မဂ်တစ်ဖိုလ် အမှန်ရနိုင်တယ်၊ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် ဒုတိယဘဝမှာ တိဟိတ်ပဋိသန္ဓေများသွားနေလို့ တိဟိတ်ပုဂ္ဂိုလ်များဖြစ်ခဲ့သော် ဒီသာသနာနဲ့ တွေ့လို့ရှိရင် ဆရာကောင်း ဥပနိဿယကောင်းနဲ့တွေ့လို့ တရားအားထုတ်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံးရမှာပဲလို့ ဒီလိုစိတ်ကူးပေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီဘဝထဲက လှမ်းမျှော်ပုံကြည့်စမ်း၊ ရထားတဲ့ဘဝကြီးနဲ့ နေရတော့ မတတ်နိုင်ဘူး၊ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်မလာရင် ဘယ်နှယ့်နည်းမှ တစ်မဂ်တစ်ဖိုလ်မရတော့၊ မဖြစ်နိုင်ဘူးလို့ အဲဒါကြည့်၊ ဒီတော့ ဟိုဘက်ဘဝတုန်းက သခ်ါရသုံးမျိုး ကြိုးစားစဉ်အခါတုန်းက ကြိုးစားပုံချင်းတူရဲ့လား (မတူပါဘူးဆရာ)၊ အသိဉာဏ်ချင်းတူရဲ့လား (မတူပါဘူးဆရာ)၊ လုပ်ပုံလုပ်နည်းချင်းတူရဲ့လား (မတူပါဘူးဆရာ)၊ အဲဒါကြောင့် ဒီဘက် ဘဝ "သခ်ါရပစ္စယာဝိညာဏံ" ဆိုတဲ့ ပဋိသန္ဓေဝိညာဏ်လေးကျတော့ ဒီမှာလာပြီးတော့ အကျိုး ဝိညာဏ်ပေါ်တဲ့နေရာကျတော့ ပုဂ္ဂိုလ်လေးမျိုး,လေးစားထွက်နေတယ် နော် (မှန်ပါတယ်ဆရာ)။ အပါယ်လေးဘုံသားဆိုတဲ့ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တဲ့၊ လူ့ဘုံလူ့ဘဝခေါ်ထားတဲ့ အောက်တန်းစား သုဂတိအဟိတ်ပုဂ္ဂိုလ်တဲ့၊ အလတ်တန်းစား ဒွိဟိတ်ပုဂ္ဂိုလ်တဲ့၊ အထက်တန်းစား တိဟိတ်ပုဂ္ဂိုလ်တဲ့ လူသုံးစားလာဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ပုထုဇဉ်ချည်းပဲလို့ ဘာတရားမှမရသေးဘူး။ အဲဒါ "သခ်ါရပစ္စယာဝိညာဏံ"ဆိုတဲ့ ဝိညာဏ်လေးလာပေါ်ပုံပြတာ။ ဒါကြောင့် ဟိုဘက်ဘဝက သခ်ါရပစ္စယာ၊ ပုညာဘိသခ်ါရ အပုညာဘိသခ်ါရ အာနေဉ္ဇာဘိသခ်ါရခေါ်ထားတဲ့ သခ်ါရသုံးမျိုး ကြိုးစားအားထုတ်ခဲ့ခြင်းတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ယခုပစ္စုပ္ပန်ဘဝ၌ ဝိညာဏ်တည်းဟူသော အကျိုးတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏ်တွေ အကျိုးတရားအနေအားဖြင့် လာဖြစ်တယ်။ အဲဒါ ပဋိသန္ဓေဝိညာဏ်လေးက အဓိက၊ ဟိုဘက်ဘဝကနေပြီးတော့ စုတိစိတ်ကျ၊ သခ်ါရသုံးမျိုးတော့လုပ်ခဲ့ပြီးပေါ့ (လုပ်ခဲ့ပါတယ်ဆရာ)၊ သခ်ါရသုံးမျိုးလုပ်လာတယ်၊ စေတနာသုံးမျိုး ကြိုးစားလာတယ်၊ ကုသိုလ်တွေလုပ်တယ်၊ အကုသိုလ်တွေလုပ်တယ်။ ဒါနသီလဆိုတဲ့ ကုသိုလ်လုပ်တယ်၊ သမထဆိုတဲ့ ကုသိုလ်တွေလုပ်တယ်၊ ပုဂ္ဂိုလ်အမျိုးမျိုး ကိုယ်ကြိုက်ရာ ကိုယ်လုပ်လာတာပဲ။ အဲဒီလုပ်လာတဲ့ ပုဂ္ဂိုလ်စုသည် စုတိ၏ အခြားမဲ့၌ ဒီဘဝ ပဋိသန္ဓေသို့ ကူးလိုက်တော့ ပဋိသန္ဓေခဏလာရ ကြတယ် နော် (မှန်ပါတယ်ဆရာ)၊ ရတဲ့ပုဂ္ဂိုလ် လေးမျိုးလေးစား ထွက်မလာဘူးလား (ထွက်လာပါတယ်ဆရာ)၊ ဒုဂ္ဂတိအဟိတ် = အပါယ်လေးပါးသတ္တဝါ။ သုဂတိအဟိတ်= လူတတိယတန်းစား၊ ဒွိဟိတ် = လူဒုတိယတန်းစား၊ တိဟိတ် = လူပထမတန်းစားနော် (မှန်ပါတယ်ဆရာ)၊ အဲဒီဘက်ဘဝလာပြီးတော့ သုံးမျိုးသုံးစားလာပြီးဖြစ်တဲ့အနက် က လူသုံးမျိုးထဲမှာ သုဂတိအဟိတ်ဆိုတဲ့ ပုဂ္ဂိုလ်က ဒီဘဝမှာ သူတစ်မဂ်တစ်ဖိုလ်ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)၊ ဒွိဟိတ်ဆိုတဲ့ ပုဂ္ဂိုလ်ကတစ်မဂ်တစ်ဖိုလ် ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)။။

http://www.dhammadownload.com

တိဟိတ်ဆိုတဲ့ပုဂ္ဂိုလ်က ဒီဘဝမှာ တစ်မဂ်တစ်ဖိုလ်ရကောင်းတယ် မဟုတ်လား (ရကောင်းပါတယ်ဆရာ)၊ အေး-ရကောင်းတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝ လုပ်တာလေးတွေ ပြန်ပြန်ကြည့်၊ ဒီဘက်ဘဝလာပြီး အကျိုးဆိုတဲ့ ဝိညာဏဓာတ်ကြီး လာပေါ်တော့ ဒီပုဂ္ဂိုလ်သုံးမျိုး သုံးစားလာပေါ်။ ဩော် - ဒီဘက်ဘဝ လာပေါ်တာတောင် လူချင်းမတူပါဘဲ တတိယ (၃) နံပါတ်က ပဋိသန္ဓေအားဖြင့် ကန်းလာတယ် ဆွံ့လာတယ် အလာတယ် ချိနဲ့လာတယ် တွေဝေလာတယ် နော် (မှန်ပါတယ်ဆရာ)၊ အူကြောင်ကြောင်ဖြစ်လာတယ်၊ လူရာကို မဝင်တော့ဖူးတဲ့ ဆိုကြပါစို့၊ လူ့ဘဝ သုံးလို့တောင် မဖြစ်တော့ဘူး။ ဆိုးလိုက်တာ ဘာပြုလို့ ဒီလိုလာဖြစ်ပါလိမ့်၊ ဖြစ်မှာပေါ့ ဟိုဘက်ဘဝ ကုသိုလ်လုပ်စဉ်အခါက စောစောကပြောတဲ့ သဘောတွေနဲ့လုပ်တယ် မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ဒီဘက်ဘဝ ဒွိဟိတ်ဆိုတဲ့ (၂)နံပါတ် အလတ်တန်းစား လူလာဖြစ်တယ်။ သူတော့ ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်း ပဋိသန္ဓေအားဖြင့် ချို့ယွင်းချက်တွေ ဘာမှမရှိဘူး။ ဒါပေမယ့် ဟိတ်က နှစ်ပါးထည်းရတယ်၊ ကုသိုလ်ဟိတ်သုံးပါးရှိတဲ့အနက်က အလောဘနဲ့ အဒေါသရပြီး အမောဟမရဘူး၊ ပညိန္ဒြေဟိတ်ကမရခဲ့ဘူး။ ဒါကြောင့် ဒွိဟိတ်ဆိုတဲ့ ဟိတ်နှစ်ပါးသာရသောကြောင့် ဒီဘဝမှာ လူကောင်းသူကောင်းတော့ဖြစ်ပါရဲ့ လူစဉ်တော့မီပါရဲ့ လူတန်းစေ့ပါရဲ့ ဒါပေမယ့် သူလည်း ဒီဘဝ တစ်မဂ်တစ်ဖိုလ်ရဖို့ မဖြစ်ဘူးတဲ့ မဂ်မရလို့ နော် (မှန်ပါတယ်ဆရာ)၊ တရားထူးမရနိုင်ဘူး၊ ဘာပြုလို့ ပဋိသန္ဓေခဏက ဟိတ်သုံးပါး မရခဲ့လို့တဲ့၊ ကုသိုလ်ဟိတ်သုံးပါး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သူကတော့ ဟိုလုပ်တုန်းကလည်း ဒွိဟိတ်ပဲ၊ ယခုလာ အကျိုးပေးတော့လည်း ဒွိဟိတ်ပဲ၊ အရင်းလေး တော့ မပြုတ်သေးဘူး။ အရင်းတော့ ပြန်ကိုက်တယ်နော် (မှန်ပါတယ်ဆရာ)။

အခုနက (၃)နံပါတ်ပြီးတော့ သုဂတိပုဂ္ဂိုလ်ကတော့ အရင်းပြုတ်သွားပြီပေါ့၊ ရှုံးသွားပြီ၊ ကြည့်နော်၊ ဒါကြောင့် အရင်းမရှုံးအောင်ဘဲ ကြံဖန်ပြီးတော့ ကြိုးစားကြပါလို့ ငါအဖန်ဖန်ပြောတယ်။ အရင်းရှုံးတတ်တယ်နော် အလုပ်မလုပ်တတ်ရင် အရင်းရှုံးတတ်တယ်။ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ အရင်းပြုတ်သွားတတ်တယ်၊ အဲဒါကုသိုလ်၊ ကုသိုလ်ဆိုတော့ အဟုတ်မှတ်ပြီး သွားဖြဲလေးတွေနဲ့လုပ်တာ လုပ်လည်းမလုပ်တတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ တချို့များ ကိုယ့်အလုပ်ကို အဟုတ်ကြီးထင်ပြီး ပီတိကဖြစ်လို့ ဝမ်းပမ်းတသာဖြစ်နေတယ်၊ ဒါပေမယ့် ဒီစေတနာတွေ အလကားမဖြစ်ပါဘူး၊ လူ့ဘဝတော့ အကျိုးပေးမှာပေါ့၊ သုဂတိတော့ အကျိုးပေးမှာပေါ့ နော် (ပေးပါတယ်ဆရာ)၊ အခုနကပြောတဲ့ သုံးမျိုးသုံးစားက နံပါတ်(၃) ရောက်သွားရင် မခက်ဖူးလား (ခက်ပါတယ်ဆရာ)၊ အရင်းရှုံးမသွားဘူးလား (ရှုံးသွားပါတယ်ဆရာ)၊ လုပ်တုန်းက ဒွိဟိတ်နော်၊ ဒွိဟိတ်ပုဂ္ဂိုလ် ပြည့်ပြည့်ဖြိုးဖြိုး လှလှပပ တင့်တောင့်တင့်တယ်လို့ ပဋိသန္ဓေအားဖြင့် ချို့ယွင်းချက် ဘာမှမရှိဘူး။ အဲဒီလို ဘဝမျိုးကလုပ်တော အခုဘဝလာ

http://www.dhammadownload.com

အကျိုးပေးပြီး ပဋိသန္ဓေအားဖြင့် ချို့ယွင်းချက်တွေပါလာလို့ သုဂတိအဟိတ်ဆိုတဲ့ပုဂ္ဂိုလ်လာဖြစ်ရတယ်။ ဘယ်လောက် နာစရာကောင်းလဲ၊ နာစရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ အေး-အဲဒါ ဥပနိဿယကောင်း မရလို့ ရှိရင် ဒီလိုလုပ်ကြတာပဲဟ၊ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါကြောင့် ဥပနိဿယကောင်းက ဟ-ဒီလိုမလုပ်နဲ့နော် ဒီလိုလုပ်၊ ဒီအချိန်အခါလေးက ပုဗ္ဗစေတနာ, မုဉ္စစေတနာ, ပရစေတနာ, စေတနာသုံးမျိုးသုံးစားရှိတဲ့အနက်က စေတနာလေးတွေ ဘယ်လိုထားရတယ်၊ ရည်ရွယ်ချက်က ဘယ်လိုထား၊ ဉာဏ်လေးတွေ ယှဉ်ပေးရတယ်၊ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးရဲ့ဂုဏ်ကျေးဇူး အထူးယုံကြည်မှုလေးရှိဟဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ လောဘ ဒေါသ မောဟဆိုတဲ့ အကုသိုလ်တရားတွေ မယှဉ်စေနဲ့၊ ဒီအချိန်အခါမှာ ဘာကြောင့် ညာကြောင့် ဆိုတဲ့ အမျိုးမျိုးသောအကြောင်းတွေကြောင့် အနှောင့်အယှက်မဖြစ်စေနဲ့ နော် (မှန်ပါတယ် ဆရာ)၊ အဲဒီလို ဥပနိဿယကောင်းက သွန်သင်ပြသပေးမှ လုပ်တတ်ပါတယ်လို့ နော် (မှန်ပါတယ် ဆရာ)၊ အခုတော့ ဒီလိုမဟုတ်ပါဘူး၊ ဒီဘဝတုန်းက ဒွိဟိတ်ပဲ၊ ဒွိဟိတ်ပဲ သန့်သန့်ပြန့်ပြန့် သန့်သန့်ရှင်းရှင်းပဲ ဘာမှ ပဋိသန္ဓေအားဖြင့် ချို့ယွင်းချက်မပါဘူး၊ လူကောင်းသူကောင်းပဲ၊ ဒါပေမယ့် ကုသိုလ်ကောင်းမှုလုပ်ပါတယ် အလုပ်က မတတ်တာတဲ့ အရင်းလေးပြုတ်သွား၊ ဟိုဘက်ဘဝသွားပြီး သုဂတိပုဂ္ဂိုလ်များသွားဖြစ်၊ ဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ နာစရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ နှမြောစရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ အဲဒါ ဘာကြောင့်လဲဆိုတော့ အလုပ်ကမတတ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါဝင်္ဆုံးပါးထဲလည်တဲ့ ကုသိုလ်လုပ်ပုံတွေ ငါပြောနေတာ ပဝင်္ဆုံးပါးက ထွက်အောင် ကုသိုလ်လုပ်တတ်ဖို့ဆိုတာ အတော်ခဲယဉ်းတယ်။ ဒါပေမယ့် တို့လူတွေက ရိပ်စားသင့်သလောက် ရိပ်စားတတ်ပါပြီ ဝင်္ဆုံးပါးက ထွက်ချင်ရင် ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်မည်လည်းဆိုတာ နော် (မှန်ပါတယ်ဆရာ)။

အဲဒါက အရင်းရှုံးသွားပြီတဲ့၊ ဒီကုသိုလ်လုပ်စဉ်အခါတုန်းက ငါ ဒွိဟိတ်ဘဝနဲ့လုပ်တာတဲ့။ အခုလာဖြစ်တော့ သုဂတိအဟိတ်ပဋိသန္ဓေအကျိုးပေးတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တားထားလို့ ဒုဂ္ဂတိအဟိတ်တောင် ဖြစ်ချင်ဖြစ်ဦးမှာ နော် (မှန်ပါတယ်ဆရာ)၊ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ပြီးတော့ လူလတ်တန်းစားဆိုတဲ့ နံပါတ်နှစ် ဒွိဟိတ်ပုဂ္ဂိုလ် ဟိုဘက်ဘဝတုန်းက ဒွိဟိတ်ပုဂ္ဂိုလ်အနေနဲ့ ကုသိုလ်ကောင်းမှုလုပ်လိုက်တာပဲ၊ လုပ်ပုံ လုပ်နည်းလေးကတော်ရဲ့၊ သန့်ရှင်းသင့်သလောက် သန့်ရှင်းပြီး၊ စင်ကြယ်သင့်သလောက် စင်ကြယ်တာနဲ့ ဒီဘက်ဘဝ ဝိညာဏ်ဆိုတဲ့ အကျိုးလာပေါ်တော့ ဒွိဟိတ်ပုဂ္ဂိုလ်ပြန်ဖြစ်၊ အရင်းကိုက်မသွားဘူးလား (ကိုက်သွားပါတယ်တယ်ဆရာ)၊ တားထားလို့ အရင်းမရှုံးတော့ဘူး နော် (မှန်ပါတယ်ဆရာ)။ အရင်းရှုံးတော့မလို့

http://www.dhammadownload.com

တော်သေးတယ်၊ ဘာမှမသိရှာဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဲ-အခုဘဝ ကုသိုလ်ကောင်းမှုလုပ်စဉ်အခါတုန်းက တကယ့် မတုန်လှုပ်သော "အစလသဒ္ဓါတရား"နဲ့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးရဲ့ဂုဏ်ကို ယုံကြည်ပြီးတော့ ဉာဏ်ယှဉ်တဲ့ စေတနာသဒ္ဓါတရားမျိုးနဲ့ ဉာဏ်ယှဉ်တဲ့ ကုသိုလ်မျိုး ကြိုးစားအားထုတ်လိုက်တော့ကား။ ဟိုဘက်ဘဝလုပ်တုန်းက ဒွိဟိတ်ပဲတဲ့၊ ဒီဘက်ဘဝလာပြီးတော့ ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေခန်းလာရတယ်၊ အကျိုးလာပေါ်တော့ တိဟိတ်တဲ့၊ အမြတ်ထွက်မသွားဘူးလား (ထွက်ပါတယ်ဆရာ)၊ အေး အဲဒီထိအောင်လုပ်ကြစမ်းပါလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မလုပ်တတ်ရင် အရင်းပြုတ်တယ်လို့ပြောတာ၊ အရင်းပြုတ်သွားတတ်တယ်၊ အင်မတန်လည်း ရှက်စရာကောင်းတယ်၊ အင်မတန်လည်း နှမြောစရာကောင်းတယ်။ ဒါကြောင့် ဝဋ်သုံးပါးထဲလည်တဲ့ သုဂတိဘဝ ကောင်းကျိုးချမ်းသာပေးတတ်တဲ့ကုသိုလ်လုပ်ပုံလုပ်နည်းတောင်မဟုတ်လို့ရှိရင် ဝဋ်သုံးပါးထဲကလည်ရင်း မတ်တပ်ကနေမြုပ်သတဲ့၊ မြုပ်သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ အရင်းလေးတွေ ပြန်ပြန်ပြန်ပြန်ပြုတ်တတ်တယ်။ ဒါကြောင့် လုပ်တတ်ပါစေခြင်းအကျိုးငှာလို့ အခု သခ်ါရသုံးမျိုးအကြောင်းခံလို့ ပေါ်လာတဲ့ ဝိညာဏ်ဆိုတဲ့ အကျိုးဆက်လေးပြန်ပြတယ်။

ဒါကြောင့် - သခ်ါရပစ္စယာ၊ သခ်ါရတည်းဟူသော အကြောင်းကြောင့်။ (ဝါ) သခ်ါရသုံးမျိုးတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်ဆိုတဲ့ အကျိုးတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သြော် သခ်ါရသုံးမျိုးက အကြောင်းတရား ဝိညာဏ်ဆိုတာက အကျိုးတရား၊ အဲဒီဝိညာဏ်ရဲ့ တရားကိုယ်တရားသားလေးကောက်ရင် အကုသလဝိပါက်စိတ် (၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ ရူပဝိပါက်စိတ် (၅)ပါး၊ အရူပဝိပါက်စိတ် (၄)ပါး၊ ပေါင်း လောကီဝိပါက် (၃၂)ပါး၊။ လောကုတ္တရာစိတ် ဖိုလ်စိတ်လေးပါးသည် ဝိပါက်စိတ်မှန်လျက်သားနဲ့ ဘာကြောင့် ဒီထဲမထည့်သလဲ၊ လောကုတ္တရာ ဖိုလ်စိတ်လေးပါးဆိုတဲ့ ဝိပါက်စိတ်က ဝဋ်မူလကို ဖြတ်တောက်တတ်တဲ့ သတ္တိရှိတယ်တဲ့၊ ဒီမှာ ဝဋ္ဋကထာဆိုတဲ့ ဝဋ်လည်သော တရားကို ပြောနေတာတဲ့။ ဒါကြောင့် ဒီထဲမထည့်နဲ့။

လောကုတ္တရာနိ ပန (ဝဋ္ဋမူလစ္ဆေဒဘူတတ္တာ) ဝဋ္ဋကထာယံ န ယုဇ္ဇန္တီတိ န ဂဟိတာနိ။
(သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၄၃)

ဒီနေရာ ဒါကြောင့် လောကုတ္တရာစိတ် ဝိပါက်မှန်သော်လည်း ဒီထဲ၌ မယူရ မယူသင့်ကြောင်း။ ဒါကြောင့် လောကီဝိပါက် ဗာတ္တိသ၊ "သခ်ါရပစ္စယာ ဝိညာဏံ" သခ်ါရပစ္စယာ၊ သခ်ါရတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်ဆိုတဲ့ အကျိုးတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သခ်ါရတည်း

http://www.dhammadownload.com

ဟူသော အကြောင်းကြောင့် ဝိညာဏ်ဆိုတဲ့ အကျိုးဖြစ်လာတယ်။ အကြောင်းက သခါရအကျိုးက ဝိညာဏ် အဲဒီအကြောင်းသခါရက ဘယ်သူတုံး၊ နောက်ကပြလာတဲ့ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ သင်္ခါရသုံးမျိုး၊ (တစ်နည်း) ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ သုံးမျိုး၊ ကာယကံမှုတွေ လုပ်ခဲ့တယ် ဝစီကံမှုတွေ လုပ်ခဲ့တယ် မနောကံမှုတွေလုပ်ခဲ့တယ်။ ကာယကံလည်း ကုသိုလ် အကုသိုလ်ကံနှစ်ပါး၊ ဝစီကံလည်း ကုသိုလ် အကုသိုလ်ကံနှစ်ပါး၊ မနောကံလည်း ကုသိုလ် အကုသိုလ်ကံနှစ်ပါး၊ ဒီတော့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ သင်္ခါရသုံးမျိုးလည်းပဲ အတိုချုံးလိုက်တော့ ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါး၊ ဒီတော့ ကုသိုလ် အကုသိုလ်ကံနှစ်ပါး ကြိုးစားအားထုတ်ခြင်းကြောင့် ဝိညာဏ်ဆိုတဲ့ အကျိုးတရားပေါ်လာတယ်။ ကြိုးစားစဉ်အခါတုန်းက ကုသိုလ်ကံလည်းပဲ ဒါနကုသိုလ် သီလကုသိုလ် သမထကုသိုလ်၊ အကုသိုလ်က အကုသိုလ်၊ ကုသိုလ်လည်း သုံးမျိုးသုံးစား ကိုယ်ကြိုက်တာ ကိုယ်ကြိုးစား ကိုယ်အားထုတ်၊ ဒီတော့ ဒီကံတွေ လုပ်လာခြင်းကြောင့် ဒီဘက်ဘဝမှာ ဝိညာဏ်ဆိုတဲ့ အကျိုးတရားလာရတယ်၊ အဲဒီအကျိုးတရားလာရတော့ ဒီဘက်ဘဝမှာ အကျိုးတရားက ဘယ်နှစ်မျိုး ဘယ်နှစ်စား လာဖြစ်သလဲလို့ဆိုတော့ -

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ် လေးမျိုးလေးစားလာဖြစ်တယ်။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဆိုတာက ငရဲ တိရိစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံသား၊ သုဂတိအဟိတ်ပုဂ္ဂိုလ်ဆိုတာက လူ၊ ဒွိဟိတ်ပုဂ္ဂိုလ်ဆိုတာက လူ၊ တိဟိတ်ပုဂ္ဂိုလ် ဆိုတာက လူ၊ လူက သုံးမျိုး သုံးစားဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ပေါင်းလိုက်တော့ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် တစ်ပါးပါ ထည့်လိုက်တော့ လေးပါးမဟုတ်လား (လေးပါးပါဆရာ)၊ ဒါ ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်ခေါ်တယ်၊ ပြီးတော့မှ မဂ်ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်ပုဂ္ဂိုလ်လေးယောက်၊ အရိယာပုဂ္ဂိုလ်က ရှစ်ယောက်ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ပေါင်းလိုက်တော့ ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်နဲ့ ပေါင်းလိုက်တော့ တစ်ဆယ့်နှစ်ပါး မနေဘူးလား (တစ်ဆယ့်နှစ်ပါးပါဆရာ)၊ "ဒုသုဒွိတိ၊ ယာအရိ-ပေါင်းဘိ ဒွါဒသ" ဒု-က ဒုဂ္ဂတိအဟိတ်၊ သု-က သုဂတိအဟိတ်၊ ဒွိ-က ဒွိဟိတ်၊ တိ-က တိဟိတ်၊ ယာအရိဆိုတာက အရိယာပုဂ္ဂိုလ်ရှစ်ပါး၊ ပေါင်းလိုက်တော့ တစ်ဆယ့်နှစ်ပါး၊ ပုဂ္ဂိုလ်တစ်ကျိပ် နှစ်ပါးရ၏။ လောကမှာ ဒါပဲရှိတယ်။

ဒီတော့ မဂ်ပုဂ္ဂိုလ်လေးပါး ဖိုလ်ပုဂ္ဂိုလ်လေးပါး အရိယာပုဂ္ဂိုလ်ရှစ်ပါးဆိုတာ ဘယ်ကလာတာတုံး၊ စောစောကပြခဲ့တဲ့ လူသုံးမျိုးသုံးစားမှာ ထိပ်တန်းက တိဟိတ်ပုဂ္ဂိုလ်ကလာတယ် နော် (မှန်ပါတယ်ဆရာ)၊ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်ဘဝကမှ ကျင့်ကြံပွားများ အားထုတ်အလုပ်လုပ်လို့ မဂ်ပုဂ္ဂိုလ်ဖြစ်လာကြတယ်၊ ဖိုလ်ပုဂ္ဂိုလ် ဖြစ်လာကြတယ်လို့ ပထမ မွေးထုတ်လိုက်တာကတော့ ပုထုဇဉ်

http://www.dhammadownload.com

ပုဂ္ဂိုလ်လေးယောက်, ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ် ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ပုထုဇဉ်ပုဂ္ဂိုလ် ဘယ်နှစ်ယောက်လဲ၊ (လေးယောက်ပါဆရာ)၊ ဘယ်သူတွေတုံး၊ (ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်) ဟုတ်ပြီ၊ အဲဒီထဲမှာ လူဘယ်နှစ်မျိုးပါလဲ (သုံးမျိုးပါပါတယ်ဆရာ)၊ ဘယ်သူတွေတုံး၊ (သုဂတိအဟိတ် ရယ်, ဒွိဟိတ်ရယ်, တိဟိတ်ရယ်ပါဆရာ)၊ အေး - ဟုတ်ပြီး သုဂတိအဟိတ်ပုဂ္ဂိုလ်ဆိုတာက ပဋိသန္ဓေခဏတုန်းက အလောဘ, အဒေါသ, အမောဟ ဆိုတဲ့ ကုသိုလ်ဟိတ်သုံးပါးတစ်ပါးမှ မရခဲ့ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် လူ့ဘဝ သုဂတိရောက်လာတော့ သုဂတိလို့ခေါ်ရတယ်၊ အဟိတ်ကတော့ ဟိတ်မရလို့ သုဂတိအဟိတ်၊ ဒွိဟိတ်ကျတော့ ပဋိသန္ဓေခဏမှာ ကုသိုလ်ဟိတ်နှစ်ပါးရခဲ့တယ်တဲ့၊ အလောဘဟိတ်နဲ့ အဒေါသဟိတ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေခဏက ကုသိုလ်ဟိတ်နှစ်ပါးရလာလို့ ဒွိဟိတ်လို့ ခေါ်ပါတယ်တဲ့။ တိဟိတ်ကျတော့ ပဋိသန္ဓေခဏမှာ ကုသိုလ်ဟိတ်သုံးမျိုးစလုံး အကုန်ရတယ်။ "အလောဘ, အဒေါသ, အမောဟ" ကုသိုလ်ဟိတ်သုံးပါးစလုံး ပဋိသန္ဓေခဏအကုန်ရလာလို့ ဒီပုဂ္ဂိုလ်ကျတော့ တိဟိတ်ပုဂ္ဂိုလ်ခေါ်ပါတယ် နော် (မှန်ပါတယ်ဆရာ)၊

ဒီတော့ ဒီလူသုံးမျိုးသုံးစား လာဖြစ်တာဟာ အကြောင်းအားလျော်စွာ ဖြစ်ကြတာတဲ့ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ကလည်းပဲ အကြောင်းအားလျော်စွာ လာဖြစ်တာတဲ့၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဆိုတာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဆိုတဲ့ အပါယ်ဘုံသား ဆိုတော့ ပြောစရာမလိုဘူး၊ ဟိုဘက်ဘဝက အကုသိုလ်ဒုစရိုက် ဒုရာဇီဝတွေ လုပ်ခဲ့လို့ ဒီဘက်ဘဝ အပါယ်လေးဘုံသား လာဖြစ်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ငရဲ, ပြိတ္တာ, တိရစ္ဆာန်, အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံးသား လာဖြစ်၏။ ဒါဆန်းသလားဟ (မဆန်းပါဘူးဆရာ)၊ ဒါပေမယ့် သူရှုံးသလား မြတ်သလား (ရှုံးနေပါတယ်ဆရာ)၊ ဘယ်လောက်ရှုံးသတုံး၊ (အရှုံးကြီးရှုံးနေပါတယ်)၊ အရှုံးကြီး ရှုံးသွားတယ်။ ဟိုဘက်ဘဝ အကုသိုလ်လုပ်တုန်းက လူမဟုတ်လား (လူပါဆရာ)၊ လူ့ဘဝ၌ ဒုစရိုက် ဒုရာဇီဝတွေ နင်းကန်လုပ် ကြောက်ရမှန်း မသိ လန့်ရမှန်း မသိ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သေပြီးသည်အခြားမဲ့ကျတော့ အပါယ်ဘုံသား သွားမဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ခွေးသွားဖြစ်, ဝက်သွားဖြစ်, ကြက်သွားဖြစ်, ငရဲကျလိုကျ, ပြိတ္တာဖြစ်လိုဖြစ်, အသူရကာယ်ဖြစ်လိုဖြစ် လုံးလုံးကြီးရှုံး နော် (မှန်ပါတယ်ဆရာ)။

အကုသိုလ်ဒုစရိုက် ဒုရာဇီဝတွေ လုပ်တုန်းက လူ့ဘဝ၌လုပ်ခဲ့၏။ သေသည်၏ အခြားမဲ့၌ အပါယ်လေးပါးသို့ လားရ၏။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဖြစ်၏ဆိုတော့ ရှုံးနေတယ် မရှုံးဘူးလား (ရှုံးပါတယ်ဆရာ) လူ့ဘဝတောင် လာမရတော့ဘူး။ နောက်တစ်ခါ လူသုံးမျိုးသုံးစားမှာ သုဂတိအဟိတ်ပုဂ္ဂိုလ်ဆိုတာက လူတော့လာဖြစ်ပါရဲ့၊ ဒါပေမယ့် သုဂတိအဟိတ်ပုဂ္ဂိုလ်အနေနဲ့လာဖြစ်တယ်၊ အဟိတ်

http://www.dhammadownload.com

ဆိုတာက ခုနပြောတဲ့ ဒုဂ္ဂတိအဟိတ် အပါယ်ဘုံသားနဲ့ အတူတူပဲ၊ ပဋိသန္ဓေခဏတုန်းက ကုသိုလ်ဟိတ်သုံးပါး တစ်ပါးမှ မရခဲ့လို့ အဟိတ်ခေါ်ထားတယ်။ ဒါပေမယ့် သူက လူ့ဘဝလာရလို့ သုဂတိဆိုတဲ့ နာမည်လေး လာရတယ်၊ သုဂတိအဟိတ် နော် (မှန်ပါတယ်ဆရာ)၊ သုံးနံပါတ် လူစားခေါ်တယ်။ ညံ့လိုက်တာလို့ ဟိုဘက်ဘဝမှာ လုပ်စဉ်အခါတုန်းက ကုသိုလ်ကောင်းမှုတွေ သူလုပ်တယ် ဒါနကုသိုလ်, သီလကုသိုလ် သူလုပ်ခဲ့၏၊ အဲဒီလုပ်ခဲ့တဲ့ ကုသိုလ်တွေ အထောက်အပံ့ပေးလို့ ဒီဘက်ဘဝ လာပြီးတော့ လူရယ်လို့ လာဖြစ်တယ်၊ ဖြစ်တော့ဖြစ်ပါရဲ့တဲ့ ကုသိုလ်အကျိုးဆက်ကြောင့် ဒါပေမယ့် လူသုံးမျိုးသုံးစားဘယ်အတန်းကလဲဆိုတော့ နံပါတ်သုံးကနော် (မှန်ပါတယ်ဆရာ)။

ပဋိသန္ဓေအားဖြင့် ဆွံ့ခြင်း, ပဋိသန္ဓေအားဖြင့် ကန်းခြင်း, ပဋိသန္ဓေအားဖြင့် အခြင်း, ကောင်းစရာ အကြောင်းမရှိဘူး၊ ဒီတော့ ဟိုဘက်ဘဝလုပ်စဉ်အခါတုန်းက တန်းစိလမ်းစိပုဂ္ဂိုလ်အနေနဲ့ လုပ်လာတာတဲ့ လုပ်ပုံလုပ်နည်းကမဟုတ်တော့ အရင်းပြုတ်သွားရှာတယ်၊ မပြုတ်ဘူးလား (ပြုတ်ပါတယ်ဆရာ)။ ဟိုဘက် ဘဝတုန်းက တန်းစိလမ်းစိ သူလိုငါလို လူတကာလိုပဲ၊ ပဋိသန္ဓေအားဖြင့် ချို့ယွင်းချက်တွေ မရှိဘူး။ တန်းစိလမ်းစိ ဘဝကလုပ်လာတယ်၊ ဒါပေမယ့် လုပ်တဲ့ကုသိုလ်လေးက အထောက်အပံ့ပေးတော့ သုဂတိဆိုတဲ့ လူဘဝတော့ လာရပါသေးရဲ့၊ ရပင်ရငြားသော်လည်း လူချင်းက မတူဘူးတဲ့၊ တူသေးရဲ့လား (မတူပါဘူးဆရာ)၊ "ဇစ္စန္ဓ ဇစ္စဗဓိရ ဇစ္စမူဂ" သူရော ရှုံးသလား မြတ်သလား၊ (ရှုံးပါတယ်ဆရာ)၊ ရှုံးတာပေါ့ အရင်းပြန်မပေါ်ဘူး နော် (မှန်ပါတယ်ဆရာ)။ ကုသိုလ်ပြုစဉ်အခါတုန်းက အကောင်းမဟုတ်လား (အကောင်းပါဆရာရဲ့)။ အခုတော့ ကောင်းသေးရဲ့လား (မကောင်းပါဘူးဆရာရဲ့)၊ ရှုံးသွားပြီး၊ အဲဒါ လုပ်ပုံလုပ်နည်းက ကမ္မဿကတသမ္မာဒိဋ္ဌိဉာဏ်ရလို့ ကံ, ကံ၏အကျိုးယုံကြည်လို့ ကုသိုလ်တရား ကြိုးစားအားထုတ်တာ ဝဋ်က ကျွတ်ရာကျွတ်ကြောင်း၊ လွတ်ရာလွတ်ကြောင်းဆိုတာ ထားပါအုံးတဲ့၊ ဝဋ်ထဲမှာပဲ "အနဝဇ္ဇသုခဝိပါကလက္ခဏာ" ဆိုတဲ့အတိုင်း ဖြစ်ရာဘဝမှာ သန့်သန့် ရှင်းရှင်းနဲ့ "မဟပ္ဖလ မဟာနိသံသ" ဖွံ့ဖွံ့ဖြိုးဖြိုး အကျိုးပေးဖို့ အချိုးလေးတောင် မကိုက်ရှာဘူးတဲ့။ အရင်းပြုတ်ရှာရတယ် နော် (မှန်ပါတယ်ဆရာ)၊ အရင်းရှုံးတယ်တဲ့။

အဲဒါကြောင့် ကုသိုလ်များလုပ်တဲ့နေရာမှာ သာမန်လည်း မှတ်မနေကြနဲ့၊ ပြထားတဲ့နည်းလေးတွေ မှတ်လဲမှတ်ကြ၊ ဒီတော့ ကုသိုလ်ဆိုရင် လုပ်ကြစတမ်းဆိုတော့ လုပ်ကြတာပဲ အင်တိုက်အားတိုက်ကြိုးစားပမ်းစားနဲ့နော်။ ဒါပေမယ့် မိမိလက်ရှိဘဝမျိုးပြန်မရနိုင်တဲ့ ကုသိုလ်မျိုးတွေ လုပ်မိသလိုဖြစ်နေတယ် နော် (မှန်ပါတယ်ဆရာ)။ မိမိလက်ရှိ ဘဝမျိုးလေးမှာ အချိုးကိုက်အောင် မှီရုံလေးမနည်းကြိုးရစားတဲ့ ကုသိုလ်မျိုးတွေ လုပ်တဲ့ပုဂ္ဂိုလ်ကလုပ်၊ အလုပ်ကမတတ်ကြဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒီတော့ ကုသိုလ်လုပ်တိုင်း ဟုတ်တယ်လို့ ထင်မနေနဲ့၊ ဒါမလုပ်ရဘူး ပြောနေတာမဟုတ်ဘူး၊ ဟုတ်အောင်

http://www.dhammadownload.com

လုပ်ကြပါလို့ ဒီလိုဆိုလိုတယ်၊ အခုဒီဘက်ဘဝ လာပြီးတော့ ဟိုဘက်ဘဝက "သခ်ါရ ပစ္စယာဝိညာဏံ" ဆိုတဲ့ သခ်ါရအကြောင်းခံလို့ ဒီမှာ ဝိညာဏ်လာပေါ်ပုံလေးတွေ ပြနေတာနော် (မှန်ပါတယ်ဆရာ)။

တချို့ကတော့လည်းပဲ တော်တော်လေး တိတိကျကျလုပ်တတ် ကိုင်တတ်ရှိသွားတော့ သူတော်ကောင်းများရဲ့ ဥပနိဿယရလို့ ကုသိုလ်ကောင်းမှုလေးပြုဆဲခဏ လောဘ, ဒေါသ, မောဟဆိုတဲ့ တရားတွေ မခြံမရံပဲနဲ့ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်းလေး ပြုလိုက်ခြင်းကြောင့် ဒီသခ်ါရတရားတွေ အကြောင်းခံခြင်းကြောင့် ဒီဘက်ဘဝလာပြီးတော့ ပဋိသန္ဓေဝိညာဏ်လာဖြစ်လိုက်တော့ ဒွိဟိတ် နော် (မှန်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝလုပ်တုန်းကနဲ့ သွားမတူလားကွယ် (တူပါတယ်ဆရာ)။ သူ့ရှုံးသလား မြတ်သလား (မရှုံးပါဘူးဆရာ)၊ မရှုံးဘူးလား (မရှုံးသေးပါဘူး) မြတ်သလား၊ (မမြတ်သေးပါဘူးဆရာ)၊ ဘယ့်နှယ်နေတုံး (အတူတူပါပဲဆရာ)၊ အရင်းကိုက်တယ်ပြောရတယ် နားလည်လား (နားလည်ပါတယ်ဆရာ)။ အရင်းတော့ကိုက်တယ်၊ အရှုံး, အမြတ်တော့မရှိရှာဘူး၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ တော်သေးရဲ့ဟဲ့ အရင်းစားလေး ပြန်ပေါ်လာနော် (မှန်ပါတယ်ဆရာ)။ အရင်းစားပြန်ပေါ်လာတဲ့ ဘဝမှာပဲ၊ "သတိသံဝေဂ" ရလို့ ကြိုးစားလိုက်ရင် ရှေ့တိုးပွားမသွားဘူးလား၊ (တိုးပွားသွားပါတယ်ဆရာ)။ အဲဒါလေးတွေ မှတ်ထား၊ တို့လူစုတွေ အရင်းစားကိုက်တဲ့ လူလေးတွေနော် (မှန်ပါတယ်ဆရာ)။ အရင်းကိုက်တယ် မဟုတ်လား (ကိုက်နေပါတယ်ဆရာ)၊ ဟိုဘဝတုန်းက ထူထောင်လာတဲ့ ပုညာဘိသခ်ါရဆိုတဲ့ သခ်ါရအကြောင်းခံလို့ ဒီဘက်ဘဝလာပြီးတော့ အခု လူလေးတွေလာဖြစ်ကြတော့ အရင်းလေးတွေ ပြန်မကိုက်လားကွယ် (ကိုက်နေပါတယ်ဆရာ)။ အေး အဲဒီအရင်းလေးတွေ ကိုက်တာ နောက်ထပ်မရှုံးစေနဲ့ နော် (မှန်ပါတယ်ဆရာ)၊ အမြတ်ထွက်အောင်ကြိုးစားကြ မရှုံးစေနဲ့၊ မရှုံးစေနဲ့ဆိုတဲ့ သဘာဝလေး သေသေချာချာမှတ်ထား အရှုံးမခံနဲ့၊ ကိုယ့်မှာလွယ်တာမဟုတ်ဘူး၊ ကုသိုလ်တရားကြိုးစားတယ်ဆိုတာကလွယ်ပါမလား (မလွယ်ပါဘူးဆရာရဲ့)။ ဒါနဆိုလည်းပဲ စေတနာဒါန၊ ဝတ္ထုဒါနတဲ့နော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ဆိုတဲ့တရားသည် လုပ်ကောင်းတယ်ဆိုတဲ့ တရားဆိုပြီးတော့ တချို့လည်း မိမိ မသုံးရက်, မစားရက်, မပေးရက်, မကမ်းရက်, မိဘနှစ်ပါးမှ မကျွေးရက်, မမွေးရက်, သားမယားအား မစွန့်ကြဲရက်ဆိုသလိုပဲ စုဆောင်းပြီးတော့ မွန်မွန်မြတ်မြတ်အကောင်းဆုံးလေး စုဆောင်းပေါင်းပြီးတော့ ကုသိုလ်လုပ်တာ အင်မတန်ကောင်းတယ်ဟေ့ဆိုတဲ့ အနေအားဖြင့် ကြိုးစားအားထုတ် အလုပ်လုပ်နေတယ်မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)။

အဲဒီလိုလုပ်တော့ ဩော်-တို့လုပ်ရတဲ့ လုပ်ငန်းတွေ မသက်သာပါလားလို့ တော်တော်လေး ခဲတောင့်ခဲယဉ်းအနေအားဖြင့် လုပ်ရတဲ့လုပ်ငန်းတွေပဲလို့။ ဒါကြောင့် တို့အရှုံးတော့မရှိစေနဲ့၊ အမြတ်ထွက်အောင် လုပ်မယ်ဆိုတဲ့နေအားဖြင့် ကြိုးစားပေါ့ကွ နော်၊ (မှန်ပါတယ်ဆရာ)။ တချို့ကျတော့လည်း

http://www.dhammadownload.com

သူတော်ကောင်းတွေရဲ့ "ဥပနိဿယ"ရလို့ သဒ္ဓမ္မဿဝနံ-သူတော်ကောင်းတရား နာကြားရတော့ ကုသိုလ်ပြုဆဲခဏမှာ လောဘ, ဒေါသ, မောဟဆိုတဲ့ အကုသိုလ်တရားတွေ မခြံမရံစေနဲ့ဟဲ့၊ မိမိလည်း ဖြူစင်သန့်ရှင်းတဲ့ သီလလည်းရှိစေဟဲ့၊ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်, ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေ ယုံကြည်တဲ့သဒ္ဓါတရားက တုန်လှုပ်ချောက်ချားခြင်း မရှိစေနဲ့ဟဲ့လို့ သူတော်ကောင်းက ညွှန်ကြားတယ်၊ တချို့လုပ်တတ်ပါတယ်။ ဒီတော့ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်, ရတနာမြတ်သုံးပါးဂုဏ်ကို ယုံကြည်တဲ့ သဒ္ဓါစစ် သဒ္ဓါမှန်နဲ့ စေတနာထက်ထက်သန်သန်ကြီးနဲ့ အကုသိုလ်မခြံမရံဘဲနဲ့ "ဉာဏသမ္ပယုတ္တ"ဆိုတဲ့ ကုသိုလ်မျိုးလုပ်လိုက်တော့ ဒီပုဂ္ဂိုလ်ကျတော့ အဲဒီသခ်ၤါရ အကြောင်းခံပါသဖြင့် ဒီဘက်ဘဝအကျိုးဆိုတဲ့ ဝိဉာဏာဓာတ်ကြီး ပေါ်ထွက်လာပြီး ဒီဘက်ဘဝကျတော့ တိဟိတ်ပုဂ္ဂိုလ်လာဖြစ်တယ် မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ ထိပ်တန်းနော် (မှန်ပါတယ်ဆရာ)၊ မရှားဘူးလား (ရှားပါတယ်ဆရာ)၊ ရှားတယ်, ရှားတယ်၊ အဲဒီတိဟိတ်ပဋိသန္ဓေရလာတဲ့ ပုဂ္ဂိုလ်ဆိုတော့ ရတဲ့ဘဝမှာပဲ တရားအားထုတ်ရင် တစ်မင်္ဂလာတစ်ဖိုလ် မရနိုင်ဘူးလားကွယ် (ရနိုင်ပါတယ်)၊ အေး - သူမှ ရနိုင်တယ်နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တချို့လည်း တိဟိတ်ပဋိသန္ဓေနေပါမယ့် အကြောင်းလို့ ဆုတောင်းကောင်းများ တောင်းပြီးတော့ ကုသိုလ်ကမ္မပထတရားတွေ ကြိုးစားအားထုတ်ကြတယ်လို့ "မဟာကုလေ တိဟေတုကော ဟုတ္တာ" မဟာကုလေ၊ မြတ်သောအမျိုး၌။ တိဟေတုကော၊ တိဟိတ်ဥက္ကဋ္ဌ မြတ်သော ပဋိသန္ဓေတည်နေရခြင်းသည်။ ဟုတ္တာ၊ ဖြစ်၍။ ဒီလိုပဲ တောင်းကြတယ်၊ နောက်ဘဝကျတော့ တိဟိတ်ပဋိသန္ဓေနေရပါလို၏၊ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရပါလို၏။ ဒီဘဝတော့ ငါဒွိဟိတ်ထင်ပါရဲ့ တရားကြိုးစားပြီး အားထုတ်ရင်တော့ တစ်မင်္ဂတစ်ဖိုလ်ရဖို့ ခက်လှချည်ရဲ့ နော် (မှန်ပါတယ်ဆရာ) တစ်မင်္ဂတစ်ဖိုလ်မရရင် ငါမဖြစ်နိုင်ဘူး၊ ဒါဖြင့် ဒီဘက်ဘဝ ဒွိဟိတ်ပုဂ္ဂိုလ်အနေအားဖြင့် မင်္ဂတားထားတဲ့ အန္တရာယ်ကြီးရှိနေလို့ တစ်မင်္ဂတစ်ဖိုလ်မရရင် ဒုတိယဘဝကျတော့ ငါတိဟိတ်ဖြစ်ရင် မုချမင်္ဂရမှာပဲ၊ တချို့လည်းစိတ်ထဲဒီလိုပဲ စွဲလန်းယုံကြည်ပြီးတော့ ဒုတိယဘဝရောက်ရင် တိဟိတ်ပုဂ္ဂိုလ်ဖြစ်ပါစေဆိုတဲ့ အနေ အားဖြင့် ကုသိုလ်တရားပြုတဲ့နေရာ စင်ကြယ်သန့်ရှင်းသောအနေအားဖြင့် ကြိုးစားအားထုတ် အလုပ်လုပ်ကြတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် အခု လူတစ်ရာမှာ ကိုးဆယ်နဲ့ကိုးယောက်က ဒါန၊ သီလ ကိုယ်တတ်အားသမျှ ကုသိုလ်ကောင်းမှုပြု ဘုရားပုထိုးရှိခိုးဝတ်တက် ဆီးမီး, ရေချမ်း, ပန်းမာလ,အစရှိတဲ့ လျှုဒါန်းပူဇော်မှုတွေလုပ်ကြတယ်၊ လုပ်တဲ့နေရာလေးတွေမှာ အသိဉာဏ်မပါတာတွေကများတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အသိဉာဏ်မပါတာကများတယ်၊ ဉာဏ်မယှဉ် တာကများတယ်၊ ဘယ်နှယ်လုပ် ဒုတိယဘဝမှာ ကောင်းကျိုးချမ်းသာပေးပါ့မတုံး။ သုံးမျိုးသုံးစားသော လူတွေထဲမှာ ဒုတိယနံပါတ်

http://www.dhammadownload.com

နှစ်ဆိုတဲ့ အရင်းပြန်ကိုက်ဖို့တောင် အတော်ခဲယဉ်း၊ မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ)။

လူဖြစ်ရတာ ခဲယဉ်းပုံ

လူဖြစ်ရတာများ လွယ်တယ်မမှတ်နဲ့၊ "မနုဿတ္တဘာဝေါ ဒုလ္လဘော"လို့ မြတ်စွာဘုရား ကိုယ်တော်မြတ် ဟောကြားတဲ့ပါဠိတော်ကို သေချာကြည့်၊ မနုဿတ္တဘာဝေါ၊ လူသတ္တဝါ၏အဖြစ်ကို။ ဒုလ္လဘော၊ ရခဲ၏။ ဘယ်လောက်ခဲယဉ်းသလဲလို့ အဌကထာဆရာက ဥပမာပြ၊ လူ့ပြည်က အပ်တစ်စင်းထောင်ထား၊ ဗြဟ္မာ့ပြည်မှာ အပ်တစ်စင်းစိုက်ချလိုက် ဗြဟ္မာ့ပြည်က အပ်သွားအပ်ဖျား၊ လူ့ပြည်က အပ်သွားအပ်ဖျား သွားထိဖို့ မခက်ဘူးလား (ခက်ပါတယ်ဆရာ)၊ ဘယ်လောက်ခက်သလဲ (တော်တော့ကို ခက်ပါတယ်ဆရာ)၊ တော်တော့ကို ခက်တယ်၊ ထိနိုင်ပါ့မလားဟ (မထိနိုင်ပါဘူးဆရာ) ထိနိုင်စရာအကြောင်းရောရှိရဲ့လား (မရှိပါဘူးဆရာရဲ့)၊ အေး-စဉ်းစားကြည့်နော်၊ ပြထားတဲ့ ဥပမာကို ထိနိုင်စရာအကြောင်းကို မရှိဘူး၊ လုံးလုံးမရှိဘူး ရှိပါ့မလား (မရှိပါဘူးဆရာ)၊ တစ်ထွာကွာ တစ်မိုက်ကွာ ချကြည့်ပါ၊ မင်းအိမ်ရောက်တော့ မယုံလို့ရှိရင် ဗြဟ္မာ့ပြည်ကချတဲ့အပ် မပြောပါနဲ့နော် (မှန်ပါတယ်ဆရာ)၊ ထိနိုင်စရာအကြောင်း လုံးလုံးမရှိ ၊ အဲဒီလို ထိနိုင်စရာအကြောင်း လုံးလုံးမရှိတဲ့ ဗြဟ္မာ့ပြည်က အပ်သွားနဲ့ လူ့ပြည်က အပ်ဖျားနဲ့ ထိရင်သာထိရမယ်တဲ့၊ လူ့ဘဝရဖို့က ဒါထက်ပိုခဲယဉ်းတယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဥပမာ+ဥပမေယျလေးတွေးထား၊ ဒါထက် "မနုဿတ္တဘာဝေါ ဒုလ္လဘော"လို့ တို့ကဟောလည်း သိပ်ယုံချင်မှယုံပါကွာ။ ကလေးတွေက သိပ်မွေးတာကိုးနော်၊ တချို့များ အမွှာပူးမွေးတယ် နှစ်မွှာပူးတဲ့၊ သတင်းစာထဲက ဖတ်လိုက်ရတယ် သုံးမွှာပူးတဲ့၊ ငါမျက်လုံးပြူးပြီး ထူးလာသလား အောက်မေ့တယ်။ နောက်တစ်ခါ လေးမွှာပူးတဲ့။ ဒီတော့ လူဖြစ်ရတာ သိပ်လွယ်တယ် ထင်နေတယ်၊ မွေးတာ သောက်သောက်လည်အောင် မွေးနေတော့ လူဖြစ်ရတာ သိပ်လွယ်တယ် ထင်နေတယ် မလွယ်ပါဘူး၊ အင်မတန်ခဲယဉ်းပါတယ်။

လူ့ရွာတစ်ခေါက်တစ်ခါပြန်လာဖို့ ဆိုတာ အင်မတန်ခဲယဉ်းတယ်၊ မလွယ်ဘူး၊ ဒါကို မြင်တိုင်း အဟုတ်ထင်ပြီး အလွယ်သားပဲ အလွယ်သားပဲ ဒီလို မမှတ်နဲ့၊ လူသေ တစ္ဆေဖြစ်ဖို့တောင် ခဲယဉ်းတယ်၊ မခဲယဉ်းဘူးလား၊ (ခဲယဉ်းပါတယ်ဆရာ)၊ တစ္ဆေ ဆိုတာ "ဝေမာနိကပြိတ္တာ"ခေါ်တယ်၊ ပြိတ္တာမျိုးထဲက ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်တဲ့ အပါယ်လေးဘုံသားခေါ်တယ်၊ လူသေ တစ္ဆေဖြစ်ဖို့ခဲယဉ်းတယ် မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ)။

http://www.dhammadownload.com

ပခုက္ကူမြို့အဖြစ်အပျက်အကြောင်း

တို့တိုင်းပြည်မပျက်ခင်တုန်းက တို့ပခုက္ကူမြို့ကြီး မြို့ဟောင်းကြီးအနေ နေစဉ်အခါတုန်းကတော့ ညမိုးမှောင်လို့ရှိရင် လမ်းတိုင်း လူမသွားဝံ့၊ လမ်းရာဇဝင်လေးတွေနဲ့ သစ်ပင်ရာဇဝင်လေးတွေနော် (မှန်ပါတယ်ဆရာ)၊ ဘယ်လမ်းက အဖော်မပါဘဲ မသွားနဲ့ဟာ၊ ဘယ်တမာပင်ကြီးက သိပ်ခြောက်တာ ဘယ်ထန်းပင်ကြီးအနက်က သိပ်ခြောက်တာ၊ တစ္ဆေတယ်ပေါလို့ မပြောဘူးလား (ပြောပါတယ်ဆရာ)၊ သိပ်ပေါတာ အဲဒါ မသွားဝံ့ကြဘူး၊ အချိန်ရွေးသွားကြ စစ်ကြီးကလည်းဖြစ်လို့ မြို့ကြီးလည်း မီးလောင်ပြီး မြို့သစ်လည်း တည်ဆောက်ရော၊ အဲဒီတစ္ဆေသံတွေလည်း ပျောက်ကုန် ကြား သေးလားဟ (မကြားပါဘူး)၊ အခုတော့ ဘယ်လမ်းမှ တစ္ဆေခြောက်တယ် ပြုတယ် မကြားရဘူး၊ အဲဒါမြို့မီးရှို့တုန်းက ဒီတစ္ဆေတွေပါသွားလား ငါလည်း မပြောတတ်ဘူး၊ တစ်ကောင်မှ မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါမှမဟုတ်ရင် အဲဒီခေတ်သစ်ကြီးထဲကျကာမှ လူတွေသေရင် တစ္ဆေပဲ မဖြစ်လို့လား ငါစဉ်းစားကြည့်တယ်၊ ခေတ်ဟောင်းတုန်းကမှ လူသေရင် တစ္ဆေဖြစ်ဖော်ရသေးတယ်၊ ဒါကြောင့် ချောက်တာပေါ့နော် (မှန်ပါတယ်ဆရာ)။

ခေတ်သစ်ရောက်ကာမှ လူသေရင် တစ္ဆေတောင် ဖြစ်သေးရဲ့လားလို့ တွေးကြည့်တယ်၊ ဖြစ်နိုင်ပါဦးမလားဟ (မဖြစ်တော့ပါဘူးဆရာ)၊ မဖြစ်ဘူးလား (မဖြစ်ပါဘူး)၊ ဒါဆို တစ္ဆေတွေ မရှိဘူးလား (မရှိပါဘူးဆရာ)၊ ဟဲ-ဟဲ မင်းပြောတာနော် ငါပြောတာ မဟုတ်ဘူး။ ဒါကြောင့် တစ္ဆေဘဝရောက်တောင် အတော်ခဲယဉ်း လူဘဝပြန်ရောက်ဖို့ မဆိုထားနဲ့၊ ဒါဖြင့် လုပ်နေတဲ့ လုပ်ငန်းစဉ်လေးတွေကြည့်တော့ အသိဉာဏ်မပါတာတွေကများတယ်။ ငါဟိုနေ့ညက ပြောသွားသလို ကုသိုလ် ကောင်းမှုလုပ်ပြန်လည်း မတော်လို့လုပ်ရတာ မကောင်းလို့လုပ်ရတာ မဖြစ်လို့လုပ်ရတာ နော် (မှန်ပါတယ်ဆရာ)၊ မနေသာလို့လုပ်ရတာ၊ ဘေးကြောက်လို့လုပ်ရတာ၊ လာဘ်လိုလို့လုပ်ရတာ၊ အမျိုးတို့ရဲ့ အလေ့အကျင့် အနေအားဖြင့်လုပ်ရတာ၊ ဟေးလားဝါးလားကြောင့်လုပ်ရတာ နော် (မှန်ပါတယ်ဆရာ)၊ အရုပ်ပေါ်မှာ တော်တော်လေး မျက်နှာလှပါစေဆိုတဲ့ စေတနာနဲ့လုပ်ရတယ်၊ မလုပ်ရဘူးလား (လုပ်ရပါတယ်ဆရာ)၊ အဲဒါတွေလုပ်။

ပေးနိုင်, ကမ်းနိုင်သော်လည်း သဒ္ဓါအစစ်မမှတ်နဲ့

တချို့ပေးနိုင် ကမ်းနိုင် ကျွေးနိုင် မွေးနိုင်ရင် သဒ္ဓါမှတ်နေတယ်၊ အဲ ကုသိုလ်တွေဖြစ်ကုန်ပြီး ကျွေးနိုင်ပေးနိုင်တော့ ရတဲ့သူများ, စားရသောက်ရတဲ့သူများ ခေါ်ရတဲ့ သာဓုကလည်း မိုးမွန်လို့ ကျွေးကြည့်စမ်းပါ၊ အကောင်းအမွန်လေးတွေ နော် (မှန်ပါတယ်ဆရာ)၊ ကျကျနနကျွေးကြည့်၊ စားရတဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေ သာဓုခေါ်သံ ညံနေလိမ့်မယ်။ သာဓု, သာဓု, သာဓု တော်ပါပေတယ်။ သဒ္ဓါတရားအားကြီး ပါပေတယ် ကောင်းကြပါပေတယ် လင်စုံမယားဖက်ညီကြပါပေတယ်။ အချီအချ နော် (မှန်ပါတယ် ဆရာ)၊ တော်ကြပါပေတယ်၊ သာဓုသံတွေကိုညံလို့ ကျွေးတိုင်း, ပေးတိုင်း, ကမ်းတိုင်း, စွန့်ကြဲတိုင်း, သဒ္ဓါစစ် သဒ္ဓါမှန်ချည့်မမှတ်နဲ့၊ ရပ်ပေါ်ရွာပေါ် မျက်နှာလိုချင်လို့လုပ်တဲ့ အလုပ်တွေလည်း အများကြီး၊ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ရပ်ပေါ်ရွာပေါ် မျက်နှာလှအောင် လုပ်တဲ့ မျက်နှာချိုသွေးတဲ့၊ အရပ် မျက်နှာချိုသွေးတဲ့ လုပ်ငန်းတွေလည်း အများကြီးရှိတယ်၊ မတော်လို့လုပ်တယ် မကောင်းလို့လုပ်တယ် မဖြစ်လို့လုပ်ရတယ်ဆိုတဲ့ လုပ်ငန်းတွေလည်း အများကြီး၊ မတော်လို့လုပ်တယ်ဆိုတာ စေတနာက နည်းနည်းဟ၊ မတော်လို့လုပ်ဆိုတဲ့ အဓိပ္ပါယ်ဆိုကြပါစို့ကွယ်။

အိမ်သစ်ရာသစ်ကလေးဆောက်လို့ ဘုရားကိုးဆူးကပ်ရအောင် နော် (မှန်ပါတယ်ဆရာ)၊ အိမ် တက်ပရိတ်နာရအောင် အိမ်တက်ပရိတ်နာရတာ တစ္ဆေကြောက်လို့ ငါသိတယ်၊ အိမ်အန္တရာယ် ကင်းအောင်လို့ ဦးဦးဖျားဖျား၊ ဒါကတော့ တော်ပါသေးတယ်၊ ဒါက "ဘယ" နော် (မှန်ပါတယ်ဆရာ)၊ ဘုရားကိုးဆူကပ်ရအောင် ဆိုတာက အိမ်ရှိုးပြချင်တယ်၊ ဆောက်ပြီးသား အိမ်သစ်ကလေး သေးသေး ငယ်ငယ် အတူတူပါပဲ နော် (မှန်ပါတယ်ဆရာ)၊ ဘုရားကြည်ညိုတာ နည်းနည်း၊ ရပ်ပေါ်ရွာပေါ်မှာ အိမ်ကို ရှိုးပြချင်တဲ့အနေအားဖြင့်လည်းပါတယ်၊ တစ်နည်းအားဖြင့်တိုင်ပင်ပြီး တစ်ယောက်က မကပ်ချင်ပါဘူး၊ ဘုရားကိုးဆူကပ်ရတာ တာဝန်ကသေးတာမဟုတ်ဘူး၊ မကပ်လို့ ဘယ်ဖြစ်မတုံးကွ၊ အရပ်ထဲ အိမ်သစ်ရာသစ် ဆောက်ပြီး သူသူငါငါ ဘုရားကိုးဆူကပ်ကြတာ မကြားဘူးလား မင်း နော် (မှန်ပါတယ်ဆရာ)၊ မတော်လို့လုပ်ရတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ်မနေဘူးလား (ပေါ်လာပါတယ် ဆရာ)၊ ဘုရားကြည်ညိုတဲ့ စေတနာသဒ္ဓါတရားက နည်းနည်း၊ အဲဒီဘက်က ထက်သန်လို့ အဲဒါ မတော်လို့လုပ်ရတယ်တဲ့၊ မကောင်းလို့လုပ်ရတယ်ဆိုတာကတော့ လုပ်ချင်လှလို့ မဟုတ်ဘူးတဲ့၊ အဓိပ္ပာယ်အားဖြင့် သူသူငါငါ ဆွေမျိုးဉာတိတစ်စုံတစ်ယောက် ပျက်စီးဆုံးပါးသွားရင် တောက်လိုက်တဲ့ မီးကဖြင့် မျက်စိမှာမမြင်ဘူး လူလုံးမကွဲဘူး၊ လောင်လိုက်တဲ့မီးဆိုတာ ပရိဒေဝမီးက တောက်လိုက် တာနော် (မှန်ပါတယ်ဆရာ)။

ဒီလို ပရိဒေဝမီးက အင်မတန်ဟုန်းဟုန်းတောက်နေတဲ့ ကြားထဲမှာ ထိုသေသူအကြောင်းပြု ပြီတော့ ဈာပနကိစ္စအဝဝ အကုန်အကျ ခံရတယ်၊ နောက် သရဏဂုံတင်ရန် လှူဖို့, တန်းဖို့ ကိစ္စ အဝဝ စီစဉ်ရတယ်၊ ဖန်တီးရတယ် နော် (မှန်ပါတယ်ဆရာ)၊ ပရိဒေဝမီးက အလွန့်အလွန်တောက်နေတဲ့ ကြားထဲက ဘယ့်နှယ့်နည်းမှ သဒ္ဓါတရားက ထက်ထက်သန်သန် ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း မပေါ်နိုင်ဘူး၊ ပေါ်နိုင်ပါ့မလား (မပေါ်နိုင်ပါဘူးဆရာ)၊ အဲဒါမဖြစ်လို့ လုပ်ရတယ်တဲ့ နော် (မှန်ပါတယ်

http://www.dhammadownload.com

ဆရာ)၊ မလုပ်ရင် မဖြစ်ဘူးတဲ့၊ သူသူငါငါ ဒီလိုပဲလုပ်ကြတာတဲ့၊ မဖြစ်လို့ လုပ်ရတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မကောင်းလို့ လုပ်ရတယ်ဆိုတာ ရှိသေးတယ်။ သားလေး သမီးလေး ကြီးလာငါ့သားလေးတွေ ရှင်ပြုရအုံးမယ် နော် (မှန်ပါတယ်ဆရာ)၊ မပြုဘဲနေရင် ကောင်းပါ့မလား (မကောင်းပါဘူးဆရာ)၊ မကောင်းဘူး, မကောင်းဘူး, စိတ်ကတော့ သိပ်မပါလှဘူး ဥစ္စာပစ္စည်းကလည်း ရှားတော့ ရှာရ ဖွေရတာ မသက်သာဘူး။ ဒါပေမဲ့ အသင့်အတင့်ဆိုသလိုပဲ ရပ်ကွက်အတူနေဆိုတဲ့ လူတွေနဲ့ နေကြ ထိုင်ကြတော့ သူသူငါငါ လူတကာ လုပ်ရင်လည်း ဒီထုံးတမ်းစဉ်လာကြီးက လုပ်ရမယ့် ဝတ္တရားကရှိသေးတယ်၊ မလုပ်ရင် မကောင်းပါလားလို့ "သာသနဒါယဇ္ဇ"ဆိုတဲ့ ငါ့သားရှင်ပြုလိုက်ရင် ငါ့သာသနာ့အမွေ ပစ္စည်းရတော့မယ်ဆိုတဲ့ စေတနာက နည်းတယ်။

တချို့များ သိတောင်မသိပါဘူးကွာ နော် (မှန်ပါတယ်ဆရာ)၊ ရှင်ပြုရမယ်ဆိုလို့ ပြုလိုက်စာ၊ အဲဒါမတတ်သာလို့ လုပ်လိုက်ရတာ၊ အဲဒီလို လုပ်နေကြတာလို့ ဒီတော့ ဘယ့်နှယ့်ဖြစ်နေသလဲဆိုတော့ လုပ်တိုင်းလုပ်တိုင်းမှာ ဉာဏဝိပ္ပယုတ္တကုသိုလ်တွေကများတယ်။ ဉာဏဝိပ္ပယုတ္တကုသိုလ် ဆိုတာ ကိုယ်ပိုင်ဉာဏ် မယှဉ်ဘူးတဲ့၊ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ် ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးနဲ့ သာသနာရဲ့ ဂုဏ်ကျေးဇူးအထူး မသိကြဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ငါ့ဒါနမျိုးစေ့အရင်းခံပြီး မြှုပ်နှံထားပြီ၊ ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်တဲ့ ဒါနတည်းဟူသော ရွှေအိုးကြီး သီလတည်းဟူသော ရွှေအိုးကြီး ဘုရားသာသနာ ငါမြှုပ်နှံလိုက်ပြီ၊ လာလတ္တံ့ဘဝတွေကျတော့ ထိုမြှုပ်နှံထားသော ဒါနကုသိုလ်ထုပ် သီလကုသိုလ်ထုပ်တည်းဟူသော မြှုပ်နှံထားတဲ့ ရွှေအိုးကြီးတွေ ထုတ်ဖော်ပြီးတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာဆိုတဲ့ အနေအားဖြင့် ဖြစ်ရာဘဝမှာ ကောင်းကျိုးချမ်းသာ ငါရလိမ့်မယ်လို့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးနဲ့တကွ သာသနာရဲ့ ဂုဏ်ကျေးဇူးတွေကို အထူးယုံကြည်တဲ့ သဒ္ဓါတရား လုံးလုံးမပါဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊အဲဒါ ဉာဏဝိပ္ပယုတ္တဒါနခေါ်တယ်၊ ဘာမှ အသိဉာဏ်မယှဉ်ဘူး၊ အဲဒီလို လုပ်နေကြတာတွေများတယ်။

ဒီလိုပုဂ္ဂိုလ်မျိုးတွေကများအားကြီးလို့ ပြောတာ၊ လူတစ်ရာမှာ ကိုးဆယ်ကိုးယောက်က၊ အမှုမဲ့အမှတ်မဲ့ ကျင့်လိုက်တာပဲ ဘာမှမပြောနဲ့ လုပ်လိုက်တာပဲ၊ လုပ်ရိုးလုပ်စဉ် ဒါပြီးပြီးတာပဲ၊ အဲဒီလို လုပ်လာတဲ့အလုပ်တွေကြောင့် ဒီဘက်ဘဝလာပြီး လူကလည်း သုံးမျိုးသုံးစားထွက်တယ် သုဂတိ အဟိတ်ပုဂ္ဂိုလ် အမိဝမ်းတွင်းက ဇစ္စန္ဓ ဇစ္စဗဓိရ ဇစ္စမူဂ- စက္ခုန္ဒစ်ကွင်း အလင်းမရခြင်း, ဆွံ့ခြင်း, အခြင်း, ကျိုးခြင်း, ပဲ့ခြင်း လာကုန်ပြီ။ ဒွိဟိတ်ပုဂ္ဂိုလ်လောက်တောင် တော်တော်လေးအဖက်ဆယ်ယူရတယ်၊ အရင်းစားကိုက်ရုံရှိသေးတယ်။ တိဟိတ်ပုဂ္ဂိုလ်ကြတော့ အမြတ်ထွက်တယ်၊ တစ်ရာမှာ တစ်ယောက်ရှားပါတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို လုပ်လာတဲ့အလုပ်မျိုးတွေကို စောစောက

http://www.dhammadownload.com

ပြောထားသလိုပဲ ကိုယ်လုပ်မှပဲ၊ မလုပ်ဘဲနဲ့ နေလို့ဖြစ်တာမဟုတ်ဘူး ဒီတရားတွေက၊ လုပ်ရမှာပဲ၊ ပုထုဇဉ်လိုင်းက ပုထုဇဉ်သဘာဝဆိုတာ ဒါန, သီလ, သမထဆိုတဲ့ ကုသိုလ်တရားကိုပဲ ပွားများအားထုတ်ရပါတယ်၊ ဘာဖြစ်လို့ အဝိဇ္ဇာက မကင်းသေးဘူး၊ အဝိဇ္ဇာ အနုသယအားဖြင့် ထင်ရှားရှိနေတယ်၊ ပုထုဇဉ်သတ္တဝါဆိုရင်ဖြင့် ဒီသခ်ါရမျိုးသည်သာလျှင် အကျိုးတရားအဖြစ်နဲ့ လာပေးတတ်ပါတယ် နော် (မှန်ပါတယ်ဆရာ)။

"အဝိဇ္ဇာနုသယေယေဝ သန္တာနေ သခ်ါရာနံ ဝိပါကဓမ္မဘာဝေန ပဝတ္တနတော" အင်မတန်မှတ်စရာကောင်းတယ်၊ "အဝိဇ္ဇာပစ္စယာ သခ်ါရာ သမ္ဘဝန္တိ။ အဝိဇ္ဇာနုသယေယေဝ သန္တာနေ၊ အဝိဇ္ဇာအနုသယထင်ရှားရှိသော သန္တာန်၌သာလျှင်။ သခ်ါရာနံ၊ ပုညာဘိသခ်ါရ အပုညာဘိသခ်ါရ အာနေဥ္ဇာဘိသခ်ါရဆိုတဲ့ စေတနာသုံးမျိုးတို့၏။ ဝိပါကဓမ္မဘာဝေန၊ အကျိုးတရား၏အဖြစ်ဖြင့်။ ပဝတ္တနတော၊ ဖြစ်တတ်သောကြောင့်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သခ်ါရာ၊ သခ်ါရတရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

အဝိဇ္ဇာကြောင့် သခ်ါရ ဖြစ်လာတယ်ဆိုတာ တခြားအကြောင်းမဟုတ်ဘူး၊ အဝိဇ္ဇာအနုသယ အဇ္ဈတ္တသန္တာန်မှာ ထင်ရှားရှိသော ပုဂ္ဂိုလ်မျိုးသာလျှင် ဒီသခ်ါရသုံးမျိုးကြိုးစားလျှင် အကျိုးတရားအဖြစ်နဲ့ ပေါ်တတ်ပါတယ်လို့ ဟုတ်ရဲ့လား (မှန်ပါတယ် ဆရာ)၊ အဝိဇ္ဇာအနုသယ လုံးလုံးကြီး ချုပ်ငြိမ်းနေတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီသခ်ါရတွေ လုပ်ပေမယ့် အကျိုးတရား လာပေါ်သေးလား (မပေါ်ပါဘူးဆရာ)၊ မပေါ်ဘူး၊ ဘုရား, ရဟန္တာကျတော့ အဝိဇ္ဇာကင်းပြတ် နေတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီသခ်ါရအမှုတွေမရှိဘူးလား၊ ကာယသခ်ါရ၊ ဝစီသခ်ါရ၊ စိတ္တသခ်ါရမရှိဘူးလား ရှိတယ်၊ ဘုရားကိုယ်တော်မြတ်လဲ ကုသိုလ်လုပ်ရက်ပဲ၊ ရဟန္တာများလည်း ကုသိုလ်လုပ်ရက်ပဲ။ ဒါပေမယ့် သခ်ါရတွေ အားထုတ်ပြီးတော့ ဒီသခ်ါရတွေ အကျိုးအဖြစ်နဲ့ လာသေးရဲ့လား (မလာပါဘူးဆရာ)၊ ဘယ်လာမလဲ အဝိဇ္ဇာ-က မရှိဘဲ ကိုကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဝိဇ္ဇာအနုသယကိလေသာ သန္တာန်မှာ ထင်ရှားရှိနေတဲ့ ပုထုဇဉ် မှန်မှန်သမျှ ပုဂ္ဂိုလ်တို့သည်သာလျှင် ဒါန, သီလ, သမထ,အစရှိတဲ့ ကုသိုလ်ဆိုတဲ့ သခ်ါရမျိုးတွေ၊ အကုသိုလ်ဆိုတဲ့ သခ်ါရမျိုးတွေ ကြိုးစားရင်သာလျှင် အကျိုးတရား၏အဖြစ်ဖြင့် ပေါ်တတ်ပါတယ်၊ ဒါကြောင့်လည်း မြတ်စွာဘုရား ကိုယ်တော်မြတ်က "အဝိဇ္ဇာပစ္စယာ သခ်ါရာ" လို့ ဟောတာပါ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒီတော့ သံသရာထဲမှာ ဗြုန်းခနဲလည်း မကျွတ်နိုင်တော့ ရုတ်တရက် ရှောင်တခင်အားဖြင့် အေး-နောက်နောင်သောဘဝ ဒီဘဝကုသိုလ်ကောင်းမှုမကြိုးစားတော့ နောက်ဘဝဆင်းတောင့် ဆင်းရဲဖြစ်ရချည်သေးဟဲ့၊ ကုသိုလ်တရားတော့ ငါကြိုးစားဦးမှ အဆိုလေးကလည်းရှိသကိုးဟ "ရေဘူးနဲ့ဖိနပ်

http://www.dhammadownload.com

မပါတော့ နွေခါမှ သိတယ်"တဲ့။ ပြီးတော့ ဘာတုံး၊ (ဒါနနဲ့ သီလမပါတော့ သေခါမှ သိပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ၊ ဒီကောင် ဗဟုသုတ မတုံးသေးပါလားဟ မဆိုးပါဘူးနော် (မှန်ပါတယ်ဆရာ)၊ စာဆိုကလေးကလည်းရှိ "ရောဘူးနဲ့ဖိနပ်မပါရင် နွေခါမှ သိမယ်"တဲ့၊ "ဒါနနဲ့ သီလမပါရင် သေခါမှ သိမယ်"တဲ့။ လက်ချည်းသေသွား လက်ချည်းဖြစ်ရမှာပေါ့ နော် (မှန်ပါတယ်ဆရာ)။ အဲဒါကြောင့် ကံ, ကံ၏အကျိုး ယုံကြည်တဲ့အနေအားဖြင့် ဒီသံသရာဝဋ်အတွင်းက ရုတ်တရက် မလွတ်ကင်းသည့် တိုင်အောင် ဖြစ်ရာဘဝ ကောင်းကျိုးချမ်းသာလေးတွေ ပြည့်ပြည့်ဝဝ စေ့စေ့ငင်ရှိကြပါစေဆိုတဲ့ အားကိုးတစ်ခုနဲ့ ကြိုးစားနေတာတဲ့ ဘာပြုလို့ ဒီသခ်ါရတွေရဲ့အကျိုးတရားအဖြစ်နဲ့ ပြန်ပြန်ပေးတတ်ပါတယ်တဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ "အဝိဇ္ဇာနုသယ"သန္တာန်မှာ ထင်ရှားရှိတဲ့ ပုဂ္ဂိုလ်များသာလျှင် ထိုသခ်ါရတရားစုတို့သည် အကျိုးတရား၏အဖြစ်ဖြင့် ဖြစ်တတ်ပါ၏ မှတ်ထား၊ အကြောင်းလိုရင် အကျိုးပေါ်မယ်၊ ဘုရားရဟန္တာမဟုတ်သေးဘူး၊ တို့လုပ်တဲ့ သခ်ါရတွေအကြောင်း ခံလိုက်တယ်၊ အကျိုးတွေပေါ်မယ်၊ မပေါ်ဘူးလား (ပေါ်မှာပါဆရာ)၊ အေး - ဒါကြောင့်ပေါ်ပြတယ်။

ဒါကြောင့် ဒီဘက်က အကြောင်းတွေ ခံလိုက်တော့ ဟိုဘက်ပုဂ္ဂိုလ် လေးမျိုးသွားပေါ်နေတယ် ဒုဂ္ဂတိအဟိတ် အပါယ်လေးဘုံသား၊ သုဂတိအဟိတ် သုံးနံပါတ်လူ၊ ဒွိဟိတ်နှစ်နံပါတ်လူ၊ တိဟိတ်တစ်နံပါတ်လူ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလူသုံးမျိုးသုံးစားထဲက ဘယ်နံပါတ်ကြိုက်သလဲ (နံပါတ်တစ်ကကောင်းပါတယ်) အောင်မယ်သိပ်ကြိုက်တာပေါ့ နော် (ကောင်းပါတယ်ဆရာ)၊ အခု မင်းကိုယ်ကိုတော့ မင်းသိရဲ့လား ဘယ်နံပါတ်လဲဆိုတာ (ဒွိဟိတ်ပါဆရာ)၊ မင်းကိုယ်မင်း ဒွိဟိတ်လို့ ဆုံးဖြတ်ထားတယ်လား (ထင်တာပဲဆရာ)၊ သြော်- ထင်တာပဲလား၊ ဒါမင်း ဒီဘဝမဂ်ဉာဏ်ဖိုလ်ဉာဏ်မရဘူးပေါ့ (မပြောတတ်ပါဘူး)၊ ဟောဗျာ- မဂ်ဉာဏ်ဖိုလ်ဉာဏ်တော့ တကယ်လိုချင်သလား (လိုချင်ပါတယ်ဆရာ)၊ တကယ့်ကို လိုချင်သလား ဟ (တကယ်ပါဆရာ)၊ ဒီတရားသိလာမှာပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ မသိခင်တုန်းက အမှုမဲ့, အမှတ်မဲ့ နေတာပေါ့ (မလိုချင်ပါဘူးဆရာ) သြော်-မလိုချင်ဘူး၊ ဟိုတုန်းက မလိုချင်ဘူးပေါ့ (မလိုချင်ပါဘူးဆရာ)၊ အခု ဒီတရားသိလာတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် လိုချင်တယ် ဟုတ်လား (လိုချင်ပါတယ်ဆရာ)၊ တကယ်လိုချင်သလား (တကယ်လိုချင်ပါတယ်ဆရာ) မင်းဘုရားစူး (မိုးကြိုးပစ်ရပါစေဆရာ)၊ တကယ်ပြင်းပြင်းထန်ထန် လိုချင်သလားဟ (တကယ်ပါဆရာ) အေး - အဲဒီလောက်တောင်ပဲ သာသနာနဲ့ တွေ့တဲ့ ကြုံတဲ့အခါမှာဖြင့် တစ်မဂ်တစ်ဖိုလ်တော့ ငါရမှ မဂ်ဉာဏ်ဖိုလ်ဉာဏ်လိုချင်လှချည်ရဲ့၊ သံသရာကြီးကလည်း ကြောက်စရာကောင်းပါဘိ သံသရာထဲလည်း ငါမနေချင်တော့ဘူး၊ တစ်မဂ်တစ်ဖိုလ်ရမှ သံသရာဝဋ်ကလည်းကျွတ်မှာ နိဗ္ဗာန်မျက်မှောက်ပြုနိုင်မှာ နော် (မှန်ပါတယ်ဆရာ)။

အဲဒီလောက် ဆန္ဒက ပြင်းနေလို့ရှိရင်တဲ့၊ တို့ဆရာ့ဆရာများ ရှေးရှေးဆရာတော်များရဲ့ ဆုံးဖြတ်

http://www.dhammadownload.com

ထားတာ တိဟိတ်ပဋိသန္ဓေလို့ ယူကြပါတဲ့, တိဟိတ်ပုဂ္ဂိုလ်လို့ပဲ ဆုံးဖြတ်ပါတဲ့၊ လွဲစရာအကြောင်း မရှိပါဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ တိဟိတ်ပဋိသန္ဓေမှမရှိတဲ့ ပုဂ္ဂိုလ်ကျတော့ တစ်မဂ်တစ်ဖိုလ် လိုချင်ဖို့နေနေသာသာ ရုပ်သံနာမ်သံကြားရင်ပဲ နှာခေါင်းရှုံ့နေတယ်။ ခပ်ဝေးဝေးကရှောင်တယ်၊ မကြား ချင်ယောင်ဆောင်တယ် ဆင်ခြေအမျိုးမျိုးပေးတယ် (မှန်ပါတယ်ဆရာ)၊ ဒီပုဂ္ဂိုလ်မျိုးကတော့ ဒွိဟိတ်ပါ မထူးပါဘူး။ အဲဒါမိုက်တာတွေ လိမ္မာတာတွေ အဓိကထားမပြောနဲ့၊ ဘယ့်နှယ့်မိုက်နေနေ နေ့မလင်း ညမလင်း ဘယ့်နှယ့်ပဲ သောက်နေနေ ကစားနေနေ ပျော်နေနေ ပါးနေနေ သွားပြီးတော့ အထင်အမြင် မသေးနဲ့၊ ဟာ-ဒီကောင်သိပ်မိုက်တာပဲ ဒုစရိုက်ဒုရာဇီဝတွေ မသိဘူးဟ ကိုယ်ကျင့်တရားလည်း နည်း နည်းလေးမှ မကောင်းဘူး။ သူ့အသက်သတ် သူ့ဥစ္စာခိုးစား လုပ်ချင်တာလုပ်၊ သောက်စားမူးယစ် ဖြစ်ချင်သလိုဖြစ်နေတဲ့ အကောင်၊ ဒီကောင်ကတော့ကွယ် လောကုတ္တရာတရားနဲ့ လမိုင်းမကပ်ပါဘူး အထင်မသေးနဲ့ နော် (မှန်ပါတယ်ဆရာ)။ ဘုရားလက်ထက်က အင်္ဂုလိမာလထက် ပိုမဆိုးပါဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တို့ကုက္ကုဋ္ဌမုဆိုးတို့ထက် ပိုမဆိုးပါဘူး။ ဒါပေမယ့် သူ့မှာ ပါရမီဓာတ်ခံက ဘယ်လိုမှန်းမသိဘူးတဲ့၊ တိဟိတ်ပဋိသန္ဓေ၊ တိဟိတ်ပုဂ္ဂိုလ်ဖြစ်လာလို့ရှိရင် လည်းပဲ "သပ္ပုရိသသံသေဝ" ရလို့၊ သူတော်ကောင်း ဥပနိဿယ, ရရင်ဖြင့် တစ်မဂ်တစ်ဖိုလ် မုချအားဖြင့် ရနိုင်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ မသိခင်တုန်းက မိုက်တာ သိလာတော့ လိမ္မာသွားတယ်။

လယ်တီဆရာတော်ဘုရားကြီးရဲ့ဆုံးဖြတ်ချက်တစ်ခုမှတ်သားဖွယ်

ဒါကြောင့် ဒီထိအောင် ပြင်းပြင်းထန်ထန် မဂ်ဉာဏ်ဖိုလ်ဉာဏ်လိုချင်လှချည်ရဲ့လို့ စေတနာ ဓာတ်ပြင်းနေတဲ့ ပုဂ္ဂိုလ်များဟာ အမှန်ကတော့ ဒီတရားအားကြီးကြိုက်တယ်၊ ဒီတရားအားကြီး လိုက်တယ်၊ ဘာပြုလို့တုံး မဂ်ဉာဏ်ဖိုလ်ဉာဏ်လိုချင်လို့ ဒီထိအောင် ကြိုက်လိုက်နေတဲ့ ပုဂ္ဂိုလ်ကျ တော့ တို့လယ်တီဆရာတော်ဘုရားကြီး ဆုံးဖြတ်ထားတာရှိပါတယ်၊ တိဟိတ်လို့ပဲ ယူပါတဲ့ အထင်မလွဲ ပါနဲ့တဲ့ နော် (မှန်ပါတယ်ဆရာ)၊ တိဟိတ်ပုဂ္ဂိုလ်လို့ ယူပါလို့၊ ဒါကြောင့် မိမိကိုယ်ကိုလည်း မိမိသိပ်ပြီး တော့ အထင်လည်း လွဲမနေနဲ့၊ ငါတော့ ဒီဘဝ တစ်မဂ်တစ်ဖိုလ်ရမှာမဟုတ်ပါဘူး၊ ဒွိဟိတ်ပုဂ္ဂိုလ်များ ဖြစ်နေသလားလို့ ဒီလိုမထင်နဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုမထင်နဲ့၊ တိဟိတ်ပဲထင်ရအောင်ကြိုးစား၊ မရတော့ ဘာဖြစ်၊ မရတော့ ပါရမီဖြစ်တာပေါ့၊ အခြေခံရသွားတာပေါ့၊ ဒီဘဝမရ၊ ဒုတိယဘဝရမှာ ပေါ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာမှအရှုံးမရှိဘူး၊ အမြတ်ချည်းထွက်နေတယ်၊ တွက်သာထား သေသေချာချာ၊ အဲဒါ လွန်ခဲ့သော အတိတ်ဘဝက မိမိတို့ သခ်ါရသုံးမျိုးကြိုးစားစဉ်အခါက လုပ်ပုံ လုပ်နည်းတွေမဟုတ်လို့၊ သူ ယခုဘဝကော ဟုတ်ကဲ့လား၊ ခုဘဝလည်း အရင်ဘဝလိုပါပဲ လုပ်နေ လိုက်ကြတာ နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ရှုပ်ရှုပ်ပွေပွေနဲ့၊ မစင်မကြယ် မသန့်မရှင်းနဲ့ ကွေ့ကွေ့ကောက်ကောက် လိမ်လိမ်ပတ်ပတ်ဆိုသလိုပဲ အဲဒါ ညစ်ညစ်ပတ်ပတ် ပေပေကျံကျံနဲ့ လုပ်ကိုင်နေကြပြန်ပြီ၊ နောက်ဘဝကျရင် သုံးမျိုးသုံးစားထဲ သွားဦးမှာပဲ နံပါတ်သုံးကလား၊ နံပါတ်နှစ်ကလား၊ နံပါတ်တစ်ကလား၊ ကိုယ်ကြိုက်တဲ့နံပါတ် ကိုယ် ရွေးထားကြ၊ အဲဒါ "သခ်ါရပစ္စယာ ဝိညာဏံ" ဆိုတဲ့ သဘာဝ၊ သခ်ါရတည်းဟူသော အကြောင်းကြောင့် ဝိညာဏ်ဆိုတဲ့ အကျိုးတရားပေါ်လာတယ် ပုဂ္ဂိုလ်လေးမျိုး နော် (မှန်ပါတယ်ဆရာ)။ အဲဒီပုဂ္ဂိုလ် လေးမျိုးဖွားလာတာ မွေးလာတာ ဒါပဋိသန္ဓေခဏက စရကြတယ်။ ပြီးတော့မှ အရိယာပုဂ္ဂိုလ်ရှစ်ပါး ထည့် လိုက်တော့ တစ်ဆယ်နဲ့နှစ်ပါး၊ ဒါပုဂ္ဂိုလ်တစ်ကျိပ်နှစ်ပါးတဲ့။ ဘုံသုံးပါးက ပုဂ္ဂိုလ်တစ်ကျိပ်နှစ်ပါး ရှိတယ်၊ တစ်ဆယ့်နှစ်ယောက်ထဲရှိတယ်၊ အကျဉ်း နော် (မှန်ပါတယ်ဆရာ)။ ဒီတော့ မင်္ဂပုဂ္ဂိုလ်လေးပါး, ဖိုလ်ပုဂ္ဂိုလ်လေးပါး, အရိယာပုဂ္ဂိုလ်ရှစ်ပါးတော့ တစ်နံပါတ်ဆိုတဲ့ တိဟိတ်ပုထုဇဉ်ဘဝကနေ ကြိုးစား ယူကြတာ၊ မွေးတုန်းက အရိယာဘယ်တော့မှ မမွေးဘူး၊ သောတာပန်လေး မွေးလာပါ့မလား (မမွေး နိုင်ပါဘူးဆရာ)။ မမွေးပါဘူး၊ သကဒါဂါမ်လေး မွေးမလာဘူး၊ ဘယ်တော့မှ မမွေးဘူး ထုံးစံမရှိဘူး။ အဲဒီပုထုဇဉ် ပုဂ္ဂိုလ်တွေပဲ မွေးခဲ့တာ။

အမိမွေးစဉ်အခါ ပုထုဇဉ်ဘဝနဲ့ မွေးခဲ့တယ် - ဒုဂ္ဂတိအဟိတ်ပုထုဇဉ်, သုဂတိအဟိတ်ပုထုဇဉ်, ဒွိဟိတ်ပုထုဇဉ်, တိဟိတ်ပုထုဇဉ်, ပုထုဇဉ်ဘဝနဲ့ မွေးတာ။ ပြီးတော့မှ "သပ္ပုရိသူပနိဿယ = သပ္ပုရိသ +ဥပနိဿယ"ရလို့, ဆရာကောင်းနဲ့တွေ့လို့, ဟောပြောဆုံးမလို့, သင်ကြားပေးလို့, နာခံ မှတ်သားလို့, တရားကျင့်ကြံ ပွားများ အသိဉာဏ်တွေများလာမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရလို့ အရိယာတွေဖြစ်ကြ တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။ အဲဒီ အရိယာပုဂ္ဂိုလ်က ရှစ်ယောက်ပေါင်းလိုက်တော့ တစ်ကျိပ် နှစ်ပါး၊ အဲဒါ ပုထုဇဉ်ပုဂ္ဂိုလ်လေးမျိုးသည် တစ်မျိုးနဲ့တစ်မျိုး ဘာကြောင့်မတူဘဲနဲ့ ဒီမှာလာပြီး အကျိုး ချင်းကွဲနေတယ်ဆိုတာ နောက်နောင်က သခ်ါရသုံးမျိုးအကြောင်းခံစဉ်အခါထဲက ကွဲခဲ့ကြလို့တဲ့ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။

ပြီးတော့မှ တို့ "သခ်ါရပစ္စယာ ဝိညာဏံ"ဆိုတဲ့အတိုင်း ဒီဘက်ဘဝ ဝိညာဏ်လေး ပြကြစို့နော် (မှန်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝက သခ်ါရသုံးမျိုး ကြိုးစားပုံလည်း ပြောခဲ့ပြီ၊ ပြခဲ့ပြီးပြီ၊ သခ်ါရသုံးမျိုး ကြိုးစားသော အကြောင်းတရားတွေကြောင့် ဒီဘက်ဘဝ လာပြီးတော့ ဝိညာဏ်ဆိုတဲ့ အကျိုး လာဖြစ်ပြီး တရားကိုယ် ကောက်လိုက်တော့ အကုသလဝိပါက်စိတ် (၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ ရူပဝိပါက်စိတ် (၅)ပါး၊ အရူပဝိပါက်စိတ် (၄)ပါး လောကီဝိပါက်စိတ် (၃၂)ပါးရတယ်။

လောကုတ္တရာဝိပါက်လေးခု ကျန်နေပါလား၊ ဝိပါက်မှန်ရဲ့သားနဲ့ ဘာကြောင့်မထည့်သတုံး၊

http://www.dhammadownload.com

လောကုတ္တရာဝိပါက်က ဝင်္ဂမူလကို ဖျက်ဆီးတတ်တဲ့ တရားကြီးမို့လို့ ဝင်္ဂလည်တတ်တဲ့ တရားတွေထဲ မထည့်ရဘူးတဲ့၊ ဝိပါက်တော့ မှန်ပါရဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ မနေ့ညက ပြောသွားတဲ့ အတိုင်း ပြီးတော့မှတစ်ခါ အဲဒီသခ်ါရသုံးမျိုးအကြောင်းခံလို့၊ အခုနက ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်ဆိုတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက် ဒီဘက်ဘဝ ပဋိသန္ဓေဝိညာဏ်လာတည်ပုံ၊ ပဋိသန္ဓေအခန်းလေး၊ လူကိုပဲ အဓိကထားပြောကြစို့ ဟိုဘက်ဘဝက သခ်ါရသုံးမျိုးတစ်မျိုးမျိုး ကြိုးစား အားထုတ်၊ ဒါန, သီလဆိုအစရှိသော ကုသိုလ်ကောင်းမှုဆိုတဲ့ ပုညာဘိသခ်ါရအားထုတ်ပြီး ရုတ်တရက် အားဖြင့် ဟိုဘက်ဘဝက စုတိစိတ်ကျဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။ စုတိစိတ်ကျတော့ ဒီဘက်ဘဝ လာ ပဋိသန္ဓေနေရော မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ စုတိနဲ့ ပဋိသန္ဓေ ဘယ်လောက်ဝေးတုံး (မဝေးပါဘူးဆရာ)။ ဘယ်လောက်ဝေးတုံး (ဆက်လျက်ပါဆရာ)၊ အေး ဆက်လျက်ပဲ စုတိနောင် ပဋိသန္ဓ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ စုတိစိတ်ကလေး ဟိုဘက်ဘဝတုန်းက မောင်ဖြူဆိုတဲ့ လူတစ်ယောက်ဟာ မောင်ဖြူရဲ့ဘဝမှာ နောက်ဆုံးစိတ်ကလေးက စုတိစိတ်မဟုတ်လား (စုတိစိတ် ပါဘုရား)၊ စုတိစိတ် ဒီဘက်က မောင်ဖြူဘဝ ဖြစ်သေးရဲ့လား (မဖြစ်ပါဘူးဆရာ)၊ မဖြစ်ပါဘူး၊ စုတိစိတ်ကျတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဲဒီ စုတိစိတ်ကလေးက အသက်ဘယ်လောက်ရှိသလဲ (ခဏငယ်သုံးချက်ပါဆရာ)၊ အေးဥပါဒ် ဌိ, ဘင်, ခဏငယ်သုံးချက်ထိပျက်ကရောလား (မှန်ပါတယ်ဆရာ)၊ စုတိစိတ်ကလေးသည် ဥပါဒ်ကစဖြစ် ဥပါဒ်, ဌိ, ဘင်ကျတော့ ပြတ်သွားရောပေါ့ နော် (မှန်ပါတယ်ဆရာ)၊ သူလည်း ပျက်သွားပြီးတော့ နောက် ဘာပေါ်လာသလဲ (ဥပါဒ်ခဏပေါ်လာပါတယ်)၊ ဘာဥပါဒ်ခဏလဲ (ပဋိသန္ဓေစိတ်ပါဆရာ)၊ အောင် မလေးဟဲ့၊ ဒါနဲ့ စုတိနဲ့ပဋိသန္ဓေဆက်လျက်လို့ သူချည်းပြောပြီးတော့ ပဋိသန္ဓေစိတ် ပေါ်လာ တယ်လား (မှန်ပါတယ်ဆရာ)၊ အေး-အခု ဥပါဒ်ဌိဘင်ဆိုပြီး ချုပ်သွားတယ်၊ ဒီဘက်က ဥပါဒ်နော် (မှန်ပါတယ်ဆရာ)၊ ဒီဘက်က ဥပါဒ်, ဌိ, ဘင် လာပေါ်တယ်ဆိုတာ၊ ပဋိသန္ဓေစိတ်မဟုတ်လား (ပဋိသန္ဓေစိတ်ပါဆရာ)၊ အဲဒါသတ္တဝါ အခုနပြောတဲ့ လေးမျိုးလေးစားပဋိသန္ဓေနေတဲ့စိတ်ကလေးက တစ်ဆယ့်နှကိုးပါးရှိတယ်၊ တစ်ခုတည်းလာနေကြတာနော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေစိတ်တစ်ဆယ့် ကိုးပါးနဲ့လာပြီးတော့ ကိုယ့်ပဋိသန္ဓေစိတ်ကလေးနဲ့ လာနေကြတယ်၊ ပဋိသန္ဓေရဲ့ဥပါဒ်ခဏ, ဌိခဏ, ဘင်ခဏပဲပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ခဏငယ်သုံးချက် မနေဘူးလား (ခဏငယ်သုံးချက်ပါဆရာ)။

အဲ့ဒီပဋိသန္ဓေရဲ့ ဥပါဒ်ခဏလေး လာပြီးတော့ ပဋိသန္ဓေစိတ်တစ်ဆယ့်ကိုးပါးနဲ့ သူနဲ့တစ်ဥပါဒ်ထဲ ပြိုင်ဖြစ်တဲ့ ကံကြောင့်ဖြစ်သောရုပ် ကမ္မဇရုပ်နှစ်ဆယ်လို့ ပဋိသန္ဓေခဏ ပဋိသန္ဓေရဲ့ဥပါဒ်ခဏ နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေစိတ်က တစ်ဆယ့်ကိုးပါး၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်က နှစ်ဆယ်၊

http://www.dhammadownload.com

တစ်ဥပါဒ်ထဲပြီုင်ဖြစ်တယ်၊ ရုပ်ရော၊ နာမ်ရော နှစ်ပါးစလုံး မှတ်မိလား (မှတ်မိပါပြီဆရာ)။ ပဋိသန္ဓေခဏာ အဲဒီအထဲမှာ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်နှစ်ဆယ်၊ အဲဒီကံကြောင့်ဖြစ်တဲ့ ရုပ်ဆိုတာ ဒီရုပ်စီမံပေးတာ တို့ဟိုဘက်ဘဝတုန်းက ပုညာဘိသင်္ခါရဆိုတဲ့ ကံက လုပ်ပေးလိုက်တာ ကံကပို့ပေးလိုက်တာ နော် (မှန်ပါတယ် ဆရာ)၊ ကံက လုပ်ပေးတဲ့ရုပ် ကမ္မဇရုပ်ခေါ်တယ်။ ပဋိသန္ဓေနေတဲ့ စိတ်တစ်ဆယ့်ကိုးပါးရယ်၊ လွန်ခဲ့သော ဟိုဘက်အတိတ်ဘဝက သင်္ခါရခေါ်ထားတဲ့ ကံပြုပြင်ပေးလိုက်တဲ့, စီမံပေးလိုက်တဲ့ ကံကြောင့်ဖြစ်သောရုပ်က နှစ်ဆယ်ရယ်၊ ပဋိသန္ဓေစိတ်နဲ့တစ်ဥပါဒ်တည်း တစ်ပြိုင်တည်း လာဖြစ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါ ပဋိသန္ဓေခေါ်တာပါပဲ။

ကလလ-ရေကြည် မှတ်သားဖွယ်

ဒီတော့ တစ်ပြိုင်တည်းလာဖြစ်တဲ့အချိန်မှာ ပဋိသန္ဓေတည်ခန်းလေး သမာဓိလည်း ကောင်းကောင်းထား၊ "ပထမံ ကလလံ ဟောတိ" ဆိုတဲ့ ပါဠိအရ ရှေးဦးမဆွ ပဋိသန္ဓေတည်စက ကလလ ရေကြည်လို့၊ ကလလဆိုတာ အကြည်ဟောတယ် နော် (မှန်ပါတယ်ဆရာ)။ ကလလရေကြည်လေး လာတည်လိုက်တယ်၊ ပဋိသန္ဓေရဲ့ဥပါဒ်ခဏာ ပဋိသန္ဓေနေသောစိတ် တစ်ဆယ့်နဲ့ကိုးပါးရယ်၊ ဟိုဘက်ဘဝက ကုသိုလ်ကံကလုပ်ပေးလိုက်တဲ့ ကံကြောင့်ဖြစ်သော ရုပ်နှစ်ဆယ်ရယ်၊ ဒီဘက်ပဋိသန္ဓေ စိတ်ရဲ့ ဥပါဒ်နဲ့ပြိုင်ပြီးတော့ တစ်ပြိုင်တည်းလာဖြစ်ကြတယ်။ ဥပါဒ်ဆိုတဲ့ အဲဒီဖြစ်ဆဲ ခဏလေးဟာ ကလလ ရေကြည်လို့ ပထမဆုံးစတည်ခြင်း။ ကလလရေကြည်ဆိုတာ မိဘနှစ်ပါးရောစပ်ထားတဲ့ သုက်သွေးလေးခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီသုက်သွေးလေးဆိုတဲ့ "သုက္ကသဒ္ဒါက" အဖြူ ဟောပါတယ်၊ သွေးအဖြူလေး၊ မိဘနှစ်ပါးရောစပ်ထားတဲ့ သုက်သွေးလေး၊ ကလလရေကြည်လေး ဒီက တစ်ပြိုင်တည်းစတည်တယ်၊ အဲဒီကလလရေကြည်လေးက ဘယ်လောက်မျှားသလဲဆိုတော့ပြဖို့ ဆိုတာ အလွန်ခဲယဉ်းတယ်လို့ သူမြင်ဖို့နော် (မှန်ပါတယ်ဆရာ)။ သဘောလောက်ကလေးပဲပါ,ပါတယ်။

အဓိပ္ပါယ်အားဖြင့် ကျမ်းဂန်က ပြသွားတော့ - "ဧကီ"အမည်ရှိသော သားကောင်၏ အမွေးမျှင် ပြားကလေးဖြင့် ဆီရည်ထဲသို့ နှစ်၍ရအပ်သော ဆီရည်ပေါက်လောက်ကလေးရှိတယ်တဲ့၊ ဧကီအမည် ရှိသော သားကောင်၏အမွေး နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ဧကီဆိုတဲ့အကောင် သိလား (မသိဘူး ဆရာ)၊ ငါလည်း မသိဘူး၊ စာထဲပါလို့ ပြောရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် နွှင်းယှဉ်ကြည့်တဲ့ အဋ္ဌကထာဆရာက ပြောသွားတယ်၊ "ဧကီ"ရဲ့သားမွေးလေးက ဘယ်လောက်သေးသလဲဆိုရင် သေးတာတော့ မပြောနဲ့တဲ့၊ တောင်ကျွန်းသူတွေရဲ့ ဆံပင်တွေကော မင်းမြင်ဖူးလား၊ (မြင်ဘူးပါတယ် ဆရာ)၊ ဆံလုံးလေးတွေ မသေးဘူးလား (သေးပါတယ်ဆရာ)၊ တချို့လည်း ဆံနုလေးတွေ၊ တချို့

http://www.dhammadownload.com

ဆံလုံးက နည်းနည်းလေးကြီးတယ် နော် (မှန်ပါတယ်ဆရာ)၊ တချို့လည်း ဆံပင်တယ်ကောင်း သန်သန်မာမာ ထွားထွားကျိုင်းကျိုင်း တချို့ကလည်း ဆံနုလေးတွေ နုနုညက်ညက် သေးသေးလေးတွေ ထားပါတော့ ပျမ်းမျှချင်း၊ အဲဒီတောင်ကျွန်းသူရဲ့ တို့တောင်ကျွန်းသူတွေရဲ့ ဆံပင်တစ်ပင်ရဲ့ ရှစ်စိပ်စိတ် နော် (မှန်ပါတယ်ဆရာ) ရှစ်စိပ်စိတ် တစ်စိတ်စာမျှ မြောက်ကျွန်းသူရဲ့ ဆံပင်နဲ့ ညီမျှတယ်။ ဆံက မနူးညံ့ဘူးလား (နူးညံ့ပါတယ်ဆရာ)၊ တော်တော့်ကို နူးညံ့သွားတယ် ရှစ်စိတ်တစ်စိပ်စာဆိုတော့ ကိုယ်ဘာသာကြည့်လိုက်ပေါ့၊ ရှစ်စိပ်စိတတ်ဖို့ဆိုတော့ အတော်ခဲယဉ်းပါတယ် နော် (မှန်ပါတယ်ဆရာ)။ အဲဒါတစ်စိပ်စာလောက်ရှိတယ်တဲ့၊ မနူးညံ့ဘူးလား (နူးညံ့ပါတယ်ဆရာရဲ့) အနုမာနနဲ့ မှန်းကြည့်ရမှာပဲ ကိုယ့်ဥစ္စာကိုယ်တွေးကြည့်ပေါ့။

ဩော် - တို့တောင်ကျွန်းသူများရဲ့ဆံပင်တစ်လုံးကို ရှစ်စိပ်စိပ်လိုက်၊ မြောက်ကျွန်းသူရဲ့ဆံပင်က တစ်စိပ်စာမျှရှိ၏။ အဲဒီမြောက်ကျွန်းသူဆံပင်တစ်ပင်နဲ့ "ဧဏီ"အမည်ရှိတဲ့ သားကောင်၏ အမွှေးနဲ့ ညီမျှတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ "ဧဏီ"ဆိုတဲ့အကောင် မင်းလည်း မမြင်ဘူး၊ ငါလည်း မမြင်ဘူး၊ သူ့အမွှေးသဏ္ဌာန်ကိုတော့ သိပြီပေါ့၊ မသိဘူးလား (သိသာပါတယ်ဆရာ)၊ ဘယ်လောက်ရှိလဲ (မြောက်ကျွန်းသူဆံမွှေးလောက် ရှိပါတယ်ဆရာ)၊ အေး-ဆံမွှေးလောက်၊ တော်တော်ကို ရိုင်းတဲ့ကောင် ဆံပင်လောက် ပြောပါဟ၊ ဘယ်လောက်ရှိတယ် (မြောက်ကျွန်းသူဆံပင်လောက်ရှိပါတယ်ဆရာ) အေး-မြောက်ကျွန်းသူဆံပင် မင်းက မြင်ဘူးလို့လား (မမြင်ဘူးပါဘူး) မမြင်ဖူးဘဲနဲ့ ဘယ်နှယ့်လုပ်သိတာတုံး (မှန်းပြောတာပါ)၊ ဘယ့်နဲ့လုပ်မှန်းတုံး (တောင်ကျွန်းသူဆံပင်နဲ့ ရှစ်စိပ်စိတ်ပြီး မှန်းပြောတာပါ)၊ ဩော် - မှန်းနိုင်သွားတာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ "အနုမာန" မှန်းဆလို့ရတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ) အေး - အဲဒါကြောင့် မြောက်ကျွန်းသူဆံပင်တစ်ပင်စာနဲ့ ညီမျှသော "ဧဏီ"အမည်ရှိတဲ့ သားကောင်၏အမွှေးဖျားလေးနဲ့ အလိုလိုမှ အမွှေးမျှင်လေးက နုရတဲ့အထဲမှာ အဖျားလေးဆိုတော့ ချွန်မသွားဘူးလားကွ (ချွန်သွားပါတယ်ဆရာ)၊ အဲဒီအဖျားလေးနဲ့ ဆီကြည်ထဲမှာ နှစ်တဲ့ နော် (မှန်ပါတယ်ဆရာ)။ ဆီကြည်ထဲ နှစ်လိုက်၊ နှစ်ပြီးတော့ ဆယ်၊ ဆယ်လိုက်ပြီးတော့ ခါလိုက်ပါအုံး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

အဲ့ဒီ"ဧဏီ"အမည်ရှိတဲ့ သားကောင်၏ အမွှေးလေးနဲ့ ဆီကြည်မှာ နှစ်လို့ ခါပစ်လိုက်လို့ ကျန်တဲ့ ဆီကြည်ပေါက်ကလေးမျှ ပမာဏရှိတဲ့ မိဘနှစ်ပါးရောစပ်ထားသော သုက်ခေါ်ထားတဲ့ "ကလလ" အကြည်ရေလေး ဒီကစတယ် နော် (မှန်ပါတယ်ဆရာ)။ ဒီတော့ ဒါလေးမြင်ဖို့ မခဲယဉ်းဘူးလားကွ (ခဲယဉ်းပါတယ်ဆရာ)။ အင်မတန်မြင်ဖို့ ခဲယဉ်းတယ်၊ သဘောလောက်လေး ရောက်လာတယ်၊ အဲဒါလေးကို ကလလရေကြည်ခေါ်တယ်၊ ဒီက စပြီးတော့ သန္ဓေတည်ရတယ်ခေါ်တယ်၊ အဲဒီအခု

http://www.dhammadownload.com

ပြထားတဲ့ ပမာဏရှိတဲ့ ရေကြည်လေးနဲ့ ခုနစ်ရက် နော်။ "ပထမံ ကလလံ ဟောတိ" ကလလသတ္တာဟ-လို့ သတ္တာဟဆိုတာ ခုနစ်ရက်ခေါ်တယ်၊ အဲလောက်လေးနဲ့ ခုနစ်ရက်နေ၊ အဖိရဲ့ သန္ဓေဝမ်းတိုက် ခုနစ်ရက်နေ ခုနစ်ရက်စေ့တော့ ဘာဖြစ်လာတုံးဆိုတော့ အမြှုပ်ကလေးဖြစ်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ အမြှုပ်ကလေးက တစ်ခါ ခုနစ်ရက်နေပြန်ရော့ (မှန်ပါတယ်ဆရာ)၊ အမြှုပ်ကလေး ခုနစ်ရက်စေ့သွားတော့ ဘာဖြစ်လာလဲဆိုတော့ သားတစ်ကလေးဖြစ်လာ၊ အသားဆိုင်လေးပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ အသားဆိုင်လေးက ခုနစ်ရက်၊ ခုနစ်ရက်စီ ခုနစ်ရက်စီသွားမယ်၊ သတ္တာဟ အသားဆိုင်ကလေး အသားခဲကလေး၊ အသားလေးက ခုနစ်ရက်နေရော့၊ ပြီးတော့မှ အသားလေး ခုနစ်ရက်စေ့သွားတော့မှ။ ဃန-အတုံးအလုံး အခဲလေး ဖြစ်လာပြီ နော် (မှန်ပါတယ်ဆရာ)၊ 'ဃန'လို့ ခေါ်တယ်၊ အတုံးအလုံးအခဲ ဖြစ်သွားပြီ၊ ခုနစ်ရက် ဘယ်နှစ်လီရှိပြီလဲ (လေးလီပါဆရာ)။

ခက်မငါးဖြာ သိစရာ

အေး- လေးလီရှိသွားပြီ၊ အဲဒီအတုံးအလုံး အခဲ အမာသဏ္ဌာန်လေးဖြစ်ပြီးတော့ ဆိုပါတော့ကွာ ဘဲဥသဏ္ဌာန်လေးပေါ့။ ခုနစ်ရက်စေ့သွားတော့ ခက်မငါးဖြာလို့ ခေါင်းနေရာက အဖုလေး၊ လက်နှစ်ဘက်နေရာက အဖုလေး၊ ခြေနှစ်ဘက်နေရာက အဖုလေး၊ အခုလို လုံးလုံးဆိုတဲ့ ဘဲဥလေးမှာပေါ့ကွာ အသားတုံးလေး အတုံးအလုံးအခဲလေး၊ အဖုလေး ငါးခုပေါ်လာ နော် (မှန်ပါတယ်ဆရာ)၊ "ခက်မငါးဖြာ"လို့ ဒီလိုခေါ်တယ်။ ဘယ်နှစ်သတ္တာဟရှိ၊ (ငါးသတ္တာဟပါဆရာ)၊ ငါးသတ္တာဟ ရှိသွားပြီနော် (မှန်ပါတယ်ဆရာ)၊ ခက်မငါးဖြာ၊ အဲဒီအဖုအယောင်လေးတွေ ပေါ်နေရာကနေပြီးတော့ ခေါင်းနေရာက အဖုလေးကလည်း ခေါင်းလေးဖြစ်ပြီးတော့လာတယ်။ လက်နေရာက အဖုလေးနှစ်ခုကလည်း လက်ကလေးတွေ ဖြစ်ဖြစ်လာလိုက်တာ။ ဒါလေးတွေ လက်ဆိုတဲ့သဘာဝ၊ ခေါင်းဆိုတဲ့ သဘာဝ ရောက်အောင် အနည်းဆုံးအားဖြင့် တစ်သတ္တာဟ နှစ်သတ္တာဟလောက် စောင့်ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ခုန ခက်မငါးဖြာတုန်းက ငါးသတ္တာဟ မနေဘူးလား (ငါးသတ္တာဟပါဆရာ)၊ ငါးသတ္တာဟ ဘာလဲ (ငါးသတ္တာဟပါဆရာ)၊ "ငါးသတ္တာဟ" ဆိုတဲ့ သတ္တ+အဟ၊ အဟ-က ရက်ဟောတယ်၊ သတ္တ-က ခုနစ် နော် (မှန်ပါတယ်ဆရာ)၊ ခုနစ်ရက်လို့ မြန်မာလို ဒီလိုပြောရတယ်၊ ခက်မငါးဖြာ ခုနစ်ရက်ဖြစ်ပြီးတဲ့အခါမှာ အဲဒီအဖုလေးငါးခုက နေပြီးတော့ ခေါင်းနေရာကလည်း ခေါင်းသဘာဝလေးဖြစ်အောင် အတော်လေးကြာကြာနေရတယ်၊ လက်အဖုလေးတွေ လက်ထွက်မဲ့နေရာ အဖုလေးတွေကလည်း လက်ကလေးတွေ ဖြစ်လာအောင် တော်တော်လေး ကြာကြာနေရတယ် နော် (မှန်ပါတယ်ဆရာ)၊ ခြေနေရာက အဖုလေးတွေကလည်း ခြေလေးတွေ ဖြစ်လာအောင် တော်

http://www.dhammadownload.com

တော်လေး ကြာကြာနေရတယ်။ လာပုံလေးတွေ၊ လာပုံလေးတွေ သေချာကြည့် ရုပ်လုံးမပေါ်တပေါ်လေးတွေ။ အဲဒီလိုနေပြီဆိုပါတော့ - ငါးသတ္တာဟာ၊ ခက်မငါးဖြာလေး ပေါ်ပြီးတဲ့နောက် ခေါင်းလေးဖြစ်လာအောင် လက်ကလေးဖြစ်လာအောင် ခြေလေးတွေ ဖြစ်လာအောင် စောင့်ဆိုင်းပြီးနေတော့ "ခြောက်သတ္တာဟ, ခုနစ်သတ္တာဟ" လောက်ရှိသွား နော် (မှန်ပါတယ်ဆရာ)၊ ခုနစ်သတ္တာဟလောက်ရှိသွားတော့ ခေါင်းလေးလည်း ဖြစ်လာပြီ၊ လက်ကလေးတွေလည်း လက်ကလေးနဲ့တူစွာဖြစ်လာပြီ၊ ခြေလေးတွေလည်း ခြေနဲ့တူစွာ ဖြစ်လာပြီ၊ ဒီထဲက သေချာကြည့်၊ အမိရဲ့ကျောရိုးဘက် မျက်နှာမူလို့ နော် (မှန်ပါတယ်ဆရာ)၊ အရန်သင့် ဟိုက အင်္ဂါလေးတွေက တစ်စတစ်စ ကြီးထွားကြီးထွားလာတော့ သူသဘာဝအတိုင်း ပြင်ပြီးဆင်ပြီးသားလေးတွေဖြစ်နေတယ်၊ အမိအစာဟောင်းအိမ်ကို ဖင်ခုထိုင်လို့၊ ဒူးလေးနှစ်လုံးကထောင်လို့ နော် (မှန်ပါတယ်ဆရာ)။

ပြီးတော့ မျက်ခွက်လေး လက်နှစ်ဘက်နဲ့အုပ် ဒူးပေါ်လက်ကလေးတင် မေးလေးတင်ပြီးတော့ နော် (မှန်ပါတယ်ဆရာ)၊ "သစ်ပင်ခွကြားမှာမိုးစိုလို့ မိုးခိုတဲ့ မျောက်အိုလေးများ ထိုင်နေသလိုပဲတဲ့" မလှုပ်သာရှာဘူး ဆောင့်ဆောင့်ကြီး နော် (မှန်ပါတယ်ဆရာ)၊ အမိကျောရိုးဘက် မျက်နှာမူလို့ ခုနစ်သတ္တာဟ ရှစ်သတ္တာဟလောက်ရှိလာတော့ ခေါင်းလေးလည်း ခေါင်းအတိုင်းဖြစ်၊ လက်ကလေးတွေလည်း လက်အတိုင်းဖြစ်၊ ခြေလေးတွေလည်း ခြေအတိုင်းဖြစ်၊ အဲဒီခုနစ်သတ္တာဟ ရှစ်သတ္တာဟ မြောက်မှာ ရောက်တဲ့အခါကျတော့ အသားတို့ အသွေးတို့ အကြောတို့ အရိုးတို့ အဆစ်တို့ ပြီးတော့မှ အတွင်းက အူသိမ်အူမတို့ နှလုံးတို့ ကျောက်ကပ်တို့ အဆုပ်တို့ အဖျင်းတို့ အညှိုတို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါတွေကလည်း အကုန်လုံး တည်ဆောက်ပြီးပြီတဲ့၊ ဒီအချိန်လေး တစ်စတစ်စ ဖြစ်လာရတယ်။ ရုပ်လုံးလေး ပေါ်မသွားဘူးလား (ပေါ်လာပါတယ်)၊ ရုပ်လုံးလေးပေါ်သွားပြီ။ ဒီက ဘယ်နှစ်သတ္တာဟ ရှိသွားပြီလဲ၊ ရှစ်သတ္တာဟရှိသွား၊ ခုနစ်ရှစ်လီ ဘယ်လောက်ရှိ (မပြောတတ်ဘူးဆရာ) မင်းလည်း မတတ်နိုင်ဘူး၊ ငါလည်း မတတ်နိုင်ဘူး၊ ကျောင်းပြန်နေကြအုံးစို့ကွာဟုတ်လား၊ ရှစ်သတ္တာဟလောက်ရှိ၊ အဲဒီလို အူသိမ်အူမ အသည်း အဆုပ် နှလုံး အစရှိသည်အားဖြင့် ဝမ်းထဲက ကလီစာတွေလည်း ပြင်ပြီးဆင်ပြီးဖြစ်လို့ အကောင်အထည်လေးဘဝရောက်တော့မှ ပါစကမာတ်မီးဆိုတာ ဝမ်းထဲလည်းပဲ အလိုလိုပေါ်ထွက်လာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ပါစကမာတ်မီးတဲ့၊ အစာကြေညက်အောင် ချက်တဲ့မီးလို့ခေါ်တယ်၊ ဒါ အူသိမ် အူမဖြစ်မှ အစာသစ် အစာအိမ်တွေ ပေါ်ပြီး ပြင်ဆင်ပြီးမှ ပါစကမာတ်မီးက ပေါ်လာတယ် နားလည်လား (နားလည်ပါတယ်)၊ အဲဒီပါစကမာတ်မီးလေး ပေါ်လာတဲ့ အချိန်ကစလို့ အမိမျိုချသော အစာမှာပါလာတဲ့ ဩဇာတက်က ပျံ့နှံ့ပျံ့နှံ့ပြီးတော့ ဒီကလေးဆီရောက်ရတယ်ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အင်မတန် ဆန်းကြယ်တယ်နော်၊ ဘယ်လောက်ပဲ

http://www.dhammadownload.com

လောကမှာတ်ပညာတွေတတ်တာ့ ဒီအလုပ်မျိုးလုပ်ဖို့ အတော်ခဲယဉ်းတယ်။ သေချာစဉ်းစားကြည့်ဖြစ်နိုင် မဖြစ်နိုင်ဆိုတဲ့ သဘောလေးတွေ ဒီသန္ဓေသား ကောင်လေးနေတာ အိမ်နဲ့မဟုတ်လား (အိမ်နဲ့ပါဆရာ)၊ အိမ်နဲ့အိမ်နဲ့ အမိမျိုချတဲ့ အစာသစ်အိမ်က ဦးခေါင်းပေါ် ရွက်လို့ အမိရဲ့အစာဟောင်း အိမ်ကိုတော့ ဖင်ခုထိုင်လို့ ကျောရိုးဘက် မျက်နှာမူလို့ "သစ်ပင်ခွကြား မိုးစိုလို့ မိုးခိုတဲ့ မျောက်အိုလို" မလူပ်မယှက်ထိုင်နေတယ် အဲဒီအစာသစ်အိမ်နဲ့ အမိကမျိုချတဲ့ အစာသစ်မှပါလာသော ဩဇာဓာတ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီဩဇာဓာတ်ကလေးတွေက အမိမျိုချသော အစာသစ်အိမ်ကိုလည်း ဖောက်လာကုန်ပြီ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ သဘောတရားဆိုတာ အင်မတန်ထင်ရှားရှိတယ်ဆိုတာ သေချာကြည့်နော်၊ အရေတွေ, အဖတ်တွေ ဖောက်ထွက်ဖို့ အင်မတန် ခဲယဉ်းတယ်၊ သူစားထားတဲ့ မျိုချထားတဲ့ အစာသစ်အိမ်ကလည်း အိမ်နဲ့နေတယ်။ အဲဒီအိမ်ကို တစ်ခါဖောက်လာပြီး အစာသစ်ထဲပါလာတဲ့ ဩဇာဓာတ်ကလေးတွေ အစာသစ်ထဲက ဖောက်ထွက်လာပြီးတော့ တစ်ခါဘယ်လာရသလဲဆိုတော့ ဒီသန္ဓေသား သိမ်းပိုက်ထားသော သားအိမ်ကို တစ်ခါဖောက်လာရတယ်။ မဖောက်ရဘူးလား (ဖောက်ရပါတယ်)၊ သားအိမ်ဖောက်ပြီးမှ ဘယ်သွားလဲဆိုတော့ သန္ဓေတည်တာမျှားသေချာကြည့် -

သန္ဓေသားကောင်လေးမှာ ချက်ကြိုးမရှိဘူးလား (ရှိပါတယ်ဆရာ)၊ အဲဒီချက်ကြိုးအဖျားက အမွှာအမွှာနဲ့ တောက်တဲ့လက်ဝါးလို မွှာနေတဲ့ ဇကာလေးတွေလို မွှာနေတဲ့ ဥစ္စာက ဘယ်မှာကပ်သလဲဆိုတော့ သူနေတဲ့ သားအိမ်ရဲ့အတွင်းမှာ အကုန်လျှောက်ပြီးတော့ ကပ်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ သားအိမ်အတွင်းမှာ အခုပြောတဲ့ဇကာလေးလို တောက်တဲ့လက်ဝါးပင်မျှားလို့ ကပ်နေတဲ့ အမွှာလေးတွေက စုပေါင်းပြီးမှ ချက်ဟူသောအနေ၊ ချက်ကြိုးဟူသောအနေနဲ့ ကလေးရဲ့ချက်မှာ သွားပြီးတော့ ဝမ်းဗိုက်ထဲသွားပြီး ဆက်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်များ ရှုပ်တဲ့ ဝါယာကြိုးတွေလည်း သေချာကြည့် သွားပုံ, သွားပုံ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဘယ်နှယ်ဖြစ်နေလဲဆိုတော့ အမိက အစာသစ်တွေစား မျိုချလိုက်၊ အမိအစာသစ်အိမ်ထဲမှာ အစာသစ်တွေ ရောက်ရောက်သွားတော့ အဲဒီအစာသစ်ထဲပါလာတဲ့ ဩဇာဓာတ်က အမိရဲ့အစာ သစ်အိမ်တစ်ခါဖောက်၊ ဖောက်သွားပြီတော့ သူငယ်သန္ဓေသားနေတဲ့ သားအိမ်တစ်ခါဖောက်၊ အတွင်းရောက်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ အတွင်းရောက်တော့မှ အဲဒီသားအိမ်မှာ အမြွေးလေးတွေလို ကပ်နေတဲ့ဇကာလေးတွေလို ကပ်နေတဲ့ အညှာလေးလေလို ကွန်ယက်ကလေးလိုပေါ့။ အဲဒီအမွှာလေးတွေထဲ တစ်ခါဝင်သွားတယ်၊ ဩဇာဓာတ်က နော် (မှန်ပါတယ်ဆရာ)၊ အဲဒီအမွှာလေးတွေ အသီးသီးကနေပြီးတော့ ဩဇာဓာတ်က ဝင်သွားပြီး ဒီအမွှာလေးတွေ စုပေါင်းပြီးတော့ ချက်တိုင်

http://www.dhammadownload.com

ချက်ကြိုးခေါ်တဲ့အထဲ တစ်ခါသွားစုပြီ၊ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီချက်တိုင် ချက်ကြိုးကမှ သူငယ်ရဲ့အစာအိမ်ထဲကို ဒီသြဇာဓာတ်ရောက်ပါတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီရောက်လာတဲ့ သြဇာဓာတ်ကိုမှ အခုန ခုနစ်သတ္တာဟ ရှစ်သတ္တာဟမြောက်မှာ ဖြစ်လာသော သန္ဓေသားရဲ့ ပါစက တေဇောဓာတ်က ဆီးပြီးတော့ချက် ကြေညက်အောင် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အမိကစားသမျှ အစာသစ်မှာပါလာသော သြဇာဓာတ်သည် သူငယ်ရဲ့အစာအိမ် အတွင်းသို့ရောက်၏။ ဝါယာကြိုးတွေ အဆင့်ဆင့်ပူးသွားတာ မြင်ရဲ့လား (မြင်ရပါတယ်ဆရာ)၊ အေး - ဟုတ်ပြီ၊ ဒီတိုင်းသွားမှာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီအစာ အမှီပြုပြီးတော့ သန္ဓေသားက အမိဝမ်းထဲမှာ အသက်ရှင်နေရပါတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အခုလို အဆင့်ဆင့်အားဖြင့် ဖောက်ဖောက်, ဖောက်ဖောက်ပြီးလာတော့ အရေအဖတ်တွေ ဖောက်လာလို့ဖြစ်ပါ့မလား (မဖြစ်ပါဘူး)၊ ဘယ့်နှယ့်နည်းနဲ့မှ အရေအဖတ်တွေ ဖောက်လာလို့ ဖြစ်တာမဟုတ်ဘူး၊ အဲဒါ သြဇာဓာတ်သတ္တိ၊ တို့သြဇာဓာတ်ပြစဉ်အခါတုန်းက သြဇာဓာတ်ဆိုတာ သဘောလေးပဲလို့ တစ်ခါပြောခဲ့ပေါ့၊ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ) အေး - အဲဒီ သဘောလေးတွေ ဖောက်လာတာ တစ်ခါတည်း၊ သဘောမိုလို့ ဖောက်သွားတာ နော် (မှန်ပါတယ်ဆရာ)၊ လျှောက်လျှောက်သွားလိုက်တာလို့ အဲဒါ ကံကစီမံပေးထားတော့ ဟိုမှာလိုင်းတွေက ဆက်ပြီးသားတွေဖြစ်နေတယ်၊ အရန်သင့်ချည်းပဲ အကုန်လုံး၊ အဲဒီလိုင်းလေးတွေ ကူးစက်ကူးစက်သွားလိုက်တာ၊ သူငယ်သန္ဓေသားရဲ့ဝမ်းထဲ သြဇာဓာတ်တွေ ပျံ့နှံ့ပြီး၊ အစာအိမ်ထဲရောက်၊ အဲဒီလိုရောက်ခါမှ သန္ဓေသားရဲ့ အစာအိမ်ထဲမှာဖြစ်နေတဲ့ ပါစကဝမ်းမီး၊ ပါစကတေဇောဓာတ်ကချက်နေလို့ အစာကြေညက်ခြင်းရောက်ရတယ်တဲ့ နော် (မှန်ပါတယ်ဆရာ) အစာကြေညက်ခြင်းရောက်ရတယ်။

အဲဒီသြဇာဓာတ်သဘောလေးတွေ စုပေါင်းပြန်တော့ ဘာဖြစ်လာလဲဆိုရင်တော့ "ကလာပ"ဆိုတဲ့ သဘာဝကနေပြီးတော့ "ပရမာနုမြူ"၊ "အနုမြူ"၊ "တဇ္ဇာရီမြူ"၊ "ရထမြူ" ဆိုတဲ့ အမှုန့်အမွှာလေးတွေအဖြစ် ရောက်တယ် နော် (မှန်ပါတယ်ဆရာ) ဒီအမှုန့်အမွှာလေးတွေ စုပါပေါင်းပါများတော့လည်း အတုံး, အလုံး, အခဲ,ဆိုတဲ့ သဏ္ဌာန်တွေ ပေါ်ထွက်လာတယ်။ ဝတ္ထုပစ္စည်းတွေဖြစ်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ သွားနေတာကတော့ သဘောလေးတွေ သွားနေတာမဟုတ်လား (သဘောလေးတွေသွားနေတာပါဆရာ)၊ အေး - သဘောလေးတွေ သဘောလေးတွေ၊ စုလိုက်ပေါင်းလိုက်တဲ့ အခါကျတော့ အတုံး, အလုံး, အခဲ,လေးတွေ ဖြစ်လာတာပေါ့ကွ နော်၊ ဝတ္ထုပစ္စည်းနော် ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သန္ဓေသား ဖွားပြီးသည်နှင့်တစ်ပြိုင်နက် ကျင်ကြီးကျင်ငယ်တို့ မသွားဘူးလား (သွားပါတယ်ဆရာ)၊ အဲဒါကြည့် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဟိုမှာ အမိုးမျိုချတဲ့ အစာသစ်ကပါလာတဲ့ ဩဇာဓာတ်ကလေးတွေ စုပေါင်းလို့၊ ဒါ့ကြောင့် ဖွားမြင်လာတဲ့ သတို့သားငယ် သတို့သမီးငယ်များဟာ အပြင်ရောက်သည်နှင့်တစ်ပြိုင်နက် ကျင်ကြီး ကျင်ငယ် စွန့်ကြတယ်လို့ ဘယ်ဝမ်းထဲ အမွေထမင်းလုတ်တွေ ဝင်စားလို့ ဖြစ်ပါ့မတုံး (မဖြစ်ပါဘူးဆရာ)၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကံစီမံထားတာ ဘယ်လောက်များ အံ့ဩစရာကောင်းလဲလို့ အဲဒီလို သန္ဓေနေရတယ်၊ ဒါအမှိုပြုပြီးတော့ အသက်ရှင်ပြီးဖွားလာတာ၊ ဒါပေမယ့် သန္ဓေသားလေးဟာ ဒီဩဇာဓာတ် အမှိုပြုပြီးအသက်ရှင်ပြီးတော့နေတဲ့နောက်ပိုင်းမှာ ရှစ်သတ္တာဟာ၊ ကိုးသတ္တာဟာ၊ ဆယ်သတ္တာဟာရောက်တော့ သူလည်း အင်္ဂါ ပယောဂစုံလို့ ရုပ်လုံးလည်း ပေါ်လာပြီတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မျက်လုံးလေးတွေလည်း ထင်ရှားဖြစ်ကုန်ပြီတဲ့။ နှာခေါင်းလေးတွေလည်း ထင်ရှားဖြစ်ကုန်ပြီတဲ့။ ပါးစပ်ကလေးတွေ လျှာလေးတွေလည်း ထင်ရှားဖြစ်ကုန်ပြီတဲ့၊ နားလေးတွေလည်း ထင်ရှားဖြစ်ကုန်ပြီတဲ့၊ ရုပ်လုံးပေါ်ပြီပေါ့ (ပေါ်ပါပြီဆရာ)။ ဆယ်သတ္တာဟာမြောက် အဲဒီအချိုးရောက်လာ၊ ဒီအချိုးရောက်ပြီးတော့မှ -

"တစ်ဆယ်နဲ့တစ်သတ္တာဟာ"မြောက်တဲ့အချိန်ကျမှ မင်းတို့ ငါတို့ စက္ခုပသာဒဆိုတဲ့ အကြည်ရုပ်ကလေး နားလည်လား (နားလည်ပါပြီ)။ သဘောလေးမဟုတ်လား (သဘောလေးပါဆရာ)၊ အဲဒီမှာ ပသာဒလေးတွေ ပေါ်လာတယ်၊ ပေါ်ပြီးသားမျက်လုံးထဲမှာ မှန်အကြည် လေးတွေပေါ့၊ စက္ခုအကြည် သောတအကြည် ဃာနအကြည် ဇိဝှါအကြည် ဆိုတဲ့ အကြည် လေးချက်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ "တစ်ဆယ်နဲ့တစ်သတ္တာဟာ"မြောက်တဲ့အချိန်မှာ 'ဧကာဒသမ သတ္တာဟာ'လို့ ခေါ်တယ်။ အဲဒီအချိန်က စလို့ စက္ခုပသာဒခေါ်ထားတဲ့အကြည်။ ကမ္မဇမှန်ကလေးတွေ ကမ္မဇရုပ်ကလေးတွေ ပေါ်လာတယ် သောတပသာဒ-နားအကြည်။ ဃာနပသာဒ-နှာခေါင်းအကြည်။ ဇိဝှါပသာဒ-လျှာအကြည်။ အကြည်လေးချက် ပေါ်ထွက်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ အကြည်လေးချက် ပေါ်ထွက်လာပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ "တစ်ဆယ်နဲ့တစ်သတ္တာဟာ"မြောက် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခုနစ်ဆယ်နှင့် ခုနစ်ရက် ရှိသွားပြီ၊ "ဆယ့်သတ္တာဟာ" ဆိုတော့ ခုနစ်ဆယ့်ခုနစ်ရက် မနေဘူးလား (ခုနစ်ဆယ့်ခုနစ် ရက်ပါဆရာ)။ ခုနစ်ဆယ်နဲ့ခုနစ်ရက်ရှိသွားပြီ၊ အဲဒီကနေ တစ်စတစ်စပြီးတော့ ပသာဒအကြည်ရုပ်လေးတွေ ပေါ်ထွက်လာပြီးတဲ့နောက်နေလိုက်တာ ဘယ်ထိအောင်သွားလဲဆိုတော့ ဆယ့်နှစ် ဆယ့်သုံးသတ္တာဟာ၊ အနည်းဆုံးအားဖြင့် ခုနစ်လ ရှစ်လလောက် မြောက်တဲ့အခါကျတော့ ဆံပင်နဲ့ မွေးညှင်းနဲ့ မျက်ခုံးမွေးတဲ့ မျက်တောင်မွေးတဲ့ လက်သည်းတဲ့ ခြေသည်းတဲ့ ပေါ်ထွက်လာပေါ့ နော် (မှန်ပါတယ်ဆရာ)။

အဲဒီအခါကျမှ ဆံပင်တို့ မွေးညှင်းတို့ ခြေသည်းတို့ လက်သည်းတို့ ပေါ်ထွက်လာတယ်တဲ့၊

http://www.dhammadownload.com

နောက်ကိုးလ, ဆယ်လ၊ ကိုးလကျော်လို့ ဆယ်လမြောက်တဲ့အခါကျတော့ ဖွားတယ်မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီဖွားမြင်တဲ့အခါကျမှ သန္ဓေသားဟာ အသားဖြူရင် ဖြူတယ်၊ မည်းရင် မည်းတယ်၊ အရပ်ရှည်ရင် ရှည်တယ်၊ ပုရင် ပုတယ်၊ ရုပ်ချောရင် ချောတယ်၊ ရုပ်ဆိုးရင် ဆိုးတယ်၊ အိုရင် အိုတယ်၊ လှရင် လှတယ်၊ ဒီသဘာဝလေးတွေ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ အဲဒါ ငါစောစောက ပြောတဲ့ စုတိနောင်ပဋိသန္ဓေဆိုတဲ့ ပဋိသန္ဓေဥပါဒ်ခဏ၊ ဟိုဘက်ဘဝက သခ်ါရဆိုတဲ့ ကံအကြောင်းခံပြီးတော့ စီမံပေးလို့ဖြစ်ပေါ်လာတဲ့ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်နှစ်ဆယ်ဆိုတဲ့ ကံရုဖ်တွေ ဒီမှာပေါ်ထွက်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ အမိဝမ်းထဲ နေစဉ် အခါကတော့ ဘယ်သူမှ မမြင်ရဘူး။ ဘယ်သူမှမသိဘူး အမိဝမ်းကကျွတ်လို့ မွေးဖွားသည်နှင့်တစ်ပြိုင်နက် လှလိုက်တာ ချောလိုက်တာ အသားဖြူလိုက်တာ မျက်လုံးမျက်ခုံးကောင်းလိုက်တာ အိုရုပ်ဆိုးလိုက်တာဟ၊ အသားမည်းလိုက်တာဟ၊ ဘယ်လိုဟ၊ ညာလိုဟနဲ့ ဒီနေရာမှာ ရုပ်ရည်ရူပ ကာယ သန့်ရှင်းမှု မသန့်ရှင်းမှု ပေါ်ထွက်မလာဘူးလား (ပေါ်ထွက်လာပါတယ်)၊ အဲဒီရုပ် ဘယ်သူလုပ်ပေးတာလဲဆိုတော့ ဟိုဘက်ဘဝက သခ်ါရဆိုတဲ့ ကုသိုလ်ကံက စီမံပေးတဲ့ ကံကြောင့်ဖြစ်သော ကမ္မဇရုပ် 'ကံရုပ်"ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ကံရုပ်ရဲ့သတ္တိ ဒီမှာလာသိတယ်တဲ့၊ အဲဒီသန္ဓေခန်း လေးမှာ သေသေချာချာ ပြန်ပြီးတော့ စဉ်းစားကြည့်၊ ဩော် - သန္ဓေတည်ရတယ်ဆိုတာ မလွယ်ပါ့လားလို့၊ ဒါ့ကြောင့် သန္ဓေတည်ခန်းမှာ စောစောကပြောတဲ့ ကလလရေကြည် လေးကစလို့။

"သခ်ါရပစ္စယာ ဝိညာဏံ" သခ်ါရပစ္စယာ၊ သခ်ါရတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်၊ သမ္ဘဝတိ၊ ဖြစ်၏။ သခ်ါရက အကြောင်း ဝိညာဏ်က အကျိုး၊ သခ်ါရသုံးမျိုးတဲ့ မုချ အကျိုးစစ်စစ်ကောက်ပါဆိုတော့ အကျိုးစစ်စစ်က လောကီဝိပါက်စိတ်ဗာတ္တိသ၊ အကုသလဝိပါက်စိတ်ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး၊ မဟာဝိပါက်စိတ်ရှစ်ပါး၊ ရူပဝိပါက်စိတ်ငါးပါး၊ အရူပဝိပါက်စိတ်လေးပါး ပေါင်းလိုက်တော့ သုံးဆယ်နဲ့နှစ်ပါးသော ဝိညာဏဓာတ်ရတယ်။ ဒါသခ်ါရသုံးမျိုးရဲ့အကျိုးစစ်စစ်၊ ဝိညာဏ်တရားလို့ခေါ်တယ်။ ဝိညာဏ်မှန်တိုင်း ကောက်ရမလားဆို မဟုတ်ပါဘူး၊ ဒီနေရာမှာ အကျိုးသာကောက်ရတယ်။"သခ်ါရပစ္စယာ ဝိညာဏံ" သခ်ါရကအကြောင်း ဝိညာဏ်ကအကျိုး၊ အကြောင်းသခ်ါရက ဘယ်သူတုံး၊ ပုညာဘိသခ်ါရ အပုညာဘိသခ်ါရ အာနေဥ္ဇာဘိသခ်ါရ။ ပုညာဘိသခ်ါရက ကာမာ ဝစရကုသိုလ်စေတနာ ရူပါဝစရကုသိုလ်စေတနာ။ အပုညာဘိသခ်ါရက အကုသိုလ်စေတနာ။ အာနေဥ္ဇာဘိသခ်ါရက အရူပါဝစရကုသိုလ်စေတနာ။ ဒါ ဟိုဘက်ဘဝက ကြိုးစားအားထုတ် အလုပ်လုပ်လာကြတာ၊ တူရာတူရာပေါင်းလိုက်တော့ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးလို့ ဒီလိုရပါတယ်၊ ကုသိုလ်ကံကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်သည် ဒီဘက်ဘဝကျတော့ ကောင်းရာသုဂတိရောက်

http://www.dhammadownload.com

၏။ အကုသိုလ်ကံ ကြိုးစားပွားများ အားထုတ်အလုပ်လုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ဒီဘက်ဘဝမှာ မကောင်းသော ဒုဂ္ဂတိဘဝသို့လားရ၏။ သုဂတိနဲ့ဒုဂ္ဂတိ နှစ်မျိုးရှိတယ်၊ ဒီတော့ ဒုဂ္ဂတိလားတဲ့ပုဂ္ဂိုလ်ကျတော့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါး လားတယ်ဆိုတော့ ရှုံးခြင်းမက ရှုံးသွားပြီ။ ဒုစရိုက် ဒုရာဇိဝ ဟိုဘက်ဘဝ ကလွန်ကျူးစဉ်အခါတုန်းက လူဘဝနှင့်လွန်ကျူး၊ လူအဖြစ်နဲ့လုပ်ခဲ့တယ်။ အကုသိုလ် ဒုစရိုက်ဒုရာဇိဝတွေ လုပ်ခြင်းကြောင့်, အပုညာဘိသင်္ခါရတွေလုပ်ခြင်းကြောင့် ဒီဘက်ဘဝ ဝိညာဏ်ဆိုတဲ့ အကျိုးတရားလာပေါ်တော့ ပုဂ္ဂိုလ်လေးမျိုးလေးစားတဲ့၊ ဒုဂ္ဂတိအဟိတ် -ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံလားရတော့ ရှုံးခြင်းမက ရှုံးခြင်းဖြစ်၏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

နောက် ပုညာဘိသင်္ခါရ-ကာမာဝစရကုသိုလ် ဒါနသီလ ဆိုတဲ့ တရားတွေ ကြိုးစားပွားများ အားထုတ် အလုပ်လုပ်တဲ့ပုဂ္ဂိုလ်၊ ရူပါဝစရကုသိုလ်-စျာန်သမထ ပွားများတဲ့ပုဂ္ဂိုလ်၊ အရူပါဝစရကုသိုလ်-စျာန်သမထ ပွားများတဲ့ပုဂ္ဂိုလ်ကျတော့၊ ဒါန, သီလ, သမထတည်းဟူသော ကုသိုလ်တရားတွေ ကြိုးစားပွားများ အားထုတ်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီဘက်ဘဝ သုဂတိရောက်၏ သုဂတိလား၏။ သုဂတိဆိုတာ လူဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ ကောင်းသောဂတိခေါ်၏ ဒီလိုလာတယ်။ ဒါကြောင့် အပါယ်လေးပါးလားခြင်းသည်, အပါယ်လေးပါး ရောက်ရခြင်းသည် ဘာကြောင့် ရောက်ရသလဲဆိုတော့၊ အပုညာဘိသင်္ခါရကြောင့်၊ သူ့အကြောင်းနဲ့သူ့အကျိုး၊ လူဘဝ, နတ်ဘဝ, ဗြဟ္မာဘဝရခြင်းသည် ဘာ့ကြောင့် ပုညာဘိသင်္ခါရကြောင့်, အာနေဉ္ဇာဘိသင်္ခါရကြောင့်၊ သူ့အကြောင်းနဲ့သူ့အကျိုးပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီမှာ တို့ပြလိုရင်းအဓိပ္ပာယ်ကတော့ -

တမြန်နေ့က ခွဲစိတ်ပြထားတဲ့ ပုဂ္ဂိုလ်လေးမျိုးလေးစား၊ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ် လေးမျိုးလေးစားထွက်လာတော့ ဒုဂ္ဂတိအဟိတ်ဆိုတာ အပါယ်လေးပါး သတ္တဝါခေါ်၏။ အဲဒါက ဟိုဘက်ဘဝတုန်းကတော့ လူဘဝနဲ့ပဲ ဒုစရိုက်ဒုရာဇိဝတွေ လုပ်နေတယ်။ ဒီဘက်ဘဝလာပြီးတော့ ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေနဲ့နေတယ်၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဖြစ်တယ်။ အပါယ်လေးဘုံသားဖြစ်တယ်ဆိုတော့ ရှုံးခြင်းမက ရှုံး၊ မရှုံးဘူးလားဟ (ရှုံးပါတယ်ဆရာ)၊ ဒါန သီလ ဆိုတဲ့ ကုသိုလ်ကောင်းမှုပြုလာလို့ ဒီဘက်ဘဝလာပြီး သုဂတိဘဝရတော့ သုဂတိဆိုတာက လူ, နတ်, ဗြဟ္မာ,ကောင်းသောဂတိဆိုပါတော့ လူအဖြစ်ရတယ်၊ ဟိုဘက်ဘဝ ကောင်းမှုကုသိုလ်လုပ်လာလို့ ဒါန, သီလ,ဆိုတဲ့ ကုသိုလ်တရားတွေ ကြိုးစားပွားများအားထုတ်လို့ သုဂတိ ခေါ်ထားတဲ့ လူဘဝရတော့ လူကဘယ်နှစ်မျိုးဘယ်နှစ်စား၊ သုံးမျိုးသုံးစား သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ သုံးမျိုး သုံးစားလာဖြစ်တယ်။ သုဂတိအဟိတ်ပုဂ္ဂိုလ်ဆိုတာက ပဋိသန္ဓေအားဖြင့်

http://www.dhammadownload.com

ကန်းခြင်း, ဆွံ့ခြင်း, အခြင်း, ရူးသွပ်ခြင်းဆိုတဲ့ ဇစ္စန္ဓ ဇစ္စဗဓိရ ဇစ္စမူဂ - ပဋိသန္ဓေကတည်းက ချို့ယွင်းလာတဲ့ပုဂ္ဂိုလ်မျိုးခေါ်တယ်။

ဒီလိုသုဂတိအဟိတ်ဆိုတဲ့ သုံးနံပါတ်ပုဂ္ဂိုလ် လူလာဖြစ်တော့ ဟိုဘက်ဘဝ လုပ်စဉ်အခါတုန်းက ကုသိုလ်လုပ်တာပဲ ကုသိုလ်လုပ်စဉ်အခါတုန်းက သူဘဝကောင်းနဲ့လုပ် ဒွိဟိတ်ပုဂ္ဂိုလ်အနေအားဖြင့် လုပ်လာတယ်၊ ပဋိသန္ဓေအားဖြင့် ချို့ယွင်းချက် မပါခဲ့ဘူး။ သူလိုငါလို တန်းစီလမ်းစီ ပုဂ္ဂိုလ်အနေအားဖြင့် လုပ်လာတယ်။ အခု ဒီဘက်ဘဝလာပြီးဖြစ်လာတော့ သုဂတိအဟိတ်ဆိုတဲ့ နံပါတ်သုံးလာချိတ်တယ်၊ ဘာပြုလို့ လုပ်ပုံလုပ်နည်းကမဟုတ်လို့၊ တမြန်နေ့က ခွဲပြတဲ့အတိုင်း နော် (မှန်ပါတယ်ဆရာ)၊ သုံးနံပါတ်ပုဂ္ဂိုလ်လာပြီးတော့ သုဂတိအဟိတ်၊ သုဂတိဆိုတာ ကောင်းသော လူဘဝရလို့ သုဂတိခေါ်တယ်။ အဟိတ်ဆိုတာကတော့ ပဋိသန္ဓေခဏတည်းက တိရစ္ဆာန်နဲ့အတူတူပါပဲ။ အလောဘ, အဒေါသ, အမောဟ,ဆိုတဲ့ ဟိတ်သုံးပါး တစ်ပါးမှ မရခဲ့ဘူး။ အဟိတ်-ဟိတ်မရှိသော ပုဂ္ဂိုလ်ခေါ်တယ်။ အပါယ်လေးပါးလားနေတဲ့ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်နှင့် မတူဘူးလား (တူပါတယ်ဆရာ)၊ ဟိုက ဒုဂ္ဂတိ-မကောင်းသောဂတိလားတာ။ သူက သုဂတိ-ကောင်းသောဂတိလားတာ၊ ဒါပဲကွာတယ်။ အဟိတ်ကတော့ အဟိတ်ချင်းပဲတဲ့။ အပါယ်လေးပါးလာတဲ့ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်လည်းပဲ ပဋိသန္ဓေခဏက အလောဘ ,အဒေါသ, အမောဟဆိုတဲ့ ကုသိုလ်ဟိတ်သုံးပါး တစ်ပါးမှ မရလို့ အဟိတ်-ဒုဂ္ဂတိဟိတ် ခေါ်၏။ အခု လူတော့ လာဖြစ်ပါရဲ့ သုဂတိတော့ ခေါ်နိုင်ပါရဲ့ ဒါပေမယ့် သူလည်း အဟိတ်ပဲတဲ့၊ ဘာပြုလို့ ပဋိသန္ဓေခဏက အလောဘ, အဒေါသ, အမောဟဆိုတဲ့ ဟိတ်သုံးပါး တစ်ပါးမှမရဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူကော ရှုံးသလား၊ မြတ်သလား၊ (ရှုံးနေပါတယ်ဆရာ)၊ ရှုံးသွားပြန်ပေါ့၊ အရင်းမကိုက်ဘူး နော် (မှန်ပါတယ်ဆရာ)။

ဟိုဘက်ဘဝတုန်းက ဒွိဟိတ်ပုထုဇဉ်နဲ့ လုပ်လာတာပဲ၊ ဒါပေမယ့် လုပ်ပုံလုပ်နည်းမဟုတ်တော့ ဒီဘက်ဘဝ လာပြီးတော့ သုဂတိအဟိတ်ပုဂ္ဂိုလ်လာဖြစ်၊ ပဋိသန္ဓေအားဖြင့် ကန်းခြင်း၊ ဆွံ့ခြင်း၊ အခြင်း၊ ရူးသွပ်ခြင်း လူစဉ်မမှီတော့ဘူး၊ လူချင်းမတူဖြစ်နေတယ်။ အဲဒါ ဟိုဘက်ဘဝက လုပ်ပုံလုပ်နည်းမဟုတ်လို့ ရှုပ်ရှုပ်ထွေးထွေး ပွေပွေလီလီနဲ့ ညစ်ညစ်ပတ်ပတ် ပေပေကျဲကျဲ လုပ်လာတဲ့သဘောတွေပဲတဲ့။ ဒါပေမဲ့ လူဖြစ်အောင်တော့ ကုသိုလ်က အထောက်အပံ့ပေးလို့ လူရယ်လို့တော့ လာဖြစ်ပါတယ်။ ဒါပေမယ့် နံပါတ်သုံး နော် (မှန်ပါတယ်ဆရာ)၊ တချို့တော့ ဟိုဘက်ဘဝက စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း အတော်အတန်ဆိုသလိုမှန်ကန်တဲ့ လမ်းစဉ်လုပ်လာတော့ ဒါန သီလကုသိုလ်ဆိုတဲ့ ကုသိုလ်တရားတွေက အထောက်အပံ့ပေးလို့ ဒီဘက်ဘဝ၊ လူလာဖြစ်တော့ သူက တန်းစေ့ လမ်းစေ့ ဒွိဟိတ်နော် (မှန်ပါတယ်ဆရာ)၊ သူကျတော့ ပဋိသန္ဓေခဏတုန်းက “အလောဘ အဒေါသ အမောဟ”

http://www.dhammadownload.com

ဆိုတဲ့ ကုသိုလ်ဟိတ်နှစ်ပါး ရလာခဲ့တယ်တဲ့။ "အမောဟ"သာမရခဲ့ရင် ဒွိဟိတ်ပဲ၊ သူကျတော့ ရှုံးသလား မြတ်သလား၊ (အရင်းကိုက်ပါတယ်ဆရာ)၊ ဩော်-အရင်းကိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝက ဒွိဟိတ်နဲ့လုပ်၊ ဒီဘက်ဘဝ ဒွိဟိတ်ပဲလာဖြစ်တယ်မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူက အရင်းမရှုံးသေးဘူး နံပါတ်နှစ်၊ နံပါတ်သုံးနဲ့စာရင် သူက မသာဘူးလား (သာပါတယ်ဆရာ)၊ သာတယ်လို့ပြောရမယ်၊ တော်တယ်လို့ ပြောရမယ်။

ဟိုဘက်ဘဝက တိတိကျကျနဲ့ ဥပနိဿယကောင်း ရပြီးတော့ ဒါန သီလ ဆိုတဲ့ ကုသိုလ်ကောင်းမှု အစုစုတွေ ကြိုးစားအားထုတ် ပြုလုပ်လာခြင်းကြောင့် ဒီဘက်ဘဝ လူရယ်လို့ လာဖြစ်တော့ တိဟိတ် နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ ပဋိသန္ဓေခဏာတည်းက "အလောဘ အဒေါသ အမောဟ" ဆိုတဲ့ ကုသိုလ်ဟိတ်သုံးပါး အကုန်ရခဲ့တယ်တဲ့၊ သူကျတော့ ရှုံးသလား မြတ်သလား (မြတ်ပါတယ်ဆရာ) မြတ်ပြီ နော် (မှန်ပါတယ်ဆရာ)၊ အမြတ်ထွက်လာတယ်၊ သေချာမှတ်ကြနော်။ ဒါကြောင့် ကုသိုလ်လုပ်မယ်ကြံလို့ရှိရင် အဲဒီပုဂ္ဂိုလ်သုံးမျိုးသုံးစား လူသုံးမျိုးသုံးစားကို နားလည်ထားပါ၊ အပါယ်သတ္တဝါတော့ဖယ်ထားပါ။ ဒါပေမယ့် အပါယ်သတ္တဝါကတော့ မလုပ်ဘူးလားဆိုတော့ လုပ်နေကြတာပါပဲ။ အခု လူတွေလည်း ဒီလိုပါပဲ၊ ဒုစရိုက် ဒုရာဇိဝတွေ နင်းကန်ကြေနေကြတာ အကုန်လုံး ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားဆိုသလိုပဲ လုပ်တာပဲ။ အဲဒါတွေက ရှုံးခြင်းကြီးမက ရှုံးမဲ့လူတွေခေါ်တယ်။ နောင်ဘဝ လူမှမဖြစ်တော့ ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေနဲ့ အပါယ်လေးပါးလားကြရတယ်၊ အင်မတန် ကြောက်စရာကောင်းတယ်၊ ဘာပြုလို့ အကုသိုလ်တွေ လုပ်နေလို့၊ အကုသိုလ်က "သာဝဇ္ဇဒုက္ခဝိပါက လက္ခဏာ" အပြစ်နှင့်တကွ မကောင်းတဲ့အကျိုးတရားတွေပေးတတ်တာ အမှန်ပဲလို့ ပဋိသန္ဓေအားဖြင့် အပါယ်လေးပါး နော် (မှန်ပါတယ်ဆရာ)၊ ရှုံးခြင်းကြီးမက ရှုံးမဲ့ပုဂ္ဂိုလ်တွေ ဒါတွေတော့တို့မလုပ်ပါဘူး။ ကုသိုလ်ကောင်းမှုပဲ ကြိုးစားပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကျပြန်တော့ သုံးမျိုးသုံးစား ဖြစ်လာပုံလေးတွေ သေချာမှတ်၊ နံပါတ်သုံးကြိုက်သလား၊ နံပါတ်နှစ်ကြိုက်သလား၊ နံပါတ်တစ်ကြိုက်သလား ရွေးရမယ်နော် (မှန်ပါတယ်ဆရာ)။ ဘယ်နံပါတ်ကြိုက် (နံပါတ်တစ် ကြိုက်ပါတယ်ဆရာ)၊ နံပါတ်တစ်ကြိုက်တယ်၊ ဘာပြုလို့ နံပါတ်တစ်ကြိုက် (မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံးရနိုင်လို့ပါဆရာ)၊ ဩော် - ဒီဘဝမှာပဲ တစ်မဂ်တစ်ဖိုလ် ရနိုင်တယ်လား (မှန်ပါတယ်ဆရာ)၊ နံပါတ်နှစ်က မရဘူးလား (မရပါဘူး ဆရာ)၊ နံပါတ်သုံးကတော့ (မရနိုင်ပါဘူးဆရာ)။

အေး-အဲဒါမှတ်ထားနော် (မှန်ပါတယ်ဆရာ)၊ ဒါမဂ္ဂင်္ဂရာယ်ထဲပါတယ်၊ မဂ်မရအောင် တားတဲ့ အင်္ဂရာယ်ထဲပါတယ်၊ သုဂတိပဋိသန္ဓေအဟိတ်နဲ့ နေတဲ့ပုဂ္ဂိုလ် ဘယ်တော့မှ တစ်မဂ်တစ်ဖိုလ် မရဘူး၊ ဒွိဟိတ်ပဋိသန္ဓေနဲ့ နေလာတဲ့ပုဂ္ဂိုလ် ဘယ်တော့မှ တစ်မဂ်တစ်ဖိုလ် မရဘူး၊ ဒီဘဝမှာ နော် (မှန်ပါတယ်

http://www.dhammadownload.com

ဆရာ)၊ မဂ္ဂင်္ဂရာယ်မဟုတ်ဘူးလား (မဂ္ဂင်္ဂရာယ်ပါနေပါတယ်ဆရာ)၊ အေး-မဂ္ဂင်္ဂရာယ်ထဲပါနေတယ်၊ ဒါဖြင့် တစ်နံပါတ် ရလာပြီဆိုတော့ တစ်မဂ်တစ်ဖိုလ်အမှန်ရမှာ မဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ကိုယ့်ကိုကိုယ် ကုသိုလ်ပြုမယ် ဆိုရင်မေးကြည့်၊ နံပါတ်တစ်ကြိုက်သလား နံပါတ်နှစ်ကြိုက်သလား နံပါတ်သုံးကြိုက်သလား။ နံပါတ်တစ်ကြိုက်ရင် နံပါတ်တစ်ရအောင် ကြိုးစား၊ နံပါတ်နှစ်ကြိုက်လည်း နံပါတ်နှစ်ဖြစ်အောင် ကြိုးစားပေါ့၊ နံပါတ်သုံးကြိုက်ရင်လည်းပဲ အဲဒီလိုပဲ ညစ်ညစ်ပတ်ပတ် ပေပေကျံကျံနဲ့ ပွေပွေလီလီ ရှုပ်ရှုပ်ထွေးထွေးလုပ်နေ နော် (မှန်ပါတယ်ဆရာ)၊ ကိုယ့်ကိုယ် ကိုယ်လည်း မသနားဘူး၊ ကိုယ့်ပစ္စည်းလည်း ကိုယ်မနှမြောဘူးဆိုရင် လုပ်သာလုပ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကျောင်းသားတွေ ပြောသလိုပေါ့ကွာ "ဂွတ်တယ် ဒူးသာဒူး" ဆိုတာမျိုးလို့ပေါ့ကွ နော် ကောင်းတယ်ထင်တာလုပ်ကြ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

ဒီတော့ မနေ့ညက တို့ပဋိသန္ဓေခန်း ပြောထားတယ်၊ "သခ်ါရပစ္စယာ ဝိညာဏံ" ဆိုပြီးတော့ ထိုသခ်ါရသုံးမျိုးအကြောင်းခံလိုက်တော့ ဒီဘက်ဘဝ လာပြီးတော့ စုတိနောင် ပဋိသန္ဓေလို့ ရခဲ့ကြတယ်။ ဟိုဘက်ဘဝ သေကြပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ပုညာဘိသခ်ါရလုပ်တဲ့ လူတွေရော၊ အပုညာဘိသခ်ါရလုပ်တဲ့လူတွေရော၊ အာနေဥ္ဇာဘိသခ်ါရလုပ်တဲ့လူတွေရော နောက်ဆုံးကျ သေတယ်မဟုတ်လား (သေတာပါပဲဆရာ)၊ အဲဒါသေတာစုတိပဲလို့၊ စုတိနောင် ပဋိသန္ဓေဆိုတော့ ဘဝသစ်လာပေါ်၊ ဒီပဋိသန္ဓေခန်းလေးမှာပဲ စုတိနောင် ပဋိသန္ဓေဆိုကထဲက စုတိနဲ့ပဋိသန္ဓေက ဆက်လျက်သာ နေတယ်။

ဒါကြောင့် ဟိုဘက်ဘဝနှင့်ဒီဘက်ဘဝသည် ဝေးတာမဟုတ်ပါဘူးလို့ တစ်ဆက်တည်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘဝလေးတွေ ပြောင်းပြောင်းသွားတာ သမ္မုတိပညတ်အနေအားဖြင့် လူဘဝကနေ နတ်ဖြစ်သွားပြန်ပေါ့၊ နတ်ဘဝကနေ ဗြဟ္မာဖြစ်ပြန်ပေါ့၊ ဗြဟ္မာဘဝကနေ ပြီးတော့ အခု ကြက်, ငှက်, ဝက် အစရှိသည်အားဖြင့် ဖြစ်ပြန်ပေါ့လို့၊ ဒီလို အသွင်သဏ္ဌာန် ပုံစံလေးတွေနဲ့ ပြောင်းပြောင်း, ပြောင်းပြောင်းသွားတဲ့ သဘာဝလေးတွေ ကြည့်ကြည့်, ကြည့်ကြည့်ပြီးတော့ ဒါက ဘဝဟောင်းဟဲ့၊ ဒါက ဘဝသစ်ရဲ့ဟဲ့၊ ဒီလိုခေါ်ခေါ်၊ ခေါ်ခေါ်နေကြတယ်၊ ပရမတ်သဘောအားဖြင့် ဟိုဘက်ဘဝနှင့် ဒီဘက်ဘဝဟာ ဆက်လျက်သားနေတယ် မဝေးပါဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် စုတိနောင် ပဋိသန္ဓေလို့ ဆက်လျက်သားနေကြတယ်။

ဒီတော့ ဟိုဘက်ဘဝ စုတိဆိုတဲ့ နောက်ဆုံးစိတ်ကလေးကလည်းပဲ စုတိသည် ဥပါဒ်, ဌိ, ဘင်လို့ ခဏငယ်သုံးချက်စေ့ပြီး ပျက်သွားတယ်၊ မပျက်ဘူးလား (ပျက်သွားပါတယ်) စုတိက ခဏငယ်သုံးချက်စေ့ပျက်သွားတော့ ဘာလာပေါ် (ဥပါဒ်ခဏ, လာပေါ်၊ ပါတယ်ဆရာ)၊ ဘာဥပါဒ်ခဏတုံး

http://www.dhammadownload.com

(ပဋိသန္ဓေဥပါဒ် ခဏပါဆရာ)၊ အေး - ဟုတ်ပြီး ပဋိသန္ဓေဥပါဒ်ခဏ လာပေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီပဋိသန္ဓေစိတ်ကလေးကော အသက်ဘယ်လောက်ရှည်တုံး (ခဏငယ်သုံးချက်ပဲရှည်ပါတယ်ဆရာ)၊ အေး - ဥပါဒ်, ဌိ, ဘင်လို့ ဥပါဒ်ခဏလေး နော် (မှန်ပါတယ်ဆရာ)၊ အဲဒီဥပါဒ်ခဏလေးမှာ ပဋိသန္ဓေတည်စေတတ်တဲ့ ပဋိသန္ဓေစိတ် တစ်ဆယ့်ကိုးပါးနဲ့ ကံကြောင့်ဖြစ်ပေါ်သော ကမ္မဇရုပ် နှစ်ဆယ်လို့၊ ပဋိသန္ဓေစိတ်နဲ့တစ်ဥပါဒ်တည်း ပြိုင်ဖြစ်ကြတယ် နော် (မှန်ပါတယ်ဆရာ)၊ ပြိုင်ဖြစ်ကြတယ်လို့ အင်မတန် သိမ်မွေ့တယ်၊ အင်မတန် နူးညံ့တယ်။

တို့သင်တန်းသား လူဟောင်းများကတော့ ဒီနေရာလေး မှတ်လည်းမှတ်မိပါလိမ့်မယ်၊ လူသစ်တွေကတော့ အဲဒီနေရာ ဝေ့လည်ကြောင်ပတ် ဖြစ်နေတတ်တယ်။ ဒီနေရာ သိမ်မွေ့တဲ့အခန်းလေးနော်၊ ဒီတော့ စုတိနောင် ပဋိသန္ဓေဆိုတော့ ပဋိသန္ဓေကာလ ပဋိသန္ဓေခဏလေးက သိပ်ကြာတာ မဟုတ်ဘူး၊ ဥပါဒ်, ဌိ, ဘင်လို့ ခဏငယ်သုံးချက်စေ့ပျက်သွား နော် (မှန်ပါတယ်ဆရာ)၊ ဒါ ဥပါဒ်ကစဖြစ်တာ၊ ဥပါဒ်ဆိုတာ ဖြစ်တာပဲတဲ့။ အဲဒီဥပါဒ်ခဏ ပဋိသန္ဓေဖြစ်ဆဲခဏလေးမှာ ပဋိသန္ဓေစိတ်ဆယ့်ကိုးပါးရယ်၊ ကံကြောင့်ဖြစ်ပေါ်တဲ့ ကမ္မဇရုပ်နှစ်ဆယ်တဲ့၊ တစ်ဥပါဒ်တည်း ပြိုင်ဖြစ်တယ်မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်ဥပါဒ်တည်းပြိုင်ဖြစ်တယ်ဆိုတော့ အင်မတန်သိမ်မွေ့တယ် ဒီအခန်းလေးက အဲဒီတစ်ဥပါဒ်တည်း ပြိုင်ဖြစ်ပြီး တော့ကားဌိလို့၊ ဥပါဒ်နောက် ဌိခဏလေးရောက်လာတော့ ဘာဖြစ်သလဲဆိုတော့ ဥတုကြောင့်ဖြစ်တဲ့ရုပ်တဲ့။ ဒီကစဖြစ်တယ်၊ ဥတုသမုဋ္ဌာန် နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေစိတ်ကလေးရဲ့ ဥပါဒ်ခဏကတော့ ကမ္မသမုဋ္ဌာန်-ကံကြောင့်ဖြစ်တဲ့ရုပ်၊ ပဋိသန္ဓေနောက်က ဌိခဏ လေးကြတော့ ဥတုသမုဋ္ဌာန်- ဥတုကြောင့်ဖြစ်တဲ့ရုပ် နော် (မှန်ပါတယ်ဆရာ)။

ဒါနဲ့ ဥပါဒ်, ဌိ, ဘင်ဆိုပြီး ပျက်သွားရော့ နော် (မှန်ပါတယ်ဆရာ)၊ ဥပါဒ် ဌိ ဘင်လို့ ပဋိသန္ဓေစိတ် စိတ္တက္ခဏ တစ်ချက်ပျက်သွားပြီးတဲ့နောက် ဘယ်သူပေါ်သလဲဆိုတော့ ပဌမဆုံး ဘဝင်တစ် ချက်ပေါ်လာတယ် မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ အဲဒီ ပဌမဆုံး ဘဝင်ရဲ့ ဥပါဒ်ခဏလေးမှာ စိတ်ကြောင့် ဖြစ်တဲ့ရုပ်တဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပဌမဆုံး ဘဝင်ဥပါဒ်ခဏလေးမှာ စိတ်ကြောင့် ဖြစ်တဲ့ရုပ်သည် ဖြစ်၏၊ နားလည်လား (ကောင်းကောင်းနားမလည်ဘူးဆရာ)၊ ဟောဗျာ ပဋိသန္ဓေစိတ်က ခဏငယ် ဘယ်နှစ်ချက်ရှိတုန်း (သုံးချက်ပါဆရာ)၊ ဘယ်သူ ဘယ်သူတွေတုံး (ဥပါဒ်, ဌိ, ဘင်ပါဆရာ)၊ အေး - ဥပါဒ် ဌိ ဘင်၊ ဒီဥပါဒ်ခဏတုန်းက ဘာကြောင့်ဖြစ်လို့ ရုပ်ပေါ်လာ (ကံကြောင့်ဖြစ်တဲ့ရုပ်ပါ)၊ အေး-ဟုတ်ပြီ၊ သူနောက်က ဌိခဏကြတော့ ဘာကြောင့်ဖြစ်တဲ့ ရုပ်ပေါ်လာ (ဥတုကြောင့်ဖြစ်တဲ့ ရုပ်ပါဆရာ)။ အေး-ဟုတ်သားပဲ၊ ဒါနဲ့ ဥပါဒ် ဌိ ဘင် ဆို ချုပ်သွားရော့လား (ချုပ်သွားပါတယ်ဆရာ)၊ ချုပ်သွားတော့ -

http://www.dhammadownload.com

စတုသမုဌာနိကရုပ်တရား

နောက်ဘဝင်စိတ်တစ်လုံး ပေါ်လာ (ပေါ်လာပါတယ်ဆရာ)၊ အဲဒီဘဝင်စိတ်ကလည်း ဥပါဒ်ဌီ ဘင်ပဲလား (မှန်ပါတယ်ဆရာ)၊ အဲဒီဘဝင်စိတ်ရဲ့ဥပါဒ်ခဏမှာ ဘာကြောင့်ဖြစ်တဲ့ရုပ်တုံး (စိတ်ကြောင့်ဖြစ်တဲ့ရုပ်ပါဆရာ)၊ အေး-ဟုတ်ပြီ တော်သားပဲ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မင်းတို့ခုဖြစ်နေတဲ့ရုပ်က ကံကြောင့်, စိတ်ကြောင့်, ဥတုကြောင့်, အာဟာရကြောင့် စတုသမုဌာနိကရုပ်-အကြောင်းလေးချက်နဲ့ ဖြစ်နေတဲ့ရုပ်တရားတွေ မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ တစ်ချက်ပျက်ရင် ပျက်သွားတယ် မဟုတ်လား (ပျက်သွားပါတယ်ဆရာ)။ ဒီလိုသွားမှာ ရုပ်ပျက်ပေါ့၊ ခန္ဓာပျက်ပေါ့ သေပေါ့ တိုတိုပြောရင် တစ်ချက်ပျက်, ပျက်မှာပဲ မခံနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ကံပျက်လည်း ပျက်သွားတာပဲ၊ ကံကုန်သွားပေါ့၊ ဥတုပျက်လည်း ပျက်တာပဲ၊ မီးပုံထဲခုန်ဆင်း မသေဘူးလားဟ (သေပါတယ်ဆရာ)၊ သေတာပဲ နော် (မှန်ပါတယ်ဆရာ)၊ စိတ်ပျက် ပျက်ပေါ့။

ရာဂမီးလောင်လို့သေတဲ့ ဘိက္ခုနီမလေးအကြောင်း

စိတ္တဇဓာတ်မီးလောင်တာနဲ့ တချို့သေကြ ရာဂစိတ်အားကြီးတာနဲ့ ရာဂမီးလောင်သေတယ်နော် (မှန်ပါတယ်ဆရာ)၊ ရာဂမီးလောင်လို့ မသေဘူးများ မမှတ်နဲ့၊ ရာဂမီးလောင်လို့ ကိုယ့်ကိုကိုယ်သေရာသေကြောင်း ကြံပြီးတော့ ကန်တော်ကြီးထဲ ခုန်ချ ဆွဲကြိုးချ ဘာညာဆိုတာ ဒါက တစ်မျိုးရှိသေးတယ်။ အကြောင်းကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေ ခေါ်တယ်၊ တိုက်ရိုက်ကို သေတဲ့သဘောတရားတွေ တိုက်ရိုက်သေတယ်၊ သီဟိုဋ္ဌကျွန်း သာသနာထွန်းစဉ်အခါက မှတ်ထားနော်၊ ရာဂမီးလောင်တာက အင်မတန်ကြောက်စရာကောင်းတယ်။ ရာဂစိတ် သာသနာထွန်းစဉ်အခါက တံခွန်တိုင်မှာ တံခွန်တိုင်မြင်ဖူးရဲ့လား (မြင်ဖူးပါတယ်ဆရာ)၊ ရှေးက တံခွန်တိုင်ဆိုတာက ဟိုဘက်ဒီဘက် နတ်ရုပ်နှစ်ရုပ် ညှပ်မထားဘူးလား၊ (ညှပ်ထားပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ၊ နတ်ရုပ်တွေ လုပ်လေ့လုပ်ထရှိတယ်။ ဘုရားပူဇော်တဲ့ တံခွန်တိုင်ဆိုတော့ အမြတ်တနိုးအားဖြင့် နတ်များက ဘေးကနေ စောင့်ကြပ်နေတဲ့ ပုံသဏ္ဌာန်ပေါ့လေ။ နတ်ရုပ်နှစ်ရုပ်ထုထားတယ်၊ ဘယ်လောက်တော်တဲ့ ပန်းပုဆရာလဲလို့၊ အဲဒါ ဘိက္ခုနီမတစ်ယောက်က တံခွန်တိုင်နားရောက်လာတဲ့ အခါကျတော့ နတ်ရုပ်ကို သေချာစိုက်ကြည့်တယ်၊ ဘယ်လောက်တော်တဲ့ ပန်းပုဆရာလဲလို့ ပြောလို့ကို မပြီးနိုင်ဘူး။ ဒါပေမယ့် ဒီဘိက္ခုနီမက ရူးသလား ပန်းပုဆရာက တော်သလား ငါမပြောတတ်ပါဘူး။ အဲဒီနတ်ရုပ်ကလေး မျက်နှာသေချာကြည့် တစေ့စေ့ကြည့်ရင်း သေသွားတယ်။ လှလို့လွန်းလိုတဲ့၊ ကြိုက်လို့လွန်းလို့ ကြားဖူးရဲ့လား၊ (မကြားဖူးဘူးဆရာ)၊ မကြားဘူးလည်း မှတ်ထားပေါ့ကွာနော် (မှတ်ပါတယ်ဆရာ)၊ ဘယ်လောက်

http://www.dhammadownload.com

တော်တဲ့ ပန်းပုဆရာလဲ၊ မတော်ဘူးလား (တော်ပါတယ်ဆရာ)။ အဲဒါ ရာဂမီးလောင်လို့သေတယ် ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ကြောက်စရာအလွန်ကောင်း ယုံနိုင်စရာ အကြောင်း မရှိပါဘူး တကယ့်ကို သေတယ်။ ကြည့်နေရင်း သေသွားတယ်၊ ပန်းပုဆရာ ခုအခါ မရှိလို့ပေါ့၊ ရှိရင် ငါထု ထုပြီးတော့ မာတ်ဆင် မာတ်ရိုက်လုပ်ခိုင်းရမယ်။ ဒီကုမ္ပဏီတော့ သိပ်ကြီးပွားမှာ နော် (မှန်ပါတယ် ဆရာ)၊ မြန်မြန်လည်း သေကုန်မှာ မာတ်ဆင်မာတ်ရိုက် ကြည့်တဲ့ဟာတွေ မြန်မြန်သေကုန်တာ အေးတာပေါ့ကွာ ကျွက်စီကျွက်စီနဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

အဲဒါ စိတ်ကြောင့်လည်း သေတယ်၊ ဥတုကြောင့်လည်း သေတယ်၊ ကံကြောင့်လည်း သေတယ်၊ အာဟာရကြောင့်လည်း သေတယ်၊ ထမင်းမစားရင် အသက်ရှင်နိုင်ပဲ့မလားဟ (မရှင်နိုင်ပါဘူးဆရာ)၊ ထမင်းအဟာရမမှီဝဲရရင်လည်း သေမှာပဲ ဒါကြောင့် ကံ, စိတ်, ဥတု, အာဟာရဆိုတဲ့ စတုသမုဋ္ဌာ နိက အကြောင်းလေးချက်နဲ့ ဖြစ်ပေါ်နေတဲ့ ရုပ်တရားတွေလို့ နော်။ ဒီပဋိသန္ဓေခန်းမှာ မနေ့ညက တို့က သတ္တာဟနဲ့ ချုပြတော့ တော်တော်လေး ရှင်းသင့်သလောက် ရှင်းသွားပြီ။ ပဋိသန္ဓေခန်းမှာ ပြန်ပြီးတော့ အနုစိတ်လိုက်တော့ စုတိနောင် ပဋိသန္ဓေဆိုတဲ့ ပဋိသန္ဓေရဲ့ စိတ္တက္ခဏတစ်ချက်မှာပဲ ဥပါဒ်ခဏလေးမှာ ကံကြောင့်ဖြစ်တဲ့ရုပ်မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဌီခဏလေးကြတော့ ဥတုကြောင့်ဖြစ်တဲ့ရုပ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီကစ ပေါ်တယ်။ ဌီ, ဘင်ကြတော့ ပျက်သွားတယ် (ပျက်သွားပါတယ်ဆရာ)။

ပြီးတော့မှ သူနောက် ဘဝင်ပေါ်လာတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေဝီထိကိုက္ခ၊ ဘဝင်ပေါ်လာတာ ပထမဆုံး ဘဝင်စိတ်ဥပါဒ်ခဏလေးမှာ စိတ်ကြောင့်ဖြစ်တဲ့ရုပ် နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒီတော့ သုံးခုရှိသွားပြီး မဟုတ်ဘူးလား (အကြောင်းသုံးခုရှိသွားပါပြီဆရာ)၊ အကြောင်းလေးချက် ဘာလိုနေသလဲ၊ (အာဟာရဖြစ်ဖို့ လိုနေပါတယ်ဆရာ) အဲဒီအာဟာရ ကြောင့် ဖြစ်တဲ့ရုပ်ကျတော့ အဲဒီလို ဥပါဒ်, ဌီ, ဘင်တွေနဲ့ အပိုင်းအခြားမထားဘူးတဲ့ အဋ္ဌကထာဆရာက ပြသွားပါတယ်။ သူကတော့ကား အမိမျိုချတဲ့ အစာသစ်မှာပါလာသော ဩဇာဓာတ်သည် သူငယ် သန္ဓေသား၏ကိုယ်၌ ပျံ့နှံ့၍ တည်သောအခါ အာဟာရကြောင့်ဖြစ်သော ရုပ်သည် ဖြစ်၏။ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီကျမှ ဖြစ်မယ်မဟုတ်လား (ဖြစ်မှာပါဆရာ)။

မနေ့ညက တို့ပြသွားတာ ခုနစ်သတ္တာဟမြောက်ရင် အူသိမ်အူမတို့ အဆုပ်တို့ နှလုံးတို့ အသည်း တို့ ဝမ်းထဲက ကလီစာတွေအစုံပေါ့ နော် (မှန်ပါတယ်ဆရာ)၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ဆိုတဲ့ မျက်စိတို့ နားတို့ နှာခေါင်းတို့ လျှာတို့ ကိုယ်ကောင်တို့ စုံသွားပြီပေါ့ နော် (စုံသွားပါပြီဆရာ)၊ အဲဒီစုံတဲ့အချိန်လေးမှာ ပါစကတေဇော ပါစကဝမ်းမီးဓာတ်ကလေး ရောက်လာပြီပေါ့ နော် (မှန်ပါ

http://www.dhammadownload.com

တယ်ဆရာ)၊ ပြီးတော့မှ အဲဒီအချိန်က စပြီးတော့ အမိက မျိုချတဲ့ အစာသစ်မှာ ပါလာသော ဩဇာဓာတ်က အမိရဲ့အစာသစ်အိမ် တစ်ခါဖောက် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဖောက်ပြီး အပြင်ရောက် အပြင်ရောက်ပြီးမှ သန္ဓေသားသိမ်းပိုက်ထားသော သန္ဓေသားတည်နေသော သားအိမ်ကို တစ်ခါဖောက် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ သားအိမ်တစ်ခါဖောက်ပြီးမှ သားအိမ်အတွင်းမှာ တောက်တဲ့လက်ဝါးတွေလို (တစ်နည်းအားဖြင့်) ဇကာလေးလို, ပိုက်ကွန်လေးလို အမွှာအမွှာကပ်နေတဲ့ သန္ဓေသားရဲ့ချက်ကြိုးကိုသွားစုတဲ့ အမွှာလေးတွေ တစ်ခါဆင်းသွားတယ် နော် (မှန်ပါတယ်ဆရာ)။

အဲဒီက ဆင်းပြီးမှ ထိုအမွှာလေးတွေက စုပေါင်းထားတဲ့ ချက်ကြိုးဆိုတဲ့ ချက်တိုင်လေးက နေပြီးတော့ သန္ဓေသားရဲ့ အစာသစ်အိမ်ထဲ ဝင်ရတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီကျမှ အမိစားသုံးတဲ့ အစာပါလာတဲ့ ဩဇာဓာတ်က ထိုသန္ဓေသားရဲ့ကိုယ်မှာ ပျံ့နှံ့၍ တည်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီတော့မှ အာဟာရဇရုပ်ဖြစ်တယ်၊ အာဟာရဇရုပ်က တော်တော်ကြာတယ်ကိုကွ နော် (မှန်ပါတယ်ဆရာ)၊ ပထမပိုင်းကလည်း နေလိုက်တာ ပဋိသန္ဓေခဏမှာ ကမ္မဇရုပ်ရယ်, ဥတုဇရုပ်ရယ်, စိတ္တဇရုပ်ရယ် ဒီသုံးခုနှင့်သွားနေတယ်။ ခုနစ်သတ္တာဟ, ရှစ်သတ္တာဟမြောက်မှ အမိမျိုချတဲ့ အစာသစ်မှာပါလာသော ဩဇာဓာတ်သည် သန္ဓေသားရဲ့ကိုယ်မှာ ပျံ့နှံ့၍တည်မှ အာဟာရအထောက်အပံ့ရတယ်၊ အာဟာရဇရုပ် ဒီကစ ဖြစ်၏။ မသေမချင်းပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ နောက်တော့ သူ့ဟာသူ တတ်နိုင်တော့ သူ့ထမင်းသူရှာစားသွားတာ၊ သူ့အစာ သူမှီဝဲသွားတာပေါ့ ဟုတ်လား (မှန်ပါတယ်ဆရာ)။

အမိဝမ်းထဲ နေစဉ်အခါတုန်းက အမိမျိုချသော အစာသစ်မှပါလာသော ဩဇာဓာတ်ကို အမှီပြု၍ တည်ရ၏ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ အာဟာရဇရုပ်ဖြစ်တဲ့အခန်းလေး။ ဒါကြောင့် ကံကြောင့်ဖြစ်တဲ့ရုပ်, ဥတုကြောင့်ဖြစ်တဲ့ရုပ်, စိတ်ကြောင့်ဖြစ်တဲ့ရုပ်, အာဟာရကြောင့်ဖြစ်တဲ့ရုပ်, မသေမချင်း အကြောင်းလေးချက်နဲ့ ထောက်ပံ့ပြီး သွားလိုက်တာ သေတဲ့အချိန်ထိပေါ့ကွ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းလေးချက်နဲ့ ပြုပြင်ပေးထားတဲ့ ရုပ်တရားတွေ၊ ဒီနေရာလေးက နည်းနည်းလေး နုလည်းနု စိပ်လည်းစိပ်ပေါ့။ ဒါပေမယ့် ဒီနေရာလေးမှာမှတ်ထားဦး၊ အဲဒီသန္ဓေသားက ပထမဆုံး ပဋိသန္ဓေစိတ်ဥပါဒ်ခဏမှာ ကံကြောင့်ဖြစ်တဲ့ ရုပ်ဖြစ်၏။ ဌီခဏမှာ ဥတုကြောင့် ဖြစ်တဲ့ရုပ်ဖြစ်၏။ ဥပါဒ်, ဌီ, ဘင်ကျ ချုပ်သွားပြီ နောက် ဘဝင်စိတ်တစ်လုံးပေါ်လာတယ် ထိုဘဝင်စိတ်၏ဥပါဒ်ခဏမှာ စိတ်ကြောင့်ဖြစ်တဲ့ရုပ်ဖြစ်၏၊ စိတ္တသမုဋ္ဌာန် နော် (မှန်ပါတယ်ဆရာ)။ အဲဒီနေရာလေးကနေ ဝိညာဏ်ကူးတယ်၊ ဒီနေရာလေးက တော်တော်လည်း နက်ပါတယ်ကွာ တော်တော်ခဲယဉ်းတယ် စာနယ်က စာသဘောလေးတွေဆိုတော့ တို့ကလုံးဝ မမှတ်တတ်

http://www.dhammadownload.com

တဲ့ပုဂ္ဂိုလ်များကြတော့ ဒါတွေ မှတ်မနေနဲ့၊ မှတ်လို့လည်းရမှာ မဟုတ်ပါဘူး။ စာနယ်ရဲ့တဲ့ သဘောလေးတွေ အနည်းငယ်ခန့် ဆိုသလိုပေါ့၊ ဒီလိုဖွင့်ဆိုချက်ဟာ - ဒီနေရာလေးမှာ ပဌမဘဝင်၏ ဥပါဒ်ခဏာကစ၍ စိတ်ကြောင့်ဖြစ်သော ရုပ်သည် ဖြစ်၏။

"အဝသေသံ ပဌမဘဝင်္ဂတော ပဘုတိ သဗ္ဗမ္ပိ ဝိညာဏံ တဿ တဿ နာမရူပဿ ယထာရဟံ ပစ္စယော ဟောတီတိ ဝေဒိတဗ္ဗံ"။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၆၄)

ပထမဘဝင်က စပြီးဖြစ်လိုက်တဲ့စိတ်၊ အဲဒီနေရာ "သဗ္ဗမ္ပိ ဝိညာဏံ" ဆိုတော့ ဒီနေရာမှာလည်းပဲ စာနယ်သဘောလေးပေါ့။ အဝသေသံ၊ ကြွင်းကျန်သော။ ပဌမဘဝင်္ဂတော၊ ပဌမဘဝင်မှ။ ပဘုတိ၊ စ၍။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဝိညာဏံ၊ ဝိညာဏ်သည်။ (ဝါ) စိတ်တရားစုသည်။ တဿ တဿ နာမရူပဿ၊ ထိုထိုနာမ်ရုပ်နှစ်ပါးအား။ ယထာရဟံ၊ ထိုက်သည့်အားလျော်စွာ။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိထိုက်၏။

အဲဒီဝိညာဏ်ပဲ အကြောင်းဝိညာဏ်ကောက်တော့ "ဝိညာဏပစ္စယာ နာမရူပံ"လို့ သွားတော့ ဒါကျတော့ အကြောင်းဝိညာဏ်ဖြစ်သွားပြီ။ အဲဒါ "သဗ္ဗမ္ပိ ဝိညာဏံ" ဆိုတော့ စိတ်တစ်ခုယုတ်ကိုးဆယ်၊ အကျယ်တစ်ရာ့နှစ်ဆယ့်တစ်ပါးလို့၊ စိတ်တစ်ခုယုတ်ကိုးဆယ်လုံး အကုန်ယူရမယ်လို့ "သဗ္ဗမ္ပိ"၊ ဆိုတဲ့ပါဠိကပြုတယ်ထား ဒါပေမယ့် ဒီလိုမဟုတ်ဘူးတဲ့၊ ဒီနေရာ "သဗ္ဗမ္ပိ"လို့ သဗ္ဗသဒ္ဒါနဲ့ ဟောထားပေမယ့် သဗ္ဗသဒ္ဒါ အကြွင်းမဲ့ အလုံးစုံလို့ဆိုပေမယ့် "သာဝသေသသဗ္ဗ အနာဝသေသသဗ္ဗ"လို့ နှစ်မျိုးနှစ်စားရှိတယ်၊ အကြွင်းရှိသော သဗ္ဗသဒ္ဒါ၊ အကြွင်းမရှိသော သဗ္ဗသဒ္ဒါလို့ ဒီနေရာမှာ "အနာဝသေသသဗ္ဗ" မဟုတ်ဘူး၊ "သာဝသေသသဗ္ဗ " ဘာပြုလို့၊ စိတ်မှန်တိုင်း ရုပ်ကို ဖြစ်စေနိုင်တယ်လို့ ဒီလို မဆိုနိုင်ဘူးတဲ့။ "သဗ္ဗမ္ပိ"လို့ ဆိုထားပေမယ့် ဒါဖြင့် ဘယ်စိတ်တုံးတဲ့၊ ဒီရုပ်တရားကို ကျေးဇူးမပြုနိုင်တာ၊ ပဋိသန္ဓေစိတ်ဟာ ရုပ်ကို မဖြစ်စေနိုင်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)။

ရုပ်ကို ကျေးဇူးမပြုနိုင်တဲ့ ပဋိသန္ဓေစိတ်

ဘာပြုလို့လဲတဲ့ ပဋိသန္ဓေစိတ်က ပဋိသန္ဓေဥပါဒ်ခဏာ ရှေးဦးမဆွ ဘွားကနဲ့ လာကျတော့ သူရဲ့ မှီရာ ဝတ္ထုရုပ်က အင်မတန်အားသေးနေတယ် ဟုတ်လား၊ (မှန်ပါတယ်ဆရာ)၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇ ရုပ်နှစ်ဆယ်နဲ့ တစ်ဥပါဒ်တည်း ဘွားကနဲ့ပြိုင်ပြီးကျလိုက်တဲ့အခါလေးမှာ ဒီအခါလေး ခဏလာဖြစ်၊ သူက မြီးတော့လည်း ဥပါဒ်, ဌိ, ဘင်ဖြစ်ပြီး ခဏငယ်သုံးချက်စေ့၊ ပျက်သွားပြီးဆိုတော့ မှီရာဝတ္ထုရုပ် ကလေးကိုက အင်မတန်အားသေးနေတော့ ဘယ်နှယ့်နည်းမှ သူနောက်က ရုပ်ကို

http://www.dhammadownload.com

ဖြစ်အောင် ကျေးဇူး မပြုနိုင်ဘူး။ ဒါကြောင့် -

ပဋိသန္ဓိစိတ္တံ ပန ရူပံ န သမုဋ္ဌာပေတိ၊ တဉ္စိ ယထာ ပပါတေ ပတိတပုရိသော ပရဿ ပစ္စယော ဟောတုံ န သက္ကောတိ၊ ဧဝံ ဝတ္ထုဒုဗ္ဗလတာယ ဒုဗ္ဗလတ္တာ ရူပံ သမုဋ္ဌာပေတုံ န သက္ကောတိ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၆၂)

ပဋိသန္ဓိစိတ္တံ ပန၊ ပဋိသန္ဓေစိတ်သည်။ ရူပံ၊ ရုပ်တရားကို။ န သမုဋ္ဌာပေတိ၊ မဖြစ်စေနိုင်။ ဟိ-ယသ္မာ၊ အကြောင်းအကြောင်းကြောင့်။ ပါပတေ၊ ကမ်းပါးပြတ်၌။ ပတိတာပုရိသော၊ ကျသော ယောကျ်ား သည်။ ဝတ္ထုဒုဗ္ဗလတာယ၊ ဝတ္ထုရုပ်အနည်းငယ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ဒုဗ္ဗလတ္တာ၊ အားနည်းနေသောကြောင့်လည်းကောင်း။ ပရဿ၊ တစ်ပါးသောပုဂ္ဂိုလ်အား။ ပစ္စယော၊ အကူအညီ အထောက်အပံ့သည်။ ဟောတုံ၊ ဖြစ်ခြင်းငှာ။ န သက္ကောတိ ယထာ၊ မစွမ်းနိုင်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ တသ္မာ ဝတ္ထုဒုဗ္ဗလတာယ၊ ထိုသို့ဝတ္ထုရုပ်အားသေး သည်၏အဖြစ်ကြောင့်လည်းကောင်း။ တသ္မာ ဒုဗ္ဗလတ္တာ၊ ထိုသို့အားနည်းနေသောကြောင့်လည်း ကောင်း။ ရူပံ၊ ရုပ်တရားကို။ သမုဋ္ဌာပေတုံ၊ ဖြစ်စေခြင်းငှာ။ န သက္ကောတိ၊ မဖြစ်စေနိုင်။

မြန်မာလိုပြန်တော့ ပဋိသန္ဓေစိတ်ကလေးက စိတ်တော့မှန်ရဲ့၊ ဝိညာဏ်တော့မှန်ရဲ့ ဒါပေမယ့် ရုပ်ကို ကျေးဇူးပြုတဲ့အထဲ သူမပါဘူးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့လဲလို့ မေးတယ်၊ ဥပမာလေးကပ်ပြတယ်၊ အဋ္ဌကထာဆရာက ကမ်းပါးပြတ်ကလိမ့်ကျတဲ့ ယောကျ်ားတစ်ယောက် ဆိုပါတော့ ကမ်းပါးပြတ်ကနေ ခွာတ်ချော်တိမ်းပါးပြီးတော့ မတော်တဆကျသွားတယ်ဆိုပါစို့ အဲဒီလိုကျ သွားတဲ့ ယောကျ်ားတစ်ယောက်က သူကဲ့သို့ အလားတူစွာ တစ်ယောက်သော ယောကျ်ားကျလာလို့ အကူအညီပေးနိုင်ပါ့မလား (မပေးနိုင်ပါဘူးဆရာ)၊ ပေးနိုင်စရာ အကြောင်းရှိရဲ့လား (မရှိပါဘူးဆရာ)၊ ဘာပြုလို့ သူမှာ ဝတ္ထုရုပ်အားသေးနေတယ် သူကိုယ်သူတောင်ပဲ သေမလားရှင်မလားလို့ နော် (မှန်ပါ တယ်ဆရာ)၊ မဝေခွဲနိုင်ဘူး။ ဒီဥပမာလိုပါပဲလို့ ကမ်းပါးပြတ်ကကျတဲ့ ယောကျ်ားသည် တစ်ယောက် သောပုဂ္ဂိုလ်ကို အကူအညီအထောက်အပံ့ မပေးနိုင်သလိုပဲ၊ ပဋိသန္ဓေခဏာ ရှေးဦးမဆွလာပြီးတော့ ကျလိုက်တယ်ဆိုတဲ့ ပဋိသန္ဓေစိတ်ကလေးက ဝိညာဏ်စိတ်တော့မှန်ပါရဲ့၊ ဒါပေမယ့် ရုပ်ကို မဖြစ်စေ နိုင်ပါဘူး။ အင်မတန်ရှင်းပါတယ်။

အဲဒီအခန်းလေးတွေကတော့ စာသင်ဘောစာနယ်ပေါ့လေ မမှတ်နိုင်တဲ့ပုဂ္ဂိုလ်က အသာနေ၊ မှတ်နိုင်တဲ့ပုဂ္ဂိုလ်က လိုချင်တဲ့ပုဂ္ဂိုလ်က မှတ်သွားပေါ့၊ နည်းနည်းအခန့်သင့်ရာ အခန့်သင့်ရာလေး ပေါ့ကွ နော်၊ စာနယ်ကလည်းပါစေရမယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ တို့ လုံးကောက် အဓိပ္ပာယ်

http://www.dhammadownload.com

လေးတွေ လူပြိန်းနားလည်အောင် ပြောသွားပြန်တော့လည်းပဲ မတော်တဆဖမ်းထားတဲ့ သွင်းထားတဲ့ ကြိုးခွေနဲ့ ပညာရှိနဲ့ နားနဲ့ တွေ့လိုက်ပြီးလားဆိုမှ၊ ဟာ - သင်တန်းက နာမည်သာကြီးတာ၊ ပြသွားတာက သူလို ငါလို မထူးပါဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒီလိုလည်း ဖြစ်သွား တတ်တယ်၊ ထိုက်သည့်အားလျော်စွာ ဒေသနာရဲ့ သဘာဝလေးတွေလည်း အသင့်အတင့်ပါစေရမယ်။ အကုန်လုံးတော့ ဘယ်တတ်နိုင်ဘူး၊ ကိုယ်လည်းတတ်တာ မဟုတ်ပါဘူး၊ ထိုက်သည့်အားလျော်စွာပေါ့နော် (မှန်ပါတယ်ဆရာ)။

အဲဒါ "ဝိညာဏပစ္စယာ နာမရူပံ" ဆိုတဲ့ သူနောက်က နာမ်ရုပ်နှစ်ပါးကူးတဲ့အခန်းလေး၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် နာမ်ရုပ်သည် ဖြစ်၏ ဆိုတဲ့ နေရာလေးမှာ ဒီဝိညာဏ်ကြတော့ အကြောင်းဝိညာဏ်ကောက်ထားတာ ဒါလေးနည်းနည်းမှတ်ထား။ တို့စကားမပြတ်သေးတာက "သခ်ါရကြောင့် ဖြစ်လာတဲ့ အကျိုးဝိညာဏ်က မပြတ်သေးဘူး နော် (မှန်ပါတယ်ဆရာ)၊ သခ်ါရသုံးမျိုးကြိုးစားလို့ ဒုတိယဘဝသစ်မှာ လာဖြစ်တဲ့ ဝိညာဏ်ကိုကောက်ထားတော့ အဲဒီဝိညာဏ်ဟာ ပဋိသန္ဓေက စတယ်ဆိုပြီးတော့ ပဋိသန္ဓေခန်း မနေ့ညကပြတယ်။

ကလလရေကြည်လို့ ပဌမဆုံးတည်နေပုံလေး၊ "ပဌမံ ကလလံ ဟောတိ" ဆိုတဲ့ ပါဠိအရ ကလလရေကြည်တဲ့၊ ကလလရေကြည်က ဘယ်လောက်များသလဲဆို၊ ကလလ သဒ္ဒါက အကြည်ဟောတာပါ။ ရေကြည် ဆိုတာ မြန်မာလို နားလည်အောင် တွဲထားတာ၊ ကလလရေကြည် ခုနစ်ရက် နော် (မှန်ပါတယ်ဆရာ)၊ ကလလရေကြည်က မနေ့ကပြောတဲ့အတိုင်းပဲလို့ အကြည်မာတ်ကလေးက "ဧဏီ" အမည်ရှိသော သားမွေး၏ သားမွေးဖျားလေးနဲ့ ဆီကြည်ထဲမှာနှစ်၊ နှစ်ပြီးတော့ ခါ၊ ခါပြီးတော့မှ ကျန်တဲ့ပမာဏလောက်ရှိတဲ့ ကလလခေါ်ထားတဲ့ အကြည်မာတ်ကလေး ဒီကစတယ်နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒီအကြည်မာတ်ကလေးနဲ့ နေတာက ခုနစ်ရက်-တစ်သတ္တာဟ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ခုနစ်ရက်စေ့သွားတော့ အမြှုပ်ကလေး တစ်ခါဖြစ်လာတော့ အမြှုပ်က ခုနစ်ရက် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အမြှုပ်ခုနစ်ရက်စေ့တော့ သားတစ်ကလေး ခုနစ်ရက်၊ သားတစ်ခုနစ်ရက်စေ့တော့ အခဲလေး ခုနစ်ရက် နော် (မှန်ပါတယ်ဆရာ)၊ အခဲလေး ခုနစ်ရက်စေ့သွားတော့ ဒီအခဲလေးကျတော့ ဘဲဥသဏ္ဌာန်လေးဖြစ်သွား လုံးလုံးလေးပေါ့၊ အခဲလေး ခုနစ်ရက်၊ အခဲလေးခုနစ် ရက်စေ့သွားတော့ ခက်မငါးဖြာ ခုနစ်ရက်လို့ အဖုလေးငါးခု ထွက်လာ၊ ခေါင်းပေါက်မဲ့နေရာ အဖုလေး၊ လက်နှစ်ဘက်နေရာက အဖုလေး၊ ခြေနှစ်ဘက်နေရာက အဖုလေး နော် (မှန်ပါတယ်ဆရာ) ဘယ်နှစ်သတ္တာဟရှိသွား (ငါးသတ္တာဟပါဆရာ)၊ အဲဒီလို လုပ်ပါ၊ ငါးသတ္တာဟ၊ ငါးက ငါး၊ သတ္တာဟ-က ခုနစ်ရက်၊ ခုနစ်ရက်ငါးလီ နားလည်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သတ္တ +

http://www.dhammadownload.com

အဟ၊ အဟ-က ရက်ဟောတယ်။ ငါးသတ္တာဟ ရှိသွားပြီး ခက်မငါးဖြာပေါ်လာတယ်။ အဲဒီခက်မငါးဖြာ သူ့သဘာဝအတိုင်း ခေါင်းနေရာ အဖုလေးက ခေါင်းအဖြစ်ရောက်အောင်ပဲ ကြီးထွားကြီးထွားလာ၊ လက်နေရာက အဖုလေးပေါ်လာပြီး လက်ခလေးကိုဖြစ်လာ လက်အင်္ဂါမြောက်လာတယ်ပေါ့၊ ဒီနေရာမှာ ခြေဖြစ်မယ့် အဖုလေးတွေကလည်း ခြေလေးတွေဖြစ်လာ၊ ခြေထောက်ကလေးတွေဖြစ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီကျတော့ ဆန့်ဆန့်ရပ်ရပ်နေတယ် မထင်နဲ့၊ အရံသင့်ပြင် ဆင်ပြီး သူတည်တဲ့သန္ဓေအိမ်လေးကိုက အမိရဲ့အစာဟောင်းအိမ်ဖင်ခုထိုင်လို့ အစာသစ်က ခေါင်းပေါ်ကတည့်တည့်နေလို့ အဲဒီကြားမှာ ကြီးထွားလာတာပဲ၊ ခေါင်းတို့ လက်တို့ ခြေတို့ ကိုယ်တို့ ဖြစ်လာတော့ သူ့ဘယ့်နှယ်ဖြစ်လာ၊ ကွေးလျက်သားလေးဖြစ်နေ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

သစ်ပင်ခွကြား မိုးစိုလို့ မိုးခိုတဲ့ မျောက်အိုများ ထိုင်နေသလိုပဲလို့ ဒူးလေးနှစ်လုံးထောင်၊ ဒူးနှစ်ဘက်ပေါ်မေးလေးတင် နော် (မှန်ပါတယ်ဆရာ)၊ မလှုပ်သာ မယှက်သာဘူး၊ မှောင်အတိကျနေရာမှာ ကျဉ်းကြပ်လိုက်တာ ဘယ်ညာတစောင်း ပြောင်းစရာမရှိဘူး၊ ဒါဖြင့် ခက်မငါးဖြာပြီးသွား၊ ခက်မငါးဖြာပြီးတော့ မျက်လုံးတို့ မျက်စေ့တို့ နားတို့ နှာခေါင်းတို့ လျှာတို့ အကုန်လုံး အင်္ဂါအစိတ်ပိုင်းတွေ အစုံအညီပြည့်၊ ဝမ်းထဲလည်းပဲ အူသိမ်အူမတို့ အသည်းတို့ နှလုံးတို့ အဆုပ်တို့ ကျောက် ကပ်တို့ အကုန်ပေါ်လို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီအချိန်လည်းရောက်ရော့ အူအိမ်အူမလည်းပေါ်ရော့၊ ဒီကလေးရဲ့အစာသစ်အိမ်မှာ အစာဟောင်းအိမ်မှာ ပါစကဝမ်းမီးဆိုတဲ့ ပါစကတေဇော ဓာတ်လည်းရောက်လာတယ်။ အဲဒီအခါကျမှ အမိမျိုချတဲ့ အစာသစ်မှာပါလာတဲ့ ဩဇာဓာတ် ကလေးတွေက စိမ့်စိမ့်ပြီးတော့ လိုင်းအမျိုးမျိုးက ကူးကူး ကူးကူးလာတယ်။ သူ့ဝမ်းထဲရောက် သူ့ဝမ်းထဲ ရောက်တော့မှ သူပါစကဝမ်းမီးနှင့်ချက်၊ ဒီမှာအစာကြေညက်လို့ အဲဒီမှာ အာဟာရကြောင့်ဖြစ်တဲ့ရုပ်က ဒီကစပေါ်တယ် မပေါ်ဘူးလား၊ (မှန်ပါတယ်ဆရာ)၊ အဲဒီလိုနေရတယ်တဲ့၊ နေရတော့ ဘယ်သတ္တာဟရောက်သွားလဲဆိုတော့ ဆယ်သတ္တာဟမြောက် ရောက်သွားပြီ၊ သူ့လည်း အင်္ဂါပယောဂစုံရော ရုပ်လုံးပေါ်ပေါ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဆယ်သတ္တာဟ - ရက်ပေါင်း ခုနစ်ဆယ်ရှိသွားပြီ၊ ပြီးတော့မှ -

"ဧကာဒသမသတ္တာဟ" ဆိုတာ "တစ်ဆယ့်တစ်သတ္တာဟ"မြောက်တဲ့အချိန်ကစလို့ စက္ခုပသာဒ-မျက်စေ့အကြည်လေး ဒီမှာ ပသာဒရုပ်ဝင်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ သောတပသာဒ- နားအကြည်လေး။ ဃာနပသာဒ-နှာခေါင်းအကြည်လေး။ ဇိဝှါပသာဒ-လျှာအကြည်လေး။ အကြည်ဓာတ်ကလေး မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ) ဒီအကြည်ဓာတ်ကလေးတွေ ပေါ်လာတော့ အကြည်ဓာတ်က စုံသွားပြီ၊ သူ့လည်းပဲ လူလုံးလူထည်ပေါ်လို့ လူ့ဘဝ လူတစ်ယောက်လို့ ခေါ်နိုင်သွားပေါ့။ အင်္ဂါကြီးငယ် အင်္ဂါအစိတ်အပိုင်းတွေလည်း အကုန်ပြည့်စုံလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com

သူကြည့်လိုက်တော့ ဘယ်နှယ့်ဖြစ်နေသလဲဆိုတော့ အမိကျောရိုးဘက် မျက်နှာပေးလို့ သစ်ပင်ခွကြားမှာ မိုးစိုလို့ မိုးခိုနေတဲ့ မျောက်အိုလေး ထိုင်နေသလိုပဲ၊ ခေါင်းပေါ်က အစာသစ်အိမ်ရွက်လို့၊ အမိရဲ့ အစာဟောင်းအိမ်ဖင်ခုထိုင်လို့ ဒီမှာနေရတယ် နော် (မှန်ပါတယ်ဆရာ)။

ပဋိသန္ဓေရဲ့ဒုက္ခ လေးမျိုးလေးစား

ပြီးတော့မှ ခုနစ်လ ရှစ်လမြောက်တဲ့အခါကျတော့ ဆံပင်တို့ မွေးညင်းတို့၊ ခြေသည်း လက်သည်းတို့ ပေါ်ပေါက်ရတယ်၊ ဆယ်လမြောက်တဲ့အခါကျ ဖွားပေါ့။ ထားပါတော့ အဲဒီပဋိသန္ဓေ ခန်းမှာ ကလလရေကြည်ကစလို့ ကိုးလလွယ် ဆယ်လဖွားတဲ့အချိန်အထိ ဇာတိရဲ့ဒုက္ခ၊ ပဋိသန္ဓေရဲ့ဒုက္ခ မြတ်စွာဘုရားကိုယ်တော်မြတ် ပြသွားတာ၊ တို့ဘယ်ညာဏ်တုန်းက တော်တော်ပြောခဲ့ ဇာတိရဲ့ဒုက္ခ ပဋိသန္ဓေရဲ့ဒုက္ခ ဘယ်နှစ်မျိုး ဘယ်နှစ်စား ခွဲပြသွားသလဲလို့ မှတ်မိသေးလား (လေးမျိုးလေးစားပါဆရာ)။

ဂဗ္ဘဝေါက္ကန္တိမူလကဒုက္ခ-ကိုယ်ဝန်သို့ ရှေ့ရှုတက်လှမ်းရသော ဒုက္ခခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ **ဂဗ္ဘပရိဟာရဏဒုက္ခ**-ကိုယ်ဝန်ကြီး ဆယ်လပတ်လုံး ဆောင်ထားခြင်းတည်းဟူသော ဒုက္ခ။ **ဂဗ္ဘဝိပ္ပတ္တိဒုက္ခ** - ဒီကြားထဲ အခန့်မသင့်လို့ စိတ်တိုင်းမကျလို့ ကိုယ်ဝန်ဖျက်ဆီးခြင်းတည်းဟူသော ဒုက္ခ။ ဘယ်နှစ်ချက်ရှိ (သုံးချက်ပါဆရာ)၊ **ဂဗ္ဘဝိဇာယနမူလကဒုက္ခ**-ဆယ်လပြည့်လို့ ဖွားမြင်သောဒုက္ခ လေးချက်ရှိသွားပြီ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဂဗ္ဘဝေါက္ကန္တိမူလကဒုက္ခ-ရှေ့ဦးမဆွ စုတိနောင် ပဋိသန္ဓေနေလို့ အမိဝမ်းထဲ ပဋိသန္ဓေလာပြီး နေလိုက်တာ၊ ပဋိသန္ဓေနေစက စလို့ ဆယ်လထိ အောင်ပေါ့။ ဘယ်လောက်ဆင်းရဲသလဲ ဘယ်လောက်ပင်ပန်းသလဲဆိုတာကို သေချာကြည့်၊ ကိုယ်ဝန်တက်လှမ်းရ ခြင်းတည်းဟူသော ဒုက္ခ၊ ကိုယ်ဝန်တည်ရခြင်းတည်းဟူသောဒုက္ခ၊ အခုနပြောတဲ့ သစ်ပင်ခွကြားမှာ မိုးစိုလို့ မိုးခိုတဲ့ မျောက်အိုလေးလို မလှုပ်သာမယှက်သာ ဟိုနားကနာလို့ ဒီနားကယားလို့၊ ကုတ်လိုက်အုံးဟဲ့၊ အယားဖျောက်လိုက်အုံးမယ်လို့ လှုပ်စရာရှိရဲ့လား (မရှိပါဘူးဆရာ)၊ ပုံသေကားချပ် ကျောက်ရုပ်ကလေးများ ထုထားတဲ့သဏ္ဌာန်လိုပဲ လှုပ်စရာမရှိဘူး။ အင်မတန်ကျဉ်းကြပ်တဲ့ ပဋိသန္ဓေတိုက်ခန်းလေးထဲမှာ နေရတယ်လို့ မှောင်တိကျလို့ နော် (မှန်ပါတယ်ဆရာ)။

ဒီထဲမှာ စက်ဆုပ်ဖွယ်ကောင်း၊ မကောင်းသော အပုပ်နံ့တွေ တလောင်းလောင်းနဲ့ အဲဒီအထဲ အောင်းပြီးနေရတာ သေချာကြည့်၊ "ဂဗ္ဘဝေါက္ကန္တိမူလကဒုက္ခ"ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဂဗ္ဘပရိဟာရဏဒုက္ခ ဆိုတာကတော့ မမွေးမချင်းပေါ့၊ ဆယ်လလုံးလုံး ဆောင်ထားတဲ့ အတောအတွင်းမှာ ထိုသန္ဓေသားလေး ခံပြီးစံပြီးနေရတဲ့ သဘာဝကလေး သေချာကြည့်၊ ဘယ်လောက်ကြောက်စရာကောင်း၊ အမိက လောလောပူသော ယာဂုထမင်း မျိုသွင်းလိုက်ခဲ့သော် ကလေးဘယ့်

http://www.dhammadownload.com

နှယ့်နေ၊ တကယ့်မဟာအဝီစိငရဲကျဘိအလား ပူလိုက်တာ ခြစ်ခြစ်တောက်လို့ နော် (မှန်ပါတယ်ဆရာ)၊ သေလုမျောပါး ခံရတယ်တဲ့။ ဘယ်လောက်ပူမလဲဆိုတာ သေချာကြည့်၊ သန္ဓေသားက အင်မတန်နူးညံ့၊ အလွန်အေးသော အစားအစာ စားလိုက်တော့ လောကန္တရိက်ကျတဲ့ ငရဲသားလို အအေးဒဏ်ကို ပြင်းထန်စွာ ခံစားရတယ်၊ ဆင်းရဲပင်ပန်းလိုက်တာလို့ ဒါပေမယ့် ကယ်ပါ ယူပါလို့ တစာစာနဲ့ အော်စရာ ရှာမရဘူး။ ခေါ်စရာရှာမရဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲခံနေရ မလှုပ်သာ မယှက်သာ နည်းနည်း လေးမှ ဘယ်ညာစောင်းလို့ ပြောင်းစရာ ရှာမရဘူး၊ အင်မတန်ကျဉ်းကြပ်တဲ့ တိုက်ခန်းလေးထဲမှာ နေရတယ်၊ မှောင်အတိကျလို့။

ဒါကြောင့် အမိက လောလောပူသော ယာဂုထမင်းမျိုသွင်းသောအခါ မဟာအဝီစိငရဲကျ ဘိသကဲ့သို့ ပြင်းထန်သော အပူဒဏ်ကိုခံရ၏။ အမိက အလွန်အေးသော အစာစားပြန်တော့ လောက နွှရိက်ကျသော ငရဲသားကဲ့သို့ အလွန်အေးဒုက္ခဒဏ်ကိုခံရ၏။ အလွန်ပူသော အလွန်စပ်သော အလွန် ခါးသော အလွန်ချဉ်သော အလွန်ငန်သောဆိုတဲ့ အရသာများစားပြန်တော့ တီကောင်ဆားနဲ့ပက်သလို နော် (မှန်ပါတယ်ဆရာ)၊ ပြင်းထန်တဲ့ ဒုက္ခဒဏ်ခံရပြန်၏တဲ့၊ တစ်ချက်မှ မသက်သာဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အမိက ကုန်းလိုက်ပြန်, ကော့လိုက်ပြန်, ညွှတ်လိုက်ပြန်, ကိုင်းလိုက်ပြန်, ရိုင် လိုက်ပြန်လို့ ဘယ်လောက်ပြင်းထန်တဲ့ဒဏ်လဲဆိုတာ သေချာကြည့် ဝမ်းဗိုက်ဟိုထဲမှာ။ အလမ္ပာယ် လက်တွင်းသို့ သက်ဆင်းသောမြွေကဲ့သို့လည်းကောင်း။ သေသောက်ကြူးလက်တွင်းသို့ သက်ဆင်း သော ဆိတ်သူငယ်ကဲ့သို့လည်းကောင်း ရစရာရှာမရဘူး၊ ဒေါင့်တန်းဆွဲလိုက် ရှေ့သို့ကုန်းလိုက် နောက် သို့ညွှတ်လိုက် နော် (မှန်ပါတယ်ဆရာ)၊ ဖီလာကန့်လန့်အားဖြင့် ယိမ်းလိုက် ယိုင်လိုက် ခံလိုက်ရတဲ့ ဒုက္ခတွေလို့ တစ်ချက်မှ သက်သာစရာအကြောင်းမရှိဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ပဋိသန္ဓေခန်းမှာ ဇာတိဒုက္ခ-ပဋိသန္ဓေနေရတာ ဆင်းရဲတယ်ဆိုတဲ့ဒုက္ခ၊ သာမန်အားဖြင့် ပြော သွားရင် ဘယ့်နှယ့်နည်းမှ သဘောမပေါက်ဘူး။ ဟိုထဲခံနေရတာပြန်ကြည့် ကိုယ်ခံလာတဲ့ဒုက္ခ ကိုယ်ပြန်မြင်ကောင်းတာ မဟုတ်ဘူး။ မမြင်ကောင်းတော့ ဘယ့်နှယ့်လုပ်ရ၊ မြတ်စွာဘုရားကိုယ်တော် မြတ်က တိတိကျကျနဲ့ ဒီဒုက္ခတွေ ဒီလိုခံစားရတယ်ဟဲ့လို့ ဟောပြောသွားတဲ့ ဒေသနာကို သေသေ ချာချာ ကိုယ်ပိုင်ဉာဏ်လေးတွေနဲ့ ဝေဖန်စဉ်းစားပြီးတော့ ငါမမှတ်သားနိုင်လို့, ငါမသိခဲ့လို့, ငါမေ့လျော့ နေလို့ ငါ့ဒီဒုက္ခမျိုးတွေ အမြဲတစေ စံစားခဲ့ရပြီးလို့ အင်မတန်ကြောက်စရာကောင်းတယ်။ မသေရုံ တစ်မယ်ကျန်ရစ်ခဲ့တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မလိမ္မာသော အမိများ စားချင်ရာစား တယ်၊ သောက်ချင်ရာသောက်တယ်၊ မလိမ္မာတဲ့ အမိများသည် နေချင်သလိုနေတယ်၊ ထိုင်ချင်သလို ထိုင်တယ်၊ သွားချင်သလို သွားတယ်၊ ထချင်သလိုထတယ် နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

လိမ္မာသော အမိမျာ်းက စားချင်တိုင်း မစားဘူးတဲ့၊ ဆင်ခြင်တုံတရားနဲ့စားတယ်၊ အေးလွန်းသော အစာစားလို့ တော်ပါ့မလားဟဲ့၊ ပူလွန်းသော အစာစားလို့ ဖြစ်ပါ့မလားဟဲ့၊ ငန်လွန်း စပ်လွန်း ခါးလွန်းသော အစာစားလို့ တော်ပါ့မလားဟဲ့၊ ချင့်ချိန်ပြီး စားတယ်တဲ့။ "ငှက်ပျောပင်စိုက် မိလိုက်ဖပါ" ဆိုသလိုပဲ သက်ကြီးစကား သက်ငယ်ကြားတဲ့ ဗဟုသုတရှိတဲ့ မိဘမျာ်းကလည်း ကိုယ့်သားသမီး အဆင့်ဆင့်အားဖြင့် ဆုံးမသင်ကြားပေးရမယ်၊ သန္ဓေသား နည်းနည်းလေးမှ ဒုက္ခက ကင်းပါစေဆိုတဲ့ စေတနာရင်းအနေအားဖြင့် မိဘမျာ်းရဲ့ မေတ္တာဓာတ်လို့ နော် (မှန်ပါတယ်ဆရာ)၊ သားသမီးပေါ်မှာ သက်ဝင်နေတဲ့ မိဘမျာ်းချစ်ခင်သော မေတ္တာဓာတ်အားကြီးပြီလားဆိုမှဖြင့်။ ဒီလို အသီးသီး အဖက်ဖက် ကနေပြီးတော့ နည်းနည်းလေးမှ သန္ဓေသားမထိခိုက်အောင် ဆိုပြီးတော့ တတ်အားသမျှ စောင့်ရှောက်ကြတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ထိုင်ပြန်လည်း ဖြည်းဖြည်း, ထပြန်လည်း ဖြည်းဖြည်း, ကိုင်းပြန် ရိုင်ပြန်လည်း ဖြည်းဖြည်း၊ သန္ဓေသားချစ်တဲ့ဇောနဲ့ အမျိုးကို စောင့်ရှောက်တယ်၊ နောက်ပိုင်းကျတော့ ဒီလိုမဟုတ်ပါဘူး၊ ဖာလူဒါလည်း ချလိုက်တာပဲ၊ (မှန်ပါတယ်ဆရာ)၊ ဘုရားကိုးဆူက တိုက်တဲ့ကြာဇံ ဟင်း ပူပူလောင်လောင်လည်း ရှူးရှူးရဲရဲနဲ့ သောက်ချလိုက်တာပဲ မချဘူးလား (ချပါတယ်ဆရာ)၊ ရှောက်သီးလည်း တုတ်လိုက်တာပဲ မတုတ်ဘူးလား (တုတ်ပါတယ်ဆရာ)၊ အကုန်စား ဘာမှမခံနိုင်ဘူး၊ အကုန်ချလိုက်တာပဲ သန္ဓေသား ဘယ်နယ်ဖြစ်ဖြစ်၊ တချို့ကမျာ်း အတိုးနဲ့တောင် ဖိချသေးဟဲ့ မျက်နှာမြင်ပြီး စားရမှာမဟုတ်ဘူး၊ ခုနေဖိစား ခုနေဖိစား ချလိုက်တာပဲဟေ့၊ အကုန်လုံးနော် (မှန်ပါတယ်ဆရာ)။

နောက်တစ်ခါ လူပြန်ဖြစ်ရမှာတောင် ငါကတော့ ကြောက်တယ် တကယ်ကြောက်တာ။ ပြီးတော့လည်း နေပုံထိုင်ပုံနဲ့သွားပုံလာပုံနဲ့၊ ခေတ်က တက်ခေတ်ဆိုတော့ ယောကျ်ားမို့အောင် လိုက်တယ်၊ ထမီဒူးလောက် ဝတ်ပြီးတော့ သွားလိုက်ပြန်လိုက်၊ ဘောက်စွ ဘောက်စွ ယောကျ်ားကလေးလိုကျနေတာပဲ၊ ကြောက်စရာ ကောင်းလိုက်တာလို့ ထိုင်ချင်လည်း ထိုင်လိုက်တာပဲ၊ ထချင်လည်း ထလိုက်တာပဲ၊ ပြုန်းခနဲအုန်းခနဲ နော် (မှန်ပါတယ်ဆရာ)။ အဲဒီကြားထဲ ပိုဆိုးတာက စက်ဘီးစီးတာ ပိုဆိုးတယ်၊ လာပြန်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ခုန်ချလိုက် ခွတက်လိုက်နော် (မှန်ပါတယ်ဆရာ)။

ဒီတော့ လူဘဝဟာ သန္ဓေသားအားဖြင့် တစ်ဖန်ပြန်တည်ဖို့ ဥစ္စာကို အတော်ကြောက်စရာကောင်းတယ်၊ ကံကောင်းမှ ဖလောင်းကဖားဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ အမှန်ကတော့ ဖြစ်ချင်သလို ဖြစ်နေကြတာပါပဲ မဟုတ်လား (မှန်ပါတယ်ဆရာ)။ အဲဒါ မိဘကလည်း အသွန်အသင်ဆုံးမတစ်စ တစ်စ နည်းလာပြီလို့၊ ဘာပြုလို့ နည်းလည်းဆိုရင် သူကိုယ်တိုင်ကလည်းပဲ အဆိုအဆုံးအမ မခံခဲ့ရတော့ ကိုယ့်လက်ထဲ ပေါက်ဖွားလာတဲ့ သားသမီးကို ကိုယ်ကလည်း မသွန်သင်တတ်၊ မဆိုဆုံးမတတ်ဘူးပေါ့ နော် (မှန်ပါတယ်ဆရာ)၊ တစ်စတစ်စနဲ့ ဒီလိုပဲသွားကြတာပါပဲ။ အမှန်ကတော့ သတ္တဝါ

http://www.dhammadownload.com

ရဲ့ကံပါပဲလို့၊ အင်မတန် ကြောက်စရာကောင်းတယ်၊ ဒါကြောင့် ကိုးလလွယ် ဆယ်လပတ်လုံးကြီး အခုလိုပဲ ဂဗ္ဘပရိဟာရဏာ-ကိုယ်ဝန်ဆောင်ထားတဲ့အခါမှာ ခံနေရတဲ့ဒုက္ခဟာ အမြဲတစေတွေ့နေကြရတယ်၊ သက်သာခွင့်က တစ်ချက်မှရှာလို့မရဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဲဒါနဲ့ တစ်ခါလာပြန်ပြီ၊ ဂဗ္ဘဝိပ္ပတ္တိဒုက္ခ-ကိုယ်ဝန်ဖျက်ခြင်းဒုက္ခတဲ့၊ အဲဒါမှ သနားစရာကောင်းတာ ဘာနဲ့တူသလဲ ဆိုတော့ ကူမဲ့လောင်မဲ့ ဆွေမျိုးညာတိ မိတ်ဆွေသင်္ဂဟတွေ လုံးဝကင်းဆိတ်တဲ့ နေရာမှာ သူသတ်ယောကျ်ားနဲ့ တွေ့သလိုပဲတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တောကြီး မျက်မည်းထဲမှာ တစ်ယောက်တည်း လမ်းသွားရင်း သူသတ်ယောကျ်ားနဲ့သွားတွေ့၊ ဒင်းတော့ သေပေတော့၊ ငါသတ်တော့မယ်။ ကိုင်း-ကယ်စရာလူ ရှာရသေးလား (မရပါဘူးဆရာ)၊ ကယ်ကြပါအုံး ယူကြပါအုံးလို့ အော်စရာရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ ကယ်မဲ့လူ ပေါ်လာပါအုံးမလား (မပေါ်လာပါဘူးဆရာ)၊ ဘယ်လောက်သနားစဖွယ်ကောင်းသလဲဆိုတာ သေချာကြည့်၊ ဒီဥပမာလိုပဲ သန္ဓေအိမ်မှာ တည်နေတဲ့ သန္ဓေသားလေးဟာ ဘယ်ဆွေမျိုးညာတိတစ်ကောင်မှ ကယ်ပါ ယူပါလို့ ခေါ်စရာ ရှာမရဘူးတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အသက်ဆုံးရှုံးအောင် လုံးလုံးကြီး ဖျက်ဆီးခြင်း ငုတ်တုတ်ခံလိုက်ရတယ်၊ ကြောက်စရာမကောင်းဘူးလား၊ (ကောင်းပါတယ်ဆရာ)၊ သန္ဓေဖျက်ခြင်းတဲ့ "ဂဗ္ဘဝိပ္ပတ္တိဒုက္ခ"က ပေါတယ် ပေါတယ်။ ခုခေတ်မှာ ပိုပေါလာတယ်နော် (မှန်ပါတယ်ဆရာ)၊ အရှက်ငဲ့လို့ အသက်ဖျက်ဆီးတာတွေ အများကြီးရှိတယ်၊ တော်တော်ပေါတယ်၊ တချို့က မွေးဖွားပြီးကာမှ တော်ရာလူမရှိတဲ့နေရာ ပစ်ထားခဲ့တယ်၊ ဒါက တော်သေးတယ်ကွ နော် (မှန်ပါတယ်ဆရာ)၊ မသက်သာဘူးလား (သက်သာပါတယ်ဆရာ)၊ ဒါက သက်သာတယ်၊ တွေ့တဲ့လူက ကောက်မွေးထား နေရာကျသေး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အမိတွင်းမှာ ဖွားမြင်တဲ့အခန်းမရောက်ခင်ကိုဘဲ ဖျက်ဆီးပစ်တဲ့ 'ဂဗ္ဘဝိပ္ပတ္တိဒုက္ခ'တဲ့၊ ဒီလိုဒုက္ခမျိုးတွေလည်း ခံရပေါင်းက ဘဝပေါင်းက မရေမတွက်နိုင်ဘူး၊ ရေတွက်နိုင်ရဲ့လား (မရေတွက်နိုင်ပါဘူးဆရာ)၊ သူများကပြောနေတာကို မအောက်မေ့နဲ့၊ ဘေးနားက ငါ့ဘေးနားက တုံးကြီးတွေ တိုင်ကြီးတွေ ပြောနေတာ မအောက်မေ့နဲ့။ ကိုယ့်ကိုယ် ပြန်လက်ညှိုးထိုးဒီဒုက္ခမျိုးတွေ တို့ခံရပေါင်းများခဲ့ပြီ နော် (မှန်ပါတယ်ဆရာ)၊ နောက်ဒီဒုက္ခမျိုးတွေ တွေ့ချင်သေးသလား၊ ခံချင်သေးသလား၊ ကိုယ့်ကိုကိုယ် ပြန်ပြန်မေးမခံချင်ဘူး၊ မတွေ့ချင်ဘူး၊ ကြောက်လှချည်ရဲ့ဆိုရင် ဒီဇာတိက လွတ်အောင်ရုန်းကြရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဂွင်းလုံးကျွတ် လုံးလုံးကြီးမလွတ်ပေမယ့် လွတ်မဲ့စခန်းဘက်ကိုလှမ်းဖို့ကြိုးစားရမယ်၊ ကြိုးစားရင် ဘုရားတောင်ဖြစ်တယ်ဆိုတဲ့ စကားလိုဖြစ်ရမယ်။ အဲဒီလို ပဋိသန္ဓေခန်းမှာ ဇာတိရဲ့ဒုက္ခတွေပြလို့မှ မကြောက်သေးပါဘူး ဆိုလို့ရှိရင်လည်း သံသရာကျွတ်ဖို့ လွတ်ဖို့ ခဲယဉ်းတယ်၊ ဘယ်တော့မှ ကျွတ်ဖို့ လွတ်ဖို့လည်း ရည်ရွယ်ချက်ထားမှာ မဟုတ်ဘူး၊

http://www.dhammadownload.com

မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

သုံးချက်စေ့သွားပြီ၊ "ဂဗ္ဘဝိပ္ပတ္တိဒုက္ခ"လို့ ကိုယ်ဝန်ဖျက်ခြင်းဒုက္ခ၊ ပြီးတော့မှ "ဂဗ္ဘဝိဇာယနမူလကဒုက္ခ" ကိုယ်ဝန်ဖွားသန့်စင် မီးရှူးသန့်စင်ဖွားမြင်ခြင်းဒုက္ခ၊ ဒါဖြင့် ဒီဒုက္ခတွေခံပြီး တို့တော့ အမိဝမ်းက ကျွတ်ရင် အေးတာပဲ၊ ဖွားမြင်လာရင် အေးတာပဲ ဒီလိုမှတ်မနေနဲ့၊ အဲဒီဖွားမြင်တဲ့အခါကျမှ နောက်ဆုံးပိတ် နှိပ်ချလိုက်တာ ကြောက်စရာကောင်းလိုက်တာလို့ နော် (မှန်ပါတယ်ဆရာ)၊ ကျမ်းဂန်က ပြတော့ အင်မတန်ကျဉ်းမြောင်းသော အပေါက်ကို အင်မတန်ကြီးမားတဲ့ ဆင်ပြောင်ကြီးကို အတင်း သံကောက်သံကြိုးတို့ဖြင့် သံကောက် သံချိပ်တို့ဖြင့် အပြင်သို့ မရောက်ရောက်အောင် အတင်းဆွဲထုတ်ဘိသကဲ့သို့ ခံနိုင်စရာ အကြောင်းရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ မရှိဘူး မရှိဘူး၊ ဒါ ဒီပြထားတဲ့ ဥပမာလည်း သေချာကြည့်၊ ဥပမာလွန်လှချည်လားလို့ အဓိပ္ပာယ်အားဖြင့် လေးတောင်ပတ်လည်လောက်ရှိတဲ့ အပေါက်ကို ဆင်ကြီးဆွဲသွင်းခံနိုင်စရာ ရှိသေးသလား (မရှိပါဘူးဆရာ)၊ အရိုးတွေကြေ အရေတွေစုတ်ရုံပဲရှိရမယ် နော် (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် မရမက ရတဲ့နည်းနဲ့ ဆွဲထုတ် သံချိပ်နဲ့ သံကောက်နဲ့ အတင်းဆွဲ အဲဒီဒုက္ခလိုပဲတဲ့၊ သန္ဓေသားကို မီးရှူးသန့်စင်ဖွားမြင်တဲ့အခါမှာ ခံရတဲ့ဒုက္ခ လွန်လှချည်လား၊ ဥပမာနဲ့ဥပမေယျကိုက်ပါ့မလား၊ ကိုက်တယ်တဲ့ သန္ဓေသား အင်မတန် နုနယ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်နုနယ်တဲ့ သန္ဓေသားလေးကို သက်တောင့်သက်သာနဲ့ ဖွားမြင်ရတာ မဟုတ်ပါဘူး။ အဲဒီ"ဂဗ္ဘသေယျက" သန္ဓေမှာ သက်တောင့်သက်သာ ဖွားမြင်တာ၊ သက်တောင့်သက်သာနဲ့ ပဋိသန္ဓေနေတာ၊ တို့အလောင်းတော်ပဲ ရှိတယ်၊ ဒီမှတစ်ပါးတော့ ဘယ်သူမှ မသက်သာဘူး နော် (မှန်ပါတယ်ဆရာ)။

အလောင်းတော်များ ပဋိသန္ဓေနေပုံ

အလောင်းတော်များတော့ သန္ဓေတည်စ ခဏထဲက နေပုံထိုင်ပုံနဲ့၊ ငါတို့သူငါတော့ မျောက်အိုလေးလို သစ်ပင်ခွကြားက မိုးစိုလို့ မိုးခိုတဲ့ မျောက်အိုလေးလို အမိကျောရိုးဘက် မျက်နှာမူလို့ ဒူးပေါ်မေးလေးတင်လို့ မလှုပ်သာ မယှက်သာဆိုတဲ့ အင်မတန်ကျဉ်းကြပ်တဲ့ သန္ဓေတိုက်ခန်းမှာ နေရတယ်။ တို့အလောင်းတော်မြတ်က ဒီလိုမဟုတ်ဘူး၊ အမိကျောရိုးဘက်ကျောပေးလို့ နော် (မှန်ပါတယ်ဆရာ)၊ ဓမ္မကထိကပုဂ္ဂိုလ်များ တရားပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေ စမ္မာယ်နေသလိုပဲ တင့်တယ်လိုက်တာနော် (မှန်ပါတယ်ဆရာ)၊ ဘဝပေါင်းများစွာက စုပေါင်းဆည်းပူးလာတဲ့ ပါရမီဓာတ်တွေရဲ့ ဂုဏ်ကျေးဇူးလို့ ခေါ်ရတယ်၊ ပါရမီတွေရဲ့အဟုန်ပဲလို့ ပြုပြင်ဖန်တီးထားလိုက်တာ၊ သန္ဓေခန်းကိုက အင်မတန်

http://www.dhammadownload.com

သန့်ရှင်းစင်ကြယ်တယ်၊ အလောင်းတော်မြတ်သန္ဓေတည်ပုံ နော် (မှန်ပါတယ်ဆရာ)၊ ဓမ္မကထိကပုဂ္ဂိုလ် ဓမ္မာသနာပလ္လင် တရားဟောပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေ စမ္မာယ်နေသလိုပဲတဲ့၊ အဓိလုပ်တဲ့ ပုဂ္ဂိုလ်ကလည်း စောစောကပြောသလိုပဲ ကိုင်းခြင်း, ကုန်းခြင်း, ညွတ်ခြင်း, ကွခြင်း, ထခြင်း, ထိုင်ခြင်း ဆိုသလိုပဲ ပြုလုပ်တဲ့အခါမှာ ငါတို့သူငါတုန်းကတော့ သေသောက်ကြူးလက်သို့ ရောက်သော ဆိတ်သူငယ်ကဲ့သို့ အလမ္ဘာယ်သမားရဲ့လက်တွင်းသို့ သက်ဆင်းအပ်သော မြွေကဲ့သို့ ရစရာမရှိဘူး၊ ဒေါင့်တန်းဆွဲခြင်း, ရှေ့ရှုတူရူဆွဲခြင်း, စောက်ထိုးဆွဲခြင်း, ကုန်ခြင်း, ကော့ခြင်း, ညွတ်ခြင်းဆိုတဲ့ ဒဏ်တွေခံလိုက်ရတယ်။

အလောင်းတော်မြတ်တော့ ဒီလိုမဟုတ်ဘူးတဲ့၊ အဓိကိုက သူ့ဘုန်းကံကြောင့် သူ့ရဲ့ဝမ်းတိုက်သန္ဓေခန်းကို ကြည့်လိုက်ရင် ဖာလ်ပေါင်းချောင်ထဲ သတို့သားထိုင်နေဘိသကဲ့သို့ အထင်းသား အရှင်းသား မြင်ရတယ်တဲ့၊ အံ့ဩစရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ သူဝမ်းတိုက် သူကြည့်လိုက်ရင် အရှင်းသား မြင်ရတယ်။ သြော် ငါ့သားအနေဖြောင့်ရဲ့လာဟဲ့၊ ကိုယ်လေးများ တိမ်းနေသလားဟဲ့၊ ညွတ်နေသလားဟဲ့၊ ငါဒီဘက်စောင်းနေရင် ငါ့သားက ဒီလိုတိမ်းနေရင် ငါတည့်နေလိုက်မယ်ဟဲ့၊ ပြုပြင်နိုင်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ ဖာလ်ပေါင်းချောင်ထဲ ကြည့်သလို မြင်နေရတယ်တဲ့၊ အံ့ဩစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ အဲဒါ အလောင်းတော်မြတ်ရဲ့ဆည်းပူးအားထုတ်လာတဲ့ ပါရမီကုသိုလ်တွေရဲ့အဟုန်လို့ ဒီလိုဆိုတယ်၊ သိပ်အံ့ဩစရာကောင်းတာ။ ဒါကြောင့် တို့အလောင်းတော်များ ဇာတိပဋိသန္ဓေဆိုတဲ့ ဒုက္ခမကင်းလို့ နေရသည်တိုင်အောင် အများကြီး သက်သာခွင့်တွေရှိတယ်၊ မရှိဘူးလား (ရှိပါတယ်ဆရာ)။ သူကြည့်လိုက်ရင် ဘယ်ခါမဆို ဓမ္မာသနတရားဟော ပလ္လင်ပေါ်မှာ ဓမ္မကထိကပုဂ္ဂိုလ်များ ထက်ဝယ်ဖွဲ့ခွေ စမ္မာယ်နေသလိုပဲလို့ နေပုံလေးက နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို အဓိကလည်းပဲ ဖလ်ပေါင်းချောင်အတွင်းမှာ မြင်ရသလိုပဲလို့ ကြည့်ရှုပြီးတော့ အမြဲတစေ့ စောင့်ရှောက်နေနိုင်တယ်တဲ့။ ညွတ်ခြင်း, တိမ်ခြင်း, ကိုင်းခြင်း, ရိုင်ခြင်း, ထိုင်ခြင်း, ထခြင်း, လျောင်းခြင်းမှစလို့ သားအနေမဖြောင့်, ဖြောင့်အောင် ပြန်ပြုပြင်ပေး၊ မချမ်းသာဘူးလားဟ (ချမ်းသာပါတယ်ဆရာ)၊ ချမ်းသာတယ်၊ ပြီးတော့ ဖွားပြန်ပြီတဲ့ "ဂဗ္ဘဝိဇာယနမူလကဒုက္ခ" တို့အလောင်းတော်များ ဖွားတော့ သက်သာလိုက်တာလို့၊ ခုနဆင်ပြောင်ကြီး အင်မတန် ကျဉ်းမြောင်းတဲ့အပေါက်ကနေ သံကောက်သံချိပ်တို့ဖြင့် အတင်းဆွဲထုတ်တယ်ဆိုတဲ့ ဥပမာ၊ တို့ အလောင်းတော်များ မပါဘူးနော် (မှန်ပါတယ်ဆရာ)၊ ခုန သူသူငါငါဆိုတဲ့ တစ်ပဲတန် နှစ်ပြားတန်တို့ပေါ့ကွ နော်၊ အလောင်းတော်နှင့် မဆိုင်ဘူး နော် (မှန်ပါတယ်ဆရာ)။

အလောင်းတော်ဖွားလာတော့ အခုလိုပဲ ပြင်းထန်သော "ဂဗ္ဘဝိဇာယနမူလကဒုက္ခ"ဆိုတဲ့ ဒုက္ခကြီး

http://www.dhammadownload.com

ခံရသလားဆိုတော့ မဟုတ်ပါဘူးတဲ့၊ ဓမ္မကထိက တရားဟောပုဂ္ဂိုလ် တရားဟောပြီးလို့ ဓမ္မာသနတရားဟော ပလ္လင်ပေါ်က သက်ဆင်းလာသလိုပဲ မချမ်းသာဘူးလား (ချမ်းသာပါတယ်ဆရာ)၊ ချမ်းသာလိုက်တာလို့ ဘေးမရှိ ရန်မရှိ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဇာတိဆိုတဲ့ ဒုက္ခခန်းမှာ အလောင်းတော်မြတ်တော့ဖြင့် ချန်ထားပေါ့၊ ဘာပြုလို့ လေးသခ္ခိုနှင့်ကမ္ဘာတစ်သိန်း ကောင်းပေ့ဆိုတဲ့ အညွှန့်အဖူးတည်းဟူသော ဆည်းပူးအပ်တဲ့ ပါရမီအဟုန်တွေကြောင့်၊ ဒီမှာလာပြီးတော့ ဆုံဆည်းပြီးတော့ အကျိုးတွေ အကုန်ပေး၊ ချမ်းသာချင်သလို ချမ်းသာ။ ဒါကြောင့် သူသူငါငါဆိုတဲ့ သတ္တဝါများတော့ အခုနောက်ဆုံးဆိုတဲ့ "ဂဗ္ဘဝိဇာယနမူလက"ဒုက္ခကြီး ဖွားမြင်တဲ့အခန်း ရောက်ရင်ဖြင့် သက်သာသင့်ပါရဲ့လို့ အောက်မေ့မယ်နော်၊ စောစောက ပြောသလို အင်မတန် ကျဉ်းမြောင်းတဲ့ အပေါက်ကလေး အလွန်ကြီးမားသော ဆင်ပြောင်ကြီးကို အပြင်သို့ မရောက်ရောက်အောင်လို့ ရောက်တဲ့နည်းနဲ့ ဖန်တီးပြီးတော့ သံကောက်သံချိပ်တို့ဖြင့် အတင်းဆွဲ၍ ထုတ်ဘိသကဲ့သို့ ပင်ပန်းလိုက်တာ၊ ဆင်းရဲလိုက်တာ ဟုတ်နိုင်ပါ့မလား ဘာပြုလို့ သန္ဓေသားက အင်မတန်နုနယ်တယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အမိဝမ်းက ကျွတ်သည်နှင့်တစ်ပြိုင်နက် အပြင်လေနဲ့တွေ့ရင် အလိုလို လန့်ဖြန့်အော်တယ်၊ မအော်ဘူးလား (အော်ပါတယ်ဆရာ)၊ အလန့်တကြားငိုတယ်၊ အဲဒီလိုငိုလို့ လက်နဲ့သွားယူလိုက်ရင် ထိတဲ့လက်ဟာ ရုတ်တရက် သန္ဓေသားရဲ့အသား သွားထိလိုက်ရင် အင်မတန် နာကျင်တယ်နော် (မှန်ပါတယ်ဆရာ)၊ ကြူကြူပါအောင် ငိုတယ်၊ ဒီတစ်ခါလည်းပဲ လက်နဲ့ထိလိုက် လက်နဲ့ထိရုံတင် မကဘူး အဝတ်ကလေးနဲ့ထွေးပြန်တော့ ဒီအဝတ်ကိုက အင်မတန်ကြမ်းတမ်းတဲ့သဘောအတွေ့အထိရှိတယ်၊ ဒီအခါလည်း အင်မတန်ငိုတယ်၊ မငိုဘူးလား (ငိုပါတယ်ဆရာ)၊ အဲသလောက် နုနယ်တဲ့ သန္ဓေသားလေး ဟာ ဖွားမြင်တဲ့အခါမှာ သက်သာခွင့်ရှိနိုင်ပါ့မလားတဲ့၊ ဒါကြောင့် ဆင်ပြောင်ကြီးနဲ့ ဥပမာပြထားတာ။ မယုံမရှိနဲ့ တကယ်ပင်ပန်း တကယ်ဆင်းရဲလို့ "ဂဗ္ဘဝိဇာယနမူလကဒုက္ခ"တဲ့၊ ဒုက္ခထဲသွင်းပြီး ဟောထားတာ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ပဋိသန္ဓေနေခန်း ဇာတိဆိုတဲ့ ဒုက္ခမှာ ရှေးဦးမဆွ စုတိနောက် ပဋိသန္ဓေလို့ ကိုယ်ဝန်ဆောင်ရခြင်းတည်းဟူသော ဂဗ္ဘဝေါက္ကန္တိမူလကဒုက္ခ၊ ၎င်းနောက် သန္ဓေတည်တဲ့အချိန်ကစ မွေးဖွားတဲ့အချိန်ထိ ကိုးလ, ဆယ်လုံးလုံး ဆိုသလိုပဲ ထိုကိုယ်ဝန်ဆောင်နေသမျှ ကာလပတ်လုံး အမြဲတစေ ဆင်းရဲပင်ပန်းနေတယ်ဆိုတဲ့ "ဂဗ္ဘပရိဟာရဇာဒုက္ခ" ကြားထဲမှာ အလိုမတူ စိတ်မဖြူသဖြင့် မိမိကိုယ်ဝန်ကို ဖျက်ဆီးခြင်းကြောင့် ပျက်စီးခြင်းဆိုတဲ့ "ဂဗ္ဘဝိပတ္တိဒုက္ခ"၊ ၎င်းနောက်နေ့လစေ့လို့ အမိဝမ်းက မီးရှူးသန့်စင်ဖွားမြင်သောအခါ ခံရတဲ့ "ဂဗ္ဘဝိဇာယနမူလကဒုက္ခ" နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အမိဝမ်းက ကျွတ်လို့ အပြင်ဘက်ရောက်သည်နှင့်တစ်ပြိုင်နက် အလန့်တကြားအားဖြင့် ရှိုက်ကြီးတငင်နဲ့

http://www.dhammadownload.com

ပင်ပန်းစွာ ငိုတယ်ဆိုတာ တခြားမဟုတ်ဘူး၊ အပြင်ကလေနဲ့တွေ့ခြင်း၊ အပြင်က အမိရဲ့လက်နဲ့တွေ့ထိခြင်း၊ အဝတ်အထည်နဲ့တွေ့ထိခြင်းဆိုတဲ့ အတွေ့အထိကိုက အင်မတန်နူးညံ့သိမ်မွေ့နေတဲ့ သန္ဓေသားရဲ့ အသွေးအသားနဲ့ သွားထိတော့ အလွန့်အလွန်ကြမ်းတမ်းလို့ အလွန့်အလွန် နာကျင်တယ်တဲ့။ ဒါကြောင့် ငိုတယ် နော် (မှန်ပါတယ်ဆရာ)။

ဒါပေမယ့် ကလေးတိုင်းတော့ မဟုတ်ပါဘူး၊ တချို့ကလေးများမွေးလာ အသံတောင် မကြားဖူး၊ မငိုဖူး ကြားဖူးလား (မကြားဘူးပါဆရာ)၊ မငိုတဲ့ကလေးကြားဖူးလား (ကြားဖူးပါတယ်ဆရာ)၊ ကြားဖူးတယ်မဟုတ်လား (ကြားဖူးပါတယ်ဆရာ) သူကတော့ သတ္တိကောင်း တော်တော်လေးကြီးလာရင် ဩဇာသီးတစ်လုံးနှစ်လုံး ခါးခါတ်မှာကိုက နော် (မှန်ပါတယ်ဆရာ)၊ ငယ်ငယ်ထဲက သတ္တိကပြလာတာ နော် (မှန်ပါတယ်ဆရာ)၊ နာမှန်းမသိ ကျင်မှန်းမသိ တော်တော်လေးကြီးလာ အဲသလောက်တောင် နုနယ်တဲ့ သန္ဓေသားလေး ဖွားမြင်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ "ဂဇ္ဘဝဇာယနမူလကဒုက္ခ"၊ ဒီတော့ ပင်သန္ဓေခန်းမှာပဲ ဇာတိရဲ့ဒုက္ခ အခုလို ပြန်ပြီးတော့ မြတ်စွာဘုရား ကိုယ်တော်မြတ် ဟောတော်မူတဲ့ ဒေသနာတော်အရ ကိုယ်ပိုင်ဉာဏ်လေးတွေနဲ့ ပြန်ပြန်စဉ်းစားကြည့် တော့ ဒါထက်ကြောက်စရာကောင်းတာမရှိဘူးလို့ ခဏတစ်ဖြုတ် ခံရတာလည်း မဟုတ်ဘူး၊ အနည်း ဆုံးအားဖြင့် ကိုးလဆယ်လ နော် (မှန်ပါတယ်ဆရာ)။ မလှုပ်သာ မယှက်သာနဲ့ အင်မတန်ကျဉ်းမြောင်းတဲ့ အင်မတန်ပင်ပန်းဆင်းရဲတဲ့ သေလုမတတ်ခံနေရတဲ့ ပဋိသန္ဓေခန်းမှာ၊ ခုလိုပဲ ဒုက္ခတွေ မြင်နေရတော့ ဒုက္ခရဲ့အဓိပ္ပာယ်တော့ ငါသိပြီ၊ ဇာတိဒုက္ခ ရှိသေးတယ်။ ဒီလိုမဟုတ်လား (မှန်ပါတယ် ဆရာ)၊ ဇာတိဒုက္ခပြီးလွတ်တာပဲ၊ အမိဝမ်းက ကျွတ်ရင်လွတ်တာပဲလို့ ဒီလိုဆိုလို့ ဟုတ်နိုင်ပါ့မလားလို့ အမိဝမ်းက ကျွတ်ပြီးတဲ့နောက် သေတဲ့အချိန်ထိ ဇရာဒုက္ခဆိုတာ ဆက်လာတယ်နော် (လာပါတယ်ဆရာ)။

ဇရာနှစ်မျိုး

ဇရာဆိုတာ ရင့်ကျက်ခြင်း ခေါ်တယ်၊ တစ်စတစ်စ ရင့်ကျက်ရင့်ကျက်လာတယ် -

(၁) ပါကဋဇရာ၊

(၂) အပါကဋဇရာ။

"ပါကဋဇရာ" ဆိုတာ ဆံဖြူခြင်း, သွားကျိုးခြင်း, ခါးကိုင်းခြင်း, နားထိုင်းခြင်း, မျက်စိမှုန်ခြင်း, မျက်စိမွဲခြင်း ဒါတော့ သူသူငါငါ သိနိုင်တယ် မြင်နိုင်တယ်တဲ့။ "အပါကဋဇရာ" ဆိုတာ ထိုရုပ်နာမ်လေးတွေကိုက တစ်စတစ်စ သေးသိမ်သေးသိမ်ပြီးတော့ ဟောင်းနွမ်း ရင့်ရော်လာတဲ့ သဘောသည် "အပါကဋဇရာ"လို့ ခေါ်တယ်။ မြင်နိုင်ခဲ သိနိုင်ခဲတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ရူပ်အို နာမ်အို ဆိုတာ

ရူပ်အိုတာ နာမ်အိုတာ သိလို့ဖြစ်ပါ့မလားဟ (မဖြစ်နိုင်ပါဘူးဆရာ)၊ ဘယ့်နှယ့်နည်းမှ သိမဖြစ်ဘူး၊ သိလို့လည်း မြင်ကောင်းတာမှ မဟုတ်ဘဲကိုကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါရူပ်အို, နာမ်အိုကျတော့ အပါကဋ္ဌရာ၊ ဒါပေမယ့်လို့ ဒီနေရာမှာ တောမီးလောင်သွားတဲ့ လောင်စာ ပြာမီးသွေး ဒါတွေမြင်လိုက်ရင် မီးလောင်တဲ့လမ်းကြီးပဲလို့ မီးလမ်းကြီးပဲလို့ မသိဘူးလား (သိပါတယ်ဆရာ)၊ မီးတော့မြင်လိုက်ရလား (မမြင်လိုက်ရပါဘူးဆရာ)၊ မမြင်လိုက်ပေမယ့် သိတယ်လား (သိပါတယ်ဆရာ)၊ အခုလည်းဒီလိုပဲ ဆံဖြူခြင်း, သွားကျိုးခြင်း, နားထိုင်းခြင်း, ခါးကိုင်းခြင်း, အရေတွန့်ခြင်းဆိုတဲ့ လက္ခဏာတွေ မြင်ကတည်းက စောစောက ပြာတို့ လောင်စာတို့မြင်ရင် မီးလောင်တာပဲ သိသလိုပေါ့၊ မီးတော့မမြင်ဘူး နော် (မှန်ပါတယ်ဆရာ)၊ သွားကျိုးခြင်း, ဆံဖြူခြင်း, ခါးကိုင်းခြင်း, နားထိုင်းခြင်း ဆိုတဲ့ ပါကဋ္ဌရာကြီး မြင်ကတည်းက ဒီလက္ခဏာတွေမြင်ကတည်းက ရူပ်တွေ နာမ်တွေလည်း အိုကုန်ကြပြီ ရင့်ကျက်ကုန်ကြပြီ ဟောင်းနွမ်းကုန်ကြပြီဆိုတဲ့ သဘောသိရတယ်လို့ ဒီလိုသွားရမယ် နော် (မှန်ပါတယ်ဆရာ)။

သူသတ်သမားသုံးယောက်ဥပမာ
(သူသူငါငါ နားလည်တာ ဒုက္ခသုံးမျိုး)

အဲဒီဇရာက ဇာတိနောက်က ဆက်ပြီး လာလိုက်တာ ဘယ်ထိအောင်သွား မရဏထိအောင် သွားတယ်။ ဒါကြောင့် ဇရာရဲ့ အဆုံးသပ်သည် ဘာတုံး၊ (မရဏပါဆရာ)၊ ဩော် မရဏ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဇရာလည်းဆုံးရော မရဏနဲ့ လုံးလုံးကြီးတွေ့ရော မတွေ့ဘူးလား (တွေ့ပါတယ်ဆရာ)၊ အဲဒါကြောင့် ဇာတိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခ ဆိုတာက "သူသူငါငါ လူတကာ နားလည်နိုင်တဲ့ ဒုက္ခသုံးမျိုးပါ" လို့ ဒီဒုက္ခသုံးမျိုးကလည်း သာမန်တော့ မအောက်မေ့နဲ့၊ ဇာတိရယ်, ဇရာရယ်, မရဏရယ် အဓိပ္ပါယ်အားဖြင့် လူသတ်သမားသုံးယောက်၊ လူတစ်ယောက်သတ်ချင်တော့ တစ်ယောက်နဲ့တစ်ယောက် တာဝန်ယူပြီးတော့ မသေသေအောင် သတ်တဲ့ဥပမာလေး ဒါအဋ္ဌကထာဆရာက ပြသွားတာ၊ လူသတ်သမားသုံးယောက် တစ်ယောက်က ဘယ်နှယ့်ပြော - ငါက ဒီငဖြူဆိုတဲ့ အကောင်ကို ဆွေမျိုးမိတ်ဆွေသင်္ဂဟ မိဘဘိုးဘွား ဆွေမျိုး ဉာတက မိတ်ဆွေသင်္ဂဟတွေ ဝိုင်းမိထားတဲ့ အလယ်ကြားက နေပြီးတော့ ငါမရှရအောင် ခေါ်ခဲ့ မယ်လို့ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒီမောင်ဖြူဆိုတဲ့ လူတစ်ယောက်သတ်ချင်တော့ မောင်ဖြူထုတ်လာဖို့ လွယ်ပါ့မလား (မလွယ်ပါဘူးဆရာ)၊ သူ့မှာ မိဘရှိတယ်, ဆွေမျိုးရှိတယ်, ညီအကိုမောင်နှမရှိတယ်၊ ရပ်ကွက်အတူနေဆိုတဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေ ရှိတယ်၊ သူ့အား မတော်မတရား ဆွဲခေါ်သွားလို့ရပါ့မလား (မရနိုင်ပါဘူး

http://www.dhammadownload.com

ဆရာ)၊ မရဘူး နော် (မရဘူးဆရာ)၊ အစောင့်အရှောက်တွေက များတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဇာတိက ပြောတယ်၊ အဲဒီ မောင်ဖြူ ဆိုတဲ့ သတ္တဝါကောင်ကို မိဘဆွေမျိုးတွေ စောင့်ရှောက်တဲ့ပုဂ္ဂိုလ်တွေရဲ့အလယ်ကြားကနေပြီးတော့ ငါအပြင်ထုတ် ယူလာခဲ့မယ်လို့ ငါ့တာဝန်ထားလို့ ဇာတိကပြောတယ် နော် (မှန်ပါတယ်ဆရာ)။

ဒီတော့ ဇရာက ဘယ့်နှယ်ပြောလဲဆိုတော့ အေး မင်းက အဲဒီကယ်မဲ့ပြုမဲ့ဆွေမျိုးတွေကြားက လွတ်ကင်းအောင် အပြင်ကို ရောက်အောင် ထုတ်နိုင်လို့ရှိရင်တဲ့၊ သူရဲ့နွမ်းနယ်ပင်ပန်းမှု ရိုက်ဖို့ နှက်ဖို့ ထုဖို့ ငါ့တာဝန်ထား နော် (မှန်ပါတယ်ဆရာ)၊ မလှန်နိုင်အောင်ပေါ့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ မရဏက ဘာပြော၊ မင်းက မလှန်နိုင်အောင် ထုလို့ ရိုက်လို့ ထောင်းလို့ ထောင်းထောင်း ကြေလို့ လုံးလုံးကြီးမလှုပ်နိုင်ဘူးဆိုတဲ့အချိန်မှာ ငါအသက်ဇီဝိန်ကို လုံးလုံးကြီးဖျက်ဆီးပေးမယ်၊ သတ်ပေးမယ်လို့ လူဆိုးသုံးယောက် လူသတ်သမားသုံးယောက်နဲ့ တူတယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် သေချာကြည့်၊ ဇာတိဆိုတဲ့ ပဋိသန္ဓေခန်းပြန်ကြည့်၊ ဟိုဘက်ဘဝက မိဘတွေ ဆွေမျိုးတွေ ညီအစ်ကိုတွေ မောင်နှမတွေ ဒီဘက်လိုက်နိုင်သေးလားဟ (မလိုက်နိုင်တော့ပါဘူးဆရာ)၊ လှမ်းခေါ်နိုင်သေးရဲ့လား (မခေါ်နိုင်ပါဘူးဆရာ)၊ ဇာတိဆွဲထုတ်သွားပြီ နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေနေပါတော့ လက်တွင်းရောက်သွားပြီ၊ ကယ်မယ့်ယူမဲ့ ဆွေတွေ မျိုးတွေ မိဘတွေကြားထဲက ဆွဲထုတ်၊ သိပ်ကြောက်စရာကောင်းတယ်နော် သေချာတွက်ကြည့်၊ တိုလူမျိုးကလည်း ကျီးကန်းလိုပဲ သေစခဏကြတော့ အာလိုက်ကြတာ ဘာမှမပြောနဲ့၊ ဟိုဘက်ဘဝ စုတိနောင် ပဋိသန္ဓေ ဆိုတဲ့ အခန်း ထိအောင်တော့ လိုက်ပြီးတော့ မတတ်နိုင်ကြဘူး နော် (မှန်ပါတယ်ဆရာ)။ တတ်နိုင်သေးလား (မတတ်နိုင်ပါဘူးဆရာ)၊ မတတ်နိုင်ဘူး၊ ဟိုဘက်ရောက်သွားပြီး ဇာတိခေါ်သွားပြီ၊ ဆွေမျိုးတွေ အလယ်ကြားကနေ ခေါ်သွားပြီ၊ မကယ်နိုင်ဘူး။ ခုခေတ်များ သာပြီးတော့ ဒီသဘောတရားတွေ ထင်ဖို့ကောင်းသေး၊ မနက်မြင် ညပျောက်သွားပေါ့၊ မရှိဘူး၊ ညမြင်မနက်ပျောက်သွားပေါ့၊ ခေါ်သွားပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ရွာနဲ့ တစ်ခေါ်လောက်ကြတော့ သေနတ်သံကြားလိုက်တာပဲ သေပေါ့၊ မကြာမကြာ ကြားရတယ်။

အဲဒီဥပမာလိုပဲ အတူတူ ဇာတိ ဇရာ မရဏ။ ဇာတိတရားရယ် ဇရာတရားရယ် မရဏတရားရယ် ဒါ "သခ်ါရပစ္စယာ ဝိညာဏံ"ဆိုတဲ့ ပဋိသန္ဓေဝိညာဏ် ဇာတိဒုက္ခပြရာကနေ စပ်သွားတဲ့စကားပါ၊ ဇာတိရဲ့ ဒုက္ခလေးမျိုးလေးစား ခွဲပြတော့ အင်မတန်မှ ကြောက်စရာကောင်းတယ်၊ အင်မတန် ပင်ပန်းဆင်းရဲတာကို ခံရတယ်။ ဒါကြောင့် ရှေးရှေးသော သူတော်ကောင်း ပညာရှိများက ဇာတိဒုက္ခကြောက်လို့လွန်းလို့ ဇာတိမြုံအောင် ဇာတိချုပ်အောင် ဇာတိပြတ်အောင် ဇာတိရပ်အောင် ကြိုးစားအားထုတ်၊

http://www.dhammadownload.com

ဇာတိချုပ်သွားကြလို့၊ ဇာတိပြုတ်လို့၊ ဇာတိချုပ်လို့၊ ဇာတိငြိမ်းလို့ မဟာအသခ်ဳတမာတ် မြတ်သော နိဗ္ဗာန်ချဉ်းကပ်ကုန်ကြပြီ။ မသေသေးတဲ့ ငါတို့သူငါ လူတကာဆိုတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဇာတိရဲ့ဒုက္ခကို မမြင်ကြဘူး။ ဒါကြောင့် တစ်ဘဝပြီးတစ်ဘဝ ဆက်ကာ, ဆက်ကာ ပဋိသန္ဓေအသစ်အသစ်ကို ဖြစ်စေတတ်သော ကံနှစ်ပါးကို ကြိုးစားအားထုတ်လျက်ပဲရှိသေးတယ်၊ "အာယူဟနကံနှစ်ဝ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အာယူဟနကံနှစ်ဝ ပဋိသန္ဓေအသစ် ဖြစ်စေတတ်သော ကံနှစ်မျိုး ခေါ်တယ်၊ ကုသိုလ်ကံနဲ့အကုသိုလ်ကံနှစ်ပါးတဲ့ ဒီကံတွေ ကြိုးစားလျှင် ပဋိသန္ဓေအသစ် အသစ် ဆက်ကာဆက်ကာ ဖြစ်မယ်။

ပဋိသန္ဓေဆိုတာ ဇာတိပဲ၊ ဒီဇာတိရဲ့ သဘောလေးကို အဋ္ဌကထာ ဥပမာပြထားတာက ဇာတိရယ်, ဇရာရယ်, မရဏရယ်ဆိုတဲ့ တရားသုံးပါး၊ အင်မတန်ကြောက်စရာကောင်းတဲ့ တရားသုံးပါးတဲ့၊ လူသတ်ယောက်ျားသုံးဦးနှင့်မူတူတယ် ဆိုတဲ့အဓိပ္ပာယ်နဲ့ ပြထားလို့၊ အဓိပ္ပာယ် - ဆိုကြပါစို့၊ လူတစ်ယောက် သတ်လိုသော လူသတ်ယောက်ျားသုံးယောက်၊ တစ်ယောက်နဲ့တစ်ယောက် တာဝန်ယူကြ၊ ပထမ လူသတ်ယောက်ျားက မောင်ငဖြူဆိုတဲ့လူကို မိမိဆွေမျိုးဉာတိတို့ရဲ့ အလယ်မှ သွေးဆောင်ပြီးတော့ အပြင်သို့ ရောက်အောင် ငါခေါ်ယူလာခဲ့မယ်။ ဇရာတရားက မင်းသာ ဆွေမျိုးတို့၏အလယ်က တကယ်သွေးဆောင်ပြီးတော့ အပြင်သို့ရောက်အောင် လွတ်ရာ, ကျွတ်ရာ ရောက်အောင် ခေါ်နိုင်လို့ရှိရင် လွတ်ရာ ကျွတ်ရာရောက်တဲ့အခါကျတော့၊ ငါက ရန်တို့မမူနိုင်အောင် ထုထောင်းချေမွ သတ်ပုတ်လုပ်ပေးပြီး ဇရာက တာဝန်ယူတယ်။ ဒုတိယရန်သူ လူသတ်ယောက်ျားက တာဝန်ယူတယ်။ တတိယလူသတ် ယောက်ျားက မင်းသာ ရန်တို့တမူ ပြန်ပြီးတော့ ရန်မမူနိုင်အောင် ထုထောင်း ရိုက်ပုတ်ပေးလို့ ရန်မမူနိုင်သော ဘဝကျတော့ ငါက လည်ကို တိတိကျကျ ဖြတ်ပြီးတော့ သတ်မယ်။ သူသတ် ယောက်ျားသုံးယောက် မိမိတို့ တာဝန် အသီးသီးယူပြီးတော့ နံပါတ်တစ်ဆိုတဲ့ လူသတ်ယောက်ျားက မောင်ဖြူဆိုတဲ့သူကို ဆွေမျိုးတို့၏အလယ်က မျက်ကွယ်ရောက်အောင် သွေးဆောင်ပြီးတော့ ခေါ်လာ။ ဆွေမျိုးတို့၏ အလယ်က မျက်ကွယ်ရောက်အောင် သွေးဆောင်ပြီး ခေါ်လာတော့ ကယ်ပါ ယူပါလို့ အော်စရာလည်း မရှိ၊ ခေါ်စရာလည်း မရှိဘူး။ ကယ်သူလည်း မရှိ၊ လူသူမနီးတဲ့ တောနက်ကြီးထဲ ရောက်တဲ့အခါကျတော့ နှစ်နံပါတ် လူသတ်ယောက်ျားက ရန်တို့တမူ မပြုနိုင်အောင်လို့ ထုထောင်းရိုက်ပုတ်လုပ်ပေးမယ်။ မသေရုံတမယ်ကျန်တော့ ရန်မမူနိုင်ဘူးဆိုတဲ့ အဖြစ်ရောက်တော့မှ၊ သုံးနံပါတ် လူသတ်ယောက်ျားက လည်ဖြတ်ပြီးတော့ အသေသတ်လိုက်တယ်။

အဲ့ဒီ လူသတ်ယောက်ျားသုံးယောက်တို့ ဇာတိ, ဇရာ, မရဏ တရားသုံးပါးနဲ့ နှိုင်းယှဉ်ပြီး ပြထားတာ၊ ဇာတိဟာ ဆွေမျိုးဉာတိတို့၏အလယ်က မျက်ကွယ်သို့ရောက်အောင် ဆွဲဆောင်လာတဲ့

http://www.dhammadownload.com

နံပါတ်တစ် ဆိုတဲ့ လူသတ်ယောက်ျားနဲ့ တူတယ်။ မတူဘူးလားကွယ် (တူပါတယ်ဆရာ)။ အခုကြည့် ဇာတိ စုတိနောင် ပဋိသန္ဓေလို့ ပဋိသန္ဓေခဏလေး ဇာတိရတော့ ဟိုဘက်ဘဝတုံးကတော့ မိနဲ့ ဖနဲ့ ဆွေနဲ့ မျိုးနဲ့ မိတ်ဆွေအပေါင်းသမဂ္ဂနဲ့ ရန်သူလာရင် ကာကွယ်မယ်ဟဲ့ ကူညီမယ်ဟဲ့ စောင့်ရှောက်မယ်ဟဲ့လို့ ဝိုင်းဝိုင်းလည်နေတဲ့ ဆွေမျိုးဉာတိတို့၏အလယ်က တကယ်သွေးဆောင်ပြီး ခေါ်လာလို့၊ ဇာတိဟူသော ဘဝရောက်တယ်။ သေချာကြည့် ရောက်လာတော့ ဒီခန္ဓာကောင်လေးက ကယ်သူ ခေါ်လို့ရသေးလား (မရပါဘူးဆရာ)။ ခေါ်နိုင်သေးရဲ့လား (မခေါ်နိုင်တော့ပါဘူးဆရာ)။ ဟိုဘက်က ဆွေမျိုးတွေ ဒီဘက်လိုက်နိုင်သေးသလား၊ (မလိုက်နာပါဘူးဆရာ)၊ ကူညီနိုင်သေးလား (မကူညီနိုင်ပါဘူးဆရာ)။ ရောက်သွားပြီ မျက်ကွယ်ရောက်သွားပေါ့ နော် (မှန်ပါတယ်ဆရာ)။ မိဘဆွေမျိုးတွေ အလယ်ကနေ ဆွဲခေါ်သွားတာ။

ရောက်သွားပြီ ဇာတိရဲ့သတ္တိ ဇာတိရဲ့သဘော၊ ဇာတိလို့ဖြစ်လာပြန်တော့ ဇရာ ဆိုတာ ဆက်လျက်သား ပါသွားတယ်။ ဇာတိနောက် ဇရာလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဇရာဆိုတာ ရင့်ကျက်ခြင်းသဘော ခေါ်တယ်။ အိုမင်းမစွမ်းခြင်းသဘော ခေါ်တယ်။ ဒီနေရာတော့ ပါကဋ္ဌဇရာ, အပါကဋ္ဌဇရာလို့၊ သူသူငါငါ လူတကာသိတာ ပါကဋ္ဌဇရာ - ဆံဖြူတယ်, သွားကျိုးတယ်, အရေတွန့်တယ်, မျက်စိမှိုင်းတယ်, နားထိုင်းတယ်, ခါးကိုင်းတယ် ကလေးလူကြီး သိကြတယ်။ အိုဘေး ဒီအဘိုးကြီးက အိုဟဲ့၊ ဒီအမယ်ကြီးက အိုဟဲ့။ အသက်အရွယ်ကြီးတာဟဲ့။ ခါးတွေကိုင်းကုန်ပေါ့၊ နားတွေ ထိုင်းကုန်ပေါ့၊ ဆံတွေ ဖြူပေါ့၊ သွားတွေကျိုးပေါ့၊ မျက်စိတွေ သီကုန်ပေါ့။ ဒီလို သူသူငါငါ လူတကာ မြင်နိုင်ထင်နိုင်တဲ့ ဇရာမို့လို့ "ပါကဋ္ဌဇရာ"လို့ ခေါ်တယ်။ ရုပ်ဇရာ နာမ်ဇရာကြတော့ အပါကဋ္ဌဇရာလို့။ ရုပ်အိုတာ နာမ်အိုတာကြတော့ မမြင်ဘဲကိုကွ နော် (မှန်ပါတယ်ဆရာ)။ အဲဒါ မွေးစခဏက ပဋိသန္ဓေနောက်မှာ ဆက်လျက်သား ဇာတိရဲ့နောက် ဇရာဆိုတဲ့ ရင့်ကျက်မှုသဘောလေးတွေက တစ်နာရီထက်တစ်နာရီ, တစ်ရက်ထက်တစ်ရက်, တစ်လထက်တစ်လ, တစ်နှစ်ထက်တစ်နှစ် အသစ်အသစ် ဖြစ်နေတယ်ဆိုတဲ့ ရုပ်နာမ်နှစ်ပါးကိုက၊ တစ်နေ့တခြား ယိုယွင်းလာတယ် ဖောက်ပြန်လာတယ်။ ဟုတ်လား (မှန်ပါတယ်ဆရာ)။ စက္ခုပသာဒ-အကြည်ရုပ်ကလေးတွေ၊ အကြည်ရုပ် ကလေးတွေ ငယ်စဉ်တောင်ကျေး ကလေးတုန်းကတော့ မွေးစကလေးများ စက္ခုပသာဒ အင်မတန် ကြည်လင်သန့်ရှင်းတယ်။ တဇ္ဇာရီမြူ ခေါ်ထားတဲ့ မြူများတောင် အနုမြူများတောင် မြင်ကောင်းတယ်ခေါ်တယ်။ ပသာဒရုပ် ဘယ်လောက်ကြည်သလဲလို့ နော် (မှန်ပါတယ်ဆရာ)။ မှန်ပြင်လေး အင်မတန်သန့်ရှင်းတယ်။ အင်မတန် ကြည်လင်တယ်ခေါ်တယ်။

အဲဒီ ပသာဒရုပ်ကလေးက တစ်စ တစ်စ ကြီးပြင်းကြီးပြင်းလာတော့ ဒီပသာဒရုပ်ကလေးကိုက

http://www.dhammadownload.com

ရုပ်အို နာမ်အိုဆိုတဲ့အတိုင်းပဲ ရုပ်ကလေးက အိုအို၊ အိုအိုလာတယ်, ဟောင်းနွမ်းလာတယ်, ဆွေးမြေ့လာတယ်။ ဒီလိုသဘောလေး။ ဒါကြောင့် အသက်အရွယ်ကြီးလာတော့ မျက်စိက မှုန်လာတယ်၊ မျက်စိပြာလာတယ်၊ မပြာဘူးလား (ပြာပါတယ်ဆရာ)။ မွေးထဲက ဒီစက္ခုပသာဒ အကြည်ရုပ်ပါပဲလို့ နောက်အသစ်လဲ တပ်ထားတဲ့ မျက်လုံး မဟုတ်ပါဘူးလို့။ ဒါပေမဲ့ မွေးတုန်းက ပသာဒရုပ်ကတော့ ဒီရုပ်ကလေးကိုက ကြည်လင်သန့်ရှင်းတဲ့ သတ္တိရှိတယ်။ အခုတော့ ရုပ်အိုဆိုတဲ့အတိုင်းပဲ တစ်စတစ်စ ဟောင်းနွမ်း ယိုယွင်းလာတဲ့အတွက် အိုလာတယ်ခေါ်တယ်။ ဒါကြောင့် ငယ်ငယ်တုန်းကလို ကြည်လင်ပြတ်သားမှုမရှိ ဝိုးတိုးဝါးတားဖြစ်လာပေါ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ သောတပသာဒ-နားအကြည်လေးလဲ ဒီလိုပါပဲ။ ငယ်ငယ်တုန်းကတော့ ဒက်ခနဲဆို ကြားလိုက်တယ်, သိလိုက်တယ်။ နောက်တစ်စတစ်စနဲ့ အော်ပြောတာတောင် ရုတ်တရက်အားဖြင့် မကြားနိုင်ဘူး။ ဒီသောတပသာဒပဲလို့။ ဒါပေမဲ့ သောတပသာဒဆိုတဲ့ ရုပ်ကလေးက တစ်စတစ်စနဲ့ ဟောင်းနွမ်းဆွေးမြေ့လာတဲ့ သဘောလေး၊ အိုလာတဲ့ သဘောလေး၊ အဲဒီလို ရုပ်အိုဆိုတဲ့ သဘောလေးတွေကြတော့ မမြင်နိုင်ဘူး။ အပါကဋ္ဌဇရာမျိုးခေါ်တယ်။ မထင်ရှားသော ဇရာတဲ့။ မမြင်နိုင်သော ဇရာတဲ့။

နာမ်တရားလည်း ထို့အတူပဲ ငယ်ငယ်တုန်းက အသိဉာဏ်မာတ် အင်မတန်ကောင်းပေတဲ့။ "မောမူဟဒသက" အရွယ်လောက်ရောက်လာပေမဲ့ သတိမေ့လျော့လာကုန်ပေါ့။ ပြောပြီးသားစကား မပြောသေးဘူး ငြင်းလိုငြင်း။ ထမင်းစားပြီးသား မစားရသေးဘူး ငြင်းလိုငြင်း နော် (မှန်ပါတယ်ဆရာ)။ သတိချို့ယွင်းလာတယ်။ အသိဉာဏ်လေးတွေ တဖြည်းဖြည်းနဲ့ ဟောင်းနွမ်းလာတယ်လို့ခေါ်တယ်။ ယိုယွင်းလာတယ်တဲ့၊ အိုလာတယ်။ ဒါ ရုပ်အို နာမ်အိုကြတော့ သူသူငါငါ မြင်ကောင်းတာ မဟုတ်ဘူး။ ဒါကျတော့ အပါကဋ္ဌဇရာမျိုး ခေါ်တယ်။ အဲဒီ အပါကဋ္ဌဇရာ မမြင်နိုင်သော ဇရာတရားကို မြင်နိုင်သော ဇရာတရားနှင့် နှိုင်းယှဉ်ကြည့် သိတာပဲတဲ့။ အဓိပ္ပာယ်အားဖြင့် မီးလောင်သွားတဲ့ မီးကြောင်း၊ မီးလမ်းကြီး မြင်တွေ့သလို မီးကတော့ မရှိပါဘူး။ ဒါပေမဲ့ တောထဲ တောင်ထဲ ရောက်တဲ့အခါကျ မီးသွားတဲ့ မီးလမ်းကြီး လောင်စာတို့ ပြာတို့ မီးသွေးတို့ ဒီလိုဟာတွေ မြင်တာနဲ့ ဒီနေရာ မီးလောင်သွားတာပဲလို့ သေသေချာချာ တတ်အပ်အားဖြင့် သိနိုင်သလိုပဲ၊ မီးကြောင်းမြင်တာနဲ့ မီးရှိတယ်၊ မီးလောင်သွားတယ် သိသလို နော် (မှန်ပါတယ်ဆရာ)။ မီးသွားတဲ့လမ်း မြင်တာနဲ့ သိရတယ်။ အခုလည်း ဆံဖြူခြင်း သွားကျိုးခြင်း, အရေတွန့်ခြင်း, မျက်စိမှိုင်းခြင်း, ခါးကိုင်းခြင်း, နားထိုင်းခြင်းဆိုတဲ့ မီးသွားတဲ့ မီးလမ်းလိုပါပဲလို့။ ဒီပါကဋ္ဌဇရာကြီး မြင်တာနဲ့ ရုပ်အို, နာမ်အို, ခန္ဓာအိုခေါ်ထားတဲ့ အပါကဋ္ဌဇရာလည်း သိကောင်းပါ၏ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဇရာအချက်တွေ ဇာတိရဲ့ နောက်က ဆက်လျက်သားပါလာတယ်။ နာရီအားဖြင့်

http://www.dhammadownload.com

တစ်နာရီထက်တစ်နာရီ, တစ်ရက်ထက်တစ်ရက်, တစ်လထက်တစ်လ, တစ်နှစ်ထက်တစ်နှစ် ရင့်ရော်ရင့်ရော်လာတယ်။ အိုမင်း ဆွေးမြေ့လာတယ်ဆိုတဲ့ သဘောလေး နောက်ဆုံးကျတော့ ဇရာလက်စသတ်၊ ဇရာနောက်ဆုံးကျတော့ ဘာတွေ့၊ မရဏတွေ့ နော် (မှန်ပါတယ်ဆရာ)။ မရဏတွေ့တယ်လို့ ဇရာလည်း ကုန်ဆုံးရော လုံးလုံးကြီး မရဏနှင့်တွေ့တယ်။ ဒါကြောင့် ဇာတိ, ဇရာ, မရဏဆိုတဲ့ သဘာဝတွေက စောစောက ပြောထားတဲ့ လူသတ် ယောက်ျားသုံးယောက်နဲ့တူတယ်။ အင်မတန်မှ သဘာဝကျတဲ့ ဥပမာလည်းခေါ်တယ်။ စဉ်းလည်းစဉ်းစား။ ဒါကြောင့် ဇာတိရယ်လို့ ရလာတဲ့ အချိန်ကစ ဇာတိရဲ့နောက်ပိုင်း ဇရာဆိုတဲ့ ရင့်ကျက်မှု သဘောက ဖိစီးနှိပ်စက်ထားလိုက်တာလို့ နှစ်နံပါတ်ဆိုတဲ့ သူသတ်ယောက်ျား တာဝန်ခံထားသလို မင်းသာဆွေမျိုးဉာတိတို့၏အလယ်က မျက်ကွယ်ကို ရောက်အောင် ခေါ်ဆောင်နိုင်လို့ရှိရင်ဖြင့် ဒီကောင်ကို ငါရန်တုံ့မူမပြုနိုင်အောင် ငါထုရိုက်ထောင်းချေပေးမယ်ဆိုတဲ့ တာဝန်အတိုင်း နာလန်မထူနိုင်အောင် အခု ဇရာက ဖိစီးနှိပ်စက်တော့ ကိုယ့်အရိုးမှ ကိုယ်မသယ်နိုင်တဲ့အဆင့်ရောက်တော့တယ်။ မရောက်ဖူးလား (ရောက်ပါတယ် ဆရာ)၊ သယနဒသက-အိပ်ရာက မထဘူးတဲ့။ ဒသကဆယ်ပါးတုန်းက ဘာပြောခဲ့ပေါ့၊ သယနဒသက-အိပ်ရာက မထနိုင်ဘူး၊ လူထူမှ ထိုင်နိုင်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဇရာက ညက်ညက်ကျေအောင် ထုထောင်းထားလိုက်တာလို့ မထုဘူးလာကွာ (ထုပါတယ်ဆရာ)။ ပြီးတော့မှ အိပ်ရာကမထနိုင်အောင် ကိုယ့်အရိုးမှ ကိုယ်မသယ်နိုင်တဲ့ဇရာက ထုထောင်းချေမွထားလို့ လုံးလုံးကြီးမလှုပ်မယှက်နိုင်တဲ့ ဘဝမျိုးရောက်ခါမှ မရဏက လည်ပင်းကို တောင်းတောင်းဖြတ်၍ အသေသတ်တယ်ဆိုတဲ့ သုံးနံပါတ် လူသတ်ယောက်ျားလို ဇရာလမ်းလည်း ကုန်ဆုံးရော၊ မရဏနဲ့ လုံးလုံးကြီးတွေ့သေကြတယ်မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါ ဝိညာဏဓာတ်ကလေးက "သခ်ါရပစ္စယာ ဝိညာဏံ"ဆိုတဲ့ ဝိညာဏ်သည် ပဋိသန္ဓေရဲ့ အဓိပ္ပာယတ္ထအားဖြင့် ဆက်စပ်နေလို့ ပဋိသန္ဓေဆိုတာ ဇာတိပါပဲလို့ ဒါကြောင့် ဇာတိသည် အင်မတန်မှ ကြောက်စရာကောင်းတယ်၊ ဆွေမျိုးဉာတိအပေါင်းတို့ရဲ့အလယ်ခေါင်မှ သွေးဆောင်ပြီးတော့ မျက်ကွယ်ရောက်အောင် ခေါ်ဆောင်သွားတဲ့ နံပါတ်တစ်ဆိုတဲ့ လူသတ်ယောက်ျားက ခေါ်လာခဲ့ပြီ၊ ဒါကြောင့် ဘဝသစ်လာပြီးတော့ ဇာတိဖြစ်တယ်။ ဟိုဘက်ဘဝက ဘယ်ဆွေမျိုး, ဘယ်အစ်ကို, ဘယ်ညီ ဘယ်နှမ, ဘယ်အမ, ဘယ်မိကြီး, မိထွေး, ဘကြီး, ဘထွေး, ဦးကြီး, ဦးလေး, မိဘမှစ၍ မလိုက်နိုင်တော့ဘူး၊ လိုက်နိုင်သေးလား (မလိုက်နိုင်တော့ပါဘူးဆရာ)၊ မလိုက်နိုင်ဘူးတဲ့၊ ဒီဘက်ရောက်ခဲ့ပေါ့၊ အဲဒီကျမှ ဇရာက ဖိစီးနှိပ်စက်တယ်။ ဇရာဖိစီးနှိပ်စက်လို့ ညက်ညက်ကျေမှ မရဏ-က အသေသတ် တူရဲ့လားဟ (တူပါတယ်ဆရာ)၊ အေး တူတယ်၊ အင်မတန်တူတယ်။

ဒါကြောင့် ဇာတိဒုက္ခပြတဲ့နေရာမှာ ဇာတိကိုက တကယ်ကြောက်စရာကောင်းတဲ့ တရားအစစ်

http://www.dhammadownload.com

ကြီးပါလား ဆိုတာလည်း မျက်ဝါးထင်ထင် မြင်နေတယ်။ မြင်သည့်အလျောက်လည်း ဇာတိကို ကြောက်သောအားဖြင့် ထိုဇာတိမြုံတဲ့ ဇာတိကုန်တဲ့ မဟာအသခ်ိတဓာတ် မြတ်သောနိဗ္ဗာန်သို့ ငါတို့ရောက်ကြမှ အေးမယ်ဆိုတဲ့ အနေအားဖြင့်၊ နိဗ္ဗာန်မျော်မှန်း တမ်းတပြီးတော့ "ဝိဝဋ္ဋပါဒ"ခေါ်ထားတဲ့ ဒါန, သီလ, သမထဆိုတဲ့ ကုသိုလ်အစုစု ကြိုးစားပြီး ပြုနိုင်သမျှ ပြုကြ၊ ဒါမှ တစ်နေ့ထက်တစ်နေ့ နီးစပ်လာ မှာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ပဋိသန္ဓေခဏမှာ "သခ်ါရပစ္စယာ ဝိညာဏံ" ဆိုတဲ့အတိုင်း သခ်ါရသုံးမျိုးတည်းဟူသော အကြောင်းကြောင့် ပဋိသန္ဓေဝိညာဏ် လာဖြစ်တယ်ဆို တော့ စုတိနောင် ပဋိသန္ဓေ၊ စုတိနောင် ပဋိသန္ဓေ၊ နောက်ဆုံး ဟိုဘက်ဘဝက စုတိစိတ်ကလေးက ဥပါဒ်, ဌိ, ဘင်လို့ ခဏငယ်သုံးချက်ရှိပြီး၊ ပျက်, စုတိစိတ်ဆိုတာ တခြားမဟုတ်ပါဘူး၊ စုတိစိတ်ကျပေါ့၊ စုတိမနေ သေလွန်ပေါ့ စာလည်းရေးကြတယ် စုတိစိတ်ကျပေါ့ စကားလည်းသုံးကြ၊ ဒီတော့ စုတိက သေတာလို့ ဒီလိုထင်နေကြတယ်။

စုတိဆိုတာ ဘာဆိုသလဲ

အမှန်က စုတိဆိုတာ ရွှေ့လျောသွားတာ ခေါ်တယ်၊ "စဝနံ စုတိ" စုတိ-ရွှေ့လျောခြင်း။ ဟိုဘက်ဘဝဟောင်းမှ ဘဝသစ်သို့ ရွှေ့လျောသွားတဲ့ သဘောလေး စုတိလို့ခေါ်၏၊ နော် (မှန်ပါတယ်ဆရာ)၊ ဒါ စုတိဟာ မရဏရဲ့ပရိယာယ်ခေါ်ပါတယ်။ ဒါကြောင့် မောင်ဖြူသေ, မောင်နီသေ, လူသေ, နတ်သေ, ပြဟ္မာသေ ဆိုတဲ့ အသေတွေ မှတ်မှတ် မှတ်မှတ်နေလို့ရှိရင် ဒါ မရဏာမှာ တွေဝေသော သဘောတရားခေါ်တယ်။ အမှန်က သူလည်းမသေ ငါလည်းမသေ နတ်လည်းမသေ ပြဟ္မာလည်းမသေ ခွေး, ဝက်, ကြက်, ငှက်တွေလည်း မသေနော် (မှန်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝသစ်က ဖြစ်နေတဲ့ ဝိထိဇောစိတ် အစဉ်ကလေးတွေ ချုပ်သွားတာ ပြုတ်သွားတာ ပြတ်သွားတာ ရပ်သွားတာကို ခေါ်ပါ၏။ ဒါကြောင့် ဟိုဘက်ဘဝက နောက်ဆုံးစိတ်ကလေးသည် "စုတိစိတ်"လို့ ခေါ်ပါတယ်။ ထိုစုတိစိတ်ကလေး တစ်ချက်မှာတွင်ပင်လျှင် ဥပါဒ်, ဌိ, ဘင်လို့ ခဏငယ်သုံးချက်စေ့တော့ပျက်၏၊ ခဏငယ်သုံးချက်စေ့လို့ ပျက်သည်နှင့်တစ်ပြိုင်နက် ဘဝသစ်မှာ ပဋိသန္ဓေဆိုတဲ့ စိတ်ပေါ်လာတယ်၊ သူလည်းပဲ ဥပါဒ်, ဌိ, ဘင်လို့ ခဏငယ်သုံးချက်။ ဒီတော့ ဥပါဒ်, ဌိ, ဘင်ခဏငယ်သုံးချက် ပဋိသန္ဓေစိတ်ကလေးရဲ့ ခဏငယ်သုံးချက်ရှိတဲ့အနက်က ဥပါဒ်ခဏလေးမှာပဲ ထိုပဋိသန္ဓေစိတ်နဲ့ တစ်ဥပါဒ်တည်း ပြိုင်ပြီးဖြစ်တာက ကံကြောင့်ဖြစ်သော ကမ္မဇရုပ်နှစ်ဆယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ပဋိသန္ဓေစိတ်က ဆယ့်ကိုးပါး၊ ဒါ ပဋိသန္ဓေရဲ့ခဏ ဥပါဒ်ခဏလေး ပြိုင်ဖြစ်ကြတာ၊ လွန်ခဲ့သော အတိတ်ဘဝက "သခ်ါရပစ္စယာ" ဆိုတဲ့အတိုင်း ထိုပုညာဘိသခ်ါရ, အပုညာဘိသခ်ါရ, အာနေဉ္ဇာဘိသခ်ါရဆိုတဲ့ စေတနာကံတွေ အကြောင်းဖန်ပြီး ပို့လိုက်လို့ ဒီဘက်ဘဝဖြစ်လာတဲ့ ပဋိသန္ဓေခဏ

http://www.dhammadownload.com

ရလာတဲ့ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်နှစ်ဆယ်၊ ကံရုပ် ဟိုဘက်ဘဝက ကုသိုလ်ကောင်းမှု ပြုလို့ရှိရင် ဒီဘက်ဘဝ လူဖြစ်မယ် နတ်ဖြစ်မယ် ဗြဟ္မာဖြစ်မယ်။ ဟိုဘက်ဘဝက အကုသိုလ်ပြုလို့ ရှိရင် ဒီဘက်ဘဝမှာ အပါယ်လေးပါး ပဋိသန္ဓေအားဖြင့် ဖြစ်မယ်။ ဘယ်ဘဝဖြစ်ဖြစ် ဒုဂ္ဂတိဘဝ အပါယ်လေးပါးဖြစ်ဖြစ်၊ သုဂတိဘဝ လူပဲ, နတ်ပဲ, ဗြဟ္မာပဲဖြစ်ဖြစ် ဟိုဘက်ဘဝက ပြုလုပ်လာတဲ့ ကံ၏ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ ကံရုပ် ခေါ်ထားတဲ့ "ကမ္မဇရုပ်" နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဉာဏ်စွမ်း ဆန်းကြယ်သလို ကံဆန်းကြယ်၏တဲ့၊ လာပြီးတော့ အဆန်းဆန်း အကြယ်ကြယ်အားဖြင့် ဖြစ်တယ်၊ ကံရုပ်များ အင်မတန်အံ့သြစရာကောင်း မှတ်ထားကြ နော်၊ အခုလက်ရှိ ဘဝကြီးရောက်တော့ ကိုယ့်ကိုကိုယ် မှန်ထဲကြည့်ပြီးတော့ တဖြည်းဖြည်းနဲ့လွန်ခဲ့သော အတိတ်ဘဝက အပြစ်တွေ ပြန်ပြန်ပြ၊ စိတ်ထဲက မကျေမနပ်ကြီးဖြစ်နေ။ လှချင်လိုက်တာလွန်လို့ ရုပ်ကလည်းမလှ။ အဲဒါ အားမလို အားမရဖြစ်။ ငါ့ကိုယ်က နောက်နောင်သောဘဝက ညံ့ခဲ့ပါတယ်။ နောက်နောင်သောဘဝ ကုသိုလ်ကောင်းမှု ပြုစဉ်အခါတုန်းက ဒီသခါရတရား ကြိုးစားအားထုတ်စဉ်အခါက ဟုတ်ဟုတ်ငြားငြား ပြတ်ပြတ်သားသားနဲ့ တိတိပပ ကျကျနန ငါလုပ်လာလို့ရှိရင်၊ ဒီဘက်ဘဝ တကယ်ဟုတ်တဲ့ရုပ်တွေ ဖြစ်မယ်။ တကယ့် လူငေးလောက်အောင်လှရမယ်။ အခုတော့ ငါ့ရုပ်ကလည်း ငါလှချင်သလောက်မလှဖြစ်နေ၏ ခရီးမပေါက် ခရီးမရောက်ဖြစ်နေပြီး သူများနည်းတူမှလည်း မလှ၊ သူသူငါငါ လူတကာကြည့်ပျော် ရှုပျော် ရုံလေးမှလည်း မလှမပဖြစ်နေ။ အင်မတန် အကျိုးပေးမကောင်းဖြစ်နေ၏။ လွန်ခဲ့သော အတိတ်အကြောင်းတွေ ပြန်တွေးမိလေပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)။

တချို့ကလည်း သိမှာမဟုတ်ပါဘူး။ အတိတ်က ငါမကောင်းခဲ့လို့ ငါလုပ်လာတဲ့ကံ အကြောင်းကိုက မကောင်းခဲ့လို့ ဒီကံကြောင့် ဖြစ်တဲ့ရုပ်ကိုက ငါအိုနေတယ်ဆိုတာ သိချင်မှ သိမယ်။ တချို့တော့လည်း အတော်အသင့်လေးလှနေတယ် ငါ့နောက်နောက်က လုပ်လာတဲ့ ကုသိုလ်ကံက တော်တော်လေး ဟန်ကျပန်ကျရှိနေလို့ ခုတော့ ကြည့်ပျော် ရှုပျော်လေး။ ငါတော့ လှလှပပ တင့်တောင်းတင့်တယ်လေးဖြစ်ရတယ်။ ရုပ်လှတယ်၊ ရုပ်အိုတယ် ရုပ်ဆိုးတယ်ဆိုတာ လွန်ခဲ့သော အတိတ်ဘဝက ကုသိုလ်ကံ လုပ်လာစဉ် အခါက ကုသိုလ်ကံက စင်ကြယ်သန့်ရှင်းတာ၊ မစင်ကြယ်သန့်ရှင်းတာ ကွာသွားတယ် နော် (မှန်ပါတယ်ဆရာ)။ အဲဒီထဲ ဝိပါကဝဋ်ဆိုတာပါသေး။ "ဝဋ်မှာအမြဲ ငရဲမှာအပ" တစ်ချို့လည်း "ဝစီဘေဒ ထိတိုင်းရှ" မသိရှာဘူး ဝစီကံ၊ ရက်ရက်စက်စက် တစ်ဖက်သား ဆဲလိုက် ဆိုလိုက် ပြောလိုက်၊ အင်မတန် ကြောက်စရာကောင်း။ ဒါကလည်း ဘဝအဆက်ဆက် လိုက်တတ်တယ်။ ဒီတော့ ဟိုဘက်ဘဝက ပြုလုပ်လာတဲ့ကံက ကောင်းရင်၊ ဒီဘက်ဘဝလာပေါ်တဲ့ထိုကံကြောင့်ဖြစ်တဲ့ ရုပ်ကလေးကိုက ကောင်းတယ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အမိဝမ်းတွင်းက မွေးသည်နှင့်တစ်ပြိုင်နက်

http://www.dhammadownload.com

ကြည့်လိုက်ရင် တချို့တော့ ဖြူဖြူဖွေးဖွေး လှလှပပ တင့်တောင်းတင့်တယ် မျက်လုံး မျက်ခုံး အသား အရေ အဆစ်အမြစ်နဲ့တကွ ပြည့်ပြည့်ဖြိုးဖြိုးနဲ့ မြင်သူတိုင်း ခိုးမွမ်းစကား ပြောကြားကြတယ်။လှလိုက်တဲ့ ကလေးဟာ ဝလိုက်တဲ့ကလေးဟဲ့ ချစ်စရာကောင်းလိုက်တာ မျက်နှာကဘယ့်နဲ့ အသားအသွေးက ဘယ်လို၊ မျက်လုံးမျက်ခုံးက ဘယ်ကဲ့သို့ မပြောဘူးလားကွယ် (ပြောပါတယ်ဆရာ)။ တချို့တော့လည်း အိုဆိုးလိုက်တာလို့၊ မွေးလာထဲက ကြည့်လိုက်ရတာ အားကိုရှိစရာ အကြောင်းမရှိဘူး။ အဲဒါ ဟိုဘက် ဘဝက ကံတွေနော် (မှန်ပါတယ်ဆရာ)။

"ကမ္မဝိပါကော အစိန္တိယော" ကံစီမံတာများ အံ့ဩစရာကောင်း။ ဘယ်ထိအောင် အံ့ဩစရာ ကောင်းလဲဆို သေချာကြည့်စမ်း၊ မင်း လူပရိသတ်အများကြီးဆိုတဲ့ နေရာတွေ မင်းရောက်ဘူးရဲ့လား (ရောက်ဘူးပါတယ်ဆရာ)။ ဘယ်လောက်များ (တော်တော်များပါတယ်ဆရာ)။ ပြောစမ်းပါ အမှန်းနဲ့ (နှစ်ထောင်သုံးထောင်လောက်အထိ မြင်ဖူးပါတယ်ဆရာ)။ ဒါပဲလား (ဒါပါပဲဆရာ)။ ဟုတ်မှာပေါ့လေ ထားပါတော့။ နှစ်ထောင် သုံးထောင်လောက်ရှိတဲ့ ပရိသတ်တွေတော့ မြင်ဖူးတယ်လား (မြင်ဖူးပါတယ် ဆရာ)။ ဒါကတော့ အဆန်းမဟုတ်ပါဘူးကွာ။ ဒို့သင်တန်းမှာ နေ့တိုင်း နေ့တိုင်း မြင်နေတာ၊ အင်မတန် ပရိသတ်များတဲ့ နေရာသွားကြည့် ဉာဏ်မျက်စေ့နဲ့ ကြည့်ပေါ့။ ပရိသတ်အများဆုံး တွေ့ချင်လို့ရှိရင် ရန်ကုန်မြင်းပွဲ သွားပေါ့။ ဘောပွဲသွားပေါ့ နော် (မှန်ပါတယ်ဆရာ)။ အဝီစိသွားမဲ့ဟာတွေ ပြည့်လို့ အများဆုံး အများဆုံး၊ ဘောပွဲများ ကြားဖူးကြရဲ့လား။ မနက်မိုးမလင်း ခင်ထဲက ထမင်းထုပ်နဲ့ ထမင်းခြိုင်နဲ့ဘောလုံးကွင်းထဲ ရောက်လာကြတယ်။ ဘယ်လောက်များ ကြိုးစားတယ်ဆိုတာ သေချာကြည့်၊ အံ့ဩစရာကောင်းလိုက်တာ နော် (မှန်ပါတယ်ဆရာ)။ ကန်မှာက ညနေသုံးနာရီ လေးနာရီမှ ကန်မှာ၊ နေရာမရမှာ စိုးလို့တဲ့။ မနက်အစောကြီးထဲက ထမင်းထုပ်နဲ့ ထမင်းခြိုင်နဲ့ ရောက်ကုန်ကြပေါ့။ ကြိုးစား ကြ ကြိုးစားကြ။ ဒီလိုကြိုးစားပေးမှ သို့မဟုတ် အဝီစိခြောက်နေရောပေါ့။ လူများတဲ့နေရာတွေ ပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)။ နောက် အမှတ်ထားကြည့်၊ လူများတဲ့နေရာ ရောက်လို့ရှိရင် သေချာကြည့် စမ်း။ ဒီလောက်တောင် လူများနေတာ တစ်ယောက်နဲ့တစ်ယောက် တူလိုက်တာဟာ ရွေးမရဘူး၊ မြင်ဖူးရဲ့လား (မမြင်ဘူးပါဘူးဆရာ)။ တူရာရှာမရဘူးပေါ့ (မရပါဘူးဆရာ)။ ဒီလောက်များနေတာ အဲဒါ မျက်မြင်ပြောတာပါ။ တစ်ကမ္ဘာလုံးစုပါ ရှိသမျှလူတွေ အကုန်စု၊ ရှိသ မျှလူတွေ အကုန်စုပြီးတော့ ထိုင်ခုံပေါ် အထိုင်ခိုင်းပြီးတော့ မျက်နှာတွေလျှောက်ကြည့်၊ တူလိုက်တာဟာ တစ်ယောက်နဲ့တစ် ယောက် ဘယ်လို့ပဲဟ ခွဲမရဘူးဟ- တူတာရှာရရဲ့လား (မရပါဘူးဆရာ)။

ဆင်တူရိုးမှားလေးတော့ တစ်ခါတစ်ရံ ပေါ်တတ်ပါလိမ့်မယ်နော် (မှန်ပါတယ်ဆရာ)။ အဲဒါကြ တော့ အမွှာပူးမွေးတဲ့လူများ ခပ်ဆင်ဆင်တူကြတယ်။ ဒါလည်း ဆင်ဆင်ပါပဲ သေချာကြည့်တော့

http://www.dhammadownload.com

မတူပါဘူး။ အဲဒါ ကံလုပ်ပေးတဲ့ ရုပ်တွေ အံ့သြစရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။ မင်း ပန်ခြီဆရာသာရေးရင် အရုပ်ပေါင်းတစ်ရာမပြည့်ဘူး။ တစ်မျက်နှာနဲ့တစ်မျက်နှာ ထပ်နေရော့ နော် (မှန်ပါတယ်ဆရာ)။ ကွဲအောင် လွဲအောင်ရေးလို့ ဖြစ်ပါ့မလားဟ (မဖြစ်ပါဘူးဆရာ)။ ပန်းပုဆရာ အထုခိုင်း ဆယ်ရုပ်မထုနိုင်ဘူး။ တော်ကြာ တစ်ယောက်နဲ့တစ်ယောက် ထပ်တူကြီးဖြစ်နေ၊ ကွဲအောင် လွဲအောင် ထုနိုင်ပါ့မလား (မထုနိုင်ပါဘူးဆရာ)။ အဲဒါ လူလောကရှိတဲ့ လူတွေအကုန်ပေါင်းကွ။ နတ်လောကရှိတဲ့ နတ်တွေ အကုန်ပေါင်း၊ ပြဟ္မာလောကရှိတဲ့ ပြဟ္မာတွေ အကုန်ပေါင်း၊ ပြဟ္မာ့နယ်က လည်း ရှိသမျှ ပြဟ္မာတွေ စုပေါင်းပြီးတော့ယှဉ်ကြည့် ဟိုပြဟ္မာနဲ့ဒီပြဟ္မာ သိပ်တူတယ်လို့။ ဒါပေမဲ့ မင်းတို့က ဒို့ပန်းချီဆရာတွေ ရေးတဲ့ကားထဲတွေတော့ ဟိုနတ်ကြည့်လည်း အတူတူ၊ ဒီနတ်ကြည့်လည်း အတူတူ။ နတ်တွေ မတူဘူးလားဟ (တူပါတယ်ဆရာ)။ တူမှာပေါ့ကွာ ပန်းချီလက်ကလည်း ဒါပဲတတ် တယ်။ ရုပ်ကွဲအောင် မရေးနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)။ လူတွေလည်း ဒီလိုပဲ လူ့လောက လူတွေ အကုန်ပေါင်း၊ ပေါင်းပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ယှဉ်ကြည့်စမ်း။ တစ်မျက်နှာနဲ့ တစ်မျက်နှာ တူရဲ့လား (မတူပါဘူးဆရာ)။ မတူဘူး နော် (မှန်ပါတယ်ဆရာ)။ ကံက ဘယ်လောက် အံ့သြစရာ ကောင်းလဲ။ ကံစီမံထားတယ် ကံရုပ်တွေခေါ်တယ်။ ကံလုပ်ထားလိုက်တာလို့ လူသာလုပ်ရင် ဘယ့်နဲ့ နည်းမှ ဒီလိုမဖြစ်နိုင်ဘူး။ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)။ ကံလုပ်တာမို့လို့ သိန်းသန်းကုဋေ မရေမတွက်များနေပေမဲ့ တစ်မျက်နှာနဲ့တစ်မျက်နှာ ထပ်လျက်သားတူနေတယ်လို့ကို မပါလာဘူး။ ကံရုပ်လေးတွေ တစ်ခုနဲ့တစ်ခု ခြားနားသွားအောင် ဖန်ဆင်းသွားလိုက်တာ ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)။ အံ့သြစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။

"ကမ္မဝိပါကော အစိန္တိယော" တဲ့။ အဲဒါ ကံရုပ်ကလေးတွေချင်း ပြောတာ။ ကံစီမံဖန်တီးပေးလို့ ရလာတဲ့ စည်းစိမ်တွေကြပြန်လည်း အမျိုးမျိုးအဖုံဖုံ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ မတူဘူး မတူဘူး။ ဘယ်တော့မှတူလို့မဖြစ်ဘူးဆိုတာမှတ်ထားနော် (မှန်ပါတယ်ဆရာ)။မတူဘူး။ ကမ္မဝိပါကော၊ ကံ၏အကျိုးတရားကို။ အစိန္တိယော၊ ကြံစည် အံ့သြပြောလို့ ဟောလို့ မကုန်နိုင်။ ကမ္မဝိပါက အစိန္တိယ္ပုဏ်တဲ့။ အစိန္တိယ္ပနဲ့ ဟောထားလို့ ကံရုပ် ကံရုပ်။ ဒါကြောင့် ခုလည်းပဲ စုတိနောင်ပဋိသန္ဓေ ဝိညာဏ်လေးရလာတဲ့အချိန်ကစ ထိုပဋိသန္ဓေရဲ့ စိတ္တက္ခဏတစ်ချက် ဥပါဒ်ခဏမှာ လွန်ခဲ့သော သခီရ အတိတ် ဘဝကပြုလာတဲ့ ကံအကြောင်းခံလို့ ဒီဘက်ဘဝပို့လိုက်တဲ့ရုပ်၊ ကံရုပ်ဆိုတဲ့ ကမ္မဇရုပ်နှစ်ဆယ်နဲ့ ပဋိသန္ဓေဆယ့်ကိုးပါးနဲ့ တစ်ဥပ္ပါဒ်တည်း ပြိုင်ဖြစ်ကြတယ်။ ဒီ အခါတုန်းက "ပထမံ ကလလံ ဟောတိ" ဆိုတဲ့အတိုင်း ကလလရေကြည်လေးပဲ ရှိသေးတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။ ချောတယ် လှတယ်ဆိုနိုင်သေးသလား (မဆိုနိုင်ပါဘူးဆရာ)။ ဒါပေမဲ့ ဒီထဲမှာ ချောမဲ့ကံရုပ်ဖြင့်လည်း မျှော်ပြီးသား

http://www.dhammadownload.com

ပါလာတာနော် (မှန်ပါတယ်ဆရာ)။ သဘောလေးတွေ ပါပြီးသား။ အိုမဲ့ရုပ်ဖြင့်လည်း ဒီထဲပါပြီးသားပဲ။ ရုပ်လုံးကတော့ မပေါ်သေးဘူး။ မပေါ်ပေမဲ့ သဘောကတော့ သက်ဝင်ပြီးသား ဒီလိုမှတ်ရမယ်။ ဘယ်ကျမှ ဒီကံရုပ် ရုပ်လုံး ပေါ်လာသလဲဆိုတော့ အမိဝမ်းက မွေးဖွားမှ သူမြင်, ငါမြင်, မြင်ကြမှ ပြောကြမယ် -

လှလိုက်တာ, ဝလိုက်တာ, မျက်လုံးက မျက်ခုံးကဘယ်နဲ့, အသားအရေကဘယ်လို, အရိုးအဆစ်ကဘယ်နဲ့, အရပ်အမောင်းအလုံးအထည်ကဘယ်လို, ပြည့်ပြည့်ဖြိုးဖြိုး, တင့်တင့်တယ်တယ်နဲ့, တကယ်လှတဲ့ကလေးပါပဲလို့။ ဒီကျမှ ကံရုပ်ပေါ်လာတယ်၊ ကံရုပ်ကလေး နော် (မှန်ပါတယ်ဆရာ)။ အဲဒါ ပဋိသန္ဓေခဏရလာတဲ့ကံ၊ ကံကြောင့်ဖြစ်လာတဲ့ရုပ်ပဲလို့၊ ဒီမှာ လာပြီးသက်သေခံတယ်။ ဒီကျမှ သူ့လည်းပဲ အင်္ဂါကြီးငယ် အသွယ်သွယ်လည်း စုံလင်လာပြီ။ လူတစ်ယောက်ရဲ့ဘဝသို့ရောက်တယ်။ ဒီကျမှ ထင်ထင်ရှားရှား ပြတ်ပြတ်သားသား သိကြတယ်၊ အဲဒါ ကံစီမံတယ်လို့ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ ပဋိသန္ဓေခန်းမှာ - ဒါကြောင့် "သခ်ါရပစ္စယာ ဝိညာဏံ"ဆိုတဲ့ ပုဒ်မှာ သခ်ါရကအကြောင်း ဝိညာဏ်ကအကျိုး အဲဒီသခ်ါရအကြောင်းခံပြီးတော့ ဒီဘက်ဝိညာဏ်ဖြစ်တဲ့ နေရာလေးမှာ အခုပြနေတဲ့သဘာဝ ပဋိသန္ဓေခန်းလေး အဓိကထားပြီး ပြခြင်းဖြစ်တယ်။ ဒါကြောင့် စုတိနောင် ပဋိသန္ဓေဆိုတဲ့ ထိုပဋိသန္ဓေရဲ့ဥပါဒ်ခဏမှာ ပဋိသန္ဓေစိတ်ဆယ့်ကိုးပါးနဲ့ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်နှစ်ဆယ်လို့ တစ်ဥပါဒ်ထဲပြိုင်ဖြစ်ပြီး ဥပါဒ်ခဏလေးက, စတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကံကြောင့်ဖြစ်သော ရုပ်သည် ဒီကစခဲ့၏။

ဥပါဒ်ပြီးတော့ ဌီ၊ ဌီခဏကျတော့ ဥတုကြောင့်ဖြစ်သောရုပ်သည် ဒီက စခဲ့၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဥပါဒ်, ဌီ, ဘင်ကျချုပ်သွားရော့လား (ဘင်ကျ ချုပ်သွားပါတယ် ဆရာ)၊ ဒါဖြင့် ပဋိသန္ဓေစိတ်ကလေးက ဥပါဒ်, ဌီ, ဘင်ဆိုတဲ့ ခဏငယ်သုံးချက်စေ့ရင် ချုပ်တာပေါ့ (မှန်ပါတယ်ဆရာ)၊ သူချုပ်သွားတော့ ဘာပေါ်လာ (ဥဒါဒ်ခဏပေါ်လာ)၊ ဟောဗျာ ဘယ်သူ့ဥပါဒ်ခဏ၊ ဘာစိတ်ရဲ့ဥပါဒ်ခဏတုံး၊ ပဋိသန္ဓေစိတ်တစ်လုံးချုပ်သွားတော့ ဘာစိတ်ပေါ်လာတယ်၊ (ဘဝင်တစ်ချက်ပေါ်လာပါတယ်ဆရာ)၊ ဘဝင်တစ်ချက်ပေါ်လာတယ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ပေါ်လာတဲ့ဘဝင်စိတ်ရဲ့ဥပါဒ်ခဏမှာ ဘာကြောင့်ဖြစ်တဲ့ရုပ်ဖြစ်တယ်၊ (စိတ်ကြောင့် ဖြစ်တဲ့ရုပ်ပါဆရာ)။ အေး - စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ လက်စသတ်.ဘဝင်စိတ် သူမွေ့နေလို့ ဥပါဒ်တော့ သူမှတ်မိနေတယ် နော် (မှန်ပါတယ်ဆရာ)။

ပဋိသန္ဓေစိတ်ကလေးရဲ့ ဥပါဒ်ခဏက ကမ္မဇရုပ်စခဲ့ပြီ၊ ပဋိသန္ဓေစိတ်ကလေးရဲ့ ဌီခဏက ဥတုဇရုပ်စခဲ့ပြီ၊ ဥပါဒ်, ဌီ, ဘင်ချုပ်သွားတော့ ပထမဆုံးပေါ်လာတဲ့ ဘဝင်စိတ်ရဲ့ဥပါဒ်ခဏက စိတ္တဇရုပ်

http://www.dhammadownload.com

စခဲ့ပြီ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ အာဟာရဇရုပ်က ဘယ်ကစ၊ သူ့တော့ အပိုင်းအခြားမထားဘူးတဲ့၊ သန္ဓေသားမွေးဖွားမဲ့ အမိမျိုချသော အစာသစ်မှ ပါလာသော ဩဇာဓာတ်က ထိုပဋိသန္ဓေသားရဲ့ ကိုယ်လုံးမှာ ပျံ့နှံ့ပြီး တည်သွားတဲ့အချိန်ကစ အာဟာရဇရုပ် ဖြစ်ခဲ့ပြီလို့ ဒီလို ယူရမယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အမိမျိုချသော အစာသစ်ပါသော ဩဇာဓာတ်က သန္ဓေသားရဲ့ကိုယ်လုံးမှာ ပျံ့နှံ့၍ တည်သွားတယ်ဆိုတာ ဘယ်အချိန်လဲဆိုတော့ မနေ့ညက ပြသွားတယ်။ ဘယ့်နှစ်သတ္တာဟ ရောက်သွားတယ် (ရှစ်သတ္တာဟပါဆရာ)၊ ရှစ်သတ္တာဟ နော် (မှန်ပါတယ်ဆရာ)။ ရှစ်သတ္တာဟရောက်မှ ကလေးမှာ အူသိမ်, အူမ, အသည်း, အဆုပ်, နှလုံး, ကျောက်ကပ်အစရှိသည်အားဖြင့် စုံတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီလိုစုံမှလည်း ကလေးရဲ့အစာအိမ်မှာ ပါစကတေဇောမီး ရောက်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီပါစကတေဇောမီးရောက်မှ အမိမျိုချတဲ့ အစာသစ်မှာ ပါလာသော ဩဇာဓာတ် သန္ဓေသားရဲ့အစာအိမ်ထဲ တစ်ဆင့်ဝင်လို့ သန္ဓေသားမှာ ဖြစ်ပေါ်ပြီးဖြစ်သော ပါစကတေဇောဓာတ်က ဆီးချက်တယ်၊ ဝမ်းမီးကျက်ရတယ်လို့ ဒီကျမှ ဩဇာဓာတ် ပျံ့နှံ့တည်လို့ အာဟာရကြောင့်ဖြစ်သောရုပ်ဖြစ်တယ်။ ကံကြောင့်ဖြစ်သောရုပ်၊ ဥတုကြောင့်ဖြစ်သောရုပ်၊ စိတ်ကြောင့်ဖြစ်သောရုပ်၊ အာဟာရကြောင့်ဖြစ်သောရုပ်၊ ရုပ်မှာ အကြောင်းဘယ်နှစ်ပါးနဲ့ဖြစ်တုံး၊ (လေးပါးနဲ့ပါဆရာ)၊ ဘယ်သူဘယ်သူတုံး (ကံ, စိတ်, ဥတု, အာဟာရပါဆရာ)၊ အေး - မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ကံ စိတ် ဥတု အာဟာရလို့ အကြောင်းလေးပါးနဲ့ ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အာဟာရကတော့ အပိုင်းအခြားမထားဘူး။ အမိအစာစားမှပဲ သန္ဓေသားလည်း ပါစက ဝမ်းမီးရောက်မှပဲ ဒီကစဖြစ်တယ်။ ဒါသူဖြစ်တဲ့အခန်းလေးလည်း မှတ်ထားပေါ့၊ အဲဒီ ပဋိသန္ဓေခဏလေးမှာ ဟိုဘက်က စုတိစိတ်ကျလို့၊ စုတိနောင် ပဋိသန္ဓေလို့၊ ထိုပဋိသန္ဓေစိတ်ကလေးရဲ့ဥပါဒ်ခဏမှာ ပဋိသန္ဓေစိတ်ဆယ့်ကိုးပါးနဲ့ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်နှစ်ဆယ်တို့ တစ်ဥပါဒ်ထဲ ပြိုင်ဖြစ်တယ် ဆိုတဲ့အချိန်လေးမှာ တချို့ကလည်း ဒီနေရာလေး နားကမရှင်းဘူး ဘယ့်နှယ်ဖြစ်နေလဲဆိုတော့။

သတ္တဝါများ၏ ခန္ဓာငါးပါးဟာ သံသရာတည်စကတည်းက ဘယ်တော့မှ ရပ်ကောင်း ပြတ်ကောင်းတယ်မရှိဘူး။ ဆက်တိုက်ကြီး ခန္ဓာငါးချက်ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက် ဘယ်တော့မှ ရပ်နားနေတယ်မရှိဘူး။ သမ္မုတိပညတ်အနေအားဖြင့်သာ ငဖြူသေပေါ့၊ ငနီဖြစ်ပြန်ပေါ့။ ငနီသေပေါ့၊ နတ်ဖြစ်ပြန်ပေါ့။ နတ်သေပေါ့၊ ဗြဟ္မာဖြစ်ပြန်ပေါ့၊ ဗြဟ္မာသေပေါ့၊ ကြက်ဖြစ်ပြန်ပေါ့။ ငှက်ဖြစ်ပြန်ပေါ့၊ ဝက်ဖြစ်ပြန်ပေါ့၊ ဒီလိုအစရှိသည် သမ္မုတိပညတ်အနေအားဖြင့် ဘဝသစ်တွေ ပြောင်းပြောင်းသွားတဲ့ ပြောင်းမှုလေးတွေရှိတယ်။ ခန္ဓာငါးချက်ကတော့ မရပ်မနားနဲ့ စက္ကန့်လေးတွေ သွားနေသလိုပဲ ဥပါဒ်, ဌီ, ဘင်၊ ဥပါဒ်, ဌီ, ဘင်နဲ့ ခန္ဓာငါးချက်က အမြဲတစေဖြစ်နေတယ်၊ ဒီလိုတော့လဲသိသား၊ ဒါနဲ့ အဆင့်

http://www.dhammadownload.com

အပိုင်းလေးနဲ့ မေးပြန်တော့လည်း ရုတ်တရက်အားဖြင့် ဘာမှမပြောနိုင်ပြန်ဘူး၊ နားကထွေး။ ဒါဖြင့် စုတိနောင် ပဋိသန္ဓေဆိုတော့ ပဋိသန္ဓေခဏမှာ ခန္ဓာငါးချက်များ ရကောင်းမလားဆို၊ ဘယ်ရလိမ့်မတုံးတဲ့၊ တချို့ကလည်း ခန္ဓာငါးပါး မစုံသေးဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)။

ဒီ "သခ်ါရပစ္စယာ ဝိညာဏံ"ဆိုတဲ့ ပုဒ်ကလေးပြထားတာ၊ သခ်ါရအကြောင်းတရား၊ ဝိညာဏ်က အကျိုးတရားဆိုတော့ ထိုသခ်ါရသုံးမျိုးရဲ့ အကျိုးသန့်သန့်တရားကြည့် ကောက်လိုက်ပါဆိုတော့ အကုသလဝိပါက်စိတ် (၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး၊ မဟာဝိပါက်စိတ် (၈)ပါး၊ ရူပဝိပါက်စိတ်(၅)ပါး၊ အရူပဝိပါက်စိတ် (၄)ပါး ပေါင်းလိုက်တော့ လောကီဝိပါက် ဗာတ်သ - သုံးဆယ့်နှစ်ပါးသော ဝိညာဏ်ရတယ်ဆိုတော့၊ ဒါကြည့်ပြီးတော့ ဒီနေရာမှာ ဘယ်ခန္ဓာစုံအုံးမလဲ၊ နာမ်ဘဲရှိသေးတာ ရုပ်တရားမှ မရသေးဘဲ ခန္ဓာငါးချက် မစုံသေးပါဘူးလို့ တချို့ကလည်း ရုတ်တရက်အားဖြင့် ဒီလိုမှတ်တယ် နော် (မှန်ပါတယ်ဆရာ)၊ မဟုတ်ပါဘူး၊ ဒီနေရာလေးက စုံပြီးသားပါ အမှန်က၊ ဒီတော့ ဝိညာဏ်နဲ့နာမရူပ အကူးလေးက တော်တော်လေး ဝေးကွာနေတယ်။ ဒီလိုထင်နေကြတယ် "သခ်ါရ ပစ္စယာ ဝိညာဏံ"ဆိုတဲ့ ဝိညာဏ်လေးရတဲ့ အချိန်မှာ ဝိညာဏ်ပြီးရင်နာမ်ရုပ် နာမ်ရုပ် ဆက်လျက်သားနော် (မှန်ပါတယ်ဆရာ)၊ မကြာပါဘူး၊ ဒီနေရာလေး ဝိညာဏ်နှင့်နာမ်ရုပ်အကူးလေး၊ သခ်ါရနဲ့ ဝိညာဏ်အကူး၊ ဝိညာဏ်နှင့်နာမ်ရုပ်နဲ့ အကူးဆိုတာ ခြားနားမှုမရှိပါဘူး၊ ပြီးတော့မှ "နာမရူပစ္စယာ သဠာယတနံ"ဆိုတဲ့ အကူးကျမှ သတ္တာဟနဲ့ ခိုင်းပြတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အာယတနခြောက်ချက်ပေါ်ထွက်ပါ့မယ်ဆိုတဲ့အကြောင်း ဆိုပြီးတော့ ဒီမှသတ္တာဟနဲ့ ကူးပြနေရတာ၊ သခ်ါရရယ်, ဝိညာဏ်ရယ်, နာမ်ရုပ်နဲ့ အကူးကတော့ မထူးပါဘူး။ ဒါကြောင့် ပဋိသန္ဓေ ခဏလေးမှာ ခန္ဓာငါးချက် ရ,မရ ရတယ်တဲ့ ခန္ဓာငါးပါးစုံတယ်၊ ဒါကြောင့် အဋ္ဌကထာဆရာက -

"ဧဝံ ဂဗ္ဘသေယျကာနံ ပဋိသန္ဓိယံ ဥက္ကဋ္ဌပရိစ္ဆေဒေန သမတ္တိံသ ကမ္မဇရူပါနိ ရူပက္ခန္ဓော နာမ ဟောတိ" (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၂၁)

ဧဝံ၊ ဤသို့။ ဂဗ္ဘသေယျကာနံ၊ ဂဗ္ဘသေယျကဖြစ်ကုန်သော ပုဂ္ဂိုလ်တို့၏။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ဥက္ကဋ္ဌပရိစ္ဆေဒေန၊ ဥက္ကဋ္ဌပရိစ္ဆေဒအားဖြင့်။ (ဝါ) အများဆုံး အပိုင်းအခြားအားဖြင့်။ သမတ္တိံသ ကမ္မဇရူပါနိ၊ အပြားသုံးဆယ်ကုန်သော ကံကြောင့်ဖြစ်သော ရုပ်တို့သည်။ ရူပက္ခန္ဓော နာမ၊ ရူပက္ခန္ဓမည်သည်။ ဟောတိ၊ ဖြစ်၏။

အဲဒီနေရာ ခုနတော့ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်နှစ်ဆယ်၊ ဒီကျတော့ သုံးဆယ်ဖြစ်နေပြန်ပေါ့၊ ဘယ့်နှယ်တိုးလာတုံးဆိုတော့ ဒါက ဒသကနည်းနဲ့ ပြတာပါတဲ့။ ပဋိသန္ဓေခဏမှာ ဝတ္ထုဒသကရယ်,

http://www.dhammadownload.com

ဘာဝဒသကရယ်, ကာယဒသကရယ် ကလာပ်သုံးစည်းရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒသက ကလာပ်သုံး စည်းရလို့ ကလာပ်စည်းအနေနဲ့ ပြသွားလို့ "သမတ္တိံသ ကမ္မဇရူပါနိ"လို့ ပြတယ်။ သမတ္တိံသ ကမ္မဇရူပါနိ၊ အပြားသုံးဆယ်ကုန်သော ကမ္မဇရုပ်တို့သည်။ ရူပက္ခန္ဓော နာမ၊ ရူပက္ခန္ဓာမည်သည်။ ဟောတိ၊ ဖြစ်၏။ အခုန ကံကြောင့်ဖြစ်သော ကမ္မဇရုပ်နှစ်ဆယ် ဆိုတာလဲ အတူတူပါပဲ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ပဋိသန္ဓေခဏမှာ ပဋိသန္ဓေစိတ်နဲ့ တစ်ဥပါဒ်ထဲ ပြိုင်ပြီးတော့ဖြစ်တဲ့ကံကြောင့် ဖြစ်တဲ့ရုပ်တရား ရူပက္ခန္ဓာ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။

"ပဋိသန္ဓိစိတ္တေန သဟဇာတာ ဝေဒနာ ဝေဒနက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ သင်္ခါရာ သင်္ခါရက္ခန္ဓော၊ ပဋိသန္ဓိစိတ္တံ ဝိညာဏက္ခန္ဓောတိ ဧဝံ ဂဗ္ဘသေယျကာနံ ပဋိသန္ဓိက္ခဏေ ပဉ္စက္ခန္ဓာ ပရိပုဏ္ဏာ ဟောန္တိ။" (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၂၁)

ဒါဖြင့် ကောင်းပါပြီ။ ရူပက္ခန္ဓာတော့ ရပါပြီတဲ့၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တော့ ဘယ်နှယ့် လုပ်မတုံး။ ဒီလို မေးစရာ ရှိတယ်။ ဒီနေရာမှာ ပဋိသန္ဓေစိတ် ဆယ့်ကိုးပါးကလည်း တစ်ဥပါဒ်တည်း ပြိုင်မရဘူးလား (ရပါတယ်ဆရာ)။

ပဋိသန္ဓိစိတ္တေန၊ ပဋိသန္ဓေစိတ်နှင့်။ သဟဇာတာ၊ တကွဖြစ်ဖော် ဖြစ်ဖက် ဖြစ်ကုန်သော။ ဝေဒနာ၊ ဝေဒနာစေတသိက်သည်။ ဝေဒနက္ခန္ဓော၊ ဝေဒနက္ခန္ဓာ မည်၏။ သညာ၊ သညာစေတသိက်သည်။ သညက္ခန္ဓော၊ သညက္ခန္ဓာ မည်၏။ သင်္ခါရာ၊ စေတနာအစုတရားတို့သည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာ မည်၏။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ ဝိညာဏက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ မည်၏။

ခန္ဓာငါးချက် စေ့မသွားဘူးလား (စေ့သွားပါတယ်ဆရာ)။ ဒါကြောင့် -

"ဧဝံ ဂဗ္ဘသေယျကာနံ ပဋိသန္ဓိက္ခဏေ ပဉ္စက္ခန္ဓာ ပရိပုဏ္ဏာ ဟောန္တိ။"

ဧဝံ၊ ဤသို့။ ဂဗ္ဘသေယျကာနံ၊ အမိဝမ်ိးဦးနေသောသူတို့အား။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေ ခဏလေးဦး။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတို့သည်။ ပရိပုဏ္ဏာ၊ ပြည့်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။

ခန္ဓာငါးပါး ပြည့်ပါတယ် နော် (မှန်ပါတယ်ဆရာ)။ ပဋိသန္ဓေရဲ့ စိတ္တက္ခဏတစ်ချက် စုတိနောင် ပဋိသန္ဓေဆိုကတည်းက ခန္ဓာငါးချက်က ဖြစ်ပြီးသားပါတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ စုတိစိတ် တုန်းကလည်း ခန္ဓာငါးချက် မဟုတ်လား (ခန္ဓာငါးချက်ပါဆရာ)။ ထိုစုတိစိတ် ဥပါဒ်, ဌိ, ဘင်လို့ ခဏငယ်သုံးချက်စေ့သွားတော့၊ ပဋိသန္ဓေဆိုပြန်တော့လည်း ခန္ဓာငါးချက် မဟုတ်လား (မှန်ပါတယ်ဆရာ)။ ခန္ဓာငါးချက် ရပ်လို့ ရသေးရဲ့လား (မရပါဘူးဆရာ)။ စက္ကန့် မိနစ်လေးများ ကွာခြားနေသေးလား

http://www.dhammadownload.com

(မကွာပါဘူးဆရာ)။ သေချာလည်း မှတ်ကြ နော်။ ဒို့ကိုယ်တိုင်အားဖြင့် ပြောသံကြားရတယ်။ တရားဟောဆရာတစ်ယောက်က တို့သင်တန်းသားကို မေးတယ်။ ဒါလည်း သူက တရားဟော ဆရာတစ်ယောက်လုပ်နေတာပဲတဲ့။ ဒီမြို့က မဟုတ်ပါဘူး။ ဆရာကြီးရယ်, ဒီလိုပဲ အာရုံခြောက်ပါးနဲ့ တွေ့ကြုံပြီးတော့ မျက်စေ့မြင်, နားကြား, နှာခေါင်းနံ, လျှာစားလိုက်, ကိုယ်ထိလိုက်, စိတ်ထဲက စဉ်းစားလိုက် အာရုံခြောက်ပါးနဲ့ တွေ့ထိနေတုန်းတော့ ခန္ဓာငါးချက် ဖြစ်ဖြစ်နေတာ ဟုတ်ပါပြီ။ အာရုံခြောက်ပါး ပိတ်ပြီးတော့ ဒွါရခြောက်ပေါက် တံခါးခြောက်ပေါက် ပိတ်ပြီးတော့ အိပ်ပျော်နေတော့ အာရုံက လွတ်နေတော့ ခန္ဓာဖြစ်သေးလားဆိုတော့ ဘယ်ဖြစ်မတုံး။ ဟဲ ဟဲ - ဘယ်ဖြစ်မတုံး အိပ်ပျော်နေတာ၊ ဟင်း ဘယ်ခန္ဓာဖြစ်လိမ့် နော် (မှန်ပါတယ်ဆရာ)။ ဒါဖြင့် သူ့ခန္ဓာက အိပ်ပျော်လိုက် ခန္ဓာပြတ်သွားလိုက်၊ နိုးလာလိုက် ခန္ဓာဖြစ်လိုက် နော် (မှန်ပါတယ်ဆရာ)။ ငါနဲ့ မတွေ့ပါဘူး၊ ခင်ဗျား ဘုရားဖြစ်မှ ဟောပေတော့လို့ နော် (မှန်ပါတယ်ဆရာ)။ ခန္ဓာငါးပါးဟာ သံသရာတည်စကတည်းက ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်၊ အဟောင်းပျောက်အသစ်ရောက်၊ အဟောင်းပျောက် အသစ်ရောက် ဆက်ကာဆက်ကာ ဖြစ်လာတာ ဘယ်နေရာမျှား ရပ်နေတာရှိဘူးလဲ (မရှိပါဘူးဆရာ)။ ဘယ်တော့မှ မရပ်ဘူးဆိုတာ မှတ်ထား နော် (မှန်ပါတယ်ဆရာ)။ နိဗ္ဗာန်ရောက်မှ ရပ်မယ်တဲ့။ နိဗ္ဗာန်ရမှ ပြတ်ကျမယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အဲဒါ ခန္ဓာငါးချက် ပဋိသန္ဓေခဏလေးမှာ တိတိကျကျ ပြည့်ပြည့်ဝဝ ရပုံလေး အဋ္ဌကထာဆရာက တိုက်ရိုက်ပြသွားတယ်။

ပဋိသန္ဓေခဏ ခန္ဓာငါးချက်ရပြီးသား၊ စုတိတုန်းက ခန္ဓာငါးချက်နဲ့ချည်းသွားနေတယ်။ စိတ္တက္ခဏမှာ ခန္ဓာငါးချက်ဆိုတာ ဒီတိုင်းသာ မှတ်သွား။ ဒါကြောင့် ခန္ဓာငါးပါးသည် သံသရာတည် စတည်းက ဥပါဒ်, ဌိ, ဘင်၊ ဥပါဒ်, ဌိ, ဘင်နဲ့ လူ့ဘဝ၊ နတ်ဘဝ ပြောင်းပြောင်း ပြောင်းပြောင်းနေ တယ်ဆိုတာက သမ္မုတိပညတ်အနေအားဖြင့် ခေါင်းပြောင်းတာ ပြောနေတာ။ ခန္ဓာငါးပါးတော့ အသစ် အဟောင်းပြောင်းပြောင်းပြီးတော့ ဆက်ကာဆက်ကာ အမြဲတစေ ဖြစ်နေ တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကို ပဋိသန္ဓေခဏ ခန္ဓာငါးပါး ရလာပုံလေး။ အဲဒါ "သခ်ီရုပစ္စယာ ဝိညာဏံ" ဆိုတဲ့ အခန်းလေးမှာ ဝိညာဏ်ရဲ့အဓိပ္ပာယ်ပေါ့။ အကျိုးဝိညာဏ်ဆိုတဲ့ အဓိပ္ပာယတ္ထ တရားကိုယ် တရားသားနဲ့ ကောက်ပြ။ သခ်ီရကြောင့် သခ်ီရက အကြောင်းတရား၊ ဝိညာဏ်က အကျိုးတရား။ အကျိုးတရား သန့်သန့်လေး ကောက်လိုက်စမ်းပါဆိုတော့ ဝိညာဏ်သည် လောကီဝိပါက် ဗာတ္တီသ -သုံးဆယ်နဲ့နှစ်ပါးသော စိတ်၊ အကုသလဝိပါက်စိတ်ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး၊ မဟာဝိပါက်စိတ်ရှစ်ပါး၊ ရူပဝိပါက်စိတ်ငါးပါး၊ အရူပဝိပါက်စိတ်လေးပါးဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)။ အဲဒါ အကျိုးဝိညာဏ်ကောက်၊ ဒါပဲလားဆိုတော့ မဟုတ်သေးဘူးတဲ့၊ ဒီဝိညာဏ်ရတဲ့

http://www.dhammadownload.com

တရားကိုယ်တွေက ဒီနေရာမှာ ဝိညာဏ်ချည်းပဲ အကြောင်းဖြစ်လိုက် အကျိုးဖြစ်လိုက် ပရိယာယ် နှစ်ချက် မနေဘူးလား (နှစ်ချက်ပါဆရာ)။

"သခ်ါရပစ္စယာ ဝိညာဏံ"၊ သခ်ါရပစ္စယာ၊ သခ်ါရတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏-ဆိုတော့ ဒီဝိညာဏ်ဟာ အကျိုးမနေဘူးလားကွာ (အကျိုးပါဆရာ)၊ အဲဒီအကျိုးဝိညာဏ်ရဲ့အနေအားဖြင့် အခုကောက်ပြနေတာနော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ တစ်ခါ "ဝိညာဏပစ္စယာ နာမရူပံ" ဆိုတော့ ဒီဝိညာဏ်ဘာဖြစ်ပြန်တုံး၊ (နာမ်ရုပ်နှစ်ပါး ဖြစ်သွားပါတယ်ဆရာ)၊ ဟောဗျာ ဘယ်လောက်မိုက်တဲ့ကောင်တုံး၊ မျက်စေ့ကလည်လည်သွားတာကိုကွ (ဝိညာဏ်က အကြောင်းဖြစ်သွားပါတယ်ဆရာ)၊ အဲဒီလို လုပ်စမ်းပါဟာ၊ ဝိညာဏပစ္စယာ၊ ဝိညာဏ် တည်းဟူသော အကြောင်းကြောင့်။ နာမရူပံ၊ နာမ်ရုပ်သည်။ သမ္ဘဝတိ၊ ဖြစ်၏ဆိုတော့ ဝိညာဏ်ဟာ ဘာဖြစ်လာတုံး (အကြောင်းဖြစ်လာပါတယ်ဆရာ)၊ အကြောင်းဖြစ်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီအကြောင်း ဝိညာဏ်က ဘယ်သူတွေတုံးလို့ ခုနအကျိုးဝိညာဏ်တော့ ကောက်သွားတာပြီးပါပြီ၊ တရားကိုယ် တရားသား (မှန်ပါတယ်ဆရာ)။

ပဋိစ္စသမုပ္ပါဒ်များ မလွယ်ဘူးနော်၊ သိပ်ပြီး နားမလည်လို့ ပျင်းရိလည်း မနေကြနဲ့၊ ဟောတဲ့ လူလည်း မသက်သာဘူး၊ နာတဲ့လူလည်း မသက်သာဘူး၊ ဘာပြုလို့ မသက်သာလဲဆိုတော့ မလွယ်လို့ မသက်သာတာ၊ မခက်ဖူးလားကွာ (ခက်ပါတယ်ဆရာ)၊ ခက်တယ်, ခက်တယ်၊ တော်တော်ကို ခက်တယ်။ ဒီတော့ ဟောတဲ့လူလည်းပဲ သက်သာတယ်မထင်နဲ့။ လူချင်းတူတူ သူချင်းမျှမျှလေးမှ အသိဉာဏ်လေး ရပါစေတော့ဆိုတဲ့အနေအားဖြင့် တော်တော်ကြီးကိုပဲ ကျကျနနသည်းခံပြီးတော့ သင်ကြားပြသဟောပြောနေရပါတယ်။ နာယူတဲ့ပုဂ္ဂိုလ်များအဖို့လည်းပဲ လူကြည့်တော့ သက်တောင့်သက်သာတွေထိုင်နေ။ ဒါပေမဲ့ နားတော့ ချမ်းသာချင်မှချမ်းသာမှာ နော် (မှန်ပါတယ်ဆရာ)၊ ဟာ များလိုက်တာ ဘယ်နှယ့်ဟာတွေမှန်း မသိဘူး၊ ရှုပ်ပွေသွားတာ၊ ငါကတော့ မေ့ကုန်ပေါ့၊ ဘာမှမမှတ်မိဘူး။ ဟာ ဘာမှ မမှတ်မိလည်း အေးတာပဲမကောင်းဘူးလား (ကောင်းသားပဲဆရာ)၊ ဟင်း ဒါကအေးတာပဲ။ နို့မို့ဆိုရင် ရှုပ်နေအုံးမှာနော် (မှန်ပါတယ်ဆရာ)၊ ဘာမှမမှတ်မိဘူးဆို အေးတာပဲ။ ဒီတော့ လူချင်းအတူတူ သူချင်းမျှမျှလေးမှ အသိဉာဏ်လေး ရပါစေတော့ဆိုတဲ့ အနေအားဖြင့် တော်တော့ကိုပဲ ကြဲကြဲဖန်ဖန် ကတ်ကတ်သတ်သတ် တွေးဆပြီးတော့ ပြောပြနေရတယ်။ အဲဒီထဲ ဝိရိယနည်းလို့ သိပ်ပြီးတော့ ကြိုးစားပမ်းစားနဲ့ မလိုချင်ဘူးဆိုတဲ့ လူကျပြန်တော့ နားက ချမ်းသာချင်မှ ချမ်းသာမှာ လူကတော့ချမ်းသာပါတယ်။ ငြိမ်ငြိမ်လေးထိုင်နေရ၊ တော်တော့ကို လိုချင်တယ်ဆိုတဲ့ ဆန္ဒဓာတ်ပြင်းတဲ့ ပုဂ္ဂိုလ်များကြတော့လည်း မှတ်မိတာ မှတ်မိ၊ မမှတ်မိတာ မမှတ်မိနဲ့ ဒီလိုဖြစ်ချင်ဖြစ်နေ၊ ဟာ မှတ်မိသလောက်ပေါ့လေ။

http://www.dhammadownload.com

အဓိပ္ပာယ်အားဖြင့် နာနေတဲ့အခိုက်ကလေးမှာပဲ "ဓမ္မသဝန"ကုသိုလ်ဖြစ်တယ်။ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူသော ဘဝစက်တည်းဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး၊ ဒေသနာတော်ကြီးကလည်း သာမညဒေသနာတော် မမှတ်နဲ့၊ နက်နဲခြင်းလေးပါးနဲ့ ဟောထားတဲ့ ဒေသနာတော်ကြီး အင်မတန် ခက်တယ်။ ဒါကြောင့် အဋ္ဌကထာဆရာကြီးဖြစ်တော် မူတဲ့ "အရှင်မဟာဗုဒ္ဓဃောသ" ကိုယ်တော်မြတ်ကြီးတောင် ဒီနေရာ ညည်းသွားရှာတယ်။ ခက်လိုက်တာ သဗ္ဗညုတဉ္ဉာဏ်တော်သာလျှင် ထောက်ရာ တည်ရာ ရတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး။ တို့လို ပုဂ္ဂိုလ်က ဖွင့်ဆိုရမယ်ဆိုတော့ သမုဒ္ဒရာအလယ်မှာ ယုန်သူငယ်ခြေထောက်လို့ မမှီသလိုပဲ နော် (မှန်ပါတယ်ဆရာ)၊ လွယ်တယ်များ မထင်ကြနဲ့၊ လွယ်တဲ့တရားတော့ မအောက်မေ့နဲ့။ ဒါပေမဲ့ တို့လူစုနဲ့တော့ ဘယ်နှယ့်သွားရမလဲဆိုရင် လုံးလုံးကြီးဘာမှ မသိတဲ့လူနဲ့စာရင်ဖြင့် လူဇော် လူမော် တွေပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဘာမှမသိတဲ့လူတွေကလည်းပဲ အနမတဂ္ဂ အလွန် အင်မတန်များပါတယ်။ ဘာမှ လုံးဝကြီးမသိတဲ့ ပုဂ္ဂိုလ်တွေနဲ့စာရင် တို့လူစုတွေ မတော်ပေလားကွယ် (တော်ပါတယ်ဆရာ)၊ အေး - အနည်းဆုံး ငါတို့က်တွန်းထားလို့ ကျက်ထားတဲ့ စာလေးရရင်ပဲ "အဝိဇ္ဇာ ပစ္စယာ သခါရာ၊ သခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ" နဲ့ လျှောက်ပြီးတော့ ရနေရင် ရွတ်တတ်ရင်ပဲ လူတော်တွေပဲ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါတွေ လုံးကောက် အဓိပ္ပာယ်လေးတွေ အတော်အသင့်ပြောနိုင်တယ်၊ ကူးပုံဆက်ပုံလေးတွေ အကျိုးအကြောင်းစပ်ပုံလေးတွေ စပ်နိုင်တယ်ဆိုရင်လဲပဲ၊ ခုနပြောတဲ့ လုံးလုံးဘာမှ မသိတဲ့လူတွေအလယ်မှာဖြင့် တကယ်တော်တဲ့ လူတော်ကြီးတစ်ယောက်ဖြစ်နေတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ တကယ်တတ်ကျွမ်း နားလည်တဲ့ ပုဂ္ဂိုလ်ရှေ့ရောက်ပြန်တော့, ပညာရှိရှေ့ရောက်ပြန်တော့ တန်ဖိုးကမရှိပြန်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ နာရတာနဲ့ အင်မတန်မြတ်တဲ့ ကုသိုလ်ကြီးလို့ သဘောထား၊ နားမလည်တိုင်း စောစောကပြောသလို စာရင်းတွေ ရှုပ်လို့ လုံးလုံးကြီး ငါကတော့ နားမလည်ပါဘူးဆို စိတ်ပျက်ပြီးတော့ ငိုက်လည်းမနေကြနဲ့။ ယုံယုံကြည်ကြည် သဒ္ဓါတရား ရှေ့ထားပြီးတော့ နာကြ၊ အင်မတန်မွန်မြတ်တဲ့ ကုသိုလ်ကြီးခေါ်တယ်။ ဒီတော့ ဒီနေရာမှာ သေချာကြည့်ကြပါ -

"သခါရပစ္စယာ ဝိညာဏံ" - သခါရပစ္စယာ၊ သခါရတည်းဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဆိုတော့ ဝိညာဏ်ဟာ ဘာတုံးဟ (အကျိုးပါဆရာ)၊ အကျိုးဖြစ်။ အဲဒီ ဝိညာဏ်ရဲ့ တရားကိုယ် တရားသား ကောက်လိုက်တော့ လောကီဝိပါက်စိတ် သုံးဆယ်နဲ့ နှစ်ပါး မရလားကွယ် (ရပါတယ်ဆရာ)။ အဲဒီ အကျိုးဝိညာဏ်ဆိုတဲ့ အနေအားဖြင့် တို့ပဋိသန္ဓေခန်းတွေ ဘာတွေ တည်ပုံတွေ ပြခဲ့ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ မှတ်ပေါ့။ ဒါပဲလားလို့

http://www.dhammadownload.com

ဝိညာဏ်ဆိုတဲ့ ပုဒ်က တရားကိုယ် တရားသား ဒါပဲ ရသလားဆို မဟုတ်ပါဘူး။ ဒါက အကျိုးအနေအားဖြင့် ပြတာ၊ အကျိုးဝိညာဏ်ရတဲ့ တရားကိုယ်သာ ကောက်ပြတာလို့ "ဝိညာဏပစ္စယာ နာမရူပံ"လို့ ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ နာမရူပံ၊ နာမ်ရုပ်နှစ်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏ ဆိုတော့ ဒီဝိညာဏ် ဘာဖြစ်လာ (အကြောင်းပါဆရာ)၊ အော် - အကြောင်းဖြစ်လာ၊ အဲဒီအကြောင်းဝိညာဏ်ကတော့ တရားကိုယ် ကောက်ကြရလေအုံးမယ်လို့ နားလည်လား (နားလည်ပါတယ်ဆရာ)။

ခုန အကျိုးဝိညာဏ်မျာကို ကျန်ရစ်ခဲ့သေးတယ်။ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ် - ဝိညာဏ်ခြောက်ပါးလည်း အကျိုးတရားအနေအားဖြင့် ရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်ခြောက်ပါးလည်း ရတယ်တဲ့။ အခုတစ်ခါလာပြန်ပြီ၊ "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတော့ ဝိညာဏ်သည် အကြောင်းဝိညာဏ်ဖြစ်သွားတော့ အဲဒီ အကြောင်းဝိညာဏ်ကျတော့ တရားကိုယ် တရားသား ဘယ်သူကောက်တုံးလို့၊ ဒီလို လာပြန်တယ် နော် (မှန်ပါတယ်ဆရာ)၊

"အဝဿေသံ ပဌမဘဝဂ်တော ပဘုတိ သမ္ဘမွိ ဝိညာဏံ တဿ တဿ နာမရူပဿ ယထာရဟံ ပစ္စယော ဟောတီတိ ဝေဒိတဗ္ဗံ"

အဝဿေသံ၊ ကြွင်းကျန်သော။ ပဌမဘဝဂ်တော၊ ပဌမဘဝင်မှ။ ပဘုတိ၊ အစပြု၍။ သမ္ဘမွိ၊ အလုံးစုံလည်းဖြစ်သော။ ဝိညာဏံ၊ ဝိညာဏ်တရားသည်။ တဿ တဿ နာမရူပဿ၊ ထိုထို နာမ်ရုပ်နှစ်ပါးအား။ ယထာရဟံ၊ ထိုက်သည့်အားလျော်စွာ။ ပစ္စယော၊ အထောက်အပံ့ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ် သိထိုက်၏။

ပဌမဘဝင်က စပြီးဖြစ်ပေါ်လာတဲ့ စိတ်တရားတွေ မှန်မှန်သမျှဟာ၊ ထိုထိုနာမ်ရုပ်နှစ်ပါးတို့ကို ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုတယ်တဲ့။ အကြောင်းဝိညာဏ်တွေ ကောက်လိုက်တာ "သမ္ဘမွိ ဝိညာဏံ" ပုဒ်အရ အလုံးစုံသော ဝိညာဏ်တရားတွေ ကောက်ပါဆိုတော့ စိတ်တရားတွေ ကုန်ရောမကုန်ဘူးလား (ကုန်ပါတယ်ဆရာ)၊ "သမ္ဘမွိ" ပုဒ်ကို ထောက်ပြီး ကောက်လိုက်ရင် ကုန်သွား။ ဒါပေမဲ့လို့ မနေ့ညက ငါပြောခဲ့သေး။ အလုံးစုံဟောတဲ့ သမ္ဘသဒ္ဒါဆိုတာ အကုန်လုံး အဓိပ္ပာယ်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ သမ္ဘသဒ္ဒါရဲ့ အဓိပ္ပာယ်တွေ ငါစကားတစ်ခု ပြောမယ်။ မင်းတို့အိမ် လူဘယ်နှစ်ယောက်ရှိသလဲ (သုံးယောက်ပါဆရာ)၊ ဒါတောင် အတော် တွေးရတယ်၊ သုံးယောက်ရှိတယ်လား (မှန်ပါတယ်ဆရာ)၊ မိတ်ဆွေတစ်ယောက်ကလာထမင်းစားဖိတ်ဟယ်ဆိုပါစို့ သန်းဖေ မင်းတို့အိမ်က

http://www.dhammadownload.com

အကုန်လုံး ညနေထမင်းစားဟေ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ မင်းတို့အိမ် ရှိသမျှ လူတွေ အကုန်လုံးလား (အကုန်လုံးပါဆရာ)၊ ဒါ သင်္ဘသဒ္ဒါ နော် (မှန်ပါတယ်ဆရာ)၊ သင်္ဘသဒ္ဒါ အကုန်လုံး အလုံးစုံ ဟောထားတာ။ အဲဒီ သင်္ဘကတစ်မျိုးမှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အကုန်လုံး ကွင်းလုံးကျွတ် ဟောတဲ့ သင်္ဘသဒ္ဒါလို့ ဒီလိုခေါ်ရတယ်။ နောက်တစ်ခါ ချွင်းချက်နဲ့လာတဲ့ သင်္ဘသဒ္ဒါကျန်သေးတယ်။ သန်းဖေ မင်းတို့အိမ် အိမ်စောင့်တစ်ယောက်ထားပြီးတော့ အကုန်လုံးကွာ ထမင်းစားရအောင်။ ဟာ ဒါလည်း အကုန်လုံးဆိုတော့ သင်္ဘသဒ္ဒါ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ သင်္ဘသဒ္ဒါကျတော့ မင်းတို့အိမ်ကလူတွေ ကုန်ရောလား (မကုန်ပါဘူးဆရာ)၊ ဘယ်သူကျန်ရစ်ခဲ့ (အိမ်စောင့်တစ်ယောက်ကျန်ရစ်ခဲ့ပါတယ်ဆရာ)၊ အေး - အိမ်စောင့်တစ်ယောက် ကျန်ရစ်ခဲ့တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ချွင်းချက်နဲ့ သင်္ဘသဒ္ဒါလို့ ဒီတော့ သင်္ဘသဒ္ဒါနှစ်မျိုး ဖြစ်မနေဘူးလား (နှစ်မျိုးဖြစ်နေပါတယ်ဆရာ)၊ သာဝသေသသင်္ဘ, အနာဝသေသသင်္ဘ၊ အကြွင်းမရှိသော သင်္ဘနဲ့ ချွင်းချက်နဲ့သင်္ဘ။ ဒီနေရာမှာ "ပဌမဘဝင်္တော ပဘုတိ သင်္ဘမို့ ဝိညာဏံ" ဆိုတဲ့ နေရာမှာ ပဌမ ဘဝင်စိတ်ကလေးရဲ့ ဥပါဒ်ခဏက စဖြစ်၍ အလုံးစုံသော စိတ်တရားတို့သည်, အလုံးစုံသော ဝိညာဏ်တို့သည် ထိုထို နာမ်ရုပ်နှစ်ပါးတို့အား ထိုက်သည့်အားလျော်စွာ ကျေးဇူးပြု၏ဆိုတော့ သူနောက်နားက နာမ်ရုပ်နှစ်ပါးကို ကျေးဇူးပြုတာဟာ အလုံးစုံသော ဝိညာဏ်တွေပဲ သင်္ဘသဒ္ဒါနဲ့ဟောတာ။ ဒါပေမယ့် ဒီနေရာမှာ အလုံးစုံ ဂွင်းလုံးကျွတ်ဟောတဲ့ သင်္ဘသဒ္ဒါလို့မယူနဲ့၊ ချွင်းချက် ဟောထားတဲ့ သင်္ဘသဒ္ဒါ ယူရမယ်။ သာဝသေသ သင်္ဘ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့ တုံးတဲ့၊ စိတ်မှန်တိုင်း ဝိညာဏ်မှန်တိုင်း နာမ်ရုပ်နှစ်ပါးကို ကျေးဇူးပြုနိုင်တာ မဟုတ်ဘူးတဲ့၊ ပြုနိုင်တဲ့ ဝိညာဏ်ကပြုနိုင်တယ်၊ မပြုနိုင်တဲ့ ဝိညာဏ်က မပြုနိုင်ဘူးတဲ့။ မပြုနိုင်တဲ့ ဝိညာဏ် မပြုနိုင်တဲ့စိတ်က ဘယ်သူတွေတုံးဆိုတော့ ပဋိသန္ဓေစိတ်ဟာ နာမ်ရုပ်တရားနှစ်ပါးကို ကျေးဇူးမပြုနိုင်ဘူးတဲ့။ နားလည်လား(ကောင်းကောင်းနားမလည်ဘူးဆရာ)။

ဟောဗျာ - ပဋိသန္ဓေခေါ်တဲ့ စိတ်ဟာ နာမ်ရုပ်တရား နှစ်ပါးကို ကျေးဇူးမပြုနိုင်ဘူးတဲ့။ ပဋိသန္ဓေစိတ်ဟာ စိတ်မဟုတ်ဘူးလား (စိတ်ပါဆရာ)၊ စိတ်မှန်တိုင်း နာမ်ရုပ်နှစ်ပါးကို ကျေးဇူးပြုနိုင်ရဲ့လား (မပြုနိုင်ပါဘူးဆရာ)၊ မပြုနိုင်တာ ဘယ်စိတ်တုံး (ပဋိသန္ဓေစိတ်ပါဆရာ)၊ အေး ဟုတ်ပြီ၊ ဒီပြင်စိတ်တွေ ပြုနိုင်တယ် မဟုတ်လား (ပြုနိုင်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီနေရာမှာ "သင်္ဘမို့ဝိညာဏံ" သင်္ဘမို့၊ အလုံးစုံလည်းဖြစ်သော။ ဝိညာဏံ၊ စိတ်တရားစုသည်။ ဒီလိုဆိုတဲ့နေရာမှာ စိတ်အကုန်လုံးရလား (မရပါဘူးဆရာ)၊ ဘယ်သူချန်ထားတုံး (ပဋိသန္ဓေစိတ် ကျန်နေပါတယ်ဆရာ)၊ အေး ဟုတ်ပြီ ဟုတ်ပြီ။ တော်သားဗျ မဆိုးဘူး။ ဒီကောင်တန်းကို တော်တော်တိုးတက်နေပြီ။ မန္တလေးက ပြန်လာမှ တော်တော့်ကို တိုးတက်တယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ပဋိသန္ဓေစိတ်က စိတ်တော့

http://www.dhammadownload.com

မဟုတ်လား (စိတ်ပါပဲဆရာ)၊ ဒါပေမဲ့ သူ နာမ်ရုပ်နှစ်ပါး ကျေးဇူးပြု နိုင်ရဲ့လား (မပြုနိုင်သေးပါဘူးဆရာ)၊ မပြုနိုင်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

"ပဋိသန္ဓိစိတ္တံ ပန ရူပံ န သမုဋ္ဌာပေတိ၊ တဉ္ဍိ ယထာ ပပါတေ ပတိတပုရိသော ပရဿ ပစ္စယော ဟောတုံ န သက္ကောတိ၊ ဧဝံ ဝတ္ထုဒုဗ္ဗလတာယ ဒုဗ္ဗလတ္တာ ရူပံ သမုဋ္ဌာပေတုံ န သက္ကောတိ။"

ပဋိသန္ဓိစိတ္တံ ပန၊ ပဋိသန္ဓေစိတ်သည်ကား။ ရူပံ၊ ရုပ်တရားကို။ နသမုဋ္ဌာပေတိ၊ မဖြစ်စေနိုင်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ပပါတေ၊ ကမ်းပါးပြတ်၌။ ပတိတပုရိသော၊ လိမ့်ကျသော ယောက်ျားသည်။ ပရဿ၊ တစ်ပါးသောယောက်ျားအား။ ပစ္စယော၊ အထောက်အပံ့သည်။ ဟောတုံ၊ ဖြစ်ခြင်းငှာ။ န သက္ကောတိ ယထာ၊ မစွမ်းနိုင်သကဲ့သို့။ ဧဝံ၊ ထို့အတူ။ ဝတ္ထုဒုဗ္ဗလတာယ၊ ဝတ္ထုရုပ်အားနည်းသည်၏အဖြစ်ကြောင့်လည်းကောင်း။ ဒုဗ္ဗလတ္တာ၊ အားနည်းသောကြောင့်လည်းကောင်း။ ရူပံ၊ ရုပ်ကို။ သမုဋ္ဌာပေတုံ၊ ဖြစ်စေခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်, မပေးနိုင်။

ကမ်းပါးပြတ်က ကျလာတဲ့ ယောက်ျားက သူကမ်းပါးပြတ်က ကျနေတဲ့အခိုက်မှာ၊ တစ်ပါးသော ဘေးရန်အန္တရာယ် ကြုံနေတဲ့လူ ကမ်းပါးကကျလာတဲ့ လူတစ်ယောက်ကို သူက အကူအညီပေး နိုင်ပါ့မလား (မပေးနိုင်ပါဘူးဆရာ)၊ သူ့ကိုယ်မှသူ မိန်းမောတွေဝေနေတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီလို ကျဆဲခဏမှာ လူတစ်ဦးတစ်ယောက်ကို သူ့အထောက်အပံ့ မပေးနိုင်သေးသလို၊ ဘာပြုလို့ သူက ဝတ္ထုရုပ်က အားသေးနေတယ်။ အားနည်းနေတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီဥပမာလိုပဲ။ ဒါကြောင့် -

ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ ဝတ္ထုဒုဗ္ဗလတာယ၊ ဝတ္ထုရုပ်အားနည်းသည်၏အဖြစ်ကြောင့် လည်းကောင်း။ ဒုဗ္ဗလတ္တာ၊ အားနည်းသောကြောင့်လည်းကောင်း။ ရူပံ၊ ရုပ်ကို။ သမုဋ္ဌာပေတုံ၊ ဖြစ်စေခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်, မပေးနိုင်။

စာနယ်က သဘောလေး မှတ်တတ်ရင်လည်း မှတ်ထားကြ၊ အင်မတန် တန်ဖိုးရှိတယ်။ ဒီလို ခဲဆစ်ကလေးတွေ တန်ဖိုးရှိတဲ့ အခန်းလေးတွေလည်း ထိုက်သည့်အားလျော်စွာ နည်းနည်း နားကြီး မျက်စိကြီး ပုဂ္ဂိုလ်တွေလည်း တို့ထဲမှာပါနေတယ်၊ နားကြီးမျက်စိကြီးဆိုတာ သိပ်ပြီး အထင်မကြီး ကြနဲ့၊ ငါရည်ရွယ်ပြီး ပြောတာက စာနယ်သဘောလေး။ ဒါပေမဲ့ တို့သင်တန်းက (ဘ. က. လ. ထ)တွေ တော်တော်ကို များပါတယ်။ ဘဝတူချင်းကိုကွ ပြလာတဲ့ သူက (ဘ. က. လ. ထ)ဆိုတော့ လာကြတော့ ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဘဂဝါ ကောလိပ်ထွက်တွေ။ ဒါဖြင့် နှုတ်ကတော့ တယ်ဆိတ်တယ်၊

http://www.dhammadownload.com

ငါက အားမရဘူး၊ ငါကလည်း တိုက်တွန်းပေါင်းလည်း များပါပြီ။ ဒီကနေ သီတင်းစကား ပို့ပေါင်းလည်း များပါပြီ။ ကြိုးစားကြစမ်းပါ လုပ်ကြစမ်းပါ ဟောကြ ပြောကြစမ်းပါလို့။ တို့လူစုတွေက နှုတ်စ လျှာစ တယ်နည်းသကိုး၊ ကိုယ်ကလည်း တယ်ဖြစ်စေချင်တယ်၊ တို့ကလဲ ဘယ်နှယ့် ဖြစ်နေလဲဆိုတော့ အရူးမီးဝိုင်းသလိုကျနေတယ်။ အလကားကြွားပြောနေတယ်မအောက်မေ့နဲ့။ ခေါ်လိုက်တဲ့နေရာကလည်းပဲ ဟိုကလာခေါ် ဒီကလာခေါ်နဲ့၊ ဘယ်လို လုပ်ရမှန်းကို မသိဖြစ်နေ။ အဲဒါ ကိုယ်ခွဲကလည်းမရှိ ထည့်စရာကလည်းမရှိ။ တော်တော့ကို အကြပ်ရိုက်၊ ဂယက်ကလည်း တော်တော်ရိုက်၊ သင်တန်းကလည်း အဝေးအနီးဆိုသလိုပဲ၊ တော်တော်လေး ထင်ထင်ရှားရှား ဖြစ်လာတော့ ဟိုကလိုချင် ဒီကလိုချင်နဲ့။

ဒါကြောင့် စာနဲ့, ပေနဲ့, သင်ဖူး, ကြားဖူးရှိကြတဲ့ တိတိကျကျရှိကြတဲ့ တို့ဘဂဝါကောလိပ်က ထွက်လာတဲ့ (ဘ. က. လ. ထ)လူစုတွေ ဖြစ်စေချင်ပါတယ်လို့ လုပ်ကြစမ်းပါဆို တုတ်တုတ်မျှ မလှုပ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ တချို့များ အသက်မရှိသလိုပဲ၊ နေလိုက်တာလို့ ဘာသံမှ မကြားရဘူး။ စာမသင် ပေမသင်ဘူးတဲ့ အရပ်သားတစ်ယောက်က မိမိဉာဏ်ထဲမှာ တော်တော်လေး ခေါက်မိ ပြုမိရှိလို့ သဘောပေါက်တယ် ပြောအုံးဟ၊ တစ်ဖက်သားကို ဟောစမ်း ပြောစမ်းပါ။ တစ်နေရာ သွားစမ်းပါ၊ ဆရာလုပ်စမ်းပါဆိုတော့ မလွယ်ကူပဲကိုကွ နော် (မှန်ပါတယ် ဆရာ)၊ မလွယ်ဘူး မလွယ်ဘူး၊ ဒီတော့ ခင်ဗျားများလည်း သိပ်လည်း အပြစ်တင်စရာ မရှိပါဘူး။ တချို့လည်း တော်သားပဲ၊ ပေါက်ပေါက် ရောက်ရောက် တော်တော်လည်းရှိပါတယ်။ သဘောသဘာဝ အင်မတန်ပြတ်သားတယ်၊ တော်တော် ရှင်းတယ်။ ဒါပေမဲ့လို့ ဆရာတစ်ဆူ လုပ်စမ်းပါဆိုတော့ တာဝန်ကသေးတဲ့ကိစ္စမဟုတ်ဘူး၊ မလုပ်နိုင်ကြဘူးလို့။ ဒါကြောင့် ဒို့ဘယ်နှယ်ဖြစ်နေလဲဆို ခုတော့ အရူးမီးဝိုင်းသလို ဖြစ်နေတယ်လို့ ဟိုကခေါ် ဒီကခေါ်နဲ့၊ ခေါ်တဲ့နေရာတွေကို တော်တော်လည်းများပါပြီ။

အဲဒါ ကိုယ်ကလည်း မတတ်နိုင်တော့ လိမ်ရာလည်းမကျအောင်ဆိုပြီးတော့ ဗြောင်ငြင်းငြင်း လွှတ်နေရတာ မတတ်နိုင်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ခေါ်ပေမဲ့မလိုက်နိုင်ဘူး။ တို့ ငြင်းတာကတော့ သိပ်မဆိုးပါဘူး၊ ခေါ်ပေမဲ့ မလိုက်နိုင်ဘူး၊ လိုက်လို့မဖြစ်ဘူး၊ လိုက်ဆိုတာက အကျိုးပြု ဝေဖန်လိုက်ရမယ်။ အကျိုးနည်းတာနဲ့ အကျိုးများတာ ဒီလိုတွက်ရမယ်။ အကျိုးရှိတာချင်း တူအုံးတော့မှားတာနဲ့ နည်းတာ ဒီလိုတွက်ရမယ်။ အကျိုးကတော့ရှိတယ်ဟဲ့။ ဒီမှာဟောနေတာလည်း ရှိတာပဲ။ တခြားထွက်ဟောနေလည်း အကျိုးရှိတာပဲ။ ဒါပေမဲ့ အကျိုးများတာနဲ့ အကျိုးနည်းတာ တွက်ရမယ်ဆိုတော့ ဒီလိုတွက်ရတယ်။ အခုလက်ရှိ သင်တန်းကြီးက လူသုံးထောင်ကျော် စာရင်းပေးပြီး တက်နေတော့ တစ်နေရာထွက်သွားလို့ရှိရင် တစ်နေရာက ဖိတ်ခေါ်တဲ့နေရာက အဲဒီလူသုံးထောင်နဲ့ကျော်လို့ လေးထောင်, ငါးထောင် လက်မှတ်ထိုးတက်မယ်ဆိုရင် ဟိုက အကျိုးများလိမ့်မယ်။ ဒီလိုဆိုမှ လိုက်သင့်

http://www.dhammadownload.com

လိုက်နိုင်မှာလို့ဆိုတော့ မတတ်နိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ မတတ်နိုင်ဘူး၊ တို့ကလည်း လက်ရှိစာရင်းနဲ့ချည်း ချောက်နေတာ။ အဲဒီလူများ တက်နိုင်ဖို့ရာ မခဲယဉ်းဘူးလားဟ (ခဲယဉ်းပါတယ်ဆရာ)၊ ဘယ်လူသုံးထောင်ကျော် လေးထောင်ကျော် စုရဖို့ဆိုတာ မင်းရွှေမန်းကြည့်ပါလား ရမလားလို့။ ခဲယဉ်းပေါ့ နော် (မှန်ပါတယ်ဆရာ)၊ မရနိုင်ဘူးကွ။ ဒါ ဒို့မြို့နယ်၊ လူစုနဲ့မို့လို့ အံကိုက်ဖြစ်နေတာ။ အဲဒီပရိသတ်နဲ့ မျက်မြင်ပရိသတ်နဲ့ ငါချောက်ချောက် လွှတ်နေရတာပဲ။ ခင်ဗျားများလည်းပဲ ဒါနဲ့ပဲနောက်တွန့်တွန့်သွားကြတယ်။ အေး - ဟုတ်သားပဲ၊ လက်ရှိလုပ်ငန်းကြီးက လူပေါင်း သုံးထောင်ကျော်တက်နေတယ်ဆိုတော့ ဒါကြီးဖျက်ပြီးလိုက်ဖို့ဆိုတာ မလွယ်ပါလားဆိုပြီး လက်လျော့သွား။ အဲဒါ ပရိယာယ်နဲ့ သုံးနေရတာပဲလို့ ကိုယ်ခွဲရှိရင် လိုက်သွားပါတယ်၊ ဘယ်သူလိုက်သွားပါ၊ ဘယ်ဝါလိုက်သွားပါဆိုတော့ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။

အေး - ဒါကြောင့် ကြိုးစားနိုင်ရင်လည်း ကြိုးစားကြပါလို့၊ ကြိုးစားစေချင်ပါတယ်။ နှုတ်စလျှာစနဲ့ သင်ရေး ကြားရေးရှိတဲ့ပုဂ္ဂိုလ်ရှင်များ ရေသာမခိုကြပါနဲ့လို့။ ဒီသာသနာကြီးပြုရတာ အင်မတန်မှတန်ဖိုးရှိပါတယ်၊ အင်မတန်မှလည်း မွန်မြတ်ပါတယ်။ ကိုယ်လည်းပဲ အကျိုးရှိတာတော့ ပြောစရာမလိုပါဘူး။ ဘယ်လောက် အကျိုးရှိ တစ်ဖက်သား ပြောပြနေရတာဆိုတော့ ကိုယ်ကိုယ်တိုင် တရားဝင်စားတာ နှလုံးသွင်းတာနဲ့ အတူတူပါပဲ၊ မထူးပါဘူး။ အေး - ဒါကြောင့် အဲဒီနေရာလေးမှာ -

အဝသေသံ ပဌမဘဝင်္ဂတော ပဘုတိ သဗ္ဗမ္ပိ ဝိညာဏံ တဿ တဿ နာမရူပဿ ယထာရဟံ ပစ္စယော ဟောတီတိ ဝေဒိတဗ္ဗံ။

အဝသေသံ၊ ကြွင်းကျန်သော။ ပဌမဘဝင်္ဂတော၊ ပဌမဘဝင်မှ။ ပဘုတိ၊ အစပြု၍။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဝိညာဏံ၊ ဝိညာဏ်သည်။ တဿ တဿ နာမရူပဿ၊ ထိုထို နာမ်ရုပ်တရားနှစ်ပါးအား။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိထိုက်၏။

ဒါကြောင့် အလုံးစုံသော ဝိညာဏ်တရားဟာ ပဌမဘဝင်မှ အစပြုပြီးတော့ ဖြစ်ပေါ်လာတဲ့အလုံးစုံသော ဝိညာဏ်တရားဆိုတော့ စိတ်တရားတွေမှန်သမျှ ဝိညာဏ်ခေါ်တယ်။ ဒါပေမဲ့ ဒီနေရာမှာအကုန်လုံး တစ်ပြိုလုံး ဟောထားတဲ့ ဝိညာဏ်မယူနဲ့။ ဒီနေရာမှာ အနာဝသေသသဗ္ဗ မဟုတ်ဘူး၊ သာဝသေသသဗ္ဗ-ချွင်းချက်နဲ့ ဟောထားတဲ့ သဗ္ဗသဒ္ဒါ နော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့ ပဋိသန္ဓေစိတ်ဟာ နာမ်ရုပ်နှစ်ပါးကို ကျေးဇူးမပြုနိုင်ဘူးတဲ့။ ရုပ်တရား မဖြစ်တတ်ဘူးတဲ့။ ဘာပြုလို့လဲသူကိုယ်က အားအင်မတန်သေးနေတယ်။ ပဋိသန္ဓေရဲ့ဥပါဒ်ခဏ ဖြုန်းခနဲ လာကျလိုက်တော့ သူကိုယ်

http://www.dhammadownload.com

တိုင်က ဘာမှန်းမသိ ဖြစ်နေတယ်၊ တွေဝေနေတယ် နော် (မှန်ပါတယ်ဆရာ)၊ သူရဲ့မှီရာ ဝတ္ထုရုပ်က အင်မတန် အားသေးနေတယ်။

ဒါကြောင့် အဋ္ဌကထာဆရာက ဥပမာပြတာ၊ ကမ်းပါးပြတ်က ကျတဲ့ ယောက်ျားဟာ မိမိကျနေဆဲ အခိုက်ကလေးမှာ တစ်ပါးသော ယောက်ျားရဲ့ အန္တရာယ်ကို အကူအညီပေးပါဆိုတော့ မပေးနိုင်သလိုပဲ။ ဘာပြုလို့ ဝတ္ထုရုပ်အားသေးတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

၉ဝံ ဝတ္ထုဒုဗ္ဗလတာယ ဒုဗ္ဗလတ္တာ ရူပံ နာ သမုဋ္ဌာပေတုံ နာ သက္ကောတိ။

၉ဝံ၊ ထို့အတူ။ ဝတ္ထုဒုဗ္ဗလတာယ၊ ဝတ္ထုရုပ်အားနည်းသည်၏အဖြစ်ကြောင့်။ ဒုဗ္ဗလတ္တာ၊ အားနည်းနေသည့်အတွက်။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ ရူပံ၊ ရုပ်တရားကို။ သမုဋ္ဌာပေတုံ၊ ဖြစ်စေခြင်းငှာ။ နာ သက္ကောတိ၊ မစွမ်းနိုင် မတတ်နိုင်။

တိုက်ရိုက် ဒီနေရာလေး မှတ်ထား နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် တို့ စိတ်တစ်ခုယုတ်ကိုးဆယ်မှာ ပဋိသန္ဓေစိတ်ဆယ့်ကိုးပါးနှုတ်လိုက် နော် (မှန်ပါတယ်ဆရာ)၊ ကျန်တဲ့ စိတ်တရားတွေ နာမ်တရားနဲ့ ရုပ်တရားနှစ်ပါးကို ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုလိုက်တယ်လို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါ " ဝိညာဏပစ္စယာ နာမရူပံ" သွား။ ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ (ဝါ) ပဋိသန္ဓေစိတ်ဆယ့်ကိုးပါး လွှတ်၍ကျန်သော ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ ဟောဒီ အကြောင်းဝိညာဏက တရားကိုယ် တရားသား တစ်ခါ ပြန်ကောက်။ နာမရူပံ၊ နာမ်ရုပ်နှစ်ပါးတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ အဲဒီနေရာမှာ နာမ်နဲ့ရုပ် ဆိုတာ အကျိုးတရားအဖြစ်နဲ့ ပေါ်လာတာ၊ နာမ်က ဘယ်သူတုံး၊ စေတသိက်ငါးဆယ့်နှစ်ပါးသော တရားကို ကောက်၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ ရုပ်တရားက ဘယ်သူတုံး၊ စတုသမုဋ္ဌာနိကရုပ်တရား ကောက်၊ ရုပ်နှစ်ဆယ့်နှစ်ပါးလုံး နားလည်လား (နားလည်ပါဆရာ)။

ဒါဖြင့် ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် အကျိုးနာမ်ရုပ်တရားနှစ်ပါး ဆိုတာ နာမ်က ဘယ်သူတုံး၊ "ဝိညာဏပစ္စယာ နာမရူပံ" ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ နာမရူပံ၊ နာမ်ရုပ်တရားနှစ်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်လို့ အတိုလေးတွေ မှတ်ထား၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်။ "ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်"ဆိုတဲ့ သဘောလေး ဝိညာဏ်က အကြောင်း၊ နာမ်ရုပ်က အကျိုး၊ ပဌမတုန်းကတော့ "သင်္ခါရပစ္စယာ ဝိညာဏံ"ဆိုစဉ်အခါတုန်းက သင်္ခါရက အကြောင်း၊ ဝိညာဏ်က အကျိုး၊ "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတော့ ဝိညာဏ်က

http://www.dhammadownload.com

အကြောင်း၊ နာမ်ရုပ်က အကျိုး၊ အဲဒါလေးတွေ နှစ်ချက်နှစ်ချက် သွားပုံလေးတွေ မှတ်ထား၊ အကြောင်းဖြစ်လိုက်၊ အကျိုးဖြစ်လိုက်၊ အကြောင်းဖြစ်လိုက်၊ အကျိုးဖြစ်လိုက်၊ ဒီတော့ "ဝိညာဏပစ္စယာ နာမရူပံ" ဆိုတော့ ဝိညာဏ်က အကြောင်းဖြစ်မလာဘူးလားကွယ် (ဖြစ်လာပါတယ်ဆရာ)၊ အကြောင်းဖြစ်လာ၊ "သခိါရပစ္စယာ ဝိညာဏံ" ဆိုတုန်းကတော့ ဝိညာဏ်ဘာတုံးဟ (အကျိုးပါဆရာ)။ အကျိုးဝိညာဏ်ကောက်တော့ တစ်မျိုး၊ အကြောင်းဝိညာဏ်ကောက်တော့ တစ်မျိုးနော် (မှန်ပါတယ်ဆရာ)။

သခိါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုစဉ်အခါတုန်းက ဝိညာဏ်က အကျိုးတရား၊ အဲဒီအကျိုးတရား ဝိညာဏ်တုန်းက တရားကိုယ် တရားသားက ဘယ်သူကောက်၊ (မသိပါဘူးဆရာ)။ ကိုယ်ကျိုးနည်းတာပဲ၊ သုံးရက်မှ မကြာသေးဘူး၊ (အကုသလဝိပါက်စိတ်ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး၊ မဟာဝိပါက်စိတ်ရှစ်ပါး၊ ရူပဝိပါက်စိတ်ငါးပါး၊ အရူပဝိပါက်စိတ်လေးပါး) အေး-ဟုတ်ပြီးပေါင်းလိုက်တော့ ဘယ်လောက်ရှိ၊ (သုံးဆယ့်နှစ်ပါးပါဆရာ)၊ လောကီဝိပါက် ဗာတ္တိသ နော် (မှန်ပါတယ်ဆရာ)၊ သုံးဆယ့်နှစ်ပါး တရားကိုယ်တရားသားရတယ်။ ဒါ သခိါရကြောင့်ဖြစ်တဲ့ ဝိညာဏ်ဆိုတော့ အကျိုးဝိညာဏ် ကောက်ထားတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီတရားကိုယ်လုံးကောက်ကလေးတွေလည်း မှတ်လည်းထား၊ တရားကိုယ်လုံးကောက် ရရုံတင်မဟုတ်ဘူး၊ သဘောလေးတွေလည်း ပြတ်သားနားလည်ထား။ ဩော် သခိါရ အကြောင်းခံလို့ ဝိညာဏ်ပေါ်လာတော့ ဒီဝိညာဏ်ဟာ လောကီဝိပါက် ဗာတ္တိသ-သုံးဆယ့်နှစ်ပါးသော ဝိပါက်စိတ်တွေရတယ်၊ အကုသလဝိပါက်စိတ်ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ်ရှစ်ပါး၊ မဟာဝိပါက်စိတ်ရှစ်ပါး၊ ရူပဝိပါက်စိတ်ငါးပါး၊ အရူပစိတ်လေးပါးပေါင်းတော့ သုံးဆယ်နဲ့နှစ်ပါးသော ဝိညာဏ်ရ၏။ ဒါဖြင့် သခိါရကြောင့်ဖြစ်လာတဲ့ ဝိညာဏ်ဆိုတဲ့ အကျိုးတရားက ဒီဝိပါက်စိတ် သုံးဆယ်နဲ့နှစ်ပါးပဲ ရသလားဆိုတော့ မဟုတ်ဘူးတဲ့။ ဒီထဲမှာ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်နှစ်ဆယ် ပါပြီးသားပေါ့ နော် (မှန်ပါတယ် ဆရာ)။ ဒီနေရာမှာ ရုပ်ကော နာမ်ကော နှစ်ပါးစလုံး ပဋိသန္ဓေခန်းလေးက ဒါပြခဲ့ပြီးပြီ။ ပြီးတော့မှ အကျိုးဝိညာဏ်ပေါ်ပြီးတဲ့နောက် "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတဲ့ နေရာကျတော့ ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ နာမရူပံ၊ နာမ်ရုပ်တရားနှစ်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏ ဆိုတော့ ဝိညာဏ်က အကြောင်းဝိညာဏ်ဖြစ်၏ အဲဒီအကြောင်းဝိညာဏ်ကျတော့ ဒီဝိညာဏ်ဘာကောက်မတုံးလို့ မေးတော့ -

"အဝသေသံ ပဌမဘဝဂ်တော ပဘုတိ ဃဋ္ဌမိ ဝိညာဏံ တဿ တဿ နာမရူပဿ ယထာရဟံ ပစ္စယော ဟောတီတိ ဝေဒိတဗ္ဗံ"။

အဝသေသံ၊ ကြွင်းကျန်သော။ ပဌမဘဝဂ်တော၊ ပဌမဘဝင်မှ။ ပဘုတိ၊ အစပြု၍။ သဋ္ဌမိ၊

http://www.dhammadownload.com

အလုံးစုံလည်းဖြစ်သော။ ဝိညာဏ်၊ ဝိညာဏ်သည်။ (ဝါ) စိတ်တရားစုသည်။ တဿ တဿ နာမ-ရူပဿ၊ ထိုထိုနာမ်ရုပ်တရားနှစ်ပါးအား။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိထိုက်၏။

"သဗ္ဗမ္မိ ဝိညာဏ်"လို့ အလုံးစုံသော စိတ်တရားတွေ အကုန်ကောက်ရမယ်၊ ဒါပေမယ့် ဒီနေရာမှာ "သဗ္ဗမ္မိ"လို့ ဆိုထားတဲ့ "အလုံးစုံသော အကုန်လုံး"ဆိုတဲ့ သဗ္ဗသဒ္ဒါက - သာဝသေသတဗ္ဗ၊ အနာဝသေသတဗ္ဗ နှစ်မျိုးနှစ်စားရှိတဲ့အနက် ချွင်းချက်နဲ့ဟောထားတဲ့ သဗ္ဗ၊ အကြွင်းမဲ့ ဟောထားတဲ့ သဗ္ဗ၊ ဒီနှစ်မျိုးနှစ်စားမှာ သာဝသေသတဗ္ဗ-ချွတ်ယွင်းချက်နဲ့ ဟောထားတဲ့ သဗ္ဗသဒ္ဒါ ယူရမယ်လို့၊ ဘာပြုလို့ ဝိညာဏ်ခေါ်တိုင်း စိတ်တရားစုမှန်တိုင်း နာမ်ရုပ်တရားနှစ်ပါးကို ဖြစ်စေနိုင်တယ်လို့ မပြောနိုင်ဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့တုံးတဲ့၊ ပဋိသန္ဓေစိတ်ကျတော့ နာမ်ရုပ်တရားနှစ်ပါးကို မဖြစ်စေနိုင်ဘူးတဲ့၊ ရုပ်တရားကို မဖြစ်စေနိုင်ဘူး၊ ဘာပြုလို့ ၎င်းပဋိသန္ဓေစိတ်ဟာ မှီရာဝတ္ထုရုပ် အင်မတန်အားနည်းနေတဲ့အတွက်၊ ဒါကြောင့် ပဋိသန္ဓေစိတ်ကို ဖယ်ထားရမယ်။ ပဋိသန္ဓေစိတ်ချန်ထား ကြွင်းတဲ့ဝိညာဏ်တရားတွေ မှန်မှန်သမျှကတော့ နာမ်တရားနဲ့ရုပ်တရားနှစ်ပါးကို ကျေးဇူးပြုတယ်၊ ဖြစ်စေတယ်ဆိုတာ ဟုတ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

"ပဋိသန္ဓိစိတ္တံ ပန ရူပံ န သမုဋ္ဌာပေတိ၊ တဉ္စိ ယထာ ပပါတေ ပတိတပုရိသော ပရဿ ပစ္စယော ဟောတုံ န သက္ကောတိ၊ ဧဝံ ဝတ္ထုဒုဗ္ဗလတာယ ဒုဗ္ဗလတ္တာ ရူပံ သမုဋ္ဌာပေတုံ န သက္ကောတိ။"

တမြန်မနေ့က ပြသွားပေါ့၊ ကမ်းပါးပြတ်က ကျတဲ့ ယောကျ်ားလိုပါပဲ၊ မိမိကျဆဲခဏာ တစ်ပါးသော ပုဂ္ဂိုလ်၏ အကူအညီပေးပါဆိုလို့ ဘယ့်နှယ့်နည်းမှ မတတ်နိုင်ဘူးတဲ့၊ သူကိုယ်တိုင်က အင်မတန် မှီရာဝတ္ထု အားသေးနေသည့်အတွက် တစ်ပါးသောပုဂ္ဂိုလ်ကို အကူအညီ ပေးဖို့ဥစ္စာ မစွမ်းနိုင်သလို၊ ပဋိသန္ဓေစိတ်ဆယ့်ကိုးပါးဆိုတဲ့ ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏမှ ဘွားခနဲလာဖြစ်၊ သူကိုယ်တိုင်ကိုယ်ကပဲ မှီရာ ဝတ္ထုရုပ်က အင်မတန်အားသေးနေသည့်အတွက် တစ်ပါးသော ရုပ်တရားကို ဖြစ်စေနိုင်တဲ့သတ္တိ လုံးဝမရှိ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ နားလည်လား (မှန်ပါတယ်ဆရာ)၊ နှစ်ညရှိပြီနော် (မှန်ပါတယ်ဆရာ)၊ ဒါလေးတွေ နားလည်ရတယ်။ ဒါလေးတွေက စာနယ်က ခက်ဆစ်ကလေးတွေလို့ ဒီလိုမှတ်။ စာဝါသနာပါတဲ့ ပုဂ္ဂိုလ်များအတွက် တို့ရိုးရိုးမင်ပေါက် ဖိုလ်ပေါက်စခန်းသွားကြစို့ဆိုတော့ ဒါလေးတွေ မှတ်မိမှာမဟုတ်ပါဘူး၊ မမှတ်မိလည်းပဲ ဖြစ်နိုင်ပါ၏၊ မဟုတ်ဘူးလားကွာ (မှန်ပါတယ်ဆရာ)၊ သဘောလေးတွေနဲ့သွားကြမှာ။ ဒါကြောင့် ပဋိသန္ဓေစိတ်ချန်ထား၊ သဗ္ဗမ္မိ ဝိညာဏ်၊ ပဋိသန္ဓေ စိတ်မှတစ်ပါးကျန်သမျှ အလုံးစုံသော ဝိညာဏ်တရားသည်။ တဿ တဿ နာမရူပဿ၊ ထိုထို နာမ်ရုပ်တရားနှစ်ပါးအား။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ပစ္စယော၊ ကျေးဇူးပြုသည်။

http://www.dhammadownload.com

ဟောတိ၊ ဖြစ်၏။ ဒါကျေးဇူးပြုနိုင်တယ်တဲ့၊ အဲဒီနေရာလေးတွေမှာ -

ဒီအကြောင်းဝိညာဏ်ကို ကောက်လိုက်တော့ ပဋိသန္ဓေစိတ်ဆယ့်ကိုးပါးလွှတ်ပြီးတော့ ကျန်တဲ့ စိတ်တရားစု မှန်မှန်သမျှ နာမ်တရားနဲ့ရုပ်တရား နှစ်ပါးကို ဖြစ်စေတယ်ဆိုတော့ တရားကိုယ်တရားသား ရသွားတယ်။ ပြီးတော့မှ ထိုဝိညာဏ်တည်းဟူသော အကြောင်းကြောင့်ဖြစ်လာတဲ့ နာမ်တရား ရုပ်တရားနှစ်ပါး အကျိုးတရားကိုနားလည်အောင် ဝေထားတဲ့စာရွက်ကလေး ပြန်ကြည့်ကြ၊ ဒီက လုံးကောက်ကလေးတွေ အဓိပ္ပာယ် ရှင်းတဲ့အခါကျ ကိုယ့်မျက်စိထဲ အကွင်းသားလေးတွေ ပေါ်ပေါ်လာ အောင် ဝိညာဏ်ကြောင့် နာမ်ရုပ်တရား နှစ်ပါးဖြစ်၏ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဝိညာဏ် ကြောင့် နာမ်ရုပ်တရားနှစ်ပါး ဖြစ်၏။ ဝိညာဏ်က အကြောင်းမနေဘူးလား (ဝိညာဏ်ကအကြောင်းပါ ဆရာ)၊ နာမ်ရုပ်တရားနှစ်ပါးက အကျိုးမဟုတ်လား (အကျိုးပါဆရာ)၊ နာမ်တရား ရုပ်တရားနှစ်ပါးက ဝိညာဏ်ကြောင့်၊ ဒါဖြင့်ကောင်းပြီ၊ ဝိညာဏ်ကြောင့် နာမ်ရုပ်တရားနှစ်ပါး ဖြစ်တယ်ဆိုတော့ ဝိညာဏ် ဆိုတဲ့အကြောင်း ဝိညာဏ်လည်းပဲ တရားကိုယ်တရားသား ကောက်ပြပေါ့ကွာ နော် (မှန်ပါတယ် ဆရာ)၊ အကျိုးနာမ်ရုပ် ဆိုတာက ဘယ်သူတွေတုံးလို့၊ တစ်ခါလာပြန်ပြီ၊ အဲဒီလို အကြောင်းအကျိုး ဆက်သွားတဲ့ အဓိပ္ပာယ်လေး၊ ပြတ်သားဖို့ အရေးကြီးတယ်။

+ အကျိုးနာမ်ရုပ်တရားနှစ်ပါးက နာမ်က ဒီနေရာမှာ စေတသိက်တရား ငါးဆယ်နဲ့နှစ်ပါး ကောက် တယ်နော် (မှန်ပါတယ်ဆရာ)၊ ရုပ်တရားကတော့ "စတုသမုဋ္ဌာနိက"-ကံကြောင့်, စိတ်ကြောင့်, ဥတု ကြောင့်, အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တရားကောက်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နာမ်တရား ဘယ်သူ ကောက်ရမတုံး (စေတသိက် ငါးဆယ့်နှစ်ပါး ကောက်ရမှာပါဆရာ)၊ ဟုတ်ပြီ ရုပ်တရား ကတော့ (ကံ, စိတ်, ဥတု, အာဟာရ, ကောက်ရမှာပါဆရာ)၊ ဟောဗျာ ဒုက္ခမှ အကြီးစားပဲ။ ကံ, စိတ်, ဥတု, အာဟာရကောက်ရမယ်လား၊ ဘာကောက်ရမတုံး (မှန်ပါတယ်ဆရာ)၊ ဟောဗျာ ရုပ်မပါဘူးပေါ့၊ (ပါ,ပါတယ်ဆရာ)၊ ဘယ်သူ့ကောက်ရမတုံး သေချာပြောပါဟ (ရုပ်နှစ်ဆယ့်ရှစ်ပါး ပါဆရာ)၊ ဖြစ်သွားပြန်ပေါ့၊ ဘာကြောင့်ဖြစ်တဲ့ရုပ်တွေ ကောက်ရမှာတုံး (ကံကြောင့်ဖြစ်တဲ့ရုပ်တွေပါဆရာ)။ ဒါပဲ လား (စိတ်ကြောင့်ဖြစ်တဲ့ရုပ်ကော ကောက်ရမှာပါ)၊ အောင်မလေး ဈေးကိုင်နေလိုက်တာ ပြောပါဟ (ဥတုကြောင့်ဖြစ်တဲ့ရုပ်ရယ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်ရယ်-ပါဆရာ)၊ စတုသမုဋ္ဌာနိကရုပ် ခေါ်တယ်၊ အကြောင်းလေးချက်ကြောင့်ဖြစ်တဲ့ ရုပ်တရားတွေ နားလည်လား (နားလည်ပါတယ်ဆရာ)၊ စတု သမုဋ္ဌာနိက၊ စတု-က လေး။ သမုဋ္ဌာန-က အကြောင်း၊ အကြောင်းလေးပါးကြောင့်ဖြစ်တဲ့ ရုပ် တရားတွေ ကောက်ပါ၊ အကြောင်းလေးပါးက ဘယ်သူတုံး (ကံ, စိတ်, ဥတု, အာဟာရပါဆရာ)၊ အေး ဒါတော့ သိပြီသား မဟုတ်လား (သိပါတယ်ဆရာ)။

http://www.dhammadownload.com

ရုပ်က ကံကြောင့်လည်းဖြစ်တယ် (မှန်ပါတယ်ဆရာ)၊ စိတ်ကြောင့်လည်း ဖြစ်တယ်လား (ဖြစ်ပါတယ်ဆရာ)၊ ဥတုကြောင့်လည်း ဖြစ်တယ်လား (ဖြစ်ပါတယ်ဆရာ)၊ အာဟာရကြောင့်လည်း ဖြစ်တယ်လား (ဖြစ်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အဲဒီအကြောင်းလေးချက်နဲ့ ဖြစ်ပေါ်လာသော ရုပ်နှစ်ဆယ့်ရှစ်ပါးစလုံးကို ကောက်၊ "ဝိညာဏပစ္စယာ နာမရူပံ" ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်း ဟူသော အကြောင်းကြောင့်။ နာမရူပံ၊ နာမ်ရုပ်တရားနှစ်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမ်တရားက စေတသိက်ငါးဆယ့်နှစ်ပါး၊ ရုပ်တရားက စတုသမုဋ္ဌာနိကရုပ် ရုပ်နှစ်ဆယ့်ရှစ်ပါးကုန်ရောနော် (မှန်ပါ တယ်ဆရာ)၊ ဒီနေရာမှာ အကယ်တန္တ့ "ဝိညာဏပစ္စယာ၊ စိတ်တည်းဟူသော ဝိညာဏ် အကြောင်း ကြောင့်။ နာမရူပံ" ဆိုတဲ့ နေရာလေးမှာ နာမ်တရားဟာ စေတသိက်ချည်းရသလား၊ စိတ်တော့ မရဘူးလားဆိုရင် စိတ်လည်း ရပါတယ်တဲ့၊ စိတ်လည်း နာမ်ခေါ်တယ်၊ စေတသိက်လည်း နာမ်ခေါ်တယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် စိတ်တရားတွေတော့ ဘာကြောင့် မကောက်သလဲလို့ဆိုတော့ မကောက်နိုင်ဘူးတဲ့၊ ဘာပြုလို့လဲဆိုတော့ ဝိညာဏ်ကြောင့် ဝိညာဏ် ဖြစ်လိမ့်မယ့်တဲ့ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်၊ စိတ်ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်၊ စိတ်ဝိညာဏ်ဖြစ်လို့မ်မယ် ဆိုတဲ့ အနေကတော့ အကြောင်းလည်း ဝိညာဏ်၊ အကျိုးကလည်း ဝိညာဏ်ဆိုတော့ ဒီလိုမနေနိုင်ဘူး။

ဒါကြောင့် ဒီနေရာမှာအကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးကို စိတ်နဲ့စေတသိက် ခွဲထားတာ၊ အမှန်က စိတ်နဲ့စေတသိက်တရားဟာ ဒီဝိညာဏ်ဆိုတဲ့ စိတ်တရားဖြစ်ပြီးဆိုမှဖြင့် အခုကောက်ထားတဲ့ နာမ်လို့ ကောက်ထားတဲ့ စေတသိက်တရားငါးဆယ်နှစ်ပါး ပါပြီးသား ဖြစ်နေတယ်။ မပါဘူးလား၊ (ပါ,ပါတယ်ဆရာ)၊ ဒါပေမယ့် စိတ်နဲ့စေတသိက်တရား ဘယ့်နယ့်နေသလဲဆိုတော့ စိတ်ကလူ၊ စေတသိက်ကအရိပ်၊ ဥပမာ - လူနဲ့ အရိပ်လိုပဲတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လူနဲ့ အရိပ်၊ လူနဲ့ အရိပ် ဘယ်သူက ပြဋ္ဌာန်းတုံးဟ (လူက ပြဋ္ဌာန်းပါတယ်ဆရာ)၊ လူက ပြဋ္ဌာန်းတယ်၊ အရိပ်က ဘယ်သူ့မှီဖြစ်တာတုံး (လူမှီဖြစ်ပါတယ်ဆရာ)၊ အေး ဟုတ်ပြီ။ ဒါဖြင့် အရိပ်နဲ့လူက နေပူထဲ ထွက်လိုက်တဲ့အခါကျ အရိပ်က အရင်ဖြစ်သလား၊ လူကအရင်ဖြစ်သလား (တစ်ပြိုင်နက်ဖြစ်ပါတယ်ဆရာ)၊ အေး - တစ် ပြိုင်နက်ဖြစ်တယ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အပုဗ္ဗမစရိမံ-မရှေးမနှောင်း တစ်ပြိုင်နက်ဖြစ်၊ တစ်ပြိုင်နက်ဖြစ်ပေမယ့် လူပြဋ္ဌာန်းတယ် နော် (မှန်ပါတယ်ဆရာ)။ အခုလည်း ဒီလိုပဲ စိတ်နဲ့ စေတသိက်သည် "ဧကုပ္ပါဒ ဧကနိရောဓ ဧကာလမ္ဗဏ ဧကဝတ္ထုက" လက္ခဏာလေးချက်၊ စေတသိက်တရားက တခြားမဟုတ်ပါဘူးတဲ့။ သူနာမည်ကိုက စေတသိက ခေါ်ထားတာ၊ "စေတသိ နိယုတ္တံ စေတသိကံ" စေတသိ၊ စိတ်၌။ နိယုတ္တံ၊ ယှဉ်သည်တည်း။ စေတသိကံ၊ စိတ်၌ယှဉ်သည်။ စိတ်၌အမြဲယှဉ်

http://www.dhammadownload.com

ဖြစ်တဲ့တရားမို့လို့ စေတသိက်လို့ခေါ်ထားတာပါတဲ့။ စိတ်ဖြစ်ရင် သူပါပြီးသားနော် (မှန်ပါတယ်ဆရာ)။

ဒါ့ကြောင့် "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတဲ့နေရာ "ဝိညာဏပစ္စယာ"လို့ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်လို့ဆိုတဲ့ အကြောင်းဝိညာဏ် စိတ်တရားတွေပေါ်ထဲက စေတသိက်ငါးဆယ့် နှစ်ပါး ရပြီးသား မရဘူးလား (ရပါတယ်ဆရာ)၊ ဘာပြုလို့ စေတသိက်တရားကိုက စိတ်မှီဖြစ်တယ်၊ ဖြစ်ပြန်တော့ ဧကုပ္ပါဒ-တစ်ပြိုင်နက်ဖြစ်တဲ့၊ ဧကနိရောဓ-တစ်ပြိုင်နက်ချုပ်တဲ့၊ စိတ်နဲ့နော် (မှန်ပါတယ်ဆရာ)၊ ဧကာလမ္ဗဏ-စိတ်နှင့်အာရုံအတူပဲတဲ့၊ ဧကဝတ္ထုက-စိတ်နဲ့မှီရာလည်းအတူပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လက္ခဏာလေးချက်၊ အဲဒီလက္ခဏာလေးချက်နဲ့ အမြဲဖြစ်နေတဲ့ စေတသိက်တရားတွေ၊ ဒီတော့ 'ဝိညာဏံ'ဆိုတဲ့ အကြောင်းဝိညာဏ်လေး ဖြစ်စဉ်အခါထဲက ဒီစေတသိက်ဆိုတဲ့ နာမ်တရား ငါးဆယ့် နှစ်ပါးက ပါပြီးသားပါတဲ့။ ဒါပေမယ့် ဒီနေရာမှာ နိဿယ, နိဿိတအနေအားဖြင့် မှီအပ်တာနဲ့ မှီတတ်တယ်ဆိုတဲ့ သဘာဝလေးနဲ့ ခွဲခြားပြီးတော့ အကြောင်းအကျိုး ဆက်ပြီးပြထားတယ်၊ ဒါကြောင့် စိတ်က မှီရာ, မှီအပ်တဲ့တရား၊ စေတသိက်က မှီတတ်တဲ့တရား နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် စိတ်က ပြဋ္ဌာန်းလို့၊ စိတ်ကို မှီရာဟူသောအနေနဲ့ အကြောင်းနေရာက ချပြ၊ စိတ်ကို စွဲ၍ စိတ်ကိုမှီ၍ ဖြစ်ရသော စေတသိက်တရားတွေတဲ့၊ ဖြစ်တာတော့ ဒီနေရာမှာ တော်တော်ကြီး ကြန့်ကြာပြီဖြစ်သလို မှတ်မနေနဲ့၊ ဧကုပ္ပါဒနဲ့ ပြထားတာအတူဖြစ်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဧကနိရောဓ-ပျက်တော့လည်း အတူပျက်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဧကာလမ္ဗဏ-အာရုံတူတဲ့၊ ဧကဝတ္ထုက-မှီရာအတူလို့ "ဧကုပ္ပါဒ ဧကနိရောဓ ဧကာလမ္ဗဏ ဧကဝတ္ထုက" လို့ လေးချက် လက္ခဏာလေးချက် ပြထားတယ်နော် (မှန်ပါတယ်ဆရာ)။ ဒီတော့ 'ဝိညာဏံ' ဆိုတဲ့ပုဒ် ပေါ်ထွက်လာစဉ်အခါထဲက စေတသိက်ငါးဆယ့်နှစ်ပါး ပါပြီးသား။ ဒါပေမယ့် ဒီနေရာမှာ ပဓာန ပြဋ္ဌာန်းတာက စိတ်က ပြဋ္ဌာန်းတယ်လို့ စိတ်ကအဓိကနော်၊ ဒါကြောင့် သူ့ကို အကြောင်းနေရာက ထည့်ပြီးတော့ စေတသိက် ငါးဆယ့်နှစ်ပါးသော နာမ်တရားတော့ အကျိုးနေရာက ထည့်ပြထားတာ။ ဒါကြောင့် "ဝိညာဏပစ္စယာ နာမရူပံ" ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ နာမရူပံ၊ စေတသိက် ငါးဆယ့်နှစ်ပါးဆိုတဲ့ နာမ်တရားနဲ့"စတုသမုဋ္ဌာနိက"-အကြောင်းလေးချက်နဲ့ ဖြစ်သော ရုပ် နှစ်ဆယ့်ရှစ်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်ကြကုန်၏။ ဒီတော့ ဝိညာဏ်က အကြောင်း၊ နာမ်ရုပ်နှစ်ပါးက အကျိုးတရား ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နာမ်ရုပ်တရား နှစ်ပါးကအကျိုးတရားနေတော့ နာမ်က ဘယ်သူတုံး (စေတသိက်ငါးဆယ့်နှစ်ပါးပါဆရာ)၊ ရုပ်က ဘယ်သူတုံး၊ (ရုပ်နှစ်ဆယ့်ရှစ်ပါး ပါဆရာ)။

အေး - မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ရုပ်နှစ်ဆယ့်ရှစ်ပါး၊ အဲဒီနေရာလေးက ပဋိသန္ဓေခန်းလေးတွေ ရှိသေးတယ်နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေခန်းလေးတွေ ရှိသေးတယ်၊ ဘယ်သတ္တာဟမှ မတက်သေးဘူး၊ စုတိနောင် ပဋိသန္ဓေလို့ ကလလရေကြည်တည်တဲ့ ပဋိသန္ဓေဥပါဒ်

http://www.dhammadownload.com

ခဏလောက်ပဲ ရှိသေးတယ်၊ ဒီအခန်းလေးက 'ဝိညာဏံ'ရယ်၊ 'နာမရူပံ'ရယ် ပြီးတော့ "နာမရူပပစ္စယာ သဠာယတနံ"လို့ကူးမှ "သတ္တာဟ"ရောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သခီရပစ္စယာ၊ သခီရတည်းဟူသော အကြောင်းကြောင့် အတိတ်ဘဝက ကြိုးစားလာတဲ့ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးသည်၊ ဝိညာဏံ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဒါ အကျိုးတရား၊ ဒါကြောင့် ပဋိသန္ဓေစိတ်က စယူ၍၊ လောကီဝိပါက် ဗာတ္တိသ ပဋိသန္ဓေခန်း၊ "ဝိညာဏပစ္စယာ နာမရူပံ" ပဋိသန္ဓေစိတ်ထဲပဲ ရှိသေးတယ်။ ဝိညာဏ်ကြောင့် နာမ်ရုပ်တရားနှစ်ပါးဖြစ်၏၊ အဲဒီနေရာ သေချာကြည့်၊ ဒီနေရာမှာလည်း စာနယ်စာသဘောလေး ထိုက်သည်အားလျော်စွာ ပါအုံးမှာပဲလို့ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို သူ့တာဝန်နဲ့ သူ့အဓိပ္ပာယ်ထွန်နဲ့ အကျယ်ကြီးမဟုတ်သော်လည်းပဲ ကျဉ်းကျဉ်းကျူတ်ကျူတ်ကလေးနဲ့ အလုပ်လုပ်ရတယ်၊ ထိုက်သည်အားလျော်စွာ စုံစုံစေ့စေ့လေး ပြည့်ပြည့်ဝဝလေးပါမှ။ ဒါကြောင့် ဝိညာဏ-ပစ္စယာ၊ ဝိညာဏ် တည်းဟူသော အကြောင်းကြောင့်။ နာမရူပံ၊ နာမ်ရုပ်တရားနှစ်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏ်က အကြောင်း၊ နာမ်တရားနှင့်ရုပ်တရားနှစ်ပါးသည် အကျိုးတရား၊ နာမ်က ဘယ်သူတုံး၊ နာမ်က စေတသိက်ငါးဆယ့်နှစ်ပါး၊ ရုပ်က စတုသမုဋ္ဌာနိကရုပ် နော် (မှန်ပါတယ်ဆရာ)။

ဧကဝေါကာရ စတုဝေါကာရ ပဉ္စဝေါကာရ ဘုံဆိုသည်မှာ

အဲဒီနေရာမှာ 'နာမရူပံ' ဆိုတဲ့ပုဒ်က စာနယ်စာနည်းလေးနဲ့ ပြောတော့ နာမ်ရယ်, ရုပ်ရယ်, နာမ်ရုပ်ရယ်သုံးမျိုးသုံးစားနေရမယ် ဒီနေရာမှာ ဘယ့်နယ့်နေရမလဲဆိုတော့ "ဝိညာဏပစ္စယာ နာမံ ရူပံ နာမရူပံ" လို့ ဒီလိုနေရမယ်၊ နာမ်ရယ်, ရုပ်ရယ်, နာမ်ရုပ်ရယ် သုံးစားထွက်နေတယ်၊ ဒါကြောင့် ဒီနေရာမှာ 'နာမရူပံ'ဆိုတဲ့ ပုဒ်မှာ "နာမဠ + ရူပဠ + နာမရူပဠ = နာမရူပံ"ပုဒ်ကလေးနေတာ၊ နာမဠ၊ နာမ်ချည်းသန့်သန့်ဂင်း။ ရူပဠ၊ ရုပ်ချည်းသန့်သန့်ဂင်း။ နာမရူပဠ၊ နာမ်ရုပ်နှစ်ပါးပေါင်းစပ်၍သုံးစားနေရတယ်၊ နာမရူပံ၊ နာမ်ရယ် ရုပ်ရယ် နာမ်ရုပ်ရယ်လို့ သုံးမျိုးသုံးစားရှိတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့လဲဆိုတော့ ဘုံသုံးပါးလိုက်ပြီးတော့ ဖြစ်နေတဲ့တရားနော်၊ ပဋိသန္ဓေ ဝိညာဏ်ကြောင့် ဝိညာဏ်နောက်မှာ ပဋိသန္ဓေဝိညာဏ်တည်းဟူသော အကြောင်းကြောင့်, ပဝတ္တိဝိညာဏ်တည်းဟူသော အကြောင်းကြောင့် နာမ်တရား ရုပ်တရား နှစ်ပါးဖြစ်တယ်ဆိုတာ သူ့ဘုံနဲ့သူ သွားနေကြတာတဲ့။ ဒါကြောင့် နာမ်ချည်းသန့်သန့်ဖြစ်တဲ့ဘုံတဲ့။ ရုပ်ချည်းသန့်သန့်ဖြစ်တဲ့ဘုံတဲ့။ နာမ်ရုပ်နှစ်ပါးတွဲစပ်ပြီး ဖြစ်တဲ့ဘုံလို့ ဒီလို သုံးမျိုးသုံးစားကို ညွှန်ကြားထားတာနော် (မှန်ပါတယ်ဆရာ)၊ တစ်ဘုံနဲ့ ဟောထားတဲ့ တရားမဟုတ်ပါဘူးတဲ့။ ဧကဝေါကာရ စတုဝေါကာရ၊ ပဉ္စဝေါကာရ၊ ဧကဝေါကာရ-ဆိုရင် ခန္ဓာတစ်ပါး တည်းရပြီး ရုပ်ချည်းသန့်သန့်ဖြစ်တဲ့ဘုံခေါ်တယ်။ စတုဝေါကာရ - နာမ်ခန္ဓာလေးပါးရတယ်၊ နာမ်ချည်း သန့်သန့် ဖြစ်တဲ့ဘုံတဲ့။ ပဉ္စဝေါကာရ - ခန္ဓာငါးပါးရပြီး ရုပ်ရော, နာမ်ရော နှစ်ပါးပေါင်းစပ်လို့ ဖြစ်တဲ့ဘုံတဲ့။ သုံးဘုံမနေဘူးလား (သုံးဘုံပါဆရာ)။

http://www.dhammadownload.com

အသညသတ်ဘုံရောက်ဖို့ ကမ္မဋ္ဌာန်းစီးဖြန်းပုံအကြောင်း

ရုပ်ချည်းဖြစ်တဲ့ဘုံ သိလား (မသိဘူးဆရာ)၊ ဘယ်များရောက်ကုန်မှန်းကို ငါမသိဘူး။ ရုပ်ချည်းဖြစ်တဲ့ဘုံ မကြားဖူးဘူးလား၊ ရှေ့နားက ငါတစ်ခါမှ ငါမပြောခဲ့ဘူးလား။ ဒါဖြင့် ကောင်းပါပြီ၊ နာမ်ချည်းဖြစ်တဲ့ဘုံကော မသိဘူးနော် (မမှတ်မိဘူးဆရာ)၊ အေး - ဟုတ်ပြီ၊ ရုပ်နာမ်နှစ်ပါး တွဲဖြစ်တဲ့ဘုံကော သိလား (သိပါတယ်ဆရာ)၊ ဘယ်ဘုံတုံး (လူ့ဘုံပါဆရာ)၊ ဒါတော့ သူသိတယ်၊ သူပါနေလို့ သိတာဟောဒီကောင် ရုပ်ချည်းသန့်သန့်ဖြစ်တဲ့ဘုံ၊ နာမ်ချည်းသန့်သန့်ဖြစ်တဲ့ဘုံ၊ ရုပ်နာမ်နှစ်ပါး တွဲဖြစ်တဲ့ဘုံ၊ သုံးမျိုးသုံးစား မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ရုပ်ချည်းသန့်သန့်ဖြစ်တဲ့ ဘုံဆိုတာ နာမ်မပါဘူး အသညသတ်ဘုံတဲ့၊ အသညသတ်ဗြဟ္မာများဖြစ်တယ် နားလည်လား (နားလည်ပါပြီဆရာ)၊ ရုပ်ချည်းဖြစ်နေ နာမ်မပါဘူး။ အသညသတ်ဗြဟ္မာသွားဖြစ်တယ်၊ ဒီလူ့ဘဝကနေပြီးတော့ ကမ္မဋ္ဌာန်း စီးဖြန်းစဉ်အခါထဲက သူဘာစီးဖြန်းလဲဆိုတော့ ငါ့မှာပင်ပမ်းတာ တခြားမဟုတ်ဘူး၊ စိတ်ရှိလို့ ပင်ပမ်းတာ၊ စိတ်ကြောင့် ပင်ပမ်းတာတဲ့။ ဘာပြုလို့ စိတ်က ဟိုဒင်း လိုချင်တယ်၊ ဒီဒင်း လိုချင်တယ်။ သူလိုချင်သမျှ သူလုပ်ချင်သမျှ ငါ့ဒီရုပ်တည်းဟူသော ကိုယ်ကာယကြီးက နောက်ကလိုက် ပြီးတော့ သူ့အလို ဖြည့်စွမ်းရတာတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စိတ်ကြောင့် ပင်ပမ်းတာ၊ ငါဆင်းရဲတာ လောကကြီးထဲမှာ လူ့ဘဝနေစဉ်အခါတုန်းက လူ့ဘဝဖြစ်စဉ်အခါတုန်းက သူပွားများတဲ့ တရားက စိတ်အလိုနောက်ချည်း ငါ့ကိုယ်ကြီး တကောက်ကောက်နဲ့ လိုက်နေရလို့ ပင်ပန်းတာတဲ့။ ဒီစိတ်ချည်းထွေလာဆန်းပြားတွေ ဖြစ်နေ။ အာရုံအမျိုးမျိုးတွေ မျက်စေ့က မြင် လိုချင်ပြန်ပေါ့။ နားက ကြား လိုချင်ပြန်ပေါ့၊ နှာခေါင်းကနံ လိုချင်ပြန်ပေါ့၊ လျှာကအရသာတွေ့ လိုချင်ပြန်ပေါ့၊ ကိုယ်အတွေ့ထိ လေးကောင်း လိုချင်ပြန်ပေါ့၊ စိတ်ထဲက ကြံစည်စဉ်းစားတဲ့ အာရုံများတွေ့လိုချင်ပြန်ပေါ့။ စိတ်ချည်းပဲ ငါ့နှိပ်စက်နေတယ် လူ့ဘဝတုန်းက စီးဖြန်းတာတဲ့ နော် (မှန်ပါတယ်ဆရာ)။

ဒင်းကြောင့် ငါပင်ပမ်းတာ ဒီစိတ်တော့ ငါ အားကြီးစိတ်ပျက်တယ်။ ဒင်းတော့ ငါမလိုချင်တော့ဘူး၊ စက်ဆုပ်စရာ ရွံမုန်းစရာ အလွန်ကောင်းတဲ့စိတ်။ "ဓီ စိတ္တံ ဓီစိတ္တံ"နဲ့ အမြဲစီးဖြန်းတာ၊ တရားများနော် ကြောက်စရာလည်း ကောင်းရဲ့၊ တကယ်အဟုတ်မှတ်လို့ စီးဖြန်းပြန်လည်း စီးဖြန်းတဲ့အလျောက် ဖြစ်ချင်လည်း ဖြစ်သွားတာ ဟုတ်တော့မဟုတ်ဘူးပေါ့လေ။ "ဓီ စိတ္တံ ဓီ စိတ္တံ" နဲ့ စိတ္တံ၊ စိတ်ဆိုတဲ့တရားသည်။ ဓီ၊ စက်ဆုပ်ဖွယ် ရွံရှာဖွယ်ရှိ၏။ စိတ်ကို အမြဲတမ်း ရွံရှာစက်ဆုပ်တဲ့အနေအားဖြင့် ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်လိုက်တာလို့ သေသည်၏အခြားမဲ့ကျတော့ ဒီစက်ဆုပ်တယ်ဆိုတဲ့ စိတ်မပါဘူး နော် (မှန်ပါတယ်ဆရာ)။ အသညသတ်ဘုံ၊ အသညသတ်ဗြဟ္မာကြီးသွားဖြစ်၊ ရုပ်ချည်းဖြစ်တော့တယ်၊ ကြားဘူးရဲ့လား၊ (မကြားဖူးဘူးပါဆရာ)၊ တစ်ခါမှမကြားဖူးဘူးလား (မကြားဖူးဘူးပါဆရာ)၊ မှတ်ထား နော် (မှတ်ထားပါတယ်ဆရာ)၊ အေး - ကောင်းပြီ၊ အသညသတ်ဘုံမှာ အသညသတ်ဗြဟ္မာကြီးသွား

http://www.dhammadownload.com

ဖြစ်တယ်၊ စိတ်မပါလာဘူးတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ လူဘဝတုန်းက တိုက်ရိုက်စုတိစိတ်ကျသွားတယ်၊ ဟိုဒုတ်တုတ်ကြီး စုတိစိတ် ထိုင်လျက်သားကြီးသွားဖြစ်နေတယ်။ သူပဋိသန္ဓေကနော် (မှန်ပါတယ်ဆရာ)၊ ရုပ်ပဋိသန္ဓေသွားနေရတယ်၊ အသည်သတ်ပြဟ္မာကြီး ကြည့်လိုက်တော့ အရောင်အဆင်းက တဝင်းဝင်းပေါ့။ ရွှေရုပ်ကြီးလိုပေါ့ အင်မတန်လှ ပြဟ္မာဆိုတာ အင်မတန်လှတာပေါ့။ ယောကျ်ားလည်းမဟုတ်, မိန်းမလည်းမဟုတ်, ရွှေရုပ်ကြီးထုထားသလို လူဘဝက ထိုင်စီးဖြန်းရင်း စုတိစိတ်ကျသွားတာ ဟိုမှာထိုင်လျက်သွားဖြစ်တယ်၊ လျောင်းလျက်သား စီးဖြန်းရင် စုတိစိတ်ကျသွားရင် ဟိုလျောင်းလျက်သွားဖြစ်တယ်၊ ဒီက မတ်တတ်စုတိစိတ်ကျသွားရင် ဟိုမတ်တတ်သွားဖြစ်တယ်။ အသည်တ်ပြဟ္မာတွေ ဖြစ်နေလိုက်ကြတာ နာမ်မပါလာဘူး နော် (မှန်ပါတယ်ဆရာ)။

နာမ်မပါတော့ သူ့ဘုံ ဘယ့်နှယ့်ဖြစ်နေလဲဆိုတော့ ရွှေရုပ်ကြီးတွေ ထုပြီးထားသလိုပဲ တိတ်ဆိတ်လို့ ဘာသံမှလည်း မကြားဘူး၊ လှုပ်လည်း မလှုပ်ဘူး မျက်တောင်လည်း မခတ်ဘူး အသက်လည်း မရှူဘူး၊ စကားလည်း မပြောဘူး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာကြီးတွေနဲ့တူ (အရုပ်ကြီးတွေနဲ့တူပါတယ်ဆရာ)၊ အေး - အရုပ်ကြီးတွေနဲ့တူ နော် (မှန်ပါတယ်ဆရာ)၊ နတ်ရုပ်တွေထောင်ထားတဲ့ နတ်စင်ကြီး ပေါ်တက်သွားသလိုပေါ့ကွာ၊ နတ်ရုပ်တွေ စုဆောင်းထားတဲ့ နတ်စင်ကြီးပေါ်တက်သွားတော့ ဘယ်နတ်ရုပ်က လှုပ်တုံး (မလှုပ်ပါဘူးဆရာ)၊ ဘယ်နတ်ရုပ်ကမျှား မင်းဆီန္နတ်ဆက်တုံး (မန္နတ်ဆက်ပါဘူးဆရာ)၊ အေးအေးဆေးဆေး နေလိုက်ကြတာလို့ လှုပ်လှုပ်ယှက်ယှက်လည်းမရှိဘူး၊ အသက်မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ ရွှေရုပ်ကြီးတွေ ထုထားသလိုပဲတဲ့၊ သူတို့မှာ စိတ်မပါလာဘူး၊ ဘာပြုလို့လူဘဝ ကမ္မဋ္ဌာန်းစီးဖြန်းစဉ်အခါတုန်းက စိတ်ကို အလွန်ရွံရှာမုန်းတီးတယ်ဆိုပြီးတော့ စီးဖြန်းလာတာတဲ့၊ လိုချင်မှရတယ် မလိုချင်ရင်မရဘူး။ ဟော စိတ်မလိုချင်ဘူးဆိုတော့ စိတ်ရသေးလား (မရတော့ပါဘူးဆရာ)၊ ရုပ်ချည်းသွားဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ရုပ်တွေချည်းသွားဖြစ်တယ်၊ ဒါအသည်သတ်ပြဟ္မာ အသည်သတ်ဘုံလို့ခေါ်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါ ရုပ်ချည်းသန့်သန့်ဖြစ်တဲ့ဘုံ မှတ်ထား။

နာမ်ချည်းသက်သက် အရူပဘုံဆိုတာ

ပြီးတော့ နာမ်ချည်းဖြစ်တဲ့ဘုံဆိုတာကတော့ အရူပလေးဘုံတဲ့၊ အရူပလေးဘုံ ပြဟ္မာကျတော့ ရုပ်မပါလာဘူး နော် (မှန်ပါတယ်ဆရာ)၊ ရုပ်မပါလာဘူး၊ နာမ်တွေချည်းဖြစ်တယ်၊ ပြဟ္မာတွေပဲ ပြဟ္မာတွေပဲ၊ ရုပ်မပါလာတော့ ဘာရုပ်မှမရှိဘူး၊ လူဘဝတုန်းက သူက ရုပ်စိတ်ပျက်တယ်တဲ့။ နာတယ်, ကျင်တယ်, ကိုက်တယ်, ခဲတယ်, ဝေဒနာရတယ်, သွားတယ်, လာတယ်, လှုပ်ရှယ်, ရှားတယ် ဆိုတဲ့ရုပ်သဘောတွေ၊ အင်မတန် စိတ်ပျက်စရာကောင်းတဲ့ ရုပ်တရားတွေ၊ စိတ်ကလေးတွေပဲ နေရင်

http://www.dhammadownload.com

ဘယ်လောက် ချမ်းသာမလဲလို့ ဘာမှလည်း ထမ်းဟဲ့, ပိုးဟဲ့, သယ်ဟဲ့, မှတ်ဟဲ့, ခြီဟဲ့, ရွက်ဟဲ့, သွားဟဲ့, လှုပ်ဟဲ့, ရှားဟဲ့, ထိုင်ဟဲ့, ထဟဲ့လို လုပ်စရာလဲ မလိုဘူး။ ဒီရုပ်ရှိလို့ ပင်ပန်းနေတာလို့ စိတ်ကလေးတင်နေ မယ်ဆိုရင်ဘယ်လောက်ချမ်းသာမတုံး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရုပ်စက်ဆုပ်ရွံရှာမုန်းတီးတဲ့ အနေအားဖြင့် လူဘဝက ဒီတရား ကြိုးစားပွားများအားထုတ်သွားတော့ သူစက်ဆုပ်လို့ မလိုချင်ဘူး ဆိုတဲ့ရုပ်ဟာ ဟိုဘက်မဖြစ်ဘူး မပါဘူးဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သူနှစ်သက်တဲ့စိတ်ကလေး တင်ပါတော့တယ်၊ အဲဒါ အရူပလေးဘုံ ငြဟ္မာတွေတဲ့ နော် (မှန်ပါတယ်ဆရာ)၊ စိတ်ကလေးတွေချည်း သွားဖြစ်တယ်၊ ရုပ်မပါလာဘူး နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒီငြဟ္မာဘုံကျပြန်တော့ လည်းပဲ ဒီငြဟ္မာဘုံသွားကြည့်လိုက် ဘာမှမမြင်ရဘူး၊ မြင်ရပါ့မလား (မမြင်ရပါဘူးဆရာ)၊ ဘာမှလဲ မရှိဘူး ကြည့်လို့ မြင်ကောင်းပါ့မလား၊ (မမြင်ကောင်းပါဘူးဆရာ) ဘာမျှမရှိဘူးဆိုတော့ ဒီလိုပဲ နင်းကျော်ခုန်လွှားသွားလို့ မဖြစ်ဘူးနော် (မှန်ပါတယ်ဆရာ)။

ရုပ်နာမ်ပါရှိတဲ့ဘုံဆိုတာ

ဟိုထဲမှာ ငြဟ္မာတွေ ရှိတယ်၊ ရုပ်က မရှိလို့ မမြင်ကောင်းတာ၊ သူတို့ဘုံနဲ့ သူတို့ဗိမာန်နဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီဘုံကလည်း တော်တော်ပြင်းစရာကောင်းတာ နော် (မှန်ပါတယ်ဆရာ)၊ တွက်ကြည့် တွက်ကြည့်၊ လူမနေတဲ့ ဇရပ်ကြီးလို ဖြစ်နေတာပေါ့ကွာ၊ အဲဒါက နာမ်ချည်းသက်သက်ဖြစ်တဲ့ဘုံ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ရုပ်ရော နာမ်ရော နှစ်ပါးပေါင်းစပ်ပြီး ဖြစ်ပေါ်တဲ့ဘုံဆိုတော့၊ အဲဒီအောက်အောက်သော ဘုံတွေပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ ခုန ရုပ်ချည်း သန့်သန့်ဖြစ်တဲ့ အသညသတ်ဘုံကို နှုတ်လိုက်၊ နာမ်ချည်းချည်းသန့်သန့်ဖြစ်တဲ့ အရူပလေးဘုံနှုတ်လိုက်၊ ကျန်သမျှဘုံတွေက ရုပ်နာမ်နှစ်ပါးပေါင်းစပ်၍ ခန္ဓာငါးရပ်ဖြစ်နေသောဘုံ၊ ရုပ်ရော နာမ်ရော နှစ်ပါး ရှိတယ်နော် (မှန်ပါတယ်ဆရာ)၊ မင်းပြောသလိုပေါ့ လူ့ဘုံကျရင်တော်ပြီပေါ့ကွာ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်အထိပေါ့၊ အကုန်လုံး ရုပ်နာမ်နှစ်ပါးတွဲလျက်သား ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ သုံးဆယ့်တစ်ဘုံမှာ ခန္ဓာတစ်ပါးရှိသောဘုံ၊ ခန္ဓာလေးပါးရှိသောဘုံ၊ ခန္ဓာငါးပါးရှိသောဘုံနဲ့တွက်လိုက်တော့ သုံးဆယ့်တစ်ဘုံကုန်သွားရော့ မကုန်ဘူးလား (ကုန်သွားပါတယ်ဆရာ)။

ခုနပြောတဲ့ နာမ်မပါဘဲနဲ့ ရုပ်ချည်းဖြစ်နေတယ်ဆိုတဲ့ အသညသတ်ဘုံကြတော့ ဧက-ဝေါကာရ - ခန္ဓာတစ်ပါးတည်းရတယ်၊ ရုပ်တရားယူတော့ ရူပကွန္ဓာ မယူဘူးလား (ရူပကွန္ဓာပါဆရာ)၊ ဧကဝေါကာရဘုံတဲ့၊ ခန္ဓာတစ်ပါးတည်းရကောင်းတယ်၊ ခုနပြောတဲ့ ရုပ်မပါဘဲနဲ့ နာမ်ချည်းသန့်သန့် ဖြစ်နေတဲ့ အရူပလေးဘုံကျတော့ နာမ်ချည်းဆိုတော့ စိတ်, စေတသိက် နှစ်ပါးစလုံး မနေဘူးလားကွာ

http://www.dhammadownload.com

(နှစ်ပါးရပါတယ်ဆရာ)၊ နာမ်ခန္ဓာလေးပါးလုံး မရဘူးလား (ရပါတယ်ဆရာ)၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာနော် (မှန်ပါတယ်ဆရာ)၊ အေး - နာမ်ခန္ဓာလေးပါးရလို့သူတော့ "စတုဝေါကာရဘုံ"ခေါ်တယ်၊ ရုပ်နာမ်နှစ်ပါး ပေါင်းစပ်နေတဲ့ သူ့အောက်ဘုံတွေကျတော့ ရုပ်ကော နာမ်ကော နှစ်ပါးပေါင်းစပ်တယ်ဆိုတော့ ခန္ဓာဘယ်နှစ်ပါးရတယ် (ခန္ဓာငါးပါးရပါတယ်ဆရာ)၊ အေး - ခန္ဓာငါးပါးရတယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါကြောင့် ခန္ဓာတစ်ပါးတည်းရသော ရုပ်ချည်းရှိသောဘုံကြတော့ ဧကဝေါကာရဘုံ၊ ခန္ဓာလေးပါး နာမ်တရားချည်းသန့်သန့်ရှိသော ခန္ဓာလေးပါးရသောဘုံကြတော့ စတုဝေါကာရဘုံ၊ ရုပ်နာမ်နှစ်ပါးတွဲစပ်ပြီး ဖြစ်ပေါ်နေသော ခန္ဓာငါးရပ် ရသောဘုံကြတော့ ပဉ္စဝေါကာရဘုံ၊ ဟော - ဒီဘုံသုံးပါးနဲ့ ဝေလိုက်တော့ သုံးဆယ့်တစ်ဘုံ ကုန်မသွားဘူးလား (ကုန်သွားပါတယ်ဆရာ)။

နာမရူပံ-ပုဒ်ကို သရူပေကသေသနည်းဖြင့် သိကောင်းစရာ

အဲဒီဘုံသုံးပါးမှာ ခုန "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတဲ့ နေရာမှာ "ဝိညာဏ်ကြောင့် နာမ်ရုပ်အကျိုးတွေ ပေါ်ထွက်လာတယ်" ဆိုတဲ့ ပဋိသန္ဓေခန်း ပြသွားတာဟာ စာနယ်လေးနော် (မှန်ပါတယ်ဆရာ)။ နားမလည်တဲ့ပုဂ္ဂိုလ်များလည်း ပျင်းလို့ငိုက်မနေကြနဲ့၊ နားလည်တဲ့လူကလည်း သေချာမှတ်ကြ၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် နာမ်ရုပ်တရားနှစ်ပါး ဖြစ်တယ်ဆိုတဲ့နေရာမှာ "ဝိညာဏပစ္စယာ နာမရူပံ" ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ နာမရူပံ၊ နာမ်ရုပ်တရားနှစ်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ အဲဒီ "နာမရူပံ"ဆိုတဲ့ ပုဒ်ကလေးဟာ "သုတိတူ တစ်ခုကြွင်း" လုပ်ထားလို့ "နာမရူပံ" ဖြစ်နေတာတဲ့၊ ပုဒ်ရင်းက ဒီလိုမနေရဘူးတဲ့၊ ဒါ "သရူပေကသေသနည်း"ခေါ်တယ်။ သုတိတူ တစ်ခုကြွင်း လုပ်ထားတာတဲ့၊ တူတဲ့ပုဒ်တွေ ချေထားတာတဲ့၊ သူနေမယ့် ပုဒ်ကလေးက ဘယ့်နှယ်နေရမလဲ ဆိုတော့ "နာမဉ္စ ရူပဉ္စ နာမရူပဉ္စ" ဒီလို နေရမှာတဲ့။ နာမဉ္စ၊ နာမ်ချည်းသန့်သန့် ဖြစ်သောဘုံဝင်း၊ ရူပဉ္စ၊ ရုပ်ချည်းသန့်သန့်ဖြစ်သောဘုံဝင်း၊ နာမရူပဉ္စ၊ နာမ်တရား ရုပ်တရား နှစ်ပါးပေါင်းစပ်၍ ဖြစ်သောဘုံဝင်း၊ ခုနပြတဲ့ ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရဘုံတွေနဲ့ကိုက်တယ်မဟုတ်လား (ကိုက်ပါတယ်ဆရာ)၊ ဒီလိုသွားတယ်၊ အဲဒါကြောင့် -

ဒီနေရာမှာ "ဝိညာဏပစ္စယာ နာမရူပံ" ဆိုတဲ့ပုဒ်မှာ "ဝိညာဏပစ္စယာ+နာမံ+ရူပံ=နာမရူပံ" သုံးခွက်နေရမယ်၊ နာမ+ရူပ=နာမရူပ၊ နာမရယ်, ရူပရယ်, နာမရူပရယ်နော်၊ ဒါကြောင့် ဒီ"နာမရူပံ"ဆိုတဲ့ ပုဒ်ကလေးသည် သုတိတူ တစ်ခုကြွင်းကို "ဧကသေသနည်း"အားဖြင့် ရေးထားလို့ "နာမရူပံ"ရနေတာ။ ဒါကြောင့် ဒီနေရာမှာ အဓိပ္ပာယ်ဖော်ယူရမယ်တဲ့။ ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်းဟူသော

http://www.dhammadownload.com

အကြောင်းကြောင့်။ နာမဉ္စ၊ နာမ်ချည်းလည်းကောင်း။ ရူပဉ္စ၊ ရုပ်ချည်းလည်းကောင်း။ နာမရူပဉ္စ၊ နာမ်နဲ့ရုပ် နှစ်ပါးသော်လည်းကောင်း၊ သမ္ဘဝတိ၊ ဖြစ်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အကျိုးတရား အကျိုးတရား အဲဒီလို သွားရမယ်တဲ့၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် နာမ်ရုပ်တရား နှစ်ပါး ဖြစ်တယ် ဆိုတဲ့ ဘယ်နှစ်မျိုးယူရမလဲ (သုံးမျိုးယူရပါမယ် ဆရာ)၊ ယူပြစမ်းပါ၊ (နာမဉ္စ ရူပဉ္စ နာမရူပဉ္စ)၊ အေး ဟုတ်ပြီ၊ နာမဉ္စ-အနက်ကလေး လုပ်စမ်းပါအုံး (နာမဉ္စ၊ နာမ်ခန္ဓာလေးပါးသော်ငင်း)၊ နေပါအုံး ခန္ဓာတွေ မထည့်ပါနဲ့အုံး၊ နာမဉ္စ-နာမ်ငင်း။ (နာမဉ္စ၊ နာမ်ငင်း။ ရူပဉ္စ၊ ရုပ်ငင်း။ နာမရူပဉ္စ၊ နာမ်ရုပ်နှစ်ပါးသော်ငင်း။) အေး- ဟုတ်ပြီ၊ ပြီးတော့မှ ခုန ခန္ဓာတစ်ပါး၊ ခန္ဓာလေးပါး၊ ခန္ဓာငါးပါးနဲ့ တွဲပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ နာမဉ္စ-အရ ခန္ဓာဘယ်လောက်ရ (လေးပါးရ ပါတယ်ဆရာ)၊ အေး - လေးပါးရတယ်၊ အရူပလေးဘုံပေါ့ နော် (မှန်ပါတယ်ဆရာ)၊ သူကတော့ နာမ်ချည်းဖြစ်နေတယ်လား (နာမ်ချည်းဖြစ်နေတာပါဆရာ)၊ နာမ်ချည်းဖြစ်ဆိုတော့ စိတ်နဲ့စေတသိက် တွဲမနေဘူးလား (တွဲလျက်ပါဆရာ)၊ ဒါကြောင့် နာမ်ခန္ဓာလေးပါးရယ်၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

ရူပဉ္စ၊ ခန္ဓာဘယ်နှစ်ပါးရတယ် (ရုပ်တစ်ပါးပဲ ရပါတယ်ဆရာ)၊ ရူပက္ခန္ဓာတစ်ပါးတည်းလား (မှန်ပါတယ်ဆရာ)၊ သူကတော့ဖြစ်နေတာ ရုပ်ချည်းပေါ့ (ရုပ်ချည်းပါဆရာ)၊ ဘယ်ဘုံတုံးက္ခ (အသညသတ်ပြဟ္မာဘုံပါဆရာ)၊ အေး - အသညသတ်ပြဟ္မာ။ ဒီတော့ နာမရူပဉ္စ-နာမ်တရား ရုပ်တရား နှစ်ပါးငင်း ဆိုတော့ နာမ်နဲ့ရုပ်နဲ့တွဲနေတယ်၊ သူကျတော့ ခန္ဓာဘယ်နှစ်ပါးရတယ် (ခန္ဓာငါးပါးရပါတယ်ဆရာ)၊ ဒါ ပဉ္စဝေါကာရနော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ရုပ်ခန္ဓာတစ်ပါးတည်းဖြစ်သော အသညသတ်ပြဟ္မာဘုံကိုတော့ "၈ကဝေါကာရဘုံ"ခေါ်၏။ နာမ်ခန္ဓာလေးပါး နာမ်တရားချည်း သန့်သန့်ဖြစ်နေသော အရူပပြဟ္မာ လေးဘုံကျတော့ "စတုဝေါကာရ" ခေါ်၏။ ရုပ်နာမ်နှစ်ပါးတွဲစပ်၍ ခန္ဓာငါးရပ်ဖြစ်နေသောဘုံကျတော့ ခန္ဓာငါးပါးရခြင်းကြောင့် "ပဉ္စဝေါကာရဘုံ" ခေါ်ပါ၏။ သုံးဆယ့်တစ်ဘုံကုန်ရော့လား (ကုန်သွားပါပြီဆရာ)၊ အဲဒါ စာနယ်က စာသဘောလေး "ဝိညာဏပစ္စယာ နာမရူပံ" ဆိုတဲ့ပုဒ်မှာ "နာမရူပံ" ဒီလို ဆိုထားပေမယ့်၊ ဒီထဲမှာ အတွင်းဝင်ပြီးတော့ ငုတ်နေတဲ့ အနက်တွေဖော်ထုတ်ပါတဲ့၊ "နာမဉ္စ ရူပဉ္စ နာမရူပဉ္စ နာမရူပံ" နော် (မှန်ပါတယ်ဆရာ)၊ နာမဉ္စ၊ နာမ်ချည်းငင်။ ရူပဉ္စ၊ ရုပ်ချည်းငင်း။ နာမရူပဉ္စ၊ နာမ်ရုပ်ငင်း၊ နာမရူပံ-(နာမ်ချည်းပဲ ရုပ်ချည်းပဲ) နာမ်ရုပ်နှစ်ပါး နော် (မှန်ပါတယ်ဆရာ)၊ ဒါသုံးဆယ့်တစ်ဘုံလည်း ကုန်သွားရော့၊ ပဋိသန္ဓေခန်းက ဒီလိုပဲလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

စာနယ်လေး တစ်ခါရှင်းလိုက်ရအောင် တစ်ခါလာပြီ၊ "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတဲ့ နေရာ

http://www.dhammadownload.com

မှာတဲ့၊ ဝိညာဏ-က ဒီမှာ ပဝတ္တိဝိညာဏ်၊ အကြောင်းဝိညာဏ်ကတော့ အရူပလေးဘုံတုန်းကလည်းပဲ အကြောင်းဝိညာဏ်, ပဝတ္တိဝိညာဏ်ကြောင့် နာမ်ခန္ဓာလေးပါး၊ နာမ်တရားတွေ သွားဖြစ်တယ်ဆိုတာ ရှိပါစေတော့လို့၊ ပြီးတော့ ပဥ္စဝေါကာရ ခန္ဓာငါးပါးရတဲ့ ရုပ်နာမ်နှစ်ပါး ပေါင်းစပ်ပြီးဖြစ်နေတဲ့ ခန္ဓာငါးပါးရတဲ့ဘုံကလည်းပဲ ပဝတ္တိတည်းဟူသော အကြောင်းဝိညာဏ်ကြောင့်၊ ထိုရုပ်နာမ်နှစ်ပါး သွားဖြစ်တယ်ဆိုတာ ရှိပါစေတော့လို့ စောဒကဝင်စရာလေး၊ သမာဓိကောင်းကောင်းထား၊ နားလည်တဲ့လူများ၊ လုံးလုံးနာမ်မပါတဲ့ အသညသတ်ပဋိသန္ဓေနေမည့် ငြဟ္မာကြတော့ ပဋိသန္ဓေခန်းမှာ သူဝိညာဏ်မပါဘဲနဲ့ ဘယ်ပဝတ္တိဝိညာဏ်ကြောင့် ဒီရုပ်ပဋိသန္ဓေ ရုပ်တရားကို ဖြစ်စေတာတုံးတဲ့၊ ဒါလည်း မေးလည်းမေးစရာခဲဆစ်ကလေးတွေ ခေါ်တယ်။ သူတော့ ဟိုဘက်ဘဝ စုတိစိတ်ကျလို့ ဒီဘက်ဘဝ ရုပ်ပဋိသန္ဓေလာဖြစ်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေ, ဘဝင်, စုတိ, ဘူမိ, ဇာတိ သမ္မယုတ္တဓမ္မ သခ်ါရအားဖြင့် ပဋိသန္ဓေရယ်, ဘဝင်ရယ်, စုတိရယ် ဒီသုံးချက် ညီရမယ်၊ သူ ကတော့ ရုပ်ပဋိသန္ဓေအားဖြင့် ရုပ်စုကြီးပဲလာနေတာ၊ အသညသတ်ငြဟ္မာကျတော့ ရုပ်ချည်းပဲ ပဋိသန္ဓေခန်းမှာ ဘာမှမပါဘူး၊ နာမ်မပါဘူး၊ ရုပ်ပဋိသန္ဓေနဲ့လာတာ။

အသညသတ်ငြဟ္မာနှင့်စပ်လျဉ်း၍ အနန္တရဝိညာဏ်ဆိုတာ

ဒါဖြင့် ရုပ်ပဋိသန္ဓေနဲ့လာတော့ "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတဲ့နေရာမှာ သူကျတော့ "ဝိညာဏပစ္စယာ ရူပံ"၊ ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ ရူပံ၊ ရုပ်တရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ရုပ်ချည်းသန့်သန့်လာဖြစ်၊ အဲဒီရုပ်ဖြစ်စေရအောင် ပဋိသန္ဓေခန်းတုန်းက ဝိညာဏ်ပါသလားတဲ့၊ ပဋိသန္ဓေခန်းမှာ ဝိညာဏ်မပါဘဲနဲ့ ပဝတ္တိဝိညာဏ်အကြောင်း ဝိညာဏ်က ဘယ်ကရမှာတုံးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မေးစရာမရှိဘူးလား (ရှိပါတယ်ဆရာ)၊ ခဲဆစ်ကလေးတွေပေါ့၊ အဲဒီနေရာကျတော့ ဒီပဝတ္တိဝိညာဏ် မယူပါနဲ့တဲ့၊ သူ လူဘဝတုန်းက ဒီတရားအားထုတ်စဉ် အခါတုန်းက ဖြစ်ပေါ်ခဲ့ဘူးတဲ့ အနန္တရဝိညာဏ်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အနန္တရဘဝက ဝိညာဏ်၊ ဒီဝိညာဏ်ကြောင့် တရားအားထုတ်စဉ်အခါဖြစ်ပေါ်တဲ့ ဝိညာဏ်ကြောင့်လည်းပဲ ဒီအသညသတ်ငြဟ္မာ လာဖြစ်တာပါတဲ့၊ ရုပ်ခန္ဓာကြီးလာဖြစ်တာပါတဲ့၊ အကြောင်းရှာတော့ဒါပဲ၊ ဒါကြောင့် ဒီအသညသတ်ငြဟ္မာ ဖြစ်တဲ့အခန်းကြတော့ ဒီလိုယူပါတဲ့၊ အနန္တရဘဝကရခဲ့သော ဝိညာဏ်ကြောင့် ဒီအသညသတ်ဆိုတဲ့ ရုပ်ခန္ဓာလာဖြစ်ရသည်လို့ ဒီလိုယူရမယ်၊ ဒီလိုယူမှဖြစ်မယ်။ ဘာကြောင့် "ဝိညာဏပစ္စယာ ရူပံ"လို့ "ဝိညာဏပစ္စယာ၊ ပဝတ္တိဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ ရူပံ၊ အသညသတ်ငြဟ္မာရဲ့ ရူပက္ခန္ဓာကြီးသည်။ သမ္ဘဝတိ၊ ဖြစ်၏" ဆိုရင် မှားနေတယ်၊ ဘယ့်နှယ်နည်းမှ

http://www.dhammadownload.com

ပဝတ္တိဝိညာဏ်မရှိနိုင်ဘူး၊ ဘာပြုလို့တုံးဆိုတော့၊ ဝိညာဏ်အားဖြင့် ပဋိသန္ဓေနေတာမဟုတ်ဘူး၊ ရုပ်အားဖြင့်၊ ပဋိသန္ဓေနေတာ၊ ရုပ်ပဋိသန္ဓေ နာမ်ပဋိသန္ဓေအားဖြင့် နှစ်မျိုးရှိတဲ့အနက်က သူက ရုပ်ပဋိသန္ဓေနဲ့ နေတာ၊ ပဋိသန္ဓေခဏကစပြီးတော့ ဝိညာဏ်မှမပါလာဘဲနဲ့ ဘယ်ပဝတ္တိဝိညာဏ်ရှိမှာတုံး၊ ဘယ်အကြောင်း ဝိညာဏ်ရှာရမတုံး၊ ဒီလိုဖြင့် အကြောင်းဝိညာဏ်မရှိဘဲနဲ့ ဒီရူပကွန္ဓာကြီး လာဖြစ်တာပေါ့ဆိုပြီး ဒီလိုမယူနဲ့။

ဒီအခန်းမှာ ဘဝဆိုတာ နှစ်မျိုးနှစ်စားပါ

အနန္တရဘဝဆိုတော့ ဟိုဘက်အခြားမဲ့ဘဝခေါ်တယ်၊ အတီတာနန္တရဘဝနဲ့ အနန္တရဘဝဆိုတာ တစ်မျိုးစီ၊ အတီတာနန္တရဘဝဆိုတာက လွန်ခဲ့သော အတိတ်ဘဝက ဘဝပေါင်းများစွာရတယ်၊ အနန္တရဘဝဆိုတာက ဒီဘဝနဲ့ဟိုဘဝ၊ ဒီဘဝထောက်ရင် ဟိုဘက်ဘဝ အနန္တရဘဝခေါ်တယ်။ အခြားမဲ့ဘဝ နော် (မှန်ပါတယ်ဆရာ)၊ အဲ - ဟိုဘက်ဘဝ သူတရားအားထုတ်စဉ်အခါက သူဝိညာဏ်ရှိခဲ့တယ်တဲ့၊ တရားအားထုတ်တဲ့ ဝိညာဏ်ကြောင့် ဒီအသညသတ်ဆိုတဲ့ ရုပ်တရားလာဖြစ်တယ်လို့ ဒီလိုယူပါတဲ့၊ ဒီနေရာလည်းမှတ်စရာနော် (မှန်ပါတယ်ဆရာ)။ ပဋိစ္စသမုပ္ပါဒ် သိပ်တော့မလွယ်လှဘူးနော်၊ ခက်လှချည်ရဲ့ဆို ငိုက်လည်းမနေကြနဲ့၊ မသိမည့်အတူတူ မထူးပါဘူးဆိုပြီး မနာဘဲ တုံးလုံးလဲ့အိပ်နေလို့ မဖြစ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ သိသင့်သမျှ လေးလည်း အမြတ်ပဲ ထားပြီးတော့ နာလည်းနာပေါ့။ ဒါပေမယ့် လူပြိန်းနားလည်အောင် ဒီကသဘာဝကျကျနဲ့ ရှင်းရှင်းပေးပါ့မယ်၊ သဘောလေးတွေနဲ့ လိုက်ခဲ့ပါ၊ အဝိဇ္ဇာကစလို့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ ဟောဒီ နာမ်ရုပ်နှစ်ပါးရလာတော့ -

တို့ ပဋိသန္ဓေခန်းမှာ ကလလရေကြည်ဆိုတဲ့ ကလလသတ္တာဟာ စခဲ့ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေခန်းလေးနဲ့ တွဲတွဲပြီး ပြန်ပြန်ကြည့်၊ ဩော် - ဒါကြောင့် စုတိနောင် ပဋိသန္ဓေဖြစ်တယ်ဆိုတဲ့ ပဋိသန္ဓေခန်းလေးမှာ ပဋိသန္ဓေရဲ့ စိတ္တက္ခဏတစ်ချက်၊ ပဋိသန္ဓေစိတ်ကလေးရဲ့ ဥပါဒ်ခဏလာပြီးတော့ ပဋိသန္ဓေစိတ်ရော၊ ကံကြောင့်ဖြစ်တဲ့ ရုပ်ရောတစ်ဥပါဒ်တည်း ပြိုင်ပြီးဖြစ်ကြတယ်၊ အဲဒီနေရာလေးမှာပဲ ခန္ဓာငါးချက် ပေါ်ထွက်လာလို့ ပဋိသန္ဓေရဲ့ဥပါဒ်ခဏကစပြီး၊ ခန္ဓာငါးပါး အကုန်လုံးရတယ်၊ ပြည့်စုံတယ်လို့ အဋ္ဌကထာဆရာ တိုက်ရိုက်ပြသွားပြီ။ ဩော် - ဒီမှာ ခန္ဓာကောင်ဖြစ်၊ ခန္ဓာကောင်ဆိုတော့ ဝိပါက်ကောင် အကျိုးကောင်ကြီးပေါ့၊ လွန်ခဲ့သော အတိတ်ဘဝက သင်္ခါရသုံးမျိုးတည်းဟူသော အကြောင်းတရားကြောင့် ဒီမှာလာပြီးတော့ အကျိုးကောင်ကြီးလာပေါ်လို့ဝိပါက်ကောင်ကြီးပဲ၊ အဲဒီဝိပါက်ကောင်ကြီး ပဋိသန္ဓေခန်းလေးမှာပဲ ရှေ့မလှမ်းသေးပါဘူး။ ဒါကြောင့် -

http://www.dhammadownload.com

ဒီဝိပါက်ဆိုတဲ့ အကောင်ကြီး ဖြစ်လာရင်ပဲ ဝိပါက်တရားတွေ ကောက်၊ ထိုဝိပါက်တရားတွေ ကောက်လိုက်တဲ့အခါကျတော့ ဘာတွေရ၊ အကုသလဝိပါက်စိတ် ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါး၊ မဟာဝိပါက်စိတ် ရှစ်ပါး၊ ရူပဝိပါက်စိတ် ငါးပါး၊ အရူပဝိပါက်စိတ် လေးပါး ပေါင်းလိုက်တော့ လောကီဝိပါက် သုံးဆယ့်နှစ်ပါးရတယ်၊ ဒါပဲလားဆိုတော့ မဟုတ်သေးဘူးတဲ့၊ နောက်နားကို "နာမရူပံ" ဆိုတဲ့ အကျိုးကိုဖြစ်ပေါ် စေတတ်သော အကြောင်းဝိညာဏ်တွေ တစ်ခါကောက်ပြန်တော့ ထို ပဋိသန္ဓေစိတ် တစ်ဆယ့်ကိုးပါးလွတ်လို့ ကျန်တဲ့ စိတ်တရားတွေ မှန်မှန်သမျှ ဒါအကြောင်းဝိညာဏ်တွေ ဖြစ်ပြန်ပြီတဲ့၊ ပဝတ္တိဝိညာဏ်တွေ၊ ပဋိသန္ဓေ နောက်ကို တောက်လျှောက်ကြီး ပဝတ္တိခေါ် သွားတော့ ပဝတ္တိဝိညာဏ်တွေပေါ် ပြန်ပေါ့၊ အဲဒီပဝတ္တိ ဝိညာဏ်တွေရပြီးတဲ့နောက် ထိုပဝတ္တိဝိညာဏ်တည်းဟူသော အကြောင်းကြောင့် ဘာဖြစ်သလဲဆိုတော့ အဲဒီနေရာကြတော့မှ ကမ္မဇရုပ်တို့၊ ဥတုဇရုပ်တို့၊ စိတ္တဇရုပ်တို့၊ အာဟာရဇရုပ်တို့အကြောင်း လေးချက်နဲ့ညီတဲ့ ပြည့်စုံတဲ့ "စတုသမုဋ္ဌာနိကရုပ်"တွေ ဒီမှာရတယ်၊ နှစ်ဆယ့်ရှစ်ပါးပြည့်စုံ၊ နာမ်တရားကလည်းပဲ စိတ်နဲ့ "ဧကုပ္ပါဒ, ဧကနိရောဓ, ဧကာလမ္ဗဏ, ဧကဝတ္ထုက" လို့ လက္ခဏာလေးချက်နဲ့ ဖြစ်အတူ ပျက်အတူဆိုတဲ့ စေတသိက်ငါးဆယ့်နှစ်ပါးလည်း ကပ်လျက်သားပါသွားလို့ ဒီနေရာမှာ တစ်သတ္တာဟာ ဧရှ့မတိုးရသေးဘူး။ ပဋိသန္ဓေရဲ့ခဏလေးမှာ "ဝိညာဏပစ္စယာ နာမရူပံ" ရောက်ကြပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ခန္ဓာကောင် ဝိပါက်ကောင်ကြီး ဖြစ်နေ၊ ခန္ဓာကောင် ဝိပါက်ကောင်ဘဝရပါတယ်၊ ဒါပေမယ့် အဂ်ါပယောဂ မစုံသေးဘူးတဲ့။

တို့ အာယတနတစ်ဆယ့်နှစ်ပါးတုန်းက အတိုက်ဓာတ်ခြောက်ပါး၊ အခံဓာတ်ခြောက်ပါး၊ အတိုက်ဓာတ်နဲ့ အခံဓာတ်တိုက်ကြနဲ့၊ တိုက်တိုက်, တိုက်တိုက်ပြလာတဲ့ အာယတန တစ်ဆယ့်နှစ်ပါး မှတ်မိသေးလားဟ (မှတ်မိပါတယ်ဆရာ)၊ အတိုက်ဓာတ် အခံဓာတ်တောင် မစုံရှာသေးဘူးခေါ် တယ် ပဋိသန္ဓေခဏ ရှိသေးတာကိုကွ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ အဲဒီကလလ ရေကြည်လေးက တစ်သတ္တာဟာ နေပြီးတဲ့နောက် ကလလရေကြည် တစ်သတ္တာဟာ၊ အမြှုပ် တစ်သတ္တာဟာ၊ အသားတစ်, တစ်သတ္တာဟာ၊ ဃန, တစ်သတ္တာဟာ၊ ခက်မငါးဖြာ, တစ်သတ္တာဟာနဲ့ သွားလို့ ခြောက်သတ္တာဟာ ခုနစ်သတ္တာဟာမြောက်တဲ့ နောက်မှာ မျက်လုံးလေးတွေ၊ နားလေးတွေ၊ နှာခေါင်းလေးတွေ၊ လျှာလေးတွေ၊ လက်ကလေးတွေ၊ ခေါင်းလေးတွေ၊ ခြေလေးတွေ အကုန်လုံးပေါ် ထွက်လို့ တစ်စတစ်စနဲ့ ရင့်ကျက်လို့ အဂ်ါပယောဂပြည့်စုံပြီးတဲ့နောက် "တစ်ဆယ့်တစ်သတ္တာဟာ"မြောက်တဲ့အချိန်ကြတော့ စက္ခုပသာဒဆိုတဲ့ အကြည်ရုပ်၊ သောတ, ဃာန, ဇိဝှါဆိုတဲ့ အကြည်လေးချက် ပေါ် ထွက်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီမှာ အာယတနတွေရတယ်၊ ဒီကျမှ တို့ပြခဲ့တဲ့ အတိုက်ဓာတ်ခြောက်ပါး၊ အခံဓာတ်ခြောက်ပါးဖြင့် အာယတနတစ်ဆယ့်နှစ်ပါး ဒီက စရတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com

အဲဒီလို သွားတယ်၊ အာယတနတစ်ဆယ့်နှစ်ပါးရတယ်။

ဒီတော့ "နာမရူပပစ္စယာ သဠာယတနံ" ဆိုတဲ့ အခန်းကျမှ ဒီအာယတနတစ်ဆယ့်နှစ်ပါး၊ ဒီအတိုက်ဓာတ် အခံဓာတ် သူတို့ချင်း သူတို့ချင်း တိုက်ပုံလေးတွေ တစ်ခါပြန်ပြပါအုံးမယ်။ အဲဒါ ပဋိစ္စသမုပ္ပါဒ်သွားနေတာ ဒီလိုသွားနေတယ်လို့၊ ငါလည် သူလည် ပုဂ္ဂိုလ်လည် သတ္တဝါလည် နတ်တွေ ဗြဟ္မာတွေ ခွေးတွေ ကြက်တွေ ဝက်တွေ ငှက်တွေ လည်တယ်ဆိုတဲ့ အလည်မျိုးနဲ့ တွက်မနေကြနဲ့လို့၊ ဒီလိုသွားပြတာ သေချာကြည့်။ အဝိဇ္ဇာ-ကစလို့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ ဖြစ်လာတာ အကြောင်းအကျိုး၊ အကြောင်းအကျိုး၊ အကြောင်းအကျိုးနဲ့ တစ်ခုနဲ့တစ်ခု ကျေးဇူးပြုပြီးတော့ ဆက်သွယ်လာလိုက်တာ ဒါ ပဋိစ္စသမုပ္ပါဒ၊ သြော်-လက်စသတ်တော့ ဒီထဲ အဝိဇ္ဇာ-က စလို့ အခုည တို့သိတယ်ဆိုတဲ့ နာမ်ရုပ်နှစ်ပါး ရောက်ပြီ၊ ဒုတိယဘဝရဲ့ ပဋိသန္ဓေခဏာ ရောက်နေပေါ့၊ ခန္ဓာငါးချက်ပေါ်ထွက်နေပြီ၊ အကျိုးဝိပါက်ကောင်ကြီး ဖြစ်နေပေါ့၊ အဲဒီထဲက အတိတ်ဘဝက အဝိဇ္ဇာသင်္ခါရဆိုတဲ့ သဘာဝလျှောက်ကြည့်လည်း ငါမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ သေချာကြည့်တော့ အဝိဇ္ဇာမောဟတရားကိုယ် တရားသားက မောဟစေတသိက်ရတယ်၊ သင်္ခါရသုံးမျိုးက လည်း စေတနာသုံးမျိုးရတယ်၊ စေတနာလေးတွေနော် (မှန်ပါတယ်ဆရာ)၊ ဝိညာဏ်ဆိုပြန်တော့လည်း ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ် နှစ်မျိုးကောက်ထားတော့ စိတ်တရားချည်းပဲ၊ ဒီလည်း ပုဂ္ဂိုလ် သတ္တဝါရှာမရဘူး၊ ရရဲ့လား (မရပါဘူးဆရာ)။ မရှိဘူး၊ ငါလည်းမရှိဘူး၊ သူလည်းမရှိဘူး၊ ပုဂ္ဂိုလ် သတ္တဝါလည်းမရှိဘူး။

ဒီပဝတ္တိဝိညာဏ်အကြောင်းခံပြီးတော့ နာမ်ရုပ်နှစ်ပါး ဖြစ်ပြန်ဆိုတော့ နာမ်နဲ့ရုပ်ပဲ ရှိတယ်၊ ဘာမှ မရှိဘူး၊ ရှိရဲ့လား (မရှိပါဘူးဆရာ)၊ အေး - အဲဒီလို ငါ သူတစ်ပါး ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ လုံးလုံးမပါဘဲနဲ့ ဒီရုပ်တရား နာမ်တရား နှစ်ပါးရှိတယ်၊ တစ်ခုနဲ့တစ်ခု အကြောင်းအကျိုး ဆက်သွယ်ပြီးတော့ ကျေးဇူးပြုပြုပြီးတော့သွားနေတဲ့ တရားကိုကွနော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေးတွေ ပြန်ပြန်ကြည့်ရမယ်။ သြော် - အခုပြောနေတာဟာ ငါ့ပတ်ဝန်းကျင်မှာ တော, တောင်, သမုဒ္ဒရာ ဆိုတဲ့ သဘာဝတွေ ချပြနေတာ မဟုတ်ဘူး၊ ငါ့အဖွဲ့တွဲသန္တာန် အမှန်အားဖြင့် ထင်ရှားရှိတဲ့တရားတွေ ချပြနေတာ၊ ထင်ရှားဖြစ်ပေါ်နေတဲ့ တရားတွေ ချပြနေတာ၊ ဒါကြောင့် ငါ့မှာ လွန်ခဲ့သော အတိတ်ဘဝက ဖြစ်လာတယ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဖြစ်လာပြီ၊ ဒီတော့ ဝိညာဏ် နာမ်ရုပ် ပဋိသန္ဓေခန်းကနော် (မှန်ပါတယ်ဆရာ)၊ တော်ကြာ အာယတနဆယ့်နှစ်ပါးစုံလာတော့ သဠာယတန၊ ဝိညာဏ် နာမ်ရုပ် သဠာယတန မင်းတို့ငါတို့ဆိုရင်ပဲ အာယတနဆယ့်နှစ်ပါး အတိုက်ဓာတ် အခံဓာတ် စုံလို့ မစုံဘူးလား (စုံပါတယ်ဆရာ)၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဒီဘက်ဘဝ ရမနေဘူးလားဟ

http://www.dhammadownload.com

(ရနေပါတယ်ဆရာ)၊ အမှန်ကတော့ ဝိပါက်ကောင်ကြီး အကျိုးကောင်ကြီးခေါ်တယ်၊ ဟိုဘက်ဘဝက အကြောင်းတွေခံလို့ ဒီလိုသွားနေကြတယ်၊ ဒါသမ္မုတိပညတ်အနေအားဖြင့် ပုဂ္ဂိုလ် သတ္တဝါ ငါသူတစ်ပါး ယောကျ်ား မိန်မ ခေါ်နေတာ၊ သေချာရှာကြည့်တော့ ငါမရှိ၊ သူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ ဒီရုပ်နာမ် နှစ်ပါးပဲ တစ်ခုနဲ့တစ်ခု ကျေးဇူးပြုပြီးတော့ဖြစ်ပေါ်နေတဲ့ အကြောင်းအကျိုးဆက်စပ်နေတဲ့ တရားတွေပဲတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ဝိုးတိုးဝါးတားသာမညအားဖြင့် သိရင်လဲပဲ မနည်းပါဘူးနော် (မှန်ပါတယ်ဆရာ)၊ တန်ဖိုးအင်မတန်ရှိပါတယ်၊ သံသရာက ကျွတ်နိုင်လွတ်နိုင်တယ်တဲ့၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် အမှန်ရနိုင်တယ်တဲ့။ ဒါကြောင့်လည်း -

မြတ်စွာဘုရားကိုယ်တော်မြတ်က အနာထပိဏ်သူဌေးကို မိန့်ကြားတော်မူတာ ပဋိစ္စသမုပ္ပါဒ်ကို တရားကိုယ်တရားသားနဲ့ ပြတ်ပြတ်သားသား နားလည်ရင်တဲ့၊ ငါသောတာပန်လို့ ပြောနိုင်၏။ ဘယ်လောက်အံ့ဩစရာကောင်းတဲ့တရားလဲ၊ မကောင်းဘူးလား (ကောင်းပါတယ်)၊ ငါသောတာပန်လို့ပြောနိုင်၏။ ဘယ်လောက်မြင့်တဲ့ အဆင့်အတန်းလဲလို့၊ ဒါကြောင့် ဖွို့လူစုဏလည်း ပဋိစ္စသမုပ္ပါဒ်များကွာ အစကနေ အဆုံးတိုင် ဒေါက်ဒေါက်နဲ့မြည်အောင် တရားကိုယ် တရားသားတွေနဲ့ တစ်ခါတည်းကောက်ပြီးတော့ အဓိပ္ပါယ်နဲ့ သဘောနဲ့ ပြောနိုင်ဆိုနိုင်သမျှ လေ့လာစမ်းပါလို့ လေ့လာစေချင်ပါတယ်၊ လုံးကောက်တရားကိုယ်နဲ့၊ သဘောအဓိပ္ပါယ်နဲ့ ရှင်းလင်းသွားအောင်ပေါ့ကွာနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏ်၊ ဝိညာဏပစ္စယာ နာမရူပံ" အဲဒီ "နာမရူပံ" ဆိုတဲ့ပုဒ်ကလေးမှာ စောစောကပြောထားလိုက်တဲ့ "နာမရူပံ"ဆိုတဲ့ ပုဒ်ကလေး မြင်ကတည်းက သူ့အထဲမှာ ဘာတွေပါသလဲဆိုရင် "နာမဥ္စ" တစ်ပုဒ် ပါတယ်။ "ရူပဥ္စ" တစ်ပုဒ်ပါတယ်၊ "နာမရူပဥ္စ" တစ်ပုဒ်ပါတယ်။

အဲဒီသုံးပုဒ်ပေါင်းတော့မှ "နာမရူပံ" ဖြစ်၏။ ဒါလေးမှတ်ထား မြဲမြဲလေး နော် (မှန်ပါတယ်ဆရာ)၊ "နာမဥ္စ"တစ်ပုဒ်၊ "ရူပဥ္စ" တစ်ပုဒ်၊ "နာမရူပဥ္စ" တစ်ပုဒ်၊ ပြီးတော့မှ "နာမရူပံ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ "နာမရူပံ" က ဟိုသုံးပုဒ်ပေါင်းထားတာ၊ ဒါကသိသိပြုထားတာခေါ်တယ်၊ သုတိတူတစ်ခုကြွင်းပြုတဲ့ နိရုတ္တိသဒ္ဒါနည်းခေါ်တယ်၊ ဒါက စာသဘောတွေပြောရတာ၊ ဒါပေမယ့် ကိုယ်က နားလည်ထားရတယ်။ ဩော်- "နာမရူပံ"လို့ ဒီတစ်ပုဒ်ထဲတွေ့ပေမယ့် ဒီ"နာမရူပံ"ပုဒ်ထဲမှာ ဘာတွေပါဝင်နေသလဲဆိုရင် "နာမဥ္စ"တစ်ပုဒ်ပါတယ်၊ "ရူပဥ္စ" တစ်ပုဒ်ပါတယ်၊ "နာမရူပဥ္စ"တစ်ပုဒ်ပါတယ်၊ သူတို့ သုံးပုဒ်ပေါင်းလိုက်လို့ "နာမရူပံ" ဖြစ်တယ်၊ အကြမ်းဖျဉ်းလေးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ရူပဥ္စ၊ ရုပ်သည်ဂုဏ်။ နာမဥ္စ၊ နာမ်သည်ဂုဏ်။ နာမရူပဥ္စ၊ နာမ်ရုပ်နှစ်ပါးဂုဏ်။ နာမရူပံ၊ နာမ်ချည်းသက်သက်, ရုပ်ချည်းသက်သက်, နာမ်ရုပ်နှစ်ပါးသက်သက်။ သုံးပုဒ်တွဲနော် နားလည်လား (နားလည်

http://www.dhammadownload.com

ပါတယ်ဆရာ)၊ "နာမရူပံ" ဆိုတဲ့ ပုဒ်ဘယ်နှစ်ပုဒ်ရှိကြလဲ (သုံးပုဒ်ရှိပါတယ်)၊ ဘယ်သူ ဘယ်သူတွေတုံး (နာမဥ-ရယ်၊ ရူပဥ-ရယ်၊ နာမရူပဥ-ရယ်)၊ အေး-ဟုတ်ပြီ၊ ရူပဥ (ရုပ်ချည်းသက်သက်ပါဆရာ)၊ နာမဥ၊ (နာမ်ချည်းသက်သက်ပါဆရာ) နာမရူပဥ (နာမ်ရုပ်နှစ်ပါးချည်းသက်သက်ပါဆရာ)။

"နာမဥ" အရတော့ ဘယ်သူရ (နာမ်ခန္ဓာလေးပါး ရပါတယ်ဆရာ)၊ ဘယ်ဘုံရ (အရူပလေးဘုံ ရပါတယ်)၊ အေး-ဟုတ်ပြီ၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ နာမ်ခန္ဓာလေးပါးကော ရေတွက်တတ်ရဲ့လား (ရေတွက်တတ်ပါတယ်ဆရာ)၊ ရေစမ်းပါ (ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓ၊ သခ်ါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ) အေး - ဟုတ်ပြီ၊ ရူပဥ-အရ ဘာခန္ဓာရ (ရုပ်ခန္ဓာတစ်ပါးထဲရပါတယ်ဆရာ)၊ ဘယ်ဘုံရ၊ ဒီဘုံကို သူမပြော တတ်ဘူး (အသညသတ်ဘုံပါဆရာ)၊ အေး-ဟုတ်ပြီ၊ မှတ်မိလား (မှတ်မိပါပြီးဆရာ) တော်ကြာတော့ မင်းတို့ ကုလားဆိုင်သွားဝယ်တဲ့၊ တရုတ်ကြီး ဆန်ဝယ်သလိုဖြစ်နေပါအုံးမယ်နော်၊ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ အသညသတ်ဘုံ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ) သူတော့ ခန္ဓာဘယ်နှစ်ပါးရတယ် (ခန္ဓာတစ်ပါးတည်းရပါတယ်ဆရာ)၊ ဘာခန္ဓာရ (ရုပ်ခန္ဓာတစ်ပါးရပါတယ်ဆရာ)၊ ရုပ်ခန္ဓာ တစ်ပါးထဲရတယ်နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ "နာမရူပဥ"ဆိုတဲ့ ပုဒ်ကြတော့ ခန္ဓာဘယ်နှစ်ပါးရ (ငါးပါးရပါတယ်)။ ခန္ဓာငါးပါးရတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ) သူကြတော့ ဘာဘုံခေါ်လဲ (ပဥ္စဝေါကာရဘုံပါဆရာ)၊ ရုပ်ခန္ဓာကြီးတစ်ပါးတည်းရတဲ့ဘုံကြတော့ ဘာခေါ်တယ်၊ (ဧကဝေါကာရဘုံပါဆရာ)၊ အေး-နာမ်ခန္ဓာလေးပါးရတဲ့ဘုံကျတော့ ဘာခေါ်တယ် (စတုဝေါကာရ ဘုံပါဆရာ)၊ ဒီဘုံသုံးမျိုး နောက်နားမှာ ငါအတော်ပြောခဲ့ဖူးပါတယ်ဟာ နင့်မမှတ်မိလို့ပါ၊ ဧကဝေါကာရ, စတုဝေါကာရ, ပဥ္စဝေါကာရ, ဧကဝေါကာရ - ခန္ဓာတစ်ပါးတည်းရသောဘုံ၊ ရူပက္ခန္ဓာ တစ်ပါးတည်း အသညသတ်ဘုံရတယ်၊ စတုဝေါကာရ - ခန္ဓာလေပါးရသောဘုံ၊ အရူပလေးဘုံ၊ နာမ် ခန္ဓာလေးပါး ရတယ်။ ပဥ္စဝေါကာရ - ခန္ဓာငါးပါးရသောဘုံ - အသညသတ်နှင့် အရူပလေးဘုံနှုတ် ကျန်သမျှဘုံ တွေ သုံးဆယ့်တစ်ဘုံ ကုန်ရော့မဟုတ်လား (အကုန်ပါပဲဆရာ)၊ အဲဒါလေး သေချာမှတ်ပေါ့ကွာ၊ ဒါကြောင့် -

"သခ်ါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ" ဆိုတဲ့နေရာ သခ်ါရက လွန်ခဲ့တဲ့အတိတ်က ပြုစုစီမံဖန်တီးလာသော စေတနာသုံးမျိုးရတယ်။ သခ်ါရတည်းဟူသော အကြောင်းကြောင့် ဝိညာဏ် ဖြစ်၏။ အဲဒီဝိညာဏ်က သခ်ါရကြောင့်ဖြစ်တဲ့ အကျိုးတရားသန့်သန့်ကောက်ပါဆိုတော့ အကုသလ ဝိပါက်စိတ် ခုနစ်ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါး၊ မဟာဝိပါက်စိတ် ရှစ်ပါး၊ ရူပဝိပါက်စိတ် ငါးပါး၊ အရူပဝိပါက်စိတ် လေးပါးနော် (မှန်ပါတယ်ဆရာ)။ ပဋိသန္ဓေစိတ်တစ်ဆယ့်ကိုးပါး၊ ထိုပဋိသန္ဓေ တစ်ဆယ့်ကိုးပါးနဲ့ တစ်ဥပါဒ်ထဲပြိုင်ဖြစ်သော ကမ္မဇရုပ်နှစ်ဆယ်၊ ကံကြောင့်ဖြစ်သောရုပ် ဒါရတယ်၊

http://www.dhammadownload.com

အကျိုးဝိညာဏ်ဖြစ်နေတယ်၊ "ဝိညာဏပစ္စယာ နာမရူပံ"၊ အဲဒီ "ဝိညာဏပစ္စယာ" ဆိုတဲ့ အကြောင်း ဝိညာဏ်ကျတော့ ဘယ်သူရတုံး၊ ပဋိသန္ဓေ တစ်ဆယ်ကိုးပါးမှတစ်ပါး ကျန်သမျှစိတ်တရားတွေ မှန်သမျှ အကုန်ယူရမယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီစိတ်တရားတွေဟာတဲ့ ပဌမဘဝင်က စဖြစ်တဲ့စိတ်တရား တွေတဲ့၊ အဲဒီစိတ်တရားတွေက ရုပ်ကို ဖြစ်စေတတ်တဲ့သတ္တိ ရှိတယ်တဲ့၊ စိတ်တရားတွေ မှန်မှန်သမျှ၊ ပဋိသန္ဓေစိတ်ကတော့ ရုပ်ကို မဖြစ်စေနိုင်ဘူးတဲ့၊ ဘာပြုလို့ သူက ပဋိသန္ဓေခဏ ဖြုန်းခနဲကျလာတော့ မှီရာဝတ္ထုရုပ်က အင်မတန်အားသေးနေတဲ့အတွက် ကမ်းပါးပြတ်ကကျတဲ့ယောက်ျားလိုပဲ ကျဆဲခဏ တစ်ပါးသောယောက်ျားကို အကူအညီပေးပါဆိုတော့ မပေးနိုင်သလိုပဲ၊ ပဋိသန္ဓေခဏဖြုန်းခနဲကျလာ လို့ အင်မတန်အားသေးနေလို့၊ ဒါကြောင့် "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတဲ့ ရုပ်တရားမဖြစ်နိုင်ဘူးတဲ့။ "ပဋိသန္ဓိစိတ္တံ ရူပံ န သမုဋ္ဌာပေတိ"နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ပဋိသန္ဓေစိတ်တစ်ဆယ့်ကိုးပါးနှုတ်ပြီးတော့ ကျန်သမျှစိတ်တရားတွေ မှန်မှန်သမျှ ရုပ်ကို ဖြစ်စေနိုင်၏။ ရုပ်နာမ်နှစ်ပါးကို ထိုက်သည့်အားလျော်စွာ ကျေးဇူးပြု၏။ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)၊ အဲဒီ အကြောင်းဝိညာဏ်ကြောင့် ဖြစ်လာတဲ့ "နာမရူပံ"ဆိုတဲ့ အကျိုးတရားကျတော့ နာမ် တရားက စေတသိက်ငါးဆယ့်နှစ်ပါးကောက်တယ်၊ ရုပ်တရားက ကံ, စိတ်, ဥတု, အာဟာရတည်းဟူ သော အကြောင်းလေးချက်နဲ့ဖြစ်လာသော ရုပ်နှစ်ဆယ့်ရှစ်ပါးကိုကောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီသဘောလေးတွေမှတ်ထား ဒါနာမ်ရုပ်နှစ်ပါး၊ ဒီနေရာမှာ အကြောင်းဝိညာဏ်ကောက်ကတည်းက, အကြောင်းစိတ်တရားတွေ ကောက်ကတည်းက စေတသိက် ငါးဆယ့်နှစ်ပါးပါပြီးသားလို့ မဟုတ်ဘူး လား (မှန်ပါတယ်ဆရာ)၊ ဒီနေရာမှာ ဝိညာဏ်ကြောင့် နာမ်ဆိုတဲ့နေရာမှာ စိတ်တရားကော နာမ်မဟုတ် ပါလား (ဟုတ်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီနေရာမှာ စိတ်တရားက ဘာကြောင့် မကောက်သလဲလို့ စိတ်ကြောင့် စိတ်ဖြစ်တယ်၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်မဖြစ်သင့်ဘူးတဲ့။

ဒါကြောင့် ဒီနေရာမှာ စိတ်တရားကို အဓိကနည်းအားဖြင့်၊ ပဓာနနည်းအားဖြင့် အကြောင်း နေရာက ထားပြီး စေတသိက်တရားကို ဧကုပ္ပါဒ-ဖြစ်အတူ ပျက်အတူ ဆိုတဲ့ တရားပေမယ့် နိဿယ နိဿိတ အနေအားဖြင့် စိတ်ကပြဋ္ဌာန်းလို့ စိတ်ကို အကြောင်းတရားနေရာထားလို့ စေတသိက်ကို အကျိုးနေရာကထားပြီးတော့ ပြသွားတယ်တဲ့။ "ဝိညာဏပစ္စယာ နာမရူပံ"၊ ဒါကြောင့် ဝိညာဏပစ္စယာ၊ အကြောင်းဝိညာဏ်တည်းဟူသော အကြောင်းကြောင့်, စိတ်တည်းဟူသော အကြောင်းကြောင့်။ နာမရူပံ၊ စေတသိက်ငါးဆယ့်နှစ်ပါးဆိုတဲ့ နာမ်တရား၊ ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းလေးချက်ကြောင့်ဖြစ်ပေါ်သော ရုပ်နှစ်ဆယ့်ရှစ်ပါးတရားသည်။ သမ္မာဝတိ၊ ဖြစ်၏။

http://www.dhammadownload.com

ဟောဒီနေရာ အကြောင်းက ဝိညာဏ်၊ အကျိုးက နာမ်ဆိုပြီး ကောက်ထားတဲ့ သဘာဝလေး မျက်စိလည်သွားမှာစိုးလို့ ခွဲပြောနေရတာ၊ ဒါပေမယ့် သူတို့ ဧကုပ္ပါဒ ဧကနိရောဓ-ဆိုတဲ့ လက္ခဏာနဲ့ ပြတော့ ဖြစ်အတူ ပျက်အတူ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အကြောင်း ဝိညာဏ်ခေါ်တဲ့ စေတသိက် ငါဆယ့်နှစ်ပါး မရဘူးလား (ရပါတယ်ဆရာ)၊ ရပြီးသား၊ ရပြီးသား ဒီနေရာမှာ -

ခုနပြောသလိုပဲ ပြဋ္ဌာန်းတဲ့အနေအားဖြင့်၊ ပဓာနနည်းအားဖြင့် စိတ်ကိုသာလျှင် အဓိကထား ပြီးတော့ စိတ်ရဲ့မှီရာအနေနဲ့ အကြောင်းနေရာက ထားတယ်၊ စေတသိက်ငါးဆယ့်နှစ်ပါးတော့ အကျိုး နေရာကထားပြီး ဒီလိုပြတာနော်။ ဒါကြောင့် ဒီနေရာ ပဋိသန္ဓေခန်းပဲ ရှိပါသေးတယ်၊ စုတိနောင် ပဋိသန္ဓေဆိုတဲ့ ပဋိသန္ဓေရဲ့စိတ္တက္ခဏလောက်ပဲ ရှိပါသေးတယ်၊ ဘာမှ မကူးရသေးပါဘူး။ ဒါကြောင့် ဒီပဋိသန္ဓေ ခဏရလာရင်လည်းပဲ ပဋိသန္ဓေဝိညာဏ်ရော, ပဝတ္တိဝိညာဏ်ရော တစ်ပြိုင်တည်းရလို့ နောက်တစ်စ, တစ်စ သတ္တာဟနဲ့တက်လာမှ "သဋ္ဌာယတန"ပုဒ် ရောက်နိုင်ပါတယ်လို့နော် (မှန်ပါ တယ်ဆရာ)၊ ဒါကြောင့် ဒီအကူးအဆက်ကလေးမှ အထူးနားလည်ထားဖို့ကတော့ "သခ်ါရပစ္စယာ ဝိညာဏံ"ဆိုတဲ့နေရာမှာ ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ် နှစ်မျိုးရ၏။ "သခ်ါရပစ္စယာ ဝိညာဏံ" ဆိုတဲ့ ပုဒ်ကလေးမှာ ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ် နှစ်မျိုးရ၏၊ ခွဲကောက်မယ်ဆိုရင် သခ်ါရတည်း ဟူသော အကြောင်းကြောင့် အကျိုးဝိညာဏ်ကောက်စမ်းပါဆိုတော့ ဝိပါက်စိတ်သုံးဆယ့် နှစ်ပါး ရ၏။ "ဝိညာဏပစ္စယာ နာမရူပံ" ကောက်စမ်းပါဆိုတော့ အကြောင်းဝိညာဏ်ကြတော့ ပဋိသန္ဓေစိတ် တစ်ဆယ့်ကိုးပါးနှုတ် ကျန်တဲ့စိတ်တရားတွေ မှန်မှန်သမျှ အကုန်ကောက်၊ ထိုကျန်တဲ့ စိတ်တရားတွေ ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားဆိုတဲ့ နာမ်ရုပ်နှစ်ပါးကြတော့ နာမ်ရုပ်တရားသည် စေတသိက် ငါးဆယ့်နှစ်ပါးကိုကောက်ရပါ၏။ ရုပ်တရားက ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်း လေးချက်ကြောင့်ဖြစ်သော ရုပ်နှစ်ဆယ့်ရှစ်ပါးကို ကောက်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါနာမ်ရုပ် နှစ်ပါး အကျိုးတရားရတယ်၊ ပြီးတော့မှ -

ထို "နာမရူပံ" ဟူသော ပုဒ်အတွင်း၌ နာမဥ္စ-က တစ်ပုဒ်၊ ရူပဥ္စ-က တစ်ပုဒ်၊ နာမရူပဥ္စ-က တစ်ပုဒ်၊ နာမဥ္စ-က နာမ်ချည်းသန့်သန့်ဖြစ်သော စတုဝေါကာရဘုံ၊ ရူပဥ္စ-က ရုပ်ချည်းသန့်သန့်ဖြစ်သော ဧကဝေါကာရဘုံ၊ နာမရူပဥ္စ-က နာမ်နဲ့ရုပ် တရားနှစ်ပါးပေါင်းစပ်ပြီး ဖြစ်ပေါ်နေသော ခန္ဓာငါးပါး ရှိတဲ့ ပဥ္စဝေါကာရဘုံ၊ ဘုံသုံးပါးကုန်ရော သုံးဆယ့်တစ်ဘုံလည်းကုန်ရော့ နားလည်လား (နားလည် ပါတယ်ဆရာ)၊ အဲဒါ အကျိုးတရားအနေနဲ့ ဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)။ ပြီးတော့မှ ဒီပဝတ္တိ တည်းဟူသော အကြောင်းဝိညာဏ်ကြောင့် နာမ်တရား ရုပ်တရားနှစ်ပါး အသီးသီးသွားဖြစ်တယ်ဆိုတဲ့ နေရာမှာ ဝိညာဏ်ကြောင့် နာမ်ခန္ဓာလေးပါးရတယ်။ စတုဝေါကာရဘုံဖြစ်တာကလည်း ကောင်း

http://www.dhammadownload.com

ပါ၏၊ မှန်ပါ၏။ ဝိညာဏ်ကြောင့် နာမ်ရုပ်နှစ်ပါး ထင်ရှားဖြစ်လာတဲ့ ပဋ္ဌဝေါကာရဘုံလည်း မှန်ပါ၏။ ပဋိသန္ဓေခဏာ ဝိညာဏ်ပါကြတယ်။ ပဝတ္တိဝိညာဏ်လည်းရခဲ့တယ်။

ဒါပေမဲ့ "ဧကဝေါကာရ" ပဋိသန္ဓေနေစဉ်အခါ ရုပ်ချည်းသန့်သန့်, ပဋိသန္ဓေနေလာတာတဲ့ ဝိညာဏ်မပါလာဘူးတဲ့။ အဲဒီ ရုပ်ချည်းသန့်သန့် ပဋိသန္ဓေနေလာတဲ့ အသည်းသတ် ငြဟ္မာအတွက် ကြတော့ကား ပဋိသန္ဓေဝိညာဏ်လည်းမရ၊ ပဝတ္တိ ဝိညာဏ်လည်းမရဘဲနဲ့ ဘယ်ဝိညာဏ်ပျောက်ပြီး ဒီရုပ်တရားလာဖြစ်သလဲလို့၊ ဒီလိုမျှား စောဒကတက်လို့ မေးခဲ့သော် ဒီဘဝမှာရလာသော ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ်ကြောင့်ဖြစ်တဲ့ ရုပ်မခေါ်ရဘူးတဲ့။ ဒီဝိညာဏ် ကျေးဇူးပြုတဲ့ဝိညာဏ်ကျတော့ ဘာခေါ်ရမယ်၊ အနန္တရဘဝက ကျေးဇူးပြုလိုက်သော ဝိညာဏ်ကြောင့်ဖြစ်တဲ့ ရုပ်လို့မှတ်ရမယ်နော် (မှန်ပါတယ်ဆရာ)၊ အနန္တရဘဝဆိုတာ ဘယ်ဘဝခေါ်တုံး။ ခုနပြောပြီး ခုမသိဘူး။ ဟိုဘက်ဘဝ ဟိုဘက်ဘဝ (ဟိုဘက်ဘဝပါဆရာ)၊ အခြားမဲ့ဘဝလို့ ဒီလိုပြောရတယ်။ ဒီဘဝရဲ့အခြားမဲ့ ဘဝဆိုတာ ဟိုဘက်ဘဝရတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဟိုဘက်ဘဝ သူတရားအားထုတ်စဉ် အခါက စိတ်စက်ဆုပ်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ ဒီတစ်ခါတော့ သူ့ဝိညာဏ်ရှိတယ် မဟုတ်လား (ရှိပါတယ်ဆရာ)၊ အဲ့ဒီ ဝိညာဏ်ပဲ ကျေးဇူးပြုလို့ ဒီဘက်ဘဝလာပြီးတော့ ဧကဝေါကာရ ဆိုတဲ့ အသည်းသတ်ငြဟ္မာ ရုပ်လာဖြစ်ရတယ်လို့ ၊ ဒါလေးတွေ နည်းနည်းတော့ ရှုပ်လည်းရှုပ်တယ်၊ သည်းလည်းခံပေါ့လေ။ မှတ်နိုင်တဲ့ပုဂ္ဂိုလ်ကလည်း မှတ်ထားပေါ့။

ဒါကြောင့် အနန္တရဘဝက ရလာသော အနန္တရဘဝက ဖြစ်လာသော ဝိညာဏ်က ကျေးဇူးပြုလို့ ဒီဘက်ဘဝမှာ အသည်းသတ်ငြဟ္မာရဲ့ ရုပ်လာဖြစ်တယ်လို့၊ ဒီလိုယူရမယ် နော် (မှန်ပါတယ်ဆရာ)၊ အေး ဒီနေရာလေးက အထူးမှတ်စရာလေးပေါ့။ ဒါကြောင့် "ဝိညာဏပစ္စယာ နာမရူပံ" ဆိုတဲ့နေရာလေးမှာ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ နာမဋ္ဌ+ရူပဋ္ဌ=နာမရူပဋ္ဌ-နာမဋ္ဌ၊ နာမ်ချည်းသန့်သန့်လည်းကောင်း။ ရူပဋ္ဌ၊ ရုပ်ချည်းသန့်သန့်လည်းကောင်း။ နာမရူပဋ္ဌ၊ နာမ်ရုပ်နှစ်ပါးပေါင်းစပ်၍လည်းကောင်း။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏နော် (မှန်ပါတယ်ဆရာ)၊ နာမ်ချည်းသန့်သန့်ဆိုရင် အရူပလေးဘုံ, စတုဝေါကာရ၊ ရုပ်ချည်းသန့်သန့်ဆိုရင် အသည်းသတ်ဘုံ ဧကဝေါကာရ၊ နာမ်ရုပ် နှစ်ပါးဆိုလို့ ရှိရင် ခန္ဓာငါးပါးရတဲ့ ပဋ္ဌဝေါကာရဘုံ။ မနေ့က အဆက်ကလေး "အဝိဇ္ဇာပစ္စယာ သခါရာ၊ သခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ" အဝိဇ္ဇာကြောင့် သခါရဖြစ်တယ်။ သခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုတဲ့နေရာမှာ ဝိညာဏ်က အကြောင်း၊ နာမ်ရုပ်က အကျိုး။ အကြောင်းဝိညာဏ်က ဘယ်သူတုံး၊ ပဋိသန္ဓေစိတ်တစ်ဆယ့်ကိုးပါးနှုတ် ကျန်သမျှစိတ်တရားတွေ ဒါကြောင့် ဝိညာဏ်ကောက်ပါမယ်။ ထိုဝိညာဏ်ကြောင့်

http://www.dhammadownload.com

နာမ်တရားနှင့် ရုပ်တရားနှစ်ပါးသွား၍ဖြစ်၏။ နာမ်တရားနှင့် ရုပ်တရားနှစ်ပါးသည် အကျိုးတရား၊ ဒီနေရာမှာ "နာမရူပံ" ဆိုတဲ့ပုဒ်၊ နာမ်က စေတသိက်ငါးဆယ်နဲ့နှစ်ပါး၊ ရုပ်က ရုပ်နှစ်ဆယ်နဲ့ရှစ်ပါး။ ဒါ နာမ်တရားနဲ့ ရုပ်တရားနှစ်ပါးခေါ်တယ်။

ဒီနေရာမှာ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် နာမ်ရုပ်နှစ်ပါး ဖြစ်တယ် ဆိုတဲ့နေရာမှာ နာမ်ချည်းသန့်သန့်ဖြစ်တဲ့ ပုဂ္ဂိုလ်က တစ်မျိုး၊ ရုပ်ချည်းသန့်သန့်ဖြစ်တဲ့ ပုဂ္ဂိုလ်ကတစ်မျိုး၊ နာမ်ရုပ်နှစ်ပါး ပေါင်းစပ်ပြီးဖြစ်တဲ့ ပုဂ္ဂိုလ်ကတစ်မျိုး၊ ရုပ်ချည်းသန့်သန့်ဖြစ်တာကျတော့ ဧကဝေါကာရဗြဟ္မာများ ရူပက္ခန္ဓာတစ်ပါးတည်းရတယ်။ ပြီးတော့ နာမ်ချည်းသန့်သန့်ဖြစ်တာကျတော့ "စတုဝေါကာရ" ဗြဟ္မာ ခေါ်တယ်၊ အရူပလေးဘုံ နာမ်ခန္ဓာလေးပါးရတယ်။ ရုပ်နာမ်နှစ်ပါး ပေါင်းစပ်ပြီးဖြစ်တဲ့ ဘုံကြတော့ ပဉ္စဝေါကာရတယ်။ ပုဂ္ဂိုလ်ကလည်း ပဉ္စဝေါကာရသတ္တဝါ ခန္ဓာငါးပါးရတယ်။ အဲဒါကြောင့် ဒီနေရာမှာ "နာမရူပံ"ဆိုတဲ့ ပုဒ်ကလေးဟာ သုတိတူ တစ်ခုကြွင်းပြုထားတာလို့ မြန်မာလိုပြောတော့၊ တူတာတွေ ပေါင်းပြီးတော့ တစ်ခုတည်းလုပ်ထားတာ၊ နေရမှာက နာမဉ္စ+ရူပဉ္စ+နာမရူပဉ္စ=နာမရူပံ" ပေါင်း လိုက်တော့ နာမရူပံ တစ်ပုဒ်ကျန်ရစ်ခဲ့တယ်။ ဒီပြင်ပုဒ်တွေ ချေပစ်လိုက် သုတိတူ တစ်ခုကြွင်းပြု ဒါသဒ္ဒါနည်း။ နာမဉ္စ၊ နာမ်ချည်းသန့်သန့်လည်းကောင်း။ ရူပဉ္စ၊ ရုပ်ချည်းသန့်သန့်လည်းကောင်း။ နာမ ရူပဉ္စ၊ နာမ်ရုပ်နှစ်ပါးလည်းကောင်း။ ဒီလို သုံးမျိုးသုံးစားသွားတယ်။ ဒါကြောင့် ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်။ နာမရူပံ၊ နာမ်ချည်းသန့်သန့်, ရုပ်ချည်းသန့်သန့်, နာမ်ရုပ် နှစ်ပါးပေါင်း သုံးမျိုးသုံးစားအားဖြင့် ဖြစ်ကြကုန်၏။ ဘုံအားဖြင့် ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စ ဝေါကာရ, သုံးမျိုးသုံးစား မှတ်မိရဲ့လား (မှတ်မိပါတယ်)။

"ဝိညာဏပစ္စယာ နာမရူပံ" ဆိုတဲ့နေရာ အကြောင်းဝိညာဏ်က ဘယ်သူကောက်တုံး (ပဋိသန္ဓေ စိတ်တစ်ဆယ့်ကိုးပါ)၊ ဟောဗျာ ဒုက္ခမှ အကြီးစားဆိုတာကြနေတယ်၊ ပဋိသန္ဓေစိတ်တစ်ဆယ့်ကိုးပါး ကိုချန်ထား၍ ကျန်တဲ့စိတ်တရားတွေ အကုန်ကောက် နားလည်ရဲ့လား (နားလည်ပါတယ်)၊ ပဋိသန္ဓေ စိတ်တစ်ဆယ့်ကိုးပါးက ရုပ်တရားကိုမဖြစ်စေနိုင်ဘူး။ နှစ်ညတောင် ငါနောက်ပိုင်းက ဆက်ပြောခဲ့တယ်၊ ဘာပြုလို့ ပဋိသန္ဓေရဲ့ခဏ, ဥပါဒ်ခဏ, ဘွားခနဲလာဖြစ်သလဲဆိုတော့၊ သူရဲ့မှီရာဝတ္ထုရုပ်က အင်မတန် အားသေးနေတယ်၊ ကမ်းပါးပြတ်က ကျလာတဲ့ ယောက်ျားတစ်ယောက် ကမ်းပါးပြတ်က ကျဆဲခဏ တစ်ပါးသော ပုဂ္ဂိုလ်အား အကူအညီပေးခြင်းငှာ မစွမ်းနိုင်သလိုပဲ နားလည်လား (နားလည်ပါတယ် ဆရာ)။ ပဋိသန္ဓေတစ်ဆယ့်ကိုးပါးကောက်လို့ ဖြစ်နိုင်ပါ့မလားဟ (မဖြစ်နိုင်ပါဘူးဆရာ)၊ "ဝိညာဏ ပစ္စယာ နာမရူပံ"ဆိုတဲ့နေရာ ဝိညာဏပစ္စယာ၊ ဝိညာဏ်တည်းဟူသော အကြောင်းကြောင့်၊အကြောင်း ဝိညာဏ် ဘယ်သူကောက် (စေတသိက်ငါးဆယ့်နှစ်ပါး ကောက်ရပါတယ်ဆရာ)၊ ဟောလုပ်ပြီ၊

http://www.dhammadownload.com

ပဋိသန္ဓေစိတ်တစ်ဆယ့်ကိုးပါးမှတစ်ပါး ကျန်သမျှ စိတ်တရားတွေ အကုန်ကောက်တယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အကြောင်းဝိညာဏ် ဘယ်သူ့ကောက် (ပဋိသန္ဓေစိတ်ဆယ့်ကိုးပါးကို ချန်ခဲ့ပြီးတော့ ကျန်တဲ့စိတ်တွေ အကုန်ကောက် ရပါမယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်)၊ သူ့ကိုမေး နားမလည်တဲ့အခါ မရှိဘူး၊ နားလည်တယ်ချည်းပဲ၊ ပြောတော့သာ အမှန်တစ်ခုမှမရှိဘူး၊ ဒါအကြောင်း ဝိညာဏ်ရဲ့တရားကိုယ် တရားသားခေါ်တယ်၊ ဒီအကြောင်း ဝိညာဏ်ကြောင့် အကျိုးတရားနှစ်ပါးဖြစ်လာတယ်ဆိုတော့ နာမ်တရားနဲ့ ရုပ်တရားနှစ်ပါး၊ နာမ်တရားက ဘယ်သူ့ ကောက် (စေတသိက်ငါးဆယ့်နှစ်ပါး ကောက်ရပါမယ်ဆရာ)၊ ရုပ်တရားက ဘယ်သူ့ကောက် (ရုပ်နှစ်ဆယ့်ရှစ်ပါးပါဆရာ)၊ ဒါတော့လည်း အကိုက်သား၊ စေတသိက်ငါးဆယ့်နှစ်ပါး ရုပ်နှစ်ဆယ့်နဲ့ရှစ်ပါး နားလည်လား (နားလည်ပါတယ်)၊

ဒီဘက်က ဝိညာဏ်တည်းဟူသော အကြောင်းတရားကြောင့် လာဖြစ်တဲ့ အကျိုးတရားတွေလို့ နာမ်တရားနဲ့ရုပ်တရားနှစ်ပါး အဲဒီ "နာမရူပံ"ဆိုတဲ့ ပုဒ်ကလေး ဒီထဲမှာ အားလုံးဘယ်နှစ်ပုဒ် ဝင်နေသလဲ၊ (သုံးပုဒ်ပါဆရာ)၊ လုပ်ပြစမ်းပါ (နာမဥ+ရူပဥ=နာမရူပဥ နာမရူပံ)။ အေး-ဟုတ်ပြီ၊ နာမဥ၊ နာမ်ချည်း သန့်သန့်ဌင်း၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရူပဥ၊ ရုပ်ချည်းသန့်သန့်ဌင်း၊ နာမရူပဥ၊ နာမ်ရုပ် နှစ်ပါးဌင်း၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ "နာမဥ"အရ ဘယ်ဘုံရ (အရူလေးဘုံရပါတယ်ဆရာ)၊ အေး - ခန္ဓာက ဘယ်နှစ်ပါးရ (ခန္ဓာလေးပါးရပါတယ်ဆရာ)၊ စတုဝေါကာရဘုံခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ "ရူပဥ" အရက ဘယ်ဘုံရ (အသညသတ်ဗြဟ္မာဘုံရပါတယ်)၊ အသညသတ်ဗြဟ္မာဘုံ၊ သူ့ကျတော့ ခန္ဓာတစ်ပါးတည်းရ၊ ဘာခန္ဓာတုံး (ရုပ်ခန္ဓာပါဆရာ)၊ ရူပက္ခန္ဓာဟုတ်ကဲ့လား (မှန်ပါတယ်)၊ "နာမရူပဥ" ဆိုရင် နာမ်တရားနဲ့ရုပ်တရား နှစ်ပါးတွဲထားတာကျတော့ ထိုအရူပလေးဘုံနဲ့အသညသတ်ဘုံနှုတ်လိုက် ကျန်သမျှဘုံတွေနော် (မှန်ပါတယ်ဆရာ)၊ သူတို့ကျတော့ ခန္ဓာဘယ်နှစ်ပါးရ (ငါးပါးရပါတယ်ဆရာ)၊ ခန္ဓာငါးပါးရတော့ ပဥ္စဝေါကာရဘုံနော် (မှန်ပါတယ်ဆရာ)။

ဧကဝေါကာရ-ခန္ဓာတစ်ပါးတည်းရသောဘုံ၊ စတုဝေါကာရ -ခန္ဓာလေးပါးသာရသောဘုံ၊ ပဥ္စဝေါကာရ-ခန္ဓာငါးပါးရသောဘုံ၊ သုံးဆယ့်တစ်ဘုံကုန်ရောလား (ကုန်သွားပါတယ်ဆရာ)၊ ကုန်ရော့၊ ဒါကြောင့် "ဝိညာဏပစ္စယာ နာမရူပံ"ဆိုတဲ့ ပုဒ်ကလေး နာမ်ရုပ်နှစ်ပါးစုံကျတော့ ပဋိသန္ဓေခဏပဲ ရှိပါသေးတယ်၊ စုတိနောင် ပဋိသန္ဓေဆိုတဲ့ ပဋိသန္ဓေခန်းလေးမှာ "ဝိညာဏပစ္စယာ နာမရူပံ" အရောက်၊ ပြီးတော့မှ "နာမရူပပစ္စယာ သဋ္ဌာယတနံ"လို့ တစ်ဆင့်ကူးတော့ ဒီကျတော့ သတ္တာဟလေးနဲ့သွားလို့၊ ကလလရေကြည် ခုနစ်ရက်၊ အမြှုပ်ခုနစ်ရက်၊ သားတစ်ခုနစ်ရက်၊ ဃနခုနစ်ရက်၊ ခက်မငါးဖြာ ခုနစ်ရက်၊ ဌင်းနောက် မျက်လုံး, မျက်ခုံး, လက်, ခြေ, အင်္ဂါအစိတ်အပိုင်းလေးတွေ အကုန်လုံးဖြစ်

http://www.dhammadownload.com

မြောက်တဲ့အချိန်ရောက် တောက်လျှောက်ကြီးလာလိုက်တာ ဘယ်နှစ်သတ္တာဟထိ၊ "တစ်ဆယ့်နဲ့ တစ်သတ္တာဟ" မြောက်တဲ့အခါကျမှ စက္ခုပသာဒ, သောတပသာဒ, ဃာန ပသာဒ, ဇိဝှါပသာဒ ပသာဒရုပ်အကြည်တွေ ပေါ်ထွက်လာနော် (မှန်ပါတယ်ဆရာ)၊

အဲဒီ ပသာဒရုပ်အကြည်တွေပေါ်ထွက်တော့ တစ်ဆယ့်နဲ့တစ်သတ္တာဟဖြစ်သွားပြီး ခုနစ်ဆယ်နဲ့ ခုနစ်ရက်မြောက် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ စက္ခုပသာဒဆိုရင်ပဲ စက္ခုအကြည်ရုပ် ပေါ်မလာ ဘူးလား (ပေါ်လာပါတယ်ဆရာ)၊ သောတပသာဒဆိုရင် သောတအကြည်ရုပ်၊ ဃာနပသာဒဆိုရင် ဃာနအကြည်ရုပ်၊ ဇိဝှါပသာဒဆိုရင် လျှာအကြည်ရုပ်၊ ကာယပသာဒဆိုရင် ပဋိသန္ဓေခဏကရခဲ့ပြီ နော် (မှန်ပါတယ်ဆရာ)၊ ဟဒယဝတ္ထုရုပ် ပဋိသန္ဓေခဏကရခဲ့ပြီ၊ အဲဒီမှာ သေချာကြည့် - ခုနစ်ဆယ့်တစ် လီ ခုနစ်ဆယ့်နဲ့ခုနစ်ရက်မြောက်တဲ့ အချိန်ကျတော့ "နာမရူပပစ္စယာ သဋ္ဌာယတနံ" ဆိုတဲ့အတိုင်း အာယတနပေါ်ထွက်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ အတိုက်ဓာတ်ခြောက်ပါး အခံဓာတ်ခြောက်ပါး လို့ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ) အတိုက်ဓာတ်ခြောက်ပါး၊ အခံဓာတ် ခြောက်ပါးလို့ အဲဒါ အာယတနဆယ့်နှစ်ပါး ဒီနေရာကစပြီးမှတ်လည်းထား၊ တစ်ဆယ့်တစ်သတ္တာဟမြောက်သော အချိန် ကစ အာယတနတစ်ဆယ့်နှစ်ပါးသည် စုံလင်၍လာ၏။

အဇ္ဈတ္တိကာယတနခြောက်ပါးနဲ့ ဗာဟိရာယတနခြောက်ပါး နော် (မှန်ပါတယ်ဆရာ)၊ "တစ်ဆယ့် တစ်သတ္တာဟ" မြောက်သောနေ့၌ သန္ဓေသားကောင်လေးသည် အတိုက်ဓာတ် အခံဓာတ်ခေါ်သော အာယတနတစ်ဆယ့်နှစ်ပါးသည် ပေါ်ထွက်၍လာ၏။ ဒါကြောင့် "ဝိညာဏပစ္စယာ နာမရူပံ" တုန်း ကတော့ ပဋိသန္ဓေခဏပဲ ရှိသေးတယ်၊ "နာမရူပပစ္စယာ သဋ္ဌာယတနံ"ဆိုတဲ့ အာယတန အကူး လေးကျတော့ သတ္တာဟနဲ့လိုက်တော့ တစ်ဆယ့်နဲ့တစ်သတ္တာဟမြောက်မှ အတိုက်ဓာတ် အခံဓာတ် ဆိုတဲ့ အာယတနဆယ့်နှစ်ပါးပေါ်ထွက်ပြီး၊ စုံစုံညီညီ ပြည့်ပြည့်ဖြိုးဖြိုး ပေါ်ထွက်လာတယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာလေးလည်းပဲ "နာမရူပပစ္စယာ သဋ္ဌာယတနံ" ဆိုတဲ့နေရာမှာ နာမ်တရား ရုပ်တရားနှစ်ပါးအကြောင်းခံလို့ အာယတနတစ်ဆယ့်နှစ်ပါး လာဖြစ်တယ်လို့၊ ဒီလိုဆိုတော့ ရုပ်တရား တိုင်း အကြောင်းခံနိုင်တဲ့ အာယတနတစ်ဆယ့်နှစ်ပါးကို ဖြစ်စေနိုင်တဲ့ သတ္တိရှိသလားဆိုတော့ ဒီလို မဟုတ်ပါဘူးတဲ့၊ ရုပ်နှစ်ဆယ့်ရှစ်ပါးထဲက ခွဲရလိမ့်မယ်၊ "နာမရူပပစ္စယာ သဋ္ဌာယတနံ = နာမရူပပစ္စယာ၊ နာမ်ရုပ်တရား နှစ်ပါးတည်းဟူသော အကြောင်းကြောင့်။ ဒီနေရာမှာ နာမ်တရားနဲ့ ရုပ်တရား နှစ်ပါး အကြောင်းမဖြစ်ဘူးလားကွယ် (အကြောင်းဖြစ်နေပါတယ်ဆရာ)၊ ခုနတုန်းကတော့ "ဝိညာဏပစ္စယာ နာမရူပံ"တုန်းကတော့ နာမ်တရား ရုပ်တရား နှစ်ပါးဟာ အကျိုးနာမ်နဲ့ အကျိုးရုပ် ဖြစ်မနေဘူးလားကွယ် (မှန်ပါတယ်ဆရာ)၊ အကျိုးရုပ်တရားနဲ့ အကျိုးနာမ်တရားခေါ်တယ်။

http://www.dhammadownload.com

အခုတော့ "နာမရူပပစ္စယာ သဠာယတနံ" ဆိုတော့ ဒီနေရာမှာ အကြောင်းနာမ်နဲ့ အကြောင်းရုပ်နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းတရားတည်းဟူသော ရုပ်တရား နာမ်တရား နှစ်ပါးအကြောင်း ခံလိုက်လို့တဲ့၊ အာယတနတစ်ဆယ့်နှစ်ပါး ပေါ်ထွက်လာတယ်၊ ဒါအကျိုးတရားခေါ်တယ်။ အဲဒီနေရာလည်းပဲ ဒီနာမ်တရားနဲ့ရုပ်တရား နှစ်ပါးအကြောင်းခံလို့ဆိုတဲ့နေရာမှာ နာမ်တရားအကြောင်းရယ်, ရုပ်တရားအကြောင်းရယ် ဆိုတော့ တရားကိုယ်တရားသား ဘယ်သူကောက်မလဲလို့ နာမ်ကတော့ "သဗ္ဗမို ဝိညာဏံ" ဆိုထားတဲ့ ပါဠိတော်အရ, အဋ္ဌကထာစကားအရ စိတ်တရားမှန်မှန်သမျှ အကုန်ကောက်လိုက်ပါတဲ့ စိတ်တရားတွေက အာယတနတစ်ဆယ့်နှစ်ပါးဖြစ်စေတတ်တဲ့ သတ္တိရှိပါတယ်နော် (မှန်ပါတယ်ဆရာ)၊ ရုပ်တရားအရ ကောက်လိုက်တော့ ရုပ်နှစ်ဆယ့်ရှစ်ပါးစလုံးအကြောင်းခံပြီးတော့ သဠာယတနဖြစ်နိုင်သလားဆိုတော့ မဟုတ်ပါဘူး။ အဲဒါ စာနယ်ထဲက စာသဘောလေး။

အကြောင်းရုပ်တရား တစ်ဆယ့်နှစ်ပါးဆိုတာ

ဒီနေရာလည်းပဲ ဉာဏ်မှီတဲ့ပုဂ္ဂိုလ်များ မှတ်ပေါ့လေ၊ ဉာဏ်မမှီတဲ့ ပုဂ္ဂိုလ်များလည်းပဲ အသာနေပေါ့၊ ရုပ်တရားတိုင်း အာယတနဆိုတဲ့ရုပ်တွေ ဖြစ်စေတတ်တဲ့ သတ္တိရှိတာ မဟုတ်ဘူးတဲ့၊ ဘယ်သူဘယ်သူ တုံးတဲ့ ဖြစ်စေတတ်တဲ့ သတ္တိ၊ ဒီနေရာမှာ အကြောင်းရုပ်ကောက်စမ်းပါဆိုတော့ **အကြောင်းရုပ်က-**

(၁) ပထဝီရယ်၊

(၂) အာပေါရယ်၊

(၃) တေဇောရယ်၊

(၄) ဝါယောရယ်၊

မဟာဘုတ်လေးပါး ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပထဝီ, အာပေါ, တေဇော, ဝါယော, မဟာဘုတ်လေးပါး၊ ပြီးတော့မှ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယဝတ္ထုရုပ် ခြောက်ပါး ပေါင်းလိုက်တော့ ဘယ်လောက်ရှိတယ် (ဆယ်ပါးပါဆရာ)၊ ပြီးတော့မှ ဇီဝိတရုပ် အာဟာရရုပ်နှစ်ခု ထည့်လိုက်တော့ ဘယ်လောက်ရှိတယ် (ဆယ့်နှစ်ပါးပါဆရာ) ဩော်-ဆယ့်နှစ်ပါး၊ ထိုဆယ့်နှစ်ပါးသော ရုပ်တရားတို့သည်သာလျှင် အာယတနဆိုတဲ့ ရုပ်ကိုဖြစ်စေတတ်တဲ့ သတ္တိရှိပါတယ်တဲ့နော် (မှန်ပါတယ်ဆရာ) ကျန်တဲ့ရုပ်တရားတွေ မရှိဘူးတဲ့၊ မဖြစ်နိုင်ဘူးတဲ့။

http://www.dhammadownload.com

ဒါကြောင့် ရုပ်နှစ်ဆယ့်ရှစ်ပါးဟောထားပေမယ့် ဒီနေရာမှာ ဆယ့်နှစ်ပါးထဲယူရမယ်၊ ဘယ်သူတွေတုံး -

(က) ပထဝီ, အာပေါ, တေဇော, ဝါယော ဆိုတဲ့ မဟာဘုတ်လေးပါးရယ်၊

(၂) ဝတ္ထုရုပ်ခြောက်ပါးရယ်၊

(ဂ) ဇီဝိတရုပ်ရယ်၊

(ဃ) အာဟာရရုပ်ရယ်၊

ပေါင်းလိုက်တော့ တစ်ဆယ်နဲ့နှစ်ပါး မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဒါဖြင့် "နာမရူပပစ္စယာ၊ နာမ်ရုပ်နှစ်ပါးတည်းဟူသော အကြောင်းကြောင့်" ဆိုတဲ့နေရာမှာ အကြောင်းရုပ်တရား ကောက်တဲ့အခါကျတော့ ဘယ်နှစ်ပါးကောက်ရမတုံး (ဆယ့်နှစ်ပါးပါဆရာ) ရုပ်နှစ်ဆယ့်ရှစ်ပါးစလုံး ကောက်လို့ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ဘယ်နှစ်ပါးကောက်ရမယ် (ဆယ့်နှစ်ပါးပါဆရာ) ဆယ့်နှစ်ပါး ဘယ်သူဘယ်သူတွေတုံး (ပထဝီရယ်၊ အာပေါရယ်၊ တေဇောရယ်၊ ဝါယောရယ်) ဟုတ်ပြီး (ဝတ္ထုရုပ်ခြောက်ပါးရယ်)၊ ဟုတ်ပြီ၊ (ဇီဝိတရုပ်ရယ် အာဟာရရုပ်) အေး ဟုတ်ပြီ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဝတ္ထုရုပ်ခြောက်ပါး ရေတတ်ရဲ့လား (ရေတတ်ပါတယ်ဆရာ)၊ ရေစမ်းပါ (စက္ခု သောတ ဃာန ဇိဝှါ ကာယ မန)၊ အတိုကောက်ချသွားတာနော်၊ စက္ခုဝတ္ထု သောတဝတ္ထု အတူတူပါပဲဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကျွမ်းကျင်ပြီးသား ပရိသတ်တွေဆိုတော့ မင်းကအတိုချုပ်နဲ့ပြောသွားတယ် ဟုတ်ကဲ့လား။

သူ့ကိုယ်က သိတာမဟုတ်ပါဘူး၊ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု, မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဝတ္ထုခြောက်ပါး၊ ဒီတော့ မဟာဘုတ်လေးပါးရယ်၊ ဝတ္ထုရုပ်ခြောက်ပါးရယ်၊ ဇီဝိတရုပ်ရယ်၊ အာဟာရရုပ်ရယ် ပေါင်းလိုက်တော့ တစ်ဆယ့်နှစ်ပါးသောရုပ်တရားကိုသာလျှင် အကြောင်းရုပ် ကောက်ရမယ်နော် (မှန်ပါတယ်ဆရာ) ဒါလေးလည်း မှတ်ထားကြနော်၊ ပဋိစ္စသမုပ္ပါဒ် သိပ်ပြီးတော့ ကျယ်ကျယ်ဝန်းဝန်းကြီး မဟုတ်သော်လည်းပဲ တန်းစေ့လမ်းစေ့အနေလေးအားဖြင့် ကျကျနနလေးရှိပါစေလို့ပြနေတာ၊ အသံကလည်းဖမ်းနေတာဖြစ်တော့ ထိုက်သည်အားလျော်စွာ သင့်သလိုလေးလည်း ပါအုံးမှဆိုတဲ့ အနေအားဖြင့်ပြနေတာ။ ပဋိစ္စသမုပ္ပါဒ်မှတ်ရသားရတာမလွယ်ဘူး၊ ပြရတာမလွယ်ဘူးဆိုတာလည်း နားလည်ထားကြပါ၊ ဩော်-တို့နားနဲ့ တန်ရုံလောက်ဆိုသလိုပဲ အဆင့်အတန်းမှီရုံလောက် တန်းစေ့လမ်းစေ့အနေအားဖြင့် သိသင့်သိထိုက်တာလေးတွေ သိပါစေဆိုတဲ့စေတနာဖြင့် ပြနေတာပဲလို့၊ တို့လည်း ဒီလိုသတိထားအုံး၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးသည် လွယ်တဲ့တရားမဟုတ်တော့ အသင့်အတင့်ဆိုတဲ့ ခက်ဆစ်ကလေးတွေ ထိုက်သည်အားလျော်စွာ ပါပေးရမယ်၊ ဒီလိုမှမဟုတ်ရင် "နာမရူပ-ပစ္စယာ သဋ္ဌာယတနံ"

http://www.dhammadownload.com

အလွယ်သားပဲ။ နာမရူပပစ္စယာ၊ နာမရုပ်နှစ်ပါးတည်းဟူသော အကြောင်းကြောင့်။ သဠာယတနံ၊ ခြောက်ပါးသော အာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သဠာယတနပစ္စယာ၊ ခြောက်ပါးသော အာယတနတည်းဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။

အလွယ်သား၊ အာယတနကြောင့် ဖဿဖြစ်။ ဖဿကြောင့် ဝေဒနာဖြစ်။ ဝေဒနာကြောင့် တဏှာဖြစ်။ တဏှာကြောင့် ဥပါဒါန်ဖြစ် မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)၊ ဒါ့ကြောင့် စစ်စစ်ဆေးဆေးနဲ့ ကျကျနန အလုပ်, လုပ်ကြစို့ဆိုတော့ တော်တော်ကြီး ကျယ်ကျယ်ဝန်းဝန်းဆိုတာ ထားပါအုံး၊ တန်းစေ့လမ်းစေ့ တန်းမှန်လမ်းမှန်လေးကိုပဲ အတော်စခန်းသွားကြရတယ်။ ဒါ့ကြောင့် ဒီနေရာမှာ စာပေမသင်ဘူးတဲ့ ပုဂ္ဂိုလ်များအတွက် ဆိုရင်လည်းပဲ စိတ်ဓာတ်မပျက်ကြနဲ့လို့၊ ငိုက်လည်းမနေကြနဲ့၊ တို့နားမလည်ပါဘူး မထူးပါဘူးဆိုပြီး ငိုက်လည်းမနေနဲ့၊ ယုံကြည်တဲ့ သဒ္ဓါတရားရှေ့ထားပြီး နားထောင်၊ မနေ့ညက တို့နိုင်ငံကျော် ဓမ္မကထိက ဦးလှသိန်းတရားပွဲကလည်း ကြော်ငြာထား၊ ပရိသတ်တွေက လည်းလာလိုက်တာ တောတွေကချည်းတော်တော်များတယ်၊ ဒီကျတော့ ခမျာ-များလည်း ဟိုလိုလို ဒီလိုလိုနဲ့ ဒီရုံမှာဝင်တာကိုကွ၊ ရုံမှာဝင်လိုက်တာ ဟိုတန်းဝင် ဒီတန်းဝင်နဲ့၊ တို့လူရင်းတွေက ဧည့်သည်ဆိုတော့ ဖယ်ပြုပေး၊ ရုံမှာဝင် ငုတ်တုတ်ကလေးတွေထိုင်လို့ ရုံမှာမှန်းမသိသေးဘူးနော် (မှန်ပါတယ်ဆရာ)၊ ရုံကမှာနေပြီ၊ တို့များက ဒီကဖယ်ပါပေး၊ ထိုင်ပြီးတော့ မနေ့က အဆက်ကလေးလို့ စလိုက်ရင် ဦးလှသိန်းအသံမဟုတ်မှန်းသိတော့၊ ဖြုတ်ဖြုတ်နဲ့ထသွားလိုက်ကြတာ၊ ဒီကျမှ ရုံမှာမှန်းသိတော့တယ်နော် (မှန်ပါတယ်ဆရာ)။

တချို့လည်း အားနားပါးနာ လူကြားထဲရောက် ငုတ်တုတ်ထိုင်ပြီးနာနေ၊ ဘာပြောလို့ ပြောမှန်းမသိဘူး၊ ဘာဆိုလို့ ဆိုမှန်းမသိဘူး၊ တောင်ကြည့်မြောက်ကြည့်၊ ဟိုကြည့် ဒီကြည့်နဲ့ ကျီးကန်းတောင်းမှောက်ဖြစ်လို့၊ ငါတော့ ဘယ်ထဲရောက်နေပါလိမ့် အောက်မေ့၊ အထိုင်ရကြပ်၊ အထရကြပ်ကိုကွနော် (မှန်ပါဆရာ)၊ ဒါကြောင့် အခုညလည်းပဲ နိုင်ငံကျော် ဓမ္မကထိက ဦးလှသိန်း တရားပွဲကြီးကလည်း ရှိသေးတယ်၊ ရုံမျာမှားလို့ရှိရင် စောစောစီးစီးက ကြွကြလို့၊ အားနာပါးနာတော့ လုပ်မနေနဲ့နော် (မှန်ပါတယ်ဆရာ)။ ဦးလှသိန်းတို့က တကယ်လည်း ခိုးကျူးလောက်တဲ့ ပုဂ္ဂိုလ်တွေပါပဲ၊ နိုင်ငံကျော်ဆိုတဲ့အတိုင်း ကျော်လည်းကျော်ပါတယ်၊ ကျော်လည်းကျော်လောက်ပါတယ်တဲ့၊ ပါရမီလည်းထူးတဲ့ ပုဂ္ဂိုလ်ပါပဲ၊ တယ်လည်း အကြိုက်များတယ်ကိုးကွနော် (မှန်ပါတယ်ဆရာ)၊ "လှည်းနေလှေအောင်းမြင်းဇောင်းမကျန်"တဲ့ လာလိုက်ကြတာ၊ ဟိုတောဆီများကတောင် လှည်းနဲ့ကွဲနဲ့လာကြ။ လှည်းနဲ့နွားနဲ့ လာကြတယ် တကူးတက၊ တော်တော်ကြီးအားခဲလို့ ကြိုးစားပမ်းစားပေါ့၊ ဒီပါရမီမျိုးဆိုတာ အင်မတန်ဖြစ်ခဲတယ်၊ ဒီလိုနိုင်ငံလှည့်ပြီးတော့ ဦးလှသိန်းလို တို့အနေနဲ့ အလုပ်လုပ်ရရင်တော့ တွက်သာကြည့်ပေ

http://www.dhammadownload.com

တော့ကွာ၊ အဲဒီလိုလျှောက် အလုပ်မလုပ်ဘဲနဲ့ တို့ပွဲရုံမှားထိုင်တာတောင် ကြာကြာမထိုင်နိုင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ကြာကြာမထိုင်နိုင်ဘူး တယ်ကွာသကိုကွ၊ ခုညပြီးတော့ နက်ဖန်ညတော့တို့သင်တန်း ကလည်း ခါတိုင်းနာရီတိုင်းပါပဲလို့ ခုနစ်နာရီခွဲက စမယ်လို့ ဒါလေးလည်း နားလည်ထား၊ (သို့မဟုတ်) မပြောလို့ရှိရင် အခုလို ဆယ့်ငါးမိနစ်စောစောလာရင် ဒုက္ခဖြစ်နေဦးမယ်နော် (မှန်ပါတယ်ဆရာ)၊ ခါတိုင်းလိုပဲ ခုနစ်နာရီခွဲကစမယ်လို့ ဒါလည်းမှတ်ထား၊ အေး-ဒါကြောင့် "နာမရူပပစ္စယာ သဠာယတနံ" ဆိုတဲ့ အကူးလေးမှာ နာမ်ရုပ်တရားနှစ်ပါးတည်းဟူသော အကြောင်းကြောင့် သဠာယတနဖြစ်တယ် ဆိုတဲ့ အကူးလေးမှာ ဒီနေရာလေးလည်း မနေ့ကလိုပဲ "နာမရူပံ"ဆိုတဲ့ ပုဒ်လိုပဲ "သဠာယတန" ဆိုတဲ့ နေရာလေးမှာ သရူပေကသေသသဒ္ဒါနည်းအားဖြင့် "သူတိတူ တစ်ခုကြွင်း ပြုထားတယ်" ဆိုတဲ့ အဓိပ္ပါယ်လေး ဒါလေးနားလည်ရမယ်၊ "သဠာယတနံ" ဒီနေရာမှာ -

သဠာယတနပုဒ်ကို သရူပေကသေသနည်းဖြင့် ပြုထားပုံ

"ဆဠာယတနဥ+သဠာယတနဥ သဠာယတန"ဆို ဧဝံ ကတေကသေသသေဝ သဠာယတနသဟ ပစ္စယောတိ ဝေဒိတတပ္ပံ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၆၅)

ဆဠာယတနဥ၊ ဆဠာယတနလည်းကောင်း။ သဠာယတနဥ၊ သဠာယတနလည်းကောင်း။ သဠာယတနံ၊ ဆဠာယတန သဠာယတန။

ဆဠာယတနပုဒ် ကြေနေတယ်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ တစ်ခုကြွင်း ရေးထားတာ, တစ်ခုကြွင်းပြုထားတာ။ ဒါကြောင့် သဠာယတနကြည့်၊ အမှန်က "ဆဠာယတန သဠာယတန" ဒီလိုနှစ်မျိုးနေရမှာဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဆဠာယတန ဆိုတာ ခြောက်ခုမြောက် အာယတနကို "ဆဠာယတန" ခေါ်တယ်။ "သဠာယတန"ကတော့ အာယတနခြောက်ပါးလုံး အကုန် ရတယ်၊ ဒီနေရာမှာ "ဆဠာယတန" ဆိုတာ ခြောက်ခုမြောက် အာယတန, စက္ခာယတန, သောတာ ယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန၊ စက္ခာယတန, ကစရေတော့ ခြောက်ခုမြောက်အာယတန ဘယ်သူကျ၊ မနာယတန မကျဘူးလား (ကျပါတယ်ဆရာ)၊ တို့ "စတုဝေါကာရဘုံ"ခေါ်ထားတဲ့ အရူပလေးဘုံကြတော့ ရုပ်တရားပါသေးတယ်လား (မပါဘူးဆရာ)၊ ရုပ်တရားမပါတော့ နာမ်ချည်းသက်သက် မနေဘူးလား (မှန်ပါတယ်ဆရာ)၊ နာမ်ချည်း သက်သက် နေတော့ အာယတနခြောက်ပါးရှိတဲ့အနက်က အာယတနခြောက်ပါးဟာ ရုပ်အာယတန ငါးမျိုးက မရနိုင်တော့ဘူးတဲ့၊ ရုပ်မရှိသည့်အတွက် စက္ခာယတနမရဘူး၊ သောတာယတနမရဘူး၊ ဃာနာယတန မရဘူး၊ ဇိဝှါယတနမရဘူး၊ ကာယာယတနမရဘူး၊ နားလည်လား (နားလည်ပါပြီဆရာ)၊ ဒီစတု

http://www.dhammadownload.com

ဝေါကာရဘုံမှာ ဘာရလဲမေးတော့ မနာယတနတစ်ပါးတည်းရတယ်နော် (မှန်ပါတယ်ဆရာ)၊ မနာယတနတစ်ပါးတည်းရတယ်၊ အဲဒီမနာယတနကို စက္ခာယတန, ကစရေတွက်လို့ရှိရင် ခြောက်ခုမြောက် မနာယတနတစ်ပါးတည်းရသောကြောင့် "ဆဋ္ဌာယတန"လို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊

အဲဒီဘုံအတွက် "ဆဋ္ဌာယတနဥ၊ ဆဋ္ဌာယတနခေါ်သော မနာယတနငင်း" နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ ဒီပြင်ဘုံတွေကျတော့ သဠာယတနဥ၊ အဇ္ဈတ္တိကာယတန ခြောက်ပါးငင်း၊ သဠာယတနဥ၊ ဗာဟိရာယတနခြောက်ပါးငင်း၊ ဒီပြင်ဘုံတွေကျတော့ အဇ္ဈတ္တိကာယတနခြောက်ပါး။ ဗာဟိရာယတနခြောက်ပါး အစုံအလင်သွားမှာကွာ အာယတနတစ်ဆယ့်နှစ်ပါး နော် (မှန်ပါတယ်ဆရာ)၊ ခုနပြောတဲ့ စတုဝေါကာရဘုံဆိုတဲ့ အရူပလေးဘုံကျတော့ အာယတနအားလုံးရပါ့အုံးမလား (မရပါဘူးဆရာ)၊ ဘယ့်နှယ်ပါးရတုံး (တစ်ပါးရပါတယ်ဆရာ)၊ အေး- တစ်ပါးတည်းရတယ် စိတ် အာယတနပေါ့နော် (မှန်ပါတယ်ဆရာ)၊ မနာယတနတစ်ပါးသာလျှင် ရ၏။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီမနာယတနက စက္ခာယတနကနေပြီး ထောက်ရေလို့ရှိရင် သူက ဘယ်နှစ်ခုမြောက် ရောက်နေ (ခြောက်ခုမြောက်ပါဆရာ)၊ အေး ခြောက်ခုမြောက်၊ ဒါကြောင့် သူ့ကို "ဆဋ္ဌာယတန"လို့ ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါကြောင့် -

ဒီဘက်က "နာမရူပပစ္စယာ သဠာယတနံ"ဆိုတဲ့နေရာမှာ နာမရူပပစ္စယာ၊ နာမ်ရုပ်နှစ်ပါးတည်းဟူသော အကြောင်းကြောင့်။ သဠာယတနံ၊ ဆဋ္ဌာယတန သဠာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဒီလို ဖော်ပေးရမယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီ "သဠာယတန" ထဲမှာ ဆဋ္ဌာယတနပါတယ်နော် (မှန်ပါတယ်ဆရာ)၊ မပါဘူးလား (ပါပါတယ်ဆရာ)၊ သူ့ကို ချေပြီးဖျောက်ထားတယ်လို့ သုတိတူ တစ်ခုကြွင်းလုပ်ထားလို့ သဠာယတနတစ်ခုတည်း တွေ့နေတာ၊ အမှန်ကတော့ ဒီအတွင်းမှာ ဆဋ္ဌာယတနပါသေးတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီတော့ သူဘယ့်နှယ့်နေမလဲဆိုတော့ သူ့တွဲလိုက်လို့ရှိရင် "ဆဋ္ဌာယတနဥ+သဠာယတနဥ = သဠာယတနံ"၊ ဆဋ္ဌာယတနဥ ခြောက်ခုမြောက်ဆိုသော ဆဋ္ဌာယတနငင်း။ သဠာယတနဥ၊ အဇ္ဈတ္တိကာယတနခြောက်ပါးငင်း၊ သဠာယတနဥ၊ ဗာဟိရာယတနခြောက်ပါးငင်း၊ သဠာယတနံ၊ ဆဋ္ဌာယတန သဠာယတန။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလိုသွားကြတယ်၊ ဘာပြုလို့လဲဆိုတော့ ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာ ဟောသွားတာက ဒီအကြောင်းတရားကြည့်လိုက်ပြန်လည်းပဲ သုံးဆယ့်တစ်ဘုံ အကုန်ဝေဖန်နိုင်ရမယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အကျိုးတရား ကောက်လိုက်ပြန်လည်းပဲ သုံးဆယ့်တစ်ဘုံအကုန်ရမယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ တစ်ဘုံထဲကြည့် ဟောသွားတာ မဟုတ်၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထဲ ဟောသွားတာမဟုတ်ဘူး၊ သုံးဆယ့်တစ်ဘုံလုံးကုန်သွားတာနော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် မနေ့ညကလည်း "နာမရူပံ"ပုဒ် တစ်ခါပြောခဲ့ပေါ့။ နာမဥ္စ+ရူပဥ္စ+နာမရူပဥ္စ= နာမရူပံ။ နာမဥ္စ၊ နာမ်ချည်းသန့်သန့်ဂုင်း။ ဟော - အရူပလေးဘုံ။ ရူပဥ္စ၊ ရုပ်ချည်းသန့်သန့်ဂုင်း။ အသညသတ်ဘုံ။ နာမရူပဥ္စ၊ နာမ်ရုပ်တရားနှစ်ပါးဂုင်း။ ပဥ္စဝေါကာရဘုံ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘုံသုံးဆယ့်တစ်ပါး ကုန်မသွားဘူးလား (ကုန်သွားပါတယ်ဆရာ)၊ ကုန်သွားတယ် ဒီလိုပဲနေ။ အခုလည်း ဒီအတိုင်းပဲ ဒီနေရာမှာ "နာမရူပပစ္စယာ သဋ္ဌာယတနံ"ဆိုတဲ့ ပုဒ်ကလေးဟာ သဋ္ဌာယတနဆိုတာ ဆဋ္ဌာယတန+သဋ္ဌာယတန ဒီလိုနေရမယ်၊ "နာမရူပပစ္စယာ ဆဋ္ဌာယတနံ သဋ္ဌာယတနံ" ပါဋိတော် ဒီလိုနေရမှာ။ ဒါပေမယ့် ကျယ်ဝန်းနေတဲ့အတွက် ဆဋ္ဌာယတနဆိုတဲ့ ပုဒ်ကိုချေလိုက်၊ တစ်ခုကြွင်းပြုလိုက်၊ ဖျောက်လိုက်၊ သဋ္ဌာယတနတစ်ပုဒ်ထဲထားလိုက်ဆိုလိုတယ်။ ဒါကြောင့် "နာမရူပပစ္စယာ ဆဋ္ဌာယတနံ" လို့ ဒီလိုနေရတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ထားလိုတာကတော့ "နာမရူပ နာမရူပပစ္စယာ ဆဋ္ဌာယတနံ သဋ္ဌာယတနံ" ဒီလို နေလိုတယ်နော် (မှန်ပါတယ်ဆရာ)၊ ဟို "နာမရူပံ" ပုဒ်တုန်းကတော့ ဒီလိုပဲ "ဝိညာဏပစ္စယာ နာမံ ရူပံ နာမရူပံ"နော် (မှန်ပါတယ်ဆရာ)၊ "နာမံ၊ ရူပံ နာမရူပံ" ဒီလိုနေလိုတယ်၊ နာမ်ချည်းပဲ, ရုပ်ချည်းပဲ, နာမ်ရုပ်နှစ်ပါး။

ဒီမှာလည်း ဒီအတိုင်းပဲ "နာမရူပပစ္စယာ ဆဋ္ဌာယတနံ သဋ္ဌာယတနံ" ဒီလို နေလိုတယ်၊ အဲဒါလေး မှတ်ထား၊ ပြီးတော့မှ ခုနပြောတဲ့ နာမ်ကြောင့်, ရုပ်ကြောင့်လို့, နာမရူပပစ္စယာ၊ နာမ်ကြောင့် ရုပ်ကြောင့်။ သဋ္ဌာယတနံ၊ တရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမ်ကလည်းအကြောင်း၊ ရုပ်ကလည်းအကြောင်း၊ ဒီနေရာမှာ ရုပ်အကြောင်းနဲ့နာမ်အကြောင်း ကောက်တဲ့နေရာမှာ ရုပ်အကြောင်းက ရုပ်နှစ်ဆယ့်ရှစ်ပါးလုံး အကုန်ကောက်ရမလားဆို မဟုတ်ပါဘူး၊ ဘယ်နှစ်ပါးကောက်ရ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ ဘယ်သူဘယ်သူတွေတုံး (ပထဝီ, အာပေါ, တေဇော, ဝါယော, ဝတ္ထုရုပ်ခြောက်ပါး ဇီဝိတရုပ်တစ်ပါး အာဟာရရုပ်တစ်ပါး) နားလည်လား (နားလည်ပါတယ်)၊ တစ်ဆယ်နဲ့နှစ်ပါးလား (မှန်ပါတယ်ဆရာ)၊ အဲဒီရုပ်တစ်ဆယ့်နှစ်ပါးသာလျှင်တဲ့၊ ဒီဘက်က ရုပ်တရားဆိုတဲ့ အကျိုးတရားတွေ ဖြစ်စေတတ်ပါတယ်နော် (မှန်ပါတယ်ဆရာ)၊ ကျန်တဲ့ရုပ်တွေကတော့ မဖြစ်နိုင်ဘူးတဲ့၊ ကျန်တဲ့ရုပ်တွေ ဖယ်ထား၊ တစ်ဆယ့်နှစ်ပါးသောရုပ်မှတစ်ပါး ကျန်တာတွေဖယ်ထား။ ဒါဖြင့် ဒီရုပ်တရားတစ်ဆယ့်နှစ်ပါးက ဘယ်လိုသတ္တိရှိလို့တုံးဆိုတော့ -

ပထဝီ, အာပေါ, တေဇော, ဝါယော,ဆိုတဲ့ ဓာတ်ကြီးလေးပါးဟာ သဟဇာတပစ္စည်းတဲ့၊ အချင်းချင်း သဟဇာတပစ္စည်း ကျေးဇူးပြုတယ် သဟဇာတပစ္စည်းအားဖြင့် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန, ဆိုတဲ့ ဝတ္ထုရုပ်ခြောက်ပါးက၊ နိဿယ-မှီရာအားဖြင့် ကျေးဇူးပြုတယ်တဲ့ နိဿယပစ္စည်းအနေအားဖြင့်၊ မှီရာအားဖြင့် စက္ခုဝတ္ထုဆိုရင် စက္ခုဝိညာဏ်လေးက ဒီဝတ္ထုကို

http://www.dhammadownload.com

မှီဖြစ်ရတယ်၊ မှီရာ နော် (မှန်ပါတယ်ဆရာ)၊ နိဿယပစ္စည်းဖြင့် ကျေးဇူးပြုတယ်။ ပထဝီ, အာပေါ, တေဇော, ဝါယော, ဆိုတဲ့ ဓာတ်ကြီးလေးပါးကလည်း တစ်ခုဖြစ် အကုန်ဖြစ်၊ တစ်ခုပျက် အကုန်ပျက်၊ တစ်ခုတစ်ခု အညမညပစ္စည်း သဟဇာတပစ္စည်းအားဖြင့် မှီဖြစ်နေတဲ့ တရားတွေတဲ့။ ဒီပြင် ရုပ်တွေက ဒီလိုမဟုတ်ပါဘူးတဲ့၊ ကိုယ့်သဘောနဲ့ကိုယ်နေကြတယ်နော် (မှန်ပါတယ်ဆရာ)၊ သဟဇာတပစ္စည်း မရဘူးခေါ်တယ်၊ ပထဝီရယ်၊ အာပေါရယ်၊ တေဇောရယ်၊ ဝါယောရယ်ဆိုတဲ့ ဓာတ်ကြီးလေးပါးကြတော့ သဟဇာတပစ္စည်းနဲ့နေတာ သဟဇာတ်တရားတွေခေါ်တယ်၊ တစ်ပါးဖြစ် အကုန်ဖြစ်၊ တစ်ပါးပျက်အကုန်ပျက်နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါကြောင့် သဟဇာတပစ္စည်းရတယ်တဲ့။

ဒီတော့ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု,ဆိုတဲ့ ဝတ္ထုရုပ်ခြောက်ပါးကလည်း ဒီလိုပဲတဲ့၊ မှီရာနိဿယအနေအားဖြင့် သတ္တိအားဖြင့်ကျေးဇူးပြုတယ်တဲ့ သူတို့ကလည်း ဘာပြုလို့ စက္ခုဝိညာဏ်စိတ်ဖြစ်လို့ စက္ခုဝတ္ထုရုပ်မှီဖြစ်ရတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သောတဝိညာဏ်စိတ်ဖြစ်လို့ သောတဝတ္ထုရုပ်မှီဖြစ်ရတယ်၊ ဒီလိုပဲ အသီးသီး မှီမှီဖြစ်ရတယ်၊ မှီရာဟူသော နိဿယသတ္တိအားဖြင့်ရှိတယ်၊ ဒါဖြင့်ကောင်းပါပြီ၊ ဆယ်ပါးကုန်သွားပြီ၊ ပြီးတော့မှ -

ဇီဝိတရုပ်နဲ့အာဟာရရုပ်ဆိုတာ

ဇီဝိတရုပ်နဲ့ အာဟာရရုပ် သူတို့နှစ်ပါးကတော့ ဘာသတ္တိရှိတုံးတဲ့၊ သူတို့က "အနုပါလနသတ္တိ" ရှိတယ်၊ ဒီရုပ်ကြီးကို မပျက်စီးအောင် စောင့်စည်းတတ်တဲ့သတ္တိရှိတယ်၊ ရုပ်ဇီဝိတ နော် (မှန်ပါတယ်ဆရာ)၊ ရုပ်ဇီဝိတ ရုပ်ဇီဝိန္ဒြေတဲ့၊ ရုပ်ဇီဝိတ ရုပ်ကြီးမပျက်စီးအောင် စောင့်စည်းတတ်တဲ့ သဘောလေးကို ဇီဝိတရုပ် ခေါ်၏။ အာဟာရကော အာဟာရကလည်း ဒီရုပ်ကြီးကို မပျက်စီးရအောင် အာဟာရထဲပါလာသော ဩဇာဓာတ်နဲ့ ရုပ်အသစ်အသစ်ကို ဆက်ကာဆက်ကာဖြစ်စေတတ်တဲ့ သတ္တိရှိတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဩဇာဓာတ်ကိုက ရုပ်အသစ်အသစ်ကို ဖြစ်စေတတ်တဲ့ သတ္တိကို ဩဇာဓာတ် ခေါ်တယ်၊ ဒါကြောင့် -

အနုပါလနသတ္တိရှိတဲ့ ရုပ်နှစ်ပါး

ထိုဩဇာဓာတ်သည်ပင်လျှင် အာဟာရ၊ အာဟာရသည်ပင်လျှင် ဩဇာ၊ ထိုအာဟာရ၌ပါလာသော ဩဇာဓာတ်၊ ဒါကြောင့် အာဟာရရုပ်ရယ် , ဇီဝိတရုပ်ရယ် ဒီနှစ်ပါးက "အနုပါလနသတ္တိ"ရှိတယ်၊ သူနဲ့ ဖြစ်ဖော်ဖြစ်ဘက်တည်းဟူသော ရုပ်တရားတွေ မပျက်စီးအောင် စောင့်စည်းတတ်

http://www.dhammadownload.com

တဲ့ "အနုပါလနသတ္တိ"ခေါ်၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မဟာဘုတ်လေးပါးက သဟဇာတ ပစ္စည်းအားဖြင့် ကျေးဇူးပြုတယ်၊ ဝတ္ထုရုပ်ခြောက်ပါးက မှီရာ-နိဿယအားဖြင့် ကျေးဇူးပြုတယ်၊ ဇီဝိတရုပ်နဲ့အာဟာရရုပ်ကတော့ အနုပါလနသတ္တိအားဖြင့် ကျေးဇူးပြုတယ်၊ မပြုဘူးလား (ပြုပါတယ် ဆရာ)။ အဲဒါကြောင့် ဒီရုပ်တရားဆယ့်နှစ်ပါးကိုသာလျှင် ဒီနေရာမှာ ကောက်ပါတဲ့၊ ကျန်တဲ့ရုပ်တွေ မကောက်ပါနဲ့တဲ့၊ အကြောင်းရုပ်ထဲ မထည့်ပါနဲ့တဲ့နော် (မှန်ပါတယ်ဆရာ)၊ သူ့နောက်က "နာမရူပပစ္စယာ သဋ္ဌာယတနံ" ဆိုတဲ့ အကျိုးတရားတွေ မဖြစ်နိုင်ပါဘူးတဲ့၊ ဒီဆယ့်နှစ်ပါးသာလျှင် ဖြစ်နိုင်ပါတယ်တဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မူလဋီကာဆရာက ဒီလိုပြထားတယ်။

"ရူပါယတနာဒီနံ ပန သဟဇာတနိဿယအနုပါလနဘာဝေါ နတ္ထီတိ အဂဏ္ဒနံ ဝေဒိတဗ္ဗံ"

ပန၊ အကြောင်းတရားအနေအားဖြင့် မယူကောင်းသည်ကို ဆိုဦးအံ့။ ရူပါယတနာဒီနံ၊ ရူပါရုံ အစရှိသည်တို့၏။ သဟဇာတနိဿယာနုပါလနဘာဝေါ၊ သဟဇာတပစ္စည်း နိဿယပစ္စည်း အမြဲ မပြတ် စောင့်စည်းတတ်တဲ့အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဂဏ္ဒနံ၊ မယူအပ် သည်အဖြစ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဒါကြောင့် ကျန်တဲ့ရုပ်တွေ မယူပါနဲ့၊ ဘာပြုလို့ သဟဇာတပစ္စည်းလည်းမရှိဘူး၊ နိဿယ ပစ္စည်းလည်း မရှိဘူး အနုပါလနသတ္တိလည်း မရှိဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာ ခဲဆစ်ကလေးပေါ့၊ ဒါလေးလည်း မှတ်ထားဖို့၊ ဒါဖြင့် နာမ်တရားတော့ကော - "နာမရူပပစ္စယာ"ဆိုတဲ့ အကြောင်းနာမ်ကြတော့ "သဗ္ဗမ္ပိ ဝိညာဏံ" ဆိုထားတဲ့အတိုင်းပေါ့တဲ့။

"အဝသေသံ ပဌမဘဝင်္ဂတော ပဘုတိ သမ္ဗမ္ပိ ဝိညာဏံ တဿ တဿ နာမရူပဿ ယထာရဟံ ပစ္စယော ဟောတီတိ ဝေဒိတဗ္ဗံ" ဆိုတဲ့ ပါဋိအရ ပထမဘဝင်က စပြီးတော့ ဖြစ်လာတဲ့ စိတ်တရားတွေ မှန်မှန်သမျှ အကုန်ကောက်ပါတဲ့ ဘာပြုလို့၊ ထိုသို့သော ရုပ်နာမ်တို့ ထိုက်သည်အားလျော်စွာ ကျေးဇူးပြုတတ်တဲ့ သတ္တိရှိပါတယ်။

ဒါကြောင့် ဒီနေရာမှာ နာမ်တရားအနေကတော့ "နာမရူပပစ္စယာ" ဆိုတဲ့ နာမ်တရားတွေမှန်သမျှ အကုန်ကောက်၊ ရုပ်တရားအနေကတော့ ခုပြထားတဲ့မဟာဘုတ်လေးပါး, ဝတ္ထုရုပ် ခြောက်ပါးရယ်, ဇီဝိတရုပ်ရယ်, အာဟာရရုပ် တစ်ဆယ့်နှစ်ပါးသော ရုပ်တရားကောက်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီရုပ်နာမ်နှစ်ပါးအကြောင်းခံလို့ သဋ္ဌာယတနဆိုတဲ့ အကျိုးတရားပေါ်လာတယ်၊ သဋ္ဌာယတန အကျိုးတရားပေါ်လာတော့ အကျိုးနဲ့ ကောက်ကောက်၊ အကြောင်းနဲ့ကောက်ကောက် ဘုံသုံးပါးက ကုန်သွားပြီ၊ ဒါကြောင့် သဋ္ဌာယတနနဲ့ကောက်ရင် သဋ္ဌာယတနဆိုတာ အမှန်ကတော့ "ဆအာယတန"

http://www.dhammadownload.com

ခေါ်တယ်၊ သ-ကို ဆနဲ့ ရေးထားတာ၊ ခြောက်ပါးသော အာယတနခေါ်ပါ၏။ ခြောက်ပါးသော အာယတနက အဖျတ္တိကာယတနက ခြောက်ပါး၊ ဗာဟိရာယတနကခြောက်ပါး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အာယတနဆယ့်နှစ်ပါးများ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ) မှတ်မိလား၊ (မှတ်မိပါတယ်ဆရာ) အဖျတ္တိကာယတနခြောက်ပါး နားလည်လား (နားလည်ပါတယ် ဆရာ) ဘယ်သူတွေတုံး (စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှာယတန ကာယတာန မနာယတန) အေး-ဟုတ်ပြီ၊ ဒါအဖျတ္တိကာယတန ခြောက်ပါးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ သဠာယတနတရားကိုယ် နော် (မှန်ပါတယ်ဆရာ)။

"နာမရူပပစ္စယာ သဠာယတနံ" နာမရူပပစ္စယာ၊ နာမ်ရုပ်နှစ်ပါးတည်းဟူသော အကြောင်း အကြောင့်။ သဠာယတနံ၊ ခြောက်ပါးသော အဖျတ္တိကာယတနတို့သည်။ သမ္ဘဝတိ၊ ဖြစ်၏-နော် (မှန်ပါတယ်ဆရာ) နောက်တစ်ခါ "သဠာယတနံ"တစ်ခါလာပြန်ပြီး ဗာဟိရာယတန ခြောက်ပါးတဲ့ ရေစမ်းပါ (ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန) ပြန်ရေလိုက်စမ်း (ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန) အေး-ဟုတ်ပြီ၊ ဒါဗာဟိရာယတနခြောက်ပါး နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလည်း သဠာယတနခေါ်တာပဲ နော် (မှန်ပါတယ်ဆရာ)၊ "သဠာယတန" ဆိုတာ မြန်မာလိုပြန်တော့ ဆ+အာယတန ခြောက်ပါးသော အာယတန၊ အဖျတ္တိကယတနလည်း ခြောက်ပါး၊ ဗာဟိရာယတနလည်း ခြောက်ပါး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒီတော့ ဒီနေရာမှာ သဠာယတန ဆိုတဲ့ ပုဒ်ကလေးက ခွဲထုတ်လိုက်ရင် ဘယ်နှစ်ပုဒ်ထွက်လာတယ် (ခြောက်ပုဒ်ပါဆရာ)၊ ဟောဗျာ-"သဠာယတနံ"၊ "နာမရူပပစ္စယာ သဠာယတနံ" ဆိုတဲ့ ပုဒ်ကလေးဟာ အတွင်းမှာ ဘာငုတ်နေတယ်၊ မမှတ်မိဘူး၊ ဟင်-မမှတ်မိဘူး ဘယ်နဲ့လုပ်၊ ဆဠာယတန ငုတ်နေတယ် (ဆဠာယတနပါဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဆဠာယတနံ သဠာယတနံ၊ "နာမရူပပစ္စယာ ဆဠာယတနံ သဠာယ တနံ" ဒီလို ဆိုလိုတယ်၊ နာမရူပပစ္စယာ၊ နာမ်ရုပ်နှစ်ပါးတည်းဟူသော အကြောင်းကြောင့်။ ဆဠာယတနံ၊ ဆဠာယတနလည်းကောင်း။ သဠာယတနံ၊ သဠာယတနလည်းကောင်း။ သမ္ဘဝတိ၊ ဖြစ်၏။ ဒီလို ဆိုလိုတယ် နားလည်လား (နားလည်ပါပြီဆရာ)။

နာမ်ရုပ်နှစ်ပါးတည်းဟူသော အကြောင်းကြောင့် ဆဠာယတနရယ် သဠာယတနတို့ရယ် ဖြစ်ကြတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဆဠာယတန ခြောက်ခုမြောက်သော အာယတန ဘယ်သူကောက်ရမယ် (မကောက်တတ်ဘူးဆရာ)၊ မကောက်တတ်ဘူး၊ ဟောဗျာ အရူပလေးဘုံကြတော့ ရုပ်တရားပါရဲ့လား (မပါပါဘူးဆရာ)။ ရုပ်တရားမှမရှိဘဲ နာမ်တရားချည်းသန့်သန့်နေတော့ကား

http://www.dhammadownload.com

စက္ခာယတန ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)၊ ရူပါယတန ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)၊ သဒ္ဒါယတန ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)၊ သောတာယတန ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)၊ ဂန္ဓာယတန ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)၊ ရသာယတန ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)၊ ကာယာယတန ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)၊ မရကောင်းဘူး၊ ရုပ်အာယတနငါးပါး မရကောင်းဘူးပေါ့၊ (မရပါဘူးဆရာ)၊ ဘာရ (မနာယတနတစ်ပါးရပါတယ်ဆရာ)။

ဟော ဒါဖြင့် စက္ခာယတနကနေ ရေလိုက်တော့ကော မနာယတနဆိုတာ ဘယ်နှစ်ခုမြောက် ရောက်တုံး (ခြောက်ခုမြောက်ပါဆရာ)၊ ဒီလိုတော့လည်း သိသား၊ ခြောက်ခုမြောက် အာယတန တစ်ပါးထဲ ရတာပေါ့ (မှန်ပါတယ်ဆရာ)၊ အရူပလေးဘုံလေ (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သူ့ဆဋ္ဌာယတနလို့ ခေါ်တယ်လား (မှန်ပါတယ်ဆရာ)၊ အေး - ဒါ အရူပလေးဘုံအတွက် ပြောထားတာ။ ဒါကြောင့် ဘုံသုံးပါးကုန်စေရမယ်လို့ အာယတနဆယ့်နှစ်ပါးလုံးရတဲ့ ဘုံတွေရယ်၊ အာယတနဆယ့်နှစ်ပါးလုံးမရဘဲနဲ့ ခြောက်ခုမြောက်ဆိုတဲ့ "မနာယတန" တစ်ပါးထဲရတဲ့ဘုံရယ် နှစ်မျိုးနှစ်စား ခွဲထားတယ်၊ ပေါင်းလိုက်တော့လည်း သုံးဆယ့်တစ်ဘုံပဲ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါကြောင့် သဋ္ဌာယတနံ၊ "နာမရူပပစ္စယာ၊ နာမ်ရုပ်နှစ်ပါးတည်းဟူသော အကြောင်းကြောင့်။ သဋ္ဌာယတနံ၊ သဋ္ဌာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏" ဆိုတဲ့ ပုဒ်ကလေးဟာ သဋ္ဌာယတနထဲ မြင်နေတာနဲ့ သဋ္ဌာယတနချည်း မှတ်မနေနဲ့၊ ဒီထဲမှာ ဆဋ္ဌာယတန တစ်ပုဒ်ပါတယ်၊ အတွင်းဝင်တယ်၊ သုတိတူ တစ်ခုကြွင်း ရေးထားတာလို့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သူ့အတိုင်းနေစမ်းပါ ဆိုလို့ ရှိရင် "နာမရူပပစ္စယာ ဆဋ္ဌာယတနသဋ္ဌာယတနံ" ဒီလိုနေရမယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ နာမရူပပစ္စယာ၊ နာမ်ရုပ်နှစ်ပါးတည်းဟူသော အကြောင်းကြောင့်။ ဆဋ္ဌာယတန သဋ္ဌာယတနံ၊ ဆဋ္ဌာယတန ခေါ်သော မနာယတန၊ သဋ္ဌာယတန ခေါ်တဲ့ အဇ္ဈတ္တိကာယတန ခြောက်ပါး ဗာဟိရာယတန ခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သုံးဆယ့်တစ်ဘုံ ကုန်မသွားဘူးလား (ကုန်သွားပါတယ်)။

ဆဋ္ဌာယတနက ဘယ်ဘုံအတွက် (အရူပလေးဘုံအတွက်ပါဆရာ)၊ အေး-ဟုတ်ပြီ သဋ္ဌာယတန သဋ္ဌာယတနဆိုတဲ့ အဇ္ဈတ္တိကာယတန ခြောက်ပါးနဲ့ ဗာဟိရာယတနခြောက်ပါးက ကျန်တဲ့ ဘုံတွေအတွက် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘုံသုံးပါးကုန်မသွားဘူးလား (ကုန်သွားပါတယ်ဆရာ)၊ အဲဒီလို ကုန်ကုန်သွားရမှာ၊ အကြောင်းတရားလေးတစ်ခုကောက်လဲပဲ ဒီအကြောင်းတရားလေးဟာ ဘုံသုံးပါးရှိတဲ့ သတ္တဝါတွေ ကုန်သွား၊ ဘုံဆယ့်တစ်ဘုံကုန်သွားရမယ်၊ အကျိုးတရားတစ်လုံး အဓိပ္ပါယ်

http://www.dhammadownload.com

ကောက်ပြန်လဲပဲ သုံးဆယ့်တစ်ဘုံ ကုန်သွားရမယ်။ တစ်ဘုံ ပုဂ္ဂိုလ်တစ်ယောက် အနေအားဖြင့် တစ်ဘုံအတွက် ဟောနေတဲ့တရားမဟုတ်ဘဲတဲ့၊ ဘုံသုံးပါးမှာရှိနေကြတဲ့ သတ္တဝါများ အမြဲမပြတ် စက်ရဟတ်ကြီးလို လည်နေတဲ့ လည်ပုံလည်နည်းပြနေတဲ့ တရားဆိုတော့ ဘုံသုံးပါးလုံး ပါပါသွား တယ်နားလည်လား (နားလည်ပါတယ်)၊ "ဝိညာဏပစ္စယာ နာမရူပံ" တုန်းက "နာမရူပံ" ဆိုတဲ့ ပုဒ်ကလေးအရ ဘုံသုံးပါးကုန်သွားရဲ့လား (ကုန်ပါတယ်ဆရာ)၊ ဒါနားလည်တယ်လား (နားလည်ပါ တယ်ဆရာ)။

ခုလည်း အာယတနဆယ့်နှစ်ပါးနဲ့ ကောက်တော့ ဒီလိုကုန်သွားရမှာပေါ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "နာမရူပပစ္စယာ သဠာယတနံ" နာမရူပပစ္စယာ၊ နာမ်ရုပ်နှစ်ပါးတည်း ဟူသော အကြောင်းကြောင့်။ သဠာယတနံ၊ ခြောက်ပါးသော အာယတနသည်၊ သမ္ဘဝတိ၊ ဖြစ်၏လို့ သဠာယတနတစ်ပုဒ်တည်း မြင်ပြီးတော့ ပေးနေတဲ့အနက် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အမှန်ကတော့ ဒီလိုမဟုတ်ဘူးတဲ့၊ ဒီလိုဆို ဘုံသုံးပါးကုန်မှာ မဟုတ်ဘူးတဲ့၊ သဠာယတန ပုဒ်ကလေး တစ်ပုဒ်ထဲက သုတိတူ တစ်ခုကြွင်း သဒ္ဒါနည်းအားဖြင့် ရေးထားတာတဲ့၊ ဒီထဲမှာ ဆဠာယတန တစ်ပုဒ်ပါတယ်။ ဒါကြောင့် ပါဠိတော်အတိုင်း သူ့သဘာဝအတိုင်း နေစမ်းပါဆို၊ ဒီပါဠိက ဘယ့်နှယ့် နေရမယ်ဆို "နာမရူပပစ္စယာ ဆဠာယတနသဠာယတနာ" ဒီလိုနေရမှာနော် (မှန်ပါတယ်ဆရာ)၊ အနက်ပေးတော့ -နာမရူပပစ္စယာ၊ နာမ်ရုပ်နှစ်ပါးတည်းဟူသော အကြောင်းကြောင့်။ ဆဠာယတန သဠာယတနာ၊ ဆဠာယတန သဠာယတနတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။

ဆဠာယတနက ဘယ်သူ့အတွက်တုံး (ခြောက်ခုမြောက် မနာယတနအတွက်ပါဆရာ)၊ ဘယ် ပုဂ္ဂိုလ် ဘယ်ဘုံအတွက်တုံး (အရူပဘုံအတွက်ပါဆရာ)၊ အေး - အရူပဘုံအတွက် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အရူပဘုံအတွက် စက္ခာယတနရုပ့်ါမလား (မရပါဘူးဆရာ)၊ သောတာယတန (မရပါဘူးဆရာ)၊ ဃာနာယတန (မရပါဘူးဆရာ)၊ ဇိဝှါယတန (မရပါဘူးဆရာ)၊ ကာယာယတန (မရပါဘူးဆရာ)၊ မဟုတ်ပါဘူးလားကွာ၊ (မှန်ပါတယ်ဆရာ)၊ မနာယတန တစ်ခုထဲရတယ်မဟုတ်လား (ရပါတယ် ဆရာ)၊ စက္ခုကနေစပြီးတော့ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး ရေတော့ မနာယတန ခြောက်ခု မြောက်မဟုတ်လား (ခြောက်ခုမြောက်ပါဆရာ)၊ ဒါသူ့ ဆဠာယတနခေါ်တယ်၊ မြန်မာလို နားလည် အောင်ပြန်တော့ "မနာယတန"လို့ ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ဆဠာယတနအတွက် အရူပလေးဘုံအတွက်၊ အရူပလေးဘုံကြတော့ ဆဠာယတန တစ်ပါးရတယ်၊ ဒါကြောင့် ဒီနေရာမှာ "ဆဠာယတနသဠာယတနံ"လို့ ဒီလိုနေရမယ်တဲ့၊ ဆဠာယတနက အရူပလေးဘုံအတွက် မနာယတန တစ်ပါးတည်းရ၊ သဠာယတနက ကျန်တဲ့ ဘုံတွေရဲ့အတွက် အဇ္ဈတ္တိကာယတနခြောက်ပါး ဗာဟိရာ

http://www.dhammadownload.com

ယတနခြောက်ပါး မှတ်မိလား (မှတ်မိပါတယ်)၊ အဲဒီလိုသွားရမှာ၊ ဒါကြောင့် -

ဒီ "နာမရူပပစ္စယာ သဋ္ဌာယတနံ" ဆိုတဲ့ နေရာလေးမှာ အာယတနခြောက်ပါး ပေါ်ထွက်လာတယ် ဆိုကတည်းက အဇ္ဈတ္တိကာယတနခြောက်ပါး ပေါ်လာ၊ ဗာဟိရာယတန ခြောက်ပါးပေါ်လာ၊ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ ပဋိသန္ဓေခန်းမှာ သတ္တာဟနဲ့ လိုက်ပြီးတော့ ဘယ်နှစ်သတ္တာဟ ရောက်နေတုံး (တစ်ဆယ့်နဲ့တစ်သတ္တာဟပါဆရာ)၊ အဲဒီလို ပြောဖြစ်အောင်လည်း ပြန်ပြောမှပေါ့ မင်းဥစ္စာက၊ တစ်ဆယ့်တစ်သတ္တာဟ နော် (မှန်ပါတယ်ဆရာ)၊ ရက်ပေါင်းဘယ်လောက်ရှိသွားတုံး (ခုနစ်ဆယ်နဲ့ခုနစ်ရက်ပါ)၊ အေး-ခုနစ်ဆယ်နဲ့ခုနစ်ရက်၊ ခုနစ်ဆယ့် ခုနစ်ရက်ရောက်တဲ့အချိန်မှာ ၎င်းသန္ဓေသားလေးမှာ "စက္ခုပသာဒ"ဆိုတဲ့ အကြည်ရုပ်ကလေး ပေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ ပေါ်ပြီး၊ ကာယပသာဒ ဟဒယဝတ္ထုရုပ်၊ ဟိုဝတ္ထုရုပ် နှစ်ပါးကတော့ ပဋိသန္ဓေခဏက စရခဲ့တယ်နော် (မှန်ပါတယ်ဆရာ)။

ပဋိသန္ဓေခဏက ဒသကကလာပ်နည်းအားဖြင့်ပြောရင် ဝတ္ထုဒသက, ဘာဝဒသက, ကာယဒသက, ကလာပ်သုံးဆည်းကရလာ၊ "သမတ္တိံသ ကမ္မဇရူပါနိ"လို့ ပြထားတာ အမျှသုံးဆယ်၊ ဝတ္ထုဒသကရယ်၊ ကာယဒသကရယ်၊ ဘာဝဒသကရယ်၊ ဝတ္ထုဒသကဆိုတာ ဟဒယဝတ္ထုကိုပြောတာ၊ ကာယဒသကဆိုတာ ကာယဝတ္ထုကိုပြတာ၊ ဘာဝဒသကဆိုတာ ဒီနေရာမှာ ဣတ္တိဘာဝ ပုမ္ဘာဝ၊ ပဋိသန္ဓေခဏလေးကစပြီးတော့ ယောက်ျားဖြင့် ယောက်ျားတဲ့၊ မိန်းမဖြင့် မိန်းမ ခွဲပြီးသားနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် အကောင်အထည် ပေါ်ပြီးလားဆို မပေါ်သေးပါဘူးတဲ့၊ ပဋိသန္ဓေခဏ ရှိပါသေးတယ်၊ ကလလရေကြည်တည်ကာမျှ ပဋိသန္ဓေစုတိနောင် ပဋိသန္ဓေစိတ်ကလေးတစ်ချက် ရောက်ရုံရှိသေး၊ ဒါပေမယ့် ဒီနေရာထဲက အခုပြောတဲ့ ဣတ္ထိဘာဝ ပုမ္ဘာဝဆိုတာက သဘာဝအားဖြင့် ပါပြီးသားဖြစ်ပြီးတဲ့၊ ယောက်ျားဖြစ်ရင် ပုမ္ဘာဝ၊ မိန်းမဖြစ်ရင် ဣတ္တိဘာဝ ဘာဝရုပ်ကရပြီးသား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဝတ္ထုရုပ်ကရပြီးသား၊ ကာယဝတ္ထုကလည်း ရပြီးသားလို့။ ဒါကြောင့်-

ဝတ္ထုဒသက, ကာယဒသက, ဘာဝဒသကလို့ ကလာပ်သုံးစည်းရတယ်၊ ပဋိသန္ဓေခဏမှာ ရထားပြီးဖြစ်နေလို့ "သမတ္တိံသ ကမ္မဇရူပါနိ ရူပက္ခန္ဓော နာမ" လို့ တမြန်နေ့ကပြောခဲ့တယ်၊ဂဗ္ဘသေယျက သတ္တဝါများ၊ ဒီတော့ ဘယ်နှယ်နေလဲဆိုတော့ ဝတ္ထုရုပ်ခြောက်ပါးရှိတဲ့အနက် လေးပါးက လိုနေပြန်ရော နှစ်ပါးထဲရခဲ့တယ်။ ဘာဝရုပ်ဖယ်ထားလို့ ပဋိသန္ဓေခဏက ဝတ္ထုရုပ်နှစ်ပါးတည်းရလာတော့ ငါကလည်း ဒီလိုပြော၊ လူတွေကလည်း အိပ်ချင်တာပဲ၊ နားမလည်တဲ့ လူတွေက ဘာတွေပြောပါလိမ့် အောက်မေ့ပြီး၊ ငိုက်များကုန်ပြီးလား မပြောတတ်ပါဘူး၊ ကြိုးစားမှတ်ကြ၊ အဲဒီ ပဋိသန္ဓေခဏကနေပြီး

http://www.dhammadownload.com

တော့ ကာယ, ဝတ္ထု, ဘာဝလို့ သုံးမျိုးသုံးစားရှိတဲ့အနက်က ဘာဝဖယ်ထားပေါ့၊ ကာယဒသကနဲ့ ဝတ္ထုဒသက ဆိုတော့ ဒီနေရာ ဝတ္ထုရုပ်နှစ်ပါးကပါလာခဲ့တယ်၊ ပါလာတော့ အားလုံး ဝတ္ထုရုပ် ခြောက်ပါးရှိတဲ့အနက်က လေးပါးကလိုနေပြန်ရော၊ ပဋိသန္ဓေစိတ္တက္ခဏာတစ်ချက်က စပြီးတော့ တက်တက်လာလိုက်တာ ကလလရေကြည် တစ်သတ္တာဟာ ခုနစ်ရက်၊ အမြှုပ်က တစ်သတ္တာဟာ ခုနစ်ရက်၊ အသားတစ်က တစ်သတ္တာဟာ ခုနစ်ရက်၊ ဃနအတုံးအလုံးအခဲက ခုနစ်ရက်၊ ခက်မငါးဖြာဆိုတာ ခုနစ်ရက် တက်လာ၊ ခက်မငါးဖြာ ဒီဘက်မှာ အဖုလေးငါးခုကနေပြီးတော့ ခေါင်းဖြစ် လက်ဖြစ် မျက်လုံးဖြစ် မျက်ဆံဖြစ် အစစအရာရာပေါ့၊ ပါးစပ်ဖြစ် နားရွက်ဖြစ်နဲ့ပေါ့လေ၊ ခြေထောက်ဖြစ် ခေါင်းဖြစ်၊ လက်အဖြစ်နဲ့ ဒီလိုအင်္ဂါပယောဂစုံလို့ လုံးလုံးကြီးရုပ်လုံးပေါ်လာတဲ့ အချိန်ရောက်အောင်ပေါ့ လာလိုက်တာ၊ ဘယ်လောက်ရောက် ဆယ်သတ္တာဟာမြောက်၊ ဒီတော့ စုံလင်ပေါ့ အင်္ဂါအစိတ်အပိုင်း၊ အဲဒီတော့ လိုနေတဲ့ဝတ္ထုရုပ်လေးခုက တစ်ဆယ်နဲ့တစ်သတ္တာဟာမြောက်တဲ့အခါမှာ -

စက္ခုပသာဒ အကြည် မပေါ်လာဘူးလား (ပေါ်လာပါတယ်)၊ သောတပသာဒ အကြည် ပေါ်လာတယ်၊ ဃာနပသာဒအကြည် ပေါ်လာတယ်၊ ဇိဝှါပသာဒအကြည် ပေါ်လာတယ်၊ ဝတ္ထုရုပ် လေးခု ပေါ်မလာဘူးလား (ပေါ်လာတယ်ဆရာ)၊ ပေါင်းလိုက်တော့ ပဋိသန္ဓေခဏကရလာတဲ့ ဝတ္ထုရုပ်နှစ်ခုပါ ထည့်လိုက်တော့ ခြောက်ခုမနေဘူးလား (ခြောက်ခုပါဆရာ)၊ အေး-အဲဒီခြောက်ခုမှာ သဠာယတနကိုကွ နော် (မှန်ပါတယ်ဆရာ)၊ အခံမာတ်ခြောက်ပါး စုံသွားပြီ၊ ခုနစ်ဆယ်နဲ့ ခုနစ်ရက်မြောက် သန္ဓေသားကောင်လေး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပဋိသန္ဓေခန်းနဲ့ ဒီလိုလာရတယ်။ ခုနစ်ဆယ့်နဲ့ခုနစ်ရက်မြောက်၌ အခံမာတ်ခြောက်ပါးသည် ပေါ်လာ၏။

အတိုက်မာတ်ခြောက်ပါးဆိုတာ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဆိုတဲ့ ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတနဆိုတဲ့ အတိုက်မာတ် ခြောက်ပါး တည်းဟူသော ဗာဟိရာယတနကတော့ ပဋိသန္ဓေခဏထဲက သူကလာခဲ့တယ်နော် (မှန်ပါတယ်ဆရာ)၊ အတုံးအလုံးအခဲဖြစ်လည်းလာပေါ့၊ သူကတော့ အဆင်းနဲ့ အသံနဲ့ အနံ့နဲ့ အရသာနဲ့ အတွေ့နဲ့ အထိနဲ့ နော် (မှန်ပါတယ်ဆရာ)၊ ပါပြီးသားဖြစ်နေတယ်။ ဒါကြောင့် ဒီအတိုက်မာတ် အခံမာတ်ဆိုတဲ့ အာယတနတစ်ဆယ့်နှစ်ပါး စုံလင်တဲ့သဘာဝလေးဟာ သန္ဓေသားသည် ပဋိသန္ဓေခဏက စ၍ ရေတွက်ခဲ့သော် ခုနစ်ဆယ်နဲ့ခုနစ်ရက်မြောက်မှာ ၎င်းဝတ္ထုရုပ်ခြောက်ပါးသည် စုံ၏။ ဒီကျမှ ပေါ်လာတာနော် (မှန်ပါတယ်ဆရာ)။ အတိုက်မာတ်၊ အခံမာတ် (၆) ပါးစုံသွားပြီ၊ အတိုက်မာတ် အခံမာတ်ရှိပြီးသားဖြစ်နေတော့ သူတို့အချင်းချင်း တိုက်ကြရော။ အတိုက်မာတ် အခံမာတ်နှစ်ပါး တိုက်ကြတယ်၊ မတိုက်ဘူးလား (တိုက်ပါတယ်ဆရာ)။ တိုက်ကြ၊ ဒါပေမဲ့ သန္ဓေသားကောင်လေးက

http://www.dhammadownload.com

အမိဝမ်းထဲမှာ နေစဉ်အခါတုန်းက အတိုက်ဓာတ်ခြောက်ပါးနဲ့ အခံဓာတ်ခြောက်ပါး အကုန်လုံး တိုက်ဖြစ်သလားဆိုတော့ အကုန်လုံးတိုက် မဖြစ်ဘူးတဲ့။ ဖြစ်ကောင်းတာဖြစ်ပြီး၊ မဖြစ်ကောင်းတာ မဖြစ်သေးဘူး။ စက္ခုပသာဒဆိုတဲ့ အကြည်ရုပ်နှင့် ရူပါရုံနှင့် သန္ဓေသားလေးက တိုက်ပစ်သလားဆိုတော့ ရှိတော့ရှိသား အတိုက်ဓာတ်လည်း အစုံအညီပဲတဲ့၊ အခံဓာတ်လည်း အစုံအညီပဲတဲ့။ စက္ခုပသာဒလည်း ရှိတော့ ရှိသားပဲတဲ့။ ရူပါရုံလည်းရှိသားပဲ။ ဒါပေမဲ့ ဒီနေရာမှာ တိုက်လို့ဖြစ်သလား၊ မဖြစ်ဘူးတဲ့။ စက္ခုဝိညာဏ်စိတ်လည်း မဖြစ်နိုင်ဘူး ဒီနေရာမှာ ဘာဖြစ်လို့တုံးတဲ့။ အမိဝမ်းတွင်းမှာ သူဘာမှမမြင်ရဘူးတဲ့။ အမှောင်အတိကျနေတယ်နော် (မှန်ပါတယ်ဆရာ)။ စက္ခုဝိညာဏ်စိတ်ဖြစ်လောက်တဲ့ အဂီါလေးချက်က မပြည့်စုံကြဘူး၊ မမြင်ဘူးတဲ့။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အတိုက်ဓာတ်၊ အခံဓာတ် နှစ်ပါး တိုက်ရိုက်မဖြစ်ဘူး၊ ဒါ သောတနဲ့ သဒ္ဒါနဲ့ကော သန္ဓေသားလေးက အခုလိုပဲ အာယတန တစ်ဆယ့်နှစ်ပါး စုံညီလာတဲ့အခါကြတော့ သူနားဆိုတဲ့ သောတပသာဒလည်းရှိလာပြီ။ သဒ္ဒဆိုတဲ့ အသံလည်းရှိလာပြီ။ အဲဒါကြတော့ တိုက်ဖြစ်တယ်တဲ့။ ဘာဖြစ်လို့ အမိရဲ့ဝမ်းတွင်းမှာရှိတဲ့ အူတွင်းမှာ သွားတဲ့လေ၊ ဝမ်းရေအတွင်းမှာ လှုပ်ရှားတဲ့လေမျိုး လေသံမျိုး သူနားမှာကြားနိုင်တယ် နော် (မှန်ပါတယ်ဆရာ)။ သောတပသာဒနှင့်ပတ်သက်တဲ့လေ ဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါက အဆက်ကလေး "နာမရူပပစ္စယာ သဠာယတနံ" နာမရူပပစ္စယာ၊ နာမ်တရား ရုပ်တရား နှစ်ပါးကြောင့်။ သဠာယတနံ၊ ခြောက်ပါးသော အာယတနတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမ်တရားကြောင့် သဠာယတနဖြစ်တယ်။ ရုပ်တရားကြောင့် သဠာယတနဖြစ်တယ်လို့ အကြောင်းကြောင့် အကျိုး။ နာမ်တရား ရုပ်တရား နှစ်ပါးက အကြောင်း၊ အာယတနခြောက်ပါးက အကျိုး။ ဟုတ်လား (မှန်ပါတယ်ဆရာ)။ နာမ်တရား ရုပ်တရားနှစ်ပါးက အကြောင်း၊ ခြောက်ပါးသော အာယတနတရားက အကျိုး။ အဲဒီမှာ တရားကိုယ်လေးတွေ ကောက်တတ်ရမယ်။ နာမ်တရားကြောင့် ရုပ်တရားကြောင့် ဆိုတဲ့နေရာမှာ နာမ်တရားက ဘယ်သူတုံး၊ ရုပ်တရားက ဘယ်သူတုံး။ ဒါတရားကိုယ်လေးတွေ နားလည်ထားရမယ်၊ နာမ်တရားတော့ကား "သဗ္ဗမ္မိဝိညာဏံ" ဆိုတဲ့ ပါဠိအရ စိတ်တရားတွေ မှန်မှန်သမျှ အကုန်ယူပါလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ စိတ်တရားတွေ မှန်မှန်သမျှ အာယတနခြောက်ပါးကို ဖြစ်စေတတ်တဲ့ သတ္တိရှိတယ်။ ဒါကြောင့် စိတ်တရားတွေက အကြောင်းတရားတွေ၊ ဟိုဘက်သွားပြီးဖြစ်တဲ့ အာယတနခြောက်ပါးဆိုတဲ့ တရားက အကျိုးတရားတွေ။ ဒါနာမ်တရားကြောင့် အာယတနခြောက်ပါးဖြစ်ပုံ။ ရုပ်တရားကြောင့် အာယတနခြောက်ပါးဖြစ်ပုံဆိုတော့ တမြန်မနေ့က ပြထားတဲ့ သဘာဝအတိုင်း ရုပ်က စတုသမုဋ္ဌာနိက ရုပ်နှစ်ဆယ့်ရှစ်ပါးရှိတယ်။ နှစ်ဆယ့်ရှစ်ပါးလုံးသော ရုပ်တရားအားလုံးတို့သည် အာယတနခြောက်ပါးကို ဖြစ်စေတတ်သလားဆိုတော့ ဒီလိုမဟုတ်ပါဘူး

http://www.dhammadownload.com

တဲ့။ ရုပ်တရားကြတော့ ခွဲထုတ်။ ဘယ်နှစ်ပါး တုံးဟ (တစ်ဆယ့်နှစ်ပါးပါဆရာ)။ ဘယ်သူ ဘယ်သူတုံး။ (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏရုပ်ခြောက်ပါး၊ ဇီဝိတရုပ်၊ အာဟာရရုပ်)၊ အေးဟုတ်ပြီ။ တော်သားပဲ မှတ်မိသေး။ ပထဝီရယ်၊ အာပေါရယ်၊ တေဇောရယ်၊ ဝါယောရယ် မဟာဘုတ်လေးပါး။ ပြီးတော့မှ စက္ခုဝဏ္ဏ၊ သောတဝဏ္ဏ၊ ဃာနဝဏ္ဏ၊ ဇိဝှါဝဏ္ဏ၊ ကာယဝဏ္ဏ၊ ဟဒယဝဏ္ဏ၊ ဝဏ္ဏရုပ်ခြောက်ပါး။ ပြီးတော့မှ ဇီဝိတရုပ်၊ အာဟာရ ရုပ်နှစ်ပါး။ ပေါင်းလိုက်တော့ တစ်ဆယ့်နှစ်ပါးရှိတယ်။

အဲဒီ တစ်ဆယ့်နှစ်ပါးသော ရုပ်တရားကမှ သူနောက်နားက အာယတနတရားကို ဖြစ်စေနိုင်တယ်တဲ့။ ကျန်တဲ့ ရုပ်တစ်ဆယ့် နှင့်ခြောက်ပါးက အာယတနခြောက်ပါး ဖြစ်စေနိုင်တဲ့သတ္တိမရှိဘူးနော် (မှန်ပါတယ်ဆရာ)။ ဒါ စာနယ်က သဘောလေးတွေပေါ့ကွယ် မှတ်ထားပေါ့။ ခဲဆစ် ခဲရာလေးတွေ။ ပဋိစ္စသမုပ္ပါဒ်နဲ့တူအောင်လည်းပဲ နဲနဲလေးထည့်သွင်းပြီးတော့ သွားရတယ်။ ဒီတော့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ မဟာဘုတ်လေးပါးရယ်၊ စက္ခုဝဏ္ဏ၊ သောတဝဏ္ဏ၊ ဃာနဝဏ္ဏ၊ ဇိဝှါဝဏ္ဏ၊ ကာယဝဏ္ဏ၊ ဟဒယဝဏ္ဏ၊ ဝဏ္ဏရုပ်ခြောက်ပါးရယ်၊ ဇီဝိတရုပ်ရယ်၊ အာဟာရရုပ်ရယ် ပေါင်းလိုက်တော့ တစ်ဆယ့်နဲ့နှစ်ပါး။ ထိုတစ်ဆယ့်နှစ်ပါးသော ရုပ်တရားတို့သည်သာလျှင် အာယတနခြောက်ပါးတို့ကို ဖြစ်စေတတ်တယ်၊ ဖြစ်စေနိုင်တယ်လို့။ ဒီတော့ တစ်ဆယ့်နှစ်ပါးသော ရုပ်တရားကဘာပြုလို့ ဖြစ်စေနိုင်သလဲဆိုတော့ တစ်ဆယ့်နှစ်ပါးသော ရုပ်တရားကတော့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ မဟာဘုတ်လေးပါးကလဲပဲ သူတို့အချင်းချင်း အညမည အမှီသဟဲပြုပြီးတော့ ဖြစ်တတ်တဲ့ သဟဇာတပစ္စည်းတပ်တယ်။ သူတို့က သဟဇာတပစ္စည်းတပ်တယ်တဲ့။ သဟဇာတ်ဖြစ်တဲ့ တရားစုတစ်ခုဖြစ်ရင် အကုန်ဖြစ်တယ်၊ တစ်ခုပျက်ရင် အကုန်ပျက်တယ်။ ဒီလို သတ္တိရှိတယ်။

ရုပ်တုံးရုပ်ခဲကို မပျက်စီးအောင်
စောင့်ရှောက်တတ်တဲ့တရားဆိုတာ ဘာလဲ

ပြီးတော့ စက္ခုဝဏ္ဏ၊ သောတဝဏ္ဏ၊ ဃာနဝဏ္ဏ၊ ဇိဝှါဝဏ္ဏ၊ ကာယဝဏ္ဏ၊ ဟဒယဝဏ္ဏဆိုတဲ့ ဝဏ္ဏရုပ်ခြောက်ပါးကျတော့ မိုရာ၏အဖြစ်အားဖြင့် နိဿယပစ္စည်းအားဖြင့် ကျေးဇူး ပြုနိုင်တယ်တဲ့။ သဟဇာတပစ္စည်းအားဖြင့် ကျေးဇူးပြုခြင်း၊ နိဿယပစ္စည်းအားဖြင့် ကျေးဇူးပြုခြင်း၊ ပြီးတော့မှ ဇီဝိတရုပ်၊ အာဟာရရုပ် ဒီနှစ်ပါးကတော့ အနုပါလနသတ္တိရှိတယ်တဲ့။ အနုပါလနဆိုတာ အမြဲတစေ စောင့်ရှောက်နေတတ်တဲ့သတ္တိရှိတယ်။ စောင့်ရှောက်တတ်တဲ့ သတ္တိရှိတယ်တဲ့။ ဒီရုပကွန္ဓာ\တည်းဟူသော ရုပ်တုံး ရုပ်ခဲကြီးကို မပျက်စီးအောင် မဆွေးမြေ့အောင် အမြဲတစေ စောင့်ရှောက်နေတာ ဘယ်သူလဲလို့မေးရင် ဇီဝိတရုပ်နဲ့ အာဟာရရုပ်နှစ်ပါး။ သူတို့နှစ်ပါး စောင့်စည်းထားလို့ သူတို့နှစ်ပါး စောင့်ရှောက်နေလို့

http://www.dhammadownload.com

ဒီခန္ဓာကမ္မဇရုပ်ကြီးဟာ ရုတ်တရက်အားဖြင့် ပျက်စီးဆွေးမြေ့မသွားဘဲနေတာလို့။ ဒါကြောင့် ဇီဝိတရုပ်နဲ့ အာဟာရရုပ်နှစ်ပါးဟာ "အနုပါလနသတ္တိ"သဘောရှိတယ်နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် အခုပြလာတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယော,ဆိုတဲ့ မဟာဘုတ်လေးပါး သဟဇာတအားဖြင့် ကျေးဇူးပြုမှုရှိ၏။ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု ဝတ္ထုရုပ်ခြောက်ပါးသည် မှီရာအဖြစ်ဖြင့် နိဿယပစ္စည်းအားဖြင့် ကျေးဇူးပြု၏။ ဇီဝိတရုပ်နဲ့ အာဟာရရုပ်နှစ်ပါးသည် "အနုပါလနသတ္တိ"အားဖြင့် ကျေးဇူးပြု၏။ ကျန်တဲ့ ရူပါရုံ, သဒ္ဒါရုံ အစရှိသော တစ်ဆယ့်ခြောက်ပါးသော ရုပ်တရားတွေကျတော့ သဟဇာတပစ္စည်းလည်း မတပ်ဘူး၊ နိဿယပစ္စည်းလည်း မတပ်ဘူး၊ အနုပါလနသဘောလည်း မရှိဘူး။ အချင်းချင်း တစ်ခုနဲ့တစ်ခု အညမညပစ္စည်းအနေအားဖြင့် အမှီသဟဲပြုပြီးတော့ တစ်ခုဖြစ်ရင် အကုန်ဖြစ်ဆိုတဲ့သဘာဝ သဟဇာတပစ္စည်းမရှိဘူး။ ပြီးတော့ တစ်ပါးသောရုပ်တို့၏ မှီရာတည်ရာအနေအားဖြင့် ဖြစ်စရာလည်း နိဿယပစ္စည်းအားဖြင့် ကျေးဇူးမပြုနိုင်။ ဒီရူပကွန္ဓာတည်းဟူသော ကမ္မဇရုပ်တုံး ရုပ်ခဲကြီးကို မပျက်မစီး မပြိုမကွဲအောင် စောင့်ရှောက်နိုင်တဲ့ အနုပါလန သတ္တိလည်းမရှိ။ ဒါကြောင့် ကျန်တဲ့ရုပ်တွေကို ဒီနေရာမှာ မယူထားပါနဲ့၊ ဖယ်ထားပါလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် -

"ရူပါယတနာဒီနံ ပန သဟဇာတနိဿယအနုပါလနဘာဝေါ နတ္ထိတိ အဂဏှနံ ဝေဒိတဗ္ဗံ"။

ပန၊ မယူကောင်းသည်ကို ဆိုဦးအံ့။ ရူပါယတနာဒီနံ၊ ရူပါရုံအစရှိသည်တို့၏။ ဒါတွေက အာဒိသဒ္ဒါအားဖြင့် ကျန်တဲ့ရုပ်တရားတွေ အကုန်လျှောက်ယူ။ ရူပါရုံအစရှိသည်တို့၏။ သဟဇာတနိဿယအနုပါလနဘာဝေါ၊ သဟဇာတပစ္စည်း၊ နိဿယပစ္စည်းတို့၏ အနုပါလနသဘောသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဂဏှနံ၊ မယူအပ်သည်အဖြစ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဒီနေရာ ကျန်တဲ့ရုပ်တွေ မယူနဲ့။ ဘာဖြစ်လို့ မယူနဲ့။ သဟဇာတပစ္စည်းလည်း မရှိဘူးတဲ့၊ နိဿယပစ္စည်းလည်း မရှိဘူးတဲ့။ အနုပါလနသတ္တိလည်း မရှိဘူးတဲ့၊ သုံးချက်။ ဘယ်နှစ်ချက် (သုံးချက်ပါဆရာ)။ ဘယ်သူ ဘယ်သူတုံး၊ (သဟဇာတပစ္စည်းရယ်, နိဿယပစ္စည်းရယ်, အနုပါလနသတ္တိရယ်)၊ မရှိဘူး (မရှိပါဘူးဆရာ)။ သဟဇာတပစ္စည်းလည်းမရှိဘူး ဟုတ်လား (မရှိပါဘူးဆရာ)။ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ မာတ်ကြီးလေးပါး ဘာပစ္စည်းရှိတယ် (သဟဇာတပစ္စည်း ရှိပါ တယ်ဆရာ)။ ဝတ္ထုရုပ်ခြောက်ပါးက (နိဿယပစ္စည်းပါဆရာ)။ ဇီဝိတနဲ့ အာဟာရက ဘာသတ္တိရှိတယ် (အနုပါလနသတ္တိပါဆရာ)။ ရောချတယ် ပီပီသသပြောစမ်း။ (အနုပါလနသတ္တိရှိပါတယ်ဆရာ)။ အနုပါလနဆိုတော့ မြန်မာလိုပြောတော့ ဘာခေါ်လဲ (မသိဘူးဆရာ)။ ဟေးဟေး နေရာကိုကျ။ တို့ထပ်ခါတလဲလဲပြောနေ

http://www.dhammadownload.com

တာ။ ကြည့်စမ်း-မင်းရုပ်ကြီး မပျက်စီးနေတာ ဘယ်သူစောင့်ရှောက်ထားတယ် (ထမင်းပါဆရာ)။ အင်း ဟုတ်ပြီ။ တိုက်ရိုက်တိုက်ရိုက်။ အဲဒါ အာဟာရရုပ် မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)။ ဒီရုပ်ကြီး အသက်ရှင်စေတတ်တဲ့သတ္တိလေးက ဇီဝိတ အသက်ရှိနေလို့မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒီအသက်ကိုတော့ ဇီဝိတရုပ် ခေါ်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။ အဲဒီ ရုပ်ဇီဝိတမရှိရင် မင်းရုပ်ကြီးက နေပို့မလားဟ (မနေနိုင်ပါဘူးဆရာ)။ မင်းပြောတဲ့ ထမင်းမရှိရင် မင်းရုပ်ကြီးနေပို့မလားဟ (မနေနိုင်ပါဘူးဆရာ)။ ဒါဖြင့် ရုပ်ဇီဝိတဆိုတဲ့ ဇီဝိတသဘောလေးရှိလို့ ထမင်းရှိလို့ပေါ့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဇီဝိတရုပ်နဲ့ အာဟာရရုပ်က အနုပါလနသတ္တိ ရှိတယ်။ နားလည်လား (မှန်ပါတယ်ဆရာ)။ မြန်မာလိုပြောတော့ ဒီရုပ်ကြီး မပျက်စီးအောင် စောင့်စည်းတတ်တဲ့ သတ္တိရှိတယ်လို့ နားလည်းလား (နားလည်ပါပြီဆရာရဲ့)။ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတာက ဘာပစ္စည်းရှိတယ် (သဟဇာတပစ္စည်းပါဆရာ)။

သဟဇာတဆိုတာ ဘာပြော (ပထဝီပျက်ရင်လည်း ပျက်ပါတယ်ဆရာရဲ့)။ တစ်ခုပျက်ရင် အကုန်ပျက်တယ်လို့ ပြောလိုက်စမ်းပါဟ မလွယ်ဘူးလားဟ။ ဘယ်နှယ့်ပြောမလဲ (တစ်ခုပျက်ရင် အကုန်ပျက်ပါတယ်ဆရာ)။ တစ်ခုဖြစ်တော့ကော (အကုန်ဖြစ်ပါတယ်ဆရာ)။ အဲလိုလုပ်တော့ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ အမလေး - မြန်မာစကား သင်စမ်းပါအုံးဟာ တစ်ခုဖြစ်ရင် အကုန်ဖြစ်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ တစ်ခုပျက်ရင် အကုန်ပျက်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါ သဟဇာတပစ္စည်းခေါ်တယ်။ သူတို့ချင်း သူတို့ချင်း အမှီသဟဲပြုနေတာ နော် (မှန်ပါတယ်ဆရာ)။ ပြီးတော့ ဝတ္ထုရုပ်ခြောက်ပါးက စက္ခုဝတ္ထုတဲ့။ စက္ခုပသာဒ အကြည်ရုပ်ကလေး စက္ခုဝတ္ထုခေါ်တယ်။ ဘယ်သူရဲ့ မှီရာလည်းလို့မေးတော့ မင်းသေချာစဉ်းစား ကြည့်စမ်း။ ဓာတ် တစ်ဆယ့်ရှစ်ပါးတုန်းက ငါသေချာ ပြောခဲ့ပေါ့။ စက္ခုပသာဒ အကြည်ရုပ်ကလေးရယ် ရူပါရုံဆိုတဲ့ အတိုက်ဓာတ်ရယ် သူတို့နှစ်ပါး တိုက်လိုက်တော့ဘာဖြစ်။ အလယ်ကြားက ဘာလေးပေါ်လာလဲ (စက္ခုဝိညာဏ် ပေါ်လာပါတယ်ဆရာ)။ မြန်မာလိုတော့ဘာတဲ့ ဘာစိတ်ကလေး (မြင်စိတ်ကလေးပါဆရာ)။ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)။

ဓာတ်တစ်ဆယ့်ရှစ်ပါးတောင် မမှတ်မိပြန်ဘူးလားဟ။ ဗျိုင်းကလေးတောင် မသိပြန်ဘူး။ စက္ခုဝိညာဏ်စိတ် သိသေးရဲ့လား (မှန်ပါတယ်ဆရာ)။ သေချာကြည့်။ မင်းစက္ခုပသာဒဆိုတဲ့ အကြည်ရုပ်ကလေးရယ်၊ ရူပါရုံဆိုတဲ့ အတိုက်ဓာတ်ကလေးရယ် နှစ်ခုတိုက်လိုက်တဲ့အခါကျတော့ ဘာလေးလာဖြစ်တယ် (စက္ခုဝိညာဏ်ပါဆရာ)။ မြင်စိတ်က(ေ)းလား (မှန်ပါတယ်ဆရာ)။ အဲဒီ စက္ခုဝိညာဏ်စိတ်ကလေးက ဘယ်သူ့မှီဖြစ်လဲ (မျက်စိပါဆရာ)။ ဟေး ငါ့ကို ဘယ်လိုပြောရမှန်းကို မသိဘူးကျနေတာပဲ။

http://www.dhammadownload.com

စကျဉပသာဒ မှီဖြစ်တယ် မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ စကျဉပသာဒ မှီဖြစ်တယ်။ မင်းမြင်တဲ့ ရူပါရုံ မှီဖြစ်သလား (မဖြစ်ပါဘူးဆရာ)။ လမ်းမှာလူတစ်ယောက် လျှောက်သွားတာ မင်းကကြည့်လိုက် မမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ မင်းကြည့်လိုက်လို့ မြင်တဲ့လူက ရူပါရုံ၊ အဆင်းရုပ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် မင်းမြင်စိတ်ကလေး ပေါ်လာတယ်ဟုတ်လား (ပေါ်လာပါတယ်ဆရာ)။ အဲဒီ မြင်တယ်ဆိုတဲ့ မြင်သိစိတ်ကလေးက စကျဉဝိညာဏ်စိတ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အဲဒီ စကျဉဝိညာဏ်စိတ်ကလေးက ဘယ်သူ့မှီဖြစ်တယ် (စကျဉဝိညာဏ် မှီပြီးဖြစ်ပါတယ်ဆရာ)။ ဟောဗျာ ကြားဖူးကြလားဗျို့။ စကျဉဝိညာဏ် မြင်စိတ်ကလေးဟာ ဘယ်သူ့မှီဖြစ်တုံး (မဖြေတတ်ဘူးဆရာ)။ ဟောဗျာ ဒုက္ခမှ အကြီးစားပဲ။ မင်းသန်းဥခေါင်းဖျားပမာဏရှိတဲ့ မင်းစကျဉပသာဒလေးရှိတယ်မဟုတ်လား။ အကြည်ရုပ်ကလေး (ရှိပါတယ်ဆရာ)။ သူက အခံမာတ်လား (အခံမာတ်ပါဆရာ)။

ခုန ငါပြောတဲ့ မင်းလှည့်ကြည့်လိုက်တော့ မြင်လိုက်တယ်ဆိုတဲ့ လူဆိုတဲ့ ရူပါရုံရယ်၊ အတိုက်မာတ်လား (အတိုက်မာတ်ပါဆရာ)။ သူတို့နှစ်ပါး စေ့စေ့ဆိုက်ဆိုက် ပြန်ပြီးတိုက်လိုက်ကရောလား (တိုက်လိုက်ပါတယ်ဆရာ)။ တိုက်လိုက်တော့ ဘာကြီးဖြစ်လာ (မြင်စိတ်ကလေးမြင်လာပါတယ်ဆရာ) မြင်စိတ်ကလေး (မှန်ပါတယ်ဆရာ)။ စိတ်ကလေးနော် (စိတ်ကလေးပါဆရာ)။ စကျဉပသာဒ မင်းမျက်စိကလေးထဲက သန်းဥခေါင်းဖျားပမာဏ စကျဉပသာဒရုပ်ပဲမဟုတ်လား (ရုပ်ပါဆရာ)သူက ရူပါရုံနော် (ရုပ်ပါဆရာ)။ ရုပ်ရုပ်ချင်းတိုက်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ တိုက်တော့ ဘာလေးပေါ်လာ (မြင်စိတ်ပါဆရာ)။ မြင်စိတ်ကလေးပေါ်လာ စိတ်နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒီ မြင်စိတ်ကလေးသည် ဘယ်ကိုမှီ၍ဖြစ်သလဲလို့ (စကျဉပသာဒကို မှီပြီးဖြစ်ပါတယ်ဆရာ)။ ဩော် စကျဉပသာဒကိုမှီဖြစ်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ မင်းမြင်တဲ့ ရူပါရုံမှီဖြစ်သလား (မဖြစ်ပါဘူးဆရာ)။ မင်းမြင်တဲ့ ရူပါရုံမှီဖြစ်ရင် ဒီစိတ်ကလေးနာမည် ဘယ်နယ့်တပ်မလဲ။ ရူပါဝိညာဏ်လို့ တပ်မှာပေါ့နော် (မှန်ပါတယ်ဆရာ)။ အခုတော့ ဘယ်နယ့်တပ်ထား (စကျဉဝိညာဏ်ပါဆရာ)။ ဩော် စကျဉဝိညာဏ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ အမယ်လေး - ဓာတ်တစ်ဆယ့်ရှစ်ပါးလည်း ဖျောက်ပြစ်သကိုးကွ။ မိုက်ပါဘိတော့ ဟင်၊ တရားသုံးသပ်တယ်ဆိုတာ ဒါလေးတွေပဲဟ။ တရားတရားနဲ့ တယားယားနဲ့ ဟိုပြေးလိုက် ဒီသွားလိုက်၊ ဟုတ်နိုး ဟုတ်နိုးနဲ့ ဘာမှန်းလည်းမသိ၊ ညာမှန်းလည်းမသိ ဖြစ်နေတာကိုးကွ။ တရားဆိုတာ အဲ့ဒါတွေပဲ။ ကိုယ်ဖြစ်ပျက်နေတဲ့ သဘာဝတွေ ချပြတာ တရားခေါ်တယ်။ ဒါတွေ ပြတ်သား နားလည်ရမယ်လို့ဆိုလိုတယ်။ ဒါတွေ မပြတ်သားနားမလည်ဘဲနဲ့ တရားကိုယ်ဘေးနားလျှောက်ရှာလို့တွေ့နိုင်ပါ့မလား (မတွေ့နိုင်ပါဘူးဆရာ)။ ဘေးနားတရားရှိတာမဟုတ်ဘူး။ နားလည်

http://www.dhammadownload.com

ရဲ့လား (နားလည်ပါတယ်ဆရာ)။

ဓာတ်တစ်ဆယ့်ရှစ်ပါး သေချာကြည့်စမ်း။ အတိုက်ဓာတ်၊ အခံဓာတ်၊ အပေါ်ဓာတ်၊ စည်နဲ့ လက်ခတ်နဲ့၊ ငါဥပမာပေးသွားတာ အဋ္ဌကထာဆရာပြတဲ့အတိုင်း စည်မျက်နှာပြင်ကြီးရယ်၊ စည်ကြီးရယ်၊ လက်ခတ်ရယ်ချထား ဘာဖြစ် (ဘာမှမဖြစ်ပါဘူးဆရာ) ဘာမှမဖြစ်ဘူး (မဖြစ်ပါဘူးဆရာ) လက်ခတ်နဲ့ စည်မျက်နှာပြင် တီးလိုက်တော့ ဘာဖြစ်လည်း (မြည်ပါတယ်ဆရာ)။ အသံထွက်လာတယ် ပြောစမ်းပါဟာ။ အသံထွက်လာတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။ သေချာကြည့်နော်။ လက်ခတ်နဲ့ စည်မျက်နှာပြင်နဲ့ မတိုက်ခင်တုန်းက ဒီအသံထွက်သလား (မထွက်ပါဘူးဆရာ)။ ဒါဖြင့် ဒီအသံက စည်မျက်နှာပြင်ထဲရှိသလား (မရှိပါဘူးဆရာ)။ လက်ခတ်ထဲကော (မရှိပါဘူးဆရာ)။ ဘယ်မှမရှိဘူးပေါ့ (ဘယ်မှမရှိပါဘူးဆရာ)။ သူတို့နှစ်ခုတိုက်မှ ပေါ်လာတယ်ဟုတ်လား (မှန်ပါတယ် ဆရာ)။ သူတို့နှစ်ခု တိုက်မှပေါ်လာတော့ကာ သေချာကြည့်။ သမာဓိကောင်းကောင်းထား။ နဂိုတည်းက လက်ခတ်ထဲလည်း မရှိဘူး၊ စည်မျက်နှာပြင်ထည်းလည်း ဒီအသံမရှိဘူး။ သူတို့နှစ်ခု တိုက်ခါမှ ဒီအသံ ဘွားကနဲ ပေါ်လာတာယ်။ အာဂန္တုကဓမ္မလို့နော် (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ဒီအသံကို ကြည့်စမ်း၊ မင်းဉာဏ်နဲ့ မင်းကိုယ်ပိုင်အမြင်နဲ့ကြည့်။ ဒီအသံသည် ဘယ်ကိုမှီ၍ ဖြစ်သလဲလို့မေးရင် ဘယ်နှယ့်ပြောမလဲ (စည် မျက်နှာပြင်ပါဆရာ)။ဩော် စည်မျက်နှာပြင် မှီဖြစ်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ လက်ခတ်မှီ မဖြစ်ဘူးလား (မဖြစ်ပါဘူးဆရာ)။ လက်ခတ်ထဲက အသံမကြားဘူးလား (မကြားပါဘူးဆရာ)။ မကြား ဘူးလား (မကြားပါဘူးဆရာ)။ စည်မျက်နှာပြင်ကတော့ ကြားတုန်းပေါ့ (မှန်ပါ တယ်ဆရာ)။ ဩော် စည်မှီဖြစ်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ဒါကြောင့် ဒီအသံ ဘာသံခေါ်တယ် (စည်သံပါဆရာ)။ ဩော် စည်သံ၊ လက်ခတ်မှီဖြစ်ရင် လက်ခတ်သံခေါ်မှာပေါ့နော် (မှန်ပါတယ်ဆရာ)။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါလေးတော့ ရှင်းသွားပြီဟုတ်လား (ရှင်းသွားပါပြီဆရာ)။

ကိုင်း ဒါဖြင့် ကြည့်စမ်း၊ စက္ခုပသာဒ အခံဓာတ်နော် (မှန်ပါတယ်ဆရာ)။ ရူပါရုံ အတိုက်ဓာတ်၊ စက္ခုပသာဒ-စည်မျက်နှာပြင်ကြီးထား၊ ရူပါရုံအတိုက်ဓာတ်က လက်ခတ်ထား၊ ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)။ စက္ခုပသာဒနဲ့ ရူပါရုံ သူ့ဘာသာသူ နေစဉ်အခါတုန်းက တစ်ခုနဲ့တစ်ခု မျက်နှာချင်း မဆိုင်ခင်.အခါတုန်းက စက္ခုဝိညာဏ်စိတ်ကလေး ရှိသေးလား (မရှိသေးပါဘူး ဆရာ)။ မရှိဘူးလား (မရှိပါဘူးဆရာ)။ မျက်စိထဲကော (မရှိပါဘူးဆရာ)။ ရူပါရုံထဲကော (မရှိပါဘူး ဆရာ)။ စက္ခုဝိညာဏ် မြင်စိတ်ကလေး မရှိသေးဘူးပေါ့ (မရှိပါဘူးဆရာ)။ ဒါဖြင့် အဲဒီ စက္ခုပသာဒခေါ်ထားတဲ့ အကြည်ရုပ် ကလေးနဲ့ ရူပါရုံနဲ့ မျက်နှာချင်းဆိုင် တည့်ပေးလိုက်စမ်း၊ တည့်လိုက်တော့ ဘာဖြစ်လဲ (မြင်စိတ်ကလေး ပေါ်လာပါတယ်ဆရာ)။ ဩော် - မြင်စိတ်ကလေး ပေါ်လာတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

အခုမှ ပေါ်လာတာပေါ့ (မှန်ပါတယ်ဆရာ)။ အဲဒီ မြင်စိတ်ကလေးသည် ဘယ်ကို မှီ၍ဖြစ် (စက္ခုပသာဒ အကြည်ရုပ်ကို မှီ၍ ဖြစ်ပါတယ်ဆရာ)။ အကြည်ရုပ်ကို မှီနေပါတယ်။ ဩော် အကြည်ရုပ်ကို မှီဖြစ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။ စက္ခုပသာဒ၊ စက္ခုဝတ္ထု အတူတူပဲနော် (မှန်ပါတယ်ဆရာ)။

စက္ခုဝတ္ထုရုပ်မှာ မှီပြီးဖြစ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒီစိတ်ကလေးကို ဘာစိတ်ခေါ်တယ် (စက္ခုဝိညာဏ်စိတ်ပါဆရာ)။ ဩော် - စက္ခုဝိညာဏ်စိတ်နားလည်လား (နားလည်ပါတယ်ဆရာ)။ စက္ခုဝိညာဏ်စိတ် ဘယ်သူကို မှီဖြစ်သလဲ (စက္ခုရဲ့မှီရာပါဆရာ) အေး - စက္ခုဝိညာဏ်စိတ်ရဲ့မှီရာ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထု ဝတ္ထုရုပ်ခြောက်ပါးစလုံး အကုန်သွားတယ်။ အဲဒီဝတ္ထုရုပ်ခြောက်ပါးသည် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ် အစရှိသော ဝိညာဏဓာတ်တို့၏ မှီရာမဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)။ အဲဒါကြောင့် ဒီဝတ္ထုရုပ်ခြောက်ပါးက နိဿယပစ္စည်းတပ်တယ်တဲ့။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ မဟာဘုတ်လေးပါးကတော့ သဟဇာတပစ္စည်း တပ်တယ်တဲ့။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဝတ္ထုရုပ်ခြောက်ပါးကတော့ နိဿယပစ္စည်းတပ်တယ်တဲ့။ ဆယ်ပါးရှိသွားပြီ။ ဇီဝိတရုပ်နဲ့ အာဟာရရုပ်ကျတော့ ဘာသတ္တိရှိတယ် (အနုပါလနသတ္တိရှိပါတယ်ဆရာ)။ အေး - အနုပါလနသတ္တိ။ အနုပါလနသတ္တိကို မြန်မာလိုပြောစမ်းပါ။ မလုပ်တတ် (ဒီရုပ်သုံးနည်းကို အာဟာရရုပ်က ထောက်ပင့်နေပါတယ်ဆရာ)။ ထောက်ပင့် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ထားပါတော့၊ ထားပါတော့။ ပြီးတော့ ဇီဝိတရုပ်ကော့ (ဇီဝိတရုပ်က အသက်ရှိလို့ ဒီကိုယ်ကြီး မြဲနေတာပါဆရာ၊) ဟော - ဇီဝိတရုပ်နဲ့ အာဟာရရုပ်နှစ်ပါးက ဒီကိုယ်ကြီးကို စောင့်ရှောက်နေတာပေါ့ (မှန်ပါတယ်ဆရာ)။ စောင့်ရှောက်တတ်တဲ့ သတ္တိရှိတယ်။ မလွယ်ဘူးလား (လွယ်ပါတယ်ဆရာ)။ ဘာထောက်ပင့်။ ဇီဝိတရုပ်နဲ့ အာဟာရရုပ်သည် ဒီကိုယ်ကြီးကို အမြဲတစေစောင့်ရှောက်နေ၏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ သူတို့နှစ်ခု စောင့်ရှောက်နေလို့ ဒီကိုယ်ကြီး မပျက်တာမဟုတ်လား (မှန်ပါတယ်ဆရာ)။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ ဒါကြောင့် ဇီဝိတရုပ်နဲ့ အာဟာရရုပ်က ဘာသတ္တိရှိတယ် (အနုပါလနသတ္တိရှိပါတယ်ဆရာ)။

အေး - အဲဒါလေးတွေမှတ်ထား။ ဒါစာနယ်က သဘောကလေးတွေ။ ဒါကြောင့် ရူပါယနာဒီနံ ပန သဟဇာတနိဿယအနုပါလနဘာဝေါ နတ္ထီတိ အဂဏ္ဒနံ ဝေဒိတဗ္ဗံ (မူလဋီကာ) ပန၊ ယူကောင်းသည်မှတစ်ပါး မယူကောင်းသည်ကို ဆိုဦးအံ့။ ရူပါယတနာဒီနံ၊ ရူပါရုံ အစရှိသည်တို့၏။ သဟဇာတနိဿယအနုပါလနဘာဝေါ၊ သဟဇာတပစ္စည်း နိဿယပစ္စည်းတို့၏ အနုပါလနအဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုသို့ဘာမှ မရှိသည်ဖြစ်ပါသောကြောင့်။ အဂဏ္ဒနံ၊ မယူအပ်သည်၏ အဖြစ်ကို။

http://www.dhammadownload.com

ဝေဒိတပ္ပံ၊ သိအပ်၏။ ကျန်တဲ့ရုပ်တွေ ဘာမှမရှိဘူးတဲ့။ သဟဇာတပစ္စည်းလည်းမရှိဘူး၊ နိဿယပစ္စည်းလည်း မရှိဘူးတဲ့။ အနုပါလနသတ္တိလည်းမရှိဘူးနော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ကျန်တဲ့ရုပ်တွေဟာ ဒီနေရာမှာ ရုပ်ကြောင့် သဋ္ဌာယတနဖြစ်တယ်ဆိုတဲ့ အကြောင်းရုပ်တရားတွေထဲ မထည့်ပါနဲ့တဲ့။ သူတို့က ဖြစ်အောင်မတတ်နိုင်ပါဘူး။ အာယတနခြောက်ပါးနှင့် သဋ္ဌာယတန ခြောက်ပါးကိုနော် (မှန်ပါတယ်ဆရာ)။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် "နာမရူပပစ္စယာ သဋ္ဌာယတနံ" နာမရူပပစ္စယာ၊ နာမ်တရား ရုပ်တရား နှစ်ပါး ကြောင့်။ သဋ္ဌာယတနံ၊ သဋ္ဌာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သဋ္ဌာယတနဆိုတဲ့နေရာမှာ သဋ္ဌာယတန၊ ဆ+အာယတန ရေးထားလို့ သဋ္ဌာယတနဖြစ်တယ်။ ဆိုလိုတာက ဆအာယတန ဆိုလိုတယ်။ ခြောက်ပါးသော အာယတန ဖြစ်ကြတယ်ဆိုတော့ ဒီသဋ္ဌာယတနပုဒ်ဟာ ဒီအတိုင်းပဲ သဋ္ဌာယတန ခြောက်ပါးသော အာယတနလို့ ယူရမလားဆိုတော့ မင်းဘယ့်နှယ့်ပြောမလဲ (မယူရပါဘူးဆရာ)။ ဘယ့်နှယ့်လုပ်ယူရမလဲ (ဆသဋ္ဌာယတနပါပဲဆရာ)။ အောင်မယ် - ဆ သဋ္ဌာယတန။ သူတစ်ခုတော့ မှတ်မိတယ်။ မေ့တော့ မမေ့ဘူး၊ နဲနဲလေး လွဲသွားတယ်။ "ဆဋ္ဌာယတန၊ သဋ္ဌာယတန" ဒီလို ယူပါလား (မှန်ပါတယ်ဆရာ)။ အေး - ဟုတ်ပြီ ဟုတ်ပြီ။ မင်းကမှား၊ ငါကပြင်ပေးရတာပေါ့ နော် (မှန်ပါတယ်ဆရာ)။ ဆဋ္ဌာယတန၊ သဋ္ဌာယတန ဒီလိုယူရတယ်လား (မှန်ပါတယ်ဆရာ)။ ဆဋ္ဌာယတန၊ သဋ္ဌာယတန ဒီလိုယူပါ။ ဆိုလိုတာက "နာမရူပပစ္စယာ ဆဋ္ဌာယတန၊ သဋ္ဌာယတနံ" လို့ ဒီလို ဆိုတယ်နော် (မှန်ပါတယ်ဆရာ)။ ဒါနဲ့ ဒီနေရာမှာ ကျယ်ဝန်းနေမှာစိုးလို့ ဆဋ္ဌာယတန ဖျောက်ပစ်။ သဋ္ဌာယတန တစ်ခုပဲချန်ထား၊ ဒါ သရူပေကသေသနည်းခေါ်တယ်၊ သုတိတူ တစ်ခုကြွင်းပြုထားတာလို့။ ဒီအထဲမှာ ဆဋ္ဌာယတန တစ်ပုဒ်ချေနေတယ်နော် (မှန်ပါတယ်ဆရာ)။ "နာမရူပပစ္စယာ ဆဋ္ဌာယတန သဋ္ဌာယတနံ" ဒီလိုနေရမယ် ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။ ဘယ့်နှယ့်နေရမယ် (နာမရူပပစ္စယာ သဋ္ဌာယတန ဆဋ္ဌာယတနံပါ ဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ။ တော်တော့ကို ဆိုတတ်တဲ့ကောင် ဟော - ဒီကောင်၊ တော်တော့ကို တော်တယ်ဟင်။ ဇောက်ထိုးမိုးမျှော်ကိုဖြစ်အောင် လုပ်တဲ့ကောင်။ "နာမရူပပစ္စယာ ဆဋ္ဌာယတန သဋ္ဌာယတနံ" ဆိုစမ်းပါ (နာမရူပပစ္စယာ ဆဋ္ဌာယတန သဋ္ဌာယတနံ)။ အဲဒီလိုနေရမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။ ခုတော့ ဘယ့်နှယ့်နေလဲ (သဋ္ဌာယတနပါဆရာ)။ ဆိုကြည့်လိုက်စမ်းပါဦး (နာမရူပပစ္စယာ သဋ္ဌာယတနံ) ဩော် - ဒီလိုနေတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒီလို သဋ္ဌာယတနနေတိုင်း သဋ္ဌာယတနချည်းပဲမှတ်မနေနဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဘယ့်နှယ့်မှတ်ရမှာတုံး (ဆဋ္ဌာယတနပါပြီးသားပါဆရာ)။ ဩော် ဆဋ္ဌာယတနံ ပါတယ်ဟုတ်လား၊ ဒီအထဲမှာ (မှန်ပါတယ်ဆရာ)။ သူတော့ ချေထားတယ်ဟုတ်လား (မှန်ပါတယ် ဆရာ)။ အေး ဟုတ်ပြီ ဟုတ်ပြီ။

http://www.dhammadownload.com

ဒီတော့ "နာမရူပပစ္စယာ ဆဋ္ဌာယတန သဋ္ဌာယတနံ"။ ဒီလိုနေရမယ်နော် (မှန်ပါတယ်ဆရာ)။ နာမရူပပစ္စယာ၊ နာမ်ရုပ်တရား နှစ်ပါးတည်းဟူသော အကြောင်းကြောင့်။ ဆဋ္ဌာယတန သဋ္ဌာယတနံ၊ ဆဋ္ဌာယတနနဲ့ သဋ္ဌာယတနသည်။ သမ္ဘဝတိ၊ ဖြစ်ကြကုန်၏။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဒါဖြင့် အဓိပ္ပာယ်လေးပြောစမ်းပါ။

ဆဋ္ဌာယတနက ဘယ်သူ့ယူရမှာတုံး (အရူပလေးဘုံပါဆရာ)။ အရူပလေးဘုံမှာ ဟုတ်လား (မှန်ပါတယ်ဆရာ)။ အရူပလေးဘုံမှာ အာယတနက ဆဋ္ဌာယတနတစ်ခုတည်းရတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဆဋ္ဌာယတနဆိုတာ ဘယ်အာယတနခေါ်တုံး။ (ခြောက်ခုမြောက်ပါဆရာ)။ ခြောက်ခုမြောက်က ဘယ်သူတုံး၊ (စိတ်ပါဆရာရဲ့)။ ဟောဗျာ မှားတော့ မမှားပါဘူး၊ မမှားပေမယ့် မမှန်တာက ခက်နေတယ်ကိုးကွ။ စက္ခာယတနက စရေစမ်း။ (စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန) ဩော် - ဒါဖြင့် စက္ခုအစရှိလိုရှိရင် ခြောက်ခုမြောက် အာယတနဟာ ဘာအာယတနလဲ (မနာယတနပါဆရာ)။ အေး - မနာယတန။ ဒါဖြင့် အရူပလေးဘုံကနေ မနာယတန တစ်ပါးတည်းရတာပေါ့ (မှန်ပါတယ်ဆရာ)။ အေး ဒါကြောင့် ဆဋ္ဌာယတနခေါ်တယ် နားလည်လား (နားလည်ပါပြီဆရာ)။ အရူပဘုံအတွက် ကျန်တဲ့ဘုံတွေကျတော့ အာယတနခြောက်ပါးလုံး အကုန်ရတယ်။ ရူပ်အာယတန၊ နာမ်အာယတန နော် (မှန်ပါတယ်ဆရာ)။ အာယတနတစ်ဆယ့်နှစ်ပါး၊ အဏ္ဏတ္တိကာယတနခြောက်ပါး၊ ဗာဟိရာယတန ခြောက်ပါး မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ အဏ္ဏတ္တိကာယတနခြောက်ပါးဆိုတာ ဘယ်သူတုံး (စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာတန၊ မနာယတန) ဟုတ်ပြီ။ ဗာဟိရာယတန (ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန)။ အေး - ဟုတ်ပြီ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ကျန်တဲ့ဘုံအတွက်ကျတော့ အာယတန တစ်ဆယ့်နှစ်ပါးပေါ့ (မှန်ပါတယ်ဆရာ)။ အရူပလေးဘုံကျတော့ အာယတနတစ်ဆယ့်နှစ်ပါးစလုံး ရသလား (မရပါဘူးဆရာ)။ အာယတနတစ်ဆယ့်နှစ်ပါး မဆိုထားနဲ့ အဏ္ဏတ္တိကာယတန ခြောက်ပါးတောင် ရနိုင်သလား (မရပါဘူးဆရာ)။ ဘယ်သူတွေရတုံး (မနာယတနတစ်ပါးတည်းရပါတယ်ဆရာ)။ ဒီမနာယတန ဘာခေါ်လဲ (စိတ်ပါဆရာ)။ ဘာအာယတနခေါ်လဲ (ဆဋ္ဌာယနခေါ်ပါတယ်ဆရာ)။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒီ"ဆဋ္ဌာယတနသဋ္ဌာယတနံ"ဆိုတဲ့ နာမ်ရုပ်နှစ်ပါး တည်းဟူသော အကြောင်းကြောင့်ဖြစ်ပေါ်လာတဲ့ ဆဋ္ဌာယတနနဲ့ သဋ္ဌာယတနနှစ်ပါး ဝေဖန်လဲပဲ သုံးဆယ့်တစ်ဘုံကုန်သွားတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် သုံးဘုံသူ သုံးဘုံသားတွေရဲ့ အဖျတ္တိကသန္တာန်မှာ အမှန်အားဖြင့် ဖြစ်နေတဲ့ တရား သဘောတွေ ဝေဖန်ပြီး ဟောနေတာကိုကွ နော် (မှန်ပါတယ်ဆရာ)။ တုံးထဲ တိုင်ထဲရှိတဲ့တရားတွေ ဟောနေတာ မဟုတ်ဘူး၊ တောထဲ တောင်ထဲရှိတဲ့တရားတွေ ဟောနေတာမဟုတ်ဘူး။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဘယ်ထဲကတရားတွေ ဟောနေတာတုံး (မိမိကိုယ်မှာရှိတဲ့ တရားတွေပါဆရာ)။ အေး သတ္တဝါတို့ရဲ့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့တရားတွေ ဟောနေတယ်နော် (မှန်ပါတယ်ဆရာ)။ ဒါဖြင့် တစ်ခုချင်းတစ်ခုချင်း ဝေဖန်သွားရင် ကုန်ကုန်သွားမယ်။ ဘုံသုံးပါး ကုန်ကုန်သွားမယ်။ ဒီလိုသွားမယ်။ ဒါပဋိစ္စသမုပ္ပါဒ်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ တော်တော်လေး တတ်ကျွမ်းနားလည်ပြီး ပြန်ပြီး ဝင်စားတာ။ ဝင်စားရင်းနဲ့ သောတာပတ္တိမဂ်ဉာဏ်လည်းရနိုင်တယ်။ သောတာပန်လည်း ဖြစ်နိုင်တယ်နော် (မှန်ပါတယ်ဆရာ)။ သံသရာဘယ်ကစ မသိတာကစ၊ မသိတာဆိုတာ အဝိဇ္ဇာပဲ။ တို့သံသရာကြီး အဝိဇ္ဇာကစလာတာ၊ သူလာတာ ငါလာတာ ပုဂ္ဂိုလ်လာတာ သတ္တဝါလာတာမဟုတ်၊ သူလည်း ငါလည်း ပုဂ္ဂိုလ်လည်း သတ္တဝါလည်းမဟုတ်၊ အမှန်ကတော့ ဒီရုပ်တရား နာမ်တရား နှစ်ပါးသည် အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဆက်စပ် ဆက်စပ်ပြီးတော့နေလိုက်တာ ရုပ်တရား နာမ်တရားအပေါ်မှာ စွဲမှီပြီးတော့ သမ္မုတိပညတ်အနေအားဖြင့် မင်းတို့ သူတို့ မှတ်သားလို့ သူလည်နေတာဟာ၊ ငါလည်နေတာဟာ၊ နတ်ပြဟ္မာတွေလည်နေတာဟာ ဒီလိုဖြစ်နေတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။ အမှန်ကတော့ သူတွေ, ငါတွေ, ပုဂ္ဂိုလ်တွေ, သတ္တဝါတွေဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)။ ရုပ်နာမ်နှစ်ပါးပေါ့နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒါ အကြောင်းခံလိုက် အကျိုးပေါ်လိုက် အကြောင်းခံလိုက် အကျိုးပေါ်လိုက် ဒီလိုသွားနေတာ။ဒါအကြောင်းမချုပ်သေးသမျှ အကျိုးဘယ်တော့မှ မဖြုတ်ဘူးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အကြောင်းဖြစ်ရင် အကျိုးဖြစ်မယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒီအတိုင်းသွားမယ်။ ဒါက အကြောင်းအကျိုး ဆက်စပ်နေပုံလေးတွေ။ အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ် ကာလသုံးပါးနဲ့တွဲစပ်ပြီးပြနေလို့ အဂီါတစ်ဆယ့်နှစ်ပါးနော်။ ဒါကြောင့် အဝိဇ္ဇာနှင့် သခါရသည် အတိတ်ဘဝကပြုစုတဲ့တရားစုတွေ ဝိညာဏ်ပဋိသန္ဓေရဲ့ ဥပါဒ်ခဏလေးကစလို့ ဒီဘဝရလာတယ်။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန ဆိုတော့ အာယတနတစ်ဆယ့်နှစ်ပါး ပေါ်လာပြီး သန္ဓေကောင်လေးက ရုပ်လုံးပေါ်လာ မပေါ်ဘူးလား (ပေါ်လာပါတယ်ဆရာ)၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မျက်လုံး၊ မျက်ခုံး၊ အူသိမ်၊ အူမ၊ အသည်း၊ အဆုတ်၊ နှလုံး၊ ကျောက်ကပ်၊ ပါစကဝမ်းမီးစသည်အားဖြင့် အကုန်စုံပြီပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အာယတနကောင်လေး ဖြစ်လာပြီ၊ ရုပ်လုံးပေါ်လာပေါ့တဲ့။ အဲဒီအာယတနဆိုတဲ့ "နာမရူပပစ္စယာ သဠာယတနံ"ဆိုတဲ့ ပုဒ်ကလေးမှာ နာမ်ရုပ်

http://www.dhammadownload.com

နှစ်ပါးတည်းဟူသော ပဋိသန္ဓေခဏက စလိုက်တဲ့ နာမ်ရုပ်နှစ်ပါးတည်းဟူသော အကြောင်းကြောင့် တစ်ဆယ်နဲ့တစ်သတ္တာဟမြောက်တဲ့အချိန်မှာ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန အခံဓာတ်ပေါ်လာကုန်ပြီ၊ အတိုက်ဓာတ်ပေါ် ပြီးသားတွေ အာယတနဆယ့်နှစ်ပါးစုံပြီးသားပေါ့နော် (မှန်ပါတယ်ဆရာ)။

ဒီအချိန်ကြတော့ သန္ဓေသားကောင်လေးက လူတစ်လုံးသူတစ်လုံးဖြစ်လို့ ဝိပါက်ကောင်လေး ဖြစ်လာပြီ လူဘဝမှာ လူရယ်လို့ဖြစ်လာတယ်၊ ဘာဖြစ်လို့၊ သူမှာ အဂီါပယောဂစုံပေါ့၊ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ အဲဒါကို သေချာမှတ်ထား၊ ဩော် - တစ်ဆယ့်,တစ်သတ္တာဟမြောက်တော့မှ ဒီဝတ္ထုရုပ် ခြောက်ပါးလည်းစုံ၊ ပဿာဒရုပ်ငါးပါးလည်းစုံလို့ ဒီမှာ အတိုက်ဓာတ် အခံဓာတ်တွေ ပေါ်လာတာကိုလို့၊ ကိုင်း - ပေါ်လာတော့ သဠာတယနရုပ်ရောက်တော့ တစ်ဆယ့်တစ်သတ္တာဟ မြောက်မှာ သားကောင်လေး ဖြစ်လာလို့ လူလားမြောက်နေပြီး လူလို့ ခေါ်နိုင်သွားပြီ၊ ဘာကြောင့်တုံး မျက်စိတဲ့၊ နားတဲ့၊ နှာခေါင်းတဲ့၊ လျှာတဲ့၊ စုံပြီ၊ အဂီါပယောဂ မျက်လုံး၊ မျက်ခုံး၊ လက်၊ ခြေ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ စုံသွားပြီး၊ သူ့ကိုကြည့်ပြန်တော့လည်း အတွင်းအာယတနခြောက်ပါး၊ အပြင် အာယတနခြောက်ပါး စုံသွားပေါ့၊ မစုံဘူးလား (စုံပါတယ်ဆရာ)၊ ဒါက အတွင်းအာယတနခြောက်ပါး အခံဓာတ်၊ အပြင်အာယတနခြောက်ပါးက အတိုက်ဓာတ်၊ အတိုက်ဓာတ် အခံဓာတ်နှစ်ပါး စုံပြီးဆိုရင် မတိုက်နေဘူးလား (တိုက်ပါတယ်ဆရာ)၊ တိုက်ကြပြီ၊ တိုက်တော့ကား သေချာကြည့်၊ သန္ဓေသား ကောင်လေးက အခုလိုပဲ အတွင်းအာယတန၊ အပြင်အာယတန စုံပေမယ့် စက္ခုနှင့်ရူပါရုံတိုက်လို့ စက္ခုဝိညာဏ်စိတ်ကလေးများ ဖြစ်နိုင်ရဲ့လား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဘာဖြစ်လို့ မဖြစ်နိုင်၊ ဘာဖြစ်လို့ မဖြစ်နိုင်တုံး၊ (ဗိုက်ထဲမှာနေလို့ပါဆရာ)၊ ဟောဗျာ ရှင်းရှင်းပြောတတ်တယ်ကိုး၊ မင်း အပြင်ထွက်နေလို့ ငါပြောသလားဟ၊ အမှောင်ထဲမှာ နေရတယ်နော် (မှန်ပါတယ်ဆရာ)၊ အာလောက မရဘူးတဲ့၊ အလင်းမရဘူး၊ ဘာမှမမြင်ရဘူး၊ နားလည်လား၊ (နည်းလည်ပါတယ်ဆရာ)၊ မြင်မှ စက္ခုဝိညာဏ်စိတ်ဖြစ်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ စက္ခုဝိညာဏ်စိတ်မဖြစ်ဘူးတဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ စက္ခုနဲ့ ရူပါရုံ မတိုက်ဘူးပေါ့၊ (မတိုက်ပါဘူးဆရာ)၊ အတိုက်ဓာတ် အခံဓာတ်နှစ်ပါးရှိတယ်၊ ဒီနေရာမှာ မတိုက်သေးဘူးပေါ့နော် (မှန်ပါတယ်ဆရာ)

သဒ္ဒနဲ့သောတ၊ သူသောတပသာဒ မရှိဘူးလား၊ (ရှိပါတယ်ဆရာ)၊ သောတာယတန ရှိလာ၏၊ သဒ္ဒါယတန အတိုက်ဓာတ်လည်းရှိထားပြီ၊ မတိုက်ဘူးလား (တိုက်ပါတယ်ဆရာ)၊ တိုက်တယ်နော် (မှန်ပါတယ်ဆရာ)၊ သူကျတော့ တိုက်တယ်လား (တိုက်ပါတယ်ဆရာ) ဝမ်းတွင်းက **သန္ဓေသားကောင်** လေးက ကြားတာပေါ့၊ (ကြားပါတယ်ဆရာ)၊ သောတဝိညာဏ်စိတ်ကလေး ဖြစ်တာပေါ့ ဟုတ်လား၊

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ) အေး ဟုတ်ပြီး အမိဝမ်းတွင်းမှာနေသော်လည်းပဲ သူမှာ အမိဝမ်းအတွင်းမှာရှိတဲ့ လေများမြူးတာ၊ လေကစားသံ၊ လေသံများပေါ့ဟုတ်လား၊ (မှန်ပါတယ်ဆရာ)၊ အူထဲမှာ ရှိတဲ့လေတို့၊ ဝမ်းထဲမှာ ရှိတဲ့လေတို့၊ ဒီလိုအသံများ သူကြားရတယ်တဲ့၊ ဒါဖြင့် သောတနဲ့သဒ္ဒ တိုက်တာပေါ့နော် (တိုက်ပါတယ်ဆရာ)။ ဒီဓာတ်နှစ်ပါးတော့ တိုက်တယ်တဲ့၊ ဒါဖြင့် ဃာနနဲ့ဂန္ဓ၊ သူမှာ ဃာနပသာဒ မရှိဘူးလား၊ (ရှိပါတယ်ဆရာ)၊ ဂန္ဓ-အနံ့ဓာတ်နဲ့တိုက်တော့ မတိုက်ဘူးလား (တိုက်ပါတယ်ဆရာ) တိုက်တယ်လား (တိုက်ပါတယ်ဆရာ) တိုက်ရအောင် မင်းသေချာကြည့်၊ ဃာနဝိညာဏ်စိတ်ဖြစ်ရမယ်၊ သန္ဓေသားကောင်လေးက အသက်ရှူသေးလား၊ (မပြောတတ်ပါဘူးဆရာ)၊ ဟောဗျာ မင်းမမှတ်မိလို့ ပါဟ ငါနောက်နားက တစ်ခါပြောခဲ့ဖူးပါတယ်။ ဒီအတိုက်ဓာတ် အခံဓာတ် ဓာတ်တစ်ဆယ့်ရှစ်ပါး ပြစဉ်တုန်းက ငါပြောခဲ့ပေါ့၊ သန္ဓေသားကောင်လေးက အသက်ရှူမှ ဃာနဝိညာဏ်စိတ်ဖြစ်မှာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဂန္ဓာရုံ အနံ့ဆိုတဲ့အတိုက်ဓာတ်နဲ့ ဃာနပသာဒဆိုတဲ့ အခံဓာတ်နဲ့တိုက်မှ နံလိုက်တာ၊ မွေးလိုက်တာဆိုတဲ့ ဃာနဝိညာဏ်စိတ်ဖြစ်မယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။

ခုတော့ သူအသက်ရှူသေးလားဟာ၊ ပေါဗျာ ဝမ်းထဲမှာနေတဲ့ ပဋိသန္ဓေကလေးက အသက်မရှူဘူးဆိုတာကို မင်းမသိဘူးပေါ့၊ (မသိဘူးဆရာ)၊ မင်း မကြားဘူးလား၊ ကလေးများ မျက်နှာမြင်လာလို့ တချို့ အသက်မရှူလို့၊ ဇောက်ထိုးဆွဲမြောက်ရတယ်၊ လှုပ်ပေးရတယ်၊ မကြားဖူးလား၊ (မြင်ဖူးပါတယ်ဆရာ)၊ ဟောဗျာ အဲဒီလိုလဲ မင်းသိသားပဲ၊ (မှန်ပါတယ်ဆရာ)၊ အချင်းအိုးထဲထည့် လျှော်ရတယ် ကြားဖူးလား (ကြားဖူးပါတယ်ဆရာ)။ အဲဒါအတွင်းက အသက်မရှူလို့ အပြင်တောင် လိုက်မရှူဘဲနေတာပေါ့ဟ (မှန်ပါတယ်ဆရာ)၊ အမိဝမ်းတွင်းက အသက်ရှူသလား၊ (မရှူပါဘူးဆရာ)၊ မရှူဘူးနော် (မှန်ပါတယ်ဆရာ)၊ မရှူရင် ဃာနဝိညာဏ်စိတ်ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ဃာနပသာဒနဲ့ ဂန္ဓာရုံတိုက်ပါ့မလားဟ (မတိုက်ပါဘူးဆရာ)၊ အတိုက်ဓာတ်ခြောက်ပါး၊ အခံဓာတ်ခြောက်ပါး သန္ဓေသားကောင်လေးက သဉ္ဇာယတနဆိုတဲ့ အခန်းရောက်နေပေမယ့် တစ်ဆယ့်နဲ့တစ်သတ္တာဟမြောက်ပေမယ့် အတိုက်ဓာတ် အခံဓာတ်နှစ်ပါး ဆုံတိုင်း ဆုံတိုင်း တိုက်ချင်မှတိုက်တာနော်၊ (မှန်ပါတယ်ဆရာ)၊ အသက်မရှူလို့ ဃာနပသာဒနဲ့ ဂန္ဓဓာတ်မတိုက်ဘူးတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)။

အသက်မရှူသောပုဂ္ဂိုလ်များ

အသက်မရှူတဲ့ပုဂ္ဂိုလ် ဘယ်နှစ်ယောက်ရှိလဲသိလား (မသိပါဘူးဆရာ)၊ ငါ တစ်ခါပြောခဲ့တယ်၊ မမှတ်မိဘူးထင်တယ်၊ အသက်မရှူတဲ့ပုဂ္ဂိုလ်လေ (မမှတ်မိဘူးဆရာ)၊ လက်ချိုးရေတွက်၊ ရေစမ်း၊ (ရေပါတယ်ဆရာ)။

http://www.dhammadownload.com

(၁) ပဋိသန္ဓေနေတဲ့လူရယ်၊

လက်ချိုးထား၊ (မှန်ပါတယ်ဆရာ) နားလည်လား (နားလည်ပါတယ်ဆရာ)၊ ပဋိသန္ဓေနေတဲ့လူ အသက်ရှူရဲ့လား (မရှူပါဘူးဆရာ)၊

(၂) ရေနစ်တဲ့လူရယ်၊

ရေနစ်တဲ့လူ အသက်ရှူရဲ့လား (မရှူနိုင်ပါဘူးဆရာ)၊ မှတ်ထားနော်၊

(၃) မွေ့မျော်နေတဲ့လူရယ်၊

ဘယ်နှစ်ယောက်ရှိတုံး၊ (သုံးယောက်ရှိပါတယ်ဆရာ)၊သုံးယောက်ရှိ သွားပြီ။

(၄) ငြဟ္မာရယ်၊

ဘယ်နှစ်ယောက်ရှိတုံး၊ (လေးယောက်ရှိသွားပြီဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊

(၅) စတုတ္ထစျာန်သမာပတ်ဝင်စားတဲ့ ပုဂ္ဂိုလ်ရယ်၊

ဘယ်နှစ်ယောက်ရှိပြီလဲ၊ (ငါးယောက်ရှိသွားပြီဆရာ)၊

(၆) နိရောဓသမာပတ်ဝင်စားတဲ့ပုဂ္ဂိုလ်ရယ်၊

ဘယ်နှစ်ယောက်ရှိပြီလဲ (ခြောက်ယောက်ရှိသွားပြီဆရာ)၊

(၇) သေသွားတဲ့သူရယ်၊

ဘယ်နှစ်ယောက်ရှိသွားပြီလဲ၊ (ခုနစ်ယောက်ရှိသွားပြီဆရာ)၊

ပြန်ရေစမ်း၊ (ပဋိသန္ဓေနေတဲ့လူရယ်) တစ်၊ (ရေနစ်တဲ့လူရယ်) နှစ်၊ (ငြဟ္မာရယ်) သုံး၊ (သေတဲ့လူရယ်) လေး၊ (မွေ့မျော်တဲ့လူရယ်) ငါး၊ ဟုတ်ပြီ၊ ပြီးတော့ (နိရောဓသမာပတ်ဝင်စားတဲ့ ပုဂ္ဂိုလ်ရယ်) ခြောက်၊ (တစ်ခုက မွေ့နေတယ်) စတုတ္ထစျာန်ဝင်စားတဲ့ပုဂ္ဂိုလ်နော်၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ပြန်ရေပြန်ရော (ပဋိသန္ဓေနေတဲ့လူရယ်၊ ရေနစ်တဲ့လူရယ်၊ ငြဟ္မာရယ်၊ သေတဲ့ပုဂ္ဂိုလ်ရယ်၊ မွေ့မျော်နေတဲ့လူရယ်၊ နိရောဓသမာပတ်ဝင်စားတဲ့ပုဂ္ဂိုလ်၊ စတုတ္ထစျာန်သမာပတ်ဝင်စားတဲ့ပုဂ္ဂိုလ်ရယ်)၊ အေး ဟုတ်ပြီ၊ ခုနစ်ယောက် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒီ ခုနစ်ယောက်ထဲ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်ပါလား တယ်မဟုတ်လား (ပါပါတယ်ဆရာ)၊ အသက်ရှူလား (မရှူပါဘူးဆရာ)၊ မရှူဘူးကွ၊ မရှူတော့ ဂန္ဓဆိုတဲ့ အနံ့ဓာတ်နဲ့ ယာနပသာဒဆိုတဲ့ အခံဓာတ်နဲ့တိုက်လို့ သူမှာ ယာဉ်ဝိညာဏ်စိတ်ဖြစ်ပါ့မလား (မဖြစ်နိုင်

http://www.dhammadownload.com

ဘူးဆရာ)၊ သူတို့မတိုက်ဘူးပေါ့။ (မတိုက်ပါဘူးဆရာ)။ အေး - မတိုက်ဘူး၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဇိဝှါပသာဒ၊ ရသာရုံတဲ့၊ လျှာနဲ့အရသာဓာတ်နဲ့ သန္ဓေသားကောင်လေးတိုက်လား, မတိုက်ဘူးလား (မတိုက်ဘူးဆရာ)၊ တိုက်တယ် သူကျတော့နော်၊ အမိမျိုချတဲ့ အစာထဲပါလာတဲ့ ဩဇာဓာတ်က သန္ဓေသားကောင်လေး ကိုယ်မှာပုံ့နှံ့ပြီး တည်သွားတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါမှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ အဲဒီလို ကြီးသွားတဲ့အခါမှာ သူ့ခံတွင်းဘက်သို့ ရောက်သွားတဲ့ ဟာလည်းပဲ သူ့မှာ ဇိဝှါပသာဒရုပ်သွားထိတယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီလိုမှ မရောက်သော်လည်းပဲ သူ့ခံတွင်းမှထွက်ပေါ်လာတဲ့ သူ့တံထွေးနဲ့ ဇိဝှါပသာဒသွားထိတယ်နော် (မှန်ပါတယ်ဆရာ)၊ ဇိဝှါပသာဒနဲ့ရသာရုံနဲ့ တိုက်ကြတယ်၊ ဇိဝှါဝိညာဏ် စိတ်ဖြစ်၏၊ နားလည်လား (နားလည်ပါတယ်ဆရာ)။

ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗ-အတွေ့အထိ၊ ကာယပသာဒ အခံဓာတ်နဲ့ဖောဋ္ဌဗ္ဗအတွေ့အထိဓာတ်နဲ့ မတိုက်ဘူးလား (မတိုက်ဘူးထင်တယ်ဆရာ)၊ ထင်တယ်လား၊ ဖာလူဒါသောက်လို့လည်း ကိစ္စမရှိဘူးပေါ့၊ ပြောစမ်းပါအုံး၊ ငရုတ်သီးစားလည်း ကိစ္စမရှိဘူးပေါ့၊ (ရှိပါတယ်ဆရာ)၊ ဒီလိုလည်း သိတယ်လား (သိပါတယ်ဆရာ)၊ အတွေ့အထိနဲ့ တိုက်နေတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါအတွေ့အထိဓာတ်နဲ့တိုက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ညွှတ်ခြင်း, ကုန်းခြင်း, ကွခြင်း, ထိုင်ခြင်း, လျောင်းခြင်း, ရပ်ခြင်း, သွားခြင်း, လာခြင်း, လှုပ်ရှားတိုင်း လှုပ်ရှားတိုင်း သူ့မှာ အတွေ့အထိဓာတ်နဲ့ သွား, နာတယ်, ကျင်တယ်, ကိုက်တယ်, ခဲတယ်, သဘောတွေမဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဆရာ)၊ အပူအစပ်တွေ စားပြန်လည်း ပူလွန်းတယ်၊ အအေးတွေ စားပြန်လည်း အေးလွန်းတယ်ဆိုတဲ့ အတွေ့ အထိတွေ မတွေ့ဘူးလား (တွေ့ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါလည်း ဖြစ်တာပေါ့၊ (ကာယဝိညာဏ်စိတ်ဖြစ်ပါတယ်ဆရာ)၊ ကာယဝိညာဏ်စိတ်ဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)၊ မနောဝိညာဏ်စိတ်ဖြစ်၏၊ ဓမ္မာရုံနဲ့မနောဓာတ်နဲ့ တိုက်ကြတယ် နော် (မှန်ပါတယ်ဆရာ)၊ ဓမ္မာရုံနဲ့မနောဓာတ် တိုက်ပြီး ဖြစ်၏၊ ဒါက အထူးပြောစရာမလိုပါဘူး၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။

ဒါကြောင့် သန္ဓေသားကောင်လေးသည် "နာမရူပပစ္စယာ သဠာယတနံ"ဆိုတဲ့ တစ်ဆယ့်နဲ့တစ်သတ္တာဟမြောက် ခုနစ်ဆယ့်ခုနစ်ရက်ရှိတဲ့အခါမှာ အာယတနစုံနေပါပြီလို့ နော် (မှန်ပါတယ်ဆရာ)၊ အာယတနစုံနေလို့ အတိုက်ဓာတ် အခံဓာတ် စုံနေခြင်းကြောင့်၊ အတိုက်ဓာတ် အခံဓာတ် သူ့အတွက်နဲ့ သူ လုံးဝတိုက်နေသလားဆိုတော့ တိုက်တာတိုက်၊ မတိုက်တာ မတိုက်ပေါ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ စက္ခုပသာဒနဲ့ရူပါရုံမတိုက်နိုင်၊ ဘာဖြစ်လို့ အာလောက-အလင်းရောက်မရလို့ ဘာမှမမြင်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒီထဲမှာ ဃာနပသာဒနဲ့ဂန္ဓာရုံ မတိုက်နိုင်၊ ဘာဖြစ်လို့ အသက်မရှူလို့

http://www.dhammadownload.com

မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီနှစ်ခုတော့မှတ်ထား၊ ဒီနှစ်ခုမဖြစ်သေးဘူးလို့ နော် (မှန်ပါတယ်ဆရာ)၊ တစ်ဆယ့်တစ်သတ္တာဟလွန်လို့ မျက်စိ, နား, နှာ, ခြေ, လက်, အင်္ဂါ ပယောဂပြည့်စုံလို့ အတိုက်ဓာတ် အခံဓာတ်တွေ ပြည့်စုံပြီးတဲ့နောက် ကိုးလလွယ် ဆယ်လမြောက်လို့ ဖွားတဲ့အခါကြတော့ ဖွားမြင်လာတဲ့အချိန်အခါမှစပြီးမှာ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနဆိုတဲ့ အခံဓာတ်ခြောက်ပါးရယ်၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသာ, ဖောဋ္ဌဗ္ဗ, ဓမ္မဆိုတဲ့ အတိုက်ဓာတ်ခြောက်ပါးရယ်၊ ဒီကျတော့ အမြဲတစေတိုက်နေပေါ့၊ မတိုက်ဘူးလား၊ (တိုက်ကြပါပြီဆရာ)၊ တိုက်ကုန်ပြီလား (မှန်ပါတယ်ဆရာ)၊ သူတို့ချင်း သူတို့ချင်း အတိုက်ဓာတ် အခံဓာတ်အချင်းချင်း တိုက်,တိုက်သွားရင် အလယ်ကြားက အပေါ်ဓာတ်ဆိုတဲ့ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ) ဒီကစပြီးတော့ ဓာတ်တစ်ဆယ့်ရှစ်ပါး စုံစုံလင်လင် ထွက်ပေါ်လာကြတယ်နော် (မှန်ပါတယ်ဆရာ)၊

အမိဝမ်းထဲက မွေးဖွားလာတဲ့အချိန်ကစပြီး ဓာတ်တစ်ဆယ့်ရှစ်ပါးသည် မရပ်မနား အမြဲတစေဖြစ်ပေါ်၍ နေကြ၏၊ ဓာတ်ကောင်နော် (မှန်ပါတယ်ဆရာ)၊ ဓာတ်ကောင်, ပရမတ္ထကောင်, ရုပ်ကောင်, နာမ်ကောင်, ခန္ဓာကောင်, အကြောင်းကြောင့်ဖြစ်ပေါ်လာတဲ့ အကျိုးဝိပါက်ကောင်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီပရမတ်ကို မမြင်တဲ့ပုဂ္ဂိုလ်များကြတော့ ဒါပဲလူ, ဒါယောကျ်ား, ဒါမိန်းမ, ဒါပုဂ္ဂိုလ်, ဒါသတ္တဝါ, ဒါအသက်လိပ်ပြာ, ဒါခေါင်း, လက်, ကိုယ်, ခြေ, မျက်လုံး, မျက်ခုံးနဲ့, အသွေးအသားဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ပရမတ္ထအနေနဲ့ သေသေချာချာကြည့်ရင် ဘာမှမရှိဘူး၊ ရုပ်တရား နာမ်တရား နှစ်ပါးပဲရှိတယ်၊ ပရမတ္ထကောင်ကြီး၊ ဓာတ်ကောင်ကြီးတွေ၊ ရုပ်ကောင် နာမ်ကောင်ကြီးတွေ၊ ခန္ဓာကောင်ကြီးတွေ၊ ဝိပါက်ကောင်ကြီးတွေ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး ဒါကြောင့် "နာမရူပပစ္စယာ သဠာယတနံ"လို့ ကြည့်၊ မွေးဖွားလာတဲ့အခါကြတော့ အတိုက်ဓာတ် အခံဓာတ်နှစ်ပါး တိုက် တိုက်သွားလို့ "သဠာယတနပစ္စယာ ဖဿော"လို့ သဠာယတနပစ္စယာ၊ သဠာယတနတည်းဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။

မွေးလာကတည်းက ရူပါရုံနဲ့ စက္ခုပသာဒ မတိုက်ဘူးလားကွ (တိုက်ပါတယ်ဆရာ)၊ သန္ဓေသားလေးဖွားလာရင် သူ့မျက်စိက မမြင်ဘူးလားကွ (မြင်ပါတယ်ဆရာ)၊ ဒီနေရာကြတော့ရလာပြီ၊ စက္ခုပသာဒတို့၊ ရူပါရုံတို့၊ အာလောကတို့၊ မနသိကာရတို့ဖြစ်ပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် စက္ခုပသာဒရယ်, ရူပါရုံရယ်, စက္ခုဝိညာဏ်ရယ်, ဓာတ်သုံးပါးပေါင်းလိုက်တော့ ဘာဖြစ်လဲ (ဖဿဖြစ်ပါတယ်ဆရာ)၊ အေး ပါဠိဘယ်လိုဆိုလဲ (တိဏ္ဏံ သင်္ဂတိ ဖဿော) အေးဟုတ်ပြီ၊ "တိဏ္ဏံ သင်္ဂတိ ဖဿော" နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com

ဒါကြောင့် "သဋ္ဌာယတနပစ္စယာ ဖဿော"လို့ ပြထားတာ၊ အာယတနတွေ စုံလာရင် ဖဿဟာ ဖြစ်တော့မှာပေါ့တဲ့။ အတိုက်ခတ် အခံခတ် နှစ်ပါးဟာ မရပ်မနား တိုက်နေတာကိုးတဲ့၊ စက္ခုပသာဒနဲ့ ရူပါရုံတိုက်လိုက်ပြီး စက္ခုဝိညာဏ်စိတ်ဖြစ်၏၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဒါကြောင့် "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော" စက္ခုံ စ၊ စက္ခုပသာဒရုပ်ကိုလည်း ကောင်း။ ရူပေ စ၊ ရူပါရုံကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ မြင်စိတ်ကလေးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ တရားသုံးခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းသည်။ ဖဿော၊ ဖဿမည်၏။

စက္ခုပသာဒ အခံမာတ်ရယ်၊ ရူပါရုံ အတိုက်မာတ်ရယ် သူတို့နှစ်ခု ရှေးရှုတိုက် ပြန်တော့ စက္ခုဝိညာဏ်စိတ်ဖြစ်တယ်၊ ဒီစိတ်ဖြစ်တော့ သုံးခုဖြစ်သွား၊ စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ်စိတ်၊ ဒီသုံးခု ပေါင်းဆုံတာကို ဖဿခေါ်ပါတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် "သဋ္ဌာယတန ပစ္စယာ ဖဿော"ဆိုတာ မကိုက်ဘူးလားကွ (ကိုက်သွားပါတယ်ဆရာ)။ သဋ္ဌာယတနကြောင့် ဖဿဖြစ်တယ်လို့ တော်ကြာကျတော့ သောတလာပြန်ပြီ။ သောတပသာဒနဲ့ သဒ္ဒါရုံ တိုက်လိုက်၊ တိုက်လိုက်ရင် သောတဝိညာဏ်စိတ်ဖြစ်လိုက်၊ တရာသုံးခုပေါင်းမသွားဘူးလား (ပေါင်းသွားပါတယ် ဆရာ)၊ ပေါင်းတော့ ဘာဖြစ်၊ (ဖဿဖြစ်ပါတယ်ဆရာ)၊ ဖဿဖြစ်ပြန်ရော့၊ တော်ကြာ ဂန္ဓဆိုတဲ့ အနံ့နဲ့ ယာနဆိုတဲ့ နှာခေါင်းနဲ့တိုက်လိုက်ရင် ဘာဖြစ် (ဖဿဖြစ်ပါတယ်ဆရာ)၊ ဖဿဖြစ်ပြန်ရော့၊ တော်ကြာ ဂန္ဓဆိုတဲ့ အနံ့နဲ့ ယာနဆိုတဲ့ နှာခေါင်းနဲ့ တိုက်လိုက်ရင် ဘာဖြစ်တယ်၊ (ယာနဝိညာဏ်စိတ်ဖြစ်ပါတယ် ဆရာ)၊ ယာနဝိညာဏ်ဖြစ်ကရော့ (မှန်ပါတယ်ဆရာ)၊ တရားဘယ်နှစ်ခုရှိသွား (သုံးခုရှိသွားပါပြီးဆရာ)၊ သုံးခုရှိသွားပြီးလား (မှန်ပါတယ်ဆရာ)၊ ဘယ်သူ ဘယ်သူ၊ (ယာနပသာဒရုပ်ရယ်၊ ဂန္ဓ-အနံ့ရုပ်ရယ်၊ ယာနဝိညာဏ်စိတ်ရယ်) အေး သုံးခုဖြစ်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီသုံးခုပေါင်းတော့ ဘာဖြစ်တယ် (ဖဿဖြစ်ပါတယ်ဆရာ)၊ ဩ ဖဿဖြစ်သွားတယ်နော် (မှန်ပါတယ်ဆရာ)၊ "တိဏ္ဏံ သင်္ဂတိ ဖဿော"လို့ နောက်တစ်ခါသွားပြန်တယ်။

ဇိဝှါပသာဒ၊ ရသာရုံ သူတို့နှစ်ခုတိုက်တော့ ဘာဖြစ်၊ (ရသာဝိညာဏ်စိတ်ဖြစ်ပါတယ်)၊ ဟော ဗျာ မှတ်ထားကြဟော့၊ ဇိဝှါဝိညာဏ်စိတ်မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ ကြံကြံဖန်ဖန်လည်း ပြောတတ်တဲ့ကောင်။ ဝတ္ထုရုပ်ခြောက်ပါးမှီဖြစ်တဲ့စိတ်တွေမို့လို့ ဝတ္ထုရုပ်ခြောက်ပါးရဲ့ အမည်တွေ တပ်ခေါ်ထားပါတယ်လို့ ငါပြောခဲ့ပြီ၊ စက္ခုဝတ္ထုမှီဖြစ်လို့ စက္ခုဝိညာဏ်စိတ်ခေါ်တယ်၊ ရူပါရုံမှီဖြစ်လို့ ရူပါဝိညာဏ်ခေါ်မှာပေါ့ဟ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါနဲ့ သောတဝိညာဏ်၊ သောတ ဝတ္ထုရုပ် မှီဖြစ်တော့ သောတဝိညာဏ်စိတ် မခေါ်ဘူးလား၊ (ခေါ်ပါတယ်ဆရာ)၊ အခုတော့ ယာနဆိုတဲ့ နှာခေါင်းရယ်၊ ဂန္ဓာရုံဆိုတဲ့ အနံ့ရယ် ဘယ်မှီဖြစ်တာလဲ၊ (ဂန္ဓမှီဖြစ်တယ်ပါဆရာ)၊ ဘာ (ဂန္ဓမှီဖြစ်တာ

http://www.dhammadownload.com

ပါဆရာ)၊ ဂန္ဓ-အနံ့မှိဖြစ်တယ် ဟုတ်လား (မဟုတ်ပါဘူးဆရာ)၊ ဘာမှိဖြစ်တာလဲ၊ (အဲဒါ မခေါ်တတ်ဘူးဆရာ)၊ ဟော - ယာန ဆိုတာနှာခေါင်း နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဂန္ဓဆိုတာဘာတုံး၊ (အနံ့ပါဆရာ)၊ အေး - ဒါမှတ်ထားပေါ့ဟာ၊ ယာနနဲ့ဂန္ဓ ဘယ်မှိဖြစ်တယ်၊ (ယာန မှိဖြစ်ပါတယ်) ယာနမှိတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အေး ဒီစိတ်ကို ဘာစိတ်ခေါ် (ယာနဝိညာဏ်စိတ်ပါဆရာ)၊ အေး ယာနဝိညာဏ်စိတ် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် ဇိဝှါပသာဒရယ်၊ ရသာရုံရယ်၊ ဇိဝှါက အခံမာတ်၊ ရသာရုံက အတိုက်မာတ်၊ သူတို့နှစ်ခုတိုက်တော့ ဘာစိတ်ပေါ်တာလဲ (ဇိဝှါဝိညာဏ်စိတ်ပါဆရာ)၊ ဒါနဲ့ ရသာဝိညာဏ်ဆိုကွ၊ ကြံကြံဖန်ဖန်လည်း ပြောတတ်တဲ့ကောင်၊ အဲဒီဇိဝှါရယ်၊ ရသာရုံရယ်၊ ဇိဝှါပသာဒဆိုတဲ့ အကြည်ရုပ်ရယ်၊ ရသာရုံဆိုတဲ့ အရသာမာတ်ရယ်တိုက်တော့ ဘာဖြစ်တယ်၊ (ဖဿဖြစ်ပါတယ်ဆရာ)၊ ဟောဗျာ ဘာစိတ်ဖြစ်သလဲလို့မေးတာ (ဇိဝှါဝိညာဏ်စိတ်ဖြစ်ပါတယ်ဆရာ)၊ သြော် ဇိဝှါဝိညာဏ်စိတ်ဖြစ်တယ် (မှန်ပါတယ်ဆရာ)၊ စားသိစိတ်ကလေးပေါ့(မှန်ပါတယ်ဆရာ)၊ ဒီစိတ်ကလေးက ဘယ်မှိဖြစ်သတုံး၊ (ဇိဝှါဝိညာဏ်ကို မှိဖြစ်ပါတယ်ဆရာ)၊ ဇိဝှါကိုမှိဖြစ်တယ်၊ ဝိညာဏ်ပါလို့ ဘယ်နှယ်ဖြစ်မှာတုံးဟာ၊ ဇိဝှါပသာဒ မှိဖြစ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီစိတ်ဘာစိတ်ခေါ်တယ် (ဇိဝှါဝိညာဏ် စိတ်ပါဆရာ)၊ အေး - သူမှိရာဝတ္ထုရဲ့ အမည်ကလေးတွေ စာပ်တပ်မခေါ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဇိဝှါဝတ္ထုမှိ၍ဖြစ်၏။ ဒါကြောင့် ဇိဝှါဝိညာဏ်စိတ် နားလည်ရဲ့လား (နားလည်ပါ တယ်ဆရာ)။

ဝိညာဏ်ဟာမှိရာဝတ္ထုမှာချည်း မှိ, မှိ ဖြစ်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ စောစောကလေးက ငါရှင်းပေးပြီးရှိသေးတယ်။ ဒါဖြင့် ကာယပသာဒဆိုတဲ့ အကြည်ရုပ်ရယ်၊ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ အတွေ့မာတ်ရယ်တိုက်ကြတော့ ဘာစိတ်ဖြစ်တယ် (ကာယဝိညာဏ်စိတ်ဖြစ်တယ်ဆရာ)။ အေး -ကာယဝိညာဏ်စိတ်က ဘယ်မှိဖြစ်တုံး (ကာယပသာဒအကြည်ရုပ်မှိဖြစ်ပါတယ်ဆရာ)။ အေး ကာယပသာဒ အကြည်ရုပ်မှိဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)။ ဖောဋ္ဌဗ္ဗာရုံမာတ်သွား မှိသေးသလား (မမှိပါဘူးဆရာ)။ ဖောဋ္ဌဗ္ဗမာတ်မှိရင် ဖောဋ္ဌဗ္ဗဝိညာဏ်စိတ် ခေါ်မှာပေါ့နော် (မှန်ပါတယ်ဆရာ)။ ခုတော့ ဘယ့်နှယ့်ခေါ်ထားတယ် (ကာယဝိညာဏ်စိတ်ပါဆရာ)။ ဟော သူမှိရာဝတ္ထုရဲ့ အမည်လေးတပ်မထားဘူးလား (တပ်ထားပါတယ်ဆရာ)။ စည်သံဆိုတာမှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ပြထားတဲ့ ဥပမာလေးနဲ့ ပြန်ပြန်ဟပ်နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် မနောမာတ်နဲ့ ဓမ္မာရုံ တိုက်ကရောနော် (မှန်ပါတယ်ဆရာ)။ မနောမာတ်နဲ့ ဓမ္မာရုံ တိုက်တော့ ဘာစိတ်ကလေးပေါ်လာတုံး (မနောဝိညာဏ်စိတ်ပါဆရာ)။ မနောဝိညာဏ်စိတ်ကလေးက ဘယ်သူမှိဖြစ်တယ်။ (မနောမာတ်မှိဖြစ်ပါတယ်ဆရာ)။ မနောမာတ်မှိဖြစ်တယ်ဟုတ်လား (မှန်ပါ

http://www.dhammadownload.com

တယ်ဆရာ)။ ဒါကြောင့် သူဘာအမည်တပ်ထားလဲ (မနောဝိညာဏ်စိတ်ပါဆရာ)။ အေး ဟုတ်ပြီနော် (မှန်ပါတယ်ဆရာ)။ ဒါဖြင့် စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်။ မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်, စားသိစိတ်, ထိသိစိတ်, ကြံသိစိတ် ဝိညာဏ်ဓာတ်ခြောက်ရပ်ပေါ်မလာဘူးလား (ပေါ်လာပါတယ် ဆရာ)။ အလယ်ကြားက အပေါ်ဓာတ် ကလေးကိုးကွနော် (မှန်ပါတယ်ဆရာ)။ အဲဒီ ဝိညာဏဓာတ် ခြောက်ရပ် သိစိတ်ကလေးတွေသည် ဘယ်ကို မှီ၍ဖြစ်သလဲဆိုတော့ အခံဓာတ်ခေါ်ထားတဲ့ ဝတ္ထုရုပ်ခြောက်ပါးမှာချည်းမှီဖြစ်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)။ အတိုက်ဓာတ်သွား မှီဖြစ်သလား (မဖြစ်ပါဘူးဆရာ)။ မဖြစ်ဘူး၊ ဒါတော့မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အေး အဲဒါလေးမှတ်ထား။ ဝိညာဏဓာတ်ခြောက်ရပ်၊ အပေါ်ဓာတ်သည် အခံဓာတ်ခြောက်ပါး၊ ဝတ္ထုရုပ်ခြောက်ပါးမှာ မှီ၍ဖြစ်၏။ ဒါကြောင့် ဝတ္ထုရုပ်ခြောက်ပါးသည် နိဿယပစ္စည်း တည်တယ်လို့။ ထိုဝိညာဏဓာတ်တို့၏ မှီရာခေါ်တယ်။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။

ဒါကြောင့် ဟိုက "သဟဇာတနိဿယအနုပါလနဘာဝေါ နတ္ထိတိ အဂဏှန် ဝေဒိတဗ္ဗံ"လို့ ပြထားတာ။ မှီရာ နိဿယပစ္စည်းမတပ်ဘူးလား (တပ်ပါတယ်ဆရာ)။ ဝတ္ထုရုပ်ခြောက်ပါး၊ ဒါကြောင့်လည်း သူတို့မှီရာ ဝတ္ထုခြောက်ပါးရဲ့ အမည်လေးတပ်ထား၍ ခေါ်ထားတယ်။ စက္ခုဝတ္ထုမှာ မှီ၍ဖြစ်သောကြောင့် စက္ခုဝိညာဏ်စိတ် သောတဝတ္ထုမှာ မှီ၍ဖြစ်သောကြောင့် သောတဝိညာဏ် စိတ် ဃာနဝတ္ထုမှာ မှီ၍ ဖြစ်သောကြောင့် ဃာနဝိညာဏ်စိတ် ဇိဝှါဝတ္ထုမှာ မှီ၍ဖြစ်သောကြောင့် ဇိဝှါဝိညာဏ်စိတ် ကာယဝတ္ထုမှာ မှီ၍ ဖြစ်သောကြောင့် ကာယဝိညာဏ်စိတ် မနောဝတ္ထုမှာ မှီ၍ဖြစ်သောကြောင့် မနောဝိညာဏ်စိတ်။ နားလည်လား (နားလည်ပါတယ်ဆရာ)။ မနောဝတ္ထုရယ်လို့မရှိဘူး။ ဒါပေမဲ့ မနောဓာတ်ကလေးကိုက ဟဒယဝတ္ထုကို မှီနေတယ်။ တင်စားပြီးပြောထားတဲ့ အမည်ကလေးနော် (မှန်ပါတယ်ဆရာ)။ သူတို့မှီရာ ဝတ္ထုရုပ်အမည်ကလေးကို တပ်တပ်ပြီးတော့ စက္ခုဝိညာဏ်စိတ်၊ သောတဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှါဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်၊ မနောဝိညာဏ်စိတ် လို့ခေါ်တယ်။ မှတ်မိတယ်လား (မှတ်မိပါတယ်ဆရာ)။ အေး ဒါကြောင့် -

အမိဝမ်းထဲက မွေးဖွားလာတဲ့ သန္ဓေသားလေးက မွေးဖွားပြီးပြီနဲ့တစ်ပြိုင်နက် သူမှာ အခံဓာတ်ခြောက်ပါးလည်း အစုံအညီ၊ အတိုက်ဓာတ်ခြောက်ပါးလည်း အစုံအညီဆိုတော့တိုက်ကုန်ပြီမဟုတ်လား (တိုက်ကုန်ပါပြီဆရာ)။ တိုက်ကုန်တော့ တရားသုံးပါး တိုက်တိုင်းတိုက်တိုင်း တရားသုံးပါး ပေါင်း,ပေါင်းမသွားဘူးလား (ပေါင်းသွားပါတယ်ဆရာ)။ "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။ စက္ခုံ စ၊ စက္ခုပသာဒကိုလည်းကောင်း။ ရူပေ စ၊ ရူပါရုံတို့ကိုလည်းကောင်း။

http://www.dhammadownload.com

ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏ်၊ မြင်စိတ်ကလေးသည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ စက္ခုပသာဒ ရူပါရုံ စက္ခုဝိညာဏ်ဆိုတဲ့ တရားသုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းသည်။ ဖဿော၊ ဖဿမည်၏။ ဖဿ မဖြစ်သွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)။ စက္ခုဝိညာဏ်တုန်းကလည်း တရားသုံးခုပေါင်းတယ်။ သောတဝိညာဏ်တုန်းကလည်း တရားသုံးခုပေါင်းတယ်။ ဃာနဝိညာဏ်တုန်းကလည်း တရားသုံးခုပေါင်းတယ်။ ဇိဝှါဝိညာဏ်တုန်းကလည်း တရားသုံးခုပေါင်းတယ်။ ကာယဝိညာဏ်တုန်းကလည်း တရားသုံးခုပေါင်းတယ်။မနောဝိညာဏ်တုန်းကလည်း တရားသုံးခုပေါင်းတယ်။ မပေါင်းဘူးလား (ပေါင်းပါတယ်ဆရာ)။ တရားသုံးခု ပေါင်းတိုင်း ပေါင်းတိုင်း ဖဿ မဖြစ်သွားဘူးလား (ဖြစ်ပါတယ်ဆရာ)။ "တိဏ္ဏံ သင်္ဂတိ ဖဿော၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ တိဏ္ဏံ သင်္ဂတိ ဖဿော" မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အေး ဒါကြောင့် "သဋ္ဌာယတန ပစ္စယာ ဖဿော"လို့နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် အဲဒီ ဖဿကလည်း သူမှီ၍ ဖြစ်တဲ့ အမှီဓာတ်ကလေးတွေ နံမည်လေးတွေ တပ်တပ်ခေါ်တယ်။ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿတဲ့။ ဖဿခြောက်မျိုးနော် (မှန်ပါတယ်ဆရာ)။ ကြည့်စမ်း ဖဿဘယ်နှစ်မျိုးဖြစ်တယ် (ခြောက်မျိုးပါဆရာ)။ ဘယ်သူဘယ်သူတွေလဲ (စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ) ခြောက်မျိုးစေ့လား (စေ့ပါတယ်ဆရာ)။ ဒါဖြင့် "သဋ္ဌာယတနပစ္စယာဖဿော" သဋ္ဌာယတနပစ္စယာ၊ သဋ္ဌာယတနတည်းဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿ ခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်ကြ၏ နော် (မှန်ပါတယ်ဆရာ)။ ဖဿခြောက်ခု ဖြစ်တယ်။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဖဿခြောက်ခုတွေက ဘယ်သူတွေတုံး (စက္ခုသမ္ဖဿ၊ သောတ သမ္ဖဿ၊ ဃာန သမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ)။ အဲ ဟုတ်ပြီ။ မှတ်မိတယ်မဟုတ်လား (မှတ်မိပါတယ်ဆရာ)။

တစ်နည်းအားဖြင့် "သဋ္ဌာယနတပစ္စယာ ဖဿော" ဆိုတဲ့နေရာမှာ သဋ္ဌာယတနတည်းဟူသော အကြောင်းကြောင့် ဖဿဖြစ်တယ်ဆိုတာဟာ တမြန်မနေ့က တို့ဝိညာဏ်တုန်းက ကောက်လာတဲ့ လောကီဝိပါတ်စိတ်ဗာတ္တိသ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)။ လောကီဝိပါက်စိတ်ဗာတ္တိသမှာ ယှဉ်သော ဖဿစေတသိက် သုံးဆယ့်နှစ်ပါးကိုကောက်၏နော် (မှန်ပါတယ်ဆရာ)။ တစ်နည်း စိတ်တစ်ခုယုတ် ကိုးဆယ်မှာယှဉ်သော ဖဿ တစ်ခုယုတ်ကိုးဆယ်ကိုရ၏နော် (မှန်ပါတယ်ဆရာ)။ ဖဿက သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်လုံးထဲကကိုးကွ။ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ, သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ခု ခေါ်တယ်။ "သဗ္ဗစိတ္တ

http://www.dhammadownload.com

သာမာရဏာ” ဆိုတာ အလုံးစုံသော စိတ်တစ်ခုယုတ်ကိုးဆယ်မှာ အမြဲယှဉ်သော စေတသိက်ခုနစ်လုံးနော် (မှန်ပါတယ်ဆရာ)၊ စိတ်တစ်ခုယုတ်ကိုးဆယ်မှာ အမြဲယှဉ်သော စေတသိက်ခုနစ်လုံးကို သဗ္ဗစိတ္တသာမာရဏာ စေတသိက်ခေါ်၏။ ၎င်းသဗ္ဗစိတ္တသာမာရဏာစေတသိက် ခုနစ်လုံးထဲမှာ ဖဿက ထိပ်ဆုံးက မပါဘူးလား (ပါပါတယ်ဆရာ)။

ဒါကြောင့် စိတ်တစ်ခုယုတ်ကိုးဆယ်မှာ လုံးလုံးယှဉ်သောဖဿ တစ်ခုယုတ်ကိုးဆယ်ကို ရ၏။ တစ်နည်း နော် (မှန်ပါတယ်ဆရာ)။ တစ်နည်း လောကီဝိပါက် ဗာတ္တိသ သုံးဆယ့်နှစ်ပါးသော လောကီဝိပါက်စိတ်၌ယှဉ်သော ဖဿစေတသိက် သုံးဆယ့်နှစ်ပါးကို ရ၏။ တစ်နည်း စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿဆိုတဲ့ သမ္ဖဿ ဖဿခြောက်မျိုးကို ရ၏ နော် (မှန်ပါတယ်ဆရာ)။ သေချာကြည့် ဒီတရားလေးတွေဟာ ဘေးနားဘီနား ဟောနေတာမဟုတ်။ ငါတို့ အဖျတ္တသန္တာန် အမှန်အားဖြင့် အမြဲတစေ ဖြစ်လိုက် ပျက်လိုက်ဖြစ်နေသောတရားစဉ်ကို ဟောနေတဲ့ တရားပါလားလို့။ ငါတို့ သန္ဓေသားဘဝက ကွင်းလုံးကျွတ် မွေးဖွားတဲ့အချိန်ကလေးကစလို့ အခုပြနေတဲ့ “နာမရူပပစ္စယာ သဠာယတနံ”ဆိုတဲ့ လူကောင်လေး ရုပ်လုံးလေး ပေါ်တဲ့အချိန်အမိဝမ်းက မွေးဖွားတဲ့ အချိန်လေးကစ။ “သဠာယတနပစ္စယာ ဖဿော”ဆိုတဲ့အတိုင်း အာယတနတစ်ဆယ့်နှစ်ပါးလည်း စုံညီလို့ အတိုက်အတ်ခြောက်ပါး၊ အခံအတ်ခြောက်ပါး။ တစ်နည်း အဖျတ္တိကာယတနခြောက်ပါး၊ ဗာဟိရာယတနခြောက်ပါး။ တစ်နည်း အတွင်းအာယတနခြောက်ပါး၊ အပြင်အာယတနခြောက်ပါး။ တစ်နည်း အခံအတ်ခြောက်ပါး၊ အတိုက်အတ်ခြောက်ပါးနော် (မှန်ပါတယ်ဆရာ)။ တစ်နည်း မှန်ခြောက်ချပ်၊ အရိပ်ခြောက်ပါး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဲဒါလေးတွေ ဒီလို စုံစုံညီညီနဲ့ ဖြစ်ပေါ်တဲ့အချိန်ကစပြီး အမိဝမ်းက ကျွတ်တဲ့အချိန်ကာလကစလို့ အမြဲတစေ ၎င်းအတိုက်အတ် အခံအတ်နှစ်ပါးတို့သည် တိုက်၍နေကြ၏။ တိုက်တိုင်း တိုက်တိုင်း တရားသုံးပါး ပေါင်းဆုံကြ၏။ စက္ခုပသာဒနဲ့ ရူပါရုံတိုက် စက္ခုဝိညာဏ်စိတ်ဖြစ်လိုက်၊ တရားသုံးခု ပေါင်းလိုက်။ စက္ခုပသာဒရယ်၊ ရူပါရုံရယ်၊ စက္ခုဝိညာဏ်ရယ်၊ တရားသုံးခု ပေါင်းလိုက်ရင်း ဖဿဖြစ်လိုက်ရင်း မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ သောတပသာဒနဲ့ သဒ္ဒါရုံနဲ့တိုက်လိုက်။ နားနဲ့အသံနဲ့ တိုက်လိုက်။ သောတဝိညာဏ်စိတ်ဖြစ်လိုက်။ “တိဏ္ဏံ သင်္ဂတိ ဖဿော”၊ တရားသုံးခုပေါင်းလိုက် ဖဿဖြစ်လိုက် နော် (မှန်ပါတယ်ဆရာ)။ ဃာနပသာဒနဲ့ ဂန္ဓာရုံ - နှာခေါင်းနဲ့ အနံ့ရုပ်နဲ့တိုက်လိုက်ရင် ဃာနဝိညာဏ်စိတ်ဖြစ်တယ်ဆိုတဲ့ ဒီတရားသုံးခုပေါင်းလိုက်။ “တိဏ္ဏံ သင်္ဂတိ ဖဿော” ဖဿ ဖြစ်လိုက်။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဖဿဆိုတာ အတွေ့အထိသဘောကလေးခေါ်တယ်၊ ဇိဝှါပသာဒနှင့် ရသာရုံနှင့် တိုက်လိုက်ရင် ဇိဝှါဝိညာဏ်စိတ်ဖြစ်တယ်ဆိုတဲ့ ဒီတရားသုံးခု

http://www.dhammadownload.com

ပေါင်းလိုက်။ "တိဏ္ဏံ သင်္ဂတိ ဖဿော" - ဖဿဖြစ်လိုက်နော် (မှန်ပါတယ်ဆရာ)။ ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗရုံနဲ့ တိုက်လိုက်ရင် ကာယဝိညာဏ်စိတ်ဖြစ်တယ် ဒီတရားသုံးခုပေါင်းလိုက်။ "တိဏ္ဏံ သင်္ဂတိ ဖဿော"၊ ဖဿဖြစ်လိုက် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

မနောဓာတ်နဲ့ ဓမ္မာရုံတိုက်လိုက် မနောဝိညာဏ်စိတ်ဖြစ်လိုက်၊ တရားသုံးခုပေါင်းလိုက်၊ "တိဏ္ဏံ သင်္ဂတိ ဖဿော"၊ ဖဿဖြစ်လိုက်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘယ်သူဖြစ်နေတာလဲ (မိမိကိုယ်မှာပါဆရာ)၊ တုံးနဲ့တိုင်နဲ့ ဖြစ်ကဲ့ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)၊ တောထဲ တောင်တဲကော (မဟုတ်ပါဘူးဆရာ)၊ ဂူထဲ ကျောင်းထဲကော (မဟုတ်ပါဘူးဆရာ)၊ မြေထဲ, ရေထဲကော (မဟုတ်ပါဘူးဆရာ)၊ ဘယ်မှာဖြစ်နေသလဲ (မိမိကိုယ်မှာဖြစ်နေတဲ့တရားပါဆရာ)၊ သတ္တဝါတွေသန္တာန်အစဉ်မှာ နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီလို မိမိရဲ့အဇ္ဈတ္တသန္တာန်အစဉ်မှာ အခုလိုပဲ မရပ်မနား သံသရာအစကတည်းက နည်းနည်းလေးမှ ရပ်နားခွင့်မပေးဘဲနဲ့ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် အမြဲတစေ ဖြစ်နေတဲ့ တရားစုတွေ၊ ဒါတွေကို ဘုရားရှင်ကိုယ်တော်မြတ်က အကြောင်းအကျိုး ဆက်စပ်ပြီးပြတော်မူတော့။ အလကားဖြစ်တာ မဟုတ်ဘူးတဲ့၊ အကြောင်းကြောင့် ဖြစ်တဲ့တရားတွေ။ ဒါကြောင့် -

ဒီတရားသုံးပါးပေါင်းလိုက်တော့ တွေ့ထိမှု ဖဿသဘောဖြစ်ရင်း တွေ့ထိမှု ဖဿသဘောဖြစ်တယ်၊ အဲဒီဖဿတွေ တဖွားဖွားဖြစ်နေတာဟာ အလကားဖြစ်နေတယ်လို့ မအောက်မေ့နဲ့တဲ့။ သဋ္ဌာယတနကြောင့်ဖြစ်တာနော်။ (မှန်ပါတယ်ဆရာ)၊ အတိုက်ဓာတ် အခံဓာတ် နှစ်ပါး တိုက်တိုက်နေလို့ ဖြစ်နေတာတဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အတိုက်ဓာတ် အခံဓာတ်နှစ်ပါးကလည်း အလကားဖြစ်နေတယ်လို့မထင်နဲ့၊ သူတို့က ပဋိသန္ဓေခဏကရလာတဲ့ နာမ်ရုပ်နှစ်ပါးကြောင့်ဖြစ်နေတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နာမ်ရုပ်နှစ်ပါး အလကားဖြစ်နေတာ မအောက်မေ့နဲ့၊ ပဋိသန္ဓေခဏ ဥပါဒ်ခဏက စဖြစ်လာတာတဲ့၊ ပဋိသန္ဓေဝိညာဏ်ကြောင့်၊ ပဝတ္တိဝိညာဏ်ကြောင့်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ်ကြောင့်လည်း အလကားဖြစ်နေတာလို့ မအောက်မေ့နေနဲ့။ ဟို အနန္တရဘဝက ပစ်ချလိုက်တဲ့ သခ်ါရကြောင့်ဖြစ်တာ၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဟိုဘက်ဘဝပြုလုပ်လာခဲ့တဲ့ အားထုတ်လာခဲ့တဲ့ သခ်ါရသည် အလကားဖြစ်လာတယ်လို့တော့ မမှတ်နဲ့၊ အဝိဇ္ဇာကြောင့် လုပ်လာတာမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "အဝိဇ္ဇာပစ္စယာ သခ်ါရာ၊ သခ်ါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဋ္ဌာယတနံ၊ သဋ္ဌာယတနပစ္စယာ ဖဿော" ဒီလိုပဲ သံသရာကြီးမှာ ဟိုသံသရာ အစကတည်းက သမ္မုတိပညတ် အနေအားဖြင့် ဘဝနဲ့ ပိုင်းခြားပြီးဖော်ထားတယ်။ အမှန်ကတော့ သမ္မုတိပညတ်အနေအားဖြင့် လူဘဝ,

http://www.dhammadownload.com

နတ်ဘဝ, ဗြဟ္မာဘဝ ဒီလိုခေါ်နေတယ်။ အမှန်က သေချာကြည့်တော့ ဒီလိုမဟုတ်ပါဘူး၊ ရုပ်သဘော နာမ်သဘောတစ်ခုနှင့်တစ်ခု ကျွေးဇူးပြုပြီးတော့ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဆိုပြီးတော့ ဆက်စပ် ဆက်စပ်ဖြစ်နေတာ၊ ဖြစ်နေတဲ့ တရားကိုယ်သဘောလေးတွေ ကြည့်ပြန်လည်းပဲ အမှန်ကတော့ တစ်စက္ကန့် တစ်ဗီဇနာလေးမှ ခိုင်မြဲတဲ့တရား တစ်လုံးမှ မပါဘူးနော် (မှန်ပါတယ်ဆရာ)၊ တစ်လုံးမှမပါဘူး၊ အမြဲတစေ ဖြစ်ပျက်နေတာပဲ၊ ဖြစ်လိုက်ပျက်လိုက်နဲ့ ဘယ်လောက်လျင်မြန်တဲ့ သဘောတရားလဲ၊ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ကလေးအတွင်းမှာ သိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ပျက်လည်းပျက်တယ်၊ ဖြစ်လည်းဖြစ်တယ်နော် (မှန်ပါတယ်ဆရာ၊) လျင်မြန်သော ဖြစ်ခြင်းဖြင့် ပျက် နေတဲ့ တရားစုတွေ၊ အဲဒီမှာ အစားအစားထိုးနေရလို့ အဖြစ်နဲ့အပျက် အင်မတန် လျင်မြန်ခြင်းကြောင့် မင်းတို့ ငါတို့က တစ်ဆက်တည်းထင်နေတာ သန္တတိကြီးကို မြင်နေတယ်ကိုးကွ နော် (မှန်ပါတယ်ဆရာ)။ သန္တတိအစဉ်ကြီးမြင်နေတယ်၊ ဒါကြောင့် -

ပဋိသန္ဓေအခန်းလေးက စပြီးတော့ မင်းတို့ငါတို့ အခုရလာကြတဲ့လူဘဝ၊ ဘာလဲဆိုရင် ဘဝ စစ်တမ်းခေါ်တယ်။ သေချာချကြည့်စမ်း ပဋိသန္ဓေစိတ်ရဲ့ဥပါဒ်ခဏက ပဋိသန္ဓေဝိညာဏ်စိတ်နဲ့ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်နှစ်ဆယ်နဲ့ တစ်ဥပါဒ်တည်းပြိုင်ဖြစ်၊ ၎င်းနောက် ပဝတ္တိဝိညာဏ်ပါလာ၊ ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ်နှစ်ပါးရ၊ အဲဒီပဝတ္တိဝိညာဏ်အကြောင်းခံလိုက်တော့ နာမ်ရုပ် နှစ်ပါးဖြစ်တယ်၊ နာမ်ဆိုတာက စေတသိက် (၅၂)ပါး။ ရုပ်ဆိုတာက စတုသမုဋ္ဌာနိကရုပ်၊ ဒါပဋိသန္ဓေ ခဏပဲရှိသေးတယ်၊ ကလလရေကြည်တည်ကာမျှ၊ ဒါသမ္မုတိအနေအားဖြင့် တစ်စတစ်စနဲ့ တက်လာ လိုက်တာ အမြှုပ်တဲ့, သားတစ်တဲ့, ဃနတဲ့, ခက်မငါးဖြာတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ခက်မငါးဖြာမှာ ကြီးထွားလာတဲ့ ခေါင်းတဲ့, လက်တဲ့, ကိုယ်တဲ့, ခြေတဲ့, မျက်လုံး, မျက်ခုံး, အဲဒီလိုအမျိုးမျိုးအားဖြင့် ခုနစ်သတ္တာဟ၊ ရှစ်သတ္တာဟမြောက်တဲ့အခါကျ သူမှာ အူသိမ်၊ အူမတို့၊ အသည်းတို့၊ နှလုံးတို့၊ ကျောက်ကပ်တို့၊ ဇဆုတ်တို့ စုံလို့ ဒီမှာ ပါစကဝမ်းမီးပါရလာတယ်။ ဒီမှာ အမိမျိုချတဲ့ အစာသစ်မှ ပါလာတဲ့ ဩဇာတက်က သူ့ကိုယ်မှာ ပို့နှုံပြီးတည်မှ အာဟာရရုပ်က ဒီအချိန်ကစဖြစ်တယ်။ ဒီတော့ ဘယ်လောက်ရောက်သွားပြီလဲ၊ ဆယ်သတ္တာဟ၊ တစ်ဆယ့်တစ်သတ္တာဟလည်းမြောက်ကရော ဖြစ်ပြီး သားမျက်လုံးလေးထဲမှာ အကြည်ရုပ်ကလေးပေါ်လာတယ်၊ ဖြစ်ပြီးသားနားထဲမှာ အကြည်ရုပ် ကလေး ပေါ်လာ၊ ဖြစ်ပြီးသားနှာခေါင်းထဲမှာ အကြည်ရုပ်ကလေးပေါ်လာတယ်။ အကြည်မှန်လေးတွေပေါ့နော် (မှန်ပါတယ်ဆရာ)။ ကံပြုပြင်လို့ ဖြစ်ပေါ်လာသော ကမ္မဇဓာတ်မှာ အကြည်ရုပ်ကလေးတွေပေါ်၏။

အဲဒီ အကြည်ရုပ်ကလေးတွေ ပေါ်လာတဲ့အချိန်ကစပြီး "နာမရူပပစ္စယာ သဠာယတနံ"တဲ့ နော် (မှန်ပါတယ်ဆရာ)။ အဲဒီ သဠာယတနဆိုတဲ့ နေရာမှာ အတိုက်ဓာတ် အခံဓာတ် နှစ်ပါးစုံညီလို့

http://www.dhammadownload.com

ဒီနေရာမှာ တိုက်ကြ ခိုက်ကြပြီး ပဋိသန္ဓေအခိုက်အတန့်တော့ဖြင့် စက္ခုပသာဒနှင့် ရူပါရုံနဲ့ တိုက်နေတဲ့ အပေါ်ဓာတ် မပေါ်နိုင်သေး၊ တိုက်လည်းမတိုက်သေးနော် (မှန်ပါတယ်ဆရာ)။ ဂန္ဓပသာဒနဲ့ ဂန္ဓာရုံနဲ့ တိုက်နေတဲ့ ဃာနဝိညာဏ်စိတ်မဖြစ်၊ တိုက်လည်းမတိုက်သေး၊ တိုက်လည်းမတိုက်နိုင်သေး။ ဘာကြောင့် အသက်မရှူလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒီနှစ်ပါးချန်ထား။ ကျန်တာတွေတော့ တိုက်ရဲ့ပဲ သဒ္ဒနှင့်သောတ တိုက်ကြ၏။ ရသနှင့်ဇိဝှါနဲ့တိုက် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဇိဝှါဝိညာဏ် စိတ်ဖြစ်။ အဲဒါလေးတွေ ကွက်ကျော်လေးတွေ မှတ်မှတ်ထား သေချာတဲ့အထိ၊ ကာယနှင့် ဖောဋ္ဌဗ္ဗနဲ့တိုက်တယ်၊ မနောနဲ့ ဓမ္မာနဲ့တိုက်တယ်နော် (မှန်ပါတယ်ဆရာ)။ အတိုက်ဓာတ် အခံဓာတ် (၆)ပါးရှိတဲ့အနက်က နှစ်မျိုးဖယ်ထားပေါ့ဟုတ်လား (မှန်ပါတယ်ဆရာ)။ ၂-မျိုးကတော့ တိုက်လို့မဖြစ်သေးဘူး၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဘယ်သူနဲ့ ဘယ်သူနဲ့တုံး (ဂန္ဓနဲ့ စက္ခုပါဆရာ)။ ဟောဗျာ ဘာနဲ့ ဘာနဲ့ (စက္ခုနဲ့ဂန္ဓပါဆရာ)။ သူ့အတွဲနဲ့သူ ပြောစမ်းပါဟ။ စက္ခုနဲ့ ဘယ်သူနဲ့တုံး (ရူပါရုံနဲ့ပါဆရာ)။ တိုက်မဖြစ်သေးဘူးလား (မဖြစ်သေးပါဘူးဆရာ)။ ဘာလို့မဖြစ်သလဲ (အလင်းရောင်မမြင်လို့ပါဆရာ)။ အေး ဟုတ်ပြီ၊ ပြီးတော့ရော (ဃာနနဲ့ဂန္ဓပါဆရာ)၊ ဃာနကဘာခေါ်သလဲ (နှာခေါင်းပါဆရာ) ဂန္ဓကရော (အနံ့ပါ ဆရာ)။ အေး - ဟုတ်ပြီ။ ဃာနနဲ့ဂန္ဓ တိုက်မဖြစ်သေးဘူးလား (မဖြစ်သေးပါဘူး ဆရာ)။ ဒီနှစ်ခုနှုတ်ပေါ့ (မှန်ပါတယ်ဆရာ)။ ကျန်တဲ့လေးခုက တိုက်လျှက်သားလား (တိုက်လျှက်သားပါဆရာ)။

ဒါတွေက အမိဝမ်းက ကိုးလလွယ် ဆယ်လဖွားလို့ အပြင်လည်းရောက်လာရော အတိုက်ဓာတ် အခံဓာတ်ခြောက်ပါး တိုက်ကြရောလား (တိုက်ကြပါတယ်ဆရာ)။ တိုက်လို့ရှိရင် အတိုက်ဓာတ် အခံဓာတ်ကြားမှာ ဘာလေးတွေပေါ်လာလဲ (အသိစိတ်ကလေးတွေ ပေါ်လာပါတယ်ဆရာ)။ အေး အသိစိတ်လေးတွေပေါ်လာတယ် နော် (မှန်ပါတယ်ဆရာ)။ အတိုက်ခံ အခံဓာတ်လည်း ခြောက်တွဲ မဟုတ်လား (ခြောက်တွဲပါဆရာ)။ အသိစိတ်ကရော (ခြောက်တွဲပါဆရာ)။ ဩော် ခြောက်တွဲမှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)။ အသိစိတ်ခြောက်ပါး ရေပြစမ်းကွာ (စက္ခုဝိညာဏ်၊ သောတ ဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်)။ အေး ဟုတ်ပြီ။ မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)။ ဒါတွေက အတိုက်ဓာတ်ရယ်, အခံဓာတ်ရယ်, အပေါ်ဓာတ်ရယ်ဆိုတဲ့ ဓာတ်သုံးလုံးမနေဘူးလား (သုံးလုံးပါဆရာရဲ့)။ စက္ခုပသာဒအခံဓာတ် ရူပါရုံအတိုက်ဓာတ် သူတို့နှစ်ခုတိုက်တော့ စက္ခုဝိညာဏ်စိတ်ဖြစ်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။ တရားသုံးခုပေါင်းတော့ ဘာဖြစ်လဲ (ဖဿဖြစ်ပါတယ်ဆရာ)။ ပါဋိက ဘယ်နှယ့်ဆိုလဲ ("တိဏ္ဏံ သင်္ဂတိ ဖဿော" ပါဆရာရဲ့)။ အေး ဟုတ်ပြီ၊ ဖဿဖြစ်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါနဲ့ "သဋ္ဌာယတနပစ္စယာ ဖဿော" ကိုက်ရဲ့လား (ကိုက်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ။ သောတပသာဒနဲ့သဒ္ဒါရုံနဲ့တိုက်တော့ ဘာဖြစ်လဲ (သောတဝိညာဏ်စိတ်ဖြစ်ပါတယ်ဆရာ)။ တရားသုံးခုပေါင်းတယ်ဟုတ်လား (ပေါင်းပါတယ်ဆရာ)။ တရားသုံးခုပေါင်းတော့

http://www.dhammadownload.com

ဘာဖြစ်လဲ (ဖဿဖြစ်ပါတယ်ဆရာ)၊ ပါဠိက ဘာနဲ့ဆို၊ (တိဏ္ဏံ သင်္ဂတိ ဖဿောပါဆရာ)၊ အေးဟုတ်ပြီ။ ယာနပသာဒနဲ့ဂန္ဓာရုံ တိုက်ရဲ့လား (တိုက်ပါတယ်ဆရာ)၊ ဘာလေးပေါ်လာသလဲ (ဂန္ဓဝိညာဏ်စိတ်ဖြစ်ပါတယ်ဆရာ)။ တရားသုံးခုပေါင်းတယ်ဟုတ်လား (ပေါင်းပါတယ်ဆရာ)။ ပေါင်းတော့ ဘာဖြစ်လဲ (ဖဿဖြစ်ပါတယ်ဆရာ)။ ပါဠိအရ ဆိုစမ်းပါဦး (တိဏ္ဏံ သင်္ဂတိ ဖဿော ပါဆရာ)။ အေး - ဟုတ်ပြီ။

ဇိဝှါပသာဒနဲ့ ရသာရုံနဲ့ တိုက်တယ်ဟုတ်လား (တိုက်ပါတယ်ဆရာ)။ ဘာပေါ်လာလဲ (ဇိဝှါဝိညာဏ်စိတ်ပါဆရာ)။ တရားသုံးခုပေါင်းတယ်ဟုတ်လား (ပေါင်းပါတယ်ဆရာ)။ တရားသုံးခုပေါင်းတော့ ဘာဖြစ်လဲ (တိဏ္ဏံ သင်္ဂတိ ဖဿော ဖြစ်ပါတယ်ဆရာ)။ အေး,အေး ချတယ်နော်၊ ညာပြီးတော့ ပေါင်းချလိုက်တယ်။ "တိဏ္ဏံ သင်္ဂတိ ဖဿော" ဖြစ်သွားပြီလား (မှန်ပါတယ်ဆရာ)။ ဟုတ်ပြီ,ဟုတ်ပြီ။ ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့ တိုက်တယ်ဟုတ်လား (တိုက်ပါတယ်ဆရာ)။ ဘာပေါ်လာလဲ (ကာယဝိညာဏ်စိတ်ပါဆရာ)။ တရားသုံးခုပေါင်းတယ်ဟုတ်လား (ပေါင်းပါတယ်ဆရာ)။ တရားသုံးခုပေါင်းတော့ ဘာဖြစ်လဲ (တိဏ္ဏံ သင်္ဂတိ ဖဿောပါဆရာ)။ အေး ချချနော်။ ဖဿဖြစ်ရော ဟုတ်လား။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ မနောဓာတ်နဲ့ ဓမ္မာရုံ တိုက်တယ်ဟုတ်လား (တိုက်ပါတယ်ဆရာ)။ တိုက်တော့ ဘာဖြစ်လဲ (မနောဝိညာဏ်စိတ်ဖြစ်ပါတယ်ဆရာ)။ တိဏ္ဏံ သင်္ဂတိ ဖဿောပဲလား ဟုတ်လား။ မင်းမပြောခင် ငါချပစ်လိုက်မယ်။ မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ အဲ့ဒါ "သဠာယတန ပစ္စယာ ဖဿော"လို့ သဠာယတနတည်းဟူသော အကြောင်းကြောင့် ဖဿဖြစ်တယ်ဆိုတဲ့ အကူးလေး အထူးအားဖြင့်မှတ်ဖို့။

"သဠာယတနပစ္စယာ ဖဿော" = သဠာယတနပစ္စယာ၊ သဠာယတန တည်းဟူသော အကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သဠာယတနကြောင့် ဖဿဖြစ်တယ်။ သဠာယတနက အဖျတ္တိကအာယတနခြောက်ပါး၊ ဗာဟိရာယတနခြောက်ပါး၊ အဖျတ္တိကအာယတနခြောက်ပါးဆိုတာ အတွင်းအာယတနခြောက်ပါး၊ ဗာဟိရာယတနခြောက်ပါးဆိုတာ အပြင်အာယတနခြောက်ပါး၊ ပေါင်းလိုက်တော့ အာယတန တစ်ဆယ့်နှစ်ပါးဖြစ်တယ်။ ဘုံနဲ့လိုက်ပြီးတော့ အာယတနရုပ်ကတော့ ခွဲပြီးခဲ့ပေါ့။ ဆဋ္ဌာယတန, သဠာယတနနော် (မှန်ပါတယ်ဆရာ)။ ဆဋ္ဌာယတန၊ သဠာရတန၊ သဠာယနဆိုတဲ့ ပုဒ်သည် ဆဋ္ဌာယတန, သဠာယနတို့နေရမယ်။ ဆဋ္ဌာယတနဆိုတာက ခြောက်ခုမြောက် အာယတန။ ဒါတွေက ဘယ်ဘုံအတွက်လည်းဆိုတော့ စတုဝေါကာရဘုံ အတွက်။ စတုဝေါကာရ - အရူပလေးဘုံဆိုတော့ နာမ်ချည်းပဲရတော့ ရုပ်အာယတနငါးပါးဖယ်ထားတယ်။ သူကြတော့ မနာအာယတန တစ်ပါးတည်းရတယ်နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် စက္ခာယတနကနေ ရေတွက်ကြည့်လို့ရှင် မနာယတနခြောက်ခုမြောက် အာယတနမို့လို့ "ဆဋ္ဌာယတန" ခေါ်၏။ ဒီဘုံကြတော့ ဒီအာယတနတစ်ပါးတည်းရတယ်။ ကျန်တဲ့ဘုံတွေကြတော့ သဠာယတန, အဖျတ္တိက, အာယတန (၆) ပါး။ သဠာယတန ဗာဟိရာယတန (၆) ပါး၊ အာယတန (၁၂) ပါးရ၏။ ဒါ စာနယ်က သဘောလေးတွေ၊ စာသင်ဖူးကြားဖူး

http://www.dhammadownload.com

ရှိတဲ့ ပုဂ္ဂိုလ်များက ဒါလေးတွေ ခွဲခြားပြီးမှတ်ရမယ်။ ဒီတော့ ဒါအကျိုးအာယတနကောက်ပြတာ။

ဒီတော့မှ "သဋ္ဌာယတနပစ္စယာ ဖဿော" ဆိုတော့။ သဋ္ဌာယတနပစ္စယာ၊ သဋ္ဌာယတန တည်းဟူသောအကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏၊ ဆိုတော့။ အကြောင်းအာယတနကြတော့ အာယတနခြောက်ပါးစလုံး အကုန်ကောက်ပေါ့ကွယ်နော် (မှန်ပါတယ်ဆရာ)။ အာယတန (၁၂) ပါးလုံး အကုန်ကောက်၊ အတိုက်ဓာတ် အခံဓာတ်နဲ့ အတိုက်ဓာတ်က ခြောက်ပါး၊ အခံဓာတ်က ခြောက်ပါး။ ဘာပြုလို့လဲလို့ သူတို့နှစ်ခုတိုက်တော့ ဖဿဖြစ်မယ်။ ဒီနေရာလေးတွေ သေချာမှတ်ထား၊ တရားဆိုတာ ကိုယ်မှာဖြစ်တဲ့ သဘာဝလေးတွေ ချပြနေတော့၊ ဩော် ဒီအခန်းတွေက ငါတို့ကိုယ်ဖြစ်နေတဲ့ တရားသဘောတွေ အကျိုးအကြောင်းဆက်စပ်ပြီး ပြနေတာပါလားလို့ ဒီလိုမှတ်ရတယ်။ ဒါတွေက မိမိကိုယ် မိမိပြန်ကြည့်။

အကြည်ဓာတ်ခြောက်ပါး ဆိုတာ

(၁) စက္ခာယတန - မျက်စိ။
(၂) သောတာယတန - နား။
(၃) ဃာနာယတန - နှာခေါင်း။
(၄) ဇိဝှါယတန - လျှာ။
(၅) ကာယာယတန - ကိုယ်။
(၆) မနာယတန - စိတ်။

ဒါ အကြည်ဓာတ် (၆) ပါး မှန်ခြောက်ချပ်နော် (မှန်ပါတယ်ဆရာ)။ အခံဓာတ် (၆) ပါးလည်းခေါ်တယ်။ တို့ အာယတန(၁၂) ပါးတုန်းက သေချာပြခဲ့ပေါ့။

အပြင်အာယတနခေါ် အရိပ်ခြောက်ပါး ဆိုတာ

အဲဒီ မိမိအဇ္ဈတ္တသဏ္ဌာန် အမှန်အားဖြင့်ရှိနေတဲ့ တရားခြောက်ပါးလို့။ ဒီအကြည်ဓာတ် (၆) ပါး မှန်ခြောက်ချပ်။ ကမ္မဇဓာတ်မှာ အကြည်ခြောက်ပါးနဲ့ အပြင်အာယတန ခေါ်ထားတဲ့ အရိပ် (၆) ပါး အပြင်အာယတန, က -

(၁) ရူပါရုံ - အဆင်းရုပ်။
(၂) သဒ္ဒါရုံ - အသံရုပ်။

http://www.dhammadownload.com

(၃) ဂန္ဓာရုံ - အနံ့ရုပ်။

(၄) ရသာရုံ - ရသာရုပ်။

(၅) ဖောဋ္ဌဗ္ဗာရုံ - အတွေ့အထိရုပ်။

(၆) ဓမ္မာရုံ - သဘောတရားရုပ် သဘောတရား။

ပေါင်းလိုက်တော့ (၆) ခု နော် (မှန်ပါတယ်ဆရာ)။ အဲဒီ အာရုံ (၆)ပါးက အရိပ် (၆)ပါး၊ အပြင်အာယတန (၆) ပါးလည်း ခေါ်တယ်။ ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန, စက္ခုပသာဒဆိုတဲ့ အတွင်းအာယတန အကြည်မှန် လေးနဲ့ ရူပါရုံဆိုတဲ့ အပြင်အာယတန အရိပ်နဲ့ တိုက်လိုက်တယ်၊ အဆင်းနဲ့နော် တိုက်လိုက်တော့ဘာပေါ်လာတယ် (အမြင်စိတ်ကလေးပေါ်လာပါတယ်ဆရာ)။ အေး အမြင်စိတ်ကလေး ပေါ်လာတယ်။ သူတို့နှစ်ခု တိုက်မှ အမြင်စိတ်ကလေး ပေါ်လာတာ မဟုတ်လား (မှန်ပါတယ်ဆရာ)။ အမြင်စိတ်ကလေးပေါ်လာတယ်။ ဒီအမြင်စိတ်ကလေးတော့ ပါဠိလိုဘယ်နှယ်ခေါ်လဲ (စက္ခုဝိညာဏ်စိတ်ပါဆရာ)။ အေး စက္ခုဝိညာဏ်စိတ်မှတ် မိပြီလား (မှတ်မိပါ တယ်ဆရာ)။ စက္ခုဝိညာဏ်စိတ် မြင်သွားပြီပေါ့ (မြင်သွားပါပြီဆရာ)။ မြင်လိုက်တယ်။ ဒီတော့ မြင်လိုက်တဲ့ အချိန်ကလေးမှာ တရားဘယ်နှစ်ခုပေါင်းသွားလဲ (သုံးခုပေါင်းသွားပါတယ်ဆရာ)။ ဘယ်သူဘယ်သူတွေတုံး (စက္ခုရယ်၊ ရူပါရုံရယ်၊ စက္ခုဝိညာဏ်စိတ်ရယ်)။

အေး ဟုတ်ပြီ။ စက္ခုဆိုတဲ့ စက္ခုပသာဒ-အကြည်ရုပ်ကလေးရယ်၊ မြင်ကောင်းတယ် ဆိုတဲ့ ရူပါရုံအဆင်းရုပ် နှစ်ခု နော် (မှန်ပါတယ်ဆရာ)။ သူတို့နှစ်ခုတိုက်လိုက်တဲ့ အခါကျတော့ မြင်တယ်ဆိုတဲ့ စိတ်ကလေး မြစ်စိတ်ကလေး ပေါ်လာတယ်၊ သုံးခုမနေဘူးလား (သုံးခုပါဆရာ)။ အဲဒီ (၃) ခုပေါင်းတာဘာခေါ်လဲ။ (ဖဿပါဆရာ)။ ပါဠိက ဘယ်နှယ်ဆို (တိဏ္ဏံ သင်္ဂတိ ဖဿောပါဆရာ)။ ဟုတ်ပြီ။ "တိဏ္ဏံ သင်္ဂတိ ဖဿော" မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)။ ဒီတော့ မင်းတို့ ငါတို့မှာ ပဋိသန္ဓေခဏက စပြီးရလာတော့ "တစ်ဆယ်သတ္တာဟ"မြောက်တဲ့ အချိန်မှာ စက္ခုတို့, သောတတို့, ဃာနတို့, ဇိဝှါတို့, ကာယတို့, မနတို့ ဒီလိုအကြည်မှန် (၆)ချပ် ကမ္မဇဓာတ်မှန်လေးတွေပေါ်ထွက်လာ အခံအတိုက် (၆)ပါး စုံညီလို့ ဒီလိုနေရာကနေပြီးတော့ ကိုးလလွယ် ဆယ်လဖွားလို့ အမိဝမ်းရဲ့အပြင်ဘက် ရောက်တဲ့အချိန်က စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန, အကြည်ဓာတ် (၆) ပါး၊ အခံဓာတ် (၆) ပါး ရှိထား။ အပြင်အာယတန (၆) ပါး ကြည့်ပြန်တော့ မြင်ကောင်းတဲ့ အဆင်းတွေ၊ ကြားကောင်းတဲ့ အသံတွေ၊ နံကောင်းတဲ့ အနံ့တွေ၊ လျှာမှာ တွေ့ရှိကောင်းတဲ့ အရသာတွေ၊ ကိုယ်မှာ တွေ့ရှိကောင်းတဲ့ အတွေ့အထိတွေ၊ စိတ်ထဲမှာ ကြံစည်စဉ်းစားကောင်းတဲ့ သဘောတရားတွေလို့ အပြင်အာယတန (၆) ပါးလည်း အရုံသင့် မရှိလားကွယ် (ရှိပါတယ်ဆရာ)။ ဒီတော့ အတွင်းအာယတန အခံဓာတ်

http://www.dhammadownload.com

(၆)ပါးနဲ့ အပြင်အာယတန အတိုက်ဓာတ် (၆)ပါးဆိုတာ၊ အခံဓာတ်နဲ့ အတိုက်ဓာတ် တွေ့ကြပြီဆိုတော့ မတိုက်ဘူးလား (တိုက်ပါတယ်ဆရာ)။ မတိုက်ဘဲနဲ့ နေလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ မဖြစ်ဘူး။ မျက်စိဖွင့်လိုက်ရင် တိုက်ပေါ့နေဉာ် (မှန်ပါတယ်ဆရာ)။ နားဖွင့်လိုက်ရင် တိုက်ပေါ့၊ နှာခေါင်းဖွင့်လိုက်ရင် တိုက်ပေါ့၊ လျှာဖွင့်လိုက်ရင် တိုက်ပေါ့၊ ကိုယ်ကိုဖွင့်လိုက်ရင်လည်း တိုက်ပေါ့။ စိတ်ဓာတ်ကလေးက အမြဲကြံစည်စဉ်းစားပုံလေးတွေ။ အဲဒါလေးတွေ ကြပ်ကြပ်စဉ်းစား၊ လှစ်လှစ်, လှစ်လှစ်နဲ့ အမြဲဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် ဒီလိုသွားနေတယ်။ အဲဒါတရားတွေပဲ၊ အဲဒါလေးတွေဖမ်းရမယ်။ ဘယ့်နှယ့်လုပ်ဖမ်းမတုံး မေးစရာရှိတယ်။ "တိဏ္ဏံ သင်္ဂတိ ဖဿော" လို့ ဆိုလာတော့ -

မင်းတို့ ငါတို့တွေမှာ မျက်စိက မြင်ရင် မြင်တယ်လို့ မသိဘူးလား (သိပါတယ်ဆရာ)။ မြင်တယ်လို့ သိတော့ ဒီမြင်တယ်ဆိုတဲ့ မြင်စိတ်ကလေး ပေါ်လာကတည်းက ဘာတရားဖြစ်သွားပြီလဲ (ဖဿ ဖြစ်သွားပါပြီဆရာ)။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ မြင်တယ်ဆိုတော့ ဖဿ ဖြစ်မသွားဘူးလား (ဖြစ်သွား ပါတယ်ဆရာ)။ မမြင်ဘဲနဲ့ ဖဿဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)။ မြင်တော့ တရားသုံးခု ပေါင်းသွားတာပေါ့နေဉာ် (မှန်ပါတယ်ဆရာ)။

"စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။ "

ဒီပါဠိလေးတွေ ကျက်ထားကြစမ်းပါလို့ အလွန်ကောင်းပါတယ်။ ထပ်ပြန်တလဲလဲပြနေတယ်။ "စက္ခုံ စ ရူပေ စ ပဋိစ္စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော" တို့ ဖြစ်နေတဲ့တရားဟဲ့ ဒါလေးတွေသိရမယ်။ စက္ခုံ စ၊ စက္ခုပသာဒ အကြည်ရုပ်ကလေးကိုလည်းကောင်း။ ရူပေ စ၊ မြင်ကောင်းတယ်ဆိုတဲ့ ရူပါရုံ အဆင်းရုပ်ကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ မြင်သောစိတ်ကလေးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ စက္ခုပသာဒ, ရူပါရုံ, မြင်ကောင်းတဲ့စိတ် သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းသည်။ ဖဿော၊ ဖဿမည်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒါဖြင့် ဖဿဖြစ်တာ လူတိုင်း လူတိုင်း မသိဘူးလားကွယ် (သိပါတယ်ဆရာရဲ့)။ အလွယ်လေး မြင်ရင် ဖဿပေါ့။ ဒီလိုလား (မှန်ပါတယ်ဆရာ)။ ဖဿ ဖြစ်သွားပြီ မြင်တယ်ဆိုတဲ့ တရားသုံးခု ပေါင်းတယ်ဆိုတော့ သိတာမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ပေါင်းပုံ ပေါင်းနည်းလေး ကိုယ်က မူအားဖြင့် ခွဲထားရင် ဒါနားလည်ရမယ်။ ဒါဖြင့် ကြားလိုက်တော့ကောကွဲ့။ ကြားလိုက်တော့ကော (ကြားလည်း ဖဿဖြစ်တာပါပဲဆရာရဲ့)။ အေး ဖဿ ဖြစ်တယ်။ တရားသုံးခု ပေါင်းတာပဲလား (မှန်ပါတယ်ဆရာ)။ ဟုတ်ပြီ ဟုတ်ပြီ၊ အင်မတန် လွယ်ပါတယ်။ ဩော် ဖဿ ဒီလိုဖြစ်နေတာကိုး၊ အမိဝမ်းက

http://www.dhammadownload.com

မွေးဖွားတဲ့အချိန်ကစ မရုပ်မနား ဖဿတွေ ဖြစ်နေလိုက်တာ၊ မျက်စိက မြင်လိုက် ဖဿ ဖြစ်လိုက်။ နားကကြားလိုက် ဖဿ ဖြစ်လိုက်၊ နှာခေါင်းက နံလိုက် ဖဿ ဖြစ်လိုက်၊ လျှာက အရသာလေးနဲ့ တွေ့လိုက် ဖဿဖြစ်လိုက်၊ ကိုယ်ကထိလိုက် ဖဿဖြစ်လိုက်၊ စိတ်ထဲက ကြံစည်စဉ်းစားလိုက် ဖဿ ဖြစ်လိုက်။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဒါကြောင့် -

ဖဿခြောက်မျိုး

စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ၊ ဖဿာ (ခြောက်မျိုး) ပြမထားဘူးလား (ပြထားပါတယ်ဆရာ)။ အင်မတန် မှတ်စရာကောင်းတယ်။ သြော် - တို့ ဖဿတွေ ဒီလို ဖြစ်နေပါတယ်။ ဖဿတွေ ဒီလို ဖြစ်နေပါတယ်ဆိုတော့ ဖဿဖြစ်မိလို့ရှိရင် ဝေဒနာပါ သိတယ် နော် (မှန်ပါတယ်ဆရာ)။ ဖဿမိလို့ရှိရင် ဝေဒနာပါ သိတယ်တဲ့နော်။ ဘာပြုလို့တုံး၊ ဖဿဖြစ်ရင် ဝေဒနာကပ်လျက်သားပါနေတယ်။ ဒီတရားတွေက တစ်ပါတည်းဖြစ် ကောင်းတဲ့ တရားတွေ မဟုတ်ပါဘူးတဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဖဿဖြစ်ကရော။ နမူနာပုံစံလေးတွေ ကြည့်။ စက္ခုပသာဒ-အကြည်ရုပ်နဲ့ ရူပါရုံ-အဆင်းရုပ်နဲ့ တိုက်လိုက်ကြ၊ မြင်စိတ်ကလေး ပေါ်လာတယ်၊ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)။ အမြင်စိတ်ကလေး ပေါ်လာတော့ မြင်တယ်၊ မြင်တာကရုပ်လား, နာမ်လား (ရုပ်ပါပဲဆရာ)။ ဒီလောက် မိုက်လုံးကြီးတဲ့ပဲ ဟောဒီကောင်၊ မြင်တာလေ (နာမ်ပါဆရာ)။ တစ်ဖွဖွပြောနေတဲ့ မတ်တတ်ကနေပြီးတော့ မြင်စိတ်ကလေး ပေါ်လာတယ်ဆိုတော့ မြင်စိတ်ကလေးတွေ ဆိုထားတော့ နင်ရုပ်လို့ ပြောသေးလားဟ (မပြောပါဘူးဆရာ)။ အောင်မလေးဟဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။

မြင်တယ်ဆိုတာ ရုပ်လား, နာမ်လား (နာမ်တရားပါဆရာ)။ ကြားတာကော ရုပ်လား, နာမ်လား (နာမ်ပါပဲဆရာ)။ နံတာကကော ရုပ်လား, နာမ်လား (နာမ်ပါပဲဆရာ)။ စားတာကော ရုပ်လား, နာမ်လား (နာမ်ပါပဲဆရာ)။ ထိတာကော ရုပ်လား, နာမ်လား (နာမ်ပါပဲဆရာရဲ့)။ သိတာကော ရုပ်လား, နာမ်လား (နာမ်ပါပဲဆရာ)။ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ် အတိုက်မာတ် အခံမာတ်နှစ်ပါး အလယ်ကြားက ဝိညာဏမာတ် ခြောက်ပါး။ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)။ မာတ်တစ်ဆယ့်ရှစ်ပါး ပြတုန်းကလေ (မှန်ပါတယ်ဆရာ)။ ဒါကြောင့် မြင်တာက ရုပ်လား, နာမ်လား (နာမ်ပါဆရာ)။ ကြားတာက ရုပ်လား, နာမ်လား (နာမ်ပါပဲဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ နောက်တစ်ခါ မှားဦးမလား (မမှားတော့ပါဘူးဆရာ)။ ဝက်သားတုံး ဆွမ်းတော်ကပ်တဲ့ ကိုရင်လို ငါချပြအုံးမယ်။ မှတ်မိရဲ့လား (မှတ်မိပါ

http://www.dhammadownload.com

တယ်ဆရာ)။ စက္ခုပသာဒ-အကြည်ရုပ်လေးနဲ့ ရူပါရုံ အဆင်းရုပ်လေးနဲ့တိုက်၊ တိုက်တော့ ဘာဖြစ်တယ် (စက္ခုဝိညာဏ်-မြင်စိတ်ကလေး ပေါ်လာပါတယ်)။ ဩဘာ - မြင်စိတ်ကလေး ပေါ်လာတယ် မြင်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါသူများမေးစရာ တရားမဟုတ်ပါဘူးဟ။ နင့်ကိုယ်နင် လုပ်ကြည့်ပါလားလို့ မျက်စိစုံမှိတ်ထား၊ ရှေ့မှာ အနီရောင် ယပ်တောင်လေး တစ်ခုထောင်ထား၊ မင်းမျက်စိတည့်တည့် အနီရောင်ယပ်တောင်လေးတစ်ခုထောင်ထား၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ အနီရောင်ယပ်တောင်လေးက ဘာတုံး (ရုပ်တရားပါဆရာ)။ ဘာရုပ်တုံး (အဆင်းရုပ်ပါဆရာ)။ အေး - အဆင်းရုပ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ မြင်ကောင်းတယ်ပေါ့ (မှန်ပါတယ်ဆရာ)။ ဒါနဲ့ မင်းမျက်စိမှိတ်ထားတော့ မင်းမျက်စိနှစ်လုံး အလယ်ကောင်က သန်းဥခေါင်းမျှပမာဏရှိတဲ့ စက္ခုပသာဒ-အကြည်ရုပ်လေးမဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါလဲ ရုပ်ပေါ့ (ရုပ်ပါပဲဆရာ)။ မှတ်ထားနော်။ မှိတ်ထား မှိတ်ထား ငါဖွင့်လိုက်လို့ဆို ဖွင့်လိုက်ရောလား (ဖွင့်လိုက်ပါတယ်ဆရာ)။ ဘာမြင်ရတုံး (ယပ်တောင်အနီလေး မြင်ရပါတယ်ဆရာ)။ အနီလေး မြင်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ အဲ့ဒါ မြင်တာလေးက ရုပ်လား, နာမ်လားလို့မေးရင် (နာမ်တရားပါဆရာ)။ နာမ်တရား နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါကြောင့် -

သူ့ကို ဘာခေါ်လဲ (အဆင်းရုပ်ပါဆရာ)။ မဟုတ်ဘူး။ မြင်တာလေး မေးတာ (စက္ခုဝိညာဏ်စိတ်ပါဆရာ)။ အေး - နာမည်ကိုယ်က စက္ခုဝိညာဏ်စိတ် နားလည်လား (နားလည်ပါတယ်ဆရာ)။ မြင်စိတ်ကလေး ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ မင်း စက္ခုပသာဒ - အကြည်ရုပ်နဲ့ ယပ်တောင်က အနီရောင်လေး မတိုက်ခင်တုန်းက မင်းမြင်သလားဟ (မမြင်ပါဘူးဆရာ)။ မျက်စိစုံမှိတ်ထားတာ တိုက်ကို မတိုက်ရဘဲနော် (မှန်ပါတယ်ဆရာ)။ နောက်မျက်စိဖွင့်တော့ တိုက်တယ်ဟုတ်လား (တိုက်ပါတယ်ဆရာ)။ ရူပါရုံ အဆင်းရုပ်ကလေးက အနီရောင်လေးက လာတိုက်တယ်။ စက္ခုပသာဒ အကြည်ရုပ်လေးကို လာတိုက်လိုက်တော့ မင်းကမြင်တယ်။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ မြင်ပြီးမှ တစ်ခါသိတယ်။ ငါမြင်တာ အနီ, အဖြူ, ယပ်တောင်, လူ, ခွေး, ဝက်, ကြောင်, ဌက်, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ မြင်ကာမျှ'မတ္တ'လေးက မြင်စိတ်ကလေး ခေါ်တယ်။ မြင်ပြီးမှ အဓိပ္ပာယတ္ထ သိသွားတာက သိစိတ်ခေါ်တယ်။ ဒါကြောင့် မြင်သိစိတ်၊ သိမှ အဓိပ္ပာယ်ကုန်ဆုံးသွားတာ နားလည်လား (နားလည်ပါတယ်ဆရာ)။ မြင်တာလေး ကလည်း စိတ်ကလေးပဲ။ နောက်တစ်ခါ မြင်တဲ့ ရူပါရုံရဲ့ အဓိပ္ပာယ်လေးကို ပြတ်ပြတ်သားသား ပိုင်းခြားပြီး သိသွားတာလဲ စိတ်ပဲ နားလည်လား (မှန်ပါတယ်ဆရာ)။ စိတ်ကလေးက နှစ်ထပ်ဖြစ်တယ်။ မြင်စိတ်ကလေးက နှစ်ထပ်ဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

စက္ခုပသာဒနှင့်ရူပါရုံ တိုက်တိုက်ချင်း မြင်တယ်ဆိုတဲ့ စိတ်ကလေးက မြင်ကာမျှလေး မဟုတ်ဘူးလား (မြင်ကာမျှလေးပါဆရာ)။ မြင်တယ် အင်မတန် လျင်မြန်တယ်နော်၊ ဒီနေရာလေးမှာ အသိစိတ်ကလေးတွေ ဒက်ကနဲ တိုက်လိုက် မြင်လိုက်ပေါ့။ မြင်ကာမျှသာ ရှိသေး၏။ ဒါ အဖြူ, အနီ, အကြောင်, အကြား, ယပ်တောင်, လူ, ခွေး, အစရှိသည်အားဖြင့် မကွဲပြားသေးဘူးနော် (မှန်ပါတယ်ဆရာ)။ ပြီးတော့မှ နောက်တစ်ခါ သိစိတ်ကလေး တစ်ခါထပ်ပေါ်တယ်။ မြင်စိတ်ကလေးနောက်က ကပ်လျက်သား အသိစိတ်ကလေးက အနီပဲ၊ အဖြူပဲ၊ လူပဲ၊ ခွေးပဲ၊ နွားပဲ အဓိပ္ပာယတွေ ခြုံငုံသိသွားတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ စိတ်နှစ်ထပ်ကလေးတွေ သွားနေတယ်။ ဒါကြောင့် မြင်သိစိတ် အဓိပ္ပာယတွေသိသွားတာ၊ မြင်သိစိတ် မြင်ကာမျှလေးတော့ မြင်စိတ်ပေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ အဲဒီ မြင်စိတ်ကို စက္ခုဝိညာဏ်စိတ်လို့ခေါ်၏။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဒါဖြင့်ရင် စက္ခုပသာဒနဲ့ ရူပါရုံ တိုက်လိုက်တော့ သိရော, မြင်ရော။ မြင်စိတ်ကလေးပေါ်ရော မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ မြင်စိတ်ကလေး ပေါ်တော့ တရား(၃)ခု ပေါင်းမသွာ ဘူးလား (ပေါင်းသွားပါတယ်ဆရာ)။ တရား (၃) ခု ပေါင်းတော့ ဘာဖြစ်လဲ (ဖဿဖြစ်ပါတယ်ဆရာ) ဖဿဖြစ်တယ်၊ "တိဏ္ဏံ သင်္ဂတိ ဖဿော" တဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အင်မတန်ကို အသိခက်တဲ့ သဘောလေး။ အဲဒါ ပရမတ်ဆိုတာ ဒီလိုပဲ။ ပညတ်နယ်လိုတော့မလွယ်ဘူး။ ပရမတ်ဆိုတာ အင်မတန် အသိခက်တယ်။ အမှတ်ရလည်း ခက်တယ်။ ဒါပေမဲ့ လက်တွေ့အားဖြင့်, ကိုယ်တွေ့အားဖြင့် ဒီလိုထင်ရှားအောင် မိမိတို့ဉာဏ်အားဖြင့် ပြတ်သားသွားအောင် သင်ကြားပေးတော့ ကိုယ်ကိုယ်တိုင်လည်း ပြတ်သားနားလည်သွားတယ်နော် (မှန်ပါတယ်ဆရာ)။ လှစ်လှစ် လှစ်လှစ်နဲ့ဖြစ်နေတာ မျက်စိမျက်လုံး ဖြုန်းခနဲ ဖွင့်လိုက်၊ ဖွင့်လိုက်ရင် ဘာဖြစ်။ မြင်တယ်၊ မြင်တယ်၊ မြင်တယ်နဲ့ ဒီလိုနေတယ်နော် (မှန်ပါတယ်ဆရာ)။ မြင်သမျှ အရာဝတ္ထု အစုစုလေးတွေကို အဓိပ္ပာယတွေအားဖြင့် ပိုင်းခြားပြီး သိသွားတာက သိတယ်ဆိုတဲ့ မြင်သိစိတ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ မြင်သိ အခုတော့ မြင်တာနဲ့ သိတာ တစ်ထပ်တည်း မနေဘူးလားကွ (တစ်ထပ်တည်းနေပါတယ်)။ အဲဒါ အင်မတန် မြန်လို့နော် (မှန်ပါတယ်ဆရာ)။ မြင်တဲ့စိတ်ကလေးက တကန့်၊ သိတဲ့စိတ်ကလေးက တကန့်၊ ဒီလိုနေရမှာ မဟုတ်လား (မှန်ပါတယ်ဆရာ)။ မြင်မြင်ချင်း အဓိပ္ပာယတွေ ခြုံငုံပြီးသိတယ်၊ ဒီလိုမယူရဘူး။ ဘာလို့စိတ်ကိုကတစ်မျိုးဖြစ်တတ်တာ။ မြင်စိတ်, သိစိတ် ဒါကြောင့် ပေါင်းလိုက်တဲ့ အခါကျတော့ မြင်သိစိတ်နော် (မှန်ပါတယ်ဆရာ)။ စိတ်နှစ်လုံးထပ်နေတယ်။ ဒါကြောင့် -

စက္ခုရယ်၊ ရူပါရုံရယ်၊ စက္ခုဝိညာဏ်မြင်စိတ်ရယ် ပေါင်းလိုက်တော့ တရားသုံးပါးဖြစ်တယ်။ "တိဏ္ဏံ သင်္ဂတိ ဖဿော"။ ဩဉ်-လက်စသတ်တော့ ဖဿဆိုတာ ဒါကိုခေါ်တာနော် (မှန်ပါတယ်

http://www.dhammadownload.com

ဆရာ)။ ဒါဖြင့်ရင် ဖဿဟာ တို့မြင်လိုက်သည်နဲ့ တစ်ပြိုင်နက် ဖဿမှန်း သိရမယ်။ ဘာဖြစ်လို့ တရား (၃) ခု ပေါင်းလို့မြင်တာ နားလည်လား (နားလည်ပါတယ်ဆရာ)။ တရားသုံးခုမပေါင်းဘဲနဲ့ မြင်ပါ့မလား (မမြင်နိုင်ပါဘူးဆရာ)။ တရားသုံးခုပေါင်းမှ မြင်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)။ မြင်ရင်ဘာခေါ်မလဲ (ဖဿဖြစ်ပါတယ်)။ အေး - ဖဿဖြစ်တယ် ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။ "တိတ္ထံ သင်္ဂတိ ဖဿော" တိတ္ထံ၊ တရား (၃) ခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံပြီး မှီခြင်းသည်။ ဖဿော၊ ဖဿဖြစ်၏, ဖဿမည်၏။ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။ ဒါတွေတော့ ရှင်းသွားပြီလား (ရှင်းပါပြီဆရာရဲ့)။ အဲဒီ ဖဿက ဘယ်လောက်ထွက်လဲဆိုတော့ -

(၁) မျက်စိမှီဖြစ်တဲ့ ဖဿရယ်၊

(၂) နားမှီ ဖြစ်တဲ့ ဖဿရယ်၊

(၃) နှာခေါင်းမှီဖြစ်တဲ့ ဖဿရယ်၊

(၄) လျှာမှီဖြစ်တဲ့ ဖဿရယ်၊

(၅) ကိုယ်မှီဖြစ်တဲ့ ဖဿရယ်၊

(၆) စိတ်မှီဖြစ်တဲ့ ဖဿရယ်၊

ဆိုပြီး (၆) မျိုးထွက်လာတယ် မဟုတ်ဘူးလား (ခြောက်မျိုးထွက်လာပါတယ်ဆရာ) နောက် စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ၊ ဖဿ (၆)မျိုး ထွက်လာရော၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဖဿခြောက်မျိုးထွက်လာတော့ ဘာဖြစ်သလဲ၊ ဖဿဖြစ်ရင် ဝေဒနာဖြစ်တော့မှာပေါ့။ ရှောင်လို့ရပါအုံးမလား (မရပါဘူးဆရာ)။ မရဘူး။ ဖဿဖြစ်ရင် ဝေဒနာဖြစ်မှာပဲတဲ့။ ဝေဒနာဆိုတာ ဘာခေါ်တုံး (အာရုံ၏ အရသာခံစားတာပါဆရာ)။ အေး - အာရုံ၏ အရသာခံစားခါမျှလေး ရှိသေးတယ်နော် (မှန်ပါတယ်ဆရာ)။ "ဝေဒယိတ လက္ခဏာ-အာရုံ၏ အရသာ ခံစားတတ်တဲ့သဘောလေး။ ဒါကြောင့် "ဖဿပစ္စယာ ဝေဒနာ" ဖဿပစ္စယာ၊ တရား (၃)ခု ပေါင်းဆုံမိခြင်းကြောင့် ဖြစ်ပေါ်လာသော ဖဿကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿဖြစ်ရင် ဝေဒနာဖြစ်မှာပဲတဲ့။ ဘာဖြစ်လို့ ဖြည့်ကြည့်စမ်း၊ ဟုတ်လား မဟုတ်လားလို့။ စက္ခုပသာဒ-အကြည်ရုပ်ကလေးရယ်၊ ရူပါရုံရယ် သူတို့ချင်းတိုက် လိုက်တော့ မြင်ရော။ မြင်တော့ တရား (၃)ခု ပေါင်းတော့ ဖဿဖြစ်ကရော။ ဖဿဖြစ်လိုက်တော့ မြင်ရုံတင်မနေဘူး။ မြင်တဲ့ ရူပါရုံ အဆင်းရုပ်ကလေးရဲ့ သဘောအဓိပ္ပာယ်ကို ခြုံငုံသိတဲ့ အသိစိတ် ကလေးပါလာတယ်နော်

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)။ အသိစိတ်ကလေးပါလာတော့ ဒီမြင်တဲ့ ရူပါရုံ အဆင်းရုပ်ကလေးရဲ့ အရသာ ခံစားမှုဆိုတဲ့ သဘောကလေး၊ ဒီအာရုံအရသာလေး ခံစားမှုသဘောလေးပေါ်လာလို့ ခံစားလို့ကောင်း ရင်ကောင်းတယ်။ မကောင်းရင် မကောင်းဘူးလို့ ဒီရူပါရုံ အဆင်းရုပ်ပေါ်မှာ (၂)ခု ဖြစ်လာတယ်။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဝေဒနာသဘောလေးတွေ ခံစားလိုက်ပြီတဲ့ ခံစားပြီးမှ ကောင်းရင် ကောင်းတယ်၊ မကောင်းရင် မကောင်းဘူး ဒီလိုပေါ်လာတယ်။

အဲဒီ မြင်လိုက်တဲ့ တရား (၃)ခု ပေါင်းဆုံလို့ ဖဿကြောင့် ဖြစ်ပေါ်လာသော အာရုံ၏ အရသာ လေးကို ခံစားကာမျှသက်သက်ကလေးသည် ဝေဒနာခေါ်ပါ၏၊ နော် (မှန်ပါတယ်ဆရာ)။ ဝေဒနာ ဝေဒနာ သေချာမှတ်ကြနော်။ ဘာပြုလို့လဲဆိုတော့ ဝေဒနာ တချို့ကလဲပဲ အားကြီးဖိပြီးတော့ ရှုမြင်ပွား များအားထုတ် အလုပ်လုပ်။ ဝေဒနာကနေ ဖမ်းဟဲ့၊ ဝေဒနာကနေ ထွက်ဟဲ့။ တော်တော်ကြီးပဲ ကြိုးစား ပမ်းစားနဲ့ အားထုတ်အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေ တော်တော်များတယ်။ ဒါပေမယ့် အဲဒီဝေဒနာ ရဲ့အဓိပ္ပာယ် ဝေဒနာရှုပုံရှုနည်းကို ပြတ်ပြတ်သားသား နားမလည်ပြန်တော့ အားထုတ်ကိုးမနပ်ပြန်ဘူး တဲ့နော် (မှန်ပါတယ်ဆရာ)။ ဝေဒနာရဲ့ အဓိပ္ပာယ် လည်လည်ပတ်ပတ် ပြတ်ပြတ်သားသား ပရမတ် အားဖြင့် နားလည်တဲ့ပုဂ္ဂိုလ် အားထုတ်ပြန်တော့လဲပဲ သောတာပန် သကဒါဂါမ်တင် မကပါဘူးတဲ့။ အားထုတ်ရင်း မတ်တတ်ကနေပြီးတော့ လေးမင်္ဂ, လေးဖိုလ်ရလို့ အာသဝေါတရား ကုန်ခန်းတဲ့ ရဟန္တာ တောင် ဖြစ်နိုင်ပါတယ်တဲ့နော် (မှန်ပါတယ်ဆရာ)။ ရုပ်တရား နာမ်တရား နှစ်ပါးရှိတဲ့အနက်က မြတ်စွာဘုရားကိုယ်တော်မြတ် ရုပ်တရား ရှုမြင်ပွားများတဲ့ အားထုတ်တဲ့နည်း။ နာမ်တရား ရှုမြင်ပွားများ အားထုတ်တဲ့နည်း။ ရုပ်နာမ်နှစ်ပါးကို ရှုမြင်ပွားများ အားထုတ်တဲ့နည်းလို့ အသီးသီးအားဖြင့် ဝေဖန်ပြီး ဟောကြားတော်မူတဲ့အနက်က နာမ်တရား အားထုတ်ပုံ အားထုတ်နည်းအားဖြင့် ဟောကြားတော်မူ တဲ့ ဘာဝနာကမ္မဋ္ဌာန်းတရားတော်မှာ ဖဿလည်း ဟောရဲ့၊ ဝေဒနာလည်း ဟောရဲ့၊ ဝိညာဏ်လဲ ဟောရဲ့နော် (မှန်ပါတယ်ဆရာ)။ မြတ်စွာ ဘုရားကိုယ်တော်မြတ် နာမ်ကမ္မဋ္ဌာန်း ဟောတော့ ဖဿလဲ ဟောတာပဲ၊ ဝေဒနာလဲ ဟောတာပဲ၊ ဝိညာဏ်လဲ ဟောတာပဲတဲ့။ ရုပ်ကျတော့ မဟာဘုတ်လေးပါး အစထားလို့ ဥပါဒါန်ရုပ် (၂၄) ပါးပါထည့်လို့ (၂၈) ပါးသော ရုပ်တရား ရုပ်ကမ္မဋ္ဌာန်း အနေအားဖြင့် ဟောတယ်။ အဲဒီ ရုပ်နာမ်နှစ်ပါး ပြတ်ပြတ်သားသားနဲ့ ပရမတ်အားဖြင့် နားလည်သွားပြီ ဆိုမှဖြင့် ဒီရုပ်နာမ်နှစ်ပါးကိုပဲ "တီဏိ လက္ခဏာနိ အာရောပေတွာ" ဆိုထားတဲ့အတိုင်း အနိစ္စပဲ, ဒုက္ခပဲ, အနတ္တပဲ,လို့ လက္ခဏာကြီး(၃) ပါးနဲ့ ရှုမြင်ပွားများအားထုတ် အလုပ်လုပ်ပြီဆိုမှဖြင့်၊ လေးမင်္ဂ လေးဖိုလ်ရလို့ အာသဝေါတရား ကုန်ခန်း ရဟန္တာအစစ် ဖြစ်ပါတယ်လို့ သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာန ဝိဘင်္ဂသုတ်မှာ တိုက်ရိုက်လာတာရှိတယ်။ အဲဒါ ဘာဖြစ်လို့ အာသဝေါတရား ကုန်ခန်းတဲ့

http://www.dhammadownload.com

ရဟန္တာအဖြစ် ရောက်နိုင်တာလဲဆိုတော့ လာကတည်းက ရုပ်နာမ်၊ အခြေခံဖြင့်လာတာနော် (မှန်ပါတယ်ဆရာ)။ ဟော ဒါက ရုပ်၊ ဒါက နာမ်။ ရုပ်ဆိုတာ ဘယ်သဘောရှိလဲ၊ နာမ်ဆိုတာဘယ်သဘောရှိလဲ။ သဘာဝအားဖြင့် ဖြစ်ပေါ်တတ်တဲ့ အဓိပ္ပါယတ္ထလေးတွေ ပရမတ်အနေအားဖြင့် ပြတ်ပြတ်သားသား ဉာဏ်အားဖြင့် မြင်တဲ့သိတဲ့ ပုဂ္ဂိုလ်များရဲ့ လုပ်ငန်းတွေခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ ရုပ်လည်းတစ်လုံးမှမပြတ်သားဘူး၊ နာမ်လဲ တစ်လုံးမှ မပြတ်သားဘူး။ လုံးလုံးလဲနားမလည်ဘူး၊ စာထဲပေထဲ ဖတ်ဖူးတာပဲသိတယ်။ ရုပ်နာမ်လို့ ပြောသံ, ခေါ်သံ, ဟောသံ, ကြားဖူးတာပဲရှိတယ်။ ကိုယ်ပိုင်ဉာဏ်အနေအားဖြင့် ရုပ်တရား နာမ်တရား နှစ်ပါး ပိုင်းပိုင်းခြားခြား ပရမတ်အားဖြင့် ဘာမှအသိဉာဏ်မရှိဘူးဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်လောက်ပဲလုပ်လုပ် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့ မလွယ်ပါဘူးတဲ့။ ရနိုင်တယ်လို့လဲ မဟောပါဘူးတဲ့ နော် (မှန်ပါတယ် ဆရာ)၊ ဒါကြောင့် သမာဓိကောင်းကောင်းထား၊ သေသေချာချာလည်းစဉ်းစား။

တရားဆိုတာ ပြိုင်လည်းမပြိုင်ကောင်းဘူး၊ အနိုင်လည်းမယူကောင်းဘူး။ ဘာဖြစ်လို့ ကမ္မဋ္ဌာန်းနယ်ကလဲ မြတ်စွာဘုရားကိုယ်တော်မြတ်ဟောသွားတာ သမထနယ်က နော် (မှန်ပါတယ်ဆရာ)၊ ဝိပဿနာနယ်ကလည်း မြတ်စွာဘုရားကိုယ်တော်မြတ် ဟောသွားတာ၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ တရားချည်းပဲလို့၊ သမထနယ်က ဟောသွားတဲ့တရားလဲ ဘုရားကိုယ်တော်မြတ် ဟောသွားတာ မဖြစ်ဘူးလို့ မပြောရဘူး။ မဟုတ်ဘူးလို့ မပြောရဘူး။ ဖြစ်တယ် ဟုတ်တယ် ဆိုလို့ရှိရင် အားထုတ်ပါလားဆိုပြန်တော့ အားထုတ်တိုင်း ဖြစ်ချင်မှ ဖြစ်မှာတဲ့။ ဘာဖြစ်လို့ အားထုတ်ပုံ အားထုတ်နည်းကမဟုတ်လို့ရှိရင် ဖြစ်ကိုမဖြစ်နိုင်ဘူးနော် (မှန်ပါတယ်ဆရာ)။ အားထုတ်ပုံ အားထုတ်နည်းက နိဿယျဉ်းကျနမှ ဖြစ်နိုင်တယ်တဲ့။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ မလွယ်ဘူး သမထနယ်က စည်းကမ်းက အင်မတန်ကြီးတယ်။ ပုဂ္ဂိုလ်နဲ့စရိုက်နဲ့ ကိုက်အောင်လည်း ရွေးရ,ချယ်ရသေး။ ကမ္မဋ္ဌာန်းလေးဆယ် သမထလေးဆယ် ထင်ရာရမ်းပြီး လုပ်နေလို့ဖြစ်တာမဟုတ်ဘူး။ သူ့စရိုက်နဲ့ သူ့ကမ္မဋ္ဌာန်းလျော်မှ အဲဒါမှ တရားရတယ်ခေါ်တယ်။ ဒီလိုမှမဟုတ်ရင် ဘယ်တော့မှတရားမရဘူး။ ရမ်းလုပ်လို့ မဖြစ်ဘူးတဲ့။ အဲဒီတော့ ဝိပဿနာကမ္မဋ္ဌာန်းကြတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ရုပ်နာမ်နှစ်ပါးမူတည်ပြီးဟောထားတော့ ဒီရုပ်နာမ်နှစ်ပါးကို ပြတ်သားနားလည်အောင် ဆရာကောင်းထံမှ နည်းခံပြီးတော့ သင်ကြားရင် တတ်မြောက်လိမ့်မှာလာတော့ နားလည်တယ်။ ဒါရုပ်ပဲ, ဒါနာမ်ပဲ,လို့ ပရမတ်အားဖြင့် ပြတ်ပြတ်သားသားနားလည်၊ နားလည်တော့ဘာဖြစ်။ နားလည်တော့ အားထုတ်မှုရှိတာပေါ့တဲ့။ အားထုတ်တော့ ဘယ့်နယ့်လုပ်ရမလဲ။ ဘာဝနာဆိုတာပွားများပါတဲ့။ ဉာဏ်နဲ့ပွားများပါတဲ့။ ဘာပွားများရမှာလဲ ရုပ်နာမ်နှစ်ပါး မမြဲတဲ့သဘော ဆင်းရဲတဲ့သဘော အစိုးမရတဲ့သဘော

http://www.dhammadownload.com

အနိစ္စ, ဒုက္ခ, အနတ္တ,ဆိုတဲ့ လက္ခဏာရေး (၃) ပါး မူချရတယ်။ ဒါကြောင့် ဒို့လက္ခဏာ ရေး(၃)ပါး ပြစဉ်အခါတုန်းက နိဒါန်းတစ်ခါဟောခဲ့တယ်။

"တန္ဒိဒါနမုခေန သဗ္ဗဒုက္ခနိယျာနိကဓမ္မဒေသနာ"လို့ အဘာဘုရားကိုယ်တော်တိုင်အားဖြင့် သတ္တဝါများ သံသရာဝဋ်အတွင်းက လွတ်ကင်းအောင် ကယ်မတော်မူမယ်ဆိုတဲ့ နေရာမှာ ဘယ်တရား ကိုအားထားလို့ ယုံကြည်တဲ့အနေအားဖြင့် သတ္တဝါများ ကယ်မယ်လို့ မေးတော်မူတဲ့အခါကျတော့ ဘုရားကိုယ်တော်မြတ် မိန့်ကြားတဲ့စကားလို "တန္ဒိဒါနမုခေန သဗ္ဗဒုက္ခ နိယျာနိကဓမ္မဒေသနာ" လို့ ဆိုထားတယ်။ အနိစ္စ, ဒုက္ခ, အနတ္တ, ခေါ်ထားတဲ့ လက္ခဏာကြီး (၃) ပါး အမှုထား၍၊ ငါဘုရား ကိုယ်တော်မြတ်ရဲ့ တရားဒေသနာတော်မြတ်ကို၊ ဟောပြောပြသ ဆုံးမတော်မူ ခြင်းသည်၊ ဝေနေယျ သတ္တဝါများ ကျွတ်ရာကျွတ်ကြောင်း၊ လွတ်ရာလွတ်ကြောင်း၊ ကျွတ်နိုင် လွတ်နိုင်တယ်လို့၊ ဒီလိုဆိုသွားတော့ အနိစ္စ, ဒုက္ခ, အနတ္တ,ဆိုတဲ့ လက္ခဏာကြီး (၃) ပါးဟာ အကြီးအမှူးဦးစီးနာယက တရားခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ ဒီတော့ ဝိပဿနာလမ်းက ဒီလိုသွားတယ်။ ဒီတော့ ဝိပဿနာလမ်းက ဒီလိုသွားတော့ တိုက်ရိုက်ပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရလားဆိုတော့ ရတယ်။ ဘာဖြစ်လို့ ပရမတ်အမြင်နဲ့ သွားနေတာ။ အာရုံကိုက ပရမတ်အာရုံပြုတာ။ သမထဆိုတာကတော့ ပညတ်အာရုံပြုတာ ခေါ်တယ်။ လာကတည်းက မရှိတာ အာရုံပြုထားတာ။ ပညတ်တရားဆိုတာ ရှိလား မရှိဘူးလားဟ (မရှိတဲ့တရား ပါဆရာ)။ အေး မရှိတဲ့တရား။ ဒါပေမယ့် သမထက အာရုံပြုထဲက ပညတ်အာရုံပြုရတယ် နော် (မှန်ပါတယ်ဆရာ)။ မှတ်ထားနော် သေချာ။ နောက်နားကလည်း ငါတစ်ခါပြောခဲ့တယ်။ ရှင်းပေးခဲ့ပြီ။

သမထ လေးဆယ် ဘယ်နယ်က အားထုတ် အားထုတ် "ယောဂါဝစရ" အာရုံပြုတာ ဘာအာရုံပြုတုံး၊ ပညတ်ကို အာရုံပြုပါ၏။ နိမိတ်တဲ့, အရိပ်တဲ့, သဏ္ဌာန်တဲ့, အဆင်းတဲ့နော် (မှန်ပါတယ်ဆရာ)။ ဒါတွေ အာရုံပြုနေရတယ်။ ပညတ်ကို အာရုံပြု၏ သမထ။ ဝိပဿနာသည် ပရမတ်ကို အာရုံပြု၏။ ပရမတ်ဆိုတာ ရှိတဲ့တရားလား, မရှိတဲ့တရားလား (ရှိတဲ့တရားပါဆရာ)။ အေး-တကယ်ရှိတဲ့ ပရမတ်အစစ်ဆိုတဲ့ တရားကို အာရုံပြုလာတဲ့တရားက စ,မူတည်လာထဲက အမှန်နဲ့လာတယ် နော် (မှန်ပါတယ်ဆရာ)။ အမှန်ကို အာရုံပြု၍လာသော တရားဖြစ်တယ်တဲ့။ သမထကတော့ ပညတ်ကို အာရုံပြု၍လာသော တရားဆိုတော့ မမှန်တာ အာရုံပြုလာတဲ့ တရားဖြစ်တယ်။ ဒါပေမယ့် တို့ဘုရားက ဘယ်နှယ့်မမှန်တဲ့တရား အာရုံပြုခိုင်းပါလိမ့်။ ဒါပေမယ့် သူနယ်နဲ့သူတဲ့။ ဒီပုဂ္ဂိုလ်ရဲ့ ဉာဏ်ကွန်ဒြေ သေးနုံ့ပုံနဲ့ ဒီပုဂ္ဂိုလ်ရဲ့ စရိုက်ကြမ်းတမ်းပုံစာလို့ရှိရင် မရှိသောပညတ်ကိုပဲ အာရုံပြုပြီးတော့ ယဉ်ကျေးမှု လေးရအောင် နွားဆိုးလေး ကြိုးချည်ပြီးထားသလိုတဲ့။ သမာဓိအရင် ထူထောင်ရမယ်တဲ့၊ ဒီလိုလာတာ နော် (မှန်ပါတယ်ဆရာ)။ ဒါနဲ့ သမထတရားဟာ တခြားမဟုတ်ဘူး၊ နွားဆိုးကြိုးချည်တဲ့နည်းခေါ်တယ်။

http://www.dhammadownload.com

ဒါဟာ ဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတဲ့ ဒေသနာတော် ရှိပါတယ်။ ဆိုးပေ့ဆိုတဲ့ နွားလေးတွေကို နိုင်ချင်တော့ ဘယ့်နှယ့်လုပ်ထားတုံး (ကြိုးနဲ့ချည်ထားပါတယ်ဆရာ)။ အေး သူတစ်ပါး အခင်းတွေ ဖျက်သေးလား။ (မဖျက်တော့ပါဘူးဆရာ)၊ သူတစ်ပါး အတိုင်အတောခံရသေးလား (မခံရတော့ပါဘူး ဆရာ)။ ကြိုးခိုင်ခိုင်နဲ့ ချည်တိုင်ချည်ထားလို့ နော်။ နွားဆိုးလေး အခုလဲ ဒီလိုပဲတဲ့။ လူများဟာ ပုထုဇဉ်သတ္တဝါများဟာ စရိုက်တွေ အင်မတန်ကြမ်းတော့၊ စရိုက်တွေ အင်မတန်ကြမ်း အားကြီးတော့ ဒီစရိုက်တွေ ယဉ်ကျေးမှုလေးရပါစေဆိုတဲ့ အနေအားဖြင့် မှတ်စရာလေး အလုပ်တစ်ခု ပေးတယ်။ ဘုရားကိုယ်တော်မြတ်က သမထလေးဆယ် ခေါ်တယ်။ နည်းပေါင်းလေးဆယ်နဲ့ ချပေးတာ။ ကိုယ်ကြိုက်တဲ့နည်းလေးနဲ့ ကိုယ်လုပ်နေ။ စိတ်ကလေးထိန်းထား။ စိတ်ကလေး တခြားမသွားစေနဲ့။ ငါပြတာလေး ကြည့်နေ။ အဓိပ္ပာယ်လေး နားလည်အောင် ပထဝီကသိုဏ်းစီးဖြန်းတဲ့ ပုဂ္ဂိုလ်လဲ ပထဝီမြေဝိုင်းလေး၊ စည်မျက်နှာပြင်လေးလို ညီနေအောင်၊ ချောနေအောင် စကောဝိုင်း ပမာဏ၊ အငယ်ဆုံးက စကောဝိုင်း၊ ကြီးလာရင် ကောက်တလင်းနယ်တဲ့ တလင်းဝိုင်းလေးပမာဏနော် (မှန်ပါတယ်ဆရာ)။ အဲ့ဒီလောက် မြေကို သန့်သန့်ရှင်းရှင်းနဲ့ စည်မျက်နှာပြင်လေးလို ညီနေအောင် ချောနေအောင် လုပ်ပြီးတော့ အဲ့ဒါလေးကြည့်နေလို့၊ ပမာအားဖြင့် စကောဝိုင်းပမာဏရှိတဲ့ မြေပြင်လေး။ ဒါကြည့်နေ စိတ်ကလေး တခြားမထွက်စေနဲ့။ မျက်စိတခြားမသွားစေနဲ့။ ကြည့် သေသေချာချာ-

"ပထဝီမဏ္ဍလံ၊ ပထဝီမဏ္ဍလံ၊ ပထဝီမဏ္ဍလံ" ဒီလိုပဲ ပွားများနေရတယ်၊ စိတ်ကလေးကလဲ ဒီအဝိုင်းလေးထဲထည့်ထား ဒီမြေဝိုင်းလေးကို စိုက်ကြည့်ပြီးတော့ "ပထဝီမဏ္ဍလံ၊ ပထဝီမဏ္ဍလံ ပထဝီမဏ္ဍလံ"၊ မြန်မာလိုပြန်တော့ "မြေဝိုင်းလေး, မြေဝိုင်းလေး, မြေဝိုင်းလေး"။ ဒီလိုလုပ်နေနော် (မှန်ပါတယ်ဆရာ)။ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။ ဒါ ပထဝီ ကသိုဏ်းစီးဖြန်းတဲ့ ပုဂ္ဂိုလ်နော် (မှန်ပါတယ်ဆရာ)။ နမူနာလေး နမူနာလေး။ အဲ့ဒါ သမထကမ္မဋ္ဌာန်း လေးဆယ်က ဒီအတိုင်းသွားတာ။ သူမျိုးနဲ့သူနည်းနဲ့ သူသွားတယ်။ ပုံစံလေး ကြည့် "ပထဝီမဏ္ဍလံ ပထဝီမဏ္ဍလံ ပထဝီမဏ္ဍလံ" နဲ့ "မြေဝိုင်းလေး မြေဝိုင်းလေး မြေဝိုင်းလေး"။ ဒီလိုချည်းလုပ်နေတော့ ဒါပေမဲ့ လုပ်တာတော့ ပါးစပ်က "မြေဝိုင်းလေး မြေဝိုင်းလေး"သာ ဆိုနေတာ စိတ်က ဝိုင်းလေးအပြင်ဘက်ထွက်သွားလိုက်၊ အိမ်ပြန်ရောက်လိုက် ဖြစ်နေတယ်နော် (မှန်ပါတယ်ဆရာ)။ ဟိုမြို့ ဒီမြို့ ရောက်သွားလိုက်။ မျက်စိလေးကလည်း တော်ကြာ မြေဝိုင်းလေးအပြင်ဘက် ထွက်သွားလိုက်၊ ဘေးနား, ဘီနားကြည့်လိုက်၊ ဟိုရှေ့လှမ်းကြည့်လိုက်၊ တောင်ဖက်ကြည့်လိုက်၊ မြောက်ဖက်ကြည့် လိုက်၊ မြေဝိုင်းလေးပေါ် စိတ်က မတည်သေးဘဲကိုး နော် (မှန်ပါတယ်ဆရာ)။ နောက်တော့ ကျင့်ပေး ကျင့်ပေး ဘုရားကိုယ်တော်မြတ်က မြေဝိုင်းလေး အာရုံပြု၊ မြေဝိုင်းလေး အာရုံပြုဆိုတော့ မြေဝိုင်းလေး ထပ်ပြန်တလဲလဲ တစ်နေ့ထက်တစ်နေ့ တစ်နေ့ထက်

http://www.dhammadownload.com

တစ်နေ့ အာရုံပြုပါများများ, များများလာတော့ သူမျက်စိလဲ မြေဝိုင်းလေး အပြင်ဖက်ထွက်မကြည့်တော့ဘူး။ မြေဝိုင်းလေးအတွင်းမှာပဲ မျက်စိရှိတော့တယ်နော် (မှန်ပါတယ်ဆရာ)။ စိတ်ကလေးကလဲ ဘယ့်နှယ့်ဖြစ်လဲဆိုတော့ မြေဝိုင်းလေးပေါ် တည့်တည့်လေးရောက်၊ မျက်စိလေးကလဲ မြေဝိုင်းလေးပေါ်မှာ၊ စိတ်ကလေးကလဲ မြေဝိုင်းလေးပေါ်မှာ အပြင်မထွက်တော့ဘူးမဟုတ်လား (မှန်ပါတယ်ဆရာ)။ စိတ်ကလေး တည်မသွားဘူးလား (တည်သွားပါတယ်ဆရာ)။

စောစောတုန်းကတော့ မြေဝိုင်းလေး ကြည့်သာနေတယ် ကာမစ္ဆန္ဒနီဝရဏာ၊ ဗျာပါဒနီဝရဏာ အစရှိတဲ့ တရားတွေက ဝင်ဝင်လာတယ်။ လွတ်သွားလိုက် တော်ကြာဝင်လာလိုက်၊ တော်ကြာဖျောက်ပစ်လိုက်၊ ဝင်လာလိုက်၊ တော်ကြာလွတ်သွားလိုက်။ ဒီလိုဖြစ်တယ်။ နောက်တော့ ဘယ့်နှယ့်ဖြစ်လဲ။ ကျင့်ပါများတော့ မြေဝိုင်းလေးကိုချည်း အာရုံကစွဲပြီးနေတော့ မြေဝိုင်းလေးထဲမှာ စိတ်ရှိတယ်။ စိတ်တခြားမသွားဘူးနော် (မှန်ပါတယ်ဆရာ)။ ခုနပြောတဲ့ စိတ်တခြားမသွားလို့ မြေဝိုင်းလေးထဲ စိတ်ကစွဲလန်းလာတဲ့ အခါကျတော့ ကာမစ္ဆန္ဒနီဝရဏာ၊ ဗျာပါဒနီဝရဏာတို့ ရှိသေးလား (မရှိတော့ပါဘူးဆရာ)။ စိတ်ကူးယဉ်တွေ ပေါ်သေးလား (မပေါ်တော့ပါဘူးဆရာ)။ မြေဝိုင်းအပြင်ဖက် ထွက်သွားသေးလား (မထွက်တော့ပါဘူးဆရာ)။ ဟိုအိမ်ဒီအိမ် ရောက်သေးလား (မရောက်တော့ပါဘူးဆရာ)။ စိတ်ကလေး မရောက်တော့ဘူးပေါ့ (မရောက်တော့ပါဘူးဆရာ)။ မြေဝိုင်းလေးပေါ် တည်နေတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။ အေး - အဲဒါ သမာဓိခေါ်တယ်။ ခုန နွားဆိုးလေး ကြိုးချည်တာနဲ့ မတူဘူးလား (အတူတူပါပဲဆရာ)။ အေး - ချည်ထားပြီတဲ့နော် (မှန်ပါတယ်ဆရာ)။ အဲဒါ တစ်စတစ်စနဲ့ ပရိကမ္မနိမိတ်တို့၊ ဥဂ္ဂဟနိမိတ်တို့ တစ်စတစ်စ တက်တက်၊ တက်တက်လာပြီး သမာဓိကြီးထွားလာတော့ သမာဓိခိုင်ပြီဆိုတော့ အဲဒီတော့မှ ဝိပဿနာခန်း ပြောင်းရမယ်နော် (မှန်ပါတယ်ဆရာ)။

သမာဓိနည်းတာ မဟုတ်ပါဘူး။ ဥဂ္ဂဟနိမိတ်တို့, ပရိဘာဂနိမိတ်တို့, ဒီနိမိတ်တွေ အဆင့်ဆင့်ရသွားပေါ့။ နောက်တော့ "အပ္ပနာသမာဓိ"အထိပေါ့။ ခိုင်မြဲသွားပြီ။ ကမ္မဋ္ဌာန်းခွါလို့ရပြီ။နောက်တော့ သမာဓိကြီးထွားလာတဲ့အခါကြတော့ မြေဝိုင်းလေး မကြည့်ဘဲနဲ့ မျက်နှာတခြား လွှဲပြီးတော့ မြေဝိုင်းလေး စိတ်ထဲကြည့်လိုက်လို့ မြေဝိုင်းလေးအတိုင်း ကြည့်နေပြီးသကဲ့သို့ မြင်လာတယ် နော် (မှန်ပါတယ်ဆရာ)။ နိမိတ်နဲ့ ခွါလို့ရပြီတဲ့။ ကသိဏ်းဝိုင်းနဲ့ ခွါလို့ရပြီတဲ့။ သူသမာဓိ မကောင်းဘူးလားကွာ (ကောင်းပါတယ်ဆရာ)။ အေး - အဲဒီလို သမာဓိတွေ ကြီးထွားလာတဲ့အခါကြတော့မှ တစ်မင်္ဂတစ်ဖိုလ် လိုချင်ပါတယ်ဆိုရင် ဒီကျမှ ဝိပဿနာဘက်ပြောင်းရတယ်။ သမာဓိ ကောင်းသွားပြီ၊ စိတ်ယဉ်ကျေးသွားပြီ၊ လိမ္မာသွားပြီ။ နွားဆိုးလေး ကြိုးချည်ပါများတော့ ယဉ်ကျေးသွားပြီ။ နောက် မရုန်းမကန်တော့ဘူးတဲ့။ ကြိုးလွှတ်ချင်လွှတ်တော့တဲ့နော် (မှန်ပါတယ်ဆရာ)။ ဒီဥပမာလိုပဲ ခုလဲ ကသိဏ်းဝိုင်း ခွါချင်ခွါတော့တဲ့။

http://www.dhammadownload.com

သူ့သမာဓိကောင်းသွားပြီ။ စိတ်ရိုင်း စိတ်ယုတ်တွေ မရှိတော့ဘူးလို့။ အဲ့ဒီလို စိတ်ရိုင်းစိတ်ယုတ်၊ စရိုက်ယုတ်ရှိတဲ့ ပုဂ္ဂိုလ်များကို ရှေးဦးမဆွ တရားစစ် တရားမှန်မပြခင် ယဉ်ကျေးမှုရအောင် ခိုင်းတဲ့လမ်း ခေါ်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ခိုင်းထားတဲ့လမ်းတဲ့။

နောက်တော့ တစ်မဂ် တစ်ဖိုလ်လိုချင်တော့ ဝိပဿနာဘက် ပြောင်းရတယ်။ ဆရာလုပ်တဲ့ ပုဂ္ဂိုလ်က ပြောင်းပေးရတယ်။ ဒါရုပ်၊ ဒါနာမ်၊ ဒါခန္ဓာ၊ ဒါအာယတနနော် (မှန်ပါတယ်ဆရာ)။ နဂိုက သမာဓိကြီးထွားပြီးသား ပုဂ္ဂိုလ်၊ သမာဓိရင့်ကျက်ပြီးသား ပုဂ္ဂိုလ်ဆိုတော့ သင်လိုက် ကြားလိုက် တတ်မြောက်လိမ္မလာတဲ့အခါကျတော့၊ ကိုင်း - ရုပ်, နာမ်, ခန္ဓာ, အာယတန, သိရင်၊ အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာကြီး (၃)ပါးနဲ့ ပွားများစမ်းဆိုတော့ နဂိုက သမာဓိက အခံကောင်းလာတော့ သူက တည်ငြိမ်မှုကရပြီးသားဖြစ်တယ်နော် (မှန်ပါတယ်ဆရာ)။ အဲဒါ ပွားများလိုက်ရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် အမှန်ရနိုင်တယ်လို့ ဒီလိုသွားကြတယ်မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သမထနယ်က ပညတ်ကို အာရုံပြုရတယ်ဆိုတဲ့ သဘောလေး သေသေချာချာကြည့်။ ပထမခိုင်းစဉ် အခါထဲက စကောဝိုင်းပမာဏရှိတဲ့ မြေတလင်းလေး ပြောင်အောင် ကြည့်ပြီးတော့ "ပထဝီမဏ္ဍလံ ပထဝီမဏ္ဍလံ ပထဝီမဏ္ဍလံ" "မြေဝိုင်း, မြေဝိုင်း, မြေဝိုင်း"နဲ့ စိတ်ထဲမှာ စွဲမြဲထင်ရှားလာအောင် အကြည့်ခိုင်းစဉ် အခါထဲက သေချာစဉ်းစားစမ်း။ ပရမတ်သဘောနဲ့ကြည့်ရင် မြေဝိုင်းရှိရဲ့လားဟ (မရှိပါဘူးဆရာ)။ အဝိုင်းရှိရဲ့လား (မရှိပါဘူးဆရာ)။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ပရမတ်ပုံစံ သဏ္ဌာန်မရှိပါဘူး နော် (မှန်ပါတယ်ဆရာ)။ ပရမတ်ပုံစံသဏ္ဌာန် မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ သဏ္ဌာနပညတ်၊ အမှန်က မြေဝိုင်း ဆိုတာ ပညတ် နားလည်လား (နားလည်ပါတယ်ဆရာ)။ မြေဝိုင်းဆိုတာ ပညတ်၊ မြေဝိုင်းရှိကောင်းရဲ့လား (မရှိကောင်းပါဘူးဆရာ)။ မရှိသော ပညတ်တရား အာရုံပြုခိုင်းတာ ဟုတ်ရဲ့ လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မြေဝိုင်းရှိနေကာမျှတော့ သမာဓိက မိုးထိအောင် ရောက်သွားပြီးတော့ တမဂ် တဖိုလ် မရနိုင်ဘူး၊ လိုချင်တော့ မြေဝိုင်းကသိုဏ်းပညတ်ဖြုတ်ပြီးတော့ သမာဓိကြီးထွားတဲ့အချိန် ဝိပဿနာ ဘက် ပြောင်းရတယ် နော် (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ကောင်းပါပြီ။ အစ,ပထမကတည်းက အဲ့ဒီလို မြေဝိုင်းတည်းဟူသော "ပထဝီကသိဏံ" ခေါ်ထားတဲ့ ပထဝီကသိုဏ်းကို မပွားများဘဲနဲ့ တမဂ် တဖိုလ် လိုချင်လို့ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်,ဆိုတဲ့ သဘာဝတွေကို ဆရာထံ နည်းခံသင်ကြားတတ် မြောက် အလွယ်တကူနဲ့ ပေါက်ရောက်တော့ ဒီတရားကို ပွားများအားထုတ်လိုက်ရင် တစ်မဂ် တစ်ဖိုလ် မရဘူးလားဟ (ရပါတယ်ဆရာ)။ ရတယ်မဟုတ်လား (ရပါတယ်ဆရာ)။ ရလည်း ဟို ပထဝီကသိုဏ်း ဘာလုပ်စရာလိုသေးလဲ (မလိုပါဘူးဆရာ)။ အချိန်သာကုန်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

အဲဒီ "မြေဝိုင်း မြေဝိုင်း မြေဝိုင်း"နဲ့ စီးဖြန်းနေရင်းများ လေသင်တုံးဖြတ် သေသွားရင်တော့ သွားရှာမယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ သွားရှာရောတဲ့၊ တစ်ဘဝဆုံးပြန်ပေါ့။ တစ်သာသနာဆုံးပြန်ပေါ့။ ဘယ်ဘဝသွားမှန်းလဲ မသိဘူးနော် (မှန်ပါတယ်ဆရာ)။ ဘဝသံသရာကြီး ထောက်ရာ မှီရာလေးမှ မရဘူး။ ဘဝကူးကောင်းအောင်လေးမှ မမီလိုက်ကြဘူး၊ ကြည့် -

စပထမ မူတည်လာကတည်းက ဒါရုပ်, နာမ်, ခန္ဓာ, အာယတန, ပရမတ်, ပညတ်,လို့ သင်ကြား တတ်မြောက်တဲ့ပုဂ္ဂိုလ် ဘာမင်္ဂလာမှ မရဘူးထား။ ရုပ်နဲ့နာမ် ပြတ်သားလို့ နားလည်သွားရင်လည်းပဲ ဝိဇ္ဇာဉာဏ်ရသွားပြီတဲ့ မရဘူးလား (ရပါတယ်ဆရာ)။ သေပါစေတော့တဲ့။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရရင်တော့ သေပါစေတော့တဲ့။ ဘာဖြစ်လို့ သူဝိဇ္ဇာမျိုးစေ့ပါသွားပြီတဲ့။ ဒုတိယဘဝ သူသောတာပန်သကဒါဂါမ်အမှန်ဖြစ်မဲ့ ပုဂ္ဂိုလ်လို့ အပါယ်ဘေးက လွတ်မသွားဘူးလား (လွတ်သွားပါတယ်ဆရာ)။ လွတ်ရုံတင်မကဘူး ဒုတိယဘဝ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရမယ်မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အဲဒါ ဝိဇ္ဇာဉာဏ်ခေါ်တယ်။ အဲ့ဒါ ပညာလမ်းခေါ်တယ်။ လုပ်နေရင်း, သင်နေရင်း, ကြားနေရင်း ရုတ်တရက်အနေအားဖြင့် နော် (မှန်ပါတယ်ဆရာ)။ စ, ပထမမူတည်မူတည်ချင်း သူမှာ ယုံကြည်စိတ်ချ လောက်တဲ့ လက်မှတ်ကောင်းတစ်ခု ရသွားပြီ၊ မရဘူးလား (ရပါတယ်ဆရာ)။ လမ်းချင်းက ဒီလိုကွာတယ်။ ဘာဖြစ်လို့တုံး၊ သူက မူလလာကတည်းက ဒါရုပ်, ဒါနာမ်လို့ သင်စဉ် အခါထဲက သူကပရမတ် အာရုံပြုလာတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ မုချဆတ်ဆတ် အထင်အရှားရှိတဲ့ သဘောတရားတည်းဟူသော ပရမတ်ကို အာရုံပြုလာတဲ့တရားတဲ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံး တိုက်ရိုက်အားဖြင့်ရစေတတ်တဲ့ တရားစစ်တရားမှန်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။ စလာထဲက ပရမတ်အာရုံပြုတာ နော် (မှန်ပါတယ်ဆရာ)။ မြန်မာလိုပြောတော့ တကယ်ရှိတဲ့တရား အာရုံပြုလာတာတဲ့။ အမှန်မနေ ဘူးလား (အမှန်ပါဆရာ)။ အဲဒါကြောင့် လုပ်ငန်းစဉ် စဝင်ဝင်ချင်း အသေချင်းနဲ့ အတူထား၊ ဘယ်သူကရှုး၊ ဘယ်သူကမြတ်လဲ ပရမတ် သမားကမြတ်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)။ သမထသမားက ရှုးသွားတာရှားတယ် နော် (မှန်ပါတယ်ဆရာ)။ အဲဒါ ဘာဖြစ်လို့ မုချဆတ်ဆတ် သဘောအားဖြင့် အထင်အရှားရှိတဲ့ တရားကို လေ့လာပွားများ သင်ကြားတဲ့ ပုဂ္ဂိုလ်မို့လို့တဲ့။ တရားသဘောတရားကဆောင်သွားတာ။

ဒါကြောင့် ဒီနေရာမှာ သေသေချာချာကြည့်။ "ဖဿပစ္စယာ ဝေဒနာ"လို့၊ "တိဏ္ဏံ သင်္ဂတိ ဖဿော" တရားသုံးခု ပေါင်းတော့ ဖဿဖြစ်၊ ဖဿဖြစ်ရင် ဝေဒနာကဖြစ်ကြတော့မှာ၊ ဒါဖြင့် တရားသုံးခု ပေါင်းလိုက်တယ်ဆိုရင် မြင်ပေါ့, ကြားပေါ့, နံပေါ့, စားပေါ့, ထိပေါ့, သိပေါ့, စည်းစိမ် (၆) ပါးပေါ်နေတယ်။ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)။ ဒါ မင်းတို့ ငါတို့ နေ့စဉ်နဲ့အမျှ ဖြစ်နေတဲ့တရားတွေ။

http://www.dhammadownload.com

မျက်စိက မြင်လိုက် သိလိုက်၊ နားကကြားလိုက် သိလိုက်၊ နှာခေါင်းက နံလိုက် သိလိုက်၊ လျှာက လျှက်လိုက် သိလိုက်၊ ကိုယ်က တွေ့ထိလိုက် သိလိုက်၊ စိတ်ထဲက ကြံစည်စဉ်းစားလိုက် သိလိုက် မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)။ အဲဒီအသိ (၆)ပါးနဲ့ သွားလာပြီးတော့နေကြတာ လူ့ လောကကြီး လူရယ်လို့ အခေါ်ခံနေကြ၊ ဝိညာဏဓာတ် (၆)ရပ်လည်း ပြတ်သွားရော လူလည်း မဟုတ်တော့ဘူး။ ယောက်ျား မိန်းမလည်း မဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါလည်း မသမုတ်တော့ဘူး နော် (မှန်ပါတယ် ဆရာ)။ ဘာအသုံးဝင်လဲဆိုတော့ ဘာမှအသုံးမဝင်ဘူး။

လူလူနဲ့အသုံးချနေတဲ့တရားလုံး ခြောက်ပါး

ဩော်-ဒါဖြင့် တို့လူ့လောကကြီး လူတစ်ယောက်အနေအားဖြင့် ပေါ်ပေါက်လာပြီးတော့ လူ့လောကကြီး လူလူနဲ့ အသုံးချနေတဲ့ တရားက ဘယ်နှစ်လုံးရှိလဲဆိုတော့ (၆) လုံးထဲရှိတယ်။ ဘယ်သူလဲဆိုတော့

(၁) မြင်စိတ်ရယ်။

(၂) ကြားစိတ်ရယ်။

(၃) နံစိတ်ရယ်။

(၄) စားစိတ်ရယ်။

(၅) ထိစိတ်ရယ်။

(၆) ကြံသိစိတ်။

မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒီခြောက်ပါးနဲ့ စခန်းသွားနေတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ကောင်းတာလုပ်လဲ ဒီ (၆)ပါး၊ မကောင်းတာလုပ်လဲ (၆)ပါး၊ ပညာမဲ့လည်း ဒီ (၆)ပါးပဲ၊ လူမိုက်လည်း ဒီ (၆)ပါးပဲ၊ လူလိမ္မာလည်း ဒီ (၆)ပါး၊ သူတော်ကောင်းလည်း (၆)ပါး၊ လူယုတ်မာလည်း (၆)ပါး။ လောကကြီးစခန်းသွားနေပြီး ဒီ(၆)ပါးနဲ့ လက်ကိုင်ထားတာ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)။ အဲ့ဒီ (၆)ပါး တစ်ဖွားဖွားနဲ့ ဖြစ်နေတော့ ဖဿ (၆)မျိုး အမြဲဖြစ်နေတာပေါ့ (အမြဲဖြစ်နေတာ ပါဆရာ)။ ဖဿ (၆)မျိုး အမြဲဖြစ်နေတယ်ဆိုထဲက ဖဿဖြစ်လိုက် ဝေဒနာဖြစ်လိုက်၊ ဖဿဖြစ်လိုက် ဝေဒနာဖြစ်လိုက်၊ ဖဿဖြစ်လိုက် ဝေဒနာဖြစ်လိုက် ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)။ ဒီတရား (၃)ခုပေါင်းလိုက်လို့ ဖဿလို့ ဖြစ်လာမှဖြင့် ထိုဖဿဖြစ်ပေါ်လာစဉ်အခါက ထိုဖဿနဲ့ အတူတကွ ပေါ်လာသော အာရုံရဲ့အရသာလေး ခံစားမှုဆိုတဲ့ ဝေဒနာကပ်လျက်သားပါလို့ မပါဘူးလား (ပါလာ

http://www.dhammadownload.com

ပါတယ်ဆရာ)။ အဲ့ဒီ ဝေဒနာပဲတဲ့ သေချာကြည့်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး ဘယ့်နယ့်ဖြတ်ကြပါ့။ ဘယ်လို ထွက်ကြပါ့။ ဝေဖန်ကြတယ် ဝေဖန်ကြတယ်။ တချို့ဆရာတွေက နိဿယျည်းပေးကြတယ်။ တချို့ကလည်း အဟုတ်မှတ်လို့ ကြိုးစားပမ်းစား အားထုတ် အလုပ်လုပ်ကြ တယ်။ ဝေဒနာကထွက်ကြ တချို့ကလည်း တဏှာကထွက်ကြ၊ ထွက်နေလိုက်တာနော် (မှန်ပါတယ်ဆရာ)။ ဝေဒနာက ထွက်တဲ့ လူက ဝေဒနာနင်းကန်ရှု၊ ဝေဒနာဖမ်း ဝေဒနာအရဖမ်း၊ ဝေဒနာဒလကြမ်းရှု။ အဲ့ဒါ ရှုပုံ ရှုနည်းလေး တွေလည်းပဲ တရားဆိုတာ အားထုတ်တော့ ကောင်းတော့ကောင်းပါတယ်။ ဒါပေမယ့် လုပ်ပုံလုပ်နည်း မဟုတ်လို့ရှိရင် မရနိုင်ဘူးနော် (မှန်ပါတယ်ဆရာ)။ လုပ်ပုံလုပ်နည်းဟုတ်မှ။ ဒီတော့ ဝေဒနာရှုပုံလေးလဲ သေချာမှတ်ကြ။ ဝေဒနာထွက်ချင်တဲ့လူများ၊ ကိုယ်ထွက်ချင်လည်း ဝေဒနာကထွက်လို့ဖြစ်တာ မဟုတ်ဘူး။ ထွက်ပုံ ထွက်နည်းလဲတတ်မှ။ ဒါမှလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်လို့ခေါ်တယ်။

ဝေဒနာဘေဒနှစ်မျိုး

ပြီးတော့ ဝေဒနာအပြားလေးက သေချာကြည့်။ ထိုဖဿအကြောင်းခံပြီးတော့ ဖြစ်ပေါ်လာတဲ့ ဝေဒနာက -

(၁) ကွန်ဇိုယဘေဒ၊

(၂) အနုဘဝနလက္ခဏာအားဖြင့် နှစ်မျိုးနှစ်စားရှိတယ်။

ကွန်ဇိုယဘေဒအားဖြင့် ဝေဒနာငါးမျိုး

ကွန်ဇိုဘေဒအားဖြင့် ပြားတာ ငါးပါးရှိတယ်၊ အနုဘဝနလက္ခဏာအားဖြင့် ပြားတာ သုံးပါးရှိတယ်။ ကွန်ဇိုဘေဒအားဖြင့် ငါးပါးရှိတယ် ဆိုတာ -

(၁) သုခဝေဒနာ၊

(၂) ဒုက္ခဝေဒနာ၊

(၃) သောမနဿဝေဒနာ၊

(၄) ဒေါမနဿဝေဒနာ၊

(၅) ဥပေက္ခာဝေဒနာ။

သုခဝေဒနာ = ကိုယ်မှာ ချမ်းသာမှု။

http://www.dhammadownload.com

ဒုက္ခဝေဒနာ = ကိုယ်မှာဆင်းရဲမှု။

သောမနဿဝေဒနာ = စိတ်မှာ ဝမ်းသာမှု။

ဒေါမနဿဝေဒနာ = စိတ်မှာ နှလုံးမသာမှု။

ဥပေက္ခာဝေဒနာ = မမုန်း မချစ် လျစ်လျူရှုမှု။

ငါးခု မနေဘူးလား (ငါးခုပါဆရာ)။ အဲဒါ မင်းတို့ ငါတို့ အမြဲခံစားနေတဲ့ ဝေဒနာငါးပါး နော် (မှန်ပါတယ်ဆရာ)။ ဒီငါးပါးနဲ့လည်း မကင်းကြဘူး။ ပါတာချည်းပဲ။ စိတ်ကချမ်းသာလိုက် စိတ်ကဆင်းရဲလိုက်။ ကိုယ်ကချမ်းသာလိုက် ကိုယ်ကဆင်းရဲလိုက်။ မမုန်းမချစ် လျစ်လျူရှုလိုက်။ ဒါမျိုးသွားနေကြတာ။ ဒါ ကျွန်ဒြိယဘေဒ၊ ကျွန်ဒြိယဘေဒအားဖြင့် ပြားနေတဲ့ ငါးပါးလို့ခေါ်တယ်။

အနုဘဝနလက္ခဏာအားဖြင့် ဝေဒနာသုံးပါး

"အနုဘဝန လက္ခဏာ" ဆိုတာ အစဉ်မပြတ် ခံစားနေရတဲ့ ဝေဒနာကတော့ သုံးပါးရှိပါတယ်တဲ့။ အစဉ်မပြတ် ခံစားရတဲ့ ဝေဒနာသုံးပါး -

(၁) သုခဝေဒနာ၊

(၂) ဒုက္ခဝေဒနာ၊

(၃) ဥပေက္ခာဝေဒနာ နော် (မှန်ပါတယ်ဆရာ)။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ။

သုခဝေဒနာ ဆိုတာ ကိုယ်မှာချမ်းသာမှု၊

ဒုက္ခဝေဒနာ ဆိုတာ ကိုယ်မှာဆင်းရဲမှု၊

ဥပေက္ခာဝေဒနာဆိုတာ မမုန်းမချစ် လျစ်လျူရှုမှု နော် (မှန်ပါတယ်ဆရာ)။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာဆိုတော့ သုံးမျိုး မနေဘူးလား (သုံးမျိုးပါဆရာ)။ အဲဒါ "ဖဿပစ္စယာဝေဒနာ" ဆိုတဲ့ အခန်းလေးမှာ ဖဿကြောင့် ဝေဒနာဖြစ်တယ်ဆိုတဲ့နေရာမှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာသုံးမျိုးကောက်ရတယ်။ သုခဝေဒနာ-ကိုယ်မှာ ချမ်းသာတာ၊ ဒုက္ခဝေဒနာ-ကိုယ်မှာဆင်းရဲတာ၊ ဥပေက္ခာဝေဒနာ-စိတ်အားဖြင့် မမုန်းမချစ် လျစ်လျူရှုတာလို့ သုံးမျိုး မနေဘူးလား (သုံးမျိုးပါဆရာ)။ အဲ့ဒါ "ဖဿပစ္စယာဝေဒနာ"ပဲ။ ဩော်-ဖဿတည်းဟူသော အကြောင်းကြောင့်ဖြစ်ပေါ်လာတဲ့ ဝေဒနာတရားက ကျွန်ဒြိယဘေဒအားဖြင့် ငါးပါး၊ အနုဘဝန လက္ခဏာအားဖြင့် သုံးပါးရတယ်နော် (မှန်ပါတယ်ဆရာ)။ အဲ့ဒီ ဝေဒနာပဲတဲ့ တဏှာမကူးစေနဲ့။

http://www.dhammadownload.com

ဝေဒနာဖမ်းပြီး သတ်ကြ ဖြုတ်ကြ ဝေဒနာရှုကြ။ ဝေဒနာပွားများကြ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အဲဒီ ဝေဒနာပွားများပုံလေးကဟုတ်လို့ရှိရင် အင်မတန်မှတန်ဖိုးရှိပါတယ်။ မဟုတ်ရင်လည်း လုပ်ကျိုးမနပ်ဘူးခေါ်တယ်။ ဒီတော့ မိမိဉာဏ်မှာ ပြတ်သားအောင် သေချာမှတ်ထား။ ဒါ သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာန် ဝိဘင်္ဂ ပြထားတာ-

ဝေဒနာဆိုတာ ဘာခေါ်လဲတဲ့ နော့် (မှန်ပါတယ်ဆရာ)။ ဝေဒနာဆိုတာ အာရုံ၏အရသာလေးခံစားကာမျှ သဘောလေးက ဝေဒနာခေါ်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒီသဘောလေး မိအောင်သိရတယ် ဒါပရမတ်အနေအားဖြင့်၊ အခုတော့ ဘယ့်နယ့်ဖြစ်နေလဲဆိုတော့ ဝေဒနာဖမ်းတဲ့ လူတွေတို့ ကြားဖူးကြမှာပေါ့။ ထိုင်ပြီးတော့ တရားအားထုတ်။ ကြာကြာထိုင်တော့ ညောင်းမလာဘူးလား (ညောင်းလာပါတယ်ဆရာ)။ ကိုက်မလာဘူးလား (ကိုက်လာပါတယ်ဆရာ)။ ခဲမလာဘူးလား (ခဲလာပါတယ်ဆရာ)။ ကျင်မလာဘူးလား (ကျင်လာပါတယ်ဆရာ)။ နာမလာဘူးလား (နာလာပါတယ်ဆရာ)။ သည်းမခံနိုင်လောက်အောင်ပဲ နော့် (မှန်ပါတယ်ဆရာ)။ အဲဒီလို ကိုက်လာတယ်, ခဲလာတယ်, နာလာတယ်, ကျင်လာတယ်, ညောင်းလာတယ်, ညာလာတယ်,ဆိုတဲ့ သည်းမခံနိုင်လောက်အောင် ဆင်းရဲပင်ပန်းလာတဲ့ ဒုက္ခဝေဒနာဖမ်းတယ်နော့် (မှန်ပါတယ်ဆရာ)။ ဒုက္ခဝေဒနာဖမ်းတယ်။ ဒုက္ခဝေဒနာဖမ်းတော့ ဘယ့်နယ့်ဖမ်းလဲဆိုအော့ ကိုက်လိုက်တာ, ခဲလိုစ်တာ, ညောင်းလိုက်တာ, ညာလိုက်တာ, ကျင်လိုက်တာ, နာလိုက်တာ, ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ကိုတ်တယ်, ခဲတယ်, ညောင်းတယ်, ညာတယ်, ကျင်တယ်, နာတယ်၊ ခါးကကိုက်တယ်, ပေါင်ကညောင်းတယ်, ပေါင်ကနာတယ်, ခါးကကျင်တယ်, ဒုးဆစ်ကဘယ့်နယ့်နေတယ်ထဲ့ ဒီလိုမဟုတ်ဘူးလား (နေပါတယ်ဆရာ)။ အဲဒီလိုနေတော့ အဲဒါလျှောက် လျှောက်ပြီးတော့ လိုက်လိုက်၊ ဖမ်းဖမ်းနေတော့ ဝေဒနာပေါ်မရောက် ရောဂါပေါ် ရောက်တယ် နော့် (မှန်ပါတယ်ဆရာ)။ ဝေဒနာနဲ့ ရောဂါနဲ့ တခြားစီ၊ ရောဂါက တခြားဝေဒနာက တခြားဆိုတာမှတ်ထား။ ဝေဒနာဆိုတာ အာရုံ၏ အရသာလေးခံစားတဲ့ သဘောလေးကဝေဒနာမဟုတ်ဘူးလား(မှန်ပါတယ်ဆရာ) ရောဂါဆိုတာ ကျင်နာတတ်တဲ့သဘောကို ရောဂါခေါ်တယ်နော့ (မှန်ပါတယ်ဆရာ)။

"ရူဇ္ဇတီတိ ရောဂေါ"တဲ့ နာကျင်တတ်တာ ရောဂါခေါ်တယ်။ ဝေဒနာပေါ် မဖမ်းနိုင်ဘူး။ ဝေဒနာပေါ် မရောက်ဘူး။ နာကျင်တာပေါ် ရောက်တယ်။ အဲဒီလို ကျင်တယ်, နာတယ်ဆိုတဲ့ နာကျင်မှုတည်းဟူသော ရောဂါကြီးကို လိုက်လိုက်၊ လိုက်လိုက် ရှုရင်းကနေပြီးတော့ ဈာဖြစ်လဲ။ ပေတေနေတော့ နောက်တော့ တဖြည်းဖြည်းနဲ့ ကျင့်သားရပြီးတော့၊ အဲဒီညောင်းစာ ညာထာ ပျောက်သွားရော နော့် (မှန်ပါတယ်ဆရာ)။ ဒီတော့ ဈာဖြစ်လဲဆိုတော့ စေ့ဒနာနိရောဓာ ဖြစ်သွားတယ်စို့။ ဝေဒနာ

http://www.dhammadownload.com

ဖမ်းလိုက်တော့ ချက်ချင်း ဝေဒနာနိရောဓာ ခန်းဆိုက်တယ်။ ဝေဒနာချုပ်သွားတယ်တဲ့။ ဝေဒနာ ပျောက်သွားတယ်။ ဒီလို ယူမှာကိုးကွနော် (မှန်ပါတယ်ဆရာ)။ အဲဒါကြောင့် ငါညောင်းတယ်၊ ငါကိုက်တယ်၊ ခါးက ကိုက်တယ်၊ ပေါင်က ညောင်းတယ်၊ ခြေက ကျင်တယ်ဆိုတဲ့ အနေအားဖြင့် ဖမ်းနေတာ ဝေဒနာအစစ်မဟုတ်ပါဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)။

သတ္တသညံ နဥဂ္ဃါဋ္ဌေတိ၊ ကမ္မဌာနဥ္စေဝ သတိပဌာနဘာဝနာ စ နဟောတိ။

ယော ဘိက္ခူ၊ အကြင်ရဟန်းသည်။ သတ္တသညံ၊ သတ္တသညာကို။ နဥဂ္ဃါဋ္ဌေတိ၊ မခွါဘူး။ သတ္တဝါဟူသော သညာမခွါဘူးတဲ့။ ငါညောင်းတယ်၊ ငါကိုက်တယ်၊ ဒူးက ကိုက်တယ်၊ ခါးက ကိုက်တယ်၊ ပေါင်က ညောင်းတယ်၊ ခြေကကျင်တယ်။ ဒီလိုဖမ်းတယ် ဝေဒနာ၊ သတ္တသညာ ကွာရဲ့လား (မကွာပါဘူးဆရာ)။

ခါတိုင်းပြနေကျ အဆက်ကလေး - "သဋ္ဌာယနပစ္စယာ ဖဿော၊ ဖဿပစ္စယာဝေဒနာ"။ တစ်ခုနဲ့ တစ်ခု အကြောင်းအကျိုး ဆက်စပ်သွားပုံလေးတွေ "သဋ္ဌာယနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ"။ သဋ္ဌာယတနတည်းဟူသော အကြောင်းကြောင့် ဖဿဖြစ်တယ်။ ဖဿတည်းဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်တယ်။ သဋ္ဌာယတနကြောင့် ဖဿ ဖြစ်တယ်ဆိုတဲ့နေရာမှာ မနေ့ညက ပြသွားတာ အခံဓာတ် (၆)ပါး၊ အတိုက်ဓာတ် (၆)ပါး၊ စက္ခုပသာဒ-အကြည်ဓာတ် အခံဓာတ်၊ ရူပါရုံ-အတိုက်ဓာတ် သူတို့နှစ်ခုတိုက်တဲ့အခါကျတော့ မြင်တယ်ဆိုတဲ့ သဘောလေးက ဒါ စက္ခုဝိညာဏ်စိတ် မြင်စိတ်။ ဒါကြောင့် မြင်တာကစိတ်၊ မြင်တာကနာမ်၊ တချို့က ဘယ့်နှယ့်မှတ်လဲ သူငယ်အိမ်ကလေးက မြင်တယ်လို့ မျက်စိကမြင်တယ်လို့ ဒီလိုမှတ်တယ်။ သန်းဥခေါင်းပမာဏရှိတဲ့ စက္ခုပသာဒ-အကြည်ရုပ် ကလေးက မြင်တယ်လို့ ဒီလိုထင်တယ်။ ဒီစက္ခုပသာဒအကြည်ရုပ်လေးက မြင်တာမဟုတ်ပါဘူး။ မြင်တယ်ဆိုတာက သိတဲ့သဘောလေးတွေ၊ ရူပါရုံရဲ့ အဆင်းရုပ် ကလေးကို မြင်ရတယ်ဆိုတာ သိတဲ့ သဘောလေးတွေ ဒါစိတ်ခေါ်တယ်။ ဒါကို စက္ခုဝိညာဏ်မြင်စိတ်။ ဒါလေးက နားမလည်တဲ့သူက များတယ်။ ဒါကြောင့် မြင်တာက ရုပ်လား နာမ်လားလို့မေးတော့ ဘယ့်နှယ့်ပြောမလဲ (နာမ်ပါဆရာ)။ စိတ်ကလေးနော် (မှန်ပါတယ်ဆရာ)။ ကိုယ့်မျက်စိနဲ့ ကိုယ်မြင်ကြည့်ပါလား။ ရူပါရုံတစ်ခုခု မြင်ကြည့် လိုက် မြင်တယ်ဆိုတာက အသိဓာတ်ကလေးတွေ ဒီအသိဓာတ်ကလေးမရှိရင် မြင်ကိုမမြင်ဘူး။ မြင်တယ်ကိုးမပြောနိုင်ဘူး။ ပြောနိုင်မလား (မပြောနိုင်ပါဘူးဆရာ)။

ဒါကြောင့် မြင်တာ စိတ်၊ စက္ခုပသာဒ အကြည်ရုပ်လေးက ရုပ်တရား။ မြင်ကောင်းတယ်ဆိုတဲ့ ရူပါရုံ အဆင်းရုပ်ကလည်း ရုပ်တရား၊ သူတို့နှစ်ခု ရှေးရှုတိုက်ဆိုင်ပြန်ပြီး၊ တိုက်လိုက်တော့ မြင်တယ်ဆိုတဲ့

http://www.dhammadownload.com

သဘောလေး ပေါ်လာတယ်။ မြင်တာက ဘာတုံး။ မြင်တာက စိတ်။ ဒါကြောင့် သူ့ကို မြင်တာက နာမ်လို့ ပြောရတယ်။ မြင်တာက စိတ်၊ စိတ်ရှိမှလည်း မြင်တယ်။ စိတ်မရှိရင် မြင်ကိုးမမြင်ဘူးတဲ့။ စက္ခုပသာဒ အကြည်ရုပ်ကလေးက ဘာလေးလဲ ဆိုတော့ ကံဖြင့် ပြုပြင်ပေးထားတဲ့ ကမ္မဇ အကြည်ရုပ်လေး ခေါ်တယ်။ မှန်ပြင်လေး၊ မှန်ဆိုတာ အရိပ်ထင်တတ်တယ် နော် (မှန်ပါတယ်ဆရာ)။ အဲဒီ စက္ခုပသာဒ အကြည်ရုပ် မှန်ပြင်လေးထဲမှာ သူနဲ့ရှေးရှုတိုက်ဆိုင် ပြိုင်နေတဲ့ အဆင်းရုပ်က လာတိုးတယ်။ လာတိုက်တယ်။ အာယတန (၁၂)ပါးတုန်းက ငါပြတ်ပြတ်သားသား ခွဲပြခဲ့တယ်။ သူသူငါငါ လူတကာ ကြည့်နေတဲ့ အိမ်မှာရှိတဲ့မှန် လမ်းဘက်လှည့်ထောင်ထားစမ်း။ ခွေးလျှောက်သွား ခွေးရိပ်လာထင်တယ်။ လူလျှောက်သွား လူရိပ်လာထင်တယ်။ နွားလျှောက်သွား နွားရိပ်လာထင်တယ်။ မထင်ဘူးလား (ထင်ပါတယ်ဆရာ)။ ထင်တာ, ထင်တယ် မှန်ကသိရဲ့လား (မသိပါဘူးဆရာ)။ ဘာဖြစ်လို့မသိလဲ (အသက်မရှိလို့ပါဆရာ)။ မင်းက ဂွကျတဲ့အကောင် ဖျင်းလဲဖျင်းတဲ့အကောင်။ စိတ်မရှိလို့ ပြောစမ်းပါဟ (မှန်ပါတယ်ဆရာ)။ ဘာဖြစ်လို့ မသိလဲ (စိတ်မရှိလို့ပါဆရာ)။ ထင်တော့ ထင်တယ် မဟုတ်လား (ထင်ပါတယ်ဆရာ)။ ထင်တာ ဘာလို့ထင်လဲ (အကြည်မာတ်ရှိလို့ပါဆရာ)။ အေး ကြည်နေလို့ ဟုတ်လား (မှန်ပါတယ်ဆရာ)။ မဟာဘုတ်ရုပ်တို့ ကြည်ခြင်း လက္ခဏာသဘော ခေါ်တယ်။ ပထဝီ, တေဇော, အာပေါ, ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးပေါင်းထားတာ၊ ဒီရုပ်တုံးရုပ်ခဲကိုက ကြည်နေရင် အရိပ်က ထင်နေရော။ နားလည်လား (နားလည်ပါတယ်ဆရာ)။ သစ်သားကြမ်းကြီးတစ်ခု ကော်ပတ်စား အကြမ်းလိုက်ပြီးတုန်းက ထောင်ကြည့် အရိပ်ထင်ရဲ့လား (မထင်ပါဘူးဆရာ)။ ချောနေအောင် ကော်ပတ်စား၊ ကျောက်နဲ့စား၊ ကော်ပတ်အနုလေးနဲ့စား၊ ဆီဆေးအထပ်ထပ်သုတ် ထောင်ကြည့် အရိပ်မထင်ဘူးလား (ထင်လာပါတယ်ဆရာ)။ ဘာလို့ ထင်လဲ (အကြည်မာတ်ကြီး ပေါ်လာလို့ပါဆရာ)။ အေး ကြည်လာလို့, ချောလာလို့ နော် (မှန်ပါတယ်ဆရာ)။

အဲဒါကြောင့် ရုပ်ဟာ အရိပ်ကလေးတွေ ထင်ဖို့လို့။ ကံက ပြုပြင်ပေးတာ ကမ္မဇရုပ်လို့ခေါ်တယ်။ စက္ခုပသာဒ အကြည်ရုပ် မှန်ပြင်လေးနဲ့ အတူတူပဲလို့။ ဒါမှ မှန်ပြင်လေး ထောင်ထားရင် သူနဲ့တည့်တည့် နေသမျှ အရာဝတ္ထု ဒီထဲလာ အရိပ်တွေချည်း ပေါ်ကြတယ်။ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)။ ပေါ်သာ ပေါ်တယ် မှန်ပြင်လေးက သိရဲ့လား (မသိပါဘူးဆရာ)။ မှန်ပြင်လေးကကော မြင်ရဲ့လား (မမြင်ပါဘူးဆရာ)။ ဘာဖြစ်လို့ မမြင်လဲ (စိတ်မရှိလို့ပါဆရာ)။ အေး စိတ်မရှိလို့ နော် (မှန်ပါတယ်ဆရာ)။ အခုတော့ တို့"သဝိညာဏက" သတ္တဝါတွေကြတော့ စက္ခုပသာဒဆိုတဲ့ အကြည်မှန်လေး မရှိဘူးလား (ရှိပါတယ်ဆရာ)။ ကံလုပ်ပေးထားတာနော် (မှန်ပါတယ်ဆရာ)။ ကမ္မဇရုပ်၊ သူနဲ့တည့်တဲ့ လူ, ခွေး, နွား, အစရှိသည်အားဖြင့် လာရပ်လိုက်၊ တုံး, တိုင်, သစ်ပင်, လာတည့်တည့်ချလိုက်။ အဲဒီ

http://www.dhammadownload.com

စက္ခု ပသာဒဆိုတာ သန်းဥခေါင်းမျှပမာဏရှိတဲ့ ကမ္မဇဓာတ်မှန် ခေါ်ထားတဲ့ အကြည်ရုပ်လေးက အရိပ်လေးတွေ လာမထင်ဘူးလား (ထင်ပါတယ်ဆရာ)။ မယုံလို့ရှိရင် နက်ဖြန်ခါကျ တစ်ယောက် မျက်လုံး တစ်ယောက် ဖြုတ်ကြည့်ကြစမ်းပါဟ သေသေချာချာ၊ မပေါ်ဘူးလား ပေါ်လား။ ကြည့်ဖူးရဲ့လား (မကြည့်ဖူးဘူးဆရာ)။ တစ်ခါမှ မကြည့်ဘူးလား။ သူများ အမှိုက်ဝင်လို့ တစ်ခါမှ မှုတ်မပေးဘူးလား (လုပ်ပေးပါတယ်ဆရာ)။ ပေးဖူးတယ်ဆိုရင် နင်မမြင်ဘူးလား၊ နင့်ရုပ်လေး ဟိုထဲပေါ်တာ (မြင်ရပါတယ်ဆရာ)။ ဒါနဲ့ လိမ်သေးတယ်။ ဒီတော့ ခုနထောင်ထားတဲ့ အိမ်မှာ လူငယ်ကကြည့်တဲ့ မှန်နဲ့ မတူဘူးလား (တူတူပါပဲဆရာ)။ အဲဒါ အကြည်လေးသဘောမို့လို့၊ ရုပ်ကြည်လေးမို့လို့ အပြင်က အရိပ်ကလာထင်တာ နားလည်လား (နားလည်ပါတယ်ဆရာ)။

ထင်လိုက်တော့မှ ဒီထင်တဲ့ အရိပ်ကလေးရဲ့ သဘောကို ဖြူရင် ဖြူတယ်၊ မဲရင် မဲတယ်၊ လူဖြစ်လူ၊ ခွေးဖြစ်ခွေး၊ နွားဖြစ်နွားလို့ သိမှလေး ပေါ်လာတာ။ ဒါမြင်စိတ်ကလေးတွေ ခေါ်တာယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)။ မြင်တာကော စိတ်မဟုတ်ဘူးလား (စိတ်ပါဆရာ)။ အဲဒါ မြင်တာစိတ်။ ဒါကြောင့် အတိုက်ဓာတ် အခံဓာတ်နှစ်ပါးရဲ့ကြားမှ စက္ခုပသာဒဆိုတဲ့ အခံဓာတ်ရယ် ရူပါရုံဆိုတဲ့ အဆင်းရုပ် အတိုက်ဓာတ်ရယ် တိုက်လိုက်တော့ ကြားက မြင်စိတ်ကလေးပေါ်လာတယ်။ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)။ ဒီ စိတ်ကလေးဘာခေါ်လဲ (နာမ်တရားပါဆရာ)။ မဟုတ်ဘူး ဘာခေါ်လဲ (မြင်သိစိတ်ပါဆရာ)။ ပါဠိလိုက (စက္ခုဝိညာဏ်စိတ်ပါဆရာ)။ အေး စက္ခုဝိညာဏ်စိတ် နော် နားလည်လား (နားလည် ပါတယ်ဆရာ)။ မြင်စိတ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဒါကြောင့် မြင်တာစိတ်လို့။ ဒါတွေ မိန်းမသားတွေက နားမလည်ဘူးလို့ ပြောကြတယ်။ အပြောများတယ်။ ဘယ့်နယ့်လဲဟ အာယတန (၁၂)ပါးတုန်းကလဲ ငါပြောလိုက်ရတာ ပါးစပ်က အမြှုပ်ထွက်တယ်။ တစ်ညလည်းမဟုတ်၊ နှစ်ညလည်းမဟုတ်။ အမှန်ကတော့ နောက်ပိုင်းက မေ့မေ့၊ မေ့မေ့ ကျန်ရစ်ခဲ့တယ် ထင်ပါတယ်ကွာ လေ့လာမှု နည်းကြတယ်ထင်ပါရဲ့။ ဝေဖန်စဉ်းစားတယ်၊ လေ့လာမှုနည်းလို့ ဒီလိုဖြစ်တာ။ ဘာမှ ခဲယဉ်းတဲ့ အလုပ်မဟုတ်ဘူး။ လက်နဲ့ကိုင်ပြသလောက် ခရီးရောက်အောင် ဒီက သဘောပေါက်အောင် ပြတယ်။ တကယ့် သူသူငါငါ ကြည့်နေတဲ့ မှန်ချပ်ထောင်ဘား။ မှန်နဲ့ တည့်သမျှ အရာဝတ္ထုတွေ ဒီထဲလာ အရိပ်တွေထင်တယ်။ ထင်တာထင် မြင်တယ်လို့မရှိဘူး။ ဘာဖြစ်လို့ မြင်တယ်လို့မခေါ်နိုင်။ မြင်တယ်လို့ မပြောနိုင်။ မှန်က စိတ်မရှိလို့နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် မှန်နဲ့ အဲဒီ အရိပ်နဲ့ကျတော့ အတိုက်ဓာတ် အခံဓာတ်နှစ်ပါး။

အဲဒီအရိပ်နဲ့ကျတော့ အတိုက်ဓာတ် ခန္ဓာနှစ်ပါးပေါ့။ သူတို့ကြတော့ အတိုက်ဓာတ်နဲ့ အခံဓာတ် တိုက်လို့ အရိပ်ထင်တာပဲရှိတယ် သိမှုမပေါ်ဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သဝိညာဏက-

http://www.dhammadownload.com

အသက်ရှိတဲ့ သတ္တဝါတွေကတော့ အဲ့ဒီ"စက္ခုပသာဒ"ဆိုတဲ့ အကြည်ရုပ်နဲ့ရူပါရုံနဲ့တိုက်၊ တိုက်ရင် မြင်တယ် ငါမြင်တယ်၊ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ မြင်တာ ဘာတုံး စိတ်၊ ဘာစိတ်တုံး၊ စက္ခုဝိညာဏ်စိတ်၊ ဘာမှ ခက်တာမဟုတ်ဘူး၊ အဲ့ဒါ မေ့မပစ်နဲ့၊ ပြတ်ပြတ်သားသား မှတ်ထား။ တရားဆိုတာ အဲဒါတွေပဲ၊ ဒါကိုယ်တော်မြတ်က လေးသခ္ခိနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးမှ ရှာမှ ရတော်မူတဲ့တရား၊ အခုတော့ အလကား လုပ်ပစ်ကြတာကိုးကွ၊ ရှေးက ပင်ပန်းခံပြီး သင်ကြားပေး၊ နောက်ပိုင်းက ဖျောက်ပစ်၊ ဘယ်ဒင်း တန်ဖိုးထားရမှန်းမသိ၊ ဒါတရားစစ်တရားမှန်ဆိုတာ အဲဒါတွေပဲ၊ ဟုတ်ရိုးဟုတ်စဉ် လျောက်ပြောတယ် မှတ်မနေနဲ့၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ဟောတော်မူတဲ့ သဘာဝမမှုဆိုတဲ့ ပရမတ်အစစ်ကလေးတွေ မိမိခန္ဓာကိုယ်ဖြစ်နေတဲ့ ရုပ်သဘော နာမ်သဘောလေးတွေ လုံးစေ့ပတ်စေ့ တတ်မြောက်လိမ္မာအောင် သင်ကြားပေးထားတာ၊ ဟုတ်ရိုးဟုတ်စဉ် အတ္တနော မတိ ကိုယ့်ပါးစပ်ထဲ ရှိတာလေး သာယာနာပျော်ဖွယ်ရှိအောင် ဖန်တီးပြီးတော့ ပြောဆိုနေတာလည်း မဟုတ်၊ အသံကောင်းဟစ်နေတာလည်း မဟုတ်ဘူး။ ဒါသေသေချာချာ စေ့စေ့ငှဉ်နဲ့ တိတိကျကျ ပြလာတာ အာယတန (၁၂)ပါးပြီးမှ ဓာတ် (၁၈)ပါးကူးလို့၊ ဓာတ် (၁၈)ကူးတော့ အာယတန (၁၂)ပါးထဲ အတိုက်ဓာတ်, အခံဓာတ် နှစ်ပါးကြားထဲက ဖွားကနဲဖွားကနဲ ပေါ်လာတယ်ဆိုတဲ့ သိမှု (၆)ခု ထည့်ပေးလို့ ဓာတ်တစ်ဆယ့်နဲ့ရှစ်ပါးဖြစ်တယ်လို့ အကူးစက်လေးတွေ ဒါထက်သေချာတာမရှိဘူး။

အဲဒါကြောင့် သေသေချာချာ တရားတစ်ခုကို အရင်းအဖျား ကိုယ်ပိုင်ဉာဏ်နဲ့ ပြတ်သားသွားအောင် စဉ်းလဲညီးစဉ်းစား၊ ဝေလဲဝေဖန်၊ ဆွေးလည်း ဆွေးနွေးကြပါလို့၊ အဖျင်းအပြေလာနာတဲ့အနေနဲ့ ဒီလိုလည်း မနေကြနဲ့၊ ပေးသွားတဲ့တရားက, ပြသွားတဲ့တရားက မြတ်စွာဘုရားကိုယ်တော်မြတ် ဟော ပြတော်မူတဲ့ သဘာဝအတိုင်း ချပြီးတော့ မြန်မာလို နားမလည် လည်အောင်, မသိ သိအောင်, မတတ် တတ်အောင်, မလိမ္မာ လိမ္မာအောင်, ဉာဏ်မပြတ် ပြတ်အောင်, မရှင်း ရှင်းအောင် တော်တော်ကြီးကို အပင်ပန်း အန္တမ်းနယ်ခံပြီးတော့ သင်ကြားပြသပေးတာ၊ အဲဒါရှေ့ပိုင်း လောဘကြီးပြီးတော့ နောက်ပိုင်းက ဘာမှမပါဘူးဆိုရင်လည်း သိပ်ထူးမှာမဟုတ်ဘူး၊ တန်ဖိုးအင်မတန်ရှိတဲ့ တရားတွေ တရားစစ် တရားမှန်တွေခေါ်တယ်။ ဟုတ်ရိုးဟုတ်စဉ်တွေ လျောက်ပြီးလုပ်နေတာမဟုတ်ဘူး။ စံထိုးလည်း ကြည့်ကြ အမျိုးမျိုး၊ တို့သင်ကြားပြီးတော့ နာယူမှတ်သားနေတဲ့တရားက တစ်ညပြီး တစ်ည၊ တစ်ညပြီး တစ်ည တို့ ဆက်တိုက်နာလာတာ ဒေသနာနဲ့လွတ်သလား။ မြတ်စွာဘုရားကိုယ်တော် မြတ်ဟော တော်မူတဲ့ ပါဠိတော်နဲ့ လွတ်သလား အဋ္ဌကထာနဲ့လွတ်သလား၊ ဋီကာနဲ့လွတ်သလား ဘယ်လွတ် တယ်ကိုမရှိဘူး။

ဟောဒါ ပါဠိတော်က ဒီလိုဆိုလို့ ဒီလိုပြတယ်၊ အဋ္ဌကထာက ဒီလိုဆိုလို့ ဒီလိုပြတယ်၊ ဋီကာက

http://www.dhammadownload.com

ဒီလိုဆိုလို့ ဒီလိုပြတယ်၊ မြန်မာလို နားလည်အောင် သဘောအဓိပ္ပာယ်က ဒီလိုတဲ့၊ အဲသလောက် သင်ကြားပြီးတော့ ပေးတာ စံထိုးကြည့် စံထိုးကြည့်၊ ဘယ်နာလာခဲ့ရပေါ့၊ ဘယ်သွား ဘာတွေလုပ်လာခဲ့ပေါ့၊ ဘယ်လောက်ကြာခဲ့ပေါ့။ ဘယ်နှစ်လပဲ ဘယ်နှစ်ရက်နဲ့ပဲ စံထိုးကြည့် ဟုတ်လား မဟုတ်လား တို့နာရတဲ့သဘာဝက ဘယ်နှယ့်နေသလဲလို့ စံထိုးကြည့်။ ဒါကြောင့် သေသေချာချာလဲပဲ မှတ်လဲ မှတ်ကြ၊ တန်းဖိုးလဲထားပေါ့၊ တို့တစ်လုံးသိရင်လည်း သိသလောက် ခရီးရောက်တဲ့တရား ဒီလိုမှတ်ထား။ ဒါကြောင့် သဋ္ဌာယတနဆိုတဲ့အခန်းထဲမှာ အာယတန (၁၂) ပါးလဲ ဒါပဲ၊ အသိဓာတ် (၆) ပါး ထည့်ပေးလိုက်တော့လဲ ဓာတ် (၁၈) ပါး ဖြစ်သွားတယ်၊ ဒါကြောင့် စက္ခုပသာဒ-မျက်စိ အကြည်ရုပ် ရူပါရုံက အဆင်းရုပ်၊ စက္ခုပသာဒက အခံဓာတ်၊ ရူပါရုံက အတိုက်ဓာတ် သူတို့နှစ်ခု ရှေးရှု တိုက်ဆိုင် ပြိုင်ပြီးတိုက်လိုက်တော့ မြင်တယ်လို့ မြင်စိတ်လေးပေါ်လာတာ ဒါ စက္ခုဝိညာဏ်စိတ်၊ ဓာတ် (၃)ပါး မဖြစ်သွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဓာတ် (၃) လုံးပေါင်းလိုက်တော့ ဘာဖြစ်သွားလဲ (ဖဿ ဖြစ်သွားပါတယ်ဆရာ)၊ ဖဿဖြစ်သွားတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပါဋ္ဌိက ဘယ်နှယ့်ဆို -

(တိဏ္ဏံ သင်္ဂတိ ဖဿော - ပါ ဆရာ)၊ တိဏ္ဏံသင်္ဂတိ ဖဿော ဆိုတာ မြန်မာလိုပြောတော့ ဘာလဲ (တရားသုံးပါးလုံးပေါင်းထားတော့ ဖဿဖြစ်ပါတယ်ဆရာ)၊ အေး-ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ တရားသုံးပါးပေါင်းတော့ ဘယ်သူတုံး (စက္ခုပသာဒ-အကြည်ရုပ်ရယ်၊ အဆင်းရုပ်ရယ်၊ စက္ခုဝိညာဏ်စိတ်ရယ်)၊ အေး ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ တရားသုံးပါး ပေါင်းသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ နောက်တစ်ခါ သောတကြတော့ လည်း ဒီလို (၃) လုံးပေါင်း သွားတယ် မဟုတ်လား (သုံးလုံးပေါင်းတာပါပဲဆရာ)၊ ပေါင်းတတ်ရဲ့လား (သောတ - အကြည်ရုပ်ရယ်၊ သဒ္ဒ - အသံရုပ်ရယ်၊ သောတဝိညာဏ်စိတ်ရယ်)၊ ဟုတ်ပြီ၊ ကြားစိတ် (ကြားစိတ်ရယ်) ပေါင်းလိုက်တော့ (ဖဿဖြစ်ပါတယ်ဆရာ)၊ အေး - ဟုတ်ပြီ၊ သုံးခုနော် (မှန်ပါတယ်ဆရာ)။

ဃာနကြတော့ ပေါင်းတတ်ရဲ့လား (ဃာန-အကြည်ရုပ်ရယ်၊ ဂန္ဓအနံ့ရုပ်ရယ်)၊ အေး ဟုတ်ပြီ (ဂန္ဓ ဝိညာဏ်စိတ်ရယ်)၊ နာမ်စိတ် (နာမ်စိတ်ရယ်) ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပေါင်းတော့ ဘယ်လောက်လဲ (တရားသုံးလုံးပါဆရာ)၊ အေး - တရားသုံးလုံး၊ တရားသုံးလုံးပေါင်းလိုက်တော့ ဘာဖြစ်သွားလဲ (ဖဿဖြစ်ပါတယ်ဆရာ)၊ အေး - ဟုတ်ပြီ။

ဇိဝှါကြတော့ ပေါင်းတတ်လား (ဇိဝှါ-အကြည်ရုပ်ရယ်) ဟုတ်ပြီ (ရသာရုပ်ရယ်) ဟုတ်ပြီ

http://www.dhammadownload.com

(စားစိတ်ရယ်)၊ အေး အေး - ပါဠိလို မပြောတတ်ဘူး ဇိဝှါဝိညာဏ် (ဇိဝှါဝိညာဏ် စိတ်ရယ်)၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ စားစိတ်ကလေး ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး - တရား ဘယ်နှစ်လုံးပေါင်းသွားလဲ (တရားသုံးလုံး ပေါင်းသွားပါတယ်ဆရာ)၊ ဘာဖြစ်သွားလဲ (ဖဿ ဖြစ်သွား ပါတယ်ဆရာ)၊ ဖဿဖြစ်သွားတယ်။ ကာယကြတော့ ပေါင်းတတ်ရဲ့လား (ကာယ-အကြည်ရုပ်ရယ်) ဟုတ်ပြီ (ဖောဋ္ဌပ္ပ အတွေ့ရုပ်ရယ်) ဟုတ်ပြီ (ကာယဝိညာဏ်စိတ်ရယ်) မြန်မာလိုတော့ ဘာလေးလဲ ကာယဝိညာဏ်စိတ်ပဲလား ထိသိစိတ် လေးပေါ့ (ထိသိစိတ်ကလေးပါဆရာ)၊ အေး ဟုတ်ပြီ ထိသိစိတ် လေး နော် (မှန်ပါတယ်ဆရာ)။တရားသုံးပါးလုံးပေါင်းတယ် ဟုတ်လား (ပေါင်းပါတယ်ဆရာ)၊ ပေါင်းတော့ဘာဖြစ်လဲ (ဖဿ ဖြစ်ပါတယ်ဆရာ) ဟုတ်ပြီ။

မနောကြတော့ကော (မနော-အကြည်ဓာတ်ရယ်) ဟုတ်ပြီ (ဓမ္မာရုံရယ်) ဟုတ်ပြီ (မနောဝိညာဏ် စိတ်ရယ်)၊ အေး-သိစိတ်ကလေးပေါ့ (မှန်ပါတယ်ဆရာ)၊ ဘယ်နှစ်လုံးပေါင်းထားလဲ (တရားသုံးလုံး ပေါင်းထားပါတယ်ဆရာ)၊ အေး ဘာဖြစ်သွားလဲ (ဖဿဖြစ်သွားပါတယ်)၊ အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဒါဓာတ်တစ်ဆယ့်ရှစ်ပါး ဘာမှထူးတာ မဟုတ်ဘူး၊ ဓာတ်တစ်ဆယ့်ရှစ်ပါး ဒီအတိုင်းပဲ၊ ဒီတော့ သေချာကြည့် အခံဓာတ်က (၆)ပါး၊ အတိုက်ဓာတ်က (၆) ပါး၊ အခံဓာတ်နဲ့ အတိုက်ဓါတ် တိုက်တိုင်း တိုက်တိုင်း အလယ်ကြားက အပေါ်ဓာတ်လေးတွေ ပေါ်ပေါ်မသွားဘူးလား (ပေါ်သွားပါတယ် ဆရာ)၊ စက္ခုအခံဓာတ် ရူပါရုံအတိုက်ဓာတ် သူတို့နှစ်ခုတိုက်ရင် စက္ခုဝိညာဏ်အပေါ်ဓာတ်ကလေး ပေါ်လာတယ်၊ မြင်စိတ်ကလေး ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သုံးမျိုးဖြစ်သွားပြန်ပြီ။

နောက်တစ်ခါ သောတ - အခံဓာတ်၊ သဒ္ဒ - အတိုက်ဓာတ် သူတို့နှစ်ပါး တိုက်ပြန်တော့ သောတဝိညာဏ် ကြားစိတ်ကလေးပေါ်လာပြန်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဃာန - အခံဓာတ်၊ ဂန္ဓ - အတိုက်ဓာတ် သူတို့နှစ်ခုတိုက်ပြန် ဃာနဝိညာဏ်နာမ်စိတ်ကလေး ပေါ်လာပြန်တယ်၊ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာရဲ့)၊

နောက်တစ်ခါ ဇိဝှါ-အခံဓာတ် ရသ-အတိုက်ဓာတ် နှစ်ခုတိုက်ပြန်တယ်၊ ဇိဝှါဝိညာဏ် စားစိတ် လေး ပေါ်လာပြန်ပြီ၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ နောက်တစ်ခါ ကာယ-အခံဓာတ် ဖောဋ္ဌပ္ပ-အတိုက်ဓာတ် နှစ်ပါးတိုက်ပြန် ကာယဝိညာဏ်-ထိသိစိတ်ကလေး ပေါ်လာပြန်ပြီ အပေါ်ဓာတ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မနောဓာတ်-အခံဓာတ်၊ ဓမ္မာရုံ-အတိုက်ဓာတ် နှစ်ပါးတိုက်ပြန်ပြီ မနောဝိညာဏ်-ကြံသိစိတ်ကလေး ပေါ်လာပြန်ပြီ၊ အပေါ်ဓာတ် နားလည်လား (နားလည်ပါတယ်

http://www.dhammadownload.com

ဆရာ)။

အခံမာတ်က (၆) ပါးရယ်၊ အတိုက်မာတ်က (၆)ပါးရယ် နှစ်ခုတိုက်တိုင်းတိုက်တိုင်း အလယ်ကြားက အပေါ်မာတ် (၆)ပါး ခြောက်သုံးလီဘယ်လောက်လဲ (တစ်ဆယ့်ရှစ်ပါဆရာ)။ ဒါမာတ် တစ်ဆယ့်ရှစ်ပါး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

ခန္ဓာနဉ္စ ပဋိပါဋိ၊ မာတုအာယတနာန စ။

အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၄၂)

တို့ကူးလို့မဆုံးတဲ့၊ တို့ကျင်လည်လို့မဆုံးတဲ့ အင်မတန်ရှည်လျားသော သံသရာဆိုတာ ဘာခေါ်လဲလို့၊ အဲဒါပဲနော် (မှန်ပါတယ်ဆရာ)၊ နောက်ပိုင်းကလည်း ငါထပ်ပြန်တလဲလဲ၊ ပြောခဲ့ပေါ့၊ သံသရာကြီးက အင်မတန်ရှည်လျားတယ်၊ သံသရာကြီးကလည်းလို့မဆုံးနိုင်ဘူး၊ သံသရာတွင်း တဝဲလည်လည် နေရတယ်နဲ့ ပြောလိုက် ဟောလိုက် ဖတ်လိုက် ရွတ်လိုက် နေလိုက်ကြတာလို့ သံသရာဘာခေါ်တယ် ဧရာဝတီမြစ်များထင်နေလား မပြောတတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ သံသရာဆိုတာ အဲဒါပဲ၊ ခန္ဓာတွေ ဆက်ကာဆက်ကာ ဖြစ်နေတာ၊ အာယတနတွေ ဆက်ကာဆက်ကာ ဖြစ်နေတာ၊ အခုပြသွားတဲ့ တစ်ဆယ့်ရှစ်ပါးသော မာတ်တရားတွေ ဆက်ကာဆက်ကာ ဖြစ်နေတာ၊ အခုပြောတဲ့ မာတ်တစ်ဆယ့်ရှစ်ပါး မင်းတို့ငါတို့ အမြဲဖြစ်နေတာ မဟုတ်ဘူးလား (ဖြစ်နေပါတယ်ဆရာ)။ မျက်စိနှစ်လုံး ပြုန်းကနဲဖွင့်လာ မျက်စိက-အခံမာတ် ရူပါရုံနဲ့တွေ့၊ တိုက်ပြီး မြင်စိတ်လေးတွေပေါ်ပြီး မြင်တယ်, မြင်တယ်, ငါမြင်တယ်၊ ငါမြင်တယ်။

ဒီသောတပသာဒကလည်း အခံမာတ်ကလည်းရှိထားတော့ အသံရုပ်တွေ ကြားပြန်တယ်၊ ကြားတယ် ကြားတယ်။ မျက်စိကလည်း တစ်နေ့လုံးမြင်လို့ မပြီးနိုင်ဘူး၊ နားကလည်း ကြားလို့ကို မကုန်နိုင်ဘူး ဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ နှာခေါင်းကလည်း ဃာနပသာဒ-အခံမာတ်က ရှိသေးဂန္ဓာရုံအနံ့မျိုးစုံနဲ့ လာတို့ကြ၊ တိုက်ကြ၊ ဃာနဝိညာဏ် နံတယ်၊ နံတယ်။ လျှာကလည်း ဇိဝှါပသာဒအကြည်ရုပ်ကရှိတာ အချို, အချဉ်, အငန်, အစပ်, အဖန်, အခါး,ဆိုတဲ့ အရသာ (၆) ပါးထဲက လျှာပေါ်တင် စားတယ်၊ စားတယ်။

ကာယပသာဒ-ကိုယ်အကြည်ရုပ်ကြီးကလည်း တစ်ကိုယ်လုံး ပျံ့နှံ့လွှမ်းဖုံးနေတယ် ပူတယ်၊ အေးတယ်၊ နူးညံ့တယ်၊ ချောတယ်၊ မွတ်တယ်၊ သိမ်မွေ့တယ်၊ ညက်တယ်၊ အိတယ်ဆိုတဲ့ အတွေ့ထိမာတ်တွေလည်း ဖောဋ္ဌဗ္ဗမာတ်တွေကလည်း ရှိ အမြဲကိုယ်နဲ့ တွေ့ထိနေ၊ တွေ့ထိနေတိုင်း ထိတယ်၊

http://www.dhammadownload.com

ထိတယ်၊ ထိတယ်၊ ထိတယ်နဲ့ သိသိနေ။ တော်ကြာအားအားရှိတော့ စက္ခု၊ သောက၊ ဂန္ဓ၊ ဇိဝှါ၊ ကာယဆိုတဲ့ ငါးဒွါရ ပိတ်ထားပြန်တော့ ဆေးလိပ်ကြီး အငေ့ါသားနဲ့ ဇိမ်ခံပြီးတော့ စဉ်းစားခန်းထုတ်၊ ဘယ်လိုကြံရကောင်းပါ့၊ ဘယ်လိုရောင်းရ၊ ဝယ်ရကောင်းပါ့ စျေးကြီးက ကမောက်ကမ၊ ငါလို ချင်တာ နှစ်ဆိုင်ခွဲ ပေးထားတာ တစ်ဆိုင်တည်း ခက်တာပဲ၊ (မှန်ပါတယ်ဆရာ)၊ စိတ်ညစ်လိုက် ဟိုကပ်ရမလို ဒီကပ်ရမလို မြူနီစပယ်ရုံးပြေးတော့လည်း ဟိုက ငေါက်လွှတ်၊ စျေးချင်းကပ်ပြန်တော့လည်း အခွင့်ကမရ စဉ်းစား နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါမျက်စိအောက် ခွေးလျှောက်သွားလို့ လျှောက် မှန်းမသိဘူး နားလည်းလား (နားလည်ပါတယ်ဆရာ)၊ အဲဒါ ဓမ္မာရုံခေါ်တယ် မျက်နှာကြီးကြည့်တော့ သုံးခေါက်ချိုးနဲ့ စူဆောင့်ဆောင့်လို့ နားလည်လား (နားလည်ပါတယ်ဆရာ)။

အဲဒါ မနောဓာတ်ရယ် ဓမ္မာရုံနဲ့ တိုက်ပြီးတော့ မနောဝိညာဏ်-ကြံသိစိတ်၊ ကိုင်း- ဓာတ်တစ်ဆယ့် ရှစ်ပါး လွတ်သေးလား (မလွတ်တော့ပါဘူးဆရာ)၊ နေ့ရှိသမျှ အမြဲတစေ ဖြစ်နေတဲ့တရားတွေ၊ အဲဒီတရားတွေကို သံသရာလို့ ခေါ်ပါတယ်၊ ခန္ဓာရယ်, အာယတနရယ်, ဓာတ်ရယ်, ဒီတရားတွေ အမြဲတစေဖြစ်နေတာ သံသရာတဲ့၊ အဲဒီ ဖြစ်တာတွေက ဖြစ်လို့ဆုံးပါ့မလား (မဆုံးနိုင်ပါဘူးဆရာ)၊ အဲဒါမဆုံးတော့ သံသရာဘယ်လောက်ရှည်လျားလဲလို့ ပြောလို့ဖြစ်ပါ့မလား၊ (မဖြစ်နိုင်ပါဘူးဆရာ)။ အဲဒါတွေရှည်လျားနေတာ သံသရာခေါ်တယ်၊ ဒီတရားတွေဖြစ်နေတာ သံသရာခေါ်တယ်။ အဲဒီ သံသရာထဲ မင်းတို့ငါတို့တွေ လက်ပစ်ကူးနေကြတာပဲ၊ တချို့လည်း မှောက်လျက်ကူး၊ တချို့လည်း ပက်လက်ကူး၊ တချို့လည်း မတ်တပ်ကူး၊ တချို့လည်း ထိုင်လျက်ကူးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အဲဒါကြောင့် တစ်လုံးဆိုဆိုသလောက် ခရီးရောက်တဲ့ တရားအစစ်ကြီးကဖြစ်နေတော့ ကျကျနန ဉာဏ်မှာပြတ်သားအောင် ကြွေးမထားဘဲနဲ့ ဝေဖန်စဉ်းစားကြပါလို့၊ ဒီ အသိဉာဏ်လေးတွေရလို့ရှိရင် ဘာမှ ဂူထဲ၊ ကျောင်းထဲမဝင်ဘဲနဲ့ နင်လားငါလား အင်တိုက်အားတိုက် အားမထုတ်ဘဲနဲ့ သောတာပန် ဖြစ်နိုင်တယ် ယုံရဲ့လား (ယုံကြည်ပါတယ်ဆရာ)။ လွယ်လှတယ်လားလို့ မအောက်မေ့နဲ့ တရားက တန်ဖိုးရှိလို့ပြောတာ၊ ဒါ ကိုယ်တော်မြတ်ကိုယ်တိုင်က ချီးမွမ်းစကားပြောခဲ့တဲ့တရား မြှောက်စားခဲ့တဲ့ တရား။ ငါ တစ်လောက ပဋိစ္စသမုပ္ပါဒ်ပြသတုန်းက ပြောခဲ့ပြီးပြီ၊ ပဋိစ္စသမုပ္ပါဒ် လုံးရေလေးတွေနဲ့ အနက်အဓိပ္ပာယ်နဲ့ ကျကျနန လည်လည်ပတ်ပတ် တတ်မြောက်လိမ့်မှာသွားရင်တဲ့ ဘာလို့ပြောနိုင်လဲ (သောတာပန်လို့ပြောနိုင်ပါတယ်ဆရာ)။ အေး-နားလည်လား (နားလည်ပါတယ်ဆရာ)။ ကိုယ်တော်မြတ်က တိုက်ရိုက်ချီးမြှင့်သွားတာ ဘယ်လောက်တန်ဖိုးရှိတဲ့တရားလဲ သေချာကြည့် ငါသောတာပန်လို့ ဝန်ခံနိုင်တယ်၊ သောတာပန် မဖြစ်ချင်ဘူးလား (ဖြစ်ချင်ပါတယ်ဆရာ)။ ဖြစ်ချင်ရင် ကြိုးစား ကြိုးစား

http://www.dhammadownload.com

နော် (မှန်ပါတယ်ဆရာ)။

လုပ်မှဆိုတဲ့စကား သိပ်ပြီးတော့မယုံနဲ့။ ဒါပေမယ့် လုပ်မှဆိုတာလဲ ငါမှားတယ်လို့မပြောပါဘူး၊ လုပ်မှသာလျှင် ဖြစ်တယ်ဆိုတဲ့စကားတော့ လက်မခံဘူး နော် (မှန်ပါတယ်ဆရာ)၊ ဉာဏ်မရှိတဲ့ လူများ ပြောတာ၊ ဉာဏ်ရှိတဲ့လူက ဉာဏ်နဲ့သွားတာ၊ ဝီရိယရှိတဲ့သူက ဝီရိယနဲ့သွားတာနော် (မှန်ပါတယ်ဆရာ)၊ ဝီရိယ ဝီရိယအကျိုး လှေထိုးလွှတိုက်၊ ဝီရိယသမား အားကိုးတယ်၊ လှေထိုးတယ်၊ လွှတိုက်တယ်၊ ဘာလုပ်မယ် ညာလုပ်မယ်၊ သူက ဝီရိယအားကိုးတယ် မဟုတ်ဘူးလား (အားကိုးပါတယ်ဆရာ)၊ ဉာဏ်သမားက လှေထိုး လွှတိုက်နေနေသာသာ၊ လက်ကြောတင်းအောင်မလုပ်ဖူး၊ ဒီလိုရှာမှ စားရပါတယ် သေပစေကွာ ငါဉာဏ်နဲ့ရှာစားမယ်၊ လောကီ, လောကီ, လောကီ နော် (မှန်ပါတယ်ဆရာ)၊ ဝီရိယသမားတွေက ဉာဏ်ကမရှိရှာတော့ ဝီရိယအားကိုးရှာတယ်၊ သူများအားကိုး လှေထိုး လွှတိုက်တဲ့၊ ဝီရိယအားကိုးလည်း ထိုးမယ်ဟဲ့၊ တိုက်မယ်ဟဲ့၊ ကြိုးစားမယ်ဟဲ့၊ ဘာဖြစ်လို့လည်း သူကဉာဏ်ကမရှိပဲကိုး ဟုတ်လား (မှန်ပါတယ်ဆရာ)။

ဉာဏ်ရှိတဲ့လူကျတော့ လှေထိုး လွှတိုက်အလုပ်တွေ လုပ်ပါဆိုတော့ လုပ်မလားဟ (မလုပ်ပါဘူးဆရာ)။ ဉာဏ်နဲ့စားမယ်၊ ဉာဏ်လွှာစားမယ် ဒီလိုမဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)။ ဉာဏ်သမားကလည်း ဉာဏ်နဲ့စားမယ်၊ အလုပ်သမားကလည်း အလုပ်နဲ့စားတယ်ဆိုတော့ စားတာချင်းအတူတူမနေဘူးလား (အတူတူပါပဲဆရာ)။ တချို့က အလုပ်သမားက ပြောသေးတယ်၊ ဉာဏ်သမား စိတ်ပျက်အောင် ပြောသေးတယ်။ ဉာဏ်သမားကလည်း လူပါးမဝလိုက်တာတဲ့ အောက်ကျနောက်ကျခံရ၊ စံနမူနာတွေ ပေါလျက်သားနဲ့ ကိုယ်အနားကပ်နေတဲ့ အလုပ်သမားက ဘာပြောလဲဆိုတော့ ငါရန်ဖြစ်အောင် မြှောက်ပေးတာမဟုတ်ဘူးနော် သဘောလေးပြောတာ၊ နားလည်အောင် နော် (မှန်ပါတယ်ဆရာ)။ ထလည်းသတ်မနေနဲ့၊ အလုပ်သမားက ဘာပြောလဲဆိုတော့ မင်းကွာ ဒီဘဝ၊ နာနေ ကြားနေ ကာမျှနဲ့၊ နာရုံကြားရုံနဲ့ တရားရနိုင်ပါ့မလားတဲ့၊ လောကကြည့်စမ်းပါကွ အလုပ်မလုပ်ဘဲ ထိုင်နေတဲ့သူက ပိုက်ဆံရပါ့မလားတဲ့၊ ဒီလိုလာတာ နော် (မှန်ပါတယ်ဆရာ)။ ဒီလိုလာတော့ ဒီက လူအလူနတွေ အဟုတ်မှတ်လို့ ငို့ခံလာ၊ ခံလာခဲ့လို့ သူပါ ယိုင်တိုင်တိုင်ဖြစ်နေတယ်၊ ဟုတ်သားပဲ လောကမှာ အလုပ်မလုပ်ဘဲနဲ့ထိုင်နေရင် ဘယ်ကပိုက်ဆံရလဲ၊ ဘယ်ထမင်းစားရမတုံး၊ လောကီလည်းပဲ လောကုတ္တရာနဲ့အတူတူပဲ၊ အလုပ်လုပ်မှရတာ၊ စိတ်ကပါလာပြီ၊ တစ်ကျပ် တစ်မတ်လောက်ယိုင်သွားပြီ နော် (မှန်ပါတယ်ဆရာ)။ နောက်သုံးခါလောက်လည်းဆွဲရော ပါလဲသွားရော ဒီလိုဖြစ်တယ်၊ အဲဒါ သူကိုယ်တိုင်ကိုက ဝေဖန်တတ်တဲ့ဉာဏ်မရှိဘူး၊ ကြည့်စမ်းကွယ် စားပွဲ ကုလားထိုင်နဲ့ ပန်ကာအောက်မှာ ဇိမ်နဲ့ထိုင်လို့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ တကယ့်ပတ်ကားဆိုတဲ့ ကုန်သည်ကြီးတွေ သူဌေးကြီးတွေ မြင်ဖူး

http://www.dhammadownload.com

တယ်မဟုတ်လား၊ (မြင်ဖူးပါတယ်ဆရာ)။

ဘေးကနေကြည့်တော့ သူဘာမှအလုပ်မရှိဘူး၊ စားပွဲနဲ့ကုလားထိုင်နဲ့ ပန်ကာအောက်မှာ ဇိမ်နဲ့ နေတာ မြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)၊ သူတို့ပြောသလိုဆိုရင် ဘာမှမရဘူးဆို ဒီကောင် သူဌေးမဟုတ်ဘူး၊ ခွေးတောင်ဖြစ်မှာမဟုတ်ဘူး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ သူတရားလေး ရတယ်မဟုတ်လား (ရနေတာပါဆရာ)၊ ဘာနဲ့အလုပ်လုပ်နေတုံး (ပါးစပ်နဲ့ပါဆရာ)၊ ဉာဏ်နဲ့ မင်းက တော်တော်ဝွကျတယ်နော်၊ တော်တော့်ကိုအတွဲကောင် ဘယ်လိုကောင်မှန်းမသိပါဘူး၊ ဉာဏ်နဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကုန်းဟဲ့ ရုန်းဟဲ့နဲ့ အလုပ်လုပ်တယ် မဟုတ်လား၊ လုပ်သလောက်လဲရတယ်မဟုတ်လား (ရပါတယ်ဆရာရဲ့)၊ ဒါပေမယ့် အလုပ်ချင်း နှိုင်းဆကြည့်တော့ အမြတ်ချင်းကွာတယ် မကွာဘူးလား (ကွာပါတယ်ဆရာ)၊ အလုပ်မရှိဘူးသာထင်နေတယ်၊ ပန်ကာအောက်မှာ ဇိမ်နဲ့ စားပွဲရှေ့ကုလားထိုင်နဲ့ထိုင်ပြီးတော့ အခံစားငြိမ်ငြိမ်လေးနဲ့ အေးအေးလူလူနဲ့ ဉာဏ်နဲ့ အလုပ်လုပ်နေတယ်၊ မြတ်တော့လည်း တစ်နေ့ တစ်ထောင်, နှစ်ထောင်, တစ်သောင်း အစရှိသည်အားဖြင့် မမြတ်ဘူးလားဟ (မြတ်ပါတယ်ဆရာ)၊ ကုန်းဟဲ့ ရုန်းဟဲ့ နွားနဲ့အတူတူ ပြေးဟဲ့ လွှားဟဲ့နဲ့ အလုပ်သမား ပင်ပန်းလိုက်တာ သွက်သွက်ကိုလည်လို့၊ နဖူးကချွေး ခြေမထိအောင် တစ်နေ့မှ ငါးကျပ်၊ တစ်ဆယ် ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ အရချင်းကော မကွာနေဘူးလား (ကွာပါတယ်ဆရာ)၊ အဲဒါ ဉာဏ်နဲ့ အလုပ်ဆိုတာ အဲဒီလိုသွားတာ။

လောကီမျက်မြင်နဲ့ ကိုယ့်နားကပ်နေတာ ပြန်မဟပ်တတ်ဘူးလားလို့ နော် (မှန်ပါတယ်ဆရာ)၊ "စကားမတတ် ထုံးကိုမှတ်"တဲ့၊ "တရားမတတ် ရုံးကိုကပ်"တဲ့ မှတ်လည်းမှတ်ရမယ်၊ ပေါလွန်းလို့ ဥပမာတွေ၊ တစ်ဘက်သားတောင်ပေးတတ်တယ်၊ သူကပေးတတ်ရင် ငါဆယ်ခုပေးတတ်ရမယ်၊ ဒါခက်တဲ့ လုပ်ငန်းတွေမှမဟုတ်ဘဲ၊ တက္ကသိုလ်သွားသင်ရတာမဟုတ်ပါဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လက်တွေ့တွေပြစရာ အခုတော့မဟုတ်ဘူး၊ ဟိုကပြောလိုက်တယ်၊ မင်းတို့ နာရုံ ကြားရုံနဲ့ နာခါ ကြားခါနဲ့ တရားရနိုင်ပါ့မလား၊ လောကကြီးမှာကွာ အလုပ်မလုပ်ပဲထိုင်နေရင် အလကား ပိုက်ဆံရပါ့မလားကွ၊ အလုပ်လုပ်မှရတယ် မဟုတ်ဘူးလား၊ အေး-ဟုတ်သားပဲ ဒီလိုဖြစ်နေတာနော် (မှန်ပါတယ်ဆရာ)၊ သူတို့နှစ်ယောက် တွက်ကြည့်လိုက်တော့ တစ်ယောက်နဲ့တစ်ယောက် ဗိမ်မသာ, လိမ်မသာပါကွာ၊ တစ်ယောက်ကပြောရင် တစ်ယောက်ယုံကြည်ကြတယ်၊ မဟုတ်ဘူးလား၊ (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဘုရားသုံးမျိုးဆိုတာ

ဘုရားတောင် ကြည့် -

(၁) ဉာဏ်ဘုရားရယ်၊

(၂) ဝိရိယဘုရားရယ်၊

(၃) သဒ္ဓါဘုရားရယ်၊

သုံးမျိုးသုံးစားရှိတယ်၊ တို့လောက ဘုရားတွေပွင့်တယ်ဆိုတာ သေချာမှတ်ထားနော်၊ ဘုရားကိုယ်တော်မြတ်တွေ ဒါပုတ်ခတ်ပြီး ပြောနေတာမဟုတ်ဘူး၊ နမူနာပြောနေတာ၊ ပညာဓိကဘုရား၊ သဒ္ဓါဓိကဘုရား၊ ဝိရိယာဓိကဘုရားတဲ့။

ပညာဓိကဘုရား ဆိုတာ ပညာဦးစီးပြီးတော့ ဘုရားဆုပန်လာတာ၊ ပညာနဲ့ယူရမယ် နားလည်လား (နားလည်ပါတယ်ဆရာ)။

သဒ္ဓါဓိကဘုရား ဆိုတာ သဒ္ဓါတရားအရင်းခံထားပြီးတော့ သူက ဘုရားဆုပန်နေတာ၊ ဘုရားပါရမီ ဖြည့်နေတာ၊ သဒ္ဓါကိုသာ သူအာရုံစိုက်တယ်။

ဝီရိယာဓိကဘုရား ဆိုတာ ဝီရိယနဲ့ ကြိုးစားပြီးတော့ ဘုရားဖြစ်အောင် လုပ်နေတာ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

သုံးမျိုးသုံးစားမှတ်ထား၊ ပညာဓိကရယ်၊ သဒ္ဓါဓိကရယ်၊ ဝီရိယာဓိကရယ်၊ ဝီရိယာဓိကနဲ့ ပညာဓိက၊ ဝီရိယနဲ့ ပညာဘယ်လောက်ကွာလဲဆိုတာ သေချာကြည့်စမ်း ပညာဓိကဘုရားဆိုတာ ပါရမီဖြည့်တာ လေးအသခ္ချေနဲ့ ကမ္ဘာတစ်သိန်းဖြည့်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ လေးသခ္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ဝီရိယာဓိက ဝီရိယအားကိုးလို့ ကြိုးစားပြီး ဘုရားဖြစ်အောင်လုပ်မယ်ဆိုပြီးတော့၊ ဝီရိယအားကိုးတဲ့ ဘုရားကြတော့ တစ်ဆယ့်ခြောက်သခ္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ဘယ်နှစ်ဆလောက် နောက်ကျလဲ (လေးဆလောက်နောက်ကျတယ်ဆရာ)၊ အေး-လေးလေးလီ တစ်ဆယ့်ခြောက်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဉာဏ်ဦးစီးတဲ့ ပညာဦးစီးတဲ့ ဉာဏ်လွှာလာတယ်ဆိုတဲ့ တို့ဘုရားလောင်းကြတော့ လေးသခ္ချေနဲ့ ကမ္ဘာတစ်သိန်း အားထုတ်တဲ့ဘုရားဖြစ်တယ် ဟုတ်ပြီးလား (မှန်ပါတယ်ဆရာ)၊ ဝီရိယအားကိုးတဲ့ ဘုရားကြတော့ တစ်ဆယ်နဲ့ခြောက်သခ္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်၊ မကွာဘူးလား (ကွာပါတယ်ဆရာ)၊ အေး-ဘုရားကိုယ်တော်မြတ်တွေ ပါရမီဖြည့်ပုံလေးကြည့်၊ ပညာများတကယ်တန်ဖိုးကြီးပါတယ်၊ ဉာဏ်များတယ်တန်ဖိုးကြီးလိုက်တာ၊ ပုဂ္ဂိုလ်တိုင်းနဲ့မတန်တဲ့ ပညာ၊

http://www.dhammadownload.com

ဉာဏ်ခေါ်တယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ လောကကြီးတစ်ခုလုံးလည်း ဉာဏ်ရှိတဲ့ ပညာရှိတဲ့ပုဂ္ဂိုလ်ကြီးဖြစ်နေမယ်ဆိုရင်လဲ ကူလီဌားရမှာ မဟုတ်ပါဘူးကွ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဉာဏ်သမားကြီးဖြစ်ကုန်မှာ၊ ဒါကြောင့် ဉာဏ်ဆိုတာ လူတိုင်းရတာမဟုတ်ဘူး၊ ပညာဆိုတာ လူတိုင်းရှိတာမဟုတ်ဘူး၊ တန်းက ဒီလောက်ကွဲခြားနေတယ်။

အေး-ဒါကြောင့် တစ်လုံးဆို ဆိုသလောက် ခရီးရောက်တဲ့ လမ်းစဉ်ကြီးမို့လို့ သေသေချာချာလည်း မှတ်ကြပါလို့၊ ပြတ်ပြတ်သားသားလေးရှိသွားအောင် ဉာဏ်ထဲမှာ စူးစူးစိုက်စိုက်၊ မပြတ်သားသေးရင် ကြွေးမထားစမ်းပါနဲ့၊ သိတဲ့လူ မေးစမ်းပါ။ ဒီနေရာလေးက ဘယ်လိုဆိုသွားတာတုံး၊ ဒီနေရာဘယ်နယ့်ကောက်ရတာတုံး၊ ဒီနေရာဘယ်နယ့်ယူသွားတာတုံး၊ အဓိပ္ပာယ်သဘောလေးက ကြွေးမထားနဲ့ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ဒီအတိုက်ဓာတ်၊ အခံဓာတ် အပေါ်ဓာတ် ဆိုတဲ့ ဓာတ် (၃)ပါး တွဲတွဲ၊ တွဲတွဲသွားတာဟာ တို့ အာယတန (၁၂)ပါး ဓာတ် (၁၈)ပါးတုန်းက တော်တော်ကြီးကိုပဲ မွေနှောက် အပင်ပန်း အနွမ်းနယ်ခံ ပြလာခဲ့ပါပြီ၊ အဲဒါလေးတွေမှတ်ထားလို့ ရှိရင် ဒါလေးတွေပွားများနေရင် မိမိရှည်လျားစွာ သွားလာနေရတဲ့ သံသရာကြီးကို မြင်တယ်လို့ ခေါ်ပါတယ်၊ သံသရာဆိုတာ ဒါပါပဲ၊ ခန္ဓာ, အာယတန, ဓာတ်,တွေမပြတ်စေဘဲ "သံသရာ" ခေါ်ထားတယ်၊ သံသရာဆိုတာ ဒါပဲ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ သံသရာ ပြန်မြင်နေတယ် ခေါ်တယ်၊ ဩော် - လတ်စသတ်တော့ ခန္ဓာစဉ်၊ အာယတနစဉ်၊ ဓာတ်စဉ်ကြီးတွေ မရပ်မနားဘဲနဲ့ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် နေလိုက်တာလို့၊ ဒီလိုဖြစ်လိုက် ပျက်လိုက်နဲ့ နေစဉ်ကာမျှနဲ့ သုခလုံးဝ ရှာမရဘူး၊ ဒုက္ခတရားကြီးပဲ၊ ဒါကြောင့် ဘုံသုံးပါးဖြစ်လေသမျှဖြင့် ဒုက္ခ၊ "တေဘူမကံ ဝဋ္ဋံ" ဘုရားကိုယ်တော်မြတ် ဟောထားတယ်၊ ဒုက္ခတွေမကင်းနိုင်ဘူးတဲ့။

အဲဒါ ခန္ဓာ, အာယတန, ဓာတ်,တို့ မပြတ်ဖြစ်နေတယ်ဆိုတဲ့ သဘောမှာ ကုန်ဆုံးသွားလို့ လုံးလုံးကြီးချုပ်ငြိမ်းမယ်ဆိုမှ သုခအစစ်ရောက်မယ်၊ ဒါ နိဗ္ဗာနဓာတ်ပဲလို့၊ ဟောဒီလို လှမ်းမျှော်တာ ဒါ သန္တိပဒ ဉာဏ်ခေါ်တယ်၊ နိဗ္ဗာန်လှမ်းမျှော်တယ်၊ နိဗ္ဗာန်လှမ်းအာရုံပြုတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဘုံသုံးပါး အတွက် ဒုက္ခမှန်းသိသွားလို့၊ အဲဒါ မွန်မြတ်တဲ့တရားကြီးပဲ၊ ဘယ်နေရာက ရှုလိုက် ရှုလိုက် သင်တန်းတက်တာအာလုံး အစအဆုံးပြတဲ့တရားတွေ ဘယ်နေရာက ပိုင်ပိုင်၊ ပိုင်ရာကနေ ကိုင်ရှုလိုက် တရားစစ် တရားမှန်ကြီးပဲ၊ အဲဒါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရတဲ့ နယ်အတွင်းမှာသက်ဝင်နေတဲ့ တရားချည်းဆိုတာ မှတ်ထား။ ဒါကို "သဋ္ဌာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ" ဆိုတဲ့ အခန်းလေးမှာ ဝေဒနာဖမ်းပုံလေးတွေ မနေ့ညကပြထားတဲ့အခန်းလေး၊ ဒါပြမယ်လို့ ဒါကြောင့် ခုန အတိုက်ဓာတ် အခံဓာတ် အပေါ်ဓာတ် ဆိုတာလည်း နားလည်သွားပြီးပေါ့ နော် (နားလည်သွား

http://www.dhammadownload.com

ပါပြီဆရာ)၊ တရားသုံးပါးပေါင်းလိုက်ရင် ဖဿဖြစ်တယ်ပေါ့ နော် (မှန်ပါတယ်ဆရာ)။

အဲဒီ ဖဿဖြစ်လာပြီဆိုမှဖြင့် ဝေဒနာဖြစ်ကရောတဲ့၊ အာရုံသုံးခုပေါင်းလိုက်တော့ ဖဿမဖြစ်ဘူးလား၊ ဖဿဖြစ်ပြီးဆိုရင် ဝေဒနာဖြစ်၊ ဘာဖြစ်လို့ ဝေဒနာဖြစ်လဲ၊ ဒီတရား (၃) ခုပေါင်းနေမှဖြင့် ဝေဒနာဖြစ်တော့မှာပေါ့တဲ့၊ ဘယ်လိုဖြစ်တာတုံး၊ စက္ခုပသာဒ-အကြည်ရုပ်ရယ်၊ ရူပါရုံအဆင်းရုပ်ရယ် သူတို့နှစ်ခုတိုက်တော့ မြင်စိတ်လေးပေါ်တယ်၊ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ မြင်စိတ်ကလေးပေါ်တော့ ဒီမြင်တဲ့စိတ်ကလေးက သူမြင်တဲ့ ရူပါရုံအဆင်းရုပ်ကလေးပေါ်မှာ ကောင်းရင် ကောင်းတယ်ဟဲ့၊ မကောင်းရင် မကောင်းဘူးဟဲ့၊ ခံစားတတ်တဲ့ သဘောလေး ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ ဖဿနဲ့ဝေဒနာတွဲလျက်သားနေ၊ ဒါကြောင့် "ဖဿပစ္စယာ ဝေဒနာ" လို့ ခံစားမှုသဘောလေးတွေ ပေါ်လာကြတယ်၊ အဲဒီ ခံစားမှုသဘောလေးတွေ ပေါ်လာတော့ ဝေဒနာခေါ်တယ်၊ ဒီဝေဒနာသေချာကြည့်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဝေဒနာဖမ်းတယ်၊ ဝေဒနာစခန်းသမားတွေက တော်တော်များနေလို့၊ ဝေဒနာဖမ်းပုံလေးတွေ ဟုတ်သလား၊ မဟုတ်ဖူးလားလို့၊ သမ္မောဟ ဝိနောဒနီဝိဘင်္ဂ သတိပဋ္ဌာန မှာလာတဲ့ အဖွင့်လေးကို တိတိကျကျပြမယ်လို့၊ မနေ့ညက ခုလောက်ကြီး မိုးဖျက်တာနဲ့ ရုပ်လိုက်ရတယ်၊ (၁၅) မိနစ်လောက်လိုသွားတယ် နော် (မှန်ပါတယ်ဆရာ)၊

ဒါတွေ ဝေဒနာဖမ်း၊ ဝေဒနာခန်းလေးကို သေသေချာချာ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းလည်း စဉ်းစား၊ ဝေလည်း ဝေဖန်ပေါ့၊ မြတ်စွာဘုရားကိုယ်တော်မြတ်က ဘယ်လိုရှုပုံ ရှုနည်းကို လိုလားတယ်၊ သူရှု ငါရှု ရှုနေကြတဲ့ သူဖမ်းငါဖမ်း ဖမ်းနေကြတဲ့ ဝေဒနာဖမ်းနည်းနဲ့ ဟုတ်သလား မဟုတ်ဖူးလားလို့ ချိန်းထိုးကြည့်ဖို့၊ အခုတော့ ဝေဒနာဘယ်နှယ့်ဖမ်းတုံး တရားထိုင်လိုက်တယ်၊ တရားထိုင်လိုက်တော့ ဆစ်ဆစ် ဆစ်ဆစ်နဲ့ ကိုက်လာတယ်၊ နာလိုက်တာ၊ ကျင်လိုက်တာ၊ ကိုက်လိုက်တာ၊ ခဲလိုက်တာ၊ ပူလိုက်တာ၊ အေးလိုက်တာ၊ ညောင်းလိုက်တာ၊ ညာလိုက်တာ ဒါတွေ လိုက်မှတ်မှတ် မှတ်မှတ်နဲ့ နောက်တော့ သူတို့အပြောက ဘယ့်နှယ့်ပြောလဲဆိုတော့ တို့တော့မလုပ်ဘူး၊ မသိဘူးပေါ့။ ဒီလိုပင်ပန်းတဲ့လုပ်ငန်းလည်း ဝါသနာမပါပါဘူး၊ နောက်တော့ ဒီလိုဖမ်းပါများတော့ ကိုက်ရင်ကိုက်တယ်၊ နာရင်နာတယ်၊ ကျင်ရင်ကျင်တယ်လို့ လိုက်လိုက်သွားပါများတော့ ပျောက်သွားရောတဲ့ အကိုက်အခဲတွေ၊ ငါတော့ ပေကပ်နေတာနဲ့ ထုံကျင်သွားတယ် ထင်ပါတယ်ကွာ၊ မသိပါဘူး ဘယ်သူရယ်လို့၊ တို့ကျမ်းဂန်လာတာ တစ်မျိုးရှိလို့ စဉ်းစားကြည့်တာပေါ့ နော် (မှန်ပါတယ်ဆရာ)။

ကျမ်းဂန်လာတဲ့ သဘောလေးသေချာမှတ် နော်။ ကျမ်းဂန်လာတာ ဘယ် နှယ့်ပြောလဲဆိုတော့ ဝေဒနာနိဒ္ဒေသအဖွင့်မှာ ဝေဒနာဆိုတာ ခံစားတဲ့သဘောလေး ဝေဒနာခေါ်တယ်တဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခံစားတာများ မှတ်တာကလေး အနုဘဝန-အရသာ ခံစားတဲ့သဘောလေး ဝေဒနာ

http://www.dhammadownload.com

မဟုတ်လား (ဝေဒနာပါဆရာ)၊ အဲဒီခံစားတာများ မှတ်တာလို့ ဝေဒနာလို့ခေါ်ထားတော့ အဲဒီဝေဒနာ မေးတယ်။

ဝေဒနာဖမ်းတယ်ဆိုတာ သိကောင်းစရာ

အဋ္ဌကထာဆရာက အမေးနဲ့အဖြေနဲ့ သွားတာပါ၊

"ကော ဝေဒယတိ၊ ကဿ ဝေဒနာ၊ ကိံ ကာရဏာ ဝေဒနာ" (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၂၅၁)

"ကော ဝေဒယတိ"တဲ့ ကော၊ ဘယ်သူသည်။ ဝေဒယတိ၊ ခံစားသလဲတဲ့-မေးတယ်နော် (မှန်ပါတယ်ဆရာ)၊ ခုန ညောင်းတယ်၊ ကိုက်တယ်၊ ခဲတယ်၊ နာတယ်၊ ကျင်တယ်လို့ ဝေဒနာဖမ်းလိုက်တဲ့ပုဂ္ဂိုလ်များမှတ်နော် သေသေချာချာ၊ တရားပြိုင်ဟောနေတယ် မမှတ်နဲ့၊ စောင်းချိတ်ဟောနေတယ် မမှတ်နဲ့၊ ကြည့်ချင်လို့ရှိရင် အလွယ်တကူပဲ သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာန ဝိဘင် ဝေဒနာနိဒ္ဒေသအဖွင့်ကို ပြန်ကြည့်-"ကော ဝေဒယတိ၊ ကော၊ အဘယ်ပုဂ္ဂိုလ်သည်။ ဝေဒယတိ၊ ခံစားသလဲတဲ့၊ မေးတယ်နော် (မှန်ပါတယ်ဆရာ)။

ဒီလို ဖြေတယ်၊ -

"ကော ဝေဒယတီတိ န ကောစိ သတ္တော ဝါ ပုဂ္ဂလော ဝါ ဝေဒယတိ။"

ကော ဝေဒယတီတိ ဟူသည်ကား။ (ဝါ) ဘယ်သူခံစားသလဲ ဆိုတဲ့ အမေးလေး၊ ဘယ်သူ ခံစားသလဲမေးတယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သတ္တော ဝါ၊ သတ္တဝါသည်၎င်း။ ပုဂ္ဂလောဝါ၊ ပုဂ္ဂိုလ်သည်၎င်း။ ကောစိ၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည်။ န ဝေဒယတိ၊ မခံစား။

သတ္တဝါခံစားတာ မဟုတ်ဘူးတဲ့၊ ပုဂ္ဂိုလ်ခံစားတာလည်း မဟုတ်ဘူးတဲ့၊ ငါခံစားတာလည်း မဟုတ်ဘူးတဲ့၊ ယောကျ်ားမိန်းမ ခံစားတာလည်း မဟုတ်ဘူးတဲ့၊ နတ်တွေ၊ ဗြဟ္မာတွေ၊ ခွေးတွေ၊ ဝက်တွေ၊ ကြက်တွေ၊ ငှက်တွေ ခံစားတာလည်း မဟုတ်ဘူးတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါငါတစ်နေ့က ညကပြောလာခဲ့ပေါ့။

ဧဝရူပဉ္ဉိ ဇာနနံ သတ္တူပလဒ္ဓိ နပ္ပဇဟတိ၊ သတ္တသညံ န ဥဿိဒ္ဓေတိ၊ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာဝနာ စ န ဟောတိ။

http://www.dhammadownload.com

ဟိ၊ မှန်၏။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဧဝရူပံ၊ ဤသို့သဘောကို။ ဇာနနံ၊ သိခြင်းသည်။ သတ္တူပလဒ္ဓိ၊ သတ္တဝါဟူသော အယူကို။ နပ္ပဇဟတိ၊ မပယ်ခွာ။ သတ္တသညံ၊ သတ္တဝါဟူသော အမှတ်သညာကို၊ န ဥဂ္ဂါဠှေတိ၊ မခွာတဲ့။ (ဝါ) သက္ကာယဒိဋ္ဌိတို့ မခွာ။ ကမ္မဋ္ဌာနံ ဝါ၊ ကမ္မဋ္ဌာန်းသည်ဂင်း။ သတိပဋ္ဌာနဘာဝနာ စ၊ သတိပဋ္ဌာန်ဘာဝနာသည်ဂင်း။ န ဟောတိ၊ မဖြစ်။

သတ္တသညာ - ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါဆိုတဲ့ သက္ကာယဒိဋ္ဌိတည်းဟူသော သတ္တသညာကြီးကို မခွာဘဲနဲ့ ငါနာလိုက်တာ ပေါင်ကကိုက်လိုက်တာ ခါးကမျက်လိုက်တာ ခြေကညောင်းလိုက်တာ ခေါင်းထဲကဆစ်ဆစ်ဆစ်ဆစ်နေလိုက်တာနဲ့ ဒီလို ငါဆိုတဲ့အစွဲကြီး ပုဂ္ဂလအစွဲကြီးနဲ့ ဒီဝေဒနာဖမ်းပြီးတော့ ရှုနေလို့ရှိရင် သေအောင်ရှု၊ ကမ္မဋ္ဌာန်းလည်း မဖြစ်ပါဘူးတဲ့၊ သတိပဋ္ဌာန်ဘာဝနာလည်း မဖြစ်ပါဘူးတဲ့၊ ငါပြောတာမဟုတ်ဘူး၊ ဘုရားကိုယ်တော်မြတ် ဟောသွားတာ နော် (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။

ဝေဒနာဖမ်းတယ်ဆိုတာ အရမ်းဖမ်းနေလို့ဖြစ်တာ မဟုတ်ဘူး၊ ခုတော့ ဖမ်းလိုက်တာ ဝေဒနာ နာကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ မှတ်မှတ်, မှတ်မှတ်။ နာတယ်၊ ကိုက်တယ်၊ ခဲတယ်၊ ကျင်တယ်၊ တေပါ, ပေပါများတော့ ပျောက်သွား၊ ဟာ ဝေဒနာနိရောဓဆိုက်သွားပေါ့၊ ချမ်းသာလိုက်တာမပြောနဲ့၊ ဘာတွေချမ်းသာမှန်းကို ငါလည်းမပြောတတ်ဘူး၊ စာသဘောနဲ့ တိုက်ကြည့်တော့ တလွဲကြီးတခြားစီနော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ကွဲရဲ့တာလည်းမဟုတ်ဘူး၊ ရှုံ့ချတာလဲ မဟုတ်ဘူး၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ သတိပဋ္ဌာနဝိဘင် ဝေဒနာနိဒ္ဒေသ ဖွင့်ထားတဲ့ သဘာဝနဲ့၊ အဲဒါ တိုက်ဆိုင်ကြည့်ဖို့ဆိုတဲ့ အနေအားဖြင့် အဲ့ဒါပြနေတာလို့၊ ဒီတော့ လုပ်တယ်ဆိုတဲ့ လုပ်ငန်းဟာ မှန်ကန်တိကျရင် ပိုပြီးတော့ အကျိုးများတယ်ဆိုတဲ့ သဘောလေးလဲ မှတ်ထားကြပါ။

အလုပ်ကို မရဘူးလို့ မပြောလိုပါဘူး၊ လုပ်လို့ရတာလဲ အများကြီးရှိပါတယ်။ မလုပ်ဘဲနဲ့ နာကြားကာမျှနဲ့ ပညာစခန်းသွားနေတာလဲ အများကြီးရှိပါတယ်၊ ဘယ်နည်းမှ မှားတယ်လို့ မပြောဘူး၊ ဒါပေမယ့် လုပ်ပုံလုပ်နည်း နိဿယျညးကတော့ ကျချင်မှကျမယ်လို့ မကျလဲ အလကားမဖြစ်ဘူး၊ ဒါကြောင့် ကျကျနနရအောင် ငါကြိုးစားမယ်ဆိုတဲ့ အနေအားဖြင့် ဆရာ့ဆရာများနဲ့ နှီးနှောစုံစမ်းလို့ ရှာဖွေလို့ မှန်ကန်တိကျတဲ့ သဘာဝ သေချာကြည့်၊ ဒါကြောင့် အဋ္ဌကထာဆရာ သူ့အမေးနဲ့ သူ့အဖြေ ဝေဒနာဟာ အာရုံအရသာတွေ ခံစားတတ်တယ်တဲ့၊ ခံစားတာ ဝေဒနာခေါ်တယ်တဲ့၊ "ကော ဝေဒယတိ"၊ ကော၊ အဘယ်ပုဂ္ဂိုလ်သည်။ ဝေဒယတိ၊ ခံစားသလဲတဲ့၊ ဘယ်သူခံစားတာတုံးတဲ့ ပြောစမ်း၊ အဋ္ဌကထာဆရာက မေးတယ်နော် (မှန်ပါတယ်ဆရာ)၊ ငါညောင်းတယ်, ငါကိုက်တယ်, ငါနာတယ်, ဆိုလို့ ဟုတ်ပါ့မလားဟ (မဟုတ်နိုင်ပါဘူးဆရာ)၊ သတ္တသညံ န ဥဂ္ဂါဠှေတိ-သတ္တဝါဟူသော အမှတ်ကြီး

http://www.dhammadownload.com

ခွာမှ မခွာဘဲ အယူဝါဒကြီး စွန့်မှ မစွန့်ဘဲနဲ့ စွန့်ရအောင်လည်း ဒီပုဂ္ဂိုလ်သွားမေးကြည့်တော့၊ ရုပ်တစ်လုံး နာမ်တစ်လုံးက မပြတ်သားဘူး၊ စွန့်ဖို့ မခက်ဘူးလားဟ (ခက်ပါတယ်ဆရာ)၊ ဘယ်နှယ့်လေးမှ သက္ကာယဒိဋ္ဌခွါရအောင် သတ္တာသညာ ဘယ့်နှယ့်လေးမှ ခွာမရဘူး။

ဒါကြောင့် ဒီသတ္တာသညာလို့ခေါ်ထားတဲ့ သက္ကာယဒိဋ္ဌကွာဖို့လုပ်ငန်းသည် တို့မင်္ဂစခန်း၊ ဖိုလ်စခန်းသွားတဲ့ လမ်းမှာဖြင့် နံပါတ်တစ်ဆိုတာ မှတ်ထားပါ အရေးကြီးဆုံးနော် (မှန်ပါတယ်ဆရာ)၊ မင်္ဂအန္တရာယ်ကြီး မင်္ဂတားထားတာသူပဲ ဒီမိစ္ဆာအယူကြီးပဲ၊ သက္ကာယဒိဋ္ဌကြီးပဲလို့ စွဲစွဲမြဲမြဲမှတ်ထားပါ။ မင်္ဂအန္တရာယ်ငါးချက်ထဲ တစ်ချက်ပါနေတယ်ဆိုတာ သေသေချာချာမှတ်ထား၊ သြော်-မင်္ဂတားတာသူပဲလို့၊ ဒါကြောင့် မင်္ဂတံခါးအရင်ဖွင့်ပါလို့ ဘယ်နှယ့်လုပ်ရမတုံး၊ သတ္တာသညာ ခွါပစ်၊ ဟာ-ဝေဒနာဆိုတာ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, အသက်, လိပ်ပြာမှမဟုတ်ဘဲနဲ့ ငါခံစားတဲ့၊ သူခံစားတဲ့၊ ပုဂ္ဂိုလ်ခံစားတဲ့၊ သတ္တဝါခံစားတာမဟုတ်ဘူး၊ ခြေကညောင်းတယ်၊ လက်ကညောင်းတယ်၊ ခေါင်းကိုက်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဝေဒနာဆိုတာ ဘာတုံး၊ ဝေဒနာဆိုတာ အာရဏ်ီအရသာခံစားကာမျှ သဘောလေးတွေကို ဝေဒနာလို့ဟောတာလို့ သိဖို့ အင်မတန်အရေးကြီးတယ် နော် (မှန်ပါတယ်ဆရာ)။

တံ တံ သုခါဒီနံ ဝတ္ထုံ အာရမ္မဏံ ကတွာ ဝေဒနာဝ ဝေဒယတိ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၂၅၂)

ဝေဒနာဝ၊ အာရုံကို ခံစားတတ်တဲ့ သဘောကလေးမျှသည်သာလျှင်။ ဝေဒယတိ၊ ခံစားတတ်၏။ အာရုံရဲ့သဘောလေး၊ ခံစားတတ်တဲ့သဘောကလေးကို ဝေဒနာလို့ ဒါလေးမှတ်ရတယ်။ ဘယ်သူမှ မဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် - ကော ဝေဒယတီတိ၊ ကော၊ အဘယ်ပုဂ္ဂိုလ်သည်။ ဝေဒယတိ၊ ခံစားပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆာယံ၊ မေးသည်။ သတိ၊ ရှိသော်။ န ကောစိ သတ္တော ဝါ ပုဂ္ဂလော ဝါ ဝေဒယတိ။ သတ္တော ဝါ၊ သတ္တဝါသည်ငင်း။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်ငင်း။ ကောစိ၊ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည်။ န ဝေဒယတိ။ မခံစားပါလို့ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ် သတ္တဝါ ခံစားတာမဟုတ်ပါဘူးတဲ့၊ ဝေဒနာဟာ ဝေဒနာပါပဲ၊ ဒီသဘောလေးပါပဲတဲ့၊ ခံစားတဲ့သဘောလေး၊ ဟုတ်ရဲ့လား၊ (မှန်ပါတယ်ဆရာ)။

ကဿ ဝေဒနာတိ - ကောင်းပါပြီးတဲ့၊ ဒါဖြင့် ဒီဝေဒနာက ဘယ်သူ့ဥစ္စာတုံးတဲ့၊ ဘယ်သူပိုင်တဲ့ ပစ္စည်းတုံးတဲ့၊ ဘယ်သူ့ဝေဒနာတုံးတဲ့၊ ကဿ၊ အဘယ်ပုဂ္ဂိုလ်၏။ ဝေဒနာ၊ ဘယ်သူ့ဝေဒနာလဲလို့ မေးလိုက်တယ် နော် (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော် သေသေချာချာ။ ဝေဒနာဖမ်းချင်တဲ့သူများ၊

http://www.dhammadownload.com

သူ့ခမျာများ သိပ်တော့မလွယ်လှဘူးတဲ့ အလုပ်က၊ ဝေဒနာမပေါ်ပေါ်အောင် အရင်လုပ်ရသေး၊ ဝေဒနာဖမ်းချင်တာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာမပေါ်ပေါ်အောင် အတော်ကြီးလုပ်ယူရတယ်၊ ကြိုးစားရတယ်လို့ မပြောင်းမရွှေ့ မလှုပ်မယှက်ဘဲနဲ့ ဖိစီးပြီးတော့ ကျကျနနထိုင်တော့ ကြာမှ ဝေဒနာပေါ်တာကိုးကွ နော် (မှန်ပါတယ်ဆရာ)။

"ကဿ ဝေဒနာတိ"တဲ့၊ ကဿ၊ အဘယ်ပုဂ္ဂိုလ်၏။ ဝေဒနာ၊ ဝေဒနာလဲ တဲ့ မေးပြန်တယ်။ ဒီဝေဒနာက ဘယ်သူ့ဝေဒနာလဲတဲ့ နော် (မှန်ပါတယ်ဆရာ)၊

" နကဿစိ သတ္တဿ ဝါ ပုဂ္ဂလဿ ဝါ ဝေဒနာ"တဲ့၊

ကဿစိ၊ တစ်စုံတစ်ယောက်သော။ ပုဂ္ဂလဿ ဝါ၊ ပုဂ္ဂိုလ်၏လည်းကောင်း။ သတ္တဿ ဝါ၊ သတ္တဝါ၏လည်းကောင်း။ ဝေဒနာ၊ ဝေဒနာသည်။ နမဟုတ်တဲ့။

တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ရဲ့ ဝေဒနာလည်း မဟုတ်၊ တစ်စုံတစ်ယောက်သော သတ္တဝါရဲ့ ဝေဒနာလည်း မဟုတ်ပါဘူးတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီဝေဒနာ ဘယ်သူ့ ဝေဒနာတုံး (ဘယ်သူ့ဝေဒနာမသိဘူး)၊ မင်းဥစ္စာ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဆရာ)၊ မင်းဒီလောက် မိုက်တဲ့ ကောင်၊ ခုပြောနေရင်းမတ်တပ် ဘယ်သူ့ဝေဒနာလဲလို့မေးတယ်၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ် သတ္တဝါရဲ့ ဝေဒနာမဟုတ်ဘူးတဲ့၊ ဘယ်သူ့ဝေဒနာတုံး (ကိုယ့်ကိုယ်ကိုဖြစ်တဲ့ ဝေဒနာပါဆရာ)၊ ဟောဗျာ ဒါမင်းဝေဒနာပေါ့၊ ဘယ်သူ့ဝေဒနာတုံး မင်းကိုယ်တိုင် နားမလည်ဘူး၊ နားလည်လား၊ (နားမလည်ဘူး)၊ နားမလည်ဘူး၊ ခံစားမှုသဘောလေးရှိတယ်မဟုတ်လား (ရှိပါတယ်ဆရာ)၊ ဝေဒနာ (မှန်ပါတယ်ဆရာ)၊ ဝေဒနာကွန္ဓာ (မှန်ပါတယ်ဆရာ)၊ ဝေဒနာစေတသိက် ဟုတ်ရဲ့လား (မှန်ပါတယ် ဆရာ)။

ဝေဒနာစေတသိက်သည် ဝေဒနာကွန္ဓာမည်၏၊ ထိုဝေဒနာကွန္ဓာသည် မြန်မာလို ပြောစမ်းပါဆိုတော့ အာရုံ၏အရသာလေး ခံစားတတ်တဲ့သဘောလေးမဟုတ်ဘူးလား (သဘောလေးပါဆရာ)၊ ဘယ်သူခံစားတုံး၊ မင်းခံစားသလား၊ (ကျွန်တော်မခံစားရပါဘူး)၊ ဘယ်သူခံစားတုံး (သူ့ဟာသူ ခံစားတာပါဆရာ)၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ သူ့ဟာသူခံစားတာ နော် (မှန်ပါတယ်ဆရာ)၊ ဒီဝေဒနာ စေတသိက်လေးကိုက ခံစားတတ်တဲ့သဘောလေး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အာရုံလေးပေါ်လာရင်ပေါ်လာတဲ့ အာရုံ၏အရသာလေး ကောင်းတယ်, ဆိုးတယ်လို့ ခံစားတတ်တဲ့သဘောလေးရှိတယ် မဟုတ်လား (ရှိပါတယ်ဆရာ)၊ အဲ့ဒီသဘောလေးဟာ ဒါ ခံစားတတ်တဲ့သဘောခေါ်တယ်၊ ဒါဝေဒနာလို့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ခံစားကာမျှ မှတ်တာလေး နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် မင်းခံစားတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား (မဟုတ်နိုင်ပါဘူးဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါ ခံစားတယ်

http://www.dhammadownload.com

ဟုတ်နိုင်ပါ့မလား (မဟုတ်နိုင်ပါဘူးဆရာ)၊ မြန်မာလို ရှင်းရှင်းလေးပြောရင် ဝေဒနာစေတသိက် ဝေဒနာကွန်ရှာခေါ်ထားတဲ့ ဝေဒနာလေးဟာ ဒါ မင်းလား (မဟုတ်ပါဘူးဆရာ)၊ ပုဂ္ဂိုလ်လား (မဟုတ်ပါဘူးဆရာ)၊ သတ္တဝါလား (မဟုတ်ပါဘူးဆရာ)၊ အသက်လိပ်ပြာလား (မဟုတ်ပါဘူးဆရာ)၊ ယောကျ်ား၊ မိန်းမလား (မဟုတ်ပါဘူးဆရာ)၊ နတ်ပြဟ္မာလား (မဟုတ်ပါဘူးဆရာ)၊ ခွေး, ဝက်, ကြက်, ဌက်, ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)၊ ဝေဒနာစေတသိက်လေးဟာ ဝေဒနာစေတသိက်ပေါ့ (မှန်ပါတယ်ဆရာ)၊ သဘောလေးမဟုတ်ဘူးလား (သဘောလေးပါဆရာ)၊ မှတ်ထားနော်။

ဒါဖြင့် "ကော ဝေဒယတီတိ" ကော၊ အဘယ်ပုဂ္ဂိုလ်သည်။ ဝေဒယတိ၊ ခံစားသလဲ တဲ့၊ ဘယ်သူခံစားသလဲ (ဘယ်သူမှ မခံစားရပါဘူးဆရာ)၊ ဘယ်သူမှ မခံစားဘူး (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါခံစားတာမဟုတ်ဘူးပေါ့။ (မဟုတ်ပါဘူးဆရာ)၊ အေး- နကောစိ သတ္တော ဝါ ပုဂ္ဂလော ဝါ ဝေဒယတိ။ ကောစိ၊ တစ်စုံ တစ်ယောက်သော။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်ငင်း။ သတ္တော ဝါ၊ သတ္တဝါသည်ငင်း။ နဝေဒယတိ၊ မခံစား နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊

အဲ - ဒါဆိုရင် "ကဿ ဝေဒနာတိ" ကဿ၊ အဘယ်ပုဂ္ဂိုလ်၏ ဝေဒနာ၊ ဝေဒနာလဲ လို့၊ "နကဿစိ သတ္တဿ ဝါ ပုဂ္ဂလဿ ဝါ ဝေဒနာ" နော် (မှန်ပါတယ်ဆရာ)၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ် သတ္တဝါ၏ ဝေဒနာမဟုတ်၊ ဘယ်သူ့ဝေဒနာလို့ ဆိုဖြစ်ပါ့မလဲ (မဖြစ်ပါဘူးဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဒီဝေဒနာသည် ငါ့ဝေဒနာ၊ သူ့ဝေဒနာလို့ ပြောလို့ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ဝေဒနာက ဝေဒနာစေတသိက်ကလေး မဟုတ်ဘူးလား (ဝေဒနာစေတသိက်လေးပါးဆရာ)၊ အနုဘဝန-အာရုံ၏အရသာခံစားတတ်တဲ့ သဘောတရားအသစ်ကလေး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ ငါ့ဟာ သူ့ဟာလို့ ပြောလို့ ဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ) မဖြစ်ဘူးနော် (မှန်ပါတယ်ဆရာ)။

အေး-သေချာကြည့်ကြည့် "ကော ဝေဒယတီတိ" နံပါတ်တစ်ပုစ္ဆာ၊ ဘယ်သူခံစားသလဲတဲ့၊ ပုဂ္ဂိုလ်, သတ္တဝါခံစားတာမဟုတ်။ သူဘာသာသူခံစားတာ၊ သူသဘောလေးသူဆောင်နေတာ၊ သူကိုကခံစားတတ်တဲ့ သဘောလက္ခဏာလေး၊ ဝေဒယိတိလက္ခဏာရှိ၏။ ဝေဒနာစေတသိက်ကလေး နားလည်လား (နားလည်ပါပြီးဆရာ)။ ဒုတိယအမေး " **ကဿ ဝေဒနာတိ**"- ဘယ်သူ့ဝေဒနာလဲ ငါ့ဝေဒနာလား, သူ့ဝေဒနာလား, ပုဂ္ဂိုလ်ဝေဒနာလား, သတ္တဝါဝေဒနာလား, ဘယ်သူ့ဝေဒနာမဟုတ် ဝေဒနာဟာ ဝေဒနာလေးပဲ ဝေဒနာစေတသိက်လေး နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါရုပ်နာမ် မသဲ မကွဲရှိနေတဲ့ ပညာမျက်စိလုံးလုံးမရှိတဲ့ အန္ဓပုထုဇဉ်တွေကိုပြောနေလဲပဲ ဘာမှသိမှာမဟုတ်ဘူး၊ နားလည်လား

http://www.dhammadownload.com

(နားလည်ပါပြီဆရာ)၊ ဘာပြုလို့ နဂိုထဲက ပညတ်, ပရမတ်ကလည်းမကွဲ၊ ရုပ်, နာမ်ကလဲမသိတော့ ဒီစကားပြောလဲပိုနေမှာ နော် (မှန်ပါတယ်ဆရာ)။

ဒါဖြင့် တို့သင်တန်းသူ၊ သင်တန်းသားများတော့ ငါနားလည်မှုရှိတာ ပညတ်ပရမတ်လည်း ကွဲတယ်၊ ပရမတ်လည်း သဘောဆိုက်အောင် ရုပ်နာမ်ခန္ဓာ, အာယတန, ဓာတ်,တွေလည်း ပြပြီးသား ဖြစ်နေတယ်ဆိုတော့ လက်ခံနိုင်လိမ့်မယ်လို့ထင်တယ်၊ ဝေဒနာအဓိပ္ပာယ်လေးက ဝေဒနာဆိုတာ အနုဘဝနရသာ- အာရုံ၏အရသာခံစားတတ်တဲ့ သဘောမျှသက်သက်ကလေး၊ ငါခံစားတာ၊ သူခံစားတာ၊ ပုဂ္ဂိုလ်, သတ္တဝါခံစားတာ မဟုတ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ခံစားတတ်တဲ့ ဝေဒနာခေါ်တဲ့ သဘောလေးသည် ဘယ်သူပိုင်တဲ့ ပစ္စည်းတုံး၊ ဘယ်သူမှလည်း မပိုင်၊ ဘယ်သူဟာမှ မဟုတ်၊ နားလည်လား (နားလည်ပါတယ် ဆရာ)။

သုံးနှံပါတ် မေးပြန်တယ်၊ **"ကိ်ကာရဏာ ဝေဒနာတိ"** - ဝေဒနာ၊ ဝေဒနာသည်။ ကိ်-ကာရဏာ၊ ဘာကြောင့်ဖြစ်သလဲတဲ့၊ လာပြန်ပြီနော် (မှန်ပါတယ်ဆရာ) -

"ဝတ္ထုအာရမ္မဏာ စ ပနေသာ ဝေဒနာ။ တသ္မာ ဧသ ဧဝံ ပဇာနာတိ "တံ တံ သုခါဒီနံ ဝတ္ထုံ အာရမ္မဏံ ကတ္ဝာ ဝေဒနာဝ ဝေဒယတိ၊ တံ ပန ဝေဒနာပဝတ္တိ ဥပါဒါယ 'အဟံ ဝေဒယာမီ'တိ ဝေါဟာရမတ္တံ ဟောတီ"တိ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၂၅၀)

စ ပန၊ ဆက်ဆိုဦးအုံ့။ ဧသော ဝေဒနာ၊ ဤဝေဒနာသည်။ ဝတ္ထုအာရမ္မဏံ၊ ဝတ္ထုကို အာရုံပြုတတ်နေတတ်၏။ တသ္မာ၊ ထို့ကြောင့်။ ဧသ၊ ထိုပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ ကိံ၊ အဘယ်သို့ သိပါသနည်း။ သုခါဒီနံ၊ သုခဝေဒနာတို့၏။ တံ တံ ဝတ္ထုံ၊ ထိုထိုဝတ္ထုကို။ အာရမ္မဏံ၊ အာရုံကို။ ကတ္ဝာ၊ ပြု၍။ ဝေဒနာဝ၊ ခံစားတတ်သော သဘောလေးသည်။ ဝေဒယတိ၊ ခံစားတတ်၏။ ပန၊ ထိုသို့ခံစားတတ်ပါသော်လည်း။ တံ ဝေဒနာပဝတ္တိံ၊ ထိုဝေဒနာဖြစ်ခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ အဟံ၊ ငါသည်။ ဝေဒယာမီ၊ ခံစားတတ်၏။ ဣတိ၊ ဤသို့။ ဝေါဟာရမတ္တံ၊ ပြောဆိုကာမျှသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

ဝေဒနာဖြစ်လာတဲ့ အကြောင်းအရင်းကတော့ တခြားမဟုတ်ပါဘူးတဲ့၊ မှီရာဝတ္ထုရုပ်ရယ် နော် (မှန်ပါတယ်ဆရာ)၊ အာရုံရယ်တဲ့ ဒီနှစ်ပါးစွဲပြီးတော့ ခံစားတတ်တဲ့သဘောလေး ပေါ်ပေါ်လာတယ်တဲ့ နားလည်လား (နားလည်ပါပြီဆရာ)၊ ဝတ္ထုနဲ့ အာရုံ နော် (မှန်ပါတယ်ဆရာ)၊ ဝတ္ထုနဲ့ အာရုံနှစ်ပါးဆုံပြီဆိုမှဖြင့် ခံစားမှုသဘောလေးက ပေါ်ပေါ်, ပေါ်ပေါ်လာတတ်တယ်တဲ့၊ ဒါကြောင့် ဒီဝေဒနာဖြစ်တာ ရှာလိုက်တော့ ဝတ္ထုနဲ့ အာရုံနှစ်ပါးစုံကို စွဲပြီးဖြစ်တဲ့ ခံစားမှုသဘောသက်သက်ကလေးပါတဲ့၊ ဝတ္ထုနဲ့

http://www.dhammadownload.com

အာရုံမတိုက်ရင် ဘယ်တော့မှမဖြစ်ဘူး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ပြန်ပြီးကြည့်လိုက်စမ်း-ဟုတ်လား, မဟုတ်လားလို့၊ ဝတ္ထုနဲ့အာရုံနဲ့၊ ဓာတ်တစ်ဆယ့်ရှစ်ပါး ပြန်လည်ကြည့်လိုက်စမ်း၊ စက္ခုပသာဒ စက္ခုဝတ္ထု အကြည်ရုပ်လေးမှီရာ မဟုတ်ဘူးလား (မှီရာပါဆရာ)၊ ရူပါရုံ၊ အဆင်းရုပ်၊ စက္ခုဝတ္ထု လာမှီရတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ လာတိုက်တယ်မဟုတ်လား (လာတိုက်ပါတယ်ဆရာ)၊ သူတို့တိုက်လိုက်တော့ စက္ခုဝိညာဏ်စိတ်-မြင်စိတ်ကလေးပေါ်လာတယ် (ပေါ်ပါတယ်ဆရာ)၊ မြင်စိတ်ကလေးက ဘယ်သူ့အမှီဖြစ်၊ စက္ခုဝတ္ထုမှီဖြစ်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မြင်စိတ်ကလေးကို စက္ခုဝိညာဏ်စိတ်ခေါ်၏။ ဒီလိုမဟုတ်လား (မှန်ပါတယ်တယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဓာတ်သုံးပါးပေါင်းမသွားဘူးလား (ပေါင်းသွားပါတယ်ဆရာ)၊ အဲဝတ္ထုနဲ့ အာရုံနှစ်ပါးစုံတွဲသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ စက္ခုဝတ္ထုရယ်၊ ရူပါရုံရယ် သူတို့နှစ်ခုတိုက်ခိုက်မှုကြောင့် မြင်စိတ်ဆိုတဲ့ စက္ခုဝိညာဏ် စိတ်ကလေးပေါ်လာ၏။ ဝတ္ထုကို အမှီဖြစ်ပြီးတော့ ဘာဖြစ်လဲလို့ "တိဏ္ဏံ သင်္ဂတိ ဖဿော" ဖဿဖြစ်ပြီး တွေ့သွားတာပေါ့တဲ့၊ တရားသုံးခုပေါင်းသွားတာ၊ ပေါင်းသွားတာဘာဖြစ်လဲ။ အဲ့ဒီမှာ ခံစားမှုလေးပေါ်လာတဲ့ ဝေဒနာ၊ "ဖဿပစ္စယာ ဝေဒနာ"တဲ့ကိုက်ရဲ့လား (ကိုက်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (လည်ပါတယ်ဆရာ)၊ အဲဒီတရားသုံးခုပေါင်း မဖြစ်ဘဲနဲ့ အာရုံ၏အရသာခံစားမှု သဘောလေး ဖြစ်ကောင်းပါ့မလား၊ (မဖြစ်ကောင်းပါဘူးဆရာ)၊ ဘယ်ဖြစ်မတုံး အာရုံမှပေါ်မှမပေါ်ဘဲ နော် (မှန်ပါတယ်ဆရာ)။

အခုတော့ အခံမာတ်ရယ်၊ အတိုက်မာတ်ရယ် နှစ်ပါးလဲ တိုက်လိုက်ရော ဒက်ခနဲဆို အပေါ်မာတ် မြင်စိတ်ကလေး ပေါ်လာ စက္ခုဝိညာဏ်စိတ်၊ စက္ခုဝိညာဏ်စိတ်လည်း ပေါ်လိုက်တော့ တရားသုံးခုလည်းပေါင်း ဖဿ၊ အာရုံနဲ့ ဝတ္ထုတွေ့ထိမှုဆိုတာ ဖဿလေးပေါ်လာပြီ၊ ဖဿလေးပေါ်လာရင်ပဲ ဒီဖဿဟာ သူချည်းနေတာ မဟုတ်ပါဘူးတဲ့၊ အဲဒီပေါ်လာတဲ့အာရုံရဲ့ အရသာလေးခံစားမှုဆိုတဲ့ ဝေဒနာက ရောက်လာပေါ့တဲ့၊ ကောင်းရင်ကောင်းတယ်၊ မကောင်းရင် မကောင်းဘူး၊ ခံစားမှုလေးပေါ်လာတယ်၊ နားလည်လား (နားလည်ပါတယ်)။ ဒါကြောင့် "ဝတ္ထုံ အာရမ္မဏံ ကတွာ ဝေဒနာဝ ဝေဒယတိ" - ဝေဒနာဖြစ်လာတဲ့ အကြောင်းအရင်းပြတယ်။ ပြီးတော့မှ ဒီဝတ္ထုဆိုတာ ဘာခေါ်လဲဆိုတော့ "ဝတ္ထု ကရဇကာယော"တဲ့၊ ဝတ္ထုကဘာတုံး။ ကရဇကာယ၊ အဲဒါ မှီရာဝတ္ထုရုပ် နော် (မှန်ပါတယ်ဆရာ)၊ ခုပြောသွားတာရှင်းရဲ့လား (ရှင်းပါတယ်ဆရာ)။အဲဒါဝေဒနာဖမ်းနည်းလေး သေသေချာချာကြည့်၊ ဒီတော့ ငါနာတယ်, ငါကိုက်တယ်, ငါကျင်တယ်, ငါခဲတယ်လို့ဆိုနေရင် ဟုတ်ပ့ါမလား နော် (မဟုတ်နိုင်ပါဘူးဆရာ)၊ ဝေဒနာက ငါဖြစ်တယ်၊ ဝေဒနာနဲ့ ငါနဲ့မကွဲဘူးပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ဒီဝေဒနာကို သက္ကာယမခွာဘဲနဲ့ ငါအစွဲကြီးနဲ့ အလုပ်လုပ်နေရင် ကမ္မဋ္ဌာန်းလည်းမဟုတ်ပါဘူး။

http://www.dhammadownload.com

သတိပဋ္ဌာန်လည်း မဟုတ်ပါဘူးတဲ့၊ မရှင်းဘူးလားကွာ (ရှင်းပါတယ်ဆရာ)၊ ဒါ -

ဧဝရူပဉ္ဍိ ဇာနနံ သတ္တူပလဒ္ဓိံ နပ္ပဇဟတိ၊ သတ္တသညံ နဥဂ္ဃါဋေတိ၊ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာဝနာ ဝါ နဟောတိ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၂၅၁)

တိုက်ရိုက်ဖွင့်သွားတာ။ ဟိ၊ မှန်၏။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဧဝရူပ၊ ဤသို့ သိခြင်းကို။ ဇာနနံ-ဇာနန္တော၊ သိခြင်းသည်။ သတ္တူပလဒ္ဓိံ၊ သတ္တဝါဟူသော စွဲလမ်းမှုအယူကို။ နပ္ပဇဟတိ၊ မစွန့်။ သတ္တသညံ၊ သတ္တသညာကြီးကို၊ နဥဂ္ဃါဋေတိ၊ မခွာ။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်သည်ဂင်း။ သတိပဋ္ဌာန-ဘာဝနာ ဝါ၊ သတိပဋ္ဌာန်ဘာဝနာသည်ဂင်း။ နဟောတိ၊ မဖြစ်။

ဘယ်တော့မှ မဖြစ်ဘူးတဲ့၊ ဘာပြုလို့တုံး ဆိုတော့ သတ္တသညာ၊ သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ လုပ်နေတာ၊ ဝေဒနာငါလုပ်ရှုနေတာတဲ့၊ ဖမ်းသာဖမ်း၊ ဘယ်တော့မှမဖြစ်ဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သက္ကာယဒိဋ္ဌိ အင်မတန်အရေးကြီးလို့ သတ္တသညာ အရင်ခွာပစ်၊ သက္ကာယဒိဋ္ဌိ အရင်ခွာ၊ ဝေဒနာနဲ့ ငါနဲ့ မထွေးစေနဲ့၊ ဝေဒနာ ငါမဟုတ်ဘူး၊ ဒါကြောင့် ဝတ္ထုသာဓက ကလေးထုတ်ကြစို့ နော် (မှန်ပါတယ်ဆရာ)။

စိတ္တလတောင်သီတင်းသုံးတဲ့ နာမည်မထင်ရှား မထေရ်တစ်ပါး

စိတ္တလတောင်မှာ မထေရ်ကြီး မထေရ်ငယ်နှစ်ပါး နေကြတယ်။ ဝေဒနာရှုပုံလေး သေချာကြည့်ထား၊ မထေရ်ကြီး မထေရ်ငယ်နှစ်ပါး တစ်နေ့ကြတော့ မထေရ်ကြီးက ရောဂါရတယ်၊ ရောဂါတော်တော်ပြင်းထန်နေတယ် တစ်နေ့ထက်တစ်နေ့ ပိုပိုပြင်းထန်တော့ အင်းပျဉ်ညောင်စောင်းပေါ်မှာ တပြောင်းတပြန်နဲ့ ငြီးတွားပြီးတော့ လှိမ့်ရှာတယ် နော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာဒဏ်မခံနိုင်လို့ ငြီးတွားပြီးလှိမ့်၊ ဘယ်ညာစောင်း ပြောင်းကာ လှည့်ကာနဲ့ လှိမ့်ရှာတယ်၊ မခံနိုင်ဘူး၊ ဝေဒနာပြင်းလွန်းလို့ အနားမှာရှိတဲ့ မထေရ်ငယ်က ပြောတယ်၊ အရှင်ဘုရား ဘယ်နေရာက နာတုံးတဲ့၊ အရှင်ဘုရား တော်တော်လေး ပြင်းထန်ဟန်တူရဲ့တဲ့၊ မသက်သာဘူးတဲ့ ညည်းလိုက်တာလို့၊ အရှင်ဘုရား ဘယ်နေရာကနာတုံးဘုရား, ဘယ်နေရာများကျင်တုံးဘုရား, ကိုက်တုံးဘုရား, ခဲတုံးဘုရား, မထေရ်က လျှောက်တယ်။

"အာဝုသော ပါဋိယေက္ကံ ရုဇ္ဇနဋ္ဌာနံ နာမ နတ္ထိ၊ ဝတ္ထုံ အာရမ္မဏံ ကတွာ ဝေဒနာဝ ဝေဒယတီတိ" (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၂၅၁)

မထေရ်ကြီးက ပြန်ပြောတယ်။ အာဝုသော၊ ငါ့ရှင်တဲ့ သေချာကြည့်၊ ဟိုက ပညာမျက်စိမြင်ပြီး

http://www.dhammadownload.com

သား ပညတ်ပရမတ်ကွဲပြီးသား ရုပ်နာမ်ပေါ် ကျေပြီးသားဆိုတော့ ကြည့်ကြည့် ဟိုကလာပုံက "အာဝုသော ပါဋိယေက္ကံ ရူဇုနဌာနံ နာမ နတ္ထိ" - "အာဝုသော၊ ငါ့ရှင်တဲ့။ ပါဋိယေက္ကံ၊ အသီးအခြား။ ရူဇုနဌာနံ နာမ၊ ကိုက်ခဲ ကျင်နာတဲ့နေရာသည်။ နတ္ထိ၊ မရှိ"တဲ့ ဟောပြောသွားတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ အခုလို ဝေဒနာဖမ်းနေတာကတော့ ငါ့ပေါင်ကကိုက်လိုက်တာ၊ ခါးက ကိုက်လိုက်တာ၊ ခြေထောက်တွေကျင် ဒီလိုလာတာမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဟိုက ပညာမျက်စိမြင်ထားတာ ဝေဒနာအပေါ် နာမ်ရုပ်ကွာပြီးသားပုဂ္ဂိုလ်ဆိုတော့၊ လာပုံက ငါ့ရှင်တဲ့ ကိုက်ခဲတဲ့နေရာ သီးခြားပြီးတော့ ငါပြစရာမရှိဘူးတဲ့၊ ဒူးကကိုက်တယ် ပေါင်ကကိုက်တယ် ခါးထဲကကိုက်တယ် ဗိုက်ထဲကအောင့်တယ်လို့ ဒီလိုနေရာဌာနနဲ့ စွဲပြီးတော့ပြစရာမရှိဘူးတဲ့၊ အရှင်ဘုရားဘာကြောင့် ငြီးထွားနေတုံး၊ ဘာဖြစ်လို့တုံးတဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ " ဝတ္ထုံ အာရမ္မဏံ ကတွာ ဝေဒနာဝ ဝေဒယတိ" = အမှန်ကတော့ ကိုက်ခဲတဲ့နေရာ မရှိပေမဲ့ ဝတ္ထုနဲ့အာရုံပေါင်းဆုံမိတာ နှစ်ပါးကို စွဲလမ်းပြီးတော့ ခံစားမှုသဘောသက်သက်ဆိုတဲ့ ဝေဒနာဖြစ်တာပဲ ငါ့ရှင်တဲ့၊ လာပုံက မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)။

အခုလိုဖြင့် ရုပ်နာမ်ခန္ဓာမသိတဲ့ ပုဂ္ဂိုလ်ဆိုရင်ဖြင့် ဝေဒနာငါမှတ်နေတာ ပြောမှာပေါ့၊ မသက်မသာ လူးလှိမ့်နေတဲ့ ကိုယ်တော်အရှင်ဘုရား ဘယ်လိုနေတုံးဘုရား၊ ဘယ်နေရာက ကိုက်တုံး၊ ငါ့ဗိုက်ထဲက မချိမဆန့်ဖြစ်တယ်၊ ခါးထဲက ဘယ်လိုဖြစ်နေတယ်၊ ပေါင်ထဲက ဘယ်နှယ့်ဖြစ်နေတယ် ပြောမှာ မဟုတ်ဘူးလား (ပြောမှာပါဆရာ) ဟိုမထေရ်ကြီးက ပြောရဲ့လား (မပြောပါဘူးဆရာ)၊ သီးခြားပြစရာနေရာမရှိဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဝေဒနာနဲ့ပြောလို့ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ ငါခံစားတယ်ပြောလို့ဖြစ်ပါမလား (မဖြစ်ပါဘူးဆရာ)၊ ငါ့မှာရှိတဲ့ဝေဒနာလို့ ပြောလို့ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာရဲ့)၊ သက္ကာယကွာပုံပြောတယ်၊ ဒါကြောင့် "သက္ကာယဒိဋ္ဌိ သတ္တသညာ"ဆိုတဲ့ သက္ကာယဒိဋ္ဌိမခွာဘဲနဲ့ ဝေဒနာသာဖမ်းပြီးတော့ရှုနေမယ်ဆိုရင်ဖြင့် ဘယ်နှယ့်လုပ်လုပ်၊ ဘယ့်နှယ့် အားထုတ်အားထုတ် ဘယ်နှယ့်နည်းမှ ကမ္မဋ္ဌာန်းလည်းမဖြစ်ဘူးတဲ့၊ သတိပဋ္ဌာန်နည်းလည်း မဖြစ်ပါဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တို့များဟောပြောနေတဲ့ တရားဆိုလို့ရှိရင်လည်းပဲ ဘယ်လိုဘယ်ညာနဲ့ ပြောရတယ်။ ဒါကြောင့် -

သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာနဝိဘင်္ဂ အဖွင့် ဝေဒနာနိဒ္ဒေသကြည့်ပါ။ ဘာဆိုထားလဲ တစ်ခန်းချင်း ကွာပုံလေးတွေ ဒေသနာနဲ့ ဟပ်လိုက်တဲ့အခါကြတော့ နော် (မှန်ပါတယ်ဆရာ)၊ သေချာကြည့် သေချာကြည့်၊ ဒီတော့ ဒီမထေရ်ကြီးကို မထေရ်ငယ်ကလျှောက်တယ်။ အရှင်ဘုရားတဲ့ အရှင်ဘုရား အခုအမိန့်ရှိတဲ့အတိုင်းဆိုလို့ရှိရင်ဖြင့် အရှင်ဘုရားခံစားနေတဲ့ဝေဒနာ သီးခြားဖြင့်နေရာပြစရာ

http://www.dhammadownload.com

မရှိဘူး၊ ဝတ္ထုနဲ့အာရုံနှစ်ပါးစုံကို အာရုံပြုပြီးတော့ဖြစ်ပေါ်နေတဲ့ ခံစားမှုသဘောသက်သက်လေးပဲလို့ အရှင်ဘုရားက မိန့်ကြားတော်မူလို့ တပည့်တော်လည်းကြားရပါတယ်ဘုရား၊ အရှင်ဘုရား ဒီအတိုင်းသာ နှလုံးသွင်းမယ်ဆိုရင် မကောင်းပေဘူးလားလို့ မထေရ်ငယ်က ဘေးနားက ပြန်လျှောက်တယ်၊ ငါ့ရှင်တဲ့ ငါဒီအတိုင်းနှလုံးသွင်းနေတာတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ကြည့်ကြည့်၊ ဒါကြောင့် (၉၆) ပါးသော ရောဂါဝေဒနာ မကပ်ရောက်ဘူးလို့၊ မရှိကြပါဘူး။ လူမှန်ရင် သူသူငါငါ လူတကာပေါ့၊ တစ်နေ့သော် ဝေဒနာကပ်ရောက်လာတဲ့ အခန်းလေးတွေ ပေါ်လာကြလိမ့်မယ်။

ဝေဒနာကပ်ရောက်လာတဲ့ အခန်းကြတော့ ဖမ်းစမ်းပါ ခုနည်းနဲ့၊ ဘယ်လောက်သက်သာသလဲ ဆိုတဲ့ သဘောလေးတွေ၊ တို့တော့ လက်တွေ့ရသင့်သလောက် ရခဲ့ဖူးပါရဲ့ မကြာမကြာ ဆိုသလိုပေါ့၊ ဝေဒနာ ဖမ်းကြည့် ဘယ်လောက်နေသာထိုင်သာရှိလို့၊ ဘယ်လောက်သက်သာခွင့်ရသလဲ၊ ဝေဒနာနဲ့ ငါနဲ့ သွားထွေးရောရင် သေလုအောင်နာမှာ နော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာ ငါမှတ်နေရင် နာလို့မဆုံးဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နာလှချည်ရဲ့၊ ကိုက်လှချည်ရဲ့၊ ခဲလှချည်ရဲ့၊ သေလိုက်ချင်ရဲ့ ဘယ်သူနာတာတုံး ငါနာတာပေါ့ဟာ ဘယ်နေရာကနာ ဒူးကနာ, ပေါင်ကနာ, ဗိုက်ကနာ, ခေါင်းကနာ, နာဖူးလား (နာပါတယ်ဆရာ)၊ အေး-အဲ့ဒါ ဝေဒနာနဲ့ ငါနဲ့ မကွဲတဲ့ပုဂ္ဂိုလ်များ သေပွဲသာဝင်ရမယ်။ ခံလိုတော့ အပြင်းထန်ဆုံးဆိုတာ မှတ်ထားနော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာနဲ့ ငါနဲ့ ကွဲပါစေတဲ့၊ ကိုက်ခဲနာကျင်တဲ့ နေရာလေး သီးခြားပြီး ပြစရာမရှိသော တရားကြီးပါတဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဝတ္ထုနဲ့ အာရုံနှစ်ပါးစုံကို အာရုံပြုပြီးတော့ ဖြစ်ပေါ်နေတဲ့ ခံစားမှု သဘောသက်သက် ကလေးတဲ့။ ဒါကြောင့် "တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ" ဆိုတာလေး စိတ်ကူးကြည့်၊ သေချာသေချာ တွက်ကြည့် ဟုတ်လား မဟုတ်ဘူးလားလို့၊ ဩော် - လက်စသတ်တော့ -

ဒါကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာကြီး ဒီလိုမြတ်စွာဘုရား ကိုယ်တော်မြတ်ဆက်တိုက်ပြသွားတာ၊ "သဋ္ဌာယတန"အတိုက်ဓာတ်, အခံဓာတ်ခြောက်ပါး ဘွားကနဲပေါ်လာရင် အတိုက်ဓာတ်နဲ့ အခံဓာတ် တိုက်လိုက်ပြီးသည်နဲ့ တစ်ပြိုင်နက် အပေါ်ဓာတ်ကလေးတွေ ပေါ်လာတော့ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် သိစိတ် (၆) ခုပေါ်လာတယ်။ သိစိတ် (၆) ခု ပေါ်လာတော့ ဓာတ် (၃) ပါးနဲ့ ပေါင်းလိုက်ကရော့၊ ဖဿဆိုတဲ့ သဘောလဲဖြစ်တယ်၊ ဖဿဖြစ်သည်နဲ့တစ်ပြိုင်နက် ထိုဖဿနဲ့ မကွေမကွာ တစ်သဘောတည်း ဖြစ်လာတဲ့, အာရုံ၏ အရသာလေး ခံစားမှုဆိုတဲ့ ဝေဒနာပေါ်လာကြတယ်လို့ ဒီဝေဒနာဟာ သူခံစားတာလား၊ ငါခံစားတာလားဆိုတော့ သူလည်းခံစားတာမဟုတ်၊ ငါလည်း ခံစားတာမဟုတ်ဘူးတဲ့၊ ဝေဒနာကိုက ခံစားတတ်တဲ့ သဘောလက္ခဏာရှိတယ်၊ "ဝေဒယိတလက္ခဏာ"တဲ့ နော် (မှန်ပါတယ်ဆရာရဲ့)၊ အင်မတန်ကောင်းတဲ့

http://www.dhammadownload.com

အပိုင်း အင်မတန်ကိုတန်ဖိုးရှိတယ်။ ဒါကြောင့် ဒီက အဋ္ဌကထာမှာ လာတဲ့နည်းအတိုင်း အာဂုံပါဠိနဲ့ ကြည့်၊ ဝတ္ထုသက်သေနဲ့ချပြနေတာပေါ့။

ဒါနဲ့ မထေရ်ကြီးက ငါ့ရှင် အခု ငါမြင်တဲ့အတိုင်း ငါရှုမြင်ပွားများ အားထုတ်ပြီး ငါသည်းခံနေတယ်တဲ့၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ မထေရ်ကြီးက ဝေဒနာမသက်သာရှာဘူး။သူ့ကြည့်တော့ ညောင်စောင်းပေါ်မှာ ဟိုဘက်ပြောင်းလိုက်၊ ဒီဘက်လှည့်လိုက်၊ ဟိုက်ဘက်လှိမ့်၊ ဒီဘက်လှိမ့်နဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လူးလှိမ့်နေတယ်တဲ့၊ သူဆင်ခြင်နေတဲ့ တရားကို နောက်ပိုင်း ဘယ်နှယ့်ဖြစ်လာလဲဆိုတော့ လေရောဂါ၊ လေနာရောဂါခေါ်တယ်၊ တို့ ဝါယောဓာတ်ပြစဉ်အခါတုန်းက ငါပြောခဲ့တယ်၊ သတ္ထုကဝါတ, ခုဒ္ဒကဝါတလို့ မှတ်မိသေးလား (မမှတ်မိဘူး)။ လေသင်တုန်းတို့ လေကတ်ကြေးတို့ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ လေဆင်နှာမောင်းရော မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ) ငါ ဝါယောဓာတ်ပြတုန်းက လေဆင်နှာမောင်းလဲပါတယ် ဟုတ်လား (မပါပါဘူးဆရာ)၊ လေကတ်ကြေးတို့ လေသင်တုန်းတို့ နော် (မှန်ပါတယ်ဆရာ)၊ လေကတ်ကြေးက ရုတ်တရက် မတ်တတ်က ရုပ်သေးကြီးပြတ်ဖြစ်ပြီးတော့လဲသွားတာ ဘာဖြစ်လို့ လေဖြတ်လို့သေပေါ့၊ မမြန်ဘူးလား (မြန်ပါတယ်ဆရာ)၊ ကတ်ကြီးလိုဖြတ်တတ်တယ်တဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် အိပ်နေရင်း မတ်တတ်က ဗြုန်းကနဲ သေသွားပေါ့ လဲသွားပေါ့၊ ဘာပြုလို့ လေဖြတ်လို့၊ နှလုံးသားခွဲတဲ့ "သတ္ထကဝါတ"ခေါ်တာ လေသင်တုံး နော် (မှန်ပါတယ်ဆရာ)၊ သင်တုန်းဓားလို ထက်တယ်တဲ့၊ သတ္ထကဝါတဆိုတော့ ကတ်ကြေးလို ဖြတ်တတ်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီကိုယ်တော်ကြီး အမှန်ကတော့ လေရောဂါဖြစ်နေတာ မထေရ်ငယ်လေးနဲ့ အတိုင်းအထွာ မေးရင်းစမ်းရင်းကနေပြီးတော့ အရှင်ဘုရား ဒီအမြင်မျိုးမြင်လို့ရှိရင် ဒီလိုဆင်ခြင်နေရင် မကောင်းပေဘူးလားဘုရား၊ ငါ့ရှင် ငါဒီအတိုင်း ဆင်ခြင်စဉ်းစားနေတာပဲတဲ့၊ နှလုံးသွင်းနေတာပဲ၊ ဝေဒနာက မလျော့ဘူး။ ပြင်းထန်၊ ပြင်းထန်လာတော့ သူ့ကြည့်တော့ လူးကာလွန့်ကာနဲ့နေရတာ နောက်တော့ဘယ်နှယ့်ဖြစ်လာလဲဆိုတော့ သူ့နှလုံးသား လေခွဲလို့ ဝမ်းထဲရှိတဲ့အူတွေလည်း အစုစုလိုက် အပြုံအပြုံလိုက် အစိုင်စိုင်လိုက် အခဲခဲဖြစ်တယ် လှိမ့်လှိမ့်တက်တယ် နော် (မှန်ပါတယ်ဆရာ)၊ အစုလိုက်အစုလိုက်ဖြစ်နေတဲ့ တက်တက်လာတဲ့အူတွေကို ဘေးကမထေရ်ငယ်ခေါ်ပြတယ်၊ ငါ့ရှင်ကြည့်စမ်းတဲ့၊ ငါဖြစ်တဲ့ဝေဒနာကြည့်စမ်းတဲ့၊ ကြည့်လိုက်တော့ အခွေအခွေ အလိပ်အလိပ်ပေါ့ကွာ နော် (မှန်ပါတယ်ဆရာရဲ့)၊

ငါဒီထိအောင် သည်းခံပါတယ်တဲ့ ဒီလိုပြောပြီး တယ်မကြာပါဘူး ကိုက်တော်မြတ်ကြီးက ဒီတရားကိုပဲ ဆင်ခြင်နှလုံးသွင်းလိုက်ပြီး ဘာဖြစ်လဲဆိုတော့ ဝိရိယနဲ့သမာဓိ ဒီမှာဆင်ချင်လိုက်တယ်၊ သတိနဲ့ပညာ နဂိုကပါပြီးသားပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဝိရိယနဲ့ သမာဓိယှဉ်ပြီးတော့

http://www.dhammadownload.com

ရှေ့ဆက်သည်းခံပြီး ဒီတရားပွားများလိုက်တာ လေးမင် လေးဖိုလ်ရတယ် ပဋိသန္ဓိဒါမဂ္ဂနဲ့တကွ လေးမင် လေးဖိုလ်ရလို့ အာသဝေါတရားကုန်ခမ်းတဲ့ ပရိနိဗ္ဗာန်စံခါနီးလေးမှာကပ်ဖြစ်တဲ့ "သမသီသီရဟန္တာ" ဖြစ်ရပါတယ် နော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာဖမ်းတာ ရဟန္တာတောင်ဖြစ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဝေဒနာဖမ်းတတ်ရင် အင်မတန် တန်ဖိုးရှိပါတယ်။ ဝေဒနာဖမ်းတတ်ရင်ဆိုတာ ခုနပြောသလို ငါညောင်း, ငါကိုက်, ငါနာ, ငါကျင်တယ်ဆိုတဲ့အနေအားဖြင့် ဝေဒနာနဲ့ ငါနဲ့မကွဲဘဲ တစ်တွဲတွဲနဲ့ အလုပ်လုပ်နေရင် ကမ္မဋ္ဌာန်းလည်းမဟုတ်၊ သတိပဋ္ဌာန်းနည်းလည်း မဟုတ်ပါဘူးလို့ အဋ္ဌကထာဆရာ တိုက်ရိုက်ဆိုသွားတဲ့စကား ယုံကြည်ကြပါရင် ဝေဒနာနဲ့ငါနဲ့ မထွေးပါစေနဲ့လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

ဝေဒနာနဲ့ ငါနဲ့ မထွေးပါစေနဲ့၊ ဝေဒနာပေါ်မှ သက္ကာယခွာလို့ ဝေဒနာဆိုတဲ့ အနုဘဝန-အာရုံ၏ အရသာခံစားကာမျှသဘော၊ ဝေဒယိတလက္ခဏာရှိတဲ့ ဝေဒနာစေတစိတ်ကလေးပဲ၊ ငါလည်း မဟုတ်၊ သူလည်း မဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်၊ ကိုယ်မှာ နာကျင်ကိုက်ခဲတဲ့အခါ ဒီအနေအားဖြင့် ဆင်ခြင်ပွားများကြည့်၊ အများကြီးသက်သာတယ်ဆိုတာ မှတ်၊ မအိပ်နိုင်လောက်အောင် ပြင်းထန်နေတဲ့ ဝေဒနာ ကောင်းပြီး အိပ်ပျော်သွားပြီး နော် (မှန်ပါတယ်ဆရာရဲ့)၊ လက်တွေ့လက်တွေ့ သက်သာခွင့် အများကြီးရတယ်။ အဲဒါကြောင့် အနုဘဝန-အာရုံ၏အရသာခံစားခြင်းသဘောလေးသည် ဝေဒနာစေတသိတ်၊ ဝေဒနာက္ခန္ဓာခေါ်၏။ ထိုဝေဒနာက္ခန္ဓာသည် ငါလည်းမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်၊ အသက်လိပ်ပြာလည်းမဟုတ်ပါလား၊ ဝေဒနာဟာ ဝေဒနာပဲ၊ ငါမဟုတ် နော် (မှန်ပါတယ်ဆရာ)၊ ဝတ္ထုနဲ့အာရုံ၊ နှစ်ပါးဆုံနေတာကို အာရုံပြုပြီးတော့ ဖြစ်ပေါ်နေတဲ့ အနုဘဝန-အာရုံ၏အရသာခံစားမှုသဘောသက်သက်ကလေးဟာ ဝေဒနာပါလားလို့၊ ဒါလေး ထပ်ပြန်တလဲလဲ သေသေချာချာပွားများနေလို့ရှိရင် လက်ရှိပြင်းထန်စွာ ခံစားနေရတဲ့ဒုက္ခကြီးမှ အများကြီး ချမ်းသာရာ ရပါတယ်၊ သက်သာရာရပါတယ်လို့ ပါရမီမာတ်ခံရင့်သန်တဲ့ ပုဂ္ဂိုလ်များအတွက်ဆိုရင်ဖြင့်၊ အခု စိတ္တလတောင်က ဝေဒနာခံစားနေတဲ့ မထေရ်ကြီးများလိုပဲ သောတာပန်၊ သကဒါဂါမ်တင်မကပါဘူး၊ ပဋိသန္ဓိဒါမဂ္ဂနဲ့တကွ လေးမင်လေးဖိုလ်ရလို့ အာသဝေါတရားကုန်ခန်း ရဟန္တာအဖြစ် ဖြစ်နိုင်သည်ဟူ၍မှတ်ပါ။

"သဋ္ဌာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ"၊ သဋ္ဌာယတနပစ္စယာ၊ သဋ္ဌာယတနတည်းဟူသောအကြောင်းကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿတည်းဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သဋ္ဌာယတနရယ်, ဖဿရယ်, ဝေဒနာရယ်, သဋ္ဌာယတနက အာယတန ဆယ့်နှစ်ပါး အတိုက်မာတ်ခြောက်ပါး အခံမာတ်ခြောက်ပါး၊ သူတို့နှစ်ပါးတိုက်တဲ့အခါကြတော့ ဝိညာဏမာတ်ခြောက်ရပ် ဖြစ်လာ၏။ သိစိတ်ခြောက်ခု

http://www.dhammadownload.com

သိမှုခြောက်ပါး၊ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ မနောဝိညာဏ်၊ ဝိညာဏာဓာတ်ခြောက်ရပ်။ အဲဒီ ဝိညာဏာဓာတ်ခြောက်ရပ်ပေါ်လာတော့ ဘာဖြစ်သလဲဆိုတော့ တစ်တွဲစီ, တစ်တွဲစီ တရားသုံးခုပေါင်း၊ စက္ခုပသာဒ, ရူပါရုံ, စက္ခုဝိညာဏ် အတိုက်ဓာတ်၊ အခံဓာတ်၊ အပေါ်ဓာတ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

တရားသုံးခုပေါင်းပြီလား (ပေါင်းပါတယ်ဆရာ)၊ ပေါင်းတော့ဘာဖြစ် (ဖဿဖြစ်ပါတယ်ဆရာ)၊ ပါဠိက ဘယ်နဲ့နေ (တိဏ္ဏံ သင်္ဂတိ ဖဿော ပါဆရာ)၊ "တိဏ္ဏံ သင်္ဂတိ ဖဿော"လို့၊ အဲဒါလေးတွေ သေချာမှတ် သောတကြလည်း ဒီလိုပဲ၊ ဃာနကြလည်း ဒီအတိုင်းပဲ၊ ဇိဝှါ, ကာယ, မန,ပေါင်းလိုက်တော့ ဓာတ်တစ်ဆယ့် ရှစ်ပါးဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်)၊ အဲဒီ ဓာတ်တစ်ဆယ့်ရှစ်ပါးဟာ မိမိတို့ အမြဲတစေ မျက်လုံးနှစ်လုံး ပြုန်းကနဲဖွင့်တဲ့ အချိန်ကစ ပြန်မအိပ်သမျှကာလပတ်လုံး တစ်ဆယ့်ရှစ်ပါးသော ဓာတ်တရားတို့သည် မရပ်မနားဖြစ်၍နေ၏။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ အဲဒါ သံသရာခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါသံသရာပဲလို့၊ ပြီးတော့မှ ၎င်းအာယတန တစ်ဆယ့်နှစ်ပါး အတိုက်ဓာတ်, အခံဓာတ်, အပေါ်ဓာတ်။ ဓာတ်တစ်ဆယ့်ရှစ်ပါး၊ သုံးပါးတစ်တွဲ သုံးပါးတစ်တွဲ ပေါင်းလိုက်တော့ "တိဏ္ဏံ သင်္ဂတိ ဖဿော"ဆိုတဲ့အတိုင်း "သဠာယတနပစ္စယာ ဖဿော" ကိုက်ရဲ့လား (ကိုက်ပါတယ်ဆရာ)၊ ဖဿဖြစ်ကရော့ ဖြစ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဖဿဖြစ်ပြီး ဘာဖြစ်သလဲဆိုတော့၊ ဖဿဖြစ် ဝေဒနာဖြစ်တာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဖဿဖြစ်ရင် ဝေဒနာဖြစ်တာပေါ့တဲ့၊ ဘာပြုလို့ ဖဿဆိုကတည်းက တရားသုံးခု ပေါင်းပြီးဖြစ်တာတဲ့၊ တရားသုံးခုပေါင်းလို့ ဖဿဖြစ်တာ၊ တရားသုံးခုပေါင်းတဲ့အထဲ အာရုံမပါဘူးလား (ပါ, ပါတယ်ဆရာ)၊ စက္ခုပသာဒ, ရူပါရုံ, အာရုံပါမလာဘူးလား (ပါလာပါတယ်ဆရာ)၊ အေး ဟုတ်ပြီး စက္ခုပသာဒ ရူပါရုံ စက္ခု ဝိညာဏ်မြင်စိတ်၊ အဲဒီရူပါရုံရဲ့ အရသာလေး ကောင်း, မကောင်းခံစားတဲ့သဘော၊ ဝေဒနာ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဖဿဖြစ်ရင် ဝေဒနာလွတ်ပဲ့မလား (မလွတ်နိုင်ပါဘူးဆရာ) ဖဿ ဖြစ်ရင်ဝေဒနာဖြစ်တယ်၊ ဒါကြောင့် "ဖဿပစ္စယာ ဝေဒနာ"နော် (မှန်ပါတယ်ဆရာ)။ ဖဿတည်းဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဖြစ်၏။

ဝေဒနာက ဖဿကြောင့် ဖြစ်လာတဲ့ ဝေဒနာက နှစ်မျိုးနှစ်စား မှတ်လဲထား၊ ကျန်ဒြိယဘေဒ အားဖြင့် ငါးပါး - သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ ကျန်ဒြိယဘေဒ အားဖြင့် ငါးပါးကွဲပြားတယ်။

သောမနဿဝေဒနာ - ဆိုတာက စိတ်မှာခံစား၊ ရွှင်လန်းဝမ်းမြောက်တယ်တဲ့၊ မဖြစ်ဘူးလားဟ

http://www.dhammadownload.com

(ဖြစ်ပါတယ်ဆရာ)။

ဒေါမနဿဝေဒနာ - စိတ်မှာ ခံစားတာ၊ စိတ်နှလုံး မချမ်းမြေ့ မသာယာမဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။

သုခဝေဒနာ - ကိုယ်မှာ ခံစား၊ ကိုယ်မှာချမ်းသာတယ်တဲ့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။

ဒုက္ခဝေဒနာ ကိုယ်မှာခံစား၊ ကိုယ်မှာ ဆင်းရဲတယ်တဲ့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။

ဥပေက္ခာဝေဒနာ စိတ်မှာဖြစ်၏၊ မမုန်းမချစ် လျစ်လျူ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ငါးခုနော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ အမြဲတစေ ခံစားနေသော "အနုဘဝနလက္ခဏာ"အားဖြင့် သုံးပါးလို့ သူကျတော့ သောမနဿဝေဒနာနဲ့ ဒေါမနဿဝေဒနာနှစ်ပါး နှုတ်လိုက်၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ သုံးမျိုးနော် (မှန်ပါတယ်ဆရာ)။

သုခဝေဒနာ-ကိုယ်ချမ်းသာမှု။ ဒုက္ခဝေဒနာ-ကိုယ်ဆင်းရဲမှု။ ဥပေက္ခာဝေဒနာ၊ သုခလည်းမဟုတ် ဒုက္ခလည်းမဟုတ်သော ဝေဒနာ ဥပေက္ခာဝေဒနာခေါ်၏ နော် (မှန်ပါတယ်ဆရာ)၊ အဒုက္ခမသုခ ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဝေဒနာသည် ဥပေက္ခာဝေဒနာခေါ်၏ နော် (မှန်ပါတယ်ဆရာ)၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ, ၎င်းဝေဒနာသုံးပါးသည် မင်းတို့ ငါတို့ အမြဲတစေ ခံစားနေသော အနုဘဝနလက္ခဏာအားဖြင့် ဖြစ်ပေါ်သော ဝေဒနာသုံးပါး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ပြီးသွားတော့ "ဖဿပစ္စယာ ဝေဒနာ"ရဲ့အရကောက်ပြမယ် အဲဒီဝေဒနာကို ဝေဒနာနဲ့ ငါနဲ့မထွေးစေနဲ့ မနှေ့ညကပြတဲ့သဘာဝအတိုင်း ဝေဒနာဖမ်းကြစို့၊ ဝေဒနာရှုကြစို့၊ ဝေဒနာပွားများကြစို့ဆိုတော့ ဝေဒနာမှာ ငါမပါစေနဲ့တဲ့ ရှင်းရှင်းလေးပြောထားတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သတိပဋ္ဌာနဝိဘင်းအဖွင့် သမ္မောဟအဋ္ဌကထာက -

"ကော ဝေဒယတီတိ၊ ကဿ ဝေဒနာတိ၊ ကိံ ကာရဏာ ဝေဒနာ" လို့ သုံးချက်ပုဒ်က ထုတ်တယ်၊ ကော၊ အဘယ်သူသည်။ ဝေဒယတိ၊ ခံစားသလဲ၊ ဝေဒနာ-ခံစားတယ်၊ ခံစားတယ်ဆိုတာ ဟုတ်ပါပြီ။ ဘယ်သူခံစားသလဲလို့ ဒီလိုမေးတော့ ဘယ်နှယ့်ပြောတယ် (ဘယ်သူမှ မခံစားဘူးဆရာ)၊ ဘယ်သူမှ မခံစားဘူး၊ ဘယ်သူမှ မခံစား၊ ဘာခံစားတုံး (ဝေဒနာခံစားတာပါဆရာ)၊ အေး ခံစားမှုသဘောလေးပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ "ဝေဒနာဝ ဝေဒယတိ။ ဝေဒနာဝ၊ ခံစားတတ်သော သဘောတရားလေးသည်သာလျှင်။ ဝေဒယတိ၊ ခံစား၏။ ခံစားတဲ့ သဘော သက်သက်လေး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ ဝေဒနာက္ခန္ဓာ အဲဒါလေး သေချာကြည့်၊

http://www.dhammadownload.com

ဒီတော့ "ကော ဝေဒယတိ" လို့ မေးလိုက်တယ်။ ကော၊ အဘယ်ပုဂ္ဂိုလ်သည်။ ဝေဒယတိ၊ ခံစားသလဲ။ "ကော ဝေဒယတီတိ နု ကောစိ သတ္တောဝ ပုဂ္ဂလောဝ ဝေဒယတိ။ ကော ဝေဒယတီတိ၊ ကော ဝေဒယတိ ဟူသည်ကား။ ကောစိ၊ တစ်စုံတစ်ယောက်သော။ သတ္တော ဝါ၊ သတ္တဝါသည်ငင်း၊ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်ငင်း၊ နု ဝေဒယတီတိ၊ မခံစားပါ။ ပုဂ္ဂိုလ်လည်းမခံစားဘူး၊ သတ္တဝါလည်းမခံစားဘူး၊ ဘယ်သူခံစားတုံး "ဝေဒနာဝ ဝေဒယတိ"၊ ခံစားတတ်တဲ့ သဘောတရားလေး ခံစားတာပဲတဲ့၊ ခံစား တတ်တဲ့ သဘောတရားလေးက ဝေဒနာစေတသိက် မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဘာခန္ဓာ ခေါ်တယ်၊ (ဝေဒနာက္ခန္ဓာပါဆရာ)၊ ဝေဒနက္ခန္ဓာ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မနေ့ညက ဝေဒနာဖမ်းတဲ့ နေရာလေး, ဝေဒနာရှုတဲ့ နေရာလေးမှာ ဝေဒနာငါမှတ်လို့ ဝေဒနာနဲ့ငါနဲ့ မကွဲမပြား မခြားနားဘဲနဲ့ ရှုမြင်ပွားများ အားထုတ် အလုပ်လုပ်နေရင်တဲ့ ဒီနည်းဟာ ကမ္မဋ္ဌာန်းလည်း မဟုတ်ဘူးတဲ့၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်လည်း မဟုတ်ဘူးလို့ တိုက်ရိုက်ဆိုသွား ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါ တို့များက ပြောတာမဟုတ်၊ ဝေဒနာရှုမြင်ပွားများ အားထုတ်တဲ့ ပုဂ္ဂိုလ်များအတွက် သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာနဝိဘင်း ဝေဒနာနုပဿနာနိဒ္ဒေသအဖွင့် ကြည့်၊ မရှင်းဘူးလားကွာ (ရှင်းပါတယ်ဆရာ)၊ ဘာမှ ငြင်းနေစရာမလိုဘူး။ ဒါဖြင့်ရင် ခါးကိုက်တယ်၊ ပေါင်ကိုက်တယ်၊ ခြေကျင်တယ်၊ ကိုယ်ကနာတယ်၊ ခေါင်းကမူးတယ်၊ မှတ်မှတ်, မှတ်မှတ် ဒီလိုနေရာလေးတွေ ဌာနလေးတွေ လိုက်လိုက်မှတ်နေတဲ့ ဝေဒနာဖမ်းနည်းဖြင့် ကြိုးပမ်းအားထုတ် အလုပ်လုပ်တော့ ဟုတ်နိုင်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ "သတ္တသည် နု ဥဿုဒ္ဒေတိ၊ ကမ္မဋ္ဌာနဥ္စေဝ သတိပဋ္ဌာနဉ္စာဝနာ စ နု ဟောတိ" ဒီဝေဒနာနဲ့ ငါနဲ့မကွဲဘဲ လုပ်နေသမျှကာလပတ်လုံး ကမ္မဋ္ဌာန်း လည်းမဟုတ်ပါဘူးတဲ့၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်လည်းမဟုတ်ပါဘူးတဲ့၊ မရှင်းဘူးလားကွာ (ရှင်းပါတယ်ဆရာ)၊

ဒါကြောင့် ဝေဒနာရဲ့သဘောလေး ရှေ့ဦးမဆွ ကိုယ့်ဉာဏ်ထဲ ပြတ်သားထားရမယ်၊ ဝေဒနာဆိုတာ ငါလည်းမဟုတ်၊ ပုဂ္ဂိုလ်လည်းမဟုတ်, သတ္တဝါလည်းမဟုတ်, အကောင်အထည် အထည်ဖြပ်သဏ္ဌာန် လည်းမဟုတ်, အမှုန်အမွှားအရေအဖတ်လည်းမဟုတ်, အဖြူအပြာအဝါလည်းမဟုတ်, လေးထောင့် သုံးမြောင်လည်းမဟုတ်, အာရုံဖြစ်ပေါ် လာတဲ့ ဖဿဖြစ်စဉ်အခါတုံးက ပေါ် လာတဲ့ အာရုံ၏ အရသာ လေး ခံစားတတ်တဲ့ သဘောမျှသက်သက်ကလေး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလိုဆိုတော့ ဝေဒနာကို အကောင်အထည်ရှာရသေးလား (မရပါဘူးဆရာ)၊ ပုဂ္ဂိုလ်, သတ္တဝါရှိသေးလား (မရှိပါဘူး ဆရာ)၊ အတုံး, အလုံး, အခဲကော (မရှိပါဘူးဆရာ)၊ အမှုန်အမွှားကော (မရှိပါဘူးဆရာ)၊ အရေ, အဖတ်ကော (မရှိပါဘူးဆရာ)၊ ဘာလေးတုံးဟ (သဘောလေးပါဆရာ)၊ အေး သဘောလေး၊

http://www.dhammadownload.com

ဘာသဘောလေးတုံး (ဝေဒနာရဲ့ ခံစားတဲ့သဘောလေးပါဆရာ)၊ ခံစားတတ်တဲ့ သဘောလေး ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဝေဒနာ,က "ဝေဒယိတလက္ခဏာ"ရှိတတ်တဲ့ မှတ်ကြောင်းလက္ခဏာလေး၊ အာရုံ၏ အရသာခံစားကာမျှ သဘောလေးက ဝေဒနာလို့ ဒါလေးမှတ်ထား။ ဒါကြောင့် မနေ့က ပြသွားတဲ့ စိတ္တလတောင်က မထေရ်ကြီးနဲ့ မထေရ်ငယ်နှစ်ပါး ဝေဒနာအရ ဖမ်းသွားပုံလေး နော် (မှန်ပါတယ် ဆရာ)၊ "အာဝုသော ပါဋိယေက္ကံ ရုဇ္ဇနဋ္ဌာနံ နာမ နတ္ထိ" = ဝေဒနာပြင်းထန်စွာ အလူးအလဲ ခံစားနေ ရတော့ မထေရ်ငယ်က မေးတယ်၊ အရှင်ဘုရား ဘယ်နေရာက နာတုံး၊ အာဝုသော၊ ငါ့ရှင်။ ပါဋိယေက္ကံ၊ အသီးအခြား။ ရုဇ္ဇနဋ္ဌာနံ နာမ၊ ကျင်နာ ကိုက်ခဲသော နေရာပြစရာသည်။ နတ္ထိ၊ မရှိ ။ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒူးက ကိုက်တယ်၊ ပေါင်က ကိုက်တယ်၊ ခါးက ကိုက်တယ် ဆို ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)၊ ဝေဒနာ ဒူးတွေ, ပေါင်တွေ, ခါးတွေဖြစ်ကုန်ရော ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ ဒါကြောင့် ကြပ်ကြပ်ကြီးသတိထားပါလို့၊ တရားဆိုတာ ကြိုးစားတိုင်းရသွားတယ်မထင်နဲ့၊ အင်တိုက်အားတိုက် အလုပ်လုပ်သွားတိုင်းလည်း ဟုတ်သွားတယ်မထင်နဲ့ နော် (မှန်ပါတယ်ဆရာ)၊ သက်သက်မေတ္တာရှေ့ထားပြီးတော့ အဌကထာလာတဲ့ ဝါဒအတိုင်းချပြီးတော့ပြနေတာပါလို့၊ ဒါကြောင့် အဌကထာဆရာက ရှေ့ဆက်ပြီးတော့ တစ်နည်းတက်ပြသွားလို့ အင်မတန်မှမှတ်စရာကောင်း။

ဒါကြောင့် စိတ္တလတောင်က မထေရ်ကြီးက ဝေဒနာဖမ်းတဲ့ အခန်းလေးမှာ မှတ်သားစရာ အင်မတန်ကောင်းလို့ ဒီဝတ္ထုထုတ်ပြ သေခါနီးဆဲဆဲ ကပ်ပြီးတော့ ဖဋိသမ္ဘိဒါမဂ်နှင့်တကွ အရဟတ္တမဂ် အရဟတ္တဖိုလ်ရလို့ အာသဝေါတရားကုန်ခန်းတဲ့ "သမသီသီရဟန္တာ"ဖြစ်ပြီး ပရိနိဗ္ဗာန်စံရတယ်ကို နော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာအဖမ်းတတ်တော့ ပညာမျက်စိရှိပြီး နဂိုကတည်းက ပညာပါပြီးသား၊ ဝေဒနာ ငါမဟုတ်၊ ဝေဒနာ အကောင်အထည်မဟုတ်၊ ဝေဒနာ ဝတ္ထုပစ္စည်းမဟုတ်၊ ဝေဒနာ ဝေဒနာ သဘောလေးပဲ၊ ဒီလိုပြတ်ပြတ်သားသားနားလည်းရမယ်။ ဝေဒနာဆိုတာ သဘောတရားသက်သက် ကလေးနော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေး အင်မတန်မှ နည်းယူစရာကောင်းတယ်။ ဒါကြောင့် မနေ့ညကလည်း ပြောခဲ့ပြီး မှတ်ထား၊ မိမိတို့မှာ အင်မတန် ကျင်နာကိုက်ခဲပြီး သည်းမခံနိုင်လောက်တဲ့ ပြင်းထန်သော ရောဂါဝေဒနာတစ်ခုခုရခဲ့သော် သည်းမခံ နိုင်လောက်အောင် ကျင်နာကိုက်ခဲတယ်ဆိုတဲ့ သဘောလေးကို သေသေချာချာအမိဖမ်း၊

အဲဒီ မခံနိုင်မရပ်နိုင်အောင် နာတယ်, ကျင်တယ်, ကိုက်တယ်ဆိုတဲ့ သဘောလေးဟာ ဝေဒနာပဲ၊ ဒီနာကျင်တဲ့သဘောလေးရဲ့ အရသာခံစားနေတာဝေဒနာပဲ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဆင်းရဲပင်ပန်းတဲ့ နာကျင်ကိုက်ခဲတဲ့ သဘောလေးခံစားတဲ့ ဝေဒနာကျတော့ ဒုက္ခဝေဒနာလို့ နော်

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)၊ ဆင်းရဲပင်ပန်းတဲ့ သဘောလေး ခံစားနေတာတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဆင်းရဲပင်ပန်းတဲ့ သဘောလေးခံစားနေတာ ကိုယ်ကတော့ မနေနိုင်, မထိုင်နိုင်, ကိုက်တယ်, ခဲတယ် ဆိုတဲ့ အနေအားဖြင့် ခံစားနေရတဲ့ ပင်ပန်းဆင်းရဲနေတာ ဒါဒုက္ခဝေဒနာခေါ်တယ်။ အဲဒီ ဒုက္ခဝေဒနာကို သက်သာရာရစေခြင်းအကျိုးငှာလို့ "ဝေဒနာနုပဿနာ" သတိပဋ္ဌာန်နဲ့လိုက်ပြီးတော့ ကိုက်အောင်တင် ကြည့်စမ်း၊ နာတယ်, ကျင်တယ်, ကိုက်တယ်, ခဲတယ်ဆိုတဲ့ နာကျင်ကိုက်ခဲမှုသဘောလေးခံစားနေရတာ ငါလားလို့မေး နော် (မှန်ပါတယ်ဆရာ)၊ ငါဟုတ်ပါ့ မလား (မဟုတ်ပါဘူး)၊ ငါမဟုတ်ရင် ဘာနာစရာရှိ (နာစရာမရှိပါဘူးဆရာ)၊ နာစရာမရှိဘူး။ ငါမဟုတ်ရင် ကိုက်စရာရှိသေးလား (မရှိပါဘူးဆရာ)၊ ခဲစရာရှိသေးလား (မရှိပါဘူးဆရာ)။

အဲဒါလေးက ပဌမစလုပ်ကြည့်တော့ ရုတ်တရက်ရချင်မှရမှာ၊ ဒါပေမယ့် ထပ်ပြန်တလဲလဲ ကြိုးစားကြည့်စမ်း၊ နာကျင်ကိုက်ခဲတဲ့ သဘောလေး၊ နာကျင်ကိုက်ခဲသော ရောဂါရဲ့ အရသာလေး ခံစားနေတယ်ဆိုတဲ့ဝေဒနာဟာ ငါမဟုတ်ပါဘဲလား ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ခံစားတတ်တဲ့ သဘောလေးက ဝေဒနာပဲ အမှန်ကတော့၊ နာကျင်ကိုက်ခဲခြင်းရဲ့ အာရုံ၏ အရသာလေး ခံစားနေတာ ဝေဒနာပါပဲလား၊ ဝေဒနာဟာ ငါမှမဟုတ်ပါဘဲ၊ ဝေဒနာဆိုတာ "ဝေဒယိတလက္ခဏာ"ရှိတယ်။ ထိုနာကျင်ကိုက်ခဲသော အာရုံ၏ အရသာလေး ခံစားတတ်တဲ့သဘောတရားလေးဟာ ဝေဒနာ ခေါ်ထား၊ ငါဝင်ပြီးတော့၊ ကြားက နာစရာမရှိဘူး။ ငါနာတာမဟုတ်၊ နာတယ်, ကျင်တယ်, ကိုက်တယ်, ခဲတယ်ဆိုတာ ရောဂါ။ ထိုနာကျင်ကိုက်ခဲတဲ့ ရောဂါ၏ အာရုံ၏ အရသာလေး ခံစားနေတယ် ဆိုတဲ့ သဘောလေးဟာ ဝေဒနာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ဝေဒနာဟာ ငါမှ မဟုတ်ပါဘဲလို့ ဝေဒနာနဲ့ ငါနဲ့ကွဲအောင် စွဲစွဲမြဲမြဲကြီး ကြိုးစားပမ်းစားရှုကြည့်စမ်းပါ၊ မိမိပင်ပန်းနေပြီး နာကျင်ကိုက်ခဲနေတဲ့ သဘောဟာ သက်သာခွင့် အများကြီးရတယ်ဆိုတာ သိနော် (မှန်ပါတယ်ဆရာ)၊ အများကြီးရတယ်။

ဒါကြောင့် စိတ္တလတောင်က မထေရ်ကြီးရဲ့သည်းခံတာ သေချာကြည့်၊ ဝေဒနာအမိဖမ်းထားတော့ ညောင်စောင်းပေါ်မှာ ဘယ်ညာတစောင်း ပြောင်းပြန်လှိမ့်၊ အူတွေ အလိမ့်အလိမ့်တက် နှလုံးသားလေခွဲလို့ လေမခွဲခင်လေး သေခါနီးဆဲဆဲ သူလျှောက်ထားတဲ့ မထေရ်ငယ်ကို ခေါ်ပြတယ်။ ငှဲကြည့်စမ်း ငှဲအူတွေ အလိမ့်အလိမ့်တက်ပြီး အခွေခွေဖြစ်၊ အစုစုဖြစ်နေတာ ငါဒီထိအောင် သည်းခံပြီးတော့ နှလုံးသွင်းနေတယ်တဲ့ဝေဒနာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာလေး ဝိရိယနဲ့ သမာဓိနှစ်ပါးယှဉ်ပြီးတော့ ကြိုးစားပြီး ပွားများလိုက်တာ သေခါလည်း နီးရော့ ပဋိသန္ဓိဒါမင်္ဂနှင့်တကွ အရဟတ္တမင်၊ အရဟတ္တဖိုလ်ရလို့ "သမသီသီ ရဟန္တာ"အဖြစ်နဲ့ ပရိနိဗ္ဗာန်စံသွားတယ် ဒီညောင်စောင်းပေါ်မှာ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အင်မတန်မှတ်စရာကောင်း။

http://www.dhammadownload.com

ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်းနှစ်ပါး မှတ်သားစရာ

ဒါကြောင့် အဋ္ဌကထာဆရာက ရှေ့တစ်နည်း တက်ပြတယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်က ရုပ်ကမ္မဋ္ဌာန်းနဲ့နာမ်ကမ္မဋ္ဌာန်းနှစ်မျိုး နှစ်စားရှိတဲ့ အနက်က ရုပ်ကမ္မဋ္ဌာန်းကျတော့ ရုပ်နှစ်ဆယ့်နဲ့ရှစ်ပါး၊ တစ်နည်း မဟာဘုတ်လေးပါး အဓိကထားလို့ ညွှန်ကြားတော်မူတယ်၊ နာမ်ကမ္မဋ္ဌာန်းကျတော့ နာမ်က အားလုံး နာမ်တေပညာသ၊ စေတသိက်က ငါးဆယ့်နှစ်ပါး၊ စိတ်တစ်ခုယုတ် ကိုးဆယ်, အကျယ်တစ်ရာ့ နှစ်ဆယ့်တစ်ပါး၊ "အာရမ္မဏဝိဇာနနလက္ခဏာ"အားဖြင့် တစ်ပေါင်းတည်းပြုပြီး ပေါင်းလိုက်တော့ ငါးဆယ့်နဲ့သုံးပါး။

နာမ်ကမ္မဋ္ဌာန်းကို ဖဿ ဝေဒနာ ဝိညာဏ် အဓိကထားပြီးဟော

အဲဒီ နာမ်တရားငါးဆယ့်နဲ့သုံးပါး၊ နာမ်ကမ္မဋ္ဌာန်းကို မြတ်စွာဘုရား ကိုယ်တော်မြတ် ဟောတော်မူတဲ့အခါကျတော့ နာမ်တရားဟာတဲ့ ခုနတို့ပြောလာတဲ့ ဖဿ ဝေဒနာ နော် (မှန်ပါတယ်ဆရာ)။ မြတ်စွာဘုရားကိုယ်တော်မြတ် နာမ်တရားပြတော်မူတဲ့အခါ, နာမ်တရားဟော တော်မူတဲ့အခါကြတော့ ဖဿရယ်, ဝေဒနာရယ်, ဝိညာဏ်ရယ် သုံးမျိုးသုံးစားကို အဓိကထားပြီး ဟောလေ့ပြောလေ့ရှိပါတယ်တဲ့၊ ဖဿရယ်၊ ဝေဒနာရယ်၊ ဝိညာဏ်ရယ်၊ ဝိညာဏ်ဆိုတာ သိစိတ်ကလေးမဟုတ်လား (မှန်ပါတယ်ဆရာ)၊ သုံးမျိုးသုံးစားကို အဓိကထားပြီး ဟောလေ့ပြောလေ့ရှိတယ်တဲ့၊ ဟောတော်မူတယ်တဲ့၊ ရုပ်ကတော့ ရုပ်ကမ္မဋ္ဌာန်းပဲတဲ့၊ ဒါကြောင့် ဖဿဆိုတဲ့ သဘာဝနဲ့ ဝေဒနာဆိုတဲ့ သဘာဝ၊ တို့လူစုက ဉာဏ်ထဲမှ ပြတ်သားနားလည်မှုရဖို့က အာရုံတစ်ခု အဓိပ္ပာယ် ရှုပါရုံတစ်ခု မျက်စိနဲ့ ကြည့်လိုက်တော့ မြင်ရော့နော် (မှန်ပါတယ်ဆရာ)၊ မြင်တယ်မဟုတ်လား (မြင်ပါတယ်ဆရာ)၊ မြင်တယ်ဆိုရင် တရားဘယ်နှစ်ပါးပေါင်းသွားတယ် (သုံးပါးပေါင်းသွားပါတယ်ဆရာ)၊ သုံးပါးပေါင်းသွားတယ်။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

ကြားတယ်ဆိုရင်ကော (တရားသုံးပါး ပေါင်းသွားပါတယ် ဆရာ)၊ နံလိုက်တယ် ဆိုရင်ကော (တရားသုံးပါး ပေါင်းသွားတာပါပဲဆရာ)၊ စားလိုက်တယ်ဆိုရင်ကော (တရားသုံးပါး ပေါင်းသွားတာပါပဲဆရာ)၊ ထိလိုက်တယ်ဆိုရင်ကော (တရားသုံးပါး ပေါင်းသွားတာပါပဲ ဆရာ)၊ ကြံစည်လိုက်တယ် ဆိုရင်ကော (တရားသုံးပါး ပေါင်းသွားတာပါပဲဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ) ဝတ္ထုရယ်, အာရုံရယ်, သိစိတ်ရယ်, ဒီလိုသွားရမယ် နော် (မှန်ပါတယ်ဆရာ)၊ စက္ခုဝတ္ထု, ရူပါရုံ, စက္ခုဝိညာဏ် မြင်စိတ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သောတဝတ္ထု, သဒ္ဒါရုံ, သောတဝိညာဏ်,ကြားစိတ် မှတ်နော်၊ ဒါလေးတွေ သေသေချာချာ၊ တော်တော်ကြီးကို လိပ်ပတ်လည်နေအောင် မှတ်ထား၊ ဃာနဝတ္ထု,

http://www.dhammadownload.com

ဂန္ဓာရုံ, ယာနဝိညာဏ် နာမ်စိတ်၊ ဇိဝှါဝတ္ထု, ရသာရုံ, ဇိဝှါဝိညာဏ် စားစိတ်၊ ကာယဝတ္ထု, ဖောဋ္ဌဗ္ဗာရုံ, ကာယဝိညာဏ် ထိသိစိတ်၊ ထိစိတ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဟဒယဝတ္ထု မနောဓာတ် ဓမ္မာရုံ မနောဝိညာဏ် ကြံသိစိတ် သုံးလုံး, သုံးလုံး တွဲမသွားဘူးလား (တွဲသွားပါတယ်ဆရာ)၊ အဲဒီအတွဲလေး တွေများ မှတ်စမ်းပါ၊ အခံဓာတ်က ခြောက်ပါး အတိုက်ဓာတ်က ခြောက်ပါး အာယတန ဆယ့်နှစ်ပါး ပြီးသွားရော၊ သူတို့ချင်း သူတို့ချင်းတိုက်တော့ တရားသုံးလုံး၊ သုံးလုံးပေါင်းလာလို့ ခြောက်သုံးလီ ဆယ့်ရှစ်၊ ဓာတ် တစ်ဆယ်နှစ်ပါးပြီးသွား နော် (မှန်ပါတယ်ဆရာ)၊

အဲဒီ အာယတနခန်း, ဓာတ်ခန်း, ခန္ဓာခန်းလေးတွေတော့ဖြင့် ပြန်းပြန်းကွဲဆိုတဲ့ အနေအားဖြင့် လေ့လာစမ်းပါလို့ အင်မတန် တန်ဖိုးရှိတဲ့ အခန်းတွေ သေချာကြည့် သေချာကြည့်၊ ဒီတော့ ကြည့်ကွယ် နမူနာလေး စက္ခုပသာဒရယ်၊ ရူပါရုံရယ်၊ စက္ခုဝိညာဏ်ရယ်၊ တရားသုံးလုံးပေါင်းပုံလေး နော် (မှန်ပါတယ်ဆရာ)၊ မင်း စက္ခုပသာဒ အကြည်ရုပ် ဆိုတာ စက္ခုဝတ္ထု မဟုတ်လားဟ (စက္ခုဝတ္ထုပါဆရာ)၊ ရူပါရုံက မြင်ကောင်းတဲ့ အဆင်းမဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူတို့နှစ်ခုတိုက်လိုက်တော့ ဘာပေါ်လာ (စက္ခုဝိညာဏ် မြင်သိစိတ် ပေါ်လာပါတယ်ဆရာ)၊ မြင်စိတ်ကလေးပေါ်လာတယ် (မှန်ပါတယ်ဆရာ)၊ ပေါ်လာတော့တရားဘယ်နှစ်လုံးပေါင်းသွား (တရားသုံးလုံးပေါင်းသွားပါတယ်ဆရာ)၊ တရားသုံးလုံးပေါင်းတော့ ဘာဖြစ်တယ် (ဖဿဖြစ်ပါတယ်ဆရာ)၊ ပါဠိကဘယ်နယ့်ဆို (တိဏ္ဏံ သင်္ဂတိ ဖဿောပါဆရာ)၊ အနက်ပေးစမ်း (တရားသုံးပါးပေါင်းတော့ ဖဿဖြစ်ပါတယ်ဆရာ)၊ ဟော-ပြောချလိုက်တယ် ဝါးချလိုက်တယ် တိဏ္ဏံ၊ တရားသုံးလုံးတို့၏၊ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းသည်။ ဖဿော၊ ဖဿမည်၏။

ပေးစမ်းအနက် တိဏ္ဏံ၊ တရားသုံးပါးတို့၏ သုံးခုတို့၏ ပြောချင်ရာပြော (တိဏ္ဏံ၊ တရားသုံးခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းကြောင့်။ ဖဿော၊ ဖဿမည်၏) အေး-နေရာက၊ သူများနဲ့ပြောတော့ မြိုင်တာပေါ့ကွာ။ ပါဠိလေးရွတ်လိုက် အနက်ကလေးထည့်လိုက် မင်းဘုန်းကြီး လူထွက်လို့တောင် မှတ်သွားလိမ့်မယ် နားလည်လား (မှန်ပါတယ်ဆရာ)၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ တရားသုံးလုံးပေါင်းတော့ ဖဿဖြစ်သွားတယ်ဟ (မှန်ပါတယ်ဆရာ)၊ ကိုင်းပါ ဒါဖြင့် မင်းကိုယ်တိုင်ကြည့်စမ်းကွ၊ ရူပါရုံတစ်ခု မြင်လိုက်တယ်လား (မြင်လိုက်ပါတယ်)၊ မြင်လိုက်ရင် ဘာဖြစ်သွားတယ် (ဖဿဖြစ်ပါတယ်ဆရာ)၊ အေး ဖဿဖြစ်တယ်၊ သေချာရဲ့လားဟ (သေချာပါတယ်ဆရာ)၊ သိလောက်ပဲ့မလား (သိပါတယ်ဆရာ)၊ ဖဿဖြစ်တော့ သိလောက်ရဲ့လား (သိလောက်ပါတယ်ဆရာ)၊ ကိုင်းကွာ- မင်းမျက်စိက မြင်ပြန်ပြီတဲ့ ရူပါရုံတစ်ခု ဘာဖြစ်တုံးဟ (ဖဿပဲ ဖြစ်သွားပါတယ်ဆရာ)၊ ဟုတ်ကဲ့လားဟ (မှန်ပါတယ်ဆရာ)၊ ခုန ဖဿဖြစ်ပြီးပြီ မဟုတ်လား (ဖြစ်ပြီးသွားပါပြီဆရာ)၊

http://www.dhammadownload.com

ခုတစ်ခါထပ်ဖြစ်ဦးမှာလား (မဖြစ်တော့ပါဘူးဆရာ)၊ တစ်ခါဖြစ်ပြီးနောက် တစ်ခါမဖြစ်ကောင်းဘူး မှတ်တာကိုး လှန့်ရုံနဲ့လန့်ထွက်သွား၊ မင်းကတော့ မိုက်ပါဘိတော့၊ နောက်တစ်ခါမြင်ပြန်ပြီကွာ ရူပါရုံတစ်ခု တရားသုံးခုပေါင်းပြန်ပြီးလား (ပေါင်းသွားပါတယ်ဆရာ)၊ ဘာဖြစ်သွားတုံး (ဖဿဖြစ်ပါတယ်ဆရာ)၊ ဖြစ်ပြန်ပြီးလားဟ (မြင်တိုင်းမြင်တိုင်း ဖြစ်ပါတယ်ဆရာ)၊ ဟော ဒီလိုလား ပါးသွားပြီး ပါးသွားပြီ၊ ဒီကောင် ပါးရေ, နားရေရှိသွားပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မြင်တိုင်းမြင်တိုင်း မင်းစိတ်က မြင်တယ်လို့၊ သိတိုင်း သိတိုင်း မြင်မှုလေး ပေါ်တိုင်း ပေါ်တိုင်း ဘာဖြစ်တယ်၊ (ဖဿတွေ ဖြစ်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ထင်ရှားရဲ့လား (ထင်ရှားပါတယ်ဆရာ)၊ ဖဿဖြစ်ကြောင်း ကောင်းကောင်းထင်ရှားသွားပြီးလား (ထင်ရှားသွားပါပြီးဆရာ)၊ စောစောတုံးက ငါတို့ သူငါ လူတကာတွေဟာ မြင်တော့မြင်နေကြတာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ဖဿဖြစ်မှန်း သိရဲ့လား (မသိကြပါဘူးဆရာ)။

မြင်တယ်ဆိုရင် ဖဿဖြစ်နေပြီဆိုတဲ့ အဓိပ္ပါယတ္ထ သင်ကြားပြီးတော့ နားလည်မသွားဘူးလား (နားလည်သွားပါတယ်ဆရာ)၊ ဟေ့ အဲဒါတွေ အရေးကြီးတာပဲကွ၊ အဲဒါဉာဏ်စခန်းဆိုတာ အဲဒါ၊ မတတ်ဘဲနဲ့ ရမ်းချနေလို့ ဘာဖြစ်မှာတုံးဟ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဖဿဖြစ်တာတော့ သေချာပြီပေါ့ (သေချာပါတယ်ဆရာ)၊ ဖဿဖြစ်တိုင်းဖြစ်တိုင်း မင်းသိနိုင်ပြီလား (သိနိုင်သွားပါတယ်ဆရာ)၊ ဖဿဖြစ်တာနဲ့ ထင်ရှားပြီးပေါ့ (ထင်ရှားပါတယ်ဆရာ)၊ ထင်ရှားဖြစ်တာ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ကိုင်း ဒါဖြင့်ကောင်းပြီ၊ မင်းနားက အခုလိုပဲ ပြောသံ, ဆိုသံ, ခေါ်သံတွေ အသံကြားပြန်ပြီ၊ ကြားပြန်ပြီးဟုတ်လား (ကြားပါတယ်ဆရာ)၊ ဘာဖြစ်တုံး (ဝေဒနာဖြစ်လာပါတယ်ဆရာ)၊ ဟောဗျာ သူကတစ်ခုချင်းတတ်မှာ မဟုတ်ဘူးကွ၊ မြင်တုံးက ဖဿဖြစ်၊ ကြားတော့ ဝေဒနာဖြစ်၊ နံတော့ တဏှာဖြစ်၊ ပဋိစ္စသမုပ္ပါဒ် သူလျှောက်တတ်မှာ မဟုတ်ဘူးကွ၊ တော်တော့ကို ဉာဏ်နီ ဉာဏ်နက်များတဲ့ကောင် မိုက်ပါဘိတော့ဟာ ကြားပြန်ပြီတဲ့၊ ကြားဆိုတာ တရားဘယ်နှစ်လုံးပေါင်းတုံး (တရားသုံးလုံး ပေါင်းပါတယ်ဆရာ)၊ တရားသုံးလုံးပေါင်းတော့ ကြားတယ်လား (မှန်ပါတယ်ဆရာ)၊ ကြားတော့ ဘာဖြစ် (ဖဿပဲဖြစ်ပါတယ်ဆရာ)၊ ဟော လာပြန်ပြီ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊

ဒါတော့ သိတယ်လား (သိပါပြီဆရာ)၊ တော်တော့်ကို အတဲ့, နတဲ့အကောင်ပဲ သေချာမှတ်စမ်း ပါဟ၊ စောစောတုန်းက ငါလမ်းခင်းထားတာဟာ အတော်ကျေပြီ အောက်မေ့နေတာ၊ တရားသုံးလုံး ပေါင်းလိုက်ရင် ဖဿဖြစ်လိုက်၊ တရားသုံးလုံးပေါင်းလိုက် ဖဿဖြစ်လိုက် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ မြင်လိုက်ရင် တရားဘယ်နှစ်လုံးပေါင်းတုံး (သုံးလုံးပေါင်းပါတယ်ဆရာ)၊ ဘာဖြစ်တုံး (ဖဿဖြစ်ပါတယ်ဆရာ) ကြားလိုက်ရင် တရားဘယ်နှစ်လုံးပေါင်းတုံး (သုံးလုံးပေါင်းပါတယ်ဆရာ) ဘာဖြစ်တုံး

http://www.dhammadownload.com

(ဖဿပဲဖြစ်ပါတယ်ဆရာ)၊ နံလိုက်ရင် တရားဘယ်နှစ်လုံးပေါင်းတုံး (သုံးလုံးပေါင်းပါတယ်ဆရာ)၊ ဘာဖြစ်တုံး (ဖဿပဲဖြစ်ပါတယ်ဆရာ)၊ စားလိုက်ရင်တရားဘယ်နှစ်လုံးပေါင်းတုံး (သုံးလုံးပါဆရာ)၊ ဘာဖြစ်တုံး (ဖဿပါဆရာ)၊ ထိလိုက်ရင် တရားဘယ်နှစ်လုံးပေါင်းတုံး (သုံးလုံးပါဆရာ)၊ ဘာဖြစ်တုံး (ဖဿပါ ဆရာ)၊ သိလိုက်ရင် **တရားဘယ်နှစ်လုံးပေါင်းတုံး** (သုံးလုံးပါဆရာ)၊ ဘာဖြစ်တုံး (ဖဿပါ ဆရာ)၊ သိလား (သိပါတယ်**ဆရာ)၊ အောင်မလေးဟဲ့**၊ အသစ်ကို ပြန်လုပ်နေရတာကို နင့်ဥစ္စာက၊ ကိုင်းကိုင်း ဖဿ, ဖဿဆိုတဲ့ **သဘာဝလေး** သေချာကြည့် မင်းမျက်စေ့က ရူပါရုံတစ်ခုမြင်တယ်လား (မြင်ပါတယ်ဆရာ)၊ ဘာဖြစ်တုံး၊ (**မြင်သိစိတ်ကလေးပေါ်** ပါတယ်ဆရာ)၊ တော်လည်းတော်တဲ့ကောင် ရူပါရုံတစ်ခုမြင်လိုက်တော့ ဘာဖြစ်တုံး (ဖဿဖြစ်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ခုနတုန်းကတော့ သူသေချာပါတယ်လေး ထင်ရှားပါတယ်လေးနဲ့ ပြောပြီးတော့ -

မင်းမျက်စေ့က ရူပါရုံတစ်ခုမြင်လိုက်တယ်လား (မြင်လိုက်ပါတယ်ဆရာ)၊ မြင်လိုက်ရင် ဘာဖြစ်တုံး (ဖဿဖြစ်ပါတယ်ဆရာ)၊ တရားဘယ်နှစ်ခုပေါင်းတုံး (သုံးလုံးပါဆရာ)၊ သုံးလုံးပေါင်းတော့ ဖဿဖြစ်တယ်ဆိုတာသိလား (**သိပါပြီဆရာ**)၊ ထင်ရှားတယ်လား (ထင်ရှားပါတယ်ဆရာ)၊ ဖဿဖြစ်တယ်ဆိုတာ ထင်ရှားတယ်လား (**ထင်ရှားပါတယ်ဆရာ**)၊ ဖဿဖြစ်တာတော့ ထင်ရှားတယ်လား (ထင်ရှားပါတယ်ဆရာ)၊ မှတ်ထားနော်။ **နောက်တစ်ခါ** ကြားပြန်ပြီတဲ့ ဘာဖြစ်တုံး (ဖဿဖြစ်ပါတယ် ဆရာ) ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ **တရားဘယ်နှစ်ခုပေါင်းလို့** ဖဿဖြစ်တုံး (တရားသုံးလုံး ပေါင်းလို့ပါဆရာ)၊ သုံးလုံးပေါင်းသွားပြီးလား (မှန်ပါတယ်ဆရာ)၊ နံလိုက်တယ် ဘာဖြစ်တုံး (ဖဿပဲ ဖြစ်ပါတယ် ဆရာ)၊ စားလိုက်တယ် ဘာဖြစ်တုံး (ဖဿပဲဖြစ်ပါတယ်ဆရာ)၊ သိလိုက်တယ် ဘာဖြစ်တုံး (ဖဿပဲဖြစ်ပါတယ်ဆရာ)၊ ဟော မှတ်မိရဲ့လား (မှတ်မိပါတယ်)။

ဒါကြောင့် စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ ဖဿခြောက်မျိုးလို့ စက္ခုဆိုတဲ့ မျက်စေ့အမှိပြုပြီးဖြစ်တဲ့ ဖဿ။ သောတ-နား အမှိပြုပြီးဖြစ်တဲ့ ဖဿ။ ဃာန-နှာခေါင်းအမှိပြုပြီးဖြစ်တဲ့ ဖဿ။ ဇိဝှါ-လျှာအမှိပြုပြီးဖြစ်တဲ့ဖဿ။ ကာယ-ကိုယ် အမှိ ပြုပြီးဖြစ်တဲ့ဖဿ။ မနော-စိတ်ကို အမှိပြုပြီးဖြစ်တဲ့ဖဿ။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ တရားသုံးလုံး တရားသုံးလုံးပေါင်းပေါင်းသွားတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တရားသုံးလုံး ပေါင်းလိုက်ရင်း ဖဿဖြစ်လိုက်ရင်း ဒီလိုချည်းသွားနေတယ်မဟုတ်လား မှတ်မိရဲ့လား (**မှတ်မိပါတယ်** ဆရာ)၊ ဒါဖြစ်ရင် မင်းဟာမြင်လိုက်တဲ့အခါ၊ ကြားလိုက်တဲ့အခါ၊ နံလိုက်တဲ့အခါ၊ **စားလိုက်တဲ့အခါ**၊ ထိလိုက်တဲ့အခါ၊ ကြံစည်လိုက်တဲ့အခါ အဲဒီအခါတိုင်း အခါတိုင်း ဒီခြောက်မျိုးစလုံးမှာ ဖဿဖြစ်တာ မင်းသိနိုင်ပါ့မလား (မသိနိုင်ပါဘူးဆရာ)၊

http://www.dhammadownload.com

ဟောဗျာ ဖဿဖြစ်တာ မင်းမသိနိုင်ဘူးလား (ဂရုစိုက်ကြည့်မှသိမှာပါဆရာ)၊ အောင်မယ်လာချည်သေးဆိုတာကျနေ၊ မင်းမျက်စေ့က မြင်လိုက်ပြီတဲ့ မြင်လိုက်ရင် ဘာဖြစ်တုံး (ဖဿဖြစ်ပါတယ်ဆရာ)၊ ဒါသိတယ်မဟုတ်လား (သိပါတယ်ဆရာ)၊ မြင်ရင်ဖဿဖြစ်မယ်ဆိုတာ မင်းမသိဘူးလား (သိထားပါတယ်ဆရာ)၊ မြင်တယ်ဆိုရင်တဲ့ တရားဘယ်နှစ်ခုပေါင်းတုံး (တရားသုံးလုံးပေါင်းသွားပါတယ်ဆရာ)၊ တရားသုံးလုံးမပေါင်းဘဲနဲ့ မြင်ကောင်းရဲ့လား (မမြင်ကောင်းပါဘူး) ဒါဖြင့် မြင်ရင်တရားသုံးလုံးပေါင်းပြီးသားပေါ့၊ (ပေါင်းပြီးသားပါဆရာ)၊ တရားသုံးလုံးပေါင်းပြီးသားဆိုရင် ဘာတုံး (ဖဿဖြစ်ပါတယ်)၊ အေး-ဖဿဖြစ်တာ မထင်ရှားဘူးလားလို့ ငါမေးနေတယ်၊ (ထင်ရှားပါတယ်ဆရာ)၊ ထင်ရှားရဲ့လား (ထင်ရှားပါတယ်ဆရာ)၊ ဒါဖြင့် မင်းမျက်စေ့ကမြင်လိုက်ပြီ ဘာဖြစ်တုံး (ဖဿဖြစ်ပါတယ်ဆရာ)၊ မင်းနားက ကြားလိုက်ပြီ ဘာဖြစ်တုံး (ဖဿဖြစ်သွားပြီးဆရာ)၊ မင်းနှာခေါင်းက နံလိုက်ပြီ၊ ဘာဖြစ်တုံး (ဖဿဖြစ်သွားပါပြီဆရာ)၊ မင်းလျှာက စားလိုက်ပြီ ဘာဖြစ်တုံး (ဖဿဖြစ်သွား ပါပြီဆရာ)၊ မင်းကိုယ်က ထိလိုက်ပြီ ဘာဖြစ်တုံး (ဖဿဖြစ်သွားပါပြီဆရာ)၊ မင်းစိတ်ကကြံလိုက်ပြီ ဘာဖြစ်တုံး (ဖဿဖြစ်သွားပါပြီဆရာ)။

ဖဿတွေ ဖဿတွေ တစ်ခုပြီးတစ်ခု၊ တစ်ခုပြီး တစ်ခု မျက်စေ့ဖြစ်လိုက်၊ နားဖြစ်လိုက်၊ နှာခေါင်းဖြစ်လိုက်၊ လျှာဖြစ်လိုက်၊ ကိုယ်ဖြစ်လိုက်၊ စိတ်ဖြစ်လိုက်၊ ဖဿခြောက်မျိုးဖြစ်နေတာတွေ မင်းသိနိုင်ပါ့မလား (သိပါပြီဆရာ)၊ အေးအေး - တကယ်သိတာလား (တကယ်ပါဆရာ)၊ ကိုင်း-မင်းမျက်စေ့က မြင်လိုက်ပြီတဲ့ ဘာဖြစ်တုံး (ဖဿဖြစ်သွားပါတယ်ဆရာ)၊ ဖဿဖြစ်မှန်းသိပြီလား (သိပါပြီဆရာ)၊ တရားသုံးခု ပေါင်းလို့ မြင်တာ နားလည်လား (နားလည်ပါပြီဆရာ)၊ ဝတ္ထုရယ်, အာရုံရယ်, ဝိညာဏ်ရယ် သုံးခုတွဲတယ် နော် (မှန်ပါတယ်ဆရာ)၊ တရားသုံးခုပေါင်းလို့မြင်တာ၊ မြင်တယ်ဆိုကတည်းက တရားသုံးခုပေါင်းပြီးသားဖြစ်လို့ ဖဿပဲ လွဲသေးရဲ့လားဟ (မလွဲတော့ပါဘူးဆရာ)၊ ဖဿဖြစ်တာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က နာမ်ကမ္မဋ္ဌာန်းဟောပြတဲ့ နေရာမှာ အများသိနိုင်တဲ့ တရားသုံးပါးကိုမူထားပြီး ဟောသွားတာ၊ ဖဿရယ်၊ ဝေဒနာရယ်၊ ဝိညာဏ်ရယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ အခုဖဿပြလိုက်တော့ ဖဿထင်ရှား မသွားဘူးလားကွာ (ထင်ရှားပါပြီဆရာ)။

တို့လူစုတွေ မှတ်စမ်း၊ မျက်စေ့က မြင်ရင် ဘာဖြစ်သွားပြီ၊ (ဖဿဖြစ်သွားပြီ) ဟုတ်ရဲ့လား၊ (မှန်ပါတယ်ဆရာ)၊ နားက ကြားလိုက်ရင် ဘာဖြစ်သွားတုံး (ဖဿဖြစ်သွားပါပြီ)၊ နှာခေါင်းက နံလိုက်ရင် ဘာဖြစ်တုံး (ဖဿဖြစ်သွားပါပြီဆရာ)၊ လျှာက စားလိုက်ရင် ဘာဖြစ်တုံး (ဖဿဖြစ်သွားပြီးပါပြီ)၊ ကိုယ်မှာ ထိလိုက်ရင် ဘာဖြစ်တုံး (ဖဿဖြစ်သွားပြီးပါပြီ)၊ စိတ်မှာ ကြံလိုက်ရင် ဘာဖြစ်တုံး (ဖဿဖြစ်

http://www.dhammadownload.com

ပါတယ်ဆရာ)၊ ဟောမှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အင်မတန် တန်ဖိုးရှိတဲ့ အခန်းလေးနော် သေချာမှတ်၊ သေချာမှတ်၊ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ဟောဒီတရားသုံးလုံးပေါင်း လိုက်ရင်း ဖဿဖြစ်တယ် ဖဿရဲ့သဘောကိုတော့ကား အများမြင်နိုင်တယ်၊ ထင်နိုင်တယ်၊ သိနိုင်တယ်တဲ့ မသိနိုင်ဘူးလား (သိနိုင်ပါတယ်)၊ ဒါပေမယ့် ရုပ်မှန်း၊ နာမ်မှန်းမသိတဲ့ အန္ဓပုထဇဉ်တွေ ထည့်ပြောနေတာမဟုတ်ဘူးနော် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရမ်းကြိတ်ပြီး အန္ဓပုထဇဉ်တွေ ငါပြောနေတာမဟုတ်ဘူး၊ ရုပ်နာမ်ခန္ဓာကို ပြတ်ပြတ်သားသား ပရမတ်အားဖြင့် နားလည် သင်ပြီး၊ကြားပြီး တတ်မြောက်လိမ့်မှာပြီဆိုတဲ့ ပုဂ္ဂိုလ်တွေ အဓိကထားပြီး ပြောနေတာ၊ ဘုရားကိုယ်တော်မြတ်က ဒီအတိုင်း ဟောသွားတာ၊ ဖဿဖြစ်မှုလေးကတော့ သူသူငါငါ လူတကာ သိလွယ်ပါတယ်တဲ့၊ ထင်ရှားပါတယ်တဲ့ မထင်ရှားဘူးလားကွာ (ထင်ရှားပါပြီဆရာ)။

အဲဒါ သင်ပေးလို့ တတ်လာလို့ ထင်ရှားတာ နော် (မှန်ပါတယ်ဆရာ)၊ သင်မပေးဘဲနဲ့ မတတ်လို့သာဖြင့် ဒီဖဿ အလုံးပေါင်းတစ်သိန်းဖြစ်နေ၊ ဘယ်နှယ့်နည်းမှ သိမှာမဟုတ်ဘူး၊ သိဖြစ်ပါ့မလား (မသိနိုင်ပါဘူးဆရာ)၊ မသိနိုင်ဘူး၊ ဒါကြောင့် ဖဿဟာ သူသူငါငါ လူတကာ သိလွယ်ထင်ရှားတဲ့ တရားဖြစ်တယ်တဲ့။ ဝေဒနာ လာပြန်ပြီ၊ ဝေဒနာဆိုတဲ့ သဘောလေးကလည်း သူသူငါငါ လူတကာ အများသိနိုင်တဲ့ ထင်ရှားတဲ့တရားပါတဲ့ နော် (မှန်ပါတယ်ဆရာ)။ ဝိညာဏ်သိမှုလေးကလည်း သူသူငါငါ လူတကာသိနိုင်တဲ့ ထင်ရှားတဲ့တရားတစ်ခုပါတဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ခုန ဖဿဖြစ်တာတော့ မင်းသိသွားပြီပေါ့ (သိပါပြီးဆရာ)။

ဝေဒနာတစ်ခါသွားကြအုံးစို့၊ လာပြန်ပြီ တရားသုံးလုံးတော့ ဖဿဖြစ်တယ် (မှန်ပါတယ်ဆရာ)၊ စက္ခုပသာဒ ရူပါရုံရယ် သူတို့နှစ်ခုတိုက်လိုက်ရင် စက္ခုဝိညာဏ်မြင်စိတ်ပေါ်တယ်၊ တရားသုံးခုပေါင်း ဖဿဖြစ်တယ်၊ ဒီလိုလာ (မှန်ပါတယ်ဆရာ)၊ ဖဿလည်းဖြစ်ကရော့ အဲဒီဖဿဖြစ်တဲ့ ဖြစ်အောင် တရားသုံးလုံး ပေါင်းစည်အခါတုံးက အာရုံမပါဘူးလား (ပါလာပါတယ်ဆရာ)၊ ဘာအာရုံတုံး (ရူပါရုံပါဆရာ)၊ အေး-ရူပါရုံ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ **အဲဒီ ပါလာတဲ့** တရားသုံးခုပေါင်းတဲ့အထဲ ရူပါရုံ၏ အရသာခံစားမှုသဘောက ကပ်လျက်သား ပါမသွားဘူးလား (ပါလာပါတယ်ဆရာ)၊ မြင်လိုက်ရင် ခံစားပြီးပေါ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ **ခံစားမှုလေးကောင်းရင်ကောင်း၊** မကောင်းရင် မကောင်းဘူးနော် (မှန်ပါတယ်ဆရာ)၊ ပါရဲ့လားဟ (ပါပါတယ်ဆရာ)၊ မင်းတို့က လေ့လာကြည့်ရမယ်၊ မျက်စိရမ်းအသုံးမချနဲ့၊ နားလည်း အရမ်းအသုံးမချနဲ့၊ နှာခေါင်းလည်း အရမ်းအသုံးမချနဲ့၊ လျှာတို့, ကိုယ်တို့, စိတ်တို့, ခြောက်ဌာန စဉ်းစားစဉ်းစား အလုပ်လုပ်ကြ၊ မျက်စိက ငါမြင်လိုက်တယ်၊ ရူပါရုံလေးမြင်လိုက်တယ်၊

http://www.dhammadownload.com

ချောချောလှလှမြင်လိုက်တယ်၊ ချစ်စရာကောင်တာလေး မြင်လိုက်တယ်၊ နှစ်သက်စရာကောင်းတာလေးမြင်လိုက်တယ်၊ မြတ်နိုးစရာကောင်းတာလေး မြင်လိုက်တယ်၊ မြင်ပြီးတရား ဘယ်နှစ်ခုပေါင်း (သုံးခုပေါင်းသွားပါတယ်ဆရာ)၊ သုံးခုပေါင်းတော့ဘာဖြစ် (ဖဿဖြစ်ပါတယ်ဆရာ)၊ ဖဿဖြစ်ပြီးသားဖြစ်သွားတယ်နော်၊ (မှန်ပါတယ်ဆရာ)၊ **သုံးခုပေါင်းတော့** ဖဿပေါ့ (ဖဿဖြစ်ပါတယ်ဆရာ)၊ ဟုတ်လား၊ (မှန်ပါတယ်ဆရာ)။

ကိုင်း ကောင်းပြီ၊ နှစ်သက်စရာကောင်းတဲ့ **ရူပါရုံလေး** မြင်လိုက်တယ်ဆို ဖဿဖြစ်ပြီ နော် (ဖြစ်ပြီးသားပါဆရာ)၊ အဲဒီနှစ်သက်စရာကောင်းတယ်ဆိုတဲ့ **ရူပါရုံလေး** အရသာလေးခံစားမှုသဘောလေး မပါဘူးလား၊ (ပါပါတယ်ဆရာ)၊ ကောင်းလိုက်တာ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ လှလိုက်တာ၊ ချောလိုက်တာ၊ နှစ်သက်စရာကောင်းလိုက်တာ မပါဘူးလား (ပါပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အဲဒီကောင်းလိုက်တာ ချောလိုက်တာ လှလိုက်တာလို့ တရားသုံးခုပေါင်းတဲ့အထဲမှာ ပါလာသော ရူပါရုံ၏ အရသာခံစားမှုဆိုတဲ့ ဝေဒနာလေးမပါဘူးလား (ပါပါတယ်ဆရာ)၊ ခံစားမှုသဘောလေး မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ ထင်ရှားတယ်လား (ထင်ရှားပါတယ်ဆရာ)၊ ထင်ရှားတယ်နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်လား မဟုတ်လား၊ စဉ်းစားကြည့်ကြ နော်။ နှစ်သက်စရာကောင်းတယ်၊ ချစ်စရာကောင်းတယ်၊ ခင်တွယ်စရာကောင်းတယ်၊ မြတ်နိုးစရာကောင်းတယ် ဆိုတော့ အလိုရှိတဲ့ ရူပါရုံလေးကျတော့ စိမ်းစိမ်းလေးကြည့်၊ အရသာလေးခံကြည့်၊ မကြည့်ဘူးလား (ကြည့်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

ရွံမုန်းစရာကောင်းတယ်၊ စက်ဆုပ်စရာကောင်းတယ်ဆိုတဲ့ ရူပါရုံကြတော့ မျက်နှာရှုံ့တယ် နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ခံစားမှုသဘောလေးတွေ မပေါ်ဘူးလားဟ (ပေါ်ပါတယ်ဆရာ)၊ လျင်မြန်တယ် နော် ဝေဒနာရဲ့သဘောလေး၊ ဒါပေမယ့် ထင်တော့ ထင်ရှားတယ်၊ ဒီမြင်လိုက်တဲ့ အာရုံ၏ အရသာလေး ခံစားမှုသဘောလေးက မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ ကောင်းလိုက်ရင် သာယာလိုက်တာ၊ မကောင်းလိုက်ရင် စိတ်ဆိုးလိုက်တာ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သောမနဿ, ဒေါမနဿ, သုခ, ဒုက္ခ, ဥပေက္ခာ အဲဒါလေးတွေ သေချာကြည့်၊ သြော်-လက်စသတ်တော့ တို့မြင်တိုင်း,မြင်တိုင်း မြင်သော အာရုံ၏အရသာလေး ခံစားမှုဆိုတဲ့ သဘောလေးပါပဲ နော် (မှန်ပါတယ်ဆရာ)၊ ပြင်းပြင်းထန်ထန်ကြီး ခံစားတာကြမှ တို့လူစုက သိတယ်မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပြင်းပြင်းထန်ထန်ခံစားတဲ့ ခံစားမှုသဘောကျမှ တို့လူစုကသိတယ်၊ ဒါမှ ဝေဒနာမှတ်တယ်မဟုတ်ပါဘူး၊ သိမ်သိမ်မွေ့မွေ့လေးခံစားသွားတဲ့ သဘောတွေလည်းအများကြီးရှိတယ်။

ပြင်းပြင်းထန်ထန်ခံစားတဲ့ သဘောကြတော့ ခေါင်းကိုက်ကြည့်ပေါ့ကွာ၊ သမင်လည်ပြန်တို့

http://www.dhammadownload.com

အရသာခံစားလိုက်တာ ခေါင်းကနောက်ပြန် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သိမ်သိမ်မွေ့မွေ့ ခံစားတဲ့ ခံစားမှုသဘောလေးကျတော့ မထင်ရှားလို့ မသိရှာဘူးတဲ့၊ ဒါပေမယ့် ခံစားမှုသဘောလေးက မြင်ကတည်းကပါသွား မပါဘူးလား (ပါသွားပါတယ်ဆရာ)၊ ပါသွားပြီ၊ ဒီတိုင်းသွား၊ အဲဒီခံစားမှု သဘောလေးက ဝေဒနာခေါ်တယ်နော်၊ (မှန်ပါတယ်ဆရာ)၊ ဒီတော့ တို့လူစုကလည်း ဝေဒနာကို နားလည်ထားတာက ဘာနားလည်လဲဆိုတော့ ဝေဒနာပိုင်းများ ကြပ်ကြပ်ကြီး သတိထား၊ သမာဓိထား သေချာလည်းမှတ်၊ တို့လူစု နားလည်တဲ့ဝေဒနာက ကိုက်လှချည်ရဲ့၊ ခဲလှချည်ရဲ့၊ သေရချည်ရဲ့၊ နေ့လည်း မအိပ်ရ၊ ညလည်းမအိပ်ရ၊ စားကောင်းခြင်း မစားရ၊ ဒီဝေဒနာနဲ့ ငါသေမှာထင်ပါရဲ့၊ ဆေးခွက် ကလေးတွေ ကိုင်လို့, ထိုင်လို့, မှိုင်လို့, ရက်ပေါင်းများစွာဆိုသလိုပဲ အလူးအလဲခံနေရတဲ့ ရောဂါသည် မြင်ပြီးလားဆို ဩော် ခင်ဗျားဝေဒနာခံစားနေရရှာတယ် သနားစရာပဲ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။

ဒီဝေဒနာတော့ ကောင်းကောင်းသိတယ်မဟုတ်လား (သိပါတယ်ဆရာ)၊ အဲဒါသိတယ်၊ ဒီပြင်တော့မသိဘူး၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တကယ့်ကို စည်းစိမ်ကြီးကြီးနဲ့၊ တိုက်ကြီးနဲ့၊ မော်တော်ကားနဲ့၊ ဓာတ်မီးနဲ့၊ ပန်ကာအောက် ဇိမ်ခံနေတဲ့ လူကြတော့ ဝေဒနာခံစားမှန်းမသိဘူး သိရဲ့ လား (မသိနိုင်ပါဘူးဆရာ)၊ သွားပြောစမ်းပါလား အဲဒီလူရဲ့ရှေ့မှာ၊ ဩော် သနားစရာ ဝေဒနာခံစားနေရ တာ ခမျာဆိုသေမဲ့သာကြံပေတော့ (မှန်ပါတယ်ဆရာ)၊ ဒါ သုခဝေဒနာ၊ ဒုက္ခဝေဒနာမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ခံစားမှု သဘောလေးတွေ သိမ်မွေ့တာလည်းရှိတယ်၊ ကြမ်းတာလည်းရှိတယ်၊ နုတာလည်းရှိတယ်၊ မသိရင် မသိဘာသာလေး ခံစားသွားတာလည်းရှိတယ်၊ နားလည်လား (နားလည် ပါပြီဆရာ)၊ မသိတာ မသိတာ ခံစားသွားတာ တကယ်ကြီးလေးတဲ့၊ မသိမသာလေးကြည့်သွားတယ်၊ နားလည်လား (နားလည်ပါတယ်)၊ သူခိုးကြည့်ခေါ်တယ်။ ခိုးကြည့်တာ၊ တည့်တည့်ကြည့်တော့ ဘေးကလူမြင်မှာလည်းစိုးသေး နားလည်လား (နားလည်ပါတယ်ဆရာ)။

အစဉ်မပြတ် သတ္တဝါများခံစားတဲ့ ဝေဒနာသုံးပါး ဆိုတာ

ခံစားမှုသဘောလေးတွေက သိမ်မွေ့နူးညံ့တဲ့ သဘောလေးတွေ အများကြီးရှိတယ်၊ ထင်ရှား တာမှ ထင်ရှားတာ၊ မထင်ရှားတာ မထင်ရှားဘူးတဲ့၊ စိတ်ထဲမှာ ဝမ်းပန်းတသာနဲ့ ခံစားတဲ့ အာရုံ၏ အရသာခံစားမှု သဘောလေးကြ သောမနဿဝေဒနာတဲ့။ စိတ်ထဲမှာ ရွံမုန်းနှလုံးနာပြီး ခံစားရတဲ့ ဥစ္စာကျတော့ ဒေါမနဿဝေဒနာတဲ့။ ကိုယ်တစ်ကိုယ်လုံးကိုပဲ ရွှင်ပြုံးသွားအောင် ချမ်းချမ်းသာသာ ခံစားလိုက်တာကျ သုခဝေဒနာတဲ့။ ကိုယ်တစ်ကိုယ်လုံးကို တွန့်တက်သွားအောင် ရွံ့မုန်းသွားအောင် ခံစားတာက ဒုက္ခဝေဒနာ၊ ဆင်းရဲပင်ပန်းတာက ဒုက္ခဝေဒနာ။ သုခလည်းမဟုတ် ဒုက္ခလည်းမဟုတ်

http://www.dhammadownload.com

မမုန်းမချစ်ဆိုတဲ့ လျစ်လျူရှုတာက ဥပေက္ခာဝေဒနာ။ ဝေဒနာက ငါမျိုး၊ အဲဒီဝေဒနာငါးမျိုးထဲ သောမနဿနဲ့ ဒေါမနဿဖယ်ထားတော့ သုခရယ်, ဒုက္ခရယ်, ဥပေက္ခာရယ်ဆိုတော့ သုံးပါးကတော့ "အနုဘဝနလက္ခဏာ"အားဖြင့်ပြတယ်၊ အစဉ်မပြတ် သတ္တဝါများခံစားတဲ့ ဝေဒနာသုံးပါးတဲ့၊ သူကတော့ ဘယ်တော့မှမပြတ်ဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သုခမဖြစ် ဒုက္ခဖြစ်၊ ဒုက္ခမဖြစ် သုခဖြစ်၊ သုခလည်းမဖြစ် ဒုက္ခလည်း မဖြစ် ဥပေက္ခာဖြစ်၊ ဒီသုံးပါးတော့ အပြောင်းအလဲနဲ့ သွားတာ၊ ဘယ်တော့မှ ရပ်နားမနေဘူး။

သောမနဿဆိုတာက ဝမ်းမြောက်ရွှင်လန်းစရာနဲ့တွေ့မှ ဝမ်းမြောက်ရွှင်လန်းတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒေါမနဿဆိုတာက တကယ့်ကိုပဲ ရွံ့ရှာမုန်းတီးတဲ့ သဘောနဲ့တွေ့မှ, စိတ်နှလုံးနာမှ, ဒီအာရုံနဲ့တွေ့မှ ဒေါမနဿဖြစ်တယ်၊ သောမနဿ, ဒေါမနဿက ရပ်တဲ့အခါရပ်၊ ပြတ်တဲ့အခါပြတ်၊ သုခ, ဒုက္ခ, ဥပေက္ခာဆိုတဲ့ ဝေဒနာသုံးပါးက ဘယ်တော့မှ ရပ်နားခြင်းမရှိဘူး။ သုခဖြစ်ရင်ဖြစ် မဖြစ်ရင်ဒုက္ခဖြစ်၊ ဒုက္ခဖြစ်ရင်ဖြစ် မဖြစ်ရင်သုခဖြစ်၊ ဟာ သုခလည်းမဖြစ် ဒုက္ခလည်း မဖြစ်ဆို ဥပေက္ခာဖြစ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီဥပေက္ခာဝေဒနာကြတော့ တို့လူစုတွေ သိချင်မှ သိပြန်ရောဟ၊ သုခဝေဒနာကြတော့ ကိုယ်၏ချမ်းသာမှု ခံစားနေရတော့ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ တယ်ချမ်းသာ, တယ်ဇိမ်ရှိ, တယ်ကောင်း, အိပ်လို့ကောင်း, စားလို့ကောင်း, နေလို့ကောင်း, ချမ်းသာလိုက်တာ "အဟော သုခံ၊ အဟော သုခံ" ညည်းလေ - ဩော် ချမ်းသာလေစွ၊ ချမ်းသာလေစွ၊ ချမ်းသာပါပေ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူသိတယ်မဟုတ်လား (သိပါတယ်ဆရာ)၊ သုခဝေဒနာလည်းဖြစ်တာ သူသိ၊ ဒုက္ခဝေဒနာကျလည်း ပြင်းပြင်းထန်ထန် ခုနကဆိုသလိုပဲ ဆင်းရဲပင်ပန်းတာတွေခံနေရတော့၊ "အဟော ဒုက္ခံ အဟော ဒုက္ခံ" ညည်းရှာတယ်၊ ပင်ပန်းလိုက်တာ၊ ဆင်းရဲလိုက်တာဟ၊ မသေမချင်း ငါတော့ဒီဆင်းရဲခြင်းကတော့ မလွတ်ပါဘူး၊ သေမှအေးမှာပါ၊ သေတာကကောင်းပါလေ၊ ပင်ပန်းလိုက်တာနော်လို့ လူ့လောကနေရတာ ပင်ပန်းလွန်လွန်းလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒုက္ခဝေဒနာဖြစ်တာလည်း မသိဘူးလားကွ (သိပါတယ်ဆရာ)။

အဲဒီ သုခဝေဒနာဖြစ်တာနဲ့ ဒုက္ခဝေဒနာဖြစ်တာကြတော့ သူသူငါငါလူတကာ သိကြတယ်တဲ့၊ မသိဘူးလား (သိပါတယ်ဆရာ)၊ ဝေဒနာဖြစ်ပုံတွေ ထင်ရှားနေတာပြတယ်၊ ဒါဖြင့် သုခလည်းသိတယ်၊ ဒုက္ခလည်းသိတယ်၊ သုခလည်းပဲ ချမ်းသာတယ်ပြောတယ်၊ သိလို့ပြောတာ။ ဒုက္ခလည်း ဒုက္ခဒုက္ခလို့ ညည်းတယ်၊ သိလို့ပြောတာ။ ဥပေက္ခာကြတော့ ညည်းသံကြားသေးလား (မကြားပါဘူးဆရာ)၊ ဟဲ ဟဲ-ဥပေက္ခာဝေဒနာဖြစ်တာကြတော့ ညည်းသံကြားသေးလားဟ (မကြားပါဘူးဆရာ) ညည်းသံ မကြားဘူး၊ ဒါဖြင့် ဥပေက္ခာဝေဒနာမဖြစ်လို့ပေါ့ နော် (မပြောတတ်ဘူးဆရာ)၊ နည်းနည်းလေးမှ

http://www.dhammadownload.com

မင်းမစဉ်းစားမိဘူးပေါ့၊ ဥပေက္ခာဝေဒနာလည်းဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဖြစ်နေတယ်တဲ့၊ ဘယ်လိုဖြစ်တာတုံးတဲ့ ကြည့်ပါတဲ့၊ သေချာပြန်ပြီးတော့ မင်းကိုယ်တိုင်စဉ်းစားကြည့်စမ်းပါ၊ မင်းကိုယ် ချမ်းသာမှု ခံစားရတာအခါလည်းရှိတယ်မဟုတ်လား၊ (ရှိပါတယ်ဆရာ)၊ စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှု ခံစားရတဲ့အခါလည်းရှိတယ်မဟုတ်လား (ရှိပါတယ်ဆရာ)၊ တွေ့ရဲလား (တွေ့ပါတယ်ဆရာ)၊ ဒါဖြင့် ကိုယ်ချမ်းသာတာ ဖြစ်လိုက် ကိုယ်ဆင်းရဲတာ ဖြစ်လိုက်၊ ဒီနှစ်ခုထဲကို နာရီမခြားပဲနဲ့ ဆက်တိုက်ချည်း လဲလဲဖြစ်သွားတာလား (မဖြစ်ပါဘူးဆရာ)။ ဘယ်လို ဖြစ်တုံးအကျော်အလွှားလေးနဲ့သွားတာလား (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ငါ့ကိုယ်ချည်း ချမ်းသာတယ်လို့ ပြောပ လောက်တဲ့ အချိုးလည်း မဟုတ်၊ ငါ့ကိုယ်ဆင်းရဲ ပင်ပန်းလှချည်းရဲ့လို့ ညည်းငြူလောက်တဲ့ အချိုးလည်း မဟုတ်ဘူး၊ ဒီလိုသဘောလေးတွေ မပါဘူးလား (ပါ,ပါတယ်ဆရာ)၊ ပါတယ်။ အဲဒါဥပေက္ခာလို့မှတ်ထား နော် (မှန်ပါတယ်ဆရာ)၊

ဒါပေမယ့် တို့အဋ္ဌကထာဆရာက ငါတစ်ခါပြောခဲ့ဘူးတဲ့ မိဂပဒဝလဉ္ဇနနည်းနဲ့ပြသွားတယ်၊ အဲဒီ သတိပဋ္ဌာနဝိဘင်းအဖွင့်မှာပဲ ဝေဒနာနိဒ္ဒေသအဖွင့်ပြန်ကြည့်၊ သုခဝေဒနာဖြစ်တာ ထင်ရှားတယ်တဲ့၊ လူတိုင်းနားလည်တယ်၊ ဒုက္ခဝေဒနာဖြစ်တာ လူတိုင်းနားလည်တယ်၊ သိကြတယ်၊ ထင်ရှားတယ်။ ဒါကြောင့် ညည်းတာပေါ့တဲ့၊ ချမ်းသာတယ်၊ ဆင်းရဲလှချည်းရဲ့ "အဟော သုခံချမ်းသာလေစွ"။ "အဟော ဒုက္ခံ - သြော် ဆင်းရဲလိုက်တာ"နဲ့ ဒီနှစ်ခုကတော့ ထင်ရှားတယ်။

ဒါဖြင့် ဥပေက္ခာဝေဒနာ ဘယ်နှယ်လုပ်ဖြစ်တာ သိရပါ့မလဲဆိုတာ "မိဂပဒဝလဉ္ဇနာနည်းနဲ့" သိပါတဲ့၊ ဥပေက္ခာက သိမ်မွေ့တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပာယ်အားဖြင့် ကျောက်ဖျာအရှေ့ဘက်ကနေပြီးတော့ အလျားလိုက်နေတဲ့ ကျောက်ပြားအရှေ့ဘက်က သမင်ကပြေးတက်၊ ကျောက်ဖျာပေါ် နင်းပြီးတော့ အနောက်ဘက်ကဆင်းသွားတယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ "မိဂပဒဝလဉ္ဇန"သမင်ခြေရာဝှက်တဲ့နည်း၊ မုဆိုးကလိုက်တယ်။ ခြေရာခံပြီးတော့လိုက်တော့၊ ကျောက်ဖျာရဲ့အရှေ့ဘက်မှာခြေရာတွေ့တယ်၊ အလယ်ခြေရာကိုမတွေ့ဘူးနော် (မှန်ပါတယ်ဆရာ)။ ပျောက်သွားရော ကျောက်ဖျာပေါ်ကနေ တစ်ခါဆင်းလိုက်တော့ အနောက်ဘက်ကျောက်ဖျာအဆင်းကျတော့ မြေပြင်မှာခြေရာပြန်တွေ့တယ် မဟုတ်ဘူးလား (တွေ့ပါတယ်ဆရာ)၊ ကျောက်ဖျာအရှေ့ဆုံးမြေပြင်ကခြေရာနဲ့ ကျောက်ဖျာအနောက်ဆုံးက မြေပြင်ကခြေရာနဲ့ ဆက်စပ်ကြည့်လိုက်တော့ကားတဲ့ ဘယ်နှယ်ထင် (အလယ်ခေါင်က ခြေရာရှိပါတယ်ဆရာ)။ ဟောဒီ ကျောက်ဖျာပေါ်က နင်းသွားတာပဲဟ (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

http://www.dhammadownload.com

ကျောက်ဖျာခြေရာ မထင်ကောင်းလို့သာ သမင်ဟာ ဒီအပေါ် နင်းပြီးတော့ ဒီလိုဖြတ်သွားတာပဲ မသိဘူးလား (သိလာပါတယ်ဆရာ)၊ ဒါပေမယ့် အရှေ့ခြေရာနှင့် အနောက်ခြေရာကတော့ ပြတ်သားတယ်လေ၊ (ပြတ်သားပါတယ်ဆရာ)၊ အလယ်ခြေရာတော့ မထင်ရှားဘူးပေါ့ (မထင်ရှားပါဘူးဆရာ)၊ မထင်ရှားပေမယ့် ခြေရာရှိမှန်းတော့ သိတယ်လား (သိပါတယ်ဆရာ)၊ ဒီမှာ နင်းသွားတာသိတယ်လား၊ (မှန်ပါတယ်ဆရာ)၊ ဒီဥပမာလိုပဲတဲ့ သုခဝေဒနာဆိုတာ ကျောက်ဖျာအရှေ့ဆုံးကခြေရာမှတ်ထားပါတဲ့၊ ဒုက္ခဝေဒနာဆိုတာ ကျောက်ဖျာအနောက်စွန်းဆိုရဲ့ ခြေရာမှတ်ထားပါတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီတော့ အရှေ့စွန်း, အနောက်စွန်းဆိုတဲ့ သုခနဲ့ဒုက္ခ မထင်ရှားဘူးလားကွာ၊ (ထင်ရှားပါတယ်ဆရာ)၊ သူတို့နှစ်ပါးရဲ့ကြား သုခလည်းမဟုတ် ဒုက္ခလည်းမဟုတ်ဆိုတဲ့ ကြားလေးတွေဖြစ်နေတဲ့ သိမ်မွေ့နူးညံ့တဲ့ သဘောလေးတွေက မထင်ရှားလို့သာမပြောနိုင်တာတဲ့၊ ဥပေက္ခာဝေဒနာဟူ၍ မှတ်ထားပါတဲ့၊ ဥပမာမကောင်းဘူးလားကွာ (ကောင်းပါတယ်)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။

အဲဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က နာမ်ခန္ဓာခန်း ဟောတော်မူတဲ့အခါ သူသူငါငါလူတကာ ထင်ရှားပြတ်သားစွာ သိနိုင်သော 'ဖဿ'ဆိုတဲ့ တရားတစ်ခု။ သူသူငါငါလူတကာသိနိုင်သော ထင်ရှားတဲ့ 'ဝေဒနာ' ဆိုတဲ့တရားတစ်ခု။ သူသူငါငါလူတကာသိနိုင်သော ထင်ရှားတဲ့ 'ဝိညာဏ်'ဆိုတဲ့ တရားတစ်ခု။ တရားသုံးခုအဓိကထားဟောသွားတာနော် (မှန်ပါတယ်ဆရာ)၊ အဲဒီတရားသုံးခု တစ်ခုခုတို့လူစုက ဖမ်းတတ်ပြီးဆိုမှဖြင့် စောစောက (ဝါ) ဖဿအဖမ်းခိုင်းတာမိရဲ့လား (မိပါပြီဆရာ)၊ သဘောရှင်းသွားပြီးလား (ရှင်းပါပြီဆရာ)။ အေး အေး - ဒီတော့ ညာဏ်လေးတိုးလာအောင်ပေါ့ကွာ၊ ပြအုံးမယ် သေချာမှတ် နော် အင်မတန်ကောင်းတဲ့အတွက် သမာဓိလည်း ကောင်းကောင်းထားကြ၊ မှတ်လည်း မှတ်ကြ၊ စာနဲ့မမှတ်နိုင်သော သဘောလေးတွေ မှတ်ထားကြ၊ ဩော် - တို့တစ်လုံးမြင်လိုက်ရင် "တစ်နွယ်ငင်တစ်စင်ပါ"ဆိုသလိုပဲဟဲ့၊ တစ်လုံးမြင်လိုက်ရင် ခရီးဘယ်လောက်ရောက်သွားပါလိမ့် မှတ်ထားနော်၊ သေသေချာချာ ဖဿဖမ်းပုံတွေ သိသွားပြီလား (သိသွားပါပြီဆရာ)၊ မြင်လိုက်ရင် ဘာဖြစ်တုံး (ဖဿဖြစ်သွားပါပြီ)၊ အေး-ဟုတ်ပြီ၊ မထင်ရှားဘူးလားကွာ (ထင်ရှားပါတယ်ဆရာ)၊ မြင်တယ်ဆိုကတည်းက ဖဿပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဖဿဖြစ်သွားပြီးလား (ဖြစ်သွားပါပြီ)၊

အဲဒီ ဖဿဖြစ်လို့ရှိရင်တဲ့၊ အဌကထာဆရာက မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ အလိုတော်ကျဖွင့်ထားတာ၊ ဖဿဖြစ်လို့ရှိရင်တဲ့ ဖဿဖြစ်မှန်းတော့ သိပြီ၊ ဖဿမှန်းထင်ရှားတယ်။ ဘယ်သူ့ဖြစ်ဖြစ် ဒါသင်ပေးရင်တတ်မယ်၊ နားလည်မယ်၊ ဒါ ဖဿပဲ ဒါ ဖဿပဲလို့ ဒီလိုသိမယ်တဲ့၊ ဖဿဖြစ်ရင် ဝေဒနာပါပြီးသား၊ သညာပါပြီးသားတဲ့ နော် (မှန်ပါတယ်ဆရာ)၊ စေတနာဆိုတဲ့ သခ်ါရပါပြီးသား၊ ဝိညာဏ်ပါပြီးသား၊ နာမ်ခန္ဓာလေးချက် တစ်ပြိုင်နက်ထွက်လာတာ နော် (မှန်ပါတယ်ဆရာ)၊ နာမ်ခန္ဓာလေးချက်

http://www.dhammadownload.com

တစ်ပြိုင်နက်ထွက်၊ ခန္ဓာငါးပါးစေ့ဖို့ ဘယ်နှစ်ပါးလိုသေး (တစ်ပါးလိုပါတော့တယ်ဆရာ)၊ ဘယ်ခန္ဓာလို နေ (ရူပက္ခန္ဓာပါဆရာ) ရုပ်ခန္ဓာလိုနေတယ် နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အေး အေး မှတ်ထားမှတ်ထား၊ ဒါကြောင့်-

"တတ္ထ ယဿ ဖဿော ပါကဋ္ဌော ဟောတိ၊ သောပိ "နကေဝလံ ဖဿောဝ ဥပ္ပဇ္ဇတိ၊ တေန သဒ္ဓိံ တဒေဝါရမ္မဏံ တေန သဒ္ဓိံ တဒေဝါရမ္မဏံ အနုဘဝနမာနာ ဝေဒနာပိ ဥပ္ပဇ္ဇတိ၊ သဉ္ဇာနနမာနာ သညာပိ၊ စေတယမာနာ စေတနာပိ၊ ဝိဇာနနမာနံ ဝိညာဏမ္ပိ ဥပ္ပဇ္ဇတီတိ ဖဿပဉ္စမကေယေဝ ပရိဂ္ဂဏ္ဟာတိ"။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၂၅၂)

ကြည့်ကြည့် တစ်လုံးမြင်လိုက်ရင်တာ ဘယ်လောက်သွားလဲဆိုတာသေချာကြည့်မှတ်ထားနော်။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဖဿော၊ ဖဿသည်။ ပါကဋ္ဌော၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ဖဿဖြစ်တာတော့ သိပြီလား (သိပါပြီဆရာ)၊ သိနိုင်ရဲ့လား (သိနိုင်ပါပြီဆရာ)၊ သိလို့ဖြစ်ရဲ့လား (ဖြစ်ပါပြီ)၊ သိကောင်းရဲ့လား (သိကောင်းပါပြီဆရာ)၊ သိတတ်ပြီလား (သိတတ်ပါပြီဆရာ)၊ သိရင်ပြစမ်း မြင်ပြီး (ဖဿဖြစ်သွားပါပြီဆရာ)၊ ဩော် - ဖြစ်သွားပြီးလား (ဖြစ်သွားပါပြီ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ် ဆရာ)၊ ဟုတ်ပြီ၊ ကြားပြီ (ဖဿဖြစ်သွားပါပြီဆရာ)၊ နံပြီးကွ (ဖဿဖြစ်သွားပါပြီဆရာ)၊ စားပြီးကွ (ဖဿဖြစ်သွားပါပြီဆရာ)၊ ထိပြီးတဲ့ (ဖဿဖြစ်သွားပြီဆရာ)၊ ကြံစည်ပြီကွာ (ဖဿဖြစ်သွားပါပြီဆရာ)၊ ဖဿဖြစ်သွားပြန်ပြီးပေါ့ ဟော ဒုက္ခ ဖြစ်မှဖြစ်လေရောကွာ သိပြီးလား (ဖဿဖြစ်သွားပါပြီဆရာ)၊ ဖဿဖြစ်သွားပြီးတာ သိပြီးလား (သိပါပြီဆရာ)။ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ ကဲ ဒါကြောင့် -

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဖဿော၊ ဖဿသည်။ ပါကဋ္ဌော၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ အကြင်ယောဂါဝစရပုဂ္ဂိုလ်က အနည်းဆုံး ဖဿတော့ ထင်ရှားမယ်၊ မထင်ရှားဘူးလား (ထင်ရှားပါ တယ်ဆရာ)၊ ဖဿဖြစ်တဲ့ အချက်ကလေးတွေ အချက်ကလေးတွေကို သိသိ, သိသိသွားရင်တဲ့ မှတ်ထားနော်၊ သမာဓိကောင်းကောင်းထား၊ ဖဿဖြစ်မှန်းလေးတွေ သိသိ, သိသိသွားရင်တဲ့ ဘယ်လို နေမတုံးတဲ့။

သောပိ "နကေဝလံ ဖဿောဝ ဥပ္ပဇ္ဇတိ"။ ကေဝလံ၊ သက်သက်။ ဖဿောဝ၊ ဖဿသည် သာလျှင်၊ နဥပ္ပဇ္ဇတိ၊ မဖြစ်။

ဖဿသက်သက် ဘယ်တော့မှ မဖြစ်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ပေါ်လာပုံ, ပေါ်လာပုံ၊

http://www.dhammadownload.com

ဒါကိုယ်က သိတတ်ရမယ်၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဖဿချည်းသက်သက် ဘယ်တော့မှ မဖြစ်ဘူးတဲ့၊ နို့ဘာနဲ့ဖြစ်တုံးတဲ့။

အနုဘဝနမာနာ၊ အစဉ်ခံစားတတ်သော။ ဝေဒနာပိ၊ ဝေဒနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သဉ္ဇာနနမာနာ၊ မှတ်သားတတ်သော။ သညာပိ၊ သညာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စေတယမာနာ၊ စေ့ဆော်တိုက်တွန်းတတ်သော။ စေတနာပိ၊ စေတနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိဇာနနမာနာ၊ သိတတ်သော။ ဝိညာဏမ္ပိ၊ ဝိညာဏ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ကြည့်စမ်း ဖဿဖြစ်တာတော့ သိသွားပြီးလား (သိပါပြီဆရာ)၊ သိတတ်တယ်လား (သိတတ်ပါပြီဆရာ)၊ သိနိုင်ရဲ့လား (သိနိုင်ပါပြီဆရာ) သိရင်ပြစမ်း မြင်ပြီဟာ (ဖဿဖြစ်သွားပါပြီဆရာ)။ ဒါတော့ မင်းအရိုးစွဲသွားအောင် မှတ်မိတယ်၊ (မှတ်မိပါတယ်ဆရာ)၊ မှတ်ထားနော်၊ ဒါဖြင့် ဖဿဖြစ်တာသိပြီပေါ့ (သိပါပြီဆရာ)၊ ခြောက်ဌာနလုံးသိနိုင်ပါ့မလား (သိပါပြီဆရာ)၊ ကြားလိုက်ရင် (သိသွားပါပြီ)၊ ဖဿဖြစ်တယ်လား (မှန်ပါတယ်ဆရာ)၊ နံလိုက်တော့ (ဖဿဖြစ်ပါတယ်ဆရာ)။ စားလိုက်တော့ (ဖဿဖြစ်သွားတယ်ဆရာ)၊ ထိလိုက်တော့ (ဖဿဖြစ်သွားတယ်ဆရာ)၊ ကြံစည်လိုက်တော့ (ဖဿဖြစ်သွားတယ်ဆရာ)။ ဒါတော့ သိပြီလား (သိပါပြီဆရာ)၊ တရားသုံးခု ပေါင်း, ပေါင်းသွားတာကို ဖြတ်ကနဲဖြတ်ကနဲနော် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အတိုက်ဓာတ် အခံဓာတ် အပေါ်ဓာတ်၊ အတိုက်ဓာတ် အခံဓာတ် အပေါ်ဓာတ်သွားလေ၊ ဒါဖြင့် တို့လူစုဖဿဖြစ်တာ သိပြီလား (သိပါပြီဆရာ)၊ ဖဿဖြစ်မှန်းသိရင်တဲ့ ဒီဖဿဖြစ်မှန်းသိတာလေးကို တန်ဖိုးထားစမ်းပါလို့၊ ဒါလေးတစ်လုံးသိလို့ရှိရင်တဲ့ ဉာဏ်စခန်းနော်။ တန်ဖိုးကြီးပုံ သေချာကြည့်၊ ဟုတ်လား မဟုတ်လားလို့ ဒါလေး တစ်စုံဖြစ်မှန်းသိလို့ရှိ ရင်တဲ့ "ဖဿပဉ္စမက"တရားကို သိမ်းဆည်းတတ်ပါတယ်တဲ့၊ ဖဿနှင့်တကွ ငါခုသောတရား သိမ်းဆည်းတတ်သွားပြီတဲ့၊ ဘယ်လိုသိမ်းဆည်းတုံး။

ဩော် - ဖဿဖြစ်မှန်းငါသိရပြီ၊ ဒါဖဿပဲ လှစ်ခနဲ လှစ်ခနဲ လှစ်ခနဲနဲ့ ဖဿဖြစ်, ဖြစ်သွားတာ ဖဿဖြစ်မှန်းသိတော့ ဘယ်နှယ့်ဖြစ်၊ ဖဿတစ်လုံးတည်း ဖဿတစ်ပါးတည်း ဘယ်တော့မှမဖြစ်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ကေဝလံ၊ သက်သက်။ ဖဿောဝ၊ ဖဿသည်သာလျှင်။ နဉ္ဥပ္ပဇ္ဇတိ၊ ဘယ်တော့မှမဖြစ်။ တေန၊ ထိုဖဿနှင့်။ သဒ္ဒိ၊ အတူတကွ။ တဒေဝါရမ္မဏာ တံ ဧဝ အာရမ္မဏာ၊ ထိုအာရုံကို။ အနုဘဝနမာနာ၊ ခံစားတတ်သော။ ဝေဒနာပိ၊ ဝေဒနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဖဿတစ်ခုတည်း ဘယ်တော့မှမဖြစ်ဘူးတဲ့၊ ဘာနဲ့တွဲဖြစ် (ဝေဒနာနဲ့ တွဲဖြစ်ပါတယ်ဆရာ)၊ အေး-ဝေဒနာဖြစ်ကပ်လျက်သား နော် (မှန်ပါတယ်ဆရာ)၊ ထိုဖဿဖြစ်စဉ်အခါတုန်းက အာရုံမပါဘူးလား (ပါ,ပါတယ်ဆရာ)၊ စက္ခုရယ်၊ ရူပါရုံရယ်၊ စက္ခုဝိညာဏ်ရယ်၊ သုံးခုပေါင်းတာကိုကွ နော် (မှန်ပါတယ်

http://www.dhammadownload.com

ဆရာ)၊ ဖဿဖြစ်တယ်ပေါ့ (ဖြစ်ပါတယ်ဆရာ)၊

အဲဒီဖဿဖြစ်စဉ်အခါတုန်းက ရူပါရုံ ပါမလာဘူးလား (ပါလာပါတယ်ဆရာ)၊ ဒါကြောင့် "တေန သဒ္ဒီ တဒေဝါရမ္မဏာ" လို့ တေန၊ ထိုဖဿနှင့်။ သဒ္ဒီ၊ အတူတကွ။ တဒေဝါရမ္မဏာ၊ ထိုတရားသုံးလုံးပေါင်း စဉ်အခါက ပါလာသော ရူပါရုံ၏အရသာကို။ အနုဘဝမာနာ၊ ခံစားတတ်သော။ ဝေဒနာပိ၊ ဝေဒနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝေဒနာမဖြစ်ဘူးလားဟ (ဖြစ်ပါတယ်ဆရာ)၊ ခံစားမှုသဘောကလေး ပါမသွားဘူလား (ပါသွားပါတယ်ဆရာ)၊ သြော်- ဝေဒနာပါသွားပြီ၊ ဒါပေမယ့်လို့ ဒီဝေဒနာနဲ့ ဒီဖဿလားဆို မဟုတ်သေးဘူးတဲ့၊ မြင်လိုက်တဲ့ ရူပါရုံလေးကို ဒါလူဟဲ့၊ ဒါန္ဓား၊ အဖြူ။ အပြာ၊ အဝါ၊ ငဖြူ။ ငမဲ၊ မှတ်သားမှုလေးမပါဘူးလား (ပါ,ပါတယ်ရာ)၊ သဉ္ဉာနနမာနာ၊ မှတ်သားတတ်သော။ သညာပိ၊ သညာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါပဲလားတဲ့ ဖဿ၊ ဝေဒနာ၊ သညာ ဒီသုံးခုပဲဖြစ်သလား မဟုတ်သေးဘူးတဲ့။ "စေတယမာနာ စေတနာပိ ဥပ္ပဇ္ဇတိ" - မြင်လိုက်တဲ့ ရူပါရုံ၏ အရသာလေး ကောင်းရင်ကောင်းတယ်၊ မကောင်းရင်မကောင်းဘူးဆိုတဲ့ စေ့ဆော်တိုက်တွန်းတတ်သော စေတနာလေး မပါလား (ပါ, ပါတယ်ဆရာ)။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ပါတယ်နော် (ပါပါတယ်ဆရာ)၊ စေတနာပါသွားပြီ။

ဒါပဲလား မဟုတ်သေးဘူးတဲ့၊ ထိုမြင်လိုက်သော ရူပါရုံလေး ဖဿဖြစ်စဉ်အခါက ပေါ်လာတဲ့ ရူပါရုံ၏ အဆင်းရုပ်ကလေးရဲ့ အဓိပ္ပာယ်ထွ ချဲ့ငုံပြီး သိတတ်တယ်ဆိုတဲ့ ဝိညာဏ်မပါဘူးလား (ပါ, ပါတယ်ဆရာ)၊ "ဝိဇာနနမာနံ ဝိညာဏမ္မိ ဥပ္ပဇ္ဇတိ" နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလည်းကျရောသိသွားပြီတဲ့၊ ငါမြင်တာ ဘယ်သူပဲဟ၊ ငါမြင်တာလှလိုက်တာ၊ ငါမြင်တာချောလိုက်တာ၊ ငါမြင်တာဘယ်လိုအဓိပ္ပါယ်နဲ့ ခြုံငုံပြီး အကုန်သိသွားတယ် မသိဘူးလား (သိပါတယ်ဆရာ)၊ ဒါကြောင့် ဣတိ၊ ဤသို့။ ဖဿပစ္စယာ၊ ဖဿနှင့်တကွ ငါးခုသော တရားတို့ကို။ ပရိဂ္ဂဟာတိ၊ သိမ်းဆည်း၏။ ကြည့်စမ်းတရားသုံးခုပေါင်းလိုက်တော့ ဖဿဖြစ်တယ်၊ ရှင်းရှင်းလေးပြောလိုက်တော့ မြင်ရင်ပဲဖဿမှန်းသိ၊ ဖဿဖြစ်မှန်းသိသွားပြီ မသိဘူးလား (သိပါပြီဆရာ)၊ ဖဿဖြစ်မှန်းသိတော့ ဖဿဖြစ်လာလို့ရှိရင် ဖဿဟာ ဘယ်နှယ့်နည်းမှ သူတစ်လုံးတည်းမဖြစ်ဘူးဟ မှတ်ရမှာနော် (မှန်ပါတယ်ဆရာ)။ နားလည်ထားရမယ်။

သူတစ်လုံးတည်း မဖြစ်ဘူးဟ သူနဲ့ ဖြစ်ဖော်ဖြစ်ဘက်တွေ ဝေဒနာလည်းပါသွား မပါဘူးလား (ပါ,ပါတယ်ဆရာ)။ ဒီအာရုံ၏ အရသာလေး ခံစားတတ်တဲ့ ဝေဒနာလေးပါသွားတယ် မှတ်ထားနော် (မှတ်ထားပါတယ်ဆရာ)၊ ဝေဒနာတွင် မဟုတ်သေးဘူးတဲ့၊ ဒီအာရုံလေးကို အဖြူ အမည်း သဲကွဲအောင်

http://www.dhammadownload.com

မှတ်သားတတ်တဲ့ သညာလည်းပါသွား မပါသွားဘူးလား (ပါပါတယ်ဆရာ)၊ သညာတင်မကသေးဘူးတဲ့၊ ဒီအာရုံလေးပေါ်မှာ မှီတွဲပြီးတော့ ဖြစ်လာတဲ့ စေ့ဆော်တိုက်တွန်းတတ်သော စေတနာလည်းပါသွားတယ် မပါဘူးလား (ပါ,ပါတယ်ဆရာ)၊ စေတနာတင်မကသေးဘူးတဲ့၊ ဒီမြင်တဲ့ ရူပါရုံရဲ့ အဓိပ္ပါယတ္ထအကုန်လုံး ခြုံငုံသိတတ်တဲ့ ဝိညာဏ်လည်းပါသွားတယ် မပါဘူးလား (ပါ, ပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကိုင်း-ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ စေတနာရယ်၊ ဝိညာဏ်ရယ် တရားဘယ်နှစ်လုံးတုံး (ငါးလုံးပါဆရာ)၊ "ဖဿပဥ္စမကေ ပရိဂ္ဂဏ္ဌာတိ" ဖဿနှင့်တကွ ငါးခုသော တရားတို့ကို သိမ်းဆည်းတယ်တဲ့၊ သိမ်းဆည်းတော့ ဘာလဲလို့မေးစရာရှိတယ်။

နာမ်ခန္ဓာလေးပါး ကုန်နေပါပဲလားတဲ့ မှတ်ထားနော် (မှတ်ထားပါတယ်ဆရာ)၊ နာမ်ခန္ဓာဘယ်နှစ်ပါးရှိတယ် (လေးပါးပါဆရာ)၊ ဘယ်သူဘယ်သူတုံး (ဝေဒနာ, သညာ, စေတနာ, ဝိညာဏ်ပါဆရာ)၊ ဟာ မတတ်ဘူး မတတ်ဘူး၊ ခန္ဓာငါးပါးတောင် မရေတတ်ပြန်ဘူးလားဟ (ဝေဒနာရယ်, သညာရယ်, သခ်ါရရယ်, ဝိညာဏ်ရယ်,ပါဆရာ)၊ ဝေဒနာ, သညာ, သခ်ါရ, ဝိညာဏ်လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ကိုင်း ခု နာမ်ခန္ဓာလေးပါးစုံသွားပြီ ကြည့် ဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဖဿ ဘာခန္ဓာခေါ်တယ်၊ နာမ်ခန္ဓာလေးပါး ထဲက ဘာခန္ဓာခေါ်၊ ဖဿဆိုတာ စိတ်လား၊ စေတသိက်လား၊ စေတသိက် စေတသိက် (စေတသိက်ပါဆရာ) ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ စေတသိက်ကို ဘာခန္ဓာခေါ် (သခ်ါရက္ခန္ဓာပါဆရာ) အေး ဟုတ်ပြီနော် (မှန်ပါတယ်ဆရာ)၊ ဝေဒနာ ဘာခန္ဓာခေါ် (ဝေဒနာက္ခန္ဓာပါဆရာ)၊ သညာက ဘာခန္ဓာခေါ် (သညာက္ခန္ဓာပါဆရာ)၊ စေတနာက ဘာခန္ဓာခေါ် (သခ်ါရက္ခန္ဓာပါဆရာ)၊ ဖဿနဲ့စေတနာ တူမနေဘူးလား (တူနေပါတယ်)၊ သူတို့နှစ်လုံးက သခ်ါရက္ခန္ဓာပဲဖြစ်မနေဘူးလား (မှန်ပါတယ်ဆရာ) ဝိညာဏ်က ဘာခန္ဓာခေါ်တယ် (ဝိညာဏက္ခန္ဓာပါဆရာ)။

ဟော-ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သခ်ါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ, နာမ်ခန္ဓာလေးပါး ကုန်မသွားဘူးလား (ကုန်သွားပါတယ်ဆရာ)၊ အေး-ဒါကြောင့် ဖဿတစ်လုံးရှုလိုက်ရင် မြတ်စွာဘုရားကိုယ်တော် မြတ်က ဒါကြောင့် နာမ်ကမ္မဋ္ဌာန်းဟောကြားတော်မူတဲ့နေရာမှာ ဖဿရယ်၊ ဝေဒနာရယ်၊ ဝိညာဏ်ရယ်လို့ လူအများနားလည်တတ်သော လူအများသိတတ်သောဆိုတဲ့ တရားသုံးပါးမူထားပြီး ဟောတယ်။ တရားသုံးပါးမူထားဟောတော့ တရားသုံးပါးစလုံး နားလည်မှာလားဆို မဟုတ်ပါဘူးတဲ့၊ ဖဿတစ်လုံး သိလည်းပဲ နာမ်ခန္ဓာလေးပါး သုံးသပ်ပြီးသားဖြစ်ပါတယ် နားလည်လား (နားလည်ပါပြီဆရာ)၊ ဉာဏ်, ဉာဏ်၊ အဲဒါဉာဏ်စခန်း ဉာဏ်လမ်းခေါ်တယ်၊ အဲဒီ အချိုးရောက်အောင်လည်းပဲ တတ်မြောက်လိမ္မာလာမှ တရားပွားများအားထုတ်အလုပ်လုပ်တော့ မှန်ကန်တိကျလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရတတ်ပါ

http://www.dhammadownload.com

တယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို ပညာစစ် ပညာမှန်ဆိုတဲ့ နိဿျည်းတွေမပါဘဲနဲ့ ရမ်းအလုပ်လုပ်လို့လည်း ဟုတ်ချင်မှ ဟုတ်တာပါတဲ့ ပင်ပန်းကြိုးမနပ်အောင် ဖြစ်တတ်ပါတယ်တဲ့ မှတ်ထားနော် သေသေချာချာ၊ ဒါကြောင့်-

မြတ်စွာဘုရားကိုယ်တော်မြတ်က ယောဂါဝစရပုဂ္ဂိုလ်များသည် နာမ်ကမ္မဋ္ဌာန်းပွားများခဲ့သော် ဖဿကိုသော်ငင်း၊ ဝေဒနာကိုငင်း၊ ဝိညာဏ်ကိုသော်ငင်း၊ တစ်ခုခုနိုင်ရာပိုင်ရာကို မူထားပြီး ပွားများပါတဲ့ နာမ်ခန္ဓာလေးပါး သုံးသပ်ပြီးသား ဖြစ်ပါလိမ့်မယ် နားလည်လား (နားလည်ပါတယ်)၊ အဲဒါဉာဏ်ထဲမှာ သိထားဖို့ မဟုတ်လား (သိထားဖို့ပါဆရာ)၊ ကိုင်း ဖဿတစ်လုံးဖြစ်ရင် ဘယ်သူတွေ ပါလာတုံး (ဝေဒနာရယ်၊ သညာရယ်၊ သင်္ခါရယ်၊ ဝိညာဏ်ရယ်ပါဆရာ)။ သင်္ခါရလို့ ပြောရတယ်။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်, ဒီလိုပြောရတယ် နားလည်လား (နားလည်ပါပြီဆရာ)။ တရားဘယ်နှစ်လုံး ပေါင်းသွားတယ်၊ တရားဘယ်နှစ်လုံးတုံး (သုံးလုံးပါဆရာ)၊ ဖဿနှင့်တကွ (လေးလုံးပါဆရာ) ဟော သုံးလုံးတဲ့၊ လေးလုံးတဲ့၊ နောက်တစ်ခါဟဲ့ဆိုရင် ခြေတစ်ချောင်းပြုတ်သွားလိမ့်မယ်ကြည့်နေ၊ အိမ်တော်ရာ ဘုရားက ခြသေ့ကြီး မှတ်မိသေးလား ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ စေတနာရယ်၊ ဝိညာဏ်ရယ် ဘာရယ် ဘာရယ် (ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ သင်္ခါရရယ်၊ ဝိညာဏ်ရယ်)။ ဟောဗျာ မင်းငါပြောတဲ့အထဲ သင်္ခါရပါလို့လား၊ စေတနာပါဟ ဖဿရယ်ဆိုပါ၊ (ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ စေတနာရယ်၊ ဝိညာဏ်ရယ်)၊ စေတနာရယ်၊ ဖဿရယ်၊ သင်္ခါရကမ္မဋ္ဌာနမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဝေဒနာသညာမှ ကြွင်းတာတွေ စေတနာတွေထဲက၊ ဝေဒနာသညာမှကြွင်းတဲ့ စေတသိက်ငါးဆယ်ထဲကကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ပြန်ပြောစမ်း ဖဿရယ် (ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ စေတနာရယ်၊ ဝိညာဏ်ရယ်) ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါပြီဆရာ)၊ ဘာတရားခေါ်တယ်၊ ဖဿပဉ္စမကတရား၊ (ဖဿပဉ္စမ တရားပါဆရာ)၊ ပဉ္စမက (ဖဿပဉ္စမက တရားပါဆရာ)၊ အေး-ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါပြီဆရာ)၊ ဖဿနှင့်တကွ ငါးခုသောတရားတဲ့ နော် (မှန်ပါတယ်ဆရာ)။ အဲဒါဖဿဖြစ်ပုံလေးတော့ ထင်ရှားတယ်လား (ထင်ရှားပါတယ်ဆရာ)၊ ဖဿဖြစ်ပုံ ထင်ရှားတော့ ဖဿဖြစ်တိုင်းဖြစ်တိုင်း ဒီတရားငါးပါး တစ်ပြိုင်တည်း ဖြစ်သွားတယ်ဆိုတာမျိုး ဉာဏ်ထဲပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ အဲဒါဉာဏ်ထဲပေါ်လာလို့ ဩော်-ဒီလိုဖြစ် ဒီလိုပျက်သွားပါလားဆိုတော့ ခန္ဓာလေးပါး ရှုပြီးသားမဖြစ်ဘူးလား (ဖြစ်လာပါတယ်ဆရာ)၊ နာမ်ခန္ဓာလေးပါး ရှုပြီးသားဖြစ်သည် ဟူ၍မှတ်။

"သဋ္ဌာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ"၊ သဋ္ဌာယတနကြောင့် ဖဿဖြစ်တယ်။ ဖဿကြောင့် ဝေဒနာဖြစ်တယ်။ မနေ့ညက ပြထားတဲ့ သဘာဝအတိုင်း ဖဿဖြစ်မှု တရားသုံးခု

http://www.dhammadownload.com

ပေါင်းစုံတဲ့ သဘောလေး။ ဒါလေးနားလည်တော့ မြင်လိုက်ရင် ဖဿ၊ ကြားလိုက်ရင် ဖဿ၊ နံလိုက်ရင် ဖဿ၊ စားလိုက်ရင် ဖဿ၊ ထိလိုက်ရင် ဖဿ၊ သိလိုက်ရင် ဖဿ။ ဒါလေးမှတ်ထား။ ဒါလေးတင် မှတ်ထားတော့ ဖဿမှန်းတော့ သိပြီ။ တရားသုံးခုပေါင်းလို့ ဖဿဖြစ်တယ်။ ဖဿမှန်းသိတော့ ဘာဖြစ်သလဲမေးတော့ ဖဿထင်ရှားတာမို့လို့ နာမ်တရားကို ကမ္မဋ္ဌာန်းအနေအားဖြင့်၊ မြတ်စွာဘုရားကိုယ်တော်မြတ်က ဖဿ အဓိကထားပြီး ဟောတယ်။ ဘာပြုလို့ သိလွယ်တဲ့ တရားမို့လို့ ဖဿဖြစ်တာသိနိုင်တယ်။ သူသူငါငါ လူတကာ သိနိုင်တယ်။ ဘယ်လိုသိမြင်လိုက်ရင် ဖဿဖြစ်ပေါ့၊ ကြားလိုက်ရင် ဖဿဖြစ်ပေါ့၊ နံလိုက်ရင် ဖဿဖြစ်ပေါ့၊ စားလိုက်ရင် ဖဿဖြစ်ပေါ့၊ ထိလိုက်ရင် ဖဿဖြစ်ပေါ့၊ သိလိုက်ရင် ဖဿဖြစ်ပေါ့။ ဘာပြုလို့တုံး မြင်ချင်တိုင်း မြင်တာမဟုတ်ဘူး။ တရားသုံးခု ပေါင်းစုံပြီးမှ မြင်တယ်။ "တိဏ္ဏံ သင်္ဂတိ ဖဿော" တရားသုံးခု ပေါင်းကတည်းက ဖဿပဲလို့ မိမိစိတ်ထဲမှာ ကွဲကွဲပြားပြားသိ။ ဒါကြောင့် မြင်ရင် ဖဿ၊ ကြားရင် ဖဿ၊ နံရင် ဖဿ၊ စားရင် ဖဿ၊ ထိရင် ဖဿ၊ ကြံစည်စိတ်ကူးရင် ဖဿ၊ ဒီသိမှုလေးရတော့ ဘာဖြစ်သလဲလို့ ဒီသိမှုလေးရရင် ဒီဖဿကို မှတ်စမ်းပါတဲ့ ဖဿလို့ သိသည်နဲ့တစ်ပြိုင်နက် ဧကန္တ ဖဿတစ်ခုတည်းမဖြစ်နိုင်ဘူး။ ဘယ်သူတွေပါလာတုံး။ ဖဿနဲ့ ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ဖော်ဖြစ်ဖက် ဝေဒနာပါတယ်, သညာပါတယ်, စေတနာပါတယ်, ဝိညာဏ်ပါတယ်, မနွေညကပြထားတဲ့အတိုင်း နာမ်ခန္ဓာလေးပါး နာမ်တရားခန္ဓာအားဖြင့် ရှုမြင်ပြီးသားဖြစ်တယ်တဲ့။ ဒါ ကိုယ်ကသိထားမှ၊ ကိုယ်ကသိမထားရင် ဘယ်နှယ့်နည်းမှ ခန္ဓာလေးချက် တစ်ပြိုင်တည်းဖြစ်သွားတယ်ဆိုတာကို ကိုယ်သိမှာမဟုတ်ဘူး။ ရှုတတ်မှာလည်းမဟုတ်ဘူး။ သမာဓိကောင်းကောင်းထား၊ သေချာလည်းမှတ်ထား။ ဖဿမှန်းသိလိုက်ရင် နာမ်ခန္ဓာလေးချက်တွေ တစ်ပြိုင်နက်ဖြစ်၍ တစ်ပြိုင်နက်ပျက်၏၊ ဖြစ်သွားပုံလေးတွေ။ ဒါကြောင့် -

ယဿ ဖဿော ပါကဋ္ဌော ဟောတိ၊ သောပိ "န ကေဝလံ ဖဿောဝ ဥပ္ပဇ္ဇတိ။

ယဿ၊ အကြင်ယောဂါဝစရပုဂ္ဂိုလ်အား။ ဖဿော၊ ဖဿသည်။ ပါကဋ္ဌော၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။

အကြင်ယောဂါဝစရပုဂ္ဂိုလ် အကြင်တရားအားထုတ်တဲ့ပုဂ္ဂိုလ် ဖဿထင်ရှားတယ်တဲ့။ ဖဿသူသိမယ်တဲ့။ ဖဿသိလို့ရှိရင် ဘာဖြစ်၊ "သောပိ 'ကေဝလံ န ဖဿောဝ ဥပ္ပဇ္ဇတိ' - သောပိ။ ထိုယောဂါဝစရပုဂ္ဂိုလ်သည်လည်း။ ဖဿောဝ၊ ဖဿသည်သာလျှင်။ ကေဝလံ၊ သက်သက်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ မုချ ဖဿသက်သက်ဖြစ်တာ မဟုတ်ဘူး။ ဖဿဖြစ်တာတော့ ငါသိ၊ ငါသိလို့ ရှိရင် ဘယ်နှယ့်ကြည့်ပါ့။ ဖဿတစ်ခုထဲတော့ ဘယ်နှယ့်မှ ခွဲမဖြစ်ဘူး။ ဖဿတစ်ခုတည်း ခွဲမဖြစ်ရင် ဘယ်သူပါလာတုံး။

http://www.dhammadownload.com

"တေန သဒ္ဒိ် တဒေဝါရမ္မဏာ အနုဘဝနမာနာ ဝေဒနာပိ ဥပ္ပဇ္ဇတိ" - တေန၊ ထိုဖဿနှင့်။ သဒ္ဒိ်၊ အတူတကွ။ တဒေဝါရမ္မဏာ၊ ထိုအာရုံကိုသာလျှင်။ အနုဘဝနမာနာ၊ ခံစားတတ်သော။ ဝေဒနာပိ၊ ဝေဒနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒီဖဿဖြစ်စဉ်အခါတုန်းက တရားသုံးလုံး ပေါင်းတုန်းက အာရုံပါတယ်။ စက္ခုပသာဒ ရူပါရုံ စက္ခုဝိညာဏ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အဲဒီ ရူပါရုံ၏ အရသာလေးကို ခံစားတတ်တဲ့ ဝေဒနာ ကပ်လျက်သားပါလေရဲ့။ သိမ်မွေ့ နူးညံ့တဲ့ တရားမို့လို့ ကိုယ်တိုင်အားဖြင့် သိချင်မှ သိမယ်။ သိသိ မသိသိ သိရင်ပို၍ကောင်း၏။ မသိရင် အခုပြောတဲ့ သဘောလေး အတိုင်း မှတ်ထားလို့။ ဟာ-ဝေဒနာဖြစ်တာ တို့မသိပါဘူး။ ဘာပြုလို့ သိမ်မွေ့တဲ့ သဘောလေးမို့၊ တကယ်အာရုံ၏အရသာ ကျကျနန ခံစားနေတဲ့ သုခဝေဒနာ သောမနဿ ဝေဒနာကျတော့သိ။ သိတာကြတော့ အထူးပြောစရာမလိုဘူး။ ဒီဝေဒနာလေး အာရုံ၏အရသာ ခံစားတတ်တယ်ဆိုတဲ့ ခံစားကာမျှဝေဒနာလေးဖြစ်သွားတာ တို့မသိလိုက်ဘူး။ မသိလိုက်ရင်နေပါစေ ဖဿဖြစ်တာသိဖို့အရေးကြီးတယ်။

ဒါကြောင့် ဖဿဖြစ်လိုက်ရင် ကိုယ့်ဉာဏ်ထဲက ဖဿတစ်ခုထဲတော့ ခွဲမဖြစ်တန်ရာ မဖြစ်ကောင်းဘူး၊ ထိုဖဿနှင့်အတူ ထိုအာရုံ၏ အရသာလေး ခံစားတတ်သော ဝေဒနာလည်းဖြစ်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါပဲလားဆိုတော့ မဟုတ်ပါဘူး။ သဉ္ဇာနနမာနာ သညာပိ-သဉ္ဇာနနမာနာ၊ ထိုအာရုံလေးကို ပိုင်းခြားမှတ်သားထားတတ်သော။ သညာပိ၊ သညာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သညာလည်း ဖြစ်တာပဲတဲ့။ ဒီအာရုံလေး မှတ်သားတတ်တဲ့ သဘောလေး နော် (မှန်ပါတယ်ဆရာ)။ ဒါပဲလားဆို မဟုတ်သေးဘူးတဲ့။ "စေတယမာနာ စေတနာပိ-စေတယမာနာ၊ စေ့ဆော်တိုက်တွန်းတတ်သော။ စေတနာပိ၊ စေတနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စေ့ဆော်တိုက်တွန်းတတ်တယ်ဆိုတဲ့ စေတနာလုံးလေးလည်း ဖြစ်တာပဲ။ ကောင်း, မကောင်း နော် (မှန်ပါတယ်ဆရာ)။ ဒါပဲလား ဆို မဟုတ်သေးဘူးတဲ့။ ဝိဇာနနမာနံ ဝိညာဏမ္မိ ဥပ္ပဇ္ဇတိ - ထိုအာရုံရဲ့ အဓိပ္ပါယတ္ထ လုံးလုံးခြုံငုံပြီးသိတဲ့ အနေအားဖြင့် သိတတ်တယ်ဆိုတဲ့ ဝိညာဏ်လဲ ဖြစ်တာပဲ။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဒီတော့ ဖြစ်သွားတော့ ပြန်တွက်ကြည့်စမ်း။ ရှေးဦးမဆွ ဖဿဖြစ်မှန်းသိရော။ ဖဿက ဖြစ်လိုက်ကရော။ တရားသုံးခု ပေါင်းတော့ နော် (မှန်ပါတယ်ဆရာ)။ တရားသုံးခုပေါင်းတော့ ဖဿဖြစ်လိုက်ရင် ဘယ်နှယ်သိရ။ အာရုံ၏အရသာခံစားတတ်တဲ့ ဝေဒနာလည်းဖြစ်သွားပြီ။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ အာရုံကိုမှတ်သားတဲ့ သညာလဲဖြစ်သွားပြီ။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ စေ့ဆော်တိုက်တွန်းပြုပြင်တတ်တဲ့ စေတနာလည်းဖြစ်သွားတယ်။ ထိုအာရုံကိုသိတတ်တဲ့ ဝိညာဏ်လည်းဖြစ်သွားတယ် နားလည်လား (နားလည်ပါတယ်ဆရာ)။ တရားဘယ်နှစ်ပါးဖြစ်တယ် (ငါးပါးဖြစ်သွားပါ

http://www.dhammadownload.com

တယ်ဆရာ)။ ဘယ်သူ ဘယ်သူတုံး (ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ စေတနာရယ်၊ ဝိညာဏ်ရယ်)။ အေး ဟုတ်ပြီ။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဖဿဖြစ်ရင် ဒီကျန်တဲ့ လေးပါးပါ တစ်ပြိုင်တည်းဖြစ်မယ်လား (မှန်ပါတယ်ဆရာ)။ ဖဿတစ်လုံးတည်း ခွဲဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)။ အဲဒါလေးမှတ်ထား။

ဒီတော့ ဖဿထင်ရှားတဲ့ အနေအားဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ဖဿမူထားပြီး ဟောသွားတာတဲ့။ ဖဿတော့ လူတိုင်း သိကောင်းပါလိမ့်မယ်တဲ့ ဖဿဖြစ်တာသိကောင်းလို့, မြင်ကောင်းလို့ရှိရင် ဖဿလည်းဖမ်းပါတဲ့။ ဖဿဖြစ်လိုက် နာမ်ခန္ဓာလေးချက် ဖြစ်လိုက်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဖဿဖြစ်လိုက် နာမ်ခန္ဓာလေးချက်ဖြစ်လိုက်။ ဒါနာမ်ကမ္မဋ္ဌာန်းခေါ်တယ်။ နာမ်ခန္ဓာလေးချက်က ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သခ်ါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာမှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဒါဖြင့် ခု ဖဿနှင့်တကွ ငါးခုသောဖဿပဥ္စမကတရားတွေထဲမှာ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သခ်ါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ နာမ်ခန္ဓာလေးပါးရတယ်ဆိုတော့ အဲဒီတရားငါးခု၊ ငါ့ကိုခန္ဓာဖွဲ့ပြစမ်းပါ။ ဝေဒနာစေတသိက်က ဘာခန္ဓာတုံး (အာရုံ၏ အရသာ ခံစားတတ် တာပါဆရာ)။ ဘာခန္ဓာတုံးမေးတယ် (ဝေဒနာက္ခန္ဓာပါဆရာ)။ သညာက ဘာခန္ဓာခေါ်တုံး (သညာက္ခန္ဓာပါဆရာ)။ စေတနာက ဘာခန္ဓာခေါ်တုံး (သခ်ါရက္ခန္ဓာပါဆရာ)။ ဖဿက ဘာခန္ဓာခေါ်တုံး (သခ်ါရက္ခန္ဓာပါဆရာ)။ အေး-သခ်ါရက္ခန္ဓာနော် (မှတ်မိပါပြီဆရာ)။ ဝိညာဏ်က ဘာခန္ဓာခေါ်တုံး (ဝိညာဏက္ခန္ဓာပါဆရာ)။ ဝိညာဏက္ခန္ဓာနော် (မှန်ပါတယ်ဆရာ)။ အဲဒီ ဖဿနှင့်တကွ တရားငါးခုထဲမှာမှတ်နော် သေသေချာချာ။ ဖဿနှင့်တကွ တရားငါးခုမှာ စေတသိက်ကဘယ်နှစ်ပါးပါ။ စိတ်ကဘယ်နှစ်ပါး (ငါးဆယ့်နှစ်ပါးပါဆရာ)။ ဟောဗျာ တရားမှာက ငါးခုရှိတာ၊ ငါးဆယ်နှစ်ပါးဖြစ်နေလားဟ။ အခု ငါးလုံး ငါပြောနေပါတယ်။ ဖဿက စိတ်လား စေတသိက်လား (စေတသိက်တရားပါဆရာ)။ အေး ဟုတ်ပြီ၊ ဝေဒနာ စိတ်လား စေတသိက်လား (စေတသိက်တရားပါဆရာ)။ သညာစိတ်လား စေတသိက်လား (စေတသိက်တရားပါဆရာ)။ စေတနာက စိတ်လား စေတသိက်လား (စေတသိက်တရားပါဆရာ)။ ဝိညာဏ်က စိတ်လား စေတသိက်လား (စေတသိက်တရားပါဆရာ)။ ဟောဗျာ အကုန်ချတာကိုး။ တစ်ခုမှ မချန်ထားဘူး။ မင့် ပရိသတ်ကရယ်တယ်ကွာ၊ နားလည်လား။ ဝိညာဏ်က စိတ်လား စေတသိက်လား (စိတ်တရားပါဆရာ)။ နားလည်လား (နားလည်ပါပြီဆရာ)။

ဒါဖြင့် စေတသိက်တရား ဘယ်နှစ်လုံးပါ (လေးပါးပါတယ်ဆရာ)။ လေးပါး မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဘယ်သူ ဘယ်သူတွေတုံး (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာပါဆရာ)။ အေး ဟုတ်ပြီ၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ အဲဒီ စေတသိက်လေးပါးမှာ ခန္ဓာဖွဲ့လိုက်တော့ ဘယ်ခန္ဓာရ

http://www.dhammadownload.com

(ဝေဒနာ၊ သညာ၊ သခ်ၤါပါဆရာ)။ နောက်ခန္ဓာတပ်ပေးပါ သခ်ၤါရက္ခန္ဓာလို့ (နားလည်ပါတယ်ဆရာ)။ ဘာခန္ဓာ ဘာခန္ဓာ (ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သခ်ၤါရက္ခန္ဓာပါဆရာ)။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ သခ်ၤါရက္ခန္ဓာက စေတနာနှင့်ဖဿ နှစ်ခုတွဲကိုကွ နော် (မှန်ပါတယ်ဆရာ)။ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက်ငါးဆယ်သည် သခ်ၤါရက္ခန္ဓာမည်၏ဆိုတော့ စေတနာတို့ ဖဿတို့ကတော့ ဝေဒနာသညာမှ ကြွင်းသော စေတသိက်ငါးဆယ်ထဲက မဟုတ်လား (မှန်ပါတယ်ဆရာ)။

နောက် တို့ခန္ဓာပိုင်းက တရားကိုယ်တရားသားနဲ့ ကောက်ပြီးတော့ ရှင်းလင်းလာခဲ့ပေါ့။ အဲဒါ တခြားမဟုတ်ပါဘူး၊ ခန္ဓာနည်းနဲ့ ရှုလို့ရှိရင် ဒီလို ရှုပါတဲ့။ နာမ်ကမ္မဋ္ဌာန်းအနေအားဖြင့် နာမ်တရား အနေအားဖြင့် ရှုတော့လည်း ဒီလိုရှုပါတဲ့။ ဘုရားကိုယ်တော်မြတ်က ရှုပုံ, ရှုနည်း ခွဲပြီးတော့ပြတယ်။ ဒါကြောင့် ဒီခန္ဓာငါးချက်ကို တစ်ပြိုင်နက်ဖြစ်သွားတယ်ဆိုတဲ့ သဘောလေးတွေ သူသူငါငါ ရုတ်တရက် အားဖြင့် မြင်ဖို့ သိဖို့ နားလည်ဖို့မလွယ်တဲ့ အလုပ်မို့လို့ သိလွယ် ထင်လွယ် မြင်လွယ်သော ဖဿကနေ ကိုင်ပြီးတော့ အဖမ်းခိုင်း။ ဒါကြောင့် "ဖဿပစ္စမကေ ပရိဂ္ဂဏှာတိယေဝ"- ဖဿပစ္စမကေ၊ ဖဿနှင့်တကွ ငါးခုသောတရားတို့ကို။ ပရိဂ္ဂဏှာတိယေဝ၊ သိမ်းဆည်းသည်သာလျှင်တည်း။ ဒါဖဿပစ္စမက တရားခေါ်တယ်။ ဖဿဖမ်းတတ်တာနဲ့ ဖဿမြင်တတ်တာနဲ့ နာမ်တရားတွေရှိသမျှ အကုန်လုံး သိမ်းကျုံး စိတ်တစ်ခုယုတ်ကိုးဆယ်၊ အကျယ် တစ်ရာ့နှစ်ဆယ့်တစ်ပါး။ စေတသိက် ငါးဆယ့်နှစ်ပါး၊ ဒါနာမ်တရားကုန်ရော မဟုတ်လား (ကုန်ပါပြီဆရာ)။ နာမ်တရားက စိတ် စေတသိက် ဒါပဲရှိတယ်။ အားလုံးက ပရမတ္ထတရား စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်။ နိဗ္ဗာန်ဖယ်ထား၊ စိတ်, စေတသိက်, ရုပ်, ပရမတ်,တရားသုံးပါးရ၏။ စိတ် စေတသိက် ကုန်မသွားဘူးလား (ကုန်သွားပါတယ်ဆရာ)။ အဲဒါ ဖဿတစ်လုံးကို လုံးလုံးကြီး ဖမ်းတတ်တာနဲ့ စိတ် စေတသိက်တရား နာမ်တရားတွေကုန်သွား။ ခန္ဓာအားဖြင့် ဖွဲ့လိုက်တော့ နာမ်ခန္ဓာလေးပါးလာရတယ်၊ မရဘူးလား (ရပါတယ်ဆရာ)။ ဒါဖြင့်ရင် မြင်တယ်, ကြားတယ်, နံတယ်, စားတယ်, ထိတယ်, သိတယ်ဆိုတဲ့ ဝိညာဏ်ဓာတ်ခြောက်ရပ် ပေါ်တိုင်းပေါ်တိုင်း ဖဿဖမ်းတတ်ပြီလား (ဖမ်းတတ်ပါပြီဆရာ)။ ဖမ်းပြစမ်းကွာ။ မြင်ပေါ့တဲ့ ဘာဖြစ်တုံး (ဖဿဖြစ်ပါတယ်ဆရာ)။ အော် ဖဿဖြစ်တယ်လား (မှန်ပါတယ်ဆရာ)။ ဖဿဖြစ်ထဲက ဘာတွေဖြစ်သွားတုံး (ဝေဒနာရယ်၊ သညာရယ်၊ သခ်ၤါရရယ်၊ ဝိညာဏ်ရယ် ဖြစ်သွားပါတယ်ဆရာ)။ ဟော နာမ်ခန္ဓာလေးပါး ဖြစ်သွားတယ် လား (မှန်ပါတယ်ဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါပြီဆရာ)။ တော်ကြာ အိုးနင်း ခွက်နင်း ဝေ့လည်ကြောင်ပတ်မလုပ်နဲ့။ ဖဿမြင်လိုက်ရင် ဖဿဖြစ်မှန်း သိလိုက်ရင် ခန္ဓာဘယ်နှစ်ပါးဖြစ်သွားတယ် (လေးပါးပါဆရာ)။ ဘာခန္ဓာတွေ (ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သခ်ၤါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာပါဆရာ)။ အော် နာမ်ခန္ဓာလေးပါးပေါ့ (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါဖြင့် ရုပ်တရား, နာမ်တရား နှစ်ပါးရှိတဲ့အနက်က နာမ်တရားက ကုန်သွားပြီပေါ့ (ကုန်သွားပါပြီဆရာ)။ အဋ္ဌကထာဆရာက သတိပဋ္ဌာန်ဝိဘင်းမှာ ဒီအတိုင်းပဲ ဖွင်ပြလို့ ဝေဒနာနိဒ္ဒေသ ကူးပုံဆက်ပုံလေးတွေ သေချာလည်း မှတ်ကြ။ ဒါဖသ ထင်ရှားလို့ ဖဿ အဓိကထားပြီးတော့ ပြသွားတဲ့မူခေါ်တယ်။ ဒါပဲလားဆိုတော့ မဟုတ်သေးဘူး။ ဝေဒနာတဲ့၊ ဝိညာဏ်တဲ့၊ နာမ်ကမ္မဋ္ဌာန်းကို မြတ်စွာဘုရားကိုယ်တော်မြတ် ဟောပြတော်မူတဲ့နေရာမှာ ဖဿရယ်၊ ဝေဒနာရယ်၊ ဝိညာဏ်ရယ် ဒီသုံးပါးဟာတဲ့ အများသိတတ်တဲ့ ထင်ရှားသော တရားသုံးပါးခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။

တစ်နည်း လာပြန်ပြီ၊ သူသူငါငါ လူတကာ ဝေဒနာဖြစ်တာကို ထင်ရှားစွာသိတတ်တယ်၊ သိနိုင်တယ်တဲ့။ မသိနိုင်ဘူးလား (သိနိုင်ပါတယ်ဆရာ)။ ဝေဒနာဖြစ်တာကို သိနိုင်တယ်တဲ့၊ ဒီပြင်ဟာတွေ သိမ်မွေ့လို့ နူးညံ့လို့ မသိဘူးထားတဲ့၊ ကိုယ့်ကိုယ်မှာ ချမ်းသာမှုလေးခံစားရရင် "အဟော သုခံ" ချမ်းသာလိုက်တာကွာ မသိဘူးလားဟ (သိပါတယ်ဆရာ)၊ ချမ်းသာလိုက်တာကွာလို့၊ ဒါ သုခဝေဒနာခံစားတာမဟုတ်လား။ (မှန်ပါတယ်ဆရာ)၊ ဒါဝေဒနာပဲ သိပြီပေါ့ (သိပါပြီဆရာ)၊ ဝေဒနာ နာကျင်တာ, ကိုက်တာ, ခဲတာမှ ဝေဒနာမှတ်ပြီး ရှုမြင်ပွားများမနေပါနဲ့။ ဝေဒနာဆိုတာ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ, အနုဘဝနလက္ခဏာအားဖြင့်သုံးပါး၊ ဣန္ဒြိယဘေဒအားဖြင့် သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ, သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ, ဝေဒနာချည်းပဲလို့ ရှုချင်ရာရှုပါ၊ ဖမ်းချင်ရာဖမ်းပါ။ ဒါကြောင့် ဒီဝေဒနာဖမ်းတဲ့အခန်းလေးမှာ ပြလည်းပြီးပါပြီ။ ပြင်းပြင်း ထန်ထန် ခံစားနေရတဲ့ နာကျင်ကိုက်ခဲတယ်ဆိုတာမှ ဝေဒနာမှတ်မနေပါနဲ့တဲ့။ ဝေဒနာကို တတ်ကျွမ်း နားလည်လို့ ဝေဒနာအနေအားဖြင့် ရှုမယ်ဆိုလို့ရှိရင် ဝေဒနာရဲ့အဓိပ္ပာယ်ကုန်စင်အောင် နားလည်ထား နော် (မှန်ပါတယ်ဆရာ)။

အခုတော့ ကိုက်တာ, ခဲတာ, နာတာ, ကျင်တာ, မခံနိုင်အောင်ဖြစ်လာတာမှ ဝေဒနာထင်ပြီးတော့ ရှု၊ ဒီလိုမဟုတ်ပါဘူး။ ဝေဒနာနယ်က အင်မတန် ကျယ်ဝန်းပါတယ်၊ ကိုယ်ချမ်းသာမှု ခံစားနေရတာ ဘာဝေဒနာခေါ်တယ် (သုခဝေဒနာပါဆရာ)။ သုခဝေဒနာလား (မှန်ပါတယ်ဆရာ)၊ တယ်ချမ်းသာတယ်ကောင်း ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သိရဲ့လား (သိပါတယ်ဆရာ)၊ ချမ်းသာမှန်းသိတယ်လား (သိပါတယ်ဆရာ)၊ အေး ဟုတ်ပြီ ကိုယ်ပင်ပန်းဆင်းရဲစွာ ခံစားရတာ ဘာဝေဒနာခေါ်တယ် (ဒုက္ခဝေဒနာပါဆရာ)၊ သိတယ်လား (သိပါတယ်ဆရာ)၊ ဆင်းရဲလိုက်တာကွာ၊ သေချင်စော်နံလို့ဟာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ သိရဲ့လား (သိပါတယ်ဆရာ)၊ သိတယ်၊ ဒါသုခဝေဒနာလည်းသိတယ်၊ ဒုက္ခဝေဒနာလည်းသိတယ်၊ ဝေဒနာမထင်ရှားဘူးလားကွာ (ထင်ရှားပါတယ်ဆရာ)၊ ဒါဖြင့် ဥပေက္ခာဝေဒနာကြတော့ သိသေးရဲ့လား၊ (မသိတော့ပါဘူးဆရာ)၊ ဘယ်နှယ့်

http://www.dhammadownload.com

လုပ်ပါ့ ဥပေက္ခာဝေဒနာကြတော့ (ဘယ်နှယ့်မှမလုပ်ပါဘူးဆရာ)၊ ဟောဗျာ ကြံဖန်လုပ်ပါလားဟ၊ မနေ့ညက ငါပြောသွားသေး၊ ဥပေက္ခာဝေဒနာကြ ဘယ်နှယ့်လုပ်သိပ့ါ၊ မနေ့က ငါပြောသွားတာ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ ဘယ်နှယ့်မှတ်မိ၊ (သမင်ခြေရာလိုက်သလို မှတ်ရပါမယ်ဆရာ)၊ ဘယ်နှယ့်မှတ်ရ ပြောစမ်းပါအုံး (ကျောက်ဖျာပေါ် သမင်ဖြတ်သွားတယ်ဆရာ)၊ ဖြတ်သွားတော့ ဘာပြူ၊ (အရှေ့ကနေ အနောက်ဖြတ်သွားတယ်ဆရာ)။ အေးလေ အရှေ့ကနေ အနောက်ဖြတ်သွား ဖြတ်သွားတော့ ဘာပြူ၊ (အရှေ့ကနေ အနောက်က ခြေရာလာထင်တယ်၊ အလယ်ကခြေရာတော့မထင်ဘူးဆရာ)၊ အေး မထင်ဘူး၊ ကျောက်ဖျာနင်းသွား၊ မထင်တော့ ဘယ်နှယ့်လုပ်၊ (သမင်ခြေရာသိရမယ်လို့ဆရာ)၊ ဘာပြူလို့သိ၊ (သမင်ဖြတ်ပြေးလို့ပါဆရာ)၊ ဟောဗျာ သမင်ဖြတ်ပြေးတာ မင်းအဘက ပြောတယ်လားဟာ ဘာထောက်ကြည့်လို့သိတာတုံး မေးတယ်၊ (အရှေ့က ခြေရာနှင့်အနောက်က ခြေရာထောက်ကြည့်တာနဲ့ သိပါတယ်ဆရာ)၊ ဟော အရှေ့ကခြေရာ အနောက်ကခြေရာ ဒီနှစ်ခုထောက်ကြည့်တာနဲ့ အလယ်ခေါင်မှာ သမင်ဖြတ်သွားတယ်ဆိုတာ သိရမယ်လား (မှန်ပါတယ်ဆရာ)၊ ခြေရာမထင်ကောင်းလို့သာ ဒီပေါ်နင်းသွားတာပဲ ဒီလိုလား (မှန်ပါတယ်ဆရာ)။ မြန်မာစကားတောင်လည်လည်ပတ်ပတ် မပြောတတ်ဘဲကို ဒီဘဝရောက်တာ ဘယ်လောက်ကြာ အံ့ဩပါကွာ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။

ဒါပေမယ့် အရှေ့ခြေရာနှင့်အနောက်ခြေရာ ထင်ရှားတာပေါ့ (ထင်ရှားပါတယ်ဆရာ)။ သူတို့နှစ်ခုသိတာနဲ့ အလယ်မှာ ခြေရာဖြတ်သွားတယ်၊ ခြေရာနင်းသွားတယ်ဆိုတာသိတယ်လား (သိပါတယ်ဆရာ)၊ ဒါဖြင့် သုခဝေဒနာဆိုတာ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ မင်းကိုယ် တိုင်သိနိုင်ရဲ့လား (သိနိုင်ပါတယ်ဆရာ)၊ ချမ်းသာလိုက်တာ ကောင်းလိုက်တာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒုက္ခဝေဒနာ သိနိုင်ရဲ့လား (သိနိုင်ပါတယ်ဆရာ)၊ မင်းကိုယ်တိုင်သိနိုင်ရဲ့လား၊ သိနိုင်ပါတယ်ဆရာ)၊ ကိုင်း ဒုက္ခဝေဒနာနဲ့ ဘာနဲ့တူ အရှေ့ခြေရာနှင့်မတူဘူးလား (တူပါတယ်ဆရာ)၊ သုခဝေဒနာနဲ့ ဘာနဲ့တူ (အနောက်ခြေရာနဲ့တူပါတယ်ဆရာ)၊ ဟော ခြေရာနှစ်ခု မြင်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အလယ်ခေါင်ကြားက ကျောက်ဖျာပေါ် ဘာတုံး (မထင်မရှားခြေရာရှိပါတယ်ဆရာ)၊ အေးလေ ဘာနဲ့တူတုံးမေးတယ် (ဥပေက္ခာဝေဒနာနှင့်တူပါတယ်ဆရာ)၊ အေး ဟုတ်ပြီနော် (မှန်ပါတယ်ဆရာ)။

အဋ္ဌကထာဆရာ ပေးသွားတဲ့ဥပမာကွ၊ အဲဒါမှ နားမလည်လဲ မင်းကို ထထောင်းဖို့ပဲ ရှိတော့တယ်။ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ အင်မတန်ပြတ်သားတဲ့ဥပမာလေး၊ ဥပေက္ခာဝေဒနာဆိုတာ အင်မတန်သိနိုင်ခဲတယ်တဲ့၊ သိမ်မွေ့နူးညံ့တယ်၊ နားလည်လား (နားလည်ပါတယ်

http://www.dhammadownload.com

ဆရာ)။ ဥပေက္ခာဝေဒနာဖြစ်ပုံလေးက အင်မတန် သိမ်မွေ့နူးညံ့တော့ သိနိုင်ခဲတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သုခဝေဒနာဖြစ်တာ သိတယ်၊ ဒုက္ခဝေဒနာဖြစ်တာ သိတယ်တဲ့၊ ဥပေက္ခာဝေဒနာကြတော့ မသိနိုင်ဘူး၊ မသိနိုင်တော့ ဒီလိုမှတ်ပါတဲ့၊ သုခဝေဒနာဖြစ်လိုက်လည်း ငါသိတာ၊ ဒုက္ခဝေဒနာဖြစ်လိုက်လည်း ငါသိတာ၊ သုခလည်းမဖြစ်ဘူး၊ ဒုက္ခလည်းမဖြစ်ဘူး၊ ဥပေက္ခာချည်းဆိုတာမှတ်ပါ၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါပြီဆရာ)၊ သုခဝေဒနာလည်းမဟုတ်ဘူး၊ ဒုက္ခဝေဒနာလည်း မဟုတ်ဘူး၊ သုခဝေဒနာလည်းမဟုတ် ဒုက္ခဝေဒနာလည်းမဟုတ် အမျှားကြီးမဟုတ်လား (အမျှားကြီးရှိပါတယ်ဆရာ)၊ ရှိရဲ့လား (ရှိပါတယ်ဆရာ)၊ ရှိတယ်, ရှိတယ်၊ အဲဒါတွေ ဘာဝေဒနာ ခေါ်တုံး (ဥပေက္ခာဝေဒနာပါဆရာ)၊ အေး- ဥပေက္ခာဝေဒနာ နော် (မှန်ပါတယ်ဆရာ)၊ "အဒုက္ခမသုခဝေဒနာ"လို့ ခေါ်တယ်။ သုခလည်းမဟုတ် ဒုက္ခလည်းမဟုတ်တဲ့၊ သုခလည်းမဟုတ်ဘူး၊ ဒုက္ခလည်းမဟုတ်သော ဝေဒနာဆိုတော့ ဥပေက္ခာဝေဒနာပြန်ရတယ်၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဒါဖြင့် ဝေဒနာသုံးပါး ဖမ်းပုံလေးတော့၊ ဝေဒနာသုံးခုရဲ့အဓိပ္ပာယ်တော့ နားလည်သွားပြီပေါ့၊ (နားလည်ပါပြီဆရာ)၊ သုခဝေဒနာဖြစ်တာ သိရဲ့လား (သိပါပြီဆရာ)၊ ဘာနဲ့နေတုံး (ကိုယ်ချမ်းသာစိတ်ချမ်းသာရှိပါတယ်ဆရာ)၊ မင်း ငါစိတ်ချမ်းသာတာ ထည့်မပေးဘူး၊ ကိုယ်ချမ်းသာတယ်လား (မှန်ပါတယ်ဆရာ)၊ ကိုယ်ချမ်းသာတော့ သုခဝေဒနာ၊ စိတ်ချမ်းသာတာ သောမနဿဝေဒနာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သုခဝေဒနာဖြစ်တာ သိရဲ့လား (သိပါပြီဆရာ)၊ ဘယ်နှယ်နေတုံး (ကိုယ်ချမ်းသာရုံပဲ ရှိပါတယ်ဆရာ)၊ ကိုယ်ချမ်းသာရုံပဲ အောင်မယ်လေးဟဲ့ အဆစ်ကလေးနဲ့ ပြောတယ်၊ ကိုယ်ချမ်းသာတာ သုခဝေဒနာလား (မှန်ပါတယ်ဆရာ)၊ ဘယ်နှယ့်နေတုံး၊ ဟော သူ့ချမ်းသာတာကို သူမသိဘူး ဟောဒီကောင်၊ (ကိုယ်ချမ်းသာမှုရှိပါတယ်ဆရာ)၊ ဟင်း ကိုယ်ချမ်းသာမှုရှိပါတယ်၊ ချမ်းသာလိုက်တာလား (မှန်ပါတယ်ဆရာ)၊ ကောင်းလိုက်တာလား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ သိတယ်မဟုတ်လား (သိပါတယ်ဆရာ)၊ ဒုက္ခဝေဒနာဖြစ်တာတော့ သိရဲ့လား (သိပါပြီဆရာ)၊ ဘယ်နှယ့်နေ (ကိုယ်ဆင်းရဲတာပါဆရာ)။ ဆင်းရဲတယ်၊ (မှန်ပါတယ်ဆရာ)၊ ပါးစပ်က ဘယ်နှယ့်ညည်းတုံး၊ (ဆင်းရဲလိုက်တာ ညည်းပါတယ်ဆရာ)၊ ဩော် ဆင်းရဲလိုက်တာလို့ ညည်းတယ်လား (မှန်ပါတယ်ဆရာ)၊ ဒါ ဒုက္ခဝေဒနာဖြစ်တာလည်း ထင်ရှားတယ်ပေါ့၊ (ထင်ရှားတယ်ပါဆရာ)၊ သုခဝေဒနာဖြစ်တာလည်း ထင်ရှားတာပေါ့၊ (ထင်ရှားပါတယ်ဆရာ)၊ ဥပေက္ခာဝေဒနာတော့ကော ဘယ်နှယ့်လုပ်ပါ့ မထင်ရှားဘူးလား (မထင်မှားဘူးဆရာ)၊ မထင်ရှားတော့ ဘယ်နဲ့လုပ်သိရတယ် (ဒုက္ခဝေဒနာလည်းမဟုတ် သုခဝေဒနာလည်းမဟုတ်) ဒုက္ခဝေဒနာလည်း မဖြစ်ဘူး၊ သုခဝေဒနာလည်း

http://www.dhammadownload.com

မဖြစ်ဘူးဆိုရင် ဘာတွေမှတ်ရမယ်၊ (ဥပေက္ခာဝေဒနာမှတ်ရပါတယ်ဆရာ)၊ နားလည်းရဲ့လား (နားလည်ပါတယ်ဆရာ)။

အဲဒီဝေဒနာသုံးပါးက ရပ်နားနေရဲ့လား (မနေပါဘူးဆရာ)။ နေ့ရှိသမျှ နာရီရှိသမျှ သုခ, ဒုက္ခ, ဥပေက္ခာဆိုတဲ့ ဝေဒနာသုံးခု လှည့်ဖြစ်နေတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ လှည့်ဖြစ်နေ၊ ဒါက ဝေဒနာသုံးခု၊ အဲဒီဝေဒနာသုံးခု ဘယ်ဝေဒနာဖြစ်ဖြစ်၊ လူများက များသောအားဖြင့် ထင်ရှားတဲ့တရားမို့လို့ သိနိုင်တယ်တဲ့၊ မသိနိုင်ဘူးလား (သိနိုင်ပါတယ်ဆရာ)၊ ဒါပေမယ့် ခုလိုပဲ ဝေဒနာအခန်းကို ပြတ်ပြတ်သားသားနဲ့ နားလည်အောင် သင်ကြားတတ်မြောက်လိမ့်မှာမှ သိမှာ နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုမှ သင်ကြားတတ်မြောက် မလိမ့်မှာလို့ရှိရင် ဘယ်နှယ့်မှ မသိဘူး၊ သူတို့သိထားတာ စောစောက ငါပြောသလို အလူးအလဲခံနေရတဲ့ နာတာရှည်ရောဂါသည်များ ဝေဒနာခံစားနေရရှာတယ် သနားစရာဟဲ့၊ ဒါပဲ သိတယ်၊ မဟုတ်ဘူးလား ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဟုတ်တယ် ဒီအတိုင်းပဲ ဒါပဲသိတယ်၊ ဒါဝေဒနာယာဉ်ကြီးပါခင်ဗျာ ဝေဒနာခံစားနေရရှာတယ်၊ သနားစရာဟဲ့၊ ဒါပဲ သိတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။ အေး အခုလို သင်လိုက်ကြားလိုက် တတ်မြောက်လိမ့်မှာလာတော့ ဝေဒနာအကြောင်း ကောင်းကောင်းသိမသွားဘူးလား (သိသွားပါတယ်ဆရာ)၊ အမြဲမပြတ် ခံစားနေတဲ့ ဝေဒနာ ဘယ်နှစ်ပါး၊ (သုံးပါးပါဆရာ)၊ ဘယ်သူဘယ်သူတုံး (သုခဝေဒနာရယ်၊ ဥပေက္ခာဝေဒနာရယ်၊ ဒုက္ခဝေဒနာရယ်၊) အလယ်ကြားက ထည့်ရေသွားတယ်နော်၊ သူက အလယ်ကနေတာကိုးကွ၊ သုခနဲ့ဒုက္ခကြား ဟုတ်လား၊ ကောင်က သိပ်တော့ မဆိုးလှဘူး၊ ညံ့အားကြီးလို့သာ ကြံကြံဖန်ဖန်လုပ်မှ လုပ်တတ်ကြံတတ်တယ်၊ သုခဝေဒနာရယ်၊ ဥပေက္ခာဝေဒနာရယ်၊ ဒုက္ခဝေဒနာရယ်လို့ အစဉ်တိုင်းမဟုတ်ဘဲ သူကပြောတယ်၊ သုံးခုစလုံး နားလည်သွားပြီလား (နားလည်သွားပါပြီဆရာ)။

အေး အဲဒါ သင်ကြားတဲ့ နာယူမှတ်သားတဲ့ ကျေးဇူးမဟုတ်လားကွာ (မှန်ပါတယ်ဆရာ)၊ ဒီလို မသင်မကြား မနာမယူဘဲနဲ့ ဒီတိုင်းနေလို့ဖြင့် ဒီအဓိပ္ပါယ်ထွက် သိပ့်ါမလားဟ (ဘယ်သိပ့်ါမလဲဆရာ)၊ ဘယ်နှယ့်တုံးဟ၊ မသိဘူးပေါ့ (မသိပါဘူးဆရာ)၊ မသိရင် ဘယ်နှယ့်လုပ် ဒီတရားအားထုတ်ပ့ါမလား၊ (ဘယ်နှယ့်မှ မထုတ်နိုင်ဘူးဆရာ)၊ အေး မနေနိုင်လို့ အားထုတ်တော့ကော ဟုတ်အုံးမှာလားဟ (မဟုတ်ပါဘူးဆရာ)။ မဟုတ်တော့ တရားရအုံးမှာလား (မရတော့ပါဘူးဆရာ)၊ တရားက မရနိုင်ဘူးတဲ့၊ သဘာဝအဓိပ္ပာယ်မှ သူမသိဘဲ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဉာဏ်စခန်းဉာဏ်လမ်းဆိုတာ အဲဒီလို တန်ဖိုးရှိတဲ့ အသိဉာဏ်တွေ ရရလာလို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို အမှန်ရနိုင်တယ်၊ အမြန်ရနိုင်တယ်လို့ပြောတာ၊ နားလည်လား၊ (နားလည်ပါပြီ ဆရာ)၊ ခုတော့ ဒီလိုမဟုတ်ဘူး။ မြတ်စွာဘုရား

http://www.dhammadownload.com

ကိုယ်တော်မြတ် ဟောထားတဲ့ ပိဋကတ်သုံးပုံဆိုတဲ့ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင် ရေထဲမျှော ရမလိုဖြစ်နေတယ်၊ သွားမေးလိုက်ရင် ဟာ ဒါစာသဘောတွေပဲ သိရင်လုပ်ကြည့်ပါလား အောင်မယ် လေးဟဲ့၊ ဘယ်လိုပြောရမှန်းကို မသိဘူးဆိုတာကျနေ၊ ဒါတွေက စာတွေပြောနေတာပါ၊ စာသဘော တွေပါ၊ တရားမဟုတ်ပါဘူး၊ နို့ ဘယ်နဲ့လုပ်သိရမှာတုံး၊ တရားထူးရပုံရနည်း အားထုတ်ပုံကို လုပ်ကြည့် ပါလား။ လုပ်ကြည့်တော့ ဒါတွေသိမှာလားလို့ဆိုတော့ အောင်မယ် တရားသဘော တရားကဆောင် တယ်တဲ့ အလိုလိုသိလာလိမ့်မယ်တဲ့၊ ငါတစ်ခါမှ မကြားဖူးဘူး နော် (မှန်ပါတယ်ဆရာ)၊ မသင်မကြား ဘဲနဲ့ တတ်မြောက်လိမ္မာလာတယ်ဆိုတာ ဘုရားပစ္စေကဗုဒ္ဓါကလွဲလို့ ဘယ်သူမှမသိဘူး၊ သင်ကြ, ကြားကြ နော် (မှန်ပါတယ်ဆရာ)၊ ဆရာမရှိဘဲနဲ့ သိလာတယ်ဆိုတာ ဘုရား၊ ဘုရားမှတစ်ပါး ဘယ်သူမှ မသိဘူး၊ ဆရာရှိမှ သိကောင်းတယ်တဲ့ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောထားတဲ့ ဒေသနာတွေ အလကားဟောထားတာ မဟုတ်ဘူး၊ ဒီလိုတတ်သိနားလည်အောင် သင်ဖို့ ကြားဖို့ ဟောသွားတာ၊ တတ်သိနားလည်လာမှ ဒါ အကျိုးပဲဟဲ့၊ ဒါအပြစ်ပဲ ဝေဖန်နိုင်တယ်။ ဒါမှားတယ်ဟဲ့၊ ဒါမှန်တယ်ဟဲ့၊ ဝေဖန်နိုင်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီလိုသွားဟဲ့၊ ဒီလိုနေဟဲ့၊ ဒီလိုထိုင်ဟဲ့၊ ဒီလိုစားဟဲ့၊ ဒီလိုကျင့်ဟဲ့ သိနိုင်တယ်၊ သိနိုင်မှ ကျင့်ကြံကြ၊ ပွားများအားထုတ် နှလုံးသွင်းအလုပ်လုပ်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်တဲ့၊ ခုတော့ ဘာတစ်လုံးမှ နားလည်မှုလည်း မရှိဘူး၊ ပရမတ်ဆိုတာ ဘာမှန်းမှမသိ၊ ပညတ်ဆိုတာလည်း ဘာမှန်းမှမသိ၊ ရုပ်နာမ်ဆိုတာ အဝေးကြီး၊ စာအုပ်ဖတ်ဖူးတာရှိတယ်၊ အဓိပ္ပာယ်နားမလည်ဘူး၊ အဲဒီလိုအနေနဲ့ သူထက်ငါကောင်းဆိုပြီးတော့ နင်လား ငါလား အင်တိုက် အားတိုက် အလုအယက် တရားအားထုတ် အလုပ်လုပ်၊ ဟုတ်နိုင်စရာအကြောင်း ရှိပ့ါမလားလို့စဉ်းစား၊ ဟုတ်နိုင်စရာ အကြောင်း ကိုမရှိဘူး နော် (မှန်ပါတယ်ဆရာ) ဘာပြုလို့တုံး၊ ဒီလိုသာ ဖြစ်မယ်ဆိုလို့ရှိရင် ဘုရားကိုယ်တော်မြတ် တရားတွေ ဟောထားစရာလည်းမလိုဘူး၊ ဟောသွားတဲ့တရားတွေလည်း မူတင်ထားစရာမလိုဘူး၊ လိုပါအုံးမလား (မလိုတော့ပါဘူးဆရာ)။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောထားတဲ့ သုတ်, ဝိနည်း, အဘိဓမ္မာလို့ ပိဋကတ် အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ဆိုတဲ့ ဒေသနာ တွေ ဟာ အဲဒါ သာသနာကြီးဆိုတာ မှတ်ထား။ ဒါဘုရားတွေပဲလို့။ ရှင်အာနန္ဒာက မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးမှာ အင်မတန်ပြင်းထန်တဲ့ ပရိဒေဝမီး တောက်လို့ ခမျာလည်း သောတာပန်။ ဒါပေမဲ့ အဘဘုရားကိုယ်တော်မြတ်အပေါ်မှာ ဘယ်ထိအောင် မေတ္တာဓာတ်က အားကြီးသလဲလို့ မေတ္တာ ဓာတ် ပွားများနေသလဲလို့။ ဒီနေရာမှာ ရှင်အာနန္ဒာတို့ သောတာပတ္တိမဂ်ဉာဏ် ရပြီးသား အရိယာ

http://www.dhammadownload.com

စစ်ကြီးဖြစ်လို့ သက်တော်အားဖြင့် မငယ်ပါဘူး။ အရွယ်တော်,တော်ကြီးကို ကြီးပါပြီ။ ခြောက်ဆယ်လောက်ရှိ။ ဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတဲ့အခါ ခြောက်ဆယ်ကျော်လောက်ရှိပြီ။ အရိယာစစ်ကြီးလည်းဖြစ်၊ ဒါပေမဲ့ ဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံတော့မယ်ဆိုရင်ပဲ မျက်ရေနဲ့ မျက်ခွက် ပြတ်တယ်မရှိဘူး။ မတက်ရုံ တမယ်ရှိတော့တယ်။ ပရိဒေဝမီး တောက်တာကို နော် (မှန်ပါတယ်ဆရာ)။ ရိုက်ကြီးတင်ငင် ပင်ပန်းစွာနဲ့ ငိုကြွေးရှာတယ်လို့ မြတ်စွာဘုရားကိုယ်တော်မြတ်အပေါ်မှာ မေတ္တာမာတ် ဘယ်လောက်ပွားများထားသလဲ၊ ဘယ်လောက် ခင်တွယ်လဲဆိုတာကြည့်။ ဘယ်လောက်ကြည်ညိုတယ်၊ ဘယ်လောက်လေးစားတယ်၊ တရားနဲ့ဖြေပြီးတော့ သံဝေဂမယူနိုင်ရှာဘူး။ မျက်ရည်မဆည်နိုင်ရှာဘူး။ သို့ကလောက်တောင် ငိုကြွေးလို့ အဘဘုရားကိုယ်တော်မြတ်က ရှင်အာနန္ဒာကို ခေါ်ပြီးတော့ပြောတယ်။ ချစ်သား အာနန္ဒာ မငိုနဲ့တဲ့၊ ငါဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံသွားတဲ့အတွက် ဝမ်းနည်းသလား၊ ဝမ်းမနည်းနဲ့တဲ့။ ငါဘုရားကိုယ်တော်မြတ် သက်တော်ထင်ရှားရှိစဉ်အခါတုန်းက ငါဘုရားတစ်ပါးတည်းတဲ့။ အရပ်ရပ်, အလီလီ, အမြို့မြို့, အပြည်ပြည်, ဒေသစာရီ လှည့်လည်ပြီးတော့ သတ္တဝါများ တရားရအောင် အမြိုက်ဆေး ငှါကိုယ်တိုင် တိုက်ကျွေးရတယ်တဲ့။ အားမငယ်နဲ့၊ ဝမ်းမနည်းနဲ့၊ စိတ်ဓာတ်မပျက်နဲ့။ ငါဘုရားကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ဘုရားပေါင်း ရှစ်သောင်းလေးထောင်ပေါ်လိမ့်မယ်၊ မှာလား မမှာဘူးလား မေး ပရိနိဗ္ဗာန်စံခန်းမှာ၊ ဒါတွေ စာတွေပါ၊ စာသင်စရာမလိုပါဘူး။ စာတတ်ဖို့ မလိုပါဘူး။ ဒါစာသဘောတွေ၊ တရားသဘော သိချင်ရင် လုပ်ကြည့်ပါလားဆိုတဲ့လူတွေ ဒီလိုဖြင့် ဘုရားကိုယ်တော်မြတ် ဒီနေရာ ဒီစကားပြောတောင် ပြောမှာမဟုတ်ဘူး။

ဒီအတိုင်းသာ ယူရမယ်ဆိုလို့ရှိရင် ဒီစာတွေကို ဘယ်လောက်တန်ဖိုးထားပြီးတော့ မိန့်ကြားသွားတယ်ဆိုတာ သေချာကြည့်။ ဘုရားပေါင်း ရှစ်သောင်းလေးထောင် ပေါ်လာလိမ့်မယ်တဲ့။ ဘယ်သူရည်ရွယ်ပြောတာတုံး၊ ဘယ်ဘုရားတွေတုံး (ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ပါဆရာ)။ အေးဟုတ်ပြီ။ ငါကိုယ်တော်မြတ် ဟောခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဒါဘုရားဟူ၍ မှတ်၊ ကိုယ်စားထားခဲ့တယ်၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)။ ဒါတွေများ ပစ်ပစ်ခါခါကွာ၊ ပြောရက်ပလေဆိုတာကြ ကြောက်ခမန်း လန့်ခမန်း။ ဒါစာသဘောတွေပါ။ စာပြောနေတာ၊ တရားမဟုတ်ပါဘူး။ သိချင်လုပ်ကြည့်ပါလား။ လုပ်ကြည့်တော့ဘာသိ၊ မဟုတ်တာလုပ်နေ မဟုတ်တာပဲ သိမှာပဲဆိုတာမှတ်ထား နော် (မှန်ပါတယ်ဆရာ)။ တို့စကားစပ်မိလို့ ပြောလိုက်ရအုံးမယ်။ ကြည့်မြင်တိုင် ဇေယျဝတီတိုက် စာချဆရာတော်နာမည်ကျော်ပါပဲ။ ပရိယတ္တိ အကျော်အမော် စာချဆရာတော် ဥယျာဉ်တိုက် ကြည့်မြင်တိုင် ဇေယျဝတီဆရာတော်လို့ခေါ်တယ်။ အဲဒီ ဇေယျဝတီဆရာတော်က မကြာခင်ကပဲ ဒီလိုပဲ တရားတွေ ရှုပ်လို့ ပွေလွန်းလို့ ထင်ပါရဲ့ အမျိုးမျိုးအဖုံဖုံ ဘယ်ကဘယ်လို

http://www.dhammadownload.com

အားထုတ်ပြန်၊ ဘယ်ကဘယ်နယ့်လုပ်၊ ဆရာတွေလဲသိပ်များ။ ရန်ကုန်ကတော့ ပိုရှုပ်တာပေါ့။ တို့ ပခုက္ကူက တော်သေးတာပေါ့။ အပြိုင်အဆိုင်တွေ။ ဆိုင်းဘုတ်ကြီးကြီးတပ်ပြီးတော့ လူကတော့ နှစ်ယောက်နဲ့တစ်ပိုင်းရှိတာ။ ဆိုင်းဘုတ်ကတော့ တော်တော်ကြီးတယ်။ သတင်းစာထဲ ပလူပြန်လို့ထည့်၊ ဝါဒတွေကအမျိုးမျိုးဖြစ်ပေါ်နေတော့ ခင်ဗျာလည်း အလျောက်အထားမေးစမ်းစရာရှိလို့ထင်ပါရဲ့ စာအုပ်တွေထုတ် "နိဗ္ဗာနမဂ္ဂဒီပနီ"တဲ့။

ဟော - သမထတရားကျတော့ အာနာပါနကမ္မဋ္ဌာန်းဆိုတာ ဘယ်နယ့်လုပ်ရတယ်၊ ပဋ္ဌကတ် တော်နဲ့အကိုက်၊ ပါဠိတော် ဋီကာ အဋ္ဌကထာနဲ့ အကိုက်။ အကိုးအကားနဲ့ လုပ်ပုံလုပ်နည်းနဲ့ သမထ လုပ်ငန်းဆိုတာ ဒီလိုလုပ်ရတယ်၊ အာနာပါန ဘယ်နယ့်လုပ်ရတယ်၊ သတိပဋ္ဌာန်ဆိုတာ ဘယ်လို လုပ်ရတယ်ဆိုတာနဲ့ အတိအကျပါ။ အပိုအလိုမရှိပါဘူး။ တော်တော်လည်းပဲ သဘာဝကျတဲ့ ကျမ်းပါပဲ။ ဘာပြုလို့ သူက မှန်တာဆုံးဖြတ်ပေးတာကို။ သူဟောနေ ပြောနေတာမဟုတ်ပါဘူး။ ဒေသနာလာတဲ့ အတိုင်း ဆုံးဖြတ်ပေးနေတာ။ အဲဒီစာအုပ် မိတ်ဆွေတစ်ယောက် ငှါလာပေးသွားတယ်။ ဆရာ ကြည်စမ်းပါတဲ့။ ကြည့်မြင်တိုင် ဇေယျဝတီဆရာတော်က ဒီလိုဒီလို စာအုပ်ထုတ်ထားတယ်လို့။ ကြည့်လိုက်တော့ တော်တော်လေးချသွား။ တို့များကပြောတာမဟုတ်ဘူး။ စာအုပ်ထဲရှိ နိဗ္ဗာနမဂ္ဂဒီပနီ တဲ့၊ ကြည့်ချင်ရင် ဝယ်ကြည့်ကြဟုတ်လား မဟုတ်လားလို့။ တော်တော်လေး ရက်ရက်စက်စက် ပြောရှာ တယ်။ အခုခေတ် ကမ္မဋ္ဌာန်းတွေက အမျိုးမျိုးပေါ်နေတယ်တဲ့။ ပိန်ဖောင်းတဲ့၊ ရှူးရှဲတဲ့၊ ဗိုက်ကမ္မဋ္ဌာန်းတဲ့၊ အများကြီး ပေါ်နေကြတယ်တဲ့။ ပြောကြတယ်တဲ့တရားက အားထုတ်တိုင်းရတယ်။ ခုနစ်ရက်နဲ့ရတယ်၊ ဆယ့်ငါးရက်နဲ့ရတယ်၊ တစ်လနဲ့ရတယ်၊ နှစ်လနဲ့ရတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတယ်လို့ပြောတယ်တဲ့။ စာထဲလည်း ဗိုက်ကမ္မဋ္ဌာန်းမတွေ့ဖူးဘူးတဲ့။ ပါဠိတော် အဋ္ဌကထာ ဋီကာ၊ ဒါဇေယျဝတီရေးတဲ့ စာထဲ ပါတာ ငါပြောတာ နော်။

မိတ်ဆွေတစ်ယောက်က ကြည့်စမ်းပါဆိုလို့ ငါလည်း ကြည့်။ အဲဒါ တကယ့်ပညာရှိပါပဲ။ သူလည်း ပရိယတ် ပဋိပတ်နဲ့ တကယ်ပြည့်စုံတဲ့ ပုဂ္ဂိုလ်ပဲ။ ဗိုက်ကမ္မဋ္ဌာန်းတဲ့၊ ပိန်ဖောင်းတဲ့၊ ရှူးရှဲတဲ့။ ကျမ်းဂန်ထဲ မတွေ့ဖူးဘူးတဲ့။ ဗိုက်ကမ္မဋ္ဌာန်းအားထုတ်လို့ တရားရတယ်ဆိုလို့ရှိရင် ဘုရားတရားတော် ရမှာ မဟုတ်ဘူးတဲ့။ ဗိုက်တရားရမှာပဲတဲ့။ တိုက်ရိုက် တိုက်ရိုက် သူရေးသွားတာ။ ပိန်ဖောင်းဆိုတဲ့ ကမ္မဋ္ဌာန်းအားထုတ်လို့ ပိန်ဖောင်းချည်းပဲ အာရုံပြုပြီးတော့ အလုပ်လုပ်နေရင် ဘုရားတရားတော် ရမှာ မဟုတ်ဘူး။ ပိန်ဖောင်း ရမှာပဲတဲ့။ ရှူးရှဲ ရှူးရှဲနဲ့ လွှတိုက်သံလို ပြင်းထန်တဲ့ အသံကြီးနဲ့ ရှူရှိုက်နေတဲ့ အာနာပါနဆိုတဲ့ အလုပ်လုပ်တာလည်း အဲဒါ စာအုပ်ထဲကြည့် နော်။ တို့တော့ မစွပ်စွဲနဲ့။ သူရေး သွားတာ သူရေးသွားတာ။ အဲဒါ သူ့နောက်က အကိုးအကားနဲ့ ပါဠိတော် အဋ္ဌကထာ ဋီကာ

http://www.dhammadownload.com

ပါဠိတော်က ဒီလိုလာတယ်၊ အဋ္ဌကထာက ဒီလိုလာတယ်။ တိတိကျကျပြသွားတာ။ လုပ်ပုံလုပ်နည်းနဲ့၊ ဘုရားကိုယ်တော်မြတ်ကလည်း လိုလေသေးမရှိပါဘူး မှာသွားတာ။ လုပ်ထုံးလေးတွေ ပြသွားတာ။

အာနာပါန-ထွက်လေဝင်လေ ရှူရှိုက်ပေါ့။ ရှူရှိုက်ကမ္မဋ္ဌာန်းခေါ်တာပေါ့။ ရှူရှိုက်ကမ္မဋ္ဌာန်းလည်း ခေါ်ရဲ့၊ တို့လည်းပဲ အရင့်ရင်ကတည်းက ဒါတွေ တွေ့ပြီးသားပါ။ ဒီလမ်း ဝါသနာပါလို့ မဟောပဲ မပြောပဲ နေတာ။ အာနာပါန ကမ္မဋ္ဌာန်းဆိုတာ ထွက်လေ ဝင်လေကို မှတ်သားပြီးတော့ ပွားများတဲ့ ကမ္မဋ္ဌာန်းပါ။ ဒီတော့ တို့ပါဠိတော်လာပုံက, အဋ္ဌကထာလာပုံက ဘယ်လိုပြလဲဆိုတော့ အဓိပ္ပာယ် အာနပါနကမ္မဋ္ဌာန်း ထွက်လေဝင်လေ ထွက်လေဝင်လေ၊ အားလုံး ရှစ်နည်းတောင် ပြထားတာ။ ဂဏနာနည်းလို့၊ အနုဗန္ဓနာနည်းလို့၊ ထပနာနည်းလို့။ ဂဏနာနည်းဆိုတာ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်, ရှစ် အဲဒီလို တက်တက်,တက်တက်လာတာ တစ်ဆယ်ထိအောင်သွားပြီးတော့ ပြန်လာ။ ဝါရနဲ့တွဲတာ။ ဒီတော့ ရှူပုံရှူနည်းက ဘယ်နှယ်လဲဆိုတော့ ဒေသနာလာတာကတော့ ရှူပုံရှူနည်းက နဂိုရှုတိုင်း မှန်မှန်ရှူပါတဲ့ နော် (မှန်ပါတယ်ဆရာ)။ မင်းအသက်ရှူနေတာ မင်းနဲ့ဆယ်တောင်ကွာ လူလောက်ကကြားရဲ့လား (မကြားပါဘူးဆရာ)။ ငါးတောင်ကွာလောက်ကကော (မကြားပါဘူးဆရာ)။ နှစ်တောင်ကွာလောက်ကကော (မကြားပါဘူးဆရာ)။ ဒါရိုးရိုးရှူတာပေါ့ (မှန်ပါတယ်ဆရာ)။ အဲဒီလိုရိုးရိုးရှူပါတဲ့။ ရိုးရိုးရှူတာ နှစ်တောင်ကွာတောင်မကြားဘူး မဟုတ်လား (မကြားနိုင်ပါဘူးဆရာ)။ အဲဒီလို ရိုးရိုးရှူတဲ့ အရှူကို ပြင်းသေးတယ်တဲ့။ တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ နု နု၊ နု နု လာလိုက်တာ ရိုးရိုးအရှူလေးကနေ နုသထက်နုနုလာလိုက်တာ သမာဓိအရှိန်ကောင်းလေ, ကျင့်သားရလာလေ အသက်ရှူမှုနုသွားပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)။

ဘယ်ထိအောင် နုသွားလည်းဆိုတော့ကားတဲ့ ကိုယ်ရှူနေတဲ့ ကိုယ့်အသက်တောင် ကိုယ့်အသက်တောင် ကိုယ်ရှိတယ်လို့တောင် မထင်တော့ဘူးတဲ့။ သိမ်မွေ့သွားပုံ ထွက်လေဝင်လေမှ ရှိသေးရဲ့လားလို့။ ကိုယ်ရှူရှိုက်နေတဲ့ ထွက်လေ, ဝင်လေတောင် ကိုယ်ရှိမှန်းမသိတဲ့ အချိုးရောက်အောင် တစ်စတစ်စနဲ့ သိမ်မွေ့နူးညံ့သွားရတဲ့ အဆင့်အတန်းခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ ခုတော့ကွာ ငါကဲ့ရဲ့တာ မဟုတ်ပါဘူး။ ဒါ သနားလို့ပြောတာပါ။ တရားတွေကလုပ်ချင်တာ လျှောက်လုပ်နေတာပြောတာ လွှကြီးဆွဲသလောက်တောင် ပြင်းတယ်။ ရှိုး, ရှိုးနဲ့ ငါအလကားပြောတာ မဟုတ်ပါဘူး။ ဆယ်လံကွာ နှစ်အိမ်ကျော်, သုံးအိမ်ကျော်က တစ်ခါတစ်လေ ငါကြားရတယ်။ သုံးယောက် လေးယောက်လောက် ပြိုင်ပြီးတော့ ရှူလိုက်ရင် အရှူကလည်း ညီသကိုးကွ။ တကယ့်ကို လွှကြီးသံနဲ့ တူ။ အဲသလောက် ပြင်းပြင်းထန်ထန်ရှူတယ်။ လူပုံကြည့်ပြန်တော့ ရှူလေ ရှိုက်လေ ခေါင်းကထိုင်ရင်း မတ်တပ်ကနေ ပြီးတော့ ကြမ်းထိခမန်း ငုံ့ငုံ့ကုန်းကုန်းသွားတယ် နော် (မှန်ပါတယ်ဆရာ)။ ဟုတ်လား မဟုတ်လား

http://www.dhammadownload.com

ကြည့်စမ်း၊ ကြည့်စမ်း မပြင်းထန်ဘူးလား (ပြင်းထန်ပါတယ်ဆရာ)။ ဘုရားက နဂိုနေ ရှုရာကနေပြီးတော့ ဒါထက်ကို သိမ်မွေ့သွားလို့ ကိုယ့်အသက်ရှုတာတောင် ကိုယ်ရှုမှန်း ရှိုက်မှန်းမသိတဲ့ အချိုးရောက်တယ်။ ဒီထိအောင် သွားရမယ်တဲ့။ သိမ်မွေ့သွားမှ တစ်စ တစ်စ နော် (မှန်ပါတယ်ဆရာ)။ ဒီတော့ ပြောင်းပြန်ဖြစ်မနေဘူးလားဟ (ပြောင်းပြန်လုပ်နေတာပါ ဆရာ)။ အေး ဒီကတော့ မဟုတ်ဘူး၊ ခုနလွှကြီးဆွဲတဲ့အသံအတိုင်း ရွှီး, ရွှီးနဲ့ ပြင်းပြင်းကြီးကို ရှုလိုက်တာ ခေါင်းနဲ့ကြမ်းနဲ့ ထိခမန်း။ ခေါင်းနဲ့ကြမ်းနဲ့ ထိခမန်း ဒီတိုင်းချည်းသွား။ အဲဒါကို ဟိုက သတိမေ့လာလို့ ရှိရင် နောက်က သတိပေးမဲ့လူက အမြဲရှိ၊ ကြိုးစား ရှု၊ ကြိုးစား ရှု ရပ်သွားမှာစိုးလို့ ရပ်သွားမှာစိုးလို့ နော် (မှန်ပါတယ်ဆရာ)၊ ကြိုစားရှု၊ ကြိုးစား ရှု၊ နောက်ကနေ အားပေး။ ဘုရားတရားတော် ငါမကြားဘူးပါဘူး။ တစ်ယောက်က ကမ္မဋ္ဌာန်းအားထုတ်တာ၊ တစ်ယောက်က အားပေးတယ်လို့ ငါမကြားဖူးဘူး။ တစ်ခါမှ မတွေ့ဖူးဘူး နော် (မှန်ပါတယ်ဆရာ)။ အဲဒါ ဟိုက ကြိုးစားရှု ကြိုးစားရှုဆိုတော့ ရှုလိုက်တော့ မင်းစဉ်းစားကွယ် နဂိုနေထိုင်နေတဲ့ နေရာက ခေါင်းဟာ နဖူးနဲ့ မြေကြီးနဲ့ ထိခမန်း ရှုလိုက် ရှိုက်လိုက်နဲ့ အဲဒီလို ကုန်းလိုက် ပြန်ထောင်လာလိုက်နဲ့ ပြင်းပြင်း ထန်ထန်ကြီးရှုရပါများတော့ နာရီဝက်ကျော်ကျော်လောက်ရှိတော့ နှလုံးလေရိုက် အမောဆိုက် ဗုန်းခနဲလဲ မကြားဘူးလား၊ တုန်းခနဲလဲသွား မကြားဘူးလား (မကြားဘူး ဆရာ)။ မင်းဘယ်ကြားဘူး မြင်းရထားပေါ်နေတာ ဘယ်ကြားဘူးမလဲ၊ ဗုန်းခနဲလဲတယ် တုန်းခနဲလဲတယ်၊ ဆန့်ငင် ဆန့်ငင်ဖြစ်တယ်ဆိုတာ မကြားဖူးဘူးလား (ကြားဖူးပါတယ်ဆရာ)။ ဘယ်လောက်ပြင်းတာကို အဲဒါကြည့်၊ အဲဒီတော့ ဘုရားကိုယ်တော်မြတ်က အရှေ့ဆို ဒီကအနောက် အလုပ်လုပ်။ ဘုရား ကိုယ်တော်မြတ်က နဂိုရှုနေရာကနေပြီးတော့ ဒါထက် သိမ်မွေ့ သိမ်မွေ့သွားရမယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

အခုတော့ စပြီးမူတည်ကတည်းက နဂိုရှုတာထက် ပြင်းပြင်း၊ ပြင်းပြင်းလာရမယ်။ ဘယ်ထိအောင်ပြင်းရမတုံး၊ ဗုန်းခနဲ တုန်းခနဲ လဲအောင်ပြင်းရမယ်။ မူးမေ့သွားအောင် ပြင်းရမယ်။ ဆန့်ငင် ဆန့်ငင်ဖြစ်အောင် ပြင်းရမယ်။ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)။ အရှေ့နဲ့အနောက် ဖြစ်မနေဘူးလား (အရှေ့နဲ့အနောက် ဖြစ်နေပါတယ်ဆရာ)။ ဒီတော့ ဒီလောက်တောင် ပင်ပန်းပြီးတော့ နှလုံးလေရိုက်ပြီးတော့ အမောဆိုက်သွားအောင်၊ ဗုန်းခနဲ တုန်းခနဲ လဲသွားအောင် ရှုတော့ ရှိုက်တော့ ဘာဖြစ်သလဲဆိုတော့ လက်ျာစွန်း လက်ဝဲစွန်းဆို ပယ်အပ်သော အယူဝါဒနှစ်ပါးထဲမှာ "အတ္တကိလမထာနုယောဂ ကာမသုခလ္လိကာနုယောဂ"ဆိုတဲ့ လက်ျာစွန်း လက်ဝဲစွန်းဆိုတဲ့ ပယ်အပ်တဲ့ တရားနှစ်ပါးထဲ အတ္တကိလမထာနုယောဂထဲ ဝင်ရော့။ အတ္တကိလမထာနုယောဂ ကိုယ်ကိုယ် ပင်ပန်းနွမ်းနယ်ညှဉ်းပမ်း နှိပ်စက်တဲ့အနေအားဖြင့် တရားအားမထုတ်ရထဲ ပါမသွားဘူးလား (ပါသွားပါတယ်ဆရာ)။

http://www.dhammadownload.com

အဲဒါကြည့် အဲဒါကြည့်။ အဲဒါ ဇေယျဝတီဆရာတော် ရေးသွားတဲ့ နိဗ္ဗာနမဂ္ဂဒီပနီထဲပါတယ်။ ကြည့်ပါတဲ့ဖြစ်ပုံတွေ၊ ဘုရားကအရှေ့ လုပ်နေတာတွေကအနောက်။ အဲဒါတော်ကြာတော့ မဂ်ပေါက် ဖိုလ်ပေါက် စကားပြော။ အဲဒါ ရှူးရဲ့ကမ္မဋ္ဌာန်းလုပ်လို့ ဒီအတိုင်းသာ ဒီနည်းနဲ့လုပ်ရင်တဲ့ ဘုရားတရားတော်တော့ ရမှာမဟုတ်ဘူး။ ရှူးရဲ့တရား ရမှာပဲတဲ့။ တော်တော်လေး ပြတ်ပြတ်သားသားရေးသွားတယ်။ ဒါ ငါသက်သက်အပြစ်ဆိုလိုတဲ့အနေအားဖြင့် ပြောတာမဟုတ်ပါဘူး။ ဒီလောကုတ္တရာ စီးပွားဆိုတဲ့ တရားရှာနေတဲ့အခါမှ စစ်စစ်ဆေးဆေးနဲ့၊ တွေးတွေးဆဆ မေးမေးမြန်းမြန်းနဲ့ မှန်ကန်နိုင်သမျှ မှန်ကန်တိကျအောင်ရဖို့ အရေးကြီးတဲ့အကြောင်း ငါအဓိကထားပြောနေတာ။ ဘယ်သူမှ စောင်းလို့ချိတ်လို့ အဘိဇ္ဈာအနေအားဖြင့် ဒီလိုပြောခြင်း မဟုတ်ပါဘူး မှားမှာစိုးလို့ နော် (မှန်ပါတယ်ဆရာ)။ မှားမှာစိုးလို့ပြောတာ။ ဒါကြောင့် မှားပြီဆိုမှဖြင့် သွားပြန်ရော။ ဒါကြောင့် အရမ်းအလွတ်လုပ်စရာမလိုပါဘူး။

ခုန ရှင်အာနန္ဒာ မြတ်စွာဘုရားကိုယ်တော်မြတ် မိန့်ကြားတော်မူထားတဲ့ - ချစ်သားအာနန္ဒာ အားမငယ်နဲ့၊ ငါဘုရားသက်တော်ထင်ရှားရှိစဉ်အခါတုန်းက ငါဘုရားကိုယ်တော်မြတ် တစ်ပါးတည်း ငါဘုရား ပရိနိဗ္ဗာန်စံတော်မူတဲ့အခါကြ ဘုရားပေါင်း ရှစ်သောင်းလေးထောင် ပေါ်ထွက်လာလိမ့်မယ်။ ချစ်သား၊ အားရှိစရာအင်မတန်ကောင်း။ မှာကြားသွားတဲ့စကား မဟာပရိနိဗ္ဗာနသုတ်မှာ သေချာကြည့်ဟုတ်လား မဟုတ်လားလို့။ အဲဒီလို မှာကြားသွားတဲ့စကား ထောက်ထားတော့ ဘုရားတွေ တို့လောကမှာ ပွင့်နေတာ တို့ဘုရားကိုယ်တော်မြတ်ကြီးကို မမှီလိုက်ပေမယ့် အခု ဘုရားပေါင်းဘယ်လောက်မှီနေတုံးဟ (ရှစ်သောင်းလေးထောင်မှီနေပါတယ်ဆရာ)၊ ဩော် မေးပေါ့ကွ၊ မကိုက်ဘူးလား (ကိုက်ပါတယ်ဆရာ)၊ မေးကြည့်ပေါ့၊ လျှောက်ထားကြည့်ပေါ့၊ ဘုရားတွေသိပ်ပေါတာ၊ ရှစ်သောင်းလေးထောင်ရှိတယ်၊ ဟာ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင် ဘုရားကိုယ်စားအနေအားဖြင့် ဘုရားလို့ တင်စားပြီးတော့ ဟောထားတာ သွားမေးကြည့်လို့ သိနိုင်ပါ့မလား၊ သိနိုင်တဲ့ ပညာရှိတွေ သိပ်ပေါတယ် မပေါဘူးလား (ပေါပါတယ်ဆရာ)၊ ပညာရှိတွေသိပ်ပေါ။

မြန်မာပြည်မှာ တို့ပခုက္ကူက ဒုတိယတန်းလိုက်တယ်၊ အရှေ့တိုက်, အလယ်တိုက်, အနောက်တိုက် အခုများ အရင်ထက် အားရှိစရာပိုကောင်းသေးတယ်၊ ပဌမငယ်၊ ပထမလတ်၊ ပထမကြီး၊ ပဌမကျော်၊ ဓမ္မာစရိယတန်းတွေ အောင်လို့ ပါဠိတက္ကသိုလ်တွေနဲ့ ဘယ်တိုက်သွားကြည့်ကြည့် ပညာရှိတွေ မပေါဘူးလား (ပေါပါတယ်ဆရာ)၊ အဲဒီဘုရားကိုယ်တော်မြတ်တွေ သွားမေးကြည့်၊ ဘုရားကိုယ်တော်မြတ်ရဲ့ကိုယ်စား ပညာရှိတွေကဖြေပေးလိမ့်မယ်၊ ဟာ - ဒါက ဒီလိုလုပ်ဟဲ့၊ ဘုရားက ဒီလိုမှာသွားတယ်ဟဲ့၊ ဒီလိုကျင့်ဟဲ့၊ ဒီလိုလုပ်ရတာဟ၊ ဒီလိုလုပ်တာတော့မဟုတ်ဘူးဟ၊ ဒါတော့ ဘယ်အကျင့်ဖြစ်နေပေါ့၊ မှားနေပေါ့၊ ပြင်မပေးဘူးလား (ပြင်ပေးမှာပါဆရာ)၊ အဲဒီလိုဟာတွေကို တိုင်တိုင်ပင်ပင်

http://www.dhammadownload.com

မေးမေးစမ်းစမ်း ဆွေးဆွေးနွေးနွေး မေးမေးမြန်းမြန်းနဲ့ လောကုတ္တရာစီးပွားရှာတဲ့နေရာမှာ သံသရာ ဟိုဘက်ကမ်းကူးမယ်လို့ ရည်ရွယ်နေကြတာမျိုး လွယ်လွယ်လည်းမမှတ်ကြနဲ့၊ သံသရာတစ်ဘက်ကမ်း တက်လှမ်းမယ်လို့ ကူးမယ်လို့ ရည်ရွယ်နေတာ တော်ကြာတော့ အလယ်မြုပ်နေလိမ့် စုန်းစုန်းကြီး နော် (မှန်ပါတယ်ဆရာ)၊ ကြောက်စရာ အင်မတန်ကောင်းတယ်၊ အဲဒါ ပြောသွား တော့ နည်းနည်းလေး ဒီလမ်းတစ်ခု မချောမောတဲ့လမ်းသွားတယ်ဆိုတာ၊ ဒီဆူးတို့ သစ်ကိုင်းတို့ သစ်ခက်တို့ သစ်ရွက်တို့ ထိစမြဲပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ချောမောတဲ့လမ်းသွားတော့ လွတ်သွားတာပေါ့။

အခုလည်း ဓမ္မဓိဋ္ဌာန်လမ်းကျပြောပြီး အဲဒီမချောမောတဲ့လမ်းသွားလို့ပဲ၊ ဟာ- ဒီအယူသန်နေတဲ့ ပုဂ္ဂိုလ်ကတော့သက်သက် ဒါ တို့ဘယ်လိုပြောသွားတာပဲ။ ဘယ်လိုဆိုသွားတာ အဲဒီလို လုပ်တတ်တယ်၊ ဒီတော့ ဒီလိုဟာတွေ မတွေးနဲ့၊ သက်သက်မေတ္တာနဲ့ သတိပေးနေတာ၊ ဒါဟုတ်တာပဲဟေ့ စူးစမ်းဆင်ခြင်သင့်တယ်ဟဲ့။ စုံစမ်းသင့်တယ်ဟဲ့၊ တို့လုပ်နေတဲ့ လုပ်ငန်းတွေ မှန်သလား၊ တိကျသလား၊ အခုန ပြောသလိုပဲ ဘုရားကိုယ်စားထားပစ်ခဲ့တဲ့ ဘုရားပေါင်း ရှစ်သောင်းလေးထောင် ထင်ရှားရှိတာ မေးကြည့် လျှောက်ကြည့်၊ တို့သိနိုင်တယ်လို့ အကယ်တန္တ မှန်ရင်တော်ပါရဲ့၊ တို့လုပ်ငန်းတွေ မမှန်မှဖြင့် လုပ်ကျေးဇူးမနပ်တဲ့အပြင် ကိုယ်ပင်ပန်းတာ အဖတ်တင်တယ်လို့ အဓိပ္ပာယ်ပေါ်နေတယ်။ ဒါကြောင့် သက်သက်မေတ္တာနဲ့ သတိပေးတာပါလို့။ ဒါပေမယ့် တို့လည်းပဲ ရှေ့သွားမဲ့ ပုဂ္ဂိုလ်မရှိရင် မပြောဝံ့ပါဘူး၊ ဒါ ခုမှသိသလားဆိုတော့ အရင်ထဲကသိပါတယ်။ ဒါပေမယ့် ခုတော့ အဲဒီကြည့်မြင်တိုင် ဇေယျဝတီ ဆရာတော်က နိဗ္ဗာနမဂ္ဂဒီပနီထုတ်လိုက်တော့ သူစာအုပ်တွေ ကောက်ကြည့်တော့ ဒါတွေပါလား၊ ဩော် - လက်စသတ်တော့ အမှားအမှန် စစ်ဆေးပေးတဲ့ကျမ်းပဲလို့ သာဓုလည်းခေါ်မိပါရဲ့၊ တော်ပါပေ၏။ အကိုးအကားနဲ့ သဘာဝကျကျနန ဖြေရှင်းသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလို မှန်ကန်တိကျတဲ့ နိဿယျညွှန်းပေးမဲ့ပုဂ္ဂိုလ်တွေ အင်မတန်ပေါပါတယ်လို့ ဒရောသောကော မလုပ်ကြပါနဲ့။

ဒါ တို့သင်တန်းလည်း ဒီတိုင်းပေါ့ကွာ၊ တို့သင်တန်းလည်း တို့များက ပြောသွားတာ၊ ဒါကြောင့် လည်း တို့များက ဆရာပုံပြီးလည်း ယုံမထားကြနဲ့၊ မေးမြန်းစုံစမ်းထောက်လှမ်းကြည့်ကြ၊ ဒီလိုဒီလို ဟောသွားတယ်၊ ဒီလိုဒီလိုပြောသွားတယ်၊ ဟုတ်ကဲ့လား, မှန်ရဲ့လား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မေးမြန်းစုံစမ်းကြည့်ကြဆိုတာကတော့ တကယ့်သူတော်ကောင်း ပညာရှိအစစ်တွေ မေးကြစုံစမ်းကြပါလို့၊ သင်တန်းမျက်မှန်းကြိုးနေတဲ့လူ သွားမမေးပါနဲ့၊ ထိုးချလိမ့်မယ် ဟိုက နော် (မှန်ပါတယ်ဆရာ)၊ ဘယ်နယ့်ကွာ တကယ်အကျိုးစီးပွား ကလေးက စသိတဲ့ အကျိုးစီးပွားရှိတဲ့ စကား ပြောတာတောင် အပြစ်က တင်သေး။ ငါတစ်လောကကြားလိုက်တယ်၊ အဲဒါစဉ်းစားကြည့်၊ ဘယ်လို လူစားတွေလဲလို့၊ ဒါ သုပ္ပဋိကာရတရား ဘုရားကိုယ်တော်မြတ် ဟောသွားတာ၊ ထုတ်ဟောသွားတာ

http://www.dhammadownload.com

နော်၊ သုပ္ပဋိကာရစားတမ်းနဲ့ပတ်သက်လို့ မိဘများ သားသမီးကို ဆိုဆုံးမတဲ့နေရာ ဆိုဆုံးမမတတ်တော့ သားသမီးများ မိုက်မဲ၊ ဖြစ်ချင်ရာဖြစ်ကြတယ်။ ဖြစ်ချင်ရာ ဖြစ်ရုံတင်မကဘူး၊ ဘုရားမှန်းမသိ တရားမှန်းမသိ၊ သံဃာမှန်းမသိ၊ ဆရာမှန်းမသိ၊ မိဘမှန်းမသိ၊ အနန္တောအနန္တင်းပါးဆိုတဲ့ ကျေးဇူးတွေ ချေဖျက်လို့ သူတို့လုပ်ချင်သလိုလုပ်၊ ကျင့်ချင်သလိုကျင့်၊ ကြံချင်သလိုကြံ၊ သူတို့တွေဟာ အသက်ရှည်ပါသော်လည်း ဘုန်းမကြီး။ ဘုန်းကြီးသော်လည်း အသက်မရှည်၊ သေချင်းဆိုးတွေနဲ့ သေတတ်တယ်လို့။

ဒါကြောင့် မိဘများက သားသမီးဆုံးမခန်း၊ သားသမီးများကလည်း မိဘအပေါ် ကျေးဇူးဘယ်လိုတင်ထိုက်တယ်ဆိုတာ ငါဟောသွားတဲ့ သုပ္ပဋိကာရ ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ အတိုင်း၊ ပဒေါင်းဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ သုပ္ပဋိကာရစာတမ်းလာတဲ့အတိုင်း ငါဟောသွားတာ၊ ကောင်းရဲ့လား (ကောင်းပါတယ်ဆရာ)၊ မင်းကသာ ကောင်း၊ ဘေးကနေ ဆော်နေဟင်း ဟင်း၊ ကြားဘူးပါတယ်တဲ့ဗျာ၊ မိဘစကားနားမထောင်လို့ သားသမီး သေချင်းဆိုး သေရတယ်၊ သက်ရှည်လို့ ဘုန်းမကြီး၊ ဘုန်းကြီးလို့ သက်မရှည်၊ ခုမှကြားဘူး၊ အကယ်တန္တ မအေမိဘက တံငါဖြစ်နေပြီတဲ့ ဆင်ခြေက ဆင်ခြေက၊ ဘယ်ထိအောင် မိုက်တွင်းနက်သလဲဆို အဲဒါတွက်ကြည့်။ အကယ်တန္တ မိဘက တံငါဖြစ်နေပြီတဲ့၊ သူသမီး တံငါအလုပ်ခိုင်းတယ်၊ မိဘစကားနားမထောင် မလုပ်ချင်ဘူးဗျာလို့ပြောတယ် ဒါသေဆိုးသေစေ သေရမှာလားတဲ့ ဖြစ်ပုံပြောပါတယ်။ ဒါမိဘဆုံးမတဲ့စကား တံငါလုပ်ခိုင်းတာ၊ ဒါကြောင့် လူနဲ့သူနဲ့တူအောင် လူစကားပြောပေမယ့် လူလိုနားမထောင် တတ်တဲ့ပုဂ္ဂိုလ်များလည်း အများကြီးရှိတယ် ငါ့လည်း ခဲနဲ့လှမ်းမထုပါနဲ့ကွာ၊ ဒါနည်းပေးနေတာပြောတာပါ၊ စဉ်းစဉ်းစားစားပြောကြလို့ စကားဆိုတာမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ) ဒီလိုဆိုတော့ သူစကားက သိပ်ရှက်စရာကောင်းနေတာပေါ့၊ မသိရှာလို့ ပြောတာပဲ၊ အမှန်က မိဘအဆိုဆုံးမဆိုတာက သားသမီးအပေါ်မှာ ပြဟ္မစိုရ်တရား အရင်ထားပြီးတော့ ငါသားသမီး ချမ်းသာပါစေ၊ ကျန်းမာပါစေဆိုတဲ့ စေတနာနဲ့ အဓိကကြီးပွားပါစေ၊ တတ်မြောက်လိမ္မာပါစေ၊ ဘဝသံသရာ အဆက်ဆက်လည်းပဲ အထက်တန်းကြပါစေ၊ အပါယ်ဘေးကလည်း အေးပါစေ၊ ငြိမ်းပါစေလို့၊ ဟို လောကုတ္တရာအကြောင်းသိအောင်, သံသရာအကြောင်းသိအောင်, မိဘများယဉ်ကျေးသိမ်မွေ့အောင် ပစ္စက္ခမျက်မှောက်နှင့်တကွ တောက်လျှောက်ကြီးဆုံးမတာ၊ မဆုံးမလို့ရှိရင် သားသမီးများက ဖောက်လွဲဖောက်ပြန်ဖြစ်ပြီးတော့ မိဘကိုပြန်ပြီး စော်ကားမော်ကားလုပ်တယ်၊ ဒီလိုလုပ်ရင် နောက်ဆုံးကျ တချို့ အမိအဘတောင် သတ်တယ်မဟုတ်လားဟ (မှန်ပါတယ်ဆရာ)၊ အင်မတန်ဆိုးဝါးတဲ့ ကံကြီးများ လွန်ကျူးတတ်တယ်၊ ဒီသားသမီး ကောင်းနိုင်စရာအကြောင်းမရှိဘူး ဒီအပြစ်တွေပြော၊ အဲဒါ နားကမထောင်တတ်၊ ဒါ့ကြောင့် လူလို့ပြောပေမယ့် လူလိုနားမလည်းရှာဘူး၊ အခုတော့ မိဘက တံငါလုပ်တယ်တဲ့၊ သားသမီးလဲတံငါလုပ်ခိုင်းတယ်၊ သားသမီးက

http://www.dhammadownload.com

မလုပ်နိုင်ဘူးလို့ ဆိုတာတောင် ဒါမိဘစကားနားမထောင်တာကျတယ်၊ ဒါသေချင်းဆိုးနဲ့ သေရမှာ လားတဲ့၊ ဒါအပြစ်ရှိရမှာလားတဲ့၊ ဒါဆုံးမတဲ့ စကားတဲ့လားကွာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါသက်သက် ဘယ်သူမှ သားရင်း သမီးရင်း မှန်သမျှ မငြင်းနိုင်တဲ့ သဘာဝကျကျဆိုတဲ့ ဘုရား ဟောဒေသနာအတိုင်းချပြလည်း အပြစ်ရှာတာပဲဟ၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။။

အဲဒါကြောင့် တို့သင်တန်းကပြတဲ့ နိဿျဉ်းလည်းပဲ ဆရာယုံပြီးတော့ ပုံမထားနဲ့၊ တကယ့်ပညာရှိ သူတော်ကောင်းအစစ်တွေ မေးစမ်းကြည့်၊ သိပ်မကျေနပ်လို့ရှိရင် မရှင်းလို့ရှိရင် ရှင်းလင်းကြည့်၊ ဒါပေမယ့် တို့သင်တန်းကို မလိုမုန်းထားတဲ့လူဆီတော့ သွားမမေးနဲ့၊ တို့လည်း ထည့်ပြောရမှာပေါကွ နော် (မှန်ပါတယ်ဆရာ)။ စိတ် စေတနာ သဒ္ဓါတရားတွေက တယ်ဆိုးကို၊ မစားရ မသောက်ရ ဆိုသလိုပဲ၊ ငါကတော့ ငါပြောတဲ့ ဥပမာလေးမှတ်ထား၊ ငါကတော့ ဘုရားနားနေတဲ့ခွေး ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ငါကလည်း ဘုရားဟောလက်လွတ်ပြီးတော့ အပိုအလိုထည့်ပြီးတော့ ပြောဆိုနေတာမဟုတ်၊ တကယ်အများ လိမ္မာယဉ်ကျေးမှုရှိအောင်, မသိတာသိအောင်, မတတ်တာ တတ်အောင်, မကျင့်နိုင်သေးတာ ကျင့်နိုင်အောင်, ပစ္စက္ခအကျိုးကော သံသရာအကျိုးကော မျှော်ကိုး ပြီးတော့ ဟောပြောနေတဲ့ ဘုရားဒေသနာ အကျအန၊ ဟောပြောနေတာလို့ ငါ့မလိုမုန်းထားလို့ ငါ့ကိုငြိုးတဲ့အနေအားဖြင့် ဆဲလိုက်ရင်း ဘုရားထိလိုက်ရင် နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီတိုင်းသွားမှာပဲ၊ အဲဒါမကြောက်လည်း လုပ်ကြအုံး၊ ငါမကြားရင်ပြီးတာပဲ၊ မကြားအောင်လည်း ဆဲတာပေါ့ကွ နော်။ အင်မတန်ကြောက်စရာကောင်း။

အေး - အဲဒါ တရားအားထုတ်နည်းနဲ့ ပတ်သက်လို့၊ အခု ဒီစာအုပ်လည်း ရုတ်တရက်အားဖြင့် ကြည့်မိလို့၊ တွေ့လို့။ ဒါမိတ်ဆွေတစ်ယောက် လာပေးသွားတာပါ။ ကြည့်စမ်းပါတဲ့၊ တိကျရဲ့လားဆို တိကျပါတယ်။ တော်တော့်ကို တိကျတယ်။ အဲ့ဒါ သူ့စာအုပ်က ပထမတွဲ ဒုတိယတွဲလို့ နှစ်တွဲ ရိုက်ထားတယ်။ ဒီကြည့်နေရတာ ပထမတွဲဆိုတော့ သမထနယ်တင် သူပြနေသေး။ ဝိပဿနာနယ် မပါသေးဘူး။ အဲ-သမထနယ်မှာပဲ ခုနပြောတဲ့စကားတွေ တော်တော်လေး ချေပပြီးတော့ ရေးသား သွားတယ်။ တရားလုပ်ပုံတွေ မြတ်စွာဘုရားကိုယ်တော်မြတ်က အရှေ့ဆို အခုလုပ်နေတာတွေက အနောက်။ ဝါဒတွေက အမျိုးမျိုး။ သူတစ်မျိုး ငါတစ်ဖုံနဲ့ တော်တော်လည်းစုံ။ ဒါကြောင့် လောကုတ္တရာ စီးပွားရှာတာ လောကီစီးပွားတောင် သေချာကြည့်။ ဆယ်ပြားလောက် ငါးပြားလောက် ပေးရတဲ့ အိုးဆိုင်သွား အိုးလေးဝယ်တော့ အိုးသည်က ပေးလိုက်တိုင်း မင်းယူလာသလား (မယူပါဘူးဆရာ)။ ဘယ့်နှယ့်လုပ်ယူတုံး (ရွေးယူပါတယ်ဆရာ)။ ရွေးယူတယ်လား (မှန်ပါတယ်ဆရာ)။ ဘယ့်နှယ့်လုပ် ရွေးယူ (အိုးကောင်းရွေးယူပါတယ်ဆရာ)။ အေးလေ- အိုးကောင်း တီးခေါက်စမ်းတယ်လား (မှန်ပါ

http://www.dhammadownload.com

တယ်ဆရာ)။ မင်းက တော်တော့်ကို အ,တဲ့ကောင်ကိုးကွ။ တီးခေါက်စမ်းကြည့်တယ်လား အကွဲအန ပါသလားလို့ (မှန်ပါတယ်ဆရာ)။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါတစ်ပဲ ငါးပြား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ တန်ဖိုးဘာရှိ အကွဲပါလာတော့ ဘာဖြစ်သေး။ နောက်တစ်ခါ ပြန်ဝယ်။ ဆယ်ပြား ပေါ့ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အဲ့ဒါလောက်ကလေးတောင်ပဲ အကွဲအနပါရဲ့လား၊ အပြစ်မှ ကင်းရဲ့လားဆိုတဲ့ တီးခေါက်ပြီးတော့ ယူကြသေးတာလို့ နော် (မှန်ပါတယ်ဆရာ)။

ခု နိဗ္ဗာန် မရောက်မချင်း သံသရာတောက်လျှောက်ကြီး သွားရမဲ့တရား မဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)။ ဒီတရားကျတော့ ပစ်စလက်ခတ်ထားတယ် မဝေဖန်ဘူး။ ငါစွဲနဲ့ ဆရာစွဲနဲ့ နော် (မှန်ပါ တယ်ဆရာ)။ ငါ့ဆရာပြောတာ ယုံတာပဲ၊ ပုံထားလိုက်တာပဲ၊ ချလိုက်တာပဲ မဟုတ်ဘူးလား (မှန်ပါ တယ်ဆရာ)။ ဘယ်သူက ဘာပြောပြော လက်မခံဘူး။ အဲဒီလို မလုပ်ရဘူး။ လာကတည်းက ဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ သင်ကြားခြင်း၊ ဆောင်ခြင်းလို့ မေးမြန်းပါတဲ့၊ သင်ကြားပါတဲ့၊ ဆောင်ပါတဲ့၊ ဆွေးနွေးပါတဲ့။ "ဥဂ္ဂဟနမာရဏာပရိပုစ္ဆာသဝန" နာကြားပါလို့ နော် (မှန်ပါတယ်ဆရာ)။ ဒီလိုရှာကြပါတဲ့။ သိပ်တော့်လွယ်မယ်မထင်နဲ့။

ဒါကြောင့် ခုနကဇေယျဝတီဆရာတော် ရေးထားတဲ့ "နိဗ္ဗာနမဂ္ဂဒီပနီ"လာတဲ့အတိုင်း အခုလုပ်ပုံ လုပ်နည်းနဲ့တော့ တခြားစီ ဖြစ်နေတယ်ဆိုတဲ့ သဘာဝတွေ ချပြီး ပြသွားလို့၊ ပြီးတော့မှ အမှန်ကို သူတစ်ခါပြသွားတယ် ဘယ်လောက်သဘာဝကျသလဲ။ အာနာပါန-ရှုရှိုက်ဆိုတဲ့ ကမ္မဋ္ဌာန်းအားထုတ်ပုံ တွေပြတယ်။ ဟောဒါက ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ။ မြန်မာလို အဓိပ္ပာယ်ပြန်တော့ ဒီနည်း တိတိကျကျနဲ့ ပြသွားတယ် နော် (မှန်ပါတယ်ဆရာ)။ ဒီလို ပြပြန်တော့ အရှေ့နဲ့အနောက် ဖြစ်နေ ပြန်ရောလို့။ ဒါခုန ပြောတဲ့အတိုင်းပါပဲ အာနာပါနဆိုတာ ထွက်လေဝင်လေ ရှုရှိုက်ဆိုတာဟာ အင်တိုက်အားတိုက်ကြီး လူကို ယိမ်းထိုးအောင် ရှုရှိုက်ရတာ မဟုတ်ပါဘူးလို့။ နဂို မိမိအသက်ရှူ နေကြအတိုင်း မှန်မှန်ရှူ မှန်မှန်ရှုရာကနေ တစ်စတစ်စနဲ့ သမာဓိရလာတော့ အရှူလေးက သေးသေး သေးသေးသွားတော့ ဘယ်ထိအောင် သေးလဲဆို ကိုယ်ရှူတဲ့ ရှိုက်တဲ့ အသက်တောင် ကိုယ်ရှိမှန်း မသိတဲ့အချိုးရောက်တယ် နော် (မှန်ပါတယ်ဆရာ)။ ဒီရောက်အောင် သိမ်မွေ့သွားရမယ်တဲ့။ ဘုရား ကိုယ်တော်မြတ်တရားတော်ဟာ အတ္တကိလမထာနုယောဂ-ဆူးပုံပေါ် အိပ်ပြီး ကျင့်တယ်၊ နေပူလှန်း ကျင့်တယ်၊ အငတ်ခံကျင့်တယ်ဆိုတဲ့ အလုပ်တွေမပါဘူး နားလည်လား (နားလည်ပါတယ်ဆရာ)။ ကိုယ်အပင်ပန်းခံတိုင်း တရားရလိမ့်မယ် ဒီလိုမထင်နဲ့ ဘုရားမကြိုက်ဘူး။ အတ္တကိလမထာနုယောဂ ခေါ် ၏၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် ငါလုပ်နေတဲ့ လုပ်ငန်းသည် အတ္တကိလမထာနုယောဂလား ဘာလားဆိုတာ မသိ။ ဘယ်ဘက်ရောက်နေတယ်ဆိုတာမသိ လိုင်းလွဲနေတယ်၊ လွဲမှန်းမသိကြဘူး။ ကိုယ်က သဒ္ဓါကလွန်ကဲနေတော့ တရားက သိပ်ရချင်တာကိုးကွ။ ဆရာလုပ်တဲ့လူက ဒီလိုလုပ်ဟ၊ ပြင်းပြင်းလုပ်ဟ ပြင်းပြင်းချတာ အပြင်းထန်ဆုံးချ။ ဘယ်ထိအောင် ပြင်းသလဲဆိုတော့ တော်ကြာတော့ မူးမေ့ပြီးတော့ ဆန့်ကာဆန့်ကာနဲ့ဖြစ်နေတယ်။ အဲဒီထိအောင် ပြင်းပြင်းကြီးချ အလုပ်လုပ်၊ ဩော် - ဒီတော့ ငါ့လုပ်ငန်းဟာ ငါလဲ ပရိယတ္တိ မကျွမ်းကျင်ဘူး။ ငါ့လုပ်ငန်း မှန်မှမှန်ရဲ့လား။ ငါတော့ အမောတွေ ဘာတွေဆိုက်၊ အမြှုပ်တွေ ဘာတွေထွက်။ လူမှန်းသူမှန်းတောင်မသိ။ ပိုးလိုးပက်လက်လန်။ သတိတွေ ဘာတွေမေ့လျော့။ ဆတ်ဆတ်ကိုတုန်လို့ ဒီထိအောင် အပင်အပန်း အနွမ်းအနယ် ခံနေရတာဟာ တကယ် တရားမှန်, တရားစစ်ကို အားထုတ်တဲ့လမ်းစဉ်မှ ဟုတ်ပါရဲ့လား မစစ်ဆေးဘူး မစဉ်းစားဘူး။ အဲဒါနားလည်တဲ့ ပုဂ္ဂိုလ်က ပြောပြန်တော့လဲပဲ မလိုမုန်းထားလို့ ပြောတယ်လို့ ဒီလိုဖြစ်နေတယ်။ ဒီတော့ "အတ္တကိလမထာနုယောဂ"ထဲ ပါမနေဘူးလားဟ (ပါနေပါတယ်ဆရာ)။ အဲဒါတွေ သတိပေးတဲ့အနေအားဖြင့် အခု နိဗ္ဗာနမဂ္ဂဒီပနီစာအုပ် ကြည့်မိတဲ့အတွက် တော်တော့လည်းပဲ အဂတိလေးပါး မလိုက်စားဘဲနဲ့ တိတိကျကျရေးတဲ့စာပဲလို့ စိတ်ထဲလဲ အောက်မေ့ပါရဲ့။ ဒါကြောင့် သတိပေးခြင်းပါလို့ မေတ္တာနဲ့ သတိပေးခြင်းပါ။

သံသရာတစ်ဖက်ကမ်းကို ကူးမယ်လို့ ရည်ရွယ်ချက်နဲ့ အလုပ်လုပ်နေတဲ့ လုပ်ငန်းကြီးက တစ်ပဲတန် ငါးပြားတန် ဝယ်တဲ့အိုးလေးမျှနှင့် နိုင်းစာကြည့်ရင်၊ လောကီဥစ္စာနဲ့ ပတ်သက်လို့ တစ်ပဲ ငါးပြားတန်တဲ့ အိုးလေးဝယ်တာတောင် တို့စစ်စစ်ဆေးဆေးနဲ့ တီးခေါက် အနာအဆာ ရွေးဝယ်ကြသေး၏။ သံသရာတစ်ဖက်ကမ်း တက်လှမ်းမယ်လို့ ရည်ရွယ်ချက်နဲ့ အားထုတ်အလုပ်လုပ်တဲ့ တရားယူတဲ့အခန်းမှာဖြင့် ဒါထက်ပို၍ စစ်ဆေးနိုင်သမျှ စစ်ဆေးသင့်၏။ ဒီလိုလာရမယ်နော် (မှန်ပါတယ်ဆရာ)။ အဲဒါ စပ်ဆိုင်လို့ ပြောသွားတဲ့စကား။ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ဘယ်သူမှမစောင်းဘူး။ ဒါကြောင့် သာသနာတော်မှာ တော်တော်ကြီး ပြမဲ့သမဲ့ ဆရာတော်တွေက ပေါများလာတော့ ဝါဒတွေကအမျိုးမျိုး၊ နည်းတွေကလည်းအဖုံဖုံနဲ့။ တချို့လည်း မှန်ကန်တိကျ၊ တချို့လည်း ခုနပြောသလို အရှေ့နဲ့ အနောက်၊ ကမောက်ကမ ဖြစ်ချင်တိုင်းဖြစ်လို့။ ဒီတော့ ဘယ့်နှယ့်ဖြစ်လဲဆိုတော့ ပရိယတ္တိ မပိုင်မနိုင်ဆိုတဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ မဆုံးဖြတ်နိုင်တဲ့ လူများတွေအတွက်ကလည်း သနားစရာဖြစ်လို့ ဟိုဘက်က ဟုတ်တယ်ဆိုလည်း စုရုံးစုရုံး ပြေးလိုက်ကြ၊ ဒီဘက်ကဟုတ်တယ်ဆိုလည်း စုရုံးစုရုံးပြေးလိုက်ကြ။ ဘယ်သူ့ထက် ဘယ်သူက ကောင်းပြန်ဟေ့ဆို စုရုံးစုရုံးနဲ့ ပြေးလိုက်ကြ၊ ဟိုလွှားလွှား ဒီလွှားလွှား၊ ဟိုယားယား ဒီယားယား ဒီလိုဖြစ်နေတာ နော် (မှန်ပါတယ်ဆရာ)။ ဘယ်ထဲက ဟုတ်တယ်၊ ဘယ်ထဲကမှန်တယ်၊

http://www.dhammadownload.com

ဘယ်ထဲဖြင့် လမ်းလွဲနေပေါ့၊ ဘယ်ထဲကတော့ ဘယ်ဘက် ရောက်သွားပေါ့၊ ဘယ်လိုင်းဘက်ကူးသွားပေါ့။ ကိုယ်ပိုင်ဉာဏ်နဲ့လည်း မဆုံးဖြတ်နိုင်၊ ဆုံးဖြတ်နိုင်တဲ့ သတ္တိကလည်း မရှိ၊ သနားစရာပဲလို့ စိတ်ထဲတစ်ခါတစ်ခါအောက်မေ့။ တို့လည်းပဲ မလိုတဲ့လူက ဒီလိုပြောမှာ။ မင်းတို့သင်တန်းလည်းပဲ ဒီလိုပဲ ဘုရားဟောတဲ့အတိုင်း လျှောက်ပြောနေတာ၊ ငါတော့ မကြာမကြာ အပြောခံရတယ်ကွာ။ အဋ္ဌကထာဆရာရွတ်ထားတဲ့ အဋ္ဌကထာပါဠိထုတ်ပြီးတော့ သေချာကိုးကားထားတာတောင်ပဲ အောင်မယ် ငါ့ပါးစပ်ကဖြစ်တဲ့ အဋ္ဌကထာတဲ့၊ လာချည်းသေး နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အခုန အိုးဝယ်တာလေးနမူနာထားလို့ သံသရာတစ်ဘက်ကမ်း တက်လှမ်းမယ်လို့ ရည်ရွယ်ချက်နဲ့အားထုတ်ပြီး အလုပ်လုပ်နေတဲ့၊ တို့တရားရှာတဲ့ လူတွေသည် အထူးသဖြင့် အမှန်အကန် အတိအကျဆုံး ရနိုင်သမျှရအောင်ဆိုတဲ့အနေအားဖြင့် နေရာတကာ စုံစမ်းစစ်ဆေး၍ မေးမြန်း၍ ယူသင့်ပါ၏ဆိုတာ မှတ်ပေါ့နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ခု ဖဿခန်းပြနေတာ "ဖဿပစ္စယာ ဝေဒနာ"။ အဲဒီ ဝေဒနာဆိုတဲ့ စောစောကပြောထားတဲ့ ဝေဒနာသုံးခု၊ သုခဝေဒနာဖြစ်တာ ငါသိတယ်။ ဒုက္ခဝေဒနာဖြစ်တာ ငါသိတယ်။ ဘာပြုလို့သိ၊ ထင်ရှားလို့သိတယ်။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ မှတ်နော် သေသေချာချာ။ အဲဒါ သတိပဋ္ဌာန်ထဲက ထုတ်ပြတာ။ သတိပဋ္ဌာန် ဝိဘင်းအဖွင့် သုခဝေဒနာဖြစ်တာ ငါသိတယ်။ ဘယ်သူမှ မေးစရာမလို။ ဒုက္ခဝေဒနာဖြစ်တာ ငါသိတယ်၊ ဘယ်သူမှ မေးစရာမလို။ ဘာပြုလို့ ဝေဒနာဆိုတာက အင်မတန်ထင်ရှားတယ် သိနိုင်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အဲဒီ ဝေဒနာသိနိုင်တယ်၊ ဝေဒနာကနေ ဖမ်း။ "ယဿ ဝေဒနာ ပါကဋာ ဟောတိ၊ သောပိ နု ကေဝလံ ဝေဒနာဝ ဥပ္ပဇ္ဇတိ၊ လာပြန်ပြီ။ ဖဿ မဖမ်းတတ်ရင် ဝေဒနာဖမ်းတဲ့ ဘုရားကိုယ်တော်မြတ်က နော် (မှန်ပါတယ်ဆရာ)။ "ယဿ ဝေဒနာ ပါကဋာ ဟောတိ၊ သောပိ "နု ကေဝလံ ဝေဒနာဝ ဥပ္ပဇ္ဇတိ၊ တာယ သဒ္ဒိံ တဒေဝါ ရမ္မဏံ ဖုသမာနော ဖဿောပိ ဥပ္ပဇ္ဇတိ၊ သဉ္ဇာနနမာနာ သညာပိ၊ စေတယမာနာ စေတနာပိ၊ ဝိဇာနနမာနံ ဝိညာဏမ္ပိ ဥပ္ပဇ္ဇတီ"တိ ဖဿပစ္စမကေယေဝ ပရိဂ္ဂဏှာတိ" လာပြန်ပြီ။ ခုနလို ဖဿလိုပဲ ဖဿမဖမ်းတတ်ရင် ဝေဒနာက ဖမ်းပါတဲ့၊ မှတ်ထားနော် သေသေချာချာ။ ယဿ၊ အကြင်ယောဂါဝစရပုဂ္ဂိုလ်အား။ ဝေဒနာ၊ ဝေဒနာသည်။ ပါကဋာ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ သောပိ၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်လည်း။ ဝေဒနာဝ၊ ဝေဒနာသည်သာလျှင်။ ကေဝလံ၊ သက်သက်။ နု ဥပ္ပဇ္ဇတိ၊ မဖြစ်။ တာယ၊ ထိုဝေဒနာနှင့်။ သဒ္ဒိံ၊ အတူတကွ။ ဖုသမာနော၊ အာရုံကို တွေထိတတ်သော။ ဖဿော၊ ဖဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ သဉ္ဇာနနမာနာ၊ အာရုံကို မှတ်သားတတ်သော။ သညာပိ၊ သညာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စေတယမာနာ၊ စေ့ဆော်

http://www.dhammadownload.com

တိုက်တွန်းတတ်သော။ စေတနာပိ၊ စေတနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိဇာနနမာနံ၊ ပိုင်းခြားသိမြင်တတ်သော။ ဝိညာဏမ္ပိ၊ ဝိညာဏ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

မြန်မာလိုပြောလိုတာက ဝေဒနာဖြစ်သည်နဲ့ တစ်ပြိုင်နက်၊ ဝေဒနာလေး ဖမ်းတတ်လို့ရှိရင်တဲ့ ဝေဒနာတစ်ခုထဲတော့ မုချမဟုတ်ဘူးဟ ဖဿလိုပဲ နော် (မှန်ပါတယ်ဆရာ)။ ဝေဒနာတစ်ခုတည်း မုချမဖြစ်ဘူးဟ ဘယ်သူတွေတုံးဟာ ဝေဒနာဖြစ်တယ်လို့ သိလိုက်ရင် ဖဿဖြစ်ပြီးသား နားလည်လား (နားလည်ပါတယ်ဆရာ)။ သေချာလား ဒါက (သေချာပါတယ်ဆရာ)။ အေး သေချာတယ်။ ဝေဒနာဖြစ်သည်နဲ့ တစ်ပြိုင်နက် ဖဿဖြစ်ပြီးသား နော် (မှန်ပါတယ်ဆရာ)။ ထိုဝေဒနာ၏ အာရုံလေးကို တွေ့ထိတတ်တယ်ဆိုတာ ဖဿဖြစ်ပြီးသား မဖြစ်ဘူးလားကွ (ဖြစ်ပါတယ်ဆရာ)။ ဒီအာရုံနဲ့ လာတွေ့လို့ ဖဿဖြစ်ရတာကိုကွ နော် (မှန်ပါတယ်ဆရာ)။ သူက ဒီအာရုံဖမ်းပြီးတော့ ခံစား လိုက်တာ။ ဒါကြောင့် ဝေဒနာသိလိုက်သည်နှင့်တစ်ပြိုင်နက် ဝေဒနာပဲလို့သိရင် ဟာ-ဝေဒနာ တစ်ခုထဲတော့ မဖြစ်ဘူးဟ၊ ဒီဝေဒနာဖြစ်သည်နဲ့တစ်ပြိုင်နက် ဖဿက ဖြစ်ပြီးသား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဖဿတင်လား မဟုတ်သေးဘူးတဲ့။ ဒီအာရုံလေးကို မှတ်သားတတ်တယ်တဲ့ သညာဖြစ်ပြီးသား မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဒီအာရုံလေးကို စေ့ဆော်တိုက်တွန်းတတ်တယ်ဆိုတဲ့ စေတနာဖြစ်ပြီးသား မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)၊ ဒီအာရုံလေးရဲ့ အဓိပ္ပာယ်ကို ချုံငုံသိ တဲ့အနေအားဖြင့် သိတတ်တယ်ဆိုတဲ့ ဝိညာဏ်ဖြစ်ပြီးသားလို့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ တရားဘယ်နှစ်လုံးဖြစ်သွားတယ် (ငါးလုံးပါပဲဆရာ)။ ဘယ်သူဘယ်သူတုံး (ဝေဒနာရယ်၊ ဖဿရယ်၊ သညာရယ်၊ သခ်ါရရယ်) ဟော ဟော စေတနာလို့ပြောပါ (စေတနာရယ်၊ ဝိညာဏ်ရယ်) ပြန်ရေစမ်း . . . (ဝေဒနာရယ်၊ ဖဿရယ်၊ သညာရယ်၊ စေတနာရယ်၊ ဝိညာဏ်ရယ်)။ အဲ . . ခုန ဖဿနဲ့ ထူးသေးလား (မထူးတော့ပါဘူးဆရာ)။ ဖဿနဲ့ဝေဒနာ နေရာချင်း ပြောင်းတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။ အေး . . . . . ဒါကြောင့် ဖဿသည် သူသူငါငါ လူတကာ ထင်ရှားစွာ သိနိုင်သော တရားဖြစ်တယ်။ ဝေဒနာသည် သူသူငါငါ လူတကာ ထင်ရှားစွာ သိနိုင်သော တရားဖြစ်တယ်လို့ အထင်ရှားဆုံး တရားလေးကနေ ပြီးတော့ ကိုင်လိုက်ရင် ဖမ်းလိုက်ရင်တဲ့ ဖဿတစ်ချက်ရှလိုက် နာမ်ခန္ဓာလေးချက် ပါသွားတယ် မပါဘူးလား (ပါသွားပါတယ်ဆရာ)။ ဝေဒနာတစ်ချက်ရှလိုက် နာမ်ခန္ဓာလေးချက် ပါသွားတယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အဲဒါကြောင့် ဖဿရယ်, ဝေဒနာရယ်, ဝိညာဏ်ရယ်ဆိုတဲ့ တရားသုံးပါးဟာ သူသူငါငါ လူတကာမှာ အထင်ရှားဆုံး ဖြစ်တတ်တဲ့ တရားသုံးပါးမို့လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က နာမ်ကမ္မဋ္ဌာန်း ရှုမြင်ပွားများတဲ့ အခန်းကြီပြီဆိုတော့ ဖဿရယ်, ဝေဒနာရယ်, ဝိညာဏ်ရယ် ဒီသုံးပါးကို ပိုင်းခြားပြီးတော့ အဓိကထားဟောပါတယ်လို့။ ဒါကြောင့် ကနေ့ညများ ဝေဒနာပြီးတော့

http://www.dhammadownload.com

နက်ဖြန်ခါကြ ဝိညာဏ်ဆက်ကြစို့။

"ဖဿပစ္စယာ ဝေဒနာ" - ဖဿတည်းဟူသော အကြောင်းကြောင့် ဝေဒနာ ဖြစ်တယ်။ ဖဿက အကြောင်း၊ ဝေဒနာက အကျိုးတရား။ အဲဒီ ဖဿနဲ့ဝေဒနာ အကူးမှာ အထူးအားဖြင့် မှတ်သားစရာ ဖဿရယ် ဝေဒနာရယ် ဝိညာဏ်ရယ် သုံးပါးသောတရား။ ဒါ အမိဖမ်းပုံလေးတွေ သဘောရှင်းအောင် တစ်ညချင်း တစ်ညချင်း ခွဲပြီးတော့ပြ။ ဖဿဖမ်းပုံ၊ ဝေဒနာဖမ်းပုံ ဝိညာဏ်ဖမ်းပုံ၊ ဖဿဖမ်းတတ်လို့ ရှိရင်လည်းပဲ နာမ်ခန္ဓာလေးပါး ပါပြီးသားဖြစ်။ ဝေဒနာဖမ်းတတ်လို့ ရှိရင်လည်း နာမ်ခန္ဓာလေးပါး ပါပြီးသားဖြစ်။ ဝိညာဏ်ဖမ်းတတ်လို့ရှိရင်လည်း နာမ်ခန္ဓာလေးပါး ပါပြီးသားဖြစ်။ ဒီလိုသွား၊ ဒါ သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာန်ဝိဘင်း ဝေဒနာနိဒ္ဒေသအဖွင့် သတိပဋ္ဌာန်မှာ ပြတဲ့ သတိပဋ္ဌာန်နည်းခေါ်တယ်။ ဒီတော့ သတိပဋ္ဌာန်နည်းအားပြရင် ဝေဒနာနုပဿနာသတိပဋ္ဌာန်ခန်းမှာ အခုပြသွားတဲ့ သဘာဝအလိုအားဖြင့် သေသေချာချာ စဉ်းစားကြည့်တော့ ဖဿဖမ်းတဲ့အခါ, ဝေဒနာဖမ်းတဲ့အခါ, ဝိညာဏ်ဖမ်းတဲ့အခါ ဖဿဖမ်းလည်းပဲ နာမ်ခန္ဓာလေးပါး ရှုမြင်ပွားများ အားထုတ်ပြီးသားဖြစ်တယ်၊ ဝေဒနာဖမ်းပြန်တော့လည်း နာမ်ခန္ဓာလေးပါး ရှုမြင်ပွားများအားထုတ်ပြီးသားဖြစ်တယ်၊ ဝိညာဏ်ဖမ်းပြန်တော့လည်းပဲ နာမ်ခန္ဓာလေးပါး ရှုမြင်ပွားများအားထုတ်ပြီးသားဖြစ်တယ်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတဲ့ အနေအားဖြင့် "အသီးတစ်ရာ အညာတစ်ခု တန္ဆယ်ငင် တစင်ပါ"။ ဒီသဘော လေးတွေကြည့်လိုက်တော့ သတိပဋ္ဌာန်နည်းအားဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ် ဟောပြတော်မူတဲ့ နိဿျည်းကြည့်လည်းပဲ ခန္ဓာနည်းပဲ ခန္ဓာရှုနည်းလို့ ခေါ်တယ်။ ခန္ဓာပဲရှုရမယ်။ ခန္ဓာပဲပွားများရမယ်။

ဒါကြောင့် ဒီနောက်နားက ဆက်ပြီးတော့ လာလိမ့်ဦးမယ်။ ဒါကြောင့် ဖဿဖမ်းပုံ ဖမ်းနည်းလေးလည်းပဲ ပြပြီးပြီ။ ဝေဒနာဖမ်းပုံ ဖမ်းနည်း မနေ့ညက ပြပြီးပေါ့။ "ယဿ ဝေဒနာ ပါကဋာ ဟောတိ သောပိ "နာ ကေဝလံ ဝေဒနာဝ ဥပ္ပဇ္ဇတိ၊ တာယ သဒ္ဓိံ တဒေဝါရမ္မဏံ ဖုသမာနော ဖဿောပိ ဥပ္ပဇ္ဇတိ၊ သဉ္ဇာနနမာနာ သညာပိ စေတယမာနာ စေတနာပိ ဝိဇာနနမာနံ ဝိညာဏမ္ပိ ဥပ္ပဇ္ဇတီ"တိ ဖဿပဉ္စမကေယေဝ ပရိဂ္ဂဏှာတိ"၊ ဒါ အဋ္ဌကထာဖွင့်ထားတာ။ မြန်မာလိုပြန်တော့ အကြင်ပုဂ္ဂိုလ်အား ဝေဒနာသည် ဖြစ်၏။ ဝေဒနာသည် ထင်ရှားစွာဖြစ်၏။ ဝေဒနာဖြစ်တာ သူသိတယ်တဲ့။ သူ့အဖို့မှာ ဝေဒနာထင်ရှားတယ်တဲ့။ ငါ့ သုခဝေဒနာဖြစ်ပြန်ပေါ့။ ငါ့ ဒုက္ခဝေဒနာ ဖြစ်ပြန်ပေါ့။ ငါ့ ဥပက္ခာဝေဒနာဖြစ်ပြန်ပေါ့။ သူရဲ့ဉာဏ်မှာ ထင်ရှားတယ်။ သူရဲ့ဉာဏ် ပြတ်သားတယ်၊ သူနားလည် သူသိ။ ဒါကြောင့် "ယဿ ဝေဒနာ ပါကဋာ ဟောတိ"အကြင်ပုဂ္ဂိုလ်အား ဝေဒနာဖြစ်ပုံဟာ ထင်ရှားတယ်တဲ့။ ထင်ရှားရင် မိမိထင်ရှားတဲ့ဝေဒနာကိုပဲ ရှုလိုက်ပါတဲ့။ ငါ့သုခဝေဒနာ ဖြစ်နေပြီ၊ ဒါသုခဝေဒနာ ဒါဝေဒနာပဲ။ ဒါကြောင့် ဝေဒနာရှုပုံရှုနည်းကိုက သုခ ဒုက္ခ ဥပေက္ခာလို့ အနုဘဝနလက္ခဏာအားဖြင့် သုံးမျိုးသုံးစားချပြ။

http://www.dhammadownload.com

ဒါကိုပဲ ဒုက္ခဝေဒနာတစ်ခုကိုပဲ မူတည်ပြီး အလုပ်လုပ် လုပ်ကြတာပဲ။ ကိုယ်လုပ်တာ ကိုယ်ဟုတ်တယ်ထင်။ ဒီပြင် ဝေဒနာမေးတော့လည်း တစ်လုံးမှမသိ။ သုခဝေဒနာလဲ ထင်ရှားတာပဲ။ ဒုက္ခဝေဒနာလည်း ထင်ရှားတာပဲ၊ ဥပေက္ခာဝေဒနာလည်း သုခနဲ့ ဒုက္ခ ထင်ရှားမှဖြင့် သိရောပေါ့တဲ့။ ဘာပြုလို့ သုခလည်းမဖြစ်ဘူး၊ ဒုက္ခလည်းမဖြစ်ဘူးဆို။ ဥပေက္ခာချည်း မှတ်ထားလိုက်ပါ အလွယ်သား၊ ထင်ရှားတာချည်း၊ အဲဒီလို ဝေဒနာအနေအားဖြင့် ထင်ရှားစွာသိတဲ့ပုဂ္ဂိုလ်ကြတော့ မိမိဉာဏ်ထဲ ဘယ်လိုနားလည်ရမလဲလို့။ ဝေဒနာဖြစ်မှန်းတော့ ငါသိပြီ၊ ဝေဒနာဖြစ်မှန်း သိလို့ရှိရင် ဝေဒနာတစ်ပါးတည်း ခွဲခြား၍ မဖြစ်ကောင်းဘူး ကိုယ်ကနားလည်ထား။ တစ်ပေါင်းတည်း တစ်ပါတည်း ဖဿပါတယ်၊ ဝေဒနာပါတယ်၊ သညာပါတယ်၊ စေတနာပါတယ်၊ ဝိညာဏ်ပါတယ်။ ဒီတရားငါးပါး ပါတယ်။ ဒီလို သိရမယ်။ ဒါဖြင့် ဝေဒနာ ထင်ရှားလို့ ဝေဒနာဖမ်းနေတဲ့ အခိုက်အတန့်လေးမှာ ဖဿ သူသိသလား။ ဖဿဖြစ်တာ သူသိသလား မသိပါဘူး။ သညာဖြစ်တာ သူသိသလား မသိပါဘူး။ စေတနာဖြစ်တာ သူသိသလား မသိပါဘူး။ ဝိညာဏ်ဖြစ်တာ သိသလား မသိပါဘူး။ ဘယ့်နယ့်နည်းမှ တစ်ပြိုင်တည်း ငါးခုလုံး လျှောက်မသိနိုင်ဘူး။ တစ်ခုသိနေ လေးခုက မသိနိုင်ဘူး။

ဒါပေမဲ့ မိမိဉာဏ်ထဲမှာ ဝေဒနာဖြစ်လိုက်တယ်ဆိုလို့ရှိရင် ကျန်တရားလေးပါးဟာ အတူတကွပါလာကြတယ်၊ အတူတကွ ဖြစ်ကြတယ်ဆိုတာ ကိုယ်က နားလည်ထားပါလို့။ ဒါ ခြုံငုံသိလို့ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ ခြုံငုံသိခေါ်တယ်။ ဟော - ဝေဒနာ ငါမြင်လိုက် ဝေဒနာတစ်ချက်မြင်လိုက်၊ ဝေဒနာတစ်ချက်သိလိုက် နာမ်ခန္ဓာလေးပါးစလုံး အကုန်လုံးပါပါတယ်။ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဝေဒနာဖြစ်လိုက်ရင် တရားဘယ်နှစ်လုံးဖြစ် (ငါးလုံးပါဆရာ)။ ဘယ်သူ ဘယ်သူတွေတုံး (ဝေဒနာရယ်၊ ဖဿရယ်၊ သညာရယ်၊ စေတနာရယ်၊ ဝိညာဏ်ရယ်ပါဆရာ)။ အေး - ဟုတ်ပြီ။ ငါးလုံးမှတ်မိရဲ့လား (မှတ်မိပါတယ် ဆရာ)။ မင်း အတော်ကို တန်းတိုးနော်။ ငါတော်တော် ခီးမွမ်းတာပဲ။ ငါးလုံးဖြစ်တယ်လား (ဖြစ်ပါ တယ်ဆရာ)။ အဲဒီ ငါးလုံးမှာ မင်း ခန္ဓာဘယ်နှစ်လုံးရအောင် ဖွဲ့နိုင် (လေးလုံးပါဆရာ)။ ဖွဲ့ပြစမ်းပါ (ဝေဒနာက္ခန္ဓာရယ်၊ သညာက္ခန္ဓာရယ်၊ သင်္ခါရက္ခန္ဓာရယ်၊ ဝိညာဏက္ခန္ဓာရယ်) အေး ဟုတ်ပြီ။ ဝေဒနာက္ခန္ဓာက ဘယ်သူဖွဲ့၊ ဒီထဲ ငါးလုံးထဲက ဝေဒနာက္ခန္ဓာဆိုတာ ဘယ်သူခေါ်တုံး (ဝေဒနာစေတသိက် ခေါ်ပါတယ်ဆရာ)။ အေး ဝေဒနာ၊ "ယဿ ဝေဒနာ ပါကဋာ ဟောတိ" ကွနော် (မှန်ပါတယ်ဆရာ)။ အကြောင်ပုဂ္ဂိုလ် သုခဝေဒနာဖြစ်တယ်။ ဝေဒနာက္ခန္ဓာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒုက္ခဝေဒနာဖြစ်တယ်။ ဝေဒနာက္ခန္ဓာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ သုခလည်းမဟုတ် ဒုက္ခလည်းမဟုတ် ဥပေက္ခာဝေဒနာဖြစ်တယ်၊ ဝေဒနာက္ခန္ဓာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ "ယဿ ဝေဒနာ ပါကဋာ ဟောတိ"

http://www.dhammadownload.com

ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါ ဝေဒနာကွန္ဓာ မဟုတ်ဘူးလား (ဝေဒနာကွန္ဓာပါဆရာ)။

ပြီးတော့မှ "ဖုသမာနော ဖဿောပိ ဥပ္ပဇ္ဇတိ" ဖဿက ဘာခန္ဓာတုံး (သဒ္ဒါရက္ခန္ဓာပါဆရာ)။ အေး ဟုတ်ပြီ။ သဉ္ဇာနနမာနာ သညာပိ - ဘာခန္ဓာတုံး (သညက္ခန္ဓာပါဆရာ)။ စေတယမာနာ စေတနာပိ - ဘာခန္ဓာတုံး (သဒ္ဒါရက္ခန္ဓာပါဆရာ)။ ဝိဇာနနမာနံ ဝိညာဏမ်ိ-ဘာခန္ဓာတုံး (ဝိညာဏက္ခန္ဓာပါဆရာ)။ အေး - အဲဒီလိုတိုးတိုးတက်တက် သွက်သွက်လက်လက် သွားရမယ် နော် (မှန်ပါတယ်ဆရာ)။ တန်ဖိုးရှိလွန်လွန်းလို့ ဒါဖြင့် မင်းဝေဒနာဖြစ်တာ မင်းမှာ သုခဝေဒနာဖြစ်ရင် မင်းသိမယ်လား (သိပါပြီဆရာ)။ ဘာပြုလို့သိ (အာရုံ၏အရသာ ခံစားလို့ပါဆရာ)။ ကောင်းလို့ ကောင်းလို့ နော် (မှန်ပါတယ်ဆရာ)။ မင်း ဘာအာရုံနဲ့ ခံစားခံစား ကောင်းတယ် မဟုတ်လား (ကောင်းပါတယ်ဆရာ)။ ကောင်းလိုက်တာ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ ချမ်းသာလိုက်တာ၊ မွန်မြတ်လိုက်တာ၊ အဖိုးတန်လိုက်တာ "အဟော သုခံ" လို့၊ အဋ္ဌကထာဆရာကတော့ "အဟော သုခံ" နဲ့ ညည်းတယ်၊ "အဟော သုခံ = အော် ချမ်းသာလေစွ" နော် (မှန်ပါတယ်ဆရာ)။ ဝမ်းပန်းတသာနဲ့ ပါးစပ်က နှုတ်ကထုတ်ပြီးတော့ ညည်း။ ဒုက္ခဝေဒနာဖြစ်တော့ သိပ့်ါမလား (သိပါတယ်ဆရာ)။ ဘာပြုလို့သိ (ကိုယ်ဆင်းရဲလို့ပါဆရာ)။ ဆင်းရဲပင်ပန်းလို့ နော် (မှန်ပါတယ်ဆရာ)။ ဘယ့်နှယ့်ညည်း (ဆင်းရဲလိုက်တာ ညည်းပါတယ်ဆရာ)။ အော် ဆင်းရဲလိုက်တာလို့ ညည်းတယ်။ ပါဠိလို ညည်းတတ်ရဲ့လား (မညည်းတတ်ဘူးဆရာ)။ သုခတုန်းကတော့ ဘယ်နှယ့် ညည်းတယ် (အဟော သုခံ ပါဆရာ)။ ဒုက္ခကျ ဘယ့်နှယ့် ညည်းပါ့ (အဟော ဒုက္ခံ ပါဆရာ)။ အဲသလိုလုပ်ပါဟ နားလည်ပြီလား (နားလည်ပါပြီဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဒါဖြင့် သုခခံစားတဲ့အခါလည်း မင်းသိမယ်လား (သိပါတယ်ဆရာ)။ ဒုက္ခခံစားရတဲ့အခါလည်း မင်းသိမယ်လား (သိပါတယ်ဆရာ)။ ဥပေက္ခာကြ မင်းသိသေးသလား (မသိပါဘူးဆရာ)။ သိကို မသိနိုင်ဘူးလား၊ သိတော့သိနိုင်သလား (သိနိုင်ပါတယ်ဆရာ)။ ဘယ့်နှယ့်လုပ်သိမတုံး (ဒုက္ခလည်းမဖြစ်၊ သုခလည်း မဖြစ်ပါဘူးဆရာ)။ ဒုက္ခလည်းမဖြစ် သုခလည်းမဖြစ်တဲ့အခါ ဘာမှတ်ရမယ် (ဥပေက္ခာဝေဒနာ မှတ်ရပါမယ်ဆရာ)။ အဲဒါ မလွယ်ဘူးလားဟ (လွယ်ပါတယ်ဆရာ)။ အလွယ်လေးပဲ၊ သုခဖြစ်လည်း မင်းပြတ်ပြတ်သားသား ထင်ထင်ရှားရှားသိတယ်။ ဒုက္ခဖြစ်လည်း ပြတ်ပြတ်သားသား ထင်ထင်ရှားရှား သိတယ်။ သုခလည်း မဖြစ်ဘူး၊ ဒုက္ခလည်း မဖြစ်ဘူးဆို ဥပေက္ခာပဲ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အဲဒါ ဝေဒနာသုံးမျိုးလုံး ရှုကောင်းတဲ့ တရားပါလို့ သတိပဋ္ဌာန်ဝိဘင်္ဂမှာတာကို သေသေချာချာ မှတ်ပါ၊ ဒေသနာလွန်ပြီးတော့ ပြောနေတာ မဟုတ်ဘူး၊ ဒေသနာတော်နှင့် အကိုက် နော် (မှန်ပါတယ်ဆရာ)။ သုခဝေဒနာလည်း ရှုကောင်းပါတယ်။ ဒုက္ခဝေဒနာလည်း

http://www.dhammadownload.com

ရှုကောင်းပါတယ်၊ ဥပေက္ခာဝေဒနာလည်း ရှုကောင်းပါတယ်။ ဝေဒနာမှန်ရင် ရှုကောင်းတာချည်းပဲလို့။ ရှုပြန်တော့ ငါခံစားတယ်၊ သူခံစားတယ်၊ ငါနာတယ်၊ သူနာတယ်၊ ငါကျင်တယ်၊ သူကျင်တယ်၊ ခါးကိုက်တယ်၊ ပေါင်က ကိုက်တယ်၊ ခြေကညောင်းတယ်။ ဒီလိုဆိုရင် ဟုတ်ပါ့မလား (မဟုတ်ပါဘူးဆရာ)။ ဘယ့်နှယ့်နည်းမှ မဖြစ်တော့ဘူး။ ဒီကပြထားတဲ့ ဝေဒနာနုပဿနာနိဒ္ဒေသအဖွင့်နဲ့ဆိုတော့ ဖီလာချည်းဖြစ်နေ။ ဒါ သတိပဋ္ဌာန်နည်းလို့ တိတိကျကျ ဟောထားတဲ့ ဒေသနာအစစ်ကလည်းဖြစ်နေ။ ဒါ့ကြောင့် သတိပဋ္ဌာန်လုံ့လ လေ့လာပွားများတဲ့ပုဂ္ဂိုလ်များဟာ မြတ်စွာဘုရားကိုယ်တော်မြတ် သတိပဋ္ဌာန်နည်းအားဖြင့် ဟောပြန်တော့လည်း ဘာအဓိကထား ဟောသလဲဆိုတာ သဘောလေးတွေ မရိပ်စားမိ။ ဒီရုပ်နာမ်ခန္ဓာပဲ နော် (မှန်ပါတယ်ဆရာ)။ ရုပ်နာမ်ခန္ဓာပဲ မူထားဟောတယ်။ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာသိမှ ဒီလို ရှုရမယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ရုပ်လည်းမသိ၊ နာမ်လည်းမသိ၊ ခန္ဓာလည်းမသိ။ ဘာဝေဒနာဖမ်းနေလို့ ဘာရမှာတုံး။ ဘာထိရောက်မှာတုံး။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါ့ကြောင့် ဒီကပြသွားတဲ့ သဘောလေး သေချာကြည့်။ ခန္ဓာ မူတည်ပြနေတာ။

ဒါကြောင့် ဝေဒနာတစ်လုံး ဖမ်းလိုက်ရင် နာမ်ခန္ဓာလေးချက် ပါပြီးသား ဖြစ်တယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။ နာမ်ခန္ဓာလေးချက် ပါပြီးသားဖြစ်တယ်တဲ့။ နာမ်ခန္ဓာလေးပါးကို ရှုမြင်ပွားများအားထုတ်တဲ့နေရာမှာ အရေးပါအရာရောက်ဆုံးဟာ ဖဿရယ်၊ ဝေဒနာရယ်၊ ဝိညာဏ်ရယ် ဒီသုံးပါးလို့။ ဘာပြုလို့တုံး၊ လူများထင်ရှားနားလည်နိုင်တဲ့ တရားတွေတဲ့။ ဖဿဖြစ်တာလည်း သိနိုင်တယ်၊ ထင်ရှားတယ်။ ဝေဒနာဖြစ်တာလည်းပဲ ထင်ရှားတယ် သိနိုင်တယ်။ ဝိညာဏ်ဖြစ်တာလည်း ထင်ရှားတယ်၊ သိနိုင်တယ်။ မသိနိုင်ဘူးလား (သိနိုင်ပါတယ်ဆရာ)။ အဲဒီလို အသိနိုင်ဆုံး နေရာကနေ "အသီးတစ်ရာ အညှာတစ်ခု၊ တန္ဓယ်ငင် တစင်ပါ"ဆိုတဲ့ အနေအားဖြင့် အဘဘုရားကိုယ်တော်မြတ်က နည်းပေးသွား။ ဖဿရှုစမ်းပါ၊ ဖဿဖမ်းစမ်းပါ၊ ဝေဒနာ ရှုစမ်းပါ၊ ဝေဒနာဖမ်းစမ်းပါ။ ချစ်သားတို့ ချစ်သမီးတို့ သိပါလိမ့်မယ်။ သိကောင်းတဲ့ တရားပါလို့။ ဖြစ်လိုက်ရင် ထင်ရှားပါတယ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဖဿဖြစ်ပုံလည်း ထင်ရှားတဲ့အချက် ပြောခဲ့ပေါ့။ မှတ်မိသေးရဲ့လား (မှတ်မိပါတယ်ဆရာ)။ ဝေဒနာဖြစ်ပုံထင်ရှားတဲ့ အချက်လည်း အခုပြောနေပေါ့။ ဩော် ဝေဒနာ တစ်ချက်ဖြစ်လိုက်ရင် ထင်ရှားတယ်။ ဘာပြုလို့ ငါချမ်းသာရင် ငါသိတာ သူများမေးစရာမလိုဘူး။ ငါ့ကိုယ်ချမ်းသာရင် ငါသိ၏၊ မသိဘူးလား (သိပါတယ်ဆရာ)။ ဒါသုခဝေဒနာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါ သုခဝေဒနာဖြစ်တာ၊ သုခဝေဒနာဖြစ်တယ်ဆိုကတည်းက ထိုဝေဒနာနဲ့ အတူတကွ နာမ်ခန္ဓာလေးချက် သည် ဖြစ်သွားပေါ့။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒီတော့ ခန္ဓာငါးပါး နာမ်ခန္ဓာလေးပါး ရှုပြီးသားဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။ အေး အဲဒါ ခန္ဓာမူတည်ပြနေတာ။ ဒါ့ကြောင့်

http://www.dhammadownload.com

ဝေဒနာနိဒ္ဒေသအဖွင့်မှာ သတိပဋ္ဌာန်ဝိဘင်းမှာ ပြန်ပြီးတော့ကြည့်ကြပါလို့။ စာနိုင်တဲ့ ပုဂ္ဂိုလ်များကို စာမနိုင်တဲ့ပုဂ္ဂိုလ်များကလည်း မေးပါလို့။ သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာန် ဝိဘင်းအဖွင့် ဝေဒနာနုပဿနာ နိဒ္ဒေသ ဘာကိုမူထားပြီးတော့ ဘုရားကိုယ်တော်မြတ် ဟောသလဲ။ တို့လုပ်နေတဲ့ အသိဉာဏ်နဲ့ တို့အယူအဆနဲ့ ပွားများနေတဲ့ လုပ်ငန်းတွေနဲ့ ကိုက်ရဲ့လား မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)။ ကိုက်ရင်လုပ်ပေါ့၊ မကိုက်ရင်ပြန်ပြင်ပေါ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ လောကုတ္တရာစီးပွားရှာတာ မဂ်ဉာဏ် ဖိုလ်ဉာဏ်လိုချင်လို့ရှာတာ။ တစ်ယောက်နဲ့ တစ်ယောက် ပြိုင်ဖို့ ဆိုင်ဖို့ ရှာတာ မဟုတ်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် အနိုင်လုဖို့ ရှာတာမဟုတ်ဘူး။ ဟာ တို့ကမတော်တဆ ရှုံးသွား ရှက်စရာကြီးဟ၊ မတော်တဆ သူတို့က နိုင်သွားရင် တို့ ရှက်စရာကြီးဟ။ တရားနဲ့ပတ်သက်လို့ ဒီသဘောထားရင် သူတော်ကောင်းပညာရှိ တရားရှာတဲ့ ပုဂ္ဂိုလ်အစစ်မဟုတ်ပါဘူး။ အလကားပဲ။ တရားဆိုတဲ့အတိုင်း တယားယားနဲ့လုပ်နေတာ၊ ဟန်ကြီးပန်ကြီးလုပ်တာခေါ်တယ်၊ ဒါကြောင့် တရားနှင့် ပတ်သက်လို့ရှိရင် ယထာဘူတ တိကျမှန်ကန်တဲ့ နိဿည်ကိုမှီးရမယ်၊ ဆည်းပူးအားထုတ်ရမယ်၊ ရှာဖွေရမယ်။ သေချာသထက် သေချာအောင်။ ဒါကြောင့် ဒီနေရာမှာ ဖဿဖမ်းပုံ၊ ဝေဒနာဖမ်းပုံ ဝေဒနာတစ်ချက်မိလိုက်ရင် နာမ်ခန္ဓာလေးချက်ဖြစ်သွားပြီ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ နာမ်ခန္ဓာလေးချက် ဖြစ်သွားတယ်ဆိုတော့ ခန္ဓာငါးပါးမှာ ဘယ်နှစ်ပါး ကျန်တော့လဲ (တစ်ပါးကျန်ပါတော့တယ်ဆရာ)။ ဘာခန္ဓာကျန်နေ (ရူပက္ခန္ဓာပါဆရာ)။ ရူပက္ခန္ဓာကျန်နေတယ် နော် (မှန်ပါတယ်ဆရာ)။ ပေါင်းလိုက်တော့ ခန္ဓာငါးပါး ရှိတယ်မဟုတ်လား (ငါးပါးရှိပါတယ်ဆရာ)။ ခန္ဓာငါးပါးအပြင် ဘာတရားရှိသေးတုံး (ဘာမှမရှိပါဘူးဆရာ)။ ခန္ဓာငါးပါးနဲ့ ဝေဖန်ကြည့်ရင် လောကဓာတ်ကကုန်ရော့ ရှိသေးလား (မရှိတော့ပါဘူးဆရာ)။ မရှိဘူး။ တရားအကြွင်းအကျန်မရှိဘူး။ ခန္ဓာငါးချက်နဲ့ ဝေဖန်လိုက်ရင် ဘာမှမရှိဘူး နော် (မှန်ပါတယ်ဆရာ)။

အဲဒီလို လုံးလုံးကြီး ကုန်ဆုံးသွားရမယ်။ သုံးဆယ့်တစ်ဘုံ အကုန်လုံး ဂွင်းလုံးကျွတ်သွားရမယ်။ ဝေဖန်လိုက်ရင်။ ဒါကြောင့် ဒီနာမ်ခန္ဓာလေးပါး ရုပ်ခန္ဓာတစ်ပါး ပေါင်းလိုက်တော့ ခန္ဓာငါးပါး၊ အဲဒီ ခန္ဓာဝါးပါးမှာ နာမ်ခန္ဓာရှုနည်းဆိုတဲ့ အနေအားဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ချပြီးပြတယ်။ ဒါကြောင့် ဖမ်းကြည့်စမ်း အာရုံ၏အရသာလေး၊ ရူပါရုံ-ခံစားသည်ဖြစ်စေ၊ သဒ္ဒါရုံ-အသံ၏ အရသာလေးခံစားသည်ဖြစ်စေ၊ ဂန္ဓာရုံ-အနံ့၏ အရသာလေးခံစားသည်ဖြစ်စေ၊ ရသာရုံ-အရသာ၏ အရသာလေးခံစားသည်ဖြစ်စေ၊ ဖောဋ္ဌဗ္ဗာရုံ-အတွေ့အထိ အရသာလေးခံစားသည်ဖြစ်စေ၊ ဓမ္မာရုံ-သဘောတရားရဲ့ အရသာလေးခံစားသည်ဖြစ်စေ အာရုံခြောက်ပါး နော် (မှန်ပါတယ်ဆရာ)။ တို့လူတွေ ခံစားတယ်မဟုတ်လား (ခံစားပါတယ်ဆရာ)။ ခံစားတယ် ခံစားတယ်။ ဒီတော့ ကောင်း, မကောင်းဆိုတဲ့

http://www.dhammadownload.com

ဝေဒနာနှစ်မျိုး ထွက်လာလိမ့်မယ်။ ကောင်းလိုက်တာ ကောင်းလိုက်တာ၊ မကောင်းဘူး မကောင်းဘူး ဒီလိုထွက်နေ။ ကောင်းတာခံစားရတော့ ကိုယ်မှာချမ်းသာတယ်၊ မကောင်းတာခံစားရတော့ ကိုယ်မှာ ဆင်းရဲတယ်။ သုခနဲ့ဒုက္ခ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အာရုံခြောက်ပါး ငါခံစားရတဲ့အခါမှာ ကောင်းတာလည်း မဟုတ်ဘူး၊ မကောင်းတာလည်း မဟုတ်ဘူးဆို ဥပေက္ခာ နော် (မှန်ပါတယ်ဆရာ)။ ကုသိုလ်ရုံတို့၊ အကုသိုလ်ရုံတို့၊ အတိကုသိုလ်ရုံတို့၊ ကုသိုလ်မဖျက်တတ်ရုံ တို့ သူ့အာရုံနဲ့သူ သွားကြတာ။ အလိုရှိအပ်သော အာရုံ၊ အလွန်အလွန်အလိုရှိအပ်သော အာရုံ၊ အလိုမရှိအပ်သော အာရုံ၊ အလိုရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်သော အာရုံတို့၊ အာရုံက အများကြီးရှိတယ်၊ အလိုရှိတဲ့ အာရုံကြတော့ ကုသိုလ်ရုံ ခေါ်တယ်၊ နှစ်သက်တယ် ခေါ်တယ်။ အကုသိုလ်ရုံကြတော့ မနှစ်သက်တဲ့ အာရုံခေါ်တယ်။ ကုသိုလ်မဖျက်တတ်ရုံ ကြတော့ နှစ်သက်သည်လည်းမဟုတ်၊ မနှစ်သက်သည်လည်းမဟုတ်ဆိုတဲ့ အာရုံကိုခေါ်တယ်။ အတိကုသိုလ်ရုံကြတော့ အလွန်အလိုရှိအပ်သောအာရုံ။ ဘုရား ရဟန္တာ အစရှိတဲ့ စေတီပုထိုးစသည့် ဒီလိုအာရုံကြတော့ အလွန်အလွန်နှစ်သက်စရာ အာရုံတဲ့ နော် (မှန်ပါတယ်ဆရာ)။ အာရုံက အဲဒီလို သွားသွား၊ သွားသွားနေတော့ တို့ ဒီခုပြောနေတဲ့ အာရုံတွေနဲ့ မင်းတို့ ငါတို့တွေ၊ တွေ့တိုင်း တွေ့တိုင်း ခံစားမှုသဘောလေးတွေက ပေါ်ပေါ်လာတဲ့ ဝေဒနာပဲ။ ခံစားမှုသဘောလေးတွေ ပေါ်လာပြီဆိုမှဖြင့် ခံစားလို့ ကောင်းလိုက်တာဆို သုခ နော် (မှန်ပါတယ်ဆရာ)။ ဒီအာရုံခံစားရတာ ကောင်းကို မကောင်း ပါဘူး ဒုက္ခ နော် (မှန်ပါတယ်ဆရာ)။ သုခလည်းမဟုတ်၊ ဒုက္ခလည်းမဟုတ်ဆို ဥပေက္ခာ၊ အဲဒါ ကိုယ်တိုင် အားဖြင့် ဖြစ်တိုင်း ဖြစ်တိုင်း ဖမ်းကြည့်စမ်း။ ဝေဒနာတစ်ချက်ဖြစ်လိုက် နာမ်ခန္ဓာ လေးချက်ပါသွားတယ်၊ မပါဘူးလား (ပါသွားပါတယ်ဆရာ)။ အဲဒါ ဝေဒနာတစ်ချက်ဖြစ်ရင် နာမ်ခန္ဓာ လေးချက် ပါပုံလေးကို မှတ်ထား။ ဒါကြောင့် ဖဿတုန်းကလည်း ဖဿပဉ္စမကတရားခေါ်တယ်။ ဝေဒနာကျလည်း ဖဿ ပဉ္စမကတရားခေါ်တယ်။ ဝိညာဏ်ကျလည်း ဖဿပဉ္စမကတရားခေါ်တယ်။ မြန်မာလိုပြန်တော့ ဖဿနဲ့ ငါးခုပေါင်း တရားတဲ့။ ဝေဒနာကျလည်း ဖဿနဲ့ ငါးခုပေါင်းတရားတဲ့၊ ဝိညာဏ်ကျလည်း ဖဿနဲ့ ငါးခုပေါင်း တရားတဲ့။ ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ စေတနာရယ်၊ ဝိညာဏ်ရယ် သူ့ခေါင်းစဉ် လေးတိုင်း ကြည့်လိုက်စမ်း။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဝိညာဏ်၊ ရေလိုက်စမ်း (ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဝိညာဏ်) မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဒါ ဘာတရားခေါ် (နာမ်ခန္ဓာတရားပါဆရာ)။ နာမ်ခန္ဓာလေးပါး တရားလား (မှန်ပါတယ်ဆရာ)။

အေး - ဒီ နာမ်ခန္ဓာလေးပါးတရားထဲမှာ ဘယ်နှစ်ပါးကို မြတ်စွာဘုရားကိုယ်တော်မြတ်က မူထားပြီးတော့ အဓိကထားဟောတယ် (ဖဿရယ်၊ ဝေဒနာရယ်၊ ဝိညာဏ်ရယ်ပါဆရာ)။ အေး ဟုတ်ပြီ။ ဘာပြုလို့ ဒီသုံးပါးကို အဓိကထားဟောတုံး (အသိနိုင်ဆုံးမို့လို့ပါဆရာ)။ အေး- အသိနိုင်ဆုံးမို့

http://www.dhammadownload.com

အထင်ရှားဆုံးမို့လို့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် မနေ့ညက တို့များ ပြသွားတာ ဝေဒနာ ထင်ရှားတဲ့ တရားမို့လို့ "ယဿ ဝေဒနာ ပါကဋ္ဌာ ဟောတိ သောပိ "နု ကေဝလံ ဝေဒနာဝ ဥပ္ပဇ္ဇတိ၊ တာယ သဒ္ဒိံ တဒေဝါရမ္မဏံ ဖုသမာနော ဖဿောပိ ဥပ္ပဇ္ဇတိ၊ သဉ္ဇာနနမာနာ သညာပိ စေတယမာနာ စေတနာပိ ဝိဇာနနမာနံ ဝိညာဏမ္ပိ ဥပ္ပဇ္ဇတီ"တိ ဖဿပဉ္စမကေယေဝ ပရိဂ္ဂဏှာတိ"၊ ဖဿတိုင်းသွား။ ယဿ၊ အကြင် ပုဂ္ဂိုလ်သည်။ ဝေဒနာ၊ ဝေဒနာသည်။ ပါကဋ္ဌာ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ သောပိ၊ ထိုပုဂ္ဂိုလ်သည်လည်း။ ဝေဒနာဝ၊ ဝေဒနာသည်သာလျှင်။ ကေဝလံ၊ သက်သက်။ နု ဥပ္ပဇ္ဇတိ၊ မဖြစ်။ တေန၊ ထိုဝေဒနာနှင့်။ သဒ္ဒိံ၊ အတူတကွ။ တဒေဝါရမ္မဏံ၊ ထိုအာရုံကိုသာလျှင်။ ဖုသမာနော၊ တွေ့ထိတတ်သော။ ဖဿောပိ၊ ဖဿသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝေဒနာဖြစ်ပြီဆို ဖဿလဲ ဖြစ်ကရောတဲ့၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ သဉ္ဇာနနမာနာ၊ မှတ်သားတတ်သော။ သညာပိ၊ သညာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စေတယမာနာ၊ စေ့ဆော်တတ်သော။ စေတနာပိ၊ စေတနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိဇာနနမာနံ၊ သိတတ်သော။ ဝိညာဏမ္ပိ၊ ဝိညာဏ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဖဿပဉ္စမကယေဝေ၊ ဖဿနှင့်တကွ ငါးခုသော တရားတို့ကိုသာလျှင်။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။ သိမ်းဆည်းစမ်းပါတဲ့၊ ပွားများစမ်းပါ၊ အားထုတ်စမ်းပါတဲ့။ ဒါ ခန္ဓာပြတယ် ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ ခန္ဓာဖွဲ့လိုက်တော့ ခန္ဓာလေးပါးရတယ်။ နာမ်ခန္ဓာလေးပါး ဖြစ်တယ်။ ဒါကြောင့် ဝေဒနာတစ်လုံးရှုရင် နာမ်ခန္ဓာလေးလုံးရှုပြီးသားဖြစ်တယ်။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ နားလည်ရဲ့လား (လည်ပါပြီဆရာ)။ ဝေဒနာတစ်လုံးရှုလိုက်ရင် ဘာဖြစ်တယ် (နာမ်ခန္ဓာလေးပါးပါပြီးသားဖြစ်ပါတယ်ဆရာ)။ နာမ်ခန္ဓာလေးပါးရှုပြီးသားဖြစ်တယ်လား (မှန်ပါတယ်ဆရာ)။ ဟုတ်ကောဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ။ ဒါဖြင့် တို့ ဝေဒနာလက်စသတ်ကြစို့ -

ဝိညာဏ်သွားကြစို့နော် (မှန်ပါတယ်ဆရာ)။ ဝိညာဏ်ကြလည်း ဒီလိုပဲတဲ့ ကြည့်ကြည့်။ သမာဓိလည်း ကောင်းကောင်းထား။ မင်းတို့ ငါတို့ မျက်စိရယ်, နားရယ်, နှာခေါင်းရယ်, လျှာရယ်, ကိုယ်ရယ်, စိတ်ရယ်, ခြောက်ဌာနနော်။ ဝိညာဏဓာတ်ကလေးတွေ အသီးသီးဖြစ်။ အတိုက်ဓာတ်နဲ့ အခံဓာတ် နှစ်ပါးတိုက်လိုက်။ စက္ခုပသာဒ ရှုပါရုံတိုက်။ တိုက်လိုက်တော့မြင်ရော့ မမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ မြင်လိုက်သည်နှင့်တစ်ပြိုင်နက် နားလည်အောင် ပြောကြစို့ကွာ။ မင်းလမ်းဘက် လှည့်ထိုင်နေ၊ လမ်းလူတစ်ယောက် လျှောက်သွားတာ မောင်ဖြူတဲ့ နော် (မှန်ပါတယ်ဆရာ)။ မင်းသိဘူးတယ်။ မောင်ဖြူနဲ့ တော်တော်လေး ရင်းရင်းနှီးနှီး သိဘူးတယ်။ မင်းမျက်စေ့အောက်တွင် မောင်ဖြူက လျှောက်လာတော့ မင်းက ကြည့်လိုက်တော့ မြင်ရော့လား (မြင်ပါတယ်ဆရာ)။ မြင်မြင်ချင်း ဘယ်သူလို့

http://www.dhammadownload.com

သိတုံးဟ (မောင်ဖြူလို့သိပါတယ်ဆရာ)။ မောင်ဖြူလို့သိတယ် (မှန်ပါတယ်ဆရာ)။ လူလို့သိ (သိပါတယ်ဆရာ)။ ယောက်ျားလို့သိ (သိပါတယ်ဆရာ)။ မောင်ဖြူလို့သိ (သိပါတယ်ဆရာ)။ ဘယ်သူ့သားလို့သိ (သိပါတယ်ဆရာ)။ တောက်လျှောက်ကြီး အကုန်လုံးမသိဘူးလား (သိပါတယ်ဆရာ)။ မြင်မြင်ချင်းသိတာ နော် (သိပါတယ်ဆရာ)။

အဲဒါ စဉ်းစားကြည့်, စဉ်းစားကြည့်။ တရားဆိုတာ မျက်စေ့က ကြည့်လည်း တရားပါသွားတာ၊ နားကကြားလဲ တရားပါသွားတာ၊ နှာခေါင်းက နံလဲ တရားပါသွားတာ။ တရားလုပ်တတ်ရင် မျက်စေ့က မြင်လိုက်ရင် မောင်ဖြူလို့ မြင်သည်နှင့် တစ်ပြိုင်နက် ဒါ မောင်ဖြူပဲဟ၊ ဒါမောင်ဖြူပဲဟလို့ သိတဲ့အထဲမှာ မောင်ဖြူသည် ဘယ်သူ့သား ဘယ်ဝါသား ဘယ်အရပ်ထဲက ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ မောင်ဖြူသည် လူပဲ, ယောက်ျားပဲ, မောင်ဖြူသည် ဘယ်အရပ်ထဲက ဘယ်သူ့သား, ဘယ်ဝှာသား, မောင်ဖြူပဲ အဓိပ္ပာယ်လေးတွေ စုံစုံလင်လင် တစ်ပြိုင်တည်း သိမသွားဘူးလား (သိသွားပါတယ်ဆရာ)။ ဒါသိမှုခေါ်တယ်။ အဲ့ဒါ သိစိတ်, အင်မတန်မြန်တာ။ မင်းတို့ ငါတို့ မျက်စေ့က ဘွားကနဲမြင်လိုက်ရင် သိပြီးသားဖြစ်နေတော့ မြင်တာနဲ့ သိတာ တစ်ပြိုင်နက်ကြီးထင်နေတာ နော် (မှန်ပါတယ်ဆရာ)။ ဒီတစ်လုံးထဲမှတ်နေ။ မြင်တာလည်း ဒါပဲ၊ သိတာလည်း ဒါပဲ ဒီလိုမှတ်နေတာမဟုတ်ပါဘူး၊ စက္ခုပသာဒနဲ့ရူပါရုံတိုက်စခဏတုန်းက မြင်ဆဲဆိုတဲ့ မြင်လိုက်တဲ့ အမြင်ကလေးကတစ်ကန့် နားလည်းလား (နားလည်ပါတယ်ဆရာ)။ အမြင်လေးတော့ ဘာစိတ်ခေါ်တယ် (စက္ခုဝိညာဏ်ပါဆရာ)။ မြန်မာလိုကတော့ (မြင်စိတ်ပါဆရာ)။ အေး - မြင်စိတ်ပဲ၊ သိစိတ်မပါသေးဘူး နော် (မပါသေးပါဘူးဆရာ)။ ပြီးတော့မှ ငါခုန ပြောသလို မောင်ဖြူ လူပဲ၊ ယောက်ျားပဲ၊ ဘယ်အရပ်က ဘယ်သူသားဟုတ်လား (မှန်ပါတယ်ဆရာ)။ ဘယ်အချိုး ဘယ်အစား ဘယ်အမျိုး ဘယ်အစား ဒါတွေ သိမသွားဘူးလား (သိသွားပါတယ်ဆရာ)။ အဲဒါက သိစိတ်လို့ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ မြင်စိတ်နဲ့ သိစိတ် တစ်ထပ်တည်းလို့ မထင်ရဘူးလား (ထင်ပါတယ်ဆရာ)။ မြင်လိုက်ရင် သိပြီးသားဖြစ်လို့၊ ဒါပေမဲ့ မဟုတ်ဘူးနော်။ သေချာမှတ်ကြ။ မြင်စိတ်ကလေးက တစ်ကန့်၊ သိစိတ်ကလေးက တစ်ကန့်။ ဒါကြောင့် စက္ခုပသာဒနဲ့ရူပါရုံ နှစ်ပါး ပေါင်းစုံပြီးတော့ စက္ခုဝိညာဏ် မြင်စိတ် ဖြစ်၏။ စက္ခုဝိညာဏ်တင်ပြထားတာ။ သိစိတ်မပါဘူး နော် (မှန်ပါတယ်ဆရာ)။ ဒါက ဟိုမှာ တရားသုံးခု ပေါင်းပုံလေးပြထားတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဖဿပြစဉ်အခါတုန်းက တရားသုံးခုပေါင်းနည်းလေး ပြထားတာ။ စက္ခုပသာဒနဲ့ရူပါရုံ နှစ်ပါးဆုံတော့ မြင်တယ်။ မြင်ကာမတ္တဆိုတဲ့ စက္ခုဝိညာဏ်စိတ်ကလေး ပေါ်လာ။ ဒါမြင်စိတ်ကလေး အဲဒီ မြင်စိတ်ကလေးက မြင်တာပဲရှိတယ်၊ သိတာမပါသေးဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ပြီးတော့မှ သိစိတ်တဲ့ မြင်ပြီးမှ သိစိတ်ဆိုတာ ခုန ငါပြောသလို မောင်ဖြူဆိုတာ

http://www.dhammadownload.com

လူပဲ, ယောကျ်ားပဲ, ဘယ်သူ့သားပဲ, ဘယ်ဖာသားပဲ, ဘယ်အရပ်ထဲမှာ ဘာလုပ်တာ, သူ့သဘော ဘယ်နဲ့ စသည်အားဖြင့် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါ ခဏလေးသိသွားရင် ဒီအဓိပ္ပာယ်လေး မသိသွားဘူးလား (သိသွားပါတယ်ဆရာ)။ ဒီတော့ မြင်စိတ်ကလေးနဲ့ သိစိတ်ကလေး ရှေ့နောက်ဖြစ်နေတဲ့ သဘောလေးဟာ အင်မတန်လျင်မြန်တော့ ဘယ်နှယ်နေသလဲဆိုရင် မြင်လိုက်ရင် သိပြီးသားဖြစ်နေတယ်။ ဒီလိုမနေဘူးလာဟ (မှန်ပါတယ်ဆရာ)။ မြင်လိုက်ရင် သိပြီးသားဖြစ်နေတယ်။

ဒါကြောင့် မြင်စိတ်က တစ်ကန့်၊ သိစိတ်က တစ်ကန့်လို့ ဒီနှစ်ပါး မှတ်ထား။ မြင်ကာမျှသာ အဓိပ္ပာယ်မပါဘူးခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ မြင်ကာမျှသာလေးသည် အဓိပ္ပာယ်မပါဘူး။ ဒါကြောင့် တစ်ခါတစ်လေ ဒီလိုပဲ ဝိုးတိုးဝါးတား မြင်လိုက်တဲ့အခါ သေသေချာချာ မြင်လိုက်တဲ့ ရူပါရုံရဲ့ အဓိပ္ပာယ်တွ သိမှုဆိုတဲ့ သိစိတ်က မပါတော့မေးတယ်။ ဒီနား ဘယ်သူ ရောက်သွားတာ ထင်တုံး ဟင်၊ အမှတ်တမဲ့ မြင်သလိုပဲ ရှိတယ်လို့အထင်နဲ့ ပြောလိုက်တာနော် (မှန်ပါတယ်ဆရာ)။ ဒါနဲ့ သူတိုးချဲ့ဖြစ်တော့ မြင်လိုက်တယ်ပေါ့လေ။ မြင်ကာမျှမတွ်လို့ မြင်လိုက်၊ မြင်သလိုလိုတော့ ရှိတယ်။ သေသေချာချာတော့ မပြောတတ်ဘူး၊ အမှတ်တမဲ့ပဲ။ အဲဒါ သိစိတ်ဖြစ်ရာမှာ မသေချာဘူး ခေါ်တယ်။ မြင်စိတ်ကလေးတော့ ဖြစ်လိုက်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် မြင်စိတ်နဲ့ သိစိတ်သည် တခြားစီ။ အင်မတန်မြန်နေတော့ မြင်လိုက်ရင် သိပြီးသားဖြစ်တယ်။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မြင်လိုက်ရင် သိပြီးသားဖြစ်တယ်၊ သိဆိုတဲ့ စိတ်ကလေးရဲ့ အဓိပ္ပာယ်ပြောစမ်းပါဆိုတော့ မြင်တဲ့ ရူပါရုံရဲ့ အဓိပ္ပာယ်တွ အကုန်သိသွားတယ်ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ ခုန ငါပြောတဲ့ ဥပမာလေး ပြန်ကြည့်။ မင်းလမ်းဘက်လှည့်နေတယ်၊ မင်းသူငယ်ချင်းမောင်ဖြူလျှောက်လာတယ်၊ မြင်လိုက်သည်နဲ့ တစ်ပြိုင်နက် သိစိတ်က ကပ်လျက်သား ပါသွားတော့ သိမှုလေးက ဘယ့်နှယ့်နေ။ လူပဲ, ယောကျ်ားပဲ, မောင်ဖြူပဲ, ဘယ်အရပ်က ဘယ်သူ့သား ဘာလုပ်တာ။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ သိမသွားဘူးလား (သိသွားပါတယ်ဆရာ)။ အဲဒါ သိစိတ် နော် (မှန်ပါတယ်ဆရာ)။ အဲဒီ သိစိတ်ဖြစ်တာ မထင်ရှားဘူးလားကွ (ထင်ရှားပါတယ်ဆရာ)။ ထင်ရှားတယ်။ ဘာပြုလို့ မျက်စေ့က မြင်သိကြတာချည်းပဲ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ နားကြတော့ (သိတာပါပဲဆရာ)။ နှာခေါင်းက နံတော့ကော (သိတာပါပဲဆရာ)။ နားက ကြားတဲ့ သဒ္ဒဆိုတဲ့ အာရုံရဲ့ အဓိပ္ပာယ်တွ သိတာပဲ နော် (သိတာပါပဲ ဆရာ)။

လမ်းကလူက လှမ်းခေါ်လိုက်တော့၊ မင်းနားထဲ ကြားလိုက်တယ် ဟိုကသဒ္ဒ အသံရုပ်။ ဒီက သောတပသာဒရုပ်တိုက်လိုက်တယ်၊ ရှေးဦးမဆွ ကြားစိတ် သောတဝိညာဏ်စိတ်ဖြစ်တယ်။ ပြီးတော့မှ နောက် သိစိတ်။ အခု ငါ့လှမ်းခေါ်တာ ဘယ်သူပဲဟေ့ ဟိုက လှမ်းခေါ်လိုက်တယ်။ လူတော့ မမြင်ဘူး။

http://www.dhammadownload.com

တစ်အိမ်ကျော်ကနေ 'သန်းဖေ'ရေလို့ ခေါ်လိုက်တယ်။ ခေါ်လိုက်တဲ့အသံ မင်းကြားရင်၊ ငါခေါ်တာ ဘယ်သူပဲဟော့လို့ မသိဘူးလား (သိပါတယ်ဆရာ)။ သိစိတ်နော် (မှန်ပါတယ်ဆရာ)။ သိစိတ်ပဲတဲ့၊ နောက်တစ်ခါ နှာခေါင်း အနံ့ကလေး နံပြန်တော့ ဒီလိုပဲ။ ဒါ စံပယ်လေး၊ ဒါ နှင်းပန်းလေး၊ ဒါ နှင်းဆီ၊ ဒါ ကရမက်၊ ဒါ အကြော်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ မသိဘူးလား (သိပါတယ်ဆရာ)။ ဝေဖန်ပြီးသိသွားတာ သိစိတ်ကလေး ဟုတ်လား (မှန်ပါတယ်ဆရာ)။ လျှာပေါ်တင်လိုက်ပြန်တော့ လည်းပဲ အချို့, အချဉ်, အငန်, အစပ်, အဖန်, အခါး။ ဒါက ဘာသီးတဲ့၊ ဒါက ဘာအရသာ၊ ဒါဘယ်လိုနေတယ်နဲ့ မသိဘူးလား (သိပါတယ်ဆရာ)။ သိမှုလေး သိမှုလေး။ ကိုယ်ထိပြန်လည်းပဲ ပူတယ်, အေးတယ်, နူးညံ့တယ်, ချောတယ်, ကြမ်းတယ်ဆိုတဲ့ အသိဓာတ်တွေ မပါဘူးလား (ပါ,ပါတယ်ဆရာ)။

ဓမ္မာရုံအနေအားဖြင့် စိတ်ကူးအနေအားဖြင့် စဉ်းစားပြန်တော့ စဉ်းစားတဲ့လမ်းစဉ်ကြီးတွေ လျှောက်လျှောက်ပြီးတော့ သိမှုလေးတွေ ပါ,ပါမသွားဘူးလား (ပါသွားပါတယ်ဆရာ)။ သိမှုခြောက်ခု။ ဒါကြောင့် စက္ခုပသာဒ ရူပါရုံ စက္ခုဝိညာဏ် တရားသုံးခု ဒီလိုပဲ သုံးလုံးတွဲ သုံးလုံးတွဲသွားတယ်။ သုံးလုံးတွဲသွားတော့ ဒီ "သိတယ် သိတယ်"ဆိုတဲ့ သဘောလေးတွေ အာရုံခြောက်ပါးနဲ့ တို့တွေ့သမျှ ကာလပတ်လုံး မသိတဲ့အခါရယ်မရှိဘူး၊ သိတဲ့အခါတွေချည်းပဲ မသိဘူးလား (သိပါတယ်ဆရာ)။ အဲဒါ ဝိညာဏ် နော် (မှန်ပါတယ်ဆရာ)။ ဒါလည်း ထင်ရှားတယ် မဟုတ်လား (ထင်ရှားပါတယ်ဆရာ)။ တရားနားမလည်လို့ မရှုရင်သာနေရမယ်၊ တရားနားလည်ထားပြီဆိုမှဖြင့် ရှုရအောင်မတန်လွယ်ပါတယ်။ မြင်လို့သိရင် ဝိညာဏ်ဖြစ်သွားပြီ။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ကြားလို့သိရင် ဝိညာဏ်ဖြစ်သွားပြီ။ နံလို့သိရင် ဝိညာဏ်ဖြစ်သွားပြီ။ စားလို့သိရင် ဝိညာဏ်ဖြစ်သွားပြီ။ ထိလို့သိရင် ဝိညာဏ်ဖြစ်သွားပြီ။ ကြံစည်စိတ်ကူးလို့သိရင် ဝိညာဏ်ဖြစ်သွားပြီ၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ သိကောသိနိုင်ရဲ့လား (သိနိုင်ပါတယ်ဆရာ)။ သိနိုင်တယ် နော် (မှန်ပါတယ်ဆရာ)။

ဒီတော့ ဘယ့်နယ့်နေလဲဆိုတော့ တရားသုံးလုံးကကွယ် သိပ်ပြီးတော့ မကွာလှဘူး။ ဒီတော့ ဘယ့်နယ်လုပ်ရမတုံး၊ မြင်လိုက်ရင် ဝိညာဏ်ဖြစ်ပေါ့။ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)။ ကြားလိုက်ရင် ဝိညာဏ်ဖြစ်ပေါ့၊ နံလိုက်ရင် ဝိညာဏ်ဖြစ်ပေါ့၊ စားလိုက်ရင် ဝိညာဏ်ဖြစ်ပေါ့၊ ထိလိုက်ရင် ဝိညာဏ်ဖြစ်ပေါ့၊ ကြံစည်လိုက်ရင် ဝိညာဏ်ဖြစ်ပေါ့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ မလွယ်လားကွယ် (လွယ်ပါတယ်ဆရာ)။ ဒါကြောင့် "ယဃ ဝိညာဏံ ပါကဋံ ဟောတိ" ယဿ၊ အကြင် ပုဂ္ဂိုလ်အား။ ဝိညာဏ်၊ ဝိညာဏ်သည်။ (ဝါ) သိမှုလေးသည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ မသိတဲ့ဟာတော့ ထည့်မပြောနဲ့။ တစ်ခါတစ်လေ မသိတာလည်းပါမှာပေါ့။ ဒီလိုမဟုတ်လား (မှန်ပါ

http://www.dhammadownload.com

တယ်ဆရာ)။ ဒါပေမဲ့ အာရုံခြောက်ပါးနဲ့ အတိုက်မှာတော့, အခံမာတ်ခြောက်ပါးနဲ့ တိုက်တိုင်း တိုက်တိုင်း ဒီသိမှု ခြောက်ခုကတော့ မသိတဲ့လူရယ်လို့ ခပ်ရှားရှား။ မသိတဲ့အခါလည်း မသိဘူးပေါ့လို့ မသိတာ နည်းတယ်။ ဘာကြောင့်တုံး မျက်စေ့မြင်သိပြီးသား၊ နားက ကြားသိပြီးသား၊ နှာခေါင်းက နံ သိပြီးသား၊ လျှာ စားသိပြီးသား၊ ကိုယ် ထိသိပြီးသား၊ စိတ်ထဲက ကြံစည်စဉ်းစား သိပြီးသား။ ဒီသိမှုခြောက်ခုရှိလို့ လည်းပဲ လှုပ်လှုပ်ရှားရှားနဲ့ သွားလာပြီးတော့ လောကကြီး လူတစ်လုံး သူတစ်လုံးလုပ်ပြီးတော့ ရောင်းဝယ်ဖောက်ကား စားသောက်ပြီးတော့ နေကြထိုင်ကြတာပေါ့လို့။ ဒါနဲ့ သွားလာ နေကြတာနော် (မှန်ပါတယ်ဆရာ)။ ဒီသိမှုခြောက်ခု ပြုတ်သွားရင် လူဟုတ်ပါ့မလား မဟုတ်နိုင်ဘူး၊ လူဖြစ်နိုင်ပါ့မလား မဖြစ်နိုင်ဘူး။ တုံးတိုင်နဲ့မခြားပါဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သိမှုခြောက်ခုက အင်မတန်အရေးပါ အရာရောက်တဲ့ တရားခြောက်ခုခေါ်တယ်။

ဒါကြောင့် သိမှုခြောက်ခု ဖြစ်လာလို့ရှိရင်ဖြင့် မျက်စေ့က ဖြစ်လိုက်ဖြစ်လိုက်၊ နားက ဖြစ်လိုက်ဖြစ်လိုက်၊ နှာခေါင်းက ဖြစ်လိုက်ဖြစ်လိုက်၊ လျှာမှာ ဖြစ်ဖြစ်၊ ကိုယ်မှာ ဖြစ်ဖြစ်၊ စိတ်မှာ ဖြစ်ဖြစ် ဖြစ်ရာအရပ်ကနေပြီးတော့ သိမှုလေး ဖြစ်သွားပေါ့တဲ့ မြန်မာလို၊ ပါဠိလို "ဝိညာဏံ" ဖြစ်သွားပေါ့တဲ့။ ဝိညာဏ် ဖြစ်သွားပြီဆိုကတည်းက နာမ်ခန္ဓာလေးချက်ပါသွားပြီ။ နာမ်ခန္ဓာလေးချက် ဖြစ်သွားပြီ နော် (မှန်ပါတယ်ဆရာ)။ အင်မတန်တန်ဖိုးရှိတဲ့အခန်းပါ။ သမာဓိလည်း ကောင်းကောင်းထား။ သေချာလည်း မှတ်။ "ယဿ ဝိညာဏံ ပါကဋံ ဟောတိ၊ သောပိ "နံ ကေဝလံ ဝိညာဏံဝ ဥပ္ပဇ္ဇတိ၊ တေန သဒ္ဒိံ တဒေဝါရမ္မဏံ ဖုသမာနော ဖဿောပိ ဥပ္ပဇ္ဇတိ အနုဘဝမာနာ ဝေဒနာပိ သဉ္ဇာနနမာနာ သညာပိ စေတယမာနာ စေတနာပိ ဥပ္ပဇ္ဇတီ"တိ ဖဿပဉ္စမကေယေဝ ပရိဂ္ဂဏှာတိ။" နော် (မှန်ပါတယ်ဆရာ)။ ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ် နေရာချင်းလဲကြတယ်။ ဒီတရားငါးလုံးက ဒီတရားငါးလုံးပဲ။ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒီတရားငါးလုံးက ငါးလုံးပဲ။ ဘာမှမထူးဘူး။

ဒါကြောင့် ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဝိညာဏံ၊ သိမှုကလေးသည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ သောပိ၊ ထိုပုဂ္ဂိုလ်သည်လည်း။ ကေဝလံ၊ သက်သက်။ ဝိညာဏံဝ၊ သိမှုလေးတစ်ခု သည်သာလျှင်။ နံ ဥပ္ပဇ္ဇတိ၊ မဖြစ်။ သိမှုလေးတစ်ခုတည်းနဲ့ ဘယ့်နှယ့်နည်းနဲ့မှဖြစ်ကိုမဖြစ်ဘူးတဲ့။ နို့ ဘယ်သူတွေနဲ့ တွဲဖြစ်လဲ။ တေန၊ ထိုဝိညာဏ်နှင့်။ သဒ္ဒိံ၊ အတူတကွ။ တဒေဝါရမ္မဏံ၊ ထိုအာရုံကို။ ဖုသမာနော၊ တွေ့ထိတတ်သော။ ဖဿောပိ၊ ဖဿသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အနုဘဝမာနာ၊ ထိုအာရုံ၏ အရသာခံစားတတ်သော။ ဝေဒနာပိ၊ ဝေဒနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သဉ္ဇာနနမာနာ၊ ပိုင်းခြားမှတ်သားတတ်သော။ သညာပိ၊ သညာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စေတယမာနာ၊ စေ့ဆော်တိုက်တွန်းတတ်သော။ စေတနာပိ၊ စေတနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဖဿပဉ္စမ

http://www.dhammadownload.com

ကေယေဝ၊ ဖဿနှင့်တကွ ငါးခုသော တရားတို့ကိုသာလျှင်။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။

တရားငါးလုံး ဘယ်နှစ်လုံးတုံး (ငါးလုံးပါဆရာ)။ ဘယ်သူ ဘယ်သူတွေတုံး (ဝိညာဏ်ရယ်) ဟုတ်ပြီ၊ (ဖဿရယ်) ဟုတ်ပြီ၊ (ဝေဒနာရယ်) ဟုတ်ပြီ၊ (စေတနာရယ်) ဟုတ်ပြီ၊ (သညာရယ်ပါဆရာ)။ ဟဲ့ ဟုတ်ပြီ ဟုတ်ပြီ။ ငါမှားသွားတယ်။ သညာရယ် ပြီးတော့ (ကုန်ပါပြီဆရာ)။ ဟောဗျာ ပြန်လုပ်စမ်းပါအုံး (ဝိညာဏ်ရယ်၊ ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ စေတနာရယ်)၊ ဘယ်နှစ်လုံးတုံး (ငါးလုံးပါဆရာ)။ အေး ဟုတ်ပြီ။ ဝိညာဏ်ကို ထိပ်က တင်လိုက်တာပေါ့ နော် (မှန်ပါတယ်ဆရာ)။ ငါးလုံးမဟုတ်ဘူးလား (ငါးလုံးပါပဲဆရာ)။ ငါလုံးဖြစ်တယ်။ ခန္ဓာဘယ်နှစ်ပါးရတယ် (လေးပါးရပါတယ်ဆရာ)။ ဝိညာဏ်က ဘာခန္ဓာတုံး ထိပ်ဆုံးက (ဝိညာဏက္ခန္ဓာပါဆရာ)။ ဟုတ်ပြီ။ ဖဿက ဘာခန္ဓာတုံး (သခ်ါရက္ခန္ဓာပါဆရာ)။ ဝေဒနာက ဘာခန္ဓာတုံး (ဝေဒနာက္ခန္ဓာပါဆရာ)။ သညာက ဘာခန္ဓာတုံး (သညာက္ခန္ဓာပါဆရာ)။ စေတနာက ဘာခန္ဓာတုံး (သခ်ါရက္ခန္ဓာပါဆရာ)။ အေး - ဖဿနဲ့ စေတနာက သခ်ါရက္ခန္ဓာ နှစ်လုံး (မှန်ပါတယ်ဆရာ)။ နာမ်ခန္ဓာလေးပါး မနေဘူးလား (လေးပါးပါဆရာ)။ အေး နာမ်ခန္ဓာလေးပါး။

ဒါကြောင့် ဒီ အခုနပြောတဲ့ မျက်စေ့ရယ်, နားရယ်, နှာခေါင်းရယ်, လျှာရယ်, ကိုယ်ရယ်, စိတ်ရယ်,ဆိုတဲ့ ခြောက်ဌာနမှာ မိမိတို့ အသိဓာတ်ကလေး တဖျတ်ဖျတ်နဲ့ ပေါ်လာတိုင်း ပေါ်လာတိုင်း ပေါ့ ဖမ်းကြည့်စမ်း။ သိမှုလေးတစ်ခု ပေါ်လိုက် မျက်စေ့က သိမှုလေးတစ်ခု မြင်လိုက်လို့ သိသွားရင် မြင်သိစိတ် နော် (မှန်ပါတယ်ဆရာ)။ မြင်သိစိတ်ကလေးပေါ်လိုက်ရင် ဘယ့်နှယ့် အောက်မေ့ရမယ် (တရားငါးပါး ပေါင်းမိသွားပြီလို့ အောက်မေ့ပါမယ်ဆရာ)။ ဟောဗျာ နာမ်ခန္ဓာလေးပါး လုပ်စမ်းပါဟ။ မြင်သိစိတ်ကလေးပေါ်လိုက်ရင် ဘယ်နှယ့်အောက်မေ့ရမယ် (နာမ်ခန္ဓာလေးပါး ပေါင်းပြီးသားဖြစ်သွားပါတယ်ဆရာ)။ နာမ်ခန္ဓာလေးပါး ဖြစ်သွားပြီ၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ မြင်သိစိတ်ကလေး ပေါ်လိုက်ရင် ဘယ်နှယ့် (နာမ်ခန္ဓာလေးပါးဖြစ်သွားပါပြီဆရာ)။ ကြားသိစိတ်ကလေး ပေါ် (နာမ်ခန္ဓာလေးပါးဖြစ်သွားပါပြီဆရာ)။ နံသိစိတ်ကလေး ပေါ်လိုက်ရင် (နာမ်ခန္ဓာလေးပါး ဖြစ်သွားပါပြီဆရာ)။ စားသိစိတ်ကလေးပေါ်လိုက်ရင် (နာမ်ခန္ဓာလေးပါး ဖြစ်သွားပါတယ်ဆရာ)။ ထိသိစိတ်ကလေးပေါ်လိုက်ရင် (နာမ်ခန္ဓာလေးဖြစ်သွားပါတယ်ဆရာ)။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဝေဒနာ, သညာ, သခ်ါရ, ဝိညာဏ်,ဆိုတဲ့ ခန္ဓာလေးပါး၊ နာမ်တရား ဒီခန္ဓာလေးပါးပဲရတယ်။ နာမ်တရားတွေ အကုန်ပေါင်း ခန္ဓာလေးပါး ရ၏။ နာမ်တရားနယ်က နာမ်တရားကုန်မသွားဘူးလား (ကုန်သွားပါတယ်ဆရာ)။ နာမ်တရား ဘယ်လောက်ရှိတယ် (ငါးဆယ်နဲ့သုံးပါးပါဆရာ)။ ငါးဆယ်နဲ့သုံးပါး မှတ်မိ

http://www.dhammadownload.com

သေးရဲ့လား (မှတ်မိပါတယ်ဆရာ)။ ငါးဆယ်နဲ့သုံးပါးက ဘယ်သူ ဘယ်သူတွေတုံး (မခွဲတတ်ဘူးဆရာ)။ ဟော စေတသိက်က ငါးဆယ်နှစ်ပါး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ စေတသိက်က ငါးဆယ့်နှစ်ပါး နော် (ငါးဆယ့်နှစ်ပါဆရာ)။ ငါးဆယ်နဲ့သုံးပါးဆိုတော့ ဘယ်နှစ်ပါးလိုသေး (တစ်ပါးလိုပါသေးတယ်ဆရာ)။ အဲဒီ တစ်ပါးက ဘယ်သူတုံး (စိတ်တစ်ခုယုတ်ကိုးဆယ်ပါဆရာ)။ အေး 'စိတ်တစ်ခုယုတ်ကိုးဆယ်'တဲ့ ဖြစ်မှ ဖြစ်ရလေဆိုတာကြနေတယ်။ ဘယ့်နယ့် စိတ်တစ်ခုယုတ်ကိုးဆယ်တုံးဟ။ ပြန်ပြောစမ်း (စေတသိက်ငါးဆယ့်နှစ်ပါးရယ်) ဟုတ်ပြီ၊ စိတ်တရား ဘယ်လောက်ရှိတုံး (ရှစ်ဆယ့်ကိုးရယ်) ရှစ်ဆယ့်ကိုးဆိုတာ ဘယ်လောက်ရှိ၊ (စိတ်တစ်ခုယုတ်ကိုးဆယ်ပါဆရာ)၊ စိတ်တစ်ခုယုတ်ကိုးဆယ်လား၊ စိတ်ကတစ်ခု၊ ရုပ်ကကိုးဆယ်လား၊ (စိတ်တစ်ခု ယုတ်ကိုးဆယ်ပါဆရာ) အေးတစ်ခုယုတ်ကိုးဆယ်၊ ကိုးဆယ်မှာ တစ်ခုယုတ်တယ်တဲ့။ ကိုးဆယ်တစ်ခုယုတ်တော့ ဘယ်လောက်ရှိ (ရှစ်ဆယ်ကိုးပါးပါဆရာ)။ အဲဒါပေါ့ကွ ဘာထူးထူးသေးလား (မထူးပါဘူးဆရာ)။ ယုံလေးနဲ့ ယိလုံပေါ့ကွာ။ မထူးပါဘူး နော် (မှန်ပါတယ်ဆရာ)။ အဲဒီ စိတ်တစ်ခုယုတ်ကိုးဆယ်က အားလုံးတစ်ပေါင်းတည်း တစ်ခုတည်း လုပ်ထည့်လိုက်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါကြောင့် စိတ်ကတစ်ခု "အာရမ္မဏဝိဇာနနလက္ခဏာ"အားဖြင့်၊ စိတ်တစ်ခုယုတ်ကိုးဆယ်ကို တစ်ပေါင်းတည်းပြုလို့ တစ်ခုတည်းရတယ်။ သူတို့က အတူတူပဲတဲ့။ အာရုံကြုံစည်တတ်တဲ့ အာရုံကို သိတတ်တဲ့ လက္ခဏာချင်းတူလို့ ပေါင်းလိုက်တဲ့ တစ်ပေါင်းတည်း နော် (မှန်ပါတယ်ဆရာ)။ စေတသိက် ငါးဆယ့်နှစ်ပါးတော့ ဒီလိုပေါင်းလို့ မရဘူးတဲ့။ သူတို့ကတော့ ငါးဆယ့်နှစ်ပါး ငါးဆယ့်နှစ်ပါး ထားရမယ်တဲ့။ ဘာပြုလို့ တစ်ပါးနဲ့တစ်ပါးက လက္ခဏာချင်း မတူကြဘူးတဲ့၊ ပေါင်းလို့ မရဘူးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အဲဒါတော့ စေတသိက်က ငါးဆယ်နှစ်ပါးရယ်, စိတ်တစ်ခုယုတ်ကိုးဆယ်၊ အကျယ် တစ်ရာ့နှစ်ဆယ့်တစ်ပါးက "အာရမ္မဏဝိဇာနန"အားဖြင့် ပေါင်းလိုက်တော့ ငါးဆယ်နဲ့သုံး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါ ပရမတ်နယ်မှာ နာမ်တရားကုန်ပြီလား (ကုန်ပါပြီဆရာ)။ ရှိသေးလား ဒီပြင် (မရှိပါဘူးဆရာ)။ အေး - အဲဒါ ဒီနာမ်တရားနယ်ပယ်က ခန္ဓာနဲ့ခွဲလိုက်တော့ ခန္ဓာလေးပါး ထွက်မလာဘူးလား (ထွက်လာပါတယ် ဆရာ)။ ဘာခန္ဓာ ဘာခန္ဓာတုံး (ဝေဒနာက္ခန္ဓာရယ်၊ သညာက္ခန္ဓာရယ်၊ သင်္ခါရက္ခန္ဓာရယ်၊ ဝိညာဏက္ခန္ဓာရယ်ပါဆရာ)။ ဟော ခန္ဓာလေးပါးထွက်လာ။ ဒဲ့အပြင်ရှိသေးလား (မရှိပါဘူးဆရာ)။

အဲဒါကြောင့် "အသီးတစ်ရာ အညာတစ်ခု" ပါလို့။ တရားတွေ အလုံးရေတွက် ဘယ်လောက်ပဲများနေနေ ဝေဒနာတစ်ချက်ဖမ်းလိုက်ရင်, ဝိညာဏ်တစ်ချက် ဖမ်းလိုက်ရင် နာမ်တရားတွေ ကုန်မသွား

http://www.dhammadownload.com

ဘူးလား (ကုန်သွားပါတယ်ဆရာ)။ ဒီလိုရှုရမယ် နော် (မှန်ပါတယ်ဆရာ)။ ဒါ့ကြောင့် ဖဿတစ်ချက် ဖမ်းလိုက်ရင်၊ ဝေဒနာ, သညာ, သခ်ါရ, ဝိညာဏ်,ဆိုတဲ့ နာမ်ခန္ဓာလေးပါးပါသွားပြီ၊ သို့မဟုတ် ဝေဒနာတစ်ချက် ဖမ်းလိုက်ရင် ဖဿ, သညာ, သခ်ါရ, ဝိညာဏ်,ဆိုတဲ့ နာမ်ခန္ဓာလေးပါးပါသွားပြီ။ ဝိညာဏ်ကို တစ်ချက်ဖမ်းလိုက်ရင် ဖဿ, ဝေဒနာ, သညာ, သခ်ါရ,ဆိုတဲ့ နာမ်ခန္ဓာလေးပါးပါသွားပြီ နားလည်လား (နားလည်ပါတယ်ဆရာ)။ ရှုပြီးသား ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)။ အဲဒါ "အသီးတစ်ရာ အညှာတစ်ခု"ခေါ်တယ်။ "တစ်နွယ်ငင်တစင်ပါ"တယ်။ ဘာပြောတာတုံး "တစ်နွယ်ငင်တစင်ပါ"ဆိုတာ ဘာပြောတာတုံး (မပြောတတ်ဘူးဆရာ)။ မပြောတတ်ဘူး။ လောကီ အနေပြောစမ်းပါကွာ။ အရပ်ထဲ သုံးတဲ့စကား၊ ဘာပြောတုံး "တစ်နွယ်ငင် တစင်ပါ"တယ်တဲ့။ ဗူးပင်စိုက်ဖူးလား (စိုက်ဖူးပါတယ်ဆရာ)။ စိုက်ဖူးတယ်၊ စင်နဲ့ ဘာနဲ့ စိုက်ဖူးသလား (စိုက်ဖူးပါတယ်ဆရာ)။ စိုက်ဖူးတယ်လား၊ ကိုင်း အမြစ်ကနေ ကိုင်ပြီးတော့ နုတ်ပြီးတော့ ဆွဲကြည့်စမ်း၊ ဆွဲကြည့်စမ်း ဆွဲချစမ်း (ဆွဲချလိုက်ပါတယ်ဆရာ)။ ဆွဲချတော့ ဘယ့်နှယ်နေ (ဗူးပင်သေသွားပါတယ်ဆရာ)။ ဟောဗျာ ဒီလောက်ဆိုးဝါးတဲ့ကောင်။ မင့် ဗူးပင်သေအောင် ငါသတ်ခိုင်းတာ မဟုတ်ဘူး ဥပမာပြောနေတာ။ မင်းအမြစ်က ဖြတ်ပြီးတော့ ဒီအမြစ်က ကိုင်ဆွဲလိုက်တော့ တစ်စင်လုံးပါမလာဘူးလားဟ (ပါလာပါတယ်ဆရာ)။ အနွယ်တွေ ပွားနေတိုင်း တစ်ခုချင်း တစ်ခုချင်း လျှောက်ဆွဲရသေးသလား (မဆွဲရပါဘူးဆရာ)။ အောင်မလေးဟဲ့ အ, စရာရှိလည်း သူများအတွက်ဖို့ ချန်ရသေးတယ်။ "တစ်နွယ်ငင် တစင်ပါ"တယ်တဲ့။ အနွယ်တိုင်း အနွယ်တိုင်း လျှောက်က်ပြီးတော့ ငင်နေစရာလိုသေးသလား (မလိုတော့ပါဘူးဆရာ)။

ငင်ဆိုတာ ဘာခေါ်တုံး (သတ်တာပါဆရာ)။ ဟောဗျာ တော်လည်းတော်ပါ့ကွာ။ တစ်နွယ်ငင်တော့ တစ်စင်ပါတယ်တဲ့။ တစ်နွယ်ဆိုတာက တစ်နွယ်ထဲခေါ်ပါ၏။ ငင်တာက ဘာတုံး ဖျက်တာလား၊ (နှုတ်တာပါဆရာ)။ ဟောဗျာ ဒုက္ခပဲ 'နှုတ်တာ'တဲ့။ ဆွဲတာ ဆွဲတာ။ 'ဆွဲတယ် ငင်တယ်'ဆိုတာ မကြားဖူးဘူးလား (ကြားဖူးပါတယ်ဆရာ)။ အောင်မလေးဟဲ့ "တစ်နွယ်ငင်တော့ တစ်စင်ပါ"တယ်တဲ့၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

တစ်နွယ်ငင် တစ်စင်ပါ တူတဲ့ တရားဆိုတာ

ကြည့်စမ်း ဖဿဆိုတဲ့ တစ်နွယ်ကနေ ငင်ချလိုက်တာ ဘာတွေ ပါလာတုံး (ဝေဒနာရယ်၊ သညာရယ်၊ သခ်ါရရယ်၊ ဝိညာဏ်ရယ် ပါသွားပါတယ်ဆရာ)။ ဘာရယ် ဘာရယ် (ဝေဒနာရယ်၊ သညာရယ်၊ သခ်ါရရယ်၊ ဝိညာဏ်ရယ် ပါသွားပါတယ်ဆရာ)။ အေး နာမ်ခန္ဓာလေးပါး ပါမသွားဘူးလား (ပါသွား

http://www.dhammadownload.com

ပါတယ်ဆရာ)။ တစ်ခုချင်းများ လိုက်ရှုနေရသေးတယ်လား (မရှုရပါဘူးဆရာ)။ အေး "တစ်နွယ်ငင် တစင်ပါ"ဆိုတာနဲ့ မတူဘူးလား (တူပါတယ်ဆရာ)။ ဒါကြောင့် "တစ်နွယ်ငင် တစ်စင်ပါ" တူတဲ့တရားနော် (မှန်ပါတယ်ဆရာ)။ နောက်တစ်ခါ ဝေဒနာရှုပြန်ပြီတဲ့။ ဝေဒနာတစ်လုံး ကောက်ဖမ်းလိုက်ပြန်ပြီတဲ့။ ဝေဒနာတစ်လုံးမိသွားလို့ရှိရင် ဘာတွေပါလာတုံး (နာမ်ခန္ဓာလေးပါးလုံး ပါသွားပါတယ်ဆရာ)။ ဘယ်သူ ဘယ်သူ ပါလာတုံး (ဖဿရယ်, သညာရယ်, သခ်ီရရယ်, ဝိညာဏ်ရယ်,ပါဆရာ)။ အေး ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ "တစ်နွယ်ငင် တစ်စင်ပါ" တာနဲ့ မတူဘူးလား (တူပါတယ်ဆရာ)။ တူတယ် တူတယ်။ နောက်တစ်ခါ ဝိညာဏ်ကနေ ဖမ်းပြန်ပြီတဲ့။ ဝိညာဏ်တစ်လုံး သိလိုက်ရင် တရားဘယ်နှယ်လုံး ပါလာတုံး (နာမ်ခန္ဓာလေးပါးပါဆရာ)။ ဟော ပါလာပြန်ပြီ နော် (မှန်ပါတယ်ဆရာ)။ ဘယ်သူ ဘယ်သူတွေတုံး (ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ သခ်ီရရယ်၊ ပါဆရာ)။ အေး ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဒီ အခန်းတော့ကွယ် နောက်နောက်က ပဋိစ္စသမုပ္ပါဒ် အကြိမ်တိုင်းလည်း ပြပေါင်းလည်း များခဲ့ပါပြီ။ ဒီဖဿနဲ့ဝေဒနာအကူးမှာ အခုပြတဲ့ အထူးခန်းတော့ တစ်ခါမှလည်း ထုတ်မပြခဲ့ပါဘူး။ ဒါပေမဲ့ "ဖဿပစ္စမက" ဖဿတစ်လုံးရှုရင်ဖြင့် နာမ်ခန္ဓာလေးချက် ပေါ်ထွက်လာပြီးတော့ တစ်ပြိုင်နက် ပါလာတယ်ဆိုတဲ့ သဘောတော့ အပတ်တိုင်းလည်း ပြောခဲ့ပါတယ်။ ခုတစ်ပတ်တော့ တို့လူစုလည်း ညဏ်လဲ တော်တော်ကြီးထွားလာကြပြီ။ နားကလဲ လက်ခံနိုင်တဲ့ သတ္တိရှိလာပြီ၊ ညဏ်လေးတွေကလည်းပဲ တော်တော်လေးပွင့်လင်းလာပြီဆိုတဲ့ အနေအားဖြင့် ဖဿတင်မကဘူး၊ ပစ္စမကတင်မကဘူး ဝေဒနာရော ဝိညာဏ်ရောပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)။ ဒါဖဿနဲ့ဝေဒနာ အကူးလေးမှာ အထူးမှတ်သားရန်ဆိုပြီးတော့ အကျယ်တဝင့်အားဖြင့် ထပ်ပြီးတော့ ရှင်းလင်းပြီးပြပါတယ်လို့ တန်ဖိုးလည်းထားကြ၊ ရှုလည်းရှုကြဖို့၊ ပွားလည်း ပွားများကြဖို့။ သွားရင်း, လာရင်း, နေရင်း, ထိုင်ရင်း, စားရင်း, သောက်ရင်း, ဝိပဿနာအလုပ်က နေရာမရွေးပါဘူး။ နေရာသီးသန့်ရှာဖွေစရာမလိုဘူး။ ပလီဗောဓတွေ ပယ်စရာ စွန့်စရာမလိုဘူး။ ဝိပဿနာလမ်းက အင်မတန်ကို သက်သာချောင်ချိတဲ့ လမ်းခေါ်တယ်။

သမထကြတော့ ဒီလိုမဟုတ်ဘူး။ ပလီဗောဓပယ်ရသေးတယ်။ ပလီဗောဓက အကြီးဆယ်ပါး၊ အငယ်ဆယ်ပါးတဲ့။ ပလီဗောဓတွေ ရှိသမျှအကုန်ပယ်ရတယ်။ လူသားများဆိုရင် ပြောစရာကိုမလိုဘူး။ ဘယ်လောက်များသလဲဆိုတာဖြင့် ပယ်နိုင် မပယ်နိုင်ဆိုတာ စဉ်းစားပေါ့။ ရဟန်းများအနေအားဖြင့် ပလီဗောဓဆယ်ပါးပယ်ရတယ်။ အကြီးဆယ်ပါး အငယ်ဆယ်ပါးပယ်ပြီးမှ လူသူမနီးတဲ့ ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်ပြီးတော့ သမထအလုပ် အားထုတ်ရတယ်။ သမာဓိထူထောင် ကြရတယ် မလွယ်ဘူး။ သမထက စည်းကမ်းနည်းလမ်း အင်မတန်ကြီးတယ်။ ဥပဒေ အင်မတန်များတယ်။ ဒီလို စည်းကမ်း

http://www.dhammadownload.com

နည်းလမ်းကြီးပြီးတော့ ဥပဒေသာမျှားတာ၊ စည်းကမ်းတွေသာမျှားတာ ရတော့လည်း ဘာမှမဟုတ်လှ ပါဘူး။ ရတော့လည်းပဲ သမာပတ်တို့ အဘိညာဉ်တို့ရတယ်။ လက်ရှိစျာန်နဲ့ သေ၊ ပြဟ္မာပြည်သို့ရောက် ၏။ ဒါပေမဲ့ အဘိညာဉ် သမာပတ်ရသော်လည်း မြဲတဲ့တရားမဟုတ်ဘူး။ မတော်တာနဲ့တွေ့ ချက်ချင်း ပျက်၊ ချက်ချင်းပြုတ် နော် (မှန်ပါတယ်ဆရာ)။ ခိုင်မြဲတဲ့တရား မဟုတ်ဘူးခေါ်တယ်။ ဟာ အဘိညာဉ်တွေ သမာပတ်တွေမပျက်ဘဲနဲ့ လက်ရှိစျာန်နဲ့သေပေါ့။ ပြဟ္မာပြည်ရောက်တာပဲ ဒါပဲရှိတယ်၊ တစ်မင်္ဂ တစ်ဖိုလ်ရဖို့တော့ ခက်လှချည်ရဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

တရားနာရုံနဲ့ တရားရသွားတဲ့ ရဟန်းတော်များ

ဒါကြောင့် တို့သီဟိုဠ်ကျွန်း သာသနာထွန်းစဉ်အခါက လောကီသမာဓိ၊ 'သမထသမာဓိ'ဆိုတဲ့ သမာဓိတရားရဲ့ မခိုင်မြဲပုံလေး၊ သီဟိုဠ်ကျွန်း သာသနာထွန်းကားစဉ်အခါက သာမဏေငယ်များနဲ့တကွ အားလုံး ရဟန်းသုံးကျိပ် မဟာဗောဓိ ဖူးမြော်ရအောင်သွားတော့ လမ်းခုလတ်မှာ ဘာနဲ့တွေ့။ ယာခင်းထဲ မီးပါရှို့လို့ မီးလောင်ပြင်က ယာခင်းထဲ ထွန်ယက် ရှင်းလင်းသုတ်သင်ပြီးတော့ ထင်းစီး ထမ်းလာတဲ့ ယောကျ်ားတစ်ယောက်နဲ့ လမ်းသွားတွေ့၊ ခင်ဗျားလည်း မီးလောင်ပြင်က ယာခင်းထဲ ရှင်းလင်းသုတ်သင်ပြီး ပြန်လာတော့ ဆင်းကလည်း ဆင်းရဲရှာတယ်၊ အဝတ်ကလည်း အစုတ်စုတ် အပြတ်ပြတ် ချုံထည်လေးတစ်ခု ပခုံးသိုင်းလို့ ပခုံးပေါ်လည်း ထင်းစီးထမ်းလို့ သူကြည့်လိုက်တော့ အိုးမည်းတွေ ပြာတွေ အလိမ်းလိမ်းကပ်လို့။ ရေမိုးကလည်း မချိုးရ မသန့်မရှင်း ရုတ်တရက်အားဖြင့် ကြည့်လိုက်ရင် ရယ်စရာအရုပ်လိုဖြစ်နေတယ်။ လူလည်း နက်ချောက်ချောက် ပိန်သေးသေး၊ သာမဏေ ငယ်များနှင့်တကွ ရဟန်းသုံးကျိပ်နဲ့ ဘွားကနဲ လမ်းပက်ပင်းသွားတွေ့လိုက် ပက်ပင်းသွားတွေ့လိုက်တော့ သာမဏေငယ်တွေက တစ်ယောက်နဲ့ တစ်ယောက် ပြောင်ကြတယ်။ "ဟေ့ ကိုရင် ဟိုမှာ မင့်အဖေကြီး" လို့ ပြောင်တယ် ပြောင်တယ်။ တစ်ယောက်ကလည်း "အဲဒါ မင်းဘိုးအေဗျာ" ရှိကြတယ်၊ နောက်ကြ တယ်၊ "အဲဒါ မင်းအဘဗျ" "ငါ့အဘ မဟုတ်ဘူး၊ မင့်အဖေ အဲဒါ"လို့ ပြောင်ကြတယ်တဲ့။ ပြောင်ပြီးတော့ ရယ်ကြတယ်။ ဒီတော့ ထင်းစည်းချပြီး လက်အုပ်ချီ "ရှင်ဘုရားများ ခေတ္တရပ်တော် မူပါဦးဘုရား" လို့ သူရယ်မှန်း, သူပြောင်မှန်း, သူနောက်မှန်းသိတော့၊ ဒကာက ပခုံးပေါ်က ထင်းစည်းပြုန်းကနဲချပြီး တော့ "ရှင်ဘုရားများ ခေတ္တသည်းခံပြီး ရပ်တော်မူပါဘုရား"ဆိုတော့ မထေရ်ကြီး မထေရ်ငယ် အသွယ် သွယ်က သိထားတော့ ဒါနဲ့ရပ်တယ်။ သူပင့်တဲ့အတိုင်းရပ်နေတော့ ဒကာက လျှောက်တယ် - "အရှင် ဘုရားများ ဘယ်ကြွမလို့တုံးဘုရား။ ဘယ်ကြွမလို့ပါတုံး"။ ဟာ တို့ မဟာဗောဓိသွားမလို့၊ အရှင်ဘုရား လေးတို့က တပည့်တော်ကို ကြည့်ရယ်သကိုးဘုရာ့။ ပြောရင်းပဲ ဝိုင်းရယ်ကြတယ်။ မထေရ်ကြီးတွေ

http://www.dhammadownload.com

ရှေ့မှာပဲ ရယ်ကြတယ် သာမဏေငယ်များနော်၊ လူငယ်တွေလည်း ဖြစ်နေတော့ ဒီလိုပေါ့လေ။ နောက်လိုက်ပြောင်လိုက်ပေါ့ ထုံးစံအတိုင်း။

တပည့်တော်ကတဲ့ အခုတော့ ရယ်စရာအရုပ် ဖြစ်နေတာပေါ့တဲ့။ အရင်တုန်းကလဲ တပည့်တော် အရှင်ဘုရားတို့ ဘဝမျိုးနေခဲ့တာပါတဲ့။ အရှင်ဘုရားတို့လိုပါပဲတဲ့။ အဲဒီလို ရဟန်းဘဝနဲ့ နေရာက နေပြီးတော့ ခုတော့ လူထွက်လို့ ဘ, က, လ, ထအဖွဲ့ထဲရောက်နေပြီတဲ့ နော် (မှန်ပါတယ်ဆရာ)။ ဘက လထအဖွဲ့ထဲ ရောက်နေတော့ ထုံးစံအတိုင်ပေါ့လေတဲ့။ ဆင်းရဲ့လို့ လူနဲ့ ရှာဖွေစားရသောက်ရပါတယ်တဲ့။ အခု တောထဲကပြန်လာတော့ တပည့်တော်က အင်မတန်မှဆင်းရဲတယ်၊ အဝတ်ကလည်းပဲ လုံလုံလေး ဖုံးနိုင်လွှမ်းနိုင်ပါတယ်တဲ့။ စားရမဲ့, သောက်ရမဲ့, ဝတ်ရမဲ့,ဆိုတဲ့ ဘဝမျိုးရောက်နေတယ်။ အခုလည်း တောထဲ ယာခင်းကပြန်လာတော့ မီးသွေးတွေရော, ပြာတွေရောဆိုသလိုပဲ အိုးမည်းတွေ ကောပေလို့ ကျံလို့။ နဂိုကမှ တပည့်တော်ရုပ်က ခပ်ဆိုးဆိုး ခပ်အိုအို။ အခုလို ရုတ်တရက်အားဖြင့် မြင်လိုက်တော့ အရှင်ဘုရားလေးတို့က ရယ်ချင်လဲ ရယ်ကြမှာပေါ့။ ဒါပေမဲ့ တပည့်တော်က အရှင်ဘုရားတို့လိုဘဝမျိုးက မတော်တဆချွတ်ချော်တိမ်းပါးပြီးတော့ အခုလို ဘဝမျိုးနဲ့ ရောက်လာတာပါဘုရား၊ တပည့်တော် ဘုန်းကြီးလူထွက်ပါဘုရား၊ အရှင်တို့ဘဝမျိုးနေလာတာ တော်တော်ကြာခဲ့ပါတယ်။ အဲဒီ အရှင်ဘုရားတို့လိုဘဝမျိုး တပည့်တော်နေလာစဉ် လူမထွက်ခင်အခါတုန်းက တပည့်တော် သာမည ပုဂ္ဂိုလ်မဟုတ်ဘူးတဲ့။ "မဟိဒ္ဓိကော မဟာနုဘာဝေါ"လို့ ပြောတယ်။ "မဟိဒ္ဓိကော" ဆိုတာ ကြီးသော တန်ခိုးဣဒ္ဓိပါဒ်ရှိတယ်၊ "မဟာနုဘာဝေါ"ဆိုတာ ကြီးသောအာနုဘော်ရှိတယ်၊ တပည့်တော် တန်ခိုး အာနုဘော်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တဲ့။

"ဟိုစဉ်အခါတုန်းက အရှင်ဘုရားတို့မှာ တပည့်တော်လို မဟိဒ္ဓိက မဟာနုဘာဝ- ကြီးတဲ့တန်ခိုး အာနုဘော် တန်ခိုးတေဇော်ရဖို့ နေနေသာသာ အရှင်ဘုရားများ စိတ်ကလေးရဲ့ တည်ကြည်မှုလေး တောင် အရှင်ဘုရားများ မရသေးဘူးတဲ့" လျှောက်ပုံ သေချာကြည့်။ တပည့်တော်က လူမထွက်ခင် ရဟန်းဘဝနဲ့ နေစဉ်အခါတုန်းက အရှင်ဘုရားတို့ ခု တပည့်တော်လက်မြင်တော့ကား အိုးမည်းတွေ အလိမ်းလိမ်းနဲ့ တပည့်တော်လည်း အင်မတန် ဆင်းရဲပင်ပန်း ပိန်ပိန်ညှောင်ညှောင်နဲ့ ဖြစ်နေတော့ တပည့်တော်လက်တွေကြည့် မျောက်လက်တွေလိုပဲ၊ တပည့်တော်ရဲ့အသွင်အပြင်ကြည့် ဒီအတိုင်း ထင်မှာပေါ့။ ဒါပေမဲ့ ဟောဒီလက်တွေကြည့်ဘုရာ့၊ အဲဒီ လက်တွေကလေ ဩော် . . . အရှင်ဘုရားတို့ ခု ခေါင်းပေါ်ကသွားနေတဲ့ နေတို့ လတို့ရှိတယ်မဟုတ်လား။ အဲဒီနေ,တွေ လ,တွေ တပည့်တော် ဒီလက်တွေနဲ့ မကြာမကြာ သုံးသပ်နေတဲ့ လက်တွေပေါ့တဲ့။ ဘယ်လောက်များ အံ့ဩစရာကောင်း။ နာလည်လား (နားလည်ပါတယ်ဆရာ)။ ဘာတုံး ဘာဖြစ်လာတုံး (မပြောတတ်ဘူးဆရာ)။ ဩော်

http://www.dhammadownload.com

. . . မှတ်ထားကြ။ မပြောတတ်ဘူးတဲ့၊ နားတော့လည်တယ်တဲ့၊ "ဗျာန်သမာပတ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်" ခေါ်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဟော မဟာပထဝီမြေကြီးကို ကောင်းကင်တင်နိုင်တယ်၊ အာကာသ ကောင်းကင်ပြင်ကြီးကို မြေကြီးအောက် ချနိုင်တယ်တဲ့၊ စကြဝဠာကို စက္ကန့်အတွင်း လှည့်လည်နိုင်တယ်တဲ့။ နေနဲ့လကို လက်နဲ့ သုံးသပ်နိုင်တယ်, ကိုင်တွယ်နိုင်တယ်တဲ့။ ဘယ်လောက်ကြီးတဲ့ တန်ခိုးကြွဒ္ဓိပါဒ်နော် မကြီးဘူးလား (ကြီးပါတယ်ဆရာ)။ ဒီထိအောင် တန်ခိုးကြွဒ္ဓိပါဒ်ကြီးလို့ ဗျာန်သမာပတ်နဲ့ ပြည့်စုံတဲ့ ဘဝကနေပြီးတော့ အခု ဒီအဖြစ်မျိုးရောက်ရတာ ကိုယ်တော်ရေတဲ့။ အရှင်ဘုရားတို့ တပည့်တော် သာမညပုဂ္ဂိုလ်မမှတ်နဲ့။ အဲဒါ မတော်တဆ ဒီလိုပဲ ပျက်စီးရာ ပျက်စီးကြောင်းနဲ့ တွေ့ပြီလားဆို ဒီအဖြစ်မျိုးရောက်ကရောတဲ့။ ဒါ့ကြောင့် တပည့်တော် ခု ဆင်းရဲတလူနဲ့ လုပ်ကိုင်ရှာဖွေစားသောက်နေရပါတယ်တဲ့။ အရှင်ဘုရားများလည်း အခု စိတ်ကလေးမှ တည်ကြည်မှုရအောင် ဆောက်တည်နိုင်တဲ့အဖြစ်မျိုး မရောက်သေးဘူးတဲ့။ တပည့်တော်လိုပဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့နေမိရင် အခု တပည့်တော် သေမင်းခံတွင်း ဆင်းရအုံးမယ်တဲ့။ ပြန်မတက်နိုင်ဘူးတဲ့။ တပည့် တော်လိုပဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ မနေကြနဲ့ ကိုယ်တော်တို့ကို ဩဝါဒပေးတယ်နော် (မှန်ပါတယ်ဆရာ)။

ဒီနေရာကြတော့ လူသားပင်ဖြစ်သော်လည်း ရဟန်းထက်တန်းမြင့်သွားတယ်။ ဆိုဆုံးမပုံက သွန်သင်သွားပုံက။ ဒါ့ကြောင့် ဒီနေရာမှာ ဩဝါဒလို့ခေါ်ထားတာ၊ အဋ္ဌကထာနဲ့ တိုက်ရိုက်ပြထားတာ။ ဩဝါဒပေးတယ်တဲ့။ ရဟန်းတွေအားလုံးပဲ နားထောင်ကြ၊ သာမဏေတွေရော ရဟန်းတွေရော မထေရ်ကြီးတွေရော သူပြောတဲ့စကား နားထောင်နေတယ်၊ ဒါကြောင့် အရှင်ဘုရားများ သေချင်းသေတွင်း သေမင်းကလွတ်ကင်းနိုင်ဖို့ ခဲယဉ်းတယ်တဲ့။ ဒါကြောင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြပါနဲ့တဲ့။ အမြဲမပြတ် သေချင်း သေတွင်း သေမင်းခံတွင်းက လွတ်ကင်းအောင် ကြိုးစားအားထုတ်ကြပါ ဘုရားလို့ သတိပေးစကားလျှောက်ထားတယ် နော် (မှန်ပါတယ်ဆရာ)။ အဲဒီလို သူဟောပြောပြသ ဩဝါဒပေးနေရင်း မတ်တတ်သုံးကျိပ်သော သာမဏေငယ်နှင့်တကွ ရဟန်းတော်များဟာ သံဝေဂရပြီးတော့ ဒီနေရာ ဝိပဿနာဉာဏ်ဝင်စားတာနဲ့ အကုန်လုံး ရဟန္တာဖြစ်တယ်။ ကြည့်စမ်း သူဩဝါဒအခန်းလေးလေပြီးရော ရဟန္တာတွေလည်း ဖြစ်ကုန်ရော့။ မမြန်ဘူးလား (မြန်ပါတယ်ဆရာ) အဲဒါ ဝိပဿနာအလုပ် ပါသေးသလားဟ (မပါဘူးဆရာ)။ ပြောလိမ့်ဦးမယ်၊ ဟိုက ဟောနေရင်း လုပ်နေတာပေါ့ ပြောလိမ့်ဦးမယ် ကြံကြံဖန်ဖန် နော် (မှန်ပါတယ်ဆရာ)။

အဲဒီ သူဟောတဲ့ ဩဝါဒနာရလို့ သံဝေဂအကြောင်းပြုပြီး သံသရာဦးငွေ့ ထိတ်လန့်ပြီးတော့

http://www.dhammadownload.com

ဟုတ်ပါပဲလို့၊ ပေါ့ပေါ့ဆဆ မေ့မေ့လျော့လျော့နေလို့ မတော်ပါလားဟဲ့။ ဟုတ်ပါပဲလို့ သံဝေဂရထိတ်လန့်တဲ့စိတ် မိမိတို့ရုပ်နာမ်ခန္ဓာကို၊ အနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာရေးသုံးပါးနဲ့ ဆင်ခြင်သုံးသပ်သည်နှင့်တစ်ပြိုင်နက် အားလုံးပဲ ရဟန္တာဖြစ်တယ် ခဏချင်း ခဏချင်း၊ ဂူထဲ, ကျောင်းထဲဝင်တာ မြင်သေးလားဟ (မပါပါဘူးဆရာ)။ ဝင်စရာ အချိန်ကောရသေးလား (မရပါဘူးဆရာ)။ ဒါ နာရုံနဲ့ တရားမရဘူးဆို ဟုတ်နိုင်ပါ့မလား (မဟုတ်နိုင်ပါဘူးဆရာ)။ နာရုံ ကြားရုံနဲ့ တရားရတဲ့ ထုံးတွေကတော့ ပြောလို့မကုန်ဘူး နော် (မှန်ပါတယ်ဆရာ)။ တစ်ပုံတစ်ခေါင်းကြီးပဲ၊ မြတ်စွာဘုရားကိုယ်တော်တိုင် ပြောဟောသွားတဲ့ တရားပွဲတွေ သေချာကြည့်၊ နေ့တိုင်းတရားပွဲတွေရှိတယ်။ဇေတဝန်ကျောင်းတော်ကြီးမှာ အမြဲမပြတ် ပရိသတ်လေးပါးအလယ် ကိုယ်တော်မြတ် အမြဲမပြတ် တရားပြနေတာ လူပရိသတ်, ရဟန်းပရိသတ်, နတ်ပြဟ္မာပရိသတ်, ပထမညဉီးယာမ် လူပရိသတ်၊ ညဉ့်လည်ယာမ်ကြတော့ ရဟန်းပရိသတ်၊ ဟိုးနောက်ပိုင်းည နောက်ဆုံးယာမ်ကြတော့ နတ်ပြဟ္မာပရိသတ်။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ ပရိသတ်သုံးမျိုး သုံးစားကိုမြတ်စွာဘုရားကိုယ်တော်မြတ် မနေမနား နေ့နဲ့ညည တရားပြတော်မူတယ်။ တရားဟောတော်မူတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ညဉီးတွင် လူပရိသတ် တရားပွဲကြီးဟောလိုက်ရင် တရားချပြီးသည်တစ်ပြိုင်နက် တရားဆုံးသည်နှင့်တစ်ပြိုင်နက် သောတာပန်တွေ၊ သကဒါဂါမ်တွေ၊ အနာဂါမ် တွေ၊ ရဟန္တာတွေ တဖွဖွကျွတ်တမ်းဝင်သွားကြတာ။ မမျှားဖူးလား (မျှားပါတယ်ဆရာ)။

ဒါကြောင့် "ဒေသနာဝသာနေ ဗဟူ ဇနာ သောတာပတ္တိဖလာဒီနိ ပါပုဏိ်သု" ဒေသနာဝသာနေ၊ မြတ်စွာဘုရားကိုယ်တော်မြတ် တရားပွဲဆုံး၍ တရားချသောအခါ၌။ ဗဟူ၊ များစွာကုန်သော။ ဇနာ၊ ပရိသတ်အပေါင်းတို့သည်။ သောတပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် အစရှိသည်တို့သို့။ အာဒိသဒ္ဒါဖြင့် သကဒါဂါမ်, အနာဂါမ်, ရဟန္တာထိသွားတယ်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ်သု၊ ရောက်ကြလေကုန်၏။ နေ့တိုင်းနေ့တိုင်း ပွဲတိုင်းပွဲတိုင်းမှာ ကျွတ်တမ်းဝင်သွားတယ်။ ဒါ နာနေရင်း ရတာမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါ အသိညာဏ် ပြဋ္ဌာန်းတယ်လို့၊ အသိညာဏ်မပါဘဲနဲ့ ဘယ်တော့မှ ကိစ္စမဆုံးဘူး။ အဲဒါ အသိညာဏ်လေးတွေ ဆိုက်ဆိုက်သွားလို့ တရားချရင် တရားရရသွားတာပေါ့လို့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အလုပ်စခန်းကလုပ်လို့ တရားမရဘူးလား၊ အလုပ်စခန်းကလုပ်လို့ တရားရတာတွေ ထုံးဝတ္ထုတွေရှိပါတယ်။ ဒါဖြင့် နည်းတယ်၊ ကြည့်လေ သေသေချာချာ ဒေသနာတွေ ပြန်ကြည့်။ ဘုရားကိုယ်တော်မြတ်ထံ ရဟန်းသုံးကျိပ်လာပြီးတော့ တရားတောင်းပြီးတော့ ဘယ်သွားတယ်၊ ကမ္မဋ္ဌာန်းအားထုတ်လိုက်တာ ဝါကျွတ်တော့ ရဟန္တာတွေ ဖြစ်တယ်။ ထုံးဝတ္ထု အပိုင်းအခြား

http://www.dhammadownload.com

လေးတွေ နော် (မှန်ပါတယ်ဆရာ)။ ရဟန်းခြောက်ကျိပ် ဘုရားကိုယ်တော်မြတ်ထံ တရားတောင်းပြီးတော့ တောထဲသွား အားထုတ်လိုက်တာ သီတင်းဝါလကျွတ်တော့ ရဟန္တာတွေဖြစ်တယ်။ ဒီလိုလာတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။

တချို့လည်း တစ်ပါးတည်း၊ တချို့လည်း ငါးပါးတစ်တွဲ၊ တချို့လည်း နှစ်ပါး။ အဲဒီလို အစုလိုက်ကလေး အစုလိုက်ကလေး သူ့အသင်းနဲ့ သူ့အပင်းနဲ့ ဘုရားကိုယ်တော်မြတ်ထံ ကမ္မဋ္ဌာန်းတောင်းတောင်းပြီးတော့ ဝါတွင်းသုံးလပတ်လုံး တောကျောင်းသွားပြီးတော့ တရားအားထုတ်ပြီး အလုပ်လုပ်လို့ ရကြတာလည်း ရှိပါ၏။ ဒါပေမဲ့ ခုနပြောသလို သိန်းနဲ့ချီပြီးတော့ ဟောပြောနေတဲ့ တရားပွဲကြီး ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်တွေ နေ့စဉ်မပြတ် ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်နဲ့ စာမယ်ဆိုတော့ သာချင်တိုင်း သာတာပေါ့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အလုပ်စခန်းနဲ့သွားတဲ့ ပုဂ္ဂိုလ်များ အင်မတန် နည်းပါတယ်။ ဉာဏ်စခန်း ဉာဏ်လမ်း တရားဒေသနာ၊ နာကြားကာမျှနဲ့ ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်ကတော့ မရေမတွက်နိုင်အောင် များတယ်။ ဒါကြောင့် သေချာကြည့်၊ ခုနက ဒကာပြောသွားတဲ့ သဘောက တခြားမဟုတ်ဘူး၊ တပည့်တော် အရင်တုံးက "မဟိဒ္ဓိကမဟာနုဘာဝ" တန်ခိုးအာနုဘော်ကြီးတဲ့ ယောက်ျားပေါ့တဲ့။ အရှင်ဘုရားတို့လို မဟုတ်ဘူးတဲ့။ တပည့်တော် ရဟန်းဘဝတုန်းက သမထတရားများ ကြိုးစားပွားများ အားထုတ်တော့ သမာပတ်နဲ့ အဘိညာဉ်နဲ့ရလို့ မဟာပထဝီမြေကြီးလည်း ကောင်းကင်တင်ထားနိုင်တယ်တဲ့။ အာကာသကောင်းကင်ကြီးလဲ မြေကြီးအောက်ရောက်အောင် လုပ်နိုင်တယ်တဲ့။ စကြဝဋ္ဌာကြီးလည်း စက္ကန့်မိနစ်အတွင်းမှာ တပည့်တော် လှည့်နိုင် လည်နိုင်တယ်တဲ့။ အရှင်ဘုရားတို့ ဦးခေါင်းပေါ်က သွားနေတဲ့ နေ, လ နှစ်ပါးကိုလည်း တပည့်တော် လက်နဲ့ အမြဲသုံးသပ်နေတဲ့ လက်တွေပါတဲ့။ အခုတော့ မျောက်လက်တွေ ဖြစ်နေတယ်တဲ့။ ဟုတ်လား (မှန်ပါတယ်ဆရာ)။ အဲဒါ ဈာန်၊ သမထလမ်းက ကြိုးပမ်းအားထုတ်လို့ရလာတဲ့ သမာဓိရဲ့တန်ဖိုး မခိုင်မြဲပုံပြောတာ။

ခုတော့ သူ့မှာ ဆင်းရဲလို့ လူဘဝနဲ့ လုပ်ကိုင်စား နေရတယ်မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒီသမာဓိခိုင်သေးရဲ့လား (မခိုင်တော့ပါဘူးဆရာ)။ တန်ဖိုးရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ ဘာမှ မရှိဘူး။ တစ်မဂ်တစ်ဖိုလ်မှ မရခဲ့ဘူး။ နေလနှစ်ပါးသာ လက်နဲ့ ကိုင်နိုင်တဲ့ သတ္တိရှိတယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရဲ့လား (မရပါဘူးဆရာ)။ ဒါ သမထလမ်းခေါ်တယ်။ ဒါဖြင့် "ဈာန်ရမခက်၊ ဈာန်ခွါခက်" ဈာန်ရအောင် ကြိုးစားလိုက်ရင် နင်လား ငါလား အင်တိုက် အားတိုက် ကြိုးစားလိုက်ရင် ဈာန်ကရတယ်။ မြေလျှိုးမိုးပျံ။ ဒါပေမဲ့ အဲဒီ ဈာန်ခွါပြီးမှ ရုပ်နာမ်ခန္ဓာဆိုတဲ့ ဝိပဿနာ အလုပ်လုပ်မှ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်တယ်တဲ့။ ဒါကြောင့် တချို့လည်း ဈာန်ရတာ လွယ်သော်လည်းပဲ ရတဲ့ဈာန်ကို

http://www.dhammadownload.com

ခွါပြီးတော့ ဝိဗဿနာဘက် ပြောင်းဖို့ကျ ခက်တယ်။ ဒီစျာန်ကိုပဲ နှစ်သက်ပြီး ဒါနဲ့ အခြိန်ကုန် ဒါနဲ့ ပျက်စီး။ ဒီလိုမဟုတ်လား။ ဒါကြောင့် "စျာန်ရမခက် စျာန်ခွါခက်"တဲ့။ ရလာတဲ့စျာန် ရအောင် ကျင့်တုန်းက လွယ်၏။ ရလာတဲ့ စျာန်လေး ခွါဖို့က ခက်လှ၏။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

ဖဿက အကြောင်းတရား၊ ဝေဒနာက အကျိုးတရား။ ဒါကြောင့် ဖဿကဖြစ်တဲ့ ဝေဒနာက စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာ။

မြန်မာလိုပြောတော့ စက္ခုကြောင့်ဖြစ်တဲ့ ဖဿ၊ ထိုဖဿကြောင့်ဖြစ်တဲ့ ဝေဒနာတစ်မျိုး။ သောတ ကြောင့်ဖြစ်တဲ့ဖဿ၊ ထိုဖဿကြောင့်ဖြစ်တဲ့ ဝေဒနာတစ်မျိုး။ ဃာနကြောင့်ဖြစ်တဲ့ ဖဿ၊ ထိုဖဿ ကြောင့်ဖြစ်တဲ့ ဝေဒနာတစ်မျိုး။ ဇိဝှါကြောင့်ဖြစ်တဲ့ ဖဿ၊ ထိုဖဿကြောင့်ဖြစ်တဲ့ ဝေဒနာတစ်မျိုး။ ကာယကြောင့်ဖြစ်တဲ့ဖဿ၊ ထိုဖဿကြောင့်ဖြစ်တဲ့ ဝေဒနာတစ်မျိုး။ မနောကြောင့်ဖြစ်တဲ့ဖဿ၊ ထိုဖဿ ကြောင့်ဖြစ်တဲ့ ဝေဒနာတစ်မျိုး။ ဝေဒနာက ခြောက်မျိုးထွက်လာတယ် ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)။ အဲဒီ ခြောက်မျိုးသော ဝေဒနာက သူ့အ ကြောင်းတရားဖဿ အမှီ ပြုပြီးတော့ ရတဲ့ခြောက်မျိုး၊ ဖဿကလည်း ခြောက်မျိုးဖြစ်တယ်။ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ ဒီဖဿခြောက် မျိုးကြောင့် ဝေဒနာ ဖြစ်တယ်ဆိုတော့ ဖဿခြောက်မျိုး တိုင်းပဲ ဝေဒနာလည်းပဲ ခြောက်မျိုးပြားတယ် နော် (မှန်ပါတယ်ဆရာ)။

အဲဒီ ခြောက်မျိုးမှာ သုခ ဒုက္ခ ဥပေက္ခာလို့ မနေ့ညက ပြထားတဲ့အတိုင်း ငါတို့ သူငါဆိုတဲ့ သတ္တဝါများ အမြဲတစေ ခံစားနေသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့။ သုခဝေဒနာ၊ ကိုယ်၏ ချမ်းသာမှု ခံစားခြင်း။ ဒုက္ခဝေဒနာ-ကိုယ်၏ ဆင်းရဲမှု ခံစားခြင်း။ ဥပေက္ခာဝေဒနာ- သုခလည်း မဟုတ် ဒုက္ခလည်းမဟုတ် ခံစားခြင်း။ ဥပေက္ခာဝေဒနာ သုံးမျိုးသုံးစား "အနုဘဝနလက္ခဏာ"အားဖြင့်။ ဣန္ဒြေယဘေဒအားဖြင့် သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ။ ဣန္ဒြေ၏အစွမ်းအားဖြင့် ပြားတာက ငါးပါး။ အနုဘဝနလက္ခဏာအားဖြင့် ပြားတာက သုံးပါး။ ဒါလေးတွေလည်း မှတ်ထား။ ဒီလိုမှ မမှတ်မိလို့ရှိရင် ဝေဒနာ ရှုစမ်းပါဆိုတော့ ကိုယ့်ကိုယ်ကို ပင်ပန်းဆင်းရဲစွာ နေမှ ထိုင်မှ ပြင်းထန်တဲ့ ထင်ရှားတဲ့ ဒုက္ခဝေဒနာတစ်ခုသာ ပေါ်လာတာကို ရှုတတ်တယ်လို့။ ဝေဒနာက ဒါတွင် ဘုရားမဟောဘူး။ သုခဝေဒနာရော, ဒုက္ခဝေဒနာရော, ဥပေက္ခာဝေဒနာ,ရော မနေ့ညကပြထားတဲ့အတိုင်း အနုဘဝနလက္ခဏာအားဖြင့် ဖြစ်ပေါ်နေတဲ့ ဝေဒနာမှန်မှန်သမျှ ကိုယ်က ဖမ်းတတ်ရမယ် နော် (မှန်ပါတယ်ဆရာ)။ ဝေဒနာမှန်မှန်သမျှ ဖမ်းတတ်ရမယ်လို့ နာတယ်, ကျင်တယ်, ကိုက်တယ်, ခဲတယ်, ထိုင်ပါများလို့ ဖြစ်ပေါ်လာတဲ့ ဒုက္ခဝေဒနာ တစ်ခုသာ

http://www.dhammadownload.com

ဝေဒနာမှတ်ပြီး ဖမ်းနေပြန်တော့လည်း တရားမကုန် တရားမလုံလို့ ကိုယ်ကိုယ်တိုင်ကလည်း တရားကို ကျွမ်းကျင်ရာမရောက်။ ဝေဒနာအဓိပ္ပာယ်လည်း နားမလည်ရာရောက်၏။

ဒါကြောင့် ဝေဒနာဆိုတာ သုခဝေဒနာ ဖမ်းတတ်လည်းပဲ ဒါဝေဒနာ ရှုနည်းခေါ်တယ်။ ဒုက္ခဝေဒနာဖမ်းတတ်လည်း ဝေဒနာရှုနည်းခေါ်၏။ ဥပေက္ခာဝေဒနာဖမ်းတတ်လည်း ဝေဒနာရှုနည်းခေါ်၏။ ဒီလိုသွားရမယ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သုခ, ဒုက္ခ, ဥပေက္ခာ,တည်းဟူသော ဝေဒနာသုံးပါးဟာ သူသူ ငါငါ သတ္တဝါများ ဖြစ်ပေါ်လာလို့ရှိရင် အင်မတန် ထင်ရှားတဲ့ တရားမို့လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီဝေဒနာသည် အကြောင်ပုဂ္ဂိုလ်အား ထင်ရှားဖြစ်ပေါ်၍လာ၏။ ဒီလို ဝေဒနာထင်ရှားဖြစ်ပေါ်လို့လာတာကို ကိုယ်ကိုယ်တိုင် သိသည်နှင့်တစ်ပြိုင်နက် ကိုယ့်ဉာဏ်စွမ်းဖြင့် ဝေဖန်ရ, နှလုံး သွင်းရ စဉ်းစားရ။ ဘယ့်နယ့်စဉ်းစား - သုခဝေဒနာတော့ဖြစ်ပြီ၊ တစ်နည်း ဒုက္ခဝေဒနာတော့ဖြစ်ပြီ၊ ဥပေက္ခာဝေဒနာတော့ဖြစ်ပြီ။ ဒီလို ဝေဒနာဖြစ်လာတော့ ဝေဒနာတစ်ပါးတည်း မုချအားဖြင့် မဖြစ်ကောင်းဘူး၊ မဖြစ်နိုင်ဘူး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ထိုဝေဒနာနဲ့အတူ အာရုံကို တွေ့ထိတတ်သော ဖဿလည်းဖြစ်တာပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အာရုံကို မှတ်သားတတ်သော သညာလည်း ဖြစ်တာပဲ။ အာရုံလေးပေါ်မှာ စေ့ဆော်တိုက်တွန်း ပြုပြင်တတ်တဲ့ စေတနာလည်း ဖြစ်တာပဲ။ ထိုအာရုံပိုင်းခြား၍ သိတတ်သော ဝိညာဏ်လည်းဖြစ်တာပဲလို့ ကိုယ့်အသိဉာဏ်လေးက ဒီလို ပြေးလိုက်ရမယ် နော် (မှန်ပါတယ်ဆရာ)။ ဒီလို သိလိုက်ရတယ်၊ ဒီလို နှလုံးသွင်းလိုက်ရတယ်။ ဒီလို နှလုံးသွင်းတော့ ဘာဖြစ်လဲဆို "ဖဿပဉ္စမကတရား" ဖြစ်သွားတယ်။

ဘုရားကိုယ်တော်မြတ်က နာမ်တရား ရှုတဲ့နေရာ ဖဿပဉ္စမကတရား သုံးမျိုးသုံးစား ခွဲပြီးဟောထားတယ်။ ဖဿမိရင်လည်း ဖဿဖမ်းတဲ့၊ ဝေဒနာမိရင်လည်း ဝေဒနာဖမ်းတဲ့၊ ဝိညာဏ်မိရင်လည်း ဝိညာဏ်ဖမ်းတဲ့။ မိရာကဖမ်း၊ ဖမ်းတိုင်း, ဖမ်းတိုင်း၊ မိတိုင်း, မိတိုင်း ကိုယ့်အသိညာဏ်ထဲမှာ "ဖဿပဉ္စမက" တရားကို သိမ်းဆည်းတဲ့နည်းပဲ။ ဖဿနှင့်တကွ ငါးခုသောတရားခေါ်တယ်။ "ဖဿပဉ္စမက"တရားကို သိမ်းဆည်းလိုက်ရင် ဘာဖြစ်သလဲဆိုတော့ နာမ်ခန္ဓာလေးပါး သိမ်းဆည်းပြီးသားဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)။ ခန္ဓာကဘယ်နှစ်ပါးရှိတယ် (ငါးပါးရှိပါတယ်ဆရာ)၊ နာမ်ခန္ဓာလေးပါး သိမ်းဆည်းပြီးသားဖြစ်တယ်ဆိုတော့ ခန္ဓာဘယ်နှစ်ပါးကျန်သေး (တစ်ပါးကျန်ပါသေးတယ်ဆရာ)။ ဘာခန္ဓာတုံး (ရူပက္ခန္ဓာပါဆရာ)။ ရုပ်ခန္ဓာ နော် (မှန်ပါတယ်ဆရာ)။ နာမ်ခန္ဓာ, ရုပ်ခန္ဓာလို့။

ဒါကြောင့် "ဖဿပဉ္စမက"တရားငါးပါးဟာ ပွားများအပ်သောတရားတဲ့။ ရှုမြင်ဆင်ခြင်အပ်သော တရားတဲ့။ ဘာပြုလို့တုံး၊ ဖဿပဉ္စမကတရားကို ဒီလို မျက်ဝါးထင်ထင် ဉာဏ်အားဖြင့် ရှုမြင်လိုက်ရင် နာမ်ခန္ဓာလေးပါး သိမ်းဆည်းပြီးသားဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)။ တန္ဓယ်ငင်တော့

http://www.dhammadownload.com

တစ်စင်မပါဘူးလား (ပါပါတယ်ဆရာ)။ "တန္ဓယ်ငင်တော့ တစင်ပါ"တဲ့၊ ဖဿတစ်လုံး သိမ်းဆည်းတာနဲ့ နာမ်ခန္ဓာလေးချက် ပွားများပြီးသားဖြစ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါလည်းပဲ ဒီက သင်ကြားထားလို့ တတ်မြောက်လိမ္မာ နားလည်မှုရှိမှ ဒီလို "အန္တောဂဓ"အားဖြင့် ဝင်ဝင်သွားတယ် ခေါ်၏။ ဒီလိုမှ မသင်ကြားဘဲနဲ့ ဘာမှမသိဘဲနဲ့ ဒီဝေဒနာ ရှုမြင်ပွားများနေတော့ တရားကုန်ရဲ့လား (မကုန်ပါဘူးဆရာ)။ တရားလုံရဲ့လား (မလုံပါဘူးဆရာ)။ ပရမတ်ပေါ်လည်းရောက်မှာ မဟုတ်ဘူး။ ဘာပြုလို့ နာတယ်, ကိုက်တယ်, ခဲတယ်, ကျင်တယ်, ဒါပဲအာရုံပြုမှာ၊ ဒါ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ, သက္ကာယ, တန်းလန်းတဲ့။ ဝေဒနာရဲ့ "အဓိပ္ပာယတ္ထ"မပြတ်သားဘဲနဲ့ ရှုမြင်ပွားများအားထုတ်တယ် ခေါ်တယ်။ ဒါကြောင့် ဝေဒနာဆိုတာ အာရုံ၏အရသာ ခံစားတတ်တဲ့ သဘောတရားမျှသက်သက် ဆိုတဲ့ ဝေဒနာစေတသိက်ကလေးကို ဝေဒနာခေါ်ထားတာ။ ငါမဟုတ်, သူမဟုတ်, ပုဂ္ဂိုလ်မဟုတ်, သတ္တဝါမဟုတ်, အကောင်၊ အထည်၊ အထည်ဒြပ်သဏ္ဌာန်မဟုတ်, လေးထောင့်၊ သုံးမြှောင့်၊ အဖြူ၊ အပြာ၊ အဝါ၊ အမှုံ၊ အမွှား၊ အရေ၊ အဖတ် မဟုတ်။ သဘောတရားသက်သက်ကလေး နော် (မှန်ပါတယ်ဆရာ)။ အဲဒီလို သဘောသဘာဝဆိုတဲ့ သဘောလေးဆိုက်အောင် ဝေဒနာရဲ့အဓိပ္ပာယ် ကို လည်လည်ပတ်ပတ် ပရမတ်အနေအားဖြင့် တတ်ကျွမ်းနားလည်ထားမှ၊ ဒီဝေဒနာ ရှုမြင်ပွားများ အားထုတ် အလုပ်လုပ်မှ တရားဟုတ်မယ်တဲ့။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် -

သတ္တသညံ န ဥဂ္ဃါဋေတိ၊ ကမ္မဌာနဥ္စေဝ သတိပဌာနဘာဝနာ စ န ဟောတိ" တိုက်ရိုက် သေချာမှတ်ကြ နော်။ ဝေဒနာ အရှုသမားက များလွန်လွန်းလို့ ဝေဒနာတင် လမ်းဆုံးပြီး ဝေဒနာပဲ အလုပ်တစ်ခုအနေအားဖြင့် ကြိုးစားပမ်းစားနဲ့ ဝေဒနာဖမ်းတဲ့ ပုဂ္ဂိုလ်တွေကများတယ်။ ဒါကြောင့် ဝေဒနာဖမ်းတယ်, ဝေဒနာရှုတယ်, ဝေဒနာပွားများ အားထုတ်တယ်ဆိုပေမဲ့ မဟုတ်ပြန်တော့လည်း ခရီးမရောက်ဘူး။ ဒါကြောင့် ဝေဒနာရဲ့အဓိပ္ပာယ် လည်လည်ပတ်ပတ် "ဖဿပစ္စယာဝေဒနာ"ဆိုတဲ့ အကြောင်းအကျိုးဆက်စပ်တဲ့ အကျိုးတည်းဟူသော ဝေဒနာမှာ သေသေချာချာ ခွဲခြားစိတ်ဖြာပြီးပြ ပါတယ်။ ဒါဖြင့် ဖဿဖမ်းဖမ်း, ဝေဒနာဖမ်းဖမ်း, ဝိညာဏ်ကိုပဲဖမ်းဖမ်းလို့ သုံးမျိုးတော့ နားလည်သွား ပြီပေါ့၊ (နားလည်သွားပါပြီဆရာ)၊ ဖမ်းချင်ရာဖမ်း တစ်ပါးပါးဖမ်းလိုက်တော့ ခန္ဓာဘယ်နှစ်ပါးမိသွား တယ် (လေးပါးမိပါတယ်ဆရာ)၊ ခန္ဓာလေးပါးမိသွားတယ်၊ ခန္ဓာလေးချက် တစ်ပြိုင်နက် နော် (မှန်ပါတယ်ဆရာ) ခန္ဓာလေးပါး ရှုမြင်ပြီးသားဖြစ်သွားတော့ နာမ်တရား ကုန်မသွားဘူးလား (ကုန်သွား ပါတယ်ဆရာ) ပြီးတော့မှ မှတ်ထားနော် သေသေချာချာ။ သမာဓိကောင်းကောင်းထား။

"ဖဿပဥ္စမက" တရားဆိုတာ ဖဿရယ်, ဝေဒနာရယ်, သညာရယ်, စေတနာရယ်, ဝိညာဏ် ရယ်, နော် (မှန်ပါတယ်ဆရာ)၊ တရားငါးလုံး ဖဿနှင့်တကွ တရားငါးလုံး၊ အဲဒီတရားငါးလုံး ခန္ဓာနဲ့

http://www.dhammadownload.com

ရေတွက်လိုက်တော့ နာမ်ခန္ဓာလေးပါးရတယ်။ ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ, ဝိညာဏ ကွန္ဓာ, နော် (မှန်ပါတယ်ဆရာ)၊ ဒီနေရာမှာပင် မွေခါနှောက်ခါနဲ့ ငါပြနေတာ တော်တော်ကြာပြီ။ အာရုံတော့ စိုက်ကြ၊ ဒါပေမဲ့ ပြတ်သားလား၊ မပြတ်သားလား မပြောတတ်ပါဘူး။ "ဖဿပဉ္စမက" တရားမှာ တရားဘယ်နှစ်လုံးရတယ် (ငါးလုံးပါဆရာ)။ ဘယ်သူဘယ်သူတွေတုံး (ဖဿရယ်၊ ဝေဒနာ ရယ်၊ သညာရယ်၊ သင်္ခါရရယ်၊ ဝိညာဏ်ရယ်ပါဆရာ) စေတနာလို့ ထည့်ပြောပါ (ဖဿရယ်၊ ဝေဒနာ ရယ်၊ သညာရယ်၊ စေတနာရယ်၊ ဝိညာဏ်ရယ်ပါဆရာ) အေး ဟုတ်ပြီ မှတ်မိရဲ့လား (မှတ်မိပါ တယ်ဆရာ) ဖဿပဉ္စမကတရား နော် (မှန်ပါတယ်ဆရာ)၊ နောက်ဝေဒနာကြတော့ ဒီငါးလုံးပဲလား (ဒီငါးလုံးပဲရပါတယ်ဆရာ)၊ ဝိညာဏ်နဲ့ ပြတော့ကော (ဒီငါးလုံးပဲရပါတယ်ဆရာ)၊ ဒါဖဿပဉ္စမက တရားလို့ ခေါ်တယ်နော် (မှန်) အဲဒီ ဖဿ ပဉ္စမကတရားတစ်ပါးပါးကို မိအောင်ဖမ်းလို့ရှိရင် နာမ်တရား လေးပါး ဖမ်းပြီးသားဖြစ်တယ်၊ သိမ်းဆည်းပြီးသားဖြစ်တယ်၊ မှတ်ထားနော် သေသေချာချာ။

နာမ်ခန္ဓာ လေးပါးကို သိမ်းဆည်းပြီးသားဖြစ်တယ်။ ရှုမြင်ပွားများအားထုတ်ပြီးသားဖြစ်တယ်။ တစ်လုံးချင်း,တစ်လုံးချင်း,ဖမ်းသွား၊ ပြီးတော့မှ ငါတို့ "သမ္မောဟဝိနောဒနီအဋ္ဌကထာ သတိပဋ္ဌာနဝိဘင်း ဝေဒနာနိဒ္ဒေသ"အဖွင့်အတိုင်း ရှေ့ဆက် ဖဿပဉ္စမကတရားတော့ ငါနားလည်သွားပြီ။ ဖဿက ဖမ်းမယ် ဆိုလည်း ဖမ်းတတ်သွားပြီ၊ ဝေဒနာက ဖမ်းမယ်ဆိုရင်လည်း ဖမ်းတတ်ပြီ၊ ဝိညာဏ်က ဖမ်းမယ်ဆိုလည်း ဖမ်းတတ်၊ ဖမ်းလိုက်တာ မိရင် နာမ်ခန္ဓာလေးပါး ရှုမြင်ပြီးသားဖြစ်ကယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ) နာမ်ခန္ဓာလေးပါး ရှုမြင်ပြီးသားဖြစ်တယ်၊ မိမိကိုယ်လည်း သေချာကြည့်ပြန်တော့ ခန္ဓာငါးပါးရှိတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ခန္ဓာကငါးပါးရှိ၊ ငါးပါးရှိတဲ့အနက် နာမ်ခန္ဓာ လေးပါးထွက်လာတော့ နာမ်ခန္ဓာလေးပါး ရှုမြင်ပြီးသားဖြစ်သွားပြီ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ) ရှေ့တစ်ခါတက်-

သော "ကျမေ ဖဿပဉ္စမကာ ဓမ္မာ ကိံနိဿိတာ"တိ ဥပမာရေန္တော " ဝတ္ထုံ နိဿိတာ"တိ ပဇာနာတိ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၂၅၂)

သော၊ ထိုပုဂ္ဂိုလ်သည်။ ကျမေ ဖဿပဉ္စမကာ၊ ဤဖဿနှင့်တကွ ငါးခုသော။ ဓမ္မာ၊ တရား တို့သည်။ ကိံနိဿိတာ၊ အဘယ်ကိုမှီ၍ ဖြစ်ကြပါကုန်သနည်း။ ကျတိ၊ ဤသို့။ ဥပမာရေန္တော၊ စူးစမ်းဆင်ခြင်သည်ရှိသော်။ ဝတ္ထုံ၊ ဝတ္ထုရုပ်ကို။ နိဿိတာ၊ မှီ၍ဖြစ်ကုန်၏။ ကျတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

ကြည့်ကြည့် ဒီ "ဖဿ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်" ခေါ်ထားတဲ့ ဖဿပဉ္စမက ငါရှုနေတဲ့

http://www.dhammadownload.com

တရားငါးခုဟာတဲ့ နာမ်ခန္ဓာလေးပါး၊ ထိုဖဿနှင့်တကွသော တရားငါးခု ဘယ်ကို မှီ၍ ဖြစ်ပါလိမ့် မလဲလို့ ရှေ့ဆက်ပြီး ဆင်ခြင်ကြည့်၊ ယောဂါဝစရပုဂ္ဂိုလ် (မှန်ပါတယ်ဆရာ)။ "ဝတ္ထုံ နိဿိတာတိ ပဇာနာတိ" ဝတ္ထုံ၊ ဝတ္ထုရုပ်ကို။ နိဿိတာ၊ မှီ၍ဖြစ်ကုန်၏။ ကွတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ လက်စသတ်တော့ ဖဿရယ်, ဝေဒနာရယ်, သညာရယ်, စေတနာရယ်, ဝိညာဏ်ရယ်၊ ဒီတရား ငါးခု ဝတ္ထုရုပ်မှီဖြစ်တဲ့ တရားတွေပဲလို့ ကိုယ်ကိုယ်တိုင်သိ နော် (မှန်ပါတယ်ဆရာ)။ ဟုတ်လား မဟုတ်လား သေချာကြည့်။ ဖဿလို့ ဖြစ်လိုက်ရင် တရားသုံးခုပေါင်းမသွားဘူးလား (ပေါင်းသွားပါတယ်ဆရာ)။ ဝေဒနာလို့ဖြစ်ရင် တရားသုံးခုပေါင်းတဲ့၊ ဖဿကြောင့်ဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ်ဆရာ)၊ ဝိညာဏ်လို့ဆိုပြန်ရင်လည်းပဲ ထိုဖဿကြောင့်၊ တရားသုံးခုပေါင်းခြင်းကြောင့် သိမှုဆိုတဲ့ ဝိညာဏ်မာတ် ပေါ်လာတယ်။ မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)။ ဒီတော့ ဖဿပဲဖြစ်ဖြစ်, ဝေဒနာပဲဖြစ်ဖြစ်, ဝိညာဏ်ပဲဖြစ်ဖြစ်, ဘယ်အလုံးကဖြစ်ဖြစ် ဖြစ်တိုင်း,ဖြစ်တိုင်း စဉ်းစားကြည့်စမ်း။ ဒီတရားငါးပါးဟာ ဖဿဖြစ်ရင် ဝေဒနာပါတယ်၊ သညာပါတယ်၊ စေတနာပါတယ်၊ ဝိညာဏ်ပါတယ်။ ကြည့်လိုက်တော့လည်း ဒီငါးလုံးက နာမ်တရားချည်းပဲ နော် (မှန်ပါတယ်ဆရာ)။ အဲဒီတရားငါးခု ဘယ်ကို အမှီပြု၍ ဖြစ်သလဲလို့ ဆင်ခြင်ကြည့် ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဆင်ခြင်ကြည့်လိုက်တော့ ဘာပေါ်လာလဲဆိုတော့ ဝတ္ထုရုပ်မှီပြီးတော့ ဖြစ်တာပဲ။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဝတ္ထုရုပ်မှီဖြစ်တာပဲ ဒီလိုသိရမယ်၊ ကြည့်လေ ဟုတ်လား မဟုတ်လားလို့ ဖဿဖြစ်စဉ်အခါတုန်းက "စက္ခုသမ္ဖဿဇဝေဒနာ" ဖဿတုန်းကလည်း ဖဿကြည့်။ "တိဏ္ဏံ သင်္ဂတိ ဖဿော" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ စက္ခုပသာဒ, ရူပါရုံ, သူတို့နှစ်ပါး တိုက်စုံတဲ့အခါကြတော့ စက္ခုဝိညာဏ်စိတ်ဖြစ်၏၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ အဲဒီ စက္ခုဝိညာဏ်စိတ်ကလေးဟာ ဘယ်မှီဖြစ်တယ် (စက္ခုမှီဖြစ်ပါတယ်ဆရာ)။ စက္ခုဝတ္ထုမှီဖြစ်တယ် (မှန်ပါတယ်ဆရာ)။ စက္ခုပသာဒမှီဖြစ်တယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒီမှာ လာမှီဖြစ်တယ်။ အဲဒီလို မှီဖြစ်တော့မှ တရားသုံးခုလည်းပေါင်းရင် ဖဿလည်းဖြစ်တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် "စက္ခုသမ္ဖဿဇဝေဒနာ" ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ လက်စသတ်တော့ ဒီဖဿလေးကို အမှန်ကတော့ စက္ခုဝတ္ထုမှီဖြစ်တဲ့ ဖဿပဲ။ ဒီဖဿကြောင့် ဖြစ်လာတဲ့ဝေဒနာ။ ဝတ္ထုရုပ်ကင်းပြီးတော့ မဖြစ်ကောင်းပဲကိုး။ တစ်လုံးချင်း တစ်လုံးချင်း ဒီဖဿပဉ္စမက တရားငါးခု ဖြစ်ရာလေးတွေ လိုက်လိုက်ရှာလိုက်တော့ မှီရာဝတ္ထုရုပ်ကို မှီဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)။ မှီရာဝတ္ထုရုပ် မပါဘဲနဲ့ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)။

စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု, ဝတ္ထုရုပ်ခြောက်ပါး နော် (မှန်ပါတယ်ဆရာ)။ အဲဒီ ဝတ္ထုရုပ်ခြောက်ပါး မှီမှီ, မှီမှီ ဖြစ်တယ်တဲ့။ သြော် နာမ်တရားက လက်စသတ်တော့ နာမ်တရားဟာ ဝတ္ထုရုပ်မှီဖြစ်တဲ့ တရားတွေပါပဲလား။ ငါသိနေတဲ့ ဖဿ ဝေဒနာ

http://www.dhammadownload.com

ဝိညာဏ်၊ အခု တစ်ချက်ဖမ်းလိုက်ရင် နာမ်ခန္ဓာလေးပါး ပါလာတယ်ဆိုတဲ့ "ဖဿပဉ္စမက" တည်းဟူသော တရားငါးပါးဟာ ဝတ္ထုရုပ်ကို မှီ၍ဖြစ်တဲ့တရားတွေပဲလို့ ဟုတ်ကဲ့လား (မှန်ပါတယ် ဆရာ)။ ဒီလို သိမယ်မဟုတ်လား (သိပါတယ်ဆရာ)။ ဒါဖြင့် "ဖဿပဉ္စမက" ခေါ်ထားတဲ့ ဖဿနှင့်တကွ ငါးခုသော နာမ်တရားတွေသည် ဘယ်ကိုမှီ၍ဖြစ်တယ် (ဝတ္ထုရုပ်မှီ၍ဖြစ်ပါတယ်ဆရာ)။ အေး ဝတ္ထုရုပ်မှီ၍ဖြစ်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ရှင်းလား (ရှင်းပါတယ်ဆရာ)။ ဝတ္ထုရုပ် မမှီဘဲနဲ့ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)။ ဖြစ်ကိုမဖြစ်ဘူး။ စက္ခုဝိညာဏ် ဘယ်မှီဖြစ်တယ် (ဝတ္ထုရုပ် မှီဖြစ်ပါတယ်ဆရာ)၊ စက္ခုဝတ္ထုမှီဖြစ်တယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ သောတဝိညာဏ်-ကြားစိတ်ကလေး ဘယ်မှီဖြစ်တယ် (သောတဝတ္ထုရုပ် မှီဖြစ်ပါတယ်ဆရာ)။ ဃာနဝိညာဏ်-နံစိတ်ကလေးသည် ဘယ်မှီဖြစ်တယ် (ဃာနဝတ္ထု မှီဖြစ်ပါတယ်ဆရာ)။ ဇိဝှါဝိညာဏ်-စားစိတ်ကလေး ဘယ်မှီဖြစ်တယ် (ဇိဝှါဝတ္ထုရုပ် မှီဖြစ်ပါတယ်ဆရာ)။ ကာယဝိညာဏ်-ထိစိတ်ကလေးသည် ဘယ်မှီဖြစ်တယ် (ကာယဝတ္ထုရုပ် မှီဖြစ်ပါတယ်ဆရာ)။ မနောဝိညာဏ်-သိစိတ်ကလေးသည် ဘယ်မှီဖြစ်တယ် (မနောဝတ္ထုရုပ် မှီဖြစ်ပါတယ်ဆရာ)။ မနောဝတ္ထုမရှိဘူး နော် (မှန်ပါတယ်ဆရာ)။ မနောဝတ္ထုရယ်လို့ မရှိဘူး။ ဟဒယဝတ္ထု နားလည်လား (နားလည်ပါတယ်ဆရာ)။ ဟဒယဝတ္ထု မှီဖြစ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။

မနောဆိုတာ နာမ်လား ရုပ်လား (နာမ်တရားပါဆရာ)။ အေး - နာမ်တရား၊ နာမ်တရားဆိုဝတ္ထုလို့ ပြောဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)။ ဝတ္ထုဆိုတာ ရုပ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဝိညာဏာဓာတ်ခြောက်ရပ်မှီဖြစ်တဲ့ ဌာနလေးတွေ စွဲစွဲပြီးတော့ စက္ခုဝတ္ထု, မှီဖြစ်လို့ စက္ခုဝိညာဏ်လို့ ခေါ်တာပေါ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အတိုက်ဓာတ် အခံဓာတ် နှစ်ပါးမှာ အခံဓာတ်ဆိုတဲ့ ဝတ္ထုရုပ်ခြောက်ပါး မှီမှီဖြစ်လို့၊ သူမှီဖြစ်တဲ့ အခံဓာတ်ရဲ့ နာမည်လေးတွေ တပ်တပ်ခေါ်တယ်။ စက္ခုဝတ္ထု စက္ခုပသာဒ အခံဓာတ်၊ ရူပါရုံ အတိုက်ဓာတ် သူတို့နှစ်ပါး တိုက်တော့ စက္ခုဝိညာဏ်ဖြစ်တယ်။ အဲဒီ စက္ခုဝိညာဏ်သည် အခံဓာတ်ဆိုတဲ့ စက္ခုဝတ္ထုကို မှီသလား၊ အတိုက်ဓာတ်ဆိုတဲ့ ရူပါရုံကို မှီသလား (စက္ခုဝိညာဏ်မှီပါတယ်ဆရာ)။ ဒါနဲ့ စက္ခုဝိညာဏ်လာသေး၊ စက္ခုဝတ္ထုမှီတယ်လား (မှန်ပါတယ်ဆရာ)။ ဒါ့ကြောင့် သူဘာစိတ်ခေါ်တယ် (စက္ခုဝိညာဏ်ပါဆရာ)။ အေး - စက္ခုဝိညာဏ်စိတ် နော် (မှန်ပါတယ်ဆရာ)။ စက္ခုက သူမှီတဲ့ဝတ္ထုရုပ်ရဲ့ အမည်လေးတပ်ခေါ်ထားတာ။ ဝိညာဏ်ကတော့ စိတ်ပဲမဟုတ်လား (စိတ်ပါပဲဆရာ)။ မြင်စိတ်ကလေး၊ ဒီမြင်စိတ်ကလေးသည် သူ့အမည် ဘယ်နှယ် တပ်ခေါ်တယ် စက္ခုဝိညာဏ်စိတ်။ သူ့ရဲ့ မှီရာဝတ္ထုရုပ် အမည်လေး တပ်တပ်ခေါ်တယ် ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ အဲဒါကြောင့် ဝိညာဏာဓာတ်ခြောက်ရပ် ကြည့်လိုက်ပြန်လည်း မှီရာဝတ္ထုနှင့်

http://www.dhammadownload.com

ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)။ ထိုတရားသုံးလုံး အတိုက်ဓာတ်, အခံဓာတ်, အပေါ်ဓာတ်, သုံးပါးကိုပေါင်းတိုင်း ဖဿတွေဖြစ်တယ်။ ထိုဖဿကြောင့် ဝေဒနာဖြစ်တယ်။ ဒီဝေဒနာဖြစ်တိုင်း ဖြစ်တိုင်း ဖဿဖြစ်မယ်၊ သညာဖြစ်မယ်၊ စေတနာဖြစ်မယ်၊ ဝိညာဏ်ဖြစ်မယ်။ တရားငါးလုံးစလုံး ပြိုင်ပြိုင်ပြီးတော့ ပါမသွားဘူးလား (ပါသွားပါတယ်ဆရာ)။ ဒါဖြင့် ဒီတရားငါးလုံးစလုံး ဘယ်ကို မှီ၍ ဖြစ်သလဲလို့မေးရင် ဘယ်နှယ်ပြောမယ် (ဝတ္ထုရုပ်မှီဖြစ်ပါတယ်ဆရာ)။ အေး - ဝတ္ထုရုပ်မှီဖြစ်တယ်။ ဝတ္ထုရုပ်မမှီဘဲနဲ့ နာမ်တရားငါးပါးဟာ ဖြစ်ကောင်းပါ့မလား (မဖြစ်ကောင်းပါဘူးဆရာ)။ မဖြစ်ကောင်းဘူး။ ဒါကြောင့် -

သော "ကျမေ ဖဿပဉ္စမကာ ဓမ္မာ ကိံနိဿိတာ"တိ ဥပမာရေန္ဆော " ဝတ္ထုံ နိဿိတာ"တိ ပဇာနာတိ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၂၅၂)

သော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ ဖဿပဉ္စမကာ၊ ဖဿနှင့်တကွ ငါးခုသော။ ကျမေ ဓမ္မာ၊ ဤတရားတို့သည်။ ကိံနိဿိတာ၊ အဘယ်ကိုမှီ၍ ဖြစ်ကြပါကုန်လိမ့်။ ကွတိ၊ ဤသို့။ ဥပမာရေန္ဆော၊ စူးစမ်းဆင်ခြင်သည်ရှိသော်။ ဝတ္ထုံ၊ ဝတ္ထုရုပ်ကို။ နိဿိတာ၊ မှီ၍ဖြစ်ကုန်၏။ ကွတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

စဉ်းစားကြည့် စဉ်းစားကြည့်။ ရှေ့တစ်လှမ်းတိုးလာ၊ ဖဿပဉ္စမက အဓိပ္ပာယ်တော့ နားလည်သွားပြီပေါ့ (နားလည်ပါပြီဆရာ)။ ဖဿလည်း ဖမ်းတတ်ပြီလား (ဖမ်းတတ်ပါပြီဆရာ)။ ဝေဒနာကော (ဖမ်းတတ်ပါပြီဆရာ)။ ဝိညာဏ်ရော (ဖမ်းတတ်ပါပြီဆရာ)။ ဖမ်းတတ်ပြီ။ တစ်လုံးဖမ်းလိုက်ရင် တရားဘယ်နှစ်လုံး ပါတယ် (လေးလုံးပါသွားပါတယ်ဆရာ)။ တရားငါးလုံး ပြောစမ်းပါ။ ခန္ဓာမေးမှ လေးပါးလို့ပြော။ ဖဿတစ်လုံး ဖမ်းလိုက်ရင် တရားဘယ်နှစ်လုံးပါသွားတယ် (တရားငါးလုံးပါသွားပါတယ်ဆရာ)။ ဝေဒနာတစ်လုံး ဖမ်းလိုက်ရင် တရားဘယ်နှစ်လုံး ပါတယ် (ငါးလုံးပါသွားပါတယ်ဆရာ)။ ဝိညာဏ်ဖမ်းလိုက်ရင် တရားဘယ်နှစ်လုံးပါတယ် (ငါးလုံးပါသွားပါတယ်ဆရာ)။ အဲဒီ ငါးလုံးသော တရားတို့ကို ခန္ဓာနဲ့ ဖွဲ့လိုက်တော့ ဘယ်နှစ်ပါးရတယ် (လေးပါးရပါတယ်ဆရာ)။ ဘာခန္ဓာ ဘာခန္ဓာတုံး (ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာပါဆရာ)။ အေး ဒီခန္ဓာလေးပါးသည် ဘာခန္ဓာခေါ်တုံး (နာမ်ခန္ဓာပါဆရာ)။ နာမ်ခန္ဓာ၊ နာမ်တရားတွေ ရှိသေးလား (ရှိပါတယ်ဆရာ)။ ဟောဗျာ ခန္ဓာလေးပါးနဲ့ သိမ်းလိုက်တော့ နာမ်တရားတွေ ရှိသေးလားလို့မေးတယ် (ကုန်ပါပြီဆရာ)။ ကုန်ပြီလား (ကုန်ပါပြီဆရာ)။ အေး - ကုန်ရော။ နာမ်တရားကုန်ပြီ နော် (မှန်ပါတယ်ဆရာ)။

အဲဒါကြောင့် ငါရှုနေသော ဖဿ, ဝေဒနာ, ဝိညာဏ်,ခေါ်တဲ့ တရားသုံးလုံးမှာ တစ်လုံးလုံး

http://www.dhammadownload.com

သုံးသပ်လိုက်ရင် နာမ်တေပညာသ၊ တစ်နည်း စိတ်တစ်ခုယုတ်ကိုးဆယ်၊ အကျယ် တစ်ရာ့နှစ်ဆယ့်တစ်ပါး၊ စေတသိက်ငါးဆယ့်နှစ်ပါးခေါ်ထားတဲ့၊ ဘုရားကိုယ်တော်မြတ်ဟောသော စိတ်, စေတသိက်, ဆိုတဲ့ နာမ်တရားတွေက ကုန်ပြီ။ ခန္ဓာအားဖြင့် လေးပါး ပါသွားပြီ နော် (မှန်ပါတယ်ဆရာ)။ သိတယ် မဟုတ်လား (သိပါတယ်ဆရာ)။ ထိုနာမ်ခန္ဓာ, နာမ်တရား နာမ်ခန္ဓာလေးပါးသည် (တစ်နည်း) ထို ဖဿပဉ္စမကဆိုတဲ့ တရားငါးပါးသည် မိုရာမရှိဘဲနဲ့ ဖြစ်တဲ့တရား မဟုတ်ပါဘူး။ မိုရာနဲ့ ဖြစ်တာ၊ သူရဲ့ မိုရာ ဘယ်သူပါလိမ့် ဒီလို ရှာလိုက်တော့ ဝတ္ထုရုပ်သွားတွေ့တယ်တဲ့။ လက်စသတ်တော့ ဝတ္ထုရုပ် မိုဖြစ်တဲ့ တရားတွေပဲ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဝတ္ထုရုပ် မိုဖြစ်တဲ့ တရားတွေပဲလို့။ ဒီလို ယောဂါဝစရပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာ ပိုင်းခြားထင်ထင်သိရတယ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါဖြင့် ဝတ္ထုရုပ် မိုဖြစ်တာအမှန်ပေါ့ (အမှန်ပါပဲဆရာ)။ ဝတ္ထုရုပ် မမိုဘဲနဲ့ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)။ အဲဒီ သူမိုဖြစ်တဲ့ဝတ္ထုရုပ်သည် ဘာလဲလို့ မေးတော့ -

"ဝတ္ထု နာမ ကရဇကာယော" လို့ အဋ္ဌကထာဆရာက ဖွင့်ပြတယ်။

ဝတ္ထု နာမ၊ ထိုတရားငါးပါး မိုရှိ ဖြစ်သော ဝတ္ထုရုပ်ခေါ်သည်ကား။ ကရဇကာယော၊ ကရဇကာယတည်း။

"ကရဇကာယ"ဆိုတာ ဘာခေါ်တုံးတဲ့။ ကရဇကာယ၊ ဒီကိုယ်ကြီးကို ကရဇကာယခေါ်တယ်။ ရုပ်ကိုယ်ကြီး၊ ရုပ်တုံး ရုပ်ခဲကြီး နော် (မှန်ပါတယ်ဆရာ)။ ဒီကိုယ်ကြီးကလည်းပဲ ကိုယ်ကြီးလို့သာ အတွေ့အနေအားဖြင့် ထင်မြင်နေတာ၊ အမှန်ကတော့ ရုပ်နှစ်ဆယ့်ရှစ်ပါး ပေါင်းစုနေတာ။ မဟာဘုတ်လေးပါး ဥပါဒါန်ရုပ် နှစ်ဆယ့်လေးပါး ပေါင်းလိုက်တော့ ရုပ်နှစ်ဆယ်နဲ့ရှစ်ပါး နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒါ "ကရဇကာယ" ခေါ်တယ်။ ဩော် - လက်စသတ်တော့ ဒါကြောင့် ဒီ ဖဿပဉ္စမကဆိုတဲ့ တရားငါးပါးဟာ မိုရာမရှိဘဲနဲ့ ဖြစ်တဲ့တရားမှ မဟုတ်ဘဲနဲ့ မိုရာနဲ့ဖြစ်တယ်၊ သူ့ရဲ့မိုရာ ဘယ်သူပါလိမ့် ရှာလိုက်တော့ ကရဇကာယကြီး သူ့မိုမိုဖြစ်နေတာကိုး ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)။ ဒီ ကရဇကာယကြီးဆိုတာ ရုပ်ပိုင်းက ရုပ်ခန်းပါ ကုန်ရော့ နော် (မှန်ပါတယ်ဆရာ)။ မဟာဘုတ်လေးပါး ဥပါဒါရုပ် နှစ်ဆယ့်လေးပါး ပေါင်းလိုက်တော့ နှစ်ဆယ်နဲ့ရှစ်ပါး။ ဘုရားကိုယ်တော်မြတ် ရုပ်တရား ဘယ်လောက်ဟောထား (နှစ်ဆယ့်ရှစ်ပါးပါဆရာ)။ နှစ်ဆယ့်ရှစ်ပါးထက် ပိုသေးလား (မပိုပါဘူးဆရာ)။ လိုကောလိုသေးသလား (မလိုပါဘူးဆရာ)။ အတိအကျ နော် (မှန်ပါတယ်ဆရာ)။

အေး ၎င်းရုပ်နှစ်ဆယ့်ရှစ်ပါးလာပြီးပေါ်လိုက်တော့ ထို ယောဂါဝစရပုဂ္ဂိုလ်ရဲ့ ဉာဏ် ဘယ်လို မြင်သလဲဆိုတော့ ဖဿပဉ္စမကဆိုတဲ့ တရားငါးပါးဟာ မိုရာ မရှိဘဲနဲ့ ဖြစ်တဲ့တရား မဟုတ်ဘူး။

http://www.dhammadownload.com

မှီရာနဲ့ ဖြစ်တဲ့တရားလို့ သူရဲ့မှီရာ ဘယ်သူပါလိမ့် ရှာလိုက်တော့ "ကရဇကာယ"ဆိုတဲ့ ရုပ်တရားကြီး လာတွေ့ရတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ရုပ်တရားကြီးလာတွေ့တော့ သူရဲ့ မှီရာတည်းဟူသော၊ လည်းကောင်းဝတ္ထုခေါ်ထားတဲ့ "ကရဇကာယ" ရုပ်တရားဟာ ခန္ဓာအားဖြင့် ဘာခန္ဓာခေါ်တုံး (ရူပက္ခန္ဓာပါဆရာ)။ ဟော ရူပက္ခန္ဓာ နော် (မှန်ပါတယ်ဆရာ)။ စောစောတုန်းက ဖဿ, ဝေဒနာ, ဝိညာဏ်, တရားတစ်လုံး တစ်လုံးကို သုံးသတ်စဉ်အခါတုန်းက နာမ် ခန္ဓာလေးပါးက ပါမသွားဘူးလား (ပါသွားပါတယ်ဆရာ)။ အခု ထိုနာမ်ခန္ဓာလေးပါးရဲ့ မှီရာတည်ရာ အနေအားဖြင့် ဝတ္ထုရုပ်ပေါ်လာတော့ ရူပက္ခန္ဓာပါမသွားဘူးလား (ပါသွားပါတယ်ဆရာ)။

ဒါကြောင့် ယောဂါဝစရ ပုဂ္ဂိုလ်၏ ဉာဏ်မှာ လက်စသတ်တော့ နာမ်ခန္ဓာလေးပါး ရုပ်ခန္ဓာတစ်ပါးဖြင့် ခန္ဓာငါးပါးပဲ ရှိပါတယ်နော် (မှန်ပါတယ်ဆရာ)။ ဒါ သတိပဋ္ဌာန် ဝိဘင်း အဖွင့်အတိုင်း အဋ္ဌကထာဆရာ ပြသွားတဲ့ ဝါဒအတိုင်း သက္ကာယ ခွါခန်း ပြန်ဆင်းလာတာ။ သက္ကာယ ခွါခန်း ပြန်ဆင်းလာပြီးတော့ ခန္ဓာနည်းနဲ့၊ ထိုခန္ဓာနည်း တစ်ဖန် ခွဲခြမ်းပြနေတဲ့ သဘောလေး။ ဒီတော့ ယောဂါဝစရပုဂ္ဂိုလ်ရဲ့ ဉာဏ် ဘယ်လိုမြင်လာသလဲဆိုတော့၊ ဩဋ္ဌ ဖဿပဉ္စမကတရား ငါးပါးတုံး ကလည်း ခန္ဓာနည်းနဲ့ ဖွဲ့လိုက်တော့ နာမ်ခန္ဓာလေးပါးချည်း ဟောရတယ်၊ ထိုနာမ်ခန္ဓာလေးပါးရဲ့ မှီရာ,တည်ရာ ရှာလိုက်ပြန်တော့လည်းပဲ ဝတ္ထုရုပ်လာရလို့၊ ရုပ်တရားလို့ တွေ့ပြန်တော့ ရူပက္ခန္ဓာဖြစ်တယ်။ သေသေချာချာ ရှာကြည့်လိုက်တော့ ရူပက္ခန္ဓာရယ်၊ နာမ်ခန္ဓာလေးချက်ရယ်၊ ခန္ဓာငါးပါးအပြင် ဘာမှမရှိပါပဲကလား၊ ရှိသေးလား (မရှိတော့ပါဘူးဆရာ)။ သိမ်းပုံလေး သိမ်းပုံလေး။ ယောဂါဝစရပုဂ္ဂိုလ်ရဲ့ ဉာဏ်မှာ သိမ်းပုံလေးတဲ့။ အဲဒါ တကယ့်တရားစစ်,တရားမှန် အဆီတစ်ထပ် အသားတစ်ထပ်နေတဲ့ အခန်းတွေ။ သမာဓိလည်း ကောင်းကောင်းထား။ ကြပ်ကြပ်စည်းစား ဟုတ်လား မဟုတ်လားလို့။ ဖဿပဉ္စမကတရား ရှုစဉ်အခါတုန်းက နာမ်ခန္ဓာလေးပါး နာမ်တရားစုသည် ခန္ဓာနည်းအားဖြင့် အကုန်လုံး တပြုံလုံး ပါဝင်ပြီးသားဖြစ်၏ နော် (မှန်ပါတယ်ဆရာ)။ ထိုဖဿပဉ္စမကတရားတို့သည် မှီရာ မရှိဘဲနဲ့ မဖြစ်သော တရား။ ဒါကြောင့် သူတို့ရဲ့ တည်ရာ ဘယ်သူလဲလို့ ရှာပြန်တော့ ရူပက္ခန္ဓာဆိုတဲ့ ရုပ်တရားကြီး တွေ့ပြန်၏။ တွေ့လိုက်တဲ့ တပြိုင်နက် ရူပက္ခန္ဓာရယ်၊ နာမ်ခန္ဓာလေးပါရယ် ပေါင်းလိုက်တော့ ခန္ဓာငါးပါး တွေ့ရ၏။ မတွေ့ဘူးလား (တွေ့ပါတယ်ဆရာ)။ အဲ ခန္ဓာငါးပါးအပြင် မိမိကိုယ်မှာ ဒီပြင် အပိုအလျှံ ဘာရှိသေး (ဘာမှမရှိပါဘူးဆရာ)။ ဘာမှမရှိဘူး။ ခန္ဓာငါးပါးပဲ ရှိတော့တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။ အဲဒီ ခန္ဓာငါးပါးသည် အကြောင်းမရှိဘဲနဲ့ ဖြစ်လာတဲ့ တရားလားလို့။ ဒီလို တစ်ခါ ဆင်ခြင်တယ်။ ယောဂါဝစရ ပုဂ္ဂိုလ်က တက်နည်းလေးနော်။ သူ့လမ်းက တက်သွားတဲ့ လမ်းလေး။ ဒီတစ်ခန်းတည်း ခွဲခြားပြီးတော့ပြသွားတဲ့ ပထမဆုံး ဖဿ ဖမ်းပုံ၊ ဝေဒနာ

http://www.dhammadownload.com

ဖမ်းပုံ၊ ဝိညာဏ် ဖမ်းပုံ။ တစ်လုံးချင်း တစ်လုံးချင်း ဖမ်းတဲ့အခါ ဖဿပဉ္စမကတရား ငါးပါး၊ နာမ်ခန္ဓာ လေးပါး ပါသွားပုံ။ ထိုနာမ်ခန္ဓာလေးပါး မြင်သည်နက် တပြိုင်တည်း ထိုဖဿပဉ္စမက ခေါ်ထားတဲ့ တရားငါးလုံးသည် မှီရာနဲ့ ဖြစ်တဲ့တရားတွေပါလား။ သူတို့ရဲ့ မှီရာသည် ဘယ်သူပါလိမ့်။ ဝတ္ထုခေါ်ထား တဲ့ ကရဇကာယ ရုပ်တရားကြီး၊ ရုပ်တရားဆိုတဲ့ ရူပက္ခန္ဓာ၊ ဖဿပဉ္စမကတရားက နာမ်ခန္ဓာလေးပါး ပေါင်းလိုက်တော့ ခန္ဓာငါးချက်၊ ထိုခန္ဓာငါးချက်သည် အကြောင်းမဲ့သက်သက်ဖြစ်သည်မဟုတ်။ ရှာ လိုက်တော့ အဝိဇ္ဇာ, တဏှာ, ကံ,ဆိုတဲ့ အကြောင်းတရား သုံးပါးပေါ်လာ၏ နော် (မှန်ပါတယ်ဆရာ)။

ပစ္စယာ စေဝ ပစ္စယာသမုပ္ပန္နာ စ - အကြောင်းနဲ့အကျိုး ဖြစ်နေတဲ့ တရားတွေပဲလို့။ အဝိဇ္ဇာ, တဏှာ, ကံ,ဆိုတဲ့ အတိတ်ဘဝက ဖန်တီးထားတဲ့ အကြောင်းက ဒါ ပစ္စယ၊ ထို အဝိဇ္ဇာ, တဏှာ, ကံ, တည်းဟူသော အကြောင်းသုံးချက်ကြောင့် ပေါ်ထွက်လာတဲ့ လက်ရှိရထားသော ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာ လေးပါး ဆိုတဲ့ ခန္ဓာငါးပါးက အကျိုးတရား "ပစ္စယုပ္ပန္န" နော် (မှန်ပါတယ်ဆရာ)။ အကြောင်းတရားနဲ့ အကျိုးတရား ဒါပဲ ရှိပါတယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ငါတို့ လက်ရှိရထားတဲ့ ခန္ဓာငါးပါးသည် အကျိုးတရားပဲလို့ ဒီလိုသိရမယ် မသိဘူးလား (သိပါတယ်ဆရာ)။ ဒါဖြင့် အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန် အကျိုးနဲ့ ဆက်စပ်ပြီး ကြည့်လိုက်တော့ အကြောင်းနဲ့အကျိုးနှစ်ပါးသာရှိ။ ထိုအကြောင်းတရား အကျိုးတရားနှစ်ပါးမှ တစ်ပါး တစ်ခြား "ပုဂ္ဂလောဝ သတ္တောဝ နတ္ထိ"တဲ့။ ပုဂ္ဂိုလ်လည်းမရှိ သတ္တဝါလည်း မရှိ၊ ရှိသေးရဲ့လား (မရှိတော့ပါဘူးဆရာ)။ ဒီလိုသိလိုက်တော့ ပစ္စယပရိဂ္ဂဟဉာဏ် ပြန်ဆိုက်မသွား ဘူးလား (ဆိုက်သွားပါတယ်ဆရာ)။ ဒါ ဒို့လူစုက နဂိုထဲက ပစ္စယပရိဂ္ဂဟဉာဏ်က ရပြီးသား ဖြစ်နေလို့ ဟိုမှာ တက်စဉ်ကတော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်မှာ ဒီတိုင်းထွက်သွားတာ ဒါကြောင့် ဝေဒနာ ဖမ်းတဲ့နည်းမှာ ဝေဒနာနုပဿနာနိဒ္ဒေသ အဖွင့်ပြန်ကြည့်၊ အခုပြတဲ့ ဖဿဖမ်း, ဝေဒနာဖမ်း, ဝိညာဏ်ဖမ်း, ဖမ်းတမ်းဆိုတဲ့ အခန်းလေးကစတက် ဒီလိုတက်ရပါတယ်တဲ့ တရားဆိုတာနော် (မှန်ပါတယ်ဆရာ)။ ဒီလိုတက်ရပါတယ်။ အဲဒါဝေဒနာနိဒ္ဒေသ ပြန်ကြည့်ပါ၊ ဒါဖြင့် ဒီလိုတက်သွားတော့ ခန္ဓာငါးပါးသည် အကြောင်းမဲ့ဖြစ်တာမဟုတ်ဘူး၊ အကြောင်းကြောင့် ဖြစ်လာတယ်ဆိုပြီးတော့ အကြောင်းရှာလိုက်တော့ လွန်ခဲ့သောအတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ကံ, ပစ္စပ္ပုန်က အာဟာရ ဖဿနာမ်ရုပ် ပစ္စယပရိဂ္ဂဟဉာဏ်တုန်းက ဒို့ပြတဲ့အတိုင်း တွေ့ဘူးလား (တွေ့ပါတယ်ဆရာ)။ ဒါဖြင့် ထိုအကြောင်းတရားကြောင့် ဖြစ်လာတာဘယ်သူတုံး အကျိုးတရားက ခန္ဓာ ငါးပါး ဒီလိုမနေဘူးလား (မှန်ပါ) ဒါဖြင့်သေချာရှာလိုက်တော့ အကြောင်းနဲ့အကျိုး နှစ်ပါးသာရှိတယ်လို့ ဘာရှိသေးတုန်း ဘာမှ မရှိပါဘူး၊ "ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နဓမ္မာ စ" လို့ "ပုဂ္ဂလောဝ သတ္တော နတ္ထိ" အကြောင်းတရားနဲ့ အကျိုးတရားနှစ်ပါးထဲရှိပြီး ပုဂ္ဂိုလ်သတ္တဝါမရှိဘူးတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒီလိုသိတော့မှ

http://www.dhammadownload.com

ဘာလုပ်မလဲဆိုတော့ "တိလက္ခဏံ အာရောပေတွာ" တိလက္ခဏာ၊ လက္ခဏာသုံးပါးကို။ အာရောပေတွာ၊ တင်၍။ အနိစ္စာဒိဝသေန၊ အနိစ္စအစရှိသည် အစွမ်းအားဖြင့်။ ဝိပဿတိ၊ ရှုမြင်ပွားများအားထုတ်၏။ တက်သွားပုံ တရားစစ်တရားမှန်ဆိုတာ ဒီလိုလမ်းစဉ်နဲ့ တက်သွားတာ သေချာကြည့်၊ ဒီလိုလည်းပဲ ခန္ဓာငါးပါး အကျိုးတရားအကြောင်းတရား နှစ်ပါးသာ ရှိတယ်။ ပုဂ္ဂိုလ်သတ္တဝါ မရှိဟုဆိုထားတာ ပစ္စယပရိဂ္ဂဟဉာဏ်အားဖြင့်လည်းသိရော၊ လက္ခဏာရေးသုံးပါးလည်း ထင်ရောတဲ့ ဟုတ်ကြလား (မှန်ပါတယ်ဆရာ)။ "တိလက္ခဏံ အာရောပေတွာ"လို့ လက္ခဏာရေးသုံးပါး ထင်ပြီးတော့ ဘယ့်နှယ်လုပ် ဟောဒီအကြောင်းတရား အကျိုးတရားကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားတည်းဟူသော ခန္ဓာငါးပါးကြီးရပြီ။ လက်ရှိထင်ရှား ဖြစ်ပေါ်နေသော အကျိုးခေါ်ထားတဲ့ ခန္ဓာငါးပါးတရားသည် မျက်တောင်တခက် တစ်စက္ကန့်ဆိုတဲ့ ကာလလေးမှာ ဥပါဒ်, ဌိ, ဘင်,ဆိုတဲ့ ခဏငယ်အချက်တွေနဲ့ "ခဏိကမရဏ" အနေအားဖြင့် ရုပ်သေ, နာမ်သေ, ခန္ဓာသေ, ပရမတ်သေ, ဓာတ်သေ, အနေအားဖြင့် သိန်းသန်းကုဋေ့ မရေမတွက်နိုင်အောင် တစ်သေတည်း သေနေတဲ့ အတွက် နိစ္စအချက်၊ နိစ္စလက္ခဏာ မြဲပါတယ်ဆိုတဲ့ ရှာမရခြင်းကြောင့် အနိစ္စကောန်ပါပဲလားလို့ ယောဂါဝစရပုဂ္ဂိုလ်ရဲ့ဉာဏ်က မြင်တယ်နော် (မှန်ပါတယ်ဆရာ)။

ဒါပဲလား၊ အဖြစ်ကစ၍ အပျက်သာအမြဲဆုံးနေတဲ့ အတွက် တပျက်တည်းပျက်နေတဲ့အတွက် လုံးလုံးကြီး ချမ်းသာမှု ရှာမရတော့ ဒုက္ခအစစ်ပါပဲလားနော် (မှန်ပါတယ်ဆရာ)။ ငါ့အလိုမလိုက် ငါ့အာဏာတန်ခိုး အစိုးမရ၊ ငါ့အကြိုက်လည်းသူမနေ သူဖြစ်ချင်သလိုဖြစ်နေတဲ့ အနှစ်သာရလုံးဝကင်းဆိတ်သော တရားကြီးဖြစ်ခြင်းကြောင့် အနတ္တပါလားလို့၊ ဟောဒီခန္ဓာငါးပါး အနိစ္စ, ဒုက္ခ, အနတ္တ,လက္ခဏာရေးသုံးပါးနဲ့လည်း ပွားများရော့ အရဟတ္တမဂ်လည်း ရောက်ရောတဲ့ အဲဒါ ဝေဒနာနုပဿနာ သတိပဋ္ဌာန် နိဒ္ဒေသအဖွင့်မှာ ပြသွားတဲ့ လမ်းစဉ်အတိုင်းပါပဲလို့ မယုံလို့ရှိရင် အဋ္ဌကထာပြန်ကြည့်ကြနော် (မှန်ပါတယ်ဆရာ)။ ကြည့်မယ့်လူလည်း တစ်ယောက်မှ ရှိမှာမဟုတ်ပါဘူး၊ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါပေမဲ့ အပြစ်ရှာလိုသောပုဂ္ဂိုလ်များ ရှိချင်ရှိလိမ့်မယ်။ သူပြောသွားတဲ့လမ်းစဉ် ဟုတ်ကဲ့လား၊ ပါရဲ့လား တို့လုပ်နေတဲ့ လမ်းစဉ်နဲ့ ဘယ်နှယ့်နေတုံး ကြည့် ကြည့် ကြည့်စေချင်တယ်။ ကြည့်တော့သိလိမ့်မယ် ဟုတ်ပါပဲ ဟောသွားတဲ့လမ်းစဉ်အတိုင်း ဝေဒနာရှုနည်းလေးတက်သွားလိုက်တာ အရဟတ္တမဂ်, အရဟတ္တဖိုလ်ရှိတဲ့ထိအောင် လမ်းစဉ်ပြသွားတာ ဒီတိုင်းသွားတယ်။ ဒီအစဉ်လေးတွေနဲ့ သွားတာပဲလို့ အဋ္ဌကထာလှန်ကြည့်လို့ တိတိကျကျ သိလို့ရှိရင် မိမိတို့ဖမ်းနေတဲ့ ဝေဒနာခန်းဟာ အဆန်းဖြစ်နေပါလား ဆိုတာပေါ်လာနော် (မှန်ပါတယ်ဆရာ)။ ဒါပေမဲ့ အရှုံးမပေး ချင်တာနဲ့ မသိချင်ယောင်ဆောင် မှိတ်ကြိတ်ပြီးနေမှာပါ မထူးပါဘူး၊ မဟုတ်ဘူးလား

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)။ တရားနဲ့ပတ်သက်ရင် အမှားအမှန်ဆိုတာ မှားမှန်းသိရင် ဝန်ခံရတယ်။ ဒါလောကုတ္တရာ စီးပွားရှာတာ၊ လောကီစီးပွားရှာတာ မဟုတ်ဘူး။ မှားရက်သားနဲ့ မှောက်နေမယ်ဆိုရင် ကိုယ်သာလျှင် ဆုံးရှုံးမှု ဖြစ်တယ်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ကြည့်ပါ ကြည့်ပါ။ ဒါကြောင့် စောစောက ပြောထားတဲ့ ဘုရားပေါင်း ရှစ်သောင်းလေးထောင် ပွင့်တော်မူနေတာ ဘာမှမှားစရာ မရှိဘူး။ ဘယ်လို အသိဉာဏ်လေးတွေ ပေါ်ထွက်လာအောင် ကြိုးစားရမယ်လို့ ကြိုးစားပြီးလမ်းစဉ်ချ၊ "ဝိရောဝုတ္တိ"အနေအားဖြင့် "အတ္တနောမတိ" ကြံဆတဲ့ အလုံးလေးတွေနဲ့ ဟောပြော ပြသတိုက်တွန်းပေးနေလို့ ဖြစ်ကောင်းတာမဟုတ်ဘူး၊ တရားနဲ့ပတ်သက်ရင် လမ်းလွဲပြီလားဆိုမှဖြင့် ကိုယ်လည်းငရဲမီး မလွတ်ပါဘူးနော် (မှန်ပါတယ်ဆရာ)။ အင်မတန် ကြောက်စရာကောင်းတယ်။ လွယ်တဲ့ကိစ္စ မဟုတ်ဘူး ပိုဆိုးတယ်။ ဆရာလုပ်တဲ့လူ ဓမ္မက္ခန် အဓမ္မက္ခန်လုပ်ခြင်း၊ အဓမ္မက္ခန် ဓမ္မက္ခန် လုပ်ခြင်းလို့။ တရားက ဓမ္မက္ခန်အစစ်ကြီး မှန်ရဲ့သားနဲ့ ဒီလမ်းစဉ် ချဲ့ထွင်ပြီးတော့ မဟုတ်မတရား အနေအားဖြင့် ညွှန်ကြားပြသ ဆုံးမချက်တွေပေး၊ တိုက်တွန်းချက်တွေပေးလို့ ဟောပြောမယ်ဆိုလို့ရှိရင် ဘုရား ဓမ္မက္ခန်ကို အဓမ္မက္ခန်လုပ်ရာ ရောက်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)။ အဓမ္မက္ခန် မဲမှန်တဲ့ တရား အစစ်ကြီးကို မှန်တယ်လို့ ဖြစ်လာအောင် ကြံဆောင်ပြီးတော့ ဟောပြောပြသ ဆုံးမပေးပြန်လည်းပဲ အဓမ္မက္ခန်ကို ဓမ္မက္ခန်ဖြစ်အောင် လုပ်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)။ အင်မတန် ကြောက်စရာကောင်းနော်။

ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်က တရားတာတွေကို မတရားဘူးဟော၊ မတရားတာတွေကို တရားလုပ်ဟော။ အဲဒီလို အဓမ္မက္ခန်, ဓမ္မက္ခန်လုပ်မှု၊ ဓမ္မက္ခန်, အဓမ္မက္ခန်လုပ်မှု၊ အဲဒီ အလုပ်တွေလုပ်လို့ ကပိလရဟန်းကြီး သေသည်၏ အခြားမဲ့၌ အဝီစိကျတယ်။ ကြောက်စရာ သိပ်ကောင်း။ ဒါပေမဲ့ ကပိလရဟန်းက ပိဋကတ်သုံးပုံ ဆောင်ထားနိုင်တယ်။ ပိဋကတ်သုံးပုံ မှောက်ချီ လှန်ချီ ပြောနိုင်တယ်။ ပိဋကမာန်က တက်နေတော့ တစ်ဖက်သားက အဖြူဆို သူကအနက်၊ တစ်ဖက်သားက အနက်ဆို သူက အဖြူ၊ တစ်ဖက်သောပုဂ္ဂိုလ် ခြောက်ခြားနိုင်တဲ့သတ္တိ ရှိတယ်နော် (မှန်ပါတယ်ဆရာ)။ အဲဒါ ပိဋကတ်မာန်တက်ပြီးတော့ အခုလိုပဲ ကမောက်ကမ ဟောမှု,ပြောမှုကြောင့်တဲ့။ သေသည်၏ အခြားမဲ့ မဟာအဝီစိငရဲကျ၊ မဟာအဝီစိငရဲ သက်တမ်းစေ့အောင်ခံပြီးတော့ ကံကြွင်းဆိုတဲ့ အနေအားဖြင့် ပြန်လာတော့ ရောဟိနီမြစ်ထဲ ရွှေအဆင်းရှိတဲ့ ငါးကြင်းကြီးလာဖြစ်တယ်။ ကြည့်လိုက်ရင် အင်မတန်လှတယ်၊ ရွှေအဆင်းရှိ ရွှေငါးကြင်းလို့။ တစ်နေ့သောအခါကျ တံငါသည်၏ ပိုက်တွင်မိ၊ မိတော့မှ တံငါသည်တွေက အမြတ်တနိုးအားဖြင့် လှေဝမ်းထဲထည့်၊ ရေနဲ့လှောင် အပေါ်ကကပ်ဖုံး။ ဒို့နဲ့တော့ လုံးလုံးကြီး မတော်ဘူးဟဲ့။ ရှင်ဘုရင် ဆက်မှပဲလို့၊ ကပ်ဖုံးပြီးတော့ထားတော့ ကပ်အောက်

http://www.dhammadownload.com

ကနေ ပါးစပ်ဟ ဟပြီး အသက်ရှူနေရတယ်၊ အသက်ရှူလိုက်တော့ လျှေပေါ်ကလူတွေက မနေနိုင်၊ ပုပ်စော်ကနံလိုက်တာ၊ ဟာပုပ်စော်နံလိုက်တာ၊ ဘယ်ကပါလိမ့် ဟိုရှာ ဒီရှာရှာတော့မတွေ့။ နောက်တော့ သူပဲ ဧကန်ဖြစ်တဲ့ ငါးပါးစပ်က နံရဲတူတယ်။ အနံ့ခံကြည့်တော့ ငါးပါးစပ်က အသက်ရှူတိုင်း ရှူတိုင်း အပုပ်နံ့တွေထွက်။ ဟိုဘဝက ကျန်လာတဲ့ ကံကြွင်းခေါ်တယ်။ ဓမ္မက္ခန်, အဓမ္မက္ခန်လုပ်၍ ဟောမှု အဝီစိလဲ သက်တမ်းအတိုင်း ရင့်ကျက်ပြီးတော့ နေခဲ့ရသေး၊ ပြန်လာပြန်တော့လည်း သက်သာခွင့်မပေးသေးဘူး။ ပါးစပ်က မဟုတ်မမှန်တာ လုပ်ကြံပြီးဟောတဲ့အတွက် ပါးစပ်ဟလိုက်ရင် အပုပ်နံ့တွေ တထောင်းထောင်းထွက်ရင်း လှေသမားတွေက အနံ့မခံနိုင်တော့ တံငါသည်များ အနံ့မခံနိုင်တော့ တယ်ဆိုးဝါးတဲ့ ငါးတဲ့။ ငါးအဆင်းကတော့ ရွှေအဆင်း အင်မတန်လှပတယ်၊ ဒါပေမဲ့ ခံတွင်းကထွက်တဲ့ အနံ့ကတော့ ငါတို့မခံနိုင်ဘူး။ တော်တော်ဆိုးတဲ့ငါး အကျိုးပေးတော်တော်ညံ့တဲ့ ငါးပဲ။ ဝိုင်း အပြစ်တင်စကားပြောကြတော့မှ၊ လည်းကောင်းငါးဖြစ်နေတဲ့ ကပိလရဟန်းကြီးက သူနားဆတ်ဆတ် ကြားတော့ ဝမ်းနည်းပက်လက်ဖြစ်တယ်။ ဖြစ်မှဖြစ်ရလေ၊ ငှါဘုရားလက်ထက်က ပိဋ္ဌကတ်ချောက်ချားနိုင်တဲ့ သတ္တိအစွမ်းနဲ့ ဘုရား ဓမ္မက္ခန်လည်း အဓမ္မက္ခန်ဖြစ်အောင် လုပ်ပြီးတော့ ငါဟော၊ အဓမ္မက္ခန်အစစ်ကို ဓမ္မက္ခန်ဖြစ်အောင် လုပ်ပြီးတော့ ငါဟောတဲ့အတွက် အဝီစိငရဲကျပြီးတော့ ငရဲသက်တမ်းခံ၊ ခံလို့ လုံးဝ ကွင်းလုံးကျွတ်လွတ်သလားဆို ကံကြွင်း ကံကျန်ဆိုတဲ့အနေအားဖြင့် ငှါပါးစပ်လာပြီးတော့ အပုပ်နံ့ တစ်ထောင်းထောင်း ထွက်နေတယ်၊ ရှက်စရာကောင်းရဲ့၊ ဝမ်းနည်းစရာကောင်းရဲ့။ သေတာအေးပါလိမ့် ထင်ပါရဲ့ဆို ထပြီးတော့ ခုန်ချလိုက်တာ အပေါ်ကဖုံးထားတဲ့ ကပ်ကကပ်စွန်းနဲ့ ခေါင်းနဲ့ ဆောင့်ပြီး တစ်ခါ သေပြန်ရော။ သေပြီးတော့ ဘယ်ပြန်လဲဆိုတော့ အဝီစိ ပြန်ကျတယ်တဲ့။ ဒါကြောင့် လောကမှာ လူမိုက်များပြောတယ်၊ မိုက်တဲ့အကောင်များဟာ မိုက်လှချည်လားဟာ၊ မိုက်ဘာဖြစ်တုံး တစ်ဝီစိအပြင်, နှစ်ဝီစိမရှိပါဘူး။ ကျလာအဝီစိပေါ့။ ဒီလိုပြောတယ်ကိုကွနော် (မှန်ပါတယ်ဆရာ)။ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ တစ်ဝီစိအပြင်, နှစ်ဝီစိရှိတယ်ဆိုတာမှတ်ထား။ ဘယ်လောက် ကြောက်စရာကောင်းလဲ။ လောကလူသတ် အဝီစိကျဖို့ ခဲရင်းတယ်နော် (မှန်ပါတယ်ဆရာ)။

အာနန္တရိယကံငါးပါး လွန်ကျူးရင် အဝီစိကျမယ်။ မာတုဃာတက, ပိတုဃာတက အစရှိသည်အားဖြင့် ပဉ္စာနန္တရိယကံကြီးတွေ လွန်ကျူးရင် အဝီစိကျမယ်။ ဒို့ ရိုးရိုး လူသတ်လို့ အဝီစိကျဖို့ ခဲယဉ်းတယ်။ နွားသတ်လို့ အဝီစိကျဖို့ ခဲယဉ်း၊ မားပြတိုက်လို့ အဝီစိကျဖို့ ခဲယဉ်း။ သူဥစ္စာခိုးလို့ အဝီစိကျဖို့ ခဲယဉ်း၊ မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ)။ ဒီကံတွေကြောင့်ကျပြန်တော့ တစ်ခါကျပြီး လွတ်စတမ်းပေါ့၊ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။ နှစ်ခါပြန်ခံကောင်းရဲ့လား (မခံကောင်းပါဘူးဆရာ)။ အေး သာသနာစောင့်ကားတဲ့နေရာကြတော့ နှစ်ခါပြန်ခံရတယ်။ ဘယ်လောက် ဒဏ်နာသလဲလို့၊ မနာ

http://www.dhammadownload.com

ဘူးလား (နာပါတယ်ဆရာ)။ အဲဒါ ဘုရားသာသနာ စော်ကားတယ်လို့ခေါ်တယ်။ ဘုရားသာသနာ ဖျက်ဆီးတယ်လို့ခေါ်တယ်။ အင်မတန်လည်း ကြောက်စရာကောင်းနော် (မှန်ပါတယ်ဆရာ)။ ဒါ့ကြောင့် တရားပြောတယ် ပြတယ်ဆိုပေတဲ့ ယုတ္တိ ယုတ္တာနဲ့ အတော်ကြီး ဝေဖန် စဉ်းစား ပြီးမှ ဒါကတော့ အတိမ်းအစောင်း မရှိဘူးဟဲ့၊ ဒီလိုဆိုရင် မမှားနိုင်ဘူးဟဲ့၊ မှန်ကန်တိကျတဲ့ သဘော ပဲဟဲ့၊ ဒါကတော့ ဒေသနာနဲ့ အကိုက်၊ ဒါကတော့ ကျမ်းဂန်နဲ့အကိုက်၊ ဒါက အာဂုံ ပါဠိ အာဂမယုတ္တိ ရှိတယ်၊ ဒါက သာဓကယုတ္တိ သက်သေပြနိုင်တယ်၊ ဒါက သဘာဝယုတ္တိသဘောအားဖြင့်သိတယ်။ ဒီလို နှိုင်းနှိုင်း ချိန်ချိန်နဲ့ တွေးတွေးဆဆ အယူအဆမမှားအောင် အတော်ကြီး စဉ်းစားဝေဖန်ပြီးတော့ ပြရသရပါတယ် နော် (မှန်ပါတယ်ဆရာ)။ ယတနု နုတဲ့အနေအားဖြင့် တစ်ဦးနဲ့တစ်ဦး နိုင်ငံရေးသမား ပါတီပြိုင်တဲ့အနေ အားဖြင့် အနိုင်လုတဲ့အနေအားဖြင့် လူများရင် ပြီးစတမ်းတဲ့။ နာမည်ကြီးရင် ပြီးစတမ်းဟဲ့၊ ဂုဏ်ရှိရင် ပြီစတမ်းဟဲ့ဆိုတဲ့အနေအားဖြင့် အမှားမှား အရမ်းရမ်း ပရမ်းပတာဆိုတဲ့ အလုပ်တွေ လုပ်လို့ရှိရင်ဖြင့် ကိုယ်သာ မြုပ်မယ်။ အင်မတန် ကြောက်စရာကောင်းတယ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အခု ဝေဒနာနုပဿနာ၊ ဝေဒနာနုပဿနာနိဒ္ဒေသအဖွင့်မှာ သမ္မောဟအဌကထာ ဖွင့်ဆိုသွား တဲ့အတိုင်း သေသေချာချာ ပြန်ကြည့်။ ဖဿကစပြီးတော့ ဖဿဖမ်းပုံ ဖမ်းနည်း၊ ဝေဒနာဖမ်းပုံ ဖမ်းနည်း၊ ဝိညာဏ် ဖမ်းပုံဖမ်းနည်း။ ထိုသုံးလုံးတစ်လုံးလုံးမိအောင် ဖမ်းနိုင်ရင် ဖဿပဉ္စမက ခေါ်ထားတဲ့ တရား ငါးပါးစလုံး အကုန်ပါ၏။ တရားငါးပါးစလုံး အကုန်ပါလို့ရှိရင် ခန္ဓာနဲ့ ရေတွက်တော့ ခန္ဓာလေးချက် ပေါ်ထွက်လာ၏။ ခန္ဓာလေးပါး ဖမ်းပြီးဖြစ်၊ ခန္ဓာလေးပါး ဖမ်းပြီးသားဖြစ်လို့ရှိရင်လည်းကောင်း ယောဂါဝစရပုဂ္ဂိုလ် ထိုဖဿပဉ္စမကဆိုတဲ့ နာမ်တရားငါးလုံးသည် မှီရာ,တည်ရာ,ရှိမှသာလျှင် ဖြစ်ကောင်းတဲ့တရားပဲလို့၊ သူရဲ့ မှီရာ,တည်ရာ ဘယ်သူလဲလို့စဉ်းစားတော့ ကရဇကာယခေါ်ထားတဲ့ ဝတ္ထုရုပ်ပေါ်လာ၏။ ဒီလို ပေါ်လာသည်နှင့်တပြိုင်နက် ဩော် ဖဿပဉ္စမကဆိုတဲ့ ဒီတရားငါးပါးဟာ၊ ဒီနာမ်တရားငါးပါးဟာ ရုပ်ကို မှီ၍ ဖြစ်တဲ့ တရားတွေပါလားလို့ မျက်ဝါး ထင်ထင် ဉာဏ်အားဖြင့် မြင်သည်နှင့် တပြိုင်နက် ထိုတရားငါးပါးတို့၏၊ မှီရာရုပ်တရားသည် ရူပက္ခန္ဓာချည်းပဲ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ တက်ပုံလေး သေချာကြည့်။ ရူပက္ခန္ဓာချည်းပဲလို့သိပြီး၊ သိလိုက်တော့ ဖဿပဉ္စမက တရားက နာမ်ခန္ဓာလေးပါး ထိုတရားငါးပါးရဲ့ မှီရာ ရုပ်ဝတ္ထုက, ရုပ်တရား ရူပက္ခန္ဓာ ပေါင်းလိုက်တော့ ခန္ဓာငါးချက် ဖြစ်၏။ ၎င်းခန္ဓာငါးချက်သည် အကြောင်းမဲ့သက်သက် ဖြစ်သည်မဟုတ်။ ထိုခန္ဓာငါးပါးတို့ ဖြစ်လာသော အကြောင်းရင်းကို ရှာလိုက်တော့ အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ကံ,လို့ပေါ်လာ၏ နော် (မှန်ပါတယ်ဆရာ)။ အဲဒါ ခုနေ ဒီအခန်းလေးများဝင်လိုက်တဲ့လူ ဘာမှသိမှာမဟုတ်ဘူး။ ခန္ဓာငါးပါးဖြစ်ခြင်း အကြောင်းရင်း မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)။ ခန္ဓာငါးပါး ဘာကြောင့်ဖြစ်

http://www.dhammadownload.com

(အဝိဇ္ဇာ၊ တဏှာ၊ ကံကြောင့် ဖြစ်ပါတယ်ဆရာ)။ အတိတ်အကြောင်းလား ပစ္စုပ္ပန်အကြောင်းလား (အတိတ်အကြောင်းပါဆရာ)။ အေး. . . အတိတ်အကြောင်းနားလည်လား (နားလည်ပါတယ်ဆရာ)။ အတိတ်က အဝိဇ္ဇာ တဏှာ ကံဆိုတဲ့ တရားသုံးပါးကြောင့် ခန္ဓာငါးချက်ပေါ် ထွက်လာနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ဒို့သင်တန်းသား အစကစပြီးတော့ သည်းခံပြီး လိုက်တဲ့ပုဂ္ဂိုလ်များအဖို့ဆိုတော့ ဟောဒီအခန်းက ပြတော့ နဂိုထဲက ကျေကျေညက်ညက် ရှိပြီးသားဆိုတော့ အထူးခဲ့ထွင် ပြောစရာမလိုဘူးနော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ခန္ဓာငါးချက်သည် အကြောင်းမဲ့သက်သက် ဖြစ်တဲ့ တရားမဟုတ်ဘူး၊ အကြောင်းကြောင့်ဖြစ်တဲ့ တရားပဲလို့ အကြောင်းရှာလိုက်တော့ အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ကံ,ဆိုတဲ့ အကြောင်းတွေပေါ် လာ၏။ မပေါ် ဘူးလား (ပေါ် လာပါတယ်ဆရာ)။ ဒါဖြင့် အကြောင်းနဲ့အကျိုး ဆက်စပ်ပြီးတော့ အကြောင်းကြောင့် အကျိုးဖြစ်၊ အတိတ်ဘဝက အဝိဇ္ဇာ တဏှာသည် အကြောင်းတရား၊ ယခု လက်ရှိဖြစ်နေသော ခန္ဓာငါးပါးသည် အကျိုးတရားလို့ အကြောင်းနဲ့ အကျိုးအပြင် ဘာရှိသေးတုံး (ဘာမှမရှိပါဘူးဆရာ)။ ဘာမှ မရှိဘူး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဒါကြောင့် အကြောင်းကတော့ လွန်ပြီးသား တရားတဲ့၊ အကျိုးကတော့ ဖြစ်ဆဲတရားဆိုတော့ ပစ္စုပ္ပန်ပေါ် တင်ပြီး ရှုလိုက်တော့ ငါလက်ရှိရထားသော ခန္ဓာငါးပါးသည် ဘယ်လိုသဘောတရားလဲလို့ ဝေဖန်စဉ်းစားတဲ့ အခါကျတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ်သုံးပါး ပေါ် ထွက်လာပါ၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အဲဒါပဲ အဲဒါပဲ။ ဒါကြောင့် ဝိပဿနာဆိုတာ သေချာလည်း မှတ်။ ဝိပဿနာဆိုတာ ဝိပဿနာနဲ့ သမထကွဲရတယ်။ ဒါ သမထ၊ ဒါ ဝိပဿနာ။ ဝိပဿနာဆိုတဲ့လမ်းက ရုပ်, နာမ်, ခန္ဓာ,မူတည်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာယာဉ်သုံးပါးနဲ့ ရှုမြင်ပွားများသွားတဲ့ လမ်းဟာ ဝိပဿနာ အစစ်ပဲလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အာရုံပြုတော့ ဘာပြု၊ ပရမတ် (ပရမတ်အာရုံပြုပါတယ်ဆရာ)။ သမထကတော့ ဘာအာရုံပြု (အလုပ် ပါဆရာ)။ အောင်မလေးဟဲ့ ဘာအာရုံပြုလဲလို့မေးတာ။ ဝိပဿနာတော့ ပရမတ် အာရုံပြုတယ်၊ သမထတော့ ဘာအာရုံပြု (ပညတ်ပါဆရာ)။ အေး မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ စထွက်လာကတည်းက သမထသည် ပညတ်တရားကိုသာလျှင် အာရုံပြုပါ၏၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဝိပဿနာသည် ပရမတ်ကိုသာ အာရုံပြုပါ၏။ စထွက်လာကတည်းက တစ်ခုကအမှား တစ်ခုကအမှန်။ တစ်ခုက မရှိတာအာရုံပြု၊ တစ်ခုက ရှိတာအာရုံပြု။ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)။ စထွက်လာကတည်းက လမ်းချင်းကိုက ဒီလိုကွာနေတာ။ ဒါကြောင့် ဝေဒနာနိဒ္ဒေသ တက်သွားတဲ့ လမ်းစဉ်လေး သေချာပြန်စဉ်းစားကြည့်။ ညော် လက်စသတ်တော့ ဒို့ သင်တန်း နိဒါန်းကစပြီးတော့ တစ်စ တစ်စ တက်လာလို့ လက္ခဏာယာဉ်

http://www.dhammadownload.com

သုံးပါးဆိုက်တဲ့ အခန်းလို့၊ အခုလဲ ဝေဒနာနုပဿနာနိဒ္ဒေသ ဖွင့်သွားတာ ဒီအတိုင်းပဲလို့ ခပ်ကျဉ်းကျဉ်း ဖွင့်သွားလို့။

ဒါကြောင့် ဖဿရယ်, ဝေဒနာရယ်, ဝိညာဏ်ရယ်,ဆိုတဲ့ တရားသုံးပါး တစ်လုံးလုံးမိအောင်ဖမ်း။ ဖမ်းတတ်ရင် နာမ်ခန္ဓာလေးချက် ရှုမြင်ပွားများပြီးသားဖြစ်တယ်၊ နာမ်ခန္ဓာလေးပါး သိပြီးသည်နှင့် တစ်ပြိုင်နက် ထိုနာမ်ခန္ဓာ, နာမ်တရားတို့၏ မှီရာကို ရှာကြံလိုက်တဲ့အခါကျတော့ ကရဏာယ ခေါ်ထားတဲ့ ဝတ္ထုရုပ်ပေါ်လာ၏။ ပေါ်လာသည်နှင့်တစ်ပြိုင်နက် ၎င်းဝတ္ထုရုပ်သည် ရုပ်တရားဖြစ်ခြင်းကြောင့် ရူပက္ခန္ဓာမည်တယ်လို့ ဒီလိုလဲ သိရော ခန္ဓာငါးချက်လည်းစုံရော မစုံဘူးလား (စုံသွားပါတယ်ဆရာ)။ ခန္ဓာငါးချက်စုံတော့မှ ထိုခန္ဓာငါးပါးဆိုတာ ငါ့လက်ရှိရထားသော အကျိုးတရားကြီး အကြောင်းမဲ့ဖြစ်တဲ့ တရားလားလို့ စဉ်းစားဆင်ခြင်တော့ အကြောင်းပေါ်လာ။ အတိတ်ဘဝ အဝိဇ္ဇာ, တဏှာ, ကံ, ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အတိတ်ဘဝက အဝိဇ္ဇာ, တဏှာ, ကံ,ဆိုတဲ့ အကြောင်းတရားဖန်တီးလို့ ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ ခန္ဓာငါးချက်အမြဲပေါ်ထွက်နေတာပဲလို့ ကြည့်လိုက်တော့ အကြောင်းနဲ့အကျိုးတရား နှစ်ပါးသွားတွေ့တယ်။ ဒါကြောင့် "ပစ္စယာ စေဝ ပစ္စယသမုပ္ပန္နမ္မာ စ"လို့ "ပုဂ္ဂလော သတ္တော ဘဝ နတ္ထိ"တဲ့။ ကြည့်လိုက်တော့ အကြောင်းနဲ့အကျိုးပဲရှိတယ်။ ဒါပေမဲ့ အကြောင်းတရားက ချုပ်ပြီးတဲ့ လွန်ခဲ့သော အတိတ်ဘဝက၊ အကျိုးတရားတော့ လက်ရှိရထားတဲ့ ခန္ဓာငါးပါးကြီးပဲ။ ဒါဖြင့် လက်ရှိရထားသော အကျိုးတရားဆိုတဲ့ ခန္ဓာငါးပါးသည် သေသေချာချာ သဘာဝအားဖြင့် ဆင်ခြင်စဉ်းစားလိုက်တဲ့အခါကြတော့၊ မျက်တောင်တစ်ခတ် တစ်စက္ကန့်ဆိုတဲ့ ကာလအတွင်းမှာ သိန်းသန်းကုဋေ မရေမတွက်နိုင်အောင် တစ်ပျက်တည်းပျက်နေလို့၊ နိစ္စအချက်, နိစ္စလက္ခဏာ မြဲပါတယ်လို့ လုံးလုံးရှာမရသော သဘောတရား ဖြစ်ခြင်းကြောင့် အနိစ္စလို့ မြတ်စွာဘုရားကိုယ်တော် မြတ် ဟောကြားတော်မူတဲ့ တရားပါလား။ အနိစ္စ မြင်တယ်နော် (မှန်ပါတယ်ဆရာ)။ ပျက်ပြီးရင်း ပျက်ရင်း၊ ပျက်ပြီးရင်း ပျက်ရင်း။ အပျက်မှာတင် လုံးလုံးကြီး ဆုံးနေတဲ့အတွက် သုခဆိုတဲ့ မြူမျှ ရှာမရခြင်းကြောင့်၊ ခန္ဓာငါးပါးသည် ဒုက္ခအစစ်ကြီးပါလား။ ၎င်းခန္ဓာငါးပါးသည် တစ်စက္ကန့် တစ်ဗီဇနာလေးမှ ရပ်နားခွင့်မရဘဲနဲ့ တစ်ပျက်တည်းပျက်နေတာကို ထောက်ဆသောအားဖြင့် ခိုင်မာသော ခိုင်မြဲသော အနှစ်သာရ လုံးဝမရှိ။ ဖြစ်ချင်ရာဖြစ်နေတဲ့အတွက် မိမိအလိုသို့ မလိုက်၊ မိမိရဲ့ အာဏာတန်ခိုး အစိုးမရသောတရားဖြစ်ခြင်းကြောင့် အနတ္တပါလားလို့ "တိလက္ခဏံ အာရောပေတွာ အနိစ္စာဒိဝသေန ဝိပဿတိ" တဲ့။ တိလက္ခဏံ၊ လက္ခဏာယာဉ်သုံးပါးကို။ အာရောပေတွာ၊ တင်၍။ အနိစ္စာဒိဝသေန၊ အနိစ္စ အစရှိသည် အစွမ်းအားဖြင့်။ (ဝါ) အနိစ္စ ဒုက္ခ အနတ္တဖြင့်။ ဝိပဿတိ၊ ရှုမြင်ပွားများ၏။ ဒီလို လက္ခဏာယာဉ်သုံးပါးတင် ပွားလဲပွားလိုက်ရော သောတာပန်သကဒါဂါမ်ထား

http://www.dhammadownload.com

တော့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် တိုက်ရိုက်ပို့တဲ့လမ်း နော် (မှန်ပါတယ်ဆရာ)။

အဲသလိုသွားပါတယ်။ တရားဆိုတာ ဒီလိုရှုမြင်ရပါတယ်နော် (မှန်ပါတယ်ဆရာ)။ ဒီထဲမှာ နိမိတ်တို့ အရိပ်တို့ အရောင်တို့ မပါဘူး။ ပါသေးလား (မပါပါဘူးဆရာ)။ ဘာမှ မပါဘူး။ ဒါကြောင့် မိမိကိုယ်မှာဖြစ်နေတဲ့ ရုပ်တရား၊ နာမ်တရားနှစ်ပါး မူထားပြီးတော့ ခန္ဓာအားဖြင့် တစ်စတစ်စနဲ့ တက်ပြီးတော့ ရှုမြင်သွားတဲ့ လမ်းစဉ်ခေါ်တယ်။ ဒါကြောင့် ရုပ်နာမ် မသင်ဘဲ၊ ရုပ်နာမ်မသိဘဲနဲ့ ဘယ်နှယ်နည်းမှ တရားအားထုတ်လို့ တစ်မဂ်, တစ်ဖိုလ်ရဖို့ ဖြစ်နိုင်စရာအကြောင်းမရှိဘူးလို့။ ဒါကြောင့် တရားရှာတဲ့ ပုဂ္ဂိုလ်များ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ မိမိတို့ လုပ်ငန်းစဉ်ကြီး ပြန်ပြီးဆင်ခြင်ကြည့်။ တို့ လုပ်နေတဲ့ လုပ်ငန်းစဉ်နဲ့ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောပြတော်မူသော ဒေသနာလာနဲ့ စင်စင်လေးများတူရဲ့လား။ ထပ်တူထပ်မျှမှ ရှိရဲ့လား သို့မဟုတ် ဖီလာဆန်ကျင်ဘက် ဖြစ်နေသလားလို့။ ပြန်ပြီးတိုက်ကြည့်နော် (မှန်ပါတယ်ဆရာ)။ အဲဒါ "သင်္ဃာယတနပစ္စယာဖဿော၊ ဖဿပစ္စယာ ဝေဒနာ"တဲ့။ ဝေဒနာခန်းမှာ တော်တော်လေး သဘာဝကျအောင် အပင်ပမ်းခံပြီးတော့ပြနေတာ။ အပင်ပမ်းခံပြသလောက်လည်းပဲ ဒီဖဿ, ဝေဒနာ, ဝိညာဏ်,ဆိုတဲ့ တရားသုံးလုံးမှာ ကိုယ်ပိုင်နိုင်တဲ့ ပြတ်သားတဲ့နေရာက ထိုင်ပြီးတော့ဖမ်းရင်လဲ ဖမ်းတတ်ကရောပေါ့။ ရှုလည်း ရှုတတ်ကရောပေါ့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ကနေ့ည ဝေဒနာ လက်စသတ်လို့ တဏှာကို ကူးကြဦးစို့ရယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ဝေဒနာပစ္စယာ တဏှာ။ ဝေဒနာပစ္စယာ၊ ဝေဒနာတည်းဟူသော အကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာကြောင့် ဘာဖြစ်တယ် (တဏှာ ဖြစ်ပါတယ်ဆရာ)။ တဏှာဖြစ်တယ်။ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ မှတ်ထားနော် သေသေချာချာ။ ပဋိစ္စသမုပ္ပါဒ် ဝေထားတဲ့စာရွက်ကလေးတွေ သေချာပြန်ကြည့်။ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သင်္ဃာယတန, ဖဿ, ဝေဒနာ။ အဲဒီ ဝေဒနာရောက်နေပြီး ပဋိစ္စသမုပ္ပါဒ်ရဲ့ရှေ့အပိုင်းခေါ်တယ်။ ရှေ့စက်ဝိုင်းတဲ့ အရှေ့ပိုင်းနော် (မှန်ပါတယ်ဆရာ)။ ပဋိစ္စသမုပ္ပါဒ် နှစ်ပိုင်းခွဲထားတာ မှတ်မိသေးလား။ ရှေ့ပိုင်း, နောက်ပိုင်းခွဲထား မှတ်မိသေးလား၊ မမှတ်မိဘူး။ မှတ်မိသေးလား (ကောင်းကောင်းမမှတ်မိဘူး)။ အောင်မယ် ဆိုးဆိုးလေးတော့မှတ်မိတယ်။ ကောင်းကောင်းမမှတ်မိဘူး။ ကြွားလိုက်သေး။ ပဋိစ္စသမုပ္ပါဒ် နှစ်ပိုင်းခွဲထားတယ်။ ရှေ့အပိုင်း, နောက်အပိုင်းနားလည်လား (နားလည်ပါပြီဆရာ)။ အရှေ့ပိုင်းက အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သင်္ဃာယတန, ဖဿ, ဝေဒနာ။ ခုညပြတဲ့ ဝေဒနာအထိ။ နားလည်လား (နားလည်ပါပြီဆရာ)။ ဝေဒနာပြီးတော့ ဘာပါလိမ့် (တဏှာပါဆရာ)။ ပြီးတော့ (ဥပါဒါန်ပါဆရာ)။ ပြီးတော့ (ဘဝ) ပြီးတော့ (ဇာတိ) ပြီးတော့ (ဇရာ) ပြီးတော့ (မရဏ) ပြီးတော့ကော (သောက

http://www.dhammadownload.com

ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ) ဒီထိအောင်သွားတယ်လား (မှန်ပါတယ်ဆရာ)။ မှတ်ထား။

အဝိဇ္ဇာကစ၍ ဝေဒနာကျအောင် ပဋိစ္စသမုပ္ပါဒ်ရဲ့ ပုဗ္ဗန္တ-ရှေ့ပိုင်း နားလည်လား (နားလည်ပါတယ်ဆရာ)။ အင်္ဂါဆယ်နှစ်ပါးထဲ၊ တဏှာကစ၍ ဇရာမရဏကြအောင် ပဋိစ္စသမုပ္ပါဒ်ရဲ့ နောက်ပိုင်း-ပရန္တ မှတ်မိလား (မှတ်မိပါပြီဆရာ)။ ရှေ့ပိုင်း နောက်ပိုင်း နှစ်ပိုင်းခွဲထားတာ သေချာမှတ် နော်။ ပုဗ္ဗန္တ,ပရန္တ ပဋိစ္စသမုပ္ပါဒ်စက်ကြီးသည် ရှေ့ပိုင်းတစ်ပိုင်း, နောက်ပိုင်းတစ်ပိုင်းခွဲထားတယ်။ ရှေ့အပိုင်းက အဝိဇ္ဇာဦးစီး၍လည်၏ နော် (မှန်ပါတယ် ဆရာ)။ အရှေ့ပိုင်းက အဝိဇ္ဇာဦးစီး၍လည်၏။ ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်းမှာ အဝိဇ္ဇာသည် ခေါင်းဆောင် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ နောက်ပိုင်းက တဏှာဦးစီး၍လည်၏။ နောက်အပိုင်းက တဏှာခေါင်းဆောင် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ရှေ့ပိုင်းက ဘယ်တင်ဆုံးတယ်။ အဝိဇ္ဇာကစ ဘယ်သွားဆုံးတယ် (ဝေဒနာမှာဆုံးပါတယ်ဆရာ)။ ဝေဒနာဆုံးတယ်လား (မှန်ပါတယ်ဆရာ)။ နောက်အပိုင်းက ဘယ်သူကစတယ် (တဏှာကစပါတယ်ဆရာ)။ ဩော် တဏှာကစတယ်၊ တဏှာကစ ဘယ်မှာဆုံး (ဇရာမရဏဆုံးပါတယ်ဆရာ)။ အေ ဟုတ်ပြီ။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အေးအေး အဲဒါလေးမှတ်ထား။ အရှေ့ပိုင်းက အဝိဇ္ဇာခေါင်းဆောင်၊ နောက်ပိုင်းက ဘာခေါင်းဆောင်တုံး (တဏှာခေါင်းဆောင်ပါတယ်ဆရာ)။ တဏှာခေါင်းဆောင် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ရှေ့ပိုင်းက အဝိဇ္ဇာခေါင်းဆောင်ပြီး ရှေ့ပိုင်းလည်နေတာ။ နောက်ပိုင်းက တဏှာခေါင်းဆောင်ပြီးလည်နေတာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ အဝိဇ္ဇာခေါင်းဆောင်တော့လည်း လည်တာပဲ၊ တဏှာခေါင်းဆောင်တော့လည်း လည်တာပဲ။

အဝိဇ္ဇာခေါင်းဆောင်တော့ ဘယ်အပိုင်းက လည်တယ် (အရှေ့ပိုင်းက လည်ပါတယ်ဆရာ)။ အရှေ့ပိုင်းက လည်တယ်။ တဏှာခေါင်းဆောင်တော့ (နောက်ပိုင်းကလည်ပါတယ်ဆရာ)။ အေး သူတို့နှစ်ခု ပေါင်းပြီးလည်နေတော့ ပဋိစ္စသမုပ္ပါဒ်ကြီး ရပ်သေးလား (မရပ်တော့ပါဘူးဆရာ)။ ရပ်လို့ကော ရသေးလား (မရပါဘူးဆရာ)။ ဒါကြောင့် "အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ"။ ဒီ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးကို အဆက်မပြတ်လည်နေတဲ့ မူလအကြောင်းရင်းရှာလိုက်တော့ ဘယ်သူလဲဆိုရင် "အဝိဇ္ဇာနဲ့တဏှာ"ပါတဲ့ နော် (မှန်ပါတယ်ဆရာ)။ အဝိဇ္ဇာနဲ့တဏှာ ပါတဲ့။ "ဒွေ မူလာနိ" ပြထားတယ်။ စက်ဝိုင်းလေးထဲ ပါလိမ့်မယ်။ ဒွေ မူလာနိ=အဝိဇ္ဇာနဲ့တဏှာ၊ အဝိဇ္ဇာသည် ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်းကြီးကို လည်အောင်လုပ်ပေး၏။ တဏှာသည် ပဋိစ္စသမုပ္ပါဒ် နောက်ပိုင်းကြီးကို လည်အောင်လုပ်ပေး၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ မှတ်ထား။

ဒါဖြင့် ခုညနောက်ဆုံး ဝေဒနာလက်စသတ်လိုက်တော့ ပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်းကြီး ပြီးသွားပေါ့

http://www.dhammadownload.com

(ပြီးသွားပါပြီဆရာ)။ နောက်အပိုင်းဆက်ကြစို့။ "ဝေဒနာပစ္စယာ တဏှာ" လို့နော် (မှန်ပါတယ်ဆရာ)။ ဝေဒနာ တည်းဟူသော အကြောင်းကြောင့် တဏှာဖြစ်တယ်ဆိုတော့ ဝေဒနာအကြောင်း ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)။ တဏှာကို ဖြစ်စေတတ်သော ဝေဒနာ၊ အကြောင်းဝေဒနာ ကောက်ပါဆိုတော့ စဉ်းစား။ "တဏှာ"ဆိုတာ ဘာခေါ်တုံး၊ လိုချင်တာ, လောဘခေါ်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)။ လိုချင်တာ နှစ်သက်တာ ဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါ တဏှာခေါ်တယ်နော် (မှန်ပါတယ်ဆရာ)။ အဲဒီ တဏှာဆိုတာ လိုချင်နှစ်သက်တဲ့ တဏှာတည်းဟူသော အကျိုးပေါ်လာတဲ့ အကြောင်းဝေဒနာက သုံးမျိုးသုံးစား ပြန်ထွက်လာတယ်။ သုခရယ်, ဒုက္ခရယ်, ဥပေက္ခာရယ် သုံးမျိုးမရှိဘူးလား (သုံးမျိုးရှိပါတယ်ဆရာ)။ သုံးမျိုးရှိတော့ကား သုခဝေဒနာဖြစ်ရင် တဏှာဖြစ်သလား၊ ဒုက္ခဝေဒနာဖြစ်ရင် တဏှာဖြစ်သလား၊ ဥပေက္ခာဝေဒနာဖြစ်ရင် တဏှာဖြစ်သလား လို့ မင်းကိုယ်တိုင် စဉ်းစားကြည့်စမ်း။ ဘာဝေဒနာဖြစ်မှ တဏှာဖြစ်မှာတုံး (သုခဝေဒနာဖြစ်မှ တဏှာဖြစ်မှာပါဆရာ)။ ဒုက္ခကော တဏှာမဖြစ်နိုင်ဘူးလား (ဖြစ်မယ်လို့မထင်ပါဘူးဆရာ)၊ မထင်ဘူးလား၊ ဒုက္ခဖြစ်ဆိုတာ မကောင်းဘဲကိုကွ နော် (မှန်ပါတယ်ဆရာ)။ မကောင်းရင် မလိုချင်ဘူးပေါ့ (မလိုချင်ဘူးဆရာ)။ မဆိုးလှဘူး ဖြစ်လိမ့်မယ်။ မယုတ်မလွန်လေး ကြိုးစားပြောရှာတယ်၊ ဟုတ်တော့လဲ ဟုတ်သား (မှန်ပါတယ်ဆရာ)။ ဒုက္ခ ဝေဒနာ တဏှာမဖြစ်နိုင်ဘူးလား (မဖြစ်နိုင်ပါဘူးဆရာ)။ အေး ဟုတ်ပြီ။ ဥပေက္ခာဝေဒနာကော (မလိုချင်လိုချင်)။ မထင်ရှားလို့ နော် (မှန်ပါတယ်ဆရာ)။ မထင်ရှားလို့ တဏှာ မဖြစ်နိုင်ဘူးလား (မှန်ပါတယ်ဆရာ)။ အေး ဟုတ်ပြီ။ သုခဝေဒနာတော့ ဖြစ်မယ်လား (ဖြစ်ပါတယ်ဆရာ)။

ကောင်းတဲ့အာရုံလေး ခံစားရလို့ရှိရင်၊ ထိုအာရုံ၏ အရသာ နှစ်သက်လာတဲ့ တဏှာဖြစ် မယ် (ဖြစ်ပါတယ်ဆရာ)၊ သုခဝေဒနာ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တို့အဋ္ဌကထာဆရာကတော့ ပြသွားတာက "ဝေဒနာပစ္စယာ တဏှာ" ဆိုတဲ့ အကူးလေးမှာ ဒီဝေဒနာဟာ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ/သုံးမျိုးသုံးစားရှိတဲ့အနက်က ဘယ်ဝေဒနာကြောင့် တဏှာဖြစ်သလဲဆို၊ ဝိပါကသုခဝေဒနာကြောင့် တဏှာဖြစ်တယ်။ ဝိပါက-က အကျိုး၊ သုခ-က သုခဝေဒနာ နော် (မှန်ပါတယ်ဆရာ)၊ အကျိုးအနေအားဖြင့်ပေါ်/လာသော သုခဝေဒနာကြောင့်သာလျှင် တဏှာဖြစ်နိုင်တယ်တဲ့ မှတ်မိရဲ့လား (မှတ်မိပါပြီဆရာ)၊ ဘာဝေဒနာကြောင့် တဏှာဖြစ်တယ် (သုခဝေဒနာ ကြောင့်ပါဆရာ)၊ သုခဝေဒနာကြောင့် တဏှာဖြစ်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး ဟုတ်ပြီ၊ သုခဝေဒနာကြောင့် တဏှာဖြစ်တယ်။ တချို့က အဲဒါပေါ့၊ ဝေဒနာကိုဖြစ်စေ၊ တဏှာကို မကူးစေနဲ့၊ ပဋိစ္စသမုပ္ပါဒ်ကြံဖန်ထွက်ကြတယ်။ စဉ်းစားတယ်၊ ဝေဒနာသာဖြစ်စေ၊ တဏှာမကူးစေနဲ့၊ တဏှာကူးရင် တဏှာတွေ

http://www.dhammadownload.com

ဖြစ်လာမယ်။ ဥပါဒါန်တွေ ဖြစ်လာမယ်ကိုကွ နော် (မှန်ပါတယ်ဆရာ)။

ပဋိစ္စသမုပ္ပါဒ်ကို အတင်းဓားနဲ့ဖြတ်၊ ဝေဒနာသာဖြစ်စေ၊ တဏှာမကူးစေနဲ့၊ စဉ်းစားစမ်းကွာ၊ ဝေဒနာဖြစ်မှဖြင့် တဏှာမကူးဘဲနေတဲ့ ပုဂ္ဂိုလ်တွေရှိသလား (မရှိနိုင်ပါဘူးဆရာ)၊ မရှိဘူးလား (မရှိနိုင်ပါဘူးဆရာ)၊ အာရုံ၏အရသာလေး ကောင်းကောင်းခံစားလာရင် တဏှာဖြစ်ပြီးလား (ဖြစ်မှာပါဆရာ)၊ မဖြစ်ဘဲ ဘယ့်နှယ့်နည်းမှ မနေဘူး၊ ဖြစ်ကရော့ နော် (မှန်ပါတယ်ဆရာ)၊ ဒါ တားရကောင်းတဲ့တရားမဟုတ်ဘူး၊ ဓမ္မနိယာမအစဉ်ခေါ်တယ်။ ပဋိစ္စသမုပ္ပါဒ်ကိုထွက်ချင်ရင် ဒီလိုမထွက်ရပါဘူး။ ဒါ့ကြောင့် ဝေဒနာဖြစ်ရင် တဏှာမကူးစေနဲ့၊ ဘယ့်နှယ့်နည်းမှ တားရကောင်းတဲ့တရားမဟုတ်ဘူး။ ဝေဒနာဖြစ်ရင် တဏှာသွားတာ၊ ဒါကြောင့် "ဝေဒနာပစ္စယာ တဏှာ"ဆိုတဲ့နေရာမှာ ဝေဒနာတည်းဟူသော အကြောင်းကြောင့် တဏှာပေါ်လာတယ်ဆိုတာ ဘာဝေဒနာလဲလို့မေးရင် သုခ, ဒုက္ခ, ဥပေက္ခာ, သုံးမျိုးသုံးစားရှိတဲ့အနက်က ဝိပါကသုခဝေဒနာကိုသာကောက်ရပါတယ်။ ဝေဒနာ ပစ္စယာ၊ ဝေဒနာတည်းဟူသောအကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ ဝေဒနာက သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ သုခဝေဒနာဆိုတာက ကိုယ်မှာချမ်းသာမှု ခံစားခြင်း၊ ဒုက္ခဝေဒနာဆိုတာက ကိုယ်မှာဆင်းရဲမှု ခံစားခြင်း၊ ဥပေက္ခာဝေဒနာဆိုတာက ခန္ဓာကိုယ်ချမ်းသာခံစားမှုလည်းမဟုတ် ခန္ဓာကိုယ်ဆင်းရဲမှု ခံစားသည်လည်းမဟုတ် ဒီလိုကြားဖြစ်နေတဲ့ ဝေဒနာက ဥပေက္ခာဝေဒနာလို့ ဝေဒနာသုံးမျိုးသုံးစား၊ ဒီဝေဒနာ သုံးမျိုးသုံးစားအကြောင်းခံပြီးတော့ ဘာဖြစ်သလဲဆိုတော့ တဏှာဖြစ်တယ်။

တဏှာသုံးမျိုးနဲ့အရကောက်

တဏှာဆိုတာက တရားကိုယ်ကောက်တော့ လောဘ၊ လောဘကို မြန်မာလိုပြန်တော့ လိုချင်တယ်၊ ကြိုက်တယ်၊ နှစ်သက်တယ်၊ ခင်တွယ်တယ်၊ မြတ်နိုးတယ်၊ ဒါလောဘတွေ၊ လောဘရဲ့အဓိပ္ပာယ်။ ဒါကြောင့် တဏှာ တရား ကိုယ်ကောက်တော့ လောဘမူစိတ်ရှစ်ခုမှာယှဉ်တဲ့ လောဘစေတသိက် တစ်ခုတည်းရတယ်၊ မြန်မာလိုပြန်တော့ လိုချင်တာ၊ အဲဒီလိုချင်တဲ့လောဘက လိုချင်တဲ့ တဏှာက ဘယ်နှစ်မျိုး ပြားသလဲဆိုတော့၊ သုံးမျိုးသုံးစားပြားတယ်၊

(၁) ကာမတဏှာ၊

(၂) ဘဝတဏှာ၊

http://www.dhammadownload.com

(၃) ဝိဘဝတဏှာ၊

ကာမတဏှာ ဆိုတာ ငါးဖြာအာရုံ ကာမဂုဏ်ကို လိုချင်တာ ကာမတဏှာခေါ်၏။

ဘဝတဏှာ ဆိုတာက ဘဝကို လိုချင်တာ ဘဝတဏှာခေါ်၏၊ သဿတဒိဋ္ဌိ။

ဝိဘဝတဏှာ ဆိုတာက ဘဝပြတ်တာကို လိုချင်တာ ဝိဘဝတဏှာခေါ်၏၊ ဥစ္ဆေဒဒိဋ္ဌိ။

ဒီသုံးမျိုးသုံးစား ခွဲခြားပြီးမှတ်။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ။

ကာမတရားငါးခု

ကာမတဏှာက -

(၁) အဆင်းကို မြင်၍ လိုချင်ခြင်း၊

(၂) အသံကို ကြား၍ လိုချင်ခြင်း၊

(၃) အနံ့ကို နံ၍ လိုချင်ခြင်း၊

(၄) အရသာစား၍ လိုချင်ခြင်း၊

(၅) ကိုယ်မှာ အတွေ့အထိလိုချင်ခြင်း ဟူ၍ ကာမငါးခု။

အာရုံငါးပါး

(၁) ရူပါရုံ၊

(၂) သဒ္ဒါရုံ၊

(၃) ဂန္ဓာရုံ၊

(၄) ရသာရုံ၊

(၅) ဖောဋ္ဌဗ္ဗာရုံ၊

အဆင်းကြိုက်ခြင်း၊ အသံကြိုက်ခြင်း၊ အနံ့ကြိုက်ခြင်း၊ အရသာကြိုက်ခြင်း၊ အတွေ့အထိကြိုက်ခြင်း၊ ဒီ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ,ဆိုတဲ့ အာရုံငါးပါးကို ကြိုက်တယ်, နှစ်သက်တယ်, လိုချင်တယ်, မြတ်နိုးတယ်, စုံမက်တယ်, ဒါတဏှာချည်းပဲ၊ ဘာတဏှာခေါ်တုံး ကာမတဏှာခေါ်၏၊

http://www.dhammadownload.com

ဒီတော့ ဘဝတဏှာဆိုတာ ဘာတုံး၊ ဘဝကို နှစ်သက်တယ်တဲ့၊ သဿတဒိဋ္ဌိ-ဘဝမြဲတယ်လို့ သူ့စိတ်ထဲစွဲလမ်းယုံကြည်နေလို့ ဒီဘဝကိုပဲ လိုချင်တပ်မက်မောတဲ့ သဘောလေးကိုဘဝတဏှာခေါ်၏။

တဏှာတစ်ရာ့ရှစ်ပါး ဖြစ်လာပုံ

ဝိဘဝတဏှာ ဆိုတာ ဘာတုံး၊ ဘဝပြတ်တယ်ဆိုတဲ့ အယူဝါဒနှစ်သက်တာကို ဝိဘဝတဏှာခေါ်၏။ တဏှာသုံးမျိုး၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာလို့၊ အဲဒီတဏှာသုံးမျိုးကို အရင်းခံထားပြီးတော့ အာရုံခြောက်ပါးနဲ့မြှောက်၊ ပြီးတော့ ကာလသုံးပါးနဲ့ မြှောက်၊ အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်ဆိုတဲ့ သန္တာန်နှစ်ပါးနဲ့မြှောက်၊ ပေါင်းလိုက်တော့ ဘယ်လောက်ဖြစ်၊ (တစ်ရာ့ရှစ်ပါး ပါဆရာ)၊ လက််ာက ဘယ်နှယ့်ဆိုတယ်၊

"တဏှာသုံးတန်၊ အရင်းခံ၊ အာကာသံနဲ့မြှောက်၊ (ပြီးတော့) တဏှာစစ်စစ်၊ တစ်ရာ့ရှစ်၊ မုချမလွဲကောက်" ဟုတ်ပြီ၊ ချသာချ၊ "တဏှာစစ်စစ်၊ တစ်ရာ့ရှစ်" မင်းဆိုသလို "မုချမလွဲကောက်" ဆိုတာ ကာရန်နဲ့စပ်ပါ့မလား "တဏှာစစ်စစ်၊ တစ်ရာ့ရှစ်၊ ဖြစ်လာမလွဲကောက်"၊ "တဏှာစစ်စစ်၊ တစ်ရာ့ရှစ်၊ ဖြစ်လာမလွဲကောက်"၊

တဏှာဘယ်လောက်ရှိတယ်၊ (တစ်ရာ့ရှစ်ပါးပါဆရာ)၊ တစ်ရာနဲ့ရှစ်ပါး အရင်းခံကဘယ်နှစ်ပါးရှိတယ် (သုံးပါးပါဆရာ)၊ ဘယ်သူဘယ်သူတွေတုံး၊ (ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာပါဆရာ)၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ ဒီတဏှာသုံးပါးကို အရင်းခံထားတာလား ဘာနဲ့မြှောက်တယ်၊ (အာကာသံနဲ့မြှောက်ပါတယ်ဆရာ)၊ တစ်ခုချင်းပြောပါ၊ အာ-က ဘာတုံး၊ (အာရုံခြောက်ပါးပါဆရာ)၊ ကာ-က ဘာတုံး၊ (ကာလသုံးပါးပါဆရာ)၊ သံ-က ဘာတုံး၊ အဇ္ဈတ္တသန္တာန်နဲ့ဗဟိဒ္ဓသန္တာန်နှစ်ပါးပါဆရာ)၊ အေး ဟုတ်ပြီ၊ အာရုံခြောက်ပါးစွဲမှီ၍ဖြစ်တတ်သောကြောင့် တဏှာသုံးပါးကို အာရုံခြောက်ပါးနဲ့မြှောက်၊ ထိုတဏှာသုံးမျိုးသုံးစားသည်ပင်လျှင် ထိုအာရုံခြောက်ပါးနဲ့စွဲမှီဖြစ်ပြန်တော့ အတိတ်လည်း ဖြစ်လိုက်တာပဲ၊ ပစ္စုပ္ပန်လည်းဖြစ်ဆဲ၊ အနာဂတ်လည်းဖြစ်လတ္တံ့ ကာလသုံးပါးရတယ်၊ ဒါကြောင့် ကာလသုံးပါးနဲ့ထပ်မြှောက်၊ ထိုရလာတဲ့ တဏှာသည်ပင်လျှင် အဇ္ဈတ္တသန္တာန်လည်းဖြစ်တာပဲ၊ ဗဟိဒ္ဓသန္တာန်လည်းဖြစ်တာပဲ၊ ဒါကြောင့် သန္တာန်နှစ်ပါးနဲ့ထပ်မြှောက် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်လောက်ထွက်တယ် (တစ်ရာ့ရှစ်ပါးပါဆရာ)၊ တစ်ရာနဲ့ရှစ်ပါးထွက်၊ ဒါ "တဏှာစစ်စစ် တစ်ရာ့ရှစ်"ပဲတဲ့။ ဒီတော့ -

တို့လူစုက ကြည့်စမ်း၊ မိမိတို့အဇ္ဈတ္တသန္တာန်ထဲ တစ်ရာ့ရှစ်ပါးသော တဏှာတွေ ဝင်နေတာ

http://www.dhammadownload.com

လွတ်စရာ အကြောင်းရှိသေးလား (မရှိပါဘူးဆရာ)၊ အာရုံခြောက်ပါးကို တွေ့တိုင်း,တွေ့တိုင်း သာယာ နှစ်သက်တဲ့ တဏှာတွေ၊ ရူပါရုံမြင်လိုက်ပြန်လည်း လိုချင်ပြန်၊ သဒ္ဒါရုံ-အသံကြားလိုက်ပြန်တော့လည်း လိုချင်ပြန်၊ ဂန္ဓာရုံ - အနံ့နံလိုက်ပြန်တော့လည်း လိုချင်ပြန်၊ ရသာရုံ-အရသာတွေ့လိုက်လည်း လိုချင်ပြန်၊ ဖောဋ္ဌဗ္ဗာရုံ-အတွေ့အထိတွေ့လိုက်လည်း လိုချင်ပြန်၊ ဓမ္မာရုံ-ကြံစည်စိတ်ကူးတဲ့ ဓမ္မာရုံဆိုတဲ့ အာရုံတွေ့ လည်း လိုချင်ပြန်၊ လိုချင်တာချည်း၊ အာရုံခြောက်ပါးတွေ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လိုချင်ခြင်း၊ နှစ်သက်ခြင်းဆိုတဲ့ ခြောက်မျိုးခြောက်စားထွက်မလာဘူးလား (ထွက်လာပါတယ်ဆရာ)၊ ရူပါရုံလိုချင်တာ၊ သဒ္ဒါရုံလိုချင်တာ၊ ဂန္ဓာရုံလိုချင်တာ၊ ရသာရုံလိုချင်တာ၊ ဖောဋ္ဌဗ္ဗာရုံလိုချင်တာ၊ ဓမ္မာရုံလိုချင်တာ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အာရုံခြောက်ပါး ခြောက်မျိုးစလုံးလိုချင်တာချည်းပဲတဲ့။

အာရုံခြောက်မျိုးစလုံးကလည်း မိမိကိုယ်မှာ အမြဲတစေ ဖြစ်နေတဲ့ တရားတွေတဲ့ မဟုတ်ဘူး လား (မှန်ပါတယ်ဆရာ)၊ အာရုံခြောက်ပါး လွှဲပြောင်းလို့မရ၊ အတိုက်အတ် အခံအတ် အမြဲတစေတိုက် နေတဲ့အတိုင်း ဒီလိုပဲ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ,ဆိုတဲ့ အာရုံခြောက်မျိုး တိုက်တိုင်း,တိုက်တိုင်း လိုချင်တယ်လို့လိုချင်တယ်ဆိုရင် တဏှာနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာလို့ အာရုံခြောက်ပါးစွဲပြီးတော့ တဏှာခြောက်မျိုး ထွက်လာ၊ မထွက်ဘူးလား (ထွက်ပါတယ်ဆရာ)၊ အာရုံခြောက်ပါးစွဲပြီးတော့ တဏှာခြောက်မျိုးထွက် လာ၊ တဏှာခြောက်မျိုးထွက်အနက်လည်းပဲ တစ်မျိုးတစ်မျိုးမှာ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာ သုံးမျိုးသုံးမျိုးဖြစ်ကောက်တယ် နော် (မှန်ပါတယ်ဆရာ)။

အဲဒါကျတော့ တခြားမဟုတ်ဘူး၊ ရူပါရုံတစ်ခုမြင်လိုက်တယ်၊ ဒီရူပါရုံလေး လှလှပပမြင်ရတော့ ကာယပသာဒ၏အစွမ်းအားဖြင့်, သာယာနှစ်သက်တဲ့အစွမ်းအားဖြင့်, ကာမဂုဏ်၏ အစွမ်းအားဖြင့် လိုချင်တာကျတော့ ကာမတဏှာဖြစ်၍သွား၏၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရူပတဏှာတစ်ခု တည်း သုံးမျိုးတွဲပုံလေး၊ ဒါကာမတဏှာဖြစ်သွားရော့၊ ဘဝတဏှာကျတော့ ငါမြင်သော ရူပါရုံလေး သည် မပျက်မစီး မပြိုမကွဲဘဲနဲ့ မြဲသော အာရုံလေးဖြစ်၏လို့ ယူလိုက်ရင် ဘဝတဏှာဖြစ်သွားရော့ နော် (မှန်ပါတယ်ဆရာ)၊ ငါမြင်သော ရူပါရုံလေးသည် ဖြစ်ပြီးရင် နောက်ပြန်ပြီး မပေါ်တော့ဘူး၊ ပျောက်သွားတာပဲ ပြတ်သွားတာပဲလို့ ဒီလိုယူလိုက်ပြန်ရင် ဝိဘဝတဏှာဖြစ်၏ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရူပါရုံတစ်ချက်မြင်လိုက်ရင် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ သုံးမျိုးမသွား ဘူးလား (သွားပါတယ်ဆရာ)၊ သွားတယ်၊ နောက်တစ်ခါ သဒ္ဒါရုံကြားပြန်တော့ ဒီလိုပဲသုံးမျိုး၊ သဒ္ဒါရုံ ပေါ်မှာ ကာမတဏှာဖြစ်ခြင်း၊ ဘဝတဏှာဖြစ်ခြင်း၊ ဝိဘဝတဏှာဖြစ်ခြင်း၊ သဒ္ဒါရုံလေးကို ကာယပ သာဒအစွမ်းအားဖြင့်, သာယာနှစ်သက်တဲ့အနေအားဖြင့် တပ်မက်မောပြီး လိုချင်တယ်ဆိုရင် ကာမ

http://www.dhammadownload.com

တဏှာဖြစ်၏။

ငါကြားသော သဒ္ဒါရုံလေးသည် အမြဲတစေ တည်နေတယ်၊ ပျက်စီးသွားခြင်းမရှိ၊ နိစ္စလို့ ယူဆတယ်၊ သဿတဒိဋ္ဌိ ဘဝတဏှာ ဖြစ်၏။ ငါကြားသော သဒ္ဒါရုံလေးသည် ပျက်သွားပြီ။ နောက် ထပ်ဘာမှမဖြစ် ပြတ်သွားပြီ၊ ဒီလိုယူရင် ဝိဘဝတဏှာဖြစ်၏။ ဒါကြောင့် ရူပါရုံလည်း သုံးမျိုး၊ သဒ္ဒါရုံလည်းသုံးမျိုး၊ ဂန္ဓာရုံလည်းသုံးမျိုး၊ ရသာရုံလည်း သုံးမျိုး၊ ဖောဋ္ဌဗ္ဗာရုံသုံးမျိုး၊ ဓမ္မာရုံလည်း သုံးမျိုး သုံးမျိုးစီ သုံးမျိုးစီသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဒီခြောက်မျိုးသည်ပင်လျှင် ကာလသုံးပါး၊ အတိတ်လည်းဖြစ်တာပဲ၊ ပစ္စုပ္ပန်လည်းဖြစ်ဆဲ၊ အနာဂတ်လည်း ဖြစ်ဦးမယ်၊ ကာလသုံးပါး၌ ဖြစ်တတ်သော သဘောကြောင့် ကာလသုံးပါးနဲ့ မြောက်လိုက်ရတယ်၊ ဒါပဲလားတဲ့ အခုလို မြောက်ပွားလို့ ရလာတဲ့ တဏှာတရားတွေဟာ ငါတို့ရဲ့အဇ္ဈတ္တသန္တာန်လည်းဖြစ်လိုက်တယ်၊ ဗဟိဒ္ဓသန္တာန်လည်းဖြစ်လိုက်တယ်၊ သန္တာန်နှစ်ပါး၌ ဖြစ်ခြင်း နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မိမိအဇ္ဈတ္တသန္တာန်မှာ တဏှာဘယ်နှစ်ပါးရှိသလဲဆိုရင် တစ်ရာနဲ့ရှစ်ပါးရှိတယ် နော် (မှန်ပါတယ်ဆရာ)၊ "တဏှာစစ်စစ် တစ်ရာ့ရှစ်"တဲ့ မှတ်ထား၊ လက်ာလေးလည်း ရအောင်ကျက်ထား၊ "တဏှာသုံးတန်၊ အရင်းခံ၊ အာကာသံနဲ့မြောက်၊ တဏှာစစ်စစ်၊ တစ်ရာ့ရှစ်၊ ဖြစ်လာမလွဲကောက်" ဒီလက်ာလေးရထားတော့ တဏှာစစ်စစ် တစ်ရာ့ရှစ် ရေတွက်ပြစမ်းဆိုရင် ရေတွက်နိုင်တယ်မဟုတ်လား (တွက်နိုင်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

အဲဒါလေး မှတ်ထား၊ ဒီလိုသင်လိုက် ကြားလိုက် တတ်မြောက်လိမ့်မှာသွားတော့ ငါ့ကိုယ် တဏှာတွေ, တဏှာတွေနဲ့၊ ပုထုဇဉ်တို့၏သန္တာန်မှာ တဏှာတွေ, တဏှာတွေနဲ့ ဟောကြ, ပြောကြ, ရေးကြ, သားကြ, ဘယ်ဒင်းတွေ တဏှာခေါ်ပါလိမ့်၊ လူတိုင်းသိကောင်းပါ့မလား (မသိကောင်းပါဘူးဆရာ)၊ လူတိုင်းမသိလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ အခုလို သင်ကြားတတ်မြောက်လိမ့်မှာလာတော့ သိပြီလား (သိပါပြီဆရာ)၊ တဏှာဆိုတာ အတုံး အလုံး အခဲ အကောင်အထည်လည်း မဟုတ်၊ အထည်ဒြပ်သဏ္ဌာန်လည်းမဟုတ်၊ လေးမြောင့် သုံးထောင့်လည်းမဟုတ်၊ အဝိုင်း အပြားလည်းမဟုတ်၊ အဖြူ အပြာလည်းမဟုတ်၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လက်စသတ်တော့ တို့အမြဲတစေ ဖြစ်ပျက်နေတဲ့ အဆင်းတို့, အသံတို့, အနံ့တို့, အရသာတို့, အတွေ့အထိ, ကြုံစည်စဉ်းစားတဲ့ စိတ်ကူးတို့, တို့မရှောင်သာမလွဲသာ အမြဲတစေ တစ်တွေ့တည်းတွေ့နေတဲ့ အာရုံခြောက်ပါးပေါ်မှာ လိုချင်တယ်၊ နှစ်သက်တယ်၊ ခင်တွယ်တယ်၊ မြတ်နိုးတယ်၊ ကြိုက်တယ်၊ ဒီသဘောလေးတွေ တဏှာခေါ်ပါ့ပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သိမသွားဘူးလား (သိသွားပါတယ်ဆရာ)။

http://www.dhammadownload.com

တဏှာ အကောင်အထည်ဟုတ်ကဲ့လား (မဟုတ်ပါဘူးဆရာ)၊ အတုံး အလုံး အခဲကော ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)၊ အမှုန့်အမွှားကော (မဟုတ်ပါဘူးဆရာ)၊ အရေအဖတ်ကော (မဟုတ်ပါဘူးဆရာ)၊ လေးထောင့်သုံးမြောင့်ကော (မဟုတ်ပါဘူးဆရာ)၊ အဖြူ အပြာ အဝါကော (မဟုတ်ပါဘူးဆရာ)၊ ဘာလေးတွေ (သဘောတရားသက်သက်လေးပါဆရာ)၊ ဘာသဘောလေးတွေတုံးမသိဘူး၊ ရောချပြီး ပြောတယ်၊ ဘာသဘောတရားလေးတွေ (လိုချင်တဲ့သဘောတရားတွေပါဆရာ)၊ အေး ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘာကို လိုချင်တာတုံး၊ (ရူပါရုံ၊ ပါဆရာ)၊ အောင်မာ ကျန်တာတွေတော့ ခမျာက ပယ်ထားတာပေါ့၊ ဒါတစ်ခုတည်းလား (မဟုတ်ပါဘူးဆရာ)၊ မင်းကိုယ်တိုင် လိုချင်နေတာ မင်းမသိဘူးလား (သိပါတယ်ဆရာ)၊ ဘာတွေလိုချင်တုံး (ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ပါဆရာ)၊ ဩော် အာရုံခြောက်ပါးစလုံးပေါ့ (မှန်ပါတယ်ဆရာ)၊ တစ်ခုမှ ချမ်းသာမပေးဘူး၊(မပေးပါဘူးဆရာ)၊ အေး ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ မလိုချင်တာ မရှိဘူး၊ လိုချင်တာချည်းပဲ နော် (မှန်ပါတယ်ဆရာ)၊ ဒီအာရုံခြောက်ပါးမှာ ကိုယ်နှစ်သက်တဲ့ အာရုံတွေ မှန်မှန်သမျှ မလိုချင်ဘူးလား (လိုချင်ပါတယ်ဆရာ)၊ လိုချင်တာဘာတုံး (တဏှာပါဆရာ)၊ ဟုတ်ပြီ၊ ဒီအာရုံခြောက်ပါးကို လိုချင်တာ တဏှာလို့၊ လိုချင်တော့ မဆင်းရဲဘူးလား (ဆင်းရဲပါတယ်ဆရာ)၊ မပင်ပန်းဘူးလား (ပင်ပန်းပါတယ်ဆရာ)၊ လိုချင်လို့ ဆင်းရဲတယ်၊ ကြိုက်လို့ ဆင်းရဲတယ်၊ ရချင်လို့ ဆင်းရဲတယ်၊ နှစ်သက်လို့ ဆင်းရဲတယ်၊ မြတ်နိုးလို့ ဆင်းရဲတယ်၊ ခင်တွယ်လို့ ဆင်းရဲတယ်၊ အာရုံခြောက်ပါး နော် (မှန်ပါတယ်ဆရာ)။

ဘာတွေတုံး အဲဒါ (တဏှာတွေပါဆရာ)၊ တဏှာမို့လို့ မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ နှစ်တဏှာဆိုရင် သေကောင်းသေလိမ့်မယ် နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ အဲဒီအာရုံခြောက်ပါးကို စောစောက ပြောတဲ့အတိုင်း ကာယပသာဒ၏အစွမ်းအားဖြင့်, ကာမဂုဏ်၏အစွမ်းအားဖြင့်, သာယာနှစ်သက်သည်၏အစွမ်းအားဖြင့် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ,ဆိုတဲ့ အာရုံငါးပါးကို လိုချင်တာက ကာမတဏှာ နော် (မှန်ပါတယ်ဆရာ)၊ ထိခြောက်ပါးသော အာရုံတရားတို့သည် မပြိုမကွဲ မပျက်စီးဘဲနဲ့ မြဲတယ်လို့ ယူဆတာက ဘဝတဏှာ၊ ထိခြောက်ပါးသော အာရုံတရားတို့သည် ဖြစ်ပြီးပျက်သွားတာပဲ၊ နောက်ဆက်မဖြစ်၊ ပြတ်သွားတာပဲလို့ယူဆတာ ဝိဘဝတဏှာနားလည်လား (နားလည်ပါတယ်ဆရာ)၊ သုံးမျိုးထွက်မလာဘူးလား (ထွက်လာပါတယ်ဆရာ)၊ ဒါ့ကြောင့် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာလို့ သုံးမျိုးအခြေခံထား နော် (မှန်ပါတယ် ဆရာ)၊ ဒါ့ကြောင့် "တဏှာသုံးတန်၊ အရင်းခံ၊ အာကာသံနဲ့မြှောက်၊ တဏှာစစ်စစ်၊ တစ်ရာ့ရှစ်၊ ဖြစ်လာမလွဲကောက်" နော် (မှန်ပါတယ်ဆရာ)၊ တဏှာတရားကိုယ်ကောက်တော့ ဘာရတယ် (လောဘပါဆရာ)၊ မြန်မာ

http://www.dhammadownload.com

လိုပြန်တော့ (လိုချင်တာပါဆရာ)၊ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ မိမိကိုယ်ဖြစ်နေတာ မင်းသိလား (သိပါတယ်ဆရာ)၊ မိမိကိုယ်ဖြစ်နေတာလည်း သိသွားပြီ၊ တဏှာအဓိပ္ပာယ်လည်း နားလည်သွားပြီ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ -

တို့သံသရာ့စက်ရဟတ်ကို အကြောင်းအကျိုးအားဖြင့် ဆက်စပ်ပြီး လည်စေတတ်တယ်ဆိုတဲ့ တဏှာကို တစ်ခါရှာရမယ် နော် (မှန်ပါတယ်ဆရာ)၊ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝပြီးတစ်ဘဝ ဆက်ကာဆက်ကာ အမြဲတစေ ဖြစ်နေတယ်ဆိုတဲ့ အကြောင်းအကျိုး၊ အကြောင်းအကျိုး အဲဒီလို သံသရာစက်ရဟတ်ကြီးမှာ အဆက်မပြတ် လည်စေတတ်တယ်လို့ဆိုတဲ့ တဏှာစစ်ကို ရှာကြည့်ရအောင် - ကာမတဏှာကြောင့် လည်သလား၊ ဘဝတဏှာကြောင့်လည်သလား၊ ဝိဘဝတဏှာကြောင့် လည်သလားလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သေချာစဉ်းစားကြည့်၊ ကာမတဏှာက ငါးဖြာအာရုံ ကာမဂုဏ်ကို သာယာနှစ်သက်မှု လိုချင်မှု။ ဘဝတဏှာဆိုတာက ဘဝလို ချင်မှု၊ နှစ်သက်မှု။ ဝိဘဝတဏှာဆိုတာ ဘဝပြတ်တယ်ဆိုတဲ့အယူဝါဒ လိုချင်မှု နှစ်သက်မှု မှတ်မိလား (မှတ်မိပါတယ်ဆရာ)။ ဘဝတဏှာဆိုတာက ဒိဋ္ဌိအနေအားဖြင့် သဿတဒိဋ္ဌိ၊ ဝိဘတဏှာက ဒိဋ္ဌိအနေအားဖြင့် ဥစ္ဆေဒဒိဋ္ဌိ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီတော့ သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိ ဒီအယူနှစ်ပါးက တစ်ပါးပါးကို တက်လှမ်းနေမယ်၊ ညှိစွန်းနေမယ်ဆိုလို့ရှိရင် သံသရာစက်ရဟတ်ကြီး အဆက်မပြတ်လည်ရော့တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လား (မှတ်ပါတယ်ဆရာ)၊ သဿတဒိဋ္ဌိ ဘက် ဝင်နေပြန်လည်း ဒီပုဂ္ဂိုလ် ဘယ်တော့မှ သံသရာက မကျွတ်နိုင်ဘူးတဲ့၊ ဥစ္ဆေဒဒိဋ္ဌိဘက် ဝင်နေပြန်လည်း သံသရာဝဋ္ဋက ဘယ်တော့မှ မကျွတ်နိုင်ဘူးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊

ဒီတော့ သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးကို ဒီဒိဋ္ဌိနှစ်ပါးရဲ့အလယ်ကြားက မဇ္ဈိမပဋိပဒါဆိုတဲ့ အလယ်လမ်းလေး တည့်တည့်ကသွားမှ သံသရာဝဋ္ဋအတွင်းက လွတ်ကင်းနိုင်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော်၊ တရားလိုချင်လို့ ရှာတယ်ဆိုတဲ့ လမ်းကောင်းလမ်းမှန်နဲ့ တွေ့မှ တရားလည်း ရတတ်တယ်၊ လမ်းကောင်းလမ်းမှန်နဲ့ တွေ့ပြီးလားဆိုမှဖြင့် အခု မြတ်စွာဘုရားကိုယ်တော်မြတ်ချတော်မူထားတဲ့ လမ်းစဉ်ကို သေသေချာချာ မြင်အောင် ကြည့်၊ တို့တရားလိုချင်လို့ တစ်မဂ်တစ်ဖိုလ်လိုချင်လို့ ကြိုးစားတာက ဟုတ်ပါ၏။ အဘဘုရားကိုယ်တော်မြတ်ချထားတဲ့ လမ်းစဉ်က နှစ်ဘက်ညှပ်ထားတာ လက်ျာစွန်းနဲ့လက်ဝဲစွန်း၊ လက်ျာစွန်းက သဿတဒိဋ္ဌိ၊ လက်ဝဲစွန်းက ဥစ္ဆေဒဒိဋ္ဌိ၊ လက်ျာဘက်တိုးလိုက် သဿတဒိဋ္ဌိနဲ့ မလွတ်ဘူး၊ လက်ဝဲဘက်တိုးလိုက် ဥစ္ဆေဒဒိဋ္ဌိနဲ့မလွတ်ဘူး၊ ဒီသဿတနဲ့ဥစ္ဆေဒဆိုတဲ့ အစွန်းနှစ်ပါးမှ လွတ်အောင် မသွားတတ်ရင် တစ်မဂ်တစ်ဖိုလ် ရဖို့ ခဲယဉ်းတယ်လို့ ရလည်း မရကောင်းဘူး နော် (မှန်ပါတယ်ဆရာ)၊ ရလည်း မရကောင်းဘူး၊ ဒါကြောင့် -

http://www.dhammadownload.com

တို့အဘဘုရားကိုယ်တော်မြတ် ဂုဏ်တော်ကိုးပါးမှ 'သုဂတ'ဟူသော ဂုဏ်တော်ရ 'သုဂတ' ဆိုတာ "သုန္ဒရံ ဂတော သုဂတော"လို့ သုန္ဒရံ၊ ကောင်းသော။ ဂတော၊ သွားခြင်း၊ လားခြင်းသည်။ သုဂတော၊ ကောင်းသော သွားခြင်း လားခြင်းတည်း။ တို့အဘဘုရား ကိုယ်တော်မြတ် 'သုဂတ' ဟူသော ဂုဏ်တော်ရတာ တခြားမဟုတ်ဘူး။ ဂင်္ဂါဝါဠ္ဠ သဲစုမက ပွင့်တော်မူကြတဲ့ ရှေးရှေးသော နောင်တော့်နောင်တော် ဘုရားများကဲ့သို့ ကောင်းသော သွားခြင်း၊ ကောင်းသော လားခြင်းဖြင့် သွားတော်လာတော်မူ၏။ ဒါ့ကြောင့် 'သုဂတ'ဟူသော ဂုဏ်တော်ရတယ်တဲ့၊ ဘယ်လို ရှေးဘုရာတို့ကဲ့သို့ ကောင်းသော သွားခြင်း၊ လာခြင်းလဲလို့ မေးရင် သဿတဒိဋ္ဌနဲ့ ဥစ္ဆေဒဒိဋ္ဌ အစွန်းနှစ်ပါးကို မထိပါးရအောင် မဇ္ဈိမပဋိပဒါဆိုတဲ့ အလယ်လမ်းကသွားတာ ကောင်းသောသွားခြင်းခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ကောင်းသောသွားခြင်း၊ ကောင်းသောလာခြင်းခေါ်တယ်၊ မှတ်နော် သေသေ ချာချာ။

ရှေ့တစ်ည‌ပြီးတစ်ည‌ ဆက်ကာဆက်ကာပြ၊ နောက်ပိုင်းကဟာတွေလည်း ဘာမှမေးစမ်းမရဘူး၊ ဝေ့လည်ကြောင်ပတ်ကြီးတွေဖြစ်နေတယ်၊ ဘယ်နေရာမှာ မပြတ်သားလို့ ဒီလိုဆိုရင် အပင်ပန်းခံပြီးတော့ ပြောရ,ပြရသလောက် ခရီးမရောက်သလို ဖြစ်တတ်တယ်လို့ အင်မတန်မှလည်း နာရကြားရခဲတယ်၊ ဒီလိုတိတိပပ ကျကျနန အခန်းတစ်ခု ပြတော့မယ်ဆိုလို့ရှိရင် အခြေခံက စပြီးတော့ ပြတ်သားနားလည်အောင် အပင်အပန်း အနွမ်းအနယ်ခံပြီးတော့ သင်ကြားပြသပေးတယ်ဆိုတာ သာမည‌နဲ့ မပြနိုင်ဘူးလို့ ဘာပြုလို့၊ အကြောင်းအမျိုးမျိုးတွေရှိကြလို့၊ ဒါကြောင့် မိမိလည်းပဲ ကျန်းမာနေတဲ့အခါ ပြနိုင်တဲ့အခါ ကျန်းလည်း ကျန်းမာတယ်၊ ပြလည်း ပြနိုင်တယ်။ ပြပြန်တော့လည်း သာမန်မဟုတ်၊ စေတနာသဒ္ဓါ တရားက ထက်ထက်သန်သန်နဲ့ တကယ်ခြေခြေမြစ်မြစ်နဲ့ သိကြပါစေ၊ နားလည်ကြပါစေဆိုတဲ့ စေတနာလည်းထားလို့ ဒီလိုပြပေးတာ၊ ဝတ်ကျေတန်းကျေအနေအားဖြင့်လည်း မနေကြနဲ့၊ တကယ်လည်း တိတိပပ ကျကျနနပြရင် တိတိပပကျကျနန ရအောင်လည်းယူ၊ ဒါမှ ကိုယ်ကတစ်ဘက်ကို တစ်ဆင့်ပြောဟောတော့ တစ်ဘက်သားလည်း သဘောရှင်းနိုင်မယ်၊ တစ်ဘက်သား သဘောရှင်းသွားလည်း ကိုယ်လည်းပဲ သာသနာပြုပုဂ္ဂိုလ်ကြီးဖြစ်တယ်၊ တစ်ဘက်သားလည်း ကိုယ့်ကျေးဇူးတင်လို့မဆုံး၊ ဒါကြောင့် မှတ်မှတ်သားသားယူကြပါလို့၊ အဲဒါနာကောင်းတယ်ဆိုတဲ့ အနေအားဖြင့် နာကောင်းရုံလေး နာနေရင် ဘာမှလည်း ရမှာမဟုတ်ဘူး။ တကယ်ပေးနေတာ၊ တကယ်ငါအရ ယူမယ်ဟလို့ စိတ်ထဲဒီလိုမှတ်ထား။

ဒါကြောင့် တရားရှာတဲ့ပုဂ္ဂိုလ်များ ခေတ်ကလည်း စားလာတော့ များလည်းများပါတယ်၊ များလည်း များပါ့၊ များတော့ များတိုင်းရကြသလားဆိုတော့ အဘဘုရားကိုယ်တော်မြတ်ချပေးတဲ့

http://www.dhammadownload.com

လမ်းစဉ်ပေါ်ကျမှ တရားက ရတတ်တယ်။ အတ္တနောမတိ အနေအားဖြင့် ကိုယ်သိတာလေး လူသိ လုပ်ပြီးတော့ ဟုတ်လိမ့်မယ်ဟဲ့၊ မှန်လိမ့်မယ်ဟဲ့။ ဒါဖြင့် ဟုတ်တယ် မှန်တယ်ဆိုတဲ့အနေအားဖြင့် လုပ်လို့ ရကောင်းတာမဟုတ်ပါဘူး၊ ဒါ့ကြောင့် သာသနာနဲ့ကြုံတဲ့တွေ့တဲ့အခါ တစ်မဂ်တစ်ဖိုလ် လိုချင် လွန်းလို့ တရားရှာတာတော့ ရှာပါပြီတဲ့၊ အခု အဘဘုရားကိုယ်တော်မြတ်ချသွားတဲ့ လမ်းစဉ်က ငါကိုယ်တော်မြတ်စဉ်လျက် ကောင်းသောသွားခြင်း၊ ကောင်းသော လာခြင်းဖြင့် သွားလို့ လာလို့ 'သုဂတ'ဟူသော ဂုဏ်တော်ကို ငါရတော်မူတယ်၊ ငါကိုယ်တော်မြတ် ကောင်းသောသွားခြင်း၊ ကောင်း သော လာခြင်းဖြင့် ကြွသွားတော်မူသော လမ်းစဉ်အတိုင်း ချစ်သား ချစ်သမီးတို့လည်းပဲ မဖောက်မပြန် မှန်မှန်ကန်ကန် တိတိကျကျ လိုက်ခဲ့ကြ၊ မှာကြားတော်မူတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဲဒါ မဖောက်မပြန် မှန်မှန်ကန်ကန် ငါချတဲ့ လမ်းစဉ်အတိုင်း လိုက်ခဲ့ကြဆိုတာ မလိုက်ရင်၊ တရားရပါ့ မလား (မရနိုင်ပါဘူးဆရာ)၊ သံသရာကျွတ်ပါ့မလား (မကျွတ်ပါဘူးဆရာ)၊ သဿတဒိဋ္ဌိလည်း ဘာမှမသိ၊ ဥစ္ဆေဒဒိဋ္ဌိလည်း ဘာမှမသိ၊ သဿတဒိဋ္ဌိဆိုတဲ့ လက်ျာစွန်းကြီး ဘယ်လိုလွတ်အောင် ရှောင်ရမှန်းလည်း မသိ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ လက်ဝဲစွန်းကြီး လွတ်အောင် ရှောင်ရမယ်ဆိုတာ ဘယ်လို ရှောင်ရမှန်လည်း မသိ၊ မခက်ဘူးလား (ခက်ပါတယ်ဆရာ)။

လုပ်တော့ လုပ်တယ်၊ တရားအားထုတ်တယ်၊ အရိုးကြေကြေ အရေခန်းခန်းလို့ ပင်ပန်းကြီးစွာ ခံပြီးတော့ အားထုတ်တာတွေ တော်တော်လည်း များကြပါတယ်။ သဒ္ဓါတရားကတော့ မသေးလှ ပါဘူး။ ဒါပေမယ့် အဘဘုရားကိုယ်တော်မြတ်ချထားတဲ့ လမ်းစဉ်နဲ့ ဖီလာကန့်လန့် ဖြစ်ပြီဆိုမှဖြင့် ကိုယ့်အမှားကိုတောင်သိခဲတယ်၊ သိတဲ့ပုဂ္ဂိုလ်က ပြောပေမယ့်၊ ကြိုက်ချင်မှ ကြိုက်တာ၊ ဆရာစွဲတဲ့, စာစွဲတဲ့, ငါစွဲတဲ့, ဆရာလင်း စာလင်းတဲ့ ငါလင်းတဲ့ နော် (မှန်ပါတယ်ဆရာ)၊ တချို့လည်း ပထမဆုံး တွေ့ထားတဲ့ ဆရာ အတ္တနောမတိနဲ့ပြတယ်၊ ကိုယ့်အသိနဲ့ ကိုယ်လုပ်ပြီးပြတော့၊ အဟုတ်မှတ်ထင်ပြီး နောက်ပြင်လို့မရ၊ ငါ့ဆရာပြတာမှ အမှန်အစစ်ဟဲ့၊ ဘယ်သူက ပြောပြော ငါ့သဘောတော့ ပြောင်း လို့မရ၊ မပြောင်းနိုင် ပေခံနေတယ်၊ ဆရာလင်းခေါ်တယ်။ လင်းရိပ်မိနေပြီ ဆရာစွဲခေါ်တယ် အစွဲနာနေ ပြီနော် (မှန်ပါတယ်ဆရာ)၊ ပြင်လို့မရ၊ မှားရင်မှောက်မယ်ဆိုတဲ့ အနေအတိုင်း ဒီလိုနေတတ်တယ်၊ စာလင်းတဲ့၊ စာစွဲတဲ့၊ မတောက်တစ်ခေါက် စာပလွေခင်းပြီးတော့ ကိုယ်ကလည်း တိတိကျကျ သင်ခဲ့ ဖူးတာမဟုတ်၊ ပါဋ္ဌိတော် အဌကထာ ဋီကာနဲ့လည်း ကြည့်တတ်တာလည်းမဟုတ်၊ ဟိုပုဂ္ဂိုလ်ရေး၊ ဒီပုဂ္ဂိုလ်ရေးနဲ့ စက်တင်ပုံနှိပ် စာအုပ်တွေကြည့်၊ အဲဒီစာအုပ်ထဲက ကြည့်လို့ အသိလေးတွေ ရလာ တာ ကိုယ်အဟုတ်မှတ်လို့ တစ်ဘက်သတ် တယူသန်ကြီးနဲ့အာခံတယ်၊ နားလည်တဲ့ပုဂ္ဂိုလ်က ပြောပေ မယ့် ဘယ်ကျမ်းက ဘယ်လိုဆိုထားတာ၊ ဘယ်စာက ဘယ်လိုဆိုထားတာ ပြင်လို့မရဘူး နော်

http://www.dhammadownload.com

(မှန်ပါတယ်ဆရာ)။

စာလင်းတဲ့၊ စာတည်းဟူသော လင်းရိပ်မိနေတယ်တဲ့၊ စာစွဲတဲ့၊ သူဖတ်ဖူးတဲ့စာအုပ်လေး စွဲနေတယ်၊ ပြင်လို့မရတော့ဘူးတဲ့၊ ငါစွဲ ငါလင်းဆိုတာတွေ တခြားမဟုတ်ပါဘူး၊ သူ့ထက်မိုက်တာကတော့ လောကမှာမရှိဘူး၊ ဘာမှလည်း မတတ်ဘူး၊ ဘာမှလည်း နားမလည်ဘူး၊ ဒါပေမယ့် ငါစွဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကောင်းတာညွှန်ကြားပေမယ့် ကြိုက်ချင်မှကြိုက် အဓိပ္ပာယ်အားဖြင့် သင်တန်းလိုက်ပါလားကွယ်လို့ ကိုယ်နဲ့ခင်မင်ရင်းနှီးတဲ့ပုဂ္ဂိုလ်က တိုက်တွန်း၊ ငါက ဘာမှ မဟုတ်တာ မလုပ်ဘဲ၊ မကောင်းတာ ဘာမှမလုပ်ဘဲ၊ ငါက စိတ်ကောင်း စေတနာကောင်းနဲ့ နေတဲ့ လူပဲ မဟုတ်တာ ဘယ်တော့မှ မလုပ်ဘူး၊ လိုက်စရာမလိုဘူးပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ငါဆိုတဲ့မာနလေးတက်၊ ငါက မကောင်းတာမှမလုပ်ဘဲ မဟုတ်တာမှမလုပ်ဘဲ သင်တန်းလိုက်စရာမလိုပါဘူး၊ တရားအား ထုတ်စရာမလိုပါဘူး။ အဲဒီပုဂ္ဂိုလ်ရဲ့အစွဲက ငါစွဲခေါ်တယ်၊ သူ့စိတ်ထဲ စွဲထားတာက လူသေရင် လူပြန်ဖြစ်တယ်လို့ စွဲထားတာ နော် (မှန်ပါတယ်ဆရာ)၊ ငါကောင်းကောင်းနေတာပဲ၊ ငါသေသွားရင် လူပြန်ဖြစ်မှာပဲ ဒီလို စွဲထားတာ ခဲယဉ်းတယ်။ ဒါငါလင်းမိနေတာ၊ ငါတည်းဟူသော လင်းရိပ်မိတယ်။ ငါဆိုတဲ့ အစွဲကြီးနာနေတယ်လို့၊ ဒါ့ကြောင့် ကိုယ့်စေတနာ သဒ္ဓါတရားက ထက်ထက်သန်သန်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်လိုချင်လို့ အပင်အပန်း အန္တမ်းအနယ် ခံလုပ်တိုင်း ဟုတ်လိမ့်မယ်လို့ မထင်ကြနဲ့ အခုချပြထားတဲ့ လမ်းစဉ်လေး သေချာကြည့်၊ သံသရာရဲ့စက်ရဟတ်ကြီး အဆက်မပြတ် လည်တတ်တယ်ဆိုတဲ့ ဝဋ်ကထာ အဘဘုရားကိုယ်တော်မြတ်ချဟောသွားတယ်။

"ဝေဒနာပစ္စယာ တဏှာ" - ဝေဒနာပစ္စယာ၊ ဝေဒနာတည်းဟူသော အကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဟောဒီ တဏှာပဲ၊ ပဋိစ္စသမုပ္ပါဒ်နောက်စက်ကြီးကို လည်အောင်လုပ်ပေးတာ နော် (မှန်ပါတယ်ဆရာ)၊ သာမညတော့ မမှတ်ကြနဲ့၊ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် နောက်ပိုင်းကြီးကို လည်အောင်လုပ်တာသူ၊ ရှေ့ပိုင်းလည်အောင်လုပ်ပေးတာ ဘယ်သူတုံးဟ (အဝိဇ္ဇာပါဆရာ)။ အေး ဟုတ်ပြီ၊ ပဋိစ္စသမုပ္ပါဒ်ဘယ်နှစ်ပိုင်းခွဲထားတုံး (နှစ်ပိုင်းပါဆရာ)၊ ဘာအပိုင်းနဲ့ ဘာအပိုင်းတုံး၊ (အဝိဇ္ဇာနှင့်တဏှာပါဆရာ)၊ ရှေ့ပိုင်းနဲ့နောက်ပိုင်း ပြောရတယ်၊ (ရှေ့ပိုင်းနဲ့နောက်ပိုင်းပါဆရာ)၊ ရှေ့ပိုင်းနဲ့နောက်ပိုင်းလား (မှန်ပါတယ်ဆရာ)၊ ရှေ့ပိုင်းဆိုတာ ဖောင်တော်ဦး ပေါင်းလောင်းလား ဘာခေါ်တုံး၊ (အဝိဇ္ဇာပါဆရာ)၊ အဝိဇ္ဇာဦးစီးတယ်လား (မှန်ပါတယ်ဆရာ)၊ နောက်ပိုင်းကတော့ (တဏှာဦးစီးပါတယ်ဆရာ)၊ အေး အဲဒါမှတ်ထား နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ" လို့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းထဲလည်း ချထားတာရှိတယ်၊ မူလနှစ်ပါးဆိုတာ ဩော် ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကို ဒီစက်ရဟတ်ကြီးကို အဆက်မပြတ်လည်အောင် လုပ်ပေးနေတဲ့တရားဟာ နှစ်ပါးပါပဲ

http://www.dhammadownload.com

လားလို့ ဝင့်မြစ်နှစ်ပါးခေါ်တယ်၊ ဘယ်သူနဲ့ဘယ်သူတုံး၊ အဝိဇ္ဇာနဲ့ တဏှာပေါ့။

အဝိဇ္ဇာက ရှေ့ပိုင်းတစ်ပိုင်းလုံး လည်အောင် လုပ်ပေးတယ်၊ တဏှာက နောက်ပိုင်းတစ်ပိုင်း လည်အောင် လုပ်ပေးတယ်။ သူတို့နှစ်ခုပေါင်းစပ်ပြီး လည်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးဖြစ် တဝီဝီနဲ့လည်နေ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလည်စေတတ်တဲ့ ဝဋ္ဋကထာဆိုတဲ့ ဒေသနာမှာ အဘာဘုရားကိုယ်တော်မြတ် ဟောထားတာ သေချာကြည့်၊ တို့လုပ်နေတဲ့ လုပ်ပုံလုပ်နည်းနဲ့တော့ကား ဒီပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး အဆက်ပြတ်လို့၊ သံသရာကတစ်မဂ်တစ်ဖိုလ်ရပြီးတော့ ကျွတ်စခန်း လွတ်စခန်း ရောက်နိုင်ပါ့မလားလို့ သေချာပြန်စဉ်းစား၊ ဒီတော့ ရုပ်ပဲ, နာမ်ပဲ, ခန္ဓာပဲ, အာယတနပဲ, ဓာတ်ပဲ, ပရမတ်ပဲ, ပညတ်ပဲ,လို့ ပြတ်ပြတ်သားသား သင်ရေးကြားရေးမရှိဘဲနဲ့ လုံးလုံးကြီး နားလည်မှုမရဘဲ ဘဝမြဲတယ်ဆိုတဲ့ သဿတအစွန်းလွတ်အောင် ရှောင်လို့ ဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, ပညတ်, ပရမတ်, မပြတ်သားနားမလည်ဘဲနဲ့ ဒီဘဝ သေပြီးရင် သေဆုံးလောင်းတုန်း နောက်ထပ် ဘာမှမမျှော်နဲ့တော့၊ "အဟေတုကဒိဋ္ဌိ၊ အကြိယ ဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ" အကြောင်းတရားလည်း မရှိဘူး၊ အကျိုးတရားလည်း မရှိဘူး၊ အကြောင်း, အကျိုး နှစ်ပါးစလုံး မရှိဘူးလို့ ဥစ္ဆေဒဒိဋ္ဌိဝါဒကို ပယ်နိုင်,ရှားနိုင်ပါ့မလား (မပယ်နိုင်ပါဘူးဆရာ)၊ ဒါဖြင့် ဒီသဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အစွန်းနှစ်ပါးတို့မှ မပယ်နိုင် မရှားနိုင်လို့ ဒီအစွန်းနှစ်ပါးမှ တစ်ဘက်တက်လှမ်းနေတဲ့ ပုဂ္ဂိုလ်မှန်ရင် အိုးကြေအောင်၊ အရေခန်းအောင် လုပ်ပေမယ့် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရကောင်းပါ့မလား (မရနိုင်ပါဘူးဆရာ)။ အဲဒါသာတွက်ထား။

ဒါ အဘာဘုရားကိုယ်တော်မြတ်ချထားတဲ့လမ်းစဉ် မှတ်ထားနော် သေသေချာချာ၊ မှန်တာကို ပြောပေးရင် ကျေးဇူးတင်ကြပါလို့ ဝမ်းလည်းသာကြ၊ မငြိုငြင်ကြပါနဲ့၊ ဒါ ပုဂ္ဂလဓိဋ္ဌာန် အနေအားဖြင့် ဘယ်စောင်းချလိုက်တာဟာ၊ ဒါက ဘယ်လှမ်းပစ်လိုက်တာလလို့ မမှတ်ပါနဲ့၊ သက်သက် စိတ်ကောင်းစေတနာကောင်းနဲ့ မြင်စေချင် သိစေချင်လို့ အမှန်အကန် အတိအကျ သဘာဝရစေချင်လွန်းလို့ ပြပေးနေတာ၊ ဒီတော့ လမ်းစဉ်ချ၊ တစ်မဂ်တစ်ဖိုလ်တော့ရအောင် ငါအားထုတ်မှပဲဆိုရင် သဿတအစွန်းနဲ့ ဥစ္ဆေဒအစွန်းဆိုတဲ့ လက်ျာစွန်းနဲ့လက်ဝဲစွန်းနှစ်ခု လွတ်အောင်ရှောင်ရမယ် နော် (မှန်ပါ တယ်ဆရာ)၊ ဘဝမြဲတယ်လို့ယူဆရင် သဿတဒိဋ္ဌိ၊ ဘဝတဏှာ နော် (မှန်ပါတယ်ဆရာ)၊ ဘဝပြတ်တယ်လို့ယူဆရင် ဥစ္ဆေဒဒိဋ္ဌိ၊ ဝိဘဝတဏှာ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)။

များသောအားဖြင့်လည်းပဲ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေက "ကမ္မဋ္ဌ ကမ္မဖလဋ္ဌ သဒ္ဒဟိတ္တာ" ကမ္မဋ္ဌ၊ ကံကိုလည်းကောင်း။ ကမ္မဖလဋ္ဌ၊ ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတ္တာ၊ ယုံကြည်ပါကုန် သည်ဖြစ်၍။ ဣမာနိ ဒါတဗ္ဗဝတ္ထူနိ၊ ဤအထူးထူးသော လှူဖွယ်ဝတ္ထုတို့ကို။ အာယသ္မန္တာနံ၊ အရှင်

http://www.dhammadownload.com

ဘုရားတို့အား။ ဒေမ ပူဇေမ၊ သဒ္ဓါကြည်ဖြူ ကပ်လျှူ ပူဇော်ပါကုန်၏ ဘုရားလို့ ဆိုတော့ "ကမ္မဋ္ဌ ကမ္မဖလဋ္ဌ သဒ္ဒဟိတ္တာ"လို့ အသံက ထွက်ထား၊ ကံ၊ ကံ၏အကျိုးကို ယုံပါတယ်လို့ ဆိုထားတော့ ဘဝတဏှာ ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဆရာ)၊ သဿတဒိဋ္ဌိသမားချည်းပဲ ဖြစ်မနေဘူးလား ဖြစ်နေပါတယ်ဆရာ)။ အဲဒါအန္ဓပုထုဇဉ်လိုင်းကခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ရုပ်လည်းမမြင်၊ နာမ် လည်း မမြင်၊ ခန္ဓာလည်း မမြင်၊ အာယတနလည်း မမြင်၊ ဓာတ်လည်း မမြင်၊ ပညတ် ပရမတ်လည်း မကွဲဆိုတော့ ကုသိုလ်သာ အားခဲပြီးအလုပ်လုပ်နေတယ်တဲ့၊ ဘာပြုလို့ ဒီကုသိုလ်က ပြုလိုက်ရင် အပြစ်မရှိ၊ ကောင်းသော အကျိုးပေးမယ်ဆိုတဲ့ သူတော်ကောင်းတရား နာကြားထားတော့ သူနားလည်တယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အပြစ်မရှိ ကောင်းသော အကျိုးလိုချင်လွန်းလို့ (တစ်နည်း) လူကောင်းဖြစ်ချင်လွန်းလို့၊ နတ်ကောင်း ဗြဟ္မာကောင်းဖြစ်ချင်လွန်းလို့ ဒီကုသိုလ်တရားတွေ ကြိုးစားပွားများ အားထုတ်နေပါတယ်ဆိုတော့ သူဝါဒက ဘာလဲဆိုတော့၊ သဿတဒိဋ္ဌိတဲ့၊ ဘဝမြဲတယ်လို့ နော် (မှန်ပါတယ်ဆရာ)။

လွန်ခဲ့သော အတိတ်ဘဝထဲ ငါဘယ်လို ကုသိုလ်ကောင်းမှုတွေ ကြိုးစားလို့ အခု လူဘဝလာပြီး သုဂတိဘဝလာရတယ်၊ အခုဘဝလည်း ငါကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ်လိုက်လို့ရှိရင် နောင်ဘဝ သုဂတိဘဝရောက်ဦးမှာ၊ လူကောင်း နတ်ကောင်းဖြစ်ဦးမှာပဲလို့ ဒီလိုဘဝကို တစ်ဆက်ထဲ ကြီးမြင်ပြီးတော့ ဘဝတန်းထားတာ မတန်းဘူးလား (တန်းထားပါတယ်ဆရာ)၊ ဒီတော့ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါး ဘဝသုံးပါးမှာ သူမြင်ထားတဲ့ အမြင်အားဖြင့်ဆိုလို့ဆိုရင် ဒါကြောင့်လည်း ကံ, ကံ၏အကျိုး ယုံကြည်ပြီးတော့ ကုသိုလ်ကောင်းမှု တရားတွေကို ကြိုးစားအားထုတ်တယ်ဆိုတော့ သဿတဒိဋ္ဌိ သူဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ဒီသဿတဒိဋ္ဌိအစွဲကြီးနဲ့ရင်ထဲက မပျောက်သမျှ မချုပ်သမျှဘဲ ဘာတရားတွေ အားထုတ်အားထုတ် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရကောင်းပါ့မလား (မရနိုင်ပါဘူးဆရာ)၊ မရကောင်းဘူး နော် (မှန်ပါတယ်ဆရာ)၊ အမှန်ကတော့ ဒါ ဒိဋ္ဌိကိလေသာ မဟုတ်ဘူးလား (ဒိဋ္ဌိကိလေသာပါဆရာ)။ ဒိဋ္ဌိကိလေသာတဲ့၊ ဒိဋ္ဌိကိလေသာကြီး တန်းလန်းရှိနေတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)။ ကြပ်ကြပ်စည်းစားနော်၊ လမ်းကောင်းလမ်းမှန် သန့်ရှင်းစင်ကြယ်တဲ့ တကယ်အပြစ်ကင်းတဲ့ လမ်းစဉ်ကသွားမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်တဲ့။ ဩော် သူ့ရင်ထဲမှာ သူ့အသိထဲမှာကို သဿတဝါဒ စွဲနေတယ်။ သဿတဒိဋ္ဌိ အယူကြီးနဲ့ပါလားဆို အယူက မဖြူစင်ဘူး။ ဖြူစင်ရဲ့လား (မဖြူစင်ပါဘူးဆရာ)။ မိစ္ဆာအယူ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)။ ပုဂ္ဂလသတ္တ အတ္တဇီဝ ယုံမနေဘူးလား (ယုံကြည်ပါတယ်ဆရာ)။ ဒါ အယူမဖြူစင်ဘူး ခေါ်တယ်။ မိစ္ဆာအယူတဲ့။

http://www.dhammadownload.com

ဒိဋ္ဌိကိလေသာ တန်းလန်းနဲ့တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဒိဋ္ဌိကိလေသာ တန်းလန်းရှိနေတယ်။ ဒိဋ္ဌိကိလေသာ ထင်ရှားရှိနေတဲ့ ပုဂ္ဂိုလ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကောင်းရဲ့လား (မရကောင်းပါဘူးဆရာ)။ ဘာပြုလို့ မရကောင်း မသိဘူး (ပုဂ္ဂိုလ်သတ္တဝါစွဲမြဲနေလို့ပါဆရာ)။ အေးလေ ဟုတ်ပါပြီ။ အဲဒါ ဒိဋ္ဌိကိလေသာပါပဲ။ မင့်ဥစ္စာ ငြုံစိုနဲ့ငြိစုံ ဘာထူး။ ဒီ ဒိဋ္ဌိကိလေသာတန်းရှိနေရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကောင်းပါ့မလား (မရကောင်းပါဘူးဆရာ)။ ဘာပြုလို့ မရကောင်း။

မဂ်မရအောင် တားထားတာဘယ်နှယ်ပါးရှိတယ် (ငါးပါးပါဆရာ)။ ဘယ်သူ ဘယ်သူတွေတုံး (မဖြေတတ်ဘူးဆရာ)။ ဟော အဲဒီလိုကောင်၊ အဲသလောက်မိုက်တဲ့အကောင်။ မဂ်မရအောင် တားထားတာ အန္တရာယ် ဘယ်နှစ်ပါးရှိတယ် (ငါးပါးပါဆရာ)။ ဘယ်သူ ဘယ်သူတွေတုံး။ မရေတတ်ဘူး။ ဒါပဲ သူမှတ်မိတော့တယ်။ ဟင်း ကံကိလေသ ဆိုစမ်း- ကံ ကိလေသ (ကံကိလေသ) အောင်မယ် ငါက ချပေးရမယ်။ ရသေးရဲ့လား (မရဘူးဆရာ)။ ဟောဗျာ "ကံ ကိလေသ၊ ဝိပါက၊ ဝါဒ တိက္ကမာ" ဆိုစမ်း (ကံ ကိလေသ ဝိပါက ဝါဒ တိက္ကမာ) ရပြီလား (ရပါပြီဆရာ)။ အဓိပ္ပာယ် ပြောတတ်လား (မပြောတတ်ဘူးဆရာ)။ ဘယ်တုံးက မှတ်ထား၊ ချက်ချင်း မေ့ပစ်တာကိုးကွ။ "ကံ ကိလေသ ဝိပါက ဝါဒ တိက္ကမာ"။ မဂ်မရအောင် တားတဲ့ အန္တရာယ်ငါးပါးတဲ့။ အဲဒီ အန္တရာယ်ငါးပါး တစ်ပါးပါး ရှိနေရင် ဒီပုဂ္ဂိုလ် ဒီဘဝမှာ ဘယ်တော့မှ မဂ်မရနိုင်ဘူးတဲ့ နော် (မှန်ပါတယ် ဆရာ)။ "ကံ ကိလေသ၊ ဝိပါက၊ ဝါဒတိက္ကမာ"။ ငါးခုငါးခု။ ကံရယ်, ကိလေသာရယ်, ဝိပါကရယ်, ဝါဒရယ်, တိက္ကမရယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကံရယ်, ကိလေသရယ်, ဝိပါကရယ်, ဝါဒရယ်, တိက္ကမရယ်။ ကံရယ်, ကိလေသာရယ်, ဝိပါကရယ်, ဝါဒရယ်, တိက္ကမရယ်။ "ကံကိလေသ၊ ဝိပါက၊ ဝါဒ တိက္ကမာ"။ သူ့ငါးခုအတိုင်းပါပဲ မထူးပါဘူး။

ကံဆိုတာ ဘာတုံးတဲ့ နားလည်လား (ကံ, ကံ၏အကျိုး ယုံကြည်တာပါဆရာ)။ ဟောဗျာ ချပြီ၊ ဆွဲချလိုက်တာပဲ တစ်ခါတည်း။ ကံဆိုတာ အနန္တရိယကံငါးပါးကို လွန်ကျူးမိခြင်းတဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။ ကံဆိုတာ ဘာခေါ်တယ် (အနန္တရိယကံငါးပါးကို လွန်ကျူးတာပါဆရာ)။ အနန္တရိယကံငါးပါးကို လွန်ကျူးမိခြင်း၊ အနန္တရိယကံငါးပါးဆိုတာ ကြားဖူးလား (ကြားတော့ ကြားဖူးတယ်)၊ ဘာနဲ့ကြားဖူး၊ (မပြောတတ်ဘူးဆရာ)။ ဟောဗျာ ဘယ်လိုကောင်မှန်းကို မသိဘူး။ ကြားဖူးတယ်ဆိုပြီး နည်းနည်းပါးပါးတော့ ပြောတတ်မလားအောက်မေ့တယ်၊ အမိသတ်, အဖသတ်, ဘုရားသတ်, ရဟန္တာသတ် နားလည်လား (နားလည်ပါဖြီဆရာ)။ သံဃာဂိုဏ်းကွဲ နော် (မှန်ပါတယ် ဆရာ)။ ကြားဖူးလား (ကြားဖူးပါတယ်ဆရာ)။ အဲဒါ အနန္တရိယကံငါးပါးခေါ်တယ်နော် (မှန်ပါတယ် ဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အဲဒီ ကံငါးပါးကို တစ်ပါးပါး လွန်ကျူးထားတဲ့ ပုဂ္ဂိုလ်သည်

http://www.dhammadownload.com

ဒီဘဝမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘူးဆရာ)။ မရဘူး။ အနန္တရိယကံ၊ ကံဆိုတဲ့ အန္တရာယ်ကြီး တားသွားပြီတဲ့။ မရတော့ဘူး။ လက်မြောက်တော့တဲ့။ ဒီဘဝမှာ နော် (မှန်ပါတယ်ဆရာ)။ ကံပြီးတော့ ကိလေသ၊ ကိလေသဆိုတာ ဒိဋ္ဌိကိလေသာ ထင်ရှားရှိနေသောပုဂ္ဂိုလ်တစ်ယောက်တဲ့။ ဒီဘဝမှာ တစ်မဂ် တစ်ဖိုလ် မရနိုင်ဘူးတဲ့။ အဲဒီ ဒိဋ္ဌိကိလေသာ ထင်ရှားရှိသော ပုဂ္ဂိုလ်ဆိုတာ ဘယ်သူခေါ်လဲလို့။ အခုနပြောတဲ့ လက်ျာစွန်းနဲ့ လက်ဝဲစွန်း၊ လက်ျာစွန်းက ဘာတုံး (သဿတဒိဋ္ဌိပါဆရာ)။ လက်ဝဲစွန်းကဘာတုံး (ဥစ္ဆေဒဒိဋ္ဌိပါဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။ အဲဒီ ဒိဋ္ဌိအယူဝါဒရှိနေတဲ့ ပုဂ္ဂိုလ်သည် ဘယ်တော့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူး နော် (မှန်ပါတယ်ဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ကံ ကိလေသာ၊ **ဝိပါက**-မိမိပဋိသန္ဓေနေစဉ်အခါက နောက်နားက ငါဟိတ်သုံးမျိုး ပြောလာခဲ့ပေါ့၊ သုဂတိအဟိတ်ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ်၊ ဒွိဟိတ်ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ် ဘယ်တော့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရကောင်းဘူး နားလည်လား (နားလည်ပါတယ်ဆရာ)၊ တိဟိတ်ပဋိသန္ဓေနဲ့ နေမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကောင်းတယ်တဲ့၊ ဝိပါက နော် (မှန်ပါတယ်ဆရာ)။

ဝါဒ-အရိယာများ စွပ်စွဲဆဲရေး ကဲ့ရဲ့ ရှုတ်ချမိသော ကံများရှိရင် ဒီပုဂ္ဂိုလ်သည် ဒီဘဝ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဘယ်တော့မှ မရကောင်းဘူး နော် (မှန်ပါတယ်ဆရာ)၊ ဘယ်နှစ်ပါးရှိတယ် (လေးပါးရှိပါတယ်ဆရာ)၊ လေးပါးရှိသွားပြီ။

ဝိတိက္ကမာ ဆိုတာ မြတ်စွာဘုရားကိုယ်တော်မြတ် ပညတ်တော်မူသော သီလသိက္ခာပုဒ်ကို လွန်ကျူးတဲ့ပုဂ္ဂိုလ်တဲ့၊ ချိုးဖဲ့ဖျက်ဆီးသော ပုဂ္ဂိုလ်များသည် ဒီဘဝမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရကောင်း။ ဒီတစ်ပါးတော့ ရဟန်းတော်များအတွက် နော် (မှန်ပါတယ်ဆရာ)၊ လူများတော့ ဒီ သီလ ဝိတိက္ကမာ မပါ,ပါဘူး။ လူများတော့ လေးပါးရှိတယ် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဒီတော့ စဉ်းစားကြည့်စမ်း၊ ၎င်းအန္တရာယ်ငါးပါးရှိတဲ့အနက်က အာနန္တရိယကံငါးပါး လွန်ကျူးဆိုတာ လူတစ်ရာတစ်ယောက် တွေ့ဖို့ ခဲယဉ်းတယ်၊ မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ)၊ ပြီးတော့ ဝိပါကတဲ့၊ ပဋိသန္ဓေနေတဲ့ အချိန်အခါလေးက ငါ ဒွိဟိတ်လား, တိဟိတ်လားလို့ မခွဲခြားနိုင်တာ တစ်ချက်ပေါ့၊ ဒါပေမယ့် ဒီတရားကို တစ်မဂ်တစ်ဖိုလ် လိုချင်လှချည်ရဲ့၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရာ ရကြောင်း တရားကောင်းကို ငါနာကြားလိုလှချည်ရဲ့၊ ဒီစေတနာစိတ်ဓာတ်မျိုးပေါ်နေ တိဟိတ်သာမှတ်တော့တဲ့၊ ဒီအန္တရာယ်မျိုးကလည်း ငြိဖို့ခဲယဉ်းတယ် နော် (မှန်ပါတယ်ဆရာ)၊ တိဟိတ်တွေ အင်မတန်များတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဝါဒတဲ့၊ အရိယာသူတော်ကောင်းတွေကို မဂ်

http://www.dhammadownload.com

ဉာဏ် ဖိုလ်ဉာဏ်ရပြီးသားဆိုတဲ့ အရိယာပုဂ္ဂိုလ်တွေ ဆဲရေး တိုင်းထွာ ကဲ့ရဲ့ရှုတ်ချမှုဆိုတာလည်း ဖြစ်ခဲတယ်၊ မဟုတ်ဘူလား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ "ဝီတိ့က္ကမာ"ဆိုတာ သီလလုံခြုံမှု ဆိုတာ ဒါရဟန်းတော်များအတွက်၊ ဒီတော့ ဒီအန္တရာယ်ငါးချက်မှာ လေးချက်က ဖြစ်ဖို့အတော်ခက်တဲ့ကိစ္စ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာပြုလိုတုံး၊ ကာယကံမှု၊ ဝစီကံမှုနဲ့ လွန်ကျူးပြီးမှ ကမ္မပထ မြောက်နိုင်တဲ့ အန္တရာယ်တွေ ခေါ်တယ်။

ကိလေသာဆိုတဲ့ ဒိဋ္ဌိကိလေသာကျတော့ လုံ့လပယောဂလည်း မထုတ်ရဘူး၊ ကိုယ်နဲ့နှုတ်နဲ့လည်း အလုပ်မလုပ်ရဘူး၊ လုံ့လဝီရိယလည်း မစိုက်ရဘူး၊ ဒိဋ္ဌိကိလေသာကျတော့ မွေးကတည်းက ပါလာ၊ မပါဘူးလား (ပါ,ပါတယ်ဆရာ)၊ အဲဒါ ရုပ်နာမ်မမြင် အန္ဓပုထုဇဉ် ဆိုတဲ့ ပုထုဇဉ်မျိုးတွေ၊ အမေက မွေးလာ၊ ဘယ်သူရုပ်နာမ်သိ၊ ဘယ်သူမှ မသိဘူး သိပါ့မလား (မသိပါဘူးဆရာ)၊ ရုပ်နာမ် မသိတော့ အန္ဓပုထုဇဉ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အန္ဓပုထုဇဉ်ဘဝနဲ့ မွေးကြ၊ အဲဒါ ဒိဋ္ဌိကိလေသာတန်းလန်းနဲ့လာတာ၊ မွေးကတည်းကပါလာ၊ မပါဘူးလား (ပါ,ပါတယ်ဆရာ)၊ အထူးသဖြင့် လုပ်ရဲသေးလား (မလုပ်ပါဘူးဆရာ)၊ ဒိဋ္ဌိကိလေသာကြီး ရလာအောင် ဖြစ်လာအောင် ကြိုးစားရသေးသလား (မကြိုးစားရပါဆရာ)၊ မွေးကတည်းက အလိုလိုပါမလာဘူးလား (ပါလာပါတယ်ဆရာ)၊ အဲဒီ ဒိဋ္ဌိကိလေသာကြီးက မိမိတို့ မထူထောင်ဘဲနဲ့၊ မကြိုးစားဘဲနဲ့၊ အားမထုတ်ဘဲနဲ့၊ မရှာမှီးဘဲနဲ့ သီးသီးသန့်သန့်နဲ့ အမေမွေးကတည်းက အလိုလိုပါလာတဲ့ အန္တရာယ်ကြီးတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီအန္တရာယ်ကြီး ငြိတွယ်နေလို့ရှိရင် ဒီပုဂ္ဂိုလ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကောင်းပါ့မလား (မရနိုင်ပါဘူးဆရာ)၊ ကျန်တဲ့အန္တရာယ်လေးပါးက လုပ်မှဖြစ်တာကိုကွ နော် (မှန်ပါတယ်ဆရာ)၊ လုပ်လည်း လုပ်ခဲတယ်၊ ဖြစ်လည်း ဖြစ်ခဲတယ်၊ ဒီတော့ ကြည့်ပါ။ ၎င်းဒိဋ္ဌိကိလေသာ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ, ယုံကြည်ခြင်း၊ တစ်နည်း သဿတဝါဒ ယုံကြည်ခြင်း၊ ဥစ္ဆေဒဝါဒ ယုံကြည်ခြင်း မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဒိဋ္ဌိကိလေသာကြီး ထင်ရှားရှိနေသမျှ ကာလပတ်လုံး မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်ပေမယ့် ဘယ့်နှယ့်ကြိုးစားကြိုးစား မရနိုင်ဘူးတဲ့၊ ရနိုင်ပါ့မလား (မရနိုင်ပါဘူးဆရာ)။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ဒိဋ္ဌိကိလေသာ၊ လူရယ်လို့ ဖြစ်လာ သာသနာနဲ့တွေ့တဲ့ ကြုံတဲ့အခါမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်လိုချင်လို့ ရှိရင်တဲ့ မိမိအယူ မဖြူစင်သေးသော ၎င်းဒိဋ္ဌိကိလေသာကို အရင်ခွါပစ်၊ အရင်ပယ်ပစ်၊ အရင်ရှင်းပစ် နော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိကိလေသာကြီး ကွာအောင်၊ ရှင်းအောင် ကြိုးစားအားထုတ်အလုပ်လုပ်၊ ဒီဒိဋ္ဌိကိလေသာတစ်လုံးကွာသွားပြီ၊ ရှင်းသွားပြီ၊ လင်းသွားပြီဆိုမှဖြင့် မဂ်တံခါး ဖိုလ်တံခါး ပွင့်ရောတဲ့ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ခု သံသရာစက်ရဟတ် အဆက်မပြတ် လည်တယ်ဆိုတဲ့ နေရာမှာ တစ်ခုနဲ့တစ်ခု ကျေးဇူးပြု၊ အကြောင်း

http://www.dhammadownload.com

ကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဒီလိုဆက်စပ်မှ လည်ကောင်းတာ၊ အဲဒီလို လည်ကောင်းအောင်၊ လည်နိုင်အောင် ကြောင်းကျိုးဆက်ပေးတဲ့တရားထဲမှာ တဏှာလို့ ပါလာတော့ "ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ" သွားလေနော် (မှန်ပါတယ်ဆရာ)၊ လည်သွားပြီ၊ ဒါကြောင့် လည်ကောင်းတယ်၊ လည်နိုင်တယ်၊ လည်တတ်တယ်ဆိုတဲ့ ဝေဒနာကြောင့် ဖြစ်ပေါ်လာတဲ့ တဏှာဆိုတဲ့ တရားထဲမှာ အခြေခံအားဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ, သုံးမျိုးသုံးစားရှိတဲ့အနက်က ကာမတဏှာကြောင့်ပဲ လည်နေသလား၊ ဘဝတဏှာကြောင့် လည်နေသလား၊ ဝိဘဝတဏှာကြောင့် လည်နေသလား၊ အခြေခံအားဖြင့် ရှာလိုက်တော့ ငါးဖြာအာရုံ ကာမဂုဏ်ကို လိုချင်တယ်၊ နှစ်သက်တယ်ဆိုတဲ့ ကာမတဏှာကြောင့် ဒီသံသရာစက်ရဟတ်ကြီး အဆက်မပြတ် လည်တာမဟုတ်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူ့ကြောင့် လည်လဲ (ဘဝတဏှာကြောင့်ပါဆရာ)၊ ဩော် ဘဝတဏှာကြောင့် မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဘဝတဏှာကြောင့်၊ ဘဝတဏှာဆိုတာ ဘာတုံး၊ (သဿတဒိဋ္ဌိပါဆရာ)၊ သဿတဒိဋ္ဌိဆိုတာ ဘာတုံး၊ (ဘဝမြဲတယ်လို့ ယူဆပါတယ်ဆရာ)၊ အေး ဟုတ်ပြီ နော် (မှန်ပါတယ်ဆရာ)။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ဒါနဲ့များ တချို့က သံသရာစက်ရဟတ်ကြီး အဆက်ပြတ်ချင်လွန်းလို့, မဂ်ဉာဏ်ဖိုလ်ဉာဏ် လိုချင်လွန်းလို့, သံသရာက ကျွတ်ချင် လွတ်ချင်လွန်းလို့ ကာမတဏှာတွေချည်း ဖိသတ်နေ နော် (မှန်ပါတယ်ဆရာ)၊ တဏှာသတ်စခန်းတဲ့၊ တဏှာသတ်စခန်း တဏှာသတ်လမ်းတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဆိုတဲ့ ငါးဖြာအာရုံ ကာမဂုဏ်တရားတွေ ခေါင်းပါးသွားအောင်၊ ကုန်သွားအောင်၊ ခန်းသွားအောင်၊ ခြောက်သွားအောင်ဆိုတဲ့ အနေအားဖြင့် တဏှာချည်းသတ်နေ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ဒီငါးဖြာအာရုံ ကာမဂုဏ်တည်း ဟူသော တဏှာတွေ သတ်တော့ ကာမတဏှာတွေ သေကောင်းပါ့မလား (မသေကောင်းပါဘူးဆရာ)၊ ဒီတဏှာတွေ သတ်တော့ကော ပြတ်ကောင်းပါ့မလား (မပြတ်ကောင်းပါဘူးဆရာ)၊ ဒီတဏှာတွေ သတ်ရအောင် တဏှာတွေက ဘဝဆက်ကို ဆက်ပေးတဲ့ တဏှာတွေလားဟ (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူး နော် (မဟုတ်ပါဘူးဆရာ)၊ ကာမတဏှာသည် သံသရာစက်ရဟတ်ကြီးကို အဆက်မပြတ်လည်အောင် လုပ်ပေးတာမဟုတ်ဘူး၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူကလုပ်ပေးတာတုံး၊ (ဘဝတဏှာ,ကပါဆရာ)၊ ဟော ဘဝတဏှာကမှ နော် (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော်။

အလုပ်မှားနေရင်လည်း အလကားဖြစ်တတ်တယ်၊ ဒီတော့ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ ကာမတဏှာကိုသတ်တာ ဘာပြုလို့သတ်၊ တစ်မဂ်တစ်ဖိုလ် လိုချင်လို့၊ သံသရာဝဋ်အတွင်းက

http://www.dhammadownload.com

လွတ်ကင်းချင်လို့သတ်တော့ သေရော့လား မသေဘူး ဒီတဏှာက အထက်မင်္ဂကျမှ သေ၏ နော် (မှန်ပါတယ်ဆရာ) သူကြည့်လိုက်တော့ ရုပ်နာမ်မှ မကွဲသေးဘူး၊ အထက်မင်္ဂနေနေသာသာ၊ သူကြည့်တော့ ရုပ်နာမ်မှ မကွဲသေးဘူး။ ဒါပေမယ့် တဏှာဖိသတ်နေ၊ တဏှာသတ်တော့ ငတ်တာပေါ့တဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ မသေကောင်းပါဘူး၊ တဏှာဆိုတာ သူ့မင်္ဂနဲ့သူ သတ်သွားတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကာမတဏှာ အထက်မင်္ဂကျမှ သေနိုင်၏ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် အထက်မင်္ဂမှ မရသေးဘဲနဲ့ ကာမတဏှာသတ်လို့ သေပါ့မလား (မသေနိုင်ပါဘူးဆရာ)၊ ကာမတဏှာကော ဝဋ်ကိုလည်စေတတ်တဲ့ သတ္တိရှိသလား (မရှိပါဆရာ)၊ ဝိဘဝတဏှာကမှ သံသရာ့စက်ရဟတ်ကို အဆက်မပြတ် လည်စေတတ်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ဘဝမြဲတယ်ဆိုတဲ့ သဿတအယူဝါဒကို ဖြုတ်ပစ်ရမယ်တဲ့၊ ဒါဖြင့် ဝိဘဝတဏှာဆိုတဲ့ ဘဝပြတ်တဲ့ အယူကြီးတော့ ဘယ့်နှစ်လုပ်၊ နဂိုကတည်းက မရှိပါဘူးတဲ့၊ ဘဝမြဲတယ်လို့ သဿတအယူယူထားတဲ့ ကံ, ကံ၏အကျိုး ယုံကြည်တဲ့လူမျိုးမှ ဥစ္ဆေဒဒိဋ္ဌခေါ်ထားတဲ့ ဝိဘဝတဏှာ ရှိကောင်းပါ့မလား (မရှိကောင်းပါဘူးဆရာ)၊ ဒါဖြင့် ဘဝပြတ်တယ်လို့ ယူဆထားတဲ့ ဝိဘဝတဏှာ ယူဆထားတဲ့ ဥစ္ဆေဒဒိဋ္ဌဝါဒရှိတဲ့ လူကြတော့ သဿတဝါဒ ရှိပါ့မလား (မရှိပါဘူးဆရာ)၊ နှစ်ခုမရှိကောင်းဘူး နော် (မှန်ပါတယ်ဆရာ)။

ဘဝမြဲတယ်လို့ သဿတဒိဋ္ဌိယူထားရင် ဥစ္ဆေဒဝါဒ နဂိုကမရှိတာ၊ ဘဝပြတ်တယ်ဆိုတဲ့ အယူဝါဒကို ကြိုက်လို့ယူထားရင် သဿတဝါဒ-ဘဝမြဲတယ်လို့ သဿတအယူမရှိဘူး မဟုတ်လား (မှန်ပါတယ်ဆရာ)၊ နှစ်ခုစလုံးပြိုင်မဖြစ်ကောင်းဘူး။ ဒါဖြင့် တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေက ကံ, ကံ၏အကျိုး ယုံကြည်တယ်ဆိုတော့ သဿတဒိဋ္ဌိ ဖြစ်မနေဘူးလား (ဖြစ်ပါတယ်ဆရာ)၊ နဂိုက ဥစ္ဆေဒဒိဋ္ဌိ ရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ နဂိုကတည်းက မရှိဘူး၊ ဒါဖြင့်ရင် ကာမတဏှာနဲ့ ဘဝတဏှာရှိတာပေါ့၊ (မှန်ပါ တယ်ဆရာ)၊ ဒါဖြင့် ကာမတဏှာနဲ့ဘဝတဏှာ ရှိခဲ့သော် ထိုနှစ်မျိုးနှစ်စားသော တဏှာထဲမှာ ဘယ်တဏှာသတ်ရမှာတုံး (ဘဝတဏှာသတ်ရမှာပါဆရာ)၊ ဘဝတဏှာသတ်ရမယ်လား (မှန်ပါတယ်ဆရာ)၊ ဘဝတဏှာက ဘာဖြစ်စေတတ်တုံး၊ (သံသရာကို လည်စေတတ်ပါတယ်ဆရာ)၊ ဩော် သံသရာလည်စေတတ်တဲ့ တရားလား (မှန်ပါတယ်ဆရာ)၊ ကာမတဏှာကကော (မလည်ပါဘူးဆရာ)၊ မလည်ဘူးလား (မလည်ပါဘူးဆရာ)၊ သူကြိုက်လို့ သူနောက်လိုက်ရင် ပင်ပန်းမယ်လား (မှန်ပါတယ်ဆရာ)၊ ဆင်းရဲမယ်လား (မှန်ပါတယ်ဆရာ)၊ ငွေကုန်ကြေးကျများမယ်လား (မှန်ပါတယ်ဆရာ)၊ ဒုက္ခများမယ်လား (မှန်ပါတယ်ဆရာ)၊ ဒုက္ခမကြောက် လုပ်ပေါ့၊ ဆင်းရဲမကြောက် လုပ်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဓိပ္ပာယ်အားဖြင့် ကာမတဏှာဆိုတဲ့ သဘောလေး သေချာကြည့်၊ ဒါပေမယ့် ကာမတဏှာ

http://www.dhammadownload.com

လိုက်စားနေရမယ်လို့ တိုက်တွန်းတာ မဟုတ်၊ "ကာမာနံ အာဒီနဝ" ဟု မြတ်စွာဘုရားဟောထားတာ မကောင်းမှုတွေ အင်မတန်ပူလောင်တယ်၊ အင်မတန်ဆင်းရဲတယ်၊ အင်မတန်ပင်ပန်းတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီလို ဟောသွားတယ်။

ဘဝတဏှာကမှ သံသရာလည်စေတတ်တာတဲ့၊ ကာမတဏှာ ဆင်းရဲတယ်၊ ပူလောင်တယ် ဆိုတဲ့သတ္တိပဲ ရှိတယ်တဲ့၊ သံသရာကို လည်စေတတ်တဲ့ သတ္တိမရှိပါဘူး။ ဒါပေမယ့် ကြောက်စရာ ကောင်းတယ်လို့ သူအင်မတန်နှိပ်စက်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဓိပ္ပာယ်ပြောကြစို့ကွယ်၊ လက်လုပ်လက်စားအနေအားဖြင့် မနက်စာ, ညစာရှာဖွေစားသောက်နေရာက စိတ်ကြီးဝင်လာပြီးတော့ ဘန်ကောက်ပုဆိုးဝတ်ချင်လာတယ်၊ ဘာတဏှာတုံးဟ (ကာမတဏှာပါဆရာ)၊ ကာမတဏှာ၊ ဘန်ကောက်ပုဆိုးဝတ်ချင်တာ နော် (မှန်ပါတယ်ဆရာ)၊ ဝတ်ချင်တော့လည်း ဝတ်ချင်တဲ့ တဏှာက ပေါ်, ပေါ်လာတော့ သူမှာ တစ်ခါတည်း စွဲလမ်းလာတော့ နောက်မဆုတ်နိုင်ဘူး ဝတ်ချင်တော့ ငါရအောင် ကြိုးစားမှပဲဆိုပြီး၊ ဘန်ကောက်ပုဆိုးဝယ်ဖို့ ပိုက်ဆံရအောင် မရှာရဘူးလား (ရှာရပါတယ်ဆရာ)၊ မပင်ပန်းဘူးလား (ပင်ပန်းပါတယ်ဆရာ)၊ မဆင်းရဲဘူးလား (ဆင်းရဲပါတယ်ဆရာ)၊ ဒုက္ခမများဘူးလား (များပါတယ်ဆရာ)၊ ဒီလိုပဲ ဒုက္ခများခံနိုင်ရင် ငှဲ့ဥစ္စာ ငါဝတ်ချင်လို့ ရှာတာ ဘာဖြစ်တုံးဆိုတော့ နေပူမရှောင် မိုးရွာမရှောင်နဲ့ ထွက်ရှာလိုက် ပင်ပန်းတယ်၊ ဆင်းရဲတယ်။ ရတော့ ဝယ်ဝတ်လိုက်၊ ဝယ်ဝတ်တော့ ဘာဖြစ်တုံး၊ (ကောင်းတာပေါ့ဆရာ)၊ အေးဟုတ်ပြီ၊ ဒါပဲရှိတယ် ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)။

မင်းအဆင်းရဲခံနိုင်ရင် မင်းဝတ်ပေါ့လို့ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မင်းအဆင်းရဲမခံနိုင်ရင် မဝတ်ချင်နဲ့၊ ကာမတဏှာ ဒီလိုသွားတယ် နော်၊ (မှန်ပါတယ်ဆရာ)၊ ဘဝကိုတောင်းတ မျှော်မှန်းတာ မဟုတ်ဘူးတဲ့၊ သူက ငါးဖြာအာရုံ ကာမဂုဏ် ကြိုက်ကြိုက်၊ ကြိုက်ကြိုက်ပြီးတော့ လိုက်လိုက်ခံစားချင်တာလည်း ရှိပဲတဲ့၊ ပင်ပန်းတယ်၊ ဆင်းရဲတယ်၊ ဒုက္ခများတယ်တဲ့၊ အသက်တိုတတ်တယ်၊ ဘေးရန်အန္တရာယ်များတယ်၊ ဒါဖြင့် အပင်ပန်းခံနိုင်ရင်လုပ်ပေါ့။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေးဟုတ်ပြီ၊ သဿတဒိဋ္ဌိဆိုတဲ့ ဘဝတဏှာကျတော့ ဒါလိုမဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ သဿတဒိဋ္ဌိခေါ်ထားတဲ့ ဘဝတဏှာသည်သာလျှင် သံသရာဝဋ်မြစ်ကြီးကို ဖြစ်စေတတ်တယ်၊ သံသရာ ဘဝစက်ရဟတ်ကြီးကို အမြဲမပြတ် လည်စေတတ်တယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မှတ်ထားနော်၊ တဏှာသတ်နဲ့ဒိဋ္ဌိသတ်ဆိုတာ ဒါပြောတာ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တဏှာသတ်လမ်းတဲ့၊ ဒိဋ္ဌိသတ်လမ်းတဲ့၊ တရားရှာတဲ့လူတွေ သေချာမှတ်နော်၊ တရားဆိုတဲ့အတိုင်း တယားယားနဲ့ ဟိုယားယား ဒီယားယားနဲ့ ဟိုရောက်လိုက် ဒီရောက်လိုက် အခြေအမြစ်ကလေးတွေ

http://www.dhammadownload.com

သေချာမှတ်ပါ၊ တဏှာသတ်နဲ့ဒိဋ္ဌိသတ်ဆိုတာ ခေါ်တယ်၊ တစ်မင်္ဂတစ်ဖိုလ်လိုချင်လို့ တဏှာချည်းသတ်နေရပါ့မလား (မရပါဘူးဆရာ)၊ ငတ်တာအဖတ်တင်တယ်မဟုတ်လား (မှန်ပါတယ်ဆရာ)၊ မျက်စေ့လည်း ခြိုးခြံတယ်၊ နားလည်း ခြိုးခြံတယ်၊ နှာခေါင်းလည်း ခြိုးခြံတယ်၊ လျှာလည်း ခြိုးခြံတယ်၊ ကိုယ်လည်း ခြိုးခြံတယ်၊ ငါးဖြာအာရုံ ကာမဂုဏ်တွေ ငါမလိုက်စားဘူးဆို တံခါးပိတ်၊ အဲဒါ ငတ်တာပဲရှိမယ်၊ ဒါပေမယ့် ငါးဖြာအာရုံ ကာမဂုဏ်တွေ လိုက်စားကြ တိုက်တွန်းနေတာမဟုတ်ဘူး။ တဏှာသတ်နဲ့ဒိဋ္ဌိသတ် ကွာပုံလေးပြောနေတာနော် (မှန်ပါတယ် ဆရာ)၊ တဏှာသတ်လမ်းတဲ့၊ သေပါလိမ့်မယ်တဲ့၊ လုံးလုံးကြီးသေသွားတယ် မမှတ်နဲ့၊ မြောချင်မြော နေမယ်တဲ့၊ မြုံချင်မြုံနေမယ်၊ ငုံချင်ငုံနေမယ်တဲ့နော် (မှန်ပါတယ်ဆရာ)၊ ပြတ်သွားမယ်၊ ရုပ်သွားမယ်၊ ချုပ်သွားမယ်၊ ငြိမ်းသွားမယ် ဆိုတာ အင်မတန်ဖြစ်ခဲတယ်၊ ဘာပြုလို့တုံး၊ အထက်မင်္ဂက သတ်တာတဲ့၊ အောက်မင်္ဂလည်း မသတ်နိုင်ဘူးတဲ့၊ တဏှာဆိုတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ခေတ္တအခိုက်အတန့် ငုံချင်ငုံနေမှာပေါ့တဲ့။

အဓိပ္ပာယ်အားဖြင့် ကမ္မဋ္ဌာန်းလေးဆယ်ထဲက သမထတရား အားထုတ်တော့ တဏှာတွေ ငြိမ်းမနေဘူးလားကွယ် (ငြိမ်းနေပါတယ်ဆရာ)၊ အေးမနေဘူးလား (အေးနေပါတယ်ဆရာ)၊ ဒါ နိရောဓ-ဆိုက်သွားပြီ၊ ချုပ်သွားပြီ၊ ကုန်သွားပြီလို့ ပြောနိုင်ရဲ့လား (မပြောနိုင်ပါဘူးဆရာ)၊ မြုံနေတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မြုံနေတာခေါ်တယ်၊ မြုံနေတယ်တဲ့၊ တစ်ခုသောဘဝကျ ပြန်ပြီးတော့ အတက်တွေပေါက်ပြန် ဝေဝေဆာဆာဖြစ်ပြန် နော် (မှန်ပါတယ်ဆရာ)၊ သမထအားထုတ်တဲ့ခဏမှာ ကာမစ္ဆန္ဒ ဗျာပါဒ နီဝရဏတရားတွေ ချုပ်ငြိမ်း၍နေ၏၊ ကုန်သွားတယ် မမှတ်ပါနဲ့၊ မြုံနေတာတဲ့၊ သေသွားတော့ လက်ရှိစျာန်နဲ့သေတော့ ပြဟ္မာ့ပြည်ရောက်ပြန်၊ ပြဟ္မာ့ပြည်လည်း မြုံနေပြန်ပြီ၊ မမြုံဘူးလား (မြုံပါတယ်ဆရာ)။ အဲဒီပြဟ္မာ့ပြည်ကနေပြီးတော့ ပြဟ္မာ့သက်တမ်းကုန်လို့ စုတိစိတ်ကျပြီး အောက်ပြန်စုန်လာတော့ ရှိမြဲရှိမြဲပါပဲတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ထူးသေးရဲ့လား (မထူးပါဘူးဆရာ)၊ တစ်မင်္ဂတစ်ဖိုလ်မှလည်းမရဘူး၊ ဒါသမထလမ်းခေါ်တယ်၊ တဏှာသတ်လမ်းတဲ့၊ အဲဒီတဏှာသတ်လမ်းကို အလုပ်စခန်းလို့လည်း ခေါ်၏။ အလုပ်နဲ့ သွားကြတယ်နော် (မှန်ပါတယ်ဆရာ)၊

သဒ္ဓါလမ်းနဲ့ပညာလမ်းဆိုတာ

ဒိဋ္ဌိသတ်စခန်း၊ ဒိဋ္ဌိသတ်လမ်းဆိုတာ ဉာဏ်စခန်း, ဉာဏ်လမ်းခေါ်၏၊ ဒိဋ္ဌိသတ်ပါ၊ အဲဒီဒိဋ္ဌိတစ်လုံး သေသွားရင် မင်္ဂတံခါး ဖိုလ်တံခါးပွင့် မင်္ဂဉာဏ်ဖိုလ်ဉာဏ် အမှန်ရမယ်လို့ ဒီလိုမလာဘူးလား (မှန်ပါတယ်ဆရာ)၊ တနည်းအားဖြင့် သဒ္ဓါလမ်းနဲ့ပညာလမ်းခေါ်တယ်၊ တဏှာသတ်လမ်းက သဒ္ဓါလမ်းခေါ်တယ်၊ ဒိဋ္ဌိသတ်လမ်းက ပညာလမ်းခေါ်တယ်၊ ဘာပြုလို့ ဒိဋ္ဌိလက်နက်နဲ့ ကိုင်သတ်လို့ဖြစ်တာ

http://www.dhammadownload.com

မဟုတ်ဘူးတဲ့၊ ဆွေမျိုးတွေ ဝိုင်းသတ်လို့ဖြစ်တာမဟုတ်ဘူးတဲ့၊ ရုပ်နဲ့ရွာနဲ့ ချီပြီးသတ်လို့ဖြစ်တာ မဟုတ်ဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဘယ့်နယ့်လုပ်သတ်၊ (ပညာနဲ့သတ်ရပါတယ်ဆရာ)၊ ဩဇာ ပညာနဲ့သတ်၊ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ပညာနဲ့သတ်၊ ဝိဇ္ဇာဉာဏ်နဲ့သတ်၊ ဘယ်လို ပညာတုံး၊ ဘယ်လိုဝိဇ္ဇာတုံးဆိုတော့ ရုပ်, နာမ်, ခန္ဓာ, ပရမတ်, ပညတ်,ကို ပြတ်သား နားလည်အောင် သင်ကြားပါတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါရုပ်ပဲ၊ ဒါနာမ်ပဲ၊ ဒါခန္ဓာပဲ၊ ဒါအာယတနပဲ၊ ဒါဓာတ်ပဲ၊ ဒါပရမတ်ပဲ၊ ဒါ ပညတ်ပဲလို့ ဆရာထံ သင်ကြားတတ်မြောက်လိမ္မာတော့ ပညာစစ် ပညာမှန် သူရရော့တဲ့၊ ယထာဘူတဉာဏ်ကော မရဘူးလား၊ (ရပါတယ်ဆရာ)၊ အဲဒီလိုလည်း ရရော ဒိဋ္ဌလည်း သေရော ပြုတ်ရော ချုပ်ရော သက်သက်သတ်နေစရာတောင်မလိုဘူး နားလည်လား (နားလည်ပါ တယ်ဆရာ)။ အဲဒါဒိဋ္ဌသတ်စခန်း၊ ဒိဋ္ဌသတ်လမ်းခေါ်တယ်။

ဒါကြောင့် တို့သင်တန်းသူသင်တန်းသားများ စဉ်းစားပါ။ ဝီထိစဉ်ပြစဉ်အခါတုန်းက သဿတဒိဋ္ဌ ပြုတ်နည်း၊ ဥစ္ဆေဒဒိဋ္ဌပြုတ်နည်းဆိုပြီးတော့ သတ်ပြခဲ့တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရုပ်နာမ် နှစ်ပါးတို့၏ ဥပါဒ်စွန်းလေး၊ ဥပါဒ်, ဌိ, ဘင်,ဆိုတဲ့ ခဏငယ်လေးသုံးချက်နဲ့ တစ်စက္ကန့်မှာ ကုဋေ တစ်သိန်း ဖြစ်ပျက် ဖြစ်ပျက်၊ ဖြစ်ပျက်သွားနေတဲ့ ဥပါဒ် ဌိ ဘင် ခဏငယ် အစွန်းကလေးတွေ သေချာ ကြည့်စမ်း၊ ဥပါဒ်စွန်းလေးကြည့်၊ တစ်စက္ကန့်အစွန်းမှာ ကုဋေ တစ်သိန်းတောင် ဖြစ်နေ၊ ဥပါဒ် ဥပါဒ် ဥပါဒ်၊ မြန်မာလို ဖြစ်ပြီးရင်ဖြစ်၊ ဖြစ်ပြီးရင်ဖြစ် ဖြစ်ပြီးရင်ဖြစ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ နားလည်လား ငါပြောတာ (နားလည်ပါတယ်ဆရာ)၊ ဖြစ်ပြီးရင်ဖြစ်ဆိုတာ သိလား, မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ ပျက်တာမပါဘူးပေါ့ (ပါ, ပါတယ်ဆရာ)၊ ဘယ်လို ပါ, ပါသွား (ဥပါဒ် ဌိ ဘင်) အေးလေ ဖြစ်ပြီးရင်ဖြစ်၊ ဖြစ်ပြီးရင်ဖြစ်ဆိုတော့ အဖြစ်ကလေးမြင်တော့ အပျက်တွေက ဘယ်လိုပါသွား နားလည်လား (ဖြစ်ပြီး ပျက်သွားပါတယ်ဆရာ)။

ဟုတ်ပြီ၊ ဖြစ်ပြီးပျက်သွားတယ်၊ ပျက်သွားတော့ ဘာဖြစ်တယ် (ပြန်ဖြစ်ပါတယ်ဆရာ)၊ အေး ပြန်ဖြစ်နားလည်လား (နားလည်ပါတယ်ဆရာ)၊ "ဖြစ်ပြီးရင်ဖြစ်၊ ဖြစ်ပြီးရင် ဖြစ်ဆို"တဲ့ စကားထဲမှာ အပျက်ကလေးတွေ ပါ,ပါမသွားဘူးလား (ပါသွားတယ်ဆရာ)၊ ပျက်ပျက်သွားလို့ နောက်ထပ်ဖြစ်ရ တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပျက်မသွားရင် နောက်ထပ်ဖြစ်ပါ့မလား (မဖြစ်ပါဘူးဆရာ)၊ "ဖြစ်ပြီးရင်ဖြစ်၊ ဖြစ်ပြီးရင်ဖြစ်"ဆို ငါပြောတာ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နား လည်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ဒီဥပါဒ်ခဏဆိုတဲ့ ဥပါဒ်စွန်းလေးနဲ့ မင်းတို့ ငါတို့ရဲ့ ရုပ်အစဉ် နာမ်အစဉ် လေးတွေ မြင်အောင် ကြည့်လိုက်စမ်း၊ ဖြစ်ပြီးရင် ဖြစ်၊ ဖြစ်ပြီးရင်ဖြစ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဖြစ်တွေ ရုပ်ရဲ့လား (မရုပ်ပါဘူးဆရာ)၊ အဖြစ်တွေ ထပ်မနေဘူးလား (ထပ်နေပါတယ်ဆရာ)၊

http://www.dhammadownload.com

သံသရာအစကတည်းက တစ်ဖြစ်တည်းဖြစ်နေတာ ခုလည်းဖြစ်ရဲ့ပေါ့ (မှန်ပါတယ်ဆရာ)၊ နိဗ္ဗာန်ရောက်သည်တိုင်အောင် ဖြစ်ဦးမယ်လား (မှန်ပါတယ်ဆရာ)၊ အဖြစ်ကလေးတွေ ကြည့်တော့ ဖြစ်ပြီးရင် ဖြစ် ဒီလိုနေတယ်လား (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင်ကွာ အဖြစ်ဟာ မရပ်မနားဘဲနဲ့ အမြဲတစေ ဖြစ်ဖြစ်၊ ဖြစ် ဖြစ် နေတယ်ဆိုတော့ကား မင်းစဉ်းစားစမ်း၊ ဘဝကြီး ပြတ်သွားတယ်၊ ရပ်သွားတယ်ဆိုတာ ယုံရဲ့လား (မယုံပါဘူးဆရာ)။

ဒါဖြင့် ဥစ္ဆေဒဒိဋ္ဌိပယ်ပြီးသား ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ သဘောကော နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် နောက်တစ်ခါကြည့်ကွယ် ဥပါဒ် ဌီ ဘင်လို့ ဘင်စွန်းတွေ တစ်ခါကြည့်ပြန်ပြီး ပျက်ပြီးရင်း ပျက်ရင်း၊ ပျက်ပြီးရင်း ပျက်ရင်း၊ ပျက်ပြီးရင်းပျက်ရင်းဆိုတော့ ပျက်ပြီးရင်း နောက်ထပ် ပျက်တာဘာတုံး၊ ဖြစ်ဖြစ်ပေးလို့ ပျက်ရတာမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဖြစ်ဖြစ်မပေးရင် ပျက်ကောင်းပါ့မလား (မပျက်ကောင်းပါဘူးဆရာ)၊ ဒါဖြင့် ဘင်အစွန်းသေချာကြည့်စမ်း၊ မျက်တောင်တစ်ခတ်မှာ သိန်းသန်းကုဋ္ဌေ မရေမတွက်နိုင်အောင် တစ်ပျက်တည်း ပျက်၍နေ၏၊ အပျက်တွေချည်း၊ သံသရာအစကတည်းက ပျက်လာတာ၊ ယနေ့ထိအောင်ပျက်နေတယ်၊ နောင်လဲ ပျက်ဆဲပျက်ဦးမယ်၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ တစ်ပျက်တည်း ပျက်နေတာ မြင်တော့ ကြည့်စမ်း ဘဝကြီးသည် မပျက်မစီးဘဲနဲ့ မြဲနေ တယ်ဆိုတာ မင်းယုံသေးရဲ့လား (မယုံတော့ပါဘူးဆရာ)၊ ဒါသဿတစွန်း ပယ်ပြီးသား ဖြစ်မသွားဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ဒါ့ကြောင့် သဿတဝါဒ-ဘဝမြဲတယ်ဆိုတာ ငါမယုံ၊ ဥစ္ဆေဒဝါဒ-ဘဝပြတ်သွားတယ်ဆိုတာလည်း ငါမယုံ၊ ယုံသေးရဲ့လား (မယုံတော့ပါဘူးဆရာ)၊ ဒီလိုဆိုတော့ ဥစ္ဆေဒစွန်းနဲ့သဿတစွန်း လွတ်မသွားဘူးလား (လွတ်သွားပါတယ်ဆရာ)၊ အဲဒီလိုလွတ်သွားတဲ့ အသိဉာဏ်လေးရရင် ဒါမြတ်စွာဘုရားကိုယ်တော်မြတ် ချတော်မူတဲ့ "မဇ္ဈိမပဋိပဒါ"ခေါ်ထားတဲ့ အလည်တည့်တည့်လမ်းကြောင်းလေးပါပဲ။

"ဝေဒနာပစ္စယာ တဏှာ"လို့ ဝေဒနာကြောင့် တဏှာဖြစ်တယ်လို့ မှတ်နော်၊ ပြသွားတာလေးတွေ နော်၊ မိမိကိုယ်ဖြစ်နေတဲ့ တရားစဉ်တွေပြနေတာ၊ ဒါတွေ နားမလည်ပဲ တရားရှာလို့က အားမရဘူး၊ ဟိုလည်း ရနိုးနိုး၊ ဒီလည်း ရနိုးနိုးနဲ့၊ ရနိုင်စရာ အကြောင်းလည်း မရှိဘူး၊ ဘာကြောင့် တရားကဘေးချည်းမှတ်နေတယ်၊ ဒါ့ကြောင့် အပြေးအလွှားနဲ့ တယားယားနဲ့ ရှာကြဖွေကြ၊ တရားဆိုတာ မိမိအဇ္ဈတ္တသန္တာန်မှာ အမှန်အားဖြင့် ဖြစ်ပေါ်နေတဲ့ သဘာဝကို အဘဘုရားကိုယ်တော်မြတ်ကသဗ္ဗညုတရွှေဉာဏ်တော်နဲ့ မြင်တော်မူလို့ ဒီပုံဒီနည်းဖြစ်နေကြတယ်၊ ချစ်သား ချစ်သမီးတို့ ရုပ်သဘောဟာ ဒီလို တဲ့၊ နာမ်သဘောက ဒီလိုတဲ့၊ သတ္တဝါတို့၏အဇ္ဈတ္တသန္တာန် အမှန်အားဖြင့် ထိုကဲ့သို့ ဖြစ်နေတယ်လို့ ဒါကြောင့် ခန္ဓာနည်းနဲ့ပြ၊ အာယတနနည်းနဲ့ပြ၊ ဓာတ်နည်းနဲ့ပြ၊ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ပြ၊ နည်းအမျိုးမျိုး

http://www.dhammadownload.com

နဲ့ ခွဲခြမ်းပြီးပြထားတာ။ ဒါကြောင့် ခု ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပြလိုက်တော့ သံသရာကြီးမှာ စက်ရဟတ်လိုပဲ အဆက်မပြတ်လည်နေတယ်ဆိုတာ လည်ချင်လို့ လည်တာ မဟုတ်ဘူးတဲ့၊ လည်စရာ အကြောင်းခံပေးလိုက်လို့လည်တာ၊ လည်စရာ အကြောင်းခံပေးလိုက် လည်လိုက်၊ ဒါကြောင့် လည်တတ်တဲ့ အကြောင်းပြတ်သွားပြီ၊ ရပ်သွားပြီးဆိုမှဖြင့် အလည်လည်း ပြတ်ကရော၊ အလည်လည်း ရပ်ကရောတဲ့။ ဒါ့ကြောင့် လည်ပုံလည်နည်းပြနေတာ၊ ဒီတရားတွေကြောင့် ဒီလိုလည်တယ်လို့ ဒါကြောင့် -

"ဝေဒနာပစ္စယာ တဏှာ" သူသူငါငါ ဆိုတဲ့ သတ္တဝါများ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့ ဒီဝေဒနာသုံးမျိုးသုံးစား ဖြစ်လာပြီဆိုမှဖြင့် တဏှာဖြစ်ကရောတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ရပ်လို့ ရသေးရဲ့လား (မရပါဘူးဆရာ)၊ မရဘူး၊ တဏှာဖြစ်၊ ဘာဖြစ်တယ်၊ တဏှာဖြစ်တော့ ဥပါဒါန် ဖြစ်တာပေါ့တဲ့၊ ဥပါဒါန်ဖြစ်တော့ ဘာဖြစ်တယ်၊ ဘဝဖြစ်တာပေါ့၊ ဘဝဖြစ်တော့ ဘာဖြစ်တယ် ဒုတိယဘဝသစ် ပဋိသန္ဓေဖြစ်တာပေါ့၊ သွားပြန်ပေါ့ တစ်ဘဝ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်,ဆိုတဲ့ ဘဝသုံးပါး ကာလသုံးပါး၊ အကြောင်း အကျိုးဆက်စပ်ပြီးတော့ ဖြစ်နေတဲ့သဘာဝတွေ ချပြနေတာ၊ ဒါကြောင့် ဒါတွေ နားလည်ပြတ်သားတော့, ဘာဖြစ်သလဲဆိုရင် မိမိတို့ဖြစ်စဉ်တည်းဟူသော ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, မပြတ်ဖြစ်ရာ သံသရာကြီးကို ငြီးငွေ့လာတယ်၊ ရွံ့မုန်းလာတယ်၊ စက်ဆုပ်လာတယ်၊ နှလုံးနာလာတယ်၊ ဒီတော့ ဒီလိုငြီးငွေ့ရွံ့မုန်း နှလုံးနာ စက်ဆုပ်တော့ ဘာဖြစ်သလဲဆိုတော့၊ မလိုချင်တော့ဘူးတဲ့၊ ဘဝသစ် မလိုချင်တော့ဘူး၊ ဘဝသစ်မဖြစ်ချင်တော့ဘူး၊ ဒီစိတ်တွေပေါ်လာတယ် နော် (မှန်ပါတယ်ဆရာ)။

အဲဒီလို ဘဝသစ်မဖြစ်ချင်တော့ ဘာဖြစ်သလဲဆိုတော့ ဘဝသစ်ဖြစ်စေတတ်တဲ့အကြောင်းနောက်ထပ်မလုပ်ဘူး ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီလို မုန်းမှ မလုပ်မယ် မဟုတ်လား (မှန်ပါတယ်ဆရာ၊ အဲဒီလို မုန်းအောင် မိမိတို့အဖျတ္တသန္တာန် လုံးလုံးလျားလျားနဲ့ အမြဲတစေ ဖြစ်ပျက်နေတဲ့ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်သဘော ဓာတ်သဘောတွေ ဘုရားကိုယ်တော်မြတ်က ထုတ်ဖော်ပြီးဟောတာ၊ ဒါ့ကြောင့် "တရားရှာ ကိုယ်မှာတွေ့"၊ တရားမိမိဘေးမျှား ရှာမနေနဲ့၊ မိမိပတ်ဝန်းကျင်မှာ ရှာမနေနဲ့ ရှိပါ့မလား (မရှိပါဘူးဆရာ)၊ တောထဲ တောင်ထဲ ရှိပါ့မလား (မရှိပါဘူးဆရာ)၊ ဂူထဲ ကျောင်းထဲကော (မရှိပါဘူး ဆရာ)၊ လျှိုမြောင်း ချောင်ကြားကော (မရှိပါဘူးဆရာ)၊ ဘယ်မှ မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ဘယ်မှာရှိ (မိမိကိုယ်မှာရှိပါတယ်ဆရာ)၊ အေး မိမိကိုယ်မှာရှိတယ်၊ မိမိကိုယ်မှာဖြစ်ပျက်နေတဲ့ သဘာဝ နော် (မှန်ပါတယ်ဆရာ)၊ ဒါတွေ နားလည်အောင် သင်နေတာ၊ ဒါကြောင့် အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းတရားခံတိုင်း အကျိုးက ဆက်စပ်ပြီးဖြစ်နေတော့ ဒီသံသရာစက်ရဟတ် ဘယ်တော့ အဆက်ပြတ်မလဲဆို၊ ဘယ်တော့မှ

http://www.dhammadownload.com

အဆက်မပြတ်ဘူးတဲ့။ ဒါကြောင့် -

အမြဲမပြတ် ဆက်စပ်ပြီးတော့ သံသရာ့စက်ရဟတ်ကြီးထဲ တဝဲလည်လည်နဲ့ လည်နေကြ ကျင်လည် မျောပါးနေကြ။ ဒါကြောင့် ဒီလည်ပုံလည်နည်းပြလိုက်တော့ ဟိုအဝိဇ္ဇာကစလို့၊ အဝိဇ္ဇာ, သခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယန, ဖဿ, ဝေဒနာ, တဏှာ၊ ဒီတော့ ဝိပါက်ကောင်ဘဝ တစ်ဘဝ ရောက်လာတော့ လူရယ်လို့ဖြစ်လာရင် ဒါ ဝေဒနာအထိ ဝိညာဏ်ကစ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဝိပါက်ကောင်အဖြစ် ရှိသေးတယ်။ အဲဒီလို ဝိပါက်ကောင် လူကောင်ကြီးဖြစ်လာပြီးတော့ ဖြစ်လာတဲ့အတိုင်း ဒီလိုငြိမ်နေတာ မဟုတ်ဘူးတဲ့ ဘာဖြစ်တုံး၊ ဒီဝေဒနာဖြစ်တော့ တဏှာက ဖြစ်ရော့၊ ဒါကြောင့် "ဝေဒနာပစ္စယာ တဏှာ"လို့ ဝေဒနာ၊ သုခ, ဒုက္ခ, ဥပေက္ခာ,ဆိုတဲ့ ဝေဒနာသုံးမျိုးသုံးစား ဖြစ်ပြီလာဆိုတော့ တဏှာဖြစ်ကရော့၊ တဏှာဖြစ်တော့ တဏှာက ဘယ်နှယ်မျိုး ဘယ်နှစ်စား ဖြစ်၊ သုံးမျိုးသုံးစားဖြစ်တတ်တယ်၊ ဘယ်သူတုံး၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝ တဏှာ, မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

ယနေ့ညပါဆိုလို့ရှိရင် တဏှာမှာ နှစ်ညရှိပြီ၊ မှတ်လည်းမှတ်လောက်၊ ပြတ်လည်း ပြတ်သားလောက်၊ နားလည်းလည်လောက်၊ အဲဒါမှ နားမလည်လည်း နေရစ်ခဲ့ကြတော့ နော် (မှန်ပါတယ်ဆရာ)၊ သြော် ငါတို့ ခံစားမှုတည်းဟူသော သုခ, ဒုက္ခ, ဥပေက္ခာ,ဆိုတဲ့ ဝေဒနာသုံးမျိုးသုံးစားကလည်း အနုဘဝန လက္ခဏာအားဖြင့် ပြထားတော့ အမြဲတစေ ခံစားနေတဲ့ ဝေဒနာတွေပါလားဟဲ့၊ ဒီဝေဒနာသုံးမျိုးနဲ့ ကင်းကွာနေတဲ့ အချိန်အခါရယ်လို့ ရှာမရဘူး၊ အမြဲတစေ ဖြစ်နေတဲ့ ဝေဒနာတွေ ဒီဝေဒနာသုံးမျိုးသုံးစား အမြဲတစေ ဖြစ်တိုင်းဖြစ်တိုင်း သူ့နောက်နားက တဏှာက ဆက်လျက်သားဖြစ်၊ ဝေဒနာက အကြောင်း၊ တဏှာက အကျိုး၊ အကျိုးတည်းဟူသော တဏှာတွေ ပေါ်လာပြန်တော့ ထိုတဏှာသည် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာလို့ သုံးမျိုးသုံးစားပြ၊ အဲဒီတဏှာသုံးမျိုးသုံးစားထဲမှာ သံသရာကို အကြောင်းခံပြီးတော့ ဆက်စပ်လည်စေတတ်တဲ့တဏှာက ဘယ်သူလဲဆိုတော့ ဘဝတဏှာ ဝိဘဝတဏှာလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒီနှစ်မျိုး တစ်မျိုးမျိုး၊ ဘဝတဏှာရှိတဲ့ပုဂ္ဂိုလ်ကျ ဝိဘဝတဏှာမရှိကောင်းဘူး၊ ဝိဘဝတဏှာရှိတဲ့ပုဂ္ဂိုလ်ကျ ဘဝတဏှာမရှိကောင်းဘူး၊ တဏှာ မိမိအဇ္ဈတ္တသန္တာန်၊ ဘဝတဏှာဆိုတဲ့ သဿတဒိဋ္ဌိ သဿတဝါဒ ယုံကြည်မှု ရှိထား၊ ဒီဘဝတဏှာပါပဲတဲ့၊ နောက်ဘဝသစ်ကို ပြန်ပြီးဖြစ်စေနိုင်တဲ့ အကြောင်းတရားခေါ်တယ် နားကောလည်းရဲ့လား (လည်ပါတယ်ဆရာ)။

http://www.dhammadownload.com

တဏှာသတ်လမ်းနဲ့ဒိဋ္ဌိသတ်လမ်းဆိုတာ

ကာမတဏှာကျတော့ ဘဝသစ်ဖြစ်စေတတ်တဲ့ အကြောင်းခံနိုင်ရဲ့လား (မခံနိုင်ပါဘူးဆရာ)၊ မခံနိုင်ဘူး မှတ်ထားနော် သေသေချာချာ၊ တဏှာသတ်နဲ့ဒိဋ္ဌိသတ်ခေါ်တယ်။ ဒီနေရာလေးမှာ လိုင်းလေးနှစ်လိုင်းထွက်နေတယ် သေချာကြည့်၊ အဲဒါလမ်းခွဲလေးဆိုတာ သေချာမှတ်ထား၊ သံသရာဝဋ်ကတကယ်ကျွတ်ချင် လွတ်ချင်လို့ တစ်မင်္ဂတစ်ဖိုလ် လိုချင်လို့ရှိရင် ဟောဒီမှာ ကာမတဏှာဆိုတဲ့ တဏှာသတ်လမ်း၊ ဘဝတဏှာဆိုတဲ့ ဒိဋ္ဌိသတ်လမ်း နှစ်လမ်းထွက်မလားဘူးလား (ထွက်လာပါတယ်ဆရာ)၊ ဘဝတဏှာနဲ့ဝိဘဝတဏှာက ဒိဋ္ဌိသတ်လမ်းခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ကာမတဏှာဆိုတာက တဏှာသတ်လမ်း မနေဘူးလား (တဏှာသတ်လမ်းပါ) အဲဒီတဏှာသုံးမျိုး ထိုးပြထားတဲ့အနက်က ကာမတဏှာသည် ဘဝသံသရာရဲ့ဝဋ်မြစ်ကို ဖြစ်စေနိုင်သော သတ္တိမရှိပါဘူး၊ ဘဝတဏှာနဲ့ဝိဘဝတဏှာသည်သာလျှင် သံသရာဝဋ်မြစ်ကို ဖြစ်စေတတ်သော အကြောင်းသတ္တိရှိ၏၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကိုင်း ဒီလိုဆိုတော့ ငါးဖြာအာရုံ ကာမဂုဏ် နှစ်သက်တဲ့ တဏှာတွေသတ်နေလို့ ဝဋ်မြစ်ပြတ်ပါ့မလား (မပြတ်ပါဘူးဆရာ)၊ ဘယ့်နှယ့်နည်းမှ ပြတ်မဖြစ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဘဝတဏှာ, ဝိဘဝတဏှာ, ခေါ်ထားတဲ့ ဒီသဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါး တစ်ပါးပါးသတ်မှ, တစ်ပါးပါးပြတ်မှ (သို့မဟုတ်) နှစ်ပါးလုံးဖြင့် ပြတ်မှ ဒါပုဂ္ဂိုလ်တစ်ယောက်ထဲ နှစ်ပါးမရှိကောင်းဘူး၊ တစ်ပါးပါးသတ်လိုက်ရင် ၎င်းဒိဋ္ဌိတစ်လုံး သေသွားရင် သံသရာဝဋ်မြစ်ကို ပြတ်စေတတ်၏၊ ရပ်စေတတ်၏၊ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော် သကြိုဟ်သင်ဖူးတဲ့လူများ သေချာကြည့်၊ ဒါကြောင့် တဏှာသတ်လမ်း ဒိဋ္ဌိသတ်လမ်း နှစ်လမ်းထွက်၊ ဒီတဏှာ ဘာနဲ့သတ်၊ သမထနဲ့သတ် နော် (မှန်ပါတယ်ဆရာ)၊ ဒီဒိဋ္ဌိ ဘာနဲ့သတ်၊ ပညာနဲ့သတ်၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

တစ်နည်းအားဖြင့် သဒ္ဓါလမ်းလည်းခေါ်တယ်၊ ပညာလမ်းလည်းခေါ်တယ်၊ တဏှာသတ်လမ်းက သဒ္ဓါလမ်းခေါ်တယ်၊ ဒိဋ္ဌိသတ်လမ်းက ပညာသတ်လမ်းခေါ်တယ်၊ ဒိဋ္ဌိသည် ပညာနဲ့သတ်မှ သေ၏၊ နော် (မှန်ပါတယ်ဆရာ)၊ တဏှာသည် သမထနဲ့သတ် သေ၏၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သမထတရား ကြိုးစားပွားများ အားထုတ်တဲ့ပုဂ္ဂိုလ်များသည် တဏှာရာဂ ကင်းငြိမ်း၏၊ ခေါင်းပါး၏၊ ငုံနေ၏၊ မြုံနေ၏ နော် (မှန်ပါတယ်ဆရာ)၊ အခိုက်အတန့်၊ ဒါရုပ်ပဲ, နာမ်ပဲ, ခန္ဓာပဲ, ပရမတ်ပဲ, ဒါပညတ်ပဲလို့ ပြတ်ပြတ်သားသား နားလည်သော ဝိဇ္ဇာဉာဏ်ရတဲ့ပုဂ္ဂိုလ်များရဲ့ အသိဉာဏ်နဲ့သတ်လိုက်တော့ ဒိဋ္ဌိသေ၏၊ ဒိဋ္ဌိကွာ၏၊ ဒိဋ္ဌိရှင်း၏၊ ဒိဋ္ဌိလင်း၏ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒိဋ္ဌိကြတော့ ပညာနဲ့သတ်ရမယ်၊ ပညာနဲ့မသတ် ဘယ်တော့မှမသေ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ဒီနေရာမှာ လမ်းစုံလမ်းခွလေး ခေါ်တယ်။

http://www.dhammadownload.com

နိကန္တိတဏ္ဍာဆိုတာ

ဒီတော့ သံသရာဝဋ္ဋမြစ်ကြီး ပြတ်ချင်လို့, ရပ်ချင်လို့, တစ်မဂ်တစ်ဖိုလ် လိုချင်လို့ရှိရင် တဏ္ဍာ သတ်မနေပါနဲ့၊ ဒိဋ္ဌိကိုသတ်ပါ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့တုံး၊ ဒီသဿတဒိဋ္ဌိကြီးပဲတဲ့၊ ဒီဘဝတဏ္ဍာပဲတဲ့၊ ဘဝအသစ်အသစ်ကို ဆက်ခါဆက်ခါ ဖြစ်စေတတ်တဲ့ သတ္တိရှိတယ်၊ သူ့အကြောင်းပဲ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သဿတဒိဋ္ဌိခေါ်ထားတဲ့ ဘဝတဏ္ဍာကို နိကန္တိကတဏ္ဍာခေါ်တယ်၊ ဘာတဏ္ဍာခေါ်တယ်၊ (နိကန္တိတဏ္ဍာပါဆရာ)၊ နိကန္တိကတဏ္ဍာတဲ့၊ နိကန္တိကတဏ္ဍာ နော် (မှန်ပါတယ်ဆရာ)။ နိကန္တိကတဏ္ဍာသည် ဘဝတဏ္ဍာကိုခေါ်၏၊ ၎င်းဘဝတဏ္ဍာသည် သဿတဒိဋ္ဌိအယူရှိ၏၊ ၎င်းသဿတဒိဋ္ဌိသည် ဘဝမြဲတယ်လို့ စွဲမြဲယုံကြည်မှု နှစ်သက်မှုကိုခေါ်၏ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ နိကန္တိကတဏ္ဍာဟုဆိုအပ်သော ဘဝတဏ္ဍာသည် ဘဝအသစ်ဖြစ်စေတတ်တာ သူပဲမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

နိကန္တိတဏ္ဍာတိ ယာ ကမ္မံ ကရောန္တဿ တဿ ဖလေ ဥပပတ္တိဘဝေ နိကာမနာ ပတ္ထနာ၊ သာ တဏ္ဍာ နာမ" (သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၁၈၃)

အဋ္ဌကထာဆရာ၊ တဏ္ဍာမှန်ရင်ဖြင့် သံသရာချဲ့ထွင်တတ်တဲ့ သတ္တိမရှိပေဘူးလား၊ သံသရာဝဋ္ဋမြစ်ကို ဖြစ်စေတတ်တဲ့သတ္တိ မရှိပေဘူးလား ဆိုတော့ တဏ္ဍာတိုင်း မဟုတ်ဘူးတဲ့၊ ကာမတဏ္ဍာ၊ ဘဝတဏ္ဍာ၊ ဝိဘဝတဏ္ဍာ သုံးမျိုးသုံးစားပြထားတဲ့အနက်က ကာမတဏ္ဍာသည် သံသရာဝဋ္ဋမြစ်ကို ဖြစ်စေတတ်တဲ့ အကြောင်းခံအကြောင်းအရင်း မဟုတ်ပါဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဘဝတဏ္ဍာသည်သာလျှင် သံသရာဝဋ္ဋမြစ်ဖြစ်စေတတ်တဲ့ အကြောင်းရင်း တဏ္ဍာဖြစ်ပါတယ်တဲ့၊ ဒါကြောင့် -

နိကန္တိတဏ္ဍာတိ၊ နိကန္တိတဏ္ဍာ ဟူသည်ကား။ (ဝါ) ဘဝကို နှစ်သက်မြတ်နိုး အမျိုးမျိုးကြိုးစား၍ လိုချင်တမ်းတတတ်သော ဘဝတဏ္ဍာသည်ကား။ ဟုတ်ကဲ့လား (မှတ်ပါတယ်ဆရာ)၊ ကမ္မံ၊ ကုသိုလ်ကောင်းမှုကို။ ကရောန္တဿ၊ ပြုသောပုဂ္ဂိုလ်အား။ တဿ၊ ထိုကုသိုလ်ကံ၏။ ဖလေ၊ အကျိုးဖြစ်သော။ ဥပပတ္တိဘဝေ၊ ဖြစ်ရာဘဝသစ်၌။ နိကာမနာ၊ လိုချင်သောနှစ်သက်သော။ ယာ ပတ္ထနာ၊ အကြင်ဆုတောင်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုဆုတောင်းခြင်းသည်။ တဏ္ဍာ နာမ၊ နိကန္တိတဏ္ဍာမည်၏။ (ဝါ) ဘဝတဏ္ဍာမည်၏။

ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သေချာလည်းမှတ်၊ သမာဓိလည်း ကောင်းကောင်းထား၊ ဩော်လက်စသတ်တော့် ငါးဖြာအာရုံ ကာမဂုဏ် ခင်တွယ်နှစ်သက်တယ်ဆိုတဲ့ ကာမတဏ္ဍာသည် သံသရာဝဋ္ဋမြစ်ကို ဖြစ်စေတတ်သော အကြောင်းမဟုတ်ပါပဲလား၊ ငါတို တစ်ဘဝပြီး တစ်ဘဝ ဆက်ခါဆက်ခါ

http://www.dhammadownload.com

သံသရာဝဋ်အတွင်းက မလွတ်ကင်းအောင် ဆက်ကာဆက်ကာ အမြဲတစေ ဖြစ်ပျက်နေတဲ့အကြောင်းကို ဖန်တီးသော တဏှာက ဘဝကို နှစ်သက်သော, ဘဝမြဲတယ်လို့ယူဆသော သဿတဝါဒ သဿတဒိဋ္ဌခေါ်ထားတဲ့ ဘဝတဏှာ နိကန္တိကတဏှာပါလားလို့ နော် (မှန်ပါတယ်ဆရာ)၊ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ နိကန္တိတဏှာတိ၊ နိကန္တိ တဏှာ ဟူသည်ကား။ ကမ္မံ၊ ကုသိုလ် ကောင်းမှုကို။ ကရောန္တသ၊ ပြုသောပုဂ္ဂိုလ်အား။ တဿ၊ ထိုကုသိုလ်ကောင်းမှု၏။ ဖလေ၊ အကျိုးဖြစ်သော။ ဥပပတ္တိဘဝေ၊ ဖြစ်ရာဘဝသစ်၌။ နိကာမနာ၊ လိုချင်နှစ်သက်သော။ ယာပတ္ထနာ၊ အကြင်ဆုတောင်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုဆုတောင်းခြင်းသည်။ တဏှာနာမ၊ နိကန္တိတဏှာမည်၏။ (ဝါ) ဘဝတဏှာမည်၏။

အင်မတန် ထင်ရှားတယ်၊ အဓိပ္ပာယ်ဘာဆိုတာတုံး၊ ကုသိုလ်ကောင်းမှု လုပ်တော့ကောတဲ့၊ မလုပ်ဘူးလား (လုပ်ပါတယ်ဆရာ)၊ အခုလုပ်နေတာလက်တွေ့ ဒါဘယ်သူမှ မေးနေစရာမလိုဘူး၊ ငါတို့သူငါသည် ကုသိုလ်ကောင်းမှု အမြဲတစေ လုပ်ကြ၏၊ လုပ်တော့ ရည်ရွယ်ချက်မပါဘဲနဲ့ လုပ်သလား၊ ရည်ရွယ်ချက်ပါပြီးမှ လုပ်သလား၊ ရည်ရွယ်ချက်မပါဘဲနဲ့ လုပ်သလားဟ (မလုပ်ပါဘူး)၊ ရည်ရွယ်ချက်ပါတယ်လား (ပါပါတယ်ဆရာ)၊ ကောင်းပြီ၊ ကုသိုလ်တစ်ခုလုပ်တော့ ရည်ရွယ်ချက်ဘာတုံး၊ (လူကောင်းနတ်ကောင်းဖြစ်ဖို့ ဆုတောင်းပါတယ်ဆရာ)၊ အေး ဆုတောင်းထဲပါပြီးသား နော် (မှန်ပါတယ်ဆရာ)၊ ဆုတောင်းထဲ ပါပြီးသားလို့၊ ငါလုပ်တဲ့ကုသိုလ်ကောင်းမှုရဲ့ အကျိုးပေးရာ ဖြစ်မည့် ဘုံဌာန နော် (မှန်ပါတယ်ဆရာ)၊ ဖြစ်မည့်ဘဝ ကြည့်တယ်၊ သူတော်ကောင်းတရား နာကြားတော့ နားလည်တယ်၊ ကုသိုလ်ကောင်းမှုများ ကောင်းရာသုဂတိလားတတ်သတဲ့၊ လူကောင်းနတ်ကောင်း ပြဟ္မာကောင်း ဖြစ်တတ်သတဲ့ ကုသိုလ်ကောင်းမှုဆိုတာ၊ မကောင်းတဲ့အကုသိုလ်ကံတွေ ပြုတော့ အပါယ်လေးပါး လားတတ်သတဲ့။ အပါယ်လေးပါးတော့ လူတိုင်းကြောက်တယ် မလုပ်ဘူး။

မိုက်တဲ့လူကတော့ လုပ်တယ် စွန့်စွန့်စားစား၊ လိမ္မာသူက မလုပ်ဘူး၊ ဘာပြုလို့ အပါယ်လေးပါးလားပြီဆိုမှဖြင့် အင်မတန်ကြောက်စရာ ကောင်းတယ်၊ အပါယ်ဒုက္ခကို သူနားလည်တယ်၊ ဒီတော့ သူဘာလုပ်တုံး၊ အပြစ်ကင်းတဲ့ သန့်ရှင်းသော ကောင်းသောအကျိုး ပေးတတ်တယ်ဆိုတဲ့ ကုသိုလ်တရား ကြိုးစား၊ ဘာပြုလို့ ကြိုးစားတုံး၊ သူတော်ကောင်းများ ဟောပြောသံကြားလို့၊ ဘယ့်နယ်ကြားတုံး၊ အပြစ်ကင်းသော ကောင်းကျိုးချမ်းသာ ဖြစ်စေတတ်တဲ့ ကုသိုလ်တရားကို ကြိုးစားအားထုတ် အလုပ်လုပ်ရင်တဲ့ လူကောင်း နတ်ကောင်း ပြဟ္မာကောင်းဖြစ်တတ်တယ်၊ ကောင်းရာ သုဂတိလားနိုင်တယ်တဲ့၊ လူစည်းစိမ်၊ နတ်စည်းစိမ်၊ ပြဟ္မာစည်းစိမ် ရနိုင်တယ်လို့ သူတော်ကောင်းတွေဟောပြောတဲ့ ဒေသနာသံကို သူကြားရတယ်တဲ့၊ ကြားတော့ သူဘာလုပ်တုံး၊ ငါ ဒီဘဝသေလို့ရှိရင် အခုလက်ရှိ ဘဝမျိုးလိုပဲ

http://www.dhammadownload.com

လူပြန်ဖြစ်ချင်တယ်၊ နတ်ပြန်ဖြစ်ချင်တယ်၊ ဗြဟ္မာဖြစ်ချင်တယ်၊ ဘဝတမ်းတတယ်၊ မတမ်းတဘူးလား (တမ်းတပါတယ်ဆရာ)။

ဒီလိုတမ်းတပြီးတော့ လုပ်တော့ လုပ်တဲ့အတိုင်းပဲ "နိကာမနာ ပတ္ထနာ၊ သာ တဏှာ နာမ"လို့ ဆိုထား၊ အဲဒီလိုနှစ်သက်တဲ့ ဆုတောင်း၊ တောင်းတောင်းပြီးတော့ အလုပ်လုပ်နေတာ ဒါဘာတုံးတဲ့၊ ဘဝနှစ်သက်တဲ့အနေအားဖြင့် သူလုပ်နေတာ နိကန္တိတဏှာပါပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဟုတ်တော့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ကိုင်း အဲဒီလို ဆုတောင်းပြီးတော့ လုပ်ကြလို့ပေါ့၊ ဆုတောင်းတဲ့အတိုင်းလည်း သွားသွားမဖြစ်ဘူးလား (ဖြစ်မှာပါဆရာ)၊ ကာမာဝစရကုသိုလ်ဆိုတာ ဒီအတိုင်းသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဆုတောင်းတဲ့အတိုင်း သွားပြီးတော့ ဘဝသစ်သွား မဖြစ်ဘူးလား (ဖြစ်မှာပါဆရာ)၊ သွားဖြစ် တစ်ဘဝရပြန်ရော၊ နောက်ဘဝကျ ဒီလိုလုပ်ပြန်ပြီး သူ့ဘဝ သူနှစ်သက်မြတ်နိုးတော့ ဒီအဖြစ်မျိုး ဒီဘဝမျိုးကို ပြန်ပြီးတော့ ရချင်တယ်ဆိုတဲ့ ဆန္ဒမျိုးနဲ့ ကုသိုလ် ကောင်းမှု ကြိုးစားပြန်ပြီတဲ့၊ နောက်တတိယဘဝ မဖြစ်ဘူးလား (ဖြစ်မှာပါဆရာ)၊ တတိယဘဝ ရောက်ပြန်တော့ တစ်ခါ ဆက်ကြိုးစားပြန်ပြီတဲ့၊ ဒီဘဝမျိုးရချင်လို့ ကုသိုလ်ကောင်းမှု ငါကြိုးစား အားထုတ် အလုပ်လုပ်တယ်၊ ဒီဘဝမျိုး ငါတမ်းတပြီးတော့ ဆုတောင်းတယ်၊ စတုတ္ထဘဝ သွားမဖြစ် ဘူးလား (ဖြစ်မှာပါဆရာ)၊ ဘယ်တော့ ဒီသံသရာစက်ရဟတ် ရပ်ပါ့မတုံး (မရပ်တော့ပါဘူးဆရာ)၊ ဘယ်တော့မှ ရပ်မရဘူးနော် (မှန်ပါတယ်ဆရာ)၊ အေး ဒါကြောင့် အဲဒီဘဝတမ်းတမြော်မှန်းပြီးတော့ ပြုလုပ်တဲ့ကုသိုလ်ကံ, ထိုကုသိုလ်ကံရဲ့အကျိုးဆက်ကိုမြင်ပြီးတော့ မိမိလိုလားနှစ်သက်သော ဆုတောင်းခြင်းဟာ "နိကန္တိကတဏှာ"ပါပဲ၊ အဌကထာဆရာက ခွဲပြသွားတယ် နော် (မှန်ပါတယ် ဆရာ)၊ အင်မတန် မှတ်စရာလည်းကောင်း နော် (မှန်ပါတယ်ဆရာ)၊ အဲဒါလေး သေချာမှတ်ကြ၊ ဒါဖြင့် ဘဝသစ်ဖြစ်အောင် ဆိုတဲ့ အနေအားဖြင့် မကြိုးစားရင် နိကန္တိကတဏှာကို မဖြစ်တော့ဘူး၊ ဘဝတဏှာလည်း မဖြစ်တော့ဘူး၊ သူ့စိတ်ထဲလည်းပဲ ဘဝတဏှာ ဝိဘဝတဏှာဆိုတဲ့ သဘာဝလည်း ကွဲပြားခြားနားပြီးတော့ နားလည်နေတယ်။ သဿတဒိဋ္ဌိအစွန်းလည်းမရှိ၊ ဥစ္ဆေဒဒိဋ္ဌိ အစွန်းလည်း မရှိနော် (မှန်ပါတယ်ဆရာ)၊ ဒါဘာပြုလို့ ရုပ်တရား နာမ်တရား ခန္ဓာငါးပါး ပရမတ်သဘော ဓာတ်သဘော တွေ ပြတ်ပြတ်သားသား နားလည်လို့တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ ပညာစစ် ပညာမှန်ခေါ်တယ်။

ဒါကြောင့် ဒါရုပ်ပဲ, နာမ်ပဲ, ခန္ဓာပဲ, အာယတနပဲ, ဓာတ်ပဲ, ပရမတ်ပဲ, ပညတ်ပဲ,လို့ သဘာဝ လေးဆိုက်သွားအောင်, သဘောမျှသက်သက်ကလေးဆိုတဲ့ အဓိပ္ပါယတ္ထသိသွားအောင်၊ သင်လိုက် ကြားလိုက်တော့ တတ်မြောက်လိမ္မာသွားတယ် တတ်မြောက်လိမ္မာသွားတော့ သူ့ဝမ်းထဲရလာတဲ့ အသိဉာဏ်ကို ဝိဇ္ဇာဉာဏ်ခေါ်တယ်။ ဝိဇ္ဇာဉာဏ်မျိုး ခေါ်တယ်၊ အဲဒီဝိဇ္ဇာဉာဏ်ကမှ စောစောက

http://www.dhammadownload.com

ပြောထားတဲ့ သံသရာဝဋ်မြစ်ကို အသစ်အသစ်ဖြစ်စေတတ်သော ဒိဋ္ဌိကိလေသာကို ပယ်နိုင် ရှားနိုင် ဖြေရှင်းနိုင်တယ် ခွါနိုင်ချွတ်နိုင်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီဝိဇ္ဇာဉာဏ်မှ မရလို့ရှိရင် ဘယ့်နယ့်နည်းမှ ဒိဋ္ဌိကိလေသာကြီး မခွါနိုင် မရှင်းနိုင်ဘူးတဲ့၊ လုပ်သမျှအမှားတွေချည်းပဲ ဆိုလိုတယ်၊ ဘာပြုလို့ သူ့ရင်ထဲမှာ သူ့အသိဉာဏ်ထဲမှာ ဒိဋ္ဌိကိလေသာတန်းလန်းကြီးရှိထားတာ၊ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ, ယုံကြည်တယ်၊ ပုဂ္ဂလ သတ္တ အတ္တ ဇီဝ ယုံကြည်လို့ ဟိုဘဝ ငါဘာတွေလုပ်လို့ ဒီဘဝ ငါဘာလာဖြစ်တယ်၊ ဒီဘဝ ငါဘာတွေလုပ်ရင် နောင်ဘဝ ငါဘာသွားဖြစ်ဦးမယ်ဆိုတဲ့ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, တည်းဟူသော ကာလသုံးပါးလည်း ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ,အနေအားဖြင့် ယူဆတတ်တဲ့ ဝိစိကိစ္ဆာပဲ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

ဒါကြောင့် သံသရာဝဋ်က မကျွတ်နိုင်ဘူးတဲ့၊ ဒါကြောင့် "ဒိဋ္ဌမသတ် တဏှာသတ် မပြတ် သံသရာ" တဲ့၊ "ဒိဋ္ဌမသတ်၊ တဏှာသတ်၊ မပြတ်သံသရာ"တဲ့ ဆိုစမ်း (ဒိဋ္ဌမသတ်၊ တဏှာသတ်၊ မပြတ်သံသရာ) ရပြီးလား (ရပါပြီးဆရာ)၊ ဘာတဲ့အဓိပ္ပာယ်က (ဒိဋ္ဌကို မသတ်လို့ပါဆရာ)၊ ပြီးတော့ ကော့ (တဏှာသာ သတ်နေလို့ သံသရာလည်တာပါဆရာ)၊ ဩော် သံသရာမပြတ်ဘူးလို့ပြောကွာ၊ သံသရာမပြတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌမသတ်ဘဲနဲ့ တဏှာချည်းသတ်နေ သံသရာမပြတ်ဘူးလား (မပြတ်ပါဘူးဆရာ)၊ ဒီလိုပဲလည် နေမယ်လား (မှန်ပါတယ်ဆရာ)၊ "တဏှာမသတ်၊ ဒိဋ္ဌသတ်၊ အပြတ်သံသရာ"တဲ့၊ "တဏှာမသတ်၊ ဒိဋ္ဌသတ်၊ အပြတ်သံသရာ" ဆိုစမ်း၊ (တဏှာမသတ်၊ ဒိဋ္ဌသတ်၊ အပြတ်သံသရာ)၊ ရပြီးလား (ရပါပြီဆရာ)၊ ဘာတုံးတဲ့၊ အဓိပ္ပာယ်က (တဏှာကိုတော့ မသတ်ဘူးတဲ့) ဟုတ်ပြီ၊ (ဒိဋ္ဌကိုသတ်တော့ သံသရာပြတ်သွားပါတယ်ဆရာ)၊ ဩော် ဒီလိုလား (မှန်ပါတယ်ဆရာ)၊ အေး ဟုတ်ပြီ ရရဲ့လား (ရပါတယ်ဆရာ)၊ ကဲ နှစ်ခုတွဲလိုက်စမ်းပါ၊ အဲဒါလက်ာ ညီအစ်ကိုခေါ်တယ်၊ ကိုင်း လုပ်စမ်း (ဒိဋ္ဌမသတ်၊ တဏှာသတ်၊ မပြတ်သံသရာ) ဟုတ်ပြီ၊ (တဏှာမသတ်၊ ဒိဋ္ဌ သတ်၊ အပြတ်သံသရာ) အောင်မယ် အတော်သား မဆိုးလှဘူး နော်၊ ငါ တစ်ခါတစ်လေ မျက်စေ့လည်လည်သွားလို့ မနည်းမှတ်မှတ်ဆိုရတယ်၊ တဏှာသတ်နေရင် သံသရာပြတ်ပါ့မလား (မပြတ်နိုင်ပါဘူးဆရာ)၊ ဒိဋ္ဌမသတ်ဘဲနဲ့ တဏှာသက်နေရင် သံသရာမပြတ်ဘူးတဲ့ နော် (မှန်ပါတယ် ဆရာ)၊ တဏှာဆိုတာ သူမင်္ဂနဲ့သူသတ်တာတဲ့၊ တစ်မင်္ဂမှမရသေးဘဲနဲ့ တဏှာချည်းသတ်နေလို့ ပြတ်ပါ့မလားဟ (မပြတ်နိုင်ဘူးဆရာ)၊ တဏှာဆိုတာက လေးမင်္ဂလေးဖိုလ်ကျမှ လုံးလုံးသေတယ် နော် (မှန်ပါတယ်ဆရာ)၊ အရဟတ္တမင်္ဂနဲ့ သတ်မှကုန်တယ်၊ ဒါကြောင့် တဏှာကုန်ခန်းတော့ ရဟန္တာတဲ့၊ တစ်မင်္ဂမှ မရဘဲနဲ့ ဒီတဏှာတွေ သတ်နေလို့ သေပါ့မလားဟ (မသေနိုင်ပါဘူးဆရာ)၊ ငရဲအိုးတွေ သတ်နေသလို ဖြစ်နေမှာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

http://www.dhammadownload.com

သူ့မင်နဲ့သူသတ်တယ်တဲ့၊ သေချာလည်း မှတ်ထား။ တချို့ကလည်း အဲဒီ တဏှာတွေ တဏှာတွေ "ကာမာအာဒီနဝ"တရားလည်း ဘုရားကိုယ်တော်မြတ် ဟောထားတော့ တချို့လည်းပဲ အဟုတ်မှတ်ပြီးတော့ တဏှာတွေချည်း သတ်နေ၊ တဏှာသတ်တော့ ကိုယ်မှာ ဒုက္ခကင်းတာပေါ့ကွာ။ ဒုက္ခငြိမ်းသင့်သလောက် ငြိမ်းတာပေါ့ နော် (မှန်ပါတယ်ဆရာ)။ သေမလားဆိုတော့ မသေပါဘူးတဲ့။ ဒါ့ကြောင့် သာသနာပအခါများ တဏှာသတ်လမ်းပဲ ရှိတော့တယ်။ ဒိဋ္ဌိသတ်လမ်းက မရှိဘူး။ ဒါကြောင့် သာသနာကုန်ဆုံးသွားတဲ့ ဟိုဘက်ပိုင်းကြတော့ မင်ဉာဏ် ဖိုလ်ဉာဏ်လည်း မရကောင်း၊ ရကောင်းရဲ့လား (မရကောင်းပါဘူးဆရာ)။ သာသနာ ကုန်သွားတယ်ဆိုတာ တခြားမဟုတ်ဘူး။ မင်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ခေတ် ကုန်သွားတာ။ သာသနာကုန်သွားတာခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ သာသနာငါးထောင်၊ ငါးထောင်ရှိသမျှ ကာလပတ်လုံး မင်ဉာဏ် ဖိုလ်ဉာဏ် ဆိတ်ရဲ့လားဟ (မဆိတ်ပါဘူးဆရာ)။ အမြဲတမ်းရှိတယ် နော် (မှန်ပါတယ်ဆရာ)။ ရနိုင်တယ်တဲ့၊ သာသနာလည်းကုန်သွားရော မင်ဉာဏ် ဖိုလ်ဉာဏ်လည်းရသေးရဲ့လား (မရတော့ပါဘူးဆရာ)။ အဲ မရဘူး၊ ဘယ်ရမတုံး ဒိဋ္ဌိသတ်တဲ့ခေတ်ကြီးကုန်သွားပြီခေါ်တယ်။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ရုပ်တစ်လုံး နာမ်တစ်လုံးလည်း ပြတ်သားအောင် နားလည်နိုင်တဲ့ ပုဂ္ဂိုလ်လည်း မရှိဘူး၊ ဝိဇ္ဇာဉာဏ် ပေါ်ထွက်လာအောင် မင်မျိုးစေ့ ဖိုလ်မျိုးစေ့ ရအောင် မင်တံခါး ဖိုလ်တံခါးဖွင့်နိုင်တဲ့ ပုဂ္ဂိုလ်လည်းမရှိ၊ ဒီတစ်ခါကျတော့ ဘာအမြတ်တနိုးထားပြီး ဘာကြိုးစားလဲဆိုတော့ တဏှာသတ်လမ်း ကြိုးစားကြတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

တဏှာသတ်လမ်းပဲ အမွန်အမြတ်ထား၊ တဏှာသတ်လမ်းဆိုတာ သမထ ခေါ်တယ်။ အဲဒီ သာသနာပအခါကျမှ သမထကခေတ်စားတယ်။ ဘာပြုလို့ ဒီအခါကျတော့ သူပဲ ထိတ်တန်းရှိတော့တာပဲတဲ့ ကိုယ်ကျင့်တရားထဲမှာ၊ ဒါကြောင့် သာသနာပအခါများ တကယ့်ကိုယ်ပဲ၊ တို့ နိပါတ်တော်တွေ, ဇာတ်တော်တွေ သေချာကြည့်စမ်း။ တိုင်းလုံး ပြည်လုံး ချီပြီးတော့ တောထွက်သွားတာတွေနော် (မှန်ပါတယ်ဆရာ)။ တကယ့် လူစည်းစိမ်း၊ နတ်စည်းစိမ်ကြီး စွန့်ပြီးတော့ တောထွက်သွားတာတွေ ရသေ့ပေါင်းမြောက်များစွာ သိန်းနဲ့ သောင်းနဲ့ ချီပြီးတော့ တောမှာ ရသေ့ရဟန်းအလုပ်နဲ့ ဈာန်သမာပတ်တွေ အားထုတ်၊ ပေါလိုက်တာလို့ သိပ်များ နော် (မှန်ပါတယ်ဆရာ)။ တို့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ပါရမီနုစဉ်အခါကလည်း ဒီလိုပဲ တောထွက်သွားပြီး ရသေ့ရဟန်းလုပ်ပြီးတော့ တပည့်တပန်းတွေနဲ့ သွားတရားအားထုတ်၊ ဈာန်သမာပတ်တွေရ၊ သူ့တပည့်တွေ ဘယ်လောက်များသလဲဆိုရင် ရှစ်သိန်းရှိတယ်၊ များလိုက်တာ။ သာသနာပ အခါကိုကွနော် (မှန်ပါတယ်ဆရာ)။ဒါပဲ အမြတ်တနိုးအားထားပြီးတော့ ကြိုးစား၊ သာသနာပမှာ ကြိုးစားအားထုတ်အပ်သော တရားဟာ သမထပဲလို့နော်။ ဒီစဉ်အခါကျတော့ သူပဲအကောင်းဆုံးရှိတယ်တဲ့။ သာသနာတွင်းမှာဖြင့် တဏှာ

http://www.dhammadownload.com

သတ်ဆိုတဲ့ လုပ်ငန်းဟာ တန်ဖိုးထားစရာမရှိပါဘူး။ ဘာပြုလို့ တစ်မင်္ဂတ်တစ်ဖိုလ်မှရနိုင်တဲ့ လုပ်ငန်းကလည်း မဟုတ်ပါဘူး။ တစ်မင်္ဂတ်တစ်ဖိုလ် ရနိုင်တဲ့လုပ်ငန်း မဟုတ်တာ သက်သေခံအားဖြင့် ပြပါဆိုသာသနာပ လုပ်နေတာကြည့်တဲ့။ ဗျာန်သမာပတ်နဲ့ ပြည့်စုံတဲ့ ရသေ့ရဟန်းကြီးပဲလို့၊ ဒါပေမဲ့ တစ်မင်္ဂတ်တစ်ဖိုလ်ရရဲ့လား (မရပါဘူးဆရာ)။ ရကိုမရဘူး၊ ရကောင်းတဲ့ တရားဆိုရကုန်မှာပေါ့ကွ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် တဏှာသတ်လမ်းက သာသနာပြင်ပ၊ ဒိဋ္ဌသတ်လမ်းက သာသနာတွင်း၊ သာသနာတွင်းမှ မိမိရင်တွင်းမှာ စူးဝင်နေတဲ့ ဒိဋ္ဌဆိုတဲ့ ကိလေသာဆူးကို ချွှဲဖဲ့ဖျက်ဆီးနိုင်တယ်တဲ့နော် (မှန်ပါတယ်ဆရာ)။ သာသနာပကြတော့ မလုပ်နိုင်ဘူး။ ဒါကြောင့် ဒိဋ္ဌကိလေသာကြီး ထင်ရှားရှိနေသမျှကာလပတ်လုံး ဘယ်တော့မှ မင်္ဂဏ် ဖိုလ်ဉာဏ်လည်း မရနိုင်ဘူး။ ဘာပြုလို့ မင်္ဂမရအောင်တားထားတဲ့ အန္တရာယ်ငါးပါးထဲ သူကထင်ရှားစွာပါနေတယ်၊ မွေးကတည်းကပါလာတဲ့ အန္တရာယ်ကြီးလို့။ ဒါ့ကြောင့် အန္တရာယ်ကြီးကာကွယ်နေရလို့ မင်္ဂဏ် ဖိုလ်ဉာဏ် မရနိုင်။ ဒါကြောင့် သာသနာတွင်းမှာ သို့ကလောက်တောင်ဆိုးဝါးသော မင်္ဂမရအောင်တားနိုင်တဲ့ အန္တရာယ်တည်းဟူသော ဒိဋ္ဌကိလေသာကြီးကို ချွှဲဖဲ့ဖျက်ဆီးတဲ့ ဝိဇ္ဇာဉာဏ် ပညာစစ် ပညာမှန်ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် သာသနာတွင်းမှာ ကြဲကြိုက်နေတဲ့အခါကြတော့ တဏှာသတ်လမ်း ကြိုးပမ်းအားထုတ်မနေပါနဲ့။ ဒိဋ္ဌသတ်လမ်းသာ ကြိုးပမ်းအားထုတ်စမ်းပါ။ ဒိဋ္ဌတစ်လုံး ပြုတ်သွားရင် မင်္ဂတံခါး, ဖိုလ်တံခါး ပွင့်တာအမှန်ပါပဲ။ ဒိဋ္ဌတစ်လုံး ပြုတ်တဲ့ ချွေပ်တဲ့ အချိန်လေးမှာ၊ မင်္ဂဏ် ဖိုလ်ဉာဏ် အမှန်ရနိုင်တယ်လို့ နော် (မှန်ပါတယ်ဆရာ)။ ဒါကြောင့် ဒီနေရာလေးမှာ တဏှာသတ်ဆိုတဲ့ လုပ်ငန်းကတော့ ဘယ့်နှယ်သတ်သတ် သူ့မင်္ဂမှ သူသတ်နိုင်။ ကိုယ်လည်း တစ်မင်္ဂမှ မရသေးဘဲနဲ့ တဏှာသတ်ရင် မောရုံဖြစ်မယ် နော် (မှန်ပါတယ်ဆရာ)။ တစ်မင်္ဂ တစ်ဖိုလ်လိုချင်ရင် ဒိဋ္ဌသတ်ပါ။

ဒါကြောင့် သေချာမှတ်ထား၊ ရှေ့က တေးထပ်ကလေးရှိတယ်။ ငါလဲ ကောင်းကောင်း မမှတ်မိဘူး။ မင်းကောရလား (မရဘူးပါဘူးဆရာ)၊ ရှေ့က တေးထပ်ကလေးရှိတယ်။ ငါလဲ ကောင်းကောင်း မမှတ်မိဘူး။ မင်းကောရလားဆို၊ မရဘူးပါဘူးတဲ့ နော်။ "သောတာပန် ထိုနှစ်ခု ဟိုမှုမကုန်"တဲ့၊ "သောတာပန် ထိုနှစ်ခု ဟိုမှုမကုန်"တဲ့ ငါရတာလည်း ဒါပဲရနော်။ သောတာပန်နှစ်ခုဆိုတော့ သောတာပတ္တိမင်္ဂရယ်၊ သကဒါဂါမိမင်္ဂရယ်၊ အောက်မင်္ဂနှစ်ပါးခေါ်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)။ "သောတာပန် ထိုနှစ်ခု ဟိုမှုမကုန်"ဆိုတော့ "ဟိုမှု"ဆိုတာ ဘာခေါ်တယ် (မပြောတတ်ဘူးဆရာ)။ အေးတော်တော့ကို လူရေလည်တဲ့ကောင်, ဟောဒီကောင်၊ အိမ်ထောင်ခြင်း, သားမွေးချင်း မကုန်ဘူးတဲ့ဟ နားလည်လား (နားလည်ပါတယ်ဆရာ)။ "ဟိုမှု"ဆိုတာ လူကြားမကောင်းလို့ ထည့်မပြောတာ။

http://www.dhammadownload.com

"သောတာပန် ထိုနှစ်ခု ဟိုမှုမကုန်" တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။ ဘာလဲဆိုစမ်းပါ။ (သောတာပန် ထိုနှစ်ခု ဟိုမှုမကုန်) အေး ဟုတ်ပြီ ဟုတ်ပြီ။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ် ကုန်ရဲ့လားဟ (မကုန်သေးပါဘူးဆရာ)။

"အနာဂါမိဖိုလ်ကိုကူးခါမှ နှစ်ကိုပူးလွတ်ကြသည်သာ"တဲ့။ ငါကလဲ တစ်ပိုင်းတစ်စ ခပ်ငယ်ငယ်က ရဖူးတာ။ "အနာဂါမ်ဖိုလ် ကူးခါမှ နှစ်ကိုယ်ပူး လွတ်ကြသည်သာ"တဲ့။ အနာဂါမ်ဖိုလ်ရောက်မှ တတိယမဂ်ကြီးရောက်မှ၊ ဘာလွတ်မယ်တဲ့ (အိမ်ထောင်ကြီးကလွတ်မှာပါဆရာ)။ အေး ဟုတ်ပြီ၊ ဒါတော့အပါးသားပါလား နော် (မှန်ပါတယ်ဆရာ)။ ဒီကြမှ နှစ်ကိုယ်ပူးလွတ်မယ်တဲ့။ ဟုတ်ကဲ့လားဟ (မှန်ပါတယ်ဆရာ)။ အဲဒီလိုကွယ် သုံးမဂ်ကျမှ အိမ်ထောင်ခြင်း၊ သားမွေးခြင်း လွတ်မယ်လို့ ဘုရားကိုယ်တော်မြတ်ဟောထားတဲ့ မဂ်သတ်ခန်းပြထားတော့ ကိုယ်လဲ တစ်မဂ်မှ မရသေးဘဲနဲ့ ဒီကာမတဏှာကို ချုပ်တီးသည်းခံပြီးတော့ မငြိမ်း,ငြိမ်းအောင် ငါသတ်ပါ့မယ်ဆိုပြီးတော့ ငရဲခွေးသတ်တာနဲ့ မတူဘူးလား (တူပါတယ်ဆရာ)။

ဘုရားလက်ထက်တော်က ဝိသာခသူဌေးတို့ ဓမ္မဒိန္နာသူဌေးကတော်တို့ သူဌေးဘဝနဲ့ တကယ်လည်းချမ်းသာပေါ့။ တစ်နေ့ကျတော့ ဝိသာခါသူဌေးကြီးက ဘုရားကျောင်းတော်သွားပြီး တရားနာ၊ တရားနာတော့ တရားလည်းချ သောတာပတ္တိမဂ်ဉာဏ်လည်းရ။ အလုပ်ပါသေးလားဟ (မပါပါဘူးဆရာ)။ နာတာပဲမဟုတ်လား (မှန်ပါတယ်ဆရာ)။ ဒါနဲ့ နာကာ ကြားကာမျှနဲ့ တရားမရနိုင်ဘူးဆို (အလကားကောင်တွေပြောတာပါ)။ ဩော် ပိုက်ဆံပေးရတဲ့ကောင်က မပြောဘူးပေါ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။ ရက်ရက်စက်စက်ချလိုက်တာပဲဟေ့။ အလကားကောင်တွေကပြောတာ။ ဒီဝိသာခသူဌေးကြီး တရားလည်းချ သောတာပတ္တိမဂ်ဉာဏ်လည်းရ။ သောတာပန်ဖြစ်လာပြီး၊ ပြန်လာတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ နော် (မှန်ပါတယ်ဆရာ)။ ပြန်လာ ပြုံးပြုံးပြုံးပြုံးနဲ့ သူတို့သူဌေး လင်မယားကလည်း တစ်ယောက်နဲ့တစ်ယောက် အင်မတန်ယုယ အင်မတန်မှ ကြင်နာကြတယ်။ သူဌေး တိုက်ပေါ်က ဆင်းသွားလို့ရှိရင် မျက်စိတစ်ဆုံးလှမ်းမျှော်လိုက်တယ်။ သူဌေး အရှေ့လားဟဲ့, အနောက်လားဟဲ့, တောင်လားဟဲ့, မြောက်လားဟဲ့, ဘယ်သွားတုံးကြည့်လိုက်သေး နော် (မှန်ပါတယ်ဆရာ)။ မျက်စေ့တစ်ဆုံးမျှော်ပြီးမှ တိုက်ထဲဝင်တယ် သူဌေးကတော်က၊ ဘယ်အချိန်ပြန်လာလိမ့်မယ်ဆိုလို့ရှိရင်လည်း တမျှော်မျှော်နဲ့နေတယ်။ သူဌေးပြန်လာပြီလားဆိုမှဖြင့် တိုက်အုတ်လှေခါးအတက် အဆင်းကနေပြီး ဆီးကြိုတယ်။ သူဌေးအနားရောက်လာပြီဆိုမှ လက်ကမ်းတယ်။

သူဌေးက ဒီတော့မှ လက်ကိုင်၊ လင်မယားနှစ်ယောက် သူဌေးကတော်နဲ့ စုံတွဲတိုက်ပေါ်တက်ကြ၊ အကျိုးအကြောင်းပြောလို့ ဆိုလို့ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ လင်နဲ့မယားဆိုတာ

http://www.dhammadownload.com

တစ်ယောက်နဲ့တစ်ယောက် ယုယမှု၊ ချစ်ခင်မှု၊ ကြင်နာမှု ဆိုတာ ဒီလိုရှိရတယ်၊ နည်းလည်း ခိုးလောက်ပါရဲ့ ရှေးအခါကတော့၊ အခုခါသာ ဒီလိုသာလုပ်ကဲ့ရဲ့ကြမှာနော် (မှန်ပါတယ်ဆရာ)၊ မုချကဲ့ရဲ့မှာ။ အိမ်သူလုပ်တဲ့ မိန်းမသားက ယောကျ်ားကိုသာ ဒီလိုသာလုပ်၊ အဲဒါနောက်တစ်ခုနဲ့ကြတော့လည်းပဲ ဝိသာခါသူဌေးက မြတ်စွာဘုရားကိုယ်တော်မြတ်တရားပွဲသွားပြီးတော့ နာပြန်တယ်၊ နာပြန်တော့ ဒုတိယတရားပွဲကြတော့ တရားလည်းချရော့ သကဒါဂါမ်လည်းရရော့ နှစ်မင်္ဂလာဘူးလား (နှစ်မင်္ဂလာသွားပါပြီဆရာ)၊ ဒီလိုပဲ တရားနာပြီးပြန်လာတယ်၊ ဝမ်းပန်းတသာနဲ့ မျက်နှာက ရွှင်ရွှင်ပြပြ တရားထူးတစ်ဆင့်တိုးပြီးတော့ တစ်မျိုးရလာပြန်တယ်လို့ ပို့ရတဲ့မျက်နှာလို နော် (မှန်ပါတယ်ဆရာ)၊ သူဌေးကတော်ကလည်း မျှော်နေကြအတိုင်းမျှော်လို့ တိုက်ပေါက်ဝရောက်တဲ့အခါကြတော့ လက်ဆီးကမ်းလက်ဆွဲတက် တိုက်ပေါ် ရောက်ကြ၊ ထမင်းပါ ခူးခတ်ပြင်ဆင်ကျွေးမွေး ဝတ္ထရာအတိုင်း ယုယုယယ၊ ဒီလိုပဲ လင်ရယ်မယားရယ်လို့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ သားမယားအဖြစ်နဲ့ နေကြတာပဲ မနေဘူးလား (နေပါတယ်ဆရာ)။

မင်္ဂလာတော့ ဘယ်နှစ်မင်္ဂလာတုံး (နှစ်မင်္ဂလာသွားပါပြီဆရာ)၊ ဒါပေမယ့် လင်ရယ် မယားရယ်လို့ ချစ်တုန်း ခင်တုန်းပေါ့ (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် "သောတာပန်ထိုနှစ်ခု ဟိုမှုမကုန်"လို့ ဆိုတာ ကုန်ရဲ့လား (မကုန်ပါဘူးဆရာ)၊ နောက်တစ်ခါတစ်ကြိမ် တရားသွားနာပြန်ရော့ နော် (မှန်ပါတယ်ဆရာ)၊ နောက်တစ်ကြိမ် တရားသွားနာတော့ ဒီတစ်ခါကျ တရားလည်းချ အနာဂါမိမဂ်ဉာဏ်လည်းရသုံးမင်္ဂလာရှိသွားပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီထဲ အလုပ်များပါသေးလား (မပါပါဘူးဆရာ)၊ ပြောလိမ့်ဦးမယ်၊ တရားနာရင်လုပ်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ ကြံဖန်ပြီးတော့ အဲဒါ နာကာ,ကြားကာမျှနဲ့ တရားရတာဆိုတာ သေချာမှတ်ထားပါ။ ဝိသာခသူဌေးတွင် မဟုတ်ပါဘူး၊ ပရိသတ် မြောက်အမြားတရားတစ်ပွဲတစ်ပွဲမှာ ကျွတ်တမ်းဝင်သွားတယ်ဆိုတဲ့ ထုံးဝတ္ထုသက်သေ သာဓကတွေ၊ နိပါတ်တော်ပြန်ကြည့်၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောနေတဲ့တရားတစ်ပွဲတစ်ပွဲမှာ တရားလည်းချ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတာ၊ ထောင်နဲ့သောင်းနဲ့ချီရနေတာ မရဘူးလား (ရပါတယ်ဆရာ)၊ ဒါပေမယ့် ကပ်ကပ်သပ်သပ်လိုက်ပြောလိမ့်မယ်၊ ဟိုတုန်းကတော့ ဘုရားကိုယ်တော်မြတ်ဟောတာလို့ ပြောလိမ့်မယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမယ့် ပြန်စဉ်းစားဦး၊ ကပ်ကိုးတဲ့ ဆရာများ ဟိုတုန်းကတော့ ဘုရားကိုယ်တိုင် ဟောတာကိုဆို့လိုရှိရင် ဘုရားက မှာသွားသလား၊ ငါဟောတဲ့တရား ငါကိုယ်တိုင်ဟောမှ၊ နာတဲ့ကြားတဲ့ပုဂ္ဂိုလ်များ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတတ်သည်။ ငါမှတစ်ပါး တခြားသောပုဂ္ဂိုလ်များ ဒီတရားဟောရင် မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ဘူးလို့များ ဟောသလားလို့ ပြန်ကြည့်နော် (မှန်ပါတယ်ဆရာ)၊ အသိဉာဏ်မရှိတဲ့ ဝီရိယအားကိုးတဲ့လူမျိုးတွေအတွက် သက်သက် ဒါနှိပ်ချတာမဟုတ်ပါဘူး။

http://www.dhammadownload.com

အသိဉာဏ်ခေါင်းပါးတဲ့ အစဉ်းစားဉာဏ်မရှိတဲ့ လူများအတွက် ထုံးဝတ္ထုသက်သေသာဓကနဲ့ ထုတ်ပြနေတာပါ။ များပါတယ်၊ ကျွတ်တမ်းဝင်ကြတာ၊ တရားချ၊ "ဒေသနာဝသာနေ သောတာပတ္တိ-ဖလာဒီနိ ပါပုဏိံသု"၊ ဒေသနာဝသာနေ၊ မြတ်စွာဘုရားကိုယ်တော်မြတ် တရားချတော်မူသည်၏ အဆုံး၌။ ဗဟူ၊ များစွာကုန်သော ပရိသတ်အပေါင်းတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်အစရှိသည်တို့သို့။ (ဝါ) သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့သို့။ ပါပုဏိံသု၊ အစုလိုက် အပြုံလိုက် ရောက်ကြလေကုန်၏ နော် (မှန်ပါတယ်ဆရာ)၊ ဒါတစ်ပွဲတည်း မမှတ်နဲ့၊ အဘဘုရားကိုယ်တော်မြတ် တရားပွဲကျင်းပတာ ပရိနိဗ္ဗာန်မစံမချင်း နေ့စဉ်နဲ့အမျှ တရားပွဲကျင်းပနေတာ ကျင်းပတဲ့တရားပွဲတိုင်း တရားပွဲတိုင်း တရားချပြီဆိုရင် အစုလိုက် အပြုံလိုက် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရသွားတာ အလုပ်ပါသလားဟ (မပါပါဘူးဆရာ)၊ ဒါနဲ့ လုပ်မှရဆို ဟုတ်နိုင်ပါ့မလား (မဟုတ်နိုင်ပါဘူးဆရာ)၊ ဉာဏ်မရှိတဲ့လူများက စဉ်းစားနည်းတော့ အဝေဖန်နည်းတော့ယုံတာပဲ၊ ဒါလုပ်နေတာကို လုပ်ငန်းကို အပြစ်ဆိုနေတာမဟုတ်ပါဘူး၊ လုပ်လို့လည်းရတယ်၊ မလုပ်ဘဲနဲ့ နာကာ, ကြားကာမျှနဲ့ရတယ်ဆိုတဲ့ ဒီနှစ်လမ်းသွားပါ။

အဘဘုရားကိုယ်တော်မြတ် နှစ်ပိုင်းချထားတာ နော် (မှန်ပါတယ်ဆရာ)၊ လုပ်လို့လည်း ရတယ်၊ နာရုံ ကြားရုံမျှနဲ့လည်း ရတယ်၊ တို့ သက္ကပဥ္ဥသုတ်လည်း တိုက်ရိုက်လာတာရှိသားပဲ၊ ဒီလိုပဲ နာကာ ကြားကာမျှနဲ့ တရားရနိုင်တယ်တဲ့၊ ဘုရားကိုယ်တော်မြတ် တိုက်ရိုက်ဟောသွားတာရှိပါတယ်၊ ဒီတော့နာကာ ကြားကာမျှနဲ့ တရားမရနိုင်ဘူးဆိုတဲ့ အယူဝါဒတော့ လက်မခံကြနဲ့၊ ကိုယ့်ကိုယ်တိုင် မရဘဲနေမယ်။ အဲဒါ ယုံနေရင် ငါးပါးမှောက်လိမ့်မယ်၊ ဩော် နာကာ,ကြားကာမျှနဲ့လည်း တရားထူးရနိုင်ပါလားဆိုတာ မြဲမြဲစွဲစွဲမှတ်ထား၊ ကြုံတိုင်းဝင်နာပါ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဝိသာခသူဌေး တတိယသုံးကြိမ်မြောက် နာလိုက်တော့ အနာဂါမိမဂ် မရဘူးလားကွာ (ရသွားပါတယ်ဆရာ)၊ ပြန်လာ၊ ခါတိုင်း ဣန္ဒြေနှင့် မတူဘူး၊ စိတ်က အတော်ကြီးလာ၊ ဆိုက်ဆိုက်,ဆိုက်ဆိုက်နဲ့ သူဌေးကတော်က တိုက်ပေါ်ကမျှော်တယ်၊ သူဌေးပြန်ချိန်တော့ တော်ပြီ၊ ပြန်ချိန်တော့ တော်ပြီလို့ မျှော်နေတယ် ဟိုကလာလိုက်တာ ခါတိုင်းနဲ့မတူဘူး၊ စိတ်ကတယ်ကြီး၊ ဆိုက်ဆိုက်,ဆိုက်ဆိုက်နဲ့လာ၊ တိုက်ပေါ်ရောက်တဲ့အခါကျ ခါတိုင်းလို့ပဲ ယုယတဲ့အနေအားဖြင့် လက်ကမ်းနေကြဆိုတော့ သူဌေးကတော်က လက်ကမ်း၊ ကမ်းတဲ့ လက်မဆွဲဘူး၊ ခေါင်းခါတယ် နော် (မှန်ပါတယ်ဆရာ)၊ ဆွဲသေးလားဟ (မဆွဲတော့ပါဘူးဆရာ)။

"ကာမရာဂ ကာမအဿာဒ"၏အနေအားဖြင့် သားမယားဟူသော အမှတ်သညာနဲ့ သာယာမှု နှစ်သက်မှု မရှိဘူးတဲ့၊ ရှိသေးလား (မရှိတော့ပါဘူးဆရာ)၊ လက်တောင်မကိုင်ဘူး၊ လင်ခန်း မယားခန်း

http://www.dhammadownload.com

ဆိုတာ ထားတော့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တိုက်ပေါ်တက် သူဌေးကတော် စဉ်းစားတယ်၊ သူဌေးခါတိုင်းနဲ့ မတူဘူးတဲ့၊ ခါတိုင်း ငါအင်မတန် ယုယတယ်ဆိုတဲ့အနေအားဖြင့် တိုက်အတက် ငါလက်လှမ်းပြီလားဆိုရင်၊ ငါလက်ကလေးကိုင်ပြီးတော့ တက်နေကြပဲတဲ့၊ အခုတော့ ငါ့လက်တောင် မကိုင်ဘူး၊ သိက္ခာတော်တော်ကြီးတယ်၊ ဒါပေမယ့်မပြောဘူး၊ ငါအကဲတော့ကြည့်ဦးမှ၊ ဘာအကြောင်းလဲလို့၊ ထမင်းပွဲ ကျကျနန,သေသေသပ်သပ်နဲ့ ကိုယ်တိုင်ချက်ပြုတ် ကြော်လှော်ထားတဲ့ ထမင်းပွဲပြင်ဆင်ပြီးတော့ ရှေ့ရောက်လာချ၊ ခါတိုင်းလည်း ဒီလိုပြင်ဆင်ကျွေးနေကြ၊ အနီးအပါး ကြုံကြုံပါထိုင်၊ ယပ်တွေခပ်လို့ ယောကျ်ားမြတ်လုပ်ကျွေးတဲ့ မိန်းမဆိုတာရိုသေရတယ်၊ အနားယပ်လေးတွေ ခပ်ပေးရတယ်၊ အကျိုးအကြောင်းပြောရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဟင်းချိုဟင်းလျာပေမဲ့ ကိုယ်ချက်ထားတဲ့ ဟင်းအဓိပ္ပာယ်လေးတွေထဲ ဘယ်ဟင်းက ဘယ်လိုချက်ထားတာ ဘယ်ဟင်းက ဘယ်လိုစားလို့ကောင်းတယ်နဲ့ အစရှိသည်အားဖြင့် ဒီလိုလုပ်ရတယ်၊ အနားကကျွေး ဘာမှမပြောဘူး နော် (မှန်ပါတယ်ဆရာ)၊ ကောင်းတယ်လည်းမပြောဘူး၊ ဆိုးတယ်လည်း မပြောဘူး၊ ဆားငန်တယ်လို့လည်း မပြောဘူး၊ ပေါ့တယ်လို့လည်း မပြောဘူး၊ ချိုတယ် ချဉ်တယ်လည်း မပြောဘူး၊ ဒီတိုင်းပဲနေတာပဲ၊ မျက်နှာကြည့်တော့ အင်မတန် သိက္ခာကြီးနဲ့ တည်တည်နေတယ်၊ သူဌေးကတော်က ဒီတော့မေးတယ်၊ ဧကန်ဒိဋ္ဌ ငါ့အပေါ် မနှစ်သက်လောက်တဲ့ အပြစ်တော့ တစ်ခုရှိနေလို့လား၊ ဒါကြောင့် သူဌေးက ငြိုငြင်တာပဲ၊ စိတ်မချမ်းသာဘူး၊ ငါ့အပေါ် အပြစ်ရှိလို့ ရှိရင်လည်းရှိတဲ့အကြောင်း ငါထုတ်ဖော်ပြီးတော့ မေးမှကောင်းမယ်။

သူဌေးကတော်က မနေတတ်တော့ မေးတယ်၊ သူဌေးမင်းရယ် ခါတိုင်းတော့ ဘယ်က ပြန်လာလာ ကျွန်မလက်ကမ်းလို့ရှိရင် ကျွန်မလက်ကိုကိုင်ပြီးတော့ တိုက်ပေါ် အတူတကွတက်နေကြ၊ စကားစမြည်ပြောလို့ ဖော်ဖော်ရွေရွေနဲ့ ရွှင်ရွှင်ပျပျနဲ့ မျက်နှာသာသာယာယာနဲ့ ဒီလိုနေပါတယ်။ စားပြန်သောက်ပြန်တော့လည်း သူဌေးမင်း ကျွန်မကိုယ်တိုင်ချက်ပြုတ် ကြော်လှော် ကောင်းနိုးရာရာ ပြုပြင်ပေးတဲ့ထမင်း မြိန်မြိန်ယှက်ယှက်နဲ့ ရွှင်ရွှင်ပျပျနဲ့ ချိုရင် ချိုတယ်၊ ချဉ်ရင် ချဉ်တယ်၊ ငန်ရင် ငန်တယ်၊ ပေါ့ရင် ပေါတယ် အစရှိသည်အားဖြင့် ကောင်းရင် ကောင်းတယ်၊ မကောင်းရင် မကောင်းဘူးလို့ ဒီလိုပဲ တိုင်တိုင်ပင်ပင်နဲ့၊ ဖော်ဖော်ရွေရွေနဲ့ ပြောဆိုပြီးတော့ သုံးဆောင်တဲ့အလေ့အထရှိပါတယ်။ အခုတော့ ကျွန်မတိုက်အတက် လက်လှမ်းတော့လည်း ကျွန်မလက်လည်း မကိုင်၊ တိုက်ပေါ်ကြပြန်တော့လည်း မို့ငိတိမို့ငိတွေနဲ့ သူဌေးမင်းနေတာကိုကြည့်ရတာ ကျွန်မစိတ်မချမ်းသာဘူး၊ စားပြန်သောက်ပြန်တော့ ခါတိုင်းလိုမဟုတ်၊ အကျိုးအကြောင်းလေးမှ စကားပြန်မရ၊ ဒီတော့ ကျွန်မအပေါ် အပြစ်များရှိလို့ရှိရင် ဘာအပြစ်ရှိတယ်ဆိုတာ သူဌေးမင်းရယ် အမိန့်ရှိပါ၊ ကျွန်မရှိလို့ ရှိရင်လည်း

http://www.dhammadownload.com

ရှိကြောင်းဝန်ခံပါ့မယ်၊ နောင် ဒီအဖြစ်မျိုးမဖြစ်အောင် ကျွန်မတာဝန်ယူပါမယ်၊ ဒီလိုပြောတော့ သူဌေးမင်းက ပြန်ပြောတယ်၊ မင်းအပေါ် ဘာအပြစ်မှမရှိဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ မင်းအပေါ် ဘာအပြစ်မှ မရှိဘူးတဲ့၊ ငါခုတစ်ပတ် တရားသွားနာတာ ငါ့မှာ တရားထူးရလာတယ်တဲ့၊ ဒါကြောင့် မင်း ငါအပြစ်ရှိလို့၊ မင်းငါ့မချစ်လို့ မမြတ်နိုးလို့၊ မယုယလို့၊ မင်းကမ်းတဲ့လက်ကို ငါမကိုင်တာမဟုတ်၊ ရှေးကလို လင်ရယ်မယားရယ်လို ကာမအဿာဒ၏အစွမ်းအားဖြင့် ကာမဂုဏ်ပေါ် နှစ်သက်တဲ့ စိတ်ဓာတ်တွေ ငါ့မရှိဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

မင်းလက်လည်း ငါမကိုင်လိုတဲ့၊ မင်းချက်ပြုတ် ကောင်းနိုးရာရာ ကြော်လှော်ကျွေးတဲ့ အစာအာဟာရလည်း ငါသာယာမှု နှစ်သက်မှုမရှိတဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီကနေ့ကစ မင်းနဲ့ငါဟာ ငြိုးသူ,ရန်ဘက်ဆိုတဲ့ အနေအားဖြင့် မုန်းတီးလို့တော့မဟုတ်၊ မဟုတ်သော်လည်းပဲ "ကာမအဿာဒ"၏ အစွမ်းအားဖြင့်, ကာမဂုဏ်၏ အစွမ်းအားဖြင့် လင်ရယ် မယားရယ်လို့ နှစ်သက်ကြည်ဖြူမှု စိတ်ဓာတ်တွေ ငါ့လုံးလုံးကြီး ကင်းပြတ်တဲ့အတွက် ကနေ့ကစ မင်းလည်းပဲ ငါ့လင်ရယ်သားရယ်လို့ မမှတ်နဲ့၊ မင်းလည်း မယားရယ်သားရယ်လို့ မအောက်မေ့တော့ဘူး။ မောင်လို နှမလိုပဲ မေတ္တာနဲ့သာ ချစ်ခင်ကြင်နာစွာနေပေတော့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ခုန စာကလေးက ဘယ်နှယ့်မြင်ပါ့။ အနာဂါမိဖိုလ်ကို ကူးကာမှ ဗဟုသုတတုံး။ ဘာမှမမှတ်မိဘူး။ "အနာဂါမိဖိုလ်ကို ကူးခါမှ နှစ်ကိုယ်ပူး လွတ်ကြသည်သာ"တဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဘာတဲ့ (အနာဂါမိဖိုလ်ကူးမှ နှစ်ကိုယ်ပူး လွတ်ကြသည်သာ) ဘာတဲ့လဲ အဓိပ္ပာယ်က (အိမ်ထောင်ရေးကို လွတ်သွားပါတယ်ဆရာ)၊ ဩော် သားရယ် မယားရယ် မရှိတော့ဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ နော် (မှန်ပါတယ်ဆရာ)၊ အေး အဲဒါ သူထက် တစ်ဆင့်တက်လိုက်တော့ လေးမဂ်ရောက်ရင် တဏှာကုန်ခန်းတော့ ရဟန္တာဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြည့် အဲဒါကြည့်။ ဒီတော့မှ ဝိသာခါလည်းပဲ မိမိ အနာဂါမ်ဘဝနဲ့ ဖြစ်သလိုနေရှာတယ်။ ဒီတော့မှ ဓမ္မဒိန္နာသူဌေးကတော်က ကြည့် နောက်နောက်က ဆည်းပူးလာတဲ့ ပါရမီထူးရှိတဲ့ ပုဂ္ဂိုလ်များ ကြည့်စမ်း၊ အဲဒါ ပါရမီထူးမရှိရင် ဒီနေရာမှာ ယောကျ်ားက ပြတ်ပြတ်သားသား တရားနဲ့ ကပ်ပြီးတော့ မင်းတော့ ငါလင်ခန်း မယားခန်းက ဖြတ်လိုက်ပြီဆိုရင် မုချလူးလိမ့် ငိုရမယ်၊ သူကြီးအိမ်လည်း ပြေးရမယ် နော် (မှန်ပါတယ်ဆရာ)၊ မဟုတ်ဘူးလားဟ (မှန်ပါတယ်ဆရာ)၊ မတုန်လှုပ်ဘူး။

ဓမ္မဒိန္နာသူဌေးကတော်က ဘာပြောတုံး။ အမယ် သူကတော့ တရားထူး တရားမြတ်ရလာလို့ လင်ခန်းမယားခန်းဖြတ်ပြီးတော့ ချမ်းသာသလို နေတော့မယ်လို့ ငါ့ကိုစွန့်ပစ်တယ်။ စည်းစိမ်ကြီးနဲ့

http://www.dhammadownload.com

ငါ့စွန့်ပစ်မယ်တဲ့။ အမှန်ကတော့ သူစက်ဆုပ်ရွံရှာလို့ ထွေးပစ်ခဲ့တဲ့ တံတွေးပေါက်ပဲတဲ့။ အဲဒါကြည့် ငါက လက်ခံသိမ်းပိုက်ပြီး ကောက်မျိုရမယ်ဆို ခက်လှချေရဲ့၊ လာပုံကြည့်စမ်း နော် (မှန်ပါတယ်ဆရာ)၊ တကယ့်သူဌေးစည်းစိမ်ကြီးပေါ့ နော် (မှန်ပါတယ်ဆရာ)၊ သူရွံရှာစက်ဆုပ်လို့ စွန့်ပစ်ခဲ့တဲ့ တံတွေးပေါက်ကို ငါကောက်မျိုရမယ်ဆိုတာ မဟုတ်ဘူး။ သူဒီလို ဖြတ်နိုင်,သတ်နိုင်လို့ တရားရှာရင် ငါလည်း ရှာနိုင်ပါသော်ကောလို့ ဩော် သူဌေးပြန်အပ်ပစ်။ သူဌေးမင်းသဘောအတိုင်းပဲတဲ့။ ရှင်ရွံရှာစက်ဆုပ်လို့ စွန့်ပစ်ခဲ့တဲ့ တံတွေးပေါက် ကျွန်မ ဘယ့်နှယ်ကောက်ယူပြီး မျိုလို့ ဘယ့်နှယ့်ဖြစ်နိုင်ပါ့မတုံးတဲ့။ ကျွန်မလည်း လွတ်ရမယ် သွားပြီးတော့ တရားအားထုတ်တော့မယ်။ တိုက်ပေါ်က ဇတ်ဆင်းသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ တိုက်ပေါ်က ဇတ်ဆင်းသွားပြီးတော့ ဘိက္ခုနီမကျောင်းသွားပြီးတော့ ဘိက္ခုနီမလုပ် ချက်ချင်းပဲ၊ ဘိက္ခုနီမလုပ်ပြီးတော့ ရဟန်းမိန်းမဘဝ ရောက်သွားတော့ စဉ်းစားတယ်။ ငါမြို့နားရွာနားနေလို့တော့ တရားရမှာမဟုတ်ဘူးတဲ့၊ ဘာကြောင့် ငါသူဌေးကတော်ဘဝက လာတာတဲ့၊ သူဌေးကတော်ဘဝက လာတယ်ဆိုတော့ ငါ့နောက်မှာ ဖော်လန်သမားတွေက အများကြီး လိုက်လာအုံးမှာတဲ့။ ဝင်လာမစဲကိုကွ နော် (မှန်ပါတယ်ဆရာ)၊ "ဂုဏာဝန္တေ ပဿန္တို့ ဇနာ" ရှိတတ်ပါတယ် ဒါမျိုးကတော့၊ ခုခေတ်လဲ ဒီအတိုင်းပါပဲ မထူးပါဘူး။ ဂုဏ်သရေရှိဆိုမှဖြင့် ဝိုင်းဝိုင်းကိုလည်လို့။ နှုတ်ဆက်တောင်မအားဘူး။ ဧည့်ခံတာနဲ့ အချိန်ကုန်။ သူဌေးကတော်က ပညာဉာဏ်ရှိတော့ စဉ်းစားတယ်။ ငါလည်း ဂုဏ်ရှိ သရေရှိ၊ သူဌေးဘဝက လာတယ်ဆိုတော့၊ သူဌေးကတော်ဘဝက လာတယ်ဆိုတော့ ဝင်ချည် ထွက်ချည်နဲ့ ဧည့်သည်တွေများလို့ ဧည့်ခံရတာနဲ့ တရားရမှာ မဟုတ်ဘူးတဲ့။ လွတ်ရာပဲသွား တရားရရာရကြောင်းဆို တောရဇနပုဒ်တောင် ငါသုတ်လေမှပဲဆိုပြီး တောရဇနပုဒ်ထွက်။ တကယ့်နည်းနည်းကိုပဲ လူသူခေါင်းပါးတဲ့ အရပ်ဒေသသွားပြီးတော့ ဝါတွင်းသုံးလပတ်လုံး တရားအားထုတ် နော် (မှန်ပါတယ်ဆရာ)၊ ပါရမီရှင်တွေခေါ်တယ်၊ ပါရမီရှင်တွေ လမ်းခွဲပုံလေး သေချာကြည့်။ တချို့က အဲဒါတွေ ကြောက်တာပဲဟ၊ တရားမရှာချင်ကြဘူး။ မယားကလည်း လင်ချစ်၊ လင်ကလည်း မယားချစ်၊ မတော်တဆ တရားများရသွား တို့နှစ်ယောက်များ ခွဲသွားခက်ရချည်ရဲ့၊ မလုပ်ဝံ့ဘူး၊ မလုပ်ဝံ့ဘူး။ တချို့ကကြောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ မဟုတ်ပါဘူး။

ပါရမီပါလာတဲ့ ပုဂ္ဂိုလ်များ ခွဲလာတဲ့ အချိန်ကျတော့ သက်သက်သာသာလေးနဲ့ ကိုယ်ချမ်းသာစိတ်ချမ်းသာနဲ့ ခွဲကြတယ် ငြိုငြင်မှု မရှိဘူးနော် (မှန်ပါတယ်ဆရာ)၊ ခုန သူဌေးကတော် ခွဲသွားတာသေချာကြည့်။ သူလည်း ပါရမီကန္ဦးဆော်လို့ အချိန်တန်လာတော့ ကြည့်စမ်း တကယ့်သူဌေးစည်းစိမ်သုံးလို့မကုန် စားလို့မကုန်ဆိုတဲ့ ရတနာပုံဆိုက်နေတဲ့ သူဌေးစည်းစိမ်ကြီး တံတွေးပေါက်လို့မတ်တယ်၊ မမှတ်ဘူးလားဟ (မှတ်ပါတယ်ဆရာ)၊ သူ့စိတ်ထဲမှာ ဆင်းရဲသေးလား (မဆင်းရဲပါဘူးဆရာ)၊ ချမ်းသာ

http://www.dhammadownload.com

တယ်။ တောရဇနပုဒ် သွားပြီးတော့ တရားအားထုတ်လိုက်တာ ဝါတွင်းသုံးလ ဝါလည်းကျွတ်ကရော ဟော သူဌေးထက် တစ်မင်သာရ၊ ဘယ်နှစ်မင်ရသွား (လေးမင်ပါဆရာ)၊ ဟော လေးမင်၊ ရဟန္တာ အစစ်ဖြစ်။ သူဌေးဖြင့် သုံးမင်ကကို မတက်သေးဘူး။ သူ့လေးမင်ရသွားပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ပါရမီတွေ ဘဝပေါင်းက ဆုတောင်းလာတဲ့ ပါရမီတွေလို့။ ဒါ့ကြောင့် တို့ ဒီလိုတရားတွေများ တို့ လင်မယားနှစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေရင်းကနေပြီးတော့ ဒီတရားတွေလိုက်စားလို့ ကျွတ်တမ်းဝင်ရပါလို၏လို့ ဆုတောင်းလို့ရှိရင် မတော်တဆ ကျွတ်တမ်းဝင်တဲ့ ဘဝများ တစ်ယောက် နဲ့တစ်ယောက်ခွဲတဲ့အခါ မျက်ရည်စက်လက်နှင့် ဖြစ်ရချေရဲ့လို့ မအောက်မေ့နဲ့။ မဆင်းရဲပါဘူး၊ မကြောက်ပါနဲ့ နော် (မှန်ပါတယ်ဆရာ)၊ တောင်းသာတောင်း ကြိုးလဲကြိုးစားကြ။

အဲဒါကြောင့် တဏှာဆိုတာ ကာမအဿာဒ၏အစွမ်းအားဖြင့် သာယာနှစ်သက်တဲ့ တဏှာ ဆိုတာ သုံးမင်ကျမှ နှစ်ကိုယ်ပူး လွတ်ပါတယ် နားလည်လား (နားလည်ပါတယ်ဆရာ)။ သုံးမင်မဆိုထား နဲ့ တစ်မင်မှမရသေးဘဲနဲ့ ဒီတဏှာသတ်နေလို့ ကုန်ပါ့မလားဟ (မကုန်နိုင်ပါဘူးဆရာ)၊ မကုန်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ကျေးဇူးရှာလိုက်တော့ သေရင် ဗြဟ္မာ့ ပြည်ပေါ့။ ဈာန်သမထလုပ်ငန်း ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ ဒါပေမဲ့ လက်ရှိဈာန်နဲ့ သေမှပါ။ ဈာန်ကင်းလို့ ဈာန်ကွာတုန်း သေပြန်တော့လည်း သွားမြဲအတိုင်းပါပဲ။ မထူးပါဘူး။ လက်ရှိဈာန်နဲ့ သေမှ ဗြဟ္မာပြည်ရောက်တာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တစ်မင် တစ်ဖိုလ်လည်းမရ။ ဒါကြောင့် တဏှာသတ်လမ်းနဲ့ ဒိဋ္ဌိသတ်လမ်း နှစ်လမ်းရှိတဲ့အနက် (တစ်နည်း) သဒ္ဓါလမ်းနဲ့ ပညာလမ်း နှစ်လမ်းရှိတဲ့အနက် ပညာ လမ်းကို ကြိုးပမ်းကြပါလို့ သာသနာနဲ့ ကြုံတဲ့အခါသာလျှင် ၎င်းမင်ကို မရအောင်တားတတ်တဲ့ ဒိဋ္ဌိကိလေသာဆိုတဲ့ ရန်သူကြီးကို ဖျက်ဆီးနိုင်ပါတယ်လို့ ဝိဇ္ဇာလက်နက်နှင့် နော် (မှန်ပါတယ်ဆရာ)၊ သာသနာပတဲ့အခါကျတော့ ဘယ့်နှယ်နည်းမှ သတ်လို့,ဖြတ်လို့ မရဘူး။ ဒါကြောင့် မိစ္ဆာအယူ မဖြူစင် လို့ ဒိဋ္ဌိကိလေသာ ထင်ရှားရှိသေးရင် မင်ဉာဏ် ဖိုလ်ဉာဏ် ဘယ်တော့မှ မရဘူးဆိုတာ မှတ်ထားပါလို့။ ဒါကြောင့် မင်ဉာဏ်, ဖိုလ်ဉာဏ်, တစ်မင် တစ်ဖိုလ် လိုချင်လှချည်ရဲဆိုလို့ရှိရင် ရုပ်သိအောင်, နာမ် သိအောင်, ခန္ဓာသိအောင်, အာယတနသိအောင်, ဓာတ်သိအောင်, ပရမတ်မှန်းသိအောင်, ပညတ် မှန်းသိအောင်, သဘာဝဆိုတဲ့ သဘောတရားလေး ဆိုက်လာအောင် ဉာဏ်ချက်ကပိုင်လာ။ ဆရာ့ ဆရာထံမှာ နည်းခံပြီး သင်ကြားကြပါလို့ နော် (မှန်ပါတယ်ဆရာ)၊ ရမ်းပြီးတော့ အင်တိုက် အားတိုက် သဒ္ဓါတရားထက်သန်တိုင်း အရိုးကြေကြေ အရေခန်းခန်း အလုပ်လုပ်တိုင်း မင်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်လို့ မမှတ်ပါနဲ့။

ဒါကြောင့် မင်ဉာဏ် ဖိုလ်ဉာဏ် မရအောင် တားထားတဲ့ အန္တရာယ်ဆိုတဲ့ ရန်သူကြီး၊ အဓိပ္ပာယ်ကို

http://www.dhammadownload.com

လည်လည်ပတ်ပတ် စဉ်းစားကြပါလို့ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ၎င်းဘဝဝဋ်မြစ်ကြီးကို ဆက်ခါဆက်ခါ အကြောင်းခံစေတတ်သော တဏှာသည် တဏှာသုံးမျိုးသုံးစားထဲ ဘာတဏှာလည်းဆို၊ ဘဝတဏှာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အေး ဒါကြောင့် -

နိကန္တိတဏှာတိ ယာ ကမ္မံ ကရောန္တဿ တဿ ဖလေ ဥပပတ္တိ ဘဝေ နိကာမနာ ပတ္ထနာ သာ တဏှာ နာမ"

နိကန္တိတဏှာတိ၊ နိကန္တိတဏှာဟူသည်ကား။ (ဝါ) ဘဝသစ်ကို နှစ်သက်သော တဏှာမည်သည်ကား။ ကမ္မံ၊ ကုသိုလ်ကောင်းမှုကို။ ကရောန္တဿ၊ ပြုသော ပုဂ္ဂိုလ်အား။ တဿ၊ ထိုကုသိုလ်ကံ၏။ ဖလေ၊ အကျိုးဖြစ်သော။ ဥပပတ္တိဘဝေ၊ နောက်ဖြစ်သော ဘဝသစ်၌။ နိကာမနာ၊ အလိုရှိသော။ ယာ ပတ္ထနာ၊ အကြင်ဆုတောင်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုအလိုရှိသော ဆုတောင်းခြင်းသည်။ တဏှာ နာမ၊ နိကန္တိတဏှာမည်၏။ (ဝါ) ဘဝတဏှာမည်၏။

မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ သူပဲတဲ့၊ သံသရာစက်ရဟတ်ကြီး အဆက်မပြတ် ဆက်ခါဆက်ခါလည်အောင် လုပ်ပေးနေတယ်တဲ့။ ဒီတဏှာပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အေး ဒါ့ကြောင့် ကနေ့ညတော့ တဏှာကုန်ခန်း လက်စသတ်ကြစို့နော် (မှန်ပါတယ်ဆရာ)၊ လက်စသတ်ပြီးမှ "တဏှာပစ္စယာ ဥပါဒါနံ"လို့။ ဥပါဒါန်သွားကြစို့နော် (မှန်ပါတယ်ဆရာ)၊ တဏှာပစ္စယာ၊ တဏှာတည်းဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာဖြစ်ပြီဆို ဥပါဒါန်ဖြစ်ကရောတဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တဏှာက လိုချင်တာ၊ ဥပါဒါန်ကစွဲလမ်းတာ။ ဥပါဒါန်ဆိုတာ ဘာခေါ်တုံး (စွဲလမ်းတာပါဆရာ)၊ တဏှာ လိုချင်တာ၊ ဥပါဒါန်ကစွဲလမ်းတာ။ ဒီတဏှာနဲ့ဥပါဒါန်က တွဲရလိမ့်မယ် နော် (မှန်ပါတယ်ဆရာ)၊ တွဲရလိမ့်မယ်။ တဏှာတရားကိုယ်ကောက်တော့ ဘာရတယ် (လိုချင်တာရပါတယ်ဆရာ)၊ တရားကိုယ် (လောဘပါဆရာ)။ အေး လောဘရတယ်၊ လောဘစေတသိက် နော် (မှန်ပါတယ်ဆရာ)၊ လောဘမူ စိတ်ရှစ်ခု၌ယှဉ်သော လောဘစေတသိက်ရတယ်၊ လောဘ မြန်မာလိုပြန်တော့ ဘာရတယ် (လိုချင်တာပါဆရာ)၊ လိုချင်တာ မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဒါ တဏှာ နော် (တဏှာပါဆရာ)။ အဲဒီ တဏှာဖြစ်ပြီဆိုတော့ ဥပါဒါန်ဖြစ်ကရောတဲ့။ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဆရာ)။ ဥပါဒါန်တဲ့။ တရားကိုယ်ကောက်တော့ သူလည်း လောဘပဲ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဥပါဒါန် တရားကိုယ်ကောက်တော့ ဘာတုံး (လောဘပါဆရာ)၊ မှတ်မိရဲ့လား (မှတ်မပါတယ်ဆရာ)။

အဲဒီ ဥပါဒါန် မြန်မာလိုပြန်တော့ ဘာတုံး (စွဲလမ်းတာပါဆရာ)၊ အေး စွဲလမ်းတာ မှတ်မိရဲ့လား

http://www.dhammadownload.com

(မှတ်မိပါတယ်ဆရာ)၊ ဒါဖြင့် အကြောင်းခံတဲ့ တဏှာတုန်းကလည်း တရားကိုကောက်တော့ ဒီလောဘ ပဲရတယ်။ သူ့ကြောင့်ဖြစ်လာတဲ့ အကျိုးဆိုတဲ့ ဥပါဒါန်တရားကိုယ်ကောက်တော့ လောဘ (လောဘ ပါဆရာ)၊ ဟာ အကြောင်းလည်း လောဘ၊ အကျိုးလည်း လောဘဖြစ်တယ်။ တူတူပဲကို နော် (မှန်ပါ တယ်ဆရာ)၊ ဒါလေးက စဉ်းစားရကြပ်နေတယ်။ ဘယ်နှယ့် အကြောင်းကြောင့် အကျိုး၊ အကြောင်း ကြောင့် အကျိုးဆိုပြီးတော့ တဏှာတည်းဟူသော အကြောင်းကြောင့် ဥပါဒါန်ဖြစ်တယ်။ တဏှာတုန်း ကလည်း တရားကိုယ်ကောက်တော့ ဒီလောဘပဲ။ အကျိုးဆိုတဲ့ ဥပါဒါန်တရားကြီး တရားကိုယ် ကောက်တော့ လောဘ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ လောဘချင်း ဘာထူးလဲလို့ မေးရင် အကြောင်းလောဘနဲ့ အကျိုးလောဘ၊ အကြောင်းတဏှာလောဘနဲ့ အကျိုး ဥပါဒါန် လောဘ လောဘချင်းအတူတူ ဘာထူးသလဲလို့ ထူးတာလေးလဲ မှတ်ထား နော် (မှန်ပါတယ်ဆရာ) တဏှာ တုန်းက ကောက်တဲ့ လောဘက အငယ်စားတဲ့၊ ဥပါဒါန်တရားကိုယ်ကာက်တဲ့ လောဘက အကြီးစား တဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ) လောဘအငယ်စားနဲ့ အကြီးစားမဟုတ်လားကွ (မှန်ပါတယ်ဆရာ) ဒီလိုကွာသွားတယ်၊ အငယ်စား တဏှာလောဘလေးဖြစ်ပေါ်လာခြင်းကြောင့် သူ့ဥပနိဿယပစ္စည်း တတ်လို့ သူ့အမှီတကဲသဟဲပြုပြီးတော့ ဥပါဒါန်လောဘအကြီးစားပေါ်လာတယ်။ လူရဲ့ ကိုယ်လိုပဲလို့ နော် (မှန်ပါတယ်ဆရာ) လောဘချည်းပဲတဲ့၊ တဏှာလောဘက ဥပနိဿယအားဖြင့် ကျေးဇူးပြုတယ်၊ ဒါကြောင့် ဥပါဒါန်လောဘကြီးပေါ်လာတယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဒီနေရာလေး ဘယ့်နှယ်နေသလဲဆိုတော့ အဓိပ္ပာယ်လေး အဌကထာဆရာပြတဲ့ဥပမာ။

တဏှာလောဘက လိုချင်ကာမျှလေး၊ တဏှာဖြစ်တုန်းက လောဘနော် (မှန်ပါတယ်ဆရာ)၊ လိုချင်တယ်ဆိုတဲ့ လိုချင်ကာမျှလေး တဏှာလောဘခေါ်တယ် နားလည်လား (နားလည်ပါတယ် ဆရာ)၊ ဥပါဒါန်လောဘကျတော့ စွဲစွဲမြဲမြဲလိုချင်တယ်၊ ဘယ်လိုကွာတာတုံးတဲ့၊ ဥပါဒါန်လောဘ ကျတော့ မရ ငါသေရတော့မှာပဲတဲ့နော် (မှန်ပါတယ်ဆရာ)၊ စွဲလန်းလာတယ်၊ ပြန်ဖြုတ်လို့ မရဘူး၊ လွှတ်လိုမရဘူးတဲ့၊ မရရတဲ့နည်းနဲ့ ငါယူမယ်ဆိုတဲ့သဘောဖြစ်နေတယ် ဟုတ်ရဲ့လား (မှန်ပါတယ် ဆရာ)၊ တဏှာလောဘက လိုချင်ကာမျှ ရှိသေးတယ်တဲ့ နားလည်ရဲ့လား (နားလည်ပါတယ်ဆရာ)၊ ဥပါဒါန်လောဘက ဘယ့်နှယ့်လဲ (သိပ်လိုချင်တာပါဆရာ)၊ ဘယ်အထိအောင် လိုချင်တာလဲ (မရမနေ ထိအောင်ပါပဲဆရာ) ဩော် မရမနေဘူးလား (မှန်ပါတယ်ဆရာ)၊ အေး ဟုတ်ပြီ၊ တဏှာလောဘက ဘာဖြစ်တယ်၊ (လိုချင်ကာမျှကလေးပါဆရာ)၊ ဟေ့ ထိုင်လျက်ကလေး မဟုတ်ဘူးလားကွ၊ လိုချင်ကာမျှ မြန်မာလိုဘာသာပြန်တော့နော် နားလည်လား (နားလည်ပါပြီဆရာ)၊ လိုချင်ကာမျှမတ္တလေးတဲ့၊ လိုချင်ကာမျှလေးရှိတယ်၊ ဒါတဏှာလောဘလား (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်လောဘက ဘာဖြစ်

http://www.dhammadownload.com

တယ်၊ (စွဲစွဲမြဲမြဲလိုချင်တာပါဆရာ)၊ ဘယ်အထိအောင် စွဲစွဲမြဲမြဲလိုချင်တာလဲ၊ (မရမနေထိအောင်ပါ ဆရာ)၊ မရမနေတဲ့လား (မှန်ပါတယ်ဆရာ)၊ အသက်ပဲသေသေ ဟုတ်လား (မှန်ပါတယ်ဆရာ)။ အေး အဲဒါ ဥပါဒါန်လောဘ နော် (မှန်ပါတယ်ဆရာ)၊

ဒီတော့ ဦကာဆရာပြတဲ့ ဥပမာက ဘယ့်နှယ်တုံးဆိုတော့ အဓိပ္ပာယ်အားဖြင် သူခိုးသည် အိမ်ပေါ် တက်ပြီးတော့ လာတယ်၊ အမှောင်ထဲမှာ ဥစ္စာထုပ်စမ်းကြည့် မစမ်းဘူးလား (စမ်းပါတယ် ဆရာ)၊ အမှောင်ထဲမှာ ဥစ္စာထုပ်စမ်းတယ် ရသလား (မရသေးပါဘူးဆရာ)၊ စမ်းတုန်းပဲ ရှိသေးတယ် မဟုတ်လား (စမ်းတုန်းရှိပါသေးတယ်ဆရာ)၊ ရှာတုန်းပေါ့နော် (မှန်ပါတယ်ဆရာ)။ စမ်း,စမ်းနေတော့ နောက်စမ်းရင်း မတွေ့ကနေ ရတနာထုပ် လက်နဲ့ဆုပ်မိ၊ ပိုက်ဆံထုပ် လက်နဲ့ဆုပ်မိပြီ နော် (မှန်ပါတယ် ဆရာ)၊ အမှောင်ထဲ စမ်းရတာကိုးကွ၊ ပိုက်ဆံထုပ် လက်နဲ့ဆုပ်မိတော့ ဒီပိုက်ဆံထုပ် လက်ကလွတ်သေး လားဟ (မလွတ်သေးပါဘူးဆရာ)၊ စွဲစွဲမြဲမြဲပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ သူခိုးအမှောင်ထဲ စမ်း,စမ်း ဥစ္စာထုပ်လက်နဲ့စမ်းနေတဲ့ အချိန်အခါလေးရယ်၊ နောက်စမ်းရင်း မတွေ့ကနေပြီးတော့ ပိုက်ဆံ ထုပ် လက်နဲ့ဆုပ်မိတဲ့အချိန်အခါကလေးရယ် တဏှာလောဘနဲ့ ဥပါဒါန်လောဘ ခွဲခြားပြထားတာ ဦကာဆရာက၊ ပထမဥစ္စာထုပ် မတွေ့ခင် တွေ့နိုးတွေ့နိုး ရှာနိုးရှာနိုးနဲ့ မှောင်ထဲမှာ ဥစ္စာထုပ်စမ်းနေသော အခါ၌ တဏှာလောဘနဲ့တူတယ်၊ လိုချင်ကာမျှ ရှိသေးတယ်၊ ဘာမှ သူမရသေးဘူးတဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ နောက်ဥစ္စာထုပ်ကို လက်နဲ့ ပိုင်ပိုင်နိုင်နိုင်ကြီး လက်နဲ့ဆုပ်ကိုင်မိတဲ့ အချိန်ကတော့ လွတ်သေးရဲ့လားဟာ (မလွတ်တော့ပါဘူးဆရာ)။ အဲ့ဒီအချိန်အခါနဲ့ ဥပါဒါန် လောဘနဲ့ တူတယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါကြောင့် ဥပါဒါန်လောဘကို အဋ္ဌကထာဆရာက ဥပမာပေးတယ် ကြွက်ကို ကြောင်ခဲသလိုတဲ့၊ ဖားကို မြွေမျိုသလိုတဲ့၊ ကြွက်ကြောင်ခဲတော့ လွတ်သေးရဲ့လားဟ (မလွတ်ပါဘူးဆရာ)၊ ဖားမြွေမျိုတော့ လွတ်သေးရဲ့လား (မလွတ်ပါဘူးဆရာ)၊ အေး အဲဒါ ဥပါဒါန်လောဘ နော် (မှန်ပါတယ်ဆရာ)၊ ကြွက်ကို ကြောင်ခဲသလို၊ ဖားကို မြွေမျိုသလိုတဲ့၊ စွဲစွဲလန်းလန်းကြီး မြဲမြံကြီးဆုပ်ကိုင်ထား၊ ဒါကြောင့် တဏှာ လောဘနဲ့ ဥပါဒါန်လောဘမှာ တဏှာလောဘက အငယ်စား၊ မရသေးပါဘူးတဲ့၊ လိုချင်ကာမျှရှိသေး တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ လိုချင်ကာမျှလေးမဟုတ်လားကွ (မှန်ပါတယ်ဆရာ)၊ ဘာလောဘ တုံး၊ (တဏှာလောဘပါဆရာ)၊ အေး တဏှာလောဘ၊ တဏှာလောဘက မရသေးဘူး၊ လိုချင်ကာမျှ ရှိသေးတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်လောဘကျတော့ ဘယ့်နှစ်ဖြစ်သွားလဲ၊ ရသွားပြီ တဲ့လား (မှန်ပါတယ်ဆရာ)၊ စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားပြီလား (မှန်ပါတယ်ဆရာ)၊ ခု သူခိုး ဥစ္စာစမ်းတာရယ်၊

http://www.dhammadownload.com

ဥစ္စာထုပ် လက်နဲ့ ဆုပ်ယူတာရယ် နော် (မှန်ပါတယ်ဆရာ)၊ သူခိုး ဥစ္စာရနိုးရနိုးနဲ့ ဥစ္စာစမ်းစမ်းစမ်းစမ်းနဲ့ ရှာဖွေနေတာ ဘာလောဘနဲ့တူလဲ (တဏှာလောဘနဲ့ တူပါတယ်ဆရာ)၊ နောက်ဥစ္စာထုပ် စမ်းရင်း ရှာဖွေနေရင်းကနေပြီးတော့ လက်ဆုပ်လက်ကိုင်မိသွားတာ ဘာနဲ့တူလဲ (ဥပါဒါန်လောဘနဲ့တူပါတယ်ဆရာ)၊ အဲဒါ လောဘချင်း မကွာလားကွ (ကွာပါတယ်ဆရာ)၊ အငယ်နဲ့ အကြီး ကွာမနေဘူးလား (ကွာပါတယ်ဆရာ)။

တဏှာနဲ့ဥပါဒါန်တို့၏ ဒုက္ခနှစ်မျိုးခွဲခြားနားပုံ

ဒါကြောင့် တဏှာလောဘက လိုချင်ကာမျှမတ္တပဲ ရှိသေးတယ်၊ ဥပါဒါန်လောဘက စွဲစွဲမြဲမြဲနဲ့ ပိုင်ပိုင်နိုင်နိုင်ကြီး မလွှတ်တမ်း ဆုပ်ကိုင်ထားတယ် ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ တဏှာလောဘ ပရိယေသနဒုက္ခအကြောင်းရင်းရှိတယ်တဲ့ တဏှာလောဘ၊ ပရိယေသနဒုက္ခဆိုတာ ရှာမှီးတဲ့အကြောင်းအရင်းခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော် သေသေချာချာ၊ တဏှာမှာရှိတဲ့ လောဘက ပရိယေသနဒုက္ခ အကြောင်းအရင်းရှိတယ်တဲ့၊ ဥပါဒါန်လောဘက အာရက္ခဒုက္ခအကြောင်းအရင်းရှိတယ်တဲ့၊ အာရက္ခဒုက္ခဆိုတာ စောင့်ရှောက်တာ၊ စောင့်ရှောက်ဆိုတာ ဖြစ်တဲ့ ဆင်းရဲခြင်းအကြောင်းခေါ်တယ်၊ ပရိယေသနဒုက္ခဆိုတာ ရှာမှီးခြင်းရဲ့အကြောင်းရင်းကြောင့်ဖြစ်တဲ့ ဒုက္ခခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ တဏှာလောဘက ရှာမှီးခြင်းအကြောင်းရင်းဆိုတဲ့ ဒုက္ခ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ရှာမှီးတာ လိုချင်ကာမျှမတ္တ နော် (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်လောဘကျတော့ စောင့်ရှောက်ခြင်းနှင့် အကြောင်းအရင်းရှိတဲ့ ဒုက္ခ၊ အာရက္ခဒုက္ခ။ တဏှာလောဘက ပရိယေသနဒုက္ခ၊ ဥပါဒါန်လောဘက အာရက္ခဒုက္ခ၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အေး ဒါဖြင့် ငါပိုက်ဆံလိုချင်လို့ ပိုက်ဆံရှာတယ်၊ ရောင်းတယ်, ဝယ်တယ်, သွားတယ်, လာတယ်, ဘာလောဘတုံး (တဏှာလောဘပါဆရာ)၊ အေး မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ငါသင်သင်ပေးနေတာ ဘယ့်နှယ့်ကောင်မှန်း မသိဘူး၊ နောက်တော့ရှာလို့ တစ်ထောင်မြတ်, ကိုးရာမြတ်, တစ်သောင်းမြတ်, မြတ်မလာဘူးလား (မြတ်လာပါတယ်ဆရာ)၊ အဲ့ဒီ ပိုက်ဆံတွေ မီးခံသေတ္တာထဲထည့်၊ အရိပ်တကြည့်ကြည့်နဲ့ တထိတ်ထိတ်တလန့်လန့် ကျီးလန့်စာ စားရသလို ညလဲ ကောင်းကောင်းမအိပ်ရ၊ နေ့လည်း ကောင်းကောင်းမအိပ်ရ။ ဒုက္ခတွေ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ ညကျ ဘယ်ကဝင်လာမတုံးဟ၊ ဘယ်အပေါက်ကများ ဖြဝင်လာမတုံးဟ၊ မီးခံသေတ္တာများ အုပ်သွားမလား၊ ဗျာက်တိုနဲ့လား သြဇာသီးနဲ့လား၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ တထိတ်ထိတ်တလန့်လန့် ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ မဆင်းရဲဘူးလား (ဆင်းရဲပါတယ်ဆရာ)။

http://www.dhammadownload.com

အာရက္ခဒုက္ခဆိုတဲ့ လောဘကြောင့် ရလာသော တဏှာလောဘကြောင့် ရလာတဲ့ပစ္စည်းကို စောင့်စည်းခြင်း၊ စောင့်ရှောက်ခြင်းတည်းဟူသော ဒုက္ခ၊ အာရက္ခဒုက္ခခေါ်တယ်။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တဏှာက ဘာဒုက္ခ (ပရိယေသနဒုက္ခပါဆရာ)၊ ပရိယေသနဒုက္ခ၊ ဥပါဒါန်က ဘာဒုက္ခ (အာရက္ခဒုက္ခပါဆရာ)၊ တဏှာက ပရိယေသနဒုက္ခဆိုတော့ မြန်မာလိုပြန်တော့ ဘာတုံး။ ရှာမှီးခြင်း (ရှာမှီးခြင်းပါဆရာ)။ တစ်ထောင်, တစ်သောင်းရအောင် ဟိုရှာဒီရှာ မရှာရဘူးလား (ရှာရပါတယ်ဆရာ)၊ အဲဒါ တဏှာလောဘ၊ ပရိယေသနဒုက္ခနော် (မှန်ပါတယ်ဆရာ)၊ နောက်တော့ တစ်ထောင်, တစ်သောင်းရလာပြီ ဟုတ်လား (ရလာပါတယ်ဆရာ)၊ ရလာတော့ နေ့မအိပ်ရ ညမအိပ်ရ၊ ဥစ္စာကခြောက်။ ညကျတော့လန့်၊ ဒီလိုမနေဘူးလား (နေပါတယ်ဆရာ)၊ စောင့်ရှောက်နေရတာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါဘာဒုက္ခ (စောင့်ရှောက်ခြင်းဒုက္ခပါဆရာ)၊ အာရက္ခဒုက္ခ။ ဒီကောင် ဘယ့်နှယ့်ကောင်မှန်းမသိဘူး။ အာရက္ခဒုက္ခ (အာရက္ခဒုက္ခပါဆရာ)၊ မြန်မာလိုပြန်တော့ ဘာတုံး (စောင့်ရှောက်ခြင်းပါဆရာ)၊ အေး စောင့်ရှောက်ခြင်းဒုက္ခ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒါကြောင့် တဏှာလောဘကအသေးစား၊ ဥပါဒါန်လောဘက အကြီးစားနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

"တဏှာပစ္စယာ ဥပါဒါနံ" တဏှာပစ္စယာ တဏှာတည်းဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တည်းဟူသော ဥပါဒါန်လေးပါးသည်။ သမ္ဘဝန္တိ၊ ဖြစ်ကြကုန်၏။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။ တဏှာက အကြောင်းတရား၊ ဥပါဒါန်က အကျိုးတရား၊ တရားကိုယ်တရားသား ကောက်ပါဆိုတော့ တဏှာက လောဘမူစိတ် (၈)ခုနဲ့ ယှဉ်သော လောဘစေတသိက် ဒါတရားကိုယ်တရားသား။ ဥပါဒါန်ကျပြန်တော့ ဥပါဒါန် တရားကိုယ်တရားသားတွေ တဏှာရဲ့ တရားကိုယ်တရားသားနဲ့ အတူတူပဲ၊ လောဘစေတသိက်ရ၏။ လောဘကြောင့် လောဘဖြစ်တယ်လို့ ဒီလိုဆိုလိုတယ်။ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ လောဘကြောင့် ဘာဖြစ်တယ် (လောဘဖြစ်ပါတယ်ဆရာ)၊ လောဘသည်ပင်လျှင် အကြောင်းတရား၊ လောဘသည်ပင်လျှင် အကျိုးတရား။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တဏှာရဲ့တရားကိုယ်တရားသားသည် လောဘစေတသိက်ရ၏၊ လောဘရ၏။ ဥပါဒါန်၏ တရားကိုယ်တရားသားသည် လောဘရ၏။ ဒီတော့ ဘာဖြစ်လဲ၊ အကြောင်းလည်း ဒီလောဘ၊ အကျိုးလည်း ဒီလောဘ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ လောဘတည်းဟူသော အကြောင်းကြောင့် လောဘဖြစ်တယ်၊ မှတ်ထားနော် သေသေချာချာ။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အဝိဇ္ဇာ, သခ်ါရ, ဝိညာဏ်, နာမ်ရုပ်, သဋ္ဌာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ။ အဝိဇ္ဇာကြောင့် သခ်ါရဖြစ်တယ်၊ သခ်ါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဋ္ဌာယတနဖြစ်တယ်။ အလွယ်သား၊

http://www.dhammadownload.com

ဒါပေမဲ့ တစ်လုံချင်း,တစ်လုံးချင်း တရားကိုယ်တရားသားနဲ့ သဘောအဓိပ္ပာယ် အကြောင်းအကျိုး ဆက်စပ်လာတဲ့ သဘာဝနဲ့ ဒီလို တစ်ခုချင်း,တစ်ခုချင်း တို့အားဖြင့် နားလည်ရမယ်၊ ရှင်းလင်းရမယ်။ ဒါကြောင့်

တို့ ဝိဇ္ဇာကစပြီးတော့ တစ်လုံးချင်း တစ်လုံးချင်း တရားကိုယ်တရားသားနဲ့ သဘောအဓိပ္ပာယ် အကြောင်းအကျိုးနဲ့ ပြ,ပြလာတာ၊ ဒါကြောင့် တဏှာရဲ့အဓိပ္ပာယ်ကိုပြသပြီး၊ တရားကိုယ်တရားသား သဘောအဓိပ္ပာယ် ယူဆပုံနဲ့ အလုံးစုံပြီးမြောက်လို့၊ အခု ဥပါဒါန် တစ်ခါကူးလို့ ဥပါဒါန်ရဲ့ တရားကိုယ် တရားသား ကောက်ပြန်တော့ လောဘရတယ်။ ဒါကြောင့် တဏှာတုန်းကလည်း လောဘ၊ ဥပါဒါန် လည်း လောဘဆိုတော့ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်ဆိုတော့ လောဘကြောင့် လောဘဖြစ်တယ် လို့ ဒီလို အဓိပ္ပာယ်ရတယ်။ မရဘူးလား (ရပါတယ်ဆရာ)၊ လောဘကြောင့် လောဘဖြစ်တယ်ဆိုတော့ ဒါနဲ့ လောဘကြောင့် လောဘဖြစ်တဲ့နေရာမှာ ဘာများထူးခြားသလဲ၊ အကြောင်းလောဘနဲ့ အကျိုး လောဘ အကြောင်းအကျိုး မထူးခြားလို့ရှိရင်လဲပဲ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့ သဘာဝ မရှိတန်ရာလို့ နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်။ ဒီတော့ အကြောင်းက လည်းလောဘ၊ အကျိုးကလည်းလောဘဆိုတော့ ဒီလောဘက အကြောင်းလောဘနဲ့ အကျိုးလောဘ သည် ဘာများထူးသလဲလို့ ထူးခြားပုံပြောပါဆိုတော့ တဏှာတုန်းက ဖြစ်တဲ့လောဘက လိုချင်ကာမျှ မတ္တ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊

ဒါကြောင့် တဏှာလောဘတုန်းက ပရိယေသနဒုက္ခ-ရှာမှီးခြင်းရဲ့အကြောင်းရင်းလို့ မဟုတ်ဘူး လား (မှန်ပါတယ်ဆရာ)၊ ရှာမှီးခြင်း အကြောင်းရင်းဖြစ်တဲ့ ဒုက္ခရတယ် တဏှာလောဘ။ ဒါကြောင့် ပရိယေသနဒုက္ခ-လိုချင်ကာမျှမတ္တ၊ လိုချင်ကာမျှလေးရှိတယ်တဲ့။ ဒါ လိုချင်တာလောဘ၊ လိုချင်တာ လောဘ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရူပါရုံလိုချင်တယ်၊ သဒ္ဒါရုံလိုချင်တယ်၊ ဂန္ဓာရုံလိုချင် တယ်၊ ရသာရုံလိုချင်တယ်၊ ဖောဋ္ဌဗ္ဗာရုံလိုချင်တယ်၊ ဓမ္မာရုံလိုချင်တယ်၊ ရူပါရုံ ကြိုက်တယ်၊ သဒ္ဒါရုံ ကြိုက်တယ်၊ ဂန္ဓာရုံ ကြိုက်တယ်၊ ရသာရုံ ကြိုက်တယ်၊ ဖောဋ္ဌဗ္ဗာရုံကြိုက်တယ်၊ ဓမ္မာရုံ ကြိုက်တယ် လိုချင်တာ ကြိုက်တာ၊ မက်မောတာ ဒါလောဘချည်း အကုန်လုံးနော်၊ ဒီတော့ တဏှာလောဘတုန်း ကတော့ လိုချင်ကာမျှ ရှိပါသေးတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လိုချင်ကာမျှရှိပါသေးတယ် တဲ့၊ ဥပါဒါန်လောဘကျတော့ မဟုတ်ဘူး၊ သူကျတော့ လာကတည်းက အာရက္ခဒုက္ခ စောင့်ရှောက်ခြင်း ရဲ့ အကြောင်းရင်းဖြစ်သောဒုက္ခ၊ ရပြီးသားကို စောင့်စည်းရပြီးသားကို မပြိုမကွဲအောင်, ဖရိုဖရဲမဖြစ် အောင်, မပျောက်မဆုံးအောင် စောင့်ရှောက်ခြင်းဆိုတဲ့ အာရက္ခဒုက္ခအကြောင်းရင်းရှိတယ်တဲ့၊

http://www.dhammadownload.com

ဥပါဒါန်လောဘ နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အာရက္ခဒုက္ခ၊ ဒီနှစ်ခု သေသေချာချာမှတ်ထား - တဏှာကတော့ ပရိယေသနဒုက္ခ၊ ဥပါဒါန်ကတော့ အာရက္ခ၊ ဒုက္ခချင်း ခြားနားသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် မြန်မာလို နားလည်အောင်ပြောတော့ တဏှာလောဘက လောဘ အသေးစားခေါ်တယ်၊ ဥပါဒါန်လောဘ လောဘအကြီးစားတယ်၊ ဒါကြောင့် ဦးကာဆရာပြသွားတဲ့ ဥပမာလေး - သူခိုးသည် ဥစ္စာထုပ်ကို စမ်းစမ်းရှာဖွေနေသော အဓိပ္ပာယ်နဲ့ တဏှာမှာဖြစ်ပေါ်နေသော လောဘနှင့် တူ၏။ ရသေးရဲလား (မရသေးပါဘူးဆရာ)၊ ရှာတုန်းရှိသေးတယ် နော် (မှန်ပါတယ်ဆရာ)၊ ပရိယေသနဒုက္ခနဲ့ ကိုက်ရဲ့လား (ကိုက်ပါတယ်ဆရာ)။

ဥစ္စာထုပ် မှောင်ထဲစမ်းစမ်း ရှာဖွေနေတဲ့ သူခိုးသည် ဥစ္စာထုပ်ကို လက်နဲ့ ဆုပ်မိကိုင်မိတဲ့အခါကျတော့ မလွတ်တမ်းအားဖြင့် မြဲမြံကြီးဆုပ်ကိုင်တဲ့သဘောနဲ့ ဥပါဒါန်လောဘနဲ့ တူ၏၊ ရဲရဲကြီးဆုပ်ကိုင်တယ်ဆိုတဲ့ လက်ထဲက မလွတ်အောင်, လက်ထဲက ပျောက်မသွားအောင်, လက်ထဲက ဆုံးပါးမသွားအောင် စောင့်ရှောက်ခြင်းဆိုတဲ့ အာရက္ခဖြစ်လာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ သူကျတော့ ပြင်းထန်လာတယ်တဲ့၊ ဒါကြောင့် သူကျတော့ လောဘအကြီးစားခေါ်တယ်၊ ဒါကြောင့် ဥပမာပြတော့ ဥပါဒါန်လောဘဟာ၊ ကြောင်များ ကြွက်ခဲသလို၊ ဖားကို မြွေခဲသလို မြွေမျိုသလိုတဲ့၊ မလွတ်တမ်းနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ပေါ့ပေါ့လျော့လျော့ လိုချင်ကာမျှမတ္တဆိုတဲ့ လောဘအသေးစားနဲ့ စွဲစွဲလန်းလန်း စွဲစွဲမြဲမြဲနဲ့ရရှိလာသော အာရုံကို သိမ်းဆည်းခြင်း၊ စောင့်ရှောက်ခြင်းတည်းဟူသော ဒုက္ခ၏အကြောင်းရင်း ဥပါဒါန်လောဘ၊ လောဘအသေးစားနဲ့ အကြီးစားကွာခြား၏။ ဒါဖြင့် ဥပါဒါန်လောဘဟာ ဘာဖြစ်လို့ဖြစ်ပေါ်လာသလဲဆိုတော့ တဏှာလောဘကြောင့်ဖြစ်လာတာတဲ့၊ ဥပါဒါန်လောဘဖြစ်ရခြင်းဟာ ဒါကြောင့် တဏှာမှာဖြစ်သော လောဘက လောဘကို အမှီပြု၏၊ ပြင်းထန်သော ဥပါဒါန်လောဘဖြစ်ရခြင်း၊ ဒါကြောင့် တဏှာလောဘသည် ဥပါဒါန်လောဘအား ဥပနိဿယသတ္တိအားဖြင့် ကျေးဇူးပြု၏။ ဒီတော့ တဏှာလောဘမှီရာဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ လိုချင်ကာမျှမတ္တဆိုတဲ့ တဏှာလောဘက အမှီပြု၍, အကြောင်းပြု၍, အမှီ သဟဲပြု၍ စွဲလမ်းသော ဥပါဒါန်လောဘကြီးဖြစ်ပေါ်၍လာတယ်၊ အကြောင်းအကျိုးဆက်စပ်သွားတယ် ဟုတ်ပြီးလား (မှန်ပါတယ်ဆရာ)၊ လိုချင်ကာမျှမတ္တဆိုတဲ့ တဏှာလောဘကသာမဖြစ်ရင် တကယ်စွဲလန်းသော ဥပါဒါန်လောဘကြီး ဖြစ်ကောင်းပါ့မလား (မဖြစ်နိုင်ပါဘူးဆရာ)၊ မဖြစ်ကောင်းဘူး၊ ဘာဖြစ်လို့၊ ဥပနိဿယပစ္စည်းမရှိလို့ နော် (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်လောဘဖြစ်တာဟာ ဥပနိဿယပစ္စည်းရှိမှ ဖြစ်နိုင်တယ်တဲ့၊ ဥပနိဿယပစ္စည်းအားဖြင့် ကျေးဇူးပြုတာ ဘယ်သူလဲဆိုတော့ တဏှာလောဘ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် တဏှာလောဘဖြင့် ဥပနိဿယသတ္တိအားဖြင့် ကျေးဇူးပြုးပေးလို့ တကယ်စွဲလမ်းသော ဥပါဒါန်လောဘကြီး ဖြစ်လာ၏။ ဒါကြောင့် ဥပါဒါန်လောဘသည် အကြီးစား၊ တဏှာလောဘသည် အသေးစား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါ "တဏှာပစ္စယာ ဥပါဒါနံ"၊ တဏှာတည်းဟူသော အကြောင်းကြောင့် ဥပါဒါန်လည်းဖြစ်၏။ အဲဒီ ဘဝသံသရာစက်ကြီးကို အမြဲတစေလည်စေတတ်တဲ့တဏှာ ဘယ်သူလဲဆို၊ ဘဝတဏှာ နော် (မှန်ပါတယ်ဆရာ)၊ ဝိဘဝတဏှာကြတော့ ဘာဖြစ်လို့ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါး၊ ထိုဒိဋ္ဌိနှစ်ပါးသည် သက္ကာယ ဒိဋ္ဌိအထင်ရှားရှိသောပုဂ္ဂိုလ်၏ အဖျက်တသန္တာန်၌သာလျှင် ဖြစ်တတ်၏။ ဒါကြောင့် သက္ကာယဒိဋ္ဌိ အထင်ရှားရှိတဲ့ ဘဝတဏှာနဲ့ ဝိဘဝတဏှာဆိုတဲ့ တဏှာနှစ်မျိုးသာလျှင် သံသရာစက်ရဟတ်ကြီးကို အဆက်မပြတ်လည်စေတတ်သော အကြောင်းရင်းတရားဖြစ်၏။ ဒါကြောင့် "တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ" ဒုတိယဘဝ ပဋိသန္ဓေသွားဖြစ်တယ်၊ ဒါကြောင့် တဏှာကြောင့် ဖြစ်ပေါ်လာသော ပြင်းထန်တဲ့ ဥပါဒါန်ဆိုတဲ့ လောဘဘယ်နှစ်မျိုး၊ ဘယ်နှစ်စားထွက်လာသလဲလို့ တွက်လိုက်တော့ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဥပါဒါန်တရားလေးပါး၊ ရလား (ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်) ရပြီလား၊ (ရပါပြီဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဥပါဒါန်တရား ဘယ်နှစ်ပါးတုံး (လေးပါးပါဆရာ)၊ ဘယ်သူတွေတုံး (ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်) ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ မှတ်မိပြီလား (မှတ်မိပါတယ်ဆရာ)၊ မေ့မပစ်နဲ့နော် (မမေ့ပါဘူးဆရာ)။

ဥပါဒါန်တရား ဘယ်နှစ်ပါးရှိတုံး၊ သူများမေးခဲ့သော် လေးပါးရှိ၏။ ဘယ်သူတွေတုံး ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီဥပါဒါန်တရားလေးတွေဟာ ဥပါဒါန်ဆိုတာ စွဲလန်းတာခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ စွဲလန်းတဲ့တရား ဥပါဒါန်ခေါ်တယ်။ ဒါကြောင့် စွဲလန်းတတ်တယ်ဆိုတဲ့ တရားဟာ ဘယ်နှစ်ပါးလဲလို့ ပုထုဇဉ်တို့သန္တာန်အဖြစ် လေးမျိုးလေးစား စွဲလန်းတတ်တယ်တဲ့ နားလည်ပြီးလား (နားလည်ပါပြီဆရာ)၊ စွဲလန်းခြင်းလေးမျိုးလေးစားဟာ ဘယ်သူကြောင့် ဖြစ်သလဲဆို၊ တဏှာကြောင့်ဖြစ်တယ်တဲ့၊ လိုချင်တာကြောင့် ဖြစ်တယ်တဲ့၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဘာလိုချင်တုံး၊ ရူပါရုံလိုချင်တယ်၊ သဒ္ဒါရုံလိုချင်တယ်၊ ဂန္ဓာရုံလိုချင်တယ်၊ ရသာရုံလိုချင်တယ်၊ ဖောဋ္ဌဗ္ဗာရုံလိုချင်တယ်၊ ဓမ္မာရုံလိုချင်တယ်၊ ငါးဖြာအာရုံကာမဂုဏ်လိုချင်တယ်၊ ဘဝလိုချင်တယ်၊ ဘဝမြဲတာ လိုချင်တယ်၊ ဘဝပြတ်တာလိုချင်တယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာ တဏှာသုံးပါးအရင်းခံလိုက်ပြန်တော့ ငါးဖြာအာရုံ ကာမဂုဏ်လိုချင်တာ၊ ဘဝမြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိအယူဝါဒ နှစ်သက်တာ

http://www.dhammadownload.com

လိုချင်တာ၊ ဘဝပြတ်တယ်ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ ဥစ္ဆေဒဝါဒ လိုချင်တာ၊ နှစ်သက်တာ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ နော် (မှန်ပါတယ်ဆရာ)၊ "တဏှာ သုံးတန် အရင်းခံ အာကာသံနဲ့မြောက်၊ တဏှာစင်စစ်၊ တစ်ရာ့ရှစ်၊ ဖြစ်လာမလွဲကောက်" အကြောင်း တဏှာတွေ ဒါတွေပဲ၊ အကုန်နော် (မှန်ပါတယ်ဆရာ)၊

အဲဒီတဏှာတွေကြောင့် ဥပါဒါန်ဖြစ်လာတယ်ဆိုတော့ ဥပါဒါန်ဆိုတာ မြန်မာလိုပြောတော့ ဘာလဲ စွဲလန်းတာစွဲသည်။ မြဲသည်၊ မလွဲနိုင်တော့ဘူးတဲ့နော် (မှန်ပါတယ်ဆရာ)၊ ခါလို့၊ ဖယ်လို့ မရတော့ဘူးတဲ့၊ ဒီအထိအောင် စွဲလန်းတယ် ဥပါဒါန်က ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ကြောင်က ကြွက်ကိုခဲသလို၊ ဖားမြွေမျိုသလို သေသေချာချာကြည့်၊ ဟုတ်လား မဟုတ်လားလို့ ဥပါဒါန်ရဲ့ သဘောလေး၊ လောဘတော့ နှစ်မျိုးစလုံး လောဘကြီးပဲတဲ့၊ တဏှာလည်းလောဘ၊ ဥပါဒါန်လည်း လောဘ ဒါဖြင့် အသေးနဲ့အကြီးစားကွာသလို တဏှာလောဘက အသေးစား၊ ဥပါဒါန်လောဘက အကြီးစား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီလို စွဲလန်းတယ် ပြင်းပြင်းထန်ထန် စွဲလန်းခြင်း ရှိသော ဥပါဒါန်ဆိုတဲ့ တရားဟာ ဘယ်နှစ်မျိုး ဘယ်နှစ်စားပြားလာသလဲ ဆိုတော့ ကာမုပါဒါန်တဲ့၊ ဒိဋ္ဌုပါဒါန်တဲ့၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်တဲ့၊ သင်တန်းဆိုတာ သင်တန်းနဲ့လည်း တူစေတယ်၊ သင်ခန်းစာလေးကလည်း ပါရမ္မာပေါ့ နော် (မှန်ပါတယ်ဆရာ)၊ မင်း ဒီက လေးငါးဆယ်ခေါက် လောက်ဆိုလို့ ရပြီဆို၊ ဒီပြင်လူတွေက မရလား (ရပါတယ်ဆရာ)၊ သြော်ဗျာ ရပါလိမ့်မယ်ခင်ဗျားလို့ ပြောရတယ်ဟ၊ ကဲ မပြောနိုင်ရင်ပြန်ဆို၊ မင့် ဒီက လေးငါးဆယ်ခေါက်လောက်ဆိုလို့ မင်းကိုယ်တိုင် ရသွားရင် ဒီပြင်လူတွေရော မရလားဟ (ရမှာပါဆရာ)။ ပါးသွားပြီ၊ ပါးသွားပြီ၊ သင်ခန်းစာအနေအားဖြင့် နော် (မှန်ပါတယ်ဆရာ)၊ ဒါလေးတွေကျတော့ အရဆောင်ထား၊ တဏှာဘယ်နှစ်မျိုးရှိလဲ အကျဉ်းအားဖြင့် (သုံးမျိုးပါဆရာ)၊ ဘယ်သူတုံး (ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာပါဆရာ)။

ကာမတဏှာဆိုတာ ဘာခေါ်တုံး (ငါးဖြာအာရုံ၊ ကာမဂုဏ်ပါဆရာ)၊ ကာမဂုဏ် ဘာပြုတုံး၊ (ငါးဖြာအာရုံကို လိုချင်နှစ်သက်တာပါဆရာ)၊ အဲဒီလို လုပ်စမ်းပါဟာ။ ဘဝတဏှာဆိုတာ ဘာတုံး (ဘဝမြဲချင်လို့ နှစ်သက်တာပါဆရာ)၊ ဘဝမြဲတဲ့ အယူကို နှစ်သက်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာဒိဋ္ဌခေါ်လဲ (သဿတဒိဋ္ဌပါဆရာ)၊ ဝိဘဝတဏှာဆိုတာ ဘာခေါ်တုံး (ဘဝပြတ်တဲ့ အယူကို လိုချင်နှစ်သက်တာပါဆရာ)၊ ဘဝပြတ်တဲ့အယူကို လိုချင်နှစ်သက်တာ ဝိဘဝတဏှာ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘာဒိဋ္ဌတုံး (ဥစ္ဆေဒဒိဋ္ဌပါဆရာ)၊ အေး ဟုတ်ပြီ။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တဏှာသုံးပါးထဲ အရင်းခံထားပြီးတော့ မြောက်သွားတဲ့တဏှာ ဘယ်လောက်ရှိလဲ (တစ်ရာနဲ့ရှစ်ပါး

http://www.dhammadownload.com

ရှိပါတယ်ဆရာ)၊ တစ်ရာ့ရှစ်၊ ဒီတဏ္ဍာသုံးပါးကို အရင်းထားပြီးတော့ ဘာနဲ့မြှောက်လဲ (အာကာသံနဲ့မြှောက်ပါတယ်ဆရာ)၊ အာ,က ဘာတုံး (အာရုံခြောက်ပါးပါဆရာ)၊ ကာ,က ဘာတုံး (ကာလသုံးပါးပါဆရာ)၊ သံ,က ဘာတုံး (သန္တာန်နှစ်ပါးပါဆရာ)၊ အေး-ဟုတ်ပြီ ပေါင်းလိုက်တော့ ဘယ်လောက်ရလဲ (တစ်ရာ့ရှစ်ပါးရပါတယ်ဆရာ)၊ အေး - တစ်ရာ့ရှစ်ပါး နော် (မှန်ပါတယ်ဆရာ)၊ "တဏ္ဍာ စင်စစ်၊ တစ်ရာ့ရှစ် ဖြစ်လာမလွဲကောက်" မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒါ ကိုယ့်အဇ္ဈတ္တ သန္တာန်အမှန်အားဖြင့် ဖြစ်နေတဲ့ တရားကိုယ်တရားသားတွေ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ ပေါ်လာတော့ ဒါတွေ ဉာဏ်နဲ့ ကြည့်ကြည့်,ကြည့်ကြည့်ပြီးတော့ ဩော် ပုထုဇဉ်သန္တာန်မှာ တဏ္ဍာဆိုတာ လိုချင်တတ်တယ်ဆိုတဲ့ တဏ္ဍာဟာ တစ်ရာနဲ့ ရှစ်မျိုးတောင် ပြားပါပဲ၊ ငါ့အဇ္ဈတ္တ သန္တာန်အမှန်အားဖြင့် ဖြစ်နေသော တရားတွေ နော် (မှန်ပါတယ်ဆရာ)၊ တစ်ရာ့ရှစ်မျိုးတောင် ရှိပါပဲလို့ တစ်ရာနဲ့ရှစ်မျိုး နော်။ ဘာတွေတုံး၊ တဏ္ဍာတွေပဲတဲ့။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီ တစ်ရာ့ရှစ်မျိုးသော တဏ္ဍာတွေ အကြောင်းခံခံပြီးတော့ ဒီလိုချင်မှုဆိုတဲ့ သဘောလေးတွေ အကြောင်းခံခံပြီးတော့ စွဲလန်းတယ်ဆိုတဲ့ ဥပါဒါန်ကြီးတွေ ဖြစ်ဖြစ်လာကြတယ်၊ ဥပါဒါန်လည်းရောက်ကရော လက်ကမလွှတ်၊ ဒါကြောင့် စွဲလန်းတယ်ဆိုတဲ့ တရားဟာ ဘယ်နှစ်ပါးလဲဆိုတော့ စွဲလမ်းခြင်းဟာ လေးမျိုးလေးစား ရှိတယ်။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်။ ကာမုပါဒါန်ဆိုတာ ကာမ+ဥပါဒါန် ပုဒ်ခွဲလိုက်တော့၊ ဒိဋ္ဌုပါဒါန်ဆိုတာ ဒိဋ္ဌိ+ဥပါဒါန်၊ သီလဗ္ဗတုပါဒါန်ဆိုတာ သီလဗ္ဗတ+ဥပါဒါန်၊ အတ္တဝါဒုပါဒါန်ဆိုတာ အတ္တဝါဒ+ဥပါဒါန် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပုဒ်ဆက်လျက်သာ ဆိုနေလို့ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်၊ စွဲလန်းခြင်းလေးမျိုး။ ပုထုဇဉ်တွေရဲ့သန္တာန်မှာဖြစ်ပေါ်နေတဲ့ စွဲလန်းခြင်းဆိုတဲ့ အစွဲကြီးလေးခု နော် (မှန်ပါတယ်ဆရာ)၊ အစွဲကြီးလေးခုကြည့်နော်။ တရားဆိုတာ တခြားထွက်ရှာလို့ရတာမဟုတ်ဘူး။ ကိုယ့်အဇ္ဈတ္တသန္တာန်မှာ အမှန်အားဖြင့် ဖြစ်ပျက်နေတဲ့ တရားတွေ သဘာဝအားဖြင့် -

အဘဘုရားကိုယ်တော်မြတ်က ချပြီးပြတယ်။ ဒါတွေ နားလည်အောင် လေ့လာကြတဲ့။ ဒါတွေ တတ်သိလိမ္မာအောင် သင်ကြ၊ ကြားကြတဲ့။ သုတ်, ဝိနည်း, အဘိဓမ္မာ,ဆိုတဲ့ ဒေသနာဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးကျမ်း၊ အဘဘုရား ကိုယ်တော်မြတ် သက်တော် ထင်ရှားရှိစဉ်အခါ ကိုယ်တိုင်ဟောထားတဲ့ တရားတွေနော် (မှန်ပါတယ်ဆရာ)၊ ဒီဒေသနာတွေဟာ အလကားလို့ မမှတ်နဲ့။ ဒီဒေသနာတွေဟာ သင်ဖို့,ကြားဖို့ တတ်မြောက်လိမ္မာအောင် ဆည်းပူးအားထုတ်ဖို့ ဟောတဲ့ဒေသနာတွေလို့။ ဒီဒေသနာတွေ သင်တော့,ကြားတော့ ဘာဖြစ်လဲ၊ သင်တော့,ကြားတော့ တတ်မြောက်လိမ္မာ၊ တတ်မြောက်လိမ္မာတော့ဘာဖြစ်။ တတ်မြောက်

http://www.dhammadownload.com

လိမ္မာတော့ နားလည်တယ်သိတယ်၊ သိတော့ဘာဖြစ်၊ မှာကြားတော်မူတဲ့အတိုင်း "ယောနိသော မနသိကာရ"အားဖြင့် နှလုံးသွင်းတတ်တယ်၊ ဆင်ခြင်တတ်တယ်၊ ရှောင်တတ် တိမ်းဖယ်တတ်တယ်တဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သင်လည်း မသင်ဘူးတဲ့။ မသင်ရင် မသိဘူးတဲ့၊ မသိတော့ ဘာမှမရှောင်တတ် မတိမ်းတတ်။ မရှောင်တတ် မတိမ်းတတ်တော့ ထင်ရာလုပ်တာပေါ့တဲ့။

"ပုထုဇ္ဇနော ဥမ္မတ္တကသဒိသော"။ ပုထုဇဉ်ဆိုတာ ဒီလိုပဲတဲ့။ ကိုယ်လုပ်တာ ကိုယ်အဟုတ်ထင်နေတာ လုပ်တာပဲတဲ့ ထင်ရာ၊ ဆရာမမေးဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ စာဆိုတာ ဆရာခေါ်တယ်၊ ဒါ မြတ်စွာဘုရားကိုယ်တော်မြတ်ကိုယ်တော်တိုင် ဟောထားတဲ့ ဒေသနာအစစ်တွေကဖြစ်တော့ ဒါဘုရားအစစ်လို့မှတ်ရမယ်။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မသိရင် ဒေသနာကျမ်းဂန်မေး၊ ဘုရား လျှောက်ထားမေးမြန်းထားလို့ ဟောသွားတာက လိုတယ်လို့မရှိဘူး ပိုသာပိုတယ်၊ တိတိကျကျနဲ့ အကွက်စိအောင် ဟောသွားတယ်။ လိုတယ်လို့မရှိပါဘူး။ မိမိတို့ ဉာဏ်မမီရင်သာနေကြတာ။

ဒါကြောင့် မသိရင် ဒေသနာမေးပေါ့တဲ့။ ဒေသနာနဲ့ ညှိပေါ့တဲ့။ ဒေသနာထဲပါရင် ဟုတ်ပြီလို့ ဒီလိုတွက်ရမယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အတ္တနောမတိ အနေအားဖြင့် တောင်စဉ်ရေမရ လျှောက်ပြီးတော့ ကိုယ့်အသိဉာဏ်လေးနဲ့ ထင်ရာ ဟောပြောပြသ လုပ်ကိုင်နေလို့ဖြစ်တာမဟုတ်ဘူးတဲ့။ လမ်းစဉ်ချထားတဲ့ လမ်းစဉ်အတိုင်း သွားကြရမှာလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သေသေချာချာကြည့်။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်၊ ဥပါဒါန် တရားလေးပါး။ မြန်မာလို အဓိပ္ပာယ်ရှင်းလိုက်တော့ ကာမုပါဒါန်ဆိုတာ ကာမဥပါဒါန်ခေါ်တယ်။ ငါးဖြာအာရုံ ကာမဂုဏ်တို့၌ စွဲလန်းခြင်းတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ တရားကိုယ်တရား သားကောက်တော့ လောဘရတယ်။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လောဘရတယ်၊ စွဲလန်းခြင်းလေးမျိုး တရားကိုယ် ချင်းမတူဘူး။ ကာမုပါဒါန်၊ ကာမဥပါဒါန် ငါးဖြာအာရုံ၊ ကာမဂုဏ်တရားတို့ကို စွဲလန်းခြင်းတဲ့။ တရားကိုယ်ကောက်တော့ ဘာရလဲ (လောဘပဲရပါတယ်ဆရာ)၊ ဟုတ်ပြီ၊ လောဘ နားလည်လား (နားလည်ပါတယ်ဆရာ)၊

ဒိဋ္ဌုပါဒါန်နှင့်စပ်လျဉ်း၍ ဒိဋ္ဌိဆယ်မျိုး

ဒိဋ္ဌုပါဒါန်တဲ့၊ "နတ္ထိ ဒိန္နံ နတ္ထိ ယိဋ္ဌံ" အစရှိသည်ဖြင့် ဟောကြားတော်မူအပ်သော ဒိဋ္ဌိကြီး ဆယ်ပါးတဲ့။ ပေးလှူခြင်းသည် အကျိုးမရှိ၊ ယဇ်ကြီး, ယဇ်ငယ် ပူဇော်ခြင်းသည် အကျိုးမရှိ။ မိအို ဖအို လုပ်ကျွေးခြင်းသည် အကျိုးမရှိ။ ရောက်လာသော ခရီးသည်ကို လုပ်ကျွေးခြင်းသည် အကျိုးမရှိ။

http://www.dhammadownload.com

ကုသိုလ်ကောင်းမှုပြုခြင်းသည် အကျိုးမရှိ နော် (မှန်ပါတယ်ဆရာ)၊ မှားသောအားဖြင့် ယူဆတယ်ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ အဲ့ဒီ အယူဝါဒကြီးကို စွဲလန်း ယုံကြည်နေတာ ဒိဋ္ဌုပါဒါန် တဲ့။ ဒိဋ္ဌိဥပါဒါန် မှားသောအားဖြင့် စွဲလန်းခြင်းတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒီ ဒိဋ္ဌုပါဒါန်ကို တရားကိုယ်ကောက်တော့ ဘာရလဲ၊ မသိဘူး၊ လောဘ ဟုတ်သေးရဲ့လားဟ (မဟုတ်ပါဘူးဆရာ)၊ ဘယ့်နှယ့် ဘာငြိမ်နေတာတုံး၊ စဉ်းစားတယ်ထင်တယ်။ ဒီနေရာကျတော့ လောဘဟုတ်သေးရဲ့လား (မဟုတ်တော့ပါဘူးဆရာ)၊ ကာမုပါဒါန်တုန်းက တရားကိုယ်ကောက်တော့ လောဘရတယ်ဟုတ်လား (လောဘရပါတယ်ဆရာ)၊ ဒီနေရာကျတော့ ဒိဋ္ဌိရသွားတယ်တဲ့ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒိဋ္ဌိရသွားတယ်၊ အယူမှားသွားပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ အယူမှားသော အယူကို စွဲလန်း ယုံကြည်ခြင်းတဲ့ လက်မလွတ်ဘူး၊ လက်မလွတ်ဘူး။ အင်မတန်ကြောက်စရာကောင်းတယ်။ ပေးတာ လှူတာ အကျိုးမရှိ။ ကောင်းကျိုးချမ်းသာပေးတယ်ဆိုတာ အကျိုးတရား မျှော်လင့်ချက်မရှိ။ ဒီထဲ ဘာတွေပါသွားလဲဆိုတော့ စောစောက ပြောသလို "နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ"ဆိုတဲ့ အတိုင်းပဲ။ ဒါန တွေရော၊ သီလတွေရော သမထတွေရော အကုန်ပါတယ်။ မိစ္ဆာအယူခေါ်တာပေါ့။

အခုနေ ဘာနဲ့တူလဲဆိုတော့ တို့ သာသနာ့ပြင်ပ နေကြတဲ့ လူမျိုးတွေရဲ့ အယူဝါဒနဲ့ ခပ်ဆင်ဆင် တူသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိအယူတဲ့။ ဒီအယူကို စွဲလန်းယုံကြည်မှု ဒိဋ္ဌုပါဒါန်တဲ့။ တစ်ခါလာပြန်ပြီ၊ သီလဗွတုပါဒါန်တဲ့။ သီလဗွတုပါဒါန် သူစွဲလန်းတာတော့ တခြားမဟုတ်ဘူး။ ခွေးလိုကျင့်၊ ခွေးလိုနေ၊ ခွေးလိုစား၊ ခွေးလိုသွား၊ နွားလိုကျင့်၊ နွားလိုနေ၊ နွားလိုစား၊ နွားလိုသွား။ ဒီကဲ့သို့ ခေါင်းပါးသော အကျင့်မျိုးသည်သာလျှင် နိဗ္ဗာန်မျက်မှောက်ပြုနိုင်တဲ့ နိဗ္ဗာန်ရောက်နိုင်တဲ့ အကျင့်ထူး အကျင့်မြတ်ပဲလို့ ယုံကြည်စွဲလန်းတဲ့ သဘောဟာ သီလဗွတုပါဒါန် ခေါ်၏ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ အယူဆိုးကိုစွဲလန်းယုံကြည်တာ သီလဗွတုပါဒါန်ခေါ်တော့ သီလဗွတုပါဒါန်ရဲ့ တရား ကိုယ်တရားသားက လောဘဟုတ်သေးရဲ့လား (မဟုတ်ပါဘူးဆရာ)၊ ဒီကျတော့ ဒိဋ္ဌိဖြစ်သွားရောနော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိဖြစ်သွားပြန်ပြီ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အယူမှားပဲပေါ့။

နောက်တစ်ခါ လေးနံပါတ် အတ္တဝါဒုပါဒါန်တဲ့။ အတ္တဝါဒုပါဒါန်ဆိုတာ အတ္တဝါဒခေါ်၊ အတ္တစွဲ၊ အတ္တဒိဋ္ဌိတဲ့။ အတ္တဝါဒအနေအားဖြင့် စွဲလန်းယုံကြည်တာ အတ္တဝါဒုပါဒါန် ခေါ်၏။ ငါဟုတ်တယ်၊ ပုဂ္ဂိုလ်ဟုတ်တယ်၊ သတ္တဝါဟုတ်တယ်၊ အသက်လိပ်ပြာဟုတ်တယ်၊ အကောင်အထည်ဟုတ်တယ်၊ ယောကျ်ားမိန်းမဟုတ်တယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ တုံး, တိုင်, တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, ဟုတ်တယ်လို့။ ဒီအယူဝါဒကို စွဲလန်းယုံကြည်တာ အတ္တဝါဒုပါဒါန် ခေါ်၏။ အတ္တဝါဒဥပါဒါန်လို့ အတ္တစွဲ ခေါ်တယ်။ အတ္တဝါဒနော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ဥပါဒါန်ကျတော့

http://www.dhammadownload.com

တရားကိုယ်တရားသား ကောက်တော့ လောဘ ဟုတ်သေးရဲ့လား (မရပါဘူးဆရာ)၊ ဘာကောက်ရလဲ (အယူမှားပါဆရာ)၊ ဒိဋ္ဌိ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)။

ဒီတော့ ဥပါဒါန်လေးပါး ပြန်ကြည့်စမ်း။ တဏှာလောဘတည်းဟူသော အကြောင်းကြောင့် ဥပါဒါန်ဆိုတဲ့ အကျိုးတရားကြီး ဖြစ်ပေါ် လာတော့ ထိုအကျိုးဥပါဒါန်တရား လေးပါးသည် ကာမုပါဒါန်။ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်လို့ စွဲလန်းခြင်းလေးမျိုး ပေါ် ထွက်လာတော့ ၎င်းစွဲလန်းခြင်းလေးမျိုးစလုံးမှာခြုံပြီး တရားကိုယ်ကောက်လိုက်တော့ လောဘနဲ့ ဒိဋ္ဌိရ၏။ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ လောဘနဲ့ ဒိဋ္ဌိရ၏။ ကာမုပါဒါန်က လောဘ၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်နဲ့ အတ္တဝါဒုပါဒါန်ဆိုတဲ့ ဥပါဒါန်သုံးပါးက ဒိဋ္ဌိ။ ဒီတော့ ဥပါဒါန်လေးပါး တရားကိုယ်ကောက်တော့ ဘာနဲ့ ဘာရလဲ (လောဘနဲ့ဒိဋ္ဌိရပါတယ်ဆရာ)၊ ဩော် လောဘနဲ့ ဒိဋ္ဌိ မှတ်မိသေးရဲ့လား (မှတ်မိပါတယ်ဆရာ)၊ လောဘနဲ့ ဒိဋ္ဌိတဲ့ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် သောတာပတ္တိမဂ်ဉာဏ်ရတော့ သောတာပတ္တိမဂ်ဉာဏ်က ဥပါဒါန်လေးပါးကို သတ်သွားလား။ လေးပါးလုံး အကုန်မသတ်နိုင်ပါဘူး။ ဘယ်သူ့ ဘယ်သူ့ သတ်သွားလဲဆိုတော့ ဒိဋ္ဌုပါဒါန်ရယ်၊ သီလဗ္ဗတုပါဒါန်ရယ်၊ အတ္တဝါဒုပါဒါန်ရယ် ဒီသုံးပါး သတ်သွားတယ် မှတ်ထား နော်။ မနေ့ညက ငါတစ်ခါပြောခဲ့ပေါ့။ အဘဘုရားကိုယ်တော်မြတ်ချပေးတဲ့ လမ်းစဉ်အတိုင်း ဖြူးဖြူးဖြောင့်ဖြောင့် မကောက်မကွေးဘဲနဲ့ လိုက်တတ်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်မယ်ဆိုတဲ့ တဏှာခန်းတုန်းက ငါပြခဲ့တယ်။ သဿတဒိဋ္ဌိဆိုတဲ့ အစွန်းကိုလဲ မည်စေရ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ အစွန်းကိုလဲ မည်စေရ နော် (မှန်ပါတယ်ဆရာ)၊ သဿတဝါဒလဲ မယုံကြည်ရဘူး၊ ဥစ္ဆေဒဝါဒနဲ့လည်း မယုံကြည်ရဘူး။ အစွန်းနှစ်ပါးလွတ်အောင် ရှောင်ရှားပြီးတော့ အလယ်ကြား မဇ္ဈိမပဋိပဒါလမ်းက သွားကြရမယ်။ ဒါမှ မြတ်စွာဘုရားကိုယ်တော်မြတ် ချတော်မူတဲ့ လမ်းစဉ်မှန်တယ်။ ဒီလမ်းက သွားမှ၊ သတ္တဝါတစ်ဦးတစ်ယောက်ရဲ့ အယူဝါဒတွေ သဿတအစွန်းဘက် ငြိနေလဲပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရကောင်း၊ ဥစ္ဆေဒအစွန်းဖက် ညိနေလဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရကောင်း နားလည်လား (နားလည်ပါတယ်ဆရာ)၊ မရကောင်းဘူး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် -

ဂင်းအစွန်းနှစ်ပါးကြားက လွတ်အောင် ရှောင်ရှားသွားရမယ်လို့။ ဘာပြုလို့ သဿတဝါဒလည်း ဒိဋ္ဌိ၊ ဥစ္ဆေဒဝါဒလည်း ဒိဋ္ဌိ။ ဒီနှစ်ပါးက ဘယ်ပုဂ္ဂိုလ်မျိုး ရှိသလဲလို့ မေးတော့ သက္ကာယဒိဋ္ဌိ အထင်အရှားရှိသောပုဂ္ဂိုလ်၌ အစွန်းညိတတ်သော အစွန်းနှစ်ပါးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ သက္ကာယဒိဋ္ဌိ ထင်ရှားရှိသောပုထုဇဉ်၌သာလျှင် သဿတစွန်း၊ ဥစ္ဆေဒစွန်းကို အစွန်းနှစ်ပါးကို ညိတတ်ပါတယ်တဲ့ ဟုတ်ရော

http://www.dhammadownload.com

ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သက္ကာယဒိဋ္ဌိ ကွာနေပြီ၊ သက္ကာယဒိဋ္ဌိ ရှင်းလင်းနေတဲ့ ပုဂ္ဂိုလ်ကျတော့ သဿတအစွန်း ညိပ့ါဦးမလား (မညိနိုင်ပါဘူးဆရာရဲ့)၊ ဥစ္ဆေဒအစွန်းရော ညိလို့ဖြစ်ပ့ါဦးမလား (မဖြစ်နိုင်ပါဘူးဆရာ)၊ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ, မဟုတ်ဘူး မရှိဘူးလို့ မှန်မှန်ကန်ကန် တိတိကျကျ သိနေပေ့ါကွ နော် (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါအနေအားဖြင့် သဿတဝါဒလဲ မဟုတ်၊ ဥစ္ဆေဒဝါဒလည်း မဟုတ်။ ဘဝမြဲတယ်လို့လဲ ငါမယုံ၊ ဘဝပြတ်တယ်လို့လဲ ငါမယုံ ဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သဿတအစွန်းနဲ့ ဥစ္ဆေဒအစွန်းတော့ လွတ်အောင် သွားတတ်ရဲ့လား (သွားတတ်ပါပြီဆရာ)၊ သဿတအစွန်းလွတ်အောင် သွားပြစမ်း။ ဘဝမြဲတယ်ဆိုတာ ငါမယုံဘူးဆိုတာ ဘာမြင်လို့ မယုံတာတုံး (ခဏငယ်သုံးချက်မြင်လို့ပါဆရာ)၊ မြင်ပုံလေး ပြောစမ်းပါဦး။

ဘဝမြဲတယ်၊ ဘဝမြဲတယ်။ ဘယ်တော့မှ မပြတ်ဘူး။ ဘဝမြဲတယ်ဆိုတဲ့ သဿတဝါဒကြီး ငါမယုံဘူးဆိုတာ ဘာမြင်လို့တုံး။ တစ်ပတ်လှည့် ခွေလိုက် သေလုမတတ် ဖြစ်နေပေ့ါ။ မျက်လုံးလေး ပြာကလပ် ပြာကလပ်နဲ့ပြောပြီးတာ တစ်ရက်လောက်ပဲရှိသေးတယ် လုပ်စမ်း (ဥပါဒ်, ဌီ, ဘင်,နဲ့ သွားနေတယ်၊ ခဏငယ်သုံးချက်၊ ဥပါဒ်အစွန်းနဲ့ညိပြီးတော့ သွားတတ်တာပါဆရာ) ဟော ဟော လုပ်ပြီ လုပ်ပြီ။ ဟော-သဿတဝါဒဆိုတာက ဘဝမြဲနေတယ်လို့ ယုံကြည်တဲ့ အယူဝါဒ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲဒီ အယူဝါဒကြီးက ဘာမြင်တော့ ပျောက်သွားတုံး၊ ဘာအစွန်းမြင်တော့ ပျောက်သွားတုံး (ဥပါဒ်အစွန်းပါဆရာ)၊ ဥပါဒ်အစွန်းထဲမှာ ခက်တော့တာပါပဲ။ ဘဝမြဲနေတယ်၊ ဘယ်တော့မှ မပြတ်ဘဲနဲ့ ဘဝကြီးတန်းနေတယ်၊ မြဲနေတယ်လို့ ယုံကြည်တဲ့ အယူဝါဒကြီးဟာ ဘာအစွန်းမြင်တော့ ပျောက်တုံး (ဘင်အစွန်းပါဆရာ)၊ ဘယ့်နှယ့် ဘင်အစွန်းရမတုံး (ပျက်ပြီးရင်း ပျက်ရင်း ပျက်ပြီးရင်း ပျက်ရင်းနဲ့ပါဆရာ)၊ ဩော် ပျက်ပြီးရင်း ပျက်ရင်း၊ ပျက်ပြီးရင်း ပျက်ရင်းနဲ့ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဟောဒီကောင် ငါ့လှိမ့်နေတာ ငါပြောပြီးထဲက သူတစ်ခါမှ စဉ်းစားတယ်မရှိဘူး။ စဉ်းစားရဲ့လား (မစဉ်းစားဘူးဆရာ)၊ ဩော် ဒီလိုပါဆို၊ ဒါကြောင့် နင်ဝေ့လည်ကြောင်ပတ်ဖြစ်နေတာ။ အခု စဉ်းစားလိုက်တော့ ပေါ်လာတယ်လား (နည်းနည်းတော့ ပေါ်လာပါတယ်ဆရာ)၊ ဘယ့်နှယ့်ပေါ်လာလဲ နည်းနည်း၊ နည်းနည်းလေးပေါ်ပြစမ်းပါ။ ဘယ့်နှယ့်မြင်တုံး။ မပျက်ဘဲ မြဲနေတယ်ဆိုတာမဟုတ်ဘူး။ သဿတဝါဒကြီး ငါမယုံဘူးဆိုတာ ဘာအစွန်းမြင်လို့တုံး (ဘင်စွန်းပါဆရာ)၊ ဩော် ဘင်အစွန်းမြင်တယ်ဟုတ်လား။ ဘယ့်နှယ့်မြင်တုံး (ပျက်ပြီးရင်း ပျက်နေလို့ပါဆရာ)၊ ပျက်ပြီးရင်း ပျက်နေတယ်၊ ပျက်ပြီးရင်း ပျက်နေတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အပျက်တွေက အမြဲဆက်ပျက်နေတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ မရပ်ဘူးလား (မရပ်ပါဘူးဆရာ)၊ ဘယ်တုန်းက စပျက်ခဲ့သလဲ (သံသရာအစကတည်းကစပျက်တာပါဆရာ)၊ ဩော် သံသရာအစကတည်းက တစ်ပျက်တည်း ပျက်နေတယ်

http://www.dhammadownload.com

ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပျက်ပြီးရင်း ပျက်ရင်း၊ ပျက်ပြီးရင်း ပျက်ရင်း။ ဒီလိုပဲလား (မှန်ပါတယ် ဆရာ)၊

ဥပါဒ်, ဌီ, ဘင်,နဲ့ ဘင်အစွန်းလေး ရှိနေတဲ့အခါကျတော့ တစ်ပျက်တည်း ပျက်နေတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သံသရာစပျက်တာလား (မှန်ပါတယ် ဆရာ)၊ အခုမရပ်သေးဘူးလား (မရပ်ပါဘူးဆရာ)၊ အခုလဲပျက် လျက်ပေါ့ (ပျက်လျက်ပါပဲဆရာ)၊ နောက်တော့ရော (ပျက်မှာ ပါပဲဆရာ)၊ ဘယ်ထိအောင် ပျက်မတုံး (ဘယ်တော့မှပြတ်မဟုတ်ပါဘူး)၊ ဩော်ဗျာ ဘယ့်နှယ့်ဖြေမှန်း ကို ငါမသိပါဘူး။ ဘယ်အထိအောင် သူပျက်နေမှာတုံးလို့ ငါမေးနေတယ် (နိဗ္ဗာန်မရောက်မချင်း ပျက်နေမှာပါဆရာ)၊ ဩော် - နိဗ္ဗာန်မရောက်မချင်း ပျက်နေမယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီအပျက်ဟာ မရပ်ဘူးပေါ့ (မရပ်ပါဘူးဆရာ)၊ တို့ အဲဒီလောက်တောင် ပျက်ပြီးရင်း ပျက်ရင်းနဲ့ အမြဲ တစေပျက်နေတဲ့ အပျက်တွေ မြင်တော့ မင်းရဲ့ ရုပ်နာမ်ခန္ဓာဆိုတဲ့ ဘဝကြီးဟာ မြဲတယ်ဆိုတာ မင်းယုံသေးသလား (မယုံပါဘူးဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် ဥပါဒ်, ဌီ, ဘင်,ဆိုတဲ့ ခဏငယ်သုံးချက် ဘင်အစွန်းလေး မင်းကြည့်တာနဲ့ မင်းစိတ်ထဲ အရင်က ယုံကြည်ထားတဲ့ ဘဝကြီး မြဲနေတယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သဿတဝါဒ၊ သဿတဒိဋ္ဌိကြီးဟာ ပယ်ပြီး သားဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဆရာ)၊ ယုံသေးရဲ့လား (မယုံတော့ပါဘူး ဆရာ)။

ဘယ်သူကပြောပြော မင်းမယုံဘူးပေါ့ (မယုံပါဘူးဆရာ)၊ ကိုယ်တွေ့ဖြစ်နေပြီပေါ့ (မှန်ပါတယ် ဆရာ)၊ ရုပ်သက်, နာမ်သက်, ခန္ဓာသက်, ပရမတ်သက်, ဓာတ်သက်သည်၊ ဥပါဒ်, ဌီ, ဘင်, ခဏငယ်သုံး ချက်သာ အသက်ရှိကြ၏။ ခဏငယ်သုံးချက်ထိ လိုက်ရင် ပျက်သွားရင်း၊ ခဏငယ်သုံးချက်ထိလိုက်ရင် ပျက်သွားရင်း၊ ပျက်ပြီးရင်း ပျက်ရင်း ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒီလို မရပ်မနားဘဲနဲ့ အမြဲတစေ ပျက်နေတဲ့အပျက်တွေ ဉာဏ်မျက်စိနဲ့ မြင်ကတည်းက, ဉာဏ်ထဲမှာ သိပြီးတော့ ရုပ်နာမ်ခန္ဓာ ခေါ်ထားတဲ့ ဘဝကြီးသည် မပျက်မစီးဘဲနဲ့ မြဲနေတယ်ဆိုတဲ့ သဿတဝါဒ ငါမယုံတော့ဘူး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)။ဒါဖြင့်ကောင်းပါပြီ၊ ရုပ် နာမ် ခန္ဓာဆိုတဲ့ မိမိတို့ဖြစ်စဉ် ဘဝကြီးသည် ဒီတစ်ခါဖြစ်ပြီး နောက်ထပ်မဖြစ်ဘူး ပြတ်ကရော။ ဥစ္ဆေဒဒိဋ္ဌိ၊ ဥစ္ဆေဒဝါဒ။ ဒီဝါဒကြီးကျတော့ ဘာမြင်ရင်ပျက်သွားလဲ (ဥပါဒ်အစွန်းပါဆရာ)၊ ဩော် ဥပါဒ်အစွန်းမြင်တော့ပျက်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဥပါဒ် အစွန်းက ဘယ်နှယ့်မြင်လဲ (ဖြစ်ပြီးရင်း ဖြစ်ရင်း၊ ဖြစ်ပြီးရင်း ဖြစ်နေပါတယ်ဆရာ)၊ ဩော် ဖြစ်ပြီးရင်း ဖြစ်ရင်း၊ ဖြစ်ပြီးရင်း ဖြစ်ရင်း ဟုတ်လား (မှန်ပါတယ်ဆရာ)၊ တစ်ဖြစ်ထဲ ဖြစ်နေတာပေါ့ (မှန်ပါတယ် ဆရာ)၊ အဖြစ်က နည်းနည်းလေးမှ မရပ်ဘူးလား (မရပ်ပါဘူးဆရာ)၊ ဘယ်ကစဖြစ်တာပါလိမ့် (သံသရာ အစကပါဆရာ)၊ ဩော် သံသရာအစက၊ အခုလဲဖြစ်ဆဲပေါ့ (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

နောက်တော့ကော (ဖြစ်မှာပါပဲ ဆရာ)၊ ဖြစ်ဦးမှာပဲလား (မှန်ပါတယ်ဆရာ)၊ ဘယ်အထိအောင် ဖြစ်မတုံး (နိဗ္ဗာန်မရောက်မချင်း ဖြစ်နေမှာပါဆရာ)၊ သြော်-နိဗ္ဗာန်မရောက်မချင်းဖြစ်မယ်၊ တစ်ဖြစ်ထဲဖြစ်နေတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ဆက်ကာဆက်ကာနဲ့ ဥပါဒ်, ဋ္ဌိ, ဘင်, ခဏငယ်သုံးချက်နဲ့ ရုပ်သက်၊ နာမ်သက်လေးတွေ သွားထိ။ ဉာဏ်မျက်စိထဲမှာ သေသေချာချာ ဝင်စမ်းကြည့်စမ်း။ လူတိုင်း လူတိုင်းပေါ့။ ငါတို့ ရုပ်သက်၊ နာမ်သက်သည် ဥပါဒ်, ဋ္ဌိ, ဘင်, ခဏငယ်သုံးချက်နဲ့ အမြဲတစေသွားနေတော့ ဥပါဒ်စွန်းလေးသည် အာရုံပြုလိုက် ရင် အာရုံစိုက်လိုက်ရင် တစ်ဖြစ်တည်း ဖြစ်နေတာပဲလို့ ဒီလိုတစ်ဖြစ်ထဲဖြစ်နေတဲ့ ဥပါဒ်အစွန်း မြင်ကတည်းက ရုပ်, နာမ်, ခန္ဓာ,ခေါ်ထားတဲ့ ဘဝကြီးသည် (တစ်နည်း) ရုပ်, နာမ်, ခန္ဓာ, အာယတနဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာကြီးသည် ဒီတစ်ခါဖြစ်ပြီးရင် နောက်ထပ်ပြီး မဖြစ်တော့ဘူး။ ဒီတစ်ခါ ဖြစ်ပြီးရင် နောက်ထပ်ပြီး မဖြစ်တော့ဘူး။ တစ်ခါတည်းပြတ်၊ တစ်ခါတည်းရပ်။ ဥစ္ဆေဒဒိဋ္ဌိ ယုံသေးလားဟ (မယုံတော့ပါဘူးဆရာ)၊ ယုံနိုင်စရာ အကြောင်းရှိသေးရဲ့လား (မရှိပါဘူးဆရာ)၊ တစ်ဖြစ်တည်းဖြစ်နေတာကို ဉာဏ်ကမြင်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ သမ္မာဒိဋ္ဌိဉာဏ်၊ ယထာဘူတဉာဏ်၊ ကခ်ီဝိတရဏဉာဏ်ဆိုတဲ့ ဉာဏ်သုံးရပ်ဟာ အတူတူပဲ။ သမ္မာဒိဋ္ဌိဉာဏ်ရယ်၊ ယထာဘူတဉာဏ်ရယ်၊ ကခ်ီဝိတရဏဉာဏ်ရယ် အတူတူပဲ သုံးဉာဏ်က နာမည်သာကွဲတယ်တဲ့။

ဒါကြောင့် သမ္မာဒိဋ္ဌိဉာဏ် ခေါ်ထားတဲ့ ယထာဘူတဉာဏ်ရဲ့ တန်ဖိုးများ မိမိတို့ ပညာမျက်စိနဲ့ ချိန်ထိုးကြည့်ကြစမ်း။ ယခုပစ္စုပ္ပန် ဆတ်ဆတ်ကလေး ပြနေဆဲအခါမှာ မိမိတို့ မဖောက်မပြန် မှန်ကန်တဲ့ ယထာဘူတဉာဏ်ရလိုက်တော့ ဒီဉာဏ်နဲ့ဝေဖန်လိုက်ရင် လွန်ခဲ့တဲ့ အနမတဂ္ဂသံသရာတစ်ခုလုံးလဲ ပြန်မြင်တာ၊ မမြင်ဘူးလား (မြင်ပါတယ်ဆရာရဲ့)၊ သြော် သံသရာအစကတည်းက ဘဝပေါင်းများစွာ ဒီလိုချည်းပဲလာခဲ့သကိုးလို့ မမြင်ဘူးလား (မြင်ပါတယ်ဆရာ)၊ လွဲစရာအကြောင်းမရှိဘူး။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လွဲစရာအကြောင်းမရှိဘူး။ သမုဒ္ဒရာ၊ မြစ်ရေမျက်နှာပြင်ကြီးသည် အင်မတန်ကျယ်တယ်၊ အင်မတန်များတယ်၊ ဘယ်လိုများများ၊ ဘယ်လိုကျယ်ကျယ် သမုဒ္ဒရာရေကို တစ်စွန်းလောက် ပါးစပ်ထဲခပ်ပြီးမြည်းကြည့်၊ မြည်းကြည့်လိုက်စမ်း။ ဘယ့်နှယ့်နေလဲ (ငန်ပါတယ်ဆရာ)၊ မြည်းဘူးလား (မမြည်းဖူးဘူးဆရာ)၊ ကြားတယ်၊ ငန်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကိုင်း မင်းမြည်းတာ တစ်စွန်းပေါ့ (တစ်စွန်းပါဆရာ)၊ ကျန်တဲ့ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် အနက်ဆောင်ထားတဲ့ သမုဒ္ဒရာထဲရှိတဲ့ ရေထဲက အဓိပ္ပာယ်အကုန်သိမသွားဘူးလား (သိသွားပါတယ်ဆရာ)၊ သိတယ်မို့လား (သိပါတယ်ဆရာ)၊ အကုန်လျှောက် မြည်းရဲ့လား (မမြည်းပါဘူးဆရာ)၊ မမြည်းဘဲနဲ့ သိတယ်ပေါ့ (မှန်ပါတယ်ဆရာ)၊ မှတ်ထား။

http://www.dhammadownload.com

ယထာဘူတဉာဏ် အခုပစ္စုပ္ပန် ဆတ်ဆတ်ကလေးအပေါ်မှာ တစ်ချက်လောက် မြင်လိုက်ရင် မဖောက်မပြန် မှန်ကန်သော အမြင်ဉာဏ်, ရုပ်သက်, နာမ်သက်, ခန္ဓာသက်၊ ဥပါဒ်, ဌိ, ဘင်,ဆိုတဲ့ ခဏငယ်သုံးချက်သာ အသက်ရှိ၏။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ အဟောင်းပျောက် အသစ်ရောက်၊ ဥပါဒ် ဌိ ဘင်ဖြစ်ပြီးပျက်။ ပစ္စုပ္ပန်ဆတ်ဆတ်ကလေး ဒီဉာဏ်ရတာနဲ့ ဒီကနေ ထိုင်ပြီးတော့ လွန်ခဲ့တဲ့ အနမတဂ္ဂ တစ်သံသရာလုံးလျှောက်ပြီးတော့ မျှော်မှန်းပြီးဝေဖန်စမ်း။ သံသရာ အစထိအောင် အကုန်မြင်တယ်မမြင်ဘူးလား (မြင်ပါတယ်ဆရာ)၊ တို့ ဘဝပေါင်းများစွာ တစ်သံသရာလုံး မှားချင်တိုင်းမှားလာတာ ဒီဉာဏ်မျိုး ဒီအသိမျိုးမရခဲ့လို့ မှားချင်တိုင်း မှားလာတာ။ မှားချင်တိုင်း မှားလို့ ကိုယ်ကျိုးနည်းပေါင်းများခဲ့ပြီလို့ နော် (မှန်ပါတယ်ဆရာ)၊ အခု ယထာဘူတဉာဏ်၊ သမ္မာဒိဋ္ဌိ ဉာဏ် အမြင်မှန် ပစ္စုပ္ပန်ပေါ်က ထိုင်ပြီးတော့ကြည့်လိုက် ဒီဉာဏ်နဲ့ ဖြန့်ပြီးကြည့်လိုက်ရင် သံသရာအစ ဒုတ်ဒုတ်ထိအောင် ငါမြင်ရပေါ့။ ဒါကြောင့် သံသရာအစကတည်းက တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ၊ ရုပ် နာမ် ခန္ဓာ အစဉ်ကြီးသာ အစဉ်မပြတ် တရစပ်၊ ဥပါဒ်, ဌိ, ဘင်, ဆိုတဲ့ ခဏငယ်သုံးချက်နဲ့ ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့ လာပါပဲလို့ မမြင်ဘူးလား (မြင်ပါတယ်ဆရာ)၊ မှားစရာရှိသေးလား (မရှိပါဘူးဆရာ)။။

ဒီကနေပြီးတော့ ယထာဘူတဉာဏ် တစ်လုံးရလို့ ယထာဘူတဉာဏ်ကိုင်ပြီးတော့ ကြည့်လိုက်တာနဲ့ သမုဒ္ဒရာရေတစ်စွန်း ခပ်မြည်းတာနဲ့ မတူဘူးလား (အတူတူပါပဲဆရာ)၊ ဒီဉာဏ်နဲ့ ဆန့်လိုက်တော့ အနမဂ္ဂသံသရာ၊ လွန်ပြီးသော အနမဂ္ဂသံသရာ၊ သံသရာတစ်ခုလုံး ပြန့်ပြီးတော့ ဒီအတိုင်းပဲဆိုတာ မြင်သွားတော့ မမြည်းဘဲနဲ့ ချန်ထားတဲ့ သမုဒ္ဒရာတစ်ပြင်လုံးရှိတဲ့ ရေတွေ အဓိပ္ပာယ် အကုန်သိတာနဲ့ မတူဘူးလား (တူပါတယ်ဆရာ)၊ ဘာမှထူးတာ မဟုတ်ဘူး၊ ဒါလက်တွေ့ ကိုယ်တွေ့။ ဝိပဿနာ ဆိုရင် မှားပါ့မလား (မမှားပါဘူးဆရာ)၊ ဒါပေမဲ့ လက်တွေ့ကိုယ်တွေ့ဆိုတော့ ကိုယ်နဲ့လဲ မထိ ကောင်းပါဘူး။ လက်နဲ့လဲ ကိုင်လို့ ရတာမဟုတ်ပါဘူး။ ဝိပဿနာဆိုတာ ဉာဏ်ပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ သက်သေသာဓကနဲ့ ထင်ရှားအောင် ပြောရင် လက်တွေ့ ကိုယ်တွေ့ ဝိပဿနာတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပဲလား မေးတော့ မဟုတ်သေးဘူး။ ပစ္စုပ္ပန်ပေါ်က ထိုင်ပြီးတော့ ဒီသမ္မာဒိဋ္ဌိဉာဏ်အမြင်နဲ့ မျှော်မှန်းကြည့်တဲ့ အနာဂတ်၊ အတိတ်ပြီးတော့ အနာဂတ် လှည့်မျှော်လိုက်စမ်း၊ နိဗ္ဗာန်မရောက်မချင်း ဒုတိယဘဝက အစ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌ၊ သတ္တမ အစရှိသည်ဖြင့် ဖြစ်အုံးမယ်၊ ဖြစ်လိမ့်အုံးမယ်ဆိုတဲ့ "အနမတဂ္ဂ တစ်သံသရာ"လုံးလည်း ဒီနည်းအတိုင်း သွားမှာပဲ၊ ရုပ်နာမ်ခန္ဓာအစဉ်၊ ဥပါဒ်, ဌိ, ဘင်,နဲ့ ဟုတ်ကောဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ မမြင်သေးဘူးလား (မြင်ပါတယ်ဆရာ)၊ မှားသေးလားဟ (မမှားပါဘူးဆရာ)၊ အဲ့ဒါလက်တွေ့

http://www.dhammadownload.com

ကိုင်ပြတာနဲ့ ဘာမှမထူးဘူး၊ သမုဒ္ဒရာရေတစ်ဇွန်းမြည်းတာနဲ့ ထူးသေးလား (မထူးပါဘူးဆရာ)၊ တစ်ဇွန်းတည်းမြည်းပေမယ့် ကျန်တာကို ဒီအဓိပ္ပာယ်ပဲပြောရင် မှားပါ့မလား (မမှားနိုင်ပါဘူးဆရာ)၊ကိုယ်တိုင်မြည်းသလိုပါပဲလို့ ဒါလက်တွေ့၊ ကိုယ်တွေ့ခေါ်ပါတယ်။ ဉာဏ်ထဲမှာမြင်တဲ့ အသိဉာဏ်ခေါ်တယ်။

ဒါကြောင့် သဿတဝါဒနှင့်ဥစ္ဆေဒဝါဒဆိုတဲ့ ဒီအယူနှစ်ပါးကို ရှောင်ရှားလို့ မဇ္ဈိမပဋိပဒါလမ်းက လွတ်အောင် သွားကြ၊ ငါဘုရားကိုယ်တော်မြတ်ကတော့ နောင်တော့်နောင်တော် ရှေးဘုရားများကဲ့သို့ ကောင်းသော လားခြင်း၊ ကောင်းသော သွားခြင်း၊ ယခုပြနေတဲ့ မဇ္ဈိမပဋိပဒါလမ်းက သွားလို့ "သုဂတ" ဟူသော ဂုဏ်တော်ရတော်မူတယ်လို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မှတ်ထားနော်၊ တန်ဖိုးရှိတဲ့ အခန်းလေးတွေမို့ သေသေချာချာ။ ဒါ့ကြောင့် ရမ်းမလုပ်ကြနဲ့လို့၊ ရမ်းမလုပ်ကြနဲ့ပြောတာ၊ သင်ရေးကြားရေးရှိကြ၊ သူတော်ကောင်းတရားနာကြားရတယ်၊ သူတော်ကောင်းတရားနာကြားမှ အသိဉာဏ်ပညာရတယ်၊ အသိဉာဏ်ပညာရမှ ယောနိသော မနသိကာရ-မှန်ကန်တဲ့ နှလုံးသွင်းမှု ရှိကြတယ်။ ဆင်ခြင်စဉ်းစားဝေဖန်ကြတယ်၊ ပွားများကြတယ်၊ ဒီလိုသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဆင်ကန်းတောတိုး အကျိုးအကြောင်း ဘာမှလဲမသင်မကြား ဘာမှလဲမသိဘဲနဲ့ ဘာတွေလုပ်လို့ ဘယ့်နှယ်ဖြစ်မှာတုံး ခဲယဉ်းတယ်၊ မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ)၊ အဲဒီလိုသာ ဘာမှမသင်မကြားဘဲနဲ့ လုပ်တိုင်းဖြစ်မယ်ဆိုလို့ရှိရင် မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်း ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ပိဋကတ်သုံးပုံလည်း ဟောစရာမလို၊ ထားစရာမလို နော် (မှန်ပါတယ်ဆရာ)။

တချို့ပြောသေးတယ်၊ စာသင်တာ အပိုပါပဲလို့ စာတတ်မြောက်ဖို့မလိုပါဘူး၊ စာတတ်ဖို့ မလိုပါဘူး၊ အင်မတန်ကြောက်စရာကောင်းတဲ့ ဆရာတွေပဲလို့ မှတ်ထားနော်၊ ဘယ်တောမှ မယုံကြည်နဲ့၊ တကယ်တမ်း သူတို့ပြောသလိုသာ တန်ဖိုးမရှိဘူးဆိုရင် မြတ်စွာဘုရားကိုယ်တော်မြတ် ဒီပိဋကတ်သုံးပုံ ဟောပေးခဲ့စရာမလိုဘူး၊ တကယ့်ပညာရှိ သူတော်ကောင်း အစစ်ကြီးတွေလည်းပဲ ပိဋကတ်သုံးပုံကြီးတစ်လှည့်နဲ့တစ်လှည့် ဆက်ဆက်ဆက်ဆက်ပြီးတော့ မပျောက်မပျက်အောင် စောင့်ရှောက်နေစရာလည်း မလိုဘူး၊ မြန်မာလို တိုတိုပြောတော့ သင်္ဂါယနာတွေ ဆက်ကာဆက်ကာ တင်စရာလည်း မလိုဘူး၊ လိုသေးလားကွ (မလိုပါဘူးဆရာ)၊ အေး ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကိုယ်စား ထားတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးကျမ်း ဆိုတဲ့ ကျမ်းအစောင်စောင်တွေ၊ ပိဋကတ်အစောင်စောင်တွေ၊ ဒေသနာအစောင်စောင်တွေ၊ ဘုရားအဆူဆူတွေ ပျောက်မှာစိုးလို့, ပျက်မှာစိုးလို့ တစ်လက်နဲ့တစ်လက်၊ ဆက်ကာဆက်ကာ လက်ဆင့်ကမ်းပြီးတော့ သင်္ဂါယနာတင်တော်မူကြရတယ်လို့ မသိရင် လျှောက်ထားဖို့၊ မသိရင် မေးဖို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

အတ္တနောမတိအနေအားဖြင့် ရမ်းလုပ်လို့ ဖြစ်တယ်လို့မထင်နဲ့၊ အရိုးကြေကြေ အရေခန်းခန်း ဝီရိယအားကိုး ငါကြိုးစားရင် ဖြစ်မယ်ဆိုတာ တို့ဘုရားပဲ ရှိမယ်နော် (မှန်ပါတယ်ဆရာ)၊ ဆရာမရှိဘဲနဲ့ တတ်တာ တို့ဘုရားပဲရှိတယ်၊ ဒါ့ကြောင့် "သမ္မာသမ္ဗုဒ္ဓ" ဟူသော အမည်ကို ရတော်မူ၏။ ဆရာမရှိ မိမိအလိုအားဖြင့် သိတော်မူလို့ သစ္စာလေးပါးတရားကို ထိုးထွင်း၍သိတော်မူသောကြောင့် "သမ္မာ သမ္ဗုဒ္ဓ"ဟူသော အမည်ထူးရတာ၊ "သမ္မာ သာမဥ္စ သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ သမ္မာသမ္ဗုဒ္ဓေါ်" ကိုယ်တော် တိုင်အားဖြင့် ဆရာမရှိဘဲနဲ့ သိတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီမှတစ်ပါးတော့ သင်မှ ကြားမှ နာယူမှ မှတ်သားမှ ဒါမှ မိမိအသိဉာဏ်ပေါ်မယ်၊ အသိဉာဏ်ပေါ်မှ ယောနိသော မနသိကာရအနေအားဖြင့် နှလုံးသွင်းတတ်မယ်တဲ့။ ဒီလိုနှလုံးသွင်းမှလည်းပဲ တရားရနိုင်တယ်လို့ ဒီလိုဆိုလိုပါတယ်။ ဒါကြောင့် ဒီနေရာလေး ဆက်ဆက်ပြီးပြနေတဲ့ သဘာဝက တခြားမဟုတ်ပါဘူး။ တဏှာတုန်းကလည်းပဲ ကာမ တဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ,လို့၊ ကာမတဏှာဆိုတာက ငါးဖြာအာရုံ ကာမဂုဏ်လိုချင်နှစ်သက်မှု လောဘ နော် (မှန်ပါတယ်ဆရာ)၊ ဘဝတဏှာ တရားကိုယ်ကောက်တော့ ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ။ ဝိဘဝ တဏှာတရားကိုယ်ကောက်တော့ ဥစ္ဆေဒဒိဋ္ဌိ ဒီလိုမနေဘူးလား (မှန်ပါတယ်ဆရာ)၊ အဲဒီတဏှာသုံးတန် အရင်းခံပြီး ဖြစ်ပေါ်လာတဲ့ ဥပါဒါန်ဆိုတဲ့ အကျိုးတရားလေးပါးကျတော့ ဘာဖြစ်လဲ ကာမုပါဒါန်၊ တရားကိုယ်ကောက်တော့ လောဘ၊ ဒိဋ္ဌုပါဒါန် တရားကိုယ်ကောက်တော့ ဒိဋ္ဌိ၊ သီလဗ္ဗတုပါဒါန် တရားကိုယ်ကောက်တော့ ဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်တရားကိုယ်ကောက်တော့ ဒိဋ္ဌိ နားလည်လား (နားလည်ပါတယ်ဆရာ)။

ဒါကြောင့် သောတာပတ္တိမဂ်ဉာဏ်သည် ဥပါဒါန်တရားလေးပါးရှိတဲ့အနက်က ဒိဋ္ဌုပါဒါန်ရယ်၊ သီလဗ္ဗတုပါဒါန်ရယ်၊ အတ္တဝါဒုပါဒါန်ရယ် ထိုဒိဋ္ဌိတရားကိုယ်ရသော ဥပါဒါန် တရားသုံးပါးကို သော တာပတ္တိမဂ်သည် ပယ်၏။ ကြည့်စမ်း၊ အရေးကြီးဆုံးတွေ သတ်သွားတယ် နားလည်လား (နားလည် ပါတယ်ဆရာ)၊ မဂ်ကသတ်သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘယ်သူကျန်နေတုံး။ (ကာမုပါဒါန် ကျန်နေပါတယ်ဆရာ)၊ ဟော ကာမုပါဒါန် ကျန်နေတယ်၊ ကာမုပါဒါန် အရေးကြီးသလား (မကြီးပါဘူး ဆရာ)၊ မကြီးဘူးပေါ့၊ (မကြီးပါဘူးဆရာ)၊ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ အရေးကြီးဆုံးတွေ သတ်သွားတယ်။ အကြမ်းဆုံး ကြောက်စရာအကောင်းဆုံးတွေ သတ်သွားတယ်။ ဘယ်သူတုံး ဒိဋ္ဌုပါ ဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်သတ်သွားတယ်။ ဘာတွေတုံး သူတို့က ဒိဋ္ဌိတွေပေါ့ နော် (မှန်ပါတယ်ဆရာ)၊ သက္ကာယဒိဋ္ဌိအထင်အရှားရှိသော ပုဂ္ဂိုလ်သာလျှင်တဲ့၊ သဿတဝါဒရှိလာပြီဆိုမှဖြင့် ဘာလုပ်သလဲလို့ ကြည့်နော်၊ ကူးပုံလေးတွေ၊ သဿတဝါဒရှိသောပုဂ္ဂိုလ် အဲပြန်ပြောဦးမယ်၊ နား ထောင်ပါဦး၊ အဇ္ဈတ္တသန္တာန်မှာ သက္ကာယဒိဋ္ဌိ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ,ဆိုတဲ့ အယူဝါဒယုံကြည်သော

http://www.dhammadownload.com

သက္ကာယဒိဋ္ဌိရှိသော ပုထုဇဉ်သည်သာလျှင် သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိဖြစ်တတ်ပါတယ်တဲ့ နားလည်လား (နားလည် ပါတယ်ဆရာ)၊ သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိ ဘယ်ပုဂ္ဂိုလ်မျိုးဖြစ်တယ်၊ (သက္ကာယဒိဋ္ဌိအစွဲရှိတဲ့ လူမျိုးရှိပါတယ်ဆရာ)၊ ဩော် သက္ကာယဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်သာလျှင် သဿတဝါဒနဲ့ဥစ္ဆေဒဝါဒဖြစ်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သက္ကာယဒိဋ္ဌိကွာနေတဲ့ပုဂ္ဂိုလ်ကျတော့ မရှိဘူးလား (မရှိပါဘူးဆရာ)၊ ရှိနိုင်စရာ အကြောင်းကောရှိသေးလား (မရှိပါဘူးဆရာ)၊ သက္ကာယဒိဋ္ဌိကွာသွားပြီ၊ ရှင်းသွားပြီ၊ လင်းသွားပြီဆိုတော့ သဿတလည်းပြုတ်၊ ဥစ္ဆေဒလည်းပြုတ် မပြုတ်ဘူးလား (ပြုတ်သွားပါတယ်ဆရာ)။

ဒါကြောင့် တို့သင်တန်းသူ သင်တန်းသားတွေ မှတ်ထားပါနော်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရတာ မရတာ ဣန္ဒြိယပရိပါကခေါ်တယ်၊ အခု ငါမဂ်လည်းမရပါဘဲ မရသေးရင် ဣန္ဒြိယပရိပါက-ဣန္ဒြေရဲ့ ရင့်ကျက်မှုကို လိုသေးလို့ ဒီလိုတွက်ထား၊ မဂ်တံခါး ဖိုလ်တံခါးတော့ ဖွင့်ပြီးသားဖြစ်ပြီ။ ဘာကြောင့် တို့ သဿတဝါဒ, ဥစ္ဆေဒဝါဒ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဆိုတဲ့ အစွန်းနှစ်ပါး တို့လွတ်သွားပြီ၊ ဘာဖြစ်လို့ သက္ကာယဒိဋ္ဌိ ကွာနိုင် ရှင်းနိုင် လင်းနိုင်တယ်ဆိုကတည်းက ဒီဒိဋ္ဌိနှစ်ပါးက လွတ်သွားပြီ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သင်တန်းလိုက်တဲ့သူတွေ လျှောက်မေး၊ မင်းသဿတဝါဒ ယုံသေးလားလို့ မေး၊ ဘယ်နှစ်ခါမေးဖူးလဲ၊ (တစ်ခါမှ မမေးဖူးဘူး)၊ တစ်ခါမှ မမေးဖူးဘူးလား (မမေးဖူးဘူးဆရာ)၊ မင်းစိတ်ထဲရော ငါမေးကြည့်ရင် ဘယ်လိုဖြေမလဲ တွေးကြည့်သေးလား၊ တို့သင်တန်းသူ သင်တန်းသားတွေ ဘဝမြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိ၊ သဿတဝါဒ ရှိကြသေးလားလို့ ဒီလိုမေးရင်း ဘယ်လိုဖြေမယ် ထင်တုံး၊ (မရှိဘူးလို့ ဖြေမှာပါဆရာ)၊ တကယ်ဟုတ်ပါ့မလားဟ (တကယ်ပါဆရာ)၊ မရှိဘူးလို့ သူဖြေမယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဖြေလိမ့်မယ် ထင်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါဆို သူသဿတဒိဋ္ဌိ မယုံဘူးပေါ့၊ (မယုံတော့ပါဘူးဆရာ)။

သဿတဝါဒကွာပုံ ရှင်းပုံလေးတော့ မှတ်မိသေးရဲ့လား (မှတ်မိပါတယ်ဆရာ)၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့်ရင် တို့သင်တန်းသူသင်တန်းသားတွေ ဒီဘဝပြီးလို့ရှိရင် သေဆုံး၊ လောင်တိုး ဘဝပြတ်ကရော၊ ဥစ္ဆေဒဒိဋ္ဌိများ ရှိကြသေးသလားမေးရင် ဘယ့်နှယ့်ပြောမလဲ (နဂိုကတည်းက မရှိတာပါဆရာ)၊ ဩော် ဒါကတော့ နဂိုထဲကမရှိဘူးလား (မှန်ပါတယ် ဆရာ)၊ ဒီကောင်တော်သား နည်းနည်းညံ့နေတယ် နော်၊ မဆိုးဘူးဟ၊ မှတ်တာလေးတွေ သဿတဝါဒရှိကြတဲ့ပုဂ္ဂိုလ် ဥစ္ဆေဒမရှိနိုင်ဘူးလား (မရှိနိုင်ပါဘူးဆရာ)၊ ဥစ္ဆေဒရှိတဲ့လူလည်း သဿတ မရှိနိုင်ဘူးလား (မရှိနိုင်ပါဘူးဆရာ)၊ အယူဝါဒနှစ်ခုတွဲတော့ မရှိကောင်းဘူးပေါ့ (မှန်ပါတယ်ဆရာ)၊ အေး ဒါဖြင့် တို့ ကံ, ကံ၏အကျိုးယုံကြည်တယ်ဆိုတဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ မှန်သမျှ ဘာဝါဒတုံးဟ (သဿတဝါဒပါဆရာ)၊ ဩော် သဿတဝါဒသမားတွေ ဟုတ်လား (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com

ဟိုဘဝက ငါဘယ်လို ကုသိုလ်ကောင်းမှုပြုလို့ အခုဘဝ ဘယ်လိုအတန်းအစားလာဖြစ်တယ်၊ ပုဂ္ဂလ သတ္တ အတ္တ အယူမှားတွေကိုကွ နော် (မှန်ပါတယ်ဆရာ)၊ အခုဘဝလည်း ကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ်တယ်၊ နောက်ဘဝ ဘာတွေဖြစ်ဦးမယ် ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလ (မှန်ပါတယ်ဆရာ)၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါး ဘဝသုံးပါးမှာ ပုဂ္ဂလ သတ္တ အတ္တ ဇီဝအနေနဲ့ သူက မှန်တမ်းနေတဲ့ ပုဂ္ဂိလ်တွေကိုးကွ နော် (မှန်ပါတယ်ဆရာ)။

ဒါ "ကမ္မဒ္ဓ၊ ကမ္မဖလဒ္ဓ သဒ္ဓဟိတွာ" ဆိုကတည်းက ယြော် သဿတအစွဲတွေပဲလို့ မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ သဿတအစွဲတွေပဲလို့ ပုဂ္ဂိုလ် သတ္တဝါအနေအားဖြင့် တွေးဆတယ်။ ပရမတ်သဘောနဲ့ ကြည့်ရင် ပုဂ္ဂိုလ်လဲ မရှိ၊ သတ္တဝါလဲ မရှိ၊ ကုသိုလ်ကံ အကုသိုလ် လုပ်တတ်တဲ့ ပုဂ္ဂိုလ်လဲ မရှိ၊ ခံစားတတ်တဲ့ ပုဂ္ဂိုလ်လဲ မရှိ၊ "ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ ဝေဒကော နတ္ထိ" ဆိုတဲ့ ပါဠိတော်အရပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ ပြုတဲ့ လုပ်တဲ့လူ ရှိသလားဟ (မရှိပါဘူးဆရာ)၊ မရှိဘူးလား (မရှိပါဘူးဆရာ)၊ ကုသိုလ်ကံ၊ အကုသိုလ်ကံရဲ့ အကျိုးကို ခံစားတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ရှိသလား (မရှိပါဘူးဆရာ)၊ မရှိပါဘူး။ သေသေချာချာကြည့်လိုက် ဒီရုပ် နာမ် ခန္ဓာပဲ အကြောင်းအကျိုးဆက်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အဝိဇ္ဇာကစပြီးတော့ အဝိဇ္ဇာပစ္စယာ သခါရာ၊ သခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ"။ လည်လာလိုက်တာ မလည်ဘူးလား (လည်နေပါတယ်ဆရာ)၊ အေး - ခုနေရင်းထိုင်းရင်းလဲ အမြဲတစေလည်နေကြတယ်။ မင်းတို့ ငါတို့မှာ စက္ခု၊ သောတ, ဃာန, ဇိဝှါ, ကာယ, အခံမာတ်ခြောက်ပါး မရှိဘူးလား (ရှိပါတယ်ဆရာ)။

ရူပ, သဒ္ဒ ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မဆိုတဲ့ အတိုက်ခံတ်ကြီး ခြောက်ပါး မရှိဘူးလား (ရှိပါတယ်ဆရာ)၊ သူတို့နှစ်ခုက မျက်နှာချင်းဆိုင်တိုင်း၊ ဆိုင်တိုင်း တိုက်တယ် မနေဘူးလား (တိုက်နေပါတယ်ဆရာ)၊ တိုက်တိုင်း တိုက်တိုင်းနဲ့ ဝေဒနာလေးတွေ၊ ဖဿလေးတွေ၊ ဝေဒနာလေးတွေ ပေါ်ပေါ် မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ ဝေဒနာလေးတွေပေါ်လာလို့ တဏှာတွေ မဖြစ်ဘူးလား (ဖြစ်လာပါတယ်ဆရာ)၊ တဏှာဖြစ်တော့ ဥပါဒါန် မဖြစ်ဘူးလား (ဖြစ်လာပါတယ်ဆရာ)၊ ဒါကြောင့် အတိုက်ခံတ်၊ အခံမာတ် နှစ်ပါးကို စပြီးတော့ တွဲကြည့်စမ်း။ "စက္ခုံ စ ရူပေ စ ပဋိစ္စ စက္ခုဝိညာဏံ ဥပ္ပဇ္ဇတိ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ" မလာဘူးလား (လာပါတယ်ဆရာ)၊ အဲဒါ ထိုင်နေရင်း ပဋိစ္စသမုပ္ပါဒ်က လည်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ လက်စသတ်တော့ ဒီလိုကိုး။ အခေါက်ပေါင်းလည်း မရေတွက်နိုင်ဘူး။

http://www.dhammadownload.com

တော်ကြာ "စက္ခုံ စ ရူပေ စ ပဋိစ္စ စက္ခုဝိညာဏံ ဥပ္ပဇ္ဇတိ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ" ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ တော်ကြာ သောတလဲ ဒီလိုလာတာမထူးပါဘူး။ ဃာန ၎င်းနည်းအတိုင်း၊ ဇိဝှါ ၎င်းနည်းအတိုင်း၊ ကာယ ၎င်းနည်းအတိုင်း၊ ဖောဋ္ဌဗ္ဗ ၎င်းနည်းအတိုင်း၊ ဓမ္မ ၎င်းနည်းအတိုင်း နော် (မှန်ပါတယ်ဆရာ)၊ အဲဒီလိုပဲ "တိဏ္ဏံ သင်္ဂတိ ဖဿော"။ စစပြီးတော့ "ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ" ဒီလိုသွားတယ်။ နေရင်း ထိုင်ရင်း ပဋိစ္စသမုပ္ပါဒ်ကြီးကလည်လို့ ဒီလို ဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊

ဒါပေမဲ့လို့ မူလအစစ် အမြစ်မြေက ဆိုသလိုပဲ သံသရာဝဋ်မြစ်ကြီးကို ဖြစ်စေတတ်သော ဒိဋ္ဌိတစ်လုံး လုံးလုံးကြီး ကွာတယ် ရှင်းတယ် လင်းတယ်ဆိုကတည်းက သံသရာဝဋ်မြစ်ပြတ်ပြီ ဒီလို မှတ်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ငါမရသေးပါလား၊ အားမငယ်ပါနဲ့။ ဣန္ဒြိယပရိပါက ကိုယ်တော်မြတ်တောင် ဣန္ဒြေမရင့်ကျက်သေးရင် ဘယ်တော့မှ မချွတ်ဘူး။ ဣန္ဒြိယပရိပါက ကာလဂမနဉာဏ်တော်ခေါ်တယ်။ သတ္တဝါတစ်ဦး ချွတ်မယ်ကြံလို့ရှိရင် ရွှေဉာဏ်တော် ကွန်ယက် ပေါ်ထွက်လာပြီး ကိုယ်တော်မြတ် ကြည့်တော်မူတယ်။ ငါ့ရွှေဉာဏ်တော် ကွန်ယက်ထဲတော့ ပေါ်လာပေါ့။ မိုးသောက်ခါနီး လင်းအားကြီးကြတော့ ဘာဉာဏ်ဝင်စားတယ်ကွ။ ဘာသမာပတ်ဝင်စားတယ်။ နားမလည်ဘူး။ မဟာကရုဏာသမာပတ် ဝင်စားတယ် နားလည်လား (နားလည်ပါတယ်ဆရာ)၊ မဟာကရုဏာသမာပတ်ဆိုတာ သတ္တဝါများ ရင်ဝယ်သားကဲ့သို့ သနားတော်မူလို့ ပွားများတော်မူတဲ့ သမာပတ်ခေါ်တယ်။ ဝင်စားတော်မူတဲ့ သမာပတ် နော် (မှန်ပါတယ်ဆရာ)၊ မိုးသောက်ခါနီး လင်းအားရှိတဲ့ နောက်ဆုံးယံကျပြီဆိုရင် တို့ဘုရားမအိပ်ဘူး။ တစ်ညလုံး အလုပ်လုပ်တယ်။ နေ့လည်လဲ အလုပ်လုပ်၊ ဘယ်နာရီလေးမှ မလပ်ဘူး။ မိုးသောက်ခါနီး လင်းအားကြီးကျပြီဆိုရင် မဟာကရုဏာသမာပတ် ဝင်စားတော်မူတယ်။ ရွှေဉာဏ်တော်ကွန်ယက်ကြီး ချလိုက်တယ်။ ကွန်မြင်ဖူးရဲ့လား (မြင်ဖူးပါတယ်ဆရာ)၊ ကွန်နဲ့ အုပ်လိုက်တော့ ကွန်ထဲပါလာတဲ့ငါးတွေ လွတ်သေးရဲ့လား (မလွတ်ပါဘူးဆရာ)၊ ဒီလိုပဲ ရွှေဉာဏ်တော်ကြီးတည်းဟူသော ကွန်ယက်ကို ဖြန့်ကြဲတော်မူလိုက်တယ်ဆိုရင် ကွန်ယက်ရဲ့ဧရိယာအတွင်းရှိတဲ့ သတ္တဝါတွေ တစ်ယောက်ချင်း တစ်ယောက်ချင်း အကွင်းသား အလင်းသား အထင်းသား အရှင်းသား ပေါ်ပေါ်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ ငဖြူတဲ့၊ ငမဲတဲ့၊ သူဌေးတဲ့၊ သူကြွယ်တဲ့၊ ကုန်သည်တဲ့၊ ဆင်းရဲသားတဲ့၊ ပညာရှိတဲ့၊ လူမိုက် နော် (မှန်ပါတယ်ဆရာ)၊ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေ ပါလာတယ်။ ပါလာတော့ ကြည့်တယ်။

ငါ့ရွှေဉာဏ်တော်ကွန်ယက်ထဲတော့ဖြင့် အရှင်းသား အထင်းသား ပေါ်နေပြီ။ ဒါပေမဲ့ ပေါ်တဲ့

http://www.dhammadownload.com

သတ္တဝါ အခုနေပဲ ချက်ချင်း ငါတရားသွားဟောရင် ကျွတ်မှာလား၊ သို့မဟုတ် တိုက်ရိုက်ဟောလို့ ကျွတ်မှာလား၊ ပရိယာယ်နဲ့ ဟောရင် ကျွတ်မှာလား၊ သို့မဟုတ် ငါကိုယ်တော်တစ်ပါးတည်း သွားဟောလို့ ကျွတ်မှာလား၊ ငါ့နောက်လိုက် ပစ္စာသမဏာသံယာအများနဲ့ သွားမှကျွတ်မှာလား၊ သို့မဟုတ် ခြေလျင်နဲ့သွားမှ ကျွတ်မလား၊ ကောင်းကင်ခရီးက စျာန်ဝင်ပြီးလို့ သွားမှ ကျွတ်မှာလား၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ချော့မော့ဟောလို့ ကျွတ်မှာလား၊ ခြိမ်းခြောက်လုပ်ပေးမှ ကျွတ်မှာလား၊ စဉ်းစားတယ်။ အခုချက်ချင်း သွားလို့တော့ မကျွတ်သေးဘူးတဲ့။ မြင်တော်မူတယ်၊ ဘယ်တော့မှ ကျွတ်မှာတုံး၊ လအားဖြင့် လိုသေးတယ်၊ ရက်အားဖြင့် လိုသေးတယ်၊ နှစ်အားဖြင့် လိုသေးတယ်။ ဘာပြုလို့တုံး၊ ကွန္ဒြေက နုသေးတယ်၊ ကွန္ဒြေနုရင် ဘယ်အထိအောင် စောင့်ရပါ့၊ ရက်အားဖြင့် စောင့်ရမယ်၊ လအားဖြင့် စောင့်ရမယ်၊ နှစ်အားဖြင့် စောင့်ရမယ်။ ရွှေဥဏှတော်စာရင်းသွင်းမှတ်ထားလိုက် ကွန္ဒြိယပရိပါကာလဂမနဉာဏ်၊ ဘုရားကိုယ်တော်မြတ် မှတ်လိုက်တယ်။ ကွန္ဒြေရင့်ကျက်တဲ့ အချိန်တိုင်အောင် ငါကိုယ်တော်မြတ် စောင့်ရမယ် နော် (မှန်ပါတယ်ဆရာ)၊ ကွန္ဒြေနုရင် သွားဟောလို့ရမလား (မရပါဘူးဆရာ)။

တို့ ဘုရားက ဒီပြင်ဘုရားတွေလို ဘယ်တော့မှ စောင့်ကြွား မကြွားဘူး။ ငါလုပ်ရင် ဖြစ်တယ်လို့ ဘယ်တော့မှ မပြောဘူး နော် (မှန်ပါတယ်ဆရာ)၊ သူသဘာဝအရေတဲ့ သူ့ကွန္ဒြေကိုယ်က လိုသေးတယ်၊ ရက်လိုသေးတယ်၊ လလိုသေးတယ်၊ နှစ်လိုတယ် ဘယ်တော့မှ ချွတ်လို့မရဘူး၊ ချွတ်လို့ရပါ့မလား (မရနိုင်ပါဘူးဆရာ)၊ အေး ဘယ်ရမလဲ၊ သူ့သဘာဝတွေ နော် (မှန်ပါတယ်ဆရာ)၊ အေး ဒီလိုပဲ မှတ်တယ်။ ကိုယ်တော်မြတ် သက်တော်ထင်ရှားရှိစဉ်အခါတုန်းက သတ္တဝါများ ကယ်တင်တဲ့နေရာမှာ တောင်ပဲ မဂ်စခန်း၊ ဖိုလ်စခန်း ကျွတ်တန်းဝင်တဲ့ သတ္တဝါတစ်ယောက်အဖို့အတွက်မှာ ကွန္ဒြေ အနုအရင့် ကြည့်ရပြီးတော့ ချင့်ချိန်ပြီးမှ တရားပြတော်မူတယ်။ ဒါမှလဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်လို့။ ဒါကြောင့် တို့လူစု ငါ့ဒိဋ္ဌကိလေသာကလဲပဲ လုံးလုံးကြီး ကွာနိုင် ရှင်းနိုင်ရဲ့သားနဲ့ တစ်မဂ်မှလဲ မရပါလားလို့ စိတ်မပျက်နဲ့၊ မရသေးရင် ကွန္ဒြေနုသေးလို့ ကြိုးစား နော် (မှန်ပါတယ်ဆရာ)၊ ဒီလမရ နောက်လ၊ ဒီနေ့မရ နောက်နေ့၊ ဒီဘဝမရ နောက်ဘဝ သေချာတယ် နော် (မှန်ပါတယ်ဆရာ)၊ ကွန္ဒြိယပရိပါက ဒါကြောင့် ဘာမှအားငယ်စရာမရှိဘူး။ ဒါ့ကြောင့် သဿတအစွန်းနဲ့ ဥစ္ဆေဒအစွန်း နှစ်ပါးကို လွတ်အောင်ရှောင်ရှားပြီး သွားကြစို့ဆိုတော့ လွတ်အောင် ရှောင်ရှားတတ်ပြီ၊ ဘာပြုလို့ ရုပ် နာမ် ခန္ဓာ အာယတန ဓာတ်ဆိုတဲ့ သဘာဝတွေ ပညတ် ပရမတ် ကွဲအောင် သင်ကြားပြသပေးတော့ တတ်မြောက်လိမ္မာကြပြီ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူး၊ အတုံး အလုံး အခဲ မရှိဘူး၊ အကောင်အထည် မရှိဘူး၊ အထည်ဖြပ်သန္ဌာန် မရှိဘူး၊ အမှုန်အမွှား မရှိဘူး၊ အရည် အဖတ် မရှိဘူး၊

http://www.dhammadownload.com

အဖြူ, အပြာ, အဝါ, အနီ, အကြောင်အကြား မရှိဘူး၊ သုံးထောင့် လေးမြောင့် မရှိဘူး နားလည်လား။ ဘာတွေတုံး ရုပ်ကြည့်လည်း သဘောမျှသက်သက်လေး၊ နာမ်ကြည့်လည်း သဘောမျှ သက်သက်လေး နော် (မှန်ပါတယ်ဆရာ)၊ ဘာမှ စမ်းသပ်ရှာဖွေလို့မရသော သဘောတရားမျှသက်သက်သာ ထင်ရှားရှိတဲ့ ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်ပါလားလို့ မိမိကိုယ် မိမိပြန်သုံးသပ် တတ်တယ်ဆိုတဲ့ အသိဉာဏ်က ဒါ ယထာဘူတဉာဏ်လို့ခေါ်တယ်။ သမာဓိပညာလည်းခေါ်တယ် နော် (မှန်ပါတယ်ဆရာ)။

ဒီဉာဏ်မျိုးရဖို့ဆိုတာ မသင်မကြားဘဲနဲ့ တော်စွ ရော်စွ လုပ်နေလို့ ရကောင်းတာ မဟုတ်ဘူးလို့ ဆရာထံ နည်းခံပြီးတော့ ကျကျနန သင်မှ ကြားမှ လက်ထောက်ပြသလို တစ်ခုချင်း တစ်ခုချင်း ရှင်းလင်းသင်ကြားပေးမှ တတ်မြောက်လိမ္မာမယ်၊ တတ်မြောက်လိမ္မာမှ ဒီအသိဉာဏ်တွေပေါ်မယ်၊ ဒီအသိဉာဏ်တွေပေါ်မှ ဒီအယူမျိုးတွေ ဖြူစင်မှာပဲ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ခုတော့ လုပ်သာလုပ်စမ်းပါဟာ တရားက ဆောင်သွားပါလိမ့်မယ်၊ တရားက ပြောဝါလိမ့်မယ်၊ အလကားပြောတာမယုံနဲ့၊ ဘယ်တော့မှမရဘူး၊ ထုံးစံမရှိဘူး၊ နဂိုကမှမသိဘဲနဲ့ ဘယ်တော့မှ သိမှာမဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒါရုပ်ပဲ, နာမ်ပဲ, ခန္ဓာပဲ, ပရမတ်, ပညတ်,လို့ ပြတ်ပြတ်သားသား နားလည်အောင် သင်ကြားရမယ်လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က "ဥဂ္ဂဟန ဓာရဏ ပရိပုစ္ဆန သဝနာဒိဝသေန"လို့ ပြသွားတာ။ သင်ပါ, ကြားပါ, ဆွေးနွေးပါ, မေးမြန်းပါ, ဆောင်ပါတဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါမှ တတ်မြောက်လိမ္မာမယ်၊ အဲဒီလိုလည်း နားလည်ရော စောစောကပြောတဲ့ အဘဘုရားကိုယ်တော်မြတ် ချထားတဲ့ လမ်းစဉ်၊ သဿတစွန်း, ဥစ္ဆေဒအစွန်း နှစ်ပါးက လွတ်အောင် ရှောင်ရှားလို့ အလယ်ကြားတည့်တည့်ကသွားဆိုတော့ မဇ္ဈိမပဋိပဒါလမ်း ဆိုက်တယ်နော် (မှန်ပါတယ်ဆရာ)၊ သဿတဝါဒလဲမရှိ၊ ဥစ္ဆေဒဝါဒလည်းမရှိ၊ ဟောဒါ သက္ကာယဒိဋ္ဌိ ပြုတ်တဲ့အချိန်ကစ သဿတအစွန်းနဲ့ ဥစ္ဆေဒအစွန်းက အလိုလိုလွတ်တယ်၊ မလွတ်ဘူးလား (လွတ်နေပါတယ်ဆရာ)။

ဒါကြောင့် သက္ကာယဒိဋ္ဌိ အထင်အရှားရှိသော ပုဂ္ဂိုလ်သာလျှင် သဿတဝါဒ၊ ဥစ္ဆေဒဝါဒ ရှိတတ်ပါတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သက္ကာယဒိဋ္ဌိ တန်းလန်းရှိသော ပုဂ္ဂိုလ် သဿတစွန်း မိနေပြီဆိုမှဖြင့် အဲဒီ သဿတစွန်းမိတဲ့ ပုဂ္ဂိုလ်က ဥပါဒါန်လေးပါး ဘယ်ဥပါဒါန် လုပ်တတ်သလဲဆိုရင် သီလဗွတုပါဒါန်ကို စွဲလန်းတတ်တယ်တဲ့။ ဘာဖြစ်လို့ သူက အတ္တဝါဒ ယုံကြည်တာကိုးတဲ့။ ငါ့ကိုယ်ထင်ရှားရှိတယ်ဆိုတဲ့ အနေအားဖြင့် ယုံကြည်တော့ ထိုအတ္တချမ်းသာဖို့၊ မိမိကိုချမ်းသာမှု ရှိစေခြင်းအကျိုးငှာ ဒီအကျင့်မျိုး ရှိရင် ကောင်းလေစွ၊ ဒီအကျင့်မျိုးကျင့်မှ ကောင်းရာသုဂတိ ငါလားမယ်၊ သီလဗွတုပါဒါန်ဆိုတဲ့ ဥပါဒါန်တရား စွဲလန်းတတ်တယ်တဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ တန်းလန်းရှိခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိ တက်လှမ်းနေတဲ့ ပုဂ္ဂိုလ်ကျ

http://www.dhammadownload.com

တော့ ဒိဋ္ဌပါဒါန်ဘက် စွဲလန်းတတ်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဘာပြုလို့တုံး၊ သူကိုယ်က ဥစ္ဆေဒဒိဋ္ဌ။ ဒီဘဝပြီးရင် သေဆုံးလောင်တုံး။ ဒါကြောင့် တစ်ခုသောဘဝ တမလွန်ဘဝ ဖြစ်လေဦး မယ်လို့ မျှော်လင့်ချက် မရှိဘူး။ သေဆုံးလောင်တုံးဆိုတော့ကား နောက်လာလတ္တံ့သောဘဝတွေ မျှော်လင့်ချက်မရှိတော့ ဒီဘဝထဲမှာပဲ လူလာဖြစ်တယ်။ "နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ" ဆိုတဲ့ အယူဝါဒတွေ စွဲလန်းလာတယ်တဲ့။ အကြောင်းလဲမလိုဘူး၊ အကျိုးလည်း မလိုဘူး နော် (မှန်ပါတယ်ဆရာ)၊ အကြောင်းဆိုတဲ့ ကုသိုလ်တရားတွေ အကုသိုလ်တရားတွေလဲ ပြုစရာမလိုဘူးတဲ့။ ထိုကုသိုလ်တရား အကုသိုလ်တရားတွေကြောင့် နောင်အကျိုးခံစား ဦးမယ်ဆိုတာ မဟုတ်ဘူးတဲ့။ ဥစ္ဆေဒဝါဒကိုးကွ နော် (မှန်ပါတယ်ဆရာ)။

အဲဒါကြောင့် သက္ကာယဒိဋ္ဌိက ဒါလိုရင်း အညာဖြစ်တယ်။ "အသီးတစ်ရာ အညာတစ်ခု"။ ဒါကြောင့် ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ,အနေအားဖြင့် ယုံကြည်စွဲလန်းသော ပုဂ္ဂိုလ်တစ်ယောက်သည် သဿတအစွန်းနှင့်လည်း ငြိတတ်သည်၊ ဥစ္ဆေဒအစွန်းနှင့်လည်း ငြိတတ်သည်၊ သက္ကာယဒိဋ္ဌထင်ရှား မရှိသော၊ သက္ကာယဒိဋ္ဌရှင်းပြီး လင်းပြီး ပုဂ္ဂိုလ်တစ်ယောက်သည် သဿတအစွန်းနဲ့ လုံးဝကွင်းလုံးကျွတ်လွတ်တယ်၊ ဥစ္ဆေဒအစွန်းကိုလဲ လုံးဝကွင်းလုံးကျွတ်လွတ်။ ဒီသဿတနဲ့ ဥစ္ဆေဒ အစွန်းနှစ်ပါး လုံးလုံးကြီးရှောင်ရှားလို့ ကွင်းလုံးကျွတ် လွတ်သွားပြီဆိုမှဖြင့် မဂ်တံခါး ဖိုလ်တံခါး ပွင့်ပြီးသားခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ယထာဘူတဉာဏ်တဲ့။ ဒီအသိဉာဏ်ရတော့ သမ္မာဒိဋ္ဌိဉာဏ်တဲ့။ ကခ်ီဝိတရဏဉာဏ်တဲ့၊ နာမည်သာ သုံးမျိုးသုံးစားကွဲတာပါ၊ သဘောအဓိပ္ပာယ်က အတူတူပါပဲတဲ့။ ဒါကြောင့် တို့သင်တန်းသူ သင်တန်းသားများ ဟိုးသင်တန်း နိဒါန်းကစလို့၊ ရုပ်, နာမ်, ခန္ဓာ, ဓာတ်, ပဋိစ္စ, ပရမတ်,အစရှိသည်အားဖြင့် တတ်မြောက်လိမ္မာအောင် သင်ကြားလာလို့ မိမိတို့ အသိဉာဏ် ထဲမှာ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ,ဆိုတဲ့ အယူဝါဒတော့ တို့မရှိတော့ဘူး။ အဘဘုရားကိုယ်တော်မြတ်ဟောတော်မူတဲ့ "နိဿတ္တ နိဇ္ဇီဝ သဘာဝ"ဆိုတဲ့ စကားတော်မြတ်ကို ယုံကြည်တဲ့တန်းထဲတော့ တို့ရောက်ပြီဆိုတဲ့အချိန်ကစ၍ သက္ကာယဒိဋ္ဌိ လုံးလုံးကြီး ကွင်းလုံးကျွတ် လွတ်ခြင်းကြောင့် သဿတအစွန်း၊ ဥစ္ဆေဒစွန်း နှစ်ပါးကြားမှာ ရှောင်ရှား၍သွားရသော မဇ္ဈိမပဋိပဒါလမ်းကို ဆိုက်ကြပြီ။

မနေ့က အဆက်ကလေး "တဏှာပစ္စယာ ဥပါဒါနံ" တဏှာပစ္စယာ၊ တဏှာတည်း ဟူသော အကြောင်းကြောင့်။ ဥပါဒါန်၊ ဥပါဒါန်တရားတို့သည်။ သမ္ဘဝတိ၊ ဖြစ်၏။

တဏှာက အကြောင်း၊ ဥပါဒါန်က အကျိုး။ အဲဒီ တဏှာအကြောင်းကြောင့် ဖြစ်လာတဲ့ ဥပါဒါန်ဆိုတဲ့အကျိုးတရား။ ဒီဥပါဒါန်တရားကိုယ်တရားသားကောက်တော့လဲ လောဘရတယ်၊ တဏှာတရားကိုယ်တရားသားကောက်လဲ လောဘ၊ ဒါဖြင့် လောဘတည်းဟူသော အကြောင်းကြောင့် လောဘ

http://www.dhammadownload.com

တည်းဟူသော အကျိုးဖြစ်တယ်လို့ လောဘကြောင့် လောဘဖြစ်တယ်၊ ဘာထူးလဲမေးရင် တဏှာ လောဘ,က လောဘအသေးစား၊ ဥပါဒါန်လောဘက လောဘအကြီးစား ဒါကွာတယ်။ တဏှာ လောဘက လိုချင်ကာမျှ မတ္တလေး၊ ဥပါဒါန်လောဘက စွဲလန်းခြင်း လိုချင်ကာမျှနဲ့ မရပ်နိုင်တော့ ဘူး။ စွဲစွဲမြဲမြဲ လိုချင်တယ်၊ မရရင် မဖြစ်ဘူးဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်။ ဒီမရရင် မဖြစ်ဘူး၊ မရရင် မနေဘူး ဒီအထိအောင် စွဲလန်းတဲ့ လောဘကြီးက ဘာကြောင့်ဖြစ်သလဲဆိုတော့ လိုချင်ကာမျှ မတ္တ တည်းဟူသော တဏှာလောဘမှ ဥပနိဿယအားဖြင့် ကျေးဇူးပြုတယ်။ လိုချင်ကာမျှ မတ္တဆိုတဲ့ တဏှာလောဘလေး အမှီပြုရလို့ ဥပါဒါန်လောဘကြီး ဖြစ်ရတယ်လို့။ ဒါကြောင့် လောဘကြောင့် လောဘဖြစ်တယ်။ လောဘသည်ပင်လျှင် အကြောင်း၊ လောဘသည်ပင်လျှင် အကျိုး။ ဒါကြောင့် တဏှာလောဘကြတော့ ပရိယေသနဒုက္ခ-ရှာမှီးခြင်းရဲ့ ဆင်းရဲခြင်းအကြောင်း ရှာမှီးကာမျှရှိသေး လိုချင်ကာမျှ ရှိသေး၊ ဥပါဒါန်လောဘကြတော့ အာရက္ခဒုက္ခ-ရှာမှီးလို့ ရအပ်သော အရာဝတ္ထု မပျောက် မပျက်အောင် စောင့်စည်းခြင်းဆိုတဲ့ ဆင်းရဲခြင်းတည်းဟူသော ဒုက္ခ၊ ဒါ ပရိယေသနဒုက္ခနဲ့ အာရက္ခ ဒုက္ခ နှစ်မျိုး မှတ်ထား။ လောဘချင်း မတူပုံလေးတွေ။ ဒါကြောင့် တဏှာတည်းဟူသော လောဘ အကြောင်းခံလို့ ဥပါဒါန်တည်းဟူသော အကျိုးတရားတွေ ဖြစ်လာတယ်ဆိုတော့ ဥပါဒါန်ဘယ်နှစ်ပါး ပြလဲ လေးပါးပြတယ်။ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် မှတ်မိလား (မှတ်မိပါတယ်ဆရာ)၊ ဆိုစမ်း (ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်) ဘယ်နှစ် ပါးတုံး (လေးပါးပါဆရာ)၊ ကာမုပါဒါန်ဆိုတာ ဘာခေါ်လဲ (လောဘပါဆရာ)၊ တရားကိုယ်ကောက် တော့ လောဘ (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌုပါဒါန်က တရားကိုယ်ကောက်တော့ ဘာရလဲ (ဒိဋ္ဌိပါဆရာ)၊ သီလဗ္ဗတုပါဒါန် တရားကိုယ်ကောက်တော့ ဘာရလဲ (ဒိဋ္ဌိပါပဲဆရာ)၊ အတ္တဝါဒုပါဒါန်က တရားကိုယ် ကောက်တော့ ဘာရလဲ (ဒိဋ္ဌိပါပဲဆရာ)။

ဒါကြောင့် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် လို့ ပုထုဇဉ်များသန္တာန်မှာ ဒီအစွဲလေးပါး တစ်ပါးပါးဖြင့် စွဲလန်းတတ်တယ်တဲ့။ တဏှာလောဘအကြောင်းခံလို့ ဥပါဒါန်တရား လေးပါး ဖြစ်တတ်တယ်တဲ့။ လေးပါးစလုံး စုံဖြစ်တာပြောတာမဟုတ်ဘူး။ တစ်ပါး, နှစ်ပါး စဖြစ်တတ် တာ ပြောတယ်။ တစ်ချို့လည်း ငါးဖြာအာရုံ ကာမဂုဏ် လိုချင်ကာမျှမတ္တဆိုတဲ့ တဏှာလောဘ အကြောင်းခံလို့ စွဲစွဲလန်းလန်းနဲ့မရရင် ငါအသက်သေပစေဆိုတဲ့ အနေအထိ ဖြစ်သွားတယ်။ ဒါ ဥပါဒါန်ခေါ်တယ်။ ကာမုပါဒါန်-ငါးဖြာအာရုံ ကာမဂုဏ်စွဲလန်းမှု ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌုပါဒါန်ဆိုတာ ဒါက ဒိဋ္ဌိရောက်သွားပြီ၊ သူကတော့ "နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ"ဆိုတဲ့ ပါဋ္ဌိစကားအရ အလှူဒါနပြုတာ အကျိုးမရှိ၊ ယဇ်ကြီး, ယဇ်ငယ် အသွယ်သွယ်နဲ့ပူဇော်တာ အကျိုးမရှိ၊ ဆရာသမား

http://www.dhammadownload.com

မိဘလုပ်ကျွေးသမျှပြုစုတာ အကျိုးမရှိ၊ ရောက်လာသော ဧည့်သည်အာဂန္တု ကျွေးမွေးပြုစုတာ အကျိုးမရှိ အစရှိသည်အားဖြင့် ဒီလို ကောင်းကျိုး, ဆိုးကျိုးဆိုတဲ့ အကျိုးအကြောင်းတွေ ပယ်သတ်နေတဲ့ သဘာဝ ဒါ ဒိဋ္ဌုပါဒါန်ခေါ်၏။

သီလဗ္ဗတုပါဒါန်ကြတော့ ခွေးလိုကျင့်, ခွေးလိုသွား, ခွေးလိုစား, ခွေးလိုအိပ်, ခွေးလိုနေ၊ နွားလိုကျင့်, နွားလိုစား, နွားလိုအိပ်, နွားလိုနေ၊ ဒီလို ခေါင်းပါးသောအကျင့်တရားသည်သာလျှင် သံသရာသန့်ရှင်းစင်ကြယ်စေတတ်တယ်လို့ ယုံကြည်စွဲလန်းမှုသည် သီလဗ္ဗတုပါဒါန်ခေါ်၏။ အတ္တဝါဒုပါဒါန်ဆိုတာက ငါ့ကိုယ်ဟုတ်တယ်၊ ပုဂ္ဂိုလ်ဟုတ်တယ်၊ သတ္တဝါဟုတ်တယ်၊ ယောကျ်ား,မိန်းမဟုတ်တယ်၊ အကောင်,အထည်,ဖြပ်သဏ္ဌာန်ဟုတ်တယ်။ စွဲလန်းယုံကြည်တဲ့ အတ္တဝါဒ အတ္တဒိဋ္ဌိကို အတ္တဝါဒုပါဒါန်ခေါ်၏။ ဒါ့ကြောင့် "တဏှာပစ္စယာ ဥပါဒါနံ" ဆိုတဲ့နေရာ တဏှာကြောင့် ဥပါဒါန် ဖြစ်တယ်ဆိုတော့ ဥပါဒါန်မှာ ဥပါဒါန်ဖြစ်လာပြီဆိုမှဖြင့် ကြွက်ကို ကြောင်ခဲသလိုတဲ့၊ ဖားကို မြွေမျိုသလိုတဲ့၊ မလွတ်တမ်းအားဖြင့် စွဲလန်းတယ်။ ဒါဥပါဒါန်ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ တဏှာအကြောင်းခံပြီးဖြစ်ပေါ်လာတဲ့ ဥပါဒါန်ကြတော့ တရားကိုယ်နှစ်မျိုးထွက်တယ်။ လောဘရယ်၊ ဒိဋ္ဌရယ် နှစ်မျိုးရတယ်။ ကာမုပါဒါန်တရားကိုယ်ကောက်တော့ လောဘ၊ ဒိဋ္ဌုပါဒါန်ရဲ့တရားကိုယ်ကောက်တော့ ဒိဋ္ဌိ၊ သီလဗ္ဗတုပါဒါန်ရဲ့တရားကိုယ်ကောက်တော့ ဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်ရဲ့တရားကိုယ် ကောက်တော့ ဒိဋ္ဌိ၊ လောဘနဲ့ ဒိဋ္ဌိ နှစ်မျိုးထွက်တယ် နော် (မှန်ပါတယ်ဆရာ)။

ကာမုပါဒါန်ကို ရှေ့ထားဟောခြင်း

အဲဒီ လောဘနဲ့ဒိဋ္ဌိ နှစ်မျိုးထွက်လာတော့ ဥပါဒါန်တရားလေးပါးရှိတဲ့အနက်က သူသူငါငါသတ္တဝါတို့သည် မွေးလာကတည်းက အယူမှားခြင်းတည်းဟူသော အတ္တဝါဒုပါဒါန်ဆိုတဲ့ အတ္တဒိဋ္ဌိအစွဲဟာ ရှိပါလျက်နဲ့ ရှေးဦးစွာ ပထမ အလိုလို ဖြစ်ပေါ်လာသော အတ္တဝါဒုပါဒါန်ကိုတော့ ရှေ့မထားဘူး၊ ကာမုပါဒါန်ဆိုတဲ့ တရားကို ရှေ့ထားပြီး ဟောတာ ဘာသဘောတုံး။ ကာမုပါဒါန်က တရားကိုယ်ကောက်တော့ လောဘမူစိတ်ရှစ်ခုမှာယှဉ်တဲ့ လောဘစေတသိက်ဆိုတော့ သူက အရေအတွက်အားဖြင့်များတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌုပါဒါန်တို့၊ သီလဗ္ဗတုပါဒါန်တို့၊ အတ္တဝါဒုပါဒါန်ဆိုတဲ့ ဒိဋ္ဌိကျတော့ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခုမှာယှဉ်တဲ့ သူက လေးခုထဲရှိတော့ အရေအတွက် ကျဉ်းတယ်။ ဒါကြောင့် အကျဉ်းအကျယ် ဝေဖန်သောအနေအားဖြင့် အကျယ်ဆုံးဆိုတဲ့ လောဘမူစိတ်ရှစ်ခုမှာယှဉ်တဲ့ လောဘတရားကိုယ်တရားသားရထားတဲ့ ကာမုပါဒါန်ကိုသာလျှင် ရှေးထား၍ ဟောထားတော်မူ၏ နော် (မှန်ပါတယ်ဆရာ)၊ တစ်နည်းအားဖြင့် ကာမုပါဒါန်ဆိုတဲ့ ငါးဖြာအာရုံ ကာမဂုဏ်တည်း

http://www.dhammadownload.com

ဟူသော တဏ္ဍာရာဂနဲ့မွေ့လျော်သော ပုဂ္ဂိုလ်တို့သည်သာလျှင် ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဆိုတဲ့ ဒိဋ္ဌိ ဖြစ်တတ်ပါတယ်။ ဒါကြောင့် သူတို့နောက်ထားတယ်။ တစ်နည်းအားဖြင့် ငါးဖြာအာရုံကာမဂုဏ် ခံစားခြင်းဆိုတဲ့ လောဘတဏ္ဍာသည်သာလျှင် ထင်ရှားတယ်။ သတ္တဝါ၏ သန္တာန်မှာ အယူမှားတဲ့ ဒိဋ္ဌိကိလေသာတော့ မထင်ရှားပေဘူး။ ဒါ့ကြောင့် မထင်ရှားသော တရားကိုနောက်ထားပြီး ထင်ရှားသော တရားကို ရှေ့ထားပြီး ဟောကြားတော်မူ၏။ ဒါကြောင့် ကာမုပါဒါန် ရှေ့ဆုံးကနေ၏။

ဒါကြောင့် ဥပါဒါန်တရား လေးပါးမှာ တရားကိုယ်တရားသား ကောက်ရင် လောဘနှင့် ဒိဋ္ဌိ နှစ်ပါးကိုရ၏ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ လောဘနဲ့ ဒိဋ္ဌိ နှစ်ပါးကိုရတော့ သေချာကြည့်။ တဏ္ဍာသတ်သမားများက တဏ္ဍာသတ်တာ အရာရောက်သလား၊ အရာမရောက်ဘူးလားလို့။ ဒိဋ္ဌိသတ်သမားများက ဆင်ခြင်ကြည့်၊ ဒိဋ္ဌိသတ်တာ အရာရောက်သလား၊ မရာမရောက်ဘူးလားလို့ ဒါဖြင့် ဥပါဒါန်တရား လေးပါးရှိတဲ့အနက်က တရားကိုယ်တရားသား ကောက်တော့ လောဘနဲ့ ဒိဋ္ဌိ နှစ်မျိုးရတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီနေရာမှာ သံသရာဝဋ္ဌမြစ်ကို ဖြစ်စေတတ်သော သံသရာသစ်ငုတ်၊ ဘဝသစ်ငုတ် ဖြစ်စေတတ်သော သံသရာရေသောက်မြစ်၊ ဘဝရေသောက်မြစ် ဖြစ်စေတတ်သော ဒိဋ္ဌုပါဒါန်ဆိုထားတဲ့ ဒိဋ္ဌိ၊ သီလဗ္ဗတုပါဒါန်ခေါ်ထားတဲ့ ဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်ခေါ်ထားတဲ့ ဒိဋ္ဌိ တရားသုံးပါးကိုသာလျှင် သောတာပတ္တိမဂ်က ပယ်သတ်၏။ ကာမုပါဒါန်မပါဘူး၊ မထင်ရှား ဘူးလား (ထင်ရှားပါတယ်ဆရာ)၊ ကာမုပါဒါန်ဆိုတဲ့ တဏ္ဍာလောဘကိုသတ်၊ ဘယ်နှယ့်နည်းမှ သံသရာမရပ်ဘူးတဲ့၊ ရပ်ပါ့မလား (မရပ်နိုင်ပါဘူးဆရာ)၊ တဏ္ဍာသတ်သမားတွေ မှတ်ထားနော် သေသေချာချာ။ ဒိဋ္ဌိသတ်မှသာ သံသရာဝဋ္ဌမြစ် ပြတ်တယ်တဲ့။ ဘဝစက်ကြီး ဖျက်ဆီးနိုင်တယ်တဲ့ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ဘာထောက်ကြည့်ရင် သိရမတုံး၊ သောတာပတ္တိမဂ်ဉာဏ်သည် ဥပါဒါန်တရားလေးပါးရှိတဲ့ အနက်က ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ခေါ်ထားသော ဒိဋ္ဌိကို သတ်၏။ ဥပါဒါန်တရားသုံးပါးသေရော၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဘယ်သူကျန်လဲ (ကာမုပါဒါန်ကျန်နေပါတယ်ဆရာ)၊ ဟော ကာမုပါဒါန် ကျန်နေတယ်။ ကာမုပါဒါန်တရားသည် အောက်မဂ်ဉာဏ် သတ်နေသောတရားမဟုတ်၊ အထက်မဂ်ကျမှ သတ်နိုင်တဲ့တရားတဲ့ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။

ဒါကြောင့် ကာမုပါဒါန်သည် အမှန်က ဝဋ္ဌမြစ်ကို ဖြစ်စေတတ်သော တရားမဟုတ်ပါဘူး။ သေချင်သေ, မသေချင်နေပေါ့။ သတ်ချင်သတ်, မသတ်ချင်နေ။ သူ့အတွက် တာဝန်မရှိ။ အမှန်ကတော့ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်,ဆိုတာ ဒိဋ္ဌိကိလေသာသည်ပင်လျှင် သတ်ဖို့၊ ဖြတ်ဖို့ အရေးကြီးတယ်တဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိကိလေသာ ရင်တွင်းမှာ ရှိနေသမျှကာလ ပတ်လုံး မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရအောင် လုံးလုံးတားထားတဲ့ မဂ္ဂန္တရာယ်ခေါ်ထားတဲ့ ရန်သူကြီး။

http://www.dhammadownload.com

မဂ်တားဆီးထားတယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒါလေးတွေ ရှင်းရှင်းလေးမှတ်ထား။ ဩော် တဏှာသတ်လမ်းနဲ့ ဒိဋ္ဌိသတ်လမ်းတစ်နည်း သဒ္ဓါလမ်းနဲ့ ပညာလမ်း၊ တစ်နည်း အလုပ်စခန်းနဲ့ ဉာဏ်စခန်းလို့။ အခုခေတ်သုံးတာတော့ အလုပ်စခန်းနဲ့ ဉာဏ်စခန်းတဲ့၊ အလုပ်လမ်းနဲ့ ဉာဏ်လမ်းတဲ့ ဒီလိုသုံးကြတယ်။ ကျမ်းဂန်အလာကတော့ သဒ္ဓါလမ်း၊ ပညာလမ်းခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ တဏှာသတ်တာက သဒ္ဓါလမ်းခေါ်တယ်။ ဒိဋ္ဌိသတ်တာက ပညာလမ်းခေါ်တယ်။ အခုခေတ်ကျတော့ တဏှာသတ်တဲ့ သမထလမ်းကိုတော့ အလုပ်စခန်း အလုပ်လမ်း ခေါ်၏။ ဒိဋ္ဌိသတ်တဲ့လမ်းကိုတော့ ဉာဏ်စခန်း, ဉာဏ်လမ်းခေါ်၏။ ဒီလိုလာကြတယ်။

ဒါပေမဲ့ တို့မြန်မာပြည်ကြီးမှာ လျှောက်ကြည့်လိုက်မယ်ဆိုလို့ရှိရင် အဲဒီပညာလမ်း ပညာစခန်း၊ ဉာဏ်လမ်း, ဉာဏ်စခန်းဆိုတဲ့ ဒါရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, ပရမတ်, ပညတ်,လို့ လူအများနားလည်အောင် သင်ကြားပြသပေးတဲ့ဌာနက နည်းတယ် မနည်းဘူးလား (နည်းပါတယ်ဆရာ)။ ဒါပေမဲ့ တို့များရဲ့ ရှေးရှေးထဲက တိုင်းပြည်မပျက်ခင်ကြီးထဲက နိုင်ငံကျော် မိုးညှင်းဆရာတော်ဘုရားကြီးများ၊ မိုးညှင်းဆရာတော်ဘုရားကြီးရဲ့ အထက်အထက်က နိုင်ငံကျော် လယ်တီဆရာတော်ဘုရားကြီးက နော် (မှန်ပါတယ်ဆရာ)၊ နိုင်ငံကျော် လယ်တီဆရာတော်ဘုရားတို့ရဲ့ တစ်ခါတက်ပြန်တော့ အထက်ကျတဲ့ နှစ်ပေါင်းရှစ်ဆယ်ကျော်သွားပြီ။ အုတ်ဖိုဆရာတော်ဘုရားကြီးများ အဆင့်ဆင့်အားဖြင့် ဉာဏ်စခန်း, ဉာဏ်လမ်းက ဝိပဿနာဉာဏ်ဆယ်ပါးကို အဓိကထားလို့၊ တစ်နည်း ဒိဋ္ဌိသတ်ခန်းကို အဓိကထားလို့ ဉာဏ်စခန်း, ဉာဏ်လမ်းက ဟောပြောပြသတယ်။ လမ်းစဉ်ချတာရှိတယ်လို့။ အခုနောက်ပိုင်းရောက်တော့ ဘယ့်နှယ့်ဖြစ်လာလဲဆိုတော့ အလုပ်စခန်း၊ အလုပ်လမ်းတွေများတယ်၊ မများဘူးလား (များပါတယ်ဆရာ)။

နေရာတကာကြည့်လိုက်ရင် အလုပ်စခန်း, အလုပ်လမ်းချည်း။ အလုပ်လုပ်မှ ပြီးမယ်ဆိုတဲ့ ဝါဒကတော်တော်လေး ခေတ်စားလာတယ်။ အဲဒါလဲ အမှန်ကတော့ ကိုယ်ပိုင်ဉာဏ်နဲ့ မတွေးတတ်တဲ့ ပုဂ္ဂိုလ်များ၊ အသိဉာဏ်နည်းပါးတဲ့ ပုဂ္ဂိုလ်များဆိုတော့ ဘာမဆို လုပ်မှရမယ်ဆိုတာ စွဲမြဲယုံကြည်တဲ့သတ္တိရှိတယ်။ ဒါကြောင့်လဲ ဒီအလုပ်စခန်းမှာ ကြိုးပမ်းတဲ့ပုဂ္ဂိုလ်တွေ များကြတယ်။ အဲဒါ သဒ္ဓါလမ်းလို့ခေါ်ပါ၏။ အလုပ်လမ်းခေါ်ပါ၏။ တစ်နည်း တဏှာသတ်စခန်း, တဏှာလမ်းခေါ်ပါ၏။ တဏှာသတ်လမ်း နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒီစခန်းတွေကတော့ တော်တော်များတယ်။ ဘယ်နေရာမဆိုကြည့်လိုက်ရင် တဏှာသတ်လမ်းချည်းပဲ၊ အလုပ်စခန်းချည်းများကြတယ်။ ဒါပေမဲ့ ဒီအလုပ်စခန်းက မဂ်ဉာဏ်, ဖိုလ်ဉာဏ် မဆိုက်ဘူးလားဆိုတော့ နောက်တော့ ဆိုက်တာပေါ့။ ဘယ်တော့မှဆိုက်လဲဆိုတော့၊ နောက်ဒီအလုပ်စခန်းက ကြိုးပမ်းလို့ သမထတရားကြိုးစားအားထုတ် အလုပ်လုပ်ပြီးတဲ့

http://www.dhammadownload.com

နောက်ပိုင်းရောက်တော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်လိုချင်တဲ့ ဝိပဿနာလမ်း တစ်ခါပြောင်းရတယ်။ လမ်းပြောင်းကြတယ် ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ မပြောင်းဘဲနေခဲ့လို့ရှိရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရသလားဆို အလုပ်စခန်းက မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်ပါဘူးတဲ့။ ဒါ့ကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် လိုချင်ရင် အလုပ်စခန်းကနေပြီးတော့ ဉာဏ်စခန်းကို တစ်ဆင့်ပြောင်းရ၏။ တစ်နည်း ဝိပဿနာလမ်းကို ပြောင်းကြရ၏။ ဒါကြောင့် သေသေချာချာ ဝေဖန်စဉ်းစားကြည့်။

အခုပဋိစ္စသမုပ္ပါဒ် ပြနေတဲ့ အခိုက်အတန့်လေးမှာပဲ အန္ဓောဂဓအနေအားဖြင့် သဘောလေးရှုင်းပုံ၊ တဏှာတည်းဟူသော အကြောင်းကြောင့် ဖြစ်လာတဲ့ ဥပါဒါန်အကျိုးတရားလေးပါး။ ကာမုပါဒါန်- ငါးဖြာအာရုံ ကာမဂုဏ် စွဲလန်းမှု၊ တရားကိုယ်ကောက်တော့ လောဘရ၏။ ဒိဋ္ဌုပါဒါန်-အယူမှားယွင်းမှုနဲ့ စွဲလန်းမှု၊ တရားကိုယ်ကောက်ရင် ဒိဋ္ဌရ၏။ သီလဗ္ဗတုပါဒါန်-ခွေးအကျင့်, နွားအကျင့်ကို သံသရာစင်ကြယ်သော အကျင့်ဟူ၍ စွဲလန်း၏။ တရားကိုယ်ကောက်တော့ ဒိဋ္ဌရ၏။ အတ္တဝါဒုပါဒါန်-အတ္တဝါဒ ငါဟုတ်တယ်၊ သူဟုတ်တယ်၊ ပုဂ္ဂိုလ်ဟုတ်တယ်၊ သတ္တဝါဟုတ်တယ်လို့ စွဲမြဲယုံကြည်မှု၊ တရားကိုယ်ကောက်တော့ ဒိဋ္ဌရ၏။ ဒါဖြင့် ဥပါဒါန်တရားလေးပါးက တရားကိုယ်ကောက်ရင် လောဘနဲ့ဒိဋ္ဌ နော် (မှန်ပါတယ်ဆရာ)၊ လောဘနဲ့ဒိဋ္ဌရထားတော့ သောတာပတ္တိမဂ်ပြီးလျှင် ဥပါဒါန်တရားလေးပါးမှာ ဘယ်ဥပါဒါန် ပယ်သလဲဆိုတော့ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဆိုတဲ့ တရားသုံးပါးကို သောတာပတ္တိမဂ်ကပယ်၏။ မရှင်းဘူးလား (ရှင်းပါတယ်ဆရာ)၊ သံသရာဝဋ်မြစ်ဖြစ်စေတတ်တဲ့ ဒိဋ္ဌကိလေသာ အရင်သတ်သွားတယ် နော် (မှန်ပါတယ်ဆရာ)၊ ကာမုပါဒါန်ကျတော့ ဒီအတိုင်းထားခဲ့တယ်။ မဂ်က မသတ်နိုင်ဘူးတဲ့။ မဂ်မသတ်နိုင်တော့ သံသရာလည်ဦးမှာလားဆိုတော့ ဝဋ်မြစ်ကပြတ်ပြီ မလည်တော့ဘူးတဲ့။

သောတာပန် သံသရာလည်သေးလားဟ (မလည်ပါဘူးဆရာ)၊ အဖျင်းဆုံး, အညံ့ဆုံးဆိုတဲ့ သောတာပန်မှာ သတ္တက္ခတ္တုပရမဇသောတာပန်ဆိုမှ သံသရာထဲမှာ ခုနစ်ကြိမ်ခုနစ်ခါရှိတော့ ကျကောစိတောဆိုတဲ့အတိုင်း လူပြည်နဲ့ နတ်ပြည် စုန်ချည်, ဆန်ချည် ခုနစ်ဘဝသာပဲရှိတယ်။ သံသရာဝဋ်မြစ် ပြတ်မသွားဘူးလား (ပြတ်သွားပါတယ်ဆရာ)၊ အေး ဒါကြောင့် ဒိဋ္ဌသတ်မှ ဘဝပြတ်မယ်တဲ့။ တဏှာသတ်လို့ ဘဝမပြတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌသတ်မှ သံသရာပြတ်မယ်တဲ့။ တဏှာသတ်လို့ သံသရာမပြတ်တဲ့။ သာသနာနဲ့ ကြုံတဲ့ ကြိုက်တဲ့အခါ တစ်မဂ်, တစ်ဖိုလ်လိုချင်တဲ့ ပုဂ္ဂိုလ်များရဲ့ တိကျမှန်ကန်တဲ့ လမ်းစဉ်လေးဆိုတာ မှတ်ထားပါ။ တဏှာသတ်တော့ သံသရာဝဋ်မြစ် မပြတ်နိုင်ဘူးတဲ့။ ဒိဋ္ဌသတ်မှ သံသရာဝဋ်မြစ် ပြတ်မယ်လို့။ ဒါကြောင့် သောတာပတ္တိမဂ်ဉာဏ်သည် သံသရာဝဋ်မြစ်ဖြစ်စေတတ်သော သံသရာရေသောက်မြစ် ဒိဋ္ဌကိလေသာကို အရင်းခံအားဖြင့် သတ်၍သွား၏။

http://www.dhammadownload.com

ကာမုပါဒါန်ခေါ်ထားတဲ့ တဏ္ဍာကိုတော့မသတ်ခဲ့။ မသတ်သော်လည်းပဲ သံသရာဝဋ်မြစ်ကပြတ်ပြီးသား ဖြစ်လို့ သံသရာ နောက်ထပ်မလည်တော့ပါဘူးတဲ့။ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။ ဒါကြောင့် တဏ္ဍာသတ်လမ်းနဲ့ ဒိဋ္ဌိသတ်လမ်း နှစ်လမ်းရှိတဲ့အနက်က ဘယ်လမ်းက ပိုခရီးရောက်လဲ (ဒိဋ္ဌိသတ်လမ်းက ခရီးရောက်ပါတယ်ဆရာ)၊ ဒိဋ္ဌိသတ်လမ်းက ပိုခရီးရောက်တယ် နော် (မှန်ပါတယ်ဆရာ)။

ဒီတော့ ဒိဋ္ဌိသတ်ချင်ရင် ဘာနဲ့ သတ်ရမလဲ (ဝိပဿနာဉာဏ်နဲ့သတ်ရပါမယ်ဆရာ)၊ ဉာဏ်နဲ့ သတ်ရမယ် နော် (မှန်ပါတယ်ဆရာ)၊ ပညာနဲ့သတ်ရမယ်၊ ဉာဏ်နဲ့သတ်ရမယ်၊ ပညာဉာဏ်နဲ့ မသတ်ရင် ဒိဋ္ဌိ ဘယ်တော့မှမသေဘူး။ သေပါ့မလား (မသေနိုင်ပါဘူးဆရာ)၊ ဘယ်တော့မှ မသေဘူးဆိုတာ မှတ်ထား။ ပညာကဘာတုံး၊ ဉာဏ်ကဘာတုံးဆိုတာ သမ္မာဒိဋ္ဌိဉာဏ်-အမြင်မှန်ရအောင် ကြိုးစားရမယ်တဲ့။ ဒါရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, ပရမတ်, ပညတ်, မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီလိုသဘောလေးဆိုက်သွားအောင် ပြတ်ပြတ်သားသားနားလည်အောင် ဆရာထံနည်းခံပြီးတော့ သင်ကြားပါ။ ဒီလို သင်ကြားတတ်မြောက်လိမ္မာလာမှ အသိဉာဏ်ပေါ်ထွက်လာမယ်။ အဲဒီ အသိဉာဏ်နဲ့ သတ်မှသာလျှင် ဒိဋ္ဌိကိလေသာက ပြုတ်နိုင်, ချုပ်နိုင်၏၊ ပြတ်နိုင်, ရပ်နိုင်၏တဲ့ နော် (မှန်ပါတယ်ဆရာ)။ အလုပ်နဲ့လုပ်လို့ရှိရင် သေအောင်လုပ် ဘယ်တော့မှ ဒိဋ္ဌိမပြုတ်၊ ပြုတ်ကောင်းပါ့မလား (မပြုတ်ကောင်းပါဘူးဆရာ)။

အလုပ်ဆိုတာ သမထလေးဆယ်၊ သမထလေးဆယ်က တစ်ခုခုသူလုပ်မယ်။ သမထနယ်က ကျယ်လည်းကျယ်ဝန်းတယ်၊ စည်းမျဉ်းဥပဒေလဲ အင်မတန်များတယ်။ အဲဒီ သမထ အလုပ်လုပ်ပြီးလို့ ဒိဋ္ဌိပြုတ်သွားမှာလားဆို မပြုတ်နိုင်ဘူး။ ဘာပြုလို့ သမထလုပ်တယ်ဆိုကတည်းက သမထအာရုံပြုတာက ဘာအာရုံပြုတုံး (ပညတ်ကိုအာရုံပြုတာပါဆရာ)၊ ဩော် ပညတ်ကို အာရုံပြုတယ်၊ သူပြုတဲ့ အာရုံကိုက ပညတ်တရား မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဒိဋ္ဌိသေပါ့မလား (မသေနိုင်ပါဘူးဆရာ)၊ ဒိဋ္ဌိပြုတ်နိုင်ပါ့မလား (မပြုတ်နိုင်ပါဘူးဆရာ)၊ ပရမတ်အမြင်ကို မြင်လာတဲ့ ဝိပဿနာဉာဏ်စဉ်နဲ့ ဖြုတ်မှ ဒိဋ္ဌိက ပြုတ်နိုင်တယ်။ ဒါကြောင့်မို့ ဒိဋ္ဌိကိုပညာနဲ့ သတ်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒီနေရာလေးမှာ "တဏ္ဍာပစ္စယာ ဥပါဒါနံ" ဆိုတဲ့ သဘာဝလေးမှာ တဏ္ဍာတည်းဟူသော အကြောင်းကြောင့် ဥပါဒါန်အကျိုးတွေ ဖြစ်လာတယ်ဆိုတော့ ဥပါဒါန်အကျိုးတရားက ဘယ်နှစ်ပါးထွက်လဲ။ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်လို့ လေးမျိုးထွက်တယ်။ လေးမျိုးတရားကိုယ်တရားသား ကောက်လိုက်တဲ့အခါကျတော့ ကာမုပါဒါန်က လောဘရ၏။ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်က ဒိဋ္ဌိကိလေသာရ၏။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ တဏ္ဍာကြောင့် ဥပါဒါန်ဖြစ်တယ်ဆိုတော့ ဥပါဒါန်က ဘယ်နှစ်ပါးတုံး (လေးပါးပါဆရာ)၊

http://www.dhammadownload.com

ဘယ်သူ ဘယ်သူတုံး (ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်)၊ အတ္တဝါဒုပါဒါန်နော် (မှန်ပါတယ်ဆရာ)။ ကာမုပါဒါန်က တရားကိုယ်ကောက်တော့ ဘာရတုံး (လောဘပါဆရာ)၊ ဒိဋ္ဌုပါဒါန်က တရားကိုယ်ကောက်တော့ ဘာရတုံး (ဒိဋ္ဌိရပါတယ်ဆရာ)၊ သီလဗ္ဗတုပါဒါန်က တရားကိုယ်ကောက်တော့ ဘာရတုံး (ဒိဋ္ဌိပဲရပါတယ်ဆရာ)၊ အတ္တဝါဒုပါဒါန်က တရားကိုကောက်တော့ဘာရတုံး (ဒိဋ္ဌိပဲရပါတယ်ဆရာ)၊ ဒိဋ္ဌိချည်းပဲလို့နော်။ ဒီတော့ ကာမုပါဒါန်အစွဲသန်ပုံ၊ ဒိဋ္ဌုပါဒါန် အစွဲသန်ပုံ၊ သီလဗ္ဗတုပါဒါန် အစွဲသန်ပုံ၊ အတ္တဝါဒုပါဒါန် အစွဲသန်ပုံ၊ အစွဲသန်ပုံ လေးတွေပြတယ် နော် (မှန်ပါတယ်ဆရာ)။ အင်မတန် အစွဲနာတယ်တဲ့။

တဏှာလောဘ၊ တဏှာဆိုထားတဲ့ လောဘ၊ ကာမုပါဒါန် - ငါးဖြာအာရုံ ကာမဂုဏ် စွဲလန်းခြင်း၊ အစွဲသန်မှုလေး။ ပထမတော့ ကာမတဏှာဆိုတော့ ငါးဖြာအာရုံ ကာမဂုဏ် မြင်လိုက်တော့ လိုချင်တယ်၊ ကြားလိုက်တော့ လိုချင်တယ်၊ နံလိုက်တော့ လိုချင်တယ်၊ စားရတော့ လိုချင်တယ်၊ ထိမိတော့ လိုချင်တယ်၊ သိမိတော့ လိုချင်တယ်၊ တဏှာလေးတွေပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ကာမတဏှာ၊ တစ်နည်း ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ငါးဖြာအာရုံ ကာမဂုဏ်ကို လိုချင်တယ်ဆိုတဲ့ ကာမတဏှာ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ တို့ဘဝမြဲတယ်ဆိုတဲ့ သဿတဝါဒအယူကို နှစ်သက်တယ်။ လိုချင်တာ ဘဝတဏှာ။ ဘဝပြတ်တယ်ဆိုတဲ့ အယူဝါဒကြီးကို လိုချင်တာ, နှစ်သက်တာ ဝိဘဝတဏှာနော် (မှန်ပါတယ်ဆရာ)၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ,လို့ အဲဒီတဏှာသုံးပါး အကြောင်းခံလို့ ဒီဘက်လာပြီးတော့ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်,လို့ ဥပါဒါန်တရားလေးပါးဖြစ်တယ်။ တဏှာတည်းဟူသော လောဘက ဥပနိဿယပစ္စည်းအားဖြင့် ကျေးဇူးပြုလို့ ဥပါဒါန်ဆိုတဲ့ လောဘနဲ့ ဒိဋ္ဌိ ပေါ်လာတယ်။ ဒီတော့ ကာမုပါဒါန်ဆိုတာ တရားကိုယ်ကောက်တော့ လောဘရတယ်။ ငါးဖြာအာရုံ ကာမဂုဏ်တို့၌ စွဲလန်းခြင်း၊ နှစ်သက်ခြင်းတဲ့ ဖြုတ်လို့မရ၊ ဖြည်လို့မရ။ ကြွက်ကို ကြောင်ခဲသလို နော် (မှန်ပါတယ်ဆရာ)။ အဲဒါ ကာမုပါဒါန် ဖြစ်တယ်။ ပထမ ကာမတဏှာ နောက် စွဲလန်းပါများတော့ ကာမုပါဒါန် ဖြစ်တယ်။ အဲဒီ ကာမုပါဒါန် စွဲလန်းပုံလေးတွေ သူ့ဝတ္ထုနဲ့သူ သက်သေသာဓကနဲ့၊ ဒိဋ္ဌုပါဒါန် စွဲလန်းပုံလေးတွေ သူ့သက်သေနဲ့ သူ့ဝတ္ထု သာဓကလေးနဲ့။ ဒီလို ထုတ်ထုတ်, ထုတ်ထုတ်သွားလို့ရှိရင် သာ၍မကောင်းဘူးလားကွာ (ကောင်းပါတယ်ဆရာ)၊ ပိုပြီး နားလည်သွားအောင် ဩော် ဥပါဒါန်တရားဆိုတာ ဒီအထိအောင် ပြင်းပါတယ်နော် (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်စွဲလန်းမှုကြီးသည် ဒီအထိအောင် ဆိုးဝါးပါတယ်။ သဘောလေးတွေ နားလည်ရမယ်။

ဒါပေမဲ့ တို့လူစုကတော့ သံသရာဝဋ်မြစ် သံသရာစက်ရဟတ် ဘဝဆက်ကြီး ဖျက်ဆီးဖို့ နည်းလမ်းတွေကတော့ နဂိုထဲကရပြီးသားဖြစ်တယ်။ အခုပြနေတာ ဘဝစက်ကြီးလည်နေတဲ့ အဓိပ္ပာယ်

http://www.dhammadownload.com

ရတာပြတယ်။ ဒီလိုကြောင့် ဒီလိုလည်တယ်နဲ့ လည်ပုံ, လည်နည်း ပြနေတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ သူ့အဓိပ္ပာယ်လေးနဲ့သူ ကာမတဏှာတုန်းကလဲပဲ တဏှာလုံးရေနဲ့ အရေအတွက် မြောက်ပုံသွားပုံလေးတွေပြတယ်၊ ဥပါဒါန်ကြပြန်တော့ ဥပါဒါန် လေးမျိုး,လေးစားဖြင့် ဖြစ်ပွားလာပုံလေးတွေပြတယ်၊ ထိုလေးမျိုးလေးစား တရားကိုယ်ကောက်တော့ လောဘနဲ့ ဒိဋ္ဌ တရားကိုယ်နှစ်ပါးထွက်တယ်။ အဲ့ဒီလောဘနဲ့ ဒိဋ္ဌတရားကိုယ် နှစ်ပါး ထွက်တဲ့အနက်က ကာမုပါဒါန်တရားကိုယ်က လောဘရတယ်။ စွဲစွဲမြဲမြံ, စွဲစွဲလန်းလန်း လိုချင်တယ်ဆိုတဲ့ ကာမုပါဒါန်၊ ဘယ်အထိအောင် စွဲလန်းလဲလို့ သူ့နေရာနဲ့သူ့ထုံးဝတ္ထုလေးတွေ ထုတ်သွားတာတွေရတယ်။

တို့ဘုရားလောင်းကြီး ဟရိတဇ ရှင်ရသေ့၊ ရသေ့ဘဝနဲ့ နေစဉ်အခါက စျာန်သမထတရား ကြီးစားပွားများအားထုတ် အလုပ်လုပ်တော့ စျာန်သမာပတ်နဲ့ ပြည့်စုံတယ်။ မြေလျှိုး မိုးပျံတယ်။ အဘိညာဉ် ရတယ်နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ ဟရိတဇရှင်ရသေ့ကြည်ညိုလေးစားတော့ ဗြဟ္မဒတ်မင်းကြီးက ကိုးကွယ်တယ်။ ဗြဟ္မဒတ်မင်းကြီးရဲ့ မိဖုရားက "မုဒုလက္ခဏာ" အင်မတန် နူးညံ့ပြေပြစ်သော အသားအရေရှိတဲ့အတွက် "မုဒုလက္ခဏာ"လို့ အမည်ရှိတယ်၊ ဗြဟ္မဒတ်မင်းကြီးကလဲ အထူးသဖြင့် ကြည်ညိုလို့ နေ့စဉ်နဲ့အမျှ နန်းတော်သို့ ဝင်ဝင်ပြီးတော့ ဆွမ်းခံရတယ်။ တစ်နေ့ကျတော့ ဗြဟ္မဒတ်မင်းကြီးက တောရွာဇနပုဒ်မှာ မင်းတို့ရဲ့ အလုပ်လုပ်စရာကိစ္စရှိထားတော့ ခါတိုင်းတော့ ကိုယ်တိုင် ဝတ်ကြီးဝတ်ငယ် ပြုစုနေတာပဲလို့၊ ဆရာသမားရယ်လို့ ရသေ့ကြီးကလဲ စျာန်ခရီးနဲ့ ကြွကြွလာတယ်။ ကောင်းကင်ယံက စျာန်ယာဉ်ပျံစီးပြီးတော့မှ နန်းတော် လေသာပြတင်းပေါက်ကနေပြီးတော့ နန်းတော်ထဲအရောက်ကြွတယ်။ ဒီလိုလာနေကျ စျာန်ရပြီးသား ပုဂ္ဂိုလ်ဆိုတော့ စျာန်ဝင်စားလာတယ်။ ဒီတစ်ခါတော့ မင်းကြီးကခရီးထွက်စရာ ရှိလာတော့ မိဖုရားကြီးကိုမှာတယ်။ မိဖုရားကြီး ငါမရှိတဲ့အခါ ငါ့ဆရာရသေ့ကြီးများ ကြွလာတဲ့အခါ ငါဝတ်ကြီး ဝတ်ငယ် ပြုစုသလိုပဲ။ ဆွမ်းကွမ်းမှစ၍ ရေပူရေချမ်းပါပေါ့လေ၊ ဝတ်ကြီးဝတ်ငယ်များ ငါလိုပဲ ပြုစုလိုက်ပါလို့ ကိုယ်စားလွှဲအပ်ခဲ့တယ်။

ဒီတော့ မိဖုရားကြီးက အေး မင်းကြီးမရှိသောအခါမှာ မင်းကြီးရဲ့ ကိုယ်စားအားဖြင့် ငါပြုအပ်တဲ့ ဝတ္တရားရှိတယ်ဆိုတော့ စောစောစီးစီးက ကောင်းမွန်စွာ ချက်ပြုတ်လုပ်ကိုင် အရံသင့် ခူးခပ်ပြင်ဆင်ထားတယ်။ ပြင်ဆင်ထားပြီးတော့ ရသေ့ကြီး ကြွလာနိုး ကြွလာနိုးနဲ့ စောင့်စားနေတယ်။ တော်တော်နဲ့ မလာနိုင်ဘူး၊ အချိန်က အတော်လေးကြာညောင်းလာတော့ ညောင်းလှတယ်ဆိုပြီးတော့ သလွန်ညောင်စောင်းပေါ်မှာ ခပ်စောင်းစောင်းလေး လျောင်းနေတယ်။ ရသေ့ကြီးလဲ မျှော်ရင်း၊ ဒီတော့ သလွန်ညောင်စောင်းမှာလဲလျောင်းပြီးတော့ ရသေ့ကြီးမျှော်နေဆဲခဏာ အရိတဇရှင်ရသေ့က ကောင်းကင်က စျာန်ကို စီးပြီးတော့ ကြွလာတယ်။ လေသာနန်းပြတင်းပေါက်က တောက်လျှောက် ဘွားခနဲဝင်လိုက်

http://www.dhammadownload.com

တော့ မိဖုရားက အံ့အားသင့်ပြီး ရုတ်တရက်ထလိုက်တယ်။ အသားအရေက နူးညံ့သိမ်မွေ့ ချောမော တဲ့မိဖုရားမို့ ကမ္ဘလာကလဲ အနူးအညံ့လေးတွေဝတ်ထားပြီး ရုတ်တရက်ထလိုက်တော့ ခါးဝတ်ကမ္ဘလာ လျှောကျတယ်၊ လျှောလဲကျရော တိုတိုပြောတော့ ကွက်ကျော်လဲ မြင်ကြပေါ့၊ ရသေ့ကြီး ဒီနေရာမှာ တော့ ဈာန်ပျံလို့မရနိုင်တော့ဘူး၊ အဲဒီဥစ္စာ အကြောင်းပြုပြီးတော့ ပြောကြတာပေါ့။ အလာတုန်းက ဈာန်နဲ့၊ အပြန်ကျတော့ ခြေလျင်ဆိုတာ ဒါပြောတာ နော် (မှန်ပါတယ်ဆရာ)၊

အဲဒါ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ နှစ်သက်မှု လိုချင်မှု လောဘ တဏှာကစပြီးတော့ လိုချင်တယ်တဲ့ မုဒုလက္ခဏာ၊ ဒီတော့ မိဖုရားကလဲ ဖြစ်နေတော့ ပြောကလဲမပြောဝံ့၊ ဒါပေမဲ့ မိဖုရား ကတော့ ရိပ်မိတယ်။ ရသေ့ကြီးကိုစိတ်မကောင်းဘူး။ ပြန်တော့လဲ ဈာန်ထမရဘူး။ ခြေလျင်ပဲပြန်ရပြီး မိဖုရားလဲ ရိပ်မိတယ်။ ဆွမ်းပါပြီးတဲ့အခါကျ ရုတ်တရက် မထနိုင်သေးဘူး။ အမျိုးမျိုးအဖုံဖုံအားဖြင့် မိဖုရားကြီးရဲ့ရူပါရုံ မြင်လိုက်တဲ့အချိန်ကစ စိတ်ဓာတ်တွေလဲယိုင်၊ စိတ်ထဲလဲဝေခွဲလို့ မရဘူးဖြစ်နေတယ်။ တွေဝေသွားတယ်။ ဈာန်လဲလျှောပြီး အဲ့ဒါ ပထမစက္ခုပသာဒနဲ့ ရူပါရုံ တိုက်လိုက်တဲ့အချိန်လေး "စက္ခုံ စ ရူပေ စ ပဋိစ္စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော" ဖဿဖြစ်သွားတယ်။ တရား သုံးခုပေါင်းလိုက်တော့ နော် (မှန်ပါတယ်ဆရာ)၊ "ဖဿပစ္စယာ ဝေဒနာ"လို့တဲ့။ မိဖုရားကြီးရဲ့ ရူပါရုံ အဆင်းရုပ်ကလေး ခံစားမှုဆိုတဲ့ ဝေဒနာကပေါ်တယ် မပေါ်ဘူးလား (ပေါ်ပါတယ်ဆရာ)၊ "ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ" လိုချင်ရောတဲ့။ တဏှာပေါ်လာတယ်၊ မပေါ်ဘူးလား (ပေါ်လာပါ တယ်ဆရာ)၊ လိုချင်တော့ ဘာဖြစ်သလဲဆိုတော့ "တဏှာပစ္စယာ ဥပါဒါနံ"၊ ကြောင်ကို ကြွက်ခဲသလို နည်းနည်းလေးမှ မလွှတ်နိုင်တော့ဘူးတဲ့။ ထပ်ပြန်တလဲလဲ လိုချင်ပြီးရင်း လိုချင်ရင်း၊ လိုချင်ပြီးရင်း လိုချင်ရင်းနဲ့ ရသေ့ကြီး ဒီနေရာ မျက်စိလည်ရှာတယ်။ ဒါနဲ့ ဈာန်သမာပတ်ကလဲ ပျက်ကျပြီး အပြန် ကျတော့ ခြေလျင်ကြွ။ ကျောင်းရောက်တော့ ရပြီးသား အစာအာဟာရပါလာတဲ့ ဆွမ်းသပိတ် ချောင် ထိုးပြီးတော့ မုဒုလက္ခဏာ မိဖုရားကြီး မျက်စိနဲ့မြင်ယောင် ပြီးတော့ ပါးစပ်ကတမ်း တတယ်စိတ်က ဖောက်ပြန်ရှာတယ်။ ဒါ ဥပါဒါန်ပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ လျှောလို့ရသေးရဲ့လား (မရပါဘူး ဆရာ)၊ တဏှာကတက်လိုက်လို့ ဥပါဒါန်ဘက် ကူးသွားပြီဆိုမှဖြင့် ကြောင်ကြွက်ခဲသလို ပါးစပ်ထဲ ရောက်နေတဲ့ ကြွက်ဟာ လွှတ်သေးရဲ့လားဟ (မလွှတ်ပါဘူးဆရာ)၊ မြဲမြဲစွဲစွဲကြီး အစာစားရမှန်း မသိရှာ ဘူး၊ ကျောင်းရောက်တော့ ဖောက်ပြန်မှုတွေဖြစ်နေတယ်။

ဒီတော့ နောက်တစ်နေ့လည်းပဲ မိဖုရားကြီးက ဆရာရသေ့ကြီး ဆွမ်းခံမလာ၊ နောက်တစ်နေ့ လည်း ဆွမ်းခံမလားဘူးဆိုတော့သိတယ်၊ နဂိုထဲက သိပြီးသားပါ ရိပ်စားမိသား၊ ဒီလိုဖြစ်နေတော့ ရသေ့ကြီး ဒုက္ခများပြီထင်တယ်၊ ဈာန်တွေလည်း ပျက်စီးပေါ့၊ မင်းကြီးထံ ငါဘယ်လိုပြောရပါ့မလဲ၊

http://www.dhammadownload.com

ဘယ်လိုလျှောက်ထားရပါ့၊ ဒါအမှန်အတိုင်း လျှောက်ရတာပေါ့လေ မတတ်နိုင်ပါဘူး။ နောက်တော့ မင်းကြီးက ခုနစ်ရက်ရှိတော့ တိုင်းစွန်ဇနပုဒ်က သူပုန်ရန်တွေ အုပ်ထိန်းပြီးလို့ ပြန်လာတဲ့အခါမေးတယ်။ ငါ့ဆရာရသေ့ကြီးများ ကြွလာရဲ့လား၊ လာပါတယ်။ လာပေမယ့်လို့ နောက်နေ့ နောက်နေ့တော့ မလာဘူး၊ ပထမတစ်နေ့ကျတော့လာတယ်၊ နောက်နေ့တွေကစပြီး ယနေ့အထိမလာဘူး၊ ဒါဖြင့် ဘာအကြောင်းထူးရှိလို့လဲ၊ အကြောင်းထူးတော့ ဘယ်လိုမှ နောက်ထပ် သတင်းစကားလည်းမကြားရ၊ ဖြစ်ပျက်ပုံအကြောင်းပြန်လျှောက်တယ်၊ တန်တော့ ဒါဖြင့် ဒီကိစ္စပဲဖြစ်မှာပဲ၊ ဒါနဲ့မင်းကြီးကိုယ်တိုင် ဆရာလည်း အင်မတန်ကြည်ညိုရှာတယ်၊ အကြည်ညိုမပျက်ပါဘူး၊ ဒီလိုဖောက်ပြန်မှုတွေ ပေါ်နေတယ်ဆိုတော့ ရသေ့ကြီးစျာန်လျှောသွား၊ စျာန်ပျက်သွားပေါ့၊ မိဖုရားကြီးနဲ့ ပတ်သတ်လို့ ဖောက်ပြန်မှုတွေလည်းဖြစ်ပေါ့၊ ရှင်ဘုရင်က အကြည်အညိုမပျက်ဘူး၊ ကြည်ညိုလျက်။ ဒါနဲ့ ကျောင်းကိုယ်တိုင် ကိုယ်ကျလိုက်သွားတော့၊ ဟိုကျတော့ ရသေ့ကြီးဖြစ်ပုံကြည့်လိုက်တော့ တယ်ဟန်မရပါ၊ အကျိုး အကြောင်းဝင်မေး၊ ဘယ်ရောဂါဖြစ်တုံး၊ ဘယ်ဝေဒနာစွဲကပ်တုံး၊ အကယ်တန္တ ကိုးဆယ့်ခြောက်ဖြာ ရောဂါဝေဒနာစွဲကပ်လို့ရှိရင် တကယ့်သမားတော်များနဲ့ခေါ်ပြီး ကုပါ့မယ်၊ ရောဂါအမည်ပြောပြပါ၊ ရှင်ဘုရင်က အမျိုးမျိုးချော့တယ်၊ သူကြည့်လိုက်တော့လည်း ရောဂါရဲ့အမည်ဖော်ဖို့က အတော်ခက်တယ်၊ ရုတ်တရက် မပြောနိုင်ရှာဘူး။

နောက်တော့ မေးပါစစ်ပါများတော့မှ ရှင်ဘုရင်ကို အားနာပါးနာနဲ့ ပြောရဦးမှာပဲဆိုပြီးတော့ ဖြစ်ပုံပြန်ပြောပြတယ်။ ဟာ ဒါဖြင့် အသင်ရသေ့မပူပါနဲ့၊ ဒ့ါအတွက် မပူပါနဲ့၊ အေးအေးချမ်းသာစွာနေပါလို့ ရသေ့ကြီးမှာကြားပြီးတော့ နန်းတော်ပြန်ပြီး မိဖုရားနှင့်တိုင်ပင်၊ ရှေ့က ဆရာနဲ့တပည့်များတယ်အံ့သြစရာကောင်းတယ်၊ မိဖုရားပြန်တိုင်ပင်တယ်၊ မိဖုရားကြီး ဒီလို,ဒီအကြောင်းဆိုတာ သင်သံတော်ဦးတင်တဲ့အတိုင်း မှန်နေပြီပေါ့။ အဲဒါအစွဲကြီးစွဲနေပြီ၊ ဒါဖြင့် တို့မှာစောင့်ရှောက်ရမယ့်ဝတ္တရားရှိတယ်၊ တို့ဆရာလည်းဖြစ်တယ်၊ ဒီအတိုင်းကြည့်နေရင် အသက်သေဖွယ်ရာအကြောင်းသာရှိတော့တာပဲ။ ဒါကြောင့် ဥပါယ်တံမျဉ်အားဖြင့် မိဖုရားကြီး လိမ္မာသလို ဆောင်ရွက်ရမယ်၊ စောင့်ရှောက်ရမယ်၊ ရှင်ဘုရင်က မိဖုရားကြီးကို စကားကုန်သင်ကြားပေးပြီးတဲ့နောက်မှ ရသေ့ကြီးထံသွားပြီးတော့ မိဖုရားအပ်တယ်၊ အသင်ရသေ့ကြီး မုဒုလက္ခဏာ မိဖုရားကြီးအလိုရှိပါက ကျွန်ုပ်သည် သင့်အားပေးပါ၏။ ယူပါတော့လို့ သွားအပ်တယ်၊ ဒီတော့ ဘာသားချော အိပ်ရာကထတယ်၊ စောစောကခေါ်လို့ကို မရဘူး နော် (မှန်ပါတယ်ဆရာ)။

ဒီတော့မှထတယ်၊ ထတော့ မိန်းမတို့မာယာပရိယာယ်အားဖြင့်ပေါ့လေ အသက်မှ ရှင်ပါစေတော့ဆိုတဲ့ အနေအားဖြင့် စောင့်ရှောက်တယ် မိဖုရားကြီးက၊ ဒီတော့ သူတို့ နှစ်ယောက်တည်း ကျန်ရစ်ခဲ့

http://www.dhammadownload.com

တယ်၊ ကိုင်း ရသေ့ကြီးတဲ့ ရှင်ဘုရင်ကတော့ သင့်အလိုကျဆိုလို့ ကျွန်ုပ်ကို သင့်လက်ထဲအပ်သွားပြီ၊ သင်နဲ့ကျွန်ုပ်နဲ့လည်း အခု အကြင်လင်မယားဖြစ်ပေါ့၊ အေးဟုတ်ပြီ ဖြစ်ပြီ၊ ဖြစ်တော့ အရေးကြီးတာက နေရေးတဲ့, ထိုင်ရေးတဲ့, စားရေး, သောက်ရေးတဲ့၊ ဝတ်ရေး ဆိုသလိုပေါ့၊ ရွာမှုရပ်မှုကိစ္စဝိစ္စလေးတွေ ပြောကြတယ်၊ တစ်အချက်အရေးကြီးတာ အခု လင်ရယ်၊ မယားရယ် ဖြစ်လာတော့ ပထမဦးစွာ နေဖို့နေရာအရေးကြီးတယ်တဲ့၊ ရသေ့ကြီး သင်လည်းပဲ ယောကျ်ားတဏှာရယ်လို့ ဖြစ်လာရင် သင်ပဲ ခေါင်းသုံးရမှာပဲ၊ ရှင်ဘုရင့်ထံသွားပြီးတော့ ကျွန်ုပ်တို့နေဖို့ အိမ်ဆောက်စရာ နေရာလေးပေးပါလို့ သွားတောင်း၊ ဘယ်လောက် ပရိယာယ်လိမ္မာသလဲဆိုတာ မိဖုရားကခိုင်းတော့ သွားရှာတယ်၊ ရှင်ဘုရင့်ဆီရောက်တော့ အသင်ရသေ့ကြီး ဘာကိစ္စလာ၊ တခြားမဟုတ်ပါဘူး၊ ကျွန်ုပ်တို့ ရုတ်တရက် အားဖြင့် အိမ်ထောင်လျက်သားလိုကျလာပြန်တော့ နေစရာကမရှိသည့်အတွက် အိမ်ဆောက်ဖို့ နေရာလေးများ ပေးသနားပါလို့ လာတောင်းပန်တယ်။ ဘယ်လောက်များ ရသေ့ကြီးမျက်စိလည်လဲ၊ သူကြည့်တော့ လျှော်တေသက်နိုးနဲ့နော် (မှန်ပါတယ်ဆရာ)၊ လျှော်တေသက်နိုး ဝတ်လျက်သား မချွတ်ဘူး၊ အဲ့ဒါအမှတ်တမဲ့ သတိလစ်နေတယ်၊ လာတောင်းတယ်၊ တောင်းတော့ ရှင်ဘုရင်က ပေးလိုက်တယ်။ လူတွေနေတဲ့ ရွာစွန်းရွာဖျားက လူအများအညစ်ကြေး စွန့်ထားတဲ့ နေရာပေးလိုက်တယ်။ ပရိယာယ်နော် မုန်းလို့မဟုတ်ဘူး၊ သနားလွန်လွန်းလို့၊ ရှင်ဘုရင့်ပရိယာယ်၊ မိဖုရားပရိယာယ် ဘယ်လောက် လိမ္မာသလဲလို့၊ အညစ်အကြေးစွန့်ထားတဲ့နေရာ ပေးလိုက်တယ်။

အဲဒီနေရာယူပေတော့ မင်းမိန့်ခံလို့ မင်းကပေးတဲ့ အမိန့်အရ ပြန်လာခဲ့၊ နေရာထိုင်ခင်းတော့ အိမ်ဆောက်ဖို့ နေရာတော့ရပြီ၊ ဘယ်နေရာရလဲ၊ ဟောဒီလို ဟောဒီလိုမှာလိုက်တယ်၊ ရွာစွန်းရွာဖျားက သူများတွေမနေတဲ့ အညစ်အကြေးစွန့်ပစ်တဲ့နေရာ ယူရမယ်တဲ့၊ အောင်မလေး စက်ဆုပ်ရွံရှာဖွယ်ကောင်းလိုက်တာ၊ ကျွန်ုပ်က ထီးပေါ် နန်းပေါ် ပျော်လာတဲ့ မိဖုရားကြီး၊ ဒီလောက်တောင် မသန့်ရှင်းတဲ့နေရာကြီး နေဖို့ဆိုတာ မခဲယဉ်းဘူးလားလို့၊ အောင်မလေးကွယ် ငါသန့်ရှင်းအောင်ကြိုးစားမယ်၊ သုတ်သင်ပေးပါမယ် ရသေ့ကြီးက နော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် သုတ်သင်စမ်းပါ၊ သန့်ရှင်းစင်ကြယ်အောင်လို့ လူချင်းအတူတူ သူချင်းမျှမျှဖြစ်အောင် ရွာထဲရပ်ထဲ သွားပြီးတော့ ပေါက်တူးတို့၊ ခြင်းတောင်းတို့ ငှားပြီးတော့ မသန့်ရှင်းတဲ့ရေတွေသယ်၊ ပေါက်တူးနဲ့ပေါက်၊ လုပ်လိုက်တာချွေးတဒီးဒီးနဲ့ နော် (မှန်ပါတယ်ဆရာ)၊ ကာမုပါဒါန်ရဲ့သတ္တိတဲ့။ ဘယ်လောက် အစွဲအလန်းကြီးတယ်ဆိုတာကြည့်၊ ဘယ်လောက်များ ဘေးကထိုင်ပြီး ကြည့်လို့ကောင်းလဲ၊ သူသက်နိုးကြီးက ဖားလျားဖားလျားနဲ့ နော် (မှန်ပါတယ်ဆရာ)၊ မသိရှာဘူး၊ အဲ့ဒါပေါက်တူးတွေ၊ ခြင်းတောင်းတွေနဲ့ မြေတွေသယ်၊ အညစ်အကြေးတွေ သန့်ရှင်းသုတ်သင်ပြီးတော့ ရသေ့ကြီးနေရာတော့ ပြီးသွားပြီတဲ့၊

http://www.dhammadownload.com

နေဖို့ အိမ်လိုတယ်တဲ့၊ အိမ်တစ်ဆောင်ပြီးအောင် ဆောက်ပါဦးတဲ့၊ နေရာမရရင်ဆိုလား လင်ခန်း မယားခန်းဆိုလား အိမ်နဲ့ယာနဲ့ ဒီလိုနေမှ ထိုင်မှ ဖြစ်တာတဲ့၊ သူသူငါငါ လူတကာနေတာ ကြည့်စမ်းပါ၊ လူများရှိရာလမ်း လက်ညှိုးညွှန်ပြတယ်။ သူကတော့ ထိုင်ရာက မထဘူး နော် (မှန်ပါတယ်ဆရာ)၊ အေးအေး ငါအိမ်ဖြစ်အောင် ဆောက်ပါမယ်ကွာ၊ တို့နေသာလောက်တဲ့ အိမ်တစ်လုံးတော့ ဖြစ်ရစေမယ်ဆို အရပ်ထဲလျှောက်လည် သစ်ဝါးတောင်း စုဆောင်းပြီးတော့ ဆောက်လိုက်တယ်။ သူ့အိမ် သူဆောက် ပင်ပန်းလိုက်တာ နဖူးကချွေး ခြေမကျခမန်း ပင်ပန်းမှန်း မသိဘူး၊ သူစိတ်ထဲတော့ တော်တော်ကြီး ပျော်နေတယ်။

တို့လင်မယားတော့ အိမ်လေးပြီးရင် ပျော်ပျော်ပါးပါးနေရချည်ရဲ့၊ ဒါပဲအာသီသထားတယ် နော် (မှန်ပါတယ်ဆရာ)၊ အိမ်ဆောက်၊ အိမ်ဆောက်ပြီးပြန်တော့ စားကောင်း စားဖွယ်အရှာခိုင်း ရှာရပြန်တယ်၊ ရပ်ထဲရွာထဲ မျက်နှာညှိုးငယ်နဲ့ တောင်းရတယ်၊ သူညှာပါ ငါညှာပါ အိမ်ထောင်သစ်မို့ အိမ်ထောင်သစ်မို့လို့ အိုးလေးခွက်လေးများ ပေးသနားကြပါလို့ တောင်းရတယ်၊ အိုးလေး ခွက်လေးပေးလိုက် စုဆောင်းလာလိုက် ချက်ပြုတ်စားဖို့သောက်ဖို့ ရပြီဆို လင်စုံမယားဖက် နှစ်ယောက်အတူတူ ကြည်ကြည်ဖြူဖြူနဲ့ စားစရာ၊ သောက်စရာ ချက်စရာ ပြုတ်စရာတော့ ရပေါ့၊ ရသေ့ကြီးရယ် ဒါရတာတော့ ဟုတ်ပါပြီ၊ အိမ်လည်းရပေါ့၊ စားဖွယ်သောက်ဖွယ်လည်းရပေါ့၊ ပန်းကန်ခွက်ယောက်လည်းရပေါ့၊ အများက ခီးမြောက်လို့၊ ဒါ့ထက်အရေးကြီးတာက အိမ်ပေါ်မှာ လင်ခန်း မယားခန်းဆိုတာက တင့်တောင့်တင့်တယ် ဖွယ်ဖွယ်ရာရာ အကာအရံနှင့်ရှိမှတော်မှာပေါ့၊ ရှင်မရယ် ငါကာပေးပါ့မယ် စိတ်မပူနဲ့၊ အခန်း အကာအရံလေး သပ်သပ်ရပ်ရပ်လေးကာလို့ပေါ့၊ ဖြစ်ကတတ်စမ်းပေါ့ကွနော် (မှန်ပါတယ်ဆရာ)။

ကာပြီးပြန်တော့ အဲဒါအရေးကြီးတာက ဘာအရေးကြီးတုန်းဆိုတော့ ကုဋ္ဌင်လိုတယ်၊ အိပ်ယာအိပ်ခင်းလိုတယ်၊ မိဖုရားက ပြောတယ်၊ ဒီတော့မှ ကုဋ္ဌင်မရ, ရအောင်ရှာ၊ အိပ်ယာခင်းမရ, ရအောင်ရှာ၊ ချွေးဒီးဒီးကျလို့ တစ်ခါတစ်လေ ပင်ပန်းအားကြီးလို့ သူစဉ်းစားတယ်၊ ပထမတုန်းက ငါကြံစည်စိတ်ကူးတာ ဒါတွေ မပါဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ပင်ပန်းလာမှကိုး နော် (မှန်ပါတယ်ဆရာ)၊ ပင်ပန်းလိုက်တာလို့ ဒေါင်ချာစိုင်းလို့ နည်းနည်းလေးမှ နားမနေရဘူး၊ တစ်ခုပြီးတစ်ခု ဆက်တိုက်ဆက်တိုက် ဆက်ဆက်ဆက်ဆက်ခိုင်းတယ်၊ နောက်ဆုံးကျတော့ အိပ်ယာအိပ်ခင်း ကုဋ္ဌင်အစရှိသည်အားဖြင့် ပြည့်စုံပါပြီလို့ ပြောတော့ အေး အိပ်ယာခင်းပြည့်စုံလို့ ရှိရင်လည်းပဲ တင့်တောင့်တင့်တယ်နေကြတာပေါ့ ရသေ့ကြီးရယ်၊ ကုဋ္ဌင်ပေါ် လင်မယားနှစ်ယောက် ယှဉ်ထိုင်တယ်၊ ထိုင်ပြီးတော့ မုဒုလက္ခဏာမိဖုရားကြီးက ဒီတော့ ရသေ့ဆိုတာမျိုးက ဟိုစဉ်အခါက လူမနီးတဲ့နေရာနေကြတော့ မိမိမျက်ခွက်

http://www.dhammadownload.com

မျက်နှာပေါက်တဲ့ မုတ်ဆိတ်ကျင်စွယ်မှ ပယ်ရိုးထုံးစံမှ မရှိဘဲကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ မုတ်ဆိတ်မွှေးတွေကလည်း စုတ်ဖွား နော် (မှန်ပါတယ်ဆရာ)၊ မုတ်ဆိတ်မွှေးတွေကလည်း အရှည်ကြီး စုတ်ဖွားကြီးနဲ့ ကုဋ္ဌင်ပေါ် လင်မယားနှစ်ယောက် ထိုင်နေတော့ မုဒုလက္ခဏမိဖုရားကြီးက ရသေ့ကြီးရဲ့မုတ်ဆိတ်စုံကိုင်ဆွဲတယ်၊ ကြည့်စမ်းတဲ့၊ ကိုယ့်ကိုယ်ကိုပြန်ကြည့်စမ်းတဲ့၊ ရသေ့ရဟန်းရဲ့ အသွင်မှ သင်သတိမရတော့ဘူးလားတဲ့၊ မုတ်ဆိတ်ဆွဲပြီးတော့ ရမ်းပြီးတော့ မေးလိုက်တယ်။

ဒီတော့မှ ကမန်းကတန်းနဲ့ မုတ်ဆိတ်ဆွဲရမ်းတာ လန့်ပြီးတော့ သူ့ကိုယ်သူပြန်ကြည့်တော့ လတ်စသတ်တော့ ငါ့ရသေ့ဝတ်ကြီးနဲ့ပါပဲလား၊ ဒီမှာသွားမြင်တာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အဲဒီမှာ သတိရတယ်၊ ကာမုပါဒါန် စွဲလန်းမှုပြင်းထန်ပုံ၊ ဒီတော့မှ သတိရတော့ အေး ကြည့်စမ်းကြည့်စမ်း၊ ငါ့တစ်မေ့ထဲ မေ့နေလိုက်တာ လုံးလုံးသတိမရဘူး၊ မင်းကြီးက ငါ့လက်တွင်း မုဒုလက္ခဏမိဖုရားကြီးပေးခဲ့တယ်၊ ငါ့လက်တွင်းရောက်တဲ့အချိန်ကစ ငါ့မှာ နည်းနည်းလေးမှ အားလပ်ခွင့်မရ လုပ်လိုက်၊ ကိုင်လိုက်ပင်ပန်းကြီးစွာနဲ့ ရှာလို့ ဖွေလို့ လုပ်ရကိုင်ရာတာလို့ ငါ့ဘဝမှ ငါပြန်ပြီးတော့မမြင်၊ ငါ့အဝတ်မှ ငါပြန်သတိမရ။ အင်မတန်ဆိုးတဲ့ ဘဝဆိုးကြီးမျိုး ဘဝမျိုး ငါရောက်နေပါလားလို့ အဲဒီမှာကြောက်စိတ်တွေပေါ် လာပြီးတော့ မဖြစ်ဘူး၊ မိဖုရားကြီးရေ သင့်တော့ဖြင့် ငါမင်းကြီးလက်တွင်း ပြန်ပြီးတော့ အပ်လေမှပဲဆိုပြီးတော့ မိဖုရားကြီးခေါ်ပြီး ရှင်ဘုရင့်ထံပြန်ပို့၊ အရှင်မင်းကြီး ကျွန်ုပ်အလိုမရှိတော့ဘူးတဲ့၊ မုဒုလက္ခဏ သင်ပဲ ပြန်သိမ်းပိုက်ပါတော့ မင်းကြီးပြန်အပ်တယ် နော် (မှန်ပါတယ်ဆရာ)။

ပြီးတော့မှ သူ့ကိုယ်သူ သတိရပြီး ဈာန်သမာပတ် ပြန်လေ့လာတော့မှ ဈာန်သမာပတ်ပြန်ရတယ်တဲ့၊ ကာမုပါဒါန်-ငါးဖြာအာရုံ ကာမဂုဏ်စွဲလန်းမှု ပြင်းထန်ပုံဆိုတဲ့ သဘာဝလေးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌုပါဒါန်ကျတော့ လှူတာတန်းတာ အကျိုးမရှိ၊ ယဇ်ကြီးယဇ်ငယ် ပူဇော်တာ အကျိုးမရှိ၊ မိဘနှစ်ပါးလုပ်ကျွေးသမှုပြုစုတာ အကျိုးမရှိ၊ ခရီးသွား အာဂန္တု လုပ်ကျွေးသမှုပြုတာ အကျိုးမရှိ၊ အစရှိသည်အားဖြင့် ကုသိုလ်ကမ္မပထတရားဆယ်ပါး လုပ်တာ အကျိုးမရှိ၊ လုပ်စရာမလို၊ အကြောင်းတရားလည်းမရှိ၊ အကျိုးတရားလည်း မရှိ၊ အကြောင်းအကျိုးနှစ်ပါးလုံးလည်း မရှိ၊ အကြိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)၊ အစွဲသန်ပုံတဲ့ သေချာမှတ်ထားနော်၊ တဏှာတွေရကြတယ်၊ ဥပါဒါန်ဘက်မကူးစေနဲ့ဆိုတာ ထား၊ အင်မတန်ကြောက်စရာကောင်းတယ်၊ ကြောင်ကြွက်ခဲသလိုပဲဖြစ်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါနဲ့ကြွက်ကကြီးပြန်တော့ ကြောင်ပြန်ကိုက်တတ်တယ်လား၊ အင်မတန်စွဲလန်းတဲ့ အစွဲလန်းကြီးခေါ်တယ်၊ ဖြစ်မိပြီဆိုမှဖြင့် စွဲလန်းပြီဆိုမှဖြင့် နောက်ပြန်ဆုတ်လို့မရကောင်းဘူး။ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

တို့မြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်က ရှင်တစ်ထောင်ကျွတ်ခန်းမှာ ဥရုဝေလ ကဿပကြီး၊ နောင်တော်အကြီးဆုံးပေါ့ကွနော် (မှန်ပါတယ်ဆရာ)၊ တပည့်ရသေ့ပေါင်း ငါးရာနဲ့ တရား အားထုတ်နေတယ်၊ တရားကလည်း လွဲလွဲမှားမှား တို့ဘုရားနဲ့တွေ့မှ ရဟန္တာတွေဖြစ်တယ်၊ ဥရုဝေလ ကဿပတဲ့၊ အဲဒီဥရုဝေလကဿပကြီးဟာ တစ်ခုသောဘဝမှာ သူက ဘုရင်အင်္ဂတိအမည်ရှိတဲ့ မင်းကြီးဖြစ်လို့ သူက ရှင်ဘုရင်၊ သူ့ထံမှာ စစ်သူကြီးဖြစ်နေတာက ဒေဝဒတ်အလောင်း၊ တို့ဘုရား လက်ထက် ဒေဝဒတ်ကြီးပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ သူက အဲဒီအင်္ဂတိမင်းကြီးထံမှာ စစ်သူကြီး လုပ်တယ်၊ အလာတအမည်ရှိတဲ့ စစ်သူကြီး၊ ဒီတော့ ဥရုဝေလကဿပ အခုတို့ ဘုရားလက်ထက်မှာ ရဟန္တာအစစ်ဖြစ်သွားတော့ ဥရုဝေလကဿပကိုယ်တော်မြတ်ကြီးအလောင်းက အင်္ဂတိမင်းကြီး ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒေဝဒတ်အလောင်းက ဒီစဉ်အခါတုန်းက သူ့ထံမှာ ခစားနေတဲ့ စစ်သူကြီး အလာတ နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ တို့ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်အလောင်းက ဒီစဉ်အခါတုန်းက ဗီဇကအမည်ရှိတဲ့ ကျွန်မျိုးမှာ ဖြစ်တယ်၊ အလောင်းတော်မြတ်ကြီးတွေ နော် ကြောက်စရာ ကောင်းပါဘိ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။

ပြီးတော့ တို့မြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်မှာ ညီတော်အာနန္ဒာက အဲ့ဒီအင်္ဂတိမင်း ကြီးရဲ့သမီးတော် ရုစာဖြစ်နေကြတယ်။ ဒီတော့ တစ်နေ့သောအခါကျတော့ အင်္ဂတိမင်းကြီးက ဘယ်သူ ဆည်းကပ်ကိုးကွယ်ပြီး လျှောက်ထားမေးမြန်းသလဲဆိုတော့ အခုတို့ဘုရားလက်ထက်မှာ ငါလည်း ရှေ့ပိုင်းက တစ်ခါဟောခဲ့ပါပြီ၊ သုနက္ခတ္တရဟန်းဖြစ်ပြီးတော့ အဝတ်မပါဗလာကိုယ်တည်း အချည်းနှီး ဖြစ်နေတဲ့ ခွေးလိုကျင့်၊ ခွေးလိုစား၊ ခွေးလိုသွားဆိုတဲ့ အစေလကဂိုဏ်းသား ဘုရားမှတ်ပြီးတော့ သွား တယ်ဆိုတဲ့ သုနက္ခတ္တ ကြားဖူးရဲ့လား၊ (မကြားပါဘူးဆရာ)၊ ကြားဖူးရဲ့လား၊ ကြားဖူးသလား၊ ဟောဗျာ ဘယ်နှယ့်ပါလိမ့် ကြားဖူးသလား (ဆရာတစ်ခါဟောတုန်းကကြားဖူးတာပဲ)၊ ညော် အဲဒီလိုလုပ်စမ်းပါဟ ကြားဖူးလားလို့ ပြောတော့ မသေချာသေးဘူး ဒီကောင်၊ အဲဒီသုနက္ခတ္တအလောင်းက ဒီစဉ်အခါတုန်း က သူက တိတ္ထိဆရာကြီးကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ သူကလည်း အစေလက ဒီစဉ်အခါတုန်းက၊ အဝတ်မပါ တစ်ကိုယ်တည်း ခွေးလိုကျင့်တယ်၊ ခွေးလိုသွားတယ်၊ ခွေးလိုစားတယ်၊ ခွေးလိုနေတယ်၊ ခွေးလို့အိပ်တယ်၊ ဘယ်လောက်များ ထူးခြားတဲ့ပုဂ္ဂိုလ်တွေလဲလို့ အံ့သြစရာ၊ အဲ့ဟိုက အင်္ဂေ့အသက် ပါလာတာတို့ ဘုရားလက်ထက်ကျ ဘုရားတောင်ပုန်ကန်သွားသေးတာ၊ သူ ဟိုက အင်္ဂေ့အသက်ပါ လာတာ အဲဒီအခါတုန်းက သူက တိတ္ထိဆရာကြီးတဲ့၊ သူကြည့်တော့ အဝတ်ကမပါဘူး၊ လေးဘက် ထောက်သွားတယ်၊ အစားကျွေးတော့ မြေကြီးပေါ်ပုံကျွေးရတယ်၊ သူက လေးဘက်ထောက် ခွေးများ လိုပဲ ကျွေးလာတဲ့ အစာကို နမ်းပြီးမှ လက်နဲ့ယူမစားဘူး၊ ပါးစပ်နဲ့ ထိုးဟပ်တာ နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com

အစေလကဂိုဏ်းသားများ ဒီအတိုင်းနေတယ်၊ အိပ်တော့ဘယ်မှာတုံးတဲ့၊ မီးဖိုချောင်က ခွေးများအိပ်တဲ့ ပြာပုံထဲမှာအိပ်ရတယ် နော် (မှန်ပါတယ်ဆရာ)။

အဲဒီတော့ အင်္ဂတိမင်းကြီးဟာ ဒီအစေလကဂိုဏ်းဆရာကြီး သွားလျှောက်တယ်၊ ဒီအစေလက ဂိုဏ်းဆရာကြီး သွားလျှောက်တော့ အရှင်ဘုရားတဲ့ သုဂတိဘဝရအောင် ဘာတရားများ ကြိုးစားရ မှာတုံး။ ဆရာတစ်ဆူ အမှတ်ပြုပြီးတော့ သွားလျှောက်တယ်။ သွားလျှောက်တော့ ဒီအစေလက ဆရာကြီးက ဘာပြောလဲ, ဘာဟောလဲဆိုတော့ ပြည့်ရှင်မင်းကြီးတဲ့၊ ဒါနကုသိုလ်ဆိုတဲ့ အလုပ် တွေဟာ အမှန်ကတော့ လူမိုက်များလုပ်တာတဲ့နော် (မှန်ပါတယ်ဆရာ)၊ လူလိမ္မာက အလှူခံစားတယ်၊ လူမိုက်ကလှူ၊ လူလိမ္မာကယူ နော် (မှန်ပါတယ်ဆရာ)၊ ဒီဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုတွေလုပ်ခြင်း ကြောင့် နောင်ဘဝကောင်းကျိုးချမ်းသာပေးတတ်တယ်ဆိုတဲ့ဥစ္စာမရှိပါဘူးတဲ့။ အလကား ပြောတာ ပါတဲ့။ ဒီက အကုသိုလ်လုပ်တော့လဲ ဟိုအကုသိုလ်အကျိုးတွေ ခံရတယ်၊ ဒီမှာ ကုသိုလ်လုပ်တော့ ကုသိုလ်အကျိုးတွေခံရတယ်ပြောတာ အလကားပြောတာပါတဲ့။ လုပ်ကောင်းတဲ့ အကြောင်းတရားလဲ မရှိပါဘူး။ ခံစားအပ်တဲ့ အကျိုးတရားလဲမရှိပါဘူးတဲ့။ ဒါဖြင့် ဒီသတ္တဝါများ ဘယ်တော့ သံသရာဝဋ္ဌ ဆင်းရဲက ကျွတ်မှာတုံးလို့မေးတော့ ကမ္ဘာပေါင်း ရှစ်သန်းနဲ့ လေးသိန်းရှိတဲ့ အချိန်ကျတော့ ကမ္ဘာသူ ကမ္ဘာသားတွေဟာ စင်ကြယ်သန့်ရှင်းပြီးတော့ နိဗ္ဗာန်ကို အကုန်ချဉ်းကပ်လိမ့်မယ်တဲ့။ ဒီအချိန်ကျရင် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီပုဂ္ဂိုလ်ကြီးတွေဟောတဲ့ဝါဒ ဒီနေ့အထိကျန်သေးတယ်၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ကနေ့အထိ ကျန်သေးတယ်။ မင်းတို့ မသိလို့၊ သိတဲ့လူလဲ သိပါလိမ့်မယ်။ အလကားပါကွာ၊ ကုသိုလ်ကောင်းမှု အကျိုး အကြောင်းဆိုတဲ့ တရားတွေ မျှော်လင့်ချက်မရှိပါဘူး။ အလကားပါ ဒါတွေ။

နောက်ဆုံးကျပြီဆိုမှ ကမ္ဘာကြီး အခုတော့ပြသွားတာ ဟိုက ရှစ်သန်းနဲ့လေးသိန်း တစ်ကမ္ဘာပြီး တစ်ကမ္ဘာ၊ တစ်ကမ္ဘာပြီး တစ်ကမ္ဘာနဲ့ ပျက်လိုက်, ပြန်ဖြစ်လိုက်၊ ပျက်လိုက်, ပြန်ဖြစ်လိုက်၊ ကမ္ဘာပေါင်း အရေအတွက် ရှစ်သန်းနဲ့လေးသိန်းရှိတဲ့အခါကျတော့ ကမ္ဘာသူ ကမ္ဘာသားတွေ အကုန်လုံး နိဗ္ဗာန် ရောက်ကရောတဲ့။ စင်ကြယ်သန့်ရှင်းတဲ့ဘဝ ရောက်ကြရော။ ဘာမှ ဒီကြားမှာ လုပ်နေစရာ မလိုဘူးတဲ့။ မိအိုဖအို ကျွေးမွေးသုတ်သင်တယ်ဆိုတဲ့ ကုသိုလ်လဲ လုပ်စရာမလိုဘူးတဲ့။ ဆရာသမား ပြုစုတယ်ဆိုတဲ့ ဝတ်ကြီးဝတ်ငယ်လဲ လုပ်စရာမလိုဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ရောက်လာတဲ့ ဖုန်းတောင်းယာစက လှူမှု, တန်းမှု, ပေးမှု, ကမ်းမှု, လုပ်စရာလဲမလိုဘူးတဲ့။ ရောက်လာတဲ့ ဧည့်သည် အာဂန္တုလည်း အကျိုး မျှော်ကိုးတဲ့အနေအားဖြင့် အကြောင်းတရားအနေအားဖြင့် ဝတ်ကြီးဝတ်ငယ် ပြုစုစရာမလိုဘူးတဲ့။ ဒါန, သီလဆိုတဲ့ တရားတွေလလည်း လုပ်စရာ, ကြိုးစားစရာ, အားထုတ်စရာ မလိုဘူးတဲ့။ လူမိုက်လုပ်

http://www.dhammadownload.com

ရင် လူလိမ္မာက ယူတာပဲတဲ့။ "လူမိုက်ကလျှူ လူလိမ္မာကယူ"တဲ့။ ဒါပဲရှိတယ်တဲ့။ အစေလကတိထို ဆရာကြီးက ဟောတယ် နော် (မှန်ပါတယ်ဆရာ)။

ဟောတော့ အဲဒီမှာ အင်္ဂတိမင်းကြီးထံ အမြဲခစားနေတဲ့ စစ်သူကြီး အလာတက ထောက်ခံတယ်။ အရှင်ဘုရားဟောတဲ့တရား သိပ်မှန်တာပဲတဲ့ နော် (မှန်ပါတယ်ဆရာ)၊ အရှင်ဘုရားဟောတဲ့တရား သိပ်မှန်တာပဲ၊ သူကထောက်ခံတယ်။ ဘာပြုလို့မှန်တုံးတဲ့ မင်းကြီးကမေးတယ်။ မင်းကြီးတဲ့ မှန်ပါပေါ့ ကောတဲ့၊ အကျွန်ုပ်က ဟိုဘက်ဘဝတုန်းက နွားသတ်လာတဲ့လူ၊ နွားသတ်သမားတဲ့ နော် (မှန်ပါ တယ်ဆရာ)၊ ဟိုဘက်ဘဝတုန်းက နွားသတ်သမားတဲ့၊ ကျွန်ုပ်ဟာ ဇာတိဿရဉာဏ်ကို တစ်စိတ် တစ်ဒေသအားဖြင့် ရတဲ့ ပုဂ္ဂိုလ်ပါတဲ့၊ ကျွန်ုပ်မြင်တယ်တဲ့ အသင်မင်းကြီး၊ ဟိုဘဝတုန်းက ကျွဲပ်နွား သတ်လာတဲ့ နွားသတ်သမား။ အခုဘဝလာပြီးတော့ စစ်သူကြီးဖြစ်လာတယ်ဆိုတော့ ကြည့်စမ်းပါ။ အကယ်တန္တ မကောင်းသော အကုသိုလ်ကံတွေလုပ်လို့ အကုသိုလ်ကံအကြောင်းတွေ လုပ်ခြင်း ကြောင့် မကောင်းသော အကျိုးတရားတွေပေးမယ်ဆိုရင် ကျွန်ုပ်စစ်သူကြီးဖြစ်ပါ့မလားတဲ့ နော် (မှန်ပါတယ်ဆရာ)၊ သူပြောတာ ယုတ္တိအားဖြင့်တော့ ယုတ္တိရှိသလို မနေဘူးလား (နေပါတယ်ဆရာ)၊ သူမြင်တဲ့ ဇာတိဿရဉာဏ်က တစ်ဘဝ နှစ်ဘဝ ဒီလောက်ပဲမြင်တယ်။ ဒါပေမယ့်လို့ သူစစ်သူကြီး လာဖြစ်တာ ဟိုဘဝက နွားတွေသတ်လို့ လာဖြစ်တာမဟုတ်ပါဘူးတဲ့။

အမှန်က ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်က အနော်ဇာပန်းကို မြတ်စွာဘုရား ကိုယ်တော်မြတ် တစ်ကြိမ်လှူဖူးတဲ့ ကုသိုလ်ထူးကြောင့် ဒီဘဝလာပြီးတော့ စစ်သူကြီးလာဖြစ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သူ ဟိုဘက်ဝမှာ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်ကို အနော်ဇာ ပန်းလှူဒါန်းခဲ့တယ်ဆိုတဲ့ဘဝ သူပြန်မမြင်ဘူး။ သူနွားသတ်သမားဘဝ သွားမြင်တယ်။ ဟိုဘက်ဘဝက ငါနွားတွေသတ်လာတဲ့ နွားသတ်ယောကျ်ားတဲ့၊ အကုသိုလ်ကံအကြောင်းတရားတွေ ဖြစ်တယ်၊ ဒီဘဝလာပြီးတော့ ငါအကုသိုလ်အကျိုးတွေ ပေးမှာပေါ့တဲ့။ အခု ဒီအကြောင်းတရားတွေ အကျိုးတရားတွေ မရှိလို့ပေါ့တဲ့။ ဟိုဘက်ဘဝက ငါနွားတွေသတ်လာတာ၊ ဒီဘက်ဘဝလာ စစ်သူကြီး ဖြစ်၊ ထောက်ခံတယ်၊ ထောက်ခံတော့ မင်းကြီးက သဘောကျတယ်။ အဲဟုတ်သားပဲ၊ အဲဒါကြည့်ပါ လား၊ အရှင်ဘုရား ဟောတဲ့တရားတယ်မှန်ပါတယ်ဘုရား၊ မင်းကြီကကြိုက်တယ် နော် (မှန်ပါတယ် ဆရာ)၊ အဲဒီလိုဟောနေတုန်းမှာပဲ အရှင်မောဂ္ဂလာန်အလောင်း ဗီဇကကျွန်မျိုးက တစ်ခါတိုးပြီး လျှောက်ပြန်တယ်။

အရှင်ဘုရားဟောတဲ့တရား သိပ်မှန်တာပဲတဲ့၊ ဘာပြုလို့တုံးတဲ့၊ မင်းကြီးကမေးတယ်။ အသင်

http://www.dhammadownload.com

မင်းကြီး ဟုတ်ပါသော်ကောတဲ့။ ကျွန်ုပ်ဟာ ဟိုဘဝတုန်းက ကုဋ္ဌေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးကြီးတဲ့။ ကျွန်ုပ်သည် ကုဋ္ဌေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးကြီးဘဝတုန်းက ဒါနဆိုတဲ့ ကုသိုလ်တွေလဲ ဝက်ဝက်ကွဲအောင် လုပ်လိုက်တာပဲတဲ့၊ သီလဆိုတဲ့ ကုသိုလ်တွေလဲပဲ အမြဲတစေ ဆောက်တည်လာခဲ့တာပဲတဲ့။ အကယ်တန္တ ဒါန၊ သီလ ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေသာ အကြောင်းအားလျော်စွာ အကျိုးပေးတတ်တဲ့ တရားတွေဖြစ်ရင်တဲ့ ဒီဘဝလာ ကျွန်ဖြစ်ပါ့မလားတဲ့၊ ဟော ဒီလိုဆိုတော့ သူဥစ္စာဟုတ်သလိုဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဆရာ)၊ သူလဲ ဇာတိဿရဉာဏ် တစ်ဝက်တစ်စိတ်ရတဲ့လူတဲ့။ ပြန်ပြီး အတိတ်ဘဝ ပြန်ဆင်ခြင်ကြည့်တော့ သူဌေးဘဝနဲ့ လျှုခဲ့၊ တန်းခဲ့၊ သီလစောင့် တာတွေ သူမြင်တယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ တစ်ခုသော ဘဝမှာလဲ လယ်ထွန်သမား လယ်သမား ယောကျ်ားဖြစ်စဉ်အခါတုန်းက နွားပျောက်လို့ တောထဲနွားလိုက်ရှာ၊ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက် နွားလိုက်ရှာရင်း မတ်တပ်ရပ် ရဟန်းကိုယ်တော်မြတ်တစ်ပါးက မျက်စိလည်လမ်းမှားလို့ သူကလဲ နွားပျောက်လို့ နွားရှာမတွေ့တော့ ချွေးတွေသန်တွေနဲ့ ပင်ပင်ပန်းပန်းနဲ့ စိတ်ကလဲ ခပ်တိုတိုဖြစ်တယ်၊ မျက်စိလည်နေတဲ့ ရဟန်းတစ်ပါးနဲ့ ဘွားကနဲသွားတွေ့တော့ ဒကာကြီးခေါ်တယ် မထူးဘူး။ မြို့နေတယ်၊ စိတ်ကအတော်တိုနေတာကိုးကွ ဒကာကြီးခေါ်တယ် မထူးဘူး။ ကျုပ်က လမ်းမှားလို့ပါ လမ်းလေးမျှားသိရင် ညွှန်ကြားပါလို့ တစ်ဆိတ်လောက်ညွှန်ပြပါ၊ မပြောဘူး။ စိတ်ကတိုနေတာကိုး နော် (မှန်ပါတယ်ဆရာ)၊ ဟိုကမပြောတော့ နောက်ထပ်မေးတယ်၊ ဒကာကြီး ကျုပ်လမ်းမှားလို့ လမ်းလေးမျှားပြစမ်းပါ။

အဲဒီစဉ်အခါတုန်းက ရဟန်းတော်မြတ်သွားပြောတယ်၊ ဟယ် ဒီကျွန်ရဟန်းက မေးမယ့်ရန်ကောလို့ ဆိုလိုက်တဲ့ ဝစီကံအကုသိုလ်ကံကြောင့် ဒီဘဝကျွန်မျိုးလာဖြစ်တယ်၊ ရှင်မောဂ္ဂလာန်လောင်းကြီး နော် (မှန်ပါတယ်ဆရာ) ဘဝအဆက်ဆက်လာလိုက်ကြတာလို့၊ အဲ သူက ဒီရဟန်းကို ကျွန်ရဟန်းလို့ ဆဲဆိုမိတဲ့ အကုသိုလ်ကံလုပ်တဲ့ဘဝ သူမမြင်ဘူး၊ သူ သူဌေးဘဝနဲ့ လျှုခဲ့တန်းခဲ့၊ သီလသီတင်းဆောက်တည်ခဲ့တဲ့ သူဌေးဘဝသွားမြင်တယ်၊ ဖြစ်ပုံလေးနော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် အရှင်ဘုရားဟောတဲ့တရားသည် အင်မတန်မှ မှန်ပါ၏၊ တပည့်တော်လွန်ခဲ့သော ဘဝက သူဌေးဘဝ ကုဋ္ဌေရှစ်ဆယ်ကြွယ်ဝလို့ တကယ့်ကိုကောင်းကျိုးချမ်းသာလိုချင်လွန်းလို့ ဒါနဆိုတဲ့ ကုသိုလ်မျိုးတွေ၊ သီလဆိုတဲ့ ကုသိုလ်မျိုးတွေ ဝက်ဝက်ကွဲအောင် လုပ်ခဲ့တာပဲတဲ့။ အခုတော့ ဆင်းရဲခြင်းမကဆင်းရဲလို့ ကျွန်မျိုးလာဖြစ်ရတယ်ဘုရား၊ အရှင်ဘုရားဟောတဲ့တရား တယ်မှန်ပါတယ်၊ ဘာမှ ဒါနသီလဆိုတဲ့ ကုသိုလ်ကောင်းမှု၊ ယဇ်ကြီးယဇ်ငယ် အသွယ်သွယ် အစရှိသည်အားဖြင့် လှူမှုတန်းမှု, ပေးကမ်းမှု, စွန့်ကြဲမှုဆိုတဲ့ အလုပ်တွေ လုပ်စရာမလိုဘူး၊ ဒီကုသိုလ်တည်းဟူသော အကြောင်းတွေကြောင့် နောင်ဘဝ ကောင်းကျိုးချမ်းသာ ပေးလိမ့်မယ်ဆိုတာ မဟုတ်ဘူးဘုရား။

http://www.dhammadownload.com

တပည့်တော်တို့ ဖြစ်ပုံကြည့်ပါတော့၊ အလာတစစ်သူကြီး လျှောက်ထားတဲ့စကား ထောက်ခံချက်ပေးတဲ့စကားတွေ၊ ဗီဇကကျွန်ယောက်ျားက လျှောက်ထားထောက်ခံချက်ပေးတဲ့စကား ထောက်ခံချက်တွေကများတော့ အင်္ဂတိမင်းကြီးက သူ့ဘုရားဟောတဲ့တရား ယုံမှပဲ၊ ဟုတ်ပြီ၊ သက်သေခံတွေ သိပ်ထင်ရှားတာပဲ နော် (မှန်ပါတယ်ဆရာ)၊ ဒီတရားတော့ ဟုတ်ပြီ၊ ငါလည်းပဲ ငါ့သမီးတော် ရုစာဆယ့်ငါးရက် တစ်ပတ် အသပြာတစ်ထောင်ပေးနေကျ၊ လျူဖို့ တန်းဖို့ ဒါနကုသိုလ်လုပ်ဖို့တော်ပြီ၊ တော်ပြီ။ ဒီနေ့ကစ လုပ်စရာမလိုတော့ဘူး၊ အလကား တရားတွေပဲလို့ အယူမှားကြတယ် နော်၊ မမှားဘူးလား (မှားနေပါတယ်ဆရာ)၊ မှားတာမှ ဘယ်အထိအောင်စွဲလမ်းလဲဆိုတော့ ဒိဋ္ဌပါဒါန်ဆိုတဲ့ ကြွက်ကိုကြောက်ခဲသလို စွဲစွဲမြဲမြဲ ယုံကြည်သွားလိုက်တာလို့ နန်းတော်ပြန်ရောက်တယ်၊ သမီးခေါ်တယ်၊ သမီးတော် ဒါနကုသိုလ် သီလကုသိုလ်ဆိုတဲ့ ကုသိုလ်ကောင်းမှုလုပ်ဖို့လို့ ဆယ့်ငါးရက် တစ်ကြိမ်ကျ ခမည်းတော်က အသပြာတစ်ထောင်ထုတ်ထုတ်ပေးတာ၊ တော်ပြီ နောက်မပေးတော့ဘူး၊ သေမီးတော် ဘယ်တော့မှ ဒါန, သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှု သမီးတော်မလုပ်နဲ့တော့ အလကားတရားတွေ လုပ်စရာမလိုဘူးတဲ့၊ ဘယ်လိုပဲနေနေ၊ ဘယ်လိုပဲထိုင်ထိုင်၊ ဘယ်လိုပဲကျင့်ကျင့်၊ ဘယ်လိုပဲကြံကြံ၊ ဖြစ်ချင်သလိုဖြစ်၊ နစ်ချင်သလိုနစ်၊ လုပ်ချင်သလိုလုပ်၊ ပျော်သလိုသာပျော် သမီးတော်၊ အလကားပြောတာ၊ ဒီကြားမှာ ဘာဖြစ်လိမ့်မယ်၊ ညာဖြစ်လိမ့်မယ်၊ ဘယ်လိုကောင်းကျိုးချမ်းသာရတယ်ဆိုတာ အလကားပြောတာ၊ ငါတော့မယုံတော့ဘူး၊ ငါ့ဆရာကြီး ပြောလိုက်တဲ့စကား ငါယုံတယ်၊ ဘယ်လိုပဲနေန ပစ်စလက်ခတ်နေချင်တိုင်းနေ ကမ္ဘာကြီးရှစ်သန်းနဲ့ လေးသိန်းရှိတဲ့ အချိန်ကျတော့ ကမ္ဘာသူကမ္ဘာသားတွေ စင်ကြယ်သန့်ရှင်း အပြစ်ကင်းလို့ နိဗ္ဗာန်တစ်ပြုံလုံး အကုန်လုံးရောက်ကြမှာတဲ့ နော် (မှန်ပါတယ်ဆရာ)။ ဒိဋ္ဌပါဒါန် စွဲလန်းမှု။

သမီးတော်က ငါ့ဖခမည်းတော်တော့ ငါးပါးမှောက်ပေါ့၊ လူပေါင်းတော့ မှားပေါ့၊ ဒါအလာတစစ်သူကြီးရဲ့ ပြောစကားအရ ဖခမည်းတော် ယုံကြည်မှုရှိတာပဲ၊ ဒီတော့မှ ခမည်းတော် ပြန်သံတော်ဦးတင်တယ်၊ ခမည်းတော်ဘုရား အယူမှားနေပြီပေါ့၊ မသူတော်နှင့်ပေါင်းခြင်းတော့ မတရားတဲ့စကားတွေ ကြား၊ မှားချင်းမက ဖခမည်းတော် မှားနေပေါ့၊ အလာတစစ်သူကြီးတို့, ဗီဇကကျွန်တို့ တိတ္ထိဘုရား ဟောကြားတဲ့တရား ထောက်ခံချက်ပေးတယ်ဆိုတဲ့ စကားက သူတို့ကလွန်ခဲ့တဲ့ အတိတ်ဘဝ ပြန်ပြီးတော့ဆင်ခြင်ရင် တစ်ဘဝ၊ နှစ်ဘဝ စသည်အားဖြင့် မြင်တတ်တဲ့ ဇာတိဿရ ဉာဏ်ရခြင်းမှာ ဘဝရှည်ရှည် မမြင်တတ်ပါဘူး။ သမီးတော်သည် လွန်ခဲ့သော အတိတ် ဘဝပြန်ကြည့်လည်း ခုနစ်ဘဝ မြင်နိုင်ပါ၏၊ လာလတ္တံ့ အနာဂတ်ဘဝ မျှော်ကြည့်လည်း ခုနစ်ဘဝ မြင်နိုင်၏။ အတိတ်ခုနစ်ဘဝ၊ အနာဂတ်ခုနစ်ဘဝ၊ ဆယ့်လေးဘဝတိတိမြင်နိုင်တဲ့ သမီးတော်ဖြစ်ကြောင်းပါလို့ သမီးတော် ရုစာက၊

http://www.dhammadownload.com

အာနန္ဒာအလောင်းက သူမြင်တဲ့ဘဝ ရှေ့ခုနစ်ဘဝ၊ နောက်ခုနစ်ဘဝ ပြန်ပြော။

ဒါပေမယ့် ဟင်း - သင်ပြောတာ ငါမယုံဘူး၊ သင်ပြောချင်ရာ လျှောက်ပြောတယ် နော် (မှန်ပါတယ်ဆရာ) ငါမယုံဘူးလို့ အဲ့ဒီလို အလျှဉ်ဒါန ပစ်ပယ်တယ်၊ ကုသိုလ်ကောင်းမှု ပစ်ပယ်ဆိုတဲ့ ဒီတိတ္ထိအယူဝါဒကြီးကို သန်ထားလိုက်တာ သမီးတော်ဝင်ပြောလည်း မရ၊ စွဲစွဲမြဲမြဲ ယုံကြည်နေလို့၊ နောက်တော့ သမီးတော်ရုစာက မကြံတတ်၊ ငါပြောလို့လည်း မယုံဘူးဆိုပြီးတော့ အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတွေ တိုင်တည်တယ်၊ သူတော်ကောင်းတွေ တိုင်တည်တယ်၊ လက်အုပ်ပါချီပြီးတော့ တိုင်တည်တယ်၊ တိုင်တည်တော့မှ တို့ပြဟ္မာ့ပြည်မှာ နာဂတ အမည်ရှိသော ပြဟ္မာကြီးက ဆင်းလာပြီးတော့ အင်္ဂတိမင်းကြီးကို တရားပြတယ်၊ ဆုံးမတယ်။

ပထမ ရှေးဦးမဆွ အကုသိုလ်ကံ၊ အကုသိုလ်ဒုစရိုက်တွေ လွန်ကျူးခြင်းကြောင့် ငရဲ, တိရိစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးဘုံ ပြတယ်၊ ငရဲခံရပုံတွေ ပြတယ်၊ ပြီးတော့မှ ဒါန, သီလ, သမထ, အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေ ကြိုးစားအားထုတ်တဲ့ပုဂ္ဂိုလ်များ၏ စံရာဖြစ်ရာဆိုတဲ့ အကျိုးဆက်ရဲ့ တည်နေရာ နတ်စည်းစိမ်တို့, ပြဟ္မာ့စည်းစိမ်တို့, ဒါတွေ မျက်မြင်ကိုယ်တွေ့အားဖြင့် နာဂတ ပြဟ္မာကြီးက ဆင်းပြတယ် နော် (မှန်ပါတယ်ဆရာ)၊ အဲဒီအခါကျတော့မှ စောစောက အစွဲသန်သန်နဲ့ မှန်မှန်ကြီး ယူထားတယ်ဆိုတဲ့ ဒိဋ္ဌပါဒါန် ဒီကျမှ စွန့်လွှတ်တယ်တဲ့၊ ငါတိတ္ထိဆရာကြီးဟောတဲ့အတိုင်း သဘောကျပြီးတော့ အယူတွေဖောက်လဲဖောက်ပြန် မမှန်တဲ့ အယူဝါဒတွေနဲ့ ယုံကြည်နေလိုက်တာ အခု ကိုယ်တွေ့မျက်မြင်အနေအားဖြင့် အကုသိုလ်ကံလုပ်လို့ရှိရင်လည်းပဲ ထိုအကုသိုလ်ကံအကြောင်းကြောင့် အကျိုးတွေဖြစ်တာအမှန်၊ ကုသိုလ်ကံလုပ်ပြန်ရင်လည်း ထိုကုသိုလ်တည်းဟူသော အကြောင်းကံတွေကြောင့် ကောင်းကျိုးချမ်းသာဆိုတဲ့အကျိုးတရားတွေ ပေးတာအမှန်ပါပဲလားလို့ ဒီနေရာမှာ မိစ္ဆာဒိဋ္ဌိအယူမှားကြီး ပြန်စွန့်ပြီးတော့ မိမိယူနေကျဆိုတဲ့ သမ္မာဒိဋ္ဌိအယူမှန် ပြန်ပြီးရောက်ရတယ်တဲ့။

ရပြီးသား အဆက်ကလေးတောင် မှတ်မိရဲ့လား မပြောတတ်ဘူး၊ မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ ဘာရောက်တုံး၊ (ဥပါဒါန်ရောက်ပါတယ်ဆရာ)၊ ဘာရောက်ပြီ (ဥပါဒါနပါဆရာ)၊ ဥပါဒါန၊ ဥပါဒါန်ရောက်သွားပါပြီ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ "တဏှာပစ္စယာ ဥပါဒါနံ"လို့ တဏှာပစ္စယာ၊ တဏှာတည်း ဟူသော အကြောင်းကြောင့်။ ဥပါဒါန်၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ် ဆိုတော့ တဏှာက အကြောင်းတရား၊ ဥပါဒါန်က အကျိုးတရား။ အကြောင်းတရားဆိုတဲ့ တဏှာကဘယ်သူ့ရ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ သုံးမျိုးစလုံးပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီတဏှာသုံးပါးအကြောင်းခံတာနဲ့

http://www.dhammadownload.com

ဥပါဒါန်ဆိုတဲ့ အကျိုးတရားတွေ လာဖြစ်တယ်။ အကျိုးတရားလာဖြစ်တဲ့ ဥပါဒါန်ကလည်း ဘယ်နှစ်ပါးလဲဆိုတော့ လေးပါး၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်, မှတ်မိသေးလား (မှတ်မိပါတယ်ဆရာ)၊ ဘယ်သူဘယ်သူတွေတုံး၊ (ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်)၊ လေးပါး၊ ကာမုပါဒါန်ဆိုတာ ဘယ်သူ့ခေါ်တုံး (ငါးဖြာအာရုံ၊ ကာမဂုဏ်စွဲလန်းတာပါဆရာ)၊ ဒိဋ္ဌုပါဒါန်ကရော (အဲဒါကျမှေနေတယ်) သြော် မြင်လား၊ ပျက်တဲ့ရက်လေး ဘာမှမကြားသေးဘူး၊ ဒိဋ္ဌုပါဒါန်-အယူမှားပေါ့ နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လိုအယူမှားတုံး၊ (ပုဂ္ဂလ, သတ္တ, အယူမှားတာပါဆရာ)၊ ဟင်း မဟုတ်ပါဘူး၊ ဒိဋ္ဌုပါဒါန်လေ ကာမုပါဒါန်က ဘာဝတ္ထုနဲ့ ကပ်ပြလဲ ဘာဝတ္ထုနဲ့ပြလဲ မသိဘူး (မုဒုလက္ခဏာပါဆရာ)။

သြော် မုဒုလက္ခဏာ ငါးဖြာအာရုံ၊ ကာမဂုဏ်စွဲလမ်းတယ် ဟုတ်လား (မှန်ပါတယ်ဆရာ) ဟရိတဇရှင်ရသေ့ကြီးနဲ့ မုဒုလက္ခဏာနဲ့ ဟုတ်ပြီးလား (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌုပါဒါန်ကျ ဘာဝတ္ထုနဲ့ ကပ်ပြလဲ၊ (မသိဘူးဆရာ)၊ ဟင်း တော်တော့်ကို တရားကျတယ် အင်္ဂတိမင်းကြီးမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အင်္ဂတိမင်းကြီးက အစေလက ဆည်းကပ်မိလို့ အစေလကကြီး သွားလျှောက်ထားလို့ ကောင်းရာသုဂတိလားတဲ့ ကုသိုလ်တရားများ ဘာအားထုတ်ရမှာတုံး၊ ဘာကြိုးစားရမှာတုံးလို့ သွားလျှောက်ထားတော့ အစေလကတိတ္ထိဆရာကြီး ဘာဟောတုံး၊ ကုသိုလ်ကောင်းမှု အလှူဒါန လုပ်ခြင်းကြောင့် နောင်ဘဝကျ လူကောင်းနတ်ကောင်း ဖြစ်တယ်၊ ကောင်းသောအကျိုးတွေ ပေးတယ်ဆိုတာ အလကား ပြောတာ မင်းကြီးတဲ့၊ အကြောင်းတရားလဲ မရှိဘူး၊ ဒီက အကြောင်းတွေဖန်လို့ ဟိုဘက်ဘဝကောင်းတဲ့ အကျိုးတွေ ခံစားတယ်ဆိုတာလဲ မရှိပါဘူး၊ အမှန်စင်စစ်ကတော့ "လူမိုက်က လှူ၊ လူလိမ္မာကယူ" ဟုတ်ပြီးလား (မှန်ပါတယ်ဆရာ)၊ ဒီလိုပဲလုပ်နေတာပါပဲတဲ့၊ "နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ"စသည်အားဖြင့် လှူတာ အကျိုးမရှိ၊ ကုသိုလ်တည်းဟူသော အကြောင်းတရား လုပ်စရာမလို၊ ကုသိုလ်တည်းဟူသော အကြောင်းတရားတွေ လုပ်ခြင်းကြောင့် နောင်ဘဝကျတော့ ကောင်းသော အကျိုးတရားတွေ ခံစားရလိမ့်မယ်ဆိုတာ အလကားပြောတာ၊ ဘာမှမရှိဘူး။ ဟောသကိုးကွ နော်(မှန်ပါတယ်ဆရာ)။

ဒါဖြင့် ကမ္ဘာသူကမ္ဘာသားတွေ ဘယ်တော့ စင်ကြယ်သန့်ရှင်းပါ့မလဲ မေးတော့ ကမ္ဘာကြီးပေါင်း ရှစ်သန်းလေသိန်းရှိသည့်အခါကျတော့ ကမ္ဘာသူကမ္ဘာသားတွေ အကုန်လုံး စင်ကြယ်သန့်ရှင်းပြီးတော့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ဒီအတောအတွင်းမှာ ဘာပဲလုပ်နေ၊ ဘာပဲဖြစ်နေ အတူတူပါပဲ၊ ဒါကြောင့် ကုသိုလ်တည်းဟူသော အကြောင်းတရားနဲ့လဲ လုပ်စရာမလို၊ ဒီလိုဟောတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါအင်္ဂတိမင်းကြီး စွဲမြဲယုံကြည်ပြီးတော့ အင်မတန် ကြိုက်သွားတယ်မဟုတ်လား (ကြိုက်သွား

http://www.dhammadownload.com

ပါတယ်ဆရာ)၊ ဒီတော့ သူ့သမီးက ဘယ့်နှယ်ပြောလဲ မှတ်မိလား၊ အသစ်ပြန်ဟောရပုံပေါ်နေပြီ၊ တစ်ခုမှ မသိဘူး။ ဒီဝါဒလက်ခံလာပြီးတော့ သူ့သမီးက အရှင်အာနန္ဒာအလောင်းက ဒီစဉ်အခါတုန်းက သူ့သမီး ရုစာအမည်ရှိတဲ့ မင်းသမီးဖြစ်တယ်။ အင်္ဂတိမင်းကြီးရဲ့ သမီးတော် ကုသိုလ်ဒါန ဝါသနာပါလို့ အလှူလုပ်ဖို့လို့ ဆယ်ငါးရက်စေ့ရင် အသပြာတစ်ထောင် တစ်ထောင်ထုတ်ပေးတယ် နော် (မှန်ပါတယ်ဆရာ)။ ဒီတရားလဲနာပြီး ပြန်လဲလာရော သမီးတဲ့ ကုသိုလ်ဒါနဆိုတဲ့ တရားတွေလဲ လုပ်စရာမလိုဘူး၊ အလကားပဲတဲ့။ လူမိုက်ကလှူပြီးတော့ လူလိမ္မာကယူတာပဲတဲ့။ ကုသိုလ်တရားဆိုတဲ့အကြောင်းတွေ လုပ်ခြင်းကြောင့် နောင်ဘဝ ကောင်းကျိုးချမ်းသာဆိုတဲ့ အကျိုးတွေ ခံစားရလိမ့်မယ်ဆိုတာ အလကားပြောတာတဲ့။ ကမ္ဘာကြီးရှစ်သန်းနဲ့လေးသိန်းရှိတဲ့အခါကျတော့ ကမ္ဘာသူကမ္ဘာသားတွေ စင်ကြယ်သန့်ရှင်းတဲ့အဖြစ် ရောက်လိမ့်မယ်၊ ဒီတရား အင်မတန်မှန်ကန်တယ်။ ငါ့လဲ အလာတစစ်သူကြီးက ထောက်ခံချက်ပေးတယ်။ ဗီဇကအမည်ရှိတဲ့ ကျွန်မျိုးကလဲ ငါ့ထောက်ခံချက်ပေးတယ်။ သူတို့ရဲ့ ဝတ္ထုသက်သေ သာဓကတွေနဲ့၊ ဒါ အင်မတန် ခိုင်လုံတဲ့ တရားကြီးမို့လို့ ဒီတရားမှ တရားမှန် တရားစစ်။ ဒါကြောင့် ငါ့သမီး အလှူဒါနလုပ်ဖို့ ပေးနေကျ အသပြာတစ်ထောင်လဲ ငါမပေးတော့ဘူး။ သမီးလဲ ဘာမှမလုပ်နဲ့တော့။ ဒါ ဒိဋ္ဌုပါဒါန် နော် (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါ ဒိဋ္ဌုပါဒါန်တဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီတော့မှ သမီးက မတတ်နိုင်လို့ အရပ်လေးမျက်နှာလက်အုပ်ချီပြီးတော့ တကယ့် အရိယာအပေါင်း သူတော်ကောင်းတို့ သူ့အဖေတိမ်းစောင်းတဲ့ အယူဝါဒ ဖေးမကူညီတော်မူပါမယ့်အကြောင်းတွေ ရှိခိုးတောင်းပန်လို့ တို့ဘုရားအလောင်းက ဒီစဉ်အခါတုန်းက ဗြဟ္မာ့ပြည်မှာ နာဂတအမည်ရှိတဲ့ ဗြဟ္မာကြီး ဖြစ်နေတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့မှ နောင်အလောင်းတော်ဘုရား နာဂတဗြဟ္မာကြီးက သိတော့မှ ရုတ်တရက် ဆင်းလာပြီးတော့ သင်္ဂတိမင်းကြီးရဲ့ မဟုတ်မမှန်ဖောက်ပြန်တဲ့ မိစ္ဆာအယူကြီးကို ဖြူစင်အောင်ဆိုပြီးတော့ တရားပြနားချတယ်။ ဒီအခါမှ သတိရပြီးတော့ သမာဒိဋ္ဌိအယူ ပြန်ဖြစ်တယ် ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌုပါဒါန်တဲ့ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

သူ့ဝတ္ထုလေးနဲ့ သူကပ်ကပ် ကပ်ကပ်ပြီးတော့ မှတ်မိသွားတာ မမှတ်မိစရာဘာရှိလဲ၊ တဏှာအကြောင်းခံခြင်းကြောင့် ဥပါဒါန်ဖြစ်လာတော့ ဥပါဒါန်တရား လေးမျိုး၊ ကာမုပါဒါန်-ငါးဖြာ အာရုံကာမဂုဏ်အားဖြင့် စွဲလန်းခြင်း။ ဒိဋ္ဌုပါဒါန်-အလှူဒါန ကုသိုလ်ကမ္မပထပြုခြင်းသည် အကျိုး မရှိဟူ၍ မှားသောအယူအားဖြင့် စွဲလန်းခြင်း၊ သူ့ဝတ္ထုနဲ့သူ။ ကာမုပါဒါန်တုန်းကလဲ ဖောက်လွဲ ဖောက်ပြန်နဲ့ ဈာန်အဘိဉာဉ်နဲ့ပြည့်စုံတဲ့ အလောင်းတော်မြတ်ရသေ့ကြီး ဈာန်လျှောရပြီး ပျက်စီးရတယ်။ ကာမဂုဏ်အားဖြင့် စွဲလန်းမှု၊ ဒိဋ္ဌုပါဒါန်ကျလဲ ယခုပြနေတဲ့ သင်္ဂတိမင်းကြီးတို့ သားအဖ မှောက်မှောက်မှားမှားနဲ့

http://www.dhammadownload.com

မတရားသော အယူဘက်ပြောင်းလွဲပုံ နော် (မှန်ပါတယ်ဆရာ)၊ ပြီးတော့မှ သီလဗွတုပါဒါန် သုံးနံပါတ်၊ သီလဗွတုပါဒါန်ဆိုတာ တခြားမဟုတ်ဘူး၊ ခွေးလိုကျင့်, ခွေးလိုနေ, ခွေးလိုစား, ခွေးလိုသွား, ခွေးလိုအိပ်၊ နွားလိုကျင့်, နွားလိုနေ, နွားလိုစား, နွားလိုအိပ်, အဝတ်မပါ ဗလာကိုယ်ချည်း အချည်းနှီးသော ဘဝမျိုးနဲ့ ဒီလိုအကျင့်ဆိုး အကျင့်မျိုးကို ကျင့်ကြံပွားများအားထုတ် အလုပ်လုပ်တာမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကြီး ရနိုင်တယ်၊ ရောက်နိုင်တယ်လို့။ စွဲလန်းတာ သီလဗွတုပါဒါန် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ အစေလက တိတ္ထိတက္ကဒ္ဒန်းတို့၏အကျင့်ခေါ်တယ်။ ခါးကလဲ အဝတ်မပါဘူး၊ ဗလာကိုယ်တည်း အချည်းနှီး၊ သွားပြန်တော့ လေးဘက်ထောက် ခွေးလိုသွားတယ်၊ နွားလိုသွားတယ်၊ စားပြန်တော့ လက်နဲ့ယူမစားဘူး။ ခွေးလိုစားတယ်၊ နွားလိုစားတယ်နော် (မှန်ပါတယ်ဆရာ)၊ အိပ်တော့လဲ လူလိုအိပ်တာ မဟုတ်ဘူး။ ခွေးလိုပဲအိပ်တယ်၊ နွားလိုပဲအိပ်တယ်၊ ခွေးများပြားပုံထဲဝပ်ဆို သူတို့လဲ စားဖိုချောင်က ပြာပုံထဲသွားဝပ်တယ်၊ သွားဝပ်အိပ်ရတယ်။

အဲဒီလို ခေါင်းခေါင်းပါးပါး ကျင့်ကြံပွားများ အားထုတ်၊ မဟုတ်တဲ့အလုပ်တွေ လုပ်တာမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်သာ ရနိုင်ရောက်နိုင်တယ်လို့ ဒီလို စွဲမြဲယုံကြည်တဲ့ စွဲမြဲမှုမျိုးကို ဒါ သီလဗွတုပါဒါန် ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ သူဝတ္ထုနဲ့သူ ကပ်ကပ်၊ ကပ်ကပ်ပြီးတော့ ဒီက ဖြတ်ထုံးလေးတွေနဲ့ ပေးထားတာ မမှတ်မိစရာ အကြောင်းမရှိပါဘူး။ မှတ်မိအောင်လဲမှတ်ထား၊ ပြီးတော့မှ ကိုယ့်ကိုယ်ကို ဥပါဒါန်တရား တဏှာအကြောင်းခံလို့ အကျိုးဥပါဒါန်တရားလေးပါး ဖြစ်လာတဲ့အနက်က ငါဘယ် ဥပါဒါန်ရှိသေးလဲလို့ ပြန်စစ်ဆေး။ ကိုယ်စင်ကြယ်မှု အဆင့်အတန်းလေးတွေ နားလည်ထားတော့ ဝမ်းသာစရာအင်မတန်ကောင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ ကြည့်ကြည့် သေချာတွက်ကြည့်ကြည့်။ မိမိပတ်ဝန်းကျင် မိမိဉာဏ်အားဖြင့် ဆင်ခြင်ကြည့် ရုပ်မှန်းလဲမသိ၊ နာမ်မှန်းလဲမသိ၊ ခန္ဓာမှန်းလဲမသိ၊ ပရမတ်, ပညတ်မှမသဲကွဲသော ပညာမျက်စိလုံးလုံးမရှိလို့ သူကန်းပုထုဇဉ်၊ အန္ဓပုထုဇဉ်ခေါ်ကြတဲ့ ပုဂ္ဂိုလ်များဟာ ယခုပြနေတဲ့ "တဏှာပစ္စယာ ဥပါဒါနံ" ဆိုတဲ့နေရာ တဏှာသုံးတန် အကြောင်းခံပါသဖြင့် ဥပါဒါနတရားလေးပါး ဖြစ်ပွားရတယ်လို့ ဒီလိုသိရတယ်။ ထိုပုဂ္ဂိုလ်တွေ သန္တာန်မှာ ဥပါဒါန်လေးပါး ဘယ်နှစ်ပါး ကပ်နေတုံး။ ငါတို့တော့ ဘယ်နှစ်ပါးရှိသေးတုံး။ ဘာကျန်သေးတုံး၊ ပြန်ပြီးတော့ ဉာဏ်နဲ့ စာရင်းရှင်းကြည့်တော့ အရှင်းသား, အလင်းသားပေါ်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ ပေါ်လာတော့ ငါတော်တော်တော်ပါပဲ။ ကိုယ့်ကိုယ်လဲကိုယ် ပြန်ဝမ်းသာတယ်၊ ဘာဖြစ်လို့ သူတို့သူတို့တွေရော မိမိမှာစွဲမြဲယုံကြည်နေတဲ့ ကပ်ငြိနေတဲ့ ဥပါဒါန်လေးပါးရှိကြောင်းမှ ကောင်းကောင်းမသိရှာဘူး။ ထိုရှိနေတဲ့ ဥပါဒါန်ကိုခွါဖို့ စင်ကြယ်သန့်ရှင်းဖို့ဆိုတာ ဝေးလေစွတဲ့။ တို့ရထားတဲ့ အသိဉာဏ်ကျတော့ ဥပါဒါန်တရားလေးပါး ပုထုဇဉ်သတ္တဝါတို့၌ ထင်ရှားရှိတယ်ဆိုပေနဲ့ တို့တော့ ဘယ်နှစ်ပါးသာရှိတော့တယ်၊ ဘယ်နှစ်ပါးက

http://www.dhammadownload.com

ချုပ်ခဲ့ ပြုတ်ခဲ့ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ နားလည်ရဲ့လား (နားလည်ပါပြီဆရာ)၊ ယှဉ်ကြည့်ရင် ကွာကြောင်းမသိဘူးလား (ကွာကြောင်းသိပါတယ်ဆရာ)၊ ယှဉ်ကြည့်ရင်ကွာကြောင်းသိတယ်၊ ကွာကြောင်း သိတော့လည်း တန်းမြှင့်ပြန်တော့ အင်မတန်ဝမ်းသာစရာကောင်းတယ် မကောင်းဘူးလား (ကောင်းပါ တယ်ဆရာ) တစ်သံသရာလုံးကလာခဲ့တာလို့၊ တစ်ဘဝလာလဲ အန္ဓပုထုဇဉ်၊ တစ်ဘဝလာလဲ အန္ဓ ပုထုဇဉ်၊ တစ်ဘဝလာလဲ အန္ဓပုထုဇဉ်နဲ့ လူမိုက်ဘဝနဲ့အန္ဓပုထုဇဉ်ဖြစ်လိုက် လူလိမ္မာဘဝနဲ့ အန္ဓပုထုဇဉ် ဖြစ်လိုက်၊ သူဆင်းရဲဘဝနဲ့အန္ဓပုထုဇဉ်ဖြစ်လိုက်၊ သူချမ်းသာဘဝနဲ့အန္ဓပုထုဇဉ်ဖြစ်လိုက်၊ ပညာမဲ့နဲ့ အန္ဓပုထုဇဉ်ဖြစ်လိုက်၊ ပညာရှိနဲ့ အန္ဓပုထုဇဉ်ဖြစ်လိုက်၊ ဘာပဲအဆင့်အတန်းတွေ ပြောပြော အန္ဓပုထုဇဉ် ဘဝကတက်တယ်မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်ကြောက်စရာကောင်းပါတယ်။

အခုတော့ သာသနာရေးနဲ့ တွေ့တဲ့ကြုံတဲ့အခါမှာ ဒါရုပ်, နာမ်, ခန္ဓာ, ပရမတ်, ပညတ်, ပြတ်ပြတ်သားသားနားလည်လာတော့ မိမိတို့ တိုးတက်နေတဲ့ အဆင့်အတန်းလည်း ပြန်ဝေဖန်ကြည့်၊ စာရင်းလည်း ရှင်းပြီးတော့ ကိုယ့်အသိလေးက ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတဲ့ အဖြစ်မျိုးတွေဖြစ် လာတော့ ကိုယ်ကိုလည်း ကိုယ်ပြန်ကြည်ညိုတယ်၊ ဝမ်းသာစရာလည်းကောင်းတယ်နော် (မှန်ပါတယ် ဆရာ)၊ ဒါအရင်နဲ့ မတူပါပဲလား၊ အရင်ငါမဟုတ်ဘဲလား ဟုတ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ကွာမှန်းသိရဲ့လား (သိပါပြီဆရာ)၊ လူတကာကြည်ညိုဖို့ထက် ကိုယ့်ကိုယ်ကို ကြည်ညိုဖို့က ခဲယဉ်းတယ်၊ မခဲယဉ်းဘူးလား (ခဲယဉ်းပါတယ်ဆရာ)၊ လူအများတကာကြည်ညိုဖို့ဆိုတာ မလွယ်လားကွယ် (လွယ်ပါတယ်ဆရာ)၊ ပြယုဂ်ကောင်းကောင်းလုပ်ရင် ကြည်ညိုတာ အဟုတ်မှတ်ထား နော် (မှန်ပါတယ် ဆရာ)၊ ယောဂီအဝတ်ပဲ ဝတ်မလား၊ ပိတ်ဖြူပဲစည်းမလား၊ စိတ်ပုတီးကြီးကြီးပဲ ကိုင်မလား၊ စက္ခုန္ဒြေချ မျက်လွှာချပြီးတော့ ရွာစဉ်မြို့စဉ်လျှောက် မြင်လိုက်ရင် ကြည်ညိုကြတယ်၊ သူတော်သူမြတ်ပဲ နော် (မှန်ပါတယ်ဆရာ)၊ စိတ်ထဲကတော့ ဘယ်လိုအကြံမျိုးနဲ့ နေနေ၊ ဆင်ကြံကြံပေါ့၊ သူကြံတော့ လူမသိဘူး မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြယုဂ်က လူမြင်ကောင်းအောင် လုပ်ပေးတယ်၊ ကြည် ညိုတယ် မဟုတ်လား (ကြည်ညိုပါတယ်ဆရာ)၊ ကြည်ညိုတတ်တယ်။ ဒါ့ကြောင့် တို့နိုင်ငံကြီးလည်း ဒီလိုပဲ ပြယုဂ်ကောင်းကောင်းနဲ့ ညာစားတဲ့ပုဂ္ဂိုလ်တွေလည်း များတာပဲ။ စီးပွားရေးနဲ့ ကြီးပွားရေးနဲ့ နောက်ပိုင်းက အမျိုးမျိုး အဖုံဖုံ စီးပွားရှာနေကြတယ်၊ လူတွေကလည်း အသိဉာဏ်နည်းပါးတော့ မျက်စိ မှာအမြင်ကောင်းလာရင် အကြောင်းမရှာဘူး၊ ကြည်ညိုလိုက်တာပဲ မဟုတ်ဖူးလား (မှန်ပါတယ်ဆရာ)၊ ကြည်ညိုတာပဲ၊ ဒီတော့ အများကြည်ညိုဖို့ လုပ်ဆိုတဲ့တာဝန်က အများကြည်ညိုစရာဖြစ်အောင် လုပ်ပါဆိုရင် ခဲယဉ်းတာ မဟုတ်ပါဘူး၊ အသွင်အပြင်လေးပြောင်းပေးရင် ဒါကြည်ညိုလာတာပဲ၊ ကိုယ့်ကိုယ်ကို ပြန်ပြီးကြည်ညိုဖို့ဆိုတဲ့ လုပ်ငန်းကတော့ မလွယ်ဘူး၊ ဒါခက်တယ်၊ မခက်ဘူးလား

http://www.dhammadownload.com

(ခက်ပါတယ်ဆရာ)၊ လူတိုင်းလူတိုင်း တွေးကြည့်စမ်း၊ လူရယ်လို့ဖြစ်လာရတဲ့အချိန်ကစ ဒီနေ့ကျ အောင် ငါ့ကိုယ်ငါဘယ်နှစ်ခါများ လှိုက်လှိုက်လှဲလှဲ တကယ့်သဒ္ဓါစစ်သဒ္ဓါမှန်နဲ့ ငါ့ကိုယ် ငါပြန်ပြီးတော့ ကြည်ညိုဖူးသလဲ ပြန်တွေး၊ စီးပွားရေး ကြီးပွားရေးနဲ့ပတ်သက်ရင် ကိုယ့်ကိုယ်ကို လူတော်ကြီးထင်ပြီး တော့ ဝမ်းပန်းတသာနဲ့ ဖြစ်ခဲ့တယ်။ ဒါ ကြည်ညိုတာ မဟုတ်ဘူး။

ဘယ်နေရာ ငါရှာလိုက်တာ၊ ဘယ်သူ့ထက်လူရည်ချွန်သွားတာ၊ ဘယ်သူတော့ ဘယ်လောက်ရ တယ်၊ ငါတော့ ဘယ်လောက်ရတယ်၊ ဒီလိုကတော့ ငါစွမ်းတယ်၊ ဒီနေရာငါမို့လို့ဖြစ်တာ၊ ဒါ ကိုယ့်ကို ကိုယ် အထင်ကြီးတယ်ခေါ်တယ်၊ ဘဝင်မြင့်တယ်ခေါ်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဒါကြည်ညို တာ မဟုတ်ဘူး၊ ကိုယ့်ကိုကို လူရည်လည်တယ်လို့ထင်လိုက်တာ၊ အဲဒါဘဝင်မြင့်တယ်ခေါ်တယ်၊ ကိုယ့်ကိုကိုယ် ကြည်ညိုတယ်ဆိုတာ ငါတစ်ကြိမ်တစ်ခါမှ ဒီအသိဉာဏ်မျိုးမပေါ်ခဲ့ဖူးဘူး၊ အခုတော့ ဒီအသိဉာဏ်မျိုး ငါ့မှာ ပေါ်ပေါက်လာတော့ ငါ့ကိုယ်ငါ ဘယ်အညစ်အကြေးတွေ စင်ကြယ်သန့်ရှင်း သွားသလဲ၊ ဘယ် ဒုစရိုက် ဒုရာဇိဝတ္ထေ ရှင်းလင်းသွားသလဲလို့ စာရင်းတွက်ကြည့်တဲ့အခါကျတော့ အမြတ်ထွက်တယ်၊ အမြတ်ထွက်တော့ သြော် ငါအရင်နဲ့ မတူပါပဲလား နော် (မှန်ပါတယ်ဆရာ)၊ ငါတစ်မျိုးဖြစ်နေပြီ၊ အရင်ငါမဟုတ်တော့ဘူး၊ အရင်ငါတုန်းကတော့ အမှားမှားအရမ်းရမ်း ပရမ်းပတာ ဖြစ်ချင်ရာဖြစ်၊ စင်ကြယ်သန့်ရှင်းတဲ့အဖြစ်မျိုးကို ငါတစ်ခါမှ မရဘူး၊ အခုတော့ ဒုစရိုက်ဒုရာဇိဝနဲ့တကွ ကြီးပွားရေးရော စီးပွားရေးရောဆိုသလိုပဲ ငါ့ကိုယ်ငါပြန်ကြည့်ရင် ငါရတဲ့အသိဉာဏ်နဲ့ ငါ့ကိုယ်ငါဆုံးမ ထားလို့ တကယ့် ငါသူတော်ကောင်းအစစ် ပညာရှိဖြစ်နေပါပဲလားလို့ ဒီလိုမြင်လိုက်တော့ ကိုယ့်ကိုယ်ကို လှိုက်လှိုက်လှဲလှဲ ပြန်ကြည်ညိုတယ် နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် လူအများကြည်ညိုဖို့ထက် မိမိကိုယ်မိမိပြန်၍ ကြည်ညိုဖို့ကခက်၏၊ စဉ်းစား ဟုတ်လား မဟုတ်လားလို့ ဘယ်တော့မှ ကိုယ့်ကိုယ်ကိုများ ပြန်ပြီးတော့ မကြည်ညိုဘူး၊ ခုနပြောတဲ့ လူတော်လူကောင်း လူရည်ချွန်ဆိုတဲ့ အထင်ကြီးမှုလောက်ပဲ ရှိခဲ့တယ်၊ ကြည်ညိုဖို့ ခဲယဉ်းတယ်။ ဒါကြောင့် နှိုင်းဆနှိုင်းဆပြီးတော့ တိုင်းထွာ၍သာ ကြည့်ကြပါလို့၊ ပြီးတော့မှ တိုင်းထွာကြည့်တော့ ကွာမှန်းသိမှ ကိုယ့်ကိုယ်ကို ပြန်ကြည်ညိုတယ် နော် (မှန်ပါတယ်ဆရာ)၊ အာဂ ငါပဲ၊ သာသနာကြီးနဲ့ တွေ့တဲ့ကြုံတဲ့အခါ ဒီအဆင့်အတန်းရဖို့ ခက်လှချည်ရဲ့၊ အခုတော့ ငါ့ရောက်ရပြီပေါ့၊ ရပြီပေါ့လို့၊ ဒီလိုပြန်ဝေဖန်၊ အဲဒါကိုယ်လည်း ကိုယ်ပြန်ပြီးတော့ ပီတိဖြစ်တယ်၊ နှစ်သက်တယ်၊ ဝမ်းသာတယ်၊ ကြည်ညိုတယ်၊ ဒီလိုမှ ကိုယ်မှာသိတဲ့အသိဉာဏ်ရဲ့တန်ဖိုးကလည်း တိုးလာတယ်၊ ကိုယ့်ကိုယ်လည်း ကိုယ့်တန်ဖိုး တက်လာမှန်းလည်း သိတယ်။ ဒါမှလည်း ကိုယ့်ကို တန်ဖိုးထားတတ်တယ်၊ တန်ဖိုး ထားမှလည်း ကိုယ့်ကိုယ်ကို ရိုသေတယ်၊ စောင့်စည်းတယ်၊ စောင့်ရှောက်တယ်၊ ဒီလိုမှမဟုတ်လို့

http://www.dhammadownload.com

အမှုမဲ့ အမှတ်မဲ့နေ တန်ဖိုးလည်း မထားတတ်၊ ဘာမှလဲ မလုပ်တတ်၊ ကိုယ့်ဘယ်အဆင့်အတန်း ရောက်လို့ ရောက်မှန်းသိ၊ ကိုယ့်ကိုကိုယ်မှ ပြန်မသိ၊ မဝေဖန်တတ်တော့ တန်ဖိုးရှိအောင်လည်း မနေ တတ်၊ တန်ဖိုးလည်း မထူးဘူး၊ ကိုယ့်ကိုယ်ကို မြတ်မှန်းလည်း မသိဘူး၊ ဟုတ်မှန်းလည်း မသိဘူး၊ ဒီလိုနေရော၊ ဘာမှ အကြောင်းမထားဘူး။ ဒါကြောင့် သေချာကြည့်စမ်း။

သုနက္ခတ္တရဟန်းအကြောင်း သိကောင်းစရာ

ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် သူသက်သေသာဓကတွေနဲ့ သူ့ထုံး ဝတ္ထုလေးတွေနဲ့ သူပြတယ်၊ ပြပြ, ပြပြပေးထားတယ်၊ ကာမုပါဒါန် ငါးဖြာအာရုံ ကာမဂုဏ် စွဲလန်းခြင်း၊ ဒိဋ္ဌုပါဒါန်-မှားသော အယူဝါဒစွဲလန်းခြင်း၊ သီလဗ္ဗတုပါဒါန်-ခွေးအကျင့်၊ နွားအကျင့်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသည်၊ ရောက်သည်ဟူ၍ ယုံကြည်မှုကြောင့် စွဲလန်းခြင်း ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ဒီတော့ - သီလဗ္ဗတုပါဒါန် ဆိုတဲ့ သုံးနံပါတ်က တို့ဘုရားလက်ထက်တော်က မြတ်စွာဘုရားရဲ့ အလုပ် အကျွေး သုနက္ခတ္တရဟန်းဆိုတာ သုနက္ခတ္တသုတ်မှာလာလေရဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ် သပိတ်တော်ထမ်းပြီးတော့ နောက်ပိုင်းက အမြဲလိုက်တယ်၊ ဝတ်ကြီးဝတ်ငယ် ပြုစုစောင့်ရှောက်နေတဲ့ အလုပ်အကျွေးရဟန်းပဲ၊ တစ်နေ့သောအခါကျတော့ အဝတ်မပါ ဗလာကိုယ်တည်း အချည်းနှီးကျင့်ပြီး တော့ နေကြတဲ့ ခွေးကျင့် နွားကျင့် ကျင့်နေကြတဲ့ အစေလက ဂိုဏ်းဆရာကြီးရဲ့ ကျောင်းအနီးအပါး ရောက်တဲ့အခါကျတော့ သူ့မျက်စိမြင်တယ်၊ အစေလက ဂိုဏ်းဆရာကြီးကလည်း သူကစပြီးတော့ တပည့်တပန်းတွေရော၊ စောစောက ပြောသလိုသွားတော့ လေးဘက်ထောက်သွားတယ်၊ စားတော့ လေးဘက်ထောက်စားတယ်၊ အိပ်တော့ ခွေးလိုအိပ်တယ်၊ နေတော့ နွားလိုနေတယ်၊ နွားလို အိပ်တယ်၊ ဒီလိုနေတာကိုးကွ နော် (မှန်ပါတယ်ဆရာ)။

အဲဒါတွေ သူက မျက်မြင်ကိုယ်တွေ့မြင်တော့ ဆင်ခြင်ကြည့်တယ်၊ သုနက္ခတ္တရဟန်းက အင်မတန် ခေါင်းပါးတဲ့အကျင့်ကို ကျင့်ကြံပွားများ အားထုတ်နေပါ့ပဲ၊ နေတာကလည်း လေးဘက်ထောက်၊ သွားပြန်တော့လည်း လေးဘက်ထောက်၊ စားပြန်တော့လည်း လေးဘက်ထောက်၊ အိပ်ပြန်တော့လည်း ခွေးလို နွားလို၊ အလွန့်အလွန်ခေါင်းပါးတဲ့အကျင့်တရားတွေ ကျင့်ကြံပွားများအားထုတ် အလုပ်လုပ်နေ တယ်၊ ခေါင်းပါးသော အကျင့်တရားကို ပွားများအားထုတ်မှသာလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန် ချမ်းသာကြီး မျက်မှောက်ပြုနိုင်မှာပါတဲ့၊ လျှပ်ပေါ်လော်လီတဲ့ အကျင့်မျိုးတွေနဲ့ ကျင့်နေလိုတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရဖို့ခဲယဉ်းတယ်တဲ့၊ နှိုင်းစာကြည့်။

http://www.dhammadownload.com

ငါဆရာဂေါတမကတော့ တကယ့်မွန်မြတ်တဲ့ကျောင်းကြီးပေါ်နေလို့၊ တကယ့်ကို သန့်ရှင်းတဲ့ တန်ဖိုးရှိတဲ့ အခင်းအိပ်ယာတို့ဖြင့် အိပ်လို့၊ တကယ်တန်ဖိုးရှိတဲ့ ပန်းကန် ခွက်ယောက်တို့ဖြင့် စားလို့, သောက်လို့ နော် (မှန်ပါတယ်ဆရာ)၊ တကယ်ချောမွေ့တဲ့ အဝတ်အထည်သင်္ကန်းများနဲ့ ရုံလို့၊ ရမ်းလို့ အကောင်းစားချည်းလုပ်၊ ဒီအကောင်းစားတွေ လုပ်လို့ တဏှာရာဂတွေ ပွားနေမှဖြင့် ဘယ်လိုနည်းနဲ့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာရောက်နိုင်စရာ အကြောင်းမရှိဘူးတဲ့။ ဒါကြောင့် ငါဆရာဂေါတမကျင့်ကြံနေတဲ့ အကျင့်ကတော့ လျှပ်ပေါ်လော်လည်တဲ့အနေအားဖြင့် ကျင့်နေတာ၊ အခုငါမြင်ရတဲ့ အစေလကဂိဏ်းဆရာများ ကျင့်နေတဲ့အကျင့်ကတော့ ခေါင်းပါးစွာ ကျင့်နေတာတဲ့၊ ခါးမှာ လုံးလုံးကြီး အဝတ်မစည်းတော့၊ အချည်းနှီးနေတော့ အဝတ်အပေါ် သာယာစရာတဏှာလည်း မရှိဘူး နော် (မှန်ပါတယ်ဆရာ)၊ ကျောင်းနဲ့ကန်နဲ့, အိပ်ယာအိပ်ခင်းနဲ့ ပိုးဖဲကတ္တီပါ ကမ္မလာဆိုတဲ့ အဝတ် အထည်နဲ့, လုံးလုံးကြီးကင်းကွာနေခြင်းကြောင့် ဒါတွေပေါ် သာယာတဲ့ တဏှာလည်း မရှိဘူး၊ စားရာကျပြန်တော့ ခွေးများလို၊ နွားများလို မြေပေါ်ပုံကျွေး၊ ပန်းကန်ခွက်ယောက်ပေါ် စားမှု သောက်မှု အတွက် သာယာမှု ဆိုတဲ့ တဏှာလည်းမရှိ၊ စားပြန်တော့ လက်နဲ့ယူမစား၊ ခွေးများ နွားများလို နှုတ်သီးဖြင့်, ပါးစပ်ဖြင့် ဟပ်၍စား၏၊ အလွန်ကောင်းတဲ့အကျင့်ပဲ၊ အလွန်စင်ကြယ်တဲ့အကျင့်ပဲလို့ ထိုလောက်တောင် ခေါင်းပါးသော အကျင့်တရားများ ကျင့်ကြံပွားများ အားထုတ်အလုပ်လုပ်မှ တကယ်ဟုတ်မှာ၊ တကယ်ဟုတ်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာရမှာလို့ နှိုင်းစာပြီးတော့ စိတ်ကူးပေါ်တယ်နော် (မှန်ပါတယ်ဆရာ)။

အဲဒါ ဘုရားနောက်တော်ပါးက အမြဲလုပ်ကျွေးနေတဲ့ အလုပ်အကျွေး သုနက္ခတ္တရဟန်း၊ စိတ်ဆန်းတွေပေါ်လာပုံ သေချာကြည့်, ကြည်ညိုတယ်၊ ကြည်ညိုတော့ မြတ်စွာဘုရားကိုယ်တော် မြတ်ကသိတယ်၊ သိတော့ ဟဲ့ - သုနက္ခတ္တရဟန်း နင် ဘာလို့ဒီအကြံတွေ ကြံတာတုံးတဲ့၊ တပည့်တော် ဘာကြံလို့တုံး၊ ငါကိုယ်တော်မြတ် သိတယ်တဲ့၊ ဒီအကြံတွေ ဒီစိတ်ကူးတွေ၊ သင် အစေလကဂိဏ်းဆရာများ ကျင့်ကြံပွားများ အားထုတ်အလုပ်လုပ်နေတဲ့ လုပ်ငန်းတွေ, တကယ်မွန်မြတ်တဲ့ အကျင့်ကောင်းတွေ, အကျင့်မှန်တွေလို့သင်မှတ်တယ်၊ ငါဘုရားကိုယ်တော်မြတ် ကျင့်ကြံပွားများ အားထုတ်တဲ့ လမ်းစဉ်ချထားတဲ့ တရားတော်တွေကို သင်အလကားလို့မှတ်တယ်၊ မှတ်ဖူးလားလို့၊ ဒီတော့ ဘုရားက သိလို့မေးတော့ တိုက်ရိုက်မေးတော့ မလိမ်နိုင်၊ မကွယ်နိုင်ပဲကိုး နော် (မှန်ပါတယ်ဆရာ)၊

ဒီတော့ ပြန်လျှောက်တယ်၊ အဲဒါဘုရားမို့လို ခုခေတ်ဖြင့် အခက်ပဲ တော်တော်စိတ်နာစရာကောင်းတယ်၊ ဘုရားအလုပ်အကျွေးတစ်ယောက်ပါပဲလားလို့ ဒီတော့ သူက ဘာပြန်ပြောလဲဆိုတော့ အရှင်ဘုရားတဲ့၊ သူတစ်ပါးဂုဏ်ကျေးဇူးထူးကဲလို့ ကြည်ညိုတာကို ဝန်တိုမိစရာမရှိဟိန့်တဲ့၊ အံ့သြ

http://www.dhammadownload.com

စရာနော် (မှန်ပါတယ်ဆရာ)၊ သူတစ်ပါးဂုဏ်ကျေးဇူးထူးကဲလို့ ကြည်ညိုတာကို ဝန်တိုမိစရာမရှိပါနဲ့တဲ့၊ ဟဲ့ သုနက္ခတ္တရဟန်း, ငါ သင်ကြည်ညိုတဲ့ဥစ္စာ ဝန်တိုမိစရာရှိလို့ ပြောတာမဟုတ်ဘူးတဲ့၊ သင်ကြည်ညိုတဲ့ အစေလကဂိုဏ်းဆရာကြီးက သင်ကသာ ဘုရားမှတ်နေတာတဲ့၊ အခုအချိန်ကစ ခုနစ်ရက်မြောက်တဲ့အခါကျတော့ စားပိုးနင့်ပြီး သေလိမ့်မယ်၊ ဗျာဒိတ်ပေးတယ် မြတ်စွာဘုရားကိုယ်တော်မြတ်က နော် (မှန်ပါတယ်ဆရာ)၊ စားပိုးနင့်ပြီး သေလိမ့်မယ်တဲ့၊ အစားအလွန်အကျွန်စားပြီးတော့၊ သေပြန်တော့ ရိုးရိုးသုသာန်မချနိုင်ဘူးတဲ့၊ ပိန်းမြက်တောထဲမှာ ချရလိမ့်မယ်၊ သေပြီးတဲ့နောက် သူရဲ့အလောင်းကို ခေါက်မေးလို့ရှိရင် သူပြန်ပြီးဖြေလိမ်မယ်၊ ဘယ်ဘဝရောက်တယ်ဆိုတာ ဘုရားသုံးခွန်းသော စကားကို မိန့်ကြားပြီးတော့ သွားတယ်။

သူကလည်း မြတ်စွာဘုရားကိုယ်တော်မြတ်နဲ့ ခွဲခဲ့တယ်၊ အံ့ဩြစရာပဲလို့၊ ခုခေတ်လူတွေ မျက်စိလည်တာ၊ အကိုးအကွယ် အဆည်းအကပ်မှားတာ၊ အပြစ်တင်စရာမလိုဘူး နော် (မှန်ပါတယ်ဆရာ)၊ တကယ့်လူသုံးပါးတို့ဆရာဖြစ်တော်မူတဲ့ ရူပနိကာယ် သဒ္ဒနိကာယ်အားဖြင့် လူလည်းမက၊ နတ်လည်းမမျှ လှပတင့်တယ် ရှုချင်စဖွယ်ရှိတဲ့ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ဖြာ၊ လက္ခဏာတော်ငယ်ရှစ်ဆယ် အသွယ်သွယ်တို့ဖြင့် တန်ဆာဆင်၍ မြတ်တော်မူသော ရူပကာယနဲ့ အထင်အရှားဖြစ်တော်မူတဲ့ တကယ့်ရူပနိကာယ်၊ သဒ္ဒနိကာယ်အားဖြင့် ထူးခြားတဲ့ အတုမရှိသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ထင်ရှားကိုးကွယ် ဆည်းကပ်နေရတဲ့ သုနက္ခတ္တတို့တောင်ပဲမဟုတ်တာ အဟုတ်ထင်၊ ဟုတ်တာတော့ မဟုတ်ထင်၊ မျက်စိလည်သွားသေးတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ လည်ကြမှာပဲလို့ အဲဒါပညာမျက်စိမရှိတော့ ဒီလိုပဲဆိုတာမှတ်ထား၊ မဟုတ်တာတွေ အဟုတ်ထင်တတ်တယ်၊ ဟုတ်တာတော့ မဟုတ်ထင်တတ်တယ်၊ မျက်စိလည်။ အခုမှ လည်သလားဆိုတော့ မဟုတ်ပါဘူး၊ တစ်သံသရာက အမျိုးမျိုးလည်လာတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘဝပေါင်းများစွာလည်းမှားခဲ့ပြီ၊ မဟုတ်တဲ့ဟာတွေ အဟုတ်မှတ်လို့ ကိုးကွယ်ဆည်းကပ်၊ ကိုးကွယ်ဆည်းကပ်တဲ့ ပူဇနီယ ပူဇေတဗ္ဗ ထိုက်တော်မူတဲ့ ပုဂ္ဂိုလ်များကိုတော့ အလကားထားလို့ အဲဒါ အမှောက်မှောက်အမှားမှား အင်မတန်ကြောက်စရာကောင်းတယ်၊ အဲဒီလိုမှားတာက လက်ရှိမှားနေတဲ့ဘဝထက် နစ်နာတာမဟုတ်ဘူး၊ ဘဝသံသရာဆုံးရှုံးသေး၊ အပါယ်လည်းလုံးလုံးကြီးကျပြီနော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ကိုးကွယ်မှု၊ ဆည်းကပ်မှုဆိုတဲ့ အလုပ်များ တို့များလည်း တန်းမှန်လမ်းမှန် ရောက်စေချင်လွန်းလို့ တော်တော်ကြီး သတိပေးစကား ပြောကြားတယ်၊ ဒါပေမယ့် လူအများဟာ ကိုယ်သန်တဲ့ အယူဝါဒရှိထားတော့ ကြိုက်ချင်မှလည်း ကြိုက်တယ်၊ တချို့လည်း မကြိုက်ဘူး၊ တချို့တော့ ကြိုက်ပါတယ်။ ဘုရားကို ကိုးကွယ်ရာ, ဆည်းကပ်ရာ, မှီခိုပုန်းအောင်းရာ, လဲလျောင်းရာ, ဆိုပြီးတော့

http://www.dhammadownload.com

ထားခဲ့ရာက ဘာရှိ၊ သုံးမျိုးထဲရှိတယ်၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အဲဒါ တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ နေ့နဲ့ညဆိုသလိုပဲ တော်တော်ကြာ ပါးစပ်ကရွာပြန်တယ်။ ဘုရားရှေ့ ငါးပါးသီလခံယူတော့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"၊ ရဟန်းသံဃာနှင့်တွေ့အုံးတော့ ကန်တော့ကြစို့၊ ရှိခိုးကြစို့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"၊ ဥပုသ်သီတင်း ဆောက်တည်ပြန်လည်း ဒီသရဏဂုံပါတာပဲ၊ မပါဘူးလား (ပါပါတယ်ဆရာ)၊ ဘယ်နေရာမဆိုပါတာပဲ၊ အမြဲမပြတ် တတွတ်တွတ်တဲ့ ရွတ်ဆိုနေတဲ့၊ မိမိတို့ ရွတ်ဆို နေကျဆိုတဲ့ သရဏဂုံသုံးပါးရဲ့ အဓိပ္ပာယ် တောင် တချို့ဆိုသာဆိုတယ် နားမလည်ဘူး၊ တရားကိုယ်မကောက်တတ်ဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့်လည်း အမှောက်မှောက်အမှားမှားနဲ့ ကမောက်ကမ ဖြစ်ချင်တိုင်းဖြစ်လို့နေတယ်။

ဒါကြောင့်လည်း သံသရာကြီးနစ်မွန်းလို့မဆုံး၊ တဖြုန်းဖြုန်းနဲ့ နစ်ပြီးရင်း နစ်ရင်းဆိုတာ ဖြစ်နေတယ်၊ အဲ့ဒါ တန်းမှန်,လမ်းမှန်ကျရော တိတိကျကျရှိတဲ့ သဘာဝနဲ့ ပြပြန်တော့လည်း ကိုယ်သန်ထားတဲ့ အယူဝါဒစွန့်ရမှာကြောက်တော့ မကြိုက်ဘူးမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ ကိုးကွယ်ရာ, ဆည်းကပ်ရာ, မှီခိုလဲလျောင်းရာ, ပုန်းအောင်းရာ,လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က သရဏဂုံအနေအားဖြင့် ဟောတာက သုံးပါးရှိတယ်။ ကိုးကွယ်ကြဟဲ့, ဆည်းကပ်ကြဟဲ့, မှီခိုကြဟဲ့, ပုန်းအောင်းကြဟဲ့, မှီလျောင်းကြဟဲ့, ခိုကိုးကြဟဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါပြင်ရှိသေးလား (မရှိပါဘူးဆရာ)၊ မရှိဘူး၊ ဒါပြင်မရှိဘူး၊ ဘယ်သူတွေတုံး၊ ဘုရား, တရား, သံဃာ, ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဗုဒ္ဓံ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကို။ သရဏံ၊ ကိုးကွယ်လဲလျောင်း ပုန်းအောင်း မှီခိုရာ ဟူ၍။ ဂစ္ဆာမိ၊ တပည့်တော် ဆည်းကပ်ပါ၏ဘုရား။ အဓိပ္ပာယ်က မြန်မာလို ပြန်ချင်လို့၊ သူတို့ ပါဠိလို ဘုန်းကြီးက ချပြီးလိုက်ဆိုတာ၊ ဘာမှ အဓိပ္ပာယ်မသိဘူး။ ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။ သရဏံ-သရဏံ ဣတိ၊ ကိုးကွယ်လဲလျောင်း မှီခိုပုန်းအောင်းရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ-သရဏံ ဣတိ၊ ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ) မကြောက်ကြနဲ့တဲ့၊ ဘေးအပေါင်း ရန်အပေါင်း ဒဏ်အပေါင်းတွေလည်း ကင်းရှင်းစေနိုင်တဲ့ သတ္တိရှိတယ်၊ ပစ္စက္ခမျက်မှောက်လည်းပဲ အသက်ရှည်ပြီး ဘုန်းကြီးတတ်တယ်တဲ့၊ လိုအင်ဆန္ဒ ပြည့်ဝတတ်တယ်တဲ့၊ ကြောင့်ကြမှု တောင့်တမှု မရှိစေတတ်ဘူးတဲ့၊ သေပြန်တော့ တမလွန်မျော်ကိုးပြန်တော့လည်း ကောင်းသောအကျိုးတွေ ပေးနိုင်တယ်တဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီထိအောင် ပြသွားတာ အကျိုးတွေက လိုသေးသလား (မလိုတော့ပါ

http://www.dhammadownload.com

ဘူးဆရာ)၊ ဘာမှမလိုဘူး၊ ဣစ္ဆိတံ-ထဲ ရောက်သွားတာ၊ မယုံချင်ရင် မဖြစ်ဘူးဆိုတာ မှတ်ထား၊ ယုံကြည်ရင် အကျိုးပေးတယ်၊ ဘုရားကိုယ်တော်မြတ် ဒီအတိုင်းဟောသွားတာ။။ အဲဒီလို လိုလေးသေး မရှိအောင် ကိုယ်တော်မြတ်က ဣစ္ဆာသယအနေအားဖြင့် ကိုးကွယ်ဆည်းကပ်စရာဆိုပြီးတော့ သုံးမျိုး သုံးပါးသော သရဏဂုံကို ဟောထားတာ၊ အခုတော့ ဘယ့်နှယ့်ဖြစ်လဲ၊ သရဏဂုံသုံးပါးက နောက်နားက နော် (မှန်ပါတယ်ဆရာ)၊ သရဏဂုံလက်ဟောင်းသုံးပါးက နောက်နားက၊ သရဏဂုံလက်သစ်တွေက ရှေ့နားက မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။

အခုခေတ် သရဏဂုံသစ်ဆိုတာ

သရဏဂုံလက်သစ်ဆိုတာကော သိလား (မသိပါဘူးဆရာ)၊ ဟောဗျာ မသိဘူးလား (မသိပါဘူးဆရာ)၊ ဘာတွေကိုးကွယ်ဆိုတာ သိလား (မသိပါဘူးဆရာ)၊ ကြားလည်း မကြားဘူးပေါ့ (မကြားဖူးဘူးဆရာ)၊ ဗဟုသုတတုံးတယ်၊ ဘိုးမင်း ခေါင်တို့၊ အောင်မင်းခေါင်တို့၊ ဘိုးဘိုးအောင်တို့၊ အောင်သိဒ္ဓိမတွေ့ဘူးလား (တွေ့ပါတယ်ဆရာ)၊ ဝိဇ္ဇာမဟိဒ္ဓိ စုံလို့ စုံလို့ ပြီးတော့ နာမည်တော့ ငါလည်း မသိပါဘူး၊ ဂိုဏ်းတော်ကြီး နော် (မှန်ပါတယ်ဆရာ)၊ ကိုးကွယ်လိုက်တာလို့ မင်းတော်တော်အ,တဲ့ကောင်ပဲ၊ မင်းတို့မြို့ထဲ အနှံ့အပြား ငါ့ထက်သွားတယ်၊ ငါအိမ်ပေါ်က ဘယ်မှမထဘူး၊ မမြင်ဖူးဘူးလား၊ အိမ်တွေမှာ ပွဲလေးတွေ ထိုးထိုးထားတာ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ မြင်မှ မြင်တယ် ပြောစမ်းပါဟ၊ ပွဲမည့်ရဘူးတဲ့၊ ပွဲအသစ်အသစ် မကြာမကြာ ပြန်ပြန်ထိုးရတယ်၊ မြင်ရဲ့လား (မြင်ပါတယ်ဆရာ)၊ ဘာပွဲတွေတုံး၊ (ဘိုးဘိုးအောင်)၊ အဲ -ဘိုးဘိုးအောင်၊ ဒါတစ်ခုတည်းလား (မဟုတ်ပါဘူးဆရာ)၊ ပြီးတော့ ရော (မပြောတတ်ဘူးဆရာ)၊ ဟော - ဗဟုသုတတုံးကြီး ဟောဒီကောင်လေးက၊ အခုတိတ္ထိဂိုဏ်းဆိုပြီး ဂိုဏ်းတွေအများကြီး ပေါ်နေတယ် မဟုတ်ဘူးလား (ပေါ်နေပါတယ်ဆရာ)၊ အေး အဲဒါကိုယ်ပိုက်ဆံရှိလို့ ထိုးတာပေါ့ကွ၊ ဒါပေမယ့် ငါခုနပြောသလို သရဏဂုံအစစ်က နောက်နားက, အောက်နားက ကျနေတယ်၊ ဘာပြုလို့ဝယ်ရခြမ်းရမှာ ကန်တော့ပွဲကြီးမှ သူမတူဘဲ နော် (မှန်ပါတယ်ဆရာ)၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်ပွဲကျတော့ အုန်းသီးတောင် လှလှပပ ကြွက်မြီးစုံမှ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ငှက်ပျောလည်း ဖီးဆိုင်၊ အနာအဆာမပါတာ သန့်သန့်ပြန့်ပြန့်ရွေးလို့၊ ဒီလိုလုပ်ရတယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အိမ်ကျတော့ ရေမွှေး, ဆီမီးပန်းမာလ်နဲ့ ကျကျနန တရိုတသေ။

ဘုန်းကြီးဖို့ ကန်တော့ပွဲထည့်ကြ၊ အုန်းသီး ငှက်ပျောသီး ချလိုက် ဝယ်လိုက်တာပဲ။ အနာအဆာတွေ ဘာတွေ ရွေးမနေဘူး၊ အုန်းဆိုပြီးတာပဲ၊ ငှက်ပျောဆိုပြီးတာပဲ။ ဘုရားပွဲ အုန်းသီး ငှက်ပျောသီး

http://www.dhammadownload.com

ထည့် ဝယ်လိုက်တာပဲ။ အနာအဆာ မရွေးဘူး။ ဒီလို မနေဘူးလား (မှန်ပါတယ်ဆရာ)၊ ဒီတော့ သရဏာဂုံ အစစ်အမှန်တွေက နောက်တန်း ရောက်မနေဘူးလား (ရောက်နေပါတယ်ဆရာ)၊ သရဏာဂုံ မညီဘဲနဲ့ သရဏာဂုံထင်ပြီးတော့ ကိုးကွယ်ဆည်းကပ်နေတယ်ဆိုတဲ့ အလုပ်တွေက ရှေ့တန်းကနေ အရေးစိုက်ခြင်းမှာ တူမှမတူဘဲ၊ အဲ့ဒါ စီးပွားရေးရော ကြီးပွားရေးပေါ့ လုံးလုံးကိုယ့်အကျိုးနဲ့ကိုယ်၊ ကိုယ့်မျှော်လင့်ချက်နဲ့ကိုယ်၊ လုပ်နေကြတာပဲလို့။ ဒီတော့ ကိုယ့်လိုအင်ဆန္ဒ အကျိုးထူး ဝိသေသ ရဖို့ဆိုတာ အလွန်မှခဲယဉ်းတယ်၊ မျက်စိလည်ကြတာပဲလို့။ ဒါကြောင့် တန်းက နိမ့်ချင်တိုင်း နိမ့်လို့။ မဟုတ်တာက တန်းကမြင့်၊ ဟုတ်တာက တန်းကနိမ့် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ ခုန ငါပြောသလိုပဲ ဘုရားနောက်တော်ပါးက အမြဲခစားပြီး လိုက်နေတဲ့ အလုပ်အကျွေးဆိုတဲ့ သုနက္ခတ္တ ရဟန်းတောင်ပဲ ကိုယ်တော်မြတ်ကြီးနဲ့ အမြဲထိကပ်နေလျက်သားနဲ့ ကိုယ်တော်မြတ်ကြီးကိုအပ ထားပြီးတော့ နွားလိုကျင့်၊ ခွေးလိုကျင့်ဆိုတဲ့ အစေလကဂိုဏ်းကို တန်ဖိုးထားသေးတာကိုးကွ နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် ခုလူတွေ မှားတယ်ဆိုတာ သိပ်ပြီးတော့ အပြစ်ဆိုစရာတော့ မရှိပါဘူးလို့ မဟုတ် ဘူးလား (မှန်ပါတယ်ဆရာ)၊ အခုမှ မှားတာမဟုတ်ဘူး။ တစ်သံသရာလုံးက မှားချင်တိုင်း မှားလာ တာ။ ဒီတော့ ဘယ့်နယ့်ဖြစ်လဲ ဆိုတော့ ဘုရားထံက သုနက္ခတ္တရဟန်းက ခွါခဲ့တယ်။ ခွါလာပြီးတော့ အစေလကဂိုဏ်းဆရာကြီးရဲ့ အကျိုးလိုလားတဲ့အနေအားဖြင့် ဂေါတမပေးတဲ့ ဗျာဒိတ်စကား၊ မှားစေတော့လို့ သွားသတိပေးတယ်။ အစေလကဂိုဏ်းဆရာကြီး ဂေါတမဘုရားက ပြောသွားတယ် တဲ့။ အသင် အစေလကဂိုဏ်းဆရာကြီးဟာ ခုနစ်ရက်စေ့လို့ရှိရင် ဒီနေ့ကစ ရေတွက် ခုနစ်ရက်စေ့လို့ရှိ ရင်ဖြင့် အစားလွန်ပြီးတော့ စားပိုးနင့်တဲ့ရောဂါနဲ့ သေလိမ့်မယ်၊ တစ်အချက် ဗျာဒိတ်စကား မိန့်ကြားသွား တယ်။ အဲဒါ သူစကားမမှန်အောင် ဆရာကြီးက အစားအသောက်ဆင်ခြင်ပါတဲ့။ သေမှာစိုးလို့ကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ အစားအသောက်ဆင်ခြင်ပါ။ ဒီတော့ အစေလကဂိုဏ်းဆရာက ဘာပြောလဲ ဆိုတော့ ဟာ ဒီလိုဆိုရင် မမှားရအောင်စားတောင်မစားဘူး၊ အငတ်နေမယ်၊ သေနိုင်စရာ အကြောင်း မရှိဘူး။ စားပိုးနင့်စရာအကြောင်းမရှိဘူး။ မစားဘဲနေမယ်၊ ကြိုက်ရဲ့လား၊ ဟာ ကြိုက်ပေါ့။ အဲ့ဒီလိုမှပေါ့၊ မစားဘဲနေနော် ဟာ-နေမယ်၊ မစားကို မစားဘူး။ စားလိုက်ရင် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ စားပိုးနင့်တဲ့ဝေဒနာ ဖြစ်ချင်ဖြစ်မှာပေါ့။ မစားဘဲနေရင် ရှင်းတာပဲလို့၊ မစားဘဲ ငုတ်တုတ်ပေနေပြီးတော့ မသေတဲ့အချိန်ကျမှ ဂေါတမကို မုသာဝါဒကံနဲ့ စွပ်စွဲမယ်လို့ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ အစေလ ကဂိုဏ်းဆရာကြီးက ဒီအချိန်ကစ မစားဘဲနေမယ်။ ဒါပေမဲ့ မဟုတ်သေးဘူးတဲ့။ ဒုတိယစကား ကျန်သေးတယ်။ အစေလက ဂိုဏ်းဆရာကြီးသေပြန်တော့ သုသာန်မြေမမြုပ်နိုင်ဘူးတဲ့။ ပြိန်းမြက်

http://www.dhammadownload.com

တောရင်းမှာ ချလိမ့်မယ်လို့ ဒုတိယစကားတဲ့။ ထားတော့ ငါမှမသေဘဲ ချစရာလဲမလိုဘူး။ တတိယစကားတဲ့၊ သေပြီးတဲ့နောက် အလောင်းကောင်ခေါက်၍မေးခဲ့သော် ထိုဆရာကြီးကိုယ်တိုင်လာပြီးတော့ ဖြစ်ရာဘဝသက်သေခံပြလိမ့်မယ်၊ ပြောကြားလိမ့်မယ်။ စကားသုံးခွန်း သူပြောသွားတော့ ဟာ - ဒုတိယစကားနဲ့တတိယစကား ငါမှ မသေဘဲနဲ့ ဒါတွေက မေးစရာမလိုပါဘူး။ ပထမစကား အရေးကြီးတယ်။ ပထမစကားတော့ ငါမစားဘဲနေမယ်ဟ၊ မစားဘဲအငတ်ခံတယ် နော် (မှန်ပါတယ်ဆရာ)။

ဒီတော့ သုနက္ခတ္တရဟန်းက သူတကယ် ဘုရားအစစ်ကြီးမှတ်နေတဲ့ အစေလကဆရာကြီး စားပိုးနင့်ပြီးတော့ အစားမှားသေမှာစိုးတော့ ဒီနေ့ ပြောသွားပြီးတော့ မနက်ဖြန်ခါ စိတ်မချသေးဘူး၊ လာပြောပြန်ပြီ။ ဆရာကြီး သတိထားနော် မနေ့က တစ်ရက်ရှိသွားပြီ၊ ဒီနေ့ နှစ်ရက်ဟာ မစားပါဘူး စိတ်သာချပါ။ စားပိုးနင့်စရာ စားကိုမစားဘူး။ စားမိရင် စားပိုးနင့်မှားစိုလို့ ဟာ ဒီတစ်ခါကျရင် မစားတာကောင်းတယ်နော်။ ဂေါတမစကား အင်မတန်မှန်တတ်တယ်။ လာ, လာ သတိပေးတယ်နော် (မှန်ပါတယ်ဆရာ)၊ တတိယရက်ရောက်ပြန်တော့ ဒီလိုပဲ လာသတိပေးတယ်။ ဆရာကြီး နှစ်ရက်တော့ ရသွားပြီ၊ ဒီနေ့ဆို သုံးရက် သတိထားနော်၊ အစားများတော့မစားဘူး စိတ်သာချ မှားသွားမှာစိုးလို့ မစားကို မစားဘူး။ နောက်တစ်နေ့လာပြန်ပြီ၊ ဆရာကြီး သုံးရက်တော့ရသွားပြီ၊ ဒီနေ့ လေးရက်၊ နောက်တစ်နေ့ လာပြန်ပြီ၊ ဒီနေ့ လေးရက်ရသွားပြီ၊ ဒီနေ့ ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်ပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ဘယ့်နယ့် ခုနစ်ရက်တောင် တော်နေတော့ ငတ်ကြီးကသိပ်ကျတာကိုးကွ နော် (မှန်ပါတယ်ဆရာ)၊ ခုနစ်ရက်မြောက်တော့ သူကိုးကွယ်နေကျ ဆည်းကပ်နေကြဆိုတဲ့ ဒကာတွေကလဲ တို့ဆရာကြီး ခုနစ်ရက်ရှိပြီတဲ့၊ အစာရေစာအတွက် မလာတာ, မစားတာ ဘယ်လိုမျှားအကြောင်းထူးသလဲ၊ ခုနစ်ရက်တောင် ငတ်ပြတ်နေမှဖြင့် အင်မတန် ဆာလောင်မွတ်သိပ်ခြင်း ဖြစ်ရော့မယ်လို့ ဒီနေ့တော့ ခုနစ်ရက်လဲ စေ့နေပေါ့၊ ခုနစ်ရက်လုံးလုံး မစားဘဲနေရင် အင်မတန် ဆာလောင်မွတ်သိပ်ခြင်းဖြစ်တော့မယ်။ တို့ကောင်းနိုးရာရာ ချက်ပြုတ်ကြော်လှော်ပြီးတော့ တကယ့် သဒ္ဓါစစ်၊ သဒ္ဓါမှန်နဲ့ သူတို့သဒ္ဓါတရား တကယ့်သဒ္ဓါတရား တို့သွားပြီးတော့ ပို့လေမှပဲလို့ ဒကာများကနော် ဆည်းကပ်ကိုးကွယ်တဲ့ ဒကာများက ခုနစ်ရက်လုံးလုံး အစာမစားဘဲ အငတ်ခံနေတဲ့ အစေလကဝိဏ်းဆရာကြီးအတွက် မွန်မွန်မြတ်မြတ် ချက်ပြုတ်ကြော်လှော်ပြီးယူလာလိုက်တာ ခုနစ်ရက်ကလဲ စေ့မှကိုးကွ နော် (မှန်ပါတယ်ဆရာ)။

ဒါပေမဲ့ သုနက္ခတ္တရဟန်းက သေမှာစိုးလို့ သတိပေးတယ်၊ ဆရာကြီး မနေ့ကခြောက်ရက်၊ ဒီနေ့ ခုနစ်ရက်ထဲမှာနော် သတိထား၊ သတိထားပါတယ်လေ။ မစားဘဲ အငတ်နေတာပဲ ရက်ကလဲ ကုန်ပါပြီ။ ဒီနေ့နောက်ဆုံးပါ၊ စိုးရိမ်စရာမရှိပါဘူး။ အသေလွတ်သွားရင်တော့ ဂေါတမကို သေသေချာချာ မုသာ

http://www.dhammadownload.com

ဝါဒကံနဲ့ ပြန်ပြီးတော့ချေပမယ်။ ဒီနေရာတော့ ပရိသတ်လူပုံအလယ်မှာ မျက်နှာမဲနဲ့ အရှက်ကွဲစေရမယ်၊ ကြုံးဝါးတယ်။ ဒီတော့ ဒကာများကလဲ ကောင်းနိုးရာရာ ချက်ပြုတ်လာပြီးတော့ ရှေ့လာကြ၊ ဆရာကြီး အစာမစားတာ ခုနစ်ရက်ရှိပြီ၊ ဘာအကြောင်း ဘာကိစ္စမှန်း မသိတာနဲ့ ဆရာကြီး အကြောင်းကိစ္စလဲ သိချင်၊ ဆရာကြီး ခုနစ်ရက်လုံးလုံး အစာရေဆာ မစားဘဲနေခြင်းကြောင့် အလွန်အလွန် ဆာလောင်မွတ်သိပ်မယ်ထင်လို့ ကောင်းနိုးရာရာများ ချက်ပြုတ်ကြော်လှော်ပြီးတော့ ခဲဖွယ် ဘောဇဉ်များယူခဲ့ပါတယ်ဘုရာ့၊ သုံးဆောင်ပါဘုရာ့လို့ ရှေ့ချလိုက်တော့ ခုနစ်ရက်မစားဘဲနေတော့ ငတ်ကြီးက သိပ်ကျတယ်၊ မနေနိုင်ဘူး နော် (မှန်ပါတယ်ဆရာ)၊ အေး ငါလဲပဲ ဒီလိုပဲဟာ တာဝန်ကရှိထားတော့ မစားဘဲနေလိုက်တာ ဒီကနေ့ ခုနစ်ရက်မြောက်၊ ခုနစ်ရက်မြောက်ဆိုတော့ နောက်ဆုံးပါကွယ်။ ငါတော့ အသေအပျောက်လွတ်ပါပြီ၊ ပေးဟ စားမယ်ဆိုပြီးတော့ စားလိုက်တာ အားရပါးရ နော် (မှန်ပါတယ်ဆရာ)၊ အားရပါးရ စားလိုက်တာ ဘရိတ်ကနှိပ်မရဘူး။ စားပြီးလဲဆို တုန်းကနဲ့ ပက်လက်လန်လဲတယ်။ စားပိုးနင့်နေတယ် နော် (မှန်ပါတယ်ဆရာ)။

မြတ်စွာဘုရားကိုယ်တော်မြတ်များရဲ့ ဗျာဒိတ်စကားက မိုးကြိုးသွားထက် မှန်ကန်တိကျတယ်တဲ့။ ဘယ်တော့မှ မလွဲကောင်းဘူး နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လွဲကောင်းမလဲ ဟိုကမြင်မှပေးတာ၊ ဆင်ခြင်ပြီးမှပေးတဲ့ ဗျာဒိတ်စကားခေါ်တယ်။ ဒီအချိန် ဒီအခါ ဒီလိုဖြစ်လိမ့်မယ်ဆိုတာ ဆင်ခြင်ပြီးမှပေးတာ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီဉာဏ်တော်နဲ့ကြည့်ပြီးတော့ ဆင်ခြင်ပြီးမှ, ရွှေဉာဏ်တော်မြင်မှပေးတဲ့ ဗျာဒိတ်စကားခေါ်တယ်။ အရမ်းပေးသွားတာ မဟုတ်ဘူး၊ အရမ်းပြောတာ မဟုတ်ဘူး။ ဟောဒီ ပက်လက်လန် ဆန့်ငင်ဆန့်ငင်ဖြစ်နေတယ်၊ ပြောရင်းဆိုရင်း သေရှာကော နော် (မှန်ပါတယ်ဆရာ)၊ သေရှာတော့ သူ့အလောင်း သင်္ကြိုဟ်ရမယ်ဆိုလို့ သုသာန်ထုတ်ပါတယ်၊ သုသာန်ထုတ်လို့ မရဘူးဖြစ်နေတယ်၊ ပြိန်းမြက်တောထဲကျတော့ ဆွဲလို့ကို မရတာ။ ဆွဲလို့မရတော့ ကဲလေ - ဆွဲမရအချိန်ကလဲကုန်တယ်၊ ဒီနေရာတွင် ထားကြပါစို့။ ဂေါတမစကားတော်ဖြင့် ပထမတစ်ခွန်း ဒုတိယတစ်ခွန်း နှစ်ခွန်းတော့မှန်သွားပေါ့။ အဲဒီက သုနက္ခတ္တလည်းပါတယ်။ ဂေါတမစကားလဲ နှစ်ခွန်းရှိသွားပြီ။ ပထမတစ်ခွန်းလည်းမှန်သွားပြီ။ ဒုတိယတစ်ခွန်းလည်းမှန်သွားပြီ။ တတိယတစ်ခွန်းအတွက် မေးကြစို့။

ဒီနေ့တော့ အချိန်မရှိဘူး။ ကိုယ့်နေရာကိုယ် ပြန်ကျစို့၊ မနက်မိုးလင်းတဲ့အချိန်ကျမှ လာမေးကြစို့။ မိုးလင်းတဲ့အခါကျတော့ အားလုံး အသင်းအပင်းတွေ, တပည့်တပန်းတွေ လာကြ စုရုံးပြီးတော့ အလောင်းကြည့်ကြတယ်၊ ဒီကျတော့ အလောင်းကို တုတ်နဲ့ခေါက်မေး။ ဆရာကြီး ဆရာကြီး အခု ဘယ်ဘုံ ဘယ်ဌာန ဘယ်ဘဝများ ဖြစ်နေပါသလဲဆိုတော့ ဆရာကြီးက "ကာလကဏ္ဏိက" အမည်

http://www.dhammadownload.com

ရှိတဲ့ ပြိတ္တာဘုံသွား၊ ပြိတ္တာကြီးဖြစ်နေနော် (မှန်ပါတယ်ဆရာ)၊ အဲဒီ ပြိတ္တာဘုံက လာခဲ့ပြီးတော့ သူ့အလောင်းပူးကပ်ပြီးတော့ ပြောရတာ၊ ငါတော့ ဖြစ်နေတဲ့ဘဝတော့ အသူရကာယ်ဘုံမှာ "ကာလကဥ္စိက" အမည်ရှိတဲ့ ငါပြိတ္တာကောင်ကြီး ဖြစ်နေပေါ့လို့။ အလောင်းက ထထိုင်ပြီးတော့ ဖြေကြားရသတဲ့ နော် (မှန်ပါတယ်ဆရာ)၊ သုံးလုံးသောစကား တိတိကျကျ အရင်းအဖျားအားဖြင့် မှန်တော့ကာ သုနက္ခတ္တရဟန်းလဲ စမ်းသပ်တယ် ဒီနေရာမှာ နော် (မှန်ပါတယ်ဆရာ)၊ လက်စသတ်တော့ ငါ့ဘုရားမှတ်လို့ ကိုးကွယ်တာ ဘုရားမှမဟုတ်ဘဲတဲ့။ သူသာ ဘုရားဟုတ်ရိုးမှန်ရင်တဲ့ သူဖြစ်မဲ့အဖြစ်ကို ကြိုတင်ပြီး သိရမှာပေါ့တဲ့ နော် (မှန်ပါတယ်ဆရာ)၊ အခုတော့ သူဖြစ်မဲ့အဖြစ်တွေ ကြိုတင်ပြီးတော့ မသိတဲ့အပြင် ဖြစ်ချင်ရာဖြစ်သွားကြပြီတဲ့။ ငါ့ဆရာ ဂေါတမရဟန်းကတော့ ဘုရားစစ်ဘုရားမှန်မို့လို့ ဖြစ်မဲ့ကိစ္စတွေ ကြိုတင်ပြီးတော့ တိတိကျကျ ပြောနိုင်ပေတယ်တဲ့။ ဒါကြောင့် ငါ့ဘုရားမှ ဘုရားပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ အဲဒါ သေချာကြည့်။

ဒီသုနက္ခတ္တရဟန်းက တကယ့်ကိုပဲ လူ့လောက နတ်လောက ဗြဟ္မာလောက လောကသုံးပါးမှာ ထင်ရှားပွင့်တော်မူတဲ့ အတုမရှိသော မြတ်စွာဘုရား ကိုယ်တော်မြတ်၊ ဂုဏ်တော် (၉)ပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ဆည်းကပ်နေရတယ်။ အဲဒါ ဆည်းကပ်ပြီးနေရတဲ့ ပူးပူးကပ်ကပ် ဆည်းကပ်ပြီးနေရရဲ့သားနဲ့ မိမိရဲ့ ကိုးကွယ်ဆည်းကပ်နေသော ဘုရားရဲ့ဂုဏ်ကျေးဇူး အထူးမသိရှာဘူး နော် (မှန်ပါတယ်ဆရာ)၊ သိပါ့မလား (မသိပါဘူးဆရာ)၊ ဘာနဲ့တူလဲဆိုတော့ ဘုရားနားဘေးမဲ့ပေးထားတဲ့ နွားကြီးတွေ မြင်ဖူးသလား (မြင်ဖူးပါတယ်ဆရာ)၊ ဘုရားနားနေတာ မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘုရားမှန်းတော့ သိရဲ့လား (မသိပါဘူးဆရာ)။

ဒီလိုပဲ အခု တို့လူစုတွေလည်း သာသနာကြီးနဲ့တွေ့နေတယ်၊ သာသနာတန်ဖိုးလဲ နားမလည်၊ ဘုရားဂုဏ်ကျေးဇူးလဲ အထူးမသိဘူး၊ တရားဂုဏ်ကျေးဇူးလည်း အထူးမသိဘူး၊ သံဃာ့ဂုဏ်ကျေးဇူးလည်း အထူးမသိဘူး။ ဘာမှမသိရှာဘူး၊ မတူဘူးလားကွယ် (တူပါတယ်ဆရာ)၊ အဲဒါ မဟုတ်တာတွေ အဟုတ်မှတ်ပြီးတော့ လုပ်ချင်ရာတွေ လျှောက်လုပ်နေကြတာပဲလို့။ အဲဒါ မှန်ကန်တိကျတဲ့ အနေအားဖြင့် တန်းမှန် လမ်းမှန် တကယ့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုး ပွါးတိုးစေချင်လွန်းလို့ သတိပေးတဲ့ အနေအားဖြင့် ပြောပြောပေးနေတာ အဲ့ဒါလဲ မရပါဘူး။ ဒီလို ဒီလိုပဲ မထူးပါဘူး။ တချို့တွေလည်းပြောင်းသွားပေါ့။ တချို့လဲ မပြောင်းဘူး။ ဒီအတိုင်းပဲ အကောင်းမှတ်လို့ နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ သေချာကြည့်စမ်း၊ သုနက္ခတ္တရဟန်းက မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဆည်းကပ်နေတဲ့ မတ်တတ်ကနေပြီးတော့ ခွေးလိုကျင့်, ခွေးလိုနေ, ခွေးလိုစား၊ နွားလိုကျင့်, နွားလိုနေ, နွားလိုသွား, နွားလိုစား,ဆိုတဲ့ အဝတ်မပါ ဗလာကိုယ်ထီး အချည်းနှီး ကျင့်ကြံနေကြတဲ့ အစေလကဂိုဏ်းဆရာ,

http://www.dhammadownload.com

အစေလကဂိဏ်းသားတွေရဲ့ အကျင့်ကိုမှ ဒါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်နိုင်တဲ့ အကျင့်ကောင်း အကျင့်မြတ်ဟူ၍ စွဲလန်း ယုံကြည်သွားခြင်းသည် သီလဗွတုပါဒါန်ခေါ်၏။ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ သီလဗွတုပါဒါန် နော် (မှန်ပါတယ်ဆရာ)၊ အံ့သြစရာ မကောင်းဘူးလား (ကောင်းပါတယ်ဆရာ)။

ငါတော့ ဒီဝတ္ထု ကြည့်ပြီးတော့ အံ့သြလို့ မဆုံးပါဘူး။ တကယ့်ကို မျက်စိလည်တာကိုး။ ပညာစစ် ပညာမှန်ဆိုတဲ့ ပညာမျက်စိမရှိကြရင် ဒီလိုဖြစ်မှာပဲလို့။ လူလိမ်ခံရမှာပဲ၊ လူညာခံရမှာပဲလို့။ ဟိုကပြော ဟုတ်နိုးနိုးလို့၊ ဒီကပြော ဟုတ်နိုးနိုးလို့ ဒီလိုနေမှာပဲ။ ကိုယ့်မှာ အသိဉာဏ်တစ်လုံး စိုက်ထားပြီး ဆိုတော့ မှန်ကန်တိကျတဲ့ ယထာဘူတဉာဏ် စိုက်လာပြီဆိုတော့ လိမ်လည်း မယုံတော့ဘူးကွာ နော် (မှန်ပါတယ်ဆရာ)၊ လူလိမ်လည်း မခံရဘူး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အေး ဒါကြောင့် ဒါရုပ်, နာမ်၊ ခန္ဓာ, ပရမတ်, ပညတ်လို့ တကယ့်အခြေခံသဘောအားဖြင့် ပရမတ်ပေါ် ဆတ်ဆတ် ကလေးကျလာအောင် သင်ကြားနားလည် တတ်မြောက်လိမ့်မှာထားတဲ့ လူစုကျတော့ ဘယ်သူညာလို့မှ မရဘူး။ ဘယ်သူလိမ်လို့မှ မရဘူး။ ရပါဦးမလား (မရနိုင်ပါဘူးဆရာ)၊ အဲဒါ လိမ်လို့ ညာလို့ရရင်ဖြင့် မုချ ပရမတ် ပညတ် မကွဲသေးဘူး။ ရုပ်, နာမ်, ခန္ဓာ, နားမလည်သေးဘူး။ ပရမတ်ဆိုတာ ဘာမှန်း မသိဘူး၊ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ဆိုတဲ့ ပညာလည်း သူမရသေးဘူး ဆိုတာ သိရပါ တယ်ပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ အင်မတန်ကြောက်စရာကောင်းတယ်၊ အဲဒါ သီလဗွတုပါဒါန် ခေါ်တယ်၊ ဥပါဒါန်တရားလေးပါး၊ လေးနံပါတ် အတ္တဝါဒုပါဒါန်ဆိုတာ အတ္တဝါဒခေါ်တယ်။ အတ္တဝါဒ၊ အတ္တစွဲတဲ့ အတ္တဒိဋ္ဌိတဲ့ အတ္တဝါဒုပါဒါန်တဲ့ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)။

ဘုရားရှင်အား ဝါဒပြိုင်တဲ့ သစ္စကပရိဗိုဇ်

ငါကတော့ ငါဟုတ်တယ်၊ ငါ့ကိုယ်ဟုတ်တယ်၊ ပုဂ္ဂိုလ်ဟုတ်တယ်၊ သတ္တဝါဟုတ်တယ်၊ အသက်လိပ်ပြာဟုတ်တယ်။ ဒီလို ယူဆတဲ့ သဘောက အတ္တဝါဒုပါဒါန်ခေါ်တယ်။ အဲ့ဒီ အတ္တဝါဒုပါဒါန် ဝတ္ထုသက်သေ သာဓကကတော့ တို့များလဲ နောက်ကတော့ မကြာမကြာ ထည့်သွင်းပြောပါတယ်။ ဘယ်အခန်းပြလဲဆို အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာကြီးသုံးပါးအခန်း။ အနတ္တအခန်းက ပြတယ်။ သစ္စကပရိဗိုဇ် နော် (မှန်ပါတယ်ဆရာ)၊ သစ္စကပရိဗိုဇ်လို့ ဒါလဲ ကြာဖူးကြပါလိမ့်မယ်။ သစ္စကပရိဗိုဇ်ကြီးက ပညာဉာဏ်တွေ အင်မတန်များကြလို့ အဖဘက်က ပုစ္ဆာပေါင်း ငါးရာ၊ အမိဘက်က ပုစ္ဆာပေါင်း ငါးရာ ပုစ္ဆာပေါင်း တစ်ထောင် သူဗိုက်ထဲမှာ လျှောင်ထားတော့ ငါ့ဗိုက်ကြီးက ပညာတွေ များနေပြီတဲ့၊ စာတွေများ နေရလို့ သွတ်ပါများရင် ပေါက်ကွဲထွက်သွားမှာ စိုးရတယ်ဆိုတဲ့ အနေအားဖြင့် သံခွေပတ်

http://www.dhammadownload.com

၄ (မှန်ပါတယ်ဆရာ)၊ ဗိုက်မှာ သံခွေအမြဲပတ်ထားတယ်။ အဲဒီ သစ္စကပရိဗိုဇ်ကြီးက အတ္တဝါဒအနေအားဖြင့် အင်မတန် စွဲလန်းယုံကြည်တယ်။ သူက အတ္တသမား၊ ငါဟုတ်တယ်၊ ငါ့ကိုယ် ဟုတ်တယ်၊ ပုဂ္ဂိုလ် သတ္တဝါဟုတ်တယ်။ ဒီတော့ တို့ဘုရားနဲ့ ဝါဒပြိုင်ပွဲကြီး လုပ်လို့ ဝါဒပြိုင်ကြတယ်။ သူ့နောက်ကလည်းပဲ လိစ္ဆဝီမင်းတွေကလည်းပဲ မင်းပေါင်းငါးရာ တစ်ပြုံလုံး ချီပြီးတော့ လာကြလို့ ဘုရားကိုယ်တော်မြတ်နဲ့ မျက်နှာချင်းဆိုင်မိတဲ့အခါကျတော့ တိုတိုပြောကြစို့၊ သူက လျှောက်တယ် - အရှင်ဘုရားဂေါတမ အရှင်ဘုရား ဘာဝါဒများချပြနေသလဲတဲ့။ ငါဘုရားကိုယ်တော်မြတ်က ခန္ဓာငါးပါး အနတ္တလို့ ချပြနေတာပဲတဲ့၊ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါး အနတ္တတရားကြီးပဲ ငါချပြနေ တာပဲဆိုတော့၊ အရှင်ဘုရား ဒီလိုဆိုရင် ကိုယ်ကျိုးနည်းကုန်တော့ပေါ့တဲ့။ ဘာပြုလို့လဲဆိုတော့ ဤသတ္တဝါတွေသည် မြေရှိလို့ တည်နိုင်၏၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ သတ္တဝါတွေ မြေရှိလို့ တည်နိုင်၏။ ကမ္ဘာလောကကြီးရှိလို့ တည်နိုင်၏။ ပန်းတွေ အနံ့သည် ပန်းပွင့်ကို မှီ၍တည်နိုင်၏၊ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ခန္ဓာငါးပါးသည် အတ္တရှိ၍ တည်နိုင်၏တဲ့။ အတ္တရှိလို့၊ ဒါကြောင့်-

ထိုသတ္တဝါအများဟာ ကုသိုလ်ကမ္မပထတရားဆယ်ပါးကိုလဲ ကြိုးစားပွားများအားထုတ် အလုပ် လုပ်နိုင်တယ်၊ ကိုယ်တော်ဟောသလိုသာ ဟောမယ်ဆိုလို့ရှိရင် ဒီသတ္တဝါများဟာ ကုသိုလ် ကမ္မပထ တရားဆယ်ပါးလည်း ကြိုးစားအားထုတ် အလုပ်လုပ်နိုင်စရာ အကြောင်းလဲမရှိဘူး။ မှီရာတည်ရာလဲ မရှိဘူးတဲ့။ ဒါကြောင့် အတ္တဝါဒ၊ အားလုံးသော လူများနဲ့ အကျွန်ုပ်ပါဆိုသလိုပဲ အတ္တဝါဒကို မှန်ကန် တယ်ဆိုတဲ့အနေအားဖြင့် ယူဆကြပါတယ်။ ဘုရားငြင်းတယ်နော် (မှန်ပါတယ်ဆရာ)၊ ဘုရားကိုယ် တော်မြတ်က ပြီးတော့ လက်တွေ့အားဖြင့်ပြတယ်။ အတ္တဆိုတာ အတ္တဝါဒဆိုတာ ခိုင်မာတဲ့ အနှစ်သာ ရလည်းရှိရမယ်၊ အာဏာတန်ခိုးလည်းအစိုးရရမယ်၊ ကိုယ့်အလိုလည်းလိုက်ရမယ်၊ ဒါ အတ္တဝါဒ ဒီအတိုင်းလာတယ် နော် (မှန်ပါတယ်ဆရာ)၊ အနတ္တဆိုရင်ဖြင့် ခိုင်မာသော အနှစ်အသားမရှိဘူး "အသာရကတ္ထ" အနက်၊ "အနိဿရဏတ္ထ"အနက် -အာဏာတန်ခိုး အစိုးမရသော အနက်၊ "အဝသဝတ္တနတ္ထ" အနက် - မိမိအလိုသို့ မလိုက်သော အနက်၊ အနတ္တတရားမှန်ရင် ဒီသုံးပါးနဲ့ နေရမယ်။ အတ္တတရားမှန်လို့ရှိရင် ဒီသုံးပါးက ပြန်လာ၊ ခိုင်မာသော အနှစ်သာရ ရှိရမယ်။ အာဏာ တန်ခိုး အစိုးရရမယ်၊ မိမိအလိုသို့ လိုက်နိုင်ရမယ်။ အတ္တ, အနတ္တ မှတ်မိသေးလားဟ (မှတ်မိပါတယ် ဆရာ)၊ မှတ်မိသေးလား (မှတ်မိ ပါတယ်ဆရာ)၊

အနတ္တဆိုတာ ဘာပြုတယ် (အနှစ်သာရရှိရပါမယ်ဆရာ)၊ အနတ္တ၊ အနတ္တ (ငါ့ကိုယ်မဟုတ် ပါဘူးဆရာ)၊ ဟောဗျာ အနတ္တတုန်းက ငါသုံးချက်ပေးသွားတာ ဘယ်နှယ့်ပြလဲ (အသာရကဌေန၊ အနိဿာရကဌေန၊ အဝသဝတ္တနကဌေန ပါဆရာ)၊ ဟာ အတော်ချည်းဟ။ ပါဠိလိုများ စိတ်ထဲက

http://www.dhammadownload.com

ထွက် တပြောင်းပြောင်းနဲ့၊ "အသာရကဋ္ဌေန"က ဘာလဲ (အနှစ်သာရမရှိလို့ပါဆရာ)၊ ဩော် အနှစ်သာရမရှိလို့လဲ အနတ္တဟုတ်လား (မှန်ပါတယ်ဆရာ)၊ "အနိဿာရကဋ္ဌေန"ကော (အာဏာတန်ခိုး အစိုးမရလို့ပါဆရာ)၊ အေး အာဏာတန်ခိုး အစိုးမရလို့လည်း အနတ္တ ဟုတ်လား (မှန်ပါတယ်ဆရာ)၊ "အဝသဝတ္တနဋ္ဌေန" ကော (မိမိလိုရာ မလိုက်တတ်တာပါဆရာ)၊ ဩော် . . . မိမိအလို မလိုက်တတ်တာ အနတ္တဟုတ်လား (မှန်ပါတယ်ဆရာ)၊ အနတ္တ နော် (မှန်ပါတယ်ဆရာ)၊ အတ္တ ကပြန်လိုက်စမ်း၊ အတ္တကျ ဘယ့်နယ့်တုံး (အနှစ်သာရရှိရပါမယ်ဆရာ)၊ ဩော် အနှစ်သာရ ရှိရမယ် (မှန်ပါတယ်ဆရာ)၊ ပြီးတော့ကော (အာဏာတန်ခိုး အစိုးရရပါမယ်ဆရာ)၊ ဩော် အာဏာတန်ခိုး အစိုးရရမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပြီးတော့ (မိမိလိုရာသို့ လိုက်ရပါမယ်ဆရာ)၊ ဩော် မိမိအလိုသို့လိုက်ရမယ် ဟုတ်လား (မှန်ပါတယ်ဆရာ)။ မှတ်ထားကြနော် သေသေချာချာ။ အတ္တ၊ အနတ္တဆိုတဲ့ သဘာဝလေး သေသေချာချာမှတ်ထားကြ။

တို့ အနတ္တတုန်းက တော်တော်ပြောခဲ့ပြီ။ အတ္တရဲ့အဓိပ္ပာယ် နားမလည်ရင် အနတ္တပေါက်အောင် နော် (မှန်ပါတယ်ဆရာ)၊ အတ္တရဲ့အဓိပ္ပာယ် လည်လည်ပတ်ပတ် နားလည်တော့ ဟောဒါ အတ္တ၊ ဟောဒါ အနတ္တ။ အတ္တဟုတ်တယ် မဟုတ်ဘူးလို့ ခွဲလိုက်ရင် အနတ္တပေါက်တယ်တဲ့။ ဒါကြောင့် အတ္တရဲ့အဓိပ္ပာယ် တော်တော် လည်လည်ပတ်ပတ် ပြောခဲ့တယ်၊ မပြောခဲ့ဖူးလား (ပြောခဲ့ပါတယ်ဆရာ)၊ အတ္တမှန်ရင် "သာရ"ရှိရမယ်နော် (မှန်ပါတယ်ဆရာ)၊ ခိုင်မာတဲ့ အနှစ်သာရ ရရှိရမယ်။ အာဏာတန်ခိုး အစိုးရရမယ်။ မိမိအလိုသို့ လိုက်ရမယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အနတ္တဆိုရင် ခိုင်မာသော အနှစ်သာရ မရှိ၊ အာဏာတန်ခိုး အစိုးမရ၊ ကိုယ့်အလိုသို့ မလိုက်၊ ဘာမှထူးတာ ခဲယဉ်းတာ မရှိဘူး၊ ပြောင်းပြန်ပြန်လိုက်ရုံလေးပဲ ရှိတယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အတ္တနဲ့ အနတ္တ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ ဒီနေရာမှာ မြတ်စွာဘုရားကိုယ်တော်မြတ်က သစ္စကပရိဗ္ဗိုဇ် သေသေချာချာ မလုပ်နိုင်အောင် ဖမ်းလိုက်တယ်။ ကောင်းပြီ သစ္စကပရိဗ္ဗိုဇ်ငါမေးတာဖြေတဲ့။ သင်က အတ္တလို့ ပြောရင် အဓိပ္ပာယ်အားဖြင့် အဘိသိက်သွန်းပြီးတော့ မင်းတစ်ပါး ရှင်ဘုရင်တစ်ပါးသည် မိမိပိုင်တဲ့ အာဏာတန်ခိုး အစိုးရတဲ့ နိုင်ငံတော်အတွင်းမှာရှိတဲ့ လူများကို သတ်ချင်လဲ သတ်နိုင်တယ်တဲ့၊ လွှတ်ချင်လည်း လွှတ်နိုင်တယ်တဲ့။ တိုင်းတစ်ပါးသို့ နှင်ထုတ်ချင်လဲ နှင်ထုတ်နိုင်တယ်တဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဟုတ်ကဲ့လားတဲ့ ဒီလို မေးတယ်၊ အရှင်ဂေါတမ ဟုတ်တာပေါ့တဲ့ ဒါက အဘိသိက်သွန်းပြီးသား "အဘိသေက"ဆိုတဲ့ မင်းမျိုးကို မဆိုထားနဲ့၊ အခုရှိတဲ့ အဘိသိက် မသွန်းရတဲ့ လိစ္ဆဝီမင်းမျိုးတောင်ဘဲ ဒီအာဏာတန်ခိုး အစိုးရမို့လို့ သူ့တိုင်းသူပြည်သားပေါ်မှာ အစိုးရတာအမှန်ပေါ့တဲ့၊ သူတို့တောင် အစိုးရသေးတာပဲ။

http://www.dhammadownload.com

လိုက်လိုက်လျောလျောကြီးနဲ့ ဟောဟောဒိုင်းဒိုင်း ဖြေလိုက်တယ်နော် (မှန်ပါတယ်ဆရာ)၊ မှန်တယ် အစိုးရတယ်။ အဲ့ဒါ အစိုးရတယ် ခေါ်တယ်တဲ့၊ အာဏာတန်ခိုး အစိုးရ "ဣဿရတ္ထ" အနက်ခေါ်တယ်။ ဒါဖြင့် ကောင်းပြီတဲ့၊ သစ္စကပရိဗိုဇ် သင့် ငါမေးမယ်၊ "သင်သည် ခန္ဓာငါးပါးသည် အတ္တကို မှီ၍ဖြစ်တယ်၊ အတ္တသည် ထင်ရှားရှိသည်" ဆိုခဲ့သော် ဣဿရတ္ထသဘောအားဖြင့် ရှိ, မရှိ ငါဘုရားဖြေကြားပါ၊ စဉ်းစားတယ် သူက ဘုရားမေးတဲ့အမေး ကြားရင်ပဲ သူရှုံးပြီဆိုတာ နားလည်တယ်။ ခက်တာပဲတဲ့ ငါက အတ္တဟု ငြင်းထားတာ၊ အတ္တဆိုရင် ဣဿရတ္ထအနက် - အာဏာတန်ခိုး အစိုးရတဲ့အနက်နဲ့ နေရမှာတဲ့။ ငါ့ကိုယ်ငါ အကယ်တန္တိ အာဏာတန်ခိုး အစိုးရပါတယ်ဆိုရင် ဟောဒါ ဂေါတမက ငါစောဒက မတက်ခင် ငါ့နောက်က ငါ့တပည့်တပန်းတွေက ငါ့အရင် ပြန်ချမယ်၊ ဘယ့်နှယ်လဲဆရာကြီး, ဆရာကြီးရဲ့ကိုယ်သည် အတ္တလို့ဆိုခဲ့သော် အာဏာတန်ခိုး အစိုးရပါသဖြင့် ဆရာကြီးရဲ့ကိုယ် ကျွန်ုပ်တို့လို လှလှပပဖြစ်အောင် ဘာကြောင့် မလုပ်သလဲလို့ မေးရင်တဲ့၊ အဲဒါ ငါ့တပည့်တွေက ငါ့အရင်ချမှာတဲ့ နော် (မှန်ပါတယ်ဆရာ)၊ သူ့ကိုယ်ကြည့်လိုက်တော့လဲပဲ ပုတ်ပုတ်ပွပွကြီးပေါ့ကွာ၊ မရှုမလှ အင်မတန်ဆိုးဝါးတဲ့ ရုပ်လက္ခဏာနဲ့ နေသကိုးကွ နော် (မှန်ပါတယ်ဆရာ)။

ဒီတော့ လိစ္ဆဝီမင်းများ အင်မတန်လှပတင့်တယ်နေသော ဆရာကြီးရဲ့ကိုယ်သည် အတ္တလို့ ဆိုခဲ့သော် အာဏာတန်ခိုး အစိုးရလို့ ကျုပ်တို့လို ဘာကြောင့် လှအောင် မပြုသလဲ, မလုပ်သလဲလို့ မေးရင်တဲ့ ငါအဖြေရ ခက်တယ်၊ မခက်ခဲဘူးလား (ခက်ပါတယ်ဆရာ)၊ ငါ့ဝါဒ ရှုံးပြီးသားဖြစ်နေပြီတဲ့။ ဒီတော့ ဘုရားမေးတာ မဖြေဘူး၊ ငုံ့ခံတယ်၊ ပေခံတယ်။ ဖြေလဲ ရှုံးတော့မှာကိုး နော် (မှန်ပါတယ်ဆရာ)၊ အကယ်တန္တိ ဖြေလိုက်မယ် ဟာ - အရှင်ဂေါတမ အာဏာတန်ခိုး အစိုးရတာပေါ့၊ အခု အရှင်ဂေါတမပြောတဲ့ အဘိသိက်သွန်းပြီးသား မင်းလိုပဲ မိမိတိုင်း နိုင်ငံသူ နိုင်ငံသား အာဏာတန်ခိုး အစိုးရ သလိုပဲ ကျွန်ုပ်ရဲ့ကိုယ်လည်း ကျွန်ုပ်အစိုးရတဲ့ အတ္တဝါဒပေါ့၊ မှန်တယ်လို့ ဖြေလိုက်ရင် မြတ်စွာဘုရား ကိုယ်တော်မြတ်ကလည်း မေးမှာ၊ ကောင်းပြီ၊ သင့်ကိုယ်ကြီး ဒီလာက်တောင်ပဲ ဆိုးဝါးတဲ့ အဆင်းသဏ္ဌာန်ကြီး ဖြစ်တာ၊ ဘာကြောင့် လှလှပပ တင့်တယ်တင့်တောင့်ဖြစ်အောင် မလုပ်သလဲလို့ မေးရင် ငုတ်တုတ်ရှုံးမယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီတော့ သူရှုံးမှန်းသိတော့ မဖြေရဲနိုင်ဘူး။ အဖြေထွက်ရင် ရှုံးတော့မယ်ဆိုတာသိတော့ ပေနေတယ်၊ မဖြေဘူး။ အတ္တစွဲ၊ အတ္တဝါဒုပါဒါန်၊ အတ္တဒိဋ္ဌိတဲ့။ သစ္စက ပရိဗိုဇ် ပေနေတယ်။

ဘုရား ဒုတိယတစ်ကြိမ် ထပ်မေး၊ ဒုတိယတစ်ကြိမ်ထပ်မေးတော့လည်း မဖြေဘူး၊ ပေနေတယ် နော် (မှန်ပါတယ်ဆရာ)၊ ဘုရားတို့မည်သည်မှာ သုံးကြိမ်မေးလို့ မဖြေရင်တဲ့ လောင်မီးသော်လည်း

http://www.dhammadownload.com

ကျတတ်တယ်၊ ဦးခေါင်းသော်လည်း ရှုစိတ်ကွဲတတ်တယ်တဲ့။ ဘုရားမေးလို့ မဖြေဘဲ ပေကပ်နေတယ် နော် (မှန်ပါတယ်ဆရာ)။ သူလို့, ငါလို့, လူတကာလို မဟုတ်ဘူး။ ဘုရားကျတော့ တစ်မျိုး၊ သုံးခါ မေးလို့မှ ဖြေရင်ဖြေတဲ့၊ မဖြေရင် ပေကပ်ကပ်ကြီး လုပ်နေလို့ရှိရင်တဲ့ လောင်မီးသော်လည်း ကျတတ်တယ်၊ ဦးခေါင်းသော်လည်း ရှုစိတ်ကွဲတတ်တယ်တဲ့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒီတော့ သိကြောမင်းက မနေနိုင်လို့ ဘီလူးယောင်ဆောင်ပြီးတော့ အင်မတန် ကြောက်ဖွယ်ကောင်းတဲ့ တင်းပုတ်ကြီးကိုင်လို့ သစ္စကပရိုဗိုဇ်သာ မြင်စေတယ်နော် (မှန်ပါတယ်ဆရာ)၊ အများသော လူတွေ မမြင်စေအောင်ဆိုပြီးတော့ ဣဒ္ဓိပါဒ်တန်ခိုးနဲ့ တစ်မျိုးဖန်ဆင်းပြီးတော့ ဘီလူးယောင်ဆောင် တင်းပုတ်ကြီးနဲ့ ရွယ်တယ် -

ဟယ် - သစ္စကပရိုဗိုဇ် သုံးလူထွတ်ထား မြတ်စွာဘုရားကိုယ်တော်မြတ် ကိုယ်တော်တိုင် မေးတဲ့ အမေး နှစ်ကြိမ်ရှိပြီတဲ့၊ ဘာကြောင့် မဖြေဘဲနေသလဲတဲ့၊ ဖြေရင်ဖြေ၊ မဖြေရင် နင့်ကို ငါအသေ သတ်မယ် တင်းပုတ်နဲ့ ရည်ရွယ်ပြတယ်။ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ဒီတော့မှ အဲဒါ ဘုရားမေးတဲ့ အမေးကို ဖြေချင်လို့ ဝန်ခံချင်လို့ မဟုတ်ပါဘူး။ သိကြားမင်းရွယ်တဲ့ ဘီလူးတင်းပုတ်ကြောက်လို့ ဝန်ခံတယ်၊ ဒီကျမှ ဂေါတမ ကျွန်ုပ်မှားပါပြီတဲ့၊ အကျွန်ုပ်ရဲ့ အတ္တဝါဒဆိုတာ မှားပါပြီ။ သင့်ရဲ့ အနတ္တဝါဒသာ မှန်ပါပြီလို့ ဝန်ခံတယ်၊ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ ဝန်သာခံတာ၊ စိတ်ထဲက မြတ်စွာဘုရားကိုယ်တော်မြတ်ဟောတဲ့ အနတ္တသဘောကိုပေါက်လို့ ဝန်ခံတာမမှတ်နဲ့၊ မဟုတ်ပါဘူး။ ဘီလူးကြောက်လို့ ဝန်ခံသွားတာ။ ဒါကြောင့် သူဘာအကျိုးရလဲ။ သစ္စကပရိုဗိုဇ် ဘုရားနဲ့တွေ့ပေမဲ့ အမေးအဖြေ ပစ္စာပြဿနာခန်းတွေ ထုတ်နေပေမယ့် ဘာမှ အကျိုးမရရှာဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒီအတိုင်းသွားတာပဲ။ အဲဒါ အတ္တဝါဒုပါဒါန်တဲ့ နော် (မှန်ပါတယ်ဆရာ)။

ဒဲ့ကြောင့် ဒီအတ္တနဲ့ အနတ္တ အကွဲလေး၊ သဲသဲကွဲကွဲလေး မှတ်ထားစမ်းပါ။ ဘာပြုလို့လဲဆိုတော့ အခု နောက်နားမှာ မကြာခင် ပြမယ့် နိဗ္ဗာန မာတ်ကြီးကျတော့ ထိုအတ္တရဲ့ပရိယာယ် ပါလာလိမ့်မယ်။ အနတ္တဆိုတာ ဘာသဘောတုံး။ အနတ္တဆိုတာ "အသာရကဋ္ဌ" အနက်ရှိတယ်၊ "အနိ--ဿရဏဋ္ဌ" အနက် ရှိတယ်။ "အဝသဝတ္တနကဋ္ဌ" အနက်ရှိတယ်၊ ဒါကြောင့် ရုပ် နာမ် ခန္ဓာဆိုတဲ့ ဒီသစ္စာတ ပရမတ်တရားတွေဟာ အနတ္တတရားတွေ မြတ်စွာဘုရားကိုယ်တော်မြတ်က ဟော၏။ ဘာဖြစ်လို့ အနတ္တ၊ ခဏခဏပျက်နေလို့ ခိုင်မာသော အနှစ်သာရ မရှိသောကြောင့် "အသာရကဋ္ဌ" သဘော ရှိတယ်တဲ့ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ သူဖြစ်ချင်လို့ ဖြစ်နေတဲ့ ကိုယ်ဖြစ်ချင်လို့ ဖြစ်ပါဆိုပြီး စေခိုင်းလို့ အာဏာတန်ခိုးအားဖြင့် အစိုးမရသော "အနိဿရကဋ္ဌ" အနက်ရှိတယ်တဲ့ အနတ္တ နော် (မှန်ပါတယ် ဆရာ)၊ သူဖြစ်ချင်လို့ ဖြစ်နေတယ်၊ ဒဲ့အလိုဆန္ဒနဲ့ ပြည့်ဝအောင် ဖြစ်စမ်းပါဆိုလို့ ခိုင်းလို့မရ၊

http://www.dhammadownload.com

ကိုယ့်အလိုကို မလိုက်သောကြောင့် "အဝသဝတ္တနကဋ္ဌ" အနက်ရှိတယ်။ အနတ္တမဟုတ်လား (အနတ္တ ပါဆရာ)၊ အဲဒီသုံးချက်ကို သေချာမှတ်ထားပါ။

သြော် ငါတို့ ထင်ရှားရှိနေသော ခန္ဓာငါးပါးတရားကြီးသည် အနတ္တတရားကြီးပါလား။ ဘာဖြစ်လို့တုံး၊ "အသာရကဋ္ဌ" သဘောရှိတယ်၊ "အနိဿရဏဋ္ဌ" သဘောရှိတယ်၊ "အဝသဝတ္တနကဋ္ဌ" သဘောရှိတယ်။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က အနတ္တအစစ်လို့ ဟောသွားတယ်။ ဒါဖြင့် ဟောသွားတဲ့အတိုင်း ယုံရဲ့လား၊ ယုံတယ် ဘာဖြစ်လို့ယုံ၊ မသိလို့ယုံတယ်။ "အသာရကဋ္ဌ" အနက်မရှိတာ သိပ်ထင်ရှားတယ်။ ဘယ့်နှယ့် ထင်ရှားတုံး၊ ရုပ်သက် နာမ်သက် ခန္ဓာသက်ကိုက ဥပါဒ်, ဌီ, ဘင်,လို့ ခဏငယ်သုံးချက်နဲ့ ဖြစ်ပျက် ဖြစ်ပျက်နဲ့ သွားနေတယ် နော် (မှန်ပါတယ်ဆရာ)၊ ခိုင်မာတဲ့ အနှစ်သာရ ရှိပါဦးမလား (မရှိနိုင်ပါဘူးဆရာ)၊ မရှိဘူး။ ဒါတို့သိလို့ယုံတယ်။ အနတ္တ အစစ်ကြီးပဲ မယုံဘူးလား (ယုံပါတယ်ဆရာ)၊ "အနိဿရဏဋ္ဌ"အနက် ဘယ်လိုဖြစ်စမ်းပါကွာ။ ခိုင်းလို့ ရရဲ့လား (မရပါဘူးဆရာ)၊ အာဏာတန်ခိုး အစိုးမရဘူး ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ "အနိဿရဏဋ္ဌ"အနက်။ ငါဖြစ်ချင်သလို့ ဖြစ်စမ်းပါကွာ၊ ဖြစ်ရဲ့လားလို့ မဖြစ်ဘူးနော် (မှန်ပါတယ်ဆရာ)၊ "အဝသဝတ္တနကဋ္ဌ"အနက်၊ သြော် အနတ္တဆိုတာ မှန်တာကိုး ယုံပြီလား (ယုံပါပြီဆရာ)၊ အတ္တပြန်ကြည့်စမ်း၊ အတ္တဆိုတာ အနတ္တနဲ့ ဆန့်ကျင်ဘက် မဟုတ်လား (ဆန့်ကျင်ဘက်ပါဆရာ)၊ ပြောင်းပြန်ပြန်၊ အတ္တဆိုလို့ရှိရင် "သာရ"အနက်တရား နော် (မှန်ပါတယ်ဆရာ)၊ ခိုင်မာသော အနှစ်သာရ ရှိရမယ် ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ အတ္တဆိုရင် အာဏာတန်ခိုး အစိုးရတယ်၊ မရဘူးလား (ရရမှာ ပါဆရာ)၊ အတ္တဆိုရင် ကိုယ့်အလိုလိုက်ရမယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)။ အနတ္တသုံးချက်နဲ့ ပြောင်းပြန်ပြန်လိုက်တော့ အတ္တရဲ့အနက်သုံးချက် ထွက်လာတယ်၊ မထွက်ဘူးလား (ထွက်လာပါတယ်ဆရာ)၊

အဲဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ဟိုနေရာမှာ သစ္စကပရိဗိုဇ်ကြီး ပြတော်မူတဲ့ နေရာ အနတ္တကို အတ္တလို့ သူကငြင်းနေတဲ့အတွက် သင်ငြင်းနေတဲ့, သင်ယူဆထားတဲ့ အတ္တဟာ မဟုတ်နိုင်ဘူး၊ အတ္တဟုတ်ရိုးမှန်လို့ရှိရင် သစ္စကပရိဗိုဇ်တုန်းက ပရိယာယ်တစ်မျိုးတည်း ထိုးပြတယ်။ သင်ပြောတဲ့အတ္တ ဟုတ်ရိုးမှန်လို့ရှိရင်တဲ့ အဘိသိက်သွန်းလောင်းပြီးသား ရှင်ဘုရင်အုပ်ချုပ်နေတဲ့ နိုင်ငံသူ နိုင်ငံသားအပေါ်မှာ ထိုရှင်ဘုရင်ဟာ အာဏာတန်ခိုး အစိုးရတာတဲ့။ သေဆို သေရတယ်၊ ရှင်ဆို ရှင်ရတယ်၊ ထားရင် နေရတယ်၊ သတ်ရင် သေရတယ်၊ နှင်ထုတ်ရင် သွားရတယ်တဲ့။ အာဏာတန်ခိုး အစိုးရတယ်။ အကယ်တန္တိ သင်ယူဆထားတဲ့ အတ္တသာ ဟုတ်ရိုးမှန်ရင် အဲဒီမင်းက နိုင်ငံသူ နိုင်ငံသားအပေါ်မှာ အာဏာတန်ခိုး အစိုးရသလို နင့်ကိုယ်နင် အစိုးရရဲ့လားလို့ ဒီလိုမေးတယ်၊

http://www.dhammadownload.com

ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နင့်ကိုယ်နင် အစိုးရရဲ့လားလို့ ဒီလိုမေးတာ။

ဩော် ဒါဖြင့် ဒီနေရာမှာ အတ္တရဲ့ပရိယာယ်သုံးချက် မြတ်စွာဘုရားကိုယ်တော်မြတ်က အထင်လွယ်ဆုံး အမြင်လွယ်ဆုံးဆိုတဲ့ အာဏာတန်ခိုး အစိုးရတဲ့ အနက်အဓိပ္ပာယ်တစ်ခုတည်း ထုတ်ပြသွားတယ်၊ ဒါဖြင့် အတ္တရဲ့ ပရိယာယ်သုံးချက်မှာ သေချာကြည့်ရင် အတ္တဆိုတဲ့ သဘောသည် ခိုင်မာတဲ့ အနှစ်သာရရှိခြင်း၊ အာဏာတန်ခိုး အစိုးရခြင်း၊ ကိုယ့်အလိုကို လိုက်ခြင်းဆိုတဲ့ ပရိယာယ်သုံးချက်နဲ့ ပြည့်စုံရင် အတ္တလို့ မှတ်နော် (မှန်ပါတယ်ဆရာ)၊ အဲဒီ အတ္တရဲ့ပရိယာယ်ကို အခု အနတ္တနဲ့ တွဲပြီးလို့ ရှင်းပြတဲ့အခါမှာ အတ္တရဲ့ပရိယာယ် လည်လည်ပတ်ပတ် မှတ်ထား။ နောက်နား မကြာခင်လည်း ပြမဲ့ နိဗ္ဗာန်ရဲ့ဓာတ်ကြီးကျတော့ အတ္တရဲ့ ပရိယာယ် ဆက်သွယ်နေတဲ့အတွက် အနတ္တရှိရင် အတ္တရှိတယ်၊ အတ္တရှိရင် အနတ္တရှိတယ်ဆိုတဲ့ သဘာဝလေး အဲဒါ ပြတ်ပြတ်သားသား နားလည်အောင် အာရုံစိုက်၍ထား။

"တဏှာပစ္စယာ ဥပါဒါနံ" -တဏှာပစ္စယာ၊ တဏှာတည်းဟူသော အကြောင်းကြောင့်။ ဥပါဒါန်၊ ဥပါဒါန်တရားသည်၊ သမ္ဘဝတိ၊ ဖြစ်၏။တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ တဏှာတုန်းကလဲ တရားကိုယ်တရားသားကောက်တော့ လောဘ။ ဥပါဒါန်ကျတော့ တရားကိုယ်တရားသား ကောက်တော့ လောဘ။ ဒါပေမဲ့ ဥပါဒါန်ကျတော့ ဥပါဒါန်က လေးမျိုးပြားလာတော့ လောဘတင်မက တရားကိုယ်တစ်ပါးတိုးလာတယ် ဒိဋ္ဌိ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)၊ တဏှာတုန်းက တရားကိုယ်ကောက်တော့ ဘာရလဲ (လောဘရပါတယ်ဆရာ)၊ ဥပါဒါန်ကျတော့ တရားကိုယ်ကောက်တော့ ဘာရလဲ (လောဘရပါတယ်ဆရာ)၊ ဒါပဲလား (ဒိဋ္ဌိပါရပါတယ်ဆရာ)၊ ဥပါဒါန်ဘယ်နှစ်ပါးရှိလဲ (လေးပါးပါဆရာ)၊ ဘယ်သူ ဘယ်သူတို့း (ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်) ကာမုပါဒါန်က တရားကိုယ်ကောက်တော့ ဘာရလဲ (လောဘပါဆရာ)၊ ဒိဋ္ဌုပါဒါန်က တရားကိုယ်ကောက်တော့ ဘာရလဲ (ဒိဋ္ဌိပါဆရာ)၊ သီလဗ္ဗတုပါဒါန်က တရားကိုယ်ကောက်တော့ ဘာရလဲ (ဒိဋ္ဌိပါဆရာ)၊ အတ္တဝါဒုပါဒါန်က တရားကိုယ်ကောက်တော့ ဘာရလဲ (ဒိဋ္ဌိပါဆရာ)၊ ဒါ ဥပါဒါန်တရားလေးပါးပြားလို့ ကာမုပါဒါန် တရားကိုယ်ကောက်ရင် လောဘ၊ ဒိဋ္ဌုပါဒါန် တရားကိုယ် ကောက်ရင် ဒိဋ္ဌိ၊ သီလဗ္ဗတုပါဒါန် တရားကိုယ်ကောက်ရင် ဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန် တရားကိုယ်ကောက်ရင် ဒိဋ္ဌိ၊ ပေါင်းလိုက်တော့ လောဘနဲ့ဒိဋ္ဌိ နော် (မှန်ပါတယ်ဆရာ)။

ကာမုပါဒါန်ဆိုတဲ့ တရားက ငါးဖြာအာရုံ ကာမဂုဏ်စွဲလန်းမှု။ ဒါလည်းပဲ သက်သေသာဓက ထုံးဝတ္ထုနဲ့ ပြပြီးပေါ့။ ဒိဋ္ဌုပါဒါန် - အယူမှားလို့ စွဲလန်းမှု၊ ဒါလည်းပဲ သက်သေသာဓကနဲ့ ပြပြီးပြီ။ သီလဗ္ဗတုပါဒါန် - ခွေးကျင့် နွားကျင့်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကောင်းတယ်လို့ စွဲလန်းမှု၊ ဒါလည်းပဲ

http://www.dhammadownload.com

ထုံးဝတ္ထု သက်သေသာဓကနဲ့ ပြပြီးပြီ။ အတ္တဝါဒုပါဒါန် - ငါပဲ၊ ငှါကိုယ်ပဲ၊ ပုဂ္ဂိုလ်သတ္တဝါပဲလို့ စွဲမြဲယုံကြည်တဲ့ အတ္တဝါဒ အတ္တဒိဋ္ဌိ၊ ဒါလည်းပဲ သက်သေသာဓကနဲ့ ပြပြီးပြီ၊ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ တရားကိုယ်တရားသား ကောက်ပုံရယ်, ဥပါဒါန်တရားလေးပါးရဲ့ စွဲလန်းပုံရယ် ဝတ္ထုသက်သေသာဓကနဲ့ ပြပြီးပြီ၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မနေ့ညက တို့ပြောလာတယ် ဒီသံသရာ့စက်ကြီးကို ဖျက်ဆီးတဲ့နေရာမှာ ငါတို့ရဲ့အသိဉာဏ်သည် ဘယ်အဆင့်အတန်းကို ရောက်၍နေသလဲလို့ ပြန်ကြည့်၊ (သို့မဟုတ်) ၎င်းသံသရာ့စက်ကို ဆက်ခါဆက်ခါ လည်စေတတ်သော အကြောင်းတရားတို့သည် ငါတို့၌ ဘာရှိသေးသလဲလို့ ပြန်ကြည့် နော် (မှန်ပါတယ်ဆရာ)၊ စံချိန်ထိုးပြီး ကြည့်လိုက်၊ အမြတ်ထုတ်ပြီး ကြည့်ရမယ်။ ဒါဖြင့် ကြည့်ကြစို့ -

တဏှာကတော့ ရဟန္တာဖြစ်မှ တဏှာကုန်ခန်းတယ်။ ဒါ ကာမတဏှာ ဆိုလိုတယ် ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ဘဝတဏှာနဲ့ ဝိဘဝတဏှာက သောတပတ္တိမဂ်ဉာဏ်ရရင် ပြတ်တယ်။ တဏှာလည်းပဲ သူတန်းလေးနဲ့သူ ခွဲမှတ်။ဒီတော့ အခု တဏှာကြောင့် ဖြစ်လာတဲ့ အကျိုးတရားတည်းဟူသော ဥပါဒါန်လေးပါးကျတော့ ငါတို့ကို ဘယ်ဥပါဒါန် ရှိသလဲလို့ ပြန်ပြီးကြည့်။ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်။ ကာမုပါဒါန် ငါးဖြာအာရုံ ကာမဂုဏ် ခုံခုံမက်မက် နှစ်သက်စွဲလန်းခြင်း၊ ဒါကတော့ရှိတယ်၊ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် အကုန်ခြုံလိုက်တော့ ဒိဋ္ဌိတစ်လုံးရတယ်။ ဒါကြောင့် "နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ" ဆိုတဲ့ ထုံးဝတ္ထုထုတ်ပြထားတဲ့ အင်္ဂတိမင်းကြီးများလို တို့သင်တန်းသူ သင်တန်းသားများ အယူမှားရှိသေးသလားလို့ ဒီလိုမေးရင် ဘယ်နှယ့်ပြောမလဲ (မရှိတော့ပါဘူးဆရာ)၊ မရှိဘူးလား (မရှိပါဘူးဆရာ)၊ ကံ, ကံ၏ အကျိုးယုံကြည်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ "နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ" ဆိုတဲ့ ပါဠိအရ လှူတာ အကျိုးမရှိ၊ ကျွေးတာ မွေးတာ ပေးကမ်းစွန့်ကြဲတာ အကျိုးမရှိ၊ ကုသိုလ်တည်းဟူသော အကြောင်းတရားတွေကြောင့်, ကုသိုလ်တည်းဟူသော ကောင်းကျိုးချမ်းသာဆိုတဲ့ အကျိုးတရားတွေ ရလိမ့်မယ်ဆိုတာ မဟုတ်။ ဒီလိုအယူဝါဒ ရှိသေးသလား (မရှိပါဘူးဆရာ)၊ မရှိဘူး၊ ဒါဖြင့် ဒိဋ္ဌုပါဒါန်အနေအားဖြင့် စင်ကြယ်တယ်ပေါ့ (စင်ကြယ်ပါတယ်ဆရာ)၊ ကောင်းပြီ ဒါဖြင့် -

သီလဗ္ဗတုပါဒါန်တဲ့၊ သီလဗ္ဗတုပါဒါန် - ခွေးလိုသွား, ခွေးလိုစား, ခွေးလိုနေ, ခွေးလိုအိပ်၊ နွားလိုသွား, နွားလိုစား, နွားလိုနေ, နွားလိုအိပ်။ သူတို့လို ဆင်းရဲပင်ပန်း ခေါင်းပါးသော အကျင့်တရားမျိုးမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရနိုင်, ရောက်နိုင်တယ်လို့ စွဲလန်းခြင်း သီလဗ္ဗတုပါဒါန်ဆိုတဲ့ ဒိဋ္ဌိကိလေသာမျိုးရှိသေးသလား (မရှိပါဘူးဆရာ)၊ ကိုယ့်ကိုကိုယ် ပြန်စစ်ဆေးရမယ် နော် (မှန်ပါတယ်ဆရာ)။ မရှိဘူးလို့၊ ပြီးတော့ အတ္တဝါဒုပါဒါန် - ငါဟုတ်တယ်၊ ငှါကိုယ်ဟုတ်တယ်၊ ငါအကောင်

http://www.dhammadownload.com

အထည်, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါဟုတ်တယ်ဆိုတဲ့ အစွဲကြီး ရှိသေးသလားလို့ ဒီလို မေးရင် ဘယ်နှယ်ပြောမလဲ (ပညတ်, ပရမတ် မကွဲတဲ့လူတော့ ရှိရင်ရှိမှာပါဆရာ)၊ အောင်မယ် အကျယ်ဖြေတယ်၊ မဆိုးပါဘူးဟာ။ ပညတ်, ပရမတ် မကွဲတဲ့လူတော့ ရှိရင်ရှိမှာပေါ့ဆိုတော့ မင်းက သင်တန်းသားများနဲ့ ရိတ်ချလိုက်တာလား။ ငါတို့သင်တန်းသူ သင်တန်းသားများလို့ ငါထည့်မေးမယ်။ တို့သင်တန်းသူ သင်တန်းသားများ ငါဟုတ်တယ်၊ ငါ့ကိုယ်ဟုတ်တယ်၊ ပုဂ္ဂိုလ်သတ္တဝါဟုတ်တယ်၊ ယောက်ျား၊ မိန်းမဟုတ်တယ်၊ အထည်ဖြပ်သန္တာန်ကြီးဟုတ်တယ်။ ဒီလို စွဲလန်းထားတဲ့ အတ္တဝါဒ၊ အတ္တ ဒိဋ္ဌိဆိုတဲ့ အယူကြီးများ ရှိသေးသလားလို့ ဒီလိုမေးမယ်။ ဘယ်နှယ့် ဖြေမလဲ။ ပညတ်ပရမတ် မကွဲတဲ့လူ ရှိသေးတာပေါ့မို့လား (ရှိမှာပါဆရာ)၊ အေး - ဟုတ်ပြီ။ ဒါလဲ ဟုတ်သင့်သလောက် ဟုတ်တာပဲ။ ဘာပြုလို့လဲဆိုတော့ ငါလဲပဲ ဘယ်နှယ့်သွေးတိုးစမ်း စမ်း၊ စမ်း စမ်းကြည့်တယ်။

ဒီနှစ် သီတင်းဝါလကျွတ်တော့ ဆရာရယ် သမားရယ်လို့ ကျေးဇူးဥပကာရ ဆပ်တဲ့အနေအားဖြင့် အသီးသီး လာပြီးတော့ ကန်တော့ကြတယ်။ ဒီတစ်ခါ ကန်တော့လာတဲ့ လူတိုင်းလူတိုင်းပဲ ငါ နည်းနည်း ပါးပါး တီးခေါက်စမ်းကြည့်စမ်း၊ တချို့ကလဲ အဲ့ဒီလိုမေးမှာ စမ်းမှာစိုးတာနဲ့ ကန်တော့တောင်မလာဘူး၊ ကြောက်တယ် နော် (မှန်ပါတယ်ဆရာ)၊ ငါလဲ မသိတာကို ခက်ခက်ခဲခဲတွေ မေးတာ စမ်းတာ မဟုတ်ပါဘူး၊ ငါလဲ နည်းနည်း "အပွေးမြင် အပင်သိ" ဒီလိုဆိုတဲ့ အနေအားဖြင့် တစ်လုံးလောက် ကိုယ်လိုချင်တဲ့ အခန်းလေးက ဒီအခန်းလေး နားလည်ရဲ့လားဟဲ့၊ ဒါလေးတော့ သဘောသိရဲ့လားဟဲ့ ဒီလောက် စမ်းတာပါ။ တစ်လုံးချင်း တစ်လုံးချင်း အနက်အဓိပ္ပာယတ္ထနဲ့ တရားကိုယ်သရုပ်တွေနဲ့ ထုတ်ဖော်ပြီး မေးတာ စမ်းတာ မဟုတ်ပါဘူး။ တချို့က တော်တော့်ကို ကြောက်တယ်။ အဲ့ဒီလို မေးစမ်းကြည့်လိုက်ရင် သူ့အသံထွက်ကလေး ငါကြားရင်သိတယ်၊ တရားလေးတော့ သိသွားပေါ့၊ သံသရာတော့ ထောက်ရာတည်ရာရပေါ့၊ ငါနားလည်ပါတယ် ဒီလောက် နော် (မှန်ပါတယ်ဆရာ)။

ဒီတော့ ဒီနှစ်မှာ ကန်တော့လာတဲ့ ပုဂ္ဂိုလ်တွေ ငါက နည်းနည်းပါးပါး တီးခေါက်စမ်းတော့ တချို့လဲ သင်တန်းသုံးပတ် လေးပတ် လိုက်တယ်။ ခန္ဓာငါးပါးတရား သရုပ်မကွဲဘူးတဲ့၊ အံ့ဩစရာ နော် (မှန်ပါတယ်ဆရာ)၊ တွေ့ရတယ်၊ တွေ့ရတယ်၊ မနည်းပါဘူး။ ခန္ဓာငါးပါး သရုပ်မကွဲဘူးတဲ့။ နင့်ကိုယ် ဘာရှိသလဲမေးတော့ ဘာရှိမှန်း မသိရှာဘူး နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ သူအသိလေးကတော့ သိပ်တော့မဆိုးဘူး။ ငါဟုတ်တယ်, သူဟုတ်တယ်, ပုဂ္ဂိုလ်ဟုတ်တယ်, သတ္တဝါဟုတ်တယ်, ယောက်ျား, မိန်းမဟုတ်တယ်, ဆိုတဲ့ အယူတော့ ယုံကြည်ရဲ့လား၊ ဟာ ဒါတော့ မယုံကြည်ပါဘူးတဲ့။ ဒီလိုဆိုတော့ သူဥစ္စာ တော်သားပဲနော် (မှန်ပါတယ်ဆရာ)၊ ဒါဖြင့် ငါဟုတ်, သူဟုတ်, ပုဂ္ဂိုလ်ဟုတ်၊ ငါရှိ, သူရှိ, ပုဂ္ဂိုလ်ရှိ, သတ္တဝါရှိ, အကောင်အထည်ရှိ, ယောက်ျား မိန်းမရှိတယ်ဆိုတာ မယုံလို့ရှိရင်

http://www.dhammadownload.com

ဘာရှိလဲဆိုတော့ မသိဘူးတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒါဆို သူ့ဘာမှ မရှိဘူးပေါ့ကွ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ အဲဒါမျိုး နည်းနည်းပါးပါးတွေ့ရတယ်။ ဒီတော့ မင်းပြောတာ ဟုတ်မှာပဲလို့ သင်တန်းသူ, သင်တန်းသားဆိုပေမဲ့ ပညတ်ပရမတ် မကွဲလို့ရှိချင်လည်း ရှိဦးမှာပေါ့လို့ဆိုတဲ့စကား သိပ်မရိုင်းပါဘူးနော် (မှန်ပါတယ်ဆရာ)။

ဒါပေမဲ့ ခင်ဗျားလဲ မပြောတတ်ရှာလို့ပါ၊ အရှုံးမပေးဘူး။ ဒါပေမဲ့ ပြန်ခါနီးကျတော့ ပြောသွားသေး။ ပါးစပ်က မပြောတတ်လို့ သဘောလေးတော့ ရှင်းပါတယ်လို့ နော် (မှန်ပါတယ်ဆရာ)၊ ပါးစပ်က မပြောတတ်လို့ သဘောက ရှင်းပါတယ်တဲ့။ ဘာရှင်းတယ်တော့ ငါမပြောတတ်ဘူး။ အဲ့ဒါကြောင့် လူငယ်လူရွယ်လေးတွေ ကန်တော့တော့ ငါက မေးမေးစမ်းတယ်၊ တီးခေါက်စမ်းတယ်။ ဒီနှစ်တော့ နည်းနည်းဆန်းပါတယ်။ ဘာပြုလို့လဲဆိုတော့ တချို့လဲပဲ သင်တန်း နှစ်ပတ်,သုံးပတ်ဆင်း၊ တရားသဘောလေးလဲ တော်တော်လေး မိမိရရရှိသား၊ ငါ့တစ်ခါမှ မမြင်ဖူးဘူးတဲ့ နော်၊ မမြင်ဘူးလို့တဲ့။ အင်မတန်ဆရာသမားကျေးဇူး အထူးအားဖြင့် တင်ရှိလို့ ဆရာလဲ မမြင်ဘူးတာနဲ့ ကန်တော့ချင်တဲ့ စိတ်ကလဲရှိတာနဲ့ လာကန်တော့ပါတယ်တဲ့။ ဟော နှစ်ပတ် သုံးပတ်ရှင်းလို့မှ ငါတို့ သင်ကြားပြသနေတဲ့ သံသရာက ကယ်တင်ပေးနေတဲ့ ဆရာတစ်ယောက်ရဲ့ မျက်ခွက်မျက်နှာမှ မမြင်ဖူးဘူးဆိုတာလည်း အတော်အံ့သြစရာကောင်းသား မအံ့သြနဲ့၊ ဒါမျိုးတွေကလဲ ဒုနဲ့ဒေး အများကြီးနော် (မှန်ပါတယ်ဆရာ)။

တရားသဘောနဲ့ ပတ်သက်ပြီးတော့ ထောက်လှမ်းပြီးတော့, တီးခေါက်စမ်းပြန်တော့ အတော်ဝမ်းသာပါတယ်၊ ပြောတယ် ရှေ့တင်ပဲ ခြီးမွမ်းစကားပြောလိုက်တယ်။ တို့များကတော့ ဒီလိုပဲလာပြီးတော့ ကန်တော့တဲ့အခါမှ မျက်နှာချင်းဆိုင်ပြီးတော့ နင်ဘယ်သူလဲဟ၊ ဘယ်ဝါလဲဟ၊ သင်တန်းဘယ်နှစ်ပတ်ရတုန်းဟ၊ တရားရှည်နေသေးဟ၊ ဘယ့်နယ့်တုန်းဟ၊ တို့များ အင်တိုက်အားတိုက်ကြိုးစားပမ်းစားနဲ့ အပင်ပန်းအနွမ်းနယ်ခံပြီးတော့ သင်ကြားပြသသလောက် ခရီးရောက်ရဲ့လားလို့ မေးစမ်းကြည့်ရတယ်။ ခရီးရောက်တဲ့ ပုဂ္ဂိုလ်တွေ တော်တော်ကိုများပါတယ်။ အဲ့ဒါ လူငယ် လူရွယ်တွေလူလတ်တွေများတယ်။ မိန်းကလေး မိန်းမငယ်တွေ၊ လူငယ် လူရွယ် လူလတ်တွေ လာတိုင်း,လာတိုင်းပဲစမ်းစမ်း၊ စမ်းစမ်းကြည့်တော့ ခရီးရောက်တဲ့ပုဂ္ဂိုလ်တွေ တော်တော်များပါတယ်၊ သံသရာထောက်ရာမှီရာရတဲ့ ပုဂ္ဂိုလ်တွေတော်တော်များတယ်၊ ကိုယ်လည်းအားရှိတယ်။ အဲဒီလို မေးစမ်းကြည့်တဲ့အခါကျတော့ တိတိပပနဲ့ ကျကျနန တော်တော်လေးကိုပဲ စိတ်ချလောက်တဲ့ ဘဝ သံသရာ ထောက်ရာတည်ရာရတယ်ဆိုတဲ့ အချို့အစားလေးတွေတွေ့ရတော့ ကိုယ်ပင်ပန်းတာကို ပင်ပန်းတယ်လို့ မထင်ပါဘူး။ တကယ့်စေတနာနဲ့ သံသရာမှာ ထောက်ရာ တည်ရာ ရစေချင်လွန်းလို့ပြနေတာဖြစ်တော့ အဲဒီလို မျက်နှာချင်းဆိုင် ပြုံင်တွေ့တဲ့အခါ မေးလိုက် စမ်းလိုက်။ တော်တော်လေး ထိထိရောက်ရောက်

http://www.dhammadownload.com

ရှိပြန်တော့ ဝမ်းသာလို့မဆုံးပါဘူး။ တို့ ပြုရတဲ့ သာသနာတော့ ပြုရကျိုးနပ်ပေရဲ့၊ တို့ပင်ပန်းခံရတာလဲ ပင်ပန်းကျိုးနပ်ပေရဲ့လို့၊ အထူးလဲဝမ်းသာတယ်၊ ကြိုးလဲ ကြိုးစားကြတယ်။ အခုန ပြောသလို သုံးပတ် လေးပတ်လိုက်လို့ ခန္ဓာတရားကိုယ်သရုပ် မကွဲဘူးဆိုတာနဲ့ စိတ်ထဲက တော်တော်လေးပျက်သွားတယ်၊ ပျက်သွားတာ ကိုယ်ပင်ပန်းတာ အဖတ်တင်လို့ မဟုတ်ပါဘူး။ သနားလို့၊ ဒီအချိုးအတိုင်းနေရင် ဖြစ်မှဖြစ်ပါ့မလားလို့ စိတ်ကအောက်မေ့တယ်။

ဒါကြောင့် တကယ့်ကိုပဲ သံသရာက ထောက်ရာ တည်ရာပြပြီးတော့ ကျွတ်ပါ လွတ်ပါစေဆိုတဲ့ စေတနာနဲ့ အပင်ပန်း အနွမ်းနယ်ခံပြီးတော့ သင်ကြားပြသနေတဲ့ လုပ်ငန်းကြီးတစ်ရပ် ဖြစ်နေတော့ အမှုမဲ့ အမှတ်မဲ့ မလိုက်ကြပါနဲ့လို့ အာရုံလေး စူးစူးစိုက်စိုက်လိုက်ကြ။ တချို့လဲပဲ အခုတစ်ပတ်မှ ဝင်လိုက်၊ အခုတစ်ပတ် ဝင်လိုက်ပြန်တော့ တန်းကဘယ်ရောက်နေ၊ တချို့လဲ အခု ပဋိစ္စသမုပ္ပါဒ် ပြကာမှ ဝင်လိုက်တယ်၊ တချို့လဲ လက္ခဏာရေးသုံးပါးက ဝင်လိုက်တယ်၊ လိုက်ချင်တဲ့ ဇောက ရှိထားတော့ မှီရာကလိုက်မယ်ဆိုတဲ့အနေအားဖြင့်လိုက်တယ်၊ ခင်မျာများတော့ အောက်သက်မကျေရှာတော့ ဇဝေဇဝါ ဖြစ်နေတယ်လို့ မရေမရာပေါ့ကွာ နော် (မှန်ပါတယ်ဆရာ)၊ ဒါပေမဲ့ စိတ်ဓာတ်မပျက်နဲ့၊ နောက် ဆက်လက်သင်တန်းကို အစကနဦးက ငါတို့ အခြေခံရအောင်လို့ စိတ်ထဲမှာ အားခဲထား။ ဒီတစ်ပတ်တို့ မနိုင်မနင်းကြီး ဖြစ်နေတယ်၊ ဘယ်နေရာမှ မသေမချာ, မရေမရာ, ဇဝေဇဝါ ဖြစ်နေတယ်၊ စိတ်မပျက်နဲ့။ ဒါကြောင့် နောက်တစ်ပတ် ဖွင့်မယ့်သင်တန်းကျ အစကနေပြီးတော့ အခြေခံပါဒရ အောင်လိုက်မယ်လို့ ဒီလိုစိတ်ထဲပိုက်ထား။ ပြီးတော့လဲပဲ ဟိုသင်တန်းတစ်ပတ်ကလဲ ဆုံးကာနီးပါပြီ။ နောက်သင်တန်းအသစ်ဖွင့်မယ်။ ဒီတော့ မိမိတို့ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟအရင်း ညီရင်း အစ်ကိုဆိုသလိုဆိုတော့ မြင်ပါစေဆိုတဲ့, သံသရာ ထောက်ရာ တည်ရာတို့ရသလို ရပါစေဆိုတဲ့, တို့ အပါယ်လေးပါးလုံးလုံး တံခါးပိတ်သလို ပိတ်ပါစေဆိုတဲ့ စေတနာနဲ့ လိုက်စေချင်လို့ရှိရင် အခုကပဲ ကြိုတင်ပြီးတော့ နှုတ်ဆက်ထားကြ၊ သွေးဆောင်ထားကြ နော် (မှန်ပါတယ်ဆရာ)၊ ချော့တန်တဲ့ ပုဂ္ဂိုလ်လဲ ချော့ပေး၊ မြောက်တန်တဲ့ပုဂ္ဂိုလ်လဲ မြောက်ပေး၊ ခြောက်တန်တဲ့ ပုဂ္ဂိုလ်လဲ ခြောက်ပေး မဟုတ်ဘူးလားကွ (မှန်ပါတယ်ဆရာ)၊

ဒီသင်တန်း တစ်ပါတ် အစကနေ သိအောင် ကြိုးစားကြပါ၊ လိုက်စမ်းပါလို့။ မလိုက်နိုင်လို့ဆို လေးရက်လောက် လိုက်စမ်းပါလို့။ လေးရက်လောက်စ အနည်းဆုံး သုံးရက်ပေါ့ကွ နော် (မှန်ပါတယ် ဆရာ)၊ သုံးရက်က စပေါ့၊ အဲဒါ လိုက်စမ်းပါလို့၊ ဒီကထဲက စပြီးတော့ ပျိုးထားပြင်ဆင်ထား၊ ပြင်ဆင်မှု လုပ်ထား။ အဲဒီသင်တန်းအစကနေ ဝင်လိုက်မှ အခြေခံပါရလို့ နောက်ပိုင်းက တစ်စတစ်စ နက်နဲ လာတယ်၊ ခက်ခဲလာတယ်ဆိုတဲ့ တရားစဉ်တွေလဲ လက်ခံနိုင်တဲ့သတ္တိ ရှိတယ် နော် (မှန်ပါတယ်ဆရာ)၊

http://www.dhammadownload.com

အခုတော့ ရုတ်တရက်ဖြုန်းခနဲဆိုတော့ အောက်ကအခြေခံကမပါ၊ သင်တန်းတော်တော် အခြေမြင့်ခါမှ တော်တော်လေးရင့်လာခါမှဝင်လိုက်တော့ မနိုင်မနင်းဖြစ်။ စိတ်ဓာတ်တွေပျက်ပြီးတော့ ပြိုသွားတတ်တယ်။ ဒီပုဂ္ဂိုလ်ကျတော့ နောက်ခေါ်လို့လဲ ရုတ်တရက်မရဘူး။ တပ်လန့်သွားတယ်။ ဒါကြောင့် အခုကတည်းက စပြီးတော့ပို့ထား။ နောက်တစ်ပတ်သာအောင်ဆိုတဲ့ အနေအားဖြင့် နော် (မှန်ပါတယ်ဆရာ)၊ တို့ တရားက ဘုရားကိုယ်တော်မြတ် မိန့်ကြားတော်မူထားတဲ့အတိုင်း ကိုယ်ပိုင်ဉာဏ်လေးတွေ အထပ်ထပ်လဲ စဉ်းစားနိုင်တယ်၊ "ပုထုဇ္ဇနော ဥမ္မတ္တကသဒိသော" ပုထုဇ္ဇနော၊ ရုပ်မမြင်, နာမ်မမြင်, ခန္ဓာမမြင်, ပညတ် ပရမတ်မှမမြင်သော, မရှင်းသော,မလင်းသော သူကန်းခေါ်တဲ့ အန္ဓပုထုဇဉ်မျိုးသည်။ ဥမ္မတ္တကသဒိသော၊ အရူးနဲ့တူ၏ နော် (မှန်ပါတယ်ဆရာ)၊ အရူးနဲ့ တူတယ်တဲ့။ မတူဘူးလား (တူပါတယ်ဆရာ)၊ ဒါ ဘုရားကိုယ်တော်မြတ်က ဟောသွားတယ်။ ရုပ်လည်းမမြင် နာမ်လည်းမမြင်၊ ခန္ဓာလည်းမမြင်၊ ပညာမျက်စိလုံဝမရှိတဲ့ အန္ဓပုထုဇဉ်မှန်သမျှ အရူးနဲ့ တူတယ်ဆိုတော့ စဉ်းစားကြည့်။ ညော် - လက်စသတ်တော့ တို့ ရုပ်နာမ်ခန္ဓာမှ မပြတ်သားသေးရင်၊ ပညတ် ပရမတ်မှ မပြတ်သားသေးရင် အရူးတွေပါပဲလား ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ဒါ ဘုရားဆိုသွားတာ၊ အရူးတွေပါလား။ အဲ့ဒီ အရူးတွေဟာ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်, အစရှိသည်အားဖြင့် သင်လိုက် ကြားလိုက်တော့ တတ်မြောက်လိမ့်မှာလာတယ်။ ဒါရုပ်ပဲ, နာမ်ပဲ, ခန္ဓာပဲ, ပရမတ်ပဲ, ပညတ်ပဲ,လို့ ပြတ်ပြတ်သားသား တတ်မြောက်လိမ့်မှာလာတော့ သူဘာဖြစ်တယ်လို့ အရင်တုန်းက တစ်မှားထဲမှားတဲ့ အယူမှားကြီးစွန့်လိုက်။ ငါအရင်တုန်းက ပုဂ္ဂိုလ်ရှိတယ်, သတ္တဝါရှိတယ်, ငါရှိ, သူရှိ, ပုဂ္ဂိုလ်ရှိ, သတ္တဝါရှိ, ယောကျ်ား မိန်းမ အသက် လိပ်ပြာရှိ, အကောင်အထည်ရှိ, ငါယူလာတဲ့ အယူဝါဒတွေ မဟုတ်ပါပဲလား။ မစွန့်လိုက်ဘူးလား (စွန့်လိုက်ပါတယ်ဆရာ)။

ဒီတော့ မိစ္ဆာဒိဋ္ဌိအယူကြီး စွန့်လိုက်တော့ အယူမှန်ဆိုတဲ့ သမ္မာဒိဋ္ဌိဉာဏ်ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဆရာ)၊ ဘုရားအလိုတော်ကျ အခုမှ အယူမှန် သွားတယ်လို့ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ကိုယ့်ကိုကိုယ် ပြန်သုံးသပ်၊ ပုဂ္ဂိုလ် သတ္တဝါလဲမရှိ, ယောကျ်ား မိန်းမလည်းမရှိ, အသက်လိပ်ပြာလည်းမရှိ, ခေါင်း၊ လက်၊ ကိုယ်၊ ခြေ၊ မျက်လုံး၊ မျက်ခုံးလည်းမရှိ, အထည်ဖြပ် သဏ္ဌာန်လည်းမရှိ။ သေသေချာချာကြည့်တော့ ရုပ်နာမ်ပဲ ရှိပါလားလို့သိတော့ အမြင်မှန်ဆိုတဲ့ သမ္မာဒိဋ္ဌိဉာဏ်ရတယ်။ မရဘူးလား (ရပါတယ်ဆရာ)၊ အဲဒီလို သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်လည်းရရော အရူးလဲပျောက်ကရောတဲ့၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒီသမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ရရင် အရူးပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဆရာ)၊ ဒါကြောင့် လူရူး, နတ်ရူး, ပြဟ္မာရူး, ဆိုတဲ့ အထူးထူးသော အန္ဓပုထုဇဉ်

http://www.dhammadownload.com

ခေါ်တဲ့ အရှုးလောကကြီးကို အကောင်းဖြစ်အောင် ဟောနေတဲ့တရား။ တို့ အဘဘုရားကိုယ်တော်မြတ် ချထားတဲ့ လမ်းစဉ်က ဒီတိုင်းသွားတယ် နော် (မှန်ပါတယ်ဆရာ)၊ တိုတိုပြောတော့ အရှုးပျောက်တဲ့ တရားလို့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ မှန်ပါတယ် မလုပ်နဲ့နော်၊ ဟုတ်မှ ဟုတ်တယ်ပြော ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အရှုးပျောက် မသွားဘူးလား (ပျောက်သွားပါတယ်ဆရာ)၊ ဒါဖြင့် ဒီတရားက အရှုးပျောက်တဲ့တရား မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ ကြပ်ကြပ်သတိထားနော်။ အရှုးပျောက်အောင် ကုနေတာ၊ အဖဘုရားကိုယ်တော်တိုင်ကလဲ အရှုးပျောက်အောင် ကုသွားတာ။ တစ်ရှုးထဲ ရှုးနေတာတဲ့။ "ပုထုဇ္ဇနော ဥမ္မတ္တကသဒိသော" ဆိုတဲ့ ပါဠိလေးလဲ မှတ်ထား။

ဩော် - လက်စသတ်တော့ ရုပ်, နာမ်, ခန္ဓာ, မမြင်လို့ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန် မရသမျှ အန္ဓ ခေါ်ထားတဲ့ သူကန်း ပုထုဇဉ်များ အရှုးတွေပါလားလို့ အဲ့ဒီ အရှုးတွေ မြတ်စွာဘုရား ကိုယ်တော်မြတ်က ပျောက်အောင်လို့ ကုစားပေးတဲ့ ဆေးနဲ့ တစ်မူတူတဲ့ တရားတော်ပါ နော် (မှန်ပါတယ်ဆရာ)၊ ရုပ်ပဲ, နာမ်ပဲ, ခန္ဓာပဲ, ပရမတ်ပဲ, ပညတ်ပဲ,လို့ သင်လိုက်တော့ တတ်မြောက်လိမ္မာလာ၊ ကိုယ့်ဉာဏ်နဲ့ရှင်း။ ကိုယ့်ဉာဏ်နဲ့လင်းတော့ ကိုယ့်ကိုကိုယ် ပြန်ပြီးတော့ ဆင်ခြင်ကြည့်တယ်။ အရင်တုန်းကတော့ ငါ့ကိုယ်ငါ ငါဟုတ်တယ်၊ ယောကျ်ားဟုတ်တယ်၊ ပုဂ္ဂိုလ်ဟုတ်တယ်၊ သတ္တဝါဟုတ်တယ်၊ အသက်လိပ်ပြာ ဟုတ်တယ်၊ အထည်ဖြပ်သဏ္ဌာန်အကောင်အထည်ဟုတ်တယ်၊ ငါယူလာတဲ့ အယူဝါဒတွေ တက်တက်စင် မှားပါပဲ နော် (မှန်ပါတယ်ဆရာ)၊ မိစ္ဆာအယူကြီးစွန့်၊ ရုပ်, နာမ်, ခန္ဓာ,ပဲ တိတိကျကျ ရှိတာပဲလို့ သိတော့ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်လည်းရ၊ အရှုးလည်း ပျောက်ကရောတဲ့။

ဒါကြောင့် ဒီတရားဟာ အရှုးဘဝမှ အကောင်းဘဝရောက်အောင် (တစ်နည်း) အရှုးပျောက်အောင် ပြတော်မူတဲ့, ဟောတော်မူတဲ့ တရားတော်အစစ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ အရှုးပျောက်တဲ့ တရားလို့ မှတ်ထားကြနော်။ တရားကိုယ်က အရှုးပျောက်တဲ့တရား၊ ဒီတရား နားလည်ရင် အရှုးပျောက်ပြီ၊ ဒီတရားနားလည်ရင် အရှုးပျောက်ပြီ။ အဲ့ဒါ တရားစစ် တရားမှန်ရဲ့သတ္တိ ဒီအတိုင်းသွားတာ၊ တရားစစ် တရားမှန်က ဒီအတိုင်းသွားတာ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘယ့်နှယ့် အရှုးထနေရင် ရှုးအောင်လုပ်ပေးနေရင် ဒါ တရားစစ် တရားမှန် ဟုတ်ပါ့မလား (မဟုတ်နိုင်ပါဘူးဆရာ)၊ နဂိုကမှ အရှုးပါဆိုတဲ့ အပေါ် ထပ်ရှုးနေရင် ဒီတရားက မှန်နိုင်ပါ့မလား (မမှန်နိုင်ပါဘူးဆရာ)၊ အေး နဂိုက ရှုးနေတဲ့အပေါ် ထပ်ရှုးတတ်တဲ့ တရားမျိုးတော့ ကြိုးကြိုးစားစားနဲ့ ရှောင်ကြ, ရှားကြလို့ နော် (မှန်ပါတယ်ဆရာ)၊ ကြောက်စရာမကောင်းဘူးလား (ကောင်းပါတယ်ဆရာ)၊ သူ့နဂိုကမှ အရှုးပါဆိုတာ အဲဒါ တရားအားထုတ်ကာမှ ထပ်ပြီးရှုးတယ်တဲ့။ အများကြီးကြားရတယ်၊ ကြားဖူးလား (ကြားဖူးပါတယ်)၊ တကယ်ကြားဖူးလား၊ ဘယ့်နှယ့် ဗဟုသုတတုံးလေးမှန်း မသိဘူး၊ တကယ်ကြားဖူး

http://www.dhammadownload.com

သလား (ကြားဖူးပါတယ်ဆရာ)၊ ကြားဖူးသလား (ကြားဖူးပါတယ်ဆရာ)၊ တရားက ဘာဖြစ်သွားတယ် ညာဖြစ်သွားတယ် ဒီလိုလား (မှန်ပါတယ်ဆရာ)၊ ဘယ့်နှယ့် ဖြစ်သွားလဲ (မူးမေ့သွားပါတယ်ဆရာ)၊ ဟောဗျာ ဒါ ရူးတာလားဟ၊ ဘယ်လိုကောင်မှန်းကို မသိဘူး ဒီကောင်က၊ တရားအားထုတ်လို့ ဘာ ဖြစ်တယ် ညာဖြစ်တယ် ကြားဖူးလား။

အဲဒါဟေ့ ကိုသန်းဖေနဲ့ အပေါင်းအဖော် မိတ်ဆွေသင်္ဘာအပေါင်းတို့ သင်ကြ, ကြားကြပါ အုံးကွာ ဗဟုသုတအနေအားဖြင့်၊ ဒီကောင် ဘယ့်နှယ့်လုပ်နေမှန်းကို ငါလဲမသိဘူး။ လူမရှိတဲ့ နေရာများကို သွားနေလား မပြောတတ်ဘူး။ သင်ကြားဖူးရဲ့လား၊ တရားအားထုတ်ခါမှ ဘာဖြစ် သွားတယ်၊ ညာဖြစ်သွားတယ်ဆိုတာ ကြားရဲ့လား (ကြားပါတယ်ဆရာ)၊ ကြားရဲ့လား (ကြားပါတယ် ဆရာ)၊ ဘယ့်နှယ့်ဖြစ်သွားလဲ (သုံးမင်္ဂလာတယ်၊ လေးမင်္ဂလာတယ် ပြောပါတယ်ဆရာ)၊ ဟောဗျာ ဒါရူးသွားတာလားဟ။ ဒါ နင်ပြောတာ၊ ဒီအမှုကြီးက ငါ့အပေါ် ပတ်တော့မှာပဲ၊ ဟင်း ဒီအမှုကြီးက ငါ့အပေါ် ပတ်တော့မှာပဲ၊ ဒါနင်ပြောတာ၊ ငါပြောတာ မဟုတ်ဘူး။ သူ့ဘာသူ တရားအားထုတ်လို့ သုံးမင်္ဂလာရ လေးမင်္ဂလာတာ မကောင်းဘူးလား၊ သုံးမင်္ဂလာရ မကောင်းဘူးလားဟ။ မင်္ဂတွေ ဖိုလ်တွေရသွားဆို ဝမ်းသာစရာပေါ့။ ဒါရူးတာလားဟ (သူက အမှားတွေထုတ်နေတာကိုးဆရာ)၊ ဟောဗျာ ဘယ်သူ့သွား စွပ်စွဲကုန်ပါလဲဗျို့။ ဘယ့်နှယ့် အမှားတွေထုတ်နေတဲ့ ပုဂ္ဂိုလ်က မင်္ဂဉာဏ် ဖိုလ်ဉာဏ်ရတယ်လို့ ပြောပါ့ မလားဟ၊ တရားအားထုတ်ခါမှ ဘယ့်နှယ့်ဖြစ်သွားပြန်ပေါ့။ ဘယ်လိုဖြစ်သွားပြန်ပေါ့။ မကြားဘူး ထင်တယ် နော် (မကြားဘူးပါဆရာ)၊ မကြားဖူးဘူးလား၊ မကြားဖူးဘူးလား (မကြားဖူးဘူးဆရာ)၊ မကြားဘူးရင် ကြားဖူးတဲ့လူမေးကြည့် နော်။ နားလည်လား (နားလည်ပါတယ်ဆရာ)။

တစ်လောက သတင်းစာထဲ ပါလာတယ်။ နင်နဲ့သတင်းစာနဲ့ ဝေးပါတယ်။ သတင်းစာဆိုတာ ဘာလဲ နင်မေးမှာပေါ့။ ဒီလို အရောင်းအဝယ်နဲ့ ဂုဏ်သရေရှိတဲ့ မိန်းမတစ်ယောက်ပါပဲ တရားသွား အားထုတ်တာ (၁၄) ရက်ကြာ၊ တရားအားထုတ်ပြန်လာတော့ သုံးထပ်တိုက်ပေါ်က ခုန်ချတော့ သေရှာရော နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ ဘာဖြစ်တာလဲ (ရူးတာဆရာ)။ အေး မှတ်ထား နဂိုက အရူးမဟုတ်ဘူးလား (အရူးပါဆရာ)၊ အဲဒီ အရူးပျောက်ပါစေဆိုတဲ့အနေအားဖြင့် တရားနဲ့ကုတာ၊ တရားအားထုတ် တရားရအောင်လုပ်၊ တရားရတာနဲ့ အရူးပျောက်တယ် မဟုတ်လား (မှန်ပါတယ် ဆရာ)၊ အခုတော့ ဘယ့်နှယ့်ဖြစ်သွားလဲ (သုံးထပ်တိုက်ပေါ်က ခုန်ချတယ်)၊ ဩော် - ပိုရူးတယ်လို့ ပြောရတယ်ဟ။ ဘယ်လိုကောင်မှန်းကို မသိပါဘူးကွာ။ ပိုရူးသွားတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ ကြပ်ကြပ်သတိထားကြလို့။ လမ်းစဉ်တွေကချထားတာ သိပ်များတယ်။ "ဗုဒ္ဓဝါဒ ဗုဒ္ဓဝါဒ" ဆိုပြီးတော့ ဘုရားကိုယ်တော်မြတ် ကာဘာယူပြီးတော့ လမ်းစဉ်တွေက ချထားတာများတော့

http://www.dhammadownload.com

များတဲ့အတိုင်း မှန်သလား မှားသလားလို့ စစ်ဆေးရမယ်၊ တွေးတောရမယ်၊ ကြံစည်ရမယ်၊ စုံစမ်းရမယ်၊ ထောက်လှန်းရမယ် နော် (မှန်ပါတယ်ဆရာ)၊ ဟုတ်သယောင်ယောင်နဲ့ မဟုတ်တာတွေ အများကြီးရှိတယ်။ ဒါငါလဲ စဉ်းစားမိတယ်။

ဒီမိန်းမ သုံးထပ်တိုက်ပေါ်က ခုန်ချပြီး သေသွားတော့ စိတ်က အောက်မေ့တယ်။ ဘယ်လိုဖြစ်တဲ့နည်းပါလိမ့်မတုံး။ တရားအားထုတ်ပြီး ပြန်လာတော့ ဒီလိုဒီလိုပဲ စိတ်ဖောက်ပြန်သွားတယ်တဲ့။ ငါ့လမ်းစဉ်ပြန်ပြီး ချစမ်း။ တို့ဘုရားကိုယ်တော်မြတ် ဟောထားတာကတော့ ရုပ်, နာမ်, ခန္ဓာ,မသိ၊ ပညာမျက်စိလုံးလုံးမရှိတဲ့ အန္ဓပုထုဇဉ် လူသားများက အရူးလို့ ဘုရားကိုယ်တော်မြတ် ဟောထားတယ်။ အရူးနဲ့တူတယ်။ ထင်ရာလုပ်တာပဲလို့။ ဩော် - ဒါဖြင့် နဂိုက အရူးတွေပဲ။ ဒါမြတ်စွာဘုရားကိုယ်တော်မြတ်တရားတော် နာလိုက်တော့ ဒါရုပ်, နာမ်, ခန္ဓာ, ပရမတ်, ပညတ်, ပြတ်ပြတ်သားသားကြီး သဲသဲကွဲကွဲနဲ့ မိမိဉာဏ်နဲ့ ရှင်းလင်းလာတော့ မိစ္ဆာအယူတွေပျောက် သမ္မာအယူရောက်။ မိစ္ဆာဒိဋ္ဌိအယူများကြီးစွန့်၊ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကြီးရ အရူးပျောက်ကြ။ ဩော် တရားလမ်းစဉ်ကတော့ နဂိုက ရူးနေတဲ့ အရူးကို တကယ့်အရူးပျောက်သွားအောင် ချထားတဲ့ အဖဘုရားကိုယ်တော်မြတ်က လမ်းစဉ်ရှိတယ်တဲ့ နော် (မှန်ပါတယ်ဆရာ)၊ မိမိကိုယ်တိုင်အားဖြင့် တွေးကြည့်တော့လဲ ဒီအတိုင်းပဲ။ ရှေးအခါတုန်းက ရုပ်, နာမ်, ခန္ဓာ, မမြင်ဘဲနဲ့ ပုဂ္ဂိုလ် သတ္တဝါ ထင်နေစဉ်အခါ ရူးနေစဉ်အခါတုန်းကလဲ ရူးတာပဲ။ အရူးဆိုတာ ထင်ရာ လျောက်လုပ်တယ်။ ဒါ ရူးတဲ့အကြောင်းတော့ သိတဲ့အတိုင်းပေါ့။ ကောင်းတာလဲ ပါတယ် ဆိုးတာလဲပါတယ်။ သူဉာဏ်ကို မဝေခွဲနိုင်ဘူးတဲ့။ ဒါ စိတ်ဖောက်ပြန်နေတဲ့လူ ဒီလိုလုပ်တာပဲတဲ့။ ကိုယ်လည်းပဲ ဒီလိုပဲ။ အသိဉာဏ်ပညာ သမာဓိဉာဏ်ပညာမရခင်တုန်းက လုပ်နေတဲ့အလုပ်တွေ ကောင်းတယ်, ဆိုးတယ် မရွေးချယ်နိုင်ဘူး။ မှားတယ်, မှန်တယ် မရွေးချယ်နိုင်ဘူး။ ကိုယ့်စိတ်ထဲက ကောင်းတယ်ထင်ရင် လုပ်တာပဲ။ ကိုယ့်စိတ်ထဲက မှန်တယ်ထင်ရင် လုပ်တာပဲ။ အဲဒီ အရူးဘဝကနေပြီးတော့ ဒီတရားမြင်ခါမှ ဒီအရူးပျောက်သွားတယ်ဆိုတာက လက်တွေ့ဖြစ်လာတော့ မြတ်စွာဘုရားကိုယ်တော်မြတ် ချထားတဲ့လမ်းစဉ်က အမှန်ကတော့ ပင်ကိုဇာတိ ရူးနေကျတဲ့ အရူးတွေ၊ အရူးပျောက်အောင် ဟောပြတဲ့ ဒေသနာအစစ်ပါပဲလားလို့။ အရူးပျောက်မှလဲပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက်နိုင်တယ်။ နိဗ္ဗာန်မျက်မှောက်ပြုနိုင်တယ်ဆိုတာ အင်မတန်ထင်ရှားတယ်။ သမ္မာဒိဋ္ဌိဉာဏ်ရဲ့ တန်ဖိုးချိန်ထိုးပြီး ကြည့်။ ဒီတော့စဉ်းစားတယ် - တို့ဘုရားကိုယ်တော်မြတ်တရားတော်က တကယ်သိလာရင် အရူး ပျောက်တယ်။ တရားအစစ်က နော် (မှန်ပါတယ်ဆရာ)၊ တကယ်သိလာရင် အရူးပျောက်တယ်။ အခုတော့ ဘယ့်နှယ့်ဖြစ်၊ တရားအားထုတ်လို့ ပြန်လာတော့ စိတ်ဖောက်ပြန်ပြီးတော့ တိုက်ပေါ်က ခုန်ချတယ်ဆိုတော့ ထပ်ရူးရတယ်လို့။ ဒီလိုသာ ထပ်ပြီးတော့ နဂိုအရူးအပေါ်မှာ

http://www.dhammadownload.com

တိုးပြီးရှူးတယ်ဆိုရင်ဖြင့် ဒီတရားဟာ မှားသလား, မှန်သလားဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ ကြပ်ကြပ်ကြီး စဉ်းစားဝေဖန်ပေါ့ နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါ မဟုတ်ဘူးဟော့၊ မမှန်ဘူးဟော့၊ တရားမဟုတ်လို့ ရှူးတာဟာ၊ တရားဟုတ်ရင် အရှူးပျောက်တယ်ဟာ၊ တကယ့်အရှူးပျောက်တယ်ဟော့။ ဒီလို ပြောပြန်တော့ တစ်ဖက်သားကို ဂရုတိုအနေအားဖြင့် ကဲ့ရဲ့ရာရောက်တယ်၊ ရှုတ်ချရာရောက်တယ်။

ဒီတော့ ဘယ့်နှယ့်လုပ်ဟ။ ကိုယ်ပိုင်ဉာဏ်လေးတွေနဲ့ ဝေဖန်စဉ်းစား၊ ဘုရားကိုယ်တော်မြတ် တရားအစစ်ကတော့ တကယ့်နာယူမှတ်သားလို့ တတ်မြောက်လိမ့်မှာရင် အရှူးပျောက်၏။ မကောင်းဖူး လားကွ (ကောင်းပါတယ်ဆရာ)၊ အရှူးပျောက်၏၊ တရားစစ် တရားမှန်ဆိုရင် အရှူးပျောက်တာ အမှန်။ အဘဘုရားကိုယ်တော်မြတ်ကလဲ အရှူးပျောက်အောင် ဟောသွားပြီ၊ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)၊ အဲဒါ တရားအားထုတ်ခါမှ ရှူးတယ်ဆိုရင် ဒီတရားက ဟုတ်ပုံမပေါ်၊ မှန်ပုံမပေါ်လို့ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂလဓိဋ္ဌာန်အနေအားဖြင့် ဘယ်သူမှ စွပ်စွဲတာ မဟုတ်ဘူး။ အားလုံးပဲ နားလည်ပြီးတော့ ကြားကြလို့။ ဘာဖြစ်ကြောင်း၊ ဘယ့်နှယ်ဖြစ်သွားပေါ့၊ ဘာဖြစ်ပြန်ပေါ့၊ ညာဖြစ်ပြန်ပေါ့၊ ကြားဖူးရဲ့လား (ကြားဖူးပါတယ်ဆရာ)၊ ဘာဖြစ်ပြန်ပေါ့၊ ညာဖြစ်ပြန်ပေါ့၊ ဘာဖြစ်သွားတုံး (ဆရာအခုပြောတယ်)၊ ဘာနဲ့ပြောလဲ (သုံးထပ်တိုက်ပေါ်က ခုန်ချတယ်)၊ ဒီလောက်အတဲ့ နတဲ့ကောင်။ ဖောက်လွဲဖောက်ပြန်ဖြစ်သွားတယ် ဟုတ်လား (မှန်ပါတယ် ဆရာ)၊ ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် တရားဆိုတာ အရှူးပျောက်တဲ့ တရားပါလို့ သေချာမှတ်ထား။ မိမိတို့ကိုယ်တိုင် မိမိတို့ ပြန်မေးကြည့်။ ငါအရှူးပျောက်ပြီလား အရင်ထက် ပိုရူးနေသလားလို့ တွေးကြည့် နော် (မှန်ပါတယ် ဆရာ)၊ ဒီတရား အခုချထားတဲ့ လမ်းစဉ်အရ နာကြားပြီးလို့ ပြတ်သားလာပြီဆိုမှဖြင့် အရှူးက တကယ်ပျောက်၊ မပျောက်ဘူးလား (ပျောက်သွားပါပြီ ဆရာ)၊ အင်မတန် မှန်ကန်တိကျတဲ့ တရားဆို တာမှတ်ထားပါ။ ထပ်ရှူးလာရင်တော့ မဟုတ်ဘူး။ မရူးဘဲနဲ့ နဂိုအရှူးပျောက်သွားရင် တရားစစ် တရားမှန်။ ဒါမြတ်စွာဘုရားကိုယ်တော်မြတ်က လမ်းစဉ်ချထားတဲ့ တရားပါလို့။

ဒါကြောင့် ဒို့သင်တန်းသူ သင်တန်းသားများဟာ မဆုတ်သော လုံ့လဝီရိယနဲ့ ကြိုးစားနိုင်သမျှ ကြိုးစားကြပါလို့။ တစ်စထက်တစ်စ ဉာဏ်ကွန်ရှေ့ရင့်ကျက်လာအောင်, ဉာဏ်ထက်သန်လာအောင်, ဉာဏ်အမြင်ကျယ်လာအောင် ဒါမှ သံသရာ ထောက်ရာ တည်ရာရမှာ။ သံသရာ ထောက်ရာ တည်ရာ ရဆိုရင် ကြောက်စရာ မလိုတော့ဘူး နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါကြောင့် စောစောကပြောတဲ့ ခိုန်ထိုးတဲ့နည်းလေး ပြန်ကြည့်စမ်း - တဏှာကြောင့် ဥပါဒါန် ဖြစ်တယ်ဆိုတဲ့နေရာမှာ ဥပါဒါန်လေးပါး၊ ဘယ်ဥပါဒါန်တရားမျှား ငါ့ရှိသလဲလို့ တွက်ကြည့်။ ဥပါဒါန်လေးပါး ဘာရှိလဲ (ကာမုပါဒါန်ပဲ ရှိပါတယ်ဆရာ)၊ ကာမုပါဒါန် ရှိတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ကာမုပါဒါန် ဘယ်မဂ်ကျမှ

http://www.dhammadownload.com

သတ်လဲ (လေးမဂ် လေးဖိုလ်ရမှ သတ်တာပါ)၊ အေး မှတ်ထားနော် (မှန်ပါတယ်ဆရာ)၊ လေးမဂ် လေးဖိုလ်ရမှ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ ကာမုပါဒါန် ပယ်နိုင်တယ် နော် (မှန်ပါတယ်ဆရာ)၊ အဲ့ဒါဟာ မဂ်မှမရဘဲနဲ့ ကာမတဏှာ ဥပနိဿယပစ္စည်းတပ်ပြီး ဖြစ်ပေါ်လာတဲ့ ကာမုပါဒါန်တရားကို ရှောင်ရှားနေ။ အကြောင်းဘာမှ မထူးဘူး။

ဒါကြောင့် တို့ သောတာပတ္တိမဂ်ဉာဏ် ရထားတဲ့ ပုဂ္ဂိုလ်များဟာ ယခု ပြနေတဲ့ ဥပါဒါန်တရား လေးပါးရှိတဲ့အနက်က သောတာပတ္တိမဂ်ဉာဏ် ရလို့ သောတာပတ္တိမဂ်ဉာဏ်က ထိုဥပါဒါန်တရား လေးပါးမှာ ဘယ်ဥပါဒါန်တွေ ပယ်သလဲ၊ သတ်လိုက်သလဲဆိုလို့ရှိရင် ဒိဋ္ဌုပါဒါန်, သီလဗွတုပါဒါန်, အတ္တဝါဒုပါဒါန်, ဥပါဒါန်သုံးပါး တစ်ချက်ထဲနဲ့ သမုစ္ဆေဒပဟာတဗွနဲ့ သတ်လို့ တစ်ချက်ထဲ ပြုတ်၊ တစ်ချက်ထဲ ချုပ်။ နောက်ဘယ်တော့မှ ပြန်မပေါ်ဘူး၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ ဒါဖြင့် ဥပါဒါန်လေးပါးရှိတဲ့အနက်က သောတာပတ္တိမဂ်ဉာဏ်က ဘယ်ဥပါဒါန် သတ်တုံး (ဒိဋ္ဌုပါဒါန်ရယ်, သီလဗွတုပါဒါန်ရယ်, အတ္တဝါဒုပါဒါန်ရယ် သုံးပါးသတ်လိုက်ပါတယ်ဆရာ)၊ သုံးပါးသတ်တယ်။ သူတို့ သုံးပါးက ပေါင်းလိုက်တော့ ကိလေသာ ဘယ်နှစ်မျိုးရလဲ (ဒိဋ္ဌိတစ်မျိုးရပါတယ်ဆရာ)။ ဩော် ဒိဋ္ဌိ ကိလေသာတစ်မျိုး ရတယ် (မှန်ပါတယ်ဆရာ)၊ အဲဒါ မှတ်ထားနော်။ သောတာ ပတ္တိမဂ်ဉာဏ်သည် ဒိဋ္ဌိကိလေသာကိုသတ်၏။ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဆရာ)။

ဒါကြောင့် သဒ္ဓါလမ်းနဲ့ ပညာလမ်း နှစ်မျိုးနှစ်စား ရှိတဲ့အနက်က သဒ္ဓါလမ်းဆိုတာ တဏှာသတ် လမ်း ခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ တဏှာခေါင်းပါးအောင် လုပ်တယ်၊ တဏှာမြုံအောင် လုပ်တယ်၊ တဏှာမြောနေအောင် လုပ်တယ်။ ဒါ သဒ္ဓါလမ်း ခေါ်တယ်။ တိုက်ရိုက်ပြောစမ်းပါဆိုရင် သမထလမ်း ခေါ်တယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တဏှာကို မြုံအောင် လုပ်တယ်၊ တဏှာကို မြောနေအောင် လုပ်တယ်၊ ကုန်အောင်တော့ သတ်နိုင်ဘူး မဟုတ်ဘူးလား (မှန်ပါတယ် ဆရာ)၊ ဒါ သဒ္ဓါလမ်း၊ သမထလမ်းခေါ်တယ် တိုက်ရိုက်ပြောတော့၊ ပညာလမ်းကတော့ ဒိဋ္ဌိသတ်တယ် ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိဆိုတဲ့ ကိလေသာပညာမပါဘဲနဲ့ ဘယ်တော့မှမသေဘူး။ ပညာနဲ့ သတ်မှသေတယ် မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဒိဋ္ဌိကိလေသာက ဘာကြောင့် ဖြစ်သလဲဆို တော့ မောဟ အဝိဇ္ဇာကြောင့် ဖြစ်တာ။ မောဟတရားကိုယ်နော် (မှန်ပါတယ်ဆရာ)၊ ပညာနဲ့ သတ်ပါ ဆိုတော့ အမောဟခေါ်တယ်၊ ပညိန္ဒြေစေတသိက်၊ ဝိဇ္ဇာဉာဏ်နဲ့သတ်တာ။ ဟုတ်ကဲ့လား (မှန်ပါ တယ်ဆရာ)၊ ဒါကြောင့် အဝိဇ္ဇာကို ဝိဇ္ဇာနဲ့သတ် သေရော၊ မသေဘူးလား (သေပါတယ်ဆရာ)၊ လောဘ ဘာနဲ့သတ်မှာလဲ (အလောဘနဲ့သတ်ပါတယ်ဆရာ)၊ ဒေါသ ဘာနဲ့သတ်မှာလဲ (အဒေါသနဲ့ သတ်ပါတယ်ဆရာ)၊ မောဟ ဘာနဲ့သတ်မှာလဲ (အမောဟနဲ့သတ်ပါတယ်ဆရာ)၊ အေး ဟုတ်ပြီ။

http://www.dhammadownload.com

မောဟဆိုတာ အဝိဇ္ဇာမဟုတ်လား (အဝိဇ္ဇာပါဆရာ)၊ အမောဟဆိုတာဘာတုံး (ဝိဇ္ဇာပါဆရာ)၊ အေး ဟုတ်ပြီ၊ မှတ်မိရဲ့လား (မှတ်မိပါတယ်ဆရာ)။

အေး ဒါကြောင့် အဝိဇ္ဇာကို ဝိဇ္ဇာနဲ့သတ်။ မြန်မာလို တိုက်ရိုက်ပြန်တော့ မောဟ အမောဟနဲ့ သတ်။ ဒီလို မဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒိဋ္ဌသတ်ခန်းကျတော့ ဝိဇ္ဇာဉာဏ်နဲ့သတ်မှ ဒိဋ္ဌသေတယ်တဲ့။ ပညာစခန်းခေါ်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် ဒိဋ္ဌကိလေသာသာလျှင် သံသရာကို အကျိုးအကြောင်း ဆက်စပ်ပြီးတော့ လည်စေတတ်တဲ့ တရားအစစ်ပါတဲ့၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ တဏှာသည် ငါးဖြာအာရုံ ကာမဂုဏ်မက်မောတဲ့ ကာမတဏှာ ဆိုတဲ့ တဏှာသည် သံသရာဝဋ်မြစ်ကို ဖြစ်စေတတ်တဲ့ အကြောင်းအရင်းတစ်ရပ် မဟုတ်ပါဘူးတဲ့။ ဟုတ်ရိုးမှန်ရင် သောတာပတ္တိမဂ်ဉာဏ်က သတ်သွားမှာပေါ့တဲ့ နော် (မှန်ပါတယ်ဆရာ)၊ သောတာပတ္တိ မဂ်ဉာဏ်က ကာမတဏှာ သတ်နိုင်ရဲ့လား (မသတ်နိုင်ပါဘူးဆရာ)၊ မသတ်နိုင်ဘူး၊ အဲဒါလေးတွေ ရိပ်စားထား၊ ရိပ်စားမိရဲ့လား၊ နားလည်ရဲ့လား။ သွားတဲ့လမ်းစဉ်လေးတွေက ဒီလိုရှင်းရှင်းလေးတွေသွားရမယ်၊ ဗလုံးဗထွေးကြီးနဲ့ ဝါးလုံးရှည်နဲ့ သိမ်းရမ်းပြီးတော့ လုပ်ချင်ရာတွေ လျှောက်လုပ်လို့ ဖြစ်တာမဟုတ်ဘူး။ သံသရာလည်းကျွတ်မှာမဟုတ်ဘူး။ တစ်မဂ် တစ်ဖိုလ်လည်းရမှာမဟုတ်ဘူး နော် (မှန်ပါတယ်ဆရာ)။

ဒါကြောင့် လမ်းစဉ်လေးတွေ ချသွားတာ၊ ဒေသနာ အစောင်စောင်နဲ့ ညှိရတယ်။ ဒေသနာလမ်းလေးဖြစ်အောင် သဘာဝယုတ္တိအနေအားဖြင့် သဘောလေးတွေလဲ ရှာရတယ်။ အာဂမယုတ္တိ အာဂုံပါဠိလည်း ညှိရတယ်။ သာဓကယုတ္တိ သက်သေသာဓကလေးတွေနဲ့လဲ ထိုးကြည့်ရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဒီလို ယုတ္တိသုံးတန်နဲ့ မှန် မမှန်ကို အဖန်ဖန် စစ်ဆေးမေးမြန်းပြီးမှ ရလာမှ ဒီနိဿယျညွှန်းကမှ နိဿယျညွှန်းကောင်းခေါ်တယ်။ ကိုယ်ထင်ရာကိုယ် စွဲမြဲပြီးတော့ ယုံကြည်တဲ့အနေအားဖြင့် လုပ်နေလို့ လုပ်ကျိုးနပ်မှာ မဟုတ်ဘူး။ အားထုတ်ကျိုးနပ်မှာ မဟုတ်ဘူးတဲ့။ အမှားမှား အယွင်းယွင်း ပရမ်းပတာ ဆိုလို့ရှိရင် နော် (မှန်ပါတယ်ဆရာ)၊ အဲဒါကြောင့် ဒီနေရာမှာ "တဏှာပစ္စယာ ဥပါဒါနံ" ဆိုတဲ့ နေရာမှာ တဏှာတည်းဟူသော အကြောင်းကြောင့် အကျိုးဆိုတဲ့ ဥပါဒါန်တရားလေးပါးပေါ်လာတော့ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်။ ကာမုပါဒါန် - ငါးဖြာအာရုံ ကာမဂုဏ် စွဲလန်းမှု။ ဒိဋ္ဌုပါဒါန် - "နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ" ပေးတာ လှူတာ အကျိုးမရှိဘူးဆိုတဲ့ အယူမှားစွဲလန်းမှု၊ သီလဗ္ဗတုပါဒါန် - ခွေးအကျင့် နွားအကျင့်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတယ်လို့ စွဲလန်းမှု။ အတ္တဝါဒုပါဒါန်- ငါပဲ, သူပဲ, ပုဂ္ဂိုလ်ပဲ, သတ္တဝါပဲ, ငါ့ကိုယ်ပဲ,လို့ စွဲလန်းမှု နော် (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်တရားလေးပါးပြီးရော ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ အင်မတန် စွဲလန်းတဲ့ ဥပါဒါန်တရားခေါ်တယ်။

http://www.dhammadownload.com

ပြီးတော့မှ ဒီ ဥပါဒါန်ကနေပြီးတော့ အကြောင်းခံတော့ ဘာဖြစ်လဲ "ဥပါဒါနပစ္စယာ ဘဝေါ"လို့ ဘဝရောက်တယ်နော် (မှန်ပါတယ်ဆရာ)၊ ဥပါဒါနပစ္စယာ၊ ဥပါဒါန်(၄)ပါး တည်းဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဒီဥပါဒါန်လေးပါး တစ်ပါးပါးအကြောင်းခံရင် ဘဝဖြစ်ကရောတဲ့၊ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ဥပါဒါန်ကြောင့် ဘာဖြစ်တယ် (ဘဝဖြစ်ပါတယ်ဆရာ)၊ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်။ အဲဒီနေရာမှာ သူတရားကိုယ် တရားသားလေးတွေ ခွဲခြားပြီးတော့မှတ်။ တစ်လုံးချင်း,တစ်လုံးချင်း ရှင်းသွားအောင်၊ ပြီးတော့မှ သဘောအဓိပ္ပာယ် အကျယ်လေးတွေမှတ် ဒီလိုသွားနော်။ ပဋိစ္စသမုပ္ပါဒ်များ ပေါ့ပေါ့ဆဆမနာကြနဲ့၊ လေးလေးစားစားနဲ့နာကြနော်၊ သရုပ်သကောင်လေးတွေနဲ့ တရားကိုယ် တရားသားလေးတွေ မကျဉ်းမကျယ်ဆိုတဲ့ သဘောအဓိပ္ပာယ်လေးတွေနဲ့၊ ဒီသံသရာစက်ရဟတ်ကြီး အဆက်မပြတ် လည်ပုံ, လည်နည်းလေးတွေ, အကြောင်းအကျိုးဆက်စပ်ပုံလေးတွေ၊ တို့ဉာဏ်ထဲမှာ အရှင်းသား အကွင်းသား အထင်းသား မြင်တတ်ပြီ, သိတတ်ပြီဆိုမှဖြင့် ငါစောစောက ပြောထားတဲ့အတိုင်း ပဋိစ္စသမုပ္ပါဒ် လည်လည်ပတ်ပတ်လေး ဟောတတ်ပြောတတ် နားလည်ပါးလည်လို့ရှိရင် ဘာလို့ ဝန်ခံနိုင်တဲ့ (ငါသောတာပန်လို့ ဝန်ခံရပါတယ်ဆရာ)၊ သြော် ငါသောတာပန်လို့ ဝန်ခံနိုင်တယ် နော် (မှန်ပါတယ်ဆရာ)၊ ဘယ်လောက် တန်းမြင့်တဲ့တရားမှတ်လို့။ အင်မတန်တန်းမြင်တဲ့တရား။ ငါသောတာပန်လို့ ဝန်ခံနိုင်တယ်တဲ့။ မြတ်စွာဘုရားကိုယ်တော်မြတ်မိန့်ကြားထားတဲ့တရားပေါ့နော် (မှန်ပါတယ်ဆရာ)။

တစ်မင် တစ်ဖိုလ်မှ မရဘူးထားပါ၊ တရားကိုယ် တရားသားနဲ့ သဘောအဓိပ္ပာယ်လေးတွေ လည်လည်ပတ်ပတ် ပြတ်ပြတ်သားသား နားလည်တယ်၊ ပြောတော့ ငါသောတာပန်၊ ပြောမမှားဘူးနော် (မှန်ပါတယ်ဆရာ)၊ သောတာပတ္တိမဂ်ဉာဏ်လဲ မရသေးရင် ဘာကြောင့် သောတာပန် ပြောနိုင်သလဲဆိုတော့ မရသေးဘူးတဲ့။ ဒါပေမဲ့ သူရတော့မှာတဲ့။ ဒီလို မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ရတော့ မှာတဲ့၊ အချိန်နာရီ စောင့်နေတယ်တဲ့။ ရမယ့်ပုဂ္ဂိုလ် နောက်ပြန်မဆုတ်ကောင်းဘူး နော် (မှန်ပါတယ်ဆရာ)၊ ဘာဖြစ်လို့လဲ ပုဂ္ဂိုလ် သတ္တဝါ ရှင်းပြီး လင်းပြီးကိုးကွ။ ပုဂ္ဂိုလ် သတ္တဝါ ရှင်းပြီး လင်းပြီးဆိုတော့ သက္ကာယဒိဋ္ဌိ ကွာနေတော့ မဂ်တံခါး ဖိုလ်တံခါး ဖွင့်ပြီးသား မနေဘူးလား (ဖွင့်ပြီးသားပါဆရာ)၊ မဂ်တားဆီးထားတဲ့ အန္တရာယ်ငါးဖြာနဲ့ ဒိဋ္ဌိကိလေသာဆိုတာ အဆိုးဆုံးလို့ ငါမကြာမကြာပြောခဲ့တယ်။ အဲဒီ မဂ်မရအောင် တားထားတဲ့ အန္တရာယ်ထဲမှာ ဒိဋ္ဌိကိလေသာက အဆိုးဆုံး။ သူရှိနေရင် တစ်မင် တစ်ဖိုလ်ရဖို့ ခဲယဉ်းတယ်တဲ့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သူပြုတ်သွားတယ်ဆိုရင် မဂ်တံခါး, ဖိုလ်တံခါး ပွင့်သွားပြီ။ မဂ်မရအောင် တားဆီးထားတဲ့ အန္တရာယ်ကြီး ပြုတ်သွားပြီ၊ ချုပ်သွားပြီ။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။

http://www.dhammadownload.com

ဒါကြောင့် မဂ္ဂင်္ဂရာယ် တစ်ချက် ပြုတ်သွားရင် မဂ်တံခါး ဖိုလ်တံခါး ပွင့်ပြီးသားမို့လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က ပဋိစ္စသမုပ္ပါဒ် အစအဆုံး အဓိပ္ပာယ်ထွန်းပြတ်ပြတ်သားသားလေး သိရင်, တတ်ကျွမ်းနားလည်ရင် ငါသောတာပန်လို့ ဝန်ခံနိုင်တယ်လို့ ဟောသွားတယ်။ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ မရှိဘူးလား (ရှိပါတယ်ဆရာ)၊ အင်မတန် တန်ဖိုးရှိတယ်။ တန်းကလဲ ဒီအထိအောင်မြင့်တယ်။ ဒါကြောင့် ကြိုးစားကြပါလို့။ အခု တစ်ပတ်တော့ တော်လဲတော်ကြပါတယ်။ ဆရာလဲပဲ ခါတိုင်းနဲ့ ပိုပြီးတော့ တစ်လုံးချင်း, တစ်လုံးချင်း ရှင်းရှင်း၊ ရှင်းရှင်းပေးလို့ တချို့လဲ နောက်အပတ် နောက်အပတ်တုန်းက ဝိုးတိုးဝါးတားနဲ့လာကြတယ်။ အခုတစ်ပတ်ကျတော့ ဝန်ခံတဲ့ပုဂ္ဂိုလ် တော်တော်များတယ်။ အခုတစ်ပတ်မှ ပြတ်သားတယ်တဲ့။ အခုတစ်ပတ်မှာ ဉာဏ်ကလဲ ငုံနိုင်တယ်တဲ့။ အရင်တစ်ပတ်တွေတုန်းက လွတ်ထားတာလွတ်၊ ပျောက်တာကပျောက်၊ ရှုတာကရှုပေါ့ကွ နော် (မှန်ပါတယ်ဆရာ)၊ ဉာဏ်ရည်လေးက နည်းနည်းလေးသေးလေတော့ မငုံနိုင်၊ မခြုံနိုင်ဘူးခေါ်တယ်၊ အခုတစ်ပတ်တော့ ထပ်ပြန်တလဲလဲ သင်သင်၊ သင်သင်လာတော့ တစ်ပတ်ထက်တစ်ပတ် ဉာဏ်ရည်လေးတွေကြီးထွားလာတော့ ဒါကြောင့်လဲ နာသူ, ကြားသူရဲ့ ဉာဏ်ရည်လေးတွေရှိပြီးတော့ ဒီကလဲ တစ်စတစ်စနဲ့ခဲ့သင့်သလောက်လေးခဲ့၊ တိုးသင့်သလောက်လေးတိုးတိုး၊ တိုးတိုးပြီးတော့ ပြပေးနေတယ်။ ဒီတစ်ပတ်တော့ တော်ဇတ်လေး ပြတ်ပြတ်သားသားနဲ့ ပုဂ္ဂိုလ်တွေများလို့ ဝမ်းလဲသာတယ်၊ အားလဲရတယ် နော် (မှန်ပါတယ်ဆရာ)၊ ဝမ်းလဲသာတယ်၊ အားလဲရတယ်။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်ကြီး လည်နေတာဟာ ငါလည်၊ သူလည်၊ ပုဂ္ဂိုလ်လည်၊ သတ္တဝါလည်၊ နတ်တွေ ဗြဟ္မာတွေ လည်တယ်၊ ခွေးတွေ၊ ဝက်တွေ၊ ကြက်တွေ ငှက်တွေ လည်တယ်ဆိုရင် ဟုတ်ပဲ့မလား (မဟုတ်နိုင်ပါဘူးဆရာ)၊ ဘာတွေ လည်နေလဲ (ရုပ်, နာမ်, ခန္ဓာ,တွေ လည်နေပါတယ်ဆရာ)။ ဩော် ရုပ်နာမ်ခန္ဓာတွေ လည်နေတယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ရုပ်နာမ်ခန္ဓာတွေ လည်နေတယ်တဲ့ (မှန်ပါတယ်ဆရာ)၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သေချာကြည့်လိုက်ရင် တရားဘယ်နှစ်ပါးရှိလဲ (နှစ်ပါးရှိပါတယ်ဆရာ)။ ဘယ်သူ ဘယ်သူတုံး (အကြောင်းကြောင့် အကျိုးဖြစ်နေတာပါဆရာ)။ ဩော် အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းတရားနဲ့ အကျိုးတရားပေါ့ (မှန်ပါတယ်ဆရာ)၊ ဟုတ်ရဲ့လား (မှန်ပါတယ်ဆရာ)၊ ဒါပြင် ရှိသေးလား (မရှိပါဘူးဆရာ)၊ ဩော် - အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုးနဲ့ သေချာရှာလိုက်တော့ အကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးထဲရှိတယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ပုဂ္ဂိုလ် သတ္တဝါတွေဆိုတာ ရှာရသေးလား (ရှာရပါတယ်ဆရာ)၊ အဝိဇ္ဇာကစလို့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)ရပ်လဲ ဆုံးခါနီးပါပြီ။ ဘဝပြီးရင် ဇာတိ, ဇာတိပြီးရင် ဇရာ

http://www.dhammadownload.com

မရဏာ ရောက်ကြ၊ ဒီအတိုင်းလျှောက်ရှာတော့ ပုဂ္ဂိုလ် သတ္တဝါနဲ့ တွေ့သေးလား (မတွေ့ရပါဘူးဆရာ)၊ နတ်တွေ ဗြဟ္မာတွေ တွေ့သေးရဲ့လား (မတွေ့ပါဘူးဆရာ)၊ ခွေး, ဝက်, ငှက်, ကြက်, တွေ့သေးလား (မတွေ့ပါဘူးဆရာ)၊ အကောင်အထည်တွေ တွေ့သေးလား (မတွေ့ပါဘူးဆရာ)၊ ဘာတွေတွေ့လဲ (အကြောင်းကြောင့် အကျိုးဖြစ်တာ တွေ့ရပါတယ်ဆရာ)၊ ဘာတရားတွေ့လဲ (အကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးတွေ့ပါတယ်)၊ တရားကိုယ်က ဘာတွေတုံး (ရုပ်, နာမ်, ခန္ဓာ,ပါဆရာ)၊ ဩော် ရုပ်, နာမ်, ဟုတ်ပြီလား (မှန်ပါတယ်ဆရာ)၊ ရုပ် နာမ်ပဲရှိတယ်၊ ဘာမှမရှိဘူး။ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)။ အဲဒီ ရုပ်, နာမ်,နှစ်ပါးပဲ စခန်းသွားနေတာ။

ဒီ ရုပ်, နာမ်,နှစ်ပါး စခန်းသွားနေတဲ့ ဥစ္စာကို မင်းတို့ငါတို့တွေက သညာဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဝိပလ္လာသ တရားသုံးပါးနဲ့ မင်းတို့ငါတို့တွေက တစ်မှားထဲ မှားနေတာပေါ့နော် (မှန်ပါတယ်ဆရာ)၊ တရားတော့ တရားမှန်သွားနေတယ်။ ဒီ ရုပ်နာမ်နှစ်ပါးပဲတဲ့။ အကြောင်းခံလိုက် အကျိုးပေါ်လိုက်။ ဒုတိယ စက်ဝိုင်းကျတော့ ပို၍ရှင်းလိမ့်မယ်။ အဲဒီ ရုပ်နာမ်နှစ်ပါး အကြောင်းအကျိုး ဆက်စပ်ပြီးတော့ အဆက်မပြတ်သွားနေတဲ့တရားကိုပဲ ငါသွားနေတယ်, ငါကျင့်နေတယ်, ပုဂ္ဂိုလ် ဖြစ်နေတယ်, သတ္တဝါ ဖြစ်နေတယ်, နတ်တွေ ဗြဟ္မာတွေ ဖြစ်နေတယ်, ခွေးတွေ, ဝက်တွေ, ကြက်တွေ, ငှက်တွေဖြစ်နေတယ်။ ဒီလိုမမြင်ဘူးလား (မြင်ပါတယ်ဆရာ)။ ဒီလိုမြင်တော့ ဒါအမှတ်မှားတယ်ပေါ့။ သညာဝိပလ္လာသတဲ့နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုမသိဘူးလား (သိပါတယ်ဆရာ)၊ သိနေတော့ ဘာဖြစ်လဲ၊ စိတ္တဝိပလ္လာသတဲ့ နော် (မှန်ပါတယ်ဆရာ)၊ ဒီလိုမယူဘူးလား (ယူပါတယ်ဆရာ)၊ ဒိဋ္ဌိဝိပလ္လာသတဲ့၊ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဘယ်သူ့အပြစ်မှ မဟုတ်ဘူးတဲ့၊ ကိုယ့်အပြစ်ပဲတဲ့။ ဘာဖြစ်လို့ ဒီလို သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသလို့ မဟုတ်မမှန် ဖောက်ပြန်တော့ အယူသုံးပါးနဲ့ စခန်းသွားနေတယ်ဆိုတော့ ပညာမျက်စိကလုံးလုံးမရှိခဲ့ဖူးတဲ့။ ရှိခဲ့ဖူးရဲ့လား (မရှိခဲ့ဖူးပါဘူးဆရာ)၊ မရှိခဲ့ဘူးတော့ ဒီသုံးပါးနဲ့ စခန်းသွားမှာပေါ့နော် (မှန်ပါတယ်ဆရာ)၊ အဆိုးမဆိုနိုင်ပါဘူး။ ဒီအတိုင်း သွားကြတယ်။

ကိုယ့်ကိုလဲ ကိုယ်ပြန်ကြည့်။ ငါ ဝက်ရူးပေါ်တုန်းကလဲ ဒီလိုနေမှာပဲ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ ဝက်ရူးပျောက်တယ်၊ ဝက်ရူးပေါ်တယ်တဲ့ ပြန်ကြည့်။ ငါ ဝက်ရူးပေါ်တုန်းက မသိလို့သာ။ ဒီလိုနေမှာပဲ၊ ဒီလိုမဟုတ်လား (မှန်ပါတယ်ဆရာ)၊ တို့ ပဋိစ္စသမုပ္ပါဒ် အစအဆုံး ဝေဖန်ကြည့်တော့ တို့လည်း ရုပ်, နာမ်, ပရမတ်, ပညတ်ကလည်းကွဲ၊ ရုပ်, နာမ်,ကလည်း ရှင်းလင်းထားတဲ့ အသိဉာဏ်နဲ့ ကြည့်လိုက်တော့ သံသရာကြီးမှာ အဆက်မပြတ် စက်ရဟတ်လိုပဲ လည်နေတယ်ဆိုတာ သေချာကြည့်တော့ ဒီ ရုပ်နာမ်နှစ်ပါးပဲ အကြောင်းအကျိုး ဆက်စပ်ပြီး လည်နေမှပဲ၊ အကြောင်းတရားလဲ ငါ

http://www.dhammadownload.com

သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါရှာကြည့် မရှိ။ အကျိုးတရားကလဲ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ရှာကြည့် မရှိ၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ "ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ ဝေဒကော နတ္ထိ"လို့ ဘုရားကိုယ်တော်မြတ်က ဟောထားတာ။ ကုသိုလ်ကံ အကုသိုလ်ကံ ပြုတတ်, လုပ်တတ်တဲ့ ပုဂ္ဂိုလ်လဲမရှိတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ ကံက ကံပဲတဲ့။ ကုသိုလ်ကံရယ်, အကုသိုလ်ကံရယ် ဒီကံနှစ်ပါးက ကံပဲတဲ့။ ကံတရားတွေက စေတနာလုံးလေးတွေ၊ စေတနာလုံးလေးတွေ ကံခေါ်ထားတော့ ဒီစေတနာလုံးလေးတွေက ကံရုပ်တွေ ရကောင်းတဲ့ ဝတ္ထုတွေ မဟုတ်ပဲကိုးနော် (မှန်ပါတယ်ဆရာ)၊ အကောင်အထည်ဟုတ်ရဲ့လား (မဟုတ်ပါဘူးဆရာ)၊ မဟုတ်ဘူး။ စေတနာလေးတွေ နော် (မှန်ပါတယ်ဆရာ)၊ စေတနာစေတသိက်တရားလေးတွေ သဘောပဲရှိတယ်။ ဘာမှ မရှိဘူး။ ဒါကုသိုလ်ကံ အကုသိုလ်ကံ "ကမ္မဿ ကာရကော နတ္ထိ" ကုသိုလ်ကံ, အကုသိုလ်ကံ နှစ်ပါးကို ပြုတာ, လုပ်တာ လုပ်တဲ့ပုဂ္ဂိုလ်မရှိ။ "ဝိပါကဿ ဝေဒကော နတ္ထိ"လို့ အဲဒီ ကံအကြောင်းခံလိုက်လို့ ပေါ်လာတဲ့အကျိုးတရားကို ငါ့အကျိုးတရား ခံစားရတယ်။ လူလာဖြစ်ရတယ်၊ အကျိုးက နတ်လာဖြစ်ရတယ်၊ ငြဟ္မာလာဖြစ်ရတယ်၊ သူဌေး သူကြွယ် ကုန်သည် လာဖြစ်ရတယ်။ ဒါ အကျိုးတရားတွေ ကောင်းကျိုးချမ်းသာတွေ ငါခံစားတယ်၊ ခံစားတတ်တဲ့ ပုဂ္ဂိုလ်ရှိပုံမလား (မရှိပါဘူးဆရာ)၊ မရှိဘူး။ "ဝိပါကဿ ဝေဒကော နတ္ထိ" လို့နော် (မှန်ပါတယ်ဆရာ)၊ ခံစားတဲ့ပုဂ္ဂိုလ်လဲရှာမရ။ ဒါပေမယ့် သူတို့နှစ်ပါးသွားနေတာတော့ အကြောင်းတရားနဲ့ အကျိုးတရားပဲရှိတယ်။ ဘာမှမရှိဘူး။ အဲ့ဒီ အကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးပဲရှိတာပဲ။ ထိုအကြောင်းတရား အကျိုးတရားနှစ်ပါးသည် အမြဲတစေ အကြောင်းခံလိုက် အကျိုးပေါ်လိုက်၊ အကြောင်းခံလိုက် အကျိုး ပေါ်လိုက်နဲ့ ဒီလို ဆက်စပ်ပြီးသွားနေတဲ့ သံသရာစက်ရဟတ်။ အဲ့လို ပြတ်ပြတ်သားသား နားလည်တယ်။ ကိုယ့်ကိုကိုယ် သောတာပန်လို့ ဝန်ခံနိုင်တယ်၊ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သောတာ ပတ္တိမဂ်ဉာဏ် ရပြီလား (မရသေးပါဘူးဆရာ)၊ မရသေးဘဲနဲ့ ဘာကြောင့် သောတာပန်လို့ဝန်ခံနိုင်တုံး (ပရမတ်, ပညတ်, ရုပ်, နာမ်, ခန္ဓာ,ကွဲလို့ပါဆရာ)။

သြော်ဗျာ အမေးက တခြား အဖြေက တလွဲ။ "အမွံ ပုဗ္ဗော လဗုဇံ ဗျာကရောသိ" သရက်ပင်မေးတာ ပိန္ဒုပင်နဲ့ ချနေတယ်။ အကြောင်းတရားနဲ့ အကျိုးတရား နှစ်ပါးထဲပဲ ရှိပါပဲလား။ ပုဂ္ဂိုလ်ဆိုတာ မရှိပါဘဲလားလို့ မသွားဘူးလား (သိသွားပါတယ်ဆရာ)၊ ဒီအသိဉာဏ် ပေါ်လာလို့ရှိရင် ငါ့ကိုယ်ငါ သောတာပန်လို့ ဝန်ခံနိုင်သေးလား (ဝန်ခံနိုင်ပါတယ်ဆရာ)၊ ဘာလို့ ဝန်ခံနိုင်တာလဲ (ရုပ်၊ နာမ်၊ ခန္ဓာပဲ ရှိပါသေးလားဆိုပြီးတော့ သိလို့ရှိရင် သောတာပန်လို့ ခေါ်နိုင်ပါတယ်ဆရာ)။ ဝန်ခံနိုင်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သောတပတ္တိမဂ်ဉာဏ် ရလို့လား (မရသေးပါဘူးဆရာ)၊ မရသေးဘဲနဲ့ ဘာကြောင့်

http://www.dhammadownload.com

ဝန်ခံတုံး (အကြောင်းအကျိုး နှစ်ပါးဆက်စပ်တာ သိလို့)၊ ဖြေဟေ့ လျှောက်ချက်ကုန်ပြီ၊ ဟုတ်ပြီ။ အကြောင်းတရား အကျိုးတရား နှစ်ပါးသိလို့ သောတာပန်လို့ ဝန်ခံနိုင်တယ် (မှန်ပါတယ်ဆရာ)၊ သောတာပန် ဟုတ်ရဲ့လား (မဟုတ်သေးပါဘူးဆရာ)၊ မဟုတ်ဘဲနဲ့ ဘာကြောင့် ဝန်ခံနိုင်တုံး၊ ဖြေဖြေ၊ မင်းနဲ့ငါနဲ့တော့ ဒီကနေ့ည တွေ့ရတယ်ပေါ့ကွာ၊ ရုပ်နာမ်နှစ်ပါးသိလို့ ခန္ဓာငါးပါးသိလို့ဟုတ်လား။ ပြောပါ ပြောပါဟာ။ ဘယ့်နယ့်ဖြေမတုံး (ပုဂ္ဂိုလ်, သတ္တဝါ, ရှင်းလို့ပါဆရာ)၊ သြော် ပုဂ္ဂိုလ်, သတ္တဝါ,ရှင်းနေလို့၊ မုဇ္ဈလ, သတ္တ, အတ္တ, ဇီဝ, သုဉ်းသွား၊ ဆိတ်သွားလို့လား (မှန်ပါတယ်ဆရာ)၊ ဒါကြောင့် သောတာပန်လို့ ဝန်ခံနိုင်တယ် ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သောတာပန်ဟုတ်ရဲ့လား (မဟုတ်သေးပါဘူးဆရာ)၊ မဟုတ်ဘဲနဲ့ ဘာကြောင့်ဝန်ခံနိုင်တုံး (မဖြေတတ်ပါဘူးဆရာ)၊ အောင်မာကောင်းတယ်၊ မှတ်ထား။ ခုနလေးတင် ငါပြောပြီးပြီ။ သောတာပန်တော့မဟုတ်သေးဘူး၊ သောတာပတ္တိမဂ်ဉာဏ်တော့ မဂ်မသတ်သေးဘူး မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ သောတာပန်မဟုတ်ဘဲနဲ့ ဘာကြောင့် သောတာပန်ဝန်ခံနိုင်သလဲမေးရင် သောတာပန်ဖြစ်မဲ့ ပုဂ္ဂိုလ်အစစ်တဲ့။ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သဘောရှင်းလား (ရှင်းပါတယ်ဆရာ)၊ သောတာပတ္တိမဂ် ဉာဏ် ရမယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ ဘယ်တော့လဲ (မဝေးတော့ပါဘူးဆရာ)၊ အဲ ဟုတ်ပြီ၊ မဝေးတော့ဘူး တစ်ခေါ်ရှိတယ်။ မုချရမယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ အေး - ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က ရပြီးသား ပုဂ္ဂိုလ်အဖြစ်နဲ့ ရေတွက်ပြီး ထည့်သွင်းသွားတာ နော် (မှန်ပါတယ်ဆရာ)၊ သောတာပတ္တိမဂ်ဉာဏ်တော့ မရသေးဘူးတဲ့။ ပဋိစ္စသမုပ္ပါဒ် သင်လို့ ကြားလို့ တတ်မြောက်လိမ့်မှာရင်ပဲ သောတာပန်လို့ ဝန်ခံနိုင်တယ်။ ဘာဖြစ်လို့ဝန်ခံနိုင်လဲ သောတာပတ္တိမဂ်ဉာဏ်မရအောင် ပိတ်ထားတဲ့ တံခါးကြီးက ပွင့်သွားတယ်။ ဘယ်သူတုံးဟ (သက္ကာယဒိဋ္ဌပါဆရာ)၊ အေး - သက္ကာယဒိဋ္ဌ နားလည်လား (နားလည်ပါတယ်ဆရာ)၊ မဂ်မရအောင်တားထားတာ ဘယ်သူ (သက္ကာယဒိဋ္ဌပါဆရာ)၊ အေး - သက္ကာယဒိဋ္ဌ၊ အန္တရာယ် ဘယ်နှစ်ပါးရှိလဲ (ငါးပါးပါဆရာ)၊ ငါးပါးရှိတယ်။ ဟိုလေးပါးက လုပ်မှ ကိုင်မှ ဖြစ်တယ်ဟုတ်လား (မှန်ပါတယ်ဆရာ)၊ သက္ကာယဒိဋ္ဌက မလုပ်ဘဲနဲ့ အလိုလို ပါလာတယ်ဟုတ်လား (ပါလာပါတယ်ဆရာ)၊ သူအဆိုးဆုံးလို့ မဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ အမေမွေးကတည်းကပါလာတာ နော် (မှန်ပါတယ်ဆရာ)၊ သူအဆိုးဆုံးတဲ့။

ဒါကြောင့် သူတစ်လုံး ဖြုတ်လိုက်ရင် မဂ်တံခါး, ဖိုလ်တံခါး ပွင့်တယ်။ ဒီလိုမဟုတ်ဘူးလား (မှန်ပါတယ်ဆရာ)၊ မဂ်တံခါး ဖိုလ်တံခါး ပွင့်သွားရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဖို့ပဲရှိတော့တယ် မဟုတ်လား (မှန်ပါတယ်ဆရာ)၊ အနှေးနဲ့အမြန်ပေါ့ (မှန်ပါတယ်ဆရာ)၊ ရမှာသေချာတယ် မဟုတ်လား (သေချာပါတယ်ဆရာ)။ အဲဒါကြောင့် ရပြီးသားပုဂ္ဂိုလ်စာရင်း သွတ်သွင်းသွားတာ။ ဒါကြောင့်

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် ပြတ်သားနားလည်ရင် သက္ကာယဒိဋ္ဌိက ကွာပြီးသားဖြစ်ကရော၊ နားလည်လား (နားလည်ပါတယ်ဆရာ)၊ သက္ကာယဒိဋ္ဌိ ကွာပြီးသား ရှင်းပြီးသား လင်းပြီးသားလဲဖြစ်ရော မဂ်တံခါး ဖိုလ်တံခါးလဲ ပွင့်ရော။ ပွင့်တော့ ဒီပုဂ္ဂိုလ်သည် မဂ်ရမည့် ပုဂ္ဂိုလ်ဆဲဆဲတဲ့ ဟုတ်ကဲ့လား (မှန်ပါတယ်ဆရာ)၊ နားလည်လား (နားလည်ပါတယ်ဆရာ)။

ခွေ ၂၁-မှ ၄၀-ထိ

http://www.dhammadownload.com

ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏ အမှုဆောင်လူကြီးများ

၁။	ဦးချစ်	နာယက
၂။	ဦးမြင့်စိုး	ဥက္ကဋ္ဌ
၃။	ဦးသန်းရှိန်	ဒုတိယ ဥက္ကဋ္ဌ
၄။	ဦးဘငြိမ်း	အတွင်းရေးမှူး
၅။	ဦးငွေးကျော်	တွဲဘက်အတွင်းရေးမှူး
၆။	ဦးတင်မောင်လတ် (ခ) ဦးအောင်မင်္ဂလာ	တွဲဘက်အတွင်းရေးမှူး
၇။	ဦးတေဇာဘုန်းဦး	ဘဏ္ဍာရေးမှူး
၈။	ဦးသာဆယ်	စာရင်းစစ်
၉။	ပါမောက္ခ ဒေါက်တာ ဒေါ်ချိုလေးမာ	ပြန်ကြားရေး
၁၀။	ဦးတင့်ဝေ	။
၁၁။	ဒေါက်တာ ဒေါ်ခင်မြင့်စန်း	။
၁၂။	ဦးချစ်လှိုင်	။
၁၃။	ဦးကြီးစိန်	။
၁၄။	ဒေါ်ယဉ်ယဉ်သိန်း	။

http://www.dhammadownload.com

ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) ၏ သင်တန်းခွဲများအပေါ်၌ ရပ်တည်ချက်

၁။ ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) သည် အမှတ် (၈၆)၊ သီရိ (၅)လမ်း၊ (၂) ရပ်ကွက်၊ လှိုင်မြို့နယ်တွင် တည်ရှိသည်။

၂။ ပခုက္ကူဝိပဿနာသင်တန်းခွဲများ တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်) အနေဖြင့် ဆရာကြီး၏ ဩဝါဒမူအတိုင်း တစ်ဦးတစ်ယောက်ချင်းထံမှလည်း၊ သင်တန်းခွဲများထံမှလည်း မည်သည့် အကြောင်းနှင့်မျှ အလှူငွေကောက်ခံခြင်း မရှိခဲ့ပါ။

၃။ နောက်နောင်တွင်လည်း မည်သည့်အကြောင်းကြောင့်နှင့်မျှ အလှူငွေကောက်ခံခြင်း ပြုလုပ်မည် မဟုတ်ပါ။

၄။ သင်တန်းခွဲများအား လိုအပ်သော သင်တန်းတရားခွေများကို ဓမ္မဒါနအဖြစ် ယခင်က ဖြန့်ချိသကဲ့သို့၊ ယခုလည်း ဆက်လက်ဖြန့်ချိသွားပါမည်။

၅။ ထိုနည်းအတူ ဆရာကြီး ဦးကြင်ရွှေဟောကြားခဲ့သော သင်တန်းတရားတိတ်ခွေများမှ တရားစဉ်များကို ယခင်က ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသကဲ့သို့၊ ယခုလည်း ပိုမိုပြန့်ပွားစေရန် စာအုပ်, စာပေအဖြစ် ဆက်လက်ဆောင်ရွက်ပြီး ဓမ္မဒါနအဖြစ် ဖြန့်ဖြူးသွားပါမည်။

ဦးမြင့်စိုး

(ဥက္ကဋ္ဌ)

ပခုက္ကူဝိပဿနာသင်တန်းခွဲများ

တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ်

(အောက်မြန်မာပြည်)

အမှတ် (၈၆)၊ သီရိ (၅) လမ်း၊

(၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုံး - ၅၂၄၀၇၈

http://www.dhammadownload.com

A 0433
၄၂၃

သစ္စာပါရမီဆုတောင်း

ဤနေ့ယခု အစပြု၍ အကျွန်ုပ်တို့ ပြုအပ်သော ကုသိုလ်ပေါင်းစု မြတ်ကောင်းမှုနှင့်အတူ ညီတူညီမျှ မျှဝေခံစားကြစေရန် . . .

- ဝါတွင်းသုံးလ ရက်ပေါင်းကိုးဆယ် ပျက်ရက်မရှိ လုံလဝီရိယရှိလျက် ၁၉၉၅-ခုနှစ်မှ စ၍ စာသင်တိုက်ကြီး (၇) တိုက်မှ ဘုရားရှင်၏တပည့်သား သံဃာတော်အရှင်မြတ် (၉) ပါးတို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ဤသို့တစ်ဖန် အကြောင်းခံ၍ ပရိယတ္တိစာသင်တိုက် (၇)တိုက်မှ သံဃာတော် အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ကျောင်း, ကန်, ဇရပ်, သိမ်တော်မြတ်ကို ဆောက်လုပ် ထည့်ဝင်လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- ဘုရားရှင်၏တပည့်သား ဂိလာန သံဃာတော် အရှင်သူမြတ်များအား ဆေးပစ္စည်းများဖြင့် ထောက်ပံ့လှူဒါန်းရသော ကုသိုလ်ကံစေတနာ၊
- နှစ်စဉ် တရားသင်တန်းခွဲများမှ မှာယူကြသော တရားတိတ်ခွေများအား အခမဲ့ကူးပေးခြင်း၊ တရားတိတ်ခွေများ လှူဒါန်းခြင်း၊ တရားစာအုပ်များ ထုတ်ဝေလှူဒါန်းခြင်း ဓမ္မဒါနကုသိုလ်ကံစေတနာ၊

ဤသို့ ပစ္စယဒါန, ဓမ္မဒါန နှစ်ဌာနတို့ဖြင့် ထောက်ပံ့လှူဒါန်း မှုန်ကန်သော ကုသိုလ်အစွမ်းသတ္တိတို့ကြောင့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော "အမတ" မည်ခေါ် ရွှေပြည်တော်သို့ ရောက်ရာအမှန် မြတ်နိဗ္ဗာန်ကို ဧကန်မျက်မှောက် ပြုလွယ်နိုင်ကြပါစေသောဝ်။

နာယကကြီး ဦးချစ်
ပခုက္ကူဝိပဿနာသင်တန်းခွဲများ
တိုးတက်ပြန့်ပွားရေးအဖွဲ့ချုပ် (အောက်မြန်မာပြည်)

http://www.dhammadownload.com